မစ္စတာတော်စိန်ခို C.I.E., I.S.O., တောင်းပန်ချက်အရ

ဦးတင် K. S. M., A. T. M.,

စီရင်ရေးသားသည့်

# ကဗျာပန္နသာရကျမ်း

နှင့်

## နောက်ဆက်တွဲ သုံးပိုင်း

★

[လယ်တီမဏ္ဍိုင် စာထည်းအဖွဲ့မှ ထည်းဖြတ်သည်]

လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်
အမှတ် ၁၆၀၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

東京外国語大学図書館
0000140227

E2
9E2-1
7

ကဗျာပန္နသာရကျမ်း ရနိုင်သောဌာနများ

---

**လယ်တီမဏ္ဍိုင် စာပေဌာန**

အမှတ် ၁၀-၁၉၊ ရွှေတိဂုံဘုရားကြီး ဈေးတော်ရှိ
ရန်ကုန်မြို့။

**ဦးမြအုန်း**

၂၁၄၊ မောင်ခေါင်လေးလမ်း၊ ရန်ကုန်မြို့။

**ဦးကြီးခင်**

မင်္ဂလာပုံနှိပ်တိုက် နှင့် မြန်မာပြည်စာအုပ်တိုက်
၁၃၊ ၉၀-လမ်း၊ ရန်ကုန်မြို့။

## 翻字用紙

著者名（姓名の順）

編者名（〃）Ū Tin (U Tin)

訳者名（〃）

書名および巻数

Ga.bya bandha thara, kyamu

出版地（都市名）Rangoon

出版社 ledi mandain poun hnei?tai?

出版年（1969），版次（初版），頁数（727）

双書名および番号

書名の和訳 詩歌事典

内容（なるべく詳しく）

作詩、詩の本質などを説明したもの。

（この用紙は本の扉に貼り付け保存します）

K 番/-381

29/1/71

ဦးအောင်သန်းထွန်း
မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ
လွှတ်တော်ရွေး။

ဦးအောင်သန်းထွန်း
မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ
လွှတ်တော်ရွေး။

ဦးအောင်သန်းထွန်း
မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ

မဂ္ဂတာတော်စိန်ခို C.I.E., I.S [illegible]

ဦးတင် K. S. M., A. T. M.,

စီရင်ရေးသားသည့်

# ကဗျာဗန္ဓသာရကျမ်း

နှင့်

## နေ့ခက်သက်တွဲ သုံးပိုင်း

★

[လယ်တီမဏ္ဍိုင် စာတည်းအဖွဲ့မှ တည်းဖြတ်သည်]

ဦးအောင်သန်းထွန်း
မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ
လွှတ်တော်ရှေ့နေ

လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်
အမှတ် ၁၆၀၊ ၄၇-လမ်း၊ ရန်ကုန်မြို့။
(၁၃၃၁-ခု)

東京外国語大学
333604
62.2.10
図書館蔵書

寄贈

E2/9E2-1/7

ရိုက်နှိပ်ခြင်း–

၁၉၆၉ ခု–နိုဝင်ဘာလ
ပထမ အကြိမ်
အုပ်ရေ ၂၀၀၀

ပုံနှိပ်သူ–

ဦးထွန်းလှိုင် (မြ–၀၄၃၃)
လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်
အမှတ် ၁၆၈၊ ၄၇–လမ်း
ရန်ကုန်မြို့။

ထုတ်ဝေသူ–

ဦးထွန်းလှိုင် (မြ–၀၅၁၃)
လယ်တီမဏ္ဍိုင် စာပေဌာန
အမှတ် ၁၀–၁၉၊
ရွှေတိဂုံဘုရားကြီး ဈေးတော်ရှဲ
ရန်ကုန်မြို့။

ဦးဖေအောင်သန်းထွန်း
မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ
လှူတော်ရှေး



ပုဂံဝန်ထောက်–ဦးတင် (မဟာဝိဇ္ဇာ)
ကေ–အက်စ်–အမ်၊ အေ–တီ–အမ်
[ အသက် ၇၂–နှစ်တွင် ရိုက်သောပုံ ]

ဦးအောင်သန်းထွန်း
မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ
လွှတ်တော်ရွှေစု

ပုဂံဝန်ထောက်

# ဦးတင်နှင့် ဦးတင်၏ စာပေများ

(၁)

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲ (မြန်မာတို့ အခေါ်အားဖြင့် ပါတော်မူအရေးတော်ပုံ) သည် မြန်မာလူမျိုးများ အနေဖြင့် မြန်မာဘုရင်နှင့် မြန်မာနိုင်ငံသာ ဆုံးရှုံးခဲ့ရသည်မဟုတ်၊ မြန်မာစာပေများလည်း မြောက်မြားစွာ ဆုံးပါး ပျက်စီးခဲ့ရပေသည်။

ဂျင်နရယ်ပရင်ဒါဂတ်နှင့် ကာနယ်စလေဒင်တို့ ဦးစီးသည့် ဗြိတိသျှနယ်ချဲ့ စစ်တပ်သည် သီပေါဘုရင်နှင့် ၎င်း၏အစိုးရကို ထိန်းသိမ်းလိုက်ပြီးသည့်နောက် ၁၈၈၅-ခုနှစ် နိုဝင်ဘာလ ၁၄-ရက်နေ့တွင် ရတနာပုံရွှေနန်းတော်ကြီးကို ဖွင့်လှစ်ပေးလိုက်သည်။ ဤသို့ ဖွင့်လှစ်ပေးလိုက်ခြင်းမှာ နန်းတော်တွင်းမှ အဘိုးတန်ရတနာများကို မည်သူမဆို ယူချင်သလို ယူနိုင်အောင် ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်သည်။

ဖွင့်လှစ်ပေးလိုက်သည့်အတိုင်းလည်း ဗြိတိသျှစစ်ဗိုလ်များ စစ်သားများနှင့် ၎င်းတို့၏ နောက်လိုက် ငယ်သားများသည် နန်းတော်တွင်းမှ ရွှေငွေရတနာ ကျောက်သံပတ္တမြားတို့ကို တံခါးမရှိ ဓားမရှိ အဆီးအတားမရှိ ယူခွင့်ရသွားကြသည်၊ ယူလည်း ယူကြသည်။

အဆိုးဝါးဆုံးကား ထိုကဲ့သို့ ယူငင်ကြသည့် အတွင်း မင်းအဆက်ဆက် ထိန်းသိမ်းထားခဲ့ကြသော နန်းစဉ်နန်းမွေဖြစ်သည့် သမိုင်းဝင် စာပေများ မီးရှို့ဖျက်ဆီး ခံလိုက်ရခြင်းပင် ဖြစ်သည်။

သို့သော် ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခဟောင်း မစ္စတာ... ဒဗ်လျူ-အက်စ် ဒီဆိုင်းကာမူ သူ၏ "DEPOSED KING THIBAW OF BURMA IN INDIA, 1885–1916" ဟူသောစာအုပ်၌...

"လူအများ လုယက် ယူငင်ကြမည်ကို စိုးရိမ်သောကြောင့် နန်းတော်အခန်းတခုအတွင်း၌ ထားရှိသော သီပေါမင်းနှင့် မိဖုယားကြီးတို့ပိုင်သည့် ရွှေငွေကျောက်သံပတ္တမြားတို့ကို ကာနယ်

စလေဒင်က ဗြိတိသျှစစ်အရာရှိတဦး အုပ်ချုပ်သည့် စစ်သား ၂၅ ယောက်ကို အစောင့်ချထားပေးရကြောင်း”

အစရှိသည်ဖြင့် ရေးသားထားသည်။

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံကြီးများ အလယ်တွင် ဗြိတိသျှတို့ သိက္ခာ ကျဆင်းခဲ့ကြရသည်။ သိက္ခာကျဆင်းအောင်လည်း လုပ်ကိုင်ခဲ့ကြသည်၊ ထိုသို့ကျဆင်းနေသော ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်နိုင်ရန် မစ္စတာ ဒီဆိုင်းက ရေးသားခဲ့ခြင်းဖြစ်ရာ အမှန်မှာ မစ္စတာဒီဆိုင်း ရေးသားသကဲ့သို့ မဟုတ်ပေ။

ထိုအချိန်က ထိုပါတော်မူ အရေးတော်ပုံကို မျက်မြင်ကိုယ်တွေ့ မြင်တွေ့ခဲ့ရသော ပုဂံဝန်ထောက် ဦးတင်သည် သူ၏ “မြန်မာမင်း အုပ်ချုပ်ပုံ **စာတမ်း ပဥ္စမပိုင်း**” ၌ အမှန်အတိုင်း ရင်နင့်ဖွယ်ရာ ရေးသားဖော်ပြထားရာ ၎င်းရေးသားချက်များကို လိုရင်းချုပ်ကြည့်လျှင် အောက်ပါအတိုင်း သိရှိရမည် ဖြစ်သည်။

“၁၂၄၇-ခု တန်ဆောင်မုန်းလဆုတ် ရှစ်ရက်နေ့မှာ နန်းတော်အတွင်းသို့ အင်္ဂလိပ်စစ်သည်တော်များ ဝင်ရောက်လာကြသည်၊ မြန်မာတို့၏ ထုံးစံအတိုင်း ပုရပိုက်များကို ကျွန်းသေတ္တာကြီးများအတွင်း ထည့်သွင်းကာ အလုပ်လုပ်ရာဌာန ရှိသမျှနှင့် စာရင်းတိုက်မှာ ထားကြသည်၊ ပုရပိုက် အမှတ်အသား ထားသော သေတ္တာကြီးများမှာလည်း မရေမတွက်နိုင်လောက်အောင် များပြားသည်၊ ထိုသေတ္တာများအတွင်း ပုရပိုက်များနှင့် အတူသည့် အဝတ် အစားများ, ငွေများ, အဖိုးတန်သော အသုံးအဆောင်များကို ထားကြသည်၊ အင်္ဂလိပ်စစ်ဗိုလ် စစ်သား စသူများနှင့် ၎င်းတို့၏နောက်လိုက်များပါ သေတ္တာရှိသမျှကို ဖွင့်လှစ်ရှာဖွေယူငင်ကြရာ အချို့မှာ ပစ္စည်းအဖိုးတန်များကို ရကြသည်။ အချို့မှာ ပစ္စည်းကို မရသော်လည်း သေတ္တာများကို ဖွင့်လှစ် ရှာဖွေသည့်အတွက် ပစ္စည်းရှိမည် အထင်နှင့် အခေါက်ပျက်ကုန်ကာ ပုရပိုက်များမှာ ပစ်ထားလိုက်ကြသည်။



“နန်းတော်အတွင်း၌ အနှံ့အပြားဖြစ်နေသော ပုရပိုက်များကို အမှိုက်လှည်းသူများက စုဆောင်းကာ မြေပေါ်တွင်ပုံ၍ မီးရှို့ပစ်ကြသည်၊ ထိုကဲ့သို့ မီးရှို့ကြဆဲတွင် တွေ့မြင်သူ ကုလီများသည် မီးရှို့ရာက အသာအယာယူကြရာ တစုံတရာ တားဆီး ကန့်ကွက်ခြင်းမရှိ၊ အလိုရှိရာ ယူခွင့်ရကြသည်။”

“ထိုကဲ့သို့ မီးရှို့ကြခြင်း ယူငင်ကြခြင်းမှာ စိတ်အထင် မှန်းခြေအားဖြင့် ခုနစ်ရက် တပတ်လောက် ကြာဟန်တူသည်။ ထိုအခါမှာ ကင်းဝန်မင်းကြီးလည်း မရှိသေး၊ ရှင်ဘုရင်, မိဖုယား,သမီးတော်များနှင့်အတူ ရန်ကုန်သို့ ပါသွားလျက် ရှိသည်။”

“ဤတွင်မှ ပုရပိုက်စသော အမှတ်အသားများကို မီးမရှို့စေရန် လုမြင်သမျှ မယူကြစေရန် တောင်ခွင်မင်းကြီးက စာရေးတော်ကြီး ဦးမြိုးကို စလေဒင်မင်းကြီးထံသို့ စေလွှတ်၍ ပြောရသည်။ မီးရှို့ခြင်း, ယူငင်ခြင်းမှ ရပ်စဲစေရန် တန်ဆောင်မုန်းလဆုတ် ၁၅-ရက်နေ့တွင် ကာနယ်အီး-ဘီ-စလေဒင်မင်းကြီးက အမိန့် ထုတ်ရသည်။

၁၈၈၉-ခုနှစ် ဧပြီလတွင် ဗြိတိသျှအစိုးရသည် ထိုနန်းစဉ်နန်းမွေဖြစ်သော ပေပုရပိုက်များကို မန္တလေးမှ ရန်ကုန်မြို့ အတွင်းဝန်ကြီးများရုံးတွင်းသို့ ရွှေ့ပြောင်းယူဆောင်လာရာ ထိုမှ နောက်ပိုင်း၌ ဖြစ်ပျက်ခဲ့သော အဆိုပါ ပေပုရပိုက်များ၏ အခြေအနေကို “မြန်မာမင်း အုပ်ချုပ်ပုံ **စာတမ်း ပဥ္စမပိုင်း**” ၌ပင် ပုဂံဝန်ထောက် ဦးတင်က ဤသို့ ဆက်လက်မှတ်တမ်းတင်ထားခဲ့ပြန်သည်။

“ကျွန်ုပ်နှင့် လွှတ်လုလင် ဦးသွင်ဆိုသူမှာ လွှတ်တော် နန်းတော်မှ ရရှိသမျှ ပုရပိုက်စသော အမှတ်အသားများနှင့် ရန်ကုန် မဟာမင်းကြီး အတွင်းဝန်ကြီးရုံးတော်သို့ လိုက်ပါ ထမ်းရွက်ရသည်၊ မန္တလေးမှ ရန်ကုန်သို့ယူလာသော ထန်းဖူးခေ ပုရပိုက် အနက် အဖြူများမှာ လှည်းစီးရေ ၄၀-ကျော်တိုက် ဖြစ်သည်။ ပုရပိုက် အရေအတွက်မှာ သေချာစွာ ထိုအခါက မသိနိုင်။”

“ထိုအခါက အတွင်းဝန်ကြီးရုံးမှာ ကမ်းနားတွင် ရှိသည်၊ ကမ်းနားရုံးကမှ ယခု ဤစက္ကရီတေရီရုံးသို့ ၁၈၉၄-ခုနှစ် ပြောင်း

ရသည်၊ ၎င်းနောက် ၁၈၉၅-ခုနှစ် ဇွန်လမှာ ပုဂံသို့ မြို့အုပ်အလုပ်နှင့် ကျွန်ုပ်သွားရသည်၊ ကျွန်ုပ်နေရာတွင် ဦးစွန်ဆိုသူ ဆက်လက်ထမ်းရွက်ရသည်။ ဦးစွန် မြို့အုပ်ဖြစ်သွားပြန်သည့်အခါ ဦးစွန်နေရာမှာ ဆရာဘေ-ဆိုသူ ဆက်လက်ထမ်းရွက်ရသည်။ဆရာဘေ ကျောက်စာ အလုပ်နှင့် မန္တလေးသို့ ရွှေ့ပြောင်းရသည့် အခါ ဆရာဘေနေရာမှာ ဆရာမောင်စံဘ ထမ်းရွက်ရသည်။ မောင်စံဘ-ကွယ်လွန်ပြန်သည့်အခါ မောင်စံဘနေရာတွင် ဆရာပွား ဆက်လက်ထမ်းရွက်ရသည်။"

"၁၉၂၀-ပြည့်နှစ်မှာ ဆရာပွားက ပုရပိုက်များအကြောင်းကို အတွင်းဝန်ကြီးထံ အစီရင်ခံသည်။ ပုရပိုက်များ ပျက်စီးနေပုံ အရေးမပူခဲ့လျှင် တပ်မံပျက်စီးရန်ရှိပုံများလည်းပါသည်။"

"၁၉၂၁-ခု ဇန္နဝါရီလမှ စ၍ ခြောက်လအထိ အထူးအလုပ်ဝတ္တရားနှင့် ပုရပိုက်အလုပ်ကို ကျွန်ုပ် ဆက်လက် လုပ်ကိုင်သည်။ ဘုရင်ခံမင်း သဘောတူချက်နှင့် အတွင်းဝန်ကြီး အမိန့်အရ လုပ်ကိုင်ရသည်၊ ကျွန်ုပ် ဆောင်ရွက်ရန်မှာ ရှုပ်ထွေး နေသော ပုရပိုက်များကို အမျိုးအစား ခွဲခြား ရှင်းလင်း ရန်နှင့် (မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း) ရေးရန်ဖြစ်သည်။"

ပုဂံဝန်ထောက် ဦးတင်သည် ၁၉၂၁-ခု ဇွန်လတွင် ပင်စင်ယူသော်လည်း ၁၉၂၃-ခု မေလကုန်တိုင်အောင် ၂-နှစ် ကျော်ကျော် အချိန်ယူကာ လှည်း အစီးရေ ၄၀-ကျော်တိုက်ရှိသည့် နန်းစဉ် ပေပုရပိုက်များကို ရှင်းလင်းယင်း မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း ၅-တွဲကို ရေးသား ပြုစုခဲ့ပေသည်။

ထိုအချိန်က ပုရပိုက်များမှာ - နှစ်သောင်းကျော်ကျော်သာ ရှိတော့သည်ဟု ဆိုသည်၊ ထိုနှစ်သောင်းကျော်တွင်လည်း ပုရပိုက် ငါးထောင်ခန့်မှာ မိတ္တူများဖြစ်နေသည်၊ ထို့ကြောင့် မိတ္တူပုရပိုက် ငါးထောင်ခန့်ကို ပယ်ရှား၍ ကျန်ပုရပိုက် တသောင်းငါးထောင်အနက် ပုရပိုက် ၁၀-ဆူလျှင် စာတမျက်နှာခန့် ဖျမ်းမျှရနိုင်အောင် အကျဉ်းချုံးကာ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းကို ရေးသားထားခြင်းဖြစ်သည်။



စင်စစ် ထိုနန်းစဉ်ပုရပိုက် လှည်းစီးရေ ၄၀-ကျော်တိုက်မှ ထုတ်နုတ်ယူငင်ကာ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း ၅-တွဲကိုသာ ရေးသားခဲ့သည် မဟုတ်သေး၊ ဤ"ကဗျာဗန္ဓသာရကျမ်း"ကိုလည်း အဆိုပါနန်းစဉ်ပေပုရပိုက်လည်းအစီး ၄၀-ကျော်တိုက်မှ ထုတ်နုတ်ယူငင်ကာ ပုဂံဝန်ထောက် ဦးတင်သည် ပြုစုရေးသားခဲ့ခြင်းဖြစ်သည်။ ကဗျာဗန္ဓသာရကျမ်းကို ပြုစုရာ၌ ဤကဲ့သို့ နန်းစဉ် ပေပုရပိုက်များကို မှီးငြမ်းကိုးကားနိုင်ခွင့် ရခြင်းသည် ပုဂံဝန်ထောက် ဦးတင်အတွက် အထူးအခွင့်အရေးတရပ်ဟုပင် ဆိုရပေမည်၊ သာမန်ကျမ်းပြုဆရာများအတွက် ထိုအခွင့်အရေးမျိုးကို ရရှိနိုင်ရန် လွယ်ကူသည်မဟုတ်ပေ။

ထိုကဲ့သို့ အခြေအနေ၏ပေးမှုကြောင့်လည်း ရေးကထွက်ပြီး စာအုပ်များတွင် မပါရှိဘူးသေးသော နန်းစဉ်မှတ်တမ်းများ, မှတ်ချက်များ, နန်းစဉ်စာတော်စာရင်းများ စသည်တို့ကို ပုဂံဝန်ထောက် ဦးတင်သည် ကဗျာဗန္ဓသာရကျမ်း၌ ထည့်သွင်း ဖော်ပြနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်-

"ပရမပုရ, ဝိဇယပုရ, အနန္တပုရ, ဇေယပုရ, ရတနာပုရ, အမရပုရ, ရတနာပုံ-စသော မြန်မာ့ဦးစွန်း ထွန်းရာအခန်းခန်း ထီးနန်း အဖြာဖြာ ပညာရှိ အဆက်ဆက် ဆင်းသက် ဆည်းပူး အထူး စုဆောင်းတော်မူခဲ့ကြသော ဝိဋ္ဋကတ်, ဗေဒင်, ရာဇဝင်, ဆေး, ဓာတ်, ဓမ္မသတ်, ရာဇသတ်, ဖြတ်ထုံး,သွင်းစာ,စာဟောင်း ကျောက်စာ,ကဗျာလင်္ကာစသော လှည်းစီးရေ၄၀-တိုက်ရှိသော များစွာသော နန်းစဉ်နန်းမွေ ပေမူ ပုရပိုက်မူ အမှတ်အသားများကို မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ဆောင်ယူ အုပ်ထိန်းကြည့်ရှုရသော အစိုးရမင်းပိုင် စာပေအမှတ်အသားများနှင့်တကွ ဘေးဘိုးစဉ်ဆက် ဆင်းသက်ပိုင်ဆိုင်ခဲ့သော ကိုယ်ပိုင်လက်ရှိ ပေမူ ပုရပိုက်မူများမှစ၍-"အစရှိသည်ဖြင့် စာရင်းဂဏန်း ထိုးမပြနိုင်လောက်အောင် များပြားလှသည့် သူကိုးကားခဲ့သော နန်းစဉ် ပေပုရပိုက်များကို ပုဂံဝန်ထောက်ဦးတင်က- **ကဗျာဗန္ဓသာရကျမ်း-နိဒါန်း** တွင် လက်ညှိုးထိုး ပြထားခဲ့ပေသည်။

( ၂ )

ပုဂံဝန်ထောက်ဦးတင်မှာ မိမိ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ကိုယ်တိုင်ရေးခဲ့သူဖြစ်သည်။ ထိုခေတ်က မိမိ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ကိုယ်တိုင်ရေးသားခဲ့သူများမှာ နိုင်ငံကျော်-ဆရာတော် အရှင်အာဒိစ္စဝံသ, မော်ဗီဆရာသိန်းကြီးနှင့် ပုဂံဝန်ထောက် ဦးတင်-စသည်တို့ဖြစ်ကြသည်။

အရှင်အာဒိစ္စဝံသသည် အင်္ဂလန်နိုင်ငံ၌ ပညာသင်ယူယင်း ရေးသားခဲ့သည့် သူ၏ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ဗြိတိသျှဘားမား မဂ္ဂဇင်း၌ လစဉ်ထည့်သွင်းဖော်ပြခဲ့သည်။ မော်ဗီဆရာသိန်းကြီး၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကိုကား-စာဆိုတော်မဂ္ဂဇင်း၌ လစဉ်ဖတ်ရှုခဲ့ရပေသည်။

ပုဂံဦးတင်က သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ တွင် ရတနာသုံးပါးကို ရှိခိုးပြီးနောက်–

"ကျွန်ုပ်၏ အတ္ထုပ္ပတ္တိ ကို ကျွန်ုပ် ကိုယ်တိုင် တတ်နိုင် သမျှ ယထာရဟာဖြစ်စေရန် စိမံရေးသားထားခဲ့ပေအံ့သတည်း။ သည်ကဲ့သို့ ရေးသား ထားခဲ့သည်မှာ–ပကာသနကို ပြုလို၍ မဟုတ် ကျွန်ုပ်၏ သားကလေးနှင့်တကွ နောင်လာနောက်သားတို့ မှတ်သား အားကျသမှု အတုလိုက်နာကြကာ ဆိုင်ရာဆိုင်ရာ-ထိုက်သင့်ရာ ကြီးပွားကြစေလိုသောအကျိုးကို မျှော်ကိုး ထောက်ထား၍ ရေးသားခဲ့ခြင်း ဖြစ်သတည်း။"

ဟု–ပဋိညာဉ် ပြုထားပေသည်။

ဤသို့ ပဋိညာဉ်ပြုထားသည့် အတိုင်းလည်း ယင်းကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် သူ၏ မွေးသက္ကရာဇ်, မွေးဖွားရာဌာန, ပညာသင်ယူခဲ့ပုံနှင့် နန်းတော်တွင်း၌ အမှုထမ်းခဲ့ပုံ-စသည်များကို အောက်ပါအတိုင်း ရေးသားထားခဲ့သည်။

"သက္ကရာဇ် ၁၂၂၃-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၄-ရက်၊ စနေနေ့၊ နေထွက် ၄-ချက်တီးကျော်၊ ၆-နာရီ၊ တပါဒ်၊ ၇-ဗီဇနာ၊ ပြန်ပြည့်၊ ၇–ခရာ၊ ဓနုလဂ်အချိန်တွင် နန်းတော်အနောက် ရန်နှည်တံခါးလမ်းမတော်ကြီးတွင် မွေးဖွားပါသည်။



အဘကား– မဟာ မင်းလှသင်္ခယာ-ဘွဲ့ခံ, ဝမ်းတွင်းငါးမြို့ဝန်, စာဆိုတော်-ဦးမောင်၊ အမိကား-မဟာမင်းခေါင်ရာဇာ-ဘွဲ့ခံ, တောင်အင်းတိုက်စား, အသုံးစာရေး စာဆိုတော်-ဦးဘဲ၏ သ္မီးမစောတည်း။"

"သုံးဆယ်မင်းသား အိမ်တော်ကို ကျောဘက်၊ မကွေးရာမင်းသား အိမ်တော်ကိုမျက်နှာပြုသော စကြောအိမ်သည် မွေးဖွားရာဌာနဖြစ်ပါသည်။ မွေးဖွားပြီးနောက် အသက် ၃–နှစ်ကျော်၍ ၄–နှစ်ဝင်လျှင် အိမ်တွင် စာသင်ပါသည်။ နောက် ၁၂၂၆-ခုနှစ်တွင် မန္တလေးမြို့တောင်ပြင် စိတြမဟီရပ်၊မင်္ဂလာဈေးဟောင်းတောင်ဖျားတွင် အနောက်ဘက်က ဝင်းမှာနေကြရသည်၊ ၎င်းဝင်းမှာ ယခု မန္တလေးတွင် လက်ရှိဖြစ်သော ဝင်းပင်တည်း။"

၎င်းဝင်းတွင် ကျွန်ုပ်၏အသက် ၉–နှစ်ထိ အိမ်တွင်ပင် ပညာများကိုသင်ကြားသည်၊ အောက်ယံစာငယ်များနှင့် ဗေဒင်လက်ရိုးပေါက်သည်၊ အောက်ယံစာငယ်များ ဆိုသည်မှာ မင်္ဂလသုတ်, ရတနာရွှေချိုင့်, အတွင်းအောင်ခြင်း, ပြင်အောင်ခြင်း, ပရိတ်ကြီး လောကနီတိ, ဓမ္မပဒပါဠိတော်, ဩဝါဒထူး ဆုံးမစာ, ကဗျာသာရတ္ထသင်္ဂဟသတ်ပုံ, ဆကာရန္တနယသတ်ပုံ,ရှင်ဝိစိတ္တာလင်္ကာရသတ်ပုံ, ပလိပ်စားဧချင်း, ရွှေနားတော်သွင်း များလည်း ပါသည်။

"ထိုနောက် အသက် ၉–နှစ်ရှိလျှင် အမရပုရမြို့ ဘုံကျော်တိုက်တွင် ကျောင်းသားအဖြစ်နှင့် စာသင်ပါသည်၊ အသက် ၁၁–နှစ်အဝင်တွင် ရှင်သာမဏေပြု၍ စာသင်ပါသည်၊ ဘုံကျော်ဆရာတော်ကြီး ဆရာတော်ကလေး နှစ်ပါးထံ ဆည်းကပ်သင်ကြားပါသည်၊ ဘုံကျော် ဆရာတော်ကြီးသည် ၁၂၃၅-ခုနှစ်တွင် ဘဝပြောင်းပါသည်။ ၁၂၃၅-ခုနှစ် မန္တလေးမြို့ ဘုံကျော်တိုက်သစ်သို့ ဘုံကျော်ဆရာတော်ကလေးပါ ပြောင်းကြပါသည်။"

"ကင်းဝန်မင်းကြီး ရေးသော အဥ္စသံခေပ ဓမ္မသတ်လင်္ကာ ၇၂-ပုဒ်ကို နှုတ်တက်အာဂုံ ဆောင်ရုံမက အထွက်အတက်နှင့်

အနက် အဓိပ္ပါယ်ကို ဆရာတော်ဘုရား သင်ကြား ထားသည့်အတိုင်း ကင်းဝန်မင်းကြီးရှေ့တွင် ပြန်ဆိုဖြေကြားနိုင်သည့်အတွက် ကင်းဝန်မင်းကြီးက ချီးမွမ်းစကား ပြောကြား၍ ထင်ရှားပါသည်၊ အသက် ၁၅-နှစ်မှာ ရှင်လူထွက်၍ နန်းတော်အတွင်း ရှေ့တိုက်ဘက်တွင် ဝင်ရောက် ရှေ့တိုက်အတွင်းဝန် တောင်ခွင်မြို့စားမင်း လက်အောက် လက်ဦး ထမ်းရွက်ပြီးလျှင် အခွန်ရုံး, လယ်ရုံး, မြုံးတိုက်တော်, လွှတ်တော်များမှာ မြန်မာမင်း ၂-ဆက် အသက် ၂၃-နှစ်ထိ စာရေးတော်အရာနှင့် ထမ်းရွက်ပါသည်။"

ဗြိတိသျှအစိုးရလက်ထက်တွင် ပုဂံဦးတင်သည် မန္တလေးလွှတ်တော်၌ အမှုထမ်းပြီးနောက် ရန်ကုန်မြို့ အတွင်းဝန်ကြီးများရုံး စာတော်ပြန်ဌာနနှင့် ကျောက်စာဌာနတို့၌ အမှုထမ်းရွက်ခဲ့သည်။

၁၈၉၅-ခုနှစ်မှ ၁၉၀၇-ခုနှစ်ထိ ဦးတင်သည် ပုဂံမြို့၌ မြို့အုပ်ရာထူးကို လက်ခံဆောင်ရွက်သည်၊ ထိုသို့ ဆောင်ရွက်ယင်း အမှုထမ်းကောင်းတံဆိပ် (အေ-တီ-အမ်) ကို ရရှိခဲ့ပေသည်၊ ၁၉၀၈-ခုနှစ်မှ ၁၉၂၀-ခုနှစ်အထိ ပုဂံမြို့၌ အမြဲတမ်း နယ်ပိုင်ဝန်ထောက် ဖြစ်လာသည်၊ နယ်ပိုင်ဝန်ထောက်ဘဝ အသက် ၅၂-နှစ် အရွယ်တွင် ကြက်သရေဆောင်ရွှေစလွယ်ရ မင်း (ကေ-အက်စ်-အမ်) ဘွဲ့တံဆိပ်ရရှိခဲ့သည်။

၁၉၁၁-ခုနှစ် အိန္ဒိယပြည် ဒေလီမြို့၌ ကျင်းပသည့် ပဉ္စမမြောက်ဂျော့ဘုရင်၏ ဘိသိက်ပွဲသို့ တက်ရောက်ခဲ့ရာ ဂျော့ဘုရင်၏ ငွေဘယက်တံဆိပ်ကိုလည်း ရရှိခဲ့ပြန်သည်၊ ထိုအချိန်၌ ပုဂံဝန်ထောက် ဦးတင်၏အသက်မှာ ၄၉-နှစ် ရှိပြီဖြစ်သည်။

ဤသို့ အမှုထမ်းရွက်ပြီးနောက် အသက် ၆၀-အရွယ်တွင် ပုဂံဦးတင်သည် အငြိမ်းစား ခံယူလိုက်ပေသည်။

အငြိမ်းစားယူပြီးနောက် ပုဂံဦးတင်သည် ရန်ကုန်တက္ကသိုလ် မြန်မာစာပေဂုဏ်ထူးတန်း၌ တနှစ်တာမျှ စာပေပို့ချခဲ့သူးသေးသည်။



(၃)

ပုဂံဝန်ထောက် ဦးတင်သည် အထက်ပါ အေ-တီ-အမ်, ကေ-အက်စ် အမ် ဘွဲ့နှစ်ခုအပြင် စာပေနှင့်ပတ်သက်သော ဘွဲ့နှစ်ခုကိုလည်း ရရှိခဲ့သူးသေးသည်၊ ၎င်းတို့မှာ မြန်မာဘုရင် သီပေါမင်းတရားက ပေးအပ်ချီးမြှင့်သည့် "နေ်ရထာကျော်ထင်" ဘွဲ့နှင့် ရန်ကုန်ယူနီဘာစီတီမှ ပေးအပ်သည့် "ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာ" (အမ်-အေ) ဘွဲ့တို့ ဖြစ်သည်။

"အသက် ၁၉-နှစ်တွင် နေ်ရထာကျော်ထင်ဘွဲ့ ရရန် ပေါ်ပေါက်လာပုံအရင်းအမြစ် သနစ်သနာအကြောင်း" ဟူသော ခေါင်းစဉ်ဖြင့် သူ၏ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် ပုဂံဦးတင်က အောက်ပါအတိုင်း ဖော်ပြထားပေရာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်ထက် "ဖ-ဦးထုပ်နှင့် ဘ-ကုန်းဆရာ" တို့အဘို့လည်း သတိပြုဖွယ်ရာ ဖြစ်သည်။

"စာရေးတော်စာမေးပွဲ စစ်ဆေးရာတွင် အပါအဝင် ဖြစ်သူအရာရှိတဦးဖြစ်သော နန်းမတော်မိဖုယားကြီး ပင်တိုင်တော်ပါ ခေါ်ရသော ကျွန်တော်မျိုး သံတော်ဆင့် ဦးစံပုံက ကျွန်ုပ်ကို သတ်ပုံဘက်တွင် အကောင်းဆုံးမရထိုက်ဟု ဆုံးဖြတ်သည်၊ ကန့်ကွက်ပုံမှာ ရွှေနားတော်သွင်း ပေစာတွင် "ရွှေဖောင်တော်" ဟု ဖဦးထုပ်နှင့် ရေးလျက်ရှိသည်၊ ကျွန်ုပ်ရေးသောစာမှာ "ရွှေဘောင်တော်" ဟု ဘကုန်းနှင့် ရေးလျက်ပါသည်၊ တနိုင်ငံလုံးတွင် အကောင်းဆုံးမဆိုထိုက်ဟု ထပ်တလဲလဲ ကန့်ကွက်သည်။"

"ယင်းသို့ ကန့်ကွက်ခြင်းခံရသည်မှာ ကျွန်ုပ်၏အပြစ်ပေတည်း၊ အပြစ်မှာ မာနကြီးခြင်းပေတည်း၊ မာနကြီးပုံကား-အခြားစာမေးပွဲဝင် စာချီတော်တို့က ထိုဦးစံပုံကို ရိုသေစွာ ကာယဝိညတ်များနှင့် ဘုရားထူးကြလျက် ကျွန်ုပ်က ဘုရားလည်းမထူး အရိုအသေလည်း မပေးသည့်အတွက်ပင်တည်း၊ ယင်းသို့ ပြဆိုရသည်မှာ 'နှောင့်ယှက်နိုင်သော သတ္တိရှိသူကို ဆန့်ကျင်ဘက် မပြုသင့်' ဟု ဥပဒေသပြခြင်းပင်တည်း"။

"သို့ရာတွင် ထိုစာမေးပွဲ စစ်ဆေးရာမှာ ပါဝင်သူ ဖြစ်သော သံတော်ဆင့် ဦးဘိုးမင်းကြီးက "အမိန့်တော်များတွင် ဘကုန်းနှင့်ပင် 'ဘောင်ဝန်, ဘောင်စာရေး' ဟူ၍၎င်း၊ ဘောင်တော်

ကြီး ၁၅-မျိုးမှာလည်း "ကရဝိက်ဘောင်, ပဋ္ဌရူပဘောင်" ဟူ၍ ဘကုန်းနှင့် ရေးလျက် ရှိသည်၊ ယင်းသို့ဖြစ်၍ သတ်ပုံတွင် အကောင်းဆုံးရထိုက်ပေသည်"ဟု ဦးဘိုးမင်းကြီးက ကျွန်ုပ်ဘက် ထောက်ခံသည်"။

"ယင်းသို့ ဦးစံပုံနှင့် ဦးဘိုးမင်းတို့ အငြင်းအခုံဖြစ်ကြရာ ထို စာမေးပွဲဆိုင်ရာ ဥက္ကဋ္ဌအရာရှိ အတွင်းဝန် ပင်းမြို့စားထံ၌ အယူ ခံဝင်ကြသည်၊ ထိုအတွင်းဝန်မင်းက ပုံပြန်သံတော်ဆင့်မင်း ဒေဝ ဒူတထံ၌ 'ဘောင်များနှင့်စပ်သော အရေးအသား ပါသော အမိန့်တော် ပုရပိုက်များကို ရွှေဘိုမင်း လက်ထက်ကစ၍ ယခု သီပေါဘုရင် မင်းမြတ်လက်ထက်တိုင်အောင် ယူခဲ့စမ်း'ဟူ၍ အမိန့်ရှိပြီးလျှင် ထိုအတွင်းဝန်မင်းနှင့် လယ်ယာဌာနချုပ် မြို့သစ် မြို့စား အတွင်းဝန်မင်း, အခွန်တော်ဌာနချုပ် အတွင်းဝန်, ရွှေ တိုက်ဝန် ပေါက်မြိုင်မြို့စားမင်း သုံးဦးတို့က ရှာဖွေကြည့်ရှုကြရာ ယွန်းဘောင်အမိန့်တော် ပုရပိုက်များတွင် ဘိုးတော်ဘုရား လက် ထက်ကစ၍ ဘောင်နှင့်စပ်သမျှ အရာရှိတို့အမည်, ဘောင်တော် များ အမည်ရှိသမျှမှာ ဘကုန်းနှင့် ရေးလျက် တွေ့သည်"။

"ထိုအခါ ပင်းမြို့စားအတွင်းဝန်မင်းနှင့်တကွ ကူညီရှာဖွေသူ အတွင်းဝန် မင်းနှစ်ပါးကပါ အမိန့်တော်များတွင် ရေးသားပါ ရှိပုံမှာပါသည့်အတိုင်း ဦးဘိုးမင်းက ထင်ချက်ပေးသည်နှင့်အညီ ယခု စာမေးပွဲအတွက် ဆုံးဖြတ်ချက်မှာလည်း ဦးဘိုးမင်းထောက် ခံချက်အရ ဘကုန်းနှင့် ဘောင်ရေးသားသည်ကို မှားသည်ဟူ၍ မဆိုနိုင်၊ တနိုင်ငံလုံး စာရေးတော်များတွင် ကျွန်ုပ်သည် နှုတ်က ဆောင်၍ ပုဂ္ဂိကဇျာ,လင်္ကာ, အထောက်အထားများနှင့် တကွ ခွဲထားများကို နှုတ်တက်ရွရွ အရကျက်လျက် ရှိသည်များကို ပြောဆိုပြီးလျှင် မေးသူများက စာကိုကြည့်၍ မေးရသည်၊ ကျွန်ုပ် က နှုတ်ကဆောင်လျက် မေးသော အချက်အတိုင်း သွက်သွက်ဖြေ ကြားနိုင်ပေသည်ဟူ၍ ထပ်မံပြီးလျှင် ချီးမွမ်းစကား ပြောကြား ပြန်သည်"။

"ထိုအခါ အတွင်းဝန်မင်း သုံးပါးက တနိုင်ငံလုံးအတွက် သတ်ပုံဘက်မှာ ကျွန်ုပ်သည် အကောင်းဆုံးရပေသည်ဟု မှတ်



သားချက်ထားပါဘိ-ဟု အမိန့်ရှိသည့်အတိုင်း ထိုအမိန့်နှင့်အညီ သံတော်ဆင့် ဦးဘိုးမင်းကြီးက အမိန့်အရ မှတ်သားချက်ထားပြီး လျှင် ဆိုင်ရာဌာနချုပ်အရာရှိကြီးများထံ လက်ခံစာ တစောင်စီ ပေးပို့ရသည်၊ ယင်းသို့မှတ်သားချက်ထားသည်ကို ကြားသိကြပြီး နောက် နောက်တနေ့နံနက် ညီလာခံဝင်ခါနီး ဖြတိုက်အစုတွင် ရွှေတပြင်,တောင်တပြင်, အခွန်ဝန်မင်း ဦးစံက ကျွန်ုပ်ကို 'သတ် ပုံ ပထမကျော်-စားရေးတော်'ဟု ခေါ်ရာ လယ်ယာ ဌာနချုပ် မြို့သစ်မြို့စား အတွင်းဝန်မင်းက 'သတ်ပုံပထမကျော် မခေါ်သင့် သတ်ပုံပညာကျော်ဟုသာ ခေါ်သင့်သည်ဟု' ပြင်ဆင် ထောက်ခံ သည်တွင် ကျေးဇူးရှင် ကင်းဝန်မင်းကြီးက "ဘိုးတင် ထမ်းရွက် ဆဲ ဌာနမှာ လယ်ယာဌာနလား,အခွန်တော်ဌာနလား,အသက် မည်မျှလဲ'ဟု လှမ်း၍မေးရာ 'လယ်ယာဌာန၌ ထမ်းရွက်ပါ သည်၊ အသက် ၁၉-နှစ်ပါဘုရား'ဟု လျှောက်ထားရာ 'ယခုလို နှုတ်ကချီးမွမ်းကြရုံနှင့် ဂုဏ်မမြင့်သေးဘူး' ဟုဆိုပြီးလျှင် လယ်ယာ ဌာနချုပ်အတွင်းဝန်မင်း၏မျက်နှာကိုကြည့်၍ 'လက်ကိုင်,ဆိုင်ရာ ဌာနချုပ်, အတွင်းဝန်မင်းက တစုံတခု ဘူ့အသက်, သူ့အရည် အချင်းနှင့်လိုက်ရန် အမိန့်တော်ခံပါဘိ'ဟု အမိန့်ရှိသည်"။

"ထိုအခါ လယ်ယာဌာနချုပ် မြို့သစ်မြို့စား အတွင်းဝန်မင်းက 'အရာရှိများသို့ ချီးမြှင့်မြဲ အဆင့်အတန်းစာရင်းကို ယူခဲ့စမ်း' ဟု သံတော်ဆင့် ဒေဝဒူတထံတောင်းခံ၊ ကင်းဝန် မင်းကြီးနှင့် အတွင်းဝန်မင်းတို့ ခေါင်းဆိုင်ပြိုင်၍ ကြည့်ရှုကြဆဲး မှာပင် တချက်တီး ပဟိုရ်ကျ၍ ရွှေတော်သို့ဝင်ကြသည်၊ ကျွန်ုပ်ကို ဘာ မျှမပြောခဲ့၊ ညီလာခံကွဲး၍ ရွှေတော်က ထွက်လာကြသည့် အခါ ကျွန်ုပ်မှာ 'နေ်ရထာ ကျော်ထင်ဘွဲ့-အသနားတော် ခံစေ'ဟူ သော အမိန့်တော်ပါလာသည်။"

"ပထမတန်းဘွဲ့ ၁-အမှတ်ကစ၍ အနိမ့်အမြင့် ၁၁-ဆင့် ရှိသောဘွဲ့များမှာ နေ်ရထာ-အစရှိသော ဘွဲ့မျိုးသည် ၉-မှတ် ရောက်၍ အောက်ကျသော ဘွဲ့မျိုးတည်း၊ ၉-မှတ်မြောက် အောက်မှာ ၂-ဆင့်သာ ရှိတော့သတည်း။"

နော်ရထာကျော်ထင်ဘွဲ့ ရရှိပြီးနောက် ထိုအတွေ့အကြုံမှ သင်္ခန်းစာယူလျက် "နှောင့်ယှက်နိုင်သောသတ္တိရှိသူကို ဆန့်ကျင်ဘက်မပြုသင့်" ဟူသော ဥပဒေသကို ပုဂံဦးတင်က သူ၏ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ၌ပေး ထားခဲ့ပေသည်။

၁၉၂၀-ခုနှစ်တွင် ရှေးဟောင်းနှောင်းဖြစ်များကို စဝ်စဝ်စုစုလုပ်တတ်သော မော်ဗီဆရာသိန်းကြီးက ပုဂံဝန်ထောက်ဦးတင်အား 'နော်ရထာကျော်ထင်' ဘွဲ့ ရရှိခဲ့ခြင်း ဟုတ်-မဟုတ် ပုစ္ဆာထုတ် မေးမြန်းခဲ့ဘူးသည်။ ထိုအခါ ဆရာသိန်းကြီးမေးခွန်းကို ပုဂံဦးတင်က အောက်ပါ လေးဆစ်သဖြန့်ဖြင့် အကျဉ်းချုပ် ဖြေဆိုခဲ့ပေသည်။

* ရှယ်မတန်-ချိန်မဟုတ်သော်ကြောင့်
သူငယ်ပြန်-သိန်မလုပ်ချင်လို့
မိန်ကုပ်ကုပ်-နေသည့်အခါ။

* အရေးလုပ်ပါလို့
မေးပုစ္ဆာ-လာဟန်ကြောင့်
စာပြန်ကာ-အမြန်ရေး
ပေးလိုက်ရပါ။

* သိန်းဆရာ-လာကာစ,လေတော့
မတိမ်းသာ-စာလွှာသ,သော်လည်း
ပကာသနမလိုပါ
တိုတိုသာပ-ဖြေစာထည့်။

* ရုပ်ခန္ဓာ-ပုပ်နံကာ-မြေစွာပျက်သော်လည်း
မျိုးဆက်ကယ်-ဝံသာနှင့်
အမည်မှာ ကြာမဆွေးသည့်ဟာမို့
သိန်းဆရာ-စာအမေးကို
ကျေးဇူးတင်၏။

ပုံ-ဦးတင်
၁၃-၁၂-၂၀။



ဦးတင်၏ပြန်ကြားချက်ကို ရရှိသောအခါ၌ ဆရာသိန်းကြီးက ဦးတင်ထံသို့ ပြန်လည်ရေးသားခဲ့သည့် ဒွေးချိုးသဖြန့်မှာလည်း အောက်ပါအတိုင်း ဖြစ်သည်။

* ပြန်ကာရယ်ညွှန်
ပုဂံဝန်-ထောက်တော်မင်းရယ်က
ဖြေရှင်းပုံ-တကယ်ဝိပါဘ်
နယ်သိ-ထင်ရှား။

* ထားသည့်စာ
သွားကြည့်ပါ-နှုတ်ခွန်းကို
လွှမ်းလိုက်ထာများ။

ပုံ-မော်ဗီဆရာသိန်းကြီး
၁၇-၁၂-၂၀

(၄)

ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာ (အမ်-အေ) ဘွဲ့ကိုကား ပုဂံဝန်ထောက် ဦးတင်သည် ၁၉၃၂-ခုနှစ်တွင်မှ ရရှိခဲ့ခြင်းဖြစ်သည်၊ ထိုနှစ်က ပုဂံဦးတင်နှင့်အတူ ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၃-ဦးရှိရာ ၎င်းတို့မှာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး, အရေးပိုင် ဦးကျော်ဒွန်းနှင့် မစ္စ-စ် လက်စလီမင်းတို့ ဖြစ်သည်။

ထိုဘွဲ့နှင်းသဘင်ကို ၁၉၃၂-ခု၊ ဇူလိုင်လ ၂၉-ရက်နေ့ ညနေတွင် ရန်ကုန်တက္ကသိုလ်၌ ကျင်းပရာ တက္ကသိုလ်အဓိပတိဖြစ်သော မြန်မာပြည်ဘုရင်ခံ ဆာ-ချားလ်-စ်အင်းနစ်နှင့် ဒုတိယ အဓိပတိဖြစ်သူ ဦးဆက် အပြင် ပါမောက္ခများ စုံညီစွာ တက်ရောက်လာကြသည်။

ဒုတိယအဓိပတိ ဦးဆက်က မဟာဝိဇ္ဇာဘွဲ့ မပေးအပ်မီ ယင်းပုဂ္ဂိုလ်ကြီး ၄-ဦး၏ အကြောင်းအရာအတ္ထုပ္ပတ္တိနှင့် ၎င်းတို့ ပြုစုရေးသားခဲ့ကြသောကျမ်းစာ စာရင်းများကို ဘတ်ကြားရာ ပုဂံဦးတင် ပြုစုရေးသားခဲ့သောကျမ်းစာများ၏ စာရင်းကို အောက်ပါအတိုင်း ဘတ်ကြားသွားလေသည်။

၁ ကဗျာဗန္ဓသာရကျမ်း
၂ ကတညုတ ကတဝေဒီစာတမ်း(စုဆောင်း)
၃ တော်စိန်ခိုအထ္ထုပ္ပတ္တိ
၄ ကလျာဏီကျောက်စာ အထ္ထုပ္ပတ္တိ
၅ ခွဲးထားကျော်
၆ ဂူနှင့်ပုထိုး ခွဲးခြားပုံ
၇ ငါးရာ့ငါးဆယ် ဇာတ်အတိုကောက်
၈ စတုရာရက္ခစံပြကျမ်း
၉ စာစစ်ဆေးနည်း
၁၀ တောပု ရှင်ဥတ္တံသမာလာ မေတ္တာစာအဖွင့်
၁၁ ဓမ္မဝါဒီစာတမ်း
၁၂ နန်းသုံး နိဗ္ဗာန် ကမ္မဋ္ဌာန်း
၁၃ ဒေလီသွားကဗျာ
၁၄ နတ်စာတမ်း
၁၅ ပသင်္ဂဝိသောဓနီ
၁၆ ပေါတကောဝါဒ ဆုံးမစာ
၁၇ ပုဂံအထ္ထုပ္ပတ္တိအကျယ်
၁၈ မြန်မာနှင့် နိုင်ငံခြား ဆက်ဆံပုံ
၁၉ မြန်မာမင်း အုပ်ချုပ်ပုံနှင့် ဘိုးတော်ဘုရားကြီး၏ အမိန့်တော်ပြန်တမ်း ၅-တွဲ
၂၀ မြန်မာနိုင်ငံ အဆောက်အဦ ၄၈-ခုအကြောင်း
၂၁ အောက်မြန်မာပြည်ရှိ ဘုရားများ၊ ပုဂံနယ်ရှိဘုရားများ
၂၂ ဝတ္ထုကံမြေစာတမ်း
၂၃ ပန်းတမော့စာတမ်း
၂၄ မြင်းခြံနယ် ရွာများသမိုင်း
၂၅ ဘုန်းတော်မော်ကွန်း
၂၆ မြန်မာစာ အသက်ဆက်စာတမ်း
၂၇ မြန်မာမင်း–အင်္ဂလိပ်မင်း အုပ်စိုးပုံနှိုင်းယှဉ်ချက်
၂၈ ရွှေဘိုဒိုင်းတော်ကြီး, ဒိုင်းတော်ကလေးစာတမ်း
၂၉ လွှတ်တော်အထ္ထုပ္ပတ္တိနှင့် မဟာဆွေတော်စာရင်း
၃၀ ရွှေတိဂုံဝတ္ထုကံမြေအကြောင်း



၃၁ သံဃာဂိုဏ်းကွဲပုံ
၃၂ သေလက္ခရစာတမ်း
၃၃ ဝိဝါဒမင်္ဂလာစာတမ်း
၃၄ သန့်စင်ပန်းမေတ္တာစာ
၃၅ ဝေါဟာရပြင်မှု ဂရုပြုရန်စာတမ်း
၃၆ လွှတ်တော် အမှတ်အသားအဖြေ
၃၇ သမဝါဒီ, သစ္စဝါဒီစာတမ်း
၃၈ ဘိုးဘပိုင်စာတမ်း
၃၉ သံချက်နည်း
၄၀ ယွန်းထည်လုပ်နည်း
၄၁ ဝိဇ္ဇာအမျိုးမျိုးလင်္ကာ
၄၂ အဇ္ဇကောဝါဒ
၄၃ အင်္ဂလိပ်မင်းတက်စ-မြန်မာမင်းမိဖုယားစာရင်း
၄၄ အရာတော်မြေစာတမ်း
၄၅ အာနာပါနမော်ကွန်း
၄၆ အသင်္ခတနိဗ္ဗာန်
၄၇ တရားမှန်မော်ကွန်း
၄၈ ပုဂံဦးတင် အဖြေကျမ်း

ထိုတက္ကသိုလ် ဘွဲ့နှင်းသဘင်မှပင် ဗုဒ္ဓသာသနာဘက်မှ တောင်ခွင်သာသနာပိုင် ဆရာတော် ဦးဝိသုဒ္ဓနှင့် ခရစ်ယာန် သာသနာ ဘက်မှ သာသနာပြု ရွဲဗရင့်-ဟာလီဒေးတို့အားလည်း "စာပေပါပုဂ္ဂ"(ဒီ-လစ်) ဘွဲ့ကို မြန်မာပြည်ဘုရင်ခံက ဆက်ကပ်လှူဒါန်းခဲ့သေးသည်။

ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ကို လက်ခံရရှိသော အချိန်၌ ပုဂံဝန်ထောက် ဦးတင်၏အသက်မှာ ၇၁-နှစ် ရှိနေပြီဖြစ်သည်၊ ထိုဘွဲ့မှာ ပုဂံဝန်ထောက် ဦးတင်၏ဘဝ၌ နောက်ဆုံး ရရှိသောဘွဲ့ဟု ဆိုရပေမည်၊ အဘယ့်ကြောင့်ဆိုသော် မဟာဝိဇ္ဇာဘွဲ့ရရှိပြီး နောက်တနှစ် ဖြစ်သော ၁၉၃၃-(၁၂၉၅-ခု) အသက် ၇၂-နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်သောကြောင့် ဖြစ်သည်။

ပုဂံဦးတင်မှာ ကင်းဝန်မင်းကြီး၏ လက်ရင်းတပည့်လည်းဖြစ် လူယုံတော်လည်းဖြစ်သည်။ "နေ်ရထာ ကျော်ထင်" ဘွဲ့ရရှိခြင်းမှာလည်း ကင်းဝန်မင်းကြီး၏ ကျေးဇူးပင်ဖြစ်သည်။

ကွယ်လွန်ပြီးသည့်၏နောက်ပိုင်း၌ပင် ပုဂံဦးတင်နှင့် ကင်းဝန်မင်းကြီးတို့မှာ လူချင်းမဆက်ဆံနိုင်ကြသော်လည်း စာပေအားဖြင့် ဆက်ဆံလျက်ပင် ရှိသေးသည်ကို တွေ့ရှိရပေသည်၊ အဘယ့်ကြောင့် ဆိုသော် ပုဂံဦးတင် မကွယ်လွန်မီ ၁၀-နှစ်ခန့်ကပင် ဘိဒိုကြီး ၅-လုံးစာမျှရှိသော ပေစာ, ပုရပိုက်စာ, ပုံနှိပ်စာများကို 'ပုဂံဝန်ထောက် ဦးတင်၏ ဝိဇ္ဇကတ်တိုက်' ဟု ကမ္ပည်းထိုးကာ—ကင်းဝန်မင်းကြီး၏ ဝိဇ္ဇကတ်တိုက် အတွင်း၌ အတူထားရန် လှူဒါန်းသွားသောကြောင့် ဖြစ်သည်။

(၅)

ဤကဗျာဗန္ဓသာရကျမ်းကို ပုဂံဝန်ထောက် ဦးတင်သည် ကျောက်စာဝန် မစ္စတာတော်စိန်ခိုတောင်းပန်သောကြောင့် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်၊ နန်းစဉ်နန်းရွေ့ ပေပုရပိုက်များကို မြိုးမြမ်းကိုးကားကာ ပြုစုထားသောကြောင့် ကဗျာဗန္ဓသာရကျမ်းသည် ကဗျာရေးထုံးများဖြင့်လည်း စုံလင်သည်၊ အနုစိတ်သာရအားဖြင့်လည်း ပြည့်ဝသည်၊ တကယ်တန်းအားဖြင့်လည်း အားထားလောက်သော ကျမ်းတဆူဖြစ်သည်။

နန်းတော် ပေပုရပိုက် လှည်းစီးရေ ၄၀-ကျော်တိုက်ကို ယခုခေတ်လူများသည် စုံလင်စွာ လေ့လာခွင့်မရကြတော့ပေ၊ ထိုပေပုရပိုက်တို့မှ ထုတ်နုတ်ပြုစုထားသည့် ဤကဗျာဗန္ဓသာရကျမ်းကိုသာ ပုဂံဝန်ထောက် ဦးတင်၏ကျေးဇူးကြောင့် လေ့လာခွင့် ရကြခြင်းဖြစ်သည်။

စင်စစ် ဤကဗျာဗန္ဓသာရကျမ်းဖြင့် နန်းစဉ် ပေပုရပိုက်များမှ လိုရင်းကို ညှစ်ထုတ်ကာ ပုဂံဦးတင်က နောင်းလူတို့အား ပညာအမွေပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုလျှင်လည်း မမှားနိုင်ပေ။သို့ဖြစ်ရာ ကဗျာဗန္ဓသာရကျမ်းကို လေ့လာမိတိုင်း ပုဂံဝန်ထောက် ဦးတင်အား သတိရစွာဖြင့် ကျေးဇူးတင်ကြရမည် ဖြစ်ပေသတည်း။

မြင့်ဆွေ
မြန်မာပြည်စာအုပ်တိုက်
၁၄-၁၀-၆၉

---

ဦးအောင်သန်းထွန်း
မဟာဝိဇ္ဇာ၊ဥပစာဝိဇ္ဇာ
သွင်အတော်ရွေး

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| * | ညွှန်လန်းရတု | | |
| ၁ | ပဏာမနိဒါန်းမင်္ဂလာရတုပိုဒ်စုံ | .... | ၁ |
| ၂ | နိဒါန်းစကားပြေ | .... | ၂ |
| ၃ | တတိယနှင့် စတုတ္ထ ပုံနှိပ်လုပ်ဆောင်သည့်စာတမ်း | .... | ၃ |
| ၄ | ကျမ်းအမည်မှည့်ပုံအကြောင်း | .... | ၄ |

**ပထမကဏ္ဍ—ပထမပိုင်း**

| | | | |
|---|---|---|---|
| ၁ | ကဗျာဟူသောဝေါဟာရအကြောင်း | .... | ၅ |
| ၂ | ကဗျာခေါ်ဝေါ်ခြင်းအထောက်အထားများ | .... | ၅ |
| ၃ | ကဗျာဟူသောမူလပင်မမှ ဖြာ၍ လင်္ကာ,သီချင်း အခက်အလက်ထွက်ပုံ | .... | ၁၀ |
| ၄ | လင်္ကာဟူသောဝေါဟာရအကြောင်း | .... | ၁၁ |
| ၅ | လင်္ကာခေါ်ဝေါ်စပ်ဆိုခြင်း အထောက်အထားများ | .... | ၁၁ |
| ၆ | အကြာဆုံး,အဟောင်းဆုံး,မြန်မာကဗျာ | .... | ၁၁ |
| ၇ | သီချင်းဟူသောဝေါဟာရအကြောင်း | .... | ၁၄ |
| ၈ | အကြာဆုံး,အဟောင်းဆုံး မြန်မာသီချင်း | .... | ၁၄ |
| ၉ | သီချင်းခေါ်ဝေါ်စပ်ဆိုခြင်းအထောက်အထားများ | .... | ၁၅ |
| ၁၀ | သီ—ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများ | .... | ၁၆ |
| ၁၁ | ချင်း—ဟူသောဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများ | .... | ၁၉ |

**ပထမကဏ္ဍ—ဒုတိယပိုင်း**

| | | | |
|---|---|---|---|
| ၁ | လင်္ကာအကြောင်းကိုပြဆိုချက် | .... | ၂၁ |
| ၂ | လင်္ကာစပ်ခြင်းအရင်းအမြစ် ၂—မျိုး | .... | ၂၁ |
| ၃ | ပျို့အကြောင်းကိုပြဆိုချက် | .... | ၂၃ |
| ၄ | ပို့,ပျို့ဟူသောဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများ | .... | ၂၃ |
| ၅ | ပျို့-ဟူသည် ပို့မှရွေ့လျောတန်သည်ကို ပြဆိုချက် | .... | ၂၅ |
| ၆ | ဝိနသဒ္ဒါမှ ပျို့ဖြစ်ကြောင်းအဆုံးအဖြတ် | .... | ၂၆ |
| ၇ | မော်ကွန်းအကြောင်းကိုပြဆိုချက် | .... | ၂၇ |
| ၈ | မော်ကွန်းဟူသောဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများ | .... | ၂၈ |
| ၉ | မော်—ဟူသောဝေါဟာရအဓိပ္ပါယ်စပ်ထုံးများ | .... | ၃၀ |

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀ | ကွန်း—ဟူသောဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများ | ၃၁ |
| ၁၁ | သံ-ပိုင်းအကြောင်းကိုပြဆိုချက် | ၃၃ |
| ၁၂ | သံ-ပိုင်းဟူသော ဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများ | ၃၃ |
| ၁၃ | သံ-တရစ်၊ ပိုင်း-တရစ်ခွဲခြားယူငင်ပုံ | ၃၄ |
| ၁၄ | သမိုင်းအကြောင်းကိုပြဆိုချက် | ၃၅ |
| ၁၅ | သမိုင်းဟူသောဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများ | ၃၆ |
| ၁၆ | ရဲတင်းအကြောင်းကိုပြဆိုချက် | ၃၆ |
| ၁၇ | တမ်းခြင်းအကြောင်းကိုပြဆိုချက် | ၃၇ |
| ၁၈ | ဧချင်း—သံတိုင်,သံဘောက်အကြောင်း | ၃၇ |
| ၁၉ | ရတုအကြောင်းကိုပြဆိုချက် | ၃၈ |
| ၂၀ | မြန်မာဘာသာ ရတု ဟူသောဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများ | ၃၈ |
| ၂၁ | သက္ကတဘာသာ ရတု-ဟူသောဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများ | ၃၉ |
| ၂၂ | ကဗျာကို-ရတုခေါ်သည့်အကြောင်း | ၄၀ |
| ၂၃ | ရှင်[illegible]ခင်းလှ[illegible] ရတုမှာ လင်္ကာ—ရတုတွင်မပါကြောင်း | ၄၁ |
| ၂၄ | လူးတားအကြောင်း | ၄၁ |
| ၂၅ | မြန်မာဘာသာ လူးတား၏ အဓိပ္ပါယ်စပ်ထုံးများ | ၄၂ |
| ၂၆ | မာရ်ခပျက်—လူးတားဟူသောဝေါဟာရအကြောင်း | ၄၃ |
| ၂၇ | အန်အကြောင်း | ၄၃ |
| ၂၈ | မြန်မာဘာသာ အန်ဟူသောဝေါဟာရ၏ အဓိပ္ပါယ် | ၄၃ |
| ၂၉ | မာရ်ခပျက် အန်ဟူသောဝေါဟာရ၏ အကြောင်း | ၄၄ |
| ၃၀ | သံပေါက်အကြောင်း | ၄၅ |
| ၃၁ | မာရ်ခဘာသာ သင်္ဘာသံပေါက်အထောက်အထားများ | ၄၅ |
| ၃၂ | မြန်မာဘာသာ သင်္ဘာသံပေါက် အထောက်အထားများ | ၄၆ |
| ၃၃ | ဝဲရိုက်ဝဲသွင်းအကြောင်း | ၄၆ |


---

## ပထမကဏ္ဍ—တတိယပိုင်း


| | | |
|---|---|---|
| ၁ | လင်္ကာ, ပျို့, မော်ကွန်း, သံပိုင်း, သမိုင်း, ရဲတင်းဟူသော ကဗျာ ခြောက်မျိုး စပ်ဆိုစီကိုးပုံများ | ၄၇ |
| ၂ | တမ်းခြင်းစပ်ဆိုစီကိုးပုံများ | ၄၈ |
| ၃ | ဧချင်း, သံတိုင်, သံဘောက်စပ်ဆိုစီကိုးပုံများ | ၄၈ |
| ၄ | ရတု, [illegible]ရှစ်, [illegible]ချိုးစပ်ဆိုစီကိုးပုံများ | ၄၉ |
| ၅ | လူးတားစပ်ဆိုစီကိုးပုံများ | ၅၂ |




မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | အန်စပ်ဆိုစီကိုးပုံများ | ၅၂ |
| ၇ | သံပေါက်စပ်ဆိုစီကိုးပုံများ | ၅၃ |
| ၈ | ဝဲရိုက်ဝဲသွင်း စပ်ဆိုစီကိုးပုံများ | ၅၇ |


---

## ပထမကဏ္ဍ—စတုတ္ထပိုင်း


| | | |
|---|---|---|
| ၁ | လေးလုံးတပိုဒ်, စပ်နည်း ၆-မျိုး, စပ်ဆိုပုံအထောက်အထား | ၅၈ |
| ၂ | လေးလုံးတပိုဒ် ပထမစပ်နည်း (က) အချက်စပ်ဆိုပုံများ | ၆၀ |
| ၃ | လေးလုံးတပိုဒ် ပထမစပ်နည်း (ခ) အချက်စပ်ဆိုပုံများ | ၆၄ |
| ၄ | လေးလုံးတပိုဒ် ဒုတိယစပ်နည်း စပ်ဆိုပုံများ | ၆၅ |
| ၅ | လေးလုံးတပိုဒ် တတိယစပ်နည်း စပ်ဆိုပုံများ | ၆၆ |
| ၆ | လေးလုံးတပိုဒ် စတုတ္ထစပ်နည်း စပ်ဆိုပုံများ | ၆၇ |
| ၇ | လေးလုံးတပိုဒ် ပဉ္စမစပ်နည်း စပ်ဆိုပုံများ | ၆၉ |
| ၈ | လေးလုံးတပိုဒ် ဆဋ္ဌစပ်နည်း စပ်ဆိုပုံများ | ၇၀ |
| ၉ | ကေစိဝါဒ လေးလုံးတပိုဒ်စပ်နည်း ခြောက်မျိုး | ၇၁ |
| ၁၀ | ကေစိဝါဒစပ်နည်း ခြောက်မျိုးမှာ ပညာရှိအဆက်ဆက်ပယ်ဖျက်ပြီး ဖြစ်ကြောင်း | ၇၁ |


---

## ပထမကဏ္ဍ—ပဉ္စမပိုင်း


| | | |
|---|---|---|
| ၁ | သီချင်းသက်ဝင်ရာပါ ကဗျာ ၂၂-မျိုးအနက် အဲ့,အိုင်, မှာတမ်း မှတပါးအခြားကဗျာ ၁၉-မျိုး၏သဘောသွား စပ်ဆိုစီကိုးပုံများ ကို တလုံးတည်း ပြဆိုချက် | ၇၃ |
| ၂ | အဲ့အကြောင်း | ၇၄ |
| ၃ | အိုင်အကြောင်း | ၇၆ |
| ၅ | မှာတမ်းအကြောင်း | ၇၇ |


---

## ဒုတိယကဏ္ဍ—ပထမပိုင်း


| | | |
|---|---|---|
| ၁ | လင်္ကာခေါ်သောစာ စာရင်းများ ပြဆိုချက် | ၇၈ |
| ၂ | လင်္ကာစာကိုယ်များကို ပြဆိုချက် | ၈၁ |
| ၃ | ပျို့ခေါ်သော စာ-စာရင်းများကို ပြဆိုချက် | ၈၇ |
| ၄ | ပျို့စာကိုယ်များကို ပြဆိုချက် | ၉၀ |
| ၅ | မော်ကွန်းခေါ်သော စာ-စာရင်းများကို ပြဆိုချက် | ၉၃ |
| ၆ | မော်ကွန်းစာကိုယ်များကို ပြဆိုချက် | ၉၅ |

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

## ဒုတိယ ကဏ္ဍ–ဒုတိယပိုင်း


၁ သံပိုင်းခေါ် သောစာ စာရင်းများကို ပြဆိုချက် .... ၉၈
၂ သံပိုင်းစာကိုယ်များကို ပြဆိုချက် .... ၉၉
၃ သမိုင်းခေါ် သောစာ စာရင်းများကို ပြဆိုချက် .... ၁၀၃
၄ သမိုင်းစာကိုယ်များကို ပြဆိုချက် .... ၁၀၃
၅ ရဲးတင်းခေါ် သောစာ စာရင်းများကို ပြဆိုချက် .... ၁၀၈
၆ ရဲးတင်းစာကိုယ်များကို ပြဆိုချက် .... ၁၀၉
၇ တမ်းချင်းခေါ် သောစာ စာရင်းများကို ပြဆိုချက် .... ၁၁၂
၈ တမ်းချင်းစာကိုယ်များကို ပြဆိုချက် .... ၁၁၂
၉ ဧချင်းခေါ် သောစာ စာရင်းများကို ပြဆိုချက် .... ၁၁၉
၁၀ ဧချင်း,သံတိုင်, သံဘောက်စာကိုယ်များကို ပြဆိုချက် .... ၁၂၂


---

## ဒုတိယကဏ္ဍ–တတိယပိုင်း


၁ ရှေးရတုစပ်ဆိုကြုံးသူတို့ကိုပြဆိုချက် .... ၁၂၇
၂ ရတုသုံးရပ်အနက် ဧကပိုဒ်ရတုစာကိုယ်များ .... ၁၃၁
၃ ၎င်းသုံးရပ်အနက် အဖြည့်ခံရတုစာကိုယ်များ .... ၁၃၅
၄ ၎င်းသုံးရပ်အနက် ပိုဒ်စုံရတု ငါးမျိုးတွင် သုံးချက်ညီပိုဒ်စုံရတု စာကိုယ်များကို ပြဆိုချက် .... ၁၃၉
၅ ပိုဒ်စုံရတု ငါးမျိုးတွင် သပ်စေ့နှက် သုံးချက်ညီ ပိုဒ်စုံရတု စာကိုယ်များ .... ၁၄၃
၆ ၎င်းငါးမျိုးတွင် ကိုယ်တွင်းပြည့် သပ်စေ့နှက် သုံးချက်ညီပိုဒ်စုံ ရတုစာကိုယ်များ .... ၁၄၉
၇ ၎င်းငါးမျိုးတွင် စကြာစပ်နည်းပိုဒ်စုံရတုစာကိုယ်များ .... ၁၅၀
၈ ၎င်းငါးမျိုးတွင် တောင့်တဲးတွန့် ပိုဒ်စုံရတုစာကိုယ်များ .... ၁၅၅


---

## ဒုတိယကဏ္ဍ–စတုတ္ထပိုင်း


၁ လူးတားစာရင်းနှင့်စာကိုယ်များ .... ၁၅၆
၂ အန် ၎င်း .... ၁၆၂
၃ သံပေါက် ၎င်း .... ၁၆၇
၄ ဝဲးရိုက်ဝဲးသွင်း ၎င်း .... ၁၇၀


---



အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

## ဒုတိယကဏ္ဍ–ပဉ္စမပိုင်း


၁ ရကန်စာရင်းနှင့်စာကိုယ်များ .... ၁၇၁
၂ သာချင်း ၎င်း .... ၁၇၈
၃ ကာချင်း ၎င်း .... ၁၇၉
၄ အဲးချင်း ၎င်း .... ၁၈၃
၅ အိုင် ၎င်း .... ၁၈၇
၆ သီချင်းသက်ဝင်ရာပါ ကဗျာ ၂၂-မျိုးအနက် ရကန်, သာချင်း, ကာချင်း,အဲး,အိုင်များအပြင်ကြွင်းသည့်ကဗျာများမှာ စာကိုယ် စာရင်းများမပြပဲး၊ ချန်ထားသည့်အကြောင်း .... ၁၈၉


---

## တတိယကဏ္ဍ–ပထမပိုင်း


၁ ပဒဒေါသရှစ်ပါးကို အကျယ်ဖော်ပြချက် .... ၁၉၀
၂ ဝါကျဒေါသ ၉-ပါးကိုအကျယ်ဖော်ပြချက် .... ၁၉၇
၃ ဝါကျတ္ထဒေါသ ၆-ပါးကို အကျယ်ဖော်ပြချက် .... ၂၀၄


---

## တတိယကဏ္ဍ–ဒုတိယပိုင်း


၁ ပဒပရိဟာရ-ရှစ်ပါးကို အကျယ်ဖော်ပြချက် .... ၂၀၂
၂ ဝါကျပရိဟာရကိုးပါးကိုအကျယ်ဖော်ပြချက် .... ၂၀၇
၃ ဝါကျတ္ထပရိဟာရခြောက်ပါးကို အကျယ်ဖော်ပြချက် .... ၂၂၀
၄ ဂုဏ်ဆယ်ပါးကို အကျယ်ဖော်ပြချက် .... ၂၂၃


---

## တတိယကဏ္ဍ–တတိယပိုင်း


၁ ဝဂ်စဉ် ဇာတ်စဉ် ဝံသစဉ် များကိုပြဆိုချက် .... ၂၂၉
၂ အရွယ်အား ဇာတ်အားလျော်စွာ ဝဏ္ဏများကိုယှဉ်၍ စပ်ဆိုရာ သည့်ဟူသော-ယှူငင်ပုံများ .... ၂၃၁
၃ သရ သက်သက်နှင့် သရတွင်ကပ်သည့်ဗျည်းများမှာ အသံသုံး မျိုးခွဲး၍ မတြာယူပုံများကိုပြဆိုချက် .... ၂၃၃
၄ သံယုတ်ဆယ်လုံးတွင် အသံလေးမျိုး မတြာယူပုံများ .... ၂၃၇
၅ ဂိုဏ်းခွဲပုံ,ဂိုဏ်းယှဉ်နက္ခတ်, ဂိုဏ်းစောင့်နတ်, အကျိုး အပြစ်ယူပုံ ရေးပုံများကိုပြဆိုချက် .... ၂၃၉
၆ ဂိုဏ်းပေါ်,ဂိုဏ်းခံ, စသည့်ရွေးပုံ၊ ကြက်ခြေခတ်ပုံ၊ ဂိုဏ်းတွင်း, ဂိုဏ်းပြင်စသည်ယူပုံတို့ကိုပြဆိုချက် .... ၂၄၄

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

**တတိယကဏ္ဍ-စတုတ္ထပိုင်း**


၁ ကဗိကဏ္ဌပါသကျမ်းလာ ကဗျာချီနည်း ချနည်း နှစ်ဆယ့်ငါးမျိုး .... ၂၄၇
၂ ကဗိကဏ္ဌပါသကျမ်းလာ ကြိယာခြောက်ဆယ်ပြဆိုချက် .... ၂၄၉
၃ ၄င်းကြိယာ ခြောက်ဆယ်ရေတွက်ပုံ တကျမ်းနှင့်တကျမ်း ဆရာတဦးနှင့်တဦး မညီညွတ်သည်ကိုပြဆိုချက် .... ၂၄၉
၄ ကြိယာ ခြောက်ဆယ် ချပုံ စာကိုယ်များကို ထုတ်နုတ်ပြဆိုချက် .... ၂၅၅
၅ ၄င်းကြိယာခြောက်ဆယ်မှလွတ်သောအချများကိုပြဆိုချက် .... ၂၆၀


---

**တတိယကဏ္ဍ-ပဥ္စမပိုင်း**


၁....လေးဝှမ်းမိုကျမ်းထွက် ညာဏ်စွမ်းပြစပ်ဆိုနည်းများ
၁ အက္ခရာယမကဆိုနည်း
၂ စကားဆိုနည်း .... ၂၇၂
၃ ကြာဆိုနည်း .... ၂၇၃
၄ တမ်းခွန်စာဆိုနည်း .... ၂၇၄
၅ သန့်လျက်စာဆိုနည်း .... ၂၇၇
၆ ပုလဲးတတန့်-သင်္ကာတတန့်ဆိုနည်း .... ၂၇၈
၇ ကိုယ်တွင်းပြည့်-ရွှဲးသီဆိုနည်း .... ၂၇၈
၈ ဂေါမုတ္တရ သုံးလွန်းဘင်ဆိုနည်း .... ၂၇၉
၉ နဝဘာအင်းဆိုနည်း .... ၂၇၉
၁၁ မြင်းမိုရ်ဆိုနည်း .... ၂၇၉
၁၁ သုံးလွန်းတင်ဆိုနည်း .... ၂၈၁
၁၂ မျက်နှာမည်းသံဆိုနည်း .... ၂၈၁
၁၃ ဥမလျှောင်ဆိုနည်း .... ၂၈၂
၁၄ ကြာရေးနည်း .... ၂၈၂
၁၅ ဝိတုန်းပျံဝဲးရေးနည်း .... ၂၈၃
၁၆ ဝါးခွဲးရေးနည်း .... ၂၈၄
၁၇ ရင်စေ့ရေးနည်း .... ၂၈၅
၁၈ ရင်ခွါရေးနည်း .... ၂၈၆
၁၉ ငပြေတက်သက်ရေးနည်း .... ၂၈၆
၂၀ သုဝဏ္ဏလိပ်ရေးနည်း ... ၂၈၇
.... ၂၈၈




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၂၁ သမဏ္ဏာလိပ်ရေးနည်း .... ၂၈၉
၂၂ ခြသေ့်လည်ပြန်ရေးနည်း .... ၂၉၀
၂၃ မြွေပွေးတွင်းလူးရေးနည်း .... ၂၉၁
၂၄ ခွေးလှေးခုန်ရေးနည်း .... ၂၉၂
၂၅ နရည်းစရာရေးနည်း .... ၂၉၂
၂၆ မနောဟရရေးနည်း .... ၂၉၃
၂၇ အက္ခရာလှယ်ရေးနည်း .... ၂၉၄
၂၈ ၄င်းတမျိုး .... ၂၉၅
၂၉ နှစ်လွန်းတင်ရေးနည်း .... ၂၉၆
၃၀ သုံးလွန်းတင်ရေးနည်း .... ၂၉၇
၂....အက္ခရာနေးနည်းအမိန့်တော် .... ၂၉၈
၃....ကျမ်းပြီးနိဂုံး .... ၃၀၀
၄....ကဗျာဗန္ဓသာရကျမ်း ပြုစုပုံနှိပ်ရန် ပါဝင်သူများ .... ၃၀၂


---

**ကဗျာဗန္ဓသာရ နောက်ဆက်တွဲ မာတိကာအကျဉ်း**


၁ ပထမပိုင်းတွင် ပါဝင်မည့် အကြောင်းများမှာ ဒေသန္တရ၊ ဌာနဝေးလံ၊ ထီးရုံ,နန်းရုံ၊ အသံသောင်းပြောင်း၊ အဟောင်းအသစ်၊ ရှုံးပေါင်းရွေးစစ်၊ နန်းသုံးအဖြစ်၊ ဆုံးဖြတ်စံနစ်၊ ရင်းမြစ်ထိမိ၊ သိနိုင်ကြရန် အကြောင်းနှင့်စပ်သမျှကို ပြဆိုပါရှိလိမ့်မည်။ ၃၀၅-၄၁၀

၂ ဒုတိယပိုင်းတွင် ပါဝင်မည့် အကြောင်းများမှာ—သက္ကတ,မာဂဓ, မြန်မာ့အလို စာဆိုနည်းသုံးရပ်၊ ထပ်တူညီမျှ ဥပဒေသ နည်းနာကျကျ လိုက်နာကြမြဲးနှင့် စပ်သမျှကို ပြဆိုပါရှိလိမ့်မည်။ ၄၁၁-၅၇၆

၃ တတိယပိုင်းတွင် ပါဝင်မည့် အကြောင်းများမှာ—မူလကဗျာဗန္ဓသာရကျမ်းတွင် မပါသေးသော မေတ္တာစာ ဆဲ့သုံးမျိုးရေးနည်း၊ မှာတမ်းသုံးမျိုးရေးနည်း၊ တေးရှိး, တေးထပ်, တေးတွဲ့ စသော အချင်းကဗျာ စာကိုယ်များနှင့် စပ်သမျှကို ပြဆိုပါရှိလိမ့်မည်။ ၅၇၇


---

## ဤကျမ်း၌သုံးသည့်-အဝှန်းဂဏန်း၊ ဆိုင်ရာအမှတ်-ဟူသော စကားတို့၏အဓိပ္ပါယ်

**အဝှန်းဂဏန်းဟူသည်ကား**....နောက်ဆက်တွဲတွင် သက်ဝင်သမျှ စာခေါင်းမှာပါသော ဂဏန်းများကို ဆိုလိုသည်၊ အဝှန်း ဟူသည်ကား အုပ်စုပါနယ်များ နယ်သားများအပေါ်တွင် အုပ်ချုပ်ရသူမျိုးကို ဆိုလိုသည်၊နယ်တွင်းရှိ လယ်ယာလုပ်ဆောင်မှု ကြည့်ရှု အုပ်ထိန်းရသူတို့တွင် အထက်တန်းစားလူကို အဝှန်းဟူ၍၎င်း၊ အဝှန်းအောက်မှ ဇောကဲ့ဟူ၍၎င်း ခွဲခြားခြင်းများနှင့် ငယ်သားများ အပေါ်တွင် အုပ်ချုပ်ရသူကို အဝှန်းခေါ်ရသကဲ့သို့၎င်း၊ ၎င်းအောက်မှ စားကြီးဟူ၍၎င်း, အကြပ်ဟူ၍၎င်း ခွဲခြားသမုတ်ခေါ်ဝေါ်သော ဝေါဟာရမျိုးပင်တည်း၊ အဝှန်းဟူသောဝေါဟာရ သုံးစွဲရှိသည်ကို သိလိုလျှင် ဝင်းမှူးခန့် ပြန်တမ်းကြီးများနှင့် အမှုထမ်းစစ်တမ်း, မြို့ရွာစစ်တမ်းများတွင် ကြည့်လျှင် တွေ့မြင်နိုင်သည်၊ မ-သတ်နှင့် အဝှမ်းဟူသည်ကား အနိမ့်အရှိင်းကို ဆိုလိုသည်၊ ကိုးခန်းပျို့တွင်-"လူအဝှန့်နှင့်၊ မဆန့်ကျင်မှု"ဟူသည်ကား အဝှန်းကိုဆိုလိုရင်းပင်ဖြစ်သည်။ ကာရန်ကိုငဲ့၍ အုန့်သံစပ်ခြင်းဖြစ်သည်၊ ဂန္ထိသာရပျို့တွင်-"မဝှမ်းမကော"ဟူ၍ စပ်သည်ကား မနိမ့်မမောက် ဆိုလိုသည်။

**ဆိုင်ရာအမှတ်ဟူသည်ကား**....အဝှန်းဂဏန်း၏ အစိတ်အပိုင်းတွင် ပါဝင်သည်ကို ဆိုလိုသည်။

---

## နောက်ဆက်တွဲ-ပထမပိုင်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပဏာမနိဒါန်း | ၃၀၅ |
| | ကဗျာဗန္ဓသာရနောက်ဆက်တွဲရေးရန်ကောင်းသောအကြောင်း ခြောက်မျိုးပေါ်လာပုံ | ၃၀၆ |
| ၂ | ၎င်းနောက်ဆက်တွဲတွင် မည်ကဲ့သို့ စီရင်ရေးသားသင့်သည်ရည်ရွယ်သော အခြင်းအရာသုံးစား,သုံးမျိုးခွဲခြားပုံ | ၃၀၇ |
| ၃ | ၎င်းနောက်ဆက်တွဲကိုကြိုးစားသင်ကြားစေလိုသော ပယောဇန်ရည်သန်ပုံ | ၃၀၉ |





| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄ | မြန်မာထီးနန်းညှိုးမြန်းသည်ကစ၍ ပဏ္ဏက * ဖြစ်ခဲ့သောမြန်မာဘာသာ ပညာစုသည့် ယခုတဖန်ပြန်၍ အပဏ္ဏက † ဖြစ်ဆဲရှိသည်ကိုသိသာရန် ပြဆိုချက် | ၃၁၀ |
| ၅ | ယခု နောက်ဆက်တွဲရေးရန် စုဆောင်းကြည့်ရှုရာ ပါဝင်သောကျမ်းဂန်အမှတ်အသားများကို ပြဆိုချက်၊ ရခိုင်ရှင်မဟာသီလဝံသနှင့် အမတ်ဥဿလင်းစားတို့ သက္ကရာဇ် ၇၀၀-ကျော်တွင် ရေးသားသော လက်ာစာကိုယ်ပါသည် | ၃၁၄ |
| ၆ | ရွှေမင်းဝံဆရာတော်က ၎င်းနောက်ဆက်တွဲ ထုတ်ရန်တိုက်တွန်းသောစာလက်ခံ၊ ၎င်းစာတွင် အတ္တနောမတိ အယူအငင်တွင် ဆင်ခြင်သင့်ပုံ၊ တဦးစာကို တဦးပြင်သင့်, မပြင်သင့် ချင့်ချိန်ရန်ရှိပုံအစုံပါသည်။ | ၃၂၀ |
| ၇ | ၎င်းဆရာတော်က ပေးပို့သော ဝေါဟာရစကားလုံး အသုံးချရာသဖွာ နှစ်ပါးဖွဲ့ပုံ ကျမ်းဂန်အထောက်အထားစု | ၃၂၃ |
| ၈ | အဖေဠုသာရဒီပနီလာ နိုင်မာသောကျမ်းနှင့် ကမ္ဘာကျမ်းများမှာမပါသော အတ္တနောမတိကို အလိုမရှိအပ်ပုံကိုပြဆိုချက်၊ ဝေါဟာရစကားကို နားမဝင်၍ အပြင်လွဲပုံနှင့် လုံးပန်းအကြောင်းအယူလွဲပုံလည်း ပါသည်။ | ၃၂၅ |
| ၉ | ၎င်းဆရာတော်က ပေးပို့သော ပညာရှိတို့လိုက်နာအပ်သော သုခမိန်အင်္ဂါ ၁၂-ပါးကို ပြဆိုချက် | ၃၂၇ |
| ၁၀ | ရှင်ရဋ္ဌသာရဆို-မေးဖြေဖြောင့်၍ချီ ကောပိုဒ်ရတုအဖြေနှင့် ရှင်သီလဝံသ, ရှင်ရဋ္ဌသာရ ဆက်ဆံပုံ အတ္ထုပ္ပတ္တိ-ဂဏ္ဍိအထုံးကိုထို ရွှေမင်းဝံဆရာတော် ထုတ်ဖော်ရှင်းသင်းပုံကို ပြဆိုချက်၊အထွက်အတက်နည်း သုံးရပ် ငါးမျိုးနှင့် စပ်နည်း နှစ်ရပ်,သုံးမျိုး ယူဟန်ပါသည်။ | ၃၂၈ |
| ၁၁ | ကဗျာဗန္ဓသာရကျမ်းတွင် မသင့်သောအရာပါလျှင် ပြင်ရန်ပုခန်းငယ် ပဋ္ဌင်းကျော် လည်ပေါ်တိုက် ဦးကုသလ ကိုယ်တော်ထံ တောင်းပန်သောစာလက်ခံ | ၃၃၅ |
| ၁၂ | ဦးကုသလ ကိုယ်တော်ထံက ပြန်ပေးရင်းစာလက်ခံ | ၃၃၆ |
| ၁၃ | ကဗျာဗန္ဓသာရကျမ်းကို ကျွမ်းကျင်အောင် ဆောင်ရွက် အားထုတ်သင့်ကြောင်း အားပေးသော ထောမနာပါဠိဂါထာ လေးချိုး ကဗျာလာရင်းလက်ခံ ဦးကုသလကိုယ်တော် ရေးရင်းကိုပြဆိုချက် | ၃၃၇ |


* ပဏ္ဏက-ချွတ်ယွင်း။ † အပဏ္ဏက-မချွတ်မယွင်း။

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄ | စာဆိုရင်းပုဂ္ဂိုလ်နှင့် စာပြင်မည့် ပုဂ္ဂိုလ်သည် အကြောင်း သုံးရပ်ထပ်တူရှိသင့်ပုံနှင့် ဦးကုသလကိုယ်တော်ရေး နောက်ဆက်တွဲရေးရန် တိုက်တွန်းစာလာပုံ .... | ၃၃၈ |
| ၁၅ | ရန်ကုန်မြို့ဘုရားဖြူဆရာတော်တိုက်တွန်းချက်နှင့် ၎င်းဆရာတော်က ပေးပို့သော စာချစာပြပုဂ္ဂိုလ်တို့သတော စာပြောနည်း ၇-မျိုးကိုပြဆိုချက် .... | ၃၃၉ |
| ၁၆ | တောင်ငူခရိုင်ဝန်မင်းက ကဗျာဗန္ဓသာရနောက်ဆက်တွဲ ထုတ်ရန် တိုက်တွန်းသောစာသက်ခံ .... | ၃၄၁ |
| ၁၇ | တောင်ငူခရိုင်ဝန်မင်း တိုက်တွန်းချက်စာ (၁) မှတ်အချက်မှာ ပါသော အချင်းကြီးအချင်းငယ်ဟူသောဝေါဟာရ အထောက်အထားများ .... | ၃၄၃ |
| ၁၈ | တောင်ငူခရိုင်ဝန်မင်း တိုက်တွန်းချက်စာ (၃) မှတ်မှာပါသော မြန်မာအခေါ်, သိုးဆောင်းအခေါ်ပါသော အတွက်အချက်တေးထပ်စုအကြောင်း .... | ၃၄၄ |
| ၁၉ | တောင်ငူခရိုင်ဝန်မင်း တိုက်တွန်းချက်စာ (၄) မှတ်မှာပါသော ရှင်ဝိစိတ္တာစာရ *စာငယ်ပယ်ပုံအထောက်အထားစု .... | ၃၄၄ |
| ၂၀ | ရှင်ဝိစိတ္တာလင်္ကာရ *သတ်ညွှန်းအတွက် တွင်းသင်းမင်းဆုံးဖြတ်ချက်စာကိုယ် .... | ၃၄၅ |
| ၂၁ | ၁ စာရှိသည့် ဆိုရုံမျှနှင့် မယုံရ-မယူရသော နည်းရှိသည်ကို သတိမထားမိခြင်း၊ သက်ဆိုင်ရာ စာ၏ အမြစ်အခြေကို သေချာစုံစမ်းအောင် မတွေ့မိခြင်းများကြောင့် မှားယွင်းလေ့ရှိပုံ .... | ၃၄၈ |
| | ၂ ကိုယ်တိုင်မှားယွင်းခဲ့ဘူးသည်ကို ပြဆိုချက် .... | ၃၄၉ |
| | (က)အမှားအယွင်း မကင်းသော စာများတွင် အရေးကြီးသော ချွတ်ယွင်းချက်ပါသော ကိုးခန်းစာကိုယ် စာအုပ် အကြောင်း .... | ၃၅၁ |
| | (ခ)ပုံနှိပ်နေ့စွဲမပါသော ရန်ကုန်မြို့ မင်္ဂလာတိုင်းစာပုံနှိပ်တိုက်ထုတ် ကိုးခန်းပျို့အဖြေ စာအုပ်အကြောင်း .... | ၃၅၅ |

* အချို့စာမှာ ရှင်ဝိစိတ္တာစာရ အချို့စာမှာ ရှင်ဝိစိတ္တာလင်္ကာရ ဟူ၍ ၂-မျိုးပင်တွေ့ရသည်။



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ဂ)၁၉၂၇-ခုနှစ်၊ အမျိုးသား စာပုံနှိပ်တိုက်ထုတ် နေရှင်နယ် ကျောင်းသုံး ကဗျာဖွဲ့နည်းစာအုပ်တွင် လေးချိုးကို တြိချိုးဟု ပြုပြင်သောအချက် .... | ၃၅၅ |
| | [၎င်းစာအုပ်တွင် ပုံတောင်နိုင်မော်ကွန်းကို ဘူရိဒတ် ဇာတ်ပေါင်းဟု ပြုပြင်ခြင်းစသော မှားယွင်းသောအချက်များမှာ ကဗျာဗန္ဓသာရနောက်ဆက်တွဲဒုတိယပိုင်းဂဏန်းစဉ် (၆၅) မှာ သိသာလောက်အောင် ဖော်ပြချက် ရှိသည်ကိုလည်း ကြည့်ပါ။] | |
| | (ဃ)မြန်မာစာညွှန့်ပေါင်းပထမတွဲစာအုပ်ကို ဖွင့်ဆိုသော ဒီပနီအမည်မှည့်သောစာအုပ်တွင် အမှားအယွင်း ပါရှိပုံ .... | ၃၅၇ |
| | (င)မြန်မာစာညွှန့်ပေါင်း ဒုတိယတွဲ စာအုပ်ကို ဖွင့်ဆိုသော အလင်းပြ အမည်မှည့်သော စာအုပ်တွင် အမှားအယွင်းပါရှိပုံ .... | ၃၅၉ |
| ၂၂ | တောင်ငူခရိုင်ဝန်မင်းတိုက်တွန်းချက်စာ (၅) မှတ်မှာပါသော ရတု အမျိုးအစား ၁၀-ပါးသတောသွား ကွဲပြားပုံများကို ဇယားကွက်အသွင် သစ်ပင်အလား ရေးသားပြဆိုချက် .... | ၃၆၀ |
| ၂၃ | ရတုမှာ အတွင်းပိုဒ်စုံစပ်ပုံနှင့် ရတုမှတပါး အခြားပျို့လင်္ကာများတွင် အတွင်းပိုဒ်စုံများကို ပြဆိုချက် .... | ၃၆၂ |
| ၂၄ | ရတု-ပျို့-စသည်မှတပါး အခြားသော စကားပြေများမှာလည်း အတွင်းပိုဒ်စုံ ထည့်နိုင်ပုံ .... | ၃၆၃ |
| ၂၅ | ရတုချီနည်း, ချနည်းများအတွက် ဇယားပုံနှင့် ဖော်ပြအပ်သော ၇-မှတ်မှာပါသော အချီပိုဒ်စုံရတုမျိုးတွင် နှစ်မျိုး ထပ်မံကွဲပြန်သေးသည်ကို ပြဆိုချက် .... | ၃၆၅ |
| ၂၆ | ချိန်ခွင်လျှာချနည်းကို ပြဆိုချက်၊ ချနည်းသာရှိ၍ အတွင်းစာသွား စပ်ထုံးမရှိပုံ .... | ၃၆၆ |
| ၂၇ | ဘီလူးရယ်ချနည်းကို ပြဆိုချက်၊ ၎င်း .... | ၃၆၆ |
| ၂၈ | မြင်းဆက်ခွချနည်းကို ပြဆိုချက်၊ ၎င်း .... | ၃၆၇ |
| ၂၉ | တောင်ငူခရိုင်ဝန်မင်းစာ (၆) မှတ်မှာပါသော ဂစ္ဆာမ, ဂစ္ဆာမိရှိသကဲ့သို့ ပရိဘာသာ အမျိုးအစားကို သတော့ထား သင့်ပုံ အမှတ်အသားစုကို ပြဆိုချက် .... | ၃၆၈ |
| ၃၀ | တောင်ငူခရိုင်ဝန်မင်း တိုက်တွန်းချက်စာ (၇) အပိုဒ်အရ မင်းအဆက်ဆက်ပြဋ္ဌာန်းချက် ထုတ်ရပုံ .... | ၃၇၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၁ | နည်းများတိုင်းမလိုက်ရ၊ ပရိဘာသာလိမ္မာသော ဆရာကျော် ဆရာမြတ်တို့ ဆုံးဖြတ်ချက်ရှိရာသာ လိုက်နာရမြဲရှိပုံ .... | ၃၇၁ |
| ၃၂ | ရာဇဌာနီသုံး ဝေါဟာရ,ထီးရုံ-နန်းရုံ, လက်အောက်ခံ ဒေသန္တရသုံး ဝေါဟာရအားဖြင့် ကွဲပြားကြမြဲရှိပုံ .... | ၃၇၄ |
| ၃၃ | ကာလနောက်ကျတိုင်း ဝေါဟာရတိမ်ငုပ်တိုးပွား ပြောင်းလဲမြဲ ရှိကြပုံ .... | ၃၇၆ |
| ၃၄ | ကျောင်းသုံး, နန်းသုံး ကွဲပြားရခြင်း အရင်းအမြစ် .... | ၃၇၈ |
| ၃၅ | စည်းကမ်းမဲ့နည်းဘက် စည်းကမ်းရှိသော နည်းကိုသာ ကြီးရင့် မြင့်မြတ်သူတို့-မှတ်ယူလိုက်နာမြဲရှိပုံ .... | ၃၈၄ |
| ၃၆ | နတ်စာ,လူစာ,နွားကျောင်းနွားထိန်းစာ-ဟူ၍ မှတ်ယူကြမြဲရှိပုံ | ၃၈၆ |
| ၃၇ | တောင်ငူခရိုင်ဧနီမင်း တိုက်တွန်းချက် သက်ဝင်ရာပါ မြန်မာ မင်းတို့ အမိန့်တော်များတွင် သဘင်ဆိုင်ရာ လိုက်နာရန် ၁၀၃၄ ခုနှစ်တွင် ထုတ်ပြန်သော အမိန့်တော်ကို ပြဆိုချက်၊ ၎င်းအမိန့် တော်တွင် နတ်ဝင်များ, သိုးဆောင်းပုံ, အချင်းခေါ်ပုံ ပါသည်။ | ၃၈၉ |
| ၃၈ | ရှေးခင်းတို့လက်ထက်ကစ၍ လိုက်နာရမြဲ အစီအစဉ်ကိုပြဆို သော ၁၁၄၅-ခုနှစ်ထုတ် အမိန့်တော် .... | ၃၉၀ |
| ၃၉ | ပုဒ်အက္ခရာ ပင့်ရစ်ကာရန် မမှန်မကန်ရေးလျှင် အကျိုးယုတ်ရာ သော အကြောင်းကိုဖော်ပြ၍ မှန်ကန်စွာရေးရန် ၁၁၄၇-ခုနှစ် ထုတ်ပြန်တော်မူသည့် အမိန့်တော် .... | ၃၉၁ |
| ၄၀ | မမှန်မကန်ရေးသူ စာတည်း,စာပြင်တို့ကို အပြစ်ပေးရန် ၁၁၄၇ ခုနှစ် ထုတ်ပြန်တော်မူသော အမိန့်တော် .... | ၃၉၃ |
| ၄၁ | ၁၀၄၅-ခု၊ ၁၁၇၈-ခုထုတ် အမိန့်တော်ကို ဘကြီးတော်,ခမည်း တော်, နောင်တော်တို့ လက်ထက်ကဲ့သို့ ဆက်လက်လိုက်နာစေ ရန် ၁၂၁၈-ခုထုတ် မန္တလေးမြို့နန်း ပထမတည်မင်းအမိန့်တော် | ၃၉၃ |
| ၄၂ | ရှေးရိုးထုံးစံမမှန်၍ ရာဇဒဏ်ခံရရုံမက အမှုရှုံးရသော ၁၂၂၈-ခု နှစ်ထုတ် လွှတ်တော် ကောက်တော်မူချက် .... | ၃၉၄ |
| ၄၃ | နည်းများတိုင်း မလိုက်ရ၊ အသင့်ယုတ္တိ ရှိရာသာ လိုက်နာရန် အစည်းအဝေးဝင် မှူးမတ်တို့ ၁၂၄၀-ပြည့်နှစ် စုံညီ ညှိနှိုင်း ပြဌာန်းချက် .... | ၃၉၅ |
| ၄၄ | ၎င်းအစည်းအဝေးတွင် တင်ပြရာပါသော မှန်ပြဇယားပုံစာရင်း | ၃၉၆ |
| ၄၅ | အစည်းအဝေးတွင် တင်ပြရာပါသော ကာရန်ကြီး ၁၆-တန်, ကာရန်ငယ် ၆၄-ရပ်, စပ်နည်း ၆၄-ပါးဇယားပုံ .... | ၄၀၀ |





| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၆ | ပိဋကတ်တော်မ စာကြည့်စာပြင် ဆရာတော် သံဃာတော်တို့ နှင့်တကွ လွှတ်တော်ရုံးတော် အသီးအသီး ရေးသားနည်းများ မှာ လိုက်နာရန် ၁၂၄၀-ပြည့်နှစ်ထုတ် အမိန့်တော် .... | ၄၀၅ |
| ၄၇ | မှားမှန်းကိုသိလျှင် ပြင်ကြမြဲဓမ္မတာအတိုင်း မဟာပိန္နဲနတ်နှင့် သကန္တနတ်လွဲ၍ ပြင်ရပုံ၊ ဘိုးတော်အမိန့် .... | ၄၀၆ |
| ၄၈ | အမိမာသ်နည်းအတိုင်း ဥပုသ်နေ့ သတ်မှတ်ရန် ပညတ်မရ၍ ရှင်ဘုရင်က လျှော့ပေးရပုံ အမိန့်တော် .... | ၄၀၇ |
| ၄၉ | အရပ်ရပ် ရောင်းဝယ်ရေးတွင် ကြေးနီဒင်္ဂါးကိုသုံးရန် နိုင်ငံက မလိုက်မနာနိုင်၍ ရှင်ဘုရင်က လျှော့ပေးရပုံ အမိန့်တော် .... | ၄၀၇ |
| ၅၀ | အခွန်ကောက်ခံပုံတွင် ရှေးထုံးစံထက် ပိုမိုခံကောက်ရန် ထုတ် ပြန်မိသမျှ စာချွန်များကို ရုပ်သိမ်းသည့် အမိန့်တော် .... | ၄၀၇ |
| ၅၁ | ဝါဆိုဝါကပ် နှစ်,လ,ရက်စွဲးခေါ်ပုံ သတ်မှတ်ရန် ပညတ်မရ၍ ရှင်ဘုရင်က လျှော့ပေးရပုံ အမိန့်တော် .... | ၄၀၈ |
| ၅၂ | မကောင်းသောအရာကိုထာဝရမလိုက်ကြရန် အမရပူရမြို့တွင် အင်းမြှုပ်သမျှကို ပယ်ပြီးလျှင် မြစ်ဆုံတွင်ချရပုံအမိန့်တော်.... | ၄၀၈ |
| ၅၃ | ပထမပိုင်းမှာပါသော ကျမ်းဂန် အထောက်အထား အမှတ် အသားများကို ထောက်ရှု၍ သုနေရာနှင့်သူ မှတ်ယူလိုက်နာ စေမှု ဥပဒေသကို ပြဆိုချက် .... | ၄၀၉ |


---

## နောက်ဆက်တွဲ–ဒုတိယပိုင်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၄ | လင်္ကာကိုသာ ကဗျာခေါ်ရုံမက ဒေါသမငြိ, ပရိဟာရပြည့်စုံ, ဂုဏ်ရသပါပါ, ပညာရှိတို့ ဘွဲ့စီသီကုံးသမျှ အရာရာတိုင်း ကဗျာ ဟူ၍ ခေါ်သော ဝေါဟာရ၊ သက္ကတ, မာဂဓ, မြန်မာဘာ သာသုံးရပ် ထပ်တူ ရှိသည်ကို သိကြမှတ်ကြရန် သုံးတပ်ပြန် ဇယားပုံ .... | ၄၁၂ |
| ၅၅ | ပညာရှိတို့ ဘွဲ့စီသီကုံးသမျှကို တလုံးတည်း ကဗျာခေါ်ပုံ၊ ကဗျာ ကို ကိုယ်ခေါ်ပုံ၊ ကိုယ်မှာ အစိပ်အစိပ်ပိုင်းခြား၊ ဂါထာ, စုဏ္ဏိယ မိဿက,ခွဲး၍ ခေါ်ပုံ၊ သက္ကတကျမ်းဂန် အထောက်အထားများ | ၄၁၄ |
| ၅၆ | ပညာရှိတို့ ဘွဲ့စီသီကုံးသမျှကို တလုံးတည်း ကာဝေယျခေါ်ပုံ၊ ကာဝေယျကို ဗန္ဓခေါ်ပုံ၊ ဗန္ဓမှာ အစိပ်အစိပ်ပိုင်းခြား၊ ဂါထာ, စုဏ္ဏိယ, မိဿက, ကန္တ–ခွဲး၍ခေါ်ပုံ လေးမျိုး၊ မာဂဓကျမ်းဂန် အထောက်အထားများ၊ [အချင်းခေါ်ပုံ၊ ဝင့်နှင့်ဘွင့် ခြားနား ပုံပါသည်။] .... | ၄၁၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၇ | ပညာရှိတို့ ဘွဲ့စီသီကုံးသမှုကို တလုံးတည်း ကဗျာခေါ်ပုံ၊ ကဗျာကို အစိပ်အစိပ် လေးမျိုး ပိုင်းခြားရပုံ၊ (၁) လင်္ကာ-အချင်း၊ (၂) စကားပြေ၊ (၃) နှစ်ထွေစပ်၊ (၄) အဘွင့်ခေါ်ပုံများနှင့် ၎င်းလေးမျိုးမှာ လိုက်နာပုံ၊ မြန်မာကျမ်းဂန် အထောက်အထားများ .... | ၄၂၀ |
| ၅၈ | အပြစ်ပါသော ကဗျာစပ်ဆို သီကုံးနည်းကို ရှောင်ကြဉ်ရန် သက္ကတကျမ်းများမှာ လာပုံ .... | ၄၂၃ |
| ၅၉ | အပြစ်ပါသော ကဗျာ စပ်ဆိုသီကုံးနည်းကို ရှောင်ကြဉ်ရန် မာဂဓကျမ်းများမှာလာပုံ .... | ၄၂၄ |
| ၆၀ | အပြစ်ပါသောကဗျာ စပ်ဆို သီကုံးနည်းကို ရှောင်ကြဉ်ရန် မြန်မာဘာသာ ကျမ်းဂန်များမှာ လာပုံ .... | ၄၂၇ |
| ၆၁ | သက္ကတ, မာဂဓ,မြန်မာ အမျိုး သုံးဖြာ၊ ကဗျာဘွဲ့ဆို သီကုံးလိုက်နာသူ သညာ သုံးမျိုး,လေးရပ် ထပ်တူကျဘိသကဲ့သို့ ရှိသည်ကို ပြဆိုချက် .... | ၄၂၉ |
| ၆၂ | အတွက်, အတက်, အစပ်, စုဒ်, ဖြေရှင်းချက်, အပေါင်းယူဟန် အစိပ်အစိပ်ယူဟန်များမှာ မာဂဓနှင့် မြန်မာသဘောသွားတူပုံ | ၄၃၅ |
| ၆၃ | အစပ်ခြောက်ပါးဟူသော ဝေါဟာရ တူတြသော်လည်း ၎င်းနည်း သုံးမျိုးသုံးစား ခြားနားပုံ .... | ၄၃၇ |
| | (က) ၎င်းသုံးမျိုးတွင် ပါဠိမြန်မာ နှစ်မျိုးစလုံးမှာ လိုက်နာရန် ဝါကျစပ် ခြောက်မျိုး သဘောသွား ဇယားပုံပါသည့် နေရာကို ညွှန်ပြချက် .... | ၄၃၇ |
| | (ခ) မြန်မာဘာသာတွင် အတွင်းစာသွား မှုမှန် ကာရန် အသတ်အစပ်ယူနည်း ခြောက်မျိုး .... | ၄၃၇ |
| | (ဂ) အသတ်ခြောက်ပါး၊ အစပ်ခြောက်ပါး ခေါ်သော နောက်ပေါ်နည်းလမ်း စည်းကမ်းမဲ့စာဆန်းခြောက်မျိုးအကြောင်းကို ညွှန်ပြသော ဂဏန်းစဉ်ရှိသမျှ ပြဆိုချက် .... | ၄၃၇ |
| | (ဃ) ၎င်းနောက် စာဆန်းကို ကိုးကားခြင်းမှ ကင်းလွတ်ကြပါစေကြောင်း ဆုတောင်းစာ .... | ၄၃၈ |
| | (င) ပါဠိမြန်မာ နှစ်ရပ်ဝယ် အဓိပ္ပါယ်စပ်ဟပ်ယူရသော ဝါကျစပ် ခြောက်မျိုး .... | ၄၄၁ |
| ၆၄ | ၎င်းစာဆန်း ခြောက်မျိုးနှင့် စပ်၍ ရွှေမင်းဝံဆရာတော်ထံ ဖြေရှင်းရန် လျှောက်ထားရင်း စာကိုယ် .... | ၄၄၄ |





| | | |
|---|---|---|
| | (က) ၎င်းစာဆန်းသည် ပါရမီတော်ခန်း ကဗျာကို ထေဖာလို၍ ပဏ္ဏာ, မေတ္တာ, မျက်နှာ-ဟူသော တန်ဆိုးသုံးပါးတွင် ပဏ္ဏာမှတပါး ကျန်နှစ်ပါးကို ဝှဲ့ကွက်လျက် တဖက်သတ်ရေးသောစာဆန်းဖြစ်ပုံကို ဇယားပုံနှင့်တကွ ပြဆိုချက် .... | ၄၄၈ |
| ၆၅ | ရွှေမင်းဝံဆရာတော် ဆုံးဖြတ်ချက် .... | ၄၅၀ |
| ၆၆ | ရှင်ဝိစိတ္တာစာရ စာဆန်းအား စာရှိသည်ဆိုရုံနှင့် ယုံမှား၍ ကိုးကားဆဲ ပြန့်ပွားဆဲရှိပုံ ပြဆိုချက် .... | ၄၅၃ |
| | (က) ကဝိမျက်မှန် မဃ္ဃဇင်းနှင့် ဒဂုဏ်မဃ္ဃဇင်း ၂-စောင် အတွက် ရွှေရောင်အရည် စံချရာသိသာရပုံ .... | ၄၅၄ |
| | (ခ) တိုင်းရင်းသား ကဗျာဘွဲ့နည်းကျမ်းငယ်တွင် မဘွယ်မရာ မသမာ သဘော ရောနှော၍ ဘောက်ဘောက်ပြန်ပြန် အမှန်ကိုအမှား အကိုးအကား မှားယွင်းပုံများ .... | ၄၅၅ |
| ၆၇ | မြန်မာစာကို အရောင်မညှိုးအောင် ပြုလုပ်ပုံ,အရောင်ညှိုးအောင် ပြုလုပ်ပုံ, ဂုဏ်ရှိသူပုဂ္ဂိုလ်ကြီးများ ကွဲပြားခြင်းနှင့် တိုင်းရင်းသား ပညာရှိများ ကွဲပြားခြင်း .... | ၄၅၉ |
| ၆၈ | အတီးအမှုတ်နှင့်ဘက်စပ်၍ လိုက်နာရသောကဗျာအရပ်ရပ်မှာ သတ်ပုံသတ်ညွှန်း ညီညွတ်စေရန် အရေးမကြီးသည့်အကြောင်း | ၄၆၂ |
| ၆၉ | အတီးအမှုတ်နှင့် ဘက်စပ်၍ လိုက်နာရသော ကဗျာအရပ်ရပ်မှာ သတ်ပုံသတ်ညွှန်း ညီညွတ်စေရန် အရေးမကြီးလှသော်လည်း အတ္ထဒေါသ,ဝိရောဓိဒေါသ, ကမဘ္ဘုတဒေါသ—စသော ဒေါသ မပါရအောင် ရှောင်ကြဉ်သင့်ပုံနှင့် အချုပ်တန်းဆရာဘေအပြစ်ခံရပုံများ .... | ၄၆၃ |
| ၇၀ | သက္ကတအလို ပဒျ, မာဂဓအလို-ပဇ္ဇ, မြန်မာအလို လင်္ကာခေါ်သော ကဗျာများအကြောင်း .... | ၄၆၅ |
| ၇၁ | ပါဠိအလို ဂါထာကဗျာကို မြန်မာအလို သီချင်းကဗျာဟု ဖွင့်ပြခေါ်ဝေါ်စပ်ဆိုကြသော အထောက်အထားများ .... | ၄၆၆ |
| ၇၂ | ပါဠိမြန်မာ-နှစ်မျိုးစပ် ချပ်ကာလှည့်ကာ ကဗျာရေးနည်းနှင့် ၎င်းကဗျာအထောက်အထားများ .... | ၄၆၈ |
| ၇၃ | သက္ကတအလို-ဂဒျ၊ မာဂဓအလို-ဂဇ္ဇ၊ မြန်မာအလိုစကားပြေရေးနည်းနှင့် စကားပြေကဗျာ အထောက်အထားများ .... | ၄၆၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၄ | စကားထောင့်ရေးနည်းနှင့် စကားထောင့်ကဗျာအမျိုးမတူ နှစ်ထွေစပ်ကဗျာအထောက်အထားများ .... | ၄၇၀ |
| ၇၅ | နှစ်ထွေစပ်နှစ်မျိုးရေးနည်းနှင့် နှစ်ထွေစပ်ကဗျာ ပြန်ကာသက်လက်ာအထောက်အထားများ .... | ၄၇၅ |
| ၇၆ | နိုင်မာသော စာများတွင် စကားပြင်ဟူ၍ မရေး စကားပြေဟူ၍သာ ရေးသော မြန်မာလင်္ကာ စကားပြေအမျိုးတူ နှစ်ထွေစပ်အထောက်အထားများနှင့် ခေတ်လိုက်ပြီးလျှင် စကားပြင်ဟု ပြင်လိုသူတို့အတွက် ခြွင်းချက်ရှိပုံများကို ပြဆိုချက် [လင်္ကာ စကားပြေ နှစ်ထွေစပ်ပုံပါသည်။] .... | ၄၇၆ |
| ၇၇ | နိုင်မာသောစာများတွင်စကားပြင်ဟူ၍ မရေး၊ စကားပြေဟူ၍သာ ရေးသည်ကို စာတော်ပြန် ဝန်ထောက်မင်း ဦးဖေချို T.D.M.. ထောက်ခံချက် .... | ၄၈၀ |
| ၇၈ | မဏ္ဍာစာစပ်နည်း ၁၂-မျိုး .... | ၄၈၂ |
| ၇၉ | မာတမ်းစပ်နည်း နှစ်မျိုး ခြောက်စားကွဲပြားပုံ .... | ၄၈၇ |
| ၈၀ | မြန်မာထီးနန်းရှိစဉ်အခါ စာပေးစာယူဌာနမှာလိုက်နာလေ့ရှိပုံအကြောင်း .... | ၄၈၉ |
| ၈၁ | မြန်မာမင်းဆက်ထက်အခါ စာပေးစာယူ စည်းကမ်းရှိသည်ကို သတိပြု၍ ယခုအခါ၊ မြန်မာဘာသာ စာပေးစာယူရေးကြရာ လိုက်နာလိုသူတို့ လိုက်နာလိုလျှင် လိုက်နာသင့်ပုံ .... | ၄၉၆ |
| ၈၂ | စာပေး စာယူ ပြုလုပ်ရာတွင် ယခုခေတ်နှင့်လည်း မဆန့်ကျင် အရိုးအစဉ်နှင့်လည်းနီးနိုင်သမျှနီးရအောင် လိုက်နာကြရန်သင့်မည်ထင်သည့်အကြောင်း .... | ၅၀၀ |
| ၈၃ | ဒွေးချိုးသံထောက်၊ ခွန်းထောက်သဖြန်ခေါ်သော ဝေါဟာရများမှာ သနေရာနှင့်သူ မှတ်ယူနေကျ ဝေဝစနများကို ပြဆိုချက် .... | ၅၀၃ |
| ၈၄ | အချင်းငယ်အဝင်အပါ ဒွေးချိုးပေါင်းအမျိုးမျိုးစပ်ဆိုပုံ .... | ၅၀၅ |
| | (က) ဒွေးချိုးအခံအအုပ်, လေးချိုးအခံအအုပ် ကွဲပြားပုံနှင့် ရဿ-လဟုသံ အခံအအုပ်ပါသောဒွေးချိုးစာကိုယ်များကိုပြဆိုချက် .... | ၅၀၆ |
| | (ခ) ဝဂ်နှင်းဟူသောဝေါဟာရကို ရှင်းလင်းပြဆိုချက် .... | ၅၀၇ |
| ၈၅ | ဒွေးချိုးကဗျာဖွဲ့နည်း မတြာအသံအနိမ့်အမြင့်ယူနည်း အရေးကို ရှေးဦးစွာမှတ်ရန် ဒွေးချိုးစပ်နည်း (က) မှတ်ဇယားပုံ .... | ၅၀၉ |





| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၆ | မူလဒွေးချိုး မတြာယူပုံနှင့် မူရင်းအတိုင်း ကိုက်ရန်လိုက်သော ဒွေးချိုးမတြာယူပုံ၊ မတြာပြောင်း၍ အချိုးညီရုံလိုက်ရာ မတြာယူပုံ၊ သုံးမျိုးကိုနှိုင်းယှဉ်ပြဆိုသော (ခ) မှတ်ဇယားပုံ .... | ၅၁၁ |
| | (က) အစလေးလုံးက ပွား၍ အစ ၅-လုံးထားပုံ .... | ၅၁၂ |
| | (ခ) အစလေးလုံးထားပုံကိုပြဆိုချက် .... | ၅၁၂ |
| | (ဂ) အစ ငါးလုံးထားပုံကိုပြဆိုချက် .... | ၅၁၃ |
| | (ဃ) အစ သုံးလုံးထားပုံကိုပြဆိုချက် .... | ၅၁၃ |
| ၈၇ | စာကိုယ်မူရင်းအသံအစပ်ကို နောက်ထပ်လိုက်နာသော ကဗျာများမှာမတြာယူဟန်အသံအစပ်မတူလျှင် ဆိုရိုးအစဉ် ချွတ်ယွင်းသည်ဖြစ်၍ ကမ္ဘာ့ထဒေါသ သင့်ပုံ .... | ၅၁၄ |
| | (က) ထူးမခြားနားကို ဖြုဖြုသောင်းသောင်း-ဟူ၍ လိုက်ရာ မတြာအသံယူနည်း အမှန်အမှားကိုပြဆိုချက် .... | ၅၁၄ |
| | (ခ) ထောင်ရောင် နေကို-ဂျော့ပဋ္ဌမာ ဟူ၍ လိုက်ရာ မတြာအသံယူနည်း အမှားအမှန်ကို ပြဆိုချက် .... | ၅၁၅ |
| ၈၈ | မူရင်းကဗျာကိုစံပြု၍ အတုယူကာ ကဗျာလိုက်နည်းမှာ စံပြုရန် မှန်ကန်စွာ ထောင်ရောင်နေ-အလိုက်-ဇယားပုံနှင့် စာကိုယ်အထောက်အထားများ .... | ၅၁၇ |
| ၈၉ | ဒွေးချိုးညွန့်ပေါင်းစုံကျမ်း,ကဗျာဖွဲ့နည်းကျမ်း, တေးထပ်ပေါင်းချုပ်ကျမ်းစသော စာအုပ်များတွင် မတြာယူနည်း၊ သံတူလိုက်နည်းများမှာမပါ၍ မတြာအသံယူနည်း, သံတူလိုက်နာနည်းများနှင့် စောင်းသံ ၇-ပါးက ၄၉-ပါးထိရှိပုံ .... | ၅၁၈ |
| | (က) အချို့ဆရာတို့က အသံ ၁၅-ပါးသာဖော်ပြသည်ကို တွေ့ရ၍ ၁၅-ပါးမက ၄၉ ပါးထိရှိပုံ .... | ၅၁၉ |
| | (ခ) အသံ သုံးမျိုးကစ၍ ခုနစ်မျိုးကျအောင် မူလအသံမျိုးရှိသော ပါဠိမှာလာပုံနှင့် မြန်မာခေါ်ပုံများ.... | ၅၂၀ |
| | (ဂ) အလံခွဲပုံကျမ်းဂန်အထောက်အထားများ .... | ၅၂၀ |
| ၉၀ | ထြိချိုးဟူသောဝေါဟာရအကြောင်းကိုပြဆိုချက် .... | ၅၂၃ |
| | (က) ဝိတ္ထောဆယ်ရွာက မိန်းမ-ဟန်ချင်းအကြောင်း .... | ၅၂၅ |
| | (ခ) မူမှန်ကိုမတွေ့သော အချို့ဆရာတို့က လေးဆစ်ချိုးကို ထြိချိုးဟု ပြင်ပုံ .... | ၅၂၆ |


C

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ


၉၁ ဝေါဟာရစကား သဘောသွားရင်းမြစ်ကို သတိမထားမိ၍ အတ္တနောမတိအရ ပြင်ကြပုံအများရှိရာတွင် လေးချိုးဟု ရှေးရိုးရှိသည်ကို ဘြီချိုးဟု ပြင်ဘိသကဲ့သို့ ပြင်ကြသော အရေးကြီးသောအချက် (က) မှ (င) ထိ ၅-ချက်ကို ဇယားနှင့်တကွ ပြဆိုချက် .... ၅၂၈
(က) အနောက်နန်းဟောင်း မမြကလေးရေးသော လေးဆစ်ချိုးအတွက် ရှင်းလင်းဖော်ပြချက် .... ၅၃၁
(ခ) ရှိနှင့်မယှိအတွက် ရှင်းလင်းဖော်ပြချက် .... ၅၃၃
(ဂ) ကာရန် ၆၄-ပါးရှိသည်ကို သတိမထားသူတို့က ဧးတွင် ဝိသဇ္ဇနီကို ဖြုတ်ထား သောကြောင့် ကျောင်းသား, ကျောင်းသူ, လူငယ်တို့ အရွတ်အဖတ်မမှန် သံသယဖြစ်ပုံ အကြောင်း .... ၅၃၇
(ဃ) ကာရန် ၆၄-ပါးရှိသည်ကို သတိမထားသူတို့က အဲးတွင် ဝိသဇ္ဇနီကို ဖြုတ်ထားသောကြောင့် ကျောင်းသား, ကျောင်းသူ, လူငယ်တို့ အရွတ်အဖတ် မမှန် သံသယဖြစ်ပုံအကြောင်း .... ၅၃၈
(င) မင်္ဂလာဖြစ်ရန် အခြင်းအရာကို သာကဗျာဘွဲ့စီသီကုံးရာ ရေးဖတ်ရာ ပြုပြင်ရာ လိုက်နာအပ်သော သဘောသွားနည်းလမ်းကိုပြဆိုချက်နှင့် စကားအချုပ် .... ၅၄၀
၉၂ လေးဆစ် လေးပြင်ချိုး, သံတောက်သဖြန်, လေးဆစ်ဘောလယ်, လေးဆစ်ပုလဲ, လေးဆစ်ဘောလယ်ငိုချင်း ခေါ်သော ဝေါဟာရ ဝေဝစနများ .... ၅၄၂
၉၃ လေးဆစ်ချိုးစပ်နည်းကို အသံမတြာယူနည်း ဇယားပုံနှင့်တကွ ပြဆိုချက် .... ၅၄၄
(က) တေးကွဲ့ခေါ်သော ဝေါဟာရမှာလည်း လေးဆစ်သဘောမျိုးတွင် ပါဝင်ပုံ .... ၅၄၅
(ခ) တိုရာက ရှည်၍ လာသော လေးဆစ်များ .... ၅၄၆
၉၄ တေးရိုးစပ်နည်းကိုပြဆိုချက် .... ၅၄၈
(က) တေးရိုးဥဒါဟရဏ်ပုံစံကိုပြဆိုချက် .... ၅၄၉
၉၅ တေးထပ်စပ်နည်းကိုပြဆိုချက် .... ၅၅၀
(က) အချိုးကြီး ၇၊ ကွပ်သိမ်းချက် ၂-ရှိပုံကိုပြဆိုချက် .... ၅၅၀
(ခ) အပိုဒ်ငယ် ၁၈-ပိုဒ်ဖြစ်ပုံကိုပြဆိုချက် .... ၅၅၁




အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ


(ဂ) အချိုး ၇-ချိုးတွင် ပဒထားပုံ, စာလုံးရေထားပုံများကိုပြဆိုချက် .... ၅၅၁
(ဃ) အချိုအပိုဒ်မှာညီ၍ အချိုအပိုဒ်မှာမညီပုံ ဥဒါဟရဏ် .... ၅၅၁
(င) ပထမအအုပ်၏ အချိုးမှာ တေးထပ်တိုင်း ညီမျှကြပုံကို ဥဒါဟရဏ်နှင့်တကွပြဆိုချက် .... ၅၅၂
(စ) ယခုအခါ လိုက်နာရန် စံပြုဘွယ်ကောင်းသော တေးထင်စာကိုယ်ကို ခံပုံအုပ်ပုံ, အချိုးထားပုံ, ကွပ်သိမ်းချက်ထားပုံ စာလုံး အရေအတွက် ထားပုံများကို ဇယားနှင့်တကွ ပြဆိုချက် .... ၅၅၂
၉၆ ရှစ်ဆယ်ပေါ်တေးထပ်ခေါ်သော ဝေါဟာရ .... ၅၅၅
၉၇ နတ်သံ, နတ်ချင်း, နတ်စကား၊ ရတနာသုံးပါးနှင့် ဆိုင်သော ဆုတောင်းစာ၊ နတ်များနှင့်ဆိုင်သော ဆုတောင်းစာ၊ လက်ရွေသမား-စကားကြိမ်း ဆိုင်းဆင့် စာကိုယ်များကို ပြဆိုသော်လည်း ရေးနည်းများအတွက် ချန်ထားခဲ့ရသည်ကို ပြဆိုချက်— ၅၅၆
၉၈ ၃၇-ချင်း,၃၇-မင်း,၃၇-ရပ်ဟူသောဝေါဟာရများအကြောင်းကို ပြဆိုချက်၊ [ဆံထုံး ၅၅-မှ ၃၇၊ ၃၇-မှ ၇-သို့ တစတစလျော့ကြပုံနှင့် ဆံထုံး ၇-မျိုး မင်္ဂလာစကား မိတ်လင်စုံအကြောင်းလည်းပါသည်။] .... ၅၅၇
၉၉ မူလ ၃၇-ချင်း, ၃၇-မင်း, ၃၇-ရပ် သုံးဌာနမူလရင်းမြစ် ဖြစ်ပေါ်လာပုံကို ပြဆိုချက် .... ၅၅၉
၁၀၀ ရှေးဘင်း ၃၇-ချင်း၊ (ဝါ) တူရိယာ ၃၇-ချင်းအကြောင်း .... ၅၆၁
၁၀၁ နန်းစဉ်ပုံစံ ပုရပိုက်မြူကြီးမှာပါသော ပဟိုရ်ခေါင်းလောင်းနှင့်စည်အမျိုးမျိုးပုံစံများ .... ၅၆၇
၁၀၂ အချင်းခံရိုး ၃၇-မျိုး အမည်ပညတ်၊ အမှတ်အသားရှိပုံ .... ၅၇၀
၁၀၃ ဒုတိယပိုင်းမှာပါသောခိုင်မာသောကျမ်းဂန် အထောက်အထားဆရာကျော် ဆရာမြတ်တို့ အမှတ်အသား၊ မြန်မာမင်းအဆက်ဆက် ပြဋ္ဌာန်းချက် အခြောက်အမြားနှင့် အညီ အဆီသေတ္တု အနှစ်ပြု၍ ဥပဒေသ သုံးဌာန သုံးမျိုးကို ပြဆိုချက် .... ၅၇၁

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

## နောက်ဆက်တွဲ-တတိယပိုင်း


၁၀၄ ရှေးအခါက ရတု ဟောင်းများတွင် အသံ ပြောင်းရာဝယ် အဓိပ္ပါယ်တူပြီးလျှင် တီးချက်-စည်းချက်ကိုက်ညီအောင် သိဆို၍ ရားရှိပုံကို ပြဆိုချက်
၁၀၅ ပုဂံကောင်းစားစဉ်အခါ သေည်လည်ကြောင်ကြီးမင်းလက်ထက် ... ၅၇၇
ကဟူ၍ ဆရာကျော်-ဆရာမြတ်တို့ မှတ်ကြသော အချင်းငယ် ခေါ်သော ပုပ္ပါးနတ်တောင် လက်ာ၊ [ကျိုင်းနှင့် လျာအတွက် အဓိပ္ပါယ်ကို ပြဆိုချက်လည်း ပါသည်။]
၁၀၆ ဘောင်ပုပ္ပါးစံကားပွင့် အဲးချင်း,အချင်းငယ်လည်း ခေါ်သော ... ၅၇၉
ရှေးပုဂံရေးကို ပြဆိုချက်
၁၀၇ သက္ကရာဇ် ၇၂၉-ခု၊ မင်းကြီးစွာစော်ကဲ: တကောင်းမြို့သို့ ... ၅၈၁
တက်ခတော်မူသည့်အခါ ဘောင်တော်ခတ်သူတို့နှင့် ဆန်လှေသားတို့သိဆိုကြရသော အချင်း၊ ဘောင်ငင်ချင်း အန်တော် များ
၁၀၈ ရှင်ရဋ္ဌသာရ ဆယ်နှစ်ရွယ်က ဖြတ်ချည်းဆို-ဓိကျောင်း, ... ၅၈၂
ချောင်း,စောင်း,အောင်း တီးလုံး စည်းချက်ကိုက်၊ အဲးရိုးအချင်း နှင့်အချင်းငယ်သည်း ခေါ်ဆိုသည်ကို ပြဆိုချက်
၁၀၉ ရေသံအန်ချင်း-အချင်း အမျိုးမျိုးကို ပြဆိုချက် ... ၅၈၂
၁ နတ်တော်လဘွဲ့ ရေသံအန်ချင်း-အချင်း ... ၅၈၃
၂ ပြာသိုလဘွဲ့ ရေသံအန်ချင်း-အချင်း ... ၅၈၃
၃ တပို့တွဲလဘွဲ့ ရေသံအန်ချင်း-အချင်း ... ၅၈၃
၄ တပေါင်းလဘွဲ့ ရေသံအန်ချင်း-အချင်း ... ၅၈၃
၅ ဇေယျာ ဇေယျာ၏ ရှေးရေး ဘောင်ငင်ရေလယ်သံအန်ချင်း ... ၅၈၃
အချင်း [ရေးသူမသိ]
၆ မလင်းမှောင်ဝေ၏ ရှေးရေးလှေသံအန်ချင်း [ရေးသူမသိနိုင်။] ... ၅၈၃
၇ ယမုန်နာ၏ ဘိုးသူတော်ဦးမင်းရေး ရေလယ်သံအန်ချင်း- ... ၅၈၄
သီချင်း
၈ တိုင်းမိမိလာ၏ သာယာဝတီ ဆရာကြီးဦးပိုင်းရေး ဇနက ... ၅၈၄
ချီး လှေချင်း-သီချင်း ... ၅၈၅




အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ


၉ တဝန်းမြန်ဘောင်၏ နတ်ရှင်ရွှေး ရဲးလှေဘွဲ့ ကင်းဝန် မင်းကြီးရေး လှေချင်း-အချင်း ... ၅၈၅
၁၀ လောင်းကနက်ပျော်၏ ရွှေခဲးခတ်လှေတော်ဘွဲ့ လှေချင်း အချင်း [ရေးသူမသိနိုင်။] ... ၅၈၆
၁၁ နတ်ပန်းလှေတော်၏ အောင်ပင်လယ်လမိုင်းဝန် တလုပ်မြို့ဝန် သင်းသေနတ်ဗိုလ် အုပ်ထိန်းရသော နတ်ပန်းလှော်လှေဘွဲ့ လှေချင်း-အချင်း [ကိုယ်တိုင်ရေး။] ... ၅၈၆
၁၂ မြမန်းစကြာ၏ သဘော်သံလဘက်ရည်တော် ရွာစည်ရွာစား မင်းလှသင်္ခယာ ဦးပုညဆို ရေသံ အန်ချင်း-အချင်း ... ၅၈၇
၁၁၀ အချင်းကြီးခေါ်သော အဲးချင်းစာကိုယ်များ ... ၅၈၉
၁ ဆဒ္ဒန်ဆင်မင်း-အချင်း ... ၅၈၉
၂ ဆဒ္ဒန်ဆင် အဲးချင်း-အချင်း ... ၅၈၉
၃ ဂဠုန်မင်းတောင်သံ အဲးချင်း-အချင်း ... ၅၈၉
၄ ကရဝိက်မင်းကြူးသံ အဲးချင်း-အချင်း လေးမျိုး ... ၅၉၀
၅ ရွှေဥဒေါင်းမင်း အဲးချင်း-အချင်း ... ၅၉၀
၆ ဝိဇ္ဇာရဂိဝါနီမင်း အဲးချင်း-အချင်း ... ၅၉၀
၇ ခါမင်း အဲးချင်း-အချင်း ... ၅၉၀
၈ ငုံးမင်း အဲးချင်း လေးမျိုးကိုပြဆိုချက် ... ၅၉၁
၉ နှံအဲးချင်း-အချင်း ... ၅၉၁
၁၀ မြင်းမိုရ်ကြယ်အဲးချင်း-အချင်း ... ၅၉၁
၁၁ မြင်းမိုရ်တောင်လည် အဲးချင်း-အချင်း ... ၅၉၁
၁၂ ဟေမဝန္တာအဲးချင်း-အချင်း လေးမျိုးကိုပြဆိုချက် ... ၅၉၂
၁၁၁ မေတ္တာစာ-စာကိုယ်များကို ပြဆိုချက် ... ၅၉၂
၁ မိုးညှင်းမင်းတရားထံ ဝိတူးသဉ်ရာဇာ သွင်းသောမေတ္တာစာ ... ၅၉၂
၂ ရှင်မဟာသီလဝံသက ဒုတိယ မင်းခေါင်ထံ သွင်းသော မေတ္တာစာ ... ၅၉၄
၃ ရှင်မဟာရဋ္ဌသာရ စပ်ဆိုရင်းနှင့် အတွင်း ဝိဋ္ဋကတ်နာထ ဆရာတော်က ထပ်၍ အဝစနေမင်းထံ သွင်းသော မေတ္တာစာ ... ၅၉၅
၄ မောင်ရွှန်းက ဦးဖြေကို မေးသော ပဟေဠိ ပုစ္ဆာ မေတ္တာစာ ... ၅၉၇

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅ | မောင်ရွှန်းအမေးကို ဦးဖြေက တဆင့်မေးမြန်းရာ မဖြေနိုင်၍ လက်ချော့ကြောင်းကို မုံရွေးဆရာတော်က ပြန်ကြားသောမေတ္တာစာ | |
| ၆ | မမခင်ကြီးက ရေး၍ ၎င်းမောင်ထံ ပေးပို့လိုက်သော မေတ္တာစာ | ၅၉၈ |
| ၇ | မမခင်ကြီးကရေး၍ ၎င်းအမိထံပေးသော မေတ္တာစာ | ၆၀၁ |
| ၈ | တောင်ဘီလာ ပုဂ္ဂိုလ်ကျော် ဆရာတော်က သာလွန်မင်းတရားထံ သွင်းသောမေတ္တာစာ သုံးပိုဒ် | ၆၀၃ |
| ၉ | ၎င်း | ၆၀၅ |
| ၁၀ | ၎င်း | ၆၀၇ |
| ၁၁ | ညောင်ပင်ကျောင်းဆရာတော်က အဝရှင်ဘုရင်ထံ သွင်းသောရတု မေတ္တာစာ သုံးပိုဒ် | ၆၀၉ |
| ၁၂ | မြေတဲးမင်းသွီးဆရာတော်က အဝရှင်ဘုရင်ထံသွင်းသော မေတ္တာစာ | ၆၁၀ |
| ၁၃ | သက္ကရာဇ် ၁၁၀၀-ကျော်က ၁၂၀၀-ပြည့်ခေတ်တွင် ထင်ရှားရုံမက ၎င်းနောက်ကျသူတစု အတုယူကာစံပြုရသော တောပု သျှင်ဥက္ကံသမာလာမေတ္တာစာ | ၆၁၁ |
| ၁၁၁ | မှာတမ်းစာကိုယ်များကို ပြဆိုချက် | ၆၁၂ |
| ၁ | ဖြိုးတိုက်က လွှတ်တော်သို့ပို့သော မှာတမ်း | ၆၁၄ |
| ၂ | လွှတ်တော်က ဖြိုးတိုက်သို့ပို့သော မှာတမ်း | ၆၁၄ |
| | ဖြိုးတိုက်တော်က ပေးသောဂါထာလက်ခံ | ၆၁၅ |
| ၃ | မောင်စံသူဆို-ရည်းစားပေးမယ်ဘွဲ့မှာတမ်း | ၆၁၅ |
| ၄ | လဘက်ရည်တော် ရွာစည်ရွာစား မင်းလှသင်္ယာ ဦးပုညဆို ရည်းစားပေး မယ်ဘွဲ့မှာတမ်း | ၆၁၆ |
| ၅ | လဘက်ရည်တော် ရွာစည်ရွာစား မင်းလှသင်္ယာ ဦးပုညဆို ရည်းစားပေး မောင်ဘွဲ့မှာတမ်း | ၆၁၇ |
| ၆ | မန္တလေးမောင်ဘိုးရင်ဆို ရည်းစားပေး မောင်ဘွဲ့မှာတမ်း | ၆၁၉ |
| ၁၁၂ | ဒွေးမျိုးစာကိုယ်များကို ပြဆိုချက် | ၆၂၀ |
| ၁၁၃ | လေးဆစ်စာကိုယ်များကို ပြဆိုချက် | ၆၂၁ |
| ၁၁၄ | လေးဆစ်ဘောလယ်စာကိုယ်များကို ပြဆိုချက် | ၆၂၃ |
| | | ၆၂၈ |



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၅ | လေးချိုးစာကိုယ်များကို ပြဆိုချက် [၎င်းအချက်တွင် ဦးစံသူရေးသော လေးချိုး စာကိုယ်များကိုလည်း ထည့်သွင်းလိုက်သည်၊ မှာတမ်းရေးတွင်မက, လေးချိုးရေးဟန် နန်းဆန်ပုံကိုလည်း သိစေရန်ဖြစ်သည်။] | ၆၃၀ |
| ၁ | ဆရာတော်ဦးပုဓ်ဆို သံဝေဂလေးချိုး | ၆၃၀ |
| ၂ | စာဆိုတော်လှူဦးမင်းဆို ရွှေကြက်ယက် ဘုရားဘွဲ့လေးချိုး | ၆၃၀ |
| ၃ | ကျိဝန်မင်းညီ မောင်စံသူဆို သီဟတောဘုရားဘွဲ့လေးချိုး | ၆၃၁ |
| ၄ | မင်းထင်သက်ရှည်ဘွဲ့ခံ စာဆိုတော်လှူဦးမင်းဆို မင်းသားကြီး မောင်အိုတည်သော မဟာဇေယပထ တန်တားတော်ကြီးဘွဲ့ လေးချိုး | ၆၃၂ |
| ၅ | ဘကြီးတော်ယက်ထက်စာဆိုတော်ယှူဦးမင်း၊ဘိုးသူတော်ဦးမင်း၊ဦးဖြေ၊ ဦးဇုတို့နှင့် ကဗျာရေးဘက် စာဆိုတော်ဦးဘုန်းဆို ၎င်း တန်တားတော်ကြီးဘွဲ့ လေးချိုး | ၆၃၂ |
| ၆ | မင်းထင်သက်ရှည်ဘွဲ့ခံ စာဆိုတော် လှူဦးမင်းဆို ရခိုင်ကြောင်း၍ ဗိုလ်မှူးဝန်ကြီး သတိုးသုမဇ္ဈ မဟာဗန္ဓုလဘွဲ့ လေးချိုး | ၆၃၃ |
| ၇ | ဦးဘုန်းဆို ရခိုင်ကြောင်း၍ ဗိုလ်မှူးဝန်ကြီး သတိုးသုမဇ္ဈ မဟာဗန္ဓုလဘွဲ့ လေးချိုး | ၆၃၄ |
| ၈ | ဦးဘုန်းဆို တောင်ငူကြောင်း၍ ဗိုလ်မှူးတောင်ငူဘုရင်ခံ မင်းသားကြီးဘွဲ့ လေးချိုး | ၆၃၅ |
| ၉ | ဘကြီးတော်လက်ထက် စာဆိုတော်ဦးရွှေမောင်ဆို ရွှေပြည်စိုးဘွဲ့ လေးချိုး | ၆၃၅ |
| ၁၀ | ဦးဘုန်းဆို မြတောင်စုဘုရား အနိမ့်အကျဖြစ်ရပုံကို ရေးသော လေးချိုး၊ [၎င်းလေးချိုးအရ မြတောင်စုဘုရားက ဦးဘုန်းထံ ပြန်၍ပေးသော တေးတပ်] | ၆၃၆ |
| ၁၁ | ဦးဘုန်းဆို မင်းကတော်ထုံးလိုက်သော သျှောင်ထုံးဖြစ်သည့်အတွက် မဖျက်မဖြည်ဝံ့သောအကြောင်း လေးချိုး | ၆၃၇ |
| ၁၂ | စာဆိုတော် ဦးဘုန်းဆို နေရိရိတွင်မြင်ရသော နန်းတော်သူဘွဲ့ လေးချိုး | ၆၃၇ |
| ၁၃ | စာဆိုတော်ဦးဘိုးလင်းဆို ၁၂၃၃-ခုနှစ် ပဥ္စမသင်္ဂါယနာတင် လေးချိုး | ၆၃၈ |
| ၁၄ | မန္တလေးမြို့နန်း ပထမတည် မင်းလက်ထက် သံတော်ဆင့် စာဆိုတော် ဦးမောင်ဆို ပုခန်းကြီးမြို့စား သေနတ်ဝန်ကြီးမင်းဘွဲ့ လေးချိုး | ၆၃၉ |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၁၅ ၎င်းဆိုရေနံကြောင်းမြို့စား ဗိုလ်မှူးဝန်ကြီးဘွဲ့ လေးချိုး ၆၄၀
၁၆ ၎င်းဆိုမြို့သာမြို့စား ရွှေမြို့တော်ဝန် ဦးသာအိုးဘွဲ့လေးချိုး ၆၄၀
၁၇ ဝက်မစွတ်မြို့စား ဝန်ထောက်မင်းရေး ညောင်ရွှေမဟာ ရာဇာစော်ဘွားကြီးဘွဲ့ လေးချိုး .... ၆၄၁
၁၁၆ တေးရိုးစာကိုယ်များကို ပြဆိုချက် .... ၆၄၂
၁၁၇ တေးထပ်စာကိုယ်များကို ပြဆိုချက် .... ၆၄၄
၁ လဘက်ရည်တော်ရွာစည်ရွာစားမင်းလှသင်္ယာ ဦးပုည ရေးသော တေးထပ်စိကုံးနည်း တေးထပ် .... ၆၄၄
၂ အဝဆင်ဖြူရှင် စာဆိုတော် မယ်ထွားဆို သဇ္ဈာပန်းဘွဲ့ ပဟေဠိတေးထပ် .... ၆၄၄
၃ စာဆိုတော် ဦးဘုန်းရေးသော လေးချိုးအရ မြတောင် စုဘုရားက ဦးဘုန်းထံပြန်၍ ပေးသော တေးထပ် .... ၆၄၅
(၎င်းတေးထပ်သဘောမှာ အဘိဓမ္မာသဘောကို စပ်ဆိုသည့်အတွက် နက်နဲးသိမ်မွေ့ရုံမက ပရိယေသနပြည့်စုံ ဘို့ရာ ကဗျာရေး၍ စားရပုံပါသည်။)
၄ ခမည်းတော်ဘုရားက မြင်းခုံတိုင်မြို့စား တရားသူကြီးကို ပေးသည့် တေးထပ် .... ၆၄၆
၅ မြင်းခုံတိုင်မြို့စား တရားသူကြီးက ရွှေဘိုရှင်ဘုရင်ထံ ပြန်၍ ဆက်သောတေးထပ် .... ၆၄၆
၆ စလင်းစုဘုရားအပျိုတော် ကျောက်တာရွာစား ခင်နှစ် ဆို ရည်းစားထံ ပြန်သော ပဟေဠိတေးထပ် .... ၆၄၆
၇ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက် ဝမ်းတွင်း ငါးမြို့ဝန်မင်း ဦးမောင်ဘွေးခင်ခန့်ဆို သကြန်အခြေအနေ ကို ပြောကြားသော တေးထပ် .... ၆၄၆
၈ အချုပ်တန်းဆရာတေသည် မဟာမိတ် အင်္ဂလိပ်ဘုရင်ခံ ချုပ်ကိုရှုတ်ချ၍ ရေးပြီးနောက် ထိတ်ခတ်ခံရပုံတေးထပ် .... ၆၄၇
၉ ၎င်းရေး တံခါးနီသားများ ကထားပုံနှင့် လေသာ အဆောင်မြီးဖြစ်ချင်ပုံများကို ဖွဲ့ဆိုသော တေးထပ် .... ၆၄၇
၁၀ ရှေးခေတ် ယခုခေတ် လက်ဟောင်း လက်သစ် အချက် အဆစ်နှစ်ရပ်ဘက်စပ်ပြုစုသော သုဝိစိတ္တဂဏဝိဇ္ဇာကျမ်း လာမှတ်ဘွယ်ရာကောင်းသော တေးထပ်စုပုဒ်ရေ (၁၀) မှတ်က (၃၈) မှတ်ထိ .... ၆၄၈



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၃၉ ၁၂၇၉-ခုတွင် လျောင်လှုပ်ရာပျိုရှာသော ရွှေမော်ဓော စေတီအကြောင်း ကိုယ်တိုင်ရေး တေးထပ်နှင့် ခွန်း ထောက်များ .... ၆၅၆
၁၁၈ တေးတွဲ့ စာကိုယ်များကို ပြဆိုချက် [ပုဂံစူဠာမဏိ ဘုရားဘွဲ့ တေးတွဲ့ ၃-ပုဒ်၊ ၁၂-ရာသီဘွဲ့တေးတွဲ့ ၁၂-ပုဒ်ပါသည်၊ပုဒ်ရေ ၁၅၊ အစုံ ၅-စုံပါသည်] .... ၆၅၆
၁၁၉ ဟန်ချင်းအနေ လှေတော် ဂုဏ်ချင်း စာကိုယ်များ .... ၆၆၁
၁၂၀ ယောကျ်ား ဟန်ချင်း စာကိုယ်များနှင့် မိန်းမဟန်ချင်း စာ ကိုယ်များ .... ၆၆၃
၁၂၁ လယ်ဝန်မင်း ဦးစိရေးသော မန္တလေးဘွဲ့ပုံကြီးသံ .... ၆၆၅
၁၂၂ မှန်းချင်းစာကိုယ်များကိုပြဆိုချက်။ ။[အသံထုန်းထုန်းမှ လာ သော မှန်းဖြစ်သည်။] .... ၆၆၇
၁ ကင်းဝန်မင်းကြီးဆို အင်္ဂါယုတ် ၁၈—ပါးအကြောင်း မှန်းချင်း .... ၆၆၇
၂ ကင်းဝန်မင်းကြီးဆိုဉာဏဝနုနဆေးနည်း မှန်းချင်း .... ၆၆၇
၃ လဘက်ရည်တော်ရွာစည်ရွာစားမင်းလှသင်္ယာ ဦးပုည ဆို ယောကျ်ားကလေးမှန်းချင်း .... ၆၆၇
၄ စာဆိုသူအမည်မသိ ဝိဇ္ဇာဓိုရ်မှန်းချင်း .... ၆၆၀
၅ စာဆိုတော်,လူဦးမင်းဆို အရှူးမင်းကျော်ရုပ်မှန်းချင်း.... ၆၆၈
၆ ဘိုးသူခတော်, ဦးမင်းဆို တောင်သူကြီးရုပ် မှန်းချင်း .... ၆၆၉
၁၂၃ ညည်းချင်းစာကိုယ်နှင့် ခွန်းထောက်လေးဆစ် .... ၆၆၉
၁၂၄ လက်ခွေလက်ဝှေ့ စကားကြိမ်းဆိုင်းဆင့်နှင့်သေးဆစ် .... ၆၇၁
၁၂၅ နတ်သံ ၂-မျိုးစာကိုယ်များပြဆိုချက် .... ၆၇၂
(က) ဝန်ကြီးနတ်သျှင်နောင်ဆိုရင်း နတ်သံ .... ၆၇၂
(ခ) မြဝတီဝန်ကြီးဆိုသော နတ်ဘံသစ် .... ၆၇၃
၁၂၆ နတ်စကားစာကိုယ်များကို ပြဆိုချက် .... ၆၇၄
(က) နတ်စကားအတွက် အကျိုးခံစားရပုံ .... ၆၇၇
၁၂၇ ဟံသာဝတီရောက် မင်းတရား သွီးတော် မင်းထိပ်ပန်းရေ— မောင်ဘွဲ့ပတ်ပျိုး .... ၆၇၈
၁၂၈ (က) ကျွမ်းပြူဆရာ ကိုယ်တိုင်ရေး, ပုဂံအာနန္ဒာဘုရားဘွဲ့ ပတ် ပျိုး .... ၆၇၉

D

(ယ)

## နောက်ဆက်တွဲ တတိယပိုင်း မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ခ) ငင်းရေး, ပုဂံသဗ္ဗညုဘုရားဘွဲ့ပတ်ပျိုး .... | ၆၀၀ |
| | (ဂ) ငင်းရေး, ပုဂံပြည်ဘွဲ့ပတ်ပျိုး .... | ၆၀၀ |
| ၁၂၉ | ငင်းရေး,ရန်ကုန်ယူနီဘာစီတီဘွဲ့ ပတ်ပျိုး .... | ၆၀၁ |
| ၁၃၀ | ဘုရင်မင်းမြတ်အတွက် ရေစက်သွန်းဆုတောင်း .... | ၆၀၁ |
| ၁၃၁ | ရှင်ဘုရင်အတွက် နတ်ဆုတောင်းစာ .... | ၆၀၃ |
| ၁၃၂ | အလယ်နန်းမိဖုရားသားတော် မြပုခက်တင်,နတ်ဆုတောင်းစာ | ၆၀၆ |
| ၁၃၃ | ဆင်ဖြူမရှင်မိဖုရားစာထုပ်ကြီးဆုတောင်းစာ .... | ၆၀၇ |
| ၁၃၄ | ဝမ်းတွင်း ငါးမြို့ဝန်မင်းဆုတောင်းစာလင်္ကာ .... | ၆၀၇ |
| ၁၃၅ | အပျိုတော် မြင်ကွန်းမြို့စား ရေစက်သွန်းဆုတောင်းစာ နှစ်ထွေစပ် .... | ၆၀၈ |
| ၁၃၆ | ရေနံချောင်းမြို့စားဝန်ကြီးကတော့ ရေစက်သွန်းဆုတောင်းစာ | ၆၉၂ |
| ၁၃၇ | ကဗျာဘွဲ့ရာ လိုက်နာရန် ဥပဒေသသံပေါက် ၁၇၅-ပုဒ် .... | ၆၉၆ |
| | (က) ပါဠိနှင့်မြန်မာလိုက်နာစပ်ဆိုနည်းကွဲပုံ .... | ၇၀၀ |
| | (ခ) ခေါ်နည်း, ဖတ်ရွတ်နည်း ကွဲပြားပုံ .... | ၇၀၁ |
| | (ဂ) င နှင့် န ပြောင်းတတ်ပုံ .... | ၇၀၂ |
| | (ဃ) စ နှင့် တ ပြောင်းတတ်ပုံ .... | ၇၀၂ |
| | (င) အသံ အလေးအပေါ့ပြောင်းနည်း .... | ၇၀၃ |
| | (စ) ဟလွတ်ဟဆွဲးပြောင်းလဲပုံ .... | ၇၀၄ |
| | (ဆ) သံပေါ့သံလေးပြောင်းလဲရပုံ .... | ၇၀၄ |
| ၁၃၈ | ကျမ်းပြုသူ,ပုဂံနယ်ပိုင်ဝန်ထောက်မင်း၏ အတ္ထုပ္ပတ္တိ .... | ၇၀၆ |
| | ငင်း ဝန်ထောက်မင်းနှင့် မင်းကတော်တို့မျိုးနွယ် .... | ၇၀၈ |
| ၁၃၉ | ကဗျာဗန္ဓသာရကျမ်း နောက်ဆက်တွဲအကြမ်းပြီးနေ့စွဲနိဂုံး.... | ၇၁၁ |
| ၁၄၀ | ငင်းကျမ်းအချောပြီး နိဂုံးသံပေါက် .... | ၇၁၂ |
| ၁၄၁ | အမှား တွေ့လျှင် ပြင်စေလိုကြောင်း, တောင်းပန်ချက် သံပေါက် .... | ၇၁၂ |
| ၁၄၂ | အမျှဝေ, မေတ္တာပို့ သံပေါက် ၇၀-ပုဒ် .... | ၇၁၃ |
| | သံဝေဂသံပေါက်လင်္ကာ ၁၂-ပုဒ် .... | ၇၁၈ |
| ၁၄၃ | ဖြိုးထုပ်နှင့်ဘကုန်းရေးထုံးနည်းလမ်း .... | ၇၂၀ |
| | ငင်းဘွဲ့ရတုပိုဒ်စုံ .... | ၇၂၄ |


မာတိကာပြီး၏။

---

# အက္ခရာစဉ်အညွှန်း

(ဂဏန်းများသည် စာမျက်နှာကို ညွှန်းသည်)

### အ


အကျယ်ထုတ်ဘွင့် .... ၄၁၀
အကျတ်တဝင့် .... ၄၁၀
အက္ခရာလှယ် .... ၂၉၄
အက္ခရာယမက .... ၂၇၂
အချိုပိုဒ်စုံ .... ၃၆၁
အချပိုဒ်စုံ .... ၃၆၂
အချင်းငယ် .... ၅၀၅
အချင်းခ်ရိုး .... ၅၇၀
အချင်းကြီး၊ အဲး .... ၅၀၉
အခွန်တော်ခံပုံ .... ၄၀၇
အစ သုံးလုံးထား ဒွေးချိုး .... ၅၁၃
အစ လေးလုံးထား ဒွေးချိုး— ၅၁၂
အစ လေးလုံးကပ္ပား ဒွေးချိုး- ၅၁၂
အစ ငါးလုံးထား ဒွေးချိုး .... ၅၁၃
အစည်းဝေးဆုံးဖြတ်ချက် .... ၄၀၁
အစပ်ခြောက်ပါး .... ၄၃၇
အစပ်ခြောက်ပါး၃-မျိုး —၅၉-၆၉
အစပ်ခြောက်ပါး ကေစိဝါဒ ၇၁
အစိပ်အစိပ်ယူပုံ .... ၄၃၆
အငြိမ့်တီး ခြောက်ပါး .... ၅၆၁
အတီးအမှုတ်ဆိုင်ရာ ကဗျာစပ်၌ သတ်ပုံ အရေးမကြီး .... ၄၆၂
အတီးအမှုတ် .... ၄၆၃
အတွင်းပိုဒ်စုံ .... ၃၆၁
အထွက်အတက်နည်း .... ၃၂၀
အထွက်အတက် .... ၄၃၅
အဓိမာသ်နည်း .... ၄၀၇
အနိဋ္ဌသံ, ဣဋ္ဌသံ .... ၄၁၅


### အ


အနောက်နန်း မြကလေးရေး လေးဆစ် .... ၅၃၁
အပြစ်ပါသောကဗျာ ၄၂၃၊ ၄၂၄၊ ၄၂၇
အပြင်ပိုဒ်စုံ .... ၃၆၁
အပေါင်းယူဟန် .... ၄၃၆
အဖေဠ္ဌသာရဒီပနီလာ .... ၃၂၅
အဘွင့်ခေါ်ပုံများ .... ၄၂၀
အမှားမကာင်း, ယွင်းပုံ .... ၃၅၁
အလင်းပြကျမ်း၌ ချွတ်ပုံ .... ၃၅၉
အလိုရှိအပ်သောအသံ .... ၄၄၀
အလိုမရှိအပ်သောအသံ .... ၄၄၀
အစပ်ခြောက်မျိုး ပါဠိ .... ၄၄၁
အဝှန်းနှင့်ဆိုင်ရာ ဂဏန်းခွဲပုံ- ၃၀၇
အသံလုံးမျိုး .... ၅၂၀
အသံခြောက်မျိုး .... ၅၂၀
အသံ ခုနစ်မျိုး .... ၅၂၁
အသံ ၁၅-မျိုး .... ၅၁၉
အသံခွဲးပုံကျမ်း .... ၅၂၁
အသံ လေး,ပေါ့ ပြောင်းပုံ- ၇၀၃ ၇၀၅
အန်, ဝေါဟာရ .... ၄၃
အန်-စိကုံးပုံ .... ၅၂
အန်-စာရင်း .... ၁၆၂
အန်စာကိုယ် .... ၁၆၂
အန်-အဟောင်းဆုံး .... ၅၀၂


### ဣ


ဣဋ္ဌသံ, အနိဋ္ဌသံ ၃၂၅-၄၄၀

ဥ

ဥပဒေသသံပေါက် .... ၆၉၆
ဥလျောင်ဆိုနည်း .... ၂၀၂
ဥက္ကံသမာလာ မေတ္တာစာ – ၆၁၂

ဦး

ဦးကုသလ စာ
ဦးပုည,မယ်ဘွဲ့ .... ၃၃၅
၎င်း-မောင်ဘွဲ့ .... ၆၁၇
ဦးဘဘေ .... ၆၁၉
ဦးဘေမောင်တင် .... ၄၅၉
.... ၄၅၉

ဧ

ဧကပိုဒ်ရတု
.... ၁၃၁

ဧး

ဧးချင်းသံတိုင်
ဧးချင်း သံတိုင်သံဘောက် ၃၅-၁၂၂
ဧးချင်းသမုတ်ပုံ .... ၄၀
အဲးအကြောင်း .... ၁၁၉
အဲး-ခေါ်ပုံ .... ၇၄
.... ၁၀၃

က

ကဗ္ဗခေါ်ပုံ
ကဗျာသဒ္ဒါ၏မူလ .... ၄၁၅
ကဗျာဘွဲ့နည်းကျမ်း .... ၅
ကဗျာမူလ ပင်မ .... ၃၅၅
ကဗျာခေါ်ခြင်း .... ၁၀
ကဗျာဘွဲ့ခြင်း .... ၅
ကဗျာဝန္တသာရကျမ်းကူးသူ ၂၂၉-၂၃၁
၎င်းကျမ်းအကျိုး – ၃၀၂
၎င်း ကျမ်းတွင် ပြင်သင့်ရာရှိ .... ၃၃၇
လျှင် ပြင်ရန်
၎င်းကျမ်းထောမနာ .... ၃၃၅
ကဗျာဘွဲ့နည်းကျမ်း ရမ်းကား .... ၃၃၇
ပုံ
.... ၄၅၅

က

၎င်းတွင် ရထားပြေးကို
ဘီလူးရယ် ဆိုပုံ .... ၄၅၇
ကမ္ဗုတဒေါသ ၂၀၅-၅၁၄
ကဗျာမှာပါသောဂုဏ် .... ၂၂၃
ကဗျာ၌ ဂိုဏ်းဘွဲ့ပုံ .... ၂၃၉
ကဝိကဏ္ဌပါသကျမ်းလာ .... ၂၃၂
၂၄၇-၂၄၉
ကာချင်းပါ,တေနှင့်တမောင်း ၁၀၀
ကာချင်းခေါ်ပုံ .... ၁၇၉
ကာချင်းစာကိုယ် .... ၁၀၀
ကာရန် ၆၄–ပါး ၅၃၇-၅၃၀
ကာလစွဲး၍ ပြောင်းလွဲးတတ်
ပုံ
.... ၃၇၆
ကေဗိဆရာ၏အာသိသ .... ၄၁၅
ကေဗိဝါဒ, အတွင်းစာသွား
လေးလုံးစပ်နည်း ၇၁-၃၄၄-၄၅၀
ကေဗိဝါဒပယ်ပုံ ၇၁-၄၅၃
၎င်းကို တွင်သင်း တိုက်ဝန်
ပယ်ပုံ
.... ၃၄၅
ကေဗိဝါဒဆရာ၏ အာစရိယ,
ပါစရိယ
.... ၄၅၃
ကေဗိဝါဒဆရာ၏ သိဿာန
သိဿ
၃၅၉-၄၅၃-၄၅၄
ကေဗိ ဝါဒနှင့် စွယ်စုံကျော်
ထင်
.... ၄၅၁
ကေဗိ ဝါဒနှင့် ကဗျာသင်္ဂဟ
မေဒနီ
.... ၄၅၀
ကေဗိဝါဒကို မန်လည် ဆရာ
တော်ပယ်ပုံ
.... ၃၆၅
ကေဗိဝါဒမှာပါသောပန်းနှင့်
ပမ်းကို ရွှေမင်းဝံဆရာတော်
ပယ်ပုံ
.... ၃၂၆
၎င်းဝါဒလာ,ထိန်းနှင့်ထိမ်း– ၄၅၅
.... ၄၆၂





က

၎င်းဝါဒလာ ကျန်းနှင့်ကြမ်း- ၄၅၀
၎င်းလာ ချိန်ခွင်လျှာစပ် .... ၃၆၅
၎င်းလာ ဘီလူးရယ်စပ် .... ၃၆၅
၄၅၇
ကဏ္ဍကို အဘွင့်ခေါ်ပုံ .... ၄၁၃
ကွန်း .... ၃၃
ကိုယ်တွင်းပြည့် ရွဲးသိဆို .... ၂၇၉
ကြာချည့် .... ၅၂၇
ကြာခြည် .... ၅၂၇
ကျောင်းသုံး, နန်းသုံးကွဲးပုံ – ၃၇၀
ကြာဆိုနည်း .... ၂၇၄
ကြာရေးနည်း .... ၂၀၃
ကြယာ ၆၀ ၂၄၉-၂၇၂
ကြေးသံမျိုး ၁၀-ပါး .... ၅၆၃
ကျန်းနှင့်ကြမ်း .... ၄၅၀
ကြိုးပမ်း-လုံးပန်း .... ၃၂၆
ကျမ်းပြုသူအဆ္ထုပ္ပတ္တိ .... ၇၀၆

ခ

ချင်းဝေါဟာရ .... ၁၉
ခြင်ရံ .... ၅၂၆
ခြသေ့လည်ပြန် .... ၂၉၀
ချိန်ခွင်လျှာချနည်း .... ၃၆၆
ခွေးလှေးခုန် .... ၂၉၂

ဂ

ဂါထာ .... ၄၁၅
ဂေါမုတ္တရ သုံးလွန်းတင် .... ၂၇၉
ဂဏ္ဍာဓိ,ဂဏ္ဍာမ .... ၃၆၀
ဂိုဏ်းပေါ်, ဂိုဏ်းခံ .... ၂၄၄

င

ငပြေတက်သက် .... ၂၀၇
င-နှင့် န ပြောင်းပုံ .... ၇၀၂

စ

စနှင့် တ ပြောင်းပုံ .... ၇၀၂
စကားထောင့် .... ၃၇၄
စကားပြေ .... ၄၇၆
စာကျိုးစာဆန်း .... ၂၄၀
စာထုံး .... ၂၄၀
စာတုလိုက်ရေးပုံ .... ၅၁၄
စာဆိုရင်းပုဂ္ဂိုလ် .... ၃၂၀
စာရှိသည် ဆိုရုံမျှနှင့် မယုံရပုံ ၃၄၀
စက်ဆိုနည်း .... ၂၇၃
စည့်ပုတ် .... ၅၈၉
စည်ပြော .... ၅၆၀
စည်နှီစည်ပြော .... ၅၆၀
စည့်ဝန်း .... ၅၆၉
စည်မျိုး ၁၃-ပါး .... ၅၆၃
စည်းကမ်းမဲ့နည်း .... ၃၀၄
စုဏ္ဏိယ .... ၄၁၃

ဆ

ဆံထုံး ၅၅-မျိုး .... ၁၆၂
၎င်းလက်ာ .... ၅၅၀

ဇ

ဇေယျာ, ဇေယျာချီ ရှေးရေး ၅၀၃

ည

ညောင်ပင်ကျောင်း
ဆရာတော် .... ၆၁၀
ညည်းချင်း .... ၆၆၉

တ

တကိုယ်ပုံနှိပ်ခြင်း .... ၃
တနည်းအထွက် ငါးပါး .... ၄၁၅
တပို့တွဲးလဘွဲ့ .... ၅၀၃
တပေါင်းလဘွဲ့ .... ၅၀၃

တ

တေးထပ်စပ်နည်း .... ၅၅၀
တေးထပ်စာကိုယ် .... ၆၄၄
တေးရိုးစပ်နည်း .... ၅၄၀
တေးရိုးစာကိုယ် .... ၆၄၂
တေးတွဲ့စာကိုယ် .... ၆၅၆
တမ်းခွန်စာဆိုနည်း .... ၂၇၇
တမ်းချင်းစပ်ပုံ .... ၄၀
တမ်းချင်းစာကိုယ် .... ၁၁၂
တမ်းချင်းအကြောင်း .... ၃၇
တဝန်းမြန်ဘောင်ချီ .... ၅၀၅
တိုင်းမိ...ချီ .... ၅၀၅
တောင်... ခရိုင်ဝန်မင်း တိုက်တွန်းချက် .... ၃၄၁
၎င်း၏ ဩဝါဒ ၃၄၄-၃၆၀
၎င်း ၃၇၀-၃၀၉
တောင်ပုပ္ပါး စံကားပွင့် .... ၅၀၁
တောင်ဥယျာဉ်တော် .... ၃၆၆
တောင်ဘီလာပုဂ္ဂိုလ် ၆၀၅-၆၀၉
တြိချိုးဝေါဟာရ .... ၅၂၃

ထ

ထူးမခြားနား .... ၅၁၄
ထောင်ရောင်နေအလိုက် .... ၅၁၅
ထိန်း နှင့် ထိမ်း .... ၄၅၅

ဒ

ဒုတိယပိုင်း
ဒိပနီစာအုပ် .... ၅၇၁
ဒွေးချိုးညွှန့်ပေါင်းကျမ်း .... ၃၅၇
ဒွေးချိုးသံထောက် .... ၅၁၀
ဒွေးချိုးစပ်ပုံ .... ၅၀၃
၅၀၉-၆၂၁

ဓ

ဓာတ်တံခါး လေးရပ်စည် .... ၅၆၀
ဓုန်းချင်း .... ၆၆၇

န

နဝဘာအင်းဆိုနည်း .... ၂၇၉
နရည်းစရာ .... ၂၉၂
နိဒါန်းစကားပြေ .... ၂
နည်းများတိုင်း မလိုက်ရ .... ၃၇၁
နတ်စာ, လူစာ .... ၃၀၆
နတ်ဆုတောင်းစာ .... ၆၀၃
နဒွှော်လ ဘွဲ့ .... ၅၀၃
နတ်ပန်းလှေတော်ချီလှေသံ — ၅၀၆
နတ်သံ, နတ်ချင်း .... ၅၅၆
နတ်သံစာကိုယ် .... ၆၇၂
နတ်စကား .... ၆၇၄
နောက်ဆက်တွဲနိဒါန်း .... ၃၀၅
၎င်း ရည်ရွယ်ချက် .... ၃၀၇
နှစ်လွှန်းတင်ရေးနည်း .... ၂၉၆
နှစ်ထွေစပ် .... ၄၇၅

ပ

ပဒဒေါသ ၈-ပါး .... ၁၉၀
ပဒပရိဟာရ .... ၂၁၂
ပဇ္ဇ-ပဇ္ဈ .... ၄၆၉
ပါဠိဂါထာ, ကဗျာ ၃၀-၄၆၆
ပါဠိ မြန်မာ ၂-မျိုးစပ် .... ၄၆၀
ပိဋကတ်တော်မ .... ၄၀၅
ပိနမှ ပျို့ဖြစ်ပုံ .... ၂၆
ပိတုန်းပျံ့ဝဲ .... ၂၀၄
ပုဂံကောင်းစားစဉ် .... ၅၇၉
ပုလဲးတတန် သန္တာတတန် — ၂၇၀
ပညာရှိအုပ်,ဝက်မစွတ်မြို့စား ၆၄၁
ပုဒ်အက္ခရာ, ပင့်ရစ် ၂၉၀-၃၉၁
ပတ်ပျိုး, မောင်ဘွဲ့ .... ၆၇၀
" ဘုရားဘွဲ့ .... ၆၇၉
" ပုဂံပြည်ဘွဲ့ .... ၆၀၀
" ယူနီဗာစီတီဘွဲ့ .... ၆၀၁
ပန်းပုထူးသည်ရာဇာမေတ္တာစာ ၅၉၂





ပုံသာ .... ၅၆၉
ပုံကြီးသံ .... ၆၆၅
ပို့, ပျို့—ဝေါဟာရ .... ၂၃
ပို့ မှ ပျို့ ရွေ့ပုံ .... ၂၅
ပျို့စာရင်း .... ၀၇
ပျို့သဘော .... ၉၀
ပျို့အကြောင်း .... ၂၃
ပြာသိုလဘွဲ့ .... ၅၀၃

ဖ

ဖြေရှင်းချက်,အထွက်အတက် ၄၃၅
ဖ,ဘ ရေးထုံးနည်းလမ်း .... ၇၂၀

ဗ

ဗြဲးတိုက်မှာတမ်း .... ၆၁၄
ဗန္ဓခေါ်ပုံ .... ၄၁၇

ဘ

ဘိလူးရယ်ချနည်း ၇၁-၂၄၀
၃၆၅-၃၆၆
ဘာသာ ၂မျိုးမှာအပြောနည်း ၃၃၉
ဘတ်ရွတ် နည်းကွဲပုံ .... ၇၀၁

မ

မမခင်ကြီးမေတ္တာစာ ၆၀၁-၆၀၃
မနောဟာရရေးနည်း .... ၂၉၃
မတြာယူဟန် .... ၂၃၇
မမှန်မကန်ရေးသူ .... ၃၉၃
မလင်းမှောင်ဝေချီ .... ၅၀၄
မာဂဓကဗျာ .... ၄၁၂
မာဂဓပျက်လူးတား .... ၄၃
မာဂခခေါ်နည်း ၆-မျိုး .... ၂၁
မာဂဓပျက်အန် .... ၄၄
မာဂဓဘာသာလင်္ကာ .... ၄၅
မှုရင်းကဗျာကို စံပြုပုံ .... ၅၁၇
မေးဖြေဖြောင့်ကောဝိဒ်ရတု.... ၃၂၀
မော်ကွန်းပုံစံ .... ၉၅
မော်ကွန်းစာရင်း .... ၉၃
မော်ကွန်း အနက် .... ၂၀
မော် အနက် .... ၃၀
မင်္ဂလာတိုင်း စာပုံနှိပ်တိုက်က
မှားပုံ .... ၃၅၅
မင်္ဂလာဖြစ်ရန်အချင်း .... ၅၄၀
မင်းကြီးစွာစောကဲး .... ၅၀၂
မေတ္တာစာ စပ်နည်း .... ၄၀၂
၎င်း စာကိုယ် .... ၅၉၂
မောင်ဘိုးရင်ဆို .... ၆၂၀
မောင်စံသူ ဆို မှာတမ်း .... ၆၁၆
မောင်ရွှန်းကဦးဖြေပေး .... ၅၉၇
မောင်ဖြေမေတ္တာစာ .... ၅၉၀
မျက်နှာမည်းသံ .... ၂၀၁
မြမန်းစကြာချီ .... ၅၀၇
မြေတဲးမင်းသွီး .... ၆၁၁
မြင်းဆက်ခွချနည်း .... ၃၆၇
မြင်းမိုရ်ဆိုနည်း .... ၂၀၁
မြန်မာလိုအချင်း .... ၃၀
မြန်မာပြည်ဖြစ် စည် ၁၂-မျိုး ၅၆၄
မြန်မာစာ ဂဏ်ညှိုးခြင်း .... ၄၆၀
မြန်မာစာ အရောင်ညှိုး .... ၄၅၉
မြန်မာလင်္ကာ .... ၁၁
မြန်မာသီချင်း .... ၁၄
မြန်မာရတု .... ၃၀
မြန်မာလူးတား .... ၄၂
မြန်မာလင်္ကာ .... ၄၆
မြန်မာထီးနန်းညှိုး .... ၃၁၀
မြို့တွင်းအင်းမြုပ် .... ၄၀၀
မြန်မာထီးနန်းရှိစဉ် ၄၀၉-၄၉၆
မှာတမ်း ၂-မျိုး .... ၄၀၇
မှာတမ်းအကြောင်း .... ၇၇
မှာတမ်းစာကိုယ် .... ၆၁၄
မှားမှန်းသိက ပြင်မြဲး .... ၄၀၆
မှတ်ရန်ဥပဒေသ .... ၄၀၉
မြောက်စည် .... ၅၆၉
မြွေပွေးတွင်းလူး .... ၂၉၁

ယ

ယမုန်နာချီ .... ၅၀၄

ရ

ရကင်း ၃၇-ချင်း .... ၅၆၁
ရကန်ခေါ်ပုံ .... ၁၇၁
ရကန်သဘော .... ၁၇၂
ရတုဆိုသူစာရင်း .... ၁၂၇
ရတုအဖြည့်ခံ .... ၁၃၅
〃 ၃-ချက်ညီပိုဒ်စုံ .... ၁၃၉
〃 သပ်စေ့နှက် .... ၁၄၃
〃 ကိုယ်တွင်းပြည့် .... ၁၄၉
〃 စကြာစပ် .... ၁၅၀
〃 တောင့်တဲ့းတွန့် .... ၁၅၅
〃 မင်္ဂလာ .... ၅၁
〃 ညွန့်တက် .... ၅၁
〃 ရှင်လောင်းလှည့် .... ၄၁
〃 ရှေးဟောင်း .... ၅၇၇
〃 မြန်မာအနက် .... ၃၀
〃 သက္ကတအနက် .... ၃၉
〃 စာဖြတ် .... ၅၀
〃 ဝမ်းပိုက်ကြီး .... ၅၁
〃 လည်တို .... ၅၁
〃 အကြောင်း .... ၃၀
〃 ချီ,ချနည်း .... ၃၆၅
〃 ၃-ရပ်, ၅-မျိုး .... ၄၉
ရာဇဌာနီ .... ၃၇၄
ရေသံအန်ချင်း .... ၅၀၃
ရေစက်သွန်းစာ ၆၀၁-၆၀၇
ရေးခါအမှန်, ဖတ်ခါအသံ— ၃၀၃
ရေးထုံးရေးနည်း အမိန့်တော် ၃၉၃
ရှေးမင်းတို့လက်ထက် .... ၃၉၀
ရှေးရိုးထုံးစံ .... ၃၉၄
ရွှေမင်းဝံဆရာတော် ဩဝါဒ ၃၂၀
၃၂၃-၃၂၇-၄၅၀

ရ

ရွှေ မင်း ဝံ ဆရာတော် ထံ
လျှောက်စာ .... ၄၄၄
ရဲးတင်းအကြောင်း .... ၃၆
〃 စာရင်း .... ၁၀၃
〃 သဘော .... ၁၀၉
ရှိနှင့်ယှိ .... ၅၃၃
ရင်စေ့ရေးနည်း .... ၂၀၆
ရင်ခွါရေးနည်း .... ၂၀၆
ရန်ကုန်ဘုရားဖြူ ဆရာတော်— ၃၃၉
ရှင်မဟာရဋ္ဌသာရ .... ၅၉၅
ရှင်မဟာသီလဝံသ .... ၅၉၄
ရှင်ရဋ္ဌသာရအသက် .... ၅၀၂
ရှင်ရဋ္ဌသာရဆိုမေးဖြေဖြောင့် ၃၂၀
ရှင်ဘုရင်က လျှော့ရပုံ .... ၄၀၇
ရှင်ဝိစိတ္တာလင်္ကာရ .... ၃၄၅
ရှင်ဝိစိတ္တာစာရ .... ၄၅၃
ငှင်း၏စာ .... ၄၄၀
ရှစ်ဆယ်ပေါ်တေးထပ် .... ၅၅၅

လ

လှူးတားအကြောင်း .... ၄၁
〃 စပ်ဆိုပုံ .... ၅၂
〃 စာရင်း .... ၁၅၆
လေခဝုမ်ိကျမ်းထွက် .... ၂၇၂
လေးဆစ်ချိုး .... ၅၄၂
〃 စာကိုယ် .... ၆၂၃
〃 စပ်နည်း .... ၅၄၄
〃 ဘောလယ် .... ၆၂၀
လေးလုံးစပ်အကြောင်း .... ၅၀
〃 ပထမနည်း .... ၆၀
〃 ဒုတိယနည်း .... ၆၅
〃 တတိယနည်း .... ၆၆
〃 စတုတ္ထနည်း .... ၆၇
〃 ပဉ္စမနည်း .... ၆၉
〃 ဆဋ္ဌနည်း .... ၇၀





လ

လေးချိုးစာကိုယ် .... ၆၃၀
လက်ဖွဲ့စကားကြမ်း .... ၆၇၁
လက်ာကို ကဗျာခေါ် .... ၄၁၂
〃 အနက် .... ၁၁
〃 အဟောင်းဆုံး .... ၁၁
〃 အချင်း .... ၁၀
〃 အရင်းအမြစ် .... ၂၁
〃 ခြောက်မျိုးစပ်ပုံ .... ၄၇
〃 စာရင်း .... ၇၀
〃 သဘော .... ၀၁
လောင်းကနက်ချီ, ပျော့ချင်း— ၅၀၆
လွှတ်ယော်ကဖြုံးတိုက်သို့ .... ၆၁၅

ဝ

ဝါကျဒေါသ .... ၁၉၇
ဝါကျပရိဟာရ .... ၂၁၇
ဝါဆိုဝါကပ် .... ၄၀၀
ဝါကျတ္တဒေါသ .... ၂၀၄
ဝါကျတ္တပရိဟာရ .... ၂၂၀
ဝိရောဓိဒေါသ .... ၁၉၂
ဝဲးရိုက်ဝဲးသွင်း .... ၄၆
〃 စပ်ပုံ .... ၅၇
〃 စာရင်း .... ၁၇၀
〃 စာကိုယ် .... ၁၇၀
ဝေါဟာရစာသဘော .... ၅၂၀
ဝါးခွဲးရေးနည်း .... ၂၀၅
ဝဂ်နှင်းအကြောင်း .... ၅၀၇
ဝင်စည် .... ၅၆၉

သ

သဘင်သည် ၃၇-ရပ် .... ၅၆၅
သမဏ္ဍာလိပ်ရေးနည်း .... ၂၀၉
သမိုင်းအကြောင်း .... ၃၅

သ

သမိုင်း ဝေါဟာရ .... ၃၆
〃 စာရင်း .... ၁၀၃
〃 သဘော .... ၁၀၃
သာချင်းစာရင်း .... ၁၇၀
သာချင်းသဘော .... ၁၇၀
သီချင်း ဝေါဟာရ .... ၁၄
သီချင်းခေါ်ပုံအကိုး .... ၁၅
သီချင်းသက်ဝင်ရာများ .... ၇၃
သီ—ဝေါဟာရ .... ၁၆
သုဝဏ္ဏလိပ်ရေးပုံ .... ၂၀၀
သံပေါက်အကြောင်း .... ၄၅
〃 စိကုံးပုံ .... ၅၃
〃 စာရင်း .... ၁၆၇
〃 သဘော .... ၁၆၀
〃 ဥပဒေသ .... ၆၉၆
သံပိုင်းအကြောင်း .... ၃၃
〃 အနက် .... ၃၃
〃 စာရင်း .... ၉၀
〃 သဘော .... ၉၉
သံယုဂ် ၁၀—လုံး .... ၂၃၇
သက္ကတ, မာဂဓ, မြန်မာ.... ၄၂၉
သတ်ပုံ—သတ်ညွှန်း .... ၄၆၂
သန်လျှက်ဆိုနည်း .... ၂၇၀
သုံးလွှန်းတင်ဆိုနည်း .... ၂၀၁
〃 ရေးနည်း .... ၂၉၇
၃၇—ချင်း .... ၅၅၇
၃၇—မင်း .... ၅၅၇
၃၇—ရပ် .... ၅၅၇

ဟ

ဟလွှတ်,ဟဆွဲးပြောင်းပုံ .... ၇၀၄
ဟံသာဝတီစာပုံနှိပ်တိုက် .... ၃၅၃
ဟန်ချင်း ၆၆၁-၆၆၅

၁၉၂၀-ခုနှစ် ကုန်တွင် ဘိအေတန်းမှာ မြန်မာစာဘက်က မြန်မာစာ
ဂုဏ်ထူးရကြသောကျောင်းမအများကိုကျွန်ုပ်ကအားရခြိမ့်မွမ်းသောဩဘာနှင့်
ကဗျာဗန္ဓသာရမူလကျမ်းနှင့် နောက်ဆက်တွဲများအား
သင်ကြားသူတို့ခံစားရန်အကျိုး အမျိုးမျိုးကို
ပြဆိုသော ညွန့်လန်း ၁ ရတု

၁၊ ခုခေတ်ခုခါ....ခုသမယာဝယ်၊ မြန်မာစာဘက်၊ သိမ်မွေ့ချက်ကို၊
နှစ်သက်ကြည်နူး၊စိတ်ရည်ရူး၍၊ ဂုဏ်ထူးယူခါ၊ ဘိအေမှာလျှင်၊ မြန်မာ
ဘက်တွင်၊ မောင်စိန်တင်သည်၊ ပွဲဝင်မဆွ၊ ပန်းဦးရ၍။ ။ယင်းမှတ
တန်၊ ကြီးပွားရန်လျှင်၊ လန်ဒန်ရောက်တက်၊ အိုင်စီအက်မှာ၊ သင်ဆဲ
သာတည့်။ ။ဘဝ်ခါမသွေ၊ မဝမ်မေ-မောင်ညွန့်၊ ပြောင်ကွန့်ဉာဏ်ရောင်၊
မောင်ဘမောင်-မောင်ထွန်းလှ၊ မမြမူ-မမြသန်း၊ လဝန်းသွေးရောင်၊
မောင်အေး မောင်ပေါ၊ အောင်ကြပါ၍။ ။အောင်ရာ အောင်ဆဲ၊
ကြိုးစားခဲ့လျက်၊ နိုက်နဲ့တွေ့ရှာ၊ မြန်မာစာကို၊ ကောင်းရာကောင်း
ပတိတ်၊ ကောင်းသောစိတ်ဖြင့်၊ နိဂ္ဂဟ-ပဂ္ဂဟ၊ မြွက်ဆော်ပြသား၊ မောင်
မြသွင်ပါ၊၂ ခြိမ့်မွမ်းရာ၍။ ။ကဗျာဗန္ဓ၊ သာရဉ်စာ၊ လေ့ကျက်ပါမူ၊

၁၊ ညွန့်လန်းဟူသည်ကား၊ ရတု ၃-ပုဒ်သည်၊ တပုဒ်ထက်တပုဒ်ရှည်သည်
ကိုဆိုလိုသည်၊ ဤရတုတွင် တပုဒ်ထက်တပုဒ်၊ ငါးပဒစီရှည်သည်။
၂၊ ကျွန်ုပ်သည်မောင်မြသွင်ကိုမမြင်ဘူး၊မတွေ့ဘူးဖြစ်စေကာမူ၊သူရေးသော

စာများတွင် မြန်မာစာများထွန်းကားစေရန် အားသန်ပုံ၊
စိတ်ဝင်စားပုံအဘူးနှင့် စိတ်ကူးစိတ်သန်း တရားရွှေသွားပုံ၊ မြန်မာစာဘက်တွင်
တွင် မောင်စိန်တင်လောက်နီးနီး ခြိမ့်မွမ်းသင့်ပေသည်။ စကားအိမ်ဘွဲ့ပုံများ
သွင်သည်၊ မောင်စိန်တင်၏ တပည့်ရင်းသော်ငှင်း၊ အဝေးတပည့်သော်ငှင်းဖြစ်
တန်ရာသည်၊ ဟူ၍ထင်ဟူပေသည်။ ။ငှင်းပြင်ဆုံးဖြတ်ချက်ချရာတွင်၊ မောင်
စိန်တင်နှင့် မောင်မြသွင်သည် ဆင်ခြင်ပုံတရားခြင်းမတူဘဲ ကွဲးလွဲးကြသည်၊
မောင်မြသွင်၏ ဆုံးဖြတ်ချက်အချို့က၊ ခလိတဖြစ်ရုံမက၊ မတလုံးကျေဆရာကြီး
တဦး၏တပည့်ထူးဖြစ်ဘူးသောအချက်လည်း တကွက်တကွက် တခါတခါ ပေါ်
လာလေသတည်း။
ဆိုလိုရင်းကား....မောင်မြသွင်သည်၊ သတ္တတ, မာဂဓများကို ကြိုးစားရန်
အချိန်ရို့ငွေရို လိုသေးခြင်းပင်တည်း။
ငှင်းပြင်ပဋ္ဌာန်းကျမ်းတွင်....ပည့် ဥပနိဿာယ မာနံဇပ္ပေတိ ဒိဋ္ဌိဂဏှာတိ။
ဟူ၍ ဟောတော်မူသောဒေသနာတော်ကို ကဲးလွန်ဗွာဝါလှသော နှလုံးသွေး
ဖြင့်သာလျှင် ဆင်ခြင်စဉ်းစားပြီးမှ သဒ္ဒနယ, အဋ္ဌနယမပျက်အောင် ဆုံး
ဖြတ်ချက်ချသင့်သတည်း။



အောင်ပြီးသူတို့၊ အောင်ယူနည်းသာ၊ အောင်ကြပါလိမ့်။ ။အောင်ကာ
မကာ၊ နောင်ကာလလည်း၊ ကဗျာ့ပုဏ္ဏာ၊ အဖြာဖြာတိုင်း၊ လာလာသမျှ၊
ဖြေနိုင်ကြလိမ့်။ ။မှတသုတ၊ ဒိဋ္ဌမြင်ကြား၊ စဉ်ကာထားသည်....ထင်
ရှားသူတို့ဩဘာသော။ ။[ပိုဒ်ရေ ၅၁။ ။သည်အပုဒ်တွင် အတွင်းပိုဒ်စုံ
၏သုံး၏နှင့်၊ လိမ့်နှစ်လိမ့်ပါသည်။]

၂၊ ရှုလစ်ရှုရာ....ရှုဘွယ်စာတွင်၊ မြန်မာဘိုးနဂ် ၁၊ ရိုးမပျက်လျှင်၊
မျိုးဘက်စုံစွာ၊ အကုန်ပါသား၊ ကဗျာဗန္ဓသာရ၊ ကျမ်းမူလနှင့်၊ နောက်မှ
ဘက်တွဲ၊ နောက်ဆက်တွဲဟု၊ သုံးတွဲရှိသမျှ၊ ကြည့်ရှုကြသော်၊ ဂုဏရသ၊
အဝါးဝ၍၊ ဒေါသပရိဟာ၊ သိနိုင်ရာတည့်။ ။ကဗျာဟူသမျှ၊ ဝါကျ
အစပ်၊ အသတ်စပ်နှင့်၊ အစပ်ကွဲးပုံ၊ စပ်မျိုးစုံကို၊ ခြိုင့်သိခြင်း၊ မကျန့်ကြွင်း
တည့်။ ။ယင်းမှတဝ၊ သတ္တတနှင့်၊ မာဂဓမြန်မာ၊ ကဗျာခေါ်ပုံ၊ မည်
မျိုးစုံကို၊ ကုံလုံသိခြင်း၊ တည့်အလင်းတည့်။ ။ယင်းမှတဝေး၊ ရှေးနှောင်း
ရေးသား၊ တေးရိုးတေးထပ်၊ တေးတွဲ့စပ်ကို၊ မလပ်ပြည့်ဖြိုး၊ သိနိုင်မျိုး
တည့်၊ ရှေးရိုးရတု၊ နှောင်းရတုနှင့်၊ ရတုမျိုးမျိုး၊ ဒွေးချိုးလေးချိုး၊ ဘော
လယ်ချိုးက၊ ရိုးဆန်းတန်တန်၊ သိနိုင်ရန်တည့်။ ။ဟန်ချင်းမှန်းချင်း၊ လေ့
ချင်းစုစု၊ သိနိုင်မှုတည့်။ ။ဆုတောင်းစာရေးရိုး၊ အမျိုးမျိုးနှင့်၊ ရှေးရိုး
ညည်းချင်း၊ သိကြားချင်းက၊ နတ်ချင်းဟူသရွေ့၊ မူစုံစေ့တည့်။ ။လက်
ဇွှေကြိမ်းမှ၊ မကျန်ရငြား၊ စုံပြထားသည်....မြင်များထူပျို၂ ပြော၃ရာ
သော။ ။[ပိုဒ်ရေ ၅၆၊ သည် အပုဒ်တွင်၊ အတွင်းပိုဒ်စုံ ၇-တည့်ပါသည်။]

၃၊ ပြုသစ်ပြုရာ....ပြုကြစာဝယ်၊ ကဗျာဗန္ဓသာရ၊ နည်းနယကို၊ မှီးကြ
လွယ်ကူ၊ စံနည်းမူဖြင့်၊ ကြောင်းတူသံကွဲး၊ နာမည်ခွဲး၍၊ မလွဲးနည်းမှန်၊

၁၊ နဂ်-ဟူသည်ကား၊ အနန္တဆိုလိုသည်။ ။အနန္တ-ဟူသည်ကား အဘိုး
မပြတ်နိုင်ဆိုလိုသည်။

၂၊ မျို-ဟူသည်ကား နှစ်သက်ဘွယ်ဆိုလိုသည်။

၃၊ ပြော-ဟူသည်ကား၊ ပြော၏အဓိပ္ပါယ်အများရှိသည်၊ သည်နေရာတွင်
ပြော၏ ပရိယာယ်စကားလှယ်သည် ကျယ်ပင်
ကျယ်ဝန်းသည်ဆိုလိုသည်။ ။ပြော၏ ပရိယာယ်စကားလှယ်သည်....ဆိုပြော၊ ကျယ်ပြော၊ ထူပြော၊
တည်း။ ကဗျာသာရဋ္ဌသင်္ဂဟမှာလာသော....ဆိုပြော၊ ကျယ်ပြော၊ ထူပြော၊ ထပ်တူရမြဲး အတိုင်းပင်
ဖြင့်ပြော—စသည်များမှာလည်း ဆိုနှင့်ပြောဟူသမျှ ထပ်တူရမြဲး အတိုင်းပင်
တည်း။

ဤကျမ်းဟန်ဖြင့်၊ တန္တိယူမှု၊ ကျမ်းသစ်ပြုတို့၊ အတုယူလျှင်၊ ပြစ်မတင်တည့်။ ။အချင်ရဒ္ဓ၊ သာရအကျော်၊ ဆရာတော်၏၊ အာဘော်အရ၊ ရှေးကလူမျိုး၊ စာဆိုရိုးကို၊ စာခိုးမမည်ရာ၊ မိန့်အမှာတည့်။ ။ကဗျာဗန္ဓသာရ၊ ဤကျမ်းမက၊ နယယူလျှင်၊ ပြစ်မတင်ရာ၊ အကြောင်းမှာကား၊ ဤစာပြီးလစ်၊ အာသဠ်နှစ်ဝယ်၊ တစ်နှစ်ငါးလေး၊ စဉ်သင့်ရေးသော်၊ ရွတ်ထွေးကင်းကွာ၊ ရှင်းလင်းစွာလျှင်၊ မြန်မာသက္ကရာဇ်၊ အမှန်ဖြစ်၏။ ။အစ်အင်္ဂနော်ဒ္ဓ၊ ဥရောပတွင်၊ မှတ်ကြကာပေ၊ ရေတွက်လေသား၊ အေဒီသက္ကရာဇ်၊ အညီဖြစ်၏။ ။နှစ်သက်ကောင်းစွ၊ တကြောင်းပြုသော်၊ ကာပျူအင်္ဂါ၊ ချွန်ပ်စာကာ၊ မှီးပါရ၏။ ။ကာပျူအင်္ဂါ၊ ထိုကျမ်းစာသည်၊ နတ်စာလူစာ၊ ပါရုံမကာ၊ မာဂဓအလင်္ကာ၊ သျှင်ဆရာလည်း၊ ထိုစာနည်းသာ၊ မှီးရပါ၏၊ မြန်မာကဗျာ၊ ထုံးနည်းမှာလည်း၊ ခု-စာကျမ်းဦး၊ စ-ပြီးဦးနှင့်၊ စုံဦးစဉ်လျှား၊ ထင်အရှားသည်။ ။[သည်အပုဒ်တွင် ပဒ ၆၁-ပါသည်၊ ....သင်ကြားယူဘို့ ပေါ်စွာ တည့်နှစ်တည့်နှင့် ၏လေး၏ပါသည်။ အတွင်း ပိုဒ်စုံလည်း]

ကဗျာဗန္ဓသာရကျမ်းအလုံးစုံကို ခြုံငုံသိခန်း
ညွန့်လန်းပိုက်စုံရတု ပြီးပြီ။

---

# ကဗျာဗန္ဓသာရကျမ်း

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁–ပဏာမနိဒါန်း

[သပ်စေ့နှုတ်, ၃-ချက်ညီ မင်္ဂလာရတုပိုဒ်စုံ]

ဗု၊ ဓံ၊ သံ၊ န။ ။အုံ့ဝိုင်းလျှံလည်၊ ရန်တည်တည်ကို၊ ဆံခြည်ခင်းမျှ၊ မကြွင်းရအောင်၊ ခွင်းသကုန်စင်၊ ဘုံအပြင်ဝယ်၊ ဂုဏ်အင်ဘုန်းစု၊ နှုန်းမတုသား၊ သုံးလူ့အဖျား၊ ပုရဟားနှင့်၊ တရားတဖြာ၊ သင်္ဃာမှာလျှင်၊ ကဗျာဂါထာ၊ကုံးဖွဲ့ရာတွင်၊ မြတ်စွာဗျာဒိတ်၊ မြီးမွှမ်းဟိတ်ကြောင့်၊ဝင်္ဂိသအသျှင်၊ အဦးတင်လျက်၊ သင်္ဃာရည်ကာ၊ ရတနာသုံးပါး၊ ထွတ်ဆုံးထားမှ၊ မြတ်များဆရာ၊ တပါးလာလျက်၊ မာတာပိတာ၊ ဤအရလည်း၊ ရည်သထားမှု၊ တပါးပြု၍၊ ငါးခုစုံမှန်၊ ဂုဏ်အနန်ကို၊ ယုံလွန်ပဏာမျှ၊ ဝန္ဒနာဖြင့်။ ။ဆယ်ဖြာလက်မှုံရှိပန်းသော။ ။၃၂-ပိုဒ်။

ဘုံတိုင်းစုံတည်၊ အပြည်ပြည်တွင်၊ အရှည်မပျက်၊ မင်းဆက်ဆက်လျှင်၊ ဆင်းသက်ထင်စွာ၊ အစဉ်လာသား၊ ပညာရှိများ၊ ပြုစုထားသည့်၊မြောက်မြားနယ၊ အဝဝမှ၊ ရသည့်အနှစ်၊ အဆီညှစ်သား၊ ဤသေတ္တုစာ၊ ကဗျာဗန္ဓ၊ သာရမည်ပေး၊ ကျမ်းနက်လေးတွင်၊ ရေးထုတ်လတ်မည့်၊ ဌပွတ်သဘော၊ ဗျုပ္ပတ်ဟောမှာ၊ အဋ္ဌနော်မတီ၊ မဟုတ်ဖိပဲ၊ ယုတ္တိဆိုင်ရာ၊ ပြိုင်စာနာ၍၊ ခိုင်မာကဝိ၊ အာစရိတ္တိ၊ လာဘ်ဆင်တူ၊ အစဉ်ယူသား၊ မှုအခန်းခန်း၊ အဆန်းဆန်းကို၊ နန်းနန်းစဉ်လာ၊ ကဗျာဗျာနှင့်။ ။ခြယ်မြှာရှက်ရုံ ညှိတန်းသော။ ။၃၂-ပိုဒ်။

စုံလိုင်းကြံစည်၊ အတည်တည်လျှင်၊ အရှည်ရှေးက၊ ရေးစပ်ကြသား၊ ကဗျာ့ပြုထုံး၊ ရှမဆုံးကို၊ စုရုံးပုချုံ၊ ကုံးနည်းဖွဲ့နည်း၊ စပ်ဆိုနည်းပါ၊ ဖြင် ပည်းပြောပ၊ သဘောပြ၍၊ ဒေါသသိကာ၊ ပရိဟာလည်း၊ ရှိရာတဝ၊ ဂုဏ်ရသနှင့်၊ ဝဏ္ဏ, လိင်, ဝဂ်၊ စက်, ဂိုဏ်း, နက္ခတ်၊ နတ်, ဇာတ်, ဝံသ၊ ဝယ, ကြိယာ၊ မတြာဂရု၊ လဟုသံယု၊ သံတူကြောင်းကွဲ၊ ခွဲးထားအဖြတ်၊ သတ်ထူးအက္ခရာ၊ ကာရန်အစဂ်၊ ဟပ်နည်းတံထွာ၊ အဖြာဖြာနှင့်၊ ကဗျာ ဖြစ်ခြင်း၊ မြစ်အရင်းကို၊ သစ်လင်းလွယ်ကာ၊ ဤကျမ်းစာဖြင့်။ ။ဗယ် ညာချက်စုံသိခန်းသော။ ။၃ ၂-ပိုဒ်။

## ၂-နိဒါန် းစကားပြေ

ပရမပုရ,ပိဇယပုရ,အနန္တပုရ,ဇေယပုရ,ရတနာပုရ,အမရပုရ,ရတနာ ပုံစသောမြန်မာဦးစွန်း ထွန်းရာအခန်းခန်း ထိးနန်းအဖြာဖြာ ပညာရှိ အဆက်ဆက်ဆင်းသက်ဆည်းပူး အထူးစုဆောင်းတော်မူခဲ့ကြသော ပိဋ ကတ်,ဗေဒင်,ရာဇဝင်,ဆေး,ဓာတ်,ဓမ္မသတ်,ရာဇသတ်,ဖြတ်ထုံး,သွင်းစာ, စာဟောင်းကျောက်စာ, ကဗျာလင်္ကာ စသော လှည်းစီးရေ ၄၀-တိုက်ရှိ သော များစွာသော နန်းစဉ်နန်းမွေ ပေမူ ပုရပိုက်မူ အမှတ်အသားများ ကို မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ဆောင်ယူအုပ်ထိန်း ကြည့်ရှုရသော အစိုး ရမင်းပိုင် စာပေအမှတ်အသားများနှင့် တကွ ဘေးဘိုးစဉ်ဆက် ဆင်း သက်ပိုင်ဆိုင်ခဲ့သော ကိုယ်ပိုင်လက်ရှိ ပေမူ-ပုရပိုက်မူများမှစ၍-

လောကဓမ္မ နှစ်ဝစွယ်စုံ ကုံလုံလောကီ နေလပမာ ပညာဂုဏ် ရောင် ပြောင်ပြောင်ဝင်းဝါ လင်းလင်းဖြာသည့် ဆရာတော် ပညာရှိ, မှူးမတ်ပညာရှိစသော ရဟန်းပညာရှိ, လူပညာရှိ, ကဝိပညာကျော်တို့ထံ မှ ရအပ်သော ဥပနိဿယ-ဂရုပဒေသ နယူပဒေသများကို အားကိုး သဟဲး တံကဲးအမှီပြုကာ စပ်ဆိုရင်းပုဂ္ဂိုလ် ခိုင်မာရာ စာစောင်များရာ သဘောယုတ္တိရှိရာ လိုက်နာစိစ္စေး ဆွေးနွေးတိုင်းဆပြီးလျှင်-

စဉ်လာရှေးထုံး ကုံးနည်းဖွဲ့နည်းများနှင့် စပ်သည့်အရာများမှာ-ကဗျာ လင်္ကာ,ပျို့,မော်ကွန်း, သံပိုင်း, သမိုင်း, ရဲတင်း,တမ်းချင်း, ဧချင်း,သံတိုင်, သံဘောက်,လူးတား,အန်,သံပေါက်,ရကန်,သာချင်း,ကာချင်း,ဟောစာ, အဲး, အိုင်, လေးချိုး, ယိုးဒယား, ပတ်ပျိုး, ကြိုး, ဘွဲ့, ဘောလယ်, တေး, သဖြန်, ဟန်ချင်း, ငိုချင်း, နတ်သံ, မှာတမ်း, ဇာတ်-စသည်ဖြင့် နာမ ပညတ် ရေးမှတ်ခေါ်ဝေါ်ပုံ အဖုံဖုံအမျိုးမျိုးရှိသည်များကို-



မည်သည့်အမျိုးအမည်မှာ မည်သည့်အရာသို့ သက်ဝင်သည် မည်သို့ သဘောရှိသည် မည်သို့စပ်ဆို စီကုံးသည်များမှစ၍ စပ်ဆိုစီကုံးပုံ စည်း ကမ်း နည်းလမ်း ထုံးတမ်း ဥဒါဟရုဏ်နှင့်တကွ ပြဆိုချက်များကို-ပထမ ကဏ္ဍ။

ကဗျာလင်္ကာတွင် သက်ဝင်ဆက်ဆံသမျှ စာ,စာရင်းကျယ် အသီးသီး များနှင့် တမျိုးတမျိုးလျှင် သဘောတူ အကြောင်းကွဲးခြောက်စုံ ခြောက် ပိုဒ်ကျစီ ရနိုင်သမျှ စာကိုယ်, အသီးအသီးများပါ ကောင်းစွာစီစဉ်ပြဆို ချက်များကို-ဒုတိယကဏ္ဍ။

သုဗောဓာလင်္ကာရ, ဝုတ္တောဒယ,ကဝိကဏ္ဍပါသ,မြန်မာဝါစ္စဝါစက, လေခဝုဓိ စသည့် ကဗျာလင်္ကာ ဖွဲ့ဆိုနည်းနှင့် ဆက်ဆံသမျှ အထူးထူး သော ကျမ်းဂန်များမှ နေထားကျ ကောက်နုတ်၍ ယုတ္တိ အထောက် အထား ကိုးကားသင့်ရာ ဆိုင်ရာအချက်ချက် ထိုက်သက်ရာရာ ကောင်း စွာ စီစဉ်ပြဆိုချက်များကို-တတိယကဏ္ဍ။

၃-ဌာန ပိုင်းခြားပြသ၍ ပြသပုံ အကြောင်းမှာလည်း အပေါင်း အစိတ်အား အားဖြင့် မည်သို့ခေါ်ဝေါ်မှတ်သား မည်မျှကွဲပြားသည်၊ စကားအပိုင်းအဆက် ဖြင့် မည်သို့ထူးခြား မည်မျှကွဲးပြားပြန်သည်များကို စီရင် တန်းဆာဆင်လျက် ခွဲးဝေစိစစ် တစ်, နှစ်, က, ခ-စသည် စီစဉ် ရေးသား တင်သွင်းအပ်သတည်း။

နိဒါန်းပြီးပြီ။

---

တတိယပုံနှိပ်လုပ်ဆောင်သည့်စာတမ်း

၃-တတိယပုံနှိပ်လုပ်ဆောင်သောစာများသည် ကုန်တော့မည်

ပထမနှင့် ဒုတိယပုံနှိပ်လုပ်ဆောင်သောစာများသည် ကုန်တော့မည် အစိုးရအထောက်အပံ့ ဆဲးဆဲးရှိသည့်ပြင် အသျှင်အစိုးရမင်းတို့ကလည်း ကျမ်းတွင်ပါသော အခန်း ခံ စာသင်ကျောင်းများမှာ ကဗျာဗန္ဓသာရ စိမံပြဋ္ဌာန်းတော်မူ ကဏ္ဍများနှိုက် ထိုက်သက်ရာ လိုက်နာအသုံးပြုရန် ယခုအခါ ချက် ဂဇက်အမိန့်တော် ထုတ်ပြန်တော်မူလျက်ရှိသောကြောင့် ပုံနှိပ်ရပြန် ကဗျာဗန္ဓသာရစာအုပ် လိုလျက်ရှိသည့်အရ တတိယထပ်မံ ပညာရှိတို့ သတည်း။

* ဒုတိယ, ဒုတိယ၊ တတိယ, တတိယ-ဟူ၍ နှစ်ချက်သင့်ဟု အမှတ်ထားကြသည်။

## နိဒါန်း

၁၂၅၄-ခု (၁၈၉၂-ခု) ကဗျာဗန္ဓသာရကျမ်းပြီးသည်၊ ၁၂၆၄-ခု ၁၉၀၂-ခုကစ၍ စတင်ပုံနှိပ်လုပ်ဆောင်သည်။ ၁၂၉၁-ခု (၁၉၂၉-ခု) နှစ်တွင် တတိယတဖန် နောက်ဆက်တွဲနှင့်တကွ ထပ်မံပုံနှိပ် လုပ်ဆောင်သည်။

စတုတ္ထအကြိမ်   ယခု စတုတ္ထအကြိမ်သည် လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်မှ အထား
အသိမှတ်၍ ခေတ်နှင့်အညီဖြစ်စေ၍ ရွေးမူလည်း မပျက်စေရန်
အထူးဖိမ့်ပြီး မြန်မာသက္ကရာဇ် ၁၃၂၉-ခု ခရစ်သက္ကရာဇ် ၁၉၆၈-ခုနှစ်တွင်
စတုတ္ထအကြိမ် ထပ်မံပုံနှိပ်ခြင်း ဖြစ်ပါသည်။

### ၄-ကျမ်းအမည်မှည့်ပုံအကြောင်း

ကဗျာဗန္ဓသာရကျမ်းဟူ၍ အမည်မှည့်သည်ကား....ကဗျာအမျိုးမျိုးကို ရိုးရိုးစုပေါင်းရုံမျှသာ မကပေါဝ်း ကဗျာနှင့် စပ်သမျှ အရင်းအမြစ် ကဗျာဖွဲ့နည်း အနှစ်များကို အဆစ်ကျကျပြဆို၍ ထိုထိုသော ကျမ်းဂန်တို့မှ နေရာတကျ ထုတ်နုတ်၍ ယုတ်လွန်မပေါ် လိုရာအခွင့်သင့်သင့်သိထိုက် မှတ်သင့်မှတ်ထိုက်သည့်အရာကို ပညာရှိတို့ ထုံးတမ်း နည်းလမ်းဟုတ်မှန်စွာ ဆိုင်ရာ အကိုးအကား အထောက်အထား အမြောက်အမြား ပါသော စာဖြစ်၍ "ကဗျာ ဗန္ဓသာရ ကျမ်း"-ဟု အနွဿ အမည် မှည့်သတည်း။ ။ဤငါးကျမ်း ရေး၍ပြီးသော ၁၂၅၄-ခု (၁၈၉၂-ခု) ခေတ်အခါတွင် သည်ကဲ့သို့ ဦးသောစာ, စုံသောစာ, မပေါ်လာသေးမီ ရေးသောစာ ဖြစ်ရုံမက ထိုကာလမှာ မြန်မာစာခေတ် အလွန်သိမ်ဖျင်း၍ အင်္ဂလိပ်စာ ထင်ရှား ထွန်းကား ခေတ်စားဆဲဖြစ်သည်။ ။ဤငါးနောက်- သပိတ်မှောက် ကျောင်းသားများ ပေါ်လာမှသာ မြန်မာစာမှာလည်း သာရအနှစ် အခက်အဆစ် ရှိသည်ကို သိကြကာ မြန်မာစာ ဘက်ဝယ် စိတ်လယ်၍ အသွယ်သွယ် ကွန့်မြူးပြီးလျှင် လက်ဦးလမ်းတွင် နောက်လမ်းပြပဗ္ဗာ ပတ္တိဒါန်မီးပွင့်မှ အဆင့်မီးရောင် ညီးညီး ပြောင်သကဲ့သို့ ပင်တည်း။

---

# ကဗျာဗန္ဓသာရကျမ်း-ပထမကဏ္ဍ

## ပဌမပိုင်း

ကဗျာလင်္ကာသီချင်းဟူသော နာမပညတ် ရေးမှတ်ခေါ်ဝေါ်ပုံ မျိုးမည်များကို ကွဲပြားခြားနား ထင်ရှားသိသာစေရန် ပြဆိုချက်။

### ၁-ကဗျာ-ဟူသော ဝေါဟာရ၏ အကြောင်းများကိုပြဆိုချက်

ကဗျာဆိုသည်မှာ .... သက္ကတဘာသာ ကာဗျ, ကဲဗျ များကိုသော်၎င်း၊ မာဂဓဘာသာ ကာဝေယျ, ကဗျ, ကဗ္ဗ, များကိုသော်၎င်း၊ မြန်မာဘာသာ ကဗျာဟူ၍ ပြန်ဆို ခေါ်ဝေါ်ကြသည်၊ သက္ကတ အဘိဓာန်တွင် ကာဗျဉ္စ သရသဝါကျ ကဝိတာ-ဟူ၍၎င်း ကပ္ပဒုမ မည်သော သက္ကတ အဘိဓာန်တွင် ကဗျသဒ္ဒေါ ဂန္ထော- ဟူ၍၎င်း လာရှိသည်။ မာဂဓဘာသာ ကာဝေယျ, ကဗျ, ကဗ္ဗ, လာရှိပုံသိသာရန် အမြွက်မှာ- သီလက္ခန် ပါဠိတော်တွင် ယဘာပနေကေ။လ။ ကာဝေယျံ-ဟူ၍၎င်း၊ ၎င်းအဋ္ဌကထာတွင် ဇိဝိကဏ္ဍာယ ကဗျကရဏံ - ဟူ၍၎င်း၊ သုဗောဓာလင်္ကာရတွင် ကဗ္ဗနာဋကနိက္ခတ္တာ၊ နေတ္တခိတ္တာကဝိဇ္ဇနာ-ဟူ၍၎င်း လာရှိသည်။ ။ကဗျာဟူသော သဒ္ဒါမှာ မြန်မာဘာသာတိုက်ရိုက် တိုက်ိုလိုရင်းအဓိပ္ပါယ် အနက်ပြန်ခဲ့လျှင် ဖွဲ့သည်ဆိုလိုသည်၊ သဒ္ဒါနက်ပြန်ခဲ့လျှင် ပညာရှိတို့ ဖွဲ့စီသီကုံးသောစာ ဆိုလိုသည်။

သို့ဖြစ်၍ ပဒဝါကျစသော ဒေါသတို့မှ ကင်းလွတ် ပသာဒစသော ဂုဏ်တို့နှင့် ပြည့်စုံအောင် ဖွဲ့စီသီကုံးသမျှသော သက္ကတဘာသာ၊ မာဂဓဘာသာ၊ ဂါထာ၊ စုဏ္ဏိယ၊ မြန်မာဘာသာ၊ စကားပြေ၊ လင်္ကာ သီချင်းများကို အပေါင်းအားဖြင့် တလုံးတည်း ကဗျာဟူ၍ခေါ်ဝေါ်သည်။ *
[အကျယ်ကိုကြည့်ရှုလိုက နောက်ဆက်တွဲမှာ ကြည့်ပါ]။

### ၂-ကဗျာခေါ်ဝေါ်ခြင်း အထောက်အထားများကို ပြဆိုချက်

ဆိုခဲ့သည့်အကြောင်းအရာ သိသာနိုင်ရန် အထောက်အထားများမှာ သီလက္ခန်အဋ္ဌကထာတွင်-

---

* ပရိုဖက်ဆာ ဖေမောင်တင် M. A. ၁၉၂၀-ပြည့်နှစ် ပုံနှိပ်သော ပါဠိ အဘိဓာန်တွင် ကဗျာဟူသည်ကား-*Poetry* ဟု ပြ၍ထားသည်။

* ကာဝေယျန္တိ စတ္တာရောမေ ဘိက္ခဝေ ကဝိ၊ စိန္တာကဝိ,သုတကဝိ, အတ္ထကဝိ, ပဋိဘာဏကဝီတိ ဣမေသံ စတုန္နံကဝိနံ အတ္တနော စိန္တာဝသေနဝါ ဝေဿန္တရောနာမရာဇာ အဟောသိတိ အာဒိနိ သုတွာ သုတဝသေနဝါ ဣမဿ အယံအတ္ထော၊ ဧဝံ တံ ယောဇေဿာမိတိ ဧဝံ အတ္ထဝသေနဝါ ကိဉ္စိဒေဝဒိသွာ တပ္ပဋိဘာဂံ ကတ္တဗ္ဗံ ကရိဿာမိတိ ဧဝံ ဌာနုပ္ပတ္တိကပဋိဘာဏဝသေနဝါ ဇီဝိကတ္ထာယ ကဗျကရဏံ။ ။ဟူ၍ မိန့်ဆို၏။

ကာဝေယျန္တိ-ဟူသည်ကား....ဘိက္ခဝေ-ရဟန်းတို့၊ကဝိ-ကဝိတို့သည်၊ စိန္တာကဝိ - စိန္တာကဝိငင်း၊ သုတ ကဝိ-သုတ ကဝိငင်း၊ အတ္ထကဝိ-အတ္ထကဝိငင်း၊ ပဋိဘာဏကဝိ - ပဋိဘာဏကဝိငင်း၊ ဣတိ - ဤ လေးပါးတို့တည်း၊ ဣမေသံစတုန္နံ-ဤလေးပါးကုန်သော၊ ကဝိနံ-ကဝိတို့၏၊ အတ္တနော-မိမိ၏၊ စိန္တာ ဝသေနဝါ - အကြံအစည်၏ အစွမ်းဖြင့်ငင်း၊ ဝေဿန္တရောနာမရာဇာ-ဝေဿန္တရာမည်သောမင်းသည်၊ အဟောသိ-ဖြစ်ဘူးပြီ၊ ဣတိအာဒိနိ-ဤသို့ အစရှိသော စကားတို့ကို၊သုတွာ-ကြား၍၊ သုတဝသေနဝါ-ကြားသည်၏အစွမ်းဖြင့်ငင်း၊ အယံ အတ္ထော-ဤ အနက်သည်၊ ဣမဿ-ဤသဒ္ဒါ၏၊ အတ္ထော-အနက်တည်း၊ ဧဝံ-ဤသို့၊ တံ-ထိုအနက်ကို၊ ယောဇေဿာမိ-ယှဉ်အံ့၊ ဣတိဧဝံ-ဤသို့၊ အတ္ထဝသေနဝါ-အနက်၏အစွမ်းဖြင့်ငင်း၊ ကိဉ္စိဒေဝ-တစုံတခုကိုသာလျှင်၊ ဒိသွာ-မြင်၍၊ တပ္ပဋိဘာဂံ-ထိုဝတ္ထု၏ အတု ဖြစ်သော၊ ကတ္တဗ္ဗံ-ပြုအပ်သော အမှုကို၊ ကရိဿာမိတိ-ပြုအံ့ဟူ၍၊ ဧဝံ-ဤသို့၊ ဌာနုပ္ပတ္တိကပဋိဘာဏဝသေနဝါ-အရာအားလျော်စွာဖြစ်သော ပညာဉာဏ်၏အစွမ်းဖြင့်ငင်း၊ဇီဝိကတ္ထာယ-အသက်မွေးခြင်းငှာ၊ ကဗျကရဏံ-ကဗျာကို ပြုခြင်းတည်း။

ငင်းဖြင့်တနည်း အဓိပ္ပါယ်နက် ပြဆိုသည်မှာလည်း (ရှေးမင်းဝံဆရာတော် ပြန်ဆိုတော်မူသောအနက်)။ ။ကာဝေယျန္တိ-ကာဝေယျံဟူသည်ကား၊ ဘိက္ခဝေ-ရဟန်းတို့၊ ကဝိ-ကဗျာတို့သည်၊ဣမေစတ္တာရော-ဤလေးပါးတို့တည်း၊ စတ္တာရော-လေးပါးတို့သည်၊ ကတမေ-အဘယ်သည်တို့နည်းဟူမူကား၊ စိန္တာကဝိ-ကြံ၍ကဗျာဖွဲ့ခြင်းငင်း၊ သုတကဝိ-သုတပါးဖွဲ့သည်ကိုကြားဘူး၍ ကဗျာဖွဲ့ခြင်းငင်း၊ အတ္ထကဝိ-အနက်နှင့်စပ်၍ကဗျာဖွဲ့ခြင်းငင်း၊ ပဋိဘာဏကဝိ-ထင်သောဉာဏ်၏အစွမ်းဖြင့်ကဗျာဖွဲ့ခြင်းငင်း၊ ဣတိ ဣမေစတ္တာရော-ဤလေးပါးတို့တည်း၊ ဣတိ-ဤသို့၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဝုတ္တာနံ-ဟောတော်မူအပ်ကုန်သော၊ ဣမေသံစတုန္နံ



ကဝိနံ-ဤလေးရပ်သောကဗျာတို့ကို၊ အတ္တနော-မိမိ၏၊ စိန္တာဝသေနဝါ-အကြံ၏အစွမ်းဖြင့်ငင်း၊ (၁)။ ဝေဿန္တရော နာမ-ဝေဿန္တရာ အမည်ရှိသော၊ ရာဇာ-မင်းသည်၊ အဟောသိ-ဖြစ်၏၊ ဣတိအာဒိနိ-ဤသို့ အစရှိသောစကားတို့ကို၊ သုတွာ-ကြား၍၊ သုတဝသေနဝါ-ကြားဘူးသည်၏အစွမ်းဖြင့်ငင်း၊ (၂)။ ဣမဿ-ဤပါဌ်၏၊ အယံအတ္ထော-ဤအနက်သည်၊ ဟောတိ-ဖြစ်၏၊ ဧဝံ-ဤသို့၊ တံ-ထိုအနက်ကို၊ ယောဇေဿာမိ-ယှဉ်အံ့၊ ဣတိဧဝံ-ဤသို့၊ အတ္ထဝသေနဝါ-အနက်၏ အစွမ်းဖြင့်ငင်း၊ (၃)။ ကိဉ္စိဒေဝ-တစုံတခုကိုလျှင်၊ ဒိသွာ-မြင်၍၊ တပ္ပဋိဘာဂံ-ထိုမြင်ဘူးသောဝတ္ထုနှင့်တူသော၊ ကတ္တဗ္ဗံ-အမှုကို၊ ကရိဿာမိ-ပြုအံ့၊ ဣတိဧဝံ-ဤသို့၊ဌာနုပ္ပတ္တိကပဋိဘာဏဝသေနဝါ-မြင်ဘူးသောဝတ္ထု အားလျော်စွာ ဖြစ်သော ပညာဉာဏ်၏ အစွမ်းဖြင့်ငင်း၊ (၄)။ ဇီဝိကတ္ထာယ-အသက်မွေးခြင်းငှာ ကဗျကရဏံ-ဖွဲ့ခြင်းကိုပြုခြင်းတည်းဟူ၍ ဖွင့်ဆိုလာရှိသည်။

သီလက္ခန္ဓဋီကာသစ်၌-

* ကဝိနံကဗျကရဏန္တိ သမ္ဗန္ဓော၊ ဧတေန ကဝိဟိ ကတံ ကဝိနံဝါ ဣဒံကာဝေယျန္တိ အတ္ထံ ဒဿေတိ၊ အတ္တနော စိန္တာပသေနာတိ အာဒိ တေသံ သဘာဝဒဿနံ၊ တထာဟိ ဝတ္ထုံ အနုသန္ဓိ သယမေဝ စိရေန၊ စိန္တေတွာကရဏဝသေန စိန္တာကဝိဝေဒိတဗ္ဗော၊ ကိဉ္စိသုတွာ သုတေနအသုတံ အနုသန္ဓေတွာကရဏဝသေန သုတကဝိ၊ ကိဉ္စိအတ္ထံဥပဓာရေတွာ တဿ သင်္ခေပန ဝိတ္ထာရကရဏာဒိဝသေနအတ္ထကဝိ၊ ယံကိဉ္စိပရေနကတံ ကဗ္ဗကံဝါ နာဋကံဝါ ဒိသွာ တံသဒိသမေဝ အညံ အတ္တနော ဌာနုပ္ပတ္တိကပဋိဘာဏ ကရဏဝသေန ပဋိဘာဏကဝီတိ၊ တန္တိနိပါတမတ္တံ၊ တပ္ပဋိဘာဂန္တိ တေန ဒိဋ္ဌေန သဒိသံ ကတ္တဗ္ဗန္တိ ဧတ္တ ဝိသေသနံ၊ကရိဿာမီတိ ဧတ္တ ဘာဝနပုံသကံ၊ ဌာနုပ္ပတ္တိက ပဋိဘာဏဝသေနာတိ ကာရဏာနုရူပံ ပဝတ္တနကပညာဏဝသေန၊ ဇီဝိကတ္ထာယာတိ ပကရဏာဒိဝသေန ဝုတ္တံ၊ ကဝိနံဣဒံကဗျံ၊ ယံဂီတန္တိဝုစ္စတိ။

ကဝိနံ-ပညာရှိတို့၏၊ ကဗျကရဏံ-ကဗျာကို ပြုခြင်းတည်း၊ ဣတိ-ဤသည်ကား၊ သမ္ဗန္ဓော-သမ္ဗန်တည်း၊ ဧတေန-ဤကဝိနံ ကဗျကရဏန္တိ-ဟူသော ဤပါဌ်ဖြင့်၊ ကဝိဟိ-ပညာရှိတို့သည်၊ ကတံ-ပြုအပ်၏၊ ဝါ-တနည်းကား၊ ကဝိနံ-ကဝိလေးပါးတို့၏၊ ဣဒံ-ဥစ္စာတည်း၊ ကာဝေယျံ-ကဝိလေးပါးတို့၏ဥစ္စာ၊ ဣတိအတ္ထံ-ဤသို့သော အနက်ကို၊ ဒဿေတိ-

ပြု၍၊ အတ္တနောစိတ္တာဝသေနာတိအာဒိ-အတ္တနော စိတ္တာဝသေန-အစရှိသောစကားသည်၊ သဘာဝဒဿနံ-သဘောကိုပြခြင်းတည်း၊ တထာတံ ဝစနံ-ထိုစကားသည်၊ ဟိ-မှန်၏၊ ဝတ္ထုံစ-ဝတ္ထုကိုငှင်း၊ အနုသန္ဓိဉ္စ-အနုသန္ဓေကိုငှင်း၊ သယမေဝ-ကိုယ်တိုင်သာလျှင်၊ စိန္တေန-ကြံမြင့်စွာ၊ စိန္တေတွာ-ကြံ၍၊ ကရဏဝသေန-ပြုသည်၏ အစွမ်းဖြင့်၊ စိန္တာကဝိ - စိန္တာကဝိကို၊ ဝေဒိတဗ္ဗော-သိအပ်၏၊ ကိဉ္စိ-တစုံတခုကို၊ သုတွာ-ကြားရ၍၊ သုတေန-ကြားဘူးသည်နှင့်၊ အသုတံ-မကြားဘူးသည်ကို၊ အနုသန္ဓေတွာ-တဖန်စပ်၍၊ ကရဏဝသေန-ပြုသည်၏အစွမ်းဖြင့်၊ သုတကဝိ-သုတကဝိကို၊ ဝေဒိတဗ္ဗော-သိအပ်၏၊ ကိဉ္စိ-တစုံတခုသော၊ အတ္ထံ-အနက်ကို၊ ဥပဓာရေတွာ-ဆင်ခြင်၍၊ တဿ-ထိုအနက်၏၊ သင်္ခိပန ဝိတ္ထာရကရဏာဒိဝသေန-အကျဉ်းချုံးခြင်း အကျယ်ချဲ့ခြင်းကို ပြုခြင်းအစရှိသည်တို့၏အစွမ်းဖြင့်၊ အတ္ထကဝိ-အတ္ထကဝိကို၊ ဝေဒိတဗ္ဗော-သိအပ်၏၊ ယံကိဉ္စိ-အကြင်အမှတ်မရှိသော၊ ပရေန-သူတပါးသည်၊ ကတံ-ပြုအပ်သော၊ ကဗ္ဗကံဝါ-ကဗ္ဗကကျမ်းကိုငှင်း၊ နာဋကံဝါ-နာဋကကျမ်းကိုငှင်း ဒိသွာ-မြင်၍၊ တံသဒိသမေဝ-ထိုကျမ်းနှင့် တူသည်သာလျှင် ဖြစ်သော၊ အညံ-တပါးသောအရာကို၊ အတ္တနော-မိမိ၏၊ ဌာနုပ္ပတ္တိက ပဋိဘာဏေန-အရာဌာနဖြစ်သော ပဋိဘာဏ်ဖြင့်၊ ကရဏဝသေန-ပြုသည်၏အစွမ်းဖြင့်၊ ပဋိဘာဏကဝိ-ပဋိဘာဏကဝိကို၊ ဝေဒိတဗ္ဗော-သိအပ်၏၊ ဣတိ-ဤသည်လျှင် အပြီးတည်း၊ တန္တိ-တံဟူသည်ကား၊ နိပါတမတ္တံ - နိပါတ်မျှသာတည်း၊ တပ္ပဋိဘာဂန္တိ-ဟူသည်ကား၊ တေနဒိဋ္ဌေန-ထို မြင်ဘူးသည်နှင့်၊ သဒိသံ-တူသောအရာတည်း၊ ကတ္တဗ္ဗန္တိဧတ္ထ-ကတ္တဗ္ဗံဟူသော ဤပုဒ်၌၊ ဝိသေသနံ - ဝိသေသနတည်း၊ ကရိဿာမိတိဧတ္ထ-ကရိဿာမိ ဟူသော ဤပုဒ်၌၊ ဘာဝနပုံသကံ-ဘာဝနပုံတည်း၊ ဌာနုပ္ပတ္တိက ပဋိဘာဏဝသေနာတိ-ဟူသည်ကား၊ ကာရဏာနုရူပံ-အကြောင်းအားလျော်စွာ၊ ပဝတ္တနကပညာဏဝသေန-ဖြစ်ခြင်းငှာ စွမ်းနိုင်သောဉာဏ်၏ အစွမ်းဖြင့်ငှင်း၊ ဇီဝိကတ္ထာယာတိ-ဟူသည်ကား၊ ပကရဏာဒိဝသေန-ကျမ်းစသည်ကို ပြုသည်၏အစွမ်းဖြင့်ငှင်း၊ ဝုတ္တံ-ဆိုအပ်၏၊ ကဝိနံ-ကဝိလေးပါးတို့၏၊ ဣဒံ-ဥစ္စာတည်း၊ ဣတိ-ထိုကြောင့်၊ ကဗျံ-ကဗျာမည်၏၊ ယံ-အကြင်ကဗျာကို၊ ဂီတန္တိ-သီချင်းဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

ဆုတောင်းခန်းတွင်.... “ထူးပြားကဗျာ၊ ဖွဲ့စရာကား၊ ဂါထာပုံသော၊ စကားပြေ၌၊ ဆိုနိုက်မိန့်တန့်၊ ရှင်းရှင်းသန့်၏၊ မတွန့်ညင်းညင်း၊ ပိုဒ်တွင်း



သက်သက်၊ ထွေဝေါနက်၏” ဟူ၍ စပ်ဆိုသည်။ ။သို့ဖြစ်၍ သက္ကတ၊ မာဂဓ၊ မြန်မာဘာသာတိုင်းမှာပင် ပညာရှိတို့ ဖွဲ့သီစီကုံးသမျှအရာရာကို ကဗျာခေါ်ကြောင်း သိသာသည်။

မည်သည့်အခါကစ၍ မြန်မာဘာသာ ကဗျာခေါ်သည် အတည်ကျ မသိနိုင်သော်လည်း သက္ကတ၊ မာဂဓ ဘာသာ မြန်မာနိုင်ငံသို့ ရောက်ရှိ သိမြင် လိုက်နာနိုင်ကြသည်ကစ၍ သက္ကတ၊ မာဂဓ ဘာသာတို့ ကဲ့သို့ မြန်မာတို့ကလည်း မြန်မာဘာသာ ကဗျာဖွဲ့စီ သီကုံးကြသည်ဟူ၍ ထင်ယူသင့် ထင်ယူထိုက်သည်မှာ-ကျောက်စာ၊ မင်စာများ ထင်ရှားရှိလေပြီး ဖြစ်သည်။

သည်အရာတွင် တွေ့မြင်ရသမျှသော အမှတ်အသားများအရ သက္ကတ ဘာသာ မြန်မာနိုင်ငံသို့ ရောက်ပြီးမှ မာဂဓဘာသာ ရောက်ပြန်လာဘိ သကဲ့သို့ သိသာရသောကြောင့် သက္ကတဘာသာကို ရှေးဦးစွာထား၍ ရေးသားလိုက်သည်။

ယခု ပြဆိုလတ္တံ့သော အရာမှာ မြန်မာဘာသာ သက်သက်ကိုသာ သိသာခြားနား မှတ်သားလိုက်နာ နည်းယူသာအောင် ရည်ဆောင် ညွှန်ပြမည့်အရာဖြစ်သည်၊ မြန်မာဘာသာမှာလည်း စာလုံးအနည်းအများ ထားခြင်း အစအချထားခြင်း ကာရန်သတ်ပုံအစပ်အဟပ်များကို မငဲ့ငဲ့ ကတ္တား၊ ကြိယာ၊ ဘေဒဘေဒ စကားဝါကျ ပိုင်းဖြတ် ခြားနားခြင်း ဒေါသလွတ်ကုန် ဂုဏ်ရသတို့ဖြင့် တန်းဆာဆင်ခြင်း စသည်တို့ဖြင့် ပညာရှိတို့ ဖွဲ့ဆိုစီကုံးသော စကားပြေကဗျာများကို မပြဲ့ဝဲ့ ပဒမည်မျှတွင်အချီ၊ မည်မျှတွင် အချ၊ မည်မျှတွင် အခံ၊ မည်မျှတွင် အအုပ်၊ မည်မျှတွင် အစပ်၊ မည်မျှတွင်အဟပ်-စသည်ဖြင့် မူလနည်းမှန် ကာရန်အသတ်စပ်နည်းစပ်ပုံ၊ စပ်ပုံချပုံ၊ အရှည် အတို ထားပုံ၊ အမည်သညာ ခေါ်ဝေါ် ပညတ်ပုံ၊ ကန့်သတ်ပုံ စသော အစဉ်အလာ သေချာသော လင်္ကာသက်ဝင်ရာပါ ကဗျာ ၁၄-မျိုး၊ သီချင်းသက်ဝင်ရာပါကဗျာ ၂၂-မျိုးတို့ကိုသာအောက်မှာ ဖော်ပြလျက်ရှိသော ဆင်းသက်ဆက်နွယ်ပုံ ဇယားအရ ခွဲခြားပြသမည် ဖြစ်သတည်း။

ငှင်းပြင် မှတ်ရန်မှာ-ကာရန်အသတ် ဆိုသောစကားတွင် ကာရန်နှင့် အသတ် ၂-ရပ် မှန်ကန်ညီညွတ်ရမည် ဆိုလိုသည်၊ လင်္ကာမှာဆိုလိုသည်၊ ဥပမာဆိုသော်-တသတ်နှင့်,ပသတ် အသံတူသည်ဟူ၍ လူနုကလေးများ

ထင်မှားတတ်သည့် စင်စစ်မှာ-အသတ်လည်းမတူ, အသံလည်းမတူ။ ။ တီးလုံးနှင့်ဆိုရသောကဗျာတွင် ပါဝင်သောသီချင်းများမှာ လင်္ကာကဲ့သို့ ကာရန်အသတ် ညီညွတ်ရန် အရေးမကြီးလှ။ ။[အကျယ် ကြည့်ရှုလိုက နောက်ဆက်တွဲမှာကြည့်ပါ]။

ကဗျာဟူသော ဝေါဟာရအကြောင်းကို ပြဆိုချက်ပြီးပြီ။

---

### ၃–ကဗျာဟူသော မူလပင်မမှဖြာ၍ လင်္ကာ, သီချင်း အခက်အလက်ထွက်ပုံကို ပြဆိုချက်

ကဗျာ

**လင်္ကာ**

၁ လင်္ကာ။
၂ ပျို့။
၃ မော်ကွန်း။
၄ သံပိုင်း။
၅ သမိုင်း။
၆ ရဲတင်း။
၇ တမ်းချင်း။
၈ ဧချင်း သံတိုင်။
၉ ဧချင်း သံတောက်။
၁၀ ရတု။
၁၁ လူးတား။
၁၂ အန်။
၁၃ သံပေါက်။
၁၄ ဝဲရိုက်ဝဲသွင်း။

**သီချင်း**

၁ ရကန်။
၂ ဟောစာ။
၃ သာချင်း။
၄ ကာချင်း။
၅ အဲ။
၆ အိုင်။
၇ လေးချိုး။
၈ သံချိုချိုး။
၉ ယိုးဒယား။
၁၀ ပတ်ပျိုး။
၁၁ ကြိုး။
၁၂ ဘွဲ့။
၁၃ ဘောလယ် အရိုးအဆန်း။
၁၄ တေးအရိုးအဆန်း။
၁၅ သဖြန် အရိုးအဆန်း။
၁၆ ဒိုချင်းအရိုးအဆန်း။
၁၇ တုံးချင်း အရိုးအဆန်း။
၁၈ ဟန်ချင်းအရိုးအဆန်း။
၁၉ လေချင်းအရိုးအဆန်း။
၂၀ နတ်သံ။
၂၀ မှာတမ်း။
၂၂ ဇာတ်စကားစပ်ပုံ။

ကဗျာအကြောင်း ပြီးပြီ။

---



### ၄–လင်္ကာဟူသော ဝေါဟာရအကြောင်း

လင်္ကာဆိုသည်မှာ....မာဂဓဘာသာ အလင်္ကာရသဒ္ဒါမှ အ,အက္ခရာ ရ,အက္ခရာတို့ ကျေပျောက်ရွေ့လျောကာ မြန်မာဘာသာ လင်္ကာဟူ၍ ခေါ်ဝေါ်ကြသည်၊ အချို့ကဗျာမှာ လင်္ကာဟူ၍ အ, မပါဝဲ၊ အချို့ ကဗျာမှာ အလင်္ကာဟူ၍ အ-နှင့်တကွ ဖော်ပြစပ်ဆိုသည်။

### ၅–လင်္ကာဝေါ်ဝေါ် စပ်ဆိုခြင်း အထောက်အထား များကို ပြဆိုချက်

စပ်ထုံးမှာ....“ဂါထာအနက်၊ အစုံဖက်လျက်၊ ကျမ်းထွက်အညီ၊ လင်္ကာစီသား” ဟူ၍၎င်း။ “ကျောက်ဆောင် လင်္ကာ၊ သံဝိုင်းစာကို၊ မဟာသီလဝံသ” ဟူ၍၎င်း။ “ကုန်အောင်ခြင်းရာ၊ သိစေငှာဖြင့်၊ လင်္ကာ ဖွဲ့လျက်၊ နိဒါန်းဆက်သည်” ဟူ၍၎င်း။ “နား၏တန်းဆာ၊ အလင်္ကာ ဖြင့်၊ သာယာဝံ့ခြိုး” ဟူ၍၎င်း။ “ရွှေနားတန်းဆာ၊ အလင်္ကာ ကို၊ စဉ်လာရှေးထုံး၊ ပန်းနွယ်ကုံးအံ့” ဟူ၍၎င်း အသီးအသီး စပ်ဆိုကြသည်။

အလင်္ကာ ဟူသော သဒ္ဒါကို မြန်မာဘာသာလိုရင်း အဓိပ္ပါယ် ပိုက်ရိုက်ပြန်လျှင် တန်းဆာဆင်သည် ဟုလိုသည်။

သို့ဖြစ်သည့်အတိုင်း ရှေးပညာရှိ ကဝိသုခမိန်တို့လည်း “ကဏ္ဏံအလင်္ကာရောတိတိ လင်္ကာ”....ယာကဗျာ-အကြင်ကဗျာသည်၊ ကဏ္ဏံ-နားကို၊ အလင်္ကာရောတိ-တန်းဆာဆင်တတ်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ သာ-ထိုကဗျာသည်၊ လင်္ကာ-လင်္ကာမည်၏ဟု ဖွင့်ပြကြသည်။

ယင်းသို့ဖြစ်သောကြောင့် လင်္ကာသတ်ဝင်ရာပါ ကဗျာစာရင်းဟူ၍ ဖော်ပြခဲ့ပြီးသောကဗျာ ၁၄-မျိုးနှင့် သတ်ဝင်ဆက်နွယ်ပုံ ဇယားချလျက် တတိယပိုင်းတွင် ဖော်ပြလျက် တကွ ကဗျာဗန္ဓသာရကျမ်း ပထမကဏ္ဍ ကဗျာစပ်ဆိုနည်းများအရ စပ်ဆိုစီကုံးသမျှ ရှိသည့် လင်္ကာသတ်ဝင်ရာပါ ကဗျာများကို အပေါင်းအားဖြင့် လင်္ကာဟူ၍ သမုတ်ပညတ် ရေးမှတ်ခေါ်ဝေါ်ကြသတည်း။

### ၆–မြန်မာဘာသာ လင်္ကာဟူသောကဗျာ အကြာဆုံး အဟောင်းဆုံးကို ပြဆိုချက်

မြန်မာဘာသာလင်္ကာဟူသော ကဗျာသည် မည်သည့်အခါကစတင် ပေါ်ပေါက် ဖြစ်ထွန်းသည်ဟူ၍ ထင်ယူဆုံးဖြတ်ရန် အမှန်မှချဖော်ပြ

ခြင်းငှာ မစွမ်းသော်လည်း ပုဂံမြို့ကောင်းစားစဉ် သေဥ္စလည်ကြောင်ကြီး
မင်းလက်ထက်လောက်ကဟူ၍ ယူရဆိုရသော လေးလုံးစပ်လင်္ကာကို
သာ အကြာဆုံး အဟောင်းဆုံး တွေ့မြင်ရသည်မှတပါး အခြားအကြာ
ဆုံး အဟောင်းဆုံးလင်္ကာများကို ရှာ၍မတွေ့သေးဖြစ်သည်။

ရှေးကျသော လင်္ကာများနှင့် နောက်ပေါ် လင်္ကာများ ကွဲပြားပုံ
အကျဉ်းမှာ အောက်ပါအတိုင်း ဖြစ်သည်။ ။[အကျယ်ရှုလိုက နောက်
ဆက်တွဲမှာကြည့်ပါ။]

ရှေးကျသောလင်္ကာများမှာ များသောအားဖြင့် အစပဒမှာ ၃-လုံး
စ၍ လင်္ကာစာကိုယ်များလည်း အလွန်တိုသည်၊ ရှည်လျားသောလင်္ကာ
များကို ဒုတိယကဏ္ဍ ပထမပိုင်းမှာ လင်္ကာစာကိုယ် ပြဆိုချက်တွင်ကြည့်။

ရာဇဝင်များတွင် တင်ထား မှတ်သားကြသော နရသိင်္ခမင်းအတိန်း
တော် အနန္တ သူရိယစပ်ဆိုသော အမျက်ဖြေလင်္ကာ ၄-ပိုဒ်ဆိုသည်မှာ
လင်္ကာစာကိုယ်တိုပုံ ရှေးကျသော်လည်း ၃-လုံးစပ်, အစမဟုတ်သည့်
အချက်မှာ ရှေးအခါက ရေးရင်းမူတွင် ပြင်မည်နုတ်မည်ကို အတည်ကျ
ဆုံးဖြတ်ရန်ခက်သော်လည်း ထိုလင်္ကာ၏ အလျင်ကျသော ပုပ္ပါးနတ်
တောင်လင်္ကာ တိုအမျက်ဖြေလင်္ကာ ထိုလင်္ကာ၏နောက်ကျသော ကျစွာ
မင်းကြီး မြကန်ဘွဲ့လင်္ကာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၊ သိုးကလေး၊ ပုပ္ပါးနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြား၌၊
နှံ့ရှားကြိုင်လှိုင်၊ ခါတန်ပွင့်သည်....ရွှေနှင့်ရိုးမှား-ပန်းစကား။

၂၊ သိုးကလေး၊ စကားပွင့်နှင့်၊ နှင်းတင့်နိုးသည်၊ ရဲ့မျိုးသမီး၊ မောင်
ကြီးနှမ၊ ညက်လှပြာစင်၊ မွဲ့သည်ပင်သည်-ခရီးသား။

၃၊ သိုးကလေး၊ မြိတ်လွတ်စုလည်း၊ အငယ်တည်းက၊ ကျွမ်းဝင်ကြ
သည်၊ မွေးဘတူရင်း၊ မျိုးသည်မင်းနှင့်၊ ချစ်ခြင်းစုရုံး၊ သက်ထက်ဆုံး
သည်....နှလုံးမခြား-စောင့်တရား။

၄၊ ဆွေမိမင်း၊ မျက်သုတ်နီစင်၊ ရထည်းဖျင်နှင့်၊ ကျိုင်းစင်မြဝါ၊ မတ်
ကြီးလျာကို.... မယ်သာကျိုက်မိ - တုမရှိ။ [ပုပ္ပါးနတ်တောင် လင်္ကာ
၄-ပိုဒ်။]

၅၊ သူတည်းတယောက်၊ ကောင်းဘို့ရောက်မူ၊ သူတယောက်မှာ၊
ပျက်လင့်ကာသာ-ဓမ္မတာတည့်။ ။[မူအစောင်စောင်မှာပင် ဤမျှသာ
တိုတိုရှိသည်။]



၂၊ ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်
ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊
ခဏတက်သည့်.... ရေပွက်ပမာ - တသက်လျာတည့်။ ။[အချို့မူမှာ-
ရွှေအိမ်နန်းနှင့်၊ ကြငှန်းတက်သည်၊ရေပွက်ပမာ-တသက်လျာတည့်ဟူ၍
တိုတိုသာရှိသည်။]

၃၊ ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွှတ်ကြမ္မာ၊
လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လွဲတတ်သည်....
မချွတ်စသာ-သတ္တဝါတည်း။ ။[အချို့မူမှာ-ကြင်နာသနား၊ ငါ့အား
မသတ်၊ ယခုလွှတ်လည်း၊မလွှတ်ပေရာ၊ * အနိစ္စာတည်း-ဟူ၍ တိုတိုသာ
ရှိသည်။]

၄၊ ရှိခိုးကော်ရော်၊ပူဇော်အကျွန်၊ ပန်ခွဲ့တုံ၍၊ ခိုက်ကြုံဝိပါက်၊သံသာ
စက်နိုက်၊ ကြိုက်လတွန်မူ၊ တုံမယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊
ချန်ဘိ စင်စစ်၊ အပြစ် မဲ့ရေး၊ ခွင့်လျှင် ပေး၍၊ သွေးသ အနိစ္စာ၊ ငါ
ခန္ဓာတည့်။

* အချို့မူမှာ....ရှိခိုး ကော်ရော်၊ ပူဇော် အကျွန်၊ ပန်ခွဲ့ တုံမှ၊ ကြိုက်ကြို
ဝိပါက်၊ သံသာစက်နိုက်၊ တုံ့ဖက်မလို၊ အသျှင်ကိုလည်း၊ ကြည်ညိုမဲ့ရေး၊
ခွင့်လျှင်ပေး၏၊ သွေးသည်အနိစ္စာ၊ ငါ့ကြမ္မာတည်း။ ။ဘုံကျော်မူပေစာ
မှာ-ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ မန်ခွဲ့တုံလျက်၊ သံသာစက်၌၊ တုံ့
ဖက်မလို၊ စိတ်မြဲးဆိုင်၍၊ ကြည်ညိုလွှတ်ပြန်၊ သခင်မွန်အား၊ အကျွန်
စင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသားအနိစ္စာ၊ သေမြဲရာသည်၊
ကိုယ်ခန္ဓာတည်း။ ။ဟူ၍တိုတိုသာရှိသည်။ ။အမျက်ဖြေလင်္ကာ ၄-ပိုဒ်။

မြကန်သာ တောင်ကျချောင်တေး၊ ရေဝင်ပြေးလှည့်၊ ရေးကြည်စွာ၊
ကန်ပိုင်မာလျက်၊ ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်.... ဝတီသာက-
နန္ဒာလော။ ။တူစွာဟုဏ္ဏာ။ ။မြကန်ဘွဲ့လင်္ကာ။ ။ငှင်းပြင် ရှင်မဟာ
ရဋ္ဌသာရအကျော် စပ်ဆိုတော်မူသော ၃-လုံးစပ် အစပါသော လင်္ကာ
များမှာ တတိယကဏ္ဍ, ပဉ္စမပိုင်း ၂၇-တွင် ရှိသေးသည်။

လင်္ကာများအတွက် ပြဆိုချက် ပြီးပြီ။

---

* မချွတ်စရာ-ဟု ဘုံကျော်မူ၌ရှိသည်။

### ၇—သီချင်းဟူသောဝေါဟာရအကြောင်းကို ပြဆိုချက်

သီချင်းဆိုသည်မှာ မြန်မာဘာသာ သက်သက်ဖြစ်သည်၊ သီချင်း ဟူသော သဒ္ဒါကို မြန်မာဘာသာရေး အဓိပ္ပါယ်ယူလျှင် အောက်တွင်ဖော်ပြလျက်ရှိသည့်အတိုင်း အကျဉ်း, အလတ်, အကျယ် အားဖြင့် သုံးမျိုးပုံ[illegible]ားခွဲခြား[illegible]စဉ်နိုင်သည်။

၁။ အဓိပ္ပါယ်တိုတို လိုရင်းအရကို ဖော်ပြသော် အကြောင်းချင်းတဖော်ပြသီကုံးသည်ကို သီချင်းဆိုလိုသည်။

၂။ မကျဉ်းမကျယ် အလယ်အလတ်ကျသော အဓိပ္ပါယ်သွားအရကို ဖော်ပြသော် ဟဒယကြည်လင်-ရွှင်ပြုံးယှက်ကူး ကြည်နူးကြွေကွဲးဘွယ် ဖွဲ့နွဲ့စီစဉ် ရှည်ရှည်လွင်လွင် ရွတ်ဆိုအပ်အောင် စပ်ဆိုသီကုံးသည်ကို သီချင်းဆိုလိုသည်။

၃။ ဝန်းဝန်းကျယ်ကျယ် အဓိပ္ပါယ်ရသင့်သမျှ ဖော်ပြသော် သီချင်းသက်ဝင်ရာပါ ကဗျာစာရင်းဟူ၍ သက်ဝင်ဆက်နွယ်ပုံ ဇယားချလျက်ဖော်ပြခဲ့ပြီးသော ကဗျာ ၂၂-မျိုးနှင့်တကွ တိုင်သံ, နိမ့်သံ, သက်သံ, တက်သံ-စသော အသံနိမ့် မြင့် အဆင့်ဆင့်, အတက်အဆင်း အားဖြင့် သီချင်းစပ်ဆို စီကုံးပုံအမျိုးမျိုး အရိုးအဆန်းများအရ စပ်ဆိုသီကုံးသမျှများကို သီချင်းဆိုလိုသည်။

သည်အရာတွင် မြန်မာဘာသာနှင့် မာဂဓဘာသာ နှိုင်းစာသော်မာဂဓဘာသာအဓိပ္ပါယ်မှာ သာ၍တိုတိုကျဉ်းကျဉ်း ရှိသဖြင့် သီလွယ်ဂီတ, ဟူ၍ဆိုသည်။ ။မာဂဓဘာသာမှာ ပညာရှိတို့ ဖွဲ့ဆိုသော ကဗျာဟူသမျှကို လင်္ကာန် ဋီကာသစ်မှာလာသည်။ ။ကဝိနံဣဒံကဗျံ၊ ယံဂီတန္တိ ဝုတ္တံ-ဟူ၍ သီရှည် ဖတ်အပ် ရွတ်အပ်သမျှကို "ပြိတဂီတ"ဟု ဆိုသည်။ ။၄င်းပြင်-တနည်းလည်း အသံရှည်ပြိတာဥ္စေ ယျာ ဟူ၍ ဝစနတ္ထဇောတိကဋီကာမှာလာသည်။ ။တိမတ္တာတု

### ၈—မြန်မာဘာသာ သီချင်းဟူသော ကဗျာ အကြာဆုံး အဟောင်းဆုံးကိုပြဆိုချက်

မြန်မာဘာသာ သီချင်းဟူသော ကဗျာသည် မည်သည့်အခါကစတင်ပေါ်ပေါက် ဖြစ်ထွန်းသည်ဟူ၍ ထင်ယူဆုံးဖြတ်ရန် အမှန်မုချ ဖော်ပြခြင်းငှာမစွမ်းသော်လည်း မြင်စိုင်း ၅-စီးရှင်လက်ထက်တွင် ပေါ်ပေါက်



ဖြစ်ထွန်းသော သီချင်းကိုသာ အကြာဆုံး-အဟောင်းဆုံး တွေ့မြင်ရသည်မှ တပါး အခြား အကြာဆုံး-အဟောင်းဆုံး သီချင်းများမှာ ရှာ၍မတွေ့သေးဖြစ်သည်။ ။မြင်စိုင်း ၅-စီးရှင် ကာကသော ကာချင်းကို ဒုတိယကဏ္ဍ ပဥ္စမပိုင်း နံပါတ် ၃-တွင် ကြည့်လေ။

၄င်း ရှေးဟောင်းသီချင်းနှင့် ယခုကာလသီချင်းများသည် မည်ကဲ့သို့ခြားနားသည်ကို ထောက်ထားသဖြင့် ရှေးက ကာလနှင့်-ယခုကာလမည်မျှခြားနားသည့်အရာကို သိသာထင်ရှားလိမ့်မည်၊သည်ကဲ့သို့ ကွဲပြားခြားနားသည့် အရာကို ကျောက်စာ နှစ်ချုပ်တွင် အသုံးဝင်ရန် အချက်သက်သေခံတခုဖြစ်နိုင်သည်။

### ၉—သီချင်းဝေါဝေါစပ်ဆိုခြင်း အထောက်အထားများကို ပြဆိုချက်

သီချင်းဟူသော စကားနှစ်လုံးကို သုံးစွဲထည့်သွင်း စပ်ဆိုသည့်အရာ မြန်မာဘာသာ အထောက်အထားများမှာ—

သံဝရတွင်…."လသာ ပကြိုက်၊ စောင်းညှင်းလိုက်၍၊ ဧရိက်ခြည်းခြည်း၊ ဖြည်းဖြည်း ညင်းညင်း၊ သီချင်း ရတု၊ ပျော်မှုတသီး"-ဟူ၍၄င်း။

သဒ္ဒေးခန်းတွင်…."လက်ရှစ်လက်ခုပ်၊စည်းဆုပ်လင်းကွင်း၊အဲး သီချင်းနှင့်၊ ငြင်းကာပြိုင်ထောက်"-ဟူ၍၄င်း,

ရွှေဟသာပျို့တွင်…."ပဥ္စင်ငါးမည်၊ ပတ်စည် စောင်းငြင်း၊ သီချင်းစည်းဆုပ်၊ လက်ခုပ်လင်းကွင်း"-ဟူ၍၄င်း,

မနောဟရီပျို့တွင်…."လုလင် သမီး၊ မှုတ်တီး စောင်းငြင်း၊ သီချင်းအဲးအန်၊ ပန်းမန်ကွမ်းစည်"-ဟူ၍၄င်း,

ကျေးဇူးတော်ပျို့တွင်…. "ခရသင်းရထား၊ ခြောက်ပါးအမျိုး၊ မှုရိုးသံပြင်း၊စောင်း သီချင်း နှင့်၊ခွက်ခွင်းမောင်းကြေး-ဟူ၍၄င်း အသီးအသီးစပ်ဆိုလာရှိသည်။

သီချင်းဟူသော အက္ခရာ ၂-လုံးစပ်ကို သီ-တရပ်,ချင်း-တရပ်၊ခွဲခြားယူ၍ပင်လျှင် "သီ"ဟူသောသဒ္ဒါ, "ချင်း"ဟူသောသဒ္ဒါများမှာအောက်ပါ ဖော်ပြချက်အတိုင်း အနက်အမျိုးမျိုး အပြားပြားများစွာပင် အသီးအသီးရကြသည်။

## ၁၀-"သိ"ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများကို ပြဆိုချက်

၁၊ သိ=သိချင်းဟူသော အနက်....ပါရမီခန်းတွင် "လူ့ဘောင် နတ်ဘောင်၊ မှုများဆောင်လျက်၊သာအောင်မှုတ် သိ၊ အညီပြုပြင်၊ ပွဲသဘင်သို့"ဟူ၍ငင်း။ ။ဆုတောင်းခန်းတွင် "သာရုံမစဲ၊ သဲသဲရရှ၊ လူတုဆို၍" ဟူ၍ငင်း။ ။သံဝရတွင် "မှာပြေးမှာဝန်း၊ အားသွန်းဟန်ပြ၊ ကာကခွင့် သိ၊ ရှုဉ်နာဘွယ်၊ နတ်ပြည်ဆွယ်၍"ဟူ၍ငင်း။ ။ဝိဓူရပျို့တွင်- "အဲးအန်ချင်းနှင့်၊ သံညင်းချေချို၊ ရှင်လန်း သိ လျက်၊ တညီတညာ"ဟူ၍ငင်း။ ။လောကဝိဒူ မော်ကွန်းတွင် "နတ်ကိန္နရီ၊ ကွေးကွေးချိလျက်၊ သိသိ ကက"ဟူ၍ငင်း။ ။ကဝိလက္ခဏာသတ်ပုံတွင် "စည်သည်ပြုတ်ပြုတ်၊ ပလုတ်တုတ်၊ တီးမှုတ်,တီးမှုတ် သိ"ဟူ၍ငင်း အသီးအသီး စပ်ဆိုလာရှိသည်။

၂၊ သိ=ရွတ်ဆိုသော အနက်.... တစ်ရင်ဖြိုးဝှန်၍ ထောင်သင်းမှူးဆို သဝေလွတ် မိုးတောရတုတွင်- "တိမ်တိုက်တက်ဆိုင်၊ ကြူးကာအိုင်လျှင်၊ သံပြိုင်သံညီ၊ လူသူ သိ သို့၊ မိုးချိုသန်လျက်" ဟူ၍ငင်း။ ။ရတုလျှောင်၍ တောင်ငူဆို ရတုတွင်- "မင်းနေသိင်္ဂီ၊ မယ်တို့သိက၊ ကြူး သိ ရစ်ဝှဲး၊ ဝန်းလှာနွဲးသော်" ဟူ၍ငင်း။ ။သင်းစွာထုံနှောင်၍ ငင်းဆိုရတုတွင်- "မိန့်စာစောင်နှင့်၊ ရွှေရောင်အသား၊ ကြိုင်ပျံ့ရှားသည်၊ စကား သိ ရုံး၊ ဆက်ပြီးဆုံးမှ" ဟူ၍ငင်း။ ။ကဝိလက္ခဏာသတ်ပုံတွင်- "သမ္မာသမ္ဗုဒ်၊ ဂုဏ်တော်စုတ်၊ အုတ်ကျက်အုတ်ကျက် သိ"ဟူ၍ငင်း အသီးအသီး စပ်ဆိုလာရှိသည်။

၃၊ သိ=သိကုံးသောအနက်....မေးဖြေဖြောင့်၍ အစချီသော ရှင်ရဋ္ဌသာရဆို ဘေဝိုဒ်ရတုတွင်- "နက္ခတ်တာရာ၊ ကြယ်ပမာသို့၊ လက်ာကုံး သိ၊ စကားချိုဝိမ့်" ဟူ၍ငင်း။ ။သုဇာပျို့တွင်- "ဤသို့သာယာ၊ ကုံး သိ စာနှင့်၊ ဟံသာပုရ၊ နှင့်တကွလျှင်"ဟူ၍ငင်း။ ။လောကသာရပျို့တွင်- "သံသရာကို၊ မှန်စွာသိမ်မွေ့၊ အရွှေ့ရွေ့ပုံး၊ သိ ၍ကုံးသို့၊ ကျင့်ထုံးမှတ်ရာ"ဟူ၍ငင်း အသီးအသီး စပ်ဆိုလာရှိသည်။

၄၊ သိ=ချဉ်းကပ်နီးစပ်သောအနက်....တွင်းသင်းမင်းဆို နန်းတည် မော်ကွန်းတွင်- "ဆောင်မကျော်ညီ၊ မိုးဖျာ သိ သား၊ မှန်စီရွှေနန်း၊ လက်ယာခန်းက"ဟူ၍ငင်း။ အလောင်းစည်သူ လူးတားတွင်- "စမြင်ကုန်းမော၊ သိဟတောဟု၊ တိမ်ကြော သိသိ၊ စေတီမောက်မောက်၊ ထွန်းတောက်လွှားလွှား" ဟူ၍ငင်း။ ဇင်းမယ်နိုင် မော်ကွန်းတွင်- "စွယ်ရှင်ဝဇီ၊ ဦးနားချိလျက်၊ အ သိ မခံ၊ လှံ့လည်းမစွန်း၊ ချွန်းလည်းဖြောင့်စင်း" ဟူ၍ငင်း။ ကျည်းလန် ရှင်နန္ဒမေဓဆို စန္ဒြည်ဝါချီရတုတွင်- "လက်ကောက်ရွှေကွင်း၊ ငွေခြေကျင်းနှင့်၊ ဟိုသင်းရို့ဆီ၊ နောင်မ သိ နှင့်၊ အင်းကျိုက်ပစ်၊ ကျစ်စုံကိုယ်" ဟူ၍ငင်း အသီးအသီး စပ်ဆိုလာရှိသည်။

၅၊ သိ=အမှန်နားနီးသောအနက်....ရတ်တရက် အခန့်သင့်စွာ ကဗျာအထောက်အထား မတွေ့သေးသော်လည်း အလေး အနာ ပြုလောက်သော ဥတုဘောဇန သင်္ဂဟ ကျမ်းတွင် အမှန်နားနီးသည်ကို မြန်မာတို့အလိုအားဖြင့် "သိ"ဟူ၍ ခေါ်ဝေါ်ကြောင်းများကို ထင်ရှားသေချာစွာ ပြမှာလာရှိသည်၊ လောကတွင်လည်း သိသိ သွဲးသည်, သိသိ လိုသည်, သိသိ ကြီးသည်, သိသိ ငယ်သည် စသည်ဖြင့် ပြောဆိုကြသော စကားများလည်း ထင်ရှားလျက်ပင်ရှိသည်။

၆၊ သိ=မြင့်သောအနက်....စကြာမင်းပျို့တွင်-"မိုင်းမြင့် သိ ဝေ၊ ရှုလိုက်ချေမူ၊ မြေရေမစပ်၊ တိမ်ချင်းထပ်သား" ဟူ၍ငင်း။ ရတနာယဉ်နပျို့တွင်- "ရှုအင်မပြောင်း၊ အံ့ဘွယ်ညှောင်းမျှ၊ တန်းဆောင်းမြင့်မြင့်၊ သိဝေဆင့်လျက်၊ စွင့်စွင့်ပတ်ကုံး"ဟူ၍ငင်း။ ။ကဝိလက္ခဏာတွင်- "ဗြိဿာအစုတ်၊ ဂိဋ္ဌကုဋ်၊ ကျေးနတ်မြင့် သိသိ"ဟူ၍ငင်း အသီးအသီး စပ်ဆိုလာရှိသည်။

၇၊ သိ=ဝေးသောအနက်....ပါရမီခန်းတွင်- "အမိုက်ကျုံနင်း၊ ရေမျောထင်းသို့၊ ဝေးမင်းခေါင် သိ၊ ထိုဉ်စကြဝဠာ၊ တိုက်များမှာသို့၊ လွင့်ရှာချေတုံ" ဟူ၍ငင်း။ ။ကျည်းရှင်ဇောနှင့်၊ တောကျောင်းမွေ့၊ အစချီသော သံတော်ခံ ရာဇနန္ဒဆို ဘုရားတိုင်စကြာရတုတွင်- "ရွှေဦးပိပိ၊ မရာ သိ ခဲ့၊ လွမ်းညီနှစ်ကိုယ်၊ ဖူးလိုချင်ပါ" ဟူ၍ငင်း။ ။မည်းမျှပတ်သည့်၍ တောင်ငူဆိုရတုတွင်- "မင်းလွင်ပိပိ၊ မရာ သိ ခဲ့၊ စစ်ဆီ ကသာလျှပ်ဝါညွှန်ရှည်"-ဟူ၍ငင်း အသီးအသီးစပ်ဆိုလာရှိသည်။

၈၊ သိ=ချိုတဲ့ညံ့ဖျင်းသောအနက်.... ဟတ္ထိပါလတွင်- "မပြတ်မသားစကားရဋ္ဌ သိ၊ မပီမသ"ဟူ၍ငင်း။ မင်းလှယဉ်နပျို့တွင်- "ထောင့်ကူးပန္တီ၊ နရတီသို့၊ မျက်စိ သိ ဝေ၊ မျှော်၍နေသော်၊ ဖြိုင်တွေမရ" ဟူ၍ငင်း။ ။ဟံသာဝတီရောက်မင်းတရားဆို တမ်းချင်းတွင်- "ချစ်လစ်မရှိ

အငြိုငြိုလျှင်၊ မျက်စိ သိတွေ၊ မိန်းမူးဝေမျှ"-ဟူ၍ ဥပမာ ဆိုရင်း၊၊ ။ပတ်ခြို့ကွယ်
မျှောင်ချိုတောင်ငူဆိုရတုတွင်-"ဧမ္ဘူးတုကင်းကို၊မယှဉ်းသတိ၊ရှုမိမိသည်....
မျက်စိမူးလည် သိတော့သည်"ဟူ၍ ဥပမာ ဆိုရင်း၊၊ ။လေးမြွတ်တင့်သည်ချို တောင်
ငူဆိုရတုတွင်-"မှတ်တည်သတိ၊ ရှုမိမိတည့်၊ မျက်စိလွန်ကျူး၊ သိ ဝေမူးမျှ၊
ခြားထူးတွေဆန်း" ဟူ၍ ဥပမာ ဆိုရင်း အသီးအသီး စပ်ဆိုလာရှိသည်။

၉၊ သိ=များသောအနက်....သံဝရတွင်-"ပညာ ရှိချည်း၊ တစည်း တ
ပေါင်း၊ ကောင်းသည့်အမှိ၊ ပေါပည်း သိ မျှရှင့်ညီအကျွန်"ဟူ၍ ဥပမာ ဆိုရင်း။ ။
ဆုတောင်းခန်းတွင်- "ပြောက်ကျားစိန်ရောင်၊ အကြောင်အနီ၊ ဖြင်ပေါ
သိ မျှ၊ ဝဇီရစိန်" ဟူ၍ ဥပမာ ဆိုရင်း။ ။ဂါထာ ၆၀-ပျို့တွင်-"မအားခြေချ၊ တိုး
ကြ ဦးစီ၊ ကိုယ်ချင်းမှီလျက်၊ ပေါ သိ ထက်ဝန်း၊ သိန်းသန်း သချာ"ဟူ၍
ဥပမာ ဆိုရင်း။ ။စတုဓမ္မသာရတွင်-"ပြန့်ပြန့် ပြောပြော၊ ဖောဖော သိသိ၊ စဲ့ကျ
တိုက်ကြ၊ အနှက်မျှချည်း၊ ဖြင်ပေါပည်းလျက်"-ဟူ၍ ဥပမာ ဆိုရင်း။ ။ဟံသာဝတီ
ရောက်မင်းတရားဆိုတမ်းချင်းတွင်-"များစွာဝန်းနုန်း၊ ထန်းအုန်းစုံစီ ဖြို သိ
လှိုင်ကျော်၊ ရေကန်တော်လည်း" ဟူ၍ ဥပမာ ဆိုရင်း။ ။မန္တလေးဘွဲ့မော်ကွန်း
တွင်-"ခုတ်ဖမ်းနှိုင်နှံ့၊ ရိပ်ရိပ်ပျံသည်၊ မှင်ဆံ ဝေ သိ၊ကေသရီလျှင်၊ လည်
ချို လှန့်ဟောက်" ဟူ၍ ဥပမာ ဆိုရင်း အသီးအသီး စပ်ဆိုလာရှိသည်။
သည်အရာတွင် သိ မပေါ်ဝဲ ဖြင်ပြီး, ဖြင်ပည်း, ဖြင်ပေါ, ဖြင်ပြော,
ပေါပည်း, ပည်းလှိုင် ဟူသော စကားများလည်း များသောအနက်ကို
စပ်ဆိုထုံးရှိကြသဖြင့် "သိ"၏ အရလည်း ခြားနား၍ များသော အနက်
သက်သည့်အရာကို ဆိုခဲ့ပြီးသော စပ်ဆိုထုံးအထောက်အထား များဖြင့်
ထင်ရှားသိသာသည်။ ။သိ မပေါ်ဝဲ ဖြင်ပြီး,စသောစကားများ၏ များ
ဟူသောအနက်ကို စပ်ဆိုထုံး အထောက်အထား များမှာ ... ဆုတောင်း
ခန်းတွင်-"အုံးအုံးသဲးသဲး၊ ဤရပ်ပွဲးနှိုက်၊ ဖြင်ပြီး ပုံယင်" ဟူ၍ ဥပမာ ဆိုရင်း။ ။
တောင်တွင်းလာတွင်-"ပြောင်းလူးဆပ်က၊ စသည် ဖြင်ပည်း၊ မိုးလည်း
ကောင်းတွေ"-ဟူ၍ ဥပမာ ဆိုရင်း။ ။မင်းတရားရွှေထီးဧးချင်းတွင်-"ကရင်ရှမ်း
တော၊ ရွာမိုင်းမောက၊ ဖြင်ပေါ လက်ဆောင်" ဟူ၍ ဥပမာ ဆိုရင်း။ ။ဘုရိဒတ်
လင်္ကာတွင်-"ဤသို့ပျော်ရွှင်၊ နတ်သဘင်၌၊ ပြောဖြင် များစွာ" ဟူ၍
ဥပမာ ဆိုရင်း။ ။တန်တားဦးတည်တွင်-"ဖြင်ညီး ပေါပည်း၊ တစုတည်းလျှင်၊ ရေ
ကြည်း ပန်းမျိုး" ဟူ၍ ဥပမာ ဆိုရင်း။ ။သဒ္ဒေးခန်းတွင်-"အဖြိုးအနိုင်၊ ကျေးခရိုင်
နှင့်၊ ပည်း လှိုင် များစွာ"ဟူ၍ ဥပမာ ဆိုရင်း အသီးအသီး စပ်ဆို လာရှိသည့်အရ
သိသာလှသတည်း။



၁၀၊ သိ=နှောက်ကျသောအနက်....ရတ်တရက် အခန့်သင့်စွာ ကဗျာ
အထောက်အထားခတွေ့သေးသော်လည်း အလေးအနာပြုလောက်သော
ဥတုဘောဇန သင်္ဂဟ ကျမ်းတွင် နှောက်ကျသည်ကို မြန်မာတို့ အလို
အားဖြင့် "သိ" ဟူ၍ ခေါ်ဝေါ်ကြောင်းများကို ထင်ရှား သေချာစွာ
ပြမှာလာရှိသည်၊ အထက် ဆိုခဲ့သော "သိ" သဒ္ဒါ၏ အနက်တို့တွင်
သိချင်း ဟူသောအရာနှိုက် သိကုံးခြင်းအနက် နှိုက်သာ ဖြစ်သည်။

သိ-အကြောင်း ပြီးပြီ။

---

## ၁၁-"ချင်း"ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများကို ပြဆိုချက်

၁၊ ချင်း=သိချင်း ဟူသော အနက်....ဘုံခန်းတွင်-"သံလွင် ခွက်ခွင်း၊
အဲးအန် ချင်း နှင့်၊ စောင်ဖြင်းမှုတ်တီး" ဟူ၍ ဥပမာ ဆိုရင်း။ ဝိဓူရပျို့တွင်-"ဆရာ
အဲးအန် ချင်း နှင့်၊ သံညင်း ချေချီး" ဟူ၍ ဥပမာ ဆိုရင်း။ ။မဟာမုနိ
ဖြန်တင်း၊ အဲးအန် ချင်း နှင့်၊ သံညင်း ချေချီး" ဟူ၍ ဥပမာ ဆိုရင်း။ ။မဟာမုနိ
သမိုင်းတွင်-"ဘုရားဖူးလျက်၊ ညင်းဖြူး သံချို၊ သာ ချင်း ဆို၍၊ နာလို
နှံ့နှံ့" ဟူ၍ ဥပမာ ဆိုရင်း အသီးအသီး စပ်ဆိုလာရှိသည်။

၂၊ ချင်း=မေ့ချင်း သားချင်း စသော အချင်းဟူသော အနက် .... ပါရမီ
ခန်းတွင်-"ကြင်နာ ခြင်းဖြင့်၊ ချင်းချင်း ချစ်ကုန် ကြစေလသေး" ဟူ၍
ဥပမာ ဆိုရင်း။ ။သုဝဏ္ဏသာမတွင်-"မြွက်ဟာဆိုခြင်း၊ မွဲသား ချင်း တို့၊ ဝင်းဝင်း
ရှောင်နွဲ့း"ဟူ၍ ဥပမာ ဆိုရင်း။ ။တွေလာဆန်းထူးချိုတောင်ငူဆိုရတုတွင်-"စိတ်တူ
မရှား၊ ဖော် ချင်း များနှင့်၊ ဖြစ်လားမကွင်း" ဟူ၍ ဥပမာ ဆိုရင်း။ ။ဂါထာ
၆၀-ပျို့တွင်-"မအား ခြေချ၊ တိုးကြဦးစီ၊ ကိုယ်ချင်း မှီလျက်" ဟူ၍ ဥပမာ ဆိုရင်း
အသီးအသီး စပ်ဆိုလာရှိသည်။

၃၊ ချင်း=တကိုယ်တည်းဟူသောအနက်....ကဗျာသာရတ္ထ သင်္ဂဟတွင်-
"သိချင်းဧးချင်း၊ တယောက် ချင်း နှင့်၊ မင်းချင်းချင်းတွင်း"ဟူ၍ ဥပမာ ဆိုရင်း။

၄၊ ချင်း=အကြောင်းချင်းတဟူသောအနက်....ကဗျာသာရတ္ထ သင်္ဂဟ
တွင်-"မတိုင်မချင်း၊ အခု ချင်း အတ၊ နွားမအချင်း" ဟူ၍ ဥပမာ ဆိုရင်း။

၅၊ ချင်း=မင်းခစားဟူသောအနက်.... ပြာဋိဟာခန်းတွင်- "လျှောက်
ကြကုန်ခြင်း၊ မင်း ချင်း ချင်းသို့၊ နှိမ်နင်းခြိမ်းမဲး"။ ကဗျာသာရတ္ထ သင်္ဂဟ

တွင်- "တယောက်ချင်းနှင့်၊ မင်း ချင်း ချင်းတွင်း၊ ငှက်အောက်ချင်း"ဟူ၍ ၎င်း။

၆၊ ချင်း=လူမျိုးအထူးဟူသော အနက်....စေဦကူးမင်း နားတော်သွင်း တွင်-"သောင်သွပ်ခန်း၊ ကြက်သီးဝှန်းပြင်း၊ ထပြန်ခြင်းကြောင့်၊ ချင်း နှင့် ကချင်၊ ကြီးဆင်ခြင်၍၊ ကြောက်ငြင်မသန်၊ ကျွန်ချည်းမှန်မှ" ဟူ၍ ၎င်း။ ကဗျာသာရတ္ထတွင်- "လူမျိုး ချင်း စစ်၊ ချင်းတွင်းမြစ်နား" ဟူ၍ ၎င်း။

၇၊ ချင်း=ထိရောက်သော အနက်....ပါရမီခန်းတွင်- "အထဲးရိုးတွင်း၊ နက်စွာ ချင်း သည်၊ ငြိမ်းခြင်းအလွန်" ဟူ၍ ၎င်း။ ။ဟံသာဝတီရောက် မင်းတရားသို့ ထုတ်ဆိုဆောက်တည်၍ ပိုဒ်စုံရတုတွင်- "တုန်ဆေးသည်း တွင်း၊ ချင်ဆိ ချင်း မျှ၊ မျှံသင်းမရှင်၊ ရှိစဉ်ပင်ကို"ဟူ၍ ၎င်း။ ။၎င်းဆို တမ်းချင်းတွင်- "သာသနာလည်း၊ စန္ဒာလမင်း၊ ရာဟု ချင်း ၍၊ နှိပ်နင်း ကလူ၊ ဖမ်းယူသော့သွင်" ဟူ၍ ၎င်း အသီးအသီး စပ်ဆိုလာရှိသည်။

၈၊ ချင်း=ချင်းစိမ်းပင်ဟူသောအနက်....သံဝရတွင်- "ဝါချည်တမုတ်၊ ငရုတ်-ကွမ်းသီး၊ ချင်း ဖြီး ကြက်သွန်၊ ရောင်ဝှန်မရှား" ဟူ၍ ၎င်း။ ။ ကဗျာသာရတ္ထတွင်- အချင်းခပ်သိမ်း၊ ချင်း စိမ်းဗိတ်ချင်း၊ အချင်းချင်း လျှင်"ဟူ၍ ၎င်း။

၉၊ ချင်း=တိုးရို-ဟူသောအနက်....သစ္စာခန်းတွင်-"မြဟ္မာ ထုတ် ချင်း၊ ချွင်းချွင်း ချင်းသည်၊ တခြင်းလွယ်ကူ" ဟူ၍ ၎င်း။ ။ကဗျာသာရတ္ထသင် ဟာတွင်-"မိုးမြေထုတ် ချင်း၊ လျှိထုတ် ချင်း လျှင်၊ အချင်းခပ်သိမ်း" ဟူ၍ ၎င်း။ ။စေဦကူးမင်း နားတော်သွင်းတွင်- "ကြိကာကြောက်ရွံ့၊ မလှုပ် ဝံ့တည့်၊ ကျော်နှံ့ထုတ် ချင်း၊ ဥတည်မင်းက၊ ချစ်ခြင်းစေမြဲး"ဟူ၍ ၎င်း။

၁၀၊ ချင်း=အာလုပ်အနက်....ပါရမီခန်းတွင်- ခံညောင်းလတ်သော်၊ ထိုရော် ချင်း သင်း၊ နှောင်အိမ်တွင်းနိုက်" ဟူ၍ ၎င်း။ ။ဘူရိဒတ်လင်္ကာ တွင်- "ဆင်ခြင်တုံလျှင်း၊ ထိုအချင်းကား၊ ချင်း ၏ကိုယ်တွင်"ဟူ၍၎င်း။ သုဝဏ္ဏသာမတွင်- "ကြောင်းချာမေးခြင်း၊ အို အ ချင်း တို့" ဟူ၍ ၎င်း အသီးအသီး စပ်ဆိုလာရှိသည်။

၁၁၊ ချင်း=နှိုင်းရှည်ခြင်းအနက်....ဘူရိဒတ် လင်္ကာတွင်- "ဆုပေးတုံ ခြင်း၊ ရွယ်ရောင်ဆင်းကား၊ လူ ချင်း မတန်"ဟူ၍ ၎င်း။ ။"မတာကိုယ် ချင်း၊ ရက်ရောပြင်းသည်၊ ဆိုခြင်းကတ်လတ်" ဟူ၍ ၎င်း။

၁၂၊ ချင်း=အချင်းဟူသော အနက်... ကဗျာသာရတ္ထတွင်- "နွားမ အချင်း၊ ကိုယ်ချင်းခစာ၊ လိပ်ချင်းရှာ" ဟူ၍ ၎င်း။ ။အထက်ဆိုခဲ့သော



"ချင်း"သဒ္ဒါ၏အနက်တို့တွင် သီချင်းဟူသော အရာနှိုက် အကြောင်းချင်း တ အနက်နှိုက်သာဖြစ်သည်။

ပထမကဏ္ဍ-ပထမပိုင်းပြီးပြီ။

# ပထမကဏ္ဍ-ဒုတိယပိုင်း

## [လင်္ကာသက်ဝင်ရာပါ ကဗျာ ၁၄-မျိုး]

အရင်းအမြစ် သဘောအဓိပ္ပါယ်, စပ်ဆိုသည့်အကြောင်း, စပ်ဆိုပုံ အခြင်းအရာများကို အစိပ်အစိပ် သိသာကွဲပြားစေရန် ပြဆိုချက်။

### ၁-လင်္ကာအကြောင်းကို ပြဆိုချက်

လင်္ကာဆိုသည်မှာ ရှု၊ မော်ကွန်းစသော အမည်သညာ အထူးဖော် ထုတ် သမုတ်ပညတ်ခြင်းမရှိသည့် ကဗျာများကို "လင်္ကာ" ဟူ၍ ခေါ် ဝေါ်ရေးမှတ်ကြသည်။ ဒုတိယကဏ္ဍ-ပထမပိုင်း ၁-အချက်တွင် လင်္ကာ သမုတ် ခေါ်ဝေါ်ကြသည့် စာ-စာရင်းများနှင့် လင်္ကာစာကိုယ်များကို ပြဆိုလျက်ရှိသည်။

### ၂-လင်္ကာစပ်ခြင်း အရင်းအမြစ် ဖြစ်လာသောအကြောင်း ၂-မျိုးကိုပြဆိုချက်

လင်္ကာစပ်ဆိုလေ့ရှိသည် ဟူသော မည့်သည့် အကြောင်းအရာကို အောက်ပါအတိုင်း ၂-မျိုး ၂-စားသဘောသွား သဘောတန်ထွာမှာ သက်လားသည့်အရာကို သိသာတွေ့မြင်ရသည်။

၁၊ မြန်မာနိုင်ငံမှာ သာသနာတော် ထွန်းပေါ်ထင်ရှားခြင်း မဖြစ်မီ သီကုံးစပ်ဆိုခြင်းတမျိုး။

၂၊ သာသနာတော် ထွန်းပေါ်ထင်ရှားပြီးနောက် သီကုံးစပ်ဆိုခြင်း တမျိုး။

၁-အချက်ပါ စကားရပ်အတိုင်း စပ်ဆိုခြင်း အမျိုးအစားမှာ-မြန်မာ လူမျိုးတို့မှတပါး အခြားလူမျိုးတို့ကိုးကွယ်သည့် ဘာသာကို လင်္ကာဖွဲ့စီ ကုံးသီစပ်ဆိုသော အရာကဲ့သို့ မြန်မာလူမျိုးတို့က လိုက်နာခြင်းဖြစ်သည်။

ယင်းသို့ လိုက်နာသည်ဟူ၍ ယူသင့်ယူထိုက်သော အကြောင်း ယုတ္တိ သိသာထင်ရှားသည်မှာ-ပုပ္ပါးနတ်တော်လက်ာကိုအကြာဆုံး အဟောင်း ဆုံးထားရသည့်အချက်, ပုပ္ပါးနတ်ပေါ်သည့်အခါ မြန်မာနိုင်ငံမှာ သာသနာတော်အငွေ့အသက်သာရှိသည်ကို သိသာရသည့်အချက်"နတ်တော် လက်ာ"ဆိုသောစကားကို ယခုအခါ သုံးစွဲသောစကားနှင့်တိုက်မိအောင် တိုက်ရိုက်ပြန်လျှင် နတ်အချင်-လက်ာဟူ၍ယူရသည့်အချက်, သာသနာ တော် ထွန်းပေါ်ထင်ရှားပြီးနောက်မှပင် ဗေဒင်ကျမ်းစာများကို မြန်မာ တို့က အလေးအမြတ်ပြု၍ ယခုတိုင် သုံးစွဲလျက်ရှိသည့်အချက်, ဗေဒင် သုံးပုံအနက် အခက်အလက် ၂၀-ကျမ်းရှိသော ဣရု-ဟူသော ဗေဒင် ကျမ်း တကျမ်းလုံးမှာလည်း သာသနာပလူမျိုးတို့ ကိုးကွယ်သည့်ဘာသာ ကို စပ်ဆိုဖွဲ့သီ စီကုံးသော ကျမ်းကြီးဖြစ်သည့် အချက်များမှာ ထင်ရှား သော သက်သေခံများဖြစ်သည်။ "၂-အချက်ပါစကားရပ်အတိုင်း စပ် ဆိုခြင်းအမျိုးအစားမှာ စိန္တာ, သုတ, အတ္ထ, ပဋိဘာဏ-ဟူသော အဓိ ကထာစကားနှင့်အညီ ကြံခြင်းအားဖြင့်ဖြစ်စေ, ကြားခြင်းအားဖြင့်ဖြစ်စေ, အနက်သဘောအားဖြင့် ဖြစ်စေ, ထင်သောဉာဏ်၏ အစွမ်းအားဖြင့် ဖြစ် စေ-လောကီ လောကုတ္တရာ ကျမ်းဂန်လာ သဘော အဓိပ္ပါယ် များကို သော်၎င်း, အလိုရှိရာ သဘောအဓိပ္ပါယ်များကိုသော်၎င်း ဖွဲ့သီစီကုံး စပ်ဆိုလိုက်နာကြခြင်းဖြစ်သည်။

သည်ကဲ့သို့ လိုက်နာသည့် အရာ သိသာ ထင်ရှားရန်မှာ- လက်ာစာ ရင်းကျယ်များကို ဖော်ပြလျက်ပါသော ဒုတိယကဏ္ဍ ပဥ္စမပိုင်းတွင် ကြည့်လေ။

သီသည်, စီသည်, ကုံးသည်, စပ်သည်-ဆိုသောစကားများမှာ ကဗျာ သဘော ဖွဲ့ဆိုခြင်းပင်ဖြစ်သည်၊ ယင်းသို့ ဖြစ်သည့်အတိုင်း ရှေးပညာရှိ တို့လည်း ဥတိန်မင်းစောပျို့တွင်-"မဟာသမုဒ်၊ ဝဲဝေ ဝှတ်မှ၊ ယူထုတ် ပုလဲး၊ မျက်စိန်ရွှဲးကို၊ ပြောင်ပြိုးနာရန်၊ ရွှေကြိုး သိ သို့၊ အစီအလျဉ်၊ သင့်ရာစဉ်ဖိမ့်" ဟူ၍၎င်း။ မေးဖြေဖြောင့်၍ အစချီသော ရှင်မဟာရဋ္ဌ သာရဆို ကောဝိဒရတုတွင်-"နက္ခတ်တာရာ၊ ကြယ်ပမာသို့၊ လက်ာကုံးသီ၊ ရွှေသိ နှံ့မြင့်၊ သုံးထွေ တင့်မူ" ဟူ၍၎င်း။ ဘုံခန်းတွင်-"ငါးမည် စုံညီ၊ မျက်မှန်စီလျက်၊ မာလာ၊ ပန်းဖြာဖြာကို၊ သီကံနှန်းနွယ်၊ ရွှေကြိုး သွယ်ဖြင့်၊ ခြယ်လယ် ရုံးစု၊ သိ ကုံး ပြုသို့၊ ယခု ဆိုမည်၊ ကျမ်းစာသည့်ကား"- ဟူ၍၎င်း။ နရဘုဒိ ပျို့တွင်-"ပွင့်ဝတ် 



ဆကာရန္တသတ်ပုံလက်ာတွင်-"ပသတ်နည်းကို၊ သိပ်သည်းရွှေဖျား၊ လက်မှန်ထား၍၊ ကြောင်းလျှားမကျန်၊ ကုံး သိ ဖန်ပိမ့်"ဟူ၍၎င်း အသီးအသီး စပ်ဆိုကြသည်။

လက်ာဖွဲ့စီ သီကုံး စပ်ဆိုပုံမှာ ကဗျာ ဗန္ဓသာရကျမ်း ပထမကဏ္ဍ တတိယပိုင်း, စတုတ္ထပိုင်းများတွင် ပြဆိုလျက်ရှိသည့် နည်းများအတိုင်း ၄-လုံးတပိုဒ် ဖွဲ့စီ-သီကုံး စပ်ဆိုခြင်းပေတည်းဖြစ်သတည်း။

လက်ာအကြောင်း ပြီး၏။

---

### ၃—ပျို့အကြောင်းကို ပြဆိုချက်

"ပျို့"ဆိုသည်မှာ မြန်မာဘာသာဖြစ်သည်၊ ပြည့်ဖြိုးခြင်းအနက်,ထွန်းပ ခြင်းအနက်, နှစ်သက်ကြည်လင်စေခြင်းအနက်, ကြန်အင်ပြည့်စုံ ကောင်း မြတ်ခြင်းအနက်, ပျို့ငယ်ခြင်းအနက်, ပျို့အန်ခြင်းအနက်,ဖတ်စာပျို့ကျမ်း- အနက်များကိုရသည်၊ ပြည့်ဖြိုးခြင်းအနက်မှာ-"ပျို့-နှင့် ပို့"သည် ဟူသော အနက်များကိုရသည်၊ ပြည့်ဖြိုးခြင်းအနက်မှာ-"ပျို့-နှင့် ပို့"သည် ထပ်တူပင် ဖြစ်သည်အရ တောင်တွင်းဆရာတော် စီရင်သည့် မြန်မာ ဝါစ္စဝါစကတွင် "ပို့" သဒ္ဒါသည် ပြည့်ဖြိုးခြင်းအနက်,ရောက်ပေါက်ခြင်း အနက်များကို ဟောသည်ဟူ၍ ပြမှာသည်။

### ၄—"ပို့-ပျို့"ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများကို ပြဆိုချက်

ပြည့်ဖြိုးခြင်းအနက် ရသော "ပို့"သဒ္ဒါစပ်ဆိုထုံးအထောက်အထားမှာ ဧ-ခန်းပျို့တွင်-"တအင်မချို၊ ကျေးဗူးတို့ကြောင့်၊ သဲး ပို့ ပြင်ကျွန်း၊ မြစ် လယ်ထွန်းအောင်" ဟူ၍၎င်း။ သံဝရပျို့တွင်-"ပြည့်စုံလှလျက်၊ ကြွယ်ဝ လောက် ပို့၊ ကုန်သည်တို့လည်း" ဟူ၍၎င်း။ ၎င်း သံဝရပျို့တွင်-"တအင် မချို၊ ကျေးဗူး ပို့ သား၊ ငါတို့မင်းဖျား" ဟူ၍၎င်း။ ဇယဒိသပျို့တွင်- "အရာမချို၊ ခမ်းနားတို့ထက်၊ ပို့ပို့ ရမ်းရမ်း၊ လျှမ်းသော်လျှမ်းစေ" ဟူ၍၎င်း၊ ပြည့်ဖြိုးသည့်အရာကို "ပို့"ဟူသောသဒ္ဒါဖြင့်စပ်ဆိုတော်မူကြသည်။

### ပျို့အနက် ၇—ချက်

၁၊ ပြည့်ဖြိုးခြင်းအနက် ရသော "ပျို့"သဒ္ဒါစပ်ဆိုထုံးအထောက်အထား များမှာ....ဆုတောင်းခန်းတွင်- "ကြည်းတောင်အလွှံ့၊ ဘိသိက်နှံ့လျက်၊

ဖွံ့ဖွံ့ ပျိုပျို၊ ရွှေ နို့ အညှောက်၊ ရွှေတောင် ပေါက်သို့" ဟူ၍၎င်း။ သာမုဒြိက မော်ကွန်းတွင်-"အစုံသမြတ်၊ ညီညွတ်လုံးပု၊ ပျိုပျို နု သား" ဟူ၍၎င်း။ ဥသိသိင်ပျို့တွင်-"အရာရောက်သော်၊ ရွှေမှောက်ဘုန်း ပျို၊ သိကြားသို့လျှင်၊ ကျင့်တို့မသွန်" ဟူ၍၎င်း။ ပြည့်ဖြိုးဖွံ့ထွားသည့် အရာကို "ပျို"သဒ္ဒါဖြင့် စပ်ဆိုတော်မူကြသည်။

၂၊ ထွန်းပခြင်းအနက်ရှိသော "ပျို" သဒ္ဒါစပ်ဆိုထုံးအထောက်အထား များမှာ ပါရမီခန်းတွင်- "မြေရှ၏ထိုမြို့၊ နေရောင် ပျို လည်း၊ မဆိုထိန်လင်း" ဟူ၍၎င်း။ နိက္ခမခန်းတွင်- "မြူတေရောင် ပျို၊ ကောင်းကင်သို့မျှ၊ ကုသိုလ် ကြောင့်တည်း" ဟူ၍၎င်း။ ဥသိသိင်ပျို့တွင်- "မညီမသန်း၊ ရွှန်းရွှန်း ပျို အောင်၊ လူတို့အသျှင်" ဟူ၍၎င်း။ ဝိဓူရပျို့သစ်တွင်- "နတ်လူအပို၊ သက်လုံစိုသား၊ ပြာညီညိုညို၊ ဝင်း ပျိုပျို လျှင်၊ ဝိဓို၏ နှလုံး၊ စားသုံးလိုဘိ" ဟူ၍၎င်း ထွန်းလင်းခြင်း အရောင်အဝါကို "ပျို" သဒ္ဒါဖြင့် စပ်ဆိုတော်မူကြသည်။

၃၊ နှစ်သက် ကြည်လင်စေခြင်း အနက် ဟော "ပျို" သဒ္ဒါစပ်ဆို ထုံး အထောက်အထားများမှာ....ဘုံခန်းတွင်-"ကြည့်မိတုံတုံ၊ အာရုံ ပျိုပျို၊ နှစ်လိုဖျော်ဖျော်" ဟူ၍၎င်း။ "စုံမက်လှည့်တို့၊ ပျို ရရို့လျှင်၊ နှစ်လိုချွတ်" ဟူ၍၎င်း။ "သိီးနုရှိလင့်၊ သီးမာရင့်လျက်၊ မှည့်နှင့်တချို၊ နတ်မင်းတို့သည်၊ချစ် ပျို လေးလေးမြတ်မြတ်တည်း" ဟူ၍၎င်း နှစ်သက်ကြည်လင်စေခြင်းအရာကို "ပျို" သဒ္ဒါဖြင့် စပ်ဆိုတော်မူကြသည်။

၄၊ ကြန်အင်ပြည့်စုံခြင်းအနက် ဟော "ပျို"သဒ္ဒါစပ်ဆိုထုံး အထောက် အထားမှာ....ဟတ္ထိပါလပျို့တွင်- "လေးယောက် ပျိုပျို၊ အင်မချိုသား၊ သားတို့ထံရင်း" ဟူ၍၎င်း။ စေ့ခွဲကုမင်း နားတော်သွင်းတွင်- "လုံးစုံမချို၊ ဘုန်းရောင် ပျို သား၊ တို့ကျေးဇူးရှင်" ဟူ၍၎င်း။ ကဝိလက္ခဏာ သတ်ပုံတွင်-"အင်္ဂါမချို၊ စုံ ပျိုပျို၊ ငါတို့ဆရာပေ" ဟူ၍၎င်း ကြန်အင် ပြည့်စုံခြင်းအရာကို "ပျို"သဒ္ဒါဖြင့် စပ်ဆိုတော်မူကြသည်။

၅၊ ပျိုငယ်ခြင်းအနက် ဟော "ပျို"သဒ္ဒါ ဆိုထုံးအထောက်အထား များမှာ....စမ္မေယျပျို့တွင်- "ထိန်ထိန်တောက်လျက်၊ ပင်စောက် ပျိုပျို၊ ဥယျာဉ်တို့လည်း" ဟူ၍၎င်း။ ဥသိသိင် ပျို့တွင်- "မြတ်ဖျားဘုန်း ပျို၊ မှူးမတ်တို့နှင့်၊ မချိုစုံစွေ့" ဟူ၍၎င်း။ သုဝဏ္ဏသာမ သစ္စာခန်းတွင်.... "နောင်တ-ကိုယ်သို့၊ အလိုလိုတည့်၊ ပျို ပျို ရွှေတုံး" ဟူ၍၎င်း အသီးအသီး စပ်ဆိုလာရှိသည်။



၆၊ ပျိုအန်ခြင်းအနက် "ပျို" သဒ္ဒါစပ်ဆိုထုံး အထောက်အထားများ မှာ....ဘူရိဒတ်ဇာတ်ပေါင်းတွင်-"ရင်ခေါင်းမြို့မြို၊ အန်အံ့သို့လျှင်၊ ပျိုတို့ ကျင့်တင့်၊ လေချည်းပင့်၍" ဟူ၍၎င်း။ ကဗျာသာရတ္ထ သတ်ပုံတွင်- "ဖတ်စာပျိုနှင့်၊ ပျို တို့ ပျို အန်" ဟူ၍၎င်း။ ဘာသာနယ လက်ာတွင်- "ပျိုအန်ပျို ဟို၊ ဖတ်စာပျိုနှင့်၊ ပျိုဟူသမျှ" ဟူ၍၎င်း။ "ဆားတိငန်ငန်၊ ကုအန်တောက်တောက်"ဟူ၍၎င်း။ တချို့စာများမှာ "ဆားတိငံငံ၊ ညှိနံ့ တောက်တောက်"ဟူ၍ မူကွဲ စာဖျက်လည်းရှိသည်။ ဟတ္ထိပါလတွင် "ပျိုငြိုးထွေးအန်၊ပေါ့သောဝန်ဖြင့်"ဟူ၍၎င်း အသီးအသီး စပ်ဆိုလာရှိ သည်။

၇၊ ဖတ်စာပျို့ကျမ်း ဟူသော အနက်ဟော "ပျို" သဒ္ဒါ စပ်ဆိုထုံး အထောက်အထားမှာ.... လောကသာရပျို့တွင်- "မှတ်သားစိမ့်ငှာ၊ ပျို့ လင်္ကာဖြင့်"ဟူ၍၎င်း။ ကဗျာသာရတ္ထ သတ်ပုံတွင်-"ဖတ်စာ ပျို့ နှင့်၊ ပျိုတို့ပျိုအန်"ဟူ၍၎င်း အသီးအသီးစပ်ဆိုထုံးရှိသည်။

သည်ကဲ့သို့ "ပျို"ဟူသောသဒ္ဒါအနက်အမျိုးမျိုး ပြားရာတွင် ကဗျာ လင်္ကာ၏ အစိတ်အစိတ် အမည်ဖြစ်သော "ပျို့"ဟူသော ဝေါဟာရမှာ ဖတ်နာကြည့်ရှုသူတို့ စိတ်နှလုံးကို ယူကျုံးသည့်အသွင်၊ ကြည်လင် နှစ်သက်စေ တတ်သော စာဖြစ်သောကြောင့် "ပျို့"ဟူ၍ သမုတ်ပညတ် ရေးမှတ်ခေါ် ဝေါ်ခြင်းမှာ သိသာထင်ရှားသော သဘောပင်ဖြစ်သည်။ မုံရွေးဆရာ တော် စီရင်သည့် ဂန္ဓိရကထာမှာ-"ပျို"သဒ္ဒါကို ပြည့်ဖြိုးဖွံ့ထွား၊နှစ်သက် ခြင်း ၂-ရပ်ကိုသာ ပြသည်။

ရှင်ဇေယျသင်္ခယာဘိ စီရင်သည့် ပေါရာဏကထာမှာ "ပျို"သဒ္ဒါကို ထွန်း လင်းခြင်း, နှစ်သက်ခြင်း, ကြန်အင်ကောင်းခြင်း ၃-ရပ်ကိုသာပြသည်။

## ၅-"ပျို့"ဟူသည် "ပို့"မှ ရွေလျောတန်သည်ဟူ၍ ထင်ယူပုံကိုပြဆိုချက်

"ပျို့"ဟူ၍ ခေါ်ဝေါ်ခြင်း အရင်းအမြစ်မှာ "ပို့" ဟူသော သဒ္ဒါမှ ကာလရွေ့လျော၍သော်၎င်း, အသံပြောင်းစေလို၍သော်၎င်း ယပင့်သံ နှင့် "ပျို့"ဟု ခေါ်ဝေါ်ရေးသားခြင်း ဖြစ်လာသည်မှာ သာ၍ အနီးဆုံး သော အကြောင်းယုတ္တိရှိသည်ဟူ၍ ထင်ယူသင့်သည်။

ထင်ယူသင့်သည့် အချက် သက်သေခံ အထောက်အထား များမှာ
ပစ်ခတ်, ပစ္စည်း, စာရေးစဒိ, ဠ, ကိတ်ကိတ်, လဲ့လဲ့,မိးကိး, ခိးမွမ်း, တန်
ကင်းရှာ, ရွှေငွေခိန်သည်, ကိန်သည် စသည်များကို ရှေးကာလအခါ
စပ်ဆိုရေးသား ထိုးမှတ်ထားသော ကဗျာလင်္ကာ ကျောက်စာများတွင်
ရရစ်,ယပင့်မပါသော်သည်း ယခုအခါ ပစ်ခတ်,ပစ္စည်း,စာရေးစာချီ, ညီ,
ကျိတ်ကျိတ်, လဲ့လဲ့, မီးကျီး, ချီးမွမ်း, ခြီးမွမ်း, ဒန့်ကျင်းရှာ, ရွှေငွေချိန်
သည်,ကျိန်သည်-စသည်များကို ရရစ်,ယပင့်များနှင့်ခေါ်ဝေါ် ရေးသား
ကြသကဲ့သို့ဖြစ်တန်ရာသည်၊ ဖြစ်လိမ့်မည်ဟူ၍ ထင်ယူရန် သဘောလမ်း
ဖြောင့်တန်းလျက်ရှိသည်၊ မြန်မာဘာသာ၌သာ ယပင့်သံနှင့် ရွတ်ဖတ်
သည် မဟုတ်သေး မာဂဓ ဘာသာ၌လည်း ရွတ်ဖတ်သည့် အရာမှာ
ဟေတုပစ္စယော, အဓိပ္ပတိပစ္စယာ, ပဋ္ဌာန်း-စသော မာဂဓများကို ဟေ
တုပျစ္စယော-အဓိပ္ပတိပျစ္စယာ, ပျဋ္ဌာန်း-ဟု ယပင့်အရေးအသား မရှိပဲ
လျက် ယပင့်သံဖြင့် အချို့ ရွတ်ဖတ်ကြသည်။

## ၆–ရှေးဆရာတို့သည် ဗိနသဒ္ဒါမှ ‘ပျို’ ဖြစ်သည်ဟူ၍ ထင်ယူဆုံးဖြတ်သည်ကိုပြဆိုချက်

သို့ရာတွင် ဝေါဟာရလိနတ္ထဒီပနီမှာ ဝိနသဒ္ဒါကဖြစ်သော ပျိုဟူ၍
ယူသင့်ကြောင်းနှင့် ပြမှာသည်၊ ပညာရှိတို့နှစ်သက်ရာ လိုက်နာမှတ်ယူရန်
ဖြစ်သည်။

မည်သည့်အကြောင်းအရာကို ပျို့စပ်ဆိုလေ့ရှိသည် ဟူသော သဘော
တန်ထွာမှာ လင်္ကာတွင် ဖော်ပြခဲ့ပြီးအတိုင်းပင်ဖြစ်သည်။
ပျို့ဖွဲ့စီ သီကုံး စပ်ဆိုပုံမှာလည်း ကဗျာဗန္ဓသာရကျမ်းပထမကဏ္ဍ တတိ
ယပိုင်း, စတုတ္ထပိုင်းများတွင် ပြဆိုလျက်ရှိသည့် နည်းများအတိုင်း ၄-လုံး
တပိုဒ် ဖွဲ့စီသီကုံးစပ်ဆိုမြဲဓလေ့ဖြစ်သည်။ ။ဒုတိယကဏ္ဍ-ပထမပိုင်း ၃-
အချက်တွင် ‘ပျို့’ ဟူ၍ သမုတ်ခေါ်ဝေါ်ကြသည့်စာ စာရင်းများနှင့်
ပျို့စာကိုယ်များကို ပြဆိုလျက်ရှိသည်။

ပျို့အကြောင်း ပြီးပြီ။

---



## ၇–မော်ကွန်းအကြောင်းကို ပြဆိုချက်

‘မော်ကွန်း’ ဆိုသည်မှာ မြန်မာဘာသာဖြစ်သည်၊ အမှုကွန်းဟူသော
ရှေးစကားမှ ရွေ့ပြီးသော် မော်ကွန်းဖြစ်သည်၊ ကျောက်စာများတွင်
စာရင်းတင်၍ ကျောက်စာထိုးသည်ကို အမှုကွန်း တင်သည် ဟူ၍၎င်း,
မော်ကွန်း တင်သည်ဟူ၍၎င်း ပါရှိသည်၊ ပုဂံမြို့ ၄-ထောင့်ကန် အရပ်,
တက်နွဲ့အရပ်, စကုိင်းမြို့, စကိုင်းအရပ် ကျောက်စာများမှာကြည့်၊ ၎င်း
ပြင် ပုဂံမြို့ အုပ်စိုးပုံစာတမ်း,ပုဂံစစ်တမ်း,ပုဂံရာဇဝင်ကျမ်းများမှာ စာရင်း
ကျောက်စာ ထိန်းသိမ်းရသူကို မော်ကွန်းထိန်း-ဟူ၍ ရေးသားပါရှိသည်၊
မော်ကွန်း၏ အဓိပ္ပါယ်မှာ ထင်ရှားစွာမြဲမြံ တည့်တွန်းအောင် ပြုလုပ် သည် ဆို
လိုသည်၊ ‘မော်ကွန်း’ ဟူသောစကားနှင့် ‘စည့်ကွင်း’ ဟူသော စကား
၂-သွယ် အဓိပ္ပါယ်အယူ ထပ်တူ သက်လားသော စကားမျိုးပင် ဖြစ်
သည်၊ စည့်ကွင်း ဟူသောစကားမှာ အစဉ်အဆက်မပျက်ထင်ရှားတည်တွန်း
သည် ဆိုလိုသည်၊ ဟတ္ထိပါလ နိဂုံးတွင်–“ရွှေမြေ အဝ၊ တည်စနန်းသီး၊
ပြည်ထောင်ကြီး၏၊ သမီးမြစ်ရင်း၊ နွယ်မယွင်းသည့်၊စည့်ကွင်း မတိမ်လည်း
ကောင်းတည်း”ဟူ၍၎င်း၊ ရွှေဟသာပျို့တွင်–“မင်းမွန်ရှေးဆက်၊ ကျင့်
တိုင်းပက်လျှင်၊ မပျက် စည့်ကွင်း၊ မပြင်းတုတ်ခွန်” ဟူ၍၎င်း၊ ရတနာ
ယဉ်နပျို့တွင်–“ချမ်းကြည်မက်ရိပ်၊ ခိုရာဆိပ်ဟု၊ တံဆိပ်စည့်ကွင်း၊ အနှုန်း
ထွင်း၍၊ ဆင့်,မြင်း,ဗိုလ်ထု” ဟူ၍၎င်း အသီးအသီး စပ်ဆိုသည်။

ဘုရားပုထိုးဟောင်းများတွင် အစဉ် တည့်တွန်းထင်ရှားအောင် ပြုလုပ်
ထားသော ဇာတ်ဝတ္ထုရုပ်ပုံများကိုလည်း ‘စည့်ကွင်း’ ဟု ယခုတိုင် ခေါ်
ဝေါ်လျက်ရှိသည်၊ ရှင်ဇယန္တာဘိ စီရင်သည့် ပေါ်ရာဏ ကထာတွင်
‘စည့်ကွင်း’ ဟူသည်မှာ စဉ်လာမပျက် ဆင်းသက် တည်တံ့သည် ဆိုလိုသည်
ဟူ၍ ပြမှာသည်။

‘မော်ကွန်း’ ဟူသော စာလုံး ၂-ရပ်ကို မော်-တရပ်, ကွန်း-တရပ်
ခွဲခြားယူငင်လျှင် ‘မော်’ဆိုသည်မှာ ထင်ရှားသောအနက်၊ဝါကြွားသော
အနက်၊ မြင့်မောက်သောအနက်၊ ပန်းပြောက်ဟူသောအနက်၊ မော်သစ်
ပင်-ဟူသောအနက်၊ မော့သောအနက်များကို ရသည်။ ‘ကွန်း’ ဆိုသည်
မှာ နေရာ ဗိမာန်ဟူသောအနက်၊ တိုင်-ဟူသောအနက်များကို ရသည်။

## ၈—မော်ကွန်းဟူသော ဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများကို ပြဆိုချက်

ထင်ရှားစွာ မြဲမြံတည်တွန်းအောင် ပြုလုပ် သည် ဟူသောအရာကို မော်ကွန်းသဒ္ဒါဖြင့် ရေးသားစပ်ဆိုထုံး အထောက်အထားများမှာ....ပုဂံမြို့ ၄-ထောင့်ကန်အရပ်၊ သိင်္ဂသူသမီး ကျောက်စာတွင် မင်းကြီးကိုကြားပေ ရကား—ရိယ်စင်တော်သွန်ဧး, အမှုကွန် ထင်ဧး—ဟူ၍၎င်း။ စစ်ကိုင်းမြို့ အနန္တ သူရိယ ကျောက်စာ တွင် သဃ်ရာဇာ တို့လည်း ရှေတ်ဝယ် မြေလှုတ်မူသောခါ ဟိပါဧ မော်ကွန်း တင်ပေသည်ကား တင်ကြီး သူကြီးတည်း—ဟူ၍၎င်း အသီးအသီးပါရှိသည်။ ၎င်းပြင် အဝဆင်ဖြူရှင် လက်ထက် ၁၁၂၇-ခု စစ်တမ်းတွင် မော်ကွန်းထိန်း ဥတ္တနရာဇာ-နံ-၅ တေး,အသက် ၆၅—နှစ်ဟူ၍၎င်း, ကျွန်တော်ငညို ဥတ္တနရာဇာအမည်နှင့် ၁၁၂၄-ခုနှစ်ကသည် ယခုတိုင် ထိန်းသည် ဟူ၍၎င်း, မြေမှုရိုးရာမှု အချင်းများ၏ စကားယှက်တင်ရှိလျှင် မော်ကွန်း ကျောက်စာ စာရင်း ထုတ်ပြရသည်ဟူ၍၎င်း ပါရှိသည်။ ၎င်းပြင် ပြာဋိဟာခန်းတွင်-"ရောင် ဝါပြခန်း မော်ကွန်း လင်္ကာ"ဟူ၍၎င်း။ တန်တားဦးတည်တွင်-"မဟာ မှိန်၊ မာရဇိန်ကို၊ စက်ရှိန်သန့်ထင်၊ မော်ကွန်း တင်အံ့"ဟူ၍၎င်း။ ရွှေ ယင်မြော်ကျောက်စာနိဂုံးသံပိုင်းတွင်- "အလုအယက်၊ အပြင်းထွက်၍၊ မယှက်ထွေးအောင် မော်ကွန်း ထောင်သည်....ကျောက်ဆောင် ကမ္ဗည်း စာရင်းတည်း"ဟူ၍၎င်း။ ဝက်မစွတ်မြို့စားမင်း နဝဒေးဆို ၁၁၈၅-ခုနှစ် ဆောက်လုပ်လှူဒါန်းတော်မူသည့် ကျောင်းတော်ကျောက်စာ နိဂုံးသံပိုင်း တွင်-"ဘုန်းတော်ကျောင်းကို၊ အပေါင်းနောင်လာ၊ သိစိမ့်ငှာဟု၊ မဟာ သင်္ချာ၊ မဟာသိရိ၊ ပါဠိနှစ်ပွဲ၊၊ စည်သူကဲ့သား၊ ဝှန်သဲကြေငြာ၊မတ် ဆရာလျှင်၊ ကျာကျာကျော်ဟိုး၊ မော်ကွန်း ထိုးသည်....ကျောက်ရိုးရွှေစာ သံပိုင်းတည်း"ဟူ၍၎င်း။ ၎င်းဆို မဟာသကျသီဟဘုရားကို ၁၀၉၅-ခုနှစ် သွန်းလုပ်ဆွဲထား လှူဒါန်းတော်မူသော ခေါင်းလောင်းတော် စာနိဂုံး သံပိုင်းတွင်- "အပေါင်းရေမြေ၊ သိန္ဓိစေဟု၊ ဥပဒေကြံသိုင်း၊ လွှမ်းရိုက် လှိုင်းသည်....သံပိုင်းရွှေစာ မော်ကွန်း တည်း"ဟူ၍၎င်း။

တောင်ကြားရွာရှိ ရှင်ပင်သက်တော်ရ, ဘုရားသမိုင်း လင်္ကာတွင်- "ရွှယ်ဆောင်မှန်းလျက်၊ အောင်ပန်းကြိုင်မွှန်း၊ စည်ဖြိုင် ယွှန်းသည် ... မော်ကွန်း မတိမ်လည်းကောင်းတည်း"ဟူ၍၎င်း။



အမရပူရ ပထမ မြို့တည်နန်းတည် မင်းတရားလက်ထက် မြင်းယဉ် တက် ရဲ့တင်းလင်္ကာတွင်- "မြင်းယဉ်တက်ကို၊ တိုက်စကြဝဠာ၊ ကမ္ဘာ ဤမြေ၊ ကြေလည်းဥဒါန်း၊ ဆက်ရှည်တွန်းစိမ့်၊ မော်ကွန်း စံတင်"ဟူ၍ ၎င်း၊၊ မင်းရဲ့သိင်္ခသူဧချင်းတွင်- "စိတ်သန်ကြည်ဖွာ၊ ဗြဟ္မာပြဋ္ဌာန်း၊ မော်ကွန်း၊ တင်ထွေ"ဟူ၍၎င်း။

ဆုတောင်းခန်းတွင် "ဘိုးလေးကြီးအား၊ မှီးမှီးလည်လည်၊မော်ကွန်း တည်၍၊ ဤသည်သူဌာ၊ ဤဥဇ္ဇာဟု၊ အက္ခရာတိုင်တည်း၊ ကမ္ဗည်းလည်း ညွှန်း"ဟူ၍၎င်း။

မဃ္ဃသိုးခန်းတွင် "တံဆိပ်ပြောက်ကွက်၊ ရွှေပေရွက်နှင့်၊ ခွန်ဆက်ပို့ ရောက်၊ မော်ကွန်း ဆောက်လျက်၊ အုံလောက်သညာ"ဟူ၍၎င်း။

စန္ဒာမုခိဘုရား ကျောက်စာတွင်- "ကျေးဇူးတော်မြတ်၊ အဋ္ဌုပ္ပတ်ကို၊ နာဂတ်နောင်စို၊ မှတ်စေလို၍၊ သံချိုကျောက်ဆောင်၊ မော်ကွန်းထောင် သည်....စာစောင်စဉ်ဆက်သံပိုင်းတည်း"ဟူ၍၎င်း။

ဝက်မစွတ်မြို့စား နဝဒေးဆို နန်းတည်မော်ကွန်းတွင်- "နာဂတ်နောင် လာ၊ ဖြစ်စေဌာဟု၊ အက္ခရာစုံကျွန်း၊ ကွင်းကွင်းဝန်းသည်....မော်ကွန်း ရွှေစာညွန့်ဖူးတည်း"ဟူ၍၎င်း။

ကုသပျို့တွင်- "စည်ပင်လှ၍၊ ဒီပသောင်းတိုက်၊ မော်ကွန်း စိုက်သို့" ဟူ၍၎င်း။

ဂရုဓမ္မပျို့တွင် "ပြည့်စုံပြည်နန်း၊ ထူးတဆန်းသည်....တောင်ကျွန်း လက်ယာ မော်ကွန်း တည်း"ဟူ၍၎င်း။

ဥဒေါင်းမင်းပျို့တွင်- "တံခါးရုံးလောင်း၊ ရောင်မောင်းတုရိုင်၊ မော် ကွန်း တိုင်နှင့်၊ ကြံ့ခိုင်တခြား"ဟူ၍၎င်း။

ယခုကာလအခါ "မော်ကွန်းတိုင်"ဟူ၍ ခေါ်ဝေါ် ထင်ရှားသည် မှာ မြို့တံခါး၏အနီး မြို့၏အဋ္ဌုပ္ပတ္တိကို ရေးသား စိုက်ထူထားသော ကမ္ဗည်းတိုင်ကို "မော်ကွန်းတိုင်"ဟူ၍ ခေါ်ဝေါ်ကြသည်။ ရတနာပုံမြို့ မှာ ယခုတိုင် ထင်ရှားရှိလိမ့်ဦးမည်။

ကဝိလက္ခဏာသတ်ပုံတွင်- "ကမ္ဘာကုန်ကျွန်း၊ စံ မော်ကွန်း၊ ဥဒါန်း ခံသက်သေ"ဟူ၍၎င်း အသီးအသီး စပ်ဆိုလာရှိသည်။

၉၊ "မော်"ဟူသော ဝေါဟာရအဓိပ္ပါယ်စပ်ထုံးများကိုပြချက်

၁၊ ထင်ရှားသည့် အရာကို 'မော်' သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်
အထားမှာ....မင်းလှယဉ်နူပျို့တွင်- "နုလှရွယ်ဘော်၊ ရှစ်သောင်းကျော်
တွင်၊ ခေါင် မော် အထွတ်၊ ဘောင်ညာနတ်ဟု" ဟူ၍ ၎င်း။
ဟံသာဝတီမင်းတရားဆို တမ်းချင်းတွင်- "ထူပါရုံနှင့်၊ ကြီးခုံမောက်
မော်၊ ကောင်းမှုတော်လည်း၊ ခြောက်ဖော်ရောင်ကွန့်" ဟူ၍ ၎င်း။
အလောင်းမင်းတရားကြီးလက်ထက် အတုလဆရာတော်ဆို ရဲတင်း
တွင်- "ငကောင်းလူကျော်၊ ငသော်လူတွင်၊ ပေါ်ထင်လူ မော်၊ ဗိန်ကျော်
လူလှ" ဟူ၍ ၎င်း။
၎င်းမြင်းယဉ်တက် ရဲတင်းတွင်- "သာတွန်းအောင်က၊ တတ်ခေါင်
ဖျော်၊ လူ မော် ထွေးညို" ဟူ၍ ၎င်း။ အသီးအသီး စပ်ဆိုလာရှိသည်။
စစ်ကိုင်းနယ်ရှိ ယဉ်သင်မော်၊ စကုမော်၊ ပြာသာဒ်ကျမော်၊ ရွှေ
တောင်ဦးမော်၊ နံ့ကိုင်းမော်၊ မဟာမော်၊ စေည်းစပ်မော်၊ တမ်းခွန်
တိုင်မော်၊ ငရင်ကွဲမော်-စသည်များနှင့် ပုဂံနယ်ရှိလေးကိုင်းမော်၊ လက်ပံ
ပင်မော်၊ သိရိပစ္စယာမော်၊ စလေ ၉-မော် စသည်များမှာ ထင်ရှား
သော နေရာကိုခေါ်သော ဝေါဟာရများပင်ဖြစ်သည်။ ၎င်းနေရာများ
ထင်ရှားသည်မှာ ရေစီးရေဆင်း ပြင်းထန်သည်များကို 'မော်'ဟု-ဆိုလို
သည်။

၂၊ ဝါကြွားသည့်အရာကို 'မော်' သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်
အထားမှာ....ဝါကြွားသည့်အရာကို 'မော်' သဒ္ဒါဖြင့် ယခု ခေါ်ဝေါ်
ပြောဆိုကြသော စကားလည်း ထင်ရှားဆဲဖြစ်သောကြောင့် အထောက်
အထား ပြရန်မလို။
၃၊ မြင့်မောက်သောအရာကို 'မော်'သဒ္ဒါဖြင့် စပ်ဆိုထုံးအထောက်
အထားမှာ....ကျည်းကန် ရှင်နန္ဒဓဇဆို-ဂန္ဓရည်မာချို ရတုတွင်- "သုံးနိုင်
ချမ်းသာ၊ ရကြောင်းရှာမူ၊ သာသနာ မော်၊တောင်ထိပ်ပေါ်က၊ မပျော်
ဆင်းမည်၊ မကြီစည်နှင့်" ဟူ၍ ၎င်း။ ဝတ်ရုံကျောင်းဘွဲ့မော်ကွန်းတွင်-
"ကျော်စော ထိတ်ဖျား၊ သဝိတ်လည် မော်၊ ရှုမျှော်တသွန်" ဟူ၍ ၎င်း။
ရတနာဗိမာန်ကျောင်းတော် ကျောက်စာနိဂုံးသံပိုင်းတွင်- "ဘုန်းစက် ဗိ
မိုင်း၊ စိုးကြပ်ထိုင်းသား၊စစ်ကိုင်းကြီးတောင်၊ မော် ကျောက်ခဆောင်လျှင်"



ဟူ၍ ၎င်း။ မင်းလှ ယဉ်နူပျို့တွင် "ဩဃလှိုက်ဝဲ၊ ပင်လယ်ထဲမှ၊ ထွက်
ခဲ့ ကမ်း မော်၊ ရွှေပြည်ကျော်သို့" ဟူ၍ ၎င်း အသီးအသီး စပ်ဆိုလာရှိ
သည်။
၄၊ ပန်းပြောက်ဟူသောအရာကို 'မော်'သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်
အထားမှာ....ဝတ်ရုံကျောင်းဘွဲ့ မော်ကွန်းတွင်- "ထွတ်ခေါင် စွင့်စွင့်၊
လှတင့်ပေါ်ထင်၊ ကုန်းခင် မော် ယွန်း၊ ထုတ်သန်းပတ်လည်" ဟူ၍ ၎င်း။
မဃ္ဃစိုးခန်းတွင်- "အရွက်ပြန့်ပြန့်၊ ခြူးညွန့်ငင်သိပ်၊ မော် ပွင့် လိပ်လျက်၊
ရိပ်ရိပ်လည်းပြေ" ဟူ၍ ၎င်း။ ဂရုဓမ္မပျို့တွင်- "ကြာနိုင်သေသတ်၊ပြာသာဒ်
ပြအိုး၊ မော် ယွန်း ယိုးနှင့်၊ ထောင့်ချိုးထောင့်ကွေး" ဟူ၍ ၎င်း။ တွင်း
သင်း မော်ကွန်းတွင်- "မြက်ပွင့်ရိုးရိပ်၊ ခွဲးသေးစိပ်လျက်၊ မော် လိပ်ရွက်
ညွှန့်၊ တွန့်ရရွနွံနှင့်၊ ဝေယန္တအဟန်" ဟူ၍ ၎င်း။ ၎င်းတွင်- "ဝေဆာ
လှတင့်၊ ဆင့်ရရင့်တည့်၊ မော် ပွင့် မော် လိပ်၊ ရိုးရိပ် ပြောင်ပြိုး" ဟူ၍ ၎င်း
အသီးအသီး စပ်ဆိုလာရှိသည်။
၅၊ မော်သစ်ပင် ခေါ်ဝေါ်ကြသည့်အရာမှာ ယခုအခါ မော်-ဟူ၍
ခေါ်ဝေါ်ကြသည့် ၎င်း မော်ပင်သည် ရေထွင်တည်ရောဏ် ပေါက်ရှိ
တတ်သည်၊ မော်တောကျွဲးတိုး စသည်ဖြင့် ပြောဆို ခေါ်ဝေါ်ကြသော
စကားလည်း ထင်ရှားဆဲဖြစ်သည့်ပြင် ကဝိလက္ခဏာ သတ်ပုံတွင်လည်း-
"ထော်ပည် ကန်စွန်း၊ ရွက်ချွန်းချွန်း၊ မော်ဝန်းရှိသည့်ရေ" ဟူ၍ စပ်ဆို
လျက်ရှိသည်များကြောင့် အထောက်အထား များစွာပြရန်မလို။
၆၊ မော့သည့်အရာကို 'မော်' သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်အထား
မှာ .... ဆုတောင်းခန်းတွင်- "တုရင်က မောင်း၊ သက်တင် ချောင်းလှို၊
ဥဒေါင်းလည် မော်၊ မြော်ဟန်နဂါး" ဟူ၍ ၎င်း။ ဗိဓုရပျို့သစ်တွင်- "ထီး
တရာလည်း၊ မျက်နှာလည် မော်၊ သည်သို့မျှော်သည်၊ မိုးပေါ်ငါတို့
အဆီတည်း" ဟူ၍ ၎င်း။ ၎င်းတွင်- "ရှုညောင်းမျက်ခြည်၊ သည်မျှသည်
ဟူ၊ ဦးလည် မော်မော်၊ မြော်ကြပက်ပါ"-ဟူ၍ ၎င်း အသီးအသီး စပ်ဆို
လာရှိသည်။

၁၀-'ကွန်း'ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများကို
ပြဆိုချက်

၁၊ နေရာဗိမာန်-ဟူသောအရာကို'ကွန်း'သဒ္ဒါဖြင့်စပ်ဆိုထုံးအထောက်
အထားမှာ....တန်တားဦးတည် မော်ကွန်းတွင်- "လေသွန်ပျော်ခန်း၊ဆင်

ကျုံး ကွန်း က" ဟူ၍၎င်း။ စသာတောင်ကြားရွာ သမိုင်းလက်ာတွင်—"နတ်အများနောင်၊နတ်ခေါင်ကျော်မြီး၊ ဘိုးမင်းကြီးကို၊ ဘုံသီးနတ် ကွန်း၊ ပြုဗွာစွန်းက" ဟူ၍၎င်း။ မနော်ဟရိ ပျို့တွင်—"လှော်ကားအိမ်ဆောင်၊ လောင်းဖောင် ကွန်းစင်၊ သံလှေလျှင်နှင့်" ဟူ၍၎င်း။ဥဒေါင်းမင်းပျို့တွင်—"တလျှောက်မီးကာ၊ သေချာတုကျွန်း၊ နတ် ကွန်း နတ်ဂူ၊ လျှံလူရေးရေး" ဟူ၍၎င်း။ ကဝိလက္ခဏာသတ်ပုံတွင်— "ရွှေနန်း ငွေနန်း၊ တဲနေ ကွန်း၊ ပြောင်ရွှန်းအမြဲတော။ ခရွှံဘုံနတ် ကွန်း၊ အတုကျွန်း၊ သွန်းသွန်းဖြိုးဖြိုးဝေ" ဟူ၍၎င်း အသီးအသီးစပ်ဆိုလာရှိသည်။

၂၊ တိုင်-ဟူသောအရာကို 'ကွန်း' သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်အထားမှာ .... ကဝိလက္ခဏာ သတ်ပုံတွင်—သည့်တိုင်နှင့် ကွန်း၊ လက်နှင့်တွန်း၊ မယွန်းမတိမ်းပေ" ဟူ၍၎င်း။ နန်းတည် မော်ကွန်းတွင်— "ကိုးဘောင်ထုတ်သန်း၊ ငါးစဉ် ကွန်း ၏၊ လျှောက်တန်း သွယ်မြောင်" ဟူ၍၎င်း။ ၎င်းတွင်—"လေးဆဲ့နှစ်တောင်၊ တမိုက်ရှောင်သား၊ လယ်ခေါင်ရိပ်မြိုင်၊ ကွန်း စဉ်တိုင်နှင့်၊ တောက်ပြိုင်သွယ်မြောင်" ဟူ၍၎င်း။၎င်းတွင်-"မှန်စီရွှေနန်း၊ လက်ယာ ခန်းက၊ ကွန်း ခုနစ်ပင်၊ ရောက်တင် တွန်းတင့်" ဟူ၍၎င်း အသီးအသီး စပ်ဆိုလာရှိသည်။

ဝေါဟာရ လီနတ္ထဒီပနီမှာ 'မော်' သဒ္ဒါ မင်းတို့စံနေသော နန်းဟော၊ သဒ္ဒါ အဋ္ဌုပ္ပတ္တိဟော 'ကွန်း' အဋ္ဌုပ္ပတ္တိကို ဆိုရာဆိုကြောင်းဖြစ်သောကြောင့်—ခင်းတို့စံနေသော နန်းစပ်လျဉ်းသောအဖွဲ့ကိုဆိုရာဆိုကြောင်းဖြစ်သောကြောင့်၎င်း, တနည်း—မင်းနှင့်တခုနှင့်ယှဉ်၍ အဋ္ဌုပ္ပတ္တိကို ပြဆိုသည့်အဖွဲ့ဖြစ်သောကြောင့်၎င်း,အကြောင်းဟု ခေါ်ဝေါ်ရေးသားကြသည်မှတ်။ ဤအရာ၌ ဌာနာဌာန ကောသလ္လညာဏ်ဖြင့် ဝေဘန်ခေါ်ဝေါ်ခြင်းကို သတိရှိစေ-ဟူ၍ ပြမှာလာရှိသည်။ "မော်ကွန်း" အဋ္ဌုပ္ပတ္တိကို ဟောသောအရာ "မော်" သဒ္ဒါ စပ်ဆိုထုံး အထောက်အထားကိုးကားဖော်ပြချက်များမှာ မပါမရှိ၊ သိမိကြည့်ရှုသမျှ ကဗျာများမှာ "မော်"သဒ္ဒါအစပ်ဖြင့် အဋ္ဌုပ္ပတ္တိဟော အထောက်အထား ရှားပါးလှစွာ ရှာ၍မရနိုင်အောင် ရှိချေသည်။

မည်သည့်အကြောင်းအရာကို "မော်ကွန်း" စပ်ဆိုလေ့ရှိသည်ဟူသော သဘောတန်ဆွာမှာ လက်ာတွင် ဖော်ပြခဲ့ပြီးသည့်အတိုင်းပင် ဖြစ်သည်။

မော်ကွန်းဖွဲ့စီ သီကုံး စပ်ဆိုပုံမှာလည်း ပထမကဏ္ဍ-တတိယပိုင်း, စတုတ္ထပိုင်းများတွင် ပြဆိုလျက်ရှိသည့် စပ်ဆိုနည်းများအတိုင်း ကြီးကျယ်



ခမ်းနား မှတ်သားနာပျော်ဖွယ်ရှိအောင် ခြိုးဖွဲ့မြောက်မြင့် စပ်ဆိုစီကုံးမြဲလေ့ဖြစ်သည်။

"မော်ကွန်း"ဟူ၍ သမုတ်ပညတ် ရေးမှတ်ခေါ်ဝေါ်ကြသည့် စာ, စာရင်းများနှင့် မော်ကွန်းစာကိုယ်များကို ဒုတိယကဏ္ဍ-ပထမပိုင်း ၅-နှင့် ၆-အချက်များတွင် ပြဆိုလျက်ရှိသတည်း။

မော်ကွန်းအကြောင်းပြီးပြီ။

---

### ၁၁—သံပိုင်းအကြောင်းကိုပြဆိုချက်

သံပိုင်းဆိုသည်မှာ မြန်မာဘာသာသက်သက်ဖြစ်သည်၊ အစဉ်အဆက်ဖြစ်ခြင်းဟူသော အဓိပ္ပါယ်နှင့် စာစောင်များ၏အဆုံး နိဂုံးလက်ာဟူသောအဓိပ္ပါယ်များကိုရသည်။

### ၁၂—"သံပိုင်း"ဟူသောဝေါဟာရ၏ အဓိပ္ပါယ်စပ်ထုံးများကိုပြဆိုချက်

အစဉ်အဆက်ဖြစ်ခြင်း ဟူသောအကြောင်းအရာကို "သံပိုင်း" ခေါ်ဝေါ်ပညတ်ရေးမှတ်ကြသည့် အထောက်အထားများမှာ ကိုးခန်းပျို့တွင်—"မနုသမ္မတ၊ ရှေ့က သံပိုင်း၊ ကျင့်ရိုးခိုင်းလျက်" ဟူ၍၎င်း။ "နည်းကျဉ်းသာဖြင့်၊ နတ်တို့ရွာ၌၊တခါနတ်မှာအာယု၊ သံပိုင်း ပြုမူ" ဟူ၍၎င်း။ "စတုမဟာ၊ နတ်သက်၊ တထောင်ဝက်ကို၊ တွက်သော်လူ့နှစ်၊ ကိုးသန်းဖြစ်သည်.... စင်စစ် သံပိုင်း တန်ထွာတည်း" ဟူ၍၎င်း။ ရွှေမင်းဘုန်း ဆင်တော် မော်ကွန်းတွင်- "ကြားလေ့ဗိုလ်လူ၊ သံပိုင်း ထူပိမ့်" ဟူ၍၎င်း။ သာမုဒြိကကျမ်းတွင်- "ရှေးကထုံးတီး၊ သံပိုင်း ကြီးတို့၊ ဆိုသီးနှုန်းနှုန်း၊ ထုံးနရန်းကိုဟူ၍၎င်း။ "ပဋ္ဌာမြားကသိုဏ်း၊ ကွင်းကွင်းဝိုင်း၍၊ သံပိုင်း တင်ပေအံ့သတည်း" ဟူ၍၎င်း။ လောကဝိဒူတွင်- "ကြက်သရေပုံလျှိုင်း၊ ရုံပြည့်နှိုင်း၍.... သံပိုင်း တင်ပေအံ့သတည်း" ဟူ၍၎င်း။ စန္ဒာမုနိဘုရားကျောက်စာတွင်- "သံချိုကျောက်ဆောင်၊ မော်ကွန်း ထောင်သည်.... စာစောင်စဉ်ဆက် သံပိုင်း တည်း" ဟူ၍၎င်း။ အခြား ကျောက်စာများတွင်လည်း ဤကျောက်စာ သံပိုင်း ကို (မည်သူ) ရေးထိုး စေရသတည်း-ဟူ၍၎င်း အသီးအသီး လာရှိသည်။

လယ်တီမဏ္ဍိုင်-၅

အဆုံးနိဂုံးလင်္ကာကို "သံပိုင်း" ခေါ်ဝေါ်ရေးမှတ်ကြသည့် အထောက်အထားများမှာ—သုံးဆဲ့နှစ်ပါးချီ တန်တားဦးတည် မင်္ဂလာစေတီမော်ကွန်းတွင် "နောက်မှအုပ်လွှမ်း၊ သံပိုင်း တမ်းသည်…တတ်ကျွမ်း နားပါးလည်ပြီး၍" ဟူ၍ ၎င်း။ အဝမြို့ ကျောင်းတော်ကျောက်စာ နိဂုံးတွင်— "ကျာကျာကျော်ဟိုး၊ စာရင်းထိုးသည်—ကျောက်ရိုးရွှေစာ သံပိုင်း တည်း" ဟူ၍ ၎င်း။ မဟာသကျသီဟဘုရား ခေါင်းလောင်းတော် စာနိဂုံးတွင်- "ဥပဒေကြိုသိုင်း၊ လွှမ်းရိုက်လှိုင်းသည်…သံပိုင်း ရွှေစာမော်ကွန်းတည်း" ဟူ၍ ၎င်း။ နန်းစဉ် စာတော်စာရင်း အမှတ်အသား များမှာလည်း ပျို့, မော်ကွန်း, သံပိုင်း, လင်္ကာစသည်များနှင့် ကျောက်စာ,စဉ့်စာ, ခေါင်းလောင်းစာ, ဆုတောင်းစာ စသည်များမှာ မည်သည့်စာကိုယ် စာသားပုဒ်ရေမည်မျှ, နိဂုံး-သံပိုင်းပုဒ်ရေမည်မျှ, ၂-စုပုဒ်ရေ မည်မျှဟူ၍ ခွဲခြားမှတ်သားရေးထားလျက်ရှိသည်။

စကားပြေမှာဖြစ်စေ လင်္ကာမှာဖြစ်စေ အဆုံးနိဂုံး သံပိုင်းတိုင်းမှာ ၄-လုံးစပ်လင်္ကာနှင့် ရေးသားမြဲ ဖြစ်သောကြောင့် စာကိုယ်နှင့်မတူပဲ အသံကိုပိုင်းခြားသည့်အတိုင်း "သံပိုင်း" ဆိုသည်မှာ အဆုံးနိဂုံးလင်္ကာကို မှတ်ရမည်ဟု ဝိဋ္ဌကတ်တော်အုပ် အတွင်းဝန် မိုင်းခိုင်းမြို့စားမင်း ပြောကြားအမိန့်ရှိဘူးသည်။

သည်ကဲ့သို့ အတွင်းဝန်မင်း အမိန့်ရှိသည့်အတိုင်း မှန်-မမှန်၊ မှတ်သင့် မမှတ်သင့် များကို စကားစပ်လျှင်းမိ၍ ကျေးဇူးရှင် ဘုံကျော်ဆရာတော် ဘုရားကြီးထံ လျှောက်ထားဘူးရာ ယုတ္တိတန်၍ အထောက်အထားပါရှိလျှင် လိုက်နာသင့်ပါ၏။ သို့ရာတွင် အချို့နေရာများမှာ စာကိုယ်တစောင်လုံးကိုပင် သံပိုင်းဆိုလိုသကဲ့သို့ စပ်ဆိုသော အချက်များလည်း အနည်းငယ်ရှိသေးသည်ဟု အမိန့်တော်ရှိဘူးသည်။

၁၃—သံတရပ်,ပိုင်းတရပ် ခွဲခြားယူငင်ပုံကို ပြဆိုချက်

အတွင်းဝန်မင်း အယူအတိုင်း အသံပိုင်းခြားခြင်းကို အစွဲပြု၍ သံ-တရပ်, ပိုင်း-တရပ် ခွဲခြားယူငင်လျှင် "သံ" ဆိုသည်မှာ သည်အရာတွင် အသံကိုပင် ဆိုလိုသည်ဟူ၍ ယူသင့်သည်။ "ပိုင်း" ဆိုသည်မှာလည်း အပိုင်းအခြားကို ဆိုလိုသည်ဟူ၍ ယူသင့်သည်။



အသံကို အ-မပါပဲ "သံ" ဟူ၍ စပ်ဆိုကြသည့် အထောက်အထားများမှာ- ရှင်သူရဲဆို သခင်ထွေးေချင်းတွင်— "ကျုံကျုံပျုံပျုံး၊ ရင့်ယူကျူး မှ၊ ကမြူးချောင်းချောင်း၊ ကြွေး သံ ညောင်းတိ၊ သံ ကောင်း သံ လေး၊ သံ ရှိရွေးမှ" ဟူ၍ ၎င်း။ ဝန်ထောက်တော် ဝက်မစွတ်မြို့စားမင်း ရေးသား ဆက်သွင်းသော သမီးတော်မြတ် ချင်းတွင်- "ဖန်ဖန်ကျူးသီ၊ ပြူတာဂီဖြင့်၊ သံ ပြီ သံ ဝါ၊ နန်းခြင်းငြားသည်" ဟူ၍ ၎င်း။ မြဝတီမြို့စား ဝန်ကြီးမင်းဆို ဤနောင်လူးတားတွင်— "နန်းသူပေါင်းတို့၊ သံ ညောင်းချိချို ဖျော်ယုယ၍" ဟူ၍ ၎င်း။ အသီးအသီး စပ်ဆိုလာရှိသည်။ ၎င်းပြင် "သံ" ဟူသောသဒ္ဒါမှာ များစွာသောအနက် များစွာသော စပ်ဆိုထုံးရှိသေးသော်လည်း ဆိုင်ရာကိုသာ ထည့်သွင်းဖော်ပြသင့်သောကြောင့် ကျယ်လွန်းအံ့စိုး၍ ချန်ထားခဲ့သည်။

အပိုင်းကို အ-မပါပဲ ပိုင်း-ဟူ၍ စပ်ဆိုကြသည့် အထောက်အထားများမှာ ရှင်မဟာသီလဝံသဆို ရွှေနန်းတည်မော်ကွန်းတွင်- "ရေ၏အထိပ် မြင်းမိုရ်ရိပ်၌၊ တံဆိပ်ခြား ပိုင်း၊ ဘက်တူနိုင်းသည့်၊ တန်တိုင်းပမာ" ဟူ၍ ၎င်း။ မဃဒေဝစိုးခန်းတွင် "တရာ့ရှစ်ခု၊ နဝင်းရှုလျက်၊ အာယုဆစ် ပိုင်း၊ ဥမျိုင်းနက်သတ်" ဟူ၍ ၎င်း။ စေတ္တကူးမင်း နားတော်သွင်းတွင်- "ဌာန စစ်ကိုင်း၊ သီးခြား ပိုင်း စွ၊ နတ်နိုင်းရောင်ဆင်း" ဟူ၍ ၎င်း အသီးအသီး စပ်ဆိုလာရှိသည်။

သံပိုင်းစာ စာရင်းများနှင့် သံပိုင်း စာကိုယ်များကို ကဗျာဗန္ဓသာရကျမ်း ဒုတိယကဏ္ဍ-ဒုတိယပိုင်း ၁-နှင့် ၂-အချက်တွင် ပြဆိုလျက်ရှိသည်။

သံပိုင်းအကြောင်း ပြီးပြီ။

၁၄—သမိုင်းအကြောင်းကို ပြဆိုချက်

"သမိုင်း" ဆိုသည်မှာ မြန်မာဘာသာဖြစ်သည်။ "အစဉ်မှတ်သားရအောင် ပြုလုပ်သောစာ" ဆိုလိုသည်။

သို့ဖြစ်၍ ဘုရား,ဂူ,ကျောင်း, တန်းဆောင်း, စည့်, ဓမ္မသာလာ,တန်တားစသည်များနှင့် စပ်သည့် အကြောင်းအရာ မြို့ရွာနှင့် စပ်သည့် အကြောင်းအရာများကို စကားပြေနှင့်သော်၎င်း, ကဗျာဗန္ဓသာရကျမ်း

ပထမကဏ္ဍ-တတိယပိုင်း, စတုတ္ထပိုင်းများတွင် ပြဆိုလျက်ရှိသည့် စပ်ဆိုနည်းများအတိုင်း လင်္ကာစပ်ဆို၍သော်၎င်း စီကုံးရေးသားသည်များကို “သမိုင်း” ဟူ၍ သမုတ်ပညတ် ရေးမှတ်ခေါ်ဝေါ်ကြသည်။

### ၁၅-“သမိုင်း” ဟူသော ဝေါဟာရ၏အဓိပ္ပါယ်စပ်ထုံးများကို ပြဆိုချက်

အထောက်အထားမှာ....တပယင်းမြို့ သမိုင်းလင်္ကာတွင်- “ဌာနသာချင်း၊ မြို့ရွှေယင်း၏၊ ကြောင်းရင်းထွေလာ၊ သမိုင်း စာကို၊ စဉ်လာစကား၊ ဥဒါန်းကြားသည်” ဟူ၍၎င်း။ စစ်ကိုင်းမြို့သမိုင်းလင်္ကာတွင်- “ရန်မာန်ပယ်နိုင်း၊ မြို့စစ်ကိုင်း၏၊ သမိုင်း လင်္ကာ၊ ဂုဏ်ကိုးဖြာကား” ဟူ၍၎င်း။ ရှင်ပင်သက်တော်ရ ဘုရားသမိုင်းတွင်- “မင်္ဂလာထုံးဆောင်၊ ကပ်လုံးပြောင်စိမ့်၊ အခေါင်သာနှိုင်း၊ တပေါင်လှိုင်း၍၊ တိုင်းမြန်မာပြည်၊ သမိုင်းရှည်ဖြင့်၊ ငါးမည်အင်စုံ” ဟူ၍၎င်း အသီးအသီး စပ်ဆိုလာရှိသည်။

* ကဗျာဗန္ဓသာရကျမ်း ဒုတိယကဏ္ဍ-ဒုတိယပိုင်း ၃-နှင့် ၄-အချက်တွင် သမိုင်းစာ-စာရင်း သမိုင်းလင်္ကာစာကိုယ်များကို ပြဆိုလျက်ရှိသတည်း။

သမိုင်းအကြောင်း ပြီးပြီ။

---

### ၁၆-ရဲတင်းအကြောင်းကို ပြဆိုချက်

‘ရဲတင်း’ ဆိုသည်မှာ မြန်မာဘာသာဖြစ်သည်။ “လက်ရုံးရည်ကိုယ်ရည်သွေး” ဆိုလိုသည်။ ရဲတင်းစပ်ဆိုလေ့ရှိသည့် အကြောင်းရင်းမှာ ဘုရင်မင်းမြတ်များတွင် လက်ရုံးရည်နှင့် ခစားထမ်းရွက်သည့် အခြေအရံ ရဲဘော်ကျွန်တော်မျိုးများကို ဆိုင်ရာဆိုင်သင့် အားပေးထောက်ပင့် ဝှဲ့ချီးမြှောက်မြှင့် စပ်ဆိုလေ့ရှိသည်။ စပ်ဆိုပုံမှာ ကဗျာဗန္ဓသာရကျမ်း-ပထမကဏ္ဍ-တတိယပိုင်း, စတုတ္ထပိုင်းများတွင် စီစဉ်ပြဆိုလျက်ရှိသည်။

* ရဲတင်းစာ-စာရင်းများနှင့် ရဲတင်းစာကိုယ်များကိုလည်း ဒုတိယကဏ္ဍ-ဒုတိယပိုင်း ၅-နှင့် ၆-အချက်တွင် ပြဆိုလျက်ရှိသည်။

ရဲတင်းအကြောင်း ပြီးပြီ။

---



### ၁၇-တမ်းချင်းအကြောင်းကို ပြဆိုချက်

“တမ်းချင်း” ဆိုသည်မှာ မြန်မာဘာသာ ဖြစ်သည်။ “တမ်းတ မြည်သည့်အချင်းအရာကို စပ်ဆိုသောကဗျာ” ဆိုလိုသည်။

တမ်းချင်း စပ်ဆိုလေ့ရှိသော သဘောမှာ လောက၌ ဖြစ်ထွန်းကြီးပွား ကျော်စောထင်ရှားသည့် အရာများသည် သင်္ခါရဓမ္မကို မလွန်နိုင်၍ ယိမ်းယိုင်ပျက်စီးမြဲဖြစ်သည့်အရ ပျက်စီးကြသည့်အဖြစ်သို့ ရောက်သည့် ကာလ လောကစဉ်လာဓမ္မတာနိယံ ဆက်ဆံကြုံကြိုက်ရသည့်အလျောက် အောက်မေ့ဆင်ခြင် တရားတင်ကာ နှိုင်းစာမြော်ဆ တမ်းတဖွဲ့နွဲ့ သွယ်ဝဲ့ယှက်ကူး ကြည်နူးလွမ်းဆွတ်ဖွယ်ရာ သာယာ နာပျော်ဘွယ် ရှိအောင် စပ်ဆိုလေ့ရှိသည်။

* စပ်ဆိုပုံမှာ ပထမကဏ္ဍ-တတိယပိုင်း, စတုတ္ထပိုင်းများတွင် စီစဉ် ပြဆိုလျက် ရှိသည့်အတိုင်း ဖြစ်သည်။
* တမ်းချင်းစာ-စာရင်းများနှင့် စာကိုယ်များကိုလည်း ဒုတိယကဏ္ဍ, ဒုတိယပိုင်း ၇-နှင့်, ၈-အချက်တွင် ပြဆိုလျက်ရှိသည်။

တမ်းချင်းအကြောင်း ပြီးပြီ။

---

### ၁၈-ဧချင်းသံတိုင်နှင့် သံဘောက်အကြောင်းကို ပြဆိုချက်

“ဧချင်း” ဆိုသည်မှာ မြန်မာဘာသာ ဖြစ်သည်၊ “ဧချမ်းသာယာစွာ အကြောင်းချင်းတကို ဖွဲ့ဆိုသောကဗျာ”-ကိုဆိုလိုသည်။ ဧချင်း စပ်ဆိုလေ့ရှိသည့် အရင်းအမြစ်မှာ....ကောရာဇ်,ပဒေသရာဇ်-စသော ဘုရင်မင်းမြတ်တို့၏ သားတော်, သမီးတော်, မြေးတော်များကို ဖြေဖျော်ရာ ဖြေဖျော်ကြောင်းဖြစ်စေရန် နွယ်တော်စဉ် ရင်းမြစ်ကြောင်းရာ စဉ်လာ ထွန်းတောက်ပခဲ့သော ဂုဏ်များကိုသော်၎င်း, ဖြေဖျော်ခံသူ၌ ရသင့်ရထိုက်သမျှသော ဂုဏ်များကိုသော်၎င်း, တင့်တယ် မြင့်မြတ်သည့် အကြောင်းကောင်းစွာ ချီးမြှောက် စပ်ဆိုစီကုံးလေ့ရှိသည်။ အထူးမှတ်သားရန်မှာ-ဧယဉ်စီးအရွယ်ထက် လွန်မြောက်ကြီးပြင်းလျှင် “နားတော်သွင်း” ဟူ၍ ခေါ်ဝေါ်ရေးသားကြသတည်း။

* ဧချင်းသံတိုင်,ဧချင်းသံဘောက် စပ်ဆိုပုံများမှာ—ကဗျာဗန္ဓသာရကျမ်း ပထမကဏ္ဍ,တတိယပိုင်း ၃-အချက်တွင်ပြဆိုလျက်ရှိသည်။ ဧချင်းစာ-စာရင်းနှင့် စာကိုယ် များကိုလည်း ဒုတိယကဏ္ဍ, ဒုတိယပိုင်း ၉-နှင့် ၁၀-အချက်တွင် ပြဆိုလျက်ရှိသတည်း။

ဧချင်းအကြောင်း ပြီးပြီ။

---

## ၁၉—ရတုအကြောင်းကို ပြဆိုချက်

'ရတု' ဆိုသည်မှာ မြန်မာဘာသာ ပေါရာဏကထာ သက်သက်ရတုလည်းရှိသည်၊ သက္ကဋဘာသာ ရိတုမှ ပျက်ပြယ်ရွေ့လျောကာ မြန်မာဘာသာ ဖြစ်လာသော ရတုလည်းရှိသည်။

## ၂၀၊ မြန်မာဘာသာ 'ရတု'ဟူသော ဝေါဟာရ၏အဓိပ္ပါယ် စပ်ထုံးများကို ပြဆိုချက်

မြန်မာဘာသာ ပေါရာဏကထာ သက်သက် 'ရတု'မှာ ၁-သဘင်ဟူသောအနက်၊ ၂-အခမ်းအနားဟူသောအနက်၊ ၃-အခြေ အနေ ဟူသော အနက်များကို ရသည်။

၁၊ သဘင် ဟူသောအရာကို 'ရတု' သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်အထားမှာ မုံရွေးဆရာတော်စီရင်သည့် ဂန္ဓိရ ကထာ ရတနာကြေးမုံ-ခေါ် ပေါရာဏကထာတွင် 'ရတု' ဟူသည်ကား သဘင်-ဟူလိုသည်ဟူ၍ ငင်း။

ဇယဒိသပျို့တွင်—"ကျူးချီပဋ္ဌင်၊ သဘင်ပျော်မှု၊ မင်း ရတုဖြင့်၊ ရွှယ်နွားမွှတ်"ဟူ၍ ငင်း။ စမ္မေယျပျို့တွင်—"ရှင်ပြုံးပျော်ပါး၊ နဂါးတို့မှု၊ ရတုသဘင်၊ ပဋ္ဌင်တူရိယာ" ဟူ၍ ငင်း။ မဟာဝိရချီ ကျေးသား ခန်းတွင်—"မြစ်ခွင်အလုံး၊ မဆုံးလေမှု၊ ရေ ရတု ဝယ်၊ ပြည်သူ့ ဦးခေါင်း၊ ရန်အပေါင်းကို၊ အဲ့မောင်းချီးကာ၊ မိုးသည်သာနှင့်၊ အာဏာရိုက်ကြည်း၊ ကျော်လိုက်သည်းသည်၊ပျော်လည်းအတိုင်း မသိတည်း"ဟူ၍ ငင်း။ပယ်သငယ်စား ရှင်မြတ်ခေါင်ဆို သခင်ကြီးဧချင်းတွင် "သည်းကြားလွန်းကျင်၊မိချစ် ရှင်ကား၊ သဘင် ရတု၊ မင်းမှုပိုက်ဖျား၊ ကျူးလျောက်ကြားသည်"



ဟူ၍ ငင်း။ ဆိသည်ရွာစားဆို ၁၂-ရာသီဘွဲ့, လူးတားတွင်— "တော်သလင်း ကား၊ မြင်တွင်း ရတု၊ ပန်းလုသဘင်၊ သစ်ဆင်းရင်လျက်" ဟူ၍ ငင်း အသီးအသီးစပ်ဆိုလာရှိသည်။

၂၊ အခမ်းအနား ဟူသောအရာကို 'ရတု'သဒ္ဒါဖြင့်စပ်ဆိုထုံးအထောက်အထားမှာ ဇနကပျို့တွင်—"စမြောင်ရွှေသိုင်း၊ ရိရိုင်းရောရှ၊ မင်း ရတု ဖြင့်၊ မင်းမှုမင်းလျောက်" ဟူ၍ ငင်း။ ဇေယျရန္တမိတ်ဆို အဝမြို့ဘွဲ့ရတုတွင်—"ဆုန်းရေးတိုက်ဖက်၊ စွယ်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်ရည်ရှူ၊ နန်း ရတုကို၊ ဇမ္ဗူ့သခင်" ဟူ၍ ငင်း။ စာဆိုတော်မင်းလှရွှေတောင်ဆက် လက်ထပ်မင်္ဂလာရတုတွင်—"ခမ်းနားထွေထွေ၊ ရွှေငွေဆန်းနှု၊ နန်း ရတု ဖြင့်၊ နန်းသူ့အလယ်" ဟူ၍ ငင်း။ မဏ္ဍိုးခန်းတွင်—"မိမိလာဟု၊ ခေါ်ရာပြုသား၊ ရတု သာစွာ၊ ထိုပြည်ရွာတွင်"ဟူ၍ငင်း အသီးအသီး စပ်ဆိုလာရှိသည်။

၃၊ အခြေ အနေ ဟူသော အနက် သက်လားသော အရာကို 'ရတု' သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်အထားမှာ စမ္မေယျပျို့တွင်—"သောင်သဲးသာနှ၊ ရတု ကြည်းရေ၊ မင်းနေ ရင်ပြင်"ဟူ၍ ငင်း။ ဘုံခန်းတွင်—သစ်မည်စည်လည်း၊ ပျားရည်ရောရှ၊ နတ် ရတု ဖြင့်၊ သီးနုကင်းနှင့်၊သီးမာရင့်လျှင်"ဟူ၍ ငင်း။ ဇနကပျို့တွင်— "မျက်ပွင့်သရေ၊ ထွေထွေရောရှ၊ တော ရတု ဦ၊ စက္ခုရသာ"ဟူ၍ ငင်း အသီးအသီး စပ်ဆိုလာရှိသည်။

သို့ရာတွင် သဘင်, ဟူသောစကား-အခမ်းအနား-ဟူသော စကား, အခြေအနေ-ဟူသောစကားများ, ထိုထိုသော အထောက်အထားများနှင့် စဉ်းစားနိုင်းရှုသော် တခုနှင့်တခု အနုနှင့်အရင့်မျှသာ ကွဲပြားသည်။

ကွဲပြားပုံမှာ အများနှင့် ဆက်ဆံပြုလုပ်သည့်အရာကို 'သဘင်'ဟူ၍ ငင်း, အများနှင့် မဆက်ဆံ ခံစံသူအနည်း အကျဉ်းအတွက် ပြုလုပ်သည့်အရာကို 'အခမ်းအနား' ဟူ၍ ငင်း, ပြုလုပ်ခြင်းမရှိ ပကတိသက်သက်ဖြစ်ထွန်းတည်နေသည့်အရာကို 'အခြေအနေ'ဟူ၍ ငင်း ခွဲခြားမှတ်သားသင့်သော သဘောမျှသာ ဖြစ်သည်။

## ၂၁–သက္ကဋဘာသာ "ရတု"ဟူသော ဝေါဟာရ၏ အဓိပ္ပါယ် စပ်ထုံးများကို ပြဆိုချက်

သက္ကဋဘာသာပျက် "ရတု"မှာအခါရာသီ ဟူသောအနက်ကိုရသည်။ အခါရာသီဟူသောအရာကို 'ရတု'သဒ္ဒါဖြင့် စပ်ဆိုထုံးအထောက်အထား

မှာ–ဇာသိသိဂ်ပျို့တွင်–"သန်ဆောင်းခါနွေ၊ သုံးထွေ ဥတု၊ ရတု ခြောက်လီ၊ ရာသီသာစွ၊ ဆဲ့နှစ်လတွင်"ဟူ၍၎င်း။ ဂုတ္တိလပျို့တွင်–"မပူမလောင်၊ မခေါင်မိုးလေ၊ သုံးထွေ ရတု၊ ညီသမှုဖြင့်၊ တောင်သူ့တောသား"ဟူ၍၎င်း။ ရာဇဝါဒနီချီ-နဝဒေးဆို ဟံသာဝတီဘွဲ့ရတုတွင်– "နှယုန်နွယ်တာ၊ နံကာပန်းလု၊ ရတု သစ်ဆင်း၊ တော်သလင်းလျှင်" ဟူ၍၎င်း။ ဘဒ္ဒကမ္ဘာချီ စစ်ကိုင်းမင်း မျိုးတော်စဉ်ရတုတွင်–"နန်းတောင်းများလျှင်၊ ငါးရာ့ခုနစ်ဆယ်၊ စွန်းကယ်သုံးခု၊ ရတု သစ်ဆင်း"ဟူ၍၎င်း။ မဃ္ဃဒေဝ လင်္ကာတွင်–"နေသည်ပြိုပြို၊ ရာသီ ရတု၊ ဆဲ့နှစ်ခုတွင်၊ တခုမညီး"ဟူ၍၎င်း။ မနော်ဟရီပျို့တွင်– "မြင်းဆင်မင်းမှု၊ ရတု သုံးတွေ၊ ရှုလေရာရာ၊ လူးဆန်းသာ၏"ဟူ၍၎င်း အသီးအသီး စပ်ဆိုလာရှိသည်။

## ၂၂–"ကဗျာ"ကို ရတုခေါ်ခြင်းအကြောင်းကို ပြဆိုချက်

အထက်ကဖော်ပြခဲ့သည့်အတိုင်း သဘင်,အခမ်းအနား, အခြေအနေ, အခါရာသီများကို "ရတု"ခေါ်ဝေါ်သည့်အရ သဘင်ဘွဲ့,အခမ်းအနားဘွဲ့,အခြေအနေဘွဲ့, အခါရာသီဘွဲ့ ကဗျာများကိုလည်း "ရတု"ဟူ၍ပင် ခေါ်ဝေါ်ရေးသားကြသည်။ ထိုမှတပါး ဘုရားတိုင်, မိုးတော, တောလား, ရေလား, ကိုယ်ရည်သွေး, ကျေးစေ, ဆင်ရောက်, စစ်ချီ, အမေးအဖြေ, ပြည့်ဘွဲ့, နန်းဘွဲ့, ဘုန်းဘွဲ့, ဂုဏ်ဘွဲ့, မောင်ဘွဲ့, မယ်ဘွဲ့-များကိုလည်း "ရတု"ဟူ၍ပင် ရေးသားခေါ်ဝေါ်ကြလေသည်။

ထိုသို့ ခေါ်ဝေါ်သည်မှာလည်း သဘင်အခမ်းအနား စသည်များကို ဖွဲ့ဆိုသော ကဗျာသဘောနှင့် မခြားမနား အလားတူ သံတူကြောင်းကွဲ ဖြစ်၍ "ရတု"ပင် ခေါ်ဝေါ်ဖြန်သည့်အရာ သိသာထင်ရှားသည်။ စပ်ဆိုသည့်အရာဖြစ်သောကြောင့် စပ်ဟပ်ပုံ-ဖတ်ရွတ်ရပုံတူသည်ကိုအစွဲးပြု၍ "ရတု"ပင် ခေါ်ဝေါ်ဖြန်သည့်အရာ ...

မည်သည့်အကြောင်းကို ရတု စပ်ဆိုလေ့ရှိသည်ဟူသော သဘောတန်ထွာမှာ–ဆိုခဲ့သည့် နောက်ဆုံးအပိုဒ်ပါ အကြောင်းအရာ များကို သော်၎င်း, လင်္ကာတွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်းသော်၎င်း စပ်ဆိုလေ့ရှိသည်။

စပ်ဆိုစီကုံးပုံမှာ–ကေဝိုဒ်, အဖြည့်ခံ, ပိုဒ်စုံ,ဟူသော ခေါ်ပုံ ၃-ရပ် စပ်နည်းများနှင့် ပိုဒ်စုံတွင် ၅-မျိုး ကွဲပြားဖြန်သည့် စပ်နည်းစပ်ပုံများ အတိုင်း ဖွဲ့သီစီကုံးစပ်ဆိုလေ့ရှိသည်။



စပ်ဆိုပုံ ကွဲပြားပုံကိုလည်း ပဌမကဏ္ဍ, တတိယပိုင်း ၄-အမှတ်တွင် အကျယ်ဖော်ပြလျက်ရှိသည်။

ရတုသမုတ်ခေါ်ဝေါ်ကြသည့်စာ စာရင်းများမှာ များပြားလှသော့ကြောင့် ကျယ်လွန်းအံ့စိုး၍ ရတုစပ်ဆိုသူတို့ အမည်များနှင့် ရတုစာကိုယ်စာအမျိုးမျိုးများကို တမျိုးတမျိုးလျှင် ၆-ပုဒ်, ၆-ပုဒ်ကျစီ ရနိုင်သမျှ ဒုတိယကဏ္ဍ-တတိယပိုင်းတွင် အသီးအသီး ပြဆိုလျက်ရှိသတည်း။

## ၂၃–ရှင်လောင်းလှည့်ရတုမှာ လင်္ကာရတုတွင် မပါမဝင်သည့် အကြောင်းကို ပြဆိုချက်

လင်္ကာအပါအဝင် ရတုတွင် ရှင်လောင်းလှည့်ရတုမှာ မပါမဝင်မစပ်မဆိုင်ဖြစ်သည်။ ရှင်လောင်းလှည့်ရတု၏ အတွင်းစာသွားများမှာ လေးလုံးစပ်မဟုတ်သည်သာမက အစအချလည်း လိုရာစပ်သည့်ပြင် သတ်ပုံကာရန်လည်း မမှန်မစောင့် ရတုခေါ်ပုံချင်းတူသော်လည်း လွတ်တော်အတွင်းတော် အသွင်းအထုတ် မှာတမ်းများနှင့် ရည်းစားပေးမှာတမ်းကဲ့သို့ ဖြစ်သည်။

ရတုအကြောင်း ပြီးပြီ။

---

## ၂၄–လူးတားအကြောင်း

"လူးတား"ဆိုသည်မှာ မြန်မာဘာသာ ပေါရာဏကထာ သက်သက်မြန်မာ လူးတားလည်း ရှိသည်။ မာဂဓဘာသာ ပြုတ မှန္ဒေလျောကာ ဘာသာဖြစ်လာသော လူးတားလည်းရှိသည်။

နွှေလျော ပုံမှာ ပြုတမှ ပလုတဖြစ်သည်၊ ပလုတမှတဖန် ပလုတဋ္ဌ-ပကိုချေ၍ လုတဖြစ်သည်၊ လုတကိုပင် ဦးဒီဃ အားဒီဃရောက်၍ လူးတား ဖြစ်သည်။

ပြုတမှ ပလုတဖြစ်သည့် အကြောင်းမှာ....လျှာလိပ်သံ ဝိပြင်စွာမခေါ်နိုင်သူတို့က ရ-ကို, လ-သံခေါ်လေ့ရှိသည်၊ ဥပမာဆိုသော်-တရိန်းကို တလိန်း,တရုပ်ကို-တလုပ်,ခရာသီကို-ခလာသီ, သရက်ပင်ကို-သလက်ပင်, ကိုးရိုးကားရားကို-ကိုးလိုးကားလား-ခေါ်သကဲ့သို့ပင် ဖြစ်သည်။

## ၂၅–မြန်မာဘာသာလူးတား၏ သဘောအစိပ္ပါယ် စပ်ထုံးများကို ပြဆိုချက်

မြန်မာဘာသာ ပေါရာဏကထာ-သက်သက် "လူးတား" မှာ....အဆုံးမှတဖန် အစပြန်၍ ပြုလုပ်သည်ဆိုလိုသည်။ ရေစီးတွင်လှေဆန်သည့်အခါ သက်သာအောင် ပြုလုပ် ဆန်သွားရသည်ကို "လူးတား" ပေါက်သည်ဟုခေါ်ဝေါ်ကြသည်၊ လူးတားပေါက်ပုံမှာ လှေနှင့်အတန်ကွာ ရေညာတွင် ချည်သာချိပ်သာသည့်နေရာမှာ ခိုင်မာသောကြိုးနှင့် မြဲမြဲစွာ ပြုလုပ်ခဲ့ပြီးလျှင် လှေလည်း ၎င်းကြိုးကိုအမှီတံကဲဆွဲငင်ဆန်တက်သည်၊ ၎င်းကြိုးဆုံးပြန်လျှင် တဖန်ပြုလုပ်မြဲ ပြုလုပ်ဆန်တက်သည်၊ သည်ကဲ့သို့ ဆွဲငင်ဆန်တက်သော ကြိုးဆုံးသည့်နေရာသို့ ကျတိုင်းကျတိုင်း အစပြု၍ ပြု၍ လူးတားပေါက်သည့်ပမာ "လူးတား" ဟူသော ကဗျာမှာလည်း အောက်ပါအတိုင်း အဆုံးစကားများကို အစထား၍ ရေးသားစပ်ဆို ထုံးရှိသည်။

အလောင်းမင်းတရားကြီး ဘုရား လက်ထက်တော် စိန္တကျော်သူဆို လူးတားတွင်–"အစ တည်ထောင်၊ နန်းပွဲဆောင်သည်၊ ကုန်းဘောင် မှန်စွ ကန်လှလေ ။လ။ ပတ်ကုံးနှံမျှ၊ ကျော်ပေါက်ပြသည်၊ နန်းမထွတ် ဦးတင်တည့်လေ....အာဟိန္ဒကျိုး ပွင့်နီးနီး။ အာဟိန္ဒကျိုး၊ ပွင့်နီး ညီးတောက်ပ မောက်စွလေ"....ဘုန်းတော်နေမီး၊ ရှိန်ညီးညီး။ ဘုန်းတော်နေမီး၊ ရှိန် ....ဟူ၍၎င်း။

မြဝတီမြို့စား ဝန်ကြီးမင်းဆို ဤနေ့ခင်လူးတားတွင်–"စမွယ်ပျော်တော် ကြောင်းတည့်လေ....ကြက်သရေညွန့်ဖူး၊ ရွှေနားနူး။ ညွန့်ဖူးကြက်သရေ –လ–ကြွေ့ကြွေ့ ရံဗိုလ်ပေါင်းတည့်လေ"။ကြက်သရေညွန့်ဖူး တင်ရှိဦး။ ရှိဦးတင်ကာ–လ–ဟူ၍၎င်း။ ဝန်ရှင်တော်,ကင်းဝန်,သေနတ်ဝန်,လယ် ကိုင်းမြို့စား ဝန်ကြီးမင်း-မင်းသတိုး သုဓမ္မ မဟာ သက်တော်ရှည် စီ- အက်စ်-အိုင်,ဆို လူးတားတွင်–"ခေတ်လုံးကျော်သည်၊ ဘုန်းတော်လျှံထိန် မြို့တည့်လေ....သြဘာတော်ထူး ဆော်ရိုက်ကြူး။ သြဘာတော်ထူး–လ– သဘင်မှန်နန်းဦးတည့်လေ....သိင်္ဂါလျှံမြိုး၊ ရောင်ချင်းကူး။ သိင်္ဂါလျှံမြိုး – လ – ဟူ၍၎င်း အသီးအသီးစပ်ဆိုထုံးရှိသည်။



## ၂၆–မာဂဓပျက် လူးတားဟူသောဝေါဟာရ၏ အကြောင်းကို ပြဆိုချက်

မာဂဓဘာသာမှ ရွေ့လျောသည့် "လူးတား" ဟူသောသဒ္ဒါကို မြန်မာ ဘာသာ တိုက်ရိုက်ပြန်လျှင် အသံရှည်ရှည် ဖတ်ရွတ်အပ်သော ကဗျာ ဆို လိုသည်။

၎င်း အထောက်အထားမှာ ဝစနတ္ထ ဇောတိကမည်သော ဝုတ္တော ဒယ ဋီကာတွင် "ဧကမဿာဘာဝေရဿား ဒွိမတ္တာဒီဃမုစ္စတေ၊ တိမတ္တာတု ပ္လုတာ ဧ ယျာ၊ ဗျဉ္ဇနာ အဍ္ဎမတ္တိကာ" ဟူ၍၎င်း။ ဝန်ထောက်တော် ဝက်မစွတ် မြို့စားမင်း-မင်းကြီး မဟာ မင်းထင်စည်သူ စပ်ဆို စီကုံးရေးသား ဆက်သွင်းသည့် သမီးတော်မြတ် ဧချင်းတွင်–"ရွှေမဏ္ဍာပြွန်၊ ထွေထွေ သွန်သို့၊ ဖန်ဖန်ကျူးသီ၊ ပ္လုတာ ဂီဖြင့်၊ သံပြိုသံဝါ၊ နန်းခြင်းငြာသည်" ဟူ၍ ၎င်း အသီးအသီး မာဂဓဘာသာ, မြန်မာဘာသာ ၂-ရပ်မှာပင် အသံ ရှည်ရှည်ရွတ်အင်ဖတ်အပ်သည့်အရာကိုပ္လုတာဖြင့် ဖွဲ့ဆိုစီကုံးကြသတည်း။ မည်သည့်အကြောင်းအရာကို လူးတား စပ်ဆိုလေ့ရှိသည် ဟူသော သဘောတန်ထွာမှာ လင်္ကာတွင်ဖော်ပြခဲ့ပြီးသည့်အတိုင်းပင် ဖြစ်သည်။ စပ်ဆိုပုံလည်း ပထမကဏ္ဍ,တတိယပိုင်း ၅-အချက်တွင်ပြဆိုလျက်ရှိသည်။ ဒုတိယကဏ္ဍ လူးတားစာ-စာရင်းနှင့် လူးတားစာကိုယ်များကိုလည်း စတုတ္ထပိုင်း ၁-အချက်တွင် ပြဆိုလျက်ရှိသည်။

လူးတားအကြောင်း ပြီးပြီ။

---

## ၂၇–အန်အကြောင်း

"အန်" ဆိုသည်မှာ မြန်မာဘာသာသက်သက် အန်လည်းရှိသည်၊ မာဂဓ ဘာသာပျက် အန်လည်းရှိသည်။

## ၂၈–မြန်မာဘာသာ အန်ဟူသောဝေါဟာရ၏ အဓိပ္ပါယ်ကိုပြဆိုချက်

မြန်မာဘာသာသက်သက် "အန်" မှာ ကဗျာဟူသောအနက်, အော့ အန်သောအနက်, အားအစွမ်းဟူသောအနက်, ကစားလောင်းစားသော အနက် များကိုရသည်။

ကဗျာဟူသောအနက်ကို "အန်" သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်အထားမှာ—မနော်ဟရီပျို့တွင်—"မှတ်တီး စောင်းငြင်း၊သီးချင်းအဲး အန်၊ ပန်းမန်ကွမ်းစည်"-ဟူ၍ ၎င်း။ ဝိဓုရပျို့တွင်- "နှတ်တက်သြဇာ၊ မင်္ဂလာနှင့်၊ဆရာပြန်တင်း၊ အဲး အန် ချင်းနှင့်၊ သံညင်းချေချို"ဟူ၍ ၎င်း။ ကပိလကျွဏာသတ်ပုံတွင်- "ဘုရားကျောင်းကန်၊သွားချိန်တန်၊အဲး အန် မတူးသာ"ဟူ၍၎င်း။

အော့အန်ဟူသောအနက်ကို 'အန်'သဒ္ဒါဖြင် စပ်ဆိုထုံး အထောက်အထားမှာ-စတုဓမ္မသာရပျို့တွင်- "ပျို့ငြိုးတွေး အန်၊ ပေါ့သောဝန်ဖြင့်၊ စွမ်းသန်မြောက်လှ"ဟူ၍ ၎င်း။ ဘူရိဒတ်ဇာတ်ပေါင်း ပျို့တွင်- "ဆားတ်ငန်ငန်၊ ပျို အန် တောက်တောက်"ဟူ၍၎င်း။

အားအစွမ်းဟူသော အနက်ကို "အန်"သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်အထားမှာ သံဝရပျို့တွင်- "တအားတ အန်၊ အလွန်ဖြင်ညီ" ဟူ၍ ၎င်း။ ရွှေဟသ်ာမင်းပျို့တွင်- "မရုတ်အားသွန်၊ လက်ရုံး အန် ဖြင့်၊ တုတ်ခွန်မပျက်"ဟူ၍ ၎င်း။ရွှေစာတိုင်ဆင်တော်မော်ကွန်းတွင်-"လုံးရပ်အားအန်၊ ရုပ်ဟန်ပန်နှင့်၊ စောင်းမာန် ယဉ်ညောင်း" ဟူ၍ ၎င်း။ မင်းတရားမယ်တော် ဧးချင်းတွင်- လေးငင်လှံချွန်၊ ခြသေ် အန် သို့၊ တတ်ပွန်ကာလွှား" ဟူ၍ ၎င်း။ ကဝိလက္ခဏာသတ်ပုံတွင်- "ရဲးရင့်စွမ်း အန်၊ ပျံမြူးကွန်၊သိမ်းစွန်ထိုးလှိုင်ကာ"ဟူ၍ ၎င်း အသီးအသီး စပ်ဆိုလာရှိသည်။

ကစားလောင်းစားသော အနက်ကို "အန်" သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်အထားမှာ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင်- "စသည်ကြွေ အန်၊ သုံးဖန်ရာလှမ်း"ဟူ၍ ၎င်း။ ဝိဓုရပျို့တွင်- "မေ့ကျန်တက်သား၊ အန် ခတ်ကြက်တိုက်"ဟူ၍ ၎င်း။ ကဝိလက္ခဏာ သတ်ပုံတွင်- "မနိုင်မကန်၊ ကြွေနှင့် အန်၊ မေ့ကျန်တတ်ပညာ" ဟူ၍ ၎င်း အသီးအသီး စပ်ဆိုလာရှိသည်။

၂၉—မာဂဓပျက် အန်ဟူသော ဝေါဟာရ၏ အကြောင်းကို ပြဆိုချက်

မာဂဓဘာသာပျက်မှာ—အဏ္ဏဝသဒ္ဒါ၌ ဏ-သဒ္ဒါ, ဝ-သဒ္ဒါ, ၂-လုံးကိုချေပြီးလျှင် မုဒ္ဒဇ-ဏကို ဒန္တဇ-နပြု၍ ၎င်း န-အက္ခရာထက် တမ်းခွန်တင်ပြီးလျှင် "အန်" ခေါ်ဝေါ်သည်။ "အန်"သဒ္ဒါကို ရေဟောမှတ်ရမည်ဟူ၍ ပိဋကတ်တော်အုပ် အတွင်းဝန်မိုင်းနိုင်းမြို့စားမင်း မင်းကြီး



မဟာသိရိဇေယျသူသည် သံတော်ဆင့်-ရတနာ လျှောကားတော်မူးအဖြစ်နှင့် ထမ်းရွက်စဉ် ၁၂၂၆-ခုနှစ်အတွင်း ရေးသားဆက်သွင်းသည့် မှန်ရှည်တဉ် ပျို့ကဗျာလင်္ကာစာရင်းတွင် ပါရှိသည်။

ရာဇဝင်များတွင်လည်း သက္ကရာဇ် ၇၅၉-ခုနှစ်တွင် မင်းကြီးစွာစော်ကဲ တကောင်းမြို့သို့ ရွှေဖောင်တော်နှင့် ရေကြောင်း ဆန်တော်မူစဉ်အခါ ဖောင်ခဝ်သူတို့သီဆိုရန် စပ်ဆိုစီကုံးသည့် အရာဖြစ်၍ ပြုလုပ်သည့်အမှုရေကြောင်းနှင့် စပ်ဆိုင်သည်ကိုစွဲပြီးလျှင် ဖောင်ငင်သံကို "အန်"ဟူ၍ ဆိုသည်ဟုလာရှိသည်။

မည်သည့် အကြောင်းအရာကို "အန်"စပ်ဆိုလေ့ ရှိသည်ဟူသော သဘောတန်ထွာမှာ- "လင်္ကာတွင် ပြဆိုခဲ့ပြီးသည့်အတိုင်းပင် ဖြစ်သည်၊ စပ်ဆိုပုံကိုလည်း ပထမကဏ္ဍ-တတိယပိုင်း,စတုတ္ထပိုင်းများတွင်ပြဆိုလျက်ရှိသည်။

"အန်"စာ စာရင်း၊ အန်စာကိုယ်များကိုလည်း ဒုတိယကဏ္ဍ-စတုတ္ထပိုင်း ၂-အချက်တွင် ပြဆိုလျက်ရှိသည်။

"အန်"အကြောင်း ပြီးပြီ။

---

၃၀—သံပေါက် အကြောင်း

ဧးချင်း - သံကိုင် - သံဘောက်မှာ ဘကုန်း၊ လင်္ကာ သံပေါက်မှာ ပစောက် ရေးတိုးရှိသည်။

"သံပေါက်"ဆိုသည်မှာ မြန်မာဘာသာဖြစ်သည်၊ လင်္ကာတို ဆိုလိုသည်။ သည်ကိုရည်၍ ပညာရှိတို့လည်း "သံပေါက်စာကို၊ လင်္ကာတို၊ ဆိုရာတွင် မာဂဓအဆိုသိဝ်သည်းမှု" ဟူ၍ စပ်ဆိုတော်မူကြသည်၊ မြန်မာဘာသာ ၂-မျိုးနှင့်ပင် လင်္ကာသံပေါက် စပ်ဆိုလေ့ရှိသည်။

၃၁—မာဂဓဘာသာ လင်္ကာ သံပေါက် အထောက်အထားများကို ပြဆိုချက်

မာဂဓဘာသာ လင်္ကာ,သံပေါက် အထောက်အထားမှာ- အနဋ္ဌလက္ခဏာသုတ်နိသျ၊ ပဏ္ဏာမနိဒါန်းတွင်- "ဥတ္တမတ္ထံ၊ ပသာတံ၊ နိဗ္ဗိသုခေ" ယျ"ဟူ၍ ၎င်း။ ၅၅၀-အဖြစ်တော်ချုပ် ဘုရားရှိခိုးလင်္ကာ ပဏ္ဏာမနိဒါန်းတွင် "နံ အတ္တဝေဝနေ၊ ပက်ဇော၊ ဝါနေ မုဒ္ဒတု"ဟူ၍ ၎င်း စပ်ဆိုလေ့ရှိသည်၊

### ၃၂—မြန်မာဘာသာ လင်္ကာသံပေါက် အထောက်အထားများကို ပြဆိုချက်

မြန်မာဘာသာ လင်္ကာ, သံပေါက်အထောက်အထားမှာ-ဂဏန်းရေး
နည်းလင်္ကာတွင်- "ဂဏန်းလင်္ကာ၊ သံပေါက်စာ၊ မှတ်ပါလေကုန်ကြ"
ဟူ၍၎င်း။ ဆုံးမစာလင်္ကာတွင်- "ငါသာသိတတ်၊ ငါသာမြတ်၊အမှတ်
ဘယ်ခါမထားသင့်"ဟူ၍၎င်း အသီးသီး စပ်ဆိုလေ့ရှိသည်။
မည်သည့်အကြောင်းအရာကို သံပေါက် စပ်ဆိုလေ့ရှိသည်ဟူသော
သဘော တန်ထွာမှာ-လင်္ကာတွင် ပြဆိုခဲ့သည့် အတိုင်းပင် ဖြစ်သည်။
သံပေါက်စပ်ဆိုပုံ ၇-မျိုးကိုလည်း တတိယပိုင်း ၇-အမှတ်တွင် ပြဆို
လျက်ရှိသည်။ သံပေါက်စာ စာရင်းနှင့် သံပေါက် စာကိုယ် များကို
လည်း ဒုတိယကဏ္ဍ, စတုတ္ထပိုင်း ၃-အချက်တွင် ပြဆိုလျက်ရှိသည်။
သံပေါက်အကြောင်း ပြီးပြီ။

### ၃၃—ဝဲရိုက်-ဝဲသွင်းအကြောင်း

"ဝဲရိုက်-ဝဲသွင်း"ဆိုသည်မှာ မြန်မာဘာသာဖြစ်သည်၊ မြစ်ကြောင်း
ရေရိုးများတွင် ဝဲရှိသည့်အချက်များမှာ ဝဲလှည့်သည့်အတွက် ဝဲဂယက်
ကြောင့် ရေစုန်သက်သက်မဖြစ်ဝဲ ဝဲ၏တဖက်မှာ-အစုန်, တဖက်မှာ-
အဆန်ကဲ့သို့ နေသောရေကို လှေနှင့်ကျက်စားသွားလာသူတို့က "ဝဲရိုက်
ဝဲသွင်း"ဟု-ခေါ်ဝေါ်ကြသည်၊ သည်ကဲ့သို့ ဝဲရိုက်ဝဲသွင်းရှိရာ ရေသာ
ရေဆန်ကို လိုက်နိုဆန်တက်သောလှေကိုလည်း ဝဲရိုက်-ဝဲသွင်းဆန်သည်
ဟုခေါ်သည်။

ကဗျာမှာလည်း ဤနည်းပမာ လှည့်ကာ-လှည့်ကာ ၃-လုံးတပိုဒ် ထိပ်
ချင်းတိုက်စပ်သည်ကို "ဝဲရိုက်ဝဲသွင်း"ဟု-ခေါ်သည်။
မည်သည့်အကြောင်းကို ဝဲရိုက်-ဝဲသွင်း စပ်ဆိုလေ့ရှိသည်ဟူသော
သဘောတန်ထွာမှာ လင်္ကာတွင်ပြဆိုခဲ့ပြီးသည့် အတိုင်းပင် ဖြစ်သည်။
စပ်ဆိုပုံကိုလည်း ပထမကဏ္ဍ-တတိယပိုင်းတွင် ပြလျက်ရှိသည်၊ ဝဲရိုက်
ဝဲသွင်း စာ-စာရင်းနှင့် စာကိုယ်များကိုလည်း ဒုတိယကဏ္ဍ စတုတ္ထပိုင်း
၄-အချက်တွင် ပြဆိုလျက်ရှိသည်။ ။ဝဲရိုက်း ဝဲသွင်းကြောင်း ပြီးပြီ။
လင်္ကာသက်ဝင်ရာပါကဗျာ ၁၄-မျိုး၏သဘောသွား စကားရပ်များ
ကိုပြဆိုချက်ပြီးပြီ။

ပထမကဏ္ဍ-ဒုတိယပိုင်း ပြီးပြီ။

---



## ပထမကဏ္ဍ-တတိယပိုင်း

### ၁-လင်္ကာ, ပျို့, မော်ကွန်း, သံပိုင်း, သမိုင်း, ရဲးတင်း-ဟူသော-ကဗျာ ၆-မျိုး စပ်ဆိုသီကုံးပုံများကို ပြဆိုချက်

၁၊ လင်္ကာ
၂၊ ပျို့
၃၊ မော်ကွန်း
၄၊ သံပိုင်း
၅၊ သမိုင်း
၆၊ ရဲးတင်း

၎င်း ကဗျာ ခြောက်မျိုးသည် ရည်ရွယ်
စပ်ဆိုရင်း အကြောင်းခံ အခြင်းအရာ သက်
သံ, တက်သံ, နိမ့်သံ, တိုင်သံ – အားဖြင့်
အရှည်အတို အလေးအပေါ့ထား၍ ကန့်
သတ်, ရပ်ဖြတ်, ဖတ်ရွတ်ပုံ အခြင်းအရာ
အမည်သညာ ခေါ်ဝေါ် ပညတ်ပုံ အခြင်း
အရာများမှာသာ တမျိုးနှင့်တမျိုး ကွဲပြားကြ၍ စပ်ဆိုစီကုံးပုံ, စပ်ချပုံ-
အရှည်အတိုထားပုံများမှာ များစွာကွဲပြားခြားနားခြင်းမရှိသောကြောင့်
တပေါင်းတစည်းတည်း ပြလိုက်အံ့သတည်း။

၎င်းကဗျာခြောက်မျိုးအနက် တမျိုးတမျိုးသော ကဗျာတွင် လက်ဦး
ပထမအစပုဒ်၌ အစပိုဒ်၏။ ဂိုဏ်း, ဝဂ်, အက္ခရာ, မတြာ, ကာရန်ထားရမည့်
အရာ။ အချအပိုဒ်၏ ဂိုဏ်း, ဝဂ်, အက္ခရာ, မတြာ, ကာရန်, ကြိယာ
စာလုံးအနည်းအများထားရမည့်အရာ နောက်နောက်အပုဒ်များတွင် အစ
အချထား၍ စပ်ဆိုစီကုံးရမည့်အရာများမှာ တတိယ ကဏ္ဍ-တတိယပိုင်း
တွင် ပြဆိုလျက်ရှိသည့် ၁-မှတ်၊ ၂-မှတ်၊ ၃-မှတ်၊ ၄-မှတ်၊ ၅-မှတ်
များနှင့်တကွ တတိယကဏ္ဍ-စတုတ္ထပိုင်းတွင် ပြဆိုလျက်ရှိသည့် ၁-မှတ်,
၂-မှတ်များနှင့် ဆန့်ကျင်ကွဲလွဲမရှိစေရ နေရာကျ စပ်ဆိုစီကုံးပြီးလျှင်
အတွင်းစာသွားမှာလည်း ဤပထမကဏ္ဍ စတုတ္ထပိုင်းတွင် ပြဆိုလျက်ရှိ
သည်၊ ၄-လုံးတပိုဒ်စပ်နည်းခြောက်မျိုးနှင့် တပြေးညီစွာ,ကာရန်အသတ်
ညီညွတ် မှန်ကန်အောင် စပ်ဆိုစီကုံးရာသည်၊ အရှည်အတို ထားပုံမှာ
၄-လုံးစပ်ပဒရေ-ရှစ်ပဒသော်၎င်း,ရှင်ပဒနှင့် ၁၀၀-ပဒအတွင်းတွင်သော်
၎င်း, ၁၀၀-ပဒအတည့်အကျသော်၎င်း, ၁၀၀-ပဒထက်လွန်၍သော်၎င်း
အသီးအသီး စပ်ဆိုစီကုံးကြသည့် အရာများစွာ ရှိသော်လည်း ၎င်းကဗျာ
ခြောက်မျိုးကို တမျိုး တမျိုးလျှင် - ခြောက်ပုဒ် ခြောက်ပုဒ်ကျစီ ဒုတိယ
ကဏ္ဍတွင် ဖော်ပြလျက်ရှိသည့်စာကိုယ်များနှင့် ညှိနှိုင်း တိုင်းထွာ အရေး
အသားများရာ လိုက်နာထောက်ထား တိုလွန်း-ရှည်လွန်း အစွန်းမထွက်

စေရန်အလယ်အလတ် ကျအောင် စပ်ဆိုစီကုံးသည့်အရာသာလျှင်မြင့်မြတ်မည် ဖြစ်သတည်း။

## ၂—တမ်းချင်းစပ်ဆိုစီကုံးပုံများကို ပြဆိုချက်

“တမ်းချင်း”မှာ ကဗျာခြောက်မျိုးတွင်ပြဆိုခဲ့ပြီး စပ်ဆိုစီကုံးနည်းများနှင့် မခြား သဘောသွားထပ်တူ စပ်ဆိုစီကုံးပြီးလျှင် အချ-ပဒများမှာ ပထမ-ဒုတိယ ၂-ပဒထား၍ တပဒလျှင် ၇-လုံးကျစီ ချရာသည်၊ သို့ရာတွင် ကြိယာ ၆ဝ-အတိုင်းမချမူ၍ ပထမပဒ၏ နောက်ဆုံး အက္ခရာကို လေ-ဟူ၍၎င်း,ဒုတိတပဒ၏ နောက်ဆုံးအက္ခရာကို လေ-ဟူ၍၎င်း အချအချ တိုင်းမှာ ပါစေရာသည်။

## ၃—ဧချင်း သံတိုင် သံဘောက် စပ်ဆိုစီကုံးပုံများကို ပြဆိုချက်

ဧချင်းသံတိုင် ၎င်းသံဘောက် } မှာ—သံတိုင်, သံဘောက် ၂-ရပ် စပ်ဆို စီကုံးနည်းများအနက် “သံတိုင်”စပ်ဆိုစီကုံးနည်းများမှာ-ကဗျာခြောက်မျိုးတွင် ပြဆိုခဲ့ပြီးသည့်နည်းများနှင့်မခြားသဘောသွားထပ်တူစပ်ဆို စီကုံးရာသည်။ “သံဘောက်”စပ်ဆို စီကုံးနည်းမှာ လက်ဦးပထမပုဒ်၌ အစပုဒ်ထား၍ စပ်ဆိုစီကုံးပုံ၊ အတွင်းစာသွား စကား ကာရန် မှန်ကန် ညီညွတ်အောင် စပ်ဆိုစီကုံးပုံများ သံတိုင်ကဲ့သို့ မခြားသဘောသွား ထပ်တူ စပ်ဆိုစီကုံး၍ အချပဒများမှာသာ တတိယကဏ္ဍ စတုတ္ထပိုင်း ၁-မှတ်အချက် အပိုဒ် ၁၄-ပါ ခိုင်ညွန့်ခက်ဖြာ ချနည်းနှင့် တပြေးညီစွာ ၇-လုံးထား၍ ချပြီးလျှင် အချပဒ၏နောက်ဆုံးအက္ခရာကို ပထမအကြိမ်တွင် လေ-ဟူ၍၎င်း, ဒုတိယအကြိမ်တွင် လေး-ဟူ၍၎င်း ခွဲခြားသွတ်သွင်း၍ အစအလယ် ခြောက်လုံးစီမှာ ပထမအကြိမ်အတိုင်းပင် ဒုတိယအကြိမ်တွင် ထည့်သွင်းရေးသားပါစေရာသည်။နောက်နောက်ပုဒ်များ၏ အစအစများကို ဆက်လက်စပ်ဆို စီကုံးရာမှာ တတိယကဏ္ဍ-စတုတ္ထပိုင်း ၁-မှတ်အချက်ပါ အပိုဒ် ၆,အပိုဒ် ၇-များတွင် ပြဆိုလျက်ရှိသည့် လည်ကုပ်ချီ အဖျားကောက်စပ်ဆိုနည်းများအတိုင်း စပ်ဆိုစီကုံးသည်။

အရှည်အတို ထားပုံမှာ အချပဒအလွတ် ၄-လုံးစပ် ပဒရေ ၅-ပဒသော်၎င်း, ၅-ပဒနှင့် ၁၆-ပဒအတွင်းသော်၎င်း, ၁၆-ပဒအတည့်ကျ



သော်၎င်း ထား၍ အသီးအသီး စပ်ဆိုစီကုံးကြသည်များကို တွေ့ဘူးချေသည်။ ၎င်းထက် သာလွန် ယုတ်လျော့သည့်အရာများကို မတွေ့ဘူးချေ။ ဘုရင် နှမတော်ဧချင်း,သခင်ကြီးဧချင်း,သခင်ထွေး ဧချင်း, ရခိုင်ဧချင်းများမှာ အထက်ပြဆိုခဲ့သည့်ချနည်းနှင့် အနည်းငယ် ကွဲပြားကြသေးသော်လည်း စာစောင်ခိုင်မာ မြောက်မြားရာ စပ်ဆိုထုံး များရာများကို လိုက်နာရန် သင့်လျော်မည် ဖြစ်သတည်း။

## ၄—ရတု ၃-ရပ်၊ ၅-ပျိုးစပ်ဆိုစီကုံးပုံများကို ပြဆိုချက်

ရတုမှာ ကေပိုဒ်, အဖြည့်ခံ, ဝိုဒ်စုံဟူ၍ ရတုစပ်နည်း ၃-ရပ်ရှိသည့်အရ ပထမ, ဒုတိယ စသည်မှတ်သား၍ခြားနားသိသာစွာ အောက်မှာ ဖော်ပြလျက်ရှိသတည်း။

ပထမ ကေပိုဒ်စပ်နည်းမှာ....လက်ဦးပဒတွင်စပုံ,အတွင်းစာသွားစကားကာရန် ညီညွတ်အောင် စပ်နည်းစပ်ပုံ,အရှည်အတို ထားပုံစသည့်အချက်များကို ပြဆိုခဲ့ပြီး ကဗျာခြောက်မျိုး စပ်နည်းများအတိုင်း စပ်ဆိုစီကုံးပြီးလျှင် အလိုရှိရာ အဓိပ္ပါယ်ကို တပုဒ်တည်းနှင့် ပြီးစီးဆုံးကုန်အောင် ဖွဲ့ဆိုစီကုံးရာသည်။ အချပဒမှာ တတိယကဏ္ဍ, စတုတ္ထပိုင်း ၁-မှတ်အချက်ပါချနည်းများအနက် ခိုင်ညွန့်ခက်ဖြာချနည်း, မဏိဆံကျင်ချနည်း, အာသာဝတီဝတ်ဆံချနည်း, မဏိဦးပြည်းချနည်း, ဇော်တခိုင်လုံးချနည်း များအတိုင်း ကြိယာခြောက်ဆယ်နှင့် တပြေးညီစွာ ချရာသည်။ ၎င်းချနည်းများတွင်လည်း ခိုင်ညွန့်ခက်ဖြာချနည်း, မဏိဆံကျင်ချနည်းများကိုသာ စာဆိုဆရာ ပညာရှိကြီးတို့ နှစ်သက်လေးမြတ်ကြသည်။ ယခု ရေရွတ်ဖော်ပြခဲ့သည့် ချနည်း ၅-မျိုးမှတပါး မပြတ်ကေသာချနည်း, ဇမ္ဗူသပြေသီးမှည့်ချနည်းစသော ချနည်းမျိုးမည် များစွာရှိသေးသော်လည်း လိုက်နာစပ်ဆိုကြသည့်အရာ များစွာ မရှိဖြစ်သတည်း။ အထူးမှတ်ရန်မှာ—ရဟန်းသံဃာတော်တို့က မင်းမူးမတ်စသော လူများထံ ကေပိုဒ်စင်ဆို အခေါ် ပြောင်းလွဲဆက်သွင်းပေးကမ်းလျှင် ကေပိုဒ်မေတ္တာစာဟု သတည်း။

ဒုတိယအဖြည့်ခံစပ်နည်းမှာ....စပုံ-ချပုံ အတွင်းစာသွားစကား ကာရန်မှန်ကန်ညီညွတ်အောင် စပ်ဆိုပုံစသည်များကို ကေပိုဒ်တွင် ပြဆိုခဲ့သည့်အတိုင်း စပ်ဆိုစီကုံးပြီးလျှင် ပထမပိုဒ်တွင် စင်ဆိုသည့်အစနှင့် အချအသံ

ကာရန်များကဲ့သို့ ဒုတိယပိုဒ်အစနှင့် အချအသံကာရန်များကိုလည်း မှန်ကန်ညီညွတ်အောင် စပ်ဆိုစီကုံးရသည်။အရှည်အတိုထားပုံမှာ ၁၀၀-ပဒပြည့်မှီသည့်အရာ, ၁၆-ပဒ အောက် ယုတ်လျော့သည့်အရာများကို တွေ့ကြုံဘူးသမျှ အဖြည့်ခံစုံရေ ၂၀၀-ကျော်မှာ မပါမတွေ့ဘူးချေ။ "အဖြည့်ခံ" ခေါ်သည်မှာ ပိုဒ်စုံကဲ့သို့ ၃-ပိုဒ်မပြည့်၍ နောင်ဖြည့်နိုင်သူ ပေါ်လျှင်လည်း ဖြည့်စေရန် ပိုဒ်စုံတွင် တပိုဒ်ယုတ်ကာ ၂-ပိုဒ်သာရှိသောကြောင့် "အဖြည့်ခံ" ဟူ၍ သမုတ်ပညတ် ရေးမှတ်ခေါ်ဝေါ်ကြသည်။ စာဆိုဆရာပညာရှိတို့သည် တဦးရေးသည့် အဖြည့်ခံကို တဦး ထပ်မံဖြည့်ကြသည့် အရာ များစွာရှိသတည်း။

တတိယမှာ ...၃-ချက်ညီစပ်နည်း, သပ်စေ့နှက် ၃-ချက်ညီ စပ်နည်း, ကိုယ်တွင်းပြည့်သပ်စေ့နှက် ၃-ချက်ညီစပ်နည်း, စကြာစပ်နည်း, တောင့်တဲးတွန့်စပ်နည်းဟူ၍ ပိုဒ်စုံစပ်နည်း ၅-မျိုးကွဲးပြားခြားနား တမျိုးတမျိုးသော် ၃-ပိုဒ် ၃-ပိုဒ်စီရှိပြီးလျှင် တပိုဒ်တပိုဒ်တွင် အရှည်အတိုပဒနည်းများ အချစာလုံး အနည်းအများ ထားပုံများမှာ ကေပိုဒ်ရတုစပ်ဆိုနည်းတွင် ပြဆိုခဲ့သည့်အတိုင်း ဖြစ်သော်လည်း အချီအချအသံကာရန်အသွားအလာထားပုံများမှာ များစွာကွဲးပြားသေးသည် ဖြစ်သောကြောင့် ၎င်း ၅-မျိုး စပ်ဆိုစီကုံးပုံများကို က-ခ-စသည်မှတ်သား၍ ခြားနားသိသာစွာ အောက်မှာ ဖော်ပြလျက်ရှိသတည်း။

(က) ၃-ချက်ညီစပ်နည်း မှာ—ပထမပိုဒ်တွင် စပ်ဆိုသည့်အစနှင့် အချအသံကဲ့သို့ ဒုတိယ-တတိယအပိုဒ်များမှာလည်း အစနှင့် အချ အသံညီညွတ်စေပြီးလျှင် အရှည်အတိုအညီအမျှထားကြသည့် အရာများသတည်း။

(ခ) သပ်စေ့နှက် ၃-ချက်ညီစပ်နည်း မှာ—ပထမပိုဒ်တွင် စပ်ဆိုသည့် အစနှင့်အချ အသံကာရန်အသွားအလာကဲ့သို့ ဒုတိယ-တတိယအပိုဒ်များလည်း အစနှင့်အချ အသံ ကာရန်အသွားအလာ ညီညွတ် စေပြီးလျှင် အရှည်အတို အညီအမျှ ထားကြသည့်အရာများသတည်း။

(ဂ) ကိုယ်တွင်းပြည့်သပ်စေ့နှက် ၃-ချက်ညီစပ်နည်းမှာ-ပထမပိုဒ်တွင်စပ်ဆိုသည့်အစအလယ်အဆုံးအသံကာရန် အသွားအလာများကဲ့သို့ ဒုတိယ-တတိယအပိုဒ်များမှာလည်း အစ,အလယ်,အဆုံး အသံကာရန် အသွားအလာ ထပ်တူထပ်မျှ ညီညွတ်စေပြီးလျှင် အရှည်အတို အညီအမျှ ထားရသတည်း။



(ဃ) စကြာစပ်နည်း မှာ—အစနှင့်အချကို ခုနစ်လုံးစီ ပဒတူသဘောတူ အဓိပ္ပါယ်တူထား၍ စပ်ဆိုပြီးလျှင် ပထမပိုဒ်တွင် စပ်ဆိုသည့်အစနှင့် အချအသံကဲ့သို့ ဒုတိယ-တတိယပိုဒ်များမှာလည်း အစနှင့်အချ အသံညီညွတ်စေ၍ အရှည် အတို အညီအမျှထားကြသည့်အရာ များသတည်း။

အစနှင့် အချ ပဒတူ၍ သဘောအဓိပ္ပါယ်မတူပဲ ကွဲးလွဲးစပ်ဆိုသည့် စကြာရတု စုံရေအနည်းငယ်မျှကို မှတ်သားတွေ့မြင်ရသေးသည်၊ ထိုသော်လည်း စာစောင်များရာ စပ်ထုံးများရာ စပ်ဆိုရင်းပုဂ္ဂိုလ်ခိုင်မာရာများသို့ လိုက်ကာ မှတ်နာ နည်းယူရန် သာလွန် သင့်မြတ်သတည်း။ တနည်းလည်း—အစချီပဒကိုပင် အချပဒထား၍ စပ်ဆိုလျှင် စမွယ်ရှည်စပ်နည်း ဟူ၍ပင် ရေးမှတ်ခေါ်ဝေါ်ကြသေးသတည်း။

(င) တောင့်တဲးတွန့်စပ်နည်း မှာ—အချီအချ အသံ ကာရန်များမှာ ၃-ချက်ညီ စပ်နည်းကဲ့သို့ စပ်ဆိုစီကုံးပြီးလျှင် လက်ာစာသွားမှာ ၄-လုံးတလှည့် ၅-လုံးတလှည့် လှယ်ကာလှယ်ကာ စပ်ဆိုစီကုံးရသတည်း။

အထက်ပြဆိုခဲ့ပြီးသည့် ပိုဒ်စုံငါးရပ်မှာ အောက်ပါ အချက်များနှင့် တတိယကဏ္ဍ-တတိယပိုင်း, စတုတ္ထပိုင်းများပါပြမှာချက် စနည်း-ချနည်း စပ်ဆိုစီကုံးနည်းများကိုလည်း အထူးသတိထားရမည် ဖြစ်သတည်း။

၁၊ တပိုဒ်ထက် တပိုဒ် ရှည်သည်-တိုသည်မရှိ ၃-ပိုဒ်လုံး အညီအမျှရှိသော ပိုဒ်စုံရတုကိုသာ မင်္ဂလာ ဟူ၍ ခေါ်သည်။

၂၊ ရတု ၃-ပိုဒ်တွင် ပထမပိုဒ်ထက် ဒုတိယပိုဒ်ရှည်သော် ညွန့်တက် ဟူ၍၎င်း၊ ဒုတိယပိုဒ်ထက် တတိယပိုဒ်ရှည်သော်—ညွန့်လန်း ဟူ၍၎င်း ခေါ်သည်။

၃၊ ရတု ၃-ပိုဒ်တွင် ဒုတိယပိုဒ်-တတိယပိုဒ်များထက် ပထမပိုဒ်က သာလွန်ရှည်လျားသော် စာဖြတ် ဟူ၍ ခေါ်သည်။

၄၊ ရတု ၃-ပိုဒ်တွင် ပထမပိုဒ်-တတိယပိုဒ်များထက် ဒုတိယပိုဒ်က သာလွန်ရှည်လျားသော်-ဝမ်းပိုက်ကြီး ဟူ၍ ခေါ်သည်။

၅၊ ရတု ၃-ပိုဒ်တွင် ပထမပိုဒ် ဒုတိယပိုဒ်များထက်-တတိယပိုဒ်က သာလွန်ရှည်လျားသော်—လည်တို ဟူ၍ ခေါ်သည်။

၎င်းပြဆိုချက် ၅-ရပ်အနက် ၁-အချက်, ၂-အချက်ကိုသာ လိုက်နာ စပ်ဆိုရမည် ဆိုလိုသည်၊ ၁-အချက်, ၂-အချက် ၂-ရပ်မှာလည်း ၁-

အချက်ကိုသာ, သာလွန် လိုက်နာရန် သင့်မြတ်သည်။ ယင်းသို့ဖြစ်သော်လည်း အရှည်-အတို မညီမမျှစပ်ဆိုကြသည့် အရာ များလှာတွေ့မြင်ရလျက် ရှိသတည်း။

### ၅—လူးတားစပ်ဆိုစီကုံးပုံများကို ပြဆိုချက်

လူးတား မှာ—အတွင်းစာသွား စကားကာရန် မှန်ကန်ညီညွတ်အောင် ဤ ပထမ ကဏ္ဍ, စတုတ္ထပိုင်း ၂-မှယ်က, ၈-မှတ်ထိ စပ်နည်းများနှင့်အညီ စပ်ဆိုစီကုံးပြီးလျှင် အစတွင် ၃-လုံး တပိုဒ် တပဒသော်၎င်း၊ ၄-လုံးတပိုဒ် နှစ်ပဒနှင့် ၃-လုံး တပိုဒ် တပဒကိုသော်၎င်း၊ ၄-လုံးတပိုဒ် ၃-ပဒနှင့် ၃-လုံးတပိုဒ် တပဒသော်၎င်း၊ ၄-လုံးတပိုဒ် ၄-ပဒနှင့် ၃-လုံးတပိုဒ် တပဒသော်၎င်း စပြီးလျှင် အဆုံးမှာ ၇-လုံး တပိုဒ်-နှစ်ပါဒ ဖြစ်စေ ၉-လုံး တပိုဒ်-နှစ်ပါဒဖြစ်စေ ၁၁—လုံးတပိုဒ်-နှစ်ပဒဖြစ်စေ အဆုံးချရာသည်၊ ၎င်းအဆုံးချသည့် နှစ်ပဒအနက် ပထမပဒ၏ အဆုံးတွင် တည့်လေ....ဟူသော အက္ခရာနှစ်လုံးကို ထည့်သွင်းမြဲ ထည့်သွင်း၍ ဒုတိယ ပဒ၏ အဆုံးအက္ခရာမှာ အိး-ကာရန်,အူး-ကာရန်, ဧး-ကာရန်မှစ၍ ဂရုသံရသည့်ကာရန်ဖြစ်လျှင် မည်သည့်ကာရန်မဆို အလိုရှိရာထည့်သွင်း အဆုံး ချနိုင်သတည်း။ နောက် နောက် ပုဒ်များ၏ အစအစ များကို ဆက်လက် စပ်ဆို စီကုံး ရန်မှာ လည်းကုပ်ချိ, အဖျား ကောက် စပ်ဆိုနည်းများအတိုင်း စပ်ဆို စီကုံးရာသည်၊ အရှည်-အတိုမှာ ရတု များကဲ့သို့ပင် ဖြစ်၍ ပုဒ်ရေ-အနည်း, အများမှာသာ ၃-ပုဒ် အောက်ယုတ်လျော့မရှိ ၃-ပုဒ်ဖြစ်စေ, ၃-ပုဒ်ထက်များ၍ဖြစ်စေ စပ်ဆိုစီကုံးမြဲဖြစ်သတည်း။

### ၆—"အန်"စပ်ဆိုစီကုံးပုံများကို ပြဆိုချက်

အန် မှာ ၄-လုံးတပိုဒ်စပ်နည်း ခြောက်မျိုးအတိုင်း အတွင်းစာသွား စကားကာရန် မှန်ကန်ညီညွတ်အောင်စပ်ဆိုစီကုံးသည့်အရာပင်ဖြစ်သော်လည်း ယောကျ်ားပညာရှိတို့ စပ်ဆိုသည့် ပုလ္လိင်အနက်သက်သည့် အရာဖြစ်လျှင် အစတွင် မင်းချင်းလေ ...ဟူ၍၎င်း, မင်းချင်းတို့လေ....ဟူ၍၎င်း စပြီးလျှင် အဆုံးမှာ သူကောင်းဖော်ရွှေမင်းချင်းတို့ ဟူ၍ ချသတည်း။ မိန်းမပညာရှိတို့ စပ်ဆိုသည့် ဣတ္ထိလိင်အနက် သက်သည့်အရာ ဖြစ်လျှင် အစတွင် အစောလေ....ဟူ၍၎င်း, အစောတို့လေ ...ဟူ၍၎င်း စပြီးလျှင် အဆုံးမှာ သူငယ်ချင်းကောင်းယောက်မတို့လေး....ဟူ၍ ချသတည်း။



ယောကျ်ားဖြစ်စေ,မိန်းမဖြစ်စေ နပုန်းလိင်အနက်သက်၍ စပ်ဆိုသည့် အရာဖြစ်လျှင် အစတွင် ဖော်ချင်းလေ....ဟူ၍၎င်း, ဖော်ချင်းတို့လေ.... ဟူ၍၎င်း စပြီးလျှင် ဖော်ချင်းတို့လေ-ဖော်ချင်းတို့ ဟူ၍ ချသတည်း။ အရှည်အတို အနည်းအများမှာလည်း ကဗျာ ၆-မျိုးတွင် ပြဆိုခဲ့သည့် အတိုင်း ဖြစ်သတည်း။

### ၇—သံပေါက်စပ်ဆိုစီကုံးပုံများကို ပြဆိုချက်

သံပေါက်မှာ—ပညာရှိတို့ အလေးမူကာ လိုက်နာစပ်ဆို စီကုံးကြမြဲ စပ်နည်း ၆-မျိုးကို ပထမ, ဒုတိယ, စသည်မှတ်သား၍ အထော် အထား အညွှန်းများပါ အောက်မှာ ဖော်ပြလျက်ရှိသတည်း။ မှတ်ရန် အဓိပ္ပါယ်ဖော်ပြချက် မည်သည့်ပဒ-မည်သည့်အက္ခရာကို မည်သည့်ပဒက ယူငင်စပ်ဆို မည်သည့်အက္ခရာနှင့် အသံကာရန် မှန်ကန်ညီညွတ်အောင် စပ်ဆိုနည်းကို အတိုချုံး၍ ပြဆိုချက် ရာသည်ဟူသော သံပေါက်လင်္ကာ စပ်ဆိုနည်းကို အတိုချုံး၍ ပြဆိုလျှင် ကာရန်မရှိသော လက္ခဏာအမှတ်အသားများမှာ "—"ဤသို့ပြဆိုလျှင် ကာရန်ရှိသော အက္ခရာ၊ "+"ဤသို့ ပြဆိုလျှင် အစပ်အသံညီညွတ်သည့် ကာရန်ရှိသော အက္ခရာ၊ "÷" ဤသို့ပြဆိုလျှင် စပ်ဆိုပြီးသောအပိုဒ်တွင် အစပ်အသံ ကာရန်မယူပဲ ဆိုလတ္တံ့သောအပိုဒ်တွင် စပ်ဆိုရန် လှမ်း၍ခံသည့် ကာရန်ကွဲ ပြောင်းလွဲယူငင်သောအက္ခရာဟူ၍ အသီးသီး သညာအမှတ် ထား၍ ပြသတည်း။ ပြဆိုခဲ့ပြီးသောနည်းကို အမှီပြုကာ လာလတ္တံ့ သော စပ်နည်းများတွင် ရှင်းလှည်းသိသာတန်ပြီ ဖြစ်သည့်အရ အစအစ တွင် ဖော်ပြအပ်သော စပ်ဆိုလိုပုံ အတိုချုံး၍ ပြဆိုချက်လက္ခဏာအမှတ် အသားများနှင့် စပ်ဆိုထုံး အထောက်အထား များကို သိသာစေရန် ပြဆိုအပ်သတည်း။

— — — +

ပထမစပ်နည်းမှာ — — + ဤသို့ ပြဆိုလျက်ရှိသည့်ပုံ

— + — — —

အတိုင်း ၄-လုံးစပ် ပဒတွင် နောက်ဆုံး အက္ခရာ, ၃-လုံးစပ် ပဒတွင် နောက်ဆုံးအက္ခရာ, ၅-လုံးစပ်ပဒတွင် ဒုတိယမြောက် အက္ခရာ,၎င်း ၃-ချက်ကို အသတ်ကာရန်မှန်ကန်ညီညွတ်စွာစပ်ဆိုစီကုံးရာသည်။သည့်ကဲ့သို့

စပ်ဆိုစီကုံးပုံ အထောက်အထား အညွှန်းများမှာ-ရှင်မဟာသီလဝံသဆို-ရွေနန်းတည် မော်ကွန်းတွင်— "အောင်မြေကြငှန်း၊ ဝရွှေနန်း၊ ရစ်သန်း သုံးဖြာကျ" ဟူ၍ ၎င်း။ ရှင်မဟာရဋ္ဌသာရဆို ဘူရိဒတ် ဇာတ်ပေါင်းပျို့ နိဂုံးတွင်— "နားမဝင်ပဲ၊ ပြစ်တင်ရဲး နက်နဲးမလိမ္မာ" ဟူ၍ ၎င်း။ ဝက်မစွတ်မြို့စား နဝဒေးဆို လောကဝိဒူ မော်ကွန်းနိဂုံးတွင် "လောကသုံးပါး၊ စောင့်တတ်အား၊ သိကြားနတ်ပြဟ္မာ" ဟူ၍ ၎င်း။ မင်းခင်း ၅-မြို့ဆိုင်ရာ မကွေးမြို့စား ဝန်ထောက်ဆို သတ်ထူးတွင် "ဘုရားဗုဒ္ဓါ၊ ကျောက်စာထိုး၊ ပုထိုးခုခေါ်မြွက်" ဟူ၍ ၎င်း။ တောင်ငူစာရေးတော်ကြီး ဦးကြီးဆို ၁၁၁၀-အဖြစ်တော်ချုပ် ဘုရားရှိခိုးလင်္ကာ ပဏာမ နိဒါန်းတွင်— "လောကမမ္ဘိ၊ သက်ပွိ၊ ကမ္ဘိသုသာဓု။ သဗ္ဗ စိတ္တံ၊ မေမယံ၊ ဒိပွံသမိဇ္ဇတု။ နန္ဒဝေနေ၊ ပက်ဇော၊ ဝါနေမုဋ္ဌတု" ဟူ၍ ၎င်း။ ဝဇီရာရာမ ဆရာတော် အနက်မြန်မာ ပြန်ဆိုတော်မူသည့် အနတ္တလက္ခဏာသုတ် နိဿယ-ပဏာမနိဒါန်းတွင် "ရန္တာကေတုံ၊ တိဝဋ္ဋုံ၊ သာခုံပဏာမျ။ ကာသာဝမဟံ၊ သုတ္တန္တံ၊ သတံဟိတာယ။ ဥဋ္ဌမဋ္ဌံ၊ ပဿတံ၊ နိဗ္ဗံသုခေယျ" ဟူ၍ ၎င်း အသီးအသီး စပ်ဆိုသီကုံးကြသတည်း။ ၎င်းစပ်ဆိုနည်းကို လေးလုံး စ, ငါးလုံးချ ပထမစပ်နည်းခေါ်သည်။ နွယ်ပန်းသံ ဟူ၍ ခေါ်သူလည်း ခေါ်ကြသေးသည်။

— — — +
ဒုတိယစပ်နည်းမှာ — — +
\+ — — — — ဤကဲ့သို့ ပြဆိုလျက် ရှိသည့်ပုံ

အတိုင်း အသတ် ကာရန် မှန်ကန်ညီညွတ်စွာ စပ်ဆိုစီကုံးရာသည်။ သည်ကဲ့သို့ စပ်ဆိုစီကုံးပုံ အထောက်အထား အညွှန်းများမှာ စိန္တကျော်သူဘွဲ့ခံ ဦးအောဆို ကဝိလက္ခဏာသတ်ပုံတွင်- "သမ်းသမ်းကဲးကဲး၊ အိပ်ပျော်ခဲ၊ မဲးဇလီနှင့်စား" ဟူ၍ ၎င်း။ လောကဝိဒူမော်ကွန်းတွင်- "ကျွန်းလုံးစကြာဝတ်၊ တို့စောထွတ်၊ လွှတ်လော့လေးဒိပါ" ဟူ၍ ၎င်း။ ဆီးဘန်နီဆရာတော်ဆို အရည်ကောဝါဒတွင်- "သို့ဖြစ်လုံးလုံး၊ ကိုယ်ကိုဖုံး၊ ဆုံးမ၍သာနေ" - ဟူ၍ ၎င်း။ ၁၁၈-အဖြစ်တော်ချုပ် ဘုရားရှိခိုး လင်္ကာ ပဏာမနိဒါန်းတွင် — "သူရဿတိ၊ ဒေဝါနီ၊ ဇီဝှေတိဋ္ဌတု" ဟူ၍ ၎င်း အသီးအသီး စပ်ဆိုစီကုံးကြသတည်း၊ ၎င်းစပ်ဆိုနည်းကို လေးလုံးစ, ငါးလုံးချ ဒုတိယ စပ်နည်းခေါ်သည်။



— — — +
တတိယစပ်နည်း မှာ — — +
— + — — — — — ဤသို့ ပြဆိုလျက်

ရှိသည့်ပုံအတိုင်း အသတ်ကာရန်-မှန်ကန်ညီညွတ်စွာစပ်ဆိုစီကုံးရာသည်။ သည်ကဲ့သို့ စပ်ဆိုစီကုံးပုံ အထောက်အထား အညွှန်းများမှာ အမရပူရ ပထမ မြို့တည် နန်းတည် မင်းတရားကြီးလက်ထက် သာသနာတော်ကျမ်း, လောကီ သင်္ကာရိုင်ကျမ်း, ဗေဒင်ကျမ်းများနှင့်တကွ မြန်မာဘာသာ ကဗျာလင်္ကာ-စသည်များကို တတ်မြောက်ထွန်းပေါ် ပုဂ္ဂိုလ်မော်ဖြစ်သော သာမဏေကျော် ရှင်နန္ဒဓဇသည် ပုဏ္ဏာပြုလုပ်စပ်ဆိုစီကုံးအပ်သော စွယ်စုံကျော်ထင်သတ်ပုံ နောက်ပစ်ကာရန်တွင်- "ခွေးဝဆွဲး၊ ယသတ်မြီး၊ မလွဲးဖတ်ရှိး မည်သို့နည်း" ဟူ၍ ၎င်း။ ၎င်းတရပ်, နသတ်ကာရန်တွင်- "စဇ တင်ပြန်၊ ယသတ်ဟန်၊ ဖတ်ရန်ဘယ်သို့ ဆိုမည်နည်း" ဟူ၍ ၎င်း။ ၎င်း တရပ် သေးသေးတင် ချောင်းငင်ကာရန်တွင်— "လေးထောင့်ဝန်းတုံ၊ ရွေစက်စုံ၊ ဘယ်ပုံကျမ်းနှင့် ညီသနည်း" ဟူ၍ ၎င်း အသီးအသီး စပ်ဆိုစီကုံးကြသတည်း။ ၎င်းစပ်နည်းကို လေးလုံးစ-ခုနစ်လုံးချ, ပထမစပ်နည်း ခေါ်သည်။

— — — +
စတုတ္ထ စပ်နည်း မှာ — — +
\+ — — — — — —ဤသို့ ပြဆိုလျက်ရှိသည့်

ပုံအတိုင်း အသတ်ကာရန်-မှန်ကန်ညီညွတ်စွာ စပ်ဆိုစီကုံးရာသည်၊ သည်ကဲ့သို့ စပ်ဆိုစီကုံးပုံ အထောက်အထားအညွှန်းများမှာ စွယ်စုံကျော်ထင်သတ်ပုံ ညသတ် အမြစ်ကာရန်တွင်— "တိရစ္ဆာန်တည့်၊ မြင်တုံညော့၊ မည့်ကြောင့် နတ်မမြင်သနည်း" ဟူ၍ ၎င်း။ ၎င်းတရပ်, ယသတ်ကာရန်တွင်- "သုံးဆဲ့သုံးသွယ်၊ ဖျည်းကကျယ်၊ ဘယ်သူ,ဘယ်ဖျည်း စပ်မည်နည်း" ဟူ၍ ၎င်း။ အနာဂတဝင်သံပေါက်တွင်— "နာဠာဂိရိ၊ ဆင်ဟတ္ထိ၊ သိတတ်စေကဲ့၊ အလောင်းတဲ့" ဟူ၍ ၎င်း အသီးအသီးစပ်ဆိုစီကုံးကြသတည်း။ ၎င်းစပ်နည်းကို လေးလုံး စ-ခုနစ်လုံးချ ဒုတိယစပ်နည်းခေါ်သည်။

— — — +
— — +
ပဥ္စမ စပ်နည်း မှာ — + — ÷ ဤသို့ပြဆိုလျက်ရှိသည့်ပုံအတိုင်း
— — ÷

အသတ်ကာရန်–မှန်ကန်ညီညွတ်စွာ စပ်ဆို စီကုံးရာသည်။ သည့်ကဲ့သို့စပ်ဆိုစီကုံးပုံအထောက်အထား အညွှန်းများမှာ လေခဝုမ်ဆိုတွင်–"အိမ်ရှေ့သခင်၊ ရာယွတ်တင်၊ ကျွန်းပြင်သောင်းတွင်း။ ဘုန်းနွံချင်း၊ ကြောက်ညှင်ရန်မာန်၊ မဖြီဆန်၊ ဘုန်းသန့်ထက်ဆုံး၊ ရွှယ်စံထုံး။ ချိန်ဆုံးသင့်လှ၊ ကျော်ပေါက်ပြ၊ တေဇထွန်းပေါ်၊ မင်းရဲကျော်" ဟူ၍၎င်း၊ ဆီးဘန်နီဆရာတော်ဆို အရညကောဝါဒ လင်္ကာတွင်– "တောတောင် လျှိုတိုး၊ လန့်မစိုး၊သူ့ကိုမကိုး–ကိုယ့်ကိုကိုး"ဟူ၍၎င်း။"ကိုယ့်ကိုကိုယ်ကိုး၊ တောင့်နှယ်ကိုး၊ ကိုယ့်ကို တိုးတိုး၊ တို့ကနိုး"ဟူ၍၎င်း။ "သူတော်ကောင်းမျိုး၊ ကျင့်လမ်းရိုး၊ မဂ်ဖိုလ် ရိုးရိုး၊ အရကြိုး"ဟူ၍၎င်း စပ်ဆိုတော်မူသတည်း။ ၎င်းစပ်နည်းကို မြင်းစိုင်းသံစပ်နည်း–ဟူ၍ခေါ်သည်။လေးလုံး–စ,ခုနစ်လုံးချ တတိယ စပ်နည်းလည်းခေါ်သည်။ သတ္တက္ခရာ ချိပ်ဆွဲ ချလည် စပ်နည်း လည်း ခေါ်သည်။

ဆဋ္ဌ စပ်နည်း မှာ

— — — — +

— — +

— + — — —

ဤကဲ့သို့ ပြဆိုလျက်ရှိသည့်ပုံအတိုင်း အသတ်ကာရန်–မှန်ကန်ညီညွတ်စွာ စပ်ဆိုစီကုံးရာသည်၊ သည့်ကဲ့သို့ စပ်ဆိုစီကုံးပုံ အထောက်အထား အညွှန်းများမှာ လေခဝုမ်ဆိုတွင်–"နွှယ်ပန်း,ပန်းခွာညို၊ နှင်းစိုစို၊ ပြာသိုဆောင်းလရက်။ပွင့်ခက်, ခက်လှစုံ၊ မြချုပ်ရုံ၊ ဝတ်ဆံကြိုင်နံ့မျက်။ ရွှေချက်, ချက်မြှုပ်ရာ၊ မင်းဝံချာ၊ သီတာပတ်ရစ်လျှာ" ဟူ၍၎င်း။ "နွှယ်ပန်း–ပန်းလှလွှန်၊ နာရီပြန်၊ ချမ်းသန်တပို့တွဲ။ တပေါင်း,ဆောင်းအမြီး၊ ရက်ခတ်နီး၊ပျားကြီးပျံလဝဲ။ သရဘီ,ငုံရင့်၊ ဆန်လေသင့်၊ ထုံလွှင့် ပန်းရွှေခဲ" ဟူ၍၎င်း။ ခံကျွတ်, သရဘီ၊ ပျဉ်းနှင့်ညီ၊ ရာသီ, ကံ့ကော်မြတ်။ သင်းကျစ်, စိတုရင်၊ မင်းရေးလွင်၊ ကြည်လင်တို့နေဝတ်။ စုံမက်, လွှန်လှစွာ၊ လေကြေညာ၊ နံ့သာကြိုင်လှထွတ်" ဟူ၍၎င်း အသီးအသီး စပ်ဆိုလာရှိသည်။ ၎င်းစပ်နည်းကို ငါးလုံးစ – ငါးလုံးချစပ်နည်း ခေါ်သည်၊ အာဒိယမက–နွှယ်ပန်းသံ, စပ်နည်းလည်း ခေါ်သည်၊ ယမကနွှယ်ပန်းသံ, စပ်နည်းလည်းခေါ်သည်၊

သတ္တမ စပ်နည်း မှာ

— — — — +

— — +

— + — — ÷

— — — — ÷

ဤကဲ့သို့ ပြဆိုလျက်ရှိသည့်



ပုံအတိုင်း အသတ်ကာရန်–မှန်ကန် ညီညွတ်စွာစပ်ဆိုစီကုံးရာသည်၊ သည့်ကဲ့သို့စပ်ဆိုစီကုံးပုံအထောက်အထားအညွှန်းများမှာလေခဝုမ်ဆိုတွင်–"ခေါ်သည်၊ ..." မယ်ရှွေခွေး၊ လက်တော်နွေး၊ မတွေးတောသီးယှက် (သရက်) ရှုလေသငယ်ရွှေခွေး၊ လက်တော်နွေး၊ မတွေးတောသီးယှက် (သရက်) ရှုလေ



မင်းကြီးလက်"ဟူ၍၎င်း။ "မြင်စိုင်းမြို့ရွှေနန်း၊ သာယာဆန်း၊ ရစ်သန်းသင်းတွဲမြောင်း၊ မြင့်မြတ်, တောသာလျှောင်း" ဟူ၍၎င်း စပ်ဆိုတော်မူသတည်း။ ၎င်းစပ်နည်းကို ငါးလုံးစ–ဆယ်လုံးချစပ်နည်း ခေါ်သည်၊ ကျပန်းသံစပ်နည်း ဟူ၍လည်းခေါ်သတည်း။ ယင်းသို့ ပြဆိုခဲ့သည့်သံပေါက်စပ်နည်း ၇–မျိုးမှတပါး အခြားထူးထွေ စပ်ဆိုစီကုံးကြသည့် အရာများစွာရှိသေးသော်လည်းသဘောမှန်စံရ,ထုံးတမ်းကျအစဉ် ပညာရှိတို့အလေးမူရာကိုသာ လိုက်နာသင့်သည်ဖြစ်၍,မထည့်မသွင်းခြင်းထားလိုက်သတည်း။ ပြဆိုခဲ့သည့် သံပေါက်စပ်နည်း ၇–မျိုးတွင် အထူး သဘော ထားရန်မှာ ပထမ အပိုဒ်တွင် အဆုံးချသည့်ကာရန်ကဲ့သို့ နောက်နောက် အပိုဒ်များမှာလည်း ကာရန်တူချရသတည်း။ သို့သော်လည်း စကား အဓိပ္ပါယ်တရပ်မှ–တရပ်သော်၎င်း, အခန်းကဏ္ဍသော်၎င်း ကူးပြောင်း လဲလှယ်လိုလျှင် လဲလှယ် ကူးသည့်ကာလ အချကာရန်ကို ကူးပြောင်း လဲလှယ် ကူးပြောင်းနိုင်သည့် အချက်နိုင်ပြောင်းသတည်း။ သည့်ကဲ့သို့–လဲလှယ် ကူးပြောင်းနိုင်သည့် အချက်နိုင်ပြောင်းသတည်း။ သည့်ကဲ့သို့–လဲလှယ် ကူးပြောင်းနိုင်သည် ဒုတိယကဏ္ဍ,စတုတ္ထပိုင်းများကို ထင်ရှားစွာ စာကိုယ်နှင့်တကွ သိလိုလျှင် ဒုတိယကဏ္ဍ,စတုတ္ထပိုင်း ၃–အမှတ်အချက်တွင် ကြည့်လေ။

## ၈–ဝဲရိုက်ဝဲသွင်း စပ်ဆိုစီကုံးပုံများကို ပြဆိုချက်

ဝဲရိုက်ဝဲသွင်း မှာ

— — +

+ — —

ဤသို့ – ပြဆိုလျက်ရှိသည့် ပုံအတိုင်း အသတ်ကာရန်–မှန်ကန် ၃–လုံးတပိုဒ်စီ ထိပ်ချင်း တိုက်ကာ တိုက်ကာ အထောက်အထား အောင် စပ်ဆိုစီကုံးရာသည်၊ သည့်ကဲ့သို့ စပ်ဆိုစီကုံးပုံအထောက်အထား အညွှန်းများမှာ မန္တလေးမြို့တည်–မင်းတရားကြီးဘုရား လက်ထက်တော် တံဆိပ်တော်ရ ပိဋကတ်တော်မ–ကျောက်စာပြင်, ဆီးဘန်နီ ဆရာတော် ဘုရား ရေးသားစီရင်တော်မူသော အရညကောဝါဒလင်္ကာတွင်–"မှတ်တော်ယုံ၊ ဘုံသုံးဆက်၊ ပျက်ဖြစ်များ၊ တရားရှာ၊ နာအိုသေ၊ နေမလွတ်၊ ဝတ်သံသာ၊ ချာချာရစ်၊ နစ်မွန်းဟာန်၊ ဖန်ဖန်သား၊ များလှမြို့ဤအခါ၊ သာနာဝဝင်း၊တွင်းမှာကြို"ဟူ၍၎င်း။ ဆင်ကြန်လာဆန်းလင်္ကာတွင်–"ဆင်မြတ်မျိုး၊ ဟိုးဟိုးကျော်၊ တော်ဖြစ်ငြား၊ ရှားနိုင်းမြို့၊ နိုင်

ကြန့်ဖွယ်၊ သွယ်ရှည်ဖြိုး၊ ကြိုးမားခါး၊ လျှားလုံးဘန်၊ မွန်လှဆင်း၊ ညှင်းပြည့်ပြည့်၊ တည့်နောက်ညီ၊ ဖီကျောက်တုပ်" ဟူ၍ ၎င်း။ လောကီသရဘူကျမ်းလာ, သျှိသိဒ္ဓိလက်ာတွင်- "အောင်းထူးဆန်း၊ မှန်းသိုက်ဝင်၊ ထင်ကျော်သောင်း၊ ဆောင်းထိုးဖြူ၊ လူသိပ်မိုး၊ ဟိုးဟိုးကျော်၊ ပေါ်၍နှံးတက်၊ ဘက်မဲ့ရှောင်၊ ခေါင်ဘုန်းကြီး၊ ထီးရွှေနန်း" ဟူ၍ ၎င်း အသီးအသီး စပ်ဆိုစီကုံးကြသတည်း။

ပထမကဏ္ဍ-တတိယပိုင်း ပြီး၏။

---

# ပထမကဏ္ဍ-စတုတ္ထပိုင်း

၁၊ လင်္ကာသက်ဝင်ရာပါ ကဗျာများအနက် သံပေါက်နှင့် ဝဲရိုက်ဝဲသွင်းမှ ကြွင်းသည့်ကဗျာများမှာ-ရှေးပညာရှိတို့စပ်ဆိုစီကုံးမြဲဖြစ်သည့် အတွင်းစာသွား။

## လေးလုံးတပိုဒ်စပ်နည်းခြောက်မျိုးကို စပ်ဆိုပုံအထောက်အထား အညွှန်းများနှင့်တကွ ပြဆိုချက်

၁၊ မှာထားပြည့်နှင်းချက်.... ပထမကစ၍ ဆဋ္ဌတိုင် အသီးအသီးပြဆိုလတ္တံ့သော စပ်နည်း များတွင် မည်သည့် ပဒ မည်သည့် အက္ခရာကို, မည်သည့်ပဒကမည်သည့်အက္ခရာနှင့် အသံကာရန်မှန်ကန်ညီညွတ်အောင် စပ်ဆိုစီကုံးရာသည်ဟူသော ၄-လုံးတပိုဒ်စပ်နည်းကို အတိုချုံး၍ ပြဆိုသည့် လက္ခဏာအမှတ်အသားများမှာ-

− ဤသို့ပြလျှင် စပ်ဆိုအပ်သော အပိုဒ်တွင်-အစပ်အသံ မဆိုမယူသော အက္ခရာ။

⊥ ဤသို့ပြလျှင် စပ်ဆိုအပ်သော အပိုဒ်တွင်- လင်္ကာစာသွားပြေပြစ်စေရန် အသံယူသောအက္ခရာ။

+ ဤသို့ပြလျှင် စပ်ဆိုအပ်သော အပိုဒ်တွင်-အစပ်အသံ မှန်ကန် ညီညွတ်အောင် အသံကာရန်ယူသောအက္ခရာ။

∸ ဤသို့ပြလျှင် စပ်ဆိုအပ်သော အပိုဒ်တွင်-အသံမယူပဲ ဆိုလတ္တံ့သော အပိုဒ်မှာ လင်္ကာစာသွား စကားပြေပြစ်စေရန် လှမ်း၍ခံသည့် အသံယူသောအက္ခရာ။



÷ ဤသို့ပြလျှင် စပ်ဆိုအပ်သော အပိုဒ်တွင်-အစပ်အသံ မယူပဲ ဆိုလတ္တံ့သောအပိုဒ်မှာ အစပ်အသံ မှန်ကန်ညီညွတ်အောင် အသံ ကာရန်ယူသောအက္ခရာဟူ၍ ပြဆိုလိုသည်။

ယင်းသို့ဖြစ်၍ အောက်တွင်ပြဆိုလျက်ရှိသည့် ဥပမာအတိုင်း လှည့်ကာ လှည့်ကာ စပ်ဆို စီကုံး ရာသတည်း။ စပ်နည်းခြောက်မျိုး အကုန်အလုံးစုံ လိုက်နာရမည်၊ ရည်ရွယ်ခြင်းမရှိ။

ဥပမာ

(က) ချုန်းရိုက် ချုန်းရိုက်၊ ဘုန်း မကိုဋ်ဟု၊ သုံးတိုက် သျှောင်ဆင့်၊
− − + + । + + + −। ⊥ + − ÷ ।
အ ခေါင် တင့် ၍၊ နောင် ပွင့် စာ ဟိတ်၊
/ ÷ + −। ⊥ + ⊥ ÷ ।
သ ဿာ ညိတ် လျက်၊ သာ တိ သာ ရ။
/ ⊥ + − । ⊥ + ∸ ÷ ။

(ခ) ဇာ တိ ပု ည ၊ ဂုဏ် မာ န ဖြင့်၊ သံ ပ ဟုံး စုံး။
− − − + । − − + − । − + − ÷ ။
ဘက် မဲ့ ကြိုး သား၊ အား သုံး ထောင် ထား၊ မျိုး လေး ပါး တို၊
/ / + − । − + − ÷ । − − + − ।
တက် ပွား စောင် မာန်။
/ + − ÷ ။

(ဂ) ဘုန်း ရောင် တောက် ပွာ ၊ ဉာဏ် ပ ညာ နှင့်၊ ပါ ရ မီ ရင့်၊
− − − + । − − + −। + − − ÷ ।
သ ဿာ တင့် လျက် ၊ မြင့် သည့် အ ကြောင်း၊ ပြည့် စုံ ချောင်း ၍၊
/ / + − । + − − ÷ । − − + − ।
ကောင်း သည့် အ ခါ။
+ − − ÷ ။

(ဃ) ရိုင် ဝဲ သုန် မန်၊ မုန် ဆန် မျက် ချည်၊ ပျက် ပြည် ခ နှဲ့၊
− − ⊥ +। ⊥ + ⊥ +। ⊥ + + ÷ ।
ကွဲ ရှဲ စောင်း ပင်း။
⊥ + + ÷ ။

(ဃ) သူ့ အား ပတ် ဖြေ၊ မင်း စေ သ ကြာန်၊ တ မန် သ် ခံ၊
− − − +၊ − + − ÷ ၊ − + − ÷၊
ကိုယ် တံ ပြည် စိုး။
− + − ÷။
(စ) သ မာ ဓိ ကွန်၊ မွန် သား ကျေး ဇူး၊ ထူး သား ကု သိုလ်၊
− − − + ၊ + − − ÷ ၊ + − − ÷ ၊
လို သား ဆု မြတ်၊ မှတ် သည့် အ တိုင်း။
+ − − ÷ ၊ + − − ÷ ။

၂−လေးလုံးတပိုဒ် ပထမစပ်နည်း (က) အချက် စပ်ဆိုပုံအထောက်
အထားများကို ပြဆိုချက်

− + + +
ပထမစပ်နည်းမှာလည်း + + + −
+ + − − ဤကဲ့သို့ စပ်ဆိုနည်း၊
− − − +
− − + −
− + − − ဤကဲ့သို့ စပ်ဆိုနည်းအားဖြင့် အသံကာရန် ထွက်ပုံ အနည်းငယ် ကွဲပြားသေးသည့်အရ က, ခ−မှတ်သား၍ အသတ်ကာရန် မှန်ကန်ညီညွတ်စွာ ပညာရှိတို့စပ်ဆိုထုံး အထောက်အထား အညွှန်းများ နှင့်တကွ အောက်က ပြဆိုလျက်ရှိသတည်း။

(က) − + + +
+ + + −
+ + − − ဤသို့ ပြဆိုလျက်ရှိသည့် ပုံအတိုင်း အသံကာရန် မှန်ကန်ညီညွတ်စွာ စပ်ဆိုစီကုံးရာသည်၊ သည်ကဲ့သို့ စပ်ဆို စီကုံးပုံ အထောက်အထား အညွှန်းများမှာ−−

၁ ပြည်ကျော် ရွှေဘုံ၊ ပျော်စေ တုံလျက်၊ ဆွေစုံ မကွာ။
၂ နည်းမှီရွှေညွှန်၊ ဇေတဝန်ဟု၊ သေန်မြောက်ရှိ။
၃ တန်းခိုးနတ်စက်၊ လျှပ်နှယ်ပြက်သား၊သန်လျက် ပေါ်ရာ။
} ရှင်မဟာသီလဝံသ အကျော်ဆို၊ တန်တားဦး တည်မင်္ဂလာစေတီ မော်ကွန်း။



၄ အတိဒါန၊ ဝိရိယဖြင့်၊ ဟိတဖရဏာ။
၅ အကြွင်းထားပေ၊ စကားနေသော်၊ ကြားလေ သသု။
၆ နှယ်မျိုးမပျက်၊ အဆက်ဆက်ပင်၊ အသက်ရှည် ထွေ၊
} ၎င်းကစ၍ ၎င်း တပည့် ဆက်လက် အဆုံး သတ် သည့် မွေ့ပါလမျို။

၇ ဗိုလ်ပေါ် ပည်းယှိုင်၊ စည်ဖြိုးခိုင်သား၊ ခရိုင်မြို့ ကောင်း။
၈ အတုမရှိ၊ ယခုဖြို့ကား၊ မုနိထွတ်ဖျား။
၉ ညွန့်လှထွားထွား၊ ဖားရရားတည့်၊ ကားကား သီသီ။
} ရှင်မဟာရဋ္ဌသာရ အ ကျော် စပ် ဆို သော တန်တားဦးတည်မင်္ဂလာ စေတီမော်ကွန်း။

၁၀ ဖြစ်ထကေန်၊ကုဋေမှန်၏၊ အလွန်ခြောက်သန်း။
၁၁ ကျင့်ဟောင်းရှေးတု၊ အလေးပြုမှု၊ နေးသုကာရီ။
၁၂ ဘုန်းညွန့် မပွား၊ တလျားလျားတည့်၊ မအား မလပ်။
၁၃ ညှို့ဖြည်းမွေ့မွေ့၊ တရွှေ့ရွှေ့လျှင်၊ တနေ့တထူး။
၁၄ ခြောက်သောင်းထိပ်မိုး၊ စိတ်မညှိုးနှင့်၊ ဖြိတ်ကျိုး မြိုက်မှု။
၁၅ ဆရာပရမေ၊ ဖြဟ္မာဆွေကား၊ ကုဋေဆယ်ခု။
၁၆ တမျည်း ခွေ့ခွေ့၊ တသွေ့သွေ့တည့်၊ တမန္တ လုံးလုံး။
} ၎င်းဆို ၉−ခန်းပျို။

၁၇ ရပ်ခြားကွေကွင်း၊ နေစေခြင်းဖြင့်၊ သေလျှင်း ဘနန်း။
၁၈ ရှေးကကျင့်မြေ့၊ မင့်ဓလေ့ဖြင့်၊ မမေ့မပြင်း။
၁၉ မင်္ဂလာစေတီ၊ မဟေသီနှင့်၊ တစီတလျင်။
} ၎င်းဆို−သံဝရပျို။

၂၀ နိသာနာထ၊ တာရကတို့၊ တကွလျှံညီ။
၂၁ သူရရဲမက်၊ တခဲနက်ကို၊ ဝက်ဝက်ဖြိုကွဲ။
} ၎င်းဆို− ဘူရိဒတ် ဇာတ် ပေါင်း။

၂၂ မဟာဒေဝီ၊ မဟေသီလည်း၊ ရွှေညီတညွတ်။
၂၃ နတ်တရတည်၊ စံစသည်ကို၊ ဆံခြည်မချစ်။
၂၄ နောင်တကိုယ်ပို့၊ အလိုလိုတည့်၊ ပျိုပျိုရွှေတုံး။
} သုဝဏ္ဏသာမ သစ္စာခန်း။

၂၅ ကြားဘူး စဉ်ရှေး၊ မထင်သေးတည့်၊ ရှင့်ဘေး တော်မြတ်။
၂၆ ဇာနည်နေပျော်၊ ရွှေညာဏ်လျော်၍၊ နံတော် မိတ်ရင်း။
} ရွှေမင်းဘုန်း ဆင်တော် မော်ကွန်း။

၂၇ မြော်မြင်ထားဦး၊ မကြွားဘူးတည့်၊ ခြားထူးမျိုးမည်။
၂၈ သိကြားနေတန်၊ ဝေဇယန်လည်း၊ မလွန်တည့်ယောင်။
၂၉ မှန်ချက်ခပ်တတ်၊ နဝရတ်တိ၊ ပတ်ပတ်ဝိရင်။

ရတနာ ပြောင်မွန် ဆင်ဘော်မော်ကွန်း၊ ရွှေစာတိုင်ဆင်တော်မော်ကွန်း။

၃၀ တရံခါပြီ၊ ဗာဝရိကား၊ ဝါသိဂါမ၊ ဝသလဟု၊ ရွာသာ့စရိုက်။
၃၁ မင်း၏ဂုဏ်နက်၊ စုံရွှေစက်ကို၊ ပုံလျက်ရှေးဦး။
၃၂ ချေချွတ်ပေကာ၊ ဒေသစာဖြင့်၊ ကောသရာပျံ။
၃၃ စင်ဖြူဘိစွ၊ အဇိတဟု၊ တိသမေတ္တေ။
၃၄ ဗေဒင် လောကီ၊ အပေါ ညီလျက်၊ ယောဂီသဘင်။

ဝက်မစွတ်မြို့စား နဝဒေးဆို ဗာဝရီ မော်ကွန်း။

၃၅ ဝိသေသန၊ ဘေဒကလည်း၊ နေကျတံတစ်။
၃၆ တပ်ကြိုက်ချစ်မွေ့၊ ဖြစ်သရွေ့ကို၊ ရသေ့သိတွေ့။

ငင်းဆို လောကဝိဒူမော်ကွန်း။

၃၇ စွတ်ပြီးနောက်ပြန်၊ မခြောက်တန်ဟု၊ ထောက်ကွန်ထွတ်နင်း။
၃၈ ဂန္ထမာနတ်၊ နာဂဒတ်လျှင်၊ လာမှတ်ဆက်ဖို့။

ငင်းဆို ကရုပ် သံရောက်မော်ကွန်း။

၃၉ မြင်ကျယ်ဉာဏ၊ တာပသဟု၊ ဈာနလာဘိ။
၄၀ ဖိတ်ဖိတ်လင်းကျောက်၊ ဝင်းဝင်းတောက်သား၊ မင်းမြှောက်တန်းဆာ။
၄၁ မဏ္ဍာမဒ၊ ပလာသမူ၊ မာနတရားကိုယ်။
၄၂ ကြာနှင့်, လ-လျှံ၊ အလှစံလျက်၊ ပန်း တင့်ကဲ၊ ပွင့်စမြဲဟု၊ ခဲပဲဗိုလ်လူ။

ဝန်ရှင်တော်, ကင်းဝန်, သေနတ်ဝန်, လဲးကိုင်းမြို့စား-မင်းကြီး၊ မင်းသတိုးသုဓမ္မ မဟာ သက်တော်ရှည် ဝိ, အက်စ်,အိုင်, ဆိုဓမ္မာဇမော်ကွန်း။

၄၃ အနုသာသနီ၊ ခါအညီတွင်၊ ယာဒိပါလုံး။
၄၄ ပေါင်းကာ ရှက်ဆုံ၊ သန်လျက်ခုံထက်၊ မျက်စုံရှိန်ဝါ။
၄၅ အောင်စည်ညာဘိ၊ သမ္မာညီသား၊ အာဒိကမ္မိက်။
၄၆ နေနွယ် သာကီ၊ အလာ ညီသည်၊ ရာဂီမဆံ။
၄၇ အခေါင်တေဇာ၊ နေအဝါသို့၊ ဇေယျာအဝ။
၄၈ ဘုရားဘုန်းတော်၊ ဆုံးမမြော်သည်၊ နှုန်းဖော်တည့်ပြိုင်ရေး-မထင်သေး။

ငင်းဆို ၁၂၄၄-ခုနှစ် ဆက် မဂ်လာဧးချင်း။



၄၉ စန်းရောင်စက်ဝါ၊ လင်္ကာဏာနှင့်၊ မျက်နှာကြည်မြ။
၅၀ မိုးပြင်ကြယ်နှင့်၊ ဆွယ်သဖြင့်လည်း၊ လွယ်လင့်ပြီးပိုင်၊ မငြိုးနိုင်သား၊ ငြိုးလိုင်ဂုဏ်ဝါ။
၅၁ သချာချိန်မှ၊ ဝိနဝဇိကို၊ သင်္ကိရောင်တင့်။
၅၂ သိဒ္ဓတ် ဘုန်းခေါင်၊ အဆုံး နှောင်ပြီး၊ ကုန်းဘောင်အာဒိ၊ ဝရာဘိတွင်၊ သာကိပရမေ။
၅၃ ဤမြေလုံးမျှ၊ ကျုံးမကလျှင်၊ ဆုံးစတုံငှာ၊ မကုန်ရာသား ပုညာကိုင်ကန်။
၅၄ ရှင်ပင့်တွေသာ၊ ဒေသနာတည့်၊ ရွှေစာမှခပါဌ်။
၅၅ နှစ်သ ယုဇ်ဝယ်၊ ရစ်ဝုတ်လေညွတ်၊ ချွေကဆွတ်၍၊ ရွှေဝတ်နှံ့ကျော်၊ မျှံမျှံဆော်သား၊ ကုံကော်လှိုင်ညီ။

ဝန်ထောက်တော် ဝက်မစွတ် မြို့စားမင်း မင်းကြီး မဟာ မင်းထင်စည်သူဆို ၁၂၄၄-ခုနှစ်,၄၅-ခုနှစ်, ၄၆-ခုနှစ်ဆက်သည့် မင်္ဂလာဧးချင်းများ။

၅၆ နာဂတ် ဂုဏ်ရှေး၊ မှုန်မမှေးသည်၊ ယုန်ရေးလန္တယ်။
၅၇ ချုန်းရိုက် ချုန်းရိုက်၊ ဘုန်းမကိုင်ဟု၊ သုံးတိုက်သျှောင်ဆင့်၊ အခေါင်တင့်၏၊ နောင်ပွင့်စာဟိတ်၊ သမ္မာညိတ်လျက်၊ သာတိဿရ။

ငင်း။

၅၈ ဝေယန်သာစွ၊ ဓာဝရလည်း၊ မာဃကုသိုလ်။
၅၉ မိုးအောက်မျက်နှာ၊ စက္ကဝါတွင်၊ လကျာတုံ့ခတ်။
၆၀ မြေမှတွားမြောက်၊ ဘွားဘွား ပေါက်သော်၊ မြားထောက်တထောင်။
၆၁ ရန်ထောက် နှင်ဟန့်၊ ပလွှင်ပြန့်ထက်၊ စင်သန့်ဖြူနစ်။
၆၂ မြေကိုညာက်လှစ်၊ ဖန်စံနစ်သော်၊ ကြန်ရှစ်အင်္ဂါ။
၆၃ ပင့်ခေါ်သွင်းနှံ့၊ ကြွင်းသံဖြင့်၊ ညင်းညံကြူးရှင်။

ဦးပုညယု ထင်ရှားကျော်စောသော လဇက်ရည်တော် ရွာစည် ရွာစား မင်းလှသင်္ခယာဆို - မဏ္ဍလေးပွဲမော်ကွန်း။

၆၄ မြတ်ထွတ်ဝိမ်ကြွ၊ ဂဇိန္ဒကို၊ သိင်္ဂလျှံပတ်။
၆၅ တဆူစကြာ၊ ဆက်ပဏ္ဏာဖြင့်၊ တက်ဖြာတန်းခိုး။
၆၆ မူလဓာတ်ဖက်၊ ပါဠိအနက်ဖြင့်၊ မြတ်အကျရာ။
၆၇ သိဟာရန်လှေ့၊ စံတမြေ့တည့်၊ မန္တလေးဆိတ်တောက်။
၆၈ ငါးဆူသိုက်ထွက်၊ သမိုက်ချက်နှင့်၊ ကြိုက်လျက်ပိုင်ဝိုင်။
၆၉ ခွေသွန်းဆက်ကာ၊ ရက်မချာတိ၊ လကျာကျွန်းလုံး။

သောင်သွပ်မြို့ရ, ရတနာဆင် ဖြူ တော်ဘွဲ့၊ စာဆိုတော် ရွှေယင်းမာ ရွာစား မင်းလှ ရွှေတောင် ဆက်-မင်္ဂလာရတု။

၇၀ မင်္ဂလာရောင်စို၊ မှော်မခိုသား၊ တောင်ကိုယ်ရွှေဆိုင်၊ ဗွေခရိုင်ထက်၊ ဝေဖြိုင်လှဆန်း၊ သိကြွားနန်းသို့၊ မြန်မန်းလကျာ။ } အစိုးရ ကျောက်စာဌာနက ပုံနှိပ်သည့် ကျောက်စာ စာအုပ် စာမျက်နှာ နံပါတ် ၄၂၉။

၎င်း-(က)အချက်ပါစပ်နည်းကို မန်ကျည်းရွက်ထပ်စပ်နည်း ဟူ၍၎င်း, ၃-ချက်ညီနပေစပ်နည်း ဟူ၍၎င်း, သပ်စေ့နက် ၃-ချက်ညီစပ်နည်း ဟူ၍၎င်း အသီးအသီး သမုတ်ပညတ်ရေးမှတ်ခေါ်ဝေါ်ကြသည်။

၃—လေးလုံးတပိုဒ်ပထမစပ်နည်း(ခ)အချက်စပ်ဆိုပုံ အထောက်အထားများကို ပြဆိုချက်

(ခ) — — — +
— — + —
— + — — ဤသို့ ပြဆိုလျက် ရှိသည့်ပုံအတိုင်း

အသတ်ကာရန် မှန်ကန်ညီညွတ်စွာ စပ်ဆိုစီကုံးရာသည်။ သည့်ကဲ့သို့ စပ်ဆိုစီကုံးပုံအထောက်အထား အညွှန်းများမှာ–

၁ ဗောဓိမန်တိုင်၊ ခန်းဝါပိုင်က၊ ချက်ရိုင်ပြည့်စုံ။ } ရှင်မဟာ သီလဝံသ ဆိုပါရမီခန်းပျို။
၂ လ ခင် တို့ ဝယ်၊ ကြောင်း နှိုး နွယ် ဟု၊ နဝယ်အပြောင်း။ } ၎င်းဆို တောင်တွင်းလာပျို။
၃ ဝန်သေထဲးပစ်၊ တိုက်တာလှစ်၍၊ ပြစ်ပြစ်ညွန်ရေ။ } ၎င်းဆို ဆုတောင်းခန်းပျို။
၄ မှတ်သားတထူး၊ ငါကြွားဘူး၏၊ ဆည်းပူးသိထား။ } ရှင်မဟာရဋ္ဌသာရဆို ဘူရိဒတ် ဇာတ်ပေါင်း။
၅ ဘေးလောင်းစောတို့၊ ပြန့်ပြောသာစံ၊ မနောခံသား၊ ပုပံမြို့တွင်။ } ၎င်းဆို ပုံတောင်နိုင်မော်ကွန်း။
၆ အထက်နတ်ရွာ၊ နှင့်ကိုစာသော်၊ လူ့ရွာကျင်လည်၊ လူဟူသည်ကား၊ မရှည်အသက်၊ ကြာနေပြက်သို့၊ ဝမ်းပျက်ချင်ဘွယ်။ } ၎င်းဆို စတုဓမ္မသာရ ပျို။
၇ ရသေ့သူတော်၊ ကျင့်မူ လျော်နှင့်၊ တစ်ခေါ်စလောက်၊ သမ္ဘာတောက်၍၊ နှစ်ယောက်လူရည်၊ မရှိမည်သည်၊ ကြံစည်တတ်ပွန်–သျှင်သုငက်။ } ရှင်အဂ္ဂသမာဓိ စပ်ဆိုတော်မူသည့် သုဝဏ္ဏသာမ ပျို သစ္စာခန်း။



၈ နွံမြုံးကဲးလွန်၊ ပြီးပြီးမှန်မျှ၊ ချီချန်ဖွင့်နှင်း။ ။၎င်းဆို နေမိဘုံခန်း။
၉ မလွဲးမချွတ်၊ တညီညွတ်သား၊ ပုံခတ်နှိုင်းလျော်။ } ရှင်တေဇောသာရ ဆို ရွှေဟသ်ာမင်းပျို။
၁၀ ဖြစ်လတ်တုံတွန်၊ ခပ်သိမ်းရန်ကို၊ နင်းလှန်ပယ်ပစ်။ }

၁၁ သင့်စေအာပတ်၊ ငါပညတ်၏၊ ကွန်လွတ်တော၏။ ။၎င်းဆို ပြာဒိုဟာခန်း။
၁၂ မြောက်တောင်လျှံလျှံး၊ ကျနပ်ရုံး၏၊ ဆိုးဝံးလျလျ။ ။ရွှေစာတိုင်ဘွဲ့။

၎င်းစပ်နည်းကို ၃-ချက်ညီ စပ်နည်း ဟူ၍၎င်း၊ လွှာချင်းသံ ၃-ချက်ညီ စပ်နည်း-ဟူ၍၎င်း အသီးအသီး သမုတ်ပညတ် ရေးမှတ် ခေါ်ဝေါ်ကြသတည်း။

၄—လေးလုံးတပိုဒ် ဒုတိယစပ်နည်း စပ်ဆိုပုံအထောက်အထားများကို ပြဆိုချက်

ဒုတိယစပ်နည်း မှာ — — — +
— — + —
+ — — — ဤသို့ ပြဆိုလျက်ရှိသည့် ပုံ အတိုင်း

အသတ်-ကာရန် မှန်ကန် ညီညွတ်စွာ စပ်ဆိုစီကုံးရာသည်၊ သည့်ကဲ့သို့ စပ်ဆိုစီကုံးပုံ အထောက်အထားအညွှန်းများမှာ–

၁ နို့ကျွေးထိန်းယ၊ ယောက်ခမတို့၊ စသည်ဘယ်သူ။ ။ပါရမီခန်း။
၂ မြင်းမိုရ်ကျယ်ဝန်း၊ လကျာထွန်းသား၊ ကျွန်း၏တန်းဆာ။ } မဓ္ဓပါလပျို။
၃ အညာ ဆန်ကယ်၊ နတ်ရှင်နွယ်လျှင်၊ ဆယ်ခုနစ်တန်။ } တန်တား ဦးတည် မော်ကွန်း။
၄ မဟာပုဏ္ဏေး၊ မိသဒ္ဒေးလျှင်၊ မေးသည့်စကား။ } စတုဓမ္မသာရပျို။
၅ ပြည်မတန်ဆောင်၊ ငါးကြိမ်နောင်ငယ်၊ တောင်ကား ပင်းယ။
၆ တိထိနက္ခတ်၊ ကြံဆုံးဖြတ်၍၊ ပတ်မိဇနာ။ ။ဂဏ္ဌိသာရပျို။
၇ ကျေးဇူးအသျှင်၊ ငါ့သခင်နှင့်၊ ရှင်လည်းမကွေ့။ ။ရွှေဟသ်ာမင်းပျို။
၈ နေပူတန်လှပ်၊ သူအိမ်စပ်ဝယ်၊ ရပ်လတုံကျင်။ ။သုဝဏ္ဏသာမသဒ္ဒေးခန်း။
၉ ညီးညီးရောင်လျှံ၊ ရွှေရည်စံသို့၊ သျှံသတို့သား။ ။၎င်းသစ္စာခန်း။
၁၀ သံမြား ဆိပ်ကောင်း၊ အနာ ထောင်းလည်း၊ ကျောင်းသန်မ်းသာ။ } ၎င်း။

လယ်တီမဏ္ဍိုင်-၉

၁၁ ဗေဒင်ပိဋကတ်၊ လောကဓာတ်လည်း၊ ဆတ်မြဲခြားလျက်။
}လောကပိဋ္ဌ ဓမ်ကွန်း။

၁၂ အလှစ်များစွာ၊ ကမ္ဘာဘာက၊ ပါရမီမြစ်ခြေ။ ။ဓမ္မောဇဓမ်ကွန်း။

### ၅—လေးလုံးတပိုဒ် တတိယစပ်နည်း စပ်ဆိုပုံအထောက်အထား များကို ပြဆိုချက်

တတိယစပ်နည်းမှာ — — — +

— + — — ဤသို့ ပြဆိုလျက်ရှိသည့်ပုံအတိုင်း အသတ်ကာရန် မှန်ကန်ညီညွတ်စွာ–စပ်ဆို စီကုံးရာသည်၊ သည်ကဲ့သို့ စပ်ဆိုစီကုံးပုံ အထောက်အထား အညွှန်းများမှာ—

၁ လာလာ သသူ၊ ဦးဖြူဦးနက်၊ ကိုယ်လက် သုတ်သင်၊ ထွက်ဝင်တစီ၊ မသိမကြား။
၂ ဇာနန္ဒီလာ၊ မသာရဂန်၊ ရောင်ဝှန်ရှိန့်စော်၊ ဓဝရော်စန။
}ဆုတောင်းခန်း။

၃ ယူခဲ့မကြွင်း၊ ပင်ရင်း ကပ်ချဉ်း၊ ခက်မျဉ်းကိုင်းညွတ်။
၄ အဖန်ဖန်လျှင်၊ တသနွှေခေ၊ တပေလျှဉ်းလျှဉ်း၊ တညဉ်းဆိုးဆိုး၊ တညိုးလျှလျှ၊ တတလွှမ်းလွှမ်း၊ တသမ်း ဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာ လှိုက်လှိုက်၊ တရှိုက် ငင်ငင်၊ တပင် ပန်းပန်း၊ တဝန်းလျှားလျှား။
၅ သုဋ္ဌေါခမည်း၊ ဆွေနည်းဗိမ္ဗာ၊ သည်းချာရာဟု၊ တစုဝန်လျှား။
၆ ညောင်ရွက်လူလူ၊ ကြာချူညီးညီး၊ ဆီမီးလိုလို၊ ထိပ်မိုရဲရဲ၊ဖိုးကဲနှင်နှင်၊မျက်ရှင်ပြောင်ပြောင်၊ ဖြူရောင်လှပ်လှပ်၊ ထီးရပ်ဖားဖား၊ ဟန့်တားနေခြည့်။
၇ အိပ်ခါ မပျော်၊ စားသော် မမြိန်၊ လွမ်းရှိန် မပျောက်၊ တအောက် မေ့မေ့၊ တသွေ့ယောင်းယောင်း၊ တပျောင်းပျပျ၊ ဒုက္ခသို့စင်။
}စတုဓမ္မသာရပျို့။



၈ ထံနီးမကွာ၊ စေပါလုပ်ကျွေး၊ ဆင်ရေးတရား၊ သူ့အားပတ်မြေ၊ မင်းစေသဏ္ဍာန်၊ တမန်သံခံ၊ ကုံတံပြည်စိုး၊ ကျင့်ရိုးရှေးလွန်၊ မဆန်မဖြီ၊ စချီစမာ၊ ဘဏ္ဍာကာရိက။
၉ ဝါဆိုမာသ၊ သုံးလလုံးလုံး၊ မဆုံးမချင်း၊ စင်းလျှင်းမပြတ်၊ အပတ်တကုတ်။
၁၀ ဆိမ့်ချိုစွန်ပလွံ၊ ပျားကြံချိုဟန်၊ တည်လွန်ချိမော၊ ဥက်ပျော့ပိန္နဲ၊ နရွဲ့ရင်ငမ်း၊ အုန်းကွမ်းတကွ။
}သံဝရပျို့။

၁၁ ငါ့သားသည်းဦ၊ ငါ့တူချွေးမ၊ ယောက်ဖ ကြင်လောက်၊ သွေးသောက်ချစ်ခင်။
}သုဝဏ္ဏသာမသစ္စာခန်း။
၁၂ ဇမ္ဗော်နဒ၊ သိင်္ဂီရည်စင်၊ မျက်ရှင်ပြည့်သိပ်။
၁၃ ထိပ်ပြင် စိုးစွင့်၊ မိုးမြင့်ဆီဆွယ်၊ တောင်ငယ်တောင်ကြီး။
}ရွှေဟသ်ာမင်းပျို့။

၁၄ ခက်လက်ကိုင်လှမ်း၊ မှည့်ရွှမ်းသစ်သီး။
၁၅ ပွင့်နုည်းပန်းမန်၊ ဆွတ်ပန်လုယက်။
}ပြာဋိဟာခန်း။
၁၆ မမြော်သီးနှံ၊ အသွံအဖျင်း။ ။လောကသာရပျို့။
၁၇ ကိုက်သတ်စိုးခွံ၊ သွေးသံသောက်တုတ်။
၁၈ ရွှေကြိုးရစ်လိမ်၊ ရွှေကြိမ်မြီးခက်။
၁၉ ရိပ်ဝဲးသုန်မန်၊ မုန်ဆန်မျက်ခြည်၊ မျက်ပြည်ခနဲ့၊ ကဲ့ရဲ့စောင်းပင်း။
}တွင်းသင်း မင်းကြီး ဆိုဝေဿန္တရာပျို့။

၎င်းစပ်နည်းကို ရထားပြေးစပ်နည်း ဟူ၍၎င်း၊ ရှင်ရဋ္ဌသာရစပ်နည်း ဟူ၍၎င်း ရေးမှတ်ခေါ်ဝေါ်ကြသတည်း။

### ၆–လေးလုံးတပိုဒ် စတုတ္ထစပ်နည်း စပ်ဆိုပုံအထောက် အထားများကို ပြဆိုချက်

စတုတ္ထစပ်နည်းမှာ — — — +

+ — — — ဤသို့ ပြဆိုလျက်ရှိသည့်ပုံအတိုင်း အသတ်ကာရန် မှန်ကန်ညီညွတ်စွာ စပ်ဆိုစီကုံးရာသည်။ သည်ကဲ့သို့ စပ်ဆိုစီကုံးပုံ အထောက်အထား အညွှန်းများမှာ—

၁ ကုသလွတ်ကြောင်း၊ ကောင်းသည့်တရား၊ ကြားသည့် သတိ။
၂ ကိုးပါးဝမှ၊ ကျတုံအဝှမ်း၊ စမ်းနှယ်လည်းယို။
}ဆုတောင်းခန်း။

၃ အိမ်းအည်းမလွတ်၊ ပွတ်သည့်မီးတူ။
၄ ကဒ္ဒမုခ၊ စသည်အချင်း၊
၅ ပါဏာတိပါတ်၊ သတ်သည့်သူ့သက်။ } ဘူရိဒတ်ဇာတ်ပေါင်းပျို။

၆ ပထမရှယ်၊ ငယ်သော်ကတည့်။
၇ သမာဓိကွန်၊ မှန်သားကျေးဖူး၊ ထူးသားကုသိုလ်၊ လိုသားဆုမြတ်၊ မှတ်သည့်အတိုင်း။ } စတုဓမ္မသာရပျို။

၈ လေးသားရန်မက်၊ ရွက်သားဝန်ကြီး၊ ဆီးသားအမိုက်၊ လိုက်သားကောခ၊ တွသားနှလုံး။
၉ အပင်မငြိမ်း၊ တဲးစပါလှည့်၊ ညွှဲ့သည်ပမာ။ } စတုဓမ္မသာရပျို။

၁၀ ရှစ်သောင့်လေးထောင်၊ ဆောင်သားယူဇနာ။
၁၁ လိမ်မော်ချိုလေး၊ ကျေးခရမ်းဖိမ့်။ } သံဝရပျို။

၁၂ ရှေးကရှင်တော်၊ ဖော်လသော့နည်း။ ။ပုံတောင်နိုင် မော်ကွန်း။

၁၃ အလျားအနံ၊ သံခုနစ်တောင်။ ။တန်တားဦးဟည် မော်ကွန်း။

၁၄ တရာ့တပြည်၊ တည်သားနဂိုရ်။
၁၅ လက်ာစေ့ချဉ်း၊ လျဉ်းကဲ့မကြွင်း။ } သုဝဏ္ဏသာမ သစ္စာခန်း။

၁၆ ပဲးကြီးပဲးလွမ်း၊ နှမ်းလည်းတခြား။ ။ရွှေသံ့ာမင်းပျို။

၁၇ ဆင်းရဲးပူပန်၊ မှန်တုံသော့အား။ ။ပြာဋိဟာခန်း။

၁၈ မဟာဗောဓိ၊ သီရိမြုတေ။ ။ပရမတ္ထသုံခန်း။

၁၉ ညဥ့်နက်သန်ကောင်၊ တောင်ပြတင်ညာ။ ။ဝေဿန္တရာပျို။

၂၀ ကျွန်း အပိုင်းပိုင်း၊ တိုင်း အတည်တည်၊ ပြည် အစိုစို၊ မြို့ အခန်းခန်း၊ နန်း အသီးသီး၊ ထီး အဆူဆူ။ } စိန္တကျော်သူဆို ဘုန်းပဒေသာချီ လူးတား။

ဋ္ဌင်းစပ်နည်းကို ဦးဘိုက်စပ်နည်းဟူ၍ သမုတ်ပညတ် ရေးမှတ်ခေါ်ဝေါ်ကြသတည်း။



၇—လေးလုံးတပိုဒ် ပဥ္စမစပ်နည်းစပ်ဆိုပုံအထောက်အထား များကို ပြဆိုချက်

ပဥ္စမစပ်နည်းမှာ — — — +
— — + — ဤသို့ ပြဆိုလျက် ရှိသည့် ပုံအတိုင်း အသတ်ကာရန်မှန်ကန်ညီညွတ်စွာစပ်ဆိုစီကုံးရာသည်၊ သည်ကဲ့သို့ စပ်ဆိုစီကုံးပုံ အထောက်အထားအညွှန်းများမှာ—

၁ ဂိရိတောင်မြေ၊ ဝေပုလန္တိက်၊ ချက်ရောက်ကြိုက်လျက်။
၂ ကြွယ်ာပါးရေး အသက်မွေးမှု၊ စုံတခုကို။
၃ မိုးလေတဖန်၊ ကျော့ကျည်းပြန်မှ၊ စိုးရိမ်ရသို။ } ဆုတောင်းခန်း။
၄ သံမြွက်ဝဲ့ဖြိုး၊ ဟောပေပြိုးမှု၊ ချေချွတ်ပြုမှ။

၅ ပမာမယုတ်၊ ၄က်နှံ့စုတ်လျက်၊ အကြိနက်၍။ ။ဘူရိဒတ် ဇာတ်ပေါင်း။

၆ သီလပညာ၊ ရှိမှသာတည့်၊ ခဲးစွာ၏ရှင့်၊ တရားကျင့်က။
၇ ဆိုဖိမ့်တကြိမ်၊ မင်းစည်းစိမ်တုံ၊ ခရီးဆုံဝယ်။
၈ စီးတားစောင်ရုံ၊ ဝန်းသည့်ခြံနှယ်၊ ပတ်မိဘွယ်တီ၊ ပစ္စည်းရှိလည်း။ } စတု ဓမ္မသာရပျို။

၉ မည်ပင်သံဝရ၊ နရိန္ဒအား၊ တမ်းခွန်လွှားသို။
၁၀ ခဲးလှရေးတတ်၊ ဗောဓိသတ်အား၊ နောင်တော်များလျှင်။ } သံဝရပျို။

၁၁ ဆုံးတိုင်ချောမော၊ ပြန်လိမ့်သောဟု၊ အာမပြုသော်။
၁၂ ချမ်းငြိမ်းတုလွတ်၊ အရဟတ်ဖိုလ်၊ နန်းရိပ်ခိုသည်။ } သုဝဏ္ဏသာမ သစ္စာခန်း။

၁၃ နှင်းလေမယုတ်၊ ရှဉ့်ကိုးတုတ်လောက်၊ သွေးချောင်းမြောက်၏။ } မင်းတရား မယ်တော်ဧးချင်း။

၁၄ ငါး၏မျက်နှာ၊ အမြီးမှာမူ၊ မြွေနှင့်တူ၏။ ။ဂမ္ဘောဇမော်ကွန်း။

ဋ္ဌင်းစပ်နည်းသက်သက်နှင့် ဆက်ကာလှည့်ကာ ကဗျာလင်္ကာတပိုဒ်လုံး အဆုံးကုန်အောင် စပ်ဆိုစီကုံးခြင်းကို အလျှင်းပင်မတွေ့မမြင်ရ ဖက်စွက်၍ စပ်ဆိုသည့်အရာကိုသာ များစွာတွေ့မြင်ရသတည်း။

### ၈—လေးလုံးတပိုဒ် ဆင္ဒစပ်နည်းစပ်ဆိုပုံ အထောက်အထား များကို ပြဆိုချက်

ဆင္ဒ စပ်နည်းမှာ — — + —

— + — — ဤကဲ့သို့ ပြဆိုလျက်ရှိသည့် ပုံအတိုင်း အသတ်ကာရန် မှန်ကန်ညီညွတ်စွာ စပ်ဆိုစီကုံးရာသည်၊ သည်ကဲ့သို့စပ်ဆို ပုံ အထောက်အထားအညွှန်းများမှာ—

| | |
|---|---|
| ၁ ကျိန်းသည့်ယောင်သို့၊ နိုးအောင်ငုံထွေ။<br>၂ နိုးလတ်တုံသော်၊ ငါးစုံသံလွင်။<br>၃ နတ်အပေါင်းနှင့်၊ မင်းကောင်းမနု။<br>၄ သွန်းရရွှန်းလျှင်၊ ကောဓယွန်းအနား။ | ဆုတောင်းခန်းပျို့။ |
| ၅ အောင်ချာမည်သား၊ ရွှေပြည်ဦးစွန်း။<br>၆ ဒုတိယဟု၊ သီလနှစ်တန်။ | မဃ္ဃပါလပျို့။ |
| ၇ ရှည်လတုံသော်၊ ခွဆုံသာခါ။ | တန်တားဦးတည်မင်္ဂလာ စေတီမော်ကွန်း။ |
| ၈ တည်သရွှေလျှင်၊ ချောသွေ့စကား။<br>၉ ဖြစ်ခဲ့ဘူး၍၊ လက်ဦးမဆွ။<br>၁၀ လားစကောင်းသား၊ အကြောင်းယုတ်မာ။<br>၁၁ ချစ်သောဟူသည်၊ ချစ်သူတို့မှာ။ | စတုဓမ္မသာရပျို့။ |
| ၁၂ ဖြစ်ကာကြေလိမ့်၊ မသေကောင်းသား။<br>၁၃ ၄န်လေဘိ၍၊ သုတိမင်္ဂလာ။ | ၎င်း။ |
| ၁၄ ကြွလတ်သည်ကား၊ ရွှေစည်မရိုး။ | ရွှေမင်းဘုန်း ဆင်တော်ဘွဲ့။ |
| ၁၅ ဤသို့ဟူ၍၊ ဇမ္ဗူမြေပြင်။ | ။ရွှေစာတိုင်ဆင်တော်ဘွဲ့။ |
| ၁၆ ကြေစကောင်းလည်း၊ ကန်ချောင်းသိတာ။<br>၁၇ မိန်းမဟူသည်၊ အလှူအန္တရာယ်။ | သုဝဏ္ဏသာမ သစ္စာခန်း။ |
| ၁၈ ကြားဝိမ့်သိလော့၊ လောကီ ဓမ္မရာဇ်။ | ။ဝေဿန္တရာပျို့။ |
| | ။မြေ့ဘဇမော်ကွန်း။ |

(၎င်းစပ်နည်းမှာလည်း ပဉ္စမစပ်နည်းအတိုင်းပင် ဖြစ်သတည်း။)

ယင်းသို့ပြဆိုခဲ့သည့် စပ်နည်းခြောက်မျိုးသည် လင်္ကာသက်ဝင်ရာပါ ကဗျာများမှာ- အတွင်းစာသွား ၄-လုံးစပ် အသတ်ကာရန် မှန်ကန် ညီညွတ်စွာ စပ်ဆိုထိုက်သည့် ခိုင်ခံ့လှစွာသော နည်းမှန်များပင် ဖြစ် သတည်း။



သို့ရာတွင် ယခုလောကမှာ မည်သည့်အရာ မည်သည့်အကြောင်းမဆို ကောင်းသည့်ထက် ကောင်းသော အကောင်းဆုံး၊ သင့်သည့်ထက် သင့် သော အသင့်ဆုံး၊ မြင့်သည့်ထက်မြင့်သော အမြင့်ဆုံးများကိုသာ ပထမ တန်း-ပထမဆင့် စသည့်အမည်ပညတ် ရေးမှတ်ခေါ်ဝေါ်ကြဘိသကဲ့သို့ ဤစပ်နည်းခြောက်မျိုးမှာလည်း ဆင္ဒ စပ်နည်းကစ၍ ပထမနည်းတိုင် အစဉ်သင့်တက်ပြီးလျှင် တဆင့်တဆင့် သင့်ထက်သင့်သော အမြင့်တန်း များကိုသဘောထား၍ မှတ်သားလိုက်နာရန်သာ လွှန်သင့်မြတ်သတည်း။

### ၉—ကေစိဝါဒအလို အတွင်းစာသွား ၄-လုံးတပိုဒ်စပ်နည်း ခြောက်မျိုးကို ပြဆိုချက်

| | | |
|---|---|---|
| ၁ သပ်ဖေ့နှက်စပ်နည်းမှာ | .... | ၃—ချက်ညီစပ်သည်ကိုဆိုသည်။ |
| ၂ ဦးတိုက်စပ်နည်းမှာ | .... | ပ—နှစ်ချက်သတ်ပြီးမှ တ—သတ်သည်။ |
| ၃ ထိပ်ချင်းချွတ်စပ်နည်းမှာ | .... | ပ—သတ်ပြီးမှ တ-သတ်သည်။ |
| ၄ ချိန်ခွင်လျှာစပ်နည်းမှာ | .... | န—သတ်ကို မ—နှစ်ဖက်ညှပ်၍ သတ်သည်။ |
| ၅ ထိပ်ချင်းထပ်စပ်နည်းမှာ | .... | တ-သတ်ပြီးမှ ပ—သတ်သည်။ |
| ၆ ဘီလူးရယ်စပ်နည်းမှာ | .... | သေးသေးတင်—စပ်ပြီး န-သတ်သည်။ |

နံပါတ် ၄-နှင့် ၆—စပ်နည်းမှာ အတွင်းစာသွားစပ်နည်းဟူ၍ မရှိ၊ ချနည်းဟူ၍သာရှိသည်၊ ကဗျာချနည်း ၂၅-မျိုးတွင်ကြည့်၊ နောက်ဆက် တွဲးတွင်လည်း ကြည့်။

### ၁၀—ကေစိဝါဒအလိုစပ်နည်း ၆-မျိုးမှာ ပညာရှိအဆက်ဆက် ပယ်ဖျက်သုတ်သင်ပြီးဖြစ်ကြောင်းကိုပြဆိုချက်

ယင်းသည့် ကေစိဝါဒအစပ် ၆-မျိုးသည် ဟံသာဝတီရောက်မင်းတရား ကြီး လက်ထက်တော်တွင်မှ ပေါ်ပေါက်ဖြစ်ထွန်းလာပြီးလျှင် စပ်နည်း ၆-မျိုးအနက် အချို့သော စပ်နည်းများမှာ သသံသယ ဒေါသသင့်ခြင်း၊ အချို့သော စပ်နည်းများမှာ ဘဂ္ဂရိတ် ဒေါသသင့်ခြင်းစသော ဒေါသ အားကြီးလှသောကြောင့် စာဆိုဆရာ ပညာရှိကဝိအဆက်ဆက်တို့ မနှစ် သက် ပယ်ဖျက်တော် မူခဲ့ကြသည့် အတိုင်း မြန်မာဘာသာ ရာဇဝင်, ကျောက်စာ,ကဗျာလင်္ကာစသော များစွာသော ကျမ်းဂန်များကို ရေး သားစီရင်, ထင်ပေါ်ကျော်စောသောသူဖြစ်သော ရွှေတောင်ရာဇကျော်

မည်သော ပညာရှိအမတ်သည် စိရင်ရေးသားအပ်သော ကဝိလက္ခဏာသတ်ညွှန်းတွင် ရှင်ဝိစိတ္တာစာရ-အသတ်ခြောက်ပါး-အစပ်ခြောက်ပါးဆိုသည်မှာလည်း ယခုပညာရှိတို့ နှလုံးကိုနှောင့်ရှက် စေပြီးလျှင် ရှေးပညာရှိတို့စကားကို ပြစ်မှားလွန်းမည် ထင်သည်-ဟူ၍၎င်း၊ လောကဗျူဟာမြန်မာ့ဘာသာ ကဗျာလင်္ကာ ၂-ဖြာ ၂-ဖက်စွယ်စုံတွက်ဖြစ်သော ပညာရှိ အမတ် တွင်းသင်းတိုက်ဝန် မဟာစည်သူ ရေးသားစီရင်သည့် သတ်ညွှန်းသစ်တွင်လည်း ပညာရှိတို့ ဓလေ့တန်ထွာနှင့် လွန်စွာဆန့်ကျင်ခြင်းဖြစ်၍ ပညာရှိတို့နှလုံးကို နှောင့်ရှက်စေသော ချိန်ခွင်လျှာ,သပ်စေ့နှက်,ထိပ်ချင်းချွတ်, ထိပ်ချင်းထပ်, ပညတ်သံ, ပရမတ်သံ, ဂရုသံ, လဟုသံ-စသော စကားမျိုးတို့ကိုပယ်၍ အသတ်အလတ်ရေးသားမှု၌ ကျွမ်းကျင်လိမ္မာလိုသောသူတို့သိစေခြင်းငှာ ဤသတ်ညွှန်းကို ရေးသားပေအံ့-ဟူ၍၎င်း၊ ရတနာကြေးမုံသတ်ပုံတွင် ရှင်ဝိစိတ္တာစာရသတ်ပုံ၌ အသတ်,အစပ်ကို သဘောသကန့် ကျနအောင် နားလည်မည့်အရာလည်း အလွန်ပင်ခက်ခဲလှသည်၊ ပညာရှိမြတ်, ကဝိထွတ်တို့ ကုံးစီတော်မူကုန်သော မျိုးကဗျာ,လင်္ကာ, မော်ကွန်း, နိဒါန်း, ဧချင်း,ရတုတို့၌လည်း ပါသောအရာသာပါ၍ မပါသောအရာလည်း အများပင် ရှိသေးသည် ဟူ၍၎င်း၊ အသီးအသီးပြဆိုအပ်သော စကားရပ်တို့ဖြင့် သုတ်သင်ပယ်ဖျက် ပျောက်ပျက်လွင့်စဉ်ပြီး ဖြစ်လေသည်၊ သည်ကဲ့သို့ ပညာရှိ ကဝိအဆက်ဆက်တို့ မနှစ်မသက် ပယ်ဖျက်သုတ်သင်တော်မူခဲ့ကြပြီး ဖြစ်သော်လည်း အဆက်ဆက်သော ပညာရှိကဝိ အကျော်တို့၏ဓလေ့ကို စေ့စုံစွာကြားနာတွေ့မြင်ရခြင်း ကြွင်းကျန်သူ အချို့လူတို့သည် ဤကေစိဝါဒစပ်နည်း ၆-မျိုးအလုံးကိုပင် အနိုင်အမာ ထင်မှတ်- ကိုးကားထောက်ခံလေ့ ရှိကြသေးသည့်အချက်ကို ပယ်ဖျက်သုတ်သင်ထိုက်သည့်အလျောက် နောက်သား နောင်လာအစဉ်တို့ ထင်ရှားသိသာကြစေရန် ဆိုခဲ့သည့် စကားရပ်များကို ရေးသားဖော်ပြလိုက်ရသတည်း။

ပထမကဏ္ဍ-စတုတ္ထပိုင်းပြီး၏။

# ပထမကဏ္ဍ-ပဉ္စမပိုင်း

## ၁—သီချင်းသက်ဝင်ရာပါ ကဗျာ ၂၂-မျိုးအနက် အဲ့,အိုင်,မှာ တမ်း-မှ တပါး အခြားကဗျာ ၁၉-မျိုး၏ သဘောသွား စပ်ဆိုစီကုံးပုံများကို တလုံးတည်းဖော် ပြချက်

| | | |
|---|---|---|
| ၁ ရကန်။ | ၉ ယိုးဒယား။ | ၁၆ ပိုချင်း အရိုး အဆန်း။ |
| ၂ ဟောစာ။ | ၁၀ ပတ်ပျိုး။ | ၁၇ တုံးချင်းအရိုးအဆန်း။ |
| ၃ သာချင်း။ | ၁၁ ကြိုး။ | ၁၈ ဟန်ချင်းအရိုးအဆန်း။ |
| ၄ ကာချင်း။ | ၁၂ ဘွဲ့။ | ၁၉ လွှေချင်းအရိုးအဆန်း။ |
| *၅ အဲ့။ | ၁၃ ဘောလယ်အရိုး အဆန်း။ | ၂၀ နတ်သံ။ |
| *၆ အိုင်။ | | *၂၁ မှာတမ်း။ |
| ၇ လေးချိုး။ | ၁၄ တေးအရိုးအဆန်း။ | ၂၂ ဇာတ်စကားပုံ။ |
| ၈ သံချိုချိုး။ | ၁၅ သဖြန်အရိုးအဆန်း။ | |

* သည်ကဲ့သို့ချုရားပွင့်မှတ်လျက်ပါသောကဗျာ ၃-မျိုးခေါ်ဝေါ်စပ်ဆိုပုံ သဘောသွားများကိုသာ အောက်မှာသိသာရန် အတန်ငယ် ဖော်ပြလိုက်သည်။ သည်ကဲ့သို့ ချုရားပွင့်မှတ်လျက် မပါသောကဗျာ ၁၉-မျိုး စပ်ဆိုပုံများမှာ အောက်ပါ အကြောင်းများကြောင့် အချုပ်အားဖြင့် ဖော်ပြလိုက်သည်။ ။[၎င်း ၁၉-မျိုးကို နောက်ဆက်တွဲ ဒုတိယပိုင်းမှာ သိသာလောက်အောင် ဖော်ပြလျက်ရှိသည်။]

အထက်က ဖော်ပြရေးသားလျက်ရှိသည့် ကဗျာများ၏သဘောသွားအချက်, စပ်ဆိုပုံအချက်များကို အကျယ်ရေးသား ခွဲခြားဖော်ပြနိုင်ရန်ရှိသော်လည်း ရန်ကုန်မြို့မှ လန်ဒန်မြို့သို့ ဝန်ထောက်မင်း ထွက်သွားတော့မည့်နေ့ရက် နီးကပ်လျက်ရှိသည်အရ စေ့ငကုံလုံစွာ ပြမှာ ရေးသာရလျှင် နောက်ကျလေးဖင့် မှီနိုင်ရန်အခွင့်ရှိလိမ့်မည်မထင်သည်တကြောင်း၊ ရကန် အမျိုးမျိုး, သာချင်းအမျိုးမျိုး ပေမူ-ပုရပိုက်မူများကို အစိုးရဘားနတ်ပိဋကတ်တိုက်တွင် လူရှင်အများ သွားလာဝင်ထွက်ကာ အလိုရှိရာ ကြည့်ရှုခွင့် ရလျက်ရှိသည်တကြောင်း၊ အရပ်ရပ်လေးချိုး, တေးရိုး, တေးထပ်ရိုး, ၃-ချက်ညီတေးထပ်, ရှစ်ဆယ်ပေါ် တေးထပ်, တေးတွဲ့, တေးထပ်ဆန်းကြီးစသည်များကိုဆရာကြီးဦးဝေ,ဦးကျော်ရတို့ စုဆောင်းရေးသား စက်တင်ပုံနှိပ်ပြီးစာအုပ်, ရှေးသီချင်းမှစ၍ အရပ်ရပ် တောတောင်ဘွဲ့-ပဒေသာသီချင်းစာအုပ်ကို နန်းမပျက်မီကပင် လွှတ်တော်ရှေ

စာပုံနှိပ်တိုက်တွင် သံတော်ဆင့်မင်း ဦးသာအောင် စုဆောင်း စက်တင်ပုံနှိပ်ပြီးစာအုပ်, မဟာဂီတမေဒနီစာအုပ်, ဟောစာစာအုပ်,ဇာတ်ပုံစာအုပ် စသော သီချင်းသက်ဝင်ရာပါ ကဗျာစာအုပ် အမျိုးမျိုးအပြားပြားသည် နှံ့ပြားကြေညာ ထင်ရှားစွာရှိပြီးဖြစ်သည်တကြောင်း၊ ဤသို့သော အကြောင်းကြောင်းများကြောင့် ဟောင်းမြင်း ကောသုဉ်း၍ လုံးလုံးပျောက်လုမတတ် အဖတ်အရှ-အသုံးအစွဲနဲ့လှသော အဲ့, အိုင်, မှာတမ်း-များမှတပါး၊ အခြားကဗျာ ၁၉-မျိုး၏ စပ်ဆိုပုံသရုပ်ကို အချုပ်သဘောမျှသာ ရုံးစည်း၍ တလုံးတည်းပြဆိုသည့် အချက်ကို ထိုက်သက်ရာဟပ်၍ ယူရမည်ဖြစ်သတည်း။ ကဗျာ ၁၉-မျိုး၏ အချုပ်သဘောမှာ-စိန္တာ, သုတ, အတ္ထ, ပဋိဘာဏာဟူသော စကားအတိုင်း ဘုရားတိုင်, မိုးတော, တောလား, ရေလား, ဘုန်းဘွဲ့, ဂုဏ်ဘွဲ့, မယ်ဘွဲ့, မောင်ဘွဲ့-စသည်ဖြင့် အလိုရှိရာအဓိပ္ပါယ်များကို ရှေးအထက်ကျသည့် မူဟောင်းရေးနည်းများအတိုင်း လိုက်ပြီးလျှင် ပိုဒ်ပေါင်းမည်မျှတွင် အခံ၊ပိုဒ်ပေါင်းမည်မျှတွင် အအုပ်၊ ပိုဒ်ပေါင်းမည်မျှ, မည်သည့်အချက်တွင် အတော, အရပ်, အဟပ်, ကွပ်သိမ်းချက်၊ ပိုဒ်ပေါင်းမည်မျှတွင် အဆုံးသတ်ဟူ၍ လက်ာစာသွား, ရှည်တိုနည်းများ, ထားပုံများနှင့်အညီ သိကုံး စပ်ဆိုရသည်။

သို့ရာတွင် ရကန်, ဟောစာ, သာချင်း, လေးချိုးများမှတပါး အခြားကဗျာ ၁၅-မျိုးမှာ တီးလုံး အသွားအလာ, အသံ-ကာရန်, အခံ-အအုပ်တူအောင်လိုက်၍ ဖြစ်စေ၊ပတ်,ကြေး, နှဲ,စောင်း,မိကျောင်း,ချည်ချောင်း, ဘယော စသည်များနှင့် ညှိနှိုင်း-တီးလုံးသစ်ရှာကြံ၍ ဖြစ်စေ တီးချက်စည်းချက်, အသံ-ကာရန်, အခံ-အအုပ် ညီညွတ်အောင် စပ်ဆိုစီကုံးရသည်။

သည့်ကဲ့သို့ စပ်ဆိုသီကုံးသည်များကို ပြဆိုလျက်ရှိသည့် ခေါ်ဝေါ်ပုံမျိုးမည် ၁၄-အတိုင်း၊ အသီးအသီး အမည်ဖော်ထုတ် သမုတ်ပညတ်ရေးမှတ်ခေါ်ဝေါ်ကြသတည်း။

## ၂-အဲ့အကြောင်း

အဲ့-ဆိုသည်မှာ-မြန်မာဘာသာဖြစ်သည်။ "အဲ့"ဟူသော အက္ခရာတလုံးတည်းမှာ ကဗျာဟူသော အနက်, ရပ်တန့်သည်ဟူသော အနက်များကိုရသည်။



ကဗျာ-ဟူသောအနက်ကို အဲ့-အက္ခရာဖြင့် လင်္ကာစပ်ဆိုထုံးအထော်
အထားမှာ-သံဝရပျို့တွင်- "အဆိုင်ဆိုင်လျှင်၊အဲ့ တိုင် အဲ့ခံ၊ အဲ့ထောက်
သံနှင့်"ဟူ၍ငင်း။ ။သဒ္ဒေးခန်းတွင်- "စည်းဆုပ်လင်းကွင်း၊အဲ့ သီချင်း
နှင့်၊ ငြင်းကပြိုင်တောက်" ဟူ၍ငင်း။ စည်မောင်းမစဲး၊ တသဲးသဲးတည့်၊
အဲ့ ဖြင့်လည်းထူး၊ တလကျူးကာ၊ ကမြူးပျော်ရွှင်"ဟူ၍ငင်း။ ဝိဓုရပျို့တွင်-
"သွန်းလောင်းမြကဲး၊ တောက်ပြိုင် အဲ့ နှင့်၊ ရွှေသဲးပုံစု" ဟူ၍ငင်း။ ။
သီသည့်ရွာစားဆို အဝမြို့လူးဟားတွင်-"ငြိမ့်မှုစောင်းငြင်း၊ အဲ့ သီချင်း
နှင့်၊ နံနွှင်းနံ့သာ"ဟူ၍ငင်း။ ကဝိလက္ခဏာတွင်-"သီချင်းနှင့်နှဲး၊ စောင်း
နှင့် အဲ့၊ မယ်နဲ့မိ,ကနွှား" ဟူ၍ငင်း အသီးအသီး စပ်ဆိုလာရှိသည်။

ရပ်တန့်သောအရာ ကို "အဲ့" အက္ခရာဖြင့် စပ်ဆိုထုံးအထောက်အထား
မှာ....ဥဒေါင်းမင်းပျို့တွင်-"ဗိုလ်ပါသူရဲ၊ တံ့ အဲ့ မြင်းဆင်"ဟူ၍ငင်း။
ကဝိလက္ခဏာတွင်-"သူကမိုးကဲး၊ လူတွေ အဲ့၊ ဆုတ်ရှဲးတို့ကရှား"ဟူ၍
ငင်း။ ရေလာဆဲးအခါ ရေရပ်တန့်စေရန် လူအများနှင့် ဆည်တမန်
ကန်ရိုး တက်ဖို့သည်များကို အဲ့ သည်ဟု ယခုတိုင် ခေါ်ဝေါ်ဆဲးရှိသည်
များကိုထောက်၍ သိရာသတည်း။

အဲ့-စပ်ဆိုပုံမှာ-အလိုရှိရာ သဘောအဓိပ္ပါယ်များကို တပုဒ်တပုဒ်လျှင်
၄-ပိုဒ်၊ ၄-ပိုဒ်စီထား၍ စပ်ဆို စီကုံးခြင်းဖြစ်သတည်း။ တပိုဒ်တပိုဒ်မှာ
လည်း အတိုင်ဖြစ်သော ပထမပိုင်းတွင် လေးလုံးတပဒ၊ ငါးလုံးတပဒ၊
စသော ပဒပေါင်း ၅-ပဒဖြစ်စေ၊ ၅-ပဒနှင့် ၉-ပဒအတွင်းဖြစ်စေ၊၉-ပဒ
အတိအကျဖြစ်စေ ထား၍ စပ်ဆို စီကုံးနိုင်သည်။ အချုပိုဒ်ခေါ်သော
ဒုတိယ, တတိယ, စတုတ္ထပိုင်းများမှာလည်း ၄-လုံး တပဒ၊ ၅-လုံးတပဒ
စသော ပဒပေါင်း ၇-ပဒဖြစ်စေ၊၇-ပဒနှင့် ၁၉-ပဒအတွင်းဖြစ်စေ၊၁၉-
ပဒအတိအကျ ဖြစ်စေ ထား၍ စပ်ဆိုစီကုံးနိုင်သည်။ ယင်းသို့ပြဆိုခဲ့သည့်
၄-ပိုဒ်တွင် တပိုဒ်တပိုဒ်မှာ အတွင်းစာသွား စကားကာရန် အသံအနေ
အထားစပ်ဆိုပုံများမှာ ၄-လုံးဖြစ်စေ၊ ၄-လုံးနှင့် ၉-လုံးအတွင်းတွင်ဖြစ်
စေ၊ ၉-လုံး အတိအကျဖြစ်စေ၊တပဒစီထားလျက် ဆက်ရက်ခုန် ခွါကာ
ခွါကာ စပ်ဆိုစီကုံးရသည်။ အထူးမှတ်ရန်မှာ အပိုဒ်ကြီး ၄-ပိုဒ်အနက်
ပဉ္စမဖြစ်သော အတိုင်ခေါ်သော အပိုဒ်ကြီးတွင် အစပဒနှင့် အချုပဒကို
၇-လုံးစီ အမြဲထားပြီးလျှင် အချုပဒတွင် ၇-လုံးမြောက် ဖြစ်သော
နောက်ဆုံးသောအက္ခရာကို 'လေ' ဟူ၍ ထည့်ရသည်။ သည်ကဲ့သို့ ပြဆိုခဲ့

သည့်အတိုင်း ဒုတိယကဏ္ဍ ပဉ္စမပိုင်း ၄-အချက်တွင် ဖော်ပြလျက်ရှိသည့် အဲး-စာကိုယ်များနှင့် မခြား အခံ-အအုပ်၊ အဆုတ်-အတက်၊ အသွား-အလာ၊ ကာရန်အစပ်၊ အရပ်အတော၊ သဘောတူ၊ သံတူ-ကြောင်းကွဲး လိုက်နာစပ်ဆိုစီကုံးရသည်။

## ၃–အိုင်အကြောင်း

အိုင်–ဆိုသည်မှာ မြန်မာဘာသာဖြစ်သည်။ "အိုင်"ဟူသောအက္ခရာမှာ ကဗျာ-ဟူသောအနက်၊ အသံ-ဟူသောအနက်၊ ပြည့်လျှမ်းသော-အနက်၊ အင်းအိုင်-ဟူသောအနက်များကို ရသည်။

ကဗျာ-ဟူသောအရာကို "အိုင်" သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်အထားမှာ....ရာပြည့်အိုင်တွင်–"မပန်သာသည်၊ ယင်းမာအကိုင်းအခက်နှင့်။ မကြိုသာသည်၊မင့်မှာအပေါင်းအဖက်နှင့်၊ အလိုလေ့ အိုင်၊လူပျိုပုံမှာ မယ်သာ မှုန်းပါတဲ့ခွင်လုံးပိုင်လေ"... ဟူ၍ စပ်ဆိုလာရှိသည်။ သည်မှတပါး ကဗျာ ဟောအိုင် စပ်ဆိုထုံးအထောက်အထားကို အခြားကဗျာတွင် ရှာဖွေကြည့်ရှုမိသလောက်မှာ မတွေ့ဘူးပေ။

အသံ-ဟူသောအရာကို"အိုင်"သဒ္ဒါဖြင့် စပ်ဆိုထုံးအထောက်အထားမှာ....ဆုတောင်းခန်းတွင်–"နေစိမ့်ကိုင်သို့၊ အိုင်အိုင် ရင့်ကျူး၊ နှလုံးနူးအောင်"ဟူ၍၊ ငင်း။ မဃ္ဃဒေဝ ခန်းတွင်–"ထိုရပ်ပြည်ကား၊ သံကြည် ရိုက်အိုင်၊ မိုးဖြိုင်ဖြိုင်လျှင်၊ မနိုင် မကန်" ဟူ၍၊ ငင်း။ ကဝိလက္ခဏာတွင်–"စည်ကြီးထိန်းထိန်း၊ စည်မုဒိန်း၊ ဟိန်းဟိန်းမြည်သံ အိုင်။ ထုပ်ထုပ်၊ ငြင်းလက်ခုပ်၊ စည်းဆုပ်တီး အိုင်အိုင်" ဟူ၍ငင်း အသီးအသီး ပိုက်ပိုက် စပ်ဆိုလာရှိသည်။

ပြည့်လျှမ်းသော အရာ ကို "အိုင်" သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်အထားမှာ....ကဝိလက္ခဏာတွင်–"ကိုယ်တော် ညှိုး နွမ်း၊ ရှမ်းရှမ်းမျက်ရည် အိုင်" ဟူ၍၊ ငင်း။ သဲရေ မြစ်ကမ်း၊ ဗျာပါလွှမ်း၊ ထွက်လျှမ်းခုခု အိုင်" ဟူ၍၊ ငင်း။ ကုဋေတသိန်း၊ ယိုသည့်စမ်း၊ ရှိန်း ကျော်သံ အိုင်"ဟူ၍၊ ငင်း။ တိမ်မည်းတိမ်ပုပ်၊ မိုးလုံးအုပ်။ ပိတ်ချုပ် ကျိန်း။ လွှမ်းမိုးလုံး အိုင်" ဟူ၍၊ ငင်း။ အသီးအသီး စပ်ဆိုသည်။

အင်းအိုင်-ဟူသောအရာကို "အိုင်" သဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်အထားများမှာ....မဃ္ဃဒေဝ ခန်းတွင်–"ကြာဖက်ဘောင်ဘင်၊ အိုင် ပေါက်



တွင်မျှ၊မြောက်ခွင် ဂူးဂူး" ဟူ၍၊ ငင်း။သောဏပျို့တွင်–"တောင်ကမ်းဂနိုင်၊ အင်း အိုင် ဆည်မြောင်း၊ အကျောင်းအထိန်း" ဟူ၍၊ ငင်း။ နန်းတည်မော်ကွန်းတွင်–"လေးကျွန်းအပြိုင်၊ ခုနစ် အိုင်နှင့်၊ ခြောက်ဆိုင်နတ်ရွာ" ဟူ၍၊ ငင်း အသီးအသီး စပ်ဆိုလာရှိသည်။

မည်သည့်အရာကို "အိုင်" စပ်ဆိုလေ့ရှိသော သဘောမှာ လက်ာတွင် ဖော်ပြခဲ့ပြီးသည့်အတိုင်းပင် ဖြစ်သည်။ သို့ရာတွင် လက်ရှိရာပြည့်အိုင် ၄-ပုဒ်မှာ မောင်ဘွဲ့, မယ်ဘွဲ့များသာ ပါရှိသည်။

အိုင်စပ်ဆိုပုံမှာ–ဒုတိယကဏ္ဍ,ပဉ္စမပိုင်း ၅-အမှတ်အချက်တွင်ပြဆိုလျက်ရှိသည့် အိုင်စာကိုယ်များနှင့်မခြား အသွားအလာ၊ကာရန်-အခံအအုပ်၊ အဆုတ် အတက်၊ အထွက် အဟပ်၊ အရပ် အတော၊ သဘောတူ,သံတူ-ကြောင်းကွဲ-လိုက်နာစပ်ဆိုစီကုံးရသည်။ သို့ရာတွင် အဲးမှာကဲ့သို့ စပ်ဆိုပုံကို အကျယ်မပြသည့်အချက်မှာ လက်ရှိရာ ပြည့်အိုင် တမျိုးတည်းနှင့် စပ်ဆိုပုံ သဘောသွားကို ရေးသားဖော်ပြလျှင် စာဒကအဝင် အပြစ်တင် ကင်းလွတ်ရန် ရှိမည်ထင်သော့ကြောင့် ဤမျှသာ ဖော်ပြလိုက်သတည်း။ [နောက်ဆက်တွဲ တတိယပိုင်းမှာ အိုင်-စာကိုယ်များပါသည်။]

## ၄–မှာတမ်း အကြောင်း

မှာတမ်း–ဆိုသည်မှာ မြန်မာဘာသာဖြစ်သည်၊မှာထားသော စာတမ်းဆိုလိုသည်။ မည်သည့် အရာကို မှာတမ်း စပ်ဆိုလေ့ရှိသည်-ဟူသောသဘောမှာ-မောင်ဘွဲ့, မယ်ဘွဲ့-အဓိပ္ပါယ်များကို တဦးနှင့်တဦး ကြည်နူးစေတနာ မေတ္တာယှက်ကူး အထူးတိမ်းညွတ် လွမ်းဆွတ်မြတ်နိုးဘွယ်ရှိအောင် ရေးမှာတမ်းများကဲ့သို့မခြား စကား-အသွားအလာ,ကာရန်အသံ, အခံ အအုပ် တူအောင်လိုက်၍ဖြစ်စေ အထက်ကျသည့်မှာတမ်းများထက် ပိုမိုထွင်ချဲ့, နွဲ့မှုတေ့တွန့်,ကွန့်ညွန့်သစ်ဆန်း၍ဖြစ်စေ ၄-လုံးတပိုဒ် စာသွား အရင်းထားပြီးလျှင် စကားလက်ာ သာယာချိုလွင်ယဉ်ကျေးဘွယ်ရာ ရှိလျက် နှစ်သက်ထပ်ကာ ကရုဏာ တိုးပွားအောင် စပ်ဆိုစီကုံးသည် ၅-လုံး, ၆-လုံး, ၇-လုံး စသည် ရောစွက်ဆင့်ထပ်၍ ရေးမှတ်ခေါ်ဝေါ်ကြသတည်း။ များကို မှာတမ်း-ဟူ၍ သမုတ်ပညတ် လွှတ်တော်သို့ ထုတ်သည့်အထူးမှာ အတွင်းတော်-ဖြတိုက်တော် က

မှားတမ်း၊ လွှတ်တော်က-မြဲတိုက်တော်သို့ သွင်းသည့် မှာတမ်း များနှင့် အမည်ပညတ် ရေးမှတ်ခေါ်ဝေါ်ပုံ-တူသော်လည်း အနည်းငယ်မျှ မစပ် မဆိုင်ဖြစ်သတည်း။ [နောက်ဆက်တွဲ တတိယပိုင်းတွင် မှာတမ်းစာကိုယ် ၆-မျိုးပါသည်။]

ပထမကဏ္ဍ ပြီးပြီ။

---

# ဒုတိယကဏ္ဍ–ပထမပိုင်း

## ၁–လင်္ကာဟူ၍ သမုတ်ခေါ်ဝေါ်ကြသည့် စာရင်းများကို နန်းစဉ်စာ စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

၁ ရခိုင်ရှင်သီလဝံသ ဆို-ကဗျာဖွဲ့နည်းလင်္ကာ။
၂ တောင်တွင်းရှင်သီလဝံသ ဆို-နန်းဖွင့်လင်္ကာ။
၃ ၎င်း ဆို-ရာဇဝသတီလင်္ကာ။
၄ ၎င်း ဆို-ပေါရာဏကထာလင်္ကာ။
၅ ရှင်မဟာရဋ္ဌသာရ ဆို-ရွှေနန်းကြော့ရှင် အမျက်ဖြေလင်္ကာ။
၆ ၎င်း ဆို-တောလားလင်္ကာ။
၇ ရှင်ဥတ္တမသမာလာ ဆို-ကဝိကဏ္ဍပါသလင်္ကာ။
၈ ဆီးဘန်နီဆရာတော် ဆို-ခတ္တောဝါဒ လင်္ကာ။
၉ ကျောက်ရဲးဆရာတော်သွင်း-ဆင်မြင်းအစာတ်ချီ ဆင်ကြန်လင်္ကာ။
၁၀ မုံရွှေးဆရာတော်စီရင်သည့် ကဝိမဏ္ဍနီ-သတ်ပုံလင်္ကာ။
၁၁ သော်ကပင်ဆရာတော် စီရင်သည့် ရကြီး-ယငယ်ခွဲထားလင်္ကာ။
၁၂ ပြည့်မြို့ဆရာတော် စီရင်သည့် ရတနာ ၃-တန်ချီ-အပင့် အရစ်
ခွဲထားလင်္ကာ။
၁၃ ဟသ်ာတ ဆရာတော်ဆို-ဖဦးတုပ်နှင့် ဘကုန်း၊ အသုံးပြုနည်း
ခွဲထားလင်္ကာ။
၁၄ ရှင်သဒ္ဓမ္မစီရင်သည့် မနုရင်းဓမ္မသတ် လင်္ကာ။
၁၅ ရှင်ဗုဒ္ဓဃောသ စီရင်သည့် မနုလင်္ကာ။
၁၆ ရှင်ဥတ္တမကျော်ဆို တောလားလင်္ကာ။
၁၇ ဆီးဘန်နီဆရာတော် ဆို-ဥပါသကောဝါဒ လင်္ကာ။



၁၈ မောင်ဩ စီရင်သည့် သတ်ပုံလင်္ကာ။
၁၉ သင်္ဂဇာဆရာတော် စီရင်သည့် မြန်မာလေခ သတ်ပုံလင်္ကာ။
၂၀ ဦးပုညဆို-မဥ္ဇူသက သတ်ပုံလင်္ကာ။
၂၁ ရှင်ဓမ္မသာမိစီရင်သည့် နိယံလင်္ကာ။
၂၂ သားရွှေခဲးချီ-ဆုံးမစာလင်္ကာ။
၂၃ ဝဏ္ဍဓောဓန သတ်ပုံလင်္ကာ။
၂၄ ရတနာမြတ်ခေါင်ချီ-မနုဝဏ္ဍနာလင်္ကာ။
၂၅ အတုလဓိပတိချီ-ဝိနိစ္ဆယပကာသနီလင်္ကာ။
၂၆ နာနာဓမ္မဝိနိစ္ဆယချီ-ဓမ္မသတ်လင်္ကာ။
၂၇ ကိုးပါးနဝရတ်ချီ-မြင်ကွန်းဓမ္မသတ်လင်္ကာ။
၂၈ မင်္ဂလာညွန့်စည်ချီ-ဝါရိရုမင်း ဓမ္မသတ်လင်္ကာ။
၂၉ မဟာသိဝိန္ဒချီ-ပကိဏ္ဏက ဓမ္မသတ်လင်္ကာ။
၃၀ မဟာအစိန္တေယျချီ-ပကိဏ္ဏက ဓမ္မသတ်လင်္ကာ။
၃၁ မဟာပရမချီ-မနုရင်း ဓမ္မသတ်လင်္ကာ။
၃၂ ဇာတိရတနာချီ-ဝိနိစ္ဆယကွန့်ချာ လင်္ကာ။
၃၃ လူသုံးဦးကိုချီ-ဒါယဇ္ဇဒီပနီလင်္ကာ။
၃၄ ဗု,ဓံ,သံ,နှ,ချီ-အဋ္ဌသံခိပ်လင်္ကာ။
၃၅ မင်္ဂလာတိုင်ဖူးချီ-ဓမ္မသတ်လင်္ကာ။
၃၆ မဟာအစိန္တေယျချီ-မနုသာရဓမ္မသတ်ရွှေမျဉ်းလင်္ကာ။
၃၇ သဗ္ဗမင်္ဂလာချီ-ဓမ္မသတ် လင်္ကာ။
၃၈ မင်္ဂလာစက်ရှိန်ချီ-ဓမ္မသတ်လင်္ကာ။
၃၉ ရတနတ္တယချီ-ဓမ္မသတ်လင်္ကာ။
၄၀ ဓမ္မတရားမှန်သားကတိ-အစချီသည့် ဓမ္မဝိလာသဓမ္မသတ်လင်္ကာ။
၄၁ ရတနတ္တယံချီ-ဓမ္မသာရမဥ္ဇူ ဓမ္မသတ်လင်္ကာ။
၄၂ ဝိနိစ္ဆယဒီပနီ ဓမ္မသတ်လင်္ကာ။
၄၃ ရတနတ္တယ၊ အတုလကို-အစချီသည့် အဋ္ဌရာသီ ဓမ္မသတ်လင်္ကာ။
၄၄ သံကောဘ်ဆင့် မောင်ဩ-မင်းဆက်လင်္ကာ။
၄၅ ဆရာဝန်ကြီးဆို-ဆင်ကြန်လင်္ကာ။
၄၆ သံဒတော်ဆင့် မောင်လှဆို-ဆင်ကြန်လင်္ကာ။
၄၇ ၎င်းဆို-မြင်းကြန်လင်္ကာ။
၄၈ မောင်မင်းဆို-မြင်းကြန်လင်္ကာ။

၄၉ ပလိပ်ရွာစား မောင်ဖျော်ဆို-ဖြို့ဟပ်လက်ာ။
၅၀ သီလခန်းလက်ာ။
၅၁ ငှက်ကြန်လက်ာ။
၅၂ နိမိတ္တလက်ာ။
၅၃ နရဝိထိလက်ာ။
၅၄ မကာရန္တ ဗေဒင် လက်ရိုးလက်ာ။
၅၅ ဂြဟစိန္တာ လက်ာ။
၅၆ လေးကျွန်းချက်ဗွေးရစ်လည်ခွေ၍-အစချီသည့် ၁၂-ရာသီလက်ာ။
၅၇ ညွန့်လန်းမင်္ဂလာ၊မော်ကွန်းသာအံ့-အစချီသည့် ၁၂-ရာသီလက်ာ။
၅၈ တန်ခူးပေါ်တက်၊ဆန်းတရက်တွင်-အစချီသည့် ၁၂-ရာသီလက်ာ။
၅၉ အင်္ဂဝိဇ္ဇာဟော လက်ာ။
၆၀ ၃-တန်ပေါ်နိုစ် ဟောနည်းလက်ာ။
၆၁ သုံးထပ်ကိန်း ဟောနည်း ဗေဒင်လက်ာ။
၆၂ စကြာဟောနည်း ဗေဒင်လက်ာ။
၆၃ ဟိတကာရီ လက်ာ။
၆၄ ကောင်းကင်နိမိတ်ဟော လက်ာ။
၆၅ မဟာပညာကျော် လျှောက်ထုံး လက်ာ။
၆၆ မှတ်လေဘွဲ့ပင်၊ နိဒါန်းဆင်ဝိမ့်-အစချီသည့် ပေါရာဏကထာ
လက်ာ။
၆၇ ဂုဏ်တော် ၉-ပါးလက်ာ။
၆၈ ပဋ္ဌာန်းချစ်ရပ် ၉-ခန်း လက်ာ။
၆၉ ပုဂံကုလားကျမင်း-အထိန်းတော်သား အနန္တသူရိယ ဆို-အမျက်
ပြေလက်ာ။
၇၀ ဆာယာကဏ္ဍဥဒယနာရီ-ၖဝါးတွက်ပုံ လက်ာ။
၇၁ သာမုဒ္ဒိက-လက္ခဏာ လက်ာ။
၇၂ စမ ၄-လုံး ခေတ်လက်ာ။
၇၃ ကမ္ဘာဖြစ်ဟန်, ပျက်ဟန် လက်ာ။
၇၄ နိယံ လက်ာ။
၇၅ သတ္တသန်္ဂါရ၊ ဩကာသဟု-အစချီသည့် သေနင်္ဗျူဟာကျမ်း
လက်ာ။
၇၆ ဗျူဟာစက္ကိကျမ်းလက်ာ။



၇၇ ဒိဗ်စုမ်ပါရာကျမ်း လက်ာ။
၇၈ သုဝိစိတ္တဂဏဝိဇ္ဇာကျမ်း လက်ာ။
၇၉ ပဒေသရာဇာ ဆို-မင်းခမ်းလက်ာ။
၈၀ ဓမ္မတာမော်ကွန်းချီ-ဓမ္မသတ်လက်ာ။
၈၁ ဗဟုဿုတ လက်ာ။
၈၂ တပက်ဆွဲးရွာစားဆက်-မဟာလောကဏ္ဍရဂန္ဓိရလက်ာ။
၈၃ တရုပ်ပြည်သွား- သံတော်ကြီး, စာရေးတော်ကြီး ဦးအူ ဆို-မန္တ လေး ရတနာပုံမြို့က ပွဲကျင်မြို့ထိ သံသွားလမ်းခရီး တိုင်စဉ် လက်ာ။

## ၂-လက်ာသဘောအစီပွါယ် မည်သို့ရှိသည် သိသာထင်ရှားစေရန် လက်ာစာကိုယ်များကို ပြဆိုချက်

(၁) မဏိစိန္တာ၊ ရန်မျိုးကွာသား၊ နရာသာ၊ ပြည်မသနင်း၊ မင်းတို့၌တွင်၊ ရည်တင်ခစား၊ မင်းပါး မကွေ၊ မင်းနား နေ၍၊ မင်းစေခံမှတ်၊ မင်းလေးမြတ်သည်၊ လျှောက်ပတ် တည်ကြည်၊ လူစံတည် တို့၊ အရှည်ကောင်းစွာ၊ မှတ်သားရာကို၊ ကျမ်းလာသော့လျှောက်၊ ဓိပ္ပါယ်ကောက်အံ့၊ မသောက် သေစာ၊ မှန်ကန် စွာသား၊ စိတ်မှာ ဆန့်ကျင်၊ သူ့ပြစ်မြင်က၊ ဝမ်းတွင်မှတ်ထွေ၊ဆိုခဲ့စေလော့၊ နေ့ရေမကင်း၊ သီတင်းသီလ၊ သူရသတ္တိ၊ ရှိစေမကွာ၊ အပ္ပမာဒ၊ ယုတ္တာနန့်၊ ကြားက တတ်မှု၊ ဗဟုဿုတ၊ ဝိယဝါစ၊ မှန်စွာသဘော၊ ကောင်းသောနှုတ်နက်၊ မသွက်မဆိုင်း၊ မထိုင်းမမျဉ်း၊ ဆိုလျဉ်းသင့်လှ၊ ဉာဏ ကြွပ်တည်း၊ မနည်းမများ၊ မှတ်သားဆိုလေ့၊ မင်းရှေ့နေခါ၊ နေရာဆင်ခြင်၊ ခြောက်အင်စုံပြည့်၊ မြော်တင်း ကြည့်၍၊ မင်း၏မျက်နှာ၊ သာ မသာကို၊ ပညာအမှတ်၊ သိတတ်လှစေ၊ ပုံသေ မှတ်ကြိုး၊ ကောင်းအင်ဖြိုးသည်....လူမျိုးအဆက်မှီရာသော။ ။[ရှင်မဟာသီလဝံသဆိုတော်မူသည့် မင်းခစားတို့ကျင့်ရန်လက်ာ ၃-ပုဒ် အနက် ပထမပုဒ်လက်ာ။]

(၂) ယုဂန္ဓရ၊ စသည့်ဝန်းရံ၊ ရောင်လျှံလေးဦး၊ ဝင်းဝါမြူးသား၊ မြင့်မြူးတင့်ဖြိုး၊ နတ်မျိုးမှီခို၊ မြင်းမိုရ်တောင်မင်း၊ လေးစင်းသမုဒ္ဒရာ၊ ငါးဖြာမြစ်မ၊ ဒီပလေးကျွန်း၊ လှည့်ဝန်းနေလ၊ မိုးမှစံပယ်၊ နက္ခတ်ကြယ်နှင့်၊ အံ့ဘွယ်တာသီး၊ အိုင်ကြီး ခုနစ်မည်၊ နတ်ပြည်ဗြဟ္မာ၊ ဖြစ်ခြင်း ရာကို၊

ခန္ဓာတချောင်း၊ ရုံးပေါင်းအောက်မေ့၊ တစေ့စေ့လျှင်၊ ညှဉ့်နေ့မပြတ်၊ နားပါးညွတ်သား၊ သွရသာတီ၊ နတ်မင်းညီ၏၊ စီစီလျှဉ်လျှဉ်၊ ပြောဟောစဉ်သော်၊ ဆုံး့မ မြော်သို၊ နိုင်းပေါ်ထိုသွင်၊ ကျေးဇူးအင်ဖြင့်၊ ပြောဖြင်လှဘိ၊ တုမရှိသား၊ နရပတိရာဇာ၊ စောမြတ်စွာအား၊ ကျမ်းလာစကား၊ ရေးစဉ်ကြားပိမ့်၊ မင်းဖျားပဝရ၊ မနောဇကို၊ နန္ဒမည်မှတ်၊ ရသေ့မြတ်လျှင်၊ ဖမ်းလတ်နိုင်ထက်၊ သွေးတစက်မျှ၊ ထွက်စိမ့်မမူ၊ သာလွယ်ကူဖြင့်၊ ဇမ္ဗူကျွန်းလုံး၊ နှင်းသောထုံးသို၊ ယူကျုံးနိုင်စိုး၊ တန်းခိုးတနာ၊ ရှိဘိရာလည်း၊ ငါ၏ဘေဇ၊ ငါ့လုံးလနှင့်၊ ဒိပကုန်အောင်၊ ကြံဦးဆောင်လက်ငင်၊ ပေးဆက်ချင်၏၊ မြိုးပင် မေတ္တာ၊ သက်လှစွာသားကြမ္မာပင့်ထောက်၊ နတ်ချီးမြောက်၍၊ ထွတ်ရောက်ဘုန်းတော်၊ မြော်ရသေပြီး၊ ငါ့ဝိဘိကား၊ နိုင်းရှိဆွယ်ဘွယ်၊ နက်ဝန်းကျယ်သည်-ပင်လယ်ရေသို့ ပြော၏ဘည်း။ [ရွှေနန်းတည် မော်ကွန်းစပ်တော်မူပါ-တောင်ပန်သည်ကို ဝန်မခံ၍ ရွှေနန်းကြော့ရှင် ဘုရင်နရပတိမသက်မသာ ရှိကြောင်းကို သိသော့ကြောင့် ရှင်မဟာရဋ္ဌသာရ စပ်ဆိုဆက်သွင်းသည့် အမျက်ဖြေလကာ ၁၂-ပုဒ်အနက် ၉-ပုဒ်မြောက်လကာ။]

(၃) မြင်းမိုရ်ရှိသဏ္ဍာန်၊ နိုင်းသင့်ရန်သား၊ယုဂန်တောင်ကြီး၊နေခရီးပယ်၊ ထီးသို့ဝန်းဝန်း၊ ပြဗ္ဗာစွန်းက၊ ရွှန်းရွှန်းအရောင်၊ ဝင်းဝင်းပြောင်ပြည့်သို့၊ နတ်၏စည်းစိမ်၊ ရိပ်ငြိမ်စီးပွား၊ များလှလေလေ၊ ကင်းကွေရောဂါ၊ ကြောင့်ကြကွာ၍၊ ခန္ဓာငါးမည်၊ သက်ရှည်စေကြောင်း၊ မေတ္တာပေါင်းတွင်၊ လောင်းတုံအသစ်၊ ကြည်ချစ်သဖြင့်၊ ဘုရင့်ဆရာ၊ ပဏ္ဍိတ်ငါလျှင်၊ မေတ္တာနှစ်မြိုက်၊ လောင်းထပ်လိုက်အံ့၊ ကောင်းမြိုက် နာမဇေယသကြီး၊ ရွှေမင်းစံသို့၊ မည့်ခံမည်ပေး၊ မင်းရေးမင်းရာ၊ တတ်သိမ္မာ၍၊ မြဟာမရယ်၊ မင်းဘွယ်စိုးယ၊ သိလှမင်းလို၊ မင်းကိုကျိုးနွံ၊ ထုံးစံပိုင်း၊ အနိုင်းအချက်၊ ထက်မြက်လိမ္မာ၊ ရွှေလာနောက်ကြွင်း၊ မြော်တင်းပြတ်ပြတ်၊ စက်လျှဉ်ဖြတ်သို့၊ ဝိဋ္ဋကတ်ဓဗဒင်၊ နှုတ်ဝယ်ပင်တည့်၊ မြော်မြင်ရေးကြီး၊ ကြံသီးကျဉ်းကျယ်၊ ခက်လွယ်တင်းလျော့၊ လေးပေါ့တိမ်နက်ဆန်မျက်တွင်းပြင်၊ နေလျှင်ပေါင်းချစ်၊ ကျိုးပြစ်ရှည်တို၊ သူ့လို သိတတ်ရာဇဝတ်၌၊ လျောက်ပတ်ကျယ်ဝန်း၊ လူဝယ် ထွန်းသား၊ ခြောက်ခွန်းစကား၊ လေးပါးအင်္ဂါ၊ သုံးဖြာဆိုဘွယ်၊ ကျမ်းဂန်ဝယ်လည်း၊ သိလွယ်



ဖြည်းဖြည်း၊ နာဘွယ်ချည်းလျက်၊ ပြည်တည်းအရေး၊ ကျေးနှင့်ပေါက်ပင်၊ ချည်မျှင်ပင့်ကူ၊ နိုင်းတူကြက်ဥ၊တိမ်အထုကို၊လွယ်မှုသိနိုင်၊ အပြီးတိုင်သား၊ ညာဏ်နိုင်ခေါင်ထိ၊ တုမရှိသား၊ တိတိနိုင်ကျည်၊ အတည်အကြား၊ စကားနည်းနာ၊ အရာရှုမျှော်၊ အမြော်အမြင်၊ အတွင်အကျယ်၊ အလွယ်အခက်၊ အနက်အနဲ၊ အခွဲအစိတ်၊ အတိတ် နာဂတ်၊ အမှတ်အသား၊ အခြားအဝေ၊ အဖြေအမေး၊ အရေးအရာ၊ အသာအချို၊ အတိုအရှည်၊ အလည်အပတ်၊ အညွတ်အကွေး၊ အသေးအဖွဲ့၊ အထဲအပေါ်၊ အတော်အလျားတရားစောင့်ထွေ၊ နိတုံရွှေသို၊ မြိုးနေသီလ၊ ဒါနမွေ့လျော်၊ သူတော်လက္ခဏာ၊ အရာမကျုန်၊ ဝေဘန်ခွဲခြမ်း၊ ကျင့်တမ်းမွေးမြူ၊ ရှင်လူပုဏ္ဏား၊ မှတ်သားမိဘွယ်၊ အသွယ်သွယ်ဖြင့်၊ မင်းဝယ် လျောက်ပတ်၊ မင်းဝတ်စေ့စုံ၊ မင်းရေးကုံ၍၊ မှတ်ယုံတတ်ကျော်၊ ပညာသော်မူ၊ မဟော်သဓော၊ ပညာဖြောင့်စင်း၊ သကင်းလျှံညီ၊ နန္ဒီသေနှ၊ ဝိဓုရသည့်၊ ရှေးကစံထွတ်၊ မချွတ်ပုံယူ၊ သဘောတူ၏၊ ဇမ္ဗူသောင်းတွင်း၊ အမင်းမင်းတို့၊ သတင်းကြိုင်ပြကြားသမျှလျှင်၊ အံ့ညြသီးသီး၊ ပြည်ကြီးကြက်သရေ၊ မတ်မြူတေသည့်ကြည်တွေသဒ္ဓါ၊ ငါဆရာကို၊အညာပုရ၊ဌာနရပ်ရွာ၊ သွားရပါကြောင်း၊ မြတ်စော လောင်းအား၊ ကျော်သောင်း ကြေညာ၊ မတ်ကြီးစွာလျှင်၊ ပညာသန်းကြယ်၊ အသွယ်သွယ်ဖြင့်၊ ကိုးကွယ်ဝပ်ကျိုး၊ မြတ်နိုးသာယာ၊ လျှောက်ပါဘိထ၊ သွားခွင့်ရမူ၊ တူကွမကောင်း၊ငါ့ညီရင်းနှင့်၊ မိုးညှင်းမင်းစေ၊ ပြန်လေသော့ခါ၊ တူလိုက်ပါအံ့၊ ပြည်သာထုတ်ချောက်၊ စစ်ကိုင်းရောက်မူ၊ လျှံတောက်တေဇ၊ တန်းခိုးပသည့်၊ ပုညစေတီ၊ မဟာသိတွင်၊ မပြက်ပင်တည့်၊ ကြည်လင်မြတ်နိုး၊ ရှိခိုးဝတ်တက်၊ အသက် ထက်ဆုံး၊ ဦးခေါင်းအုံး၍၊သုံးလိမ့်သိတင်း၊ ငါ့ကြောင်းခြင်းကို၊ ရန်နှင်းစောထွတ်၊ မင်းဖျားမတ်သည်····မချွတ်လျှောက်တော်မူစေသော။ ။[ရှင်တေဇော သာရဆို-မေတ္တာစာ လကာ ၃-ပုဒ်တွင် တတိယအပုဒ်။]

(၄) သုံးပါးမြတ်စွာ၊ရတနာအား၊ ရှိကြာလက်လှ၊တင်ဆက်သ၍၊ ကျမ်းအလာတွင်၊ ရေးဆာချင့်မှန်း၊ လွန်ကျယ်ဝန်းသည့်၊ ဂဏန်းသချာ၊ လမ်းကြောင်းပြ၍၊ နိဒ္ဒေသလိုရာနုတ်ထွေ၊ ပုဒ်ခွဲဝေလျက်၊ ဥပဒေကျ၊ ပုဒ်ကဗျာကို၊ မုဒ္ဒာရွဲညီ၊ ပုလဲးမျဉ်း၊ မကျဉ်းမကျယ်၊ ဓိပ္ပါယ်ချုပ်ကာ၊ ခုကားဘွဲ့နှယ်၊ သိသို၊ အစီအလျှဉ်၊ အစဉ်သင့်အား၊ ဆင့်ဆင့်ပွားလျက်၊ လက်ဆယ်ဝယ်ဘယ်နည်း၊ ရာလည်းဘယ်သို၊ စသည်တို့ကို၊ မချိရွှေဖျား၊

မွန်ထား၍၊ စကားမဉ္ဇူ၊ ပန်းနှယ်ကြူပိမ့်၊ ကိန်းမူလစစ်၊ ရင်းအမြစ်ကား၊
တစ်-နှစ်-သုံး-လေး၊ တဝေးတို့နောက်၊ ငါး-ခြောက်-ခုနစ်၊ ရှစ်-ကိုး-
သုည၊ ပြားထဆယ်ဖြာ၊ မှတ်ပြီးခါမှ၊ ကိန်းသာတလုံး၊ တခုသုံး၍၊ နှစ်လုံး
ကားဆယ်၊ သုံးဝယ်ရာပင်၊ လေးလျှင်ထောင်မြော်၊ ငါးသော်သောင်းယူ၊
ခြောက်မူသိန်းဖြစ်၊ ခုနစ်သန်းထား၊ ရှစ်ကားကုဋေ၊ တွက်ချင့်ရေလေ၌၊ ထို
ကုဋေမှ၊ ပွားထတုံပေ၊ ပကုဋေမှန်၊ တတန်ကောဋိ၊ ပကောဋိက၊ နဟုတနှင့်၊
နိန္နဟုတ၊ အက္ခောဘဏီ*၊ ဗိန္ဒု၊ အဗ္ဗုဒ၊ နိရဗ္ဗုဒ၊ အဟာဟနှင့်၊ အဗဗက၊ အဋ္ဋ
မှန်၊ သောဂန္ဓိက၊ ဥပ္ပလမှ၊ ကုမုဒ၊ ပုဏ္ဍရိက၊ ပဒုမနှင့်၊ ကထာန်
သာ၊ မဟာ ကထာန၊ သင်္ချေယျ ဟု၊ ရေဆ ချင့်မူ၊ ယင်းကိန်းစုတွင်၊ ဒ
အစရှိ၊ ကုဋေထိမှာ၊ ပွါးဘိအညီ၊ ဆယ်စီဆယ်စီ၊ တက်၍ လီလေ၌၊
ဤကုဋေမှ၊ သင်္ချေကျကား၊ မူလယခင့်၊ ကုဋေဖြင့်လျှင်၊ ဆင့်ဆင့် တက်
ပွား၊ မြှောက်တုံငြားက၊ ကော်ကားတခု၊ ရမှုသုည၊ တရာ့လေးဆယ်၊
ပြည့်ရေးဝယ်၌၊ ကယ်ကေန္တ၊ သင်္ချေပြသည်.... အစလက်မှန် နိဒါန်း
တည်း။ ။[တောင်ငူခရိုင်ဝန် မင်းကြီးမဟာ မင်းထင်ရာဇာ စီကုံး
ရေးသားသည့် သုဝိစိတ္တဂဏဝိဇ္ဇာကျမ်းလင်္ကာ]။

(၅) သစ္စာလေးခိုင်၊ မွေးအကြိုင်ကို၊ ရေးပိုင်လွယ်ကူ၊ သိတော်မူ
သား၊ သယမ္ဘူ၊ ထွတ်၊ အတုလွတ်ကို၊ ရှိညွတ်ပန်ထွာ၊ ဆင်ပြီးခါမှ၊ ရတနာ
သား၊ အပါးပါးကို၊ ခြားနားအသစ်၊ ကဗျာလှစ်ပိမ့်၊ ဘိုးစစ်ဘွားဖို၊
ကြည်ယုံမိဘ၊ သဘောမျှ၍၊ လောက ဖွယ်ရာ၊ ဓမ္မတာဖြင့်၊ သေချာ
လေးစား၊ ပေးမြားသည်တွင်၊ ရှေးဦးမြင်သည်၊ ရွှေစင်လှမောင်၊ ညီမျှာ
နောင်ကို၊ အခေါ်သြရ၊ မြှောက်ထိုက်ကြရှင့်၊ လှပရည်မွန်၊ စေကျွန်
မွေးဖွား၊ သားခေတ္တဇ၊ အပြောင်ကမူ၊ ယူလေပေါဋ္ဌမ၊ ထိုမှတခြား၊
မယားလင်ပါ၊ သည်းချာပုဗ္ဗက၊ သမုတ်ကြ၍၊ မှုချသွင်းငင်၊ စာရင်း
တင်လေ၌၊ ချင်းပြင် တခြား၊ အများ သိစေ၊ ပြုပေမွေးစား၊ သား
ကိတ္တိမ၊ ကောက်ရပိုက်မွေး၊ သားတွေး အပတိဋ္ဌ၊ ဂုဏ်ဟိတ်ကွဲပြား၊
ခြောက်ပါး အမွေ၊ ပေးဝေထိုက်သင့်၊ အလိုက်ချင့်ဟု၊ ပိုက်ဆင့်ရှုကာ၊
မနုမှာ၍၊ စုဖြာအမွေ၊ အဝေမခံ၊ မစံသင့်ငြား၊ သား ခြောက်ပါးမှု၊

* အက္ခောဘဏီရေတွက်နည်း ၂-မျိုးတွင် သင်္ချာရေတွက်နည်း အက္ခော
ဘဏီမှာ....တစ်တလုံးနှင့် သုည ၄၂ လုံးရှိသည်။ စစ်ဖက်ရေတွက်နည်း
အက္ခောဘဏီမှာ....ဆင်, မြင်း, ရထား, လူ, အလုံးမှ ၇၆၅၄၅၀ သာ
ရှိ၏။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ဂဏန်းစဉ် ၅၀၂ မှာကြည့်ပါ။



တပါးသူတို့၊ ကြည်ဖြူပေးလိုက်၊ မွေးပိုက်အကြီး၊ သားသီးဒိန္န၊ ဥစ္စာ
ဖြင့်ဝယ်၊ တင့်တယ်သဟောဍ၊ သက်မျှပျို့ထွား၊ ကိုယ်မယားသည်၊
လိုလားအတူ၊ တပါးသူနှင့်၊ မတော်ကျင့်၍၊ အခွင့်မလှ၊ သားရပြီးနောက်၊
သယောက်ကိုကွာ၊ ကြင်ရာပြန်ပေါင်း၊ ၎င်းသားမှာ၊ ပုနာနုဘ္ဘဝ၊ ခုနက
ရှင်ပျော်၊ အကျော်အကျူး၊ မြူးထူးရာတွင်၊ ရမြင်မဖိတ်၊ ကိဋ္ဌိမသား၊
နှစ်ပါး ဘမိ၊ ညီညှိမနော၊ ဆုံးမပြောသည်၊ သဘောတွေလာ၊ မလိုက်
နာဝဲ၊ ပယ်ခွါသဖြင့်၊ ချင်းအကျင့်ကြောင့်၊ မွေးလင့် ကစား၊ သား
သွာနုတ္တ၊ မ၀ ထမင်း၊ ရေသိပ်ခြင်းကြောင့်၊ မှီတင်းခိုလှူ၊ ထိုသူတဖော်၊
အခေါ်သာယာ၊ ဆာတ ဘတ္တ၊ သားလှ တွင်ပေ၊ ယင်းခြောက်တွေမူ၊
အမွေမထိုက်၊ သို့ဆိုလိုက်လည်း၊ ထက်၌သားကောင်း၊ အပေါင်းလုံး
ရင်း၊ မရှိလျှင်းက၊ ချင်းတို့ခံစေ၊ ဆဲ့နှစ်တွေမူ၊ ကျမ်းရွှေမျဉ်းလာ၊ တနည်း
မှာဝိမ့်၊ မာတာ ပိတ၊ မျှသဘောတူ၊ မွေးမြူသြရသ၊ ဘမိနှစ်ဦး၊ အထူး
ဆန္ဒ၊ တူမျှသော်လည်း၊ အုပ်စည်းသိမ်းထား၊ မထိမ်းမြားမီ၊ တိမ်းပါး
ရဘိ၊ ဝိနိဝါသုက၊ မိဘတို့သည်၊ ကြည်သဘောရှိ၊ ဖြစ်လေဘိလည်း၊
ဂတိ သွေဖယ်၊ သမီး ငယ်သည်၊ မဖွယ်အခြား၊ ယောကျ်ားတို့နှင့်၊ ဆက်
ဆံ ကျင့်၍၊ သင့်တင့် မွေးဖွား၊ ထိုသား ခေတြ၊ မွေးဘမွေးမယ်၊ မပေး
လှယ်၍၊ ဝေးကွယ် ကြီးမျှ၊ ဆန္ဒသူတို့၊ တူလိုသားရ၊ ပရ ဝိဿုက၊ ကျင့်
သီလစောင့်၊ နှောင့်လောဘဖက်၊ မဂ္ဂဋ္ဌ၀၊ မိဘနှစ်ပါး၊ ပေးမြားပြီး
နောက်၊ ချိန်မရောက်မီ၊ မွေးမြောက် မုထလ၊ လင်မှမရှိ၊ ဖွားဘိ ကာ
ရကြီ၊ အညီထိုတူ၊ ယူသဟတ္ထက၊ ကြေးဝယ်မ၌၊ သိမ်းပိုက်မွေးဘိ၊ ကရိ
ဘတ္တက၊ ဘရိယကို၊ အိမ်မှသွားလေ၊ နှင်ထုတ်ပေ၍၊ သန္ဓေတခြား၊
မွေးဖွား မှုရပ်၊ ဇနဿဝ၊ မာနကြော့ကြမ်း၊ အဟော့ရမ်းကြောင့်၊ ချစ်
ကျွမ်းဆွေဘောင်၊ မနေအောင်လျှင်၊ မိမြောင်ဘပါ၊ နှင်ထုတ်ရာသည်၊
သွာရ တန၊ အဖ ပုဏ္ဏား၊ မိကား ပုဏ္ဏေး၊ မျိုးဝေးကွဲပြား၊ သား
ပသောတ္တ၊ နာမပိုင်းဖြတ်၊ အမှတ်မထင်၊ အသွင်မူကျင့်၊ ဟူသဖြင့်
ကြောင့်၊ ယူခွင့် သွတ်ပြ၊ ဝဏ္ဏရ သား၊ ငါမယားဟု၊ မှတ်သားကာမျှ
ရှိမယုတ်၊ ပပုတ္တသား၊ သားရာသို့မြောက်၊ ထိုနောက်အတတ်၊ ပညာ
မြတ်ကို၊ အမှတ်အသား၊ သင်ကြားသဖြင့်၊ ဆရာခွင့်၌၊ မဖင့်မလေး၊
လုပ်ကျွေးဖြောင့်တည့်၊ သားတပည့်ကို၊ မှည့်ကြမသွေ၊ အန္တေဝါသိက၊
သူမှပေးအပ်၊ ထွေးစပ်ပိုက်ဖျား၊ သားဒိန္နက၊ သောဠသ မှာ၊ ဝဏ္ဏနာ
ဝယ်၊ ညွှန်ကာခြားမှတ်၊ ဇယားဖြတ်၍၊ ကြားတတ်သိသူ၊ သတိမူလေ၌၊

မတူကျမ်းခြား၊ နှစ်ပါးထိမ်းခပ်း၊ မွေးသြရသ၊ ကိဋ္ဌိဣဂြိုး၊ ရှိပြီးငယ်ဖွား၊ သား‌ဟော့ငြိမ၊ ပရပုတ္တာ၊ ထင်စွာမွေးဘိ၊ ကိတ္တိမပေ၊ ငွေဝယ်ကျွန်ဖွား၊ သားခေတ္တဇ၊ လင်ကမယား၊ နှစ်ပါးပါချုပ်၊ ပုဗ္ဗကဖွဲ့၊ မှတ်မဲ့ကောက်မွေး၊ မည်ပေးပတိဋ္ဌ၊ ဆပဏ္ဏာကုတ်ပင်၊ ခေါ်တွင်ရေကုန်း၊ နပုန်းသကၤရူးကြွဲသွပ်တတ်၊ ဥမ္မတ္တကော၊ ချို့သောအင်္ဂါ၊ ပါသူဖြစ်က၊ အင်္ဂဝိပရိတာ၊ သည်းချာလှပျို၊သူ့ကိုပေးငြား၊သူမွေးစားသည်၊ ထိုသားပရ၊ဒိန္နခေါ်ရာ၊ ဥစ္စာဖြင့်ဝယ်၊ရှုဘွယ်သဟောဍ၊ရွယ်လှမယား၊ တပါးသူ၌၊ ကြိုက်သန္ဓေရ၊ ပုနနိဿ၊ သာယာဆန္ဒ၊ ဏူမျှရှင်မြူး၊ ထူးကိဋ္ဌိဣ၊ မိဘအာဏာ၊ မနာကပ်ပြု၊ သတ္တုရသို့၊ ရပ်စုအိမ်ခြေ၊ မငြိမ်လေအောင်၊ ထိမ်မွေမဖြော့၊ ကျင့်သော့ကြောင့်လျှင်၊ မအောင့်နှင်ရာ၊ သွာနုတ္တသား၊ ရှားပါးမှတ်သူ၊ သိမ်းယူမွေးရာ၊ ဆာတာဘတ္တ၊ မိဘနှစ်ယောက်၊ ပေးမြောက်ထိမ်းမြား၊ လင်အားမခင်၊ မကြင် တိမ်းဖယ်၊ မိန်းမငယ်သည်၊ ရိမ်းသွယ်ခြားမူ၊ ပန်းပြားကျူသို့၊ သူတထူးနှင့်၊ ရောနှောကျင့်၍၊ အသင့်သား‌ရ‌ုခေတ္တဇ မည်ထား၊ မပေးမြားလူ၊ ရချက်သားမှာ၊ ဝိဝါသုကြိန်၊ ချစ်ရှိန်သူတို့၊ နှစ်လိုခမ္ဘက၊ ပရသုကြိန်၊ ဂုဏ်သိန်တင်ပြ၊ လင်ရပြီးနောက်၊ မမြော်ဆယ်လ၊ ဖွားထတွင်မူ၊ မုထလပေ၊ ဆွေစအရိုး၊ အမျိုးတို့နှင့်၊ လိုက်ဋ္ဌင့်ရှု၍၊ သွားလေ့ဝေးမှာ၊ မွေးရာသားလှ၊ အပတပတ္တ၊ လင်မှမရှိ၊ ကာရဏ်မှန်၊ တတန်ထိုနည်း၊ လင်တည်းကွေ့ရှောင်၊ သန္ဓေဆောင်လျက်၊ဆွေဘောင်ရှက်ရ၊ ဟတ္ထမှည့်ဆို၊ ကိုယ်ဝန်ဆောင်လွယ်၊ ငယ်သည့်မိန်းမ၊ မွေးကမချွတ်၊ ဂိမှဝတ်တည့်၊ စိတ်ညွတ်သင့်တင့်၊ လင်နှင့်တတန်၊ ပြန်၍ပေါင်းဘိ၊ ဝိကရသား၊ မူကားမကောင်း၊ တကြောင်းမထောက်၊ နှစ်ယောက်ဟူပင်၊ကျေးဇူးရှင်တို့၊ နှင်လိုက်ရာဝယ်၊ မွေးရှာရတန၊ အဖအမိဋ္ဌိဇမျိုးတူ၊ မဟုတ်မူ၍၊ မွေးသူပဿ၊ ထက်ကနည်းပေ၊ အန္တေဝါသိ၊ မှတ်ဖိတထပ်၊ အကြင်ရပ်၌၊ ဆည်းကပ်ကျင်လည်၊ ရသည် ပုဋ္ဌဇ၊ ဇန်းတကွနှင့်၊ လမ်းမလှည့်လည်၊ သွားတင်သည်ကြောင့်၊ လူ့ပြည်ခေါ်ယို၊ ရွှေသိုဝါမြန်း၊ ဝတ်သက်န်းနှင့်၊ ရဟန်းနှစ်ခြိုက်၊ အဖြစ်၌လည်း၊ ယစ်မိုက်လောဘ၊ သမောဟကြောင့်၊ ရသောသားမူ၊ သွတ္တိဟူ၍၊ မိုလ်လူသိအောင်၊ ညှိတန်ဆောင်သို့၊ မြန်ဘောင်တိုင်းလယ်၊ သမိုင်းသွယ်လျက်၊ နိုင်းဆွယ်မတူ၊ သမူဟန္တ၊ မှတ်ကြတခု၊ မနုဋ္ဌိကာ၊ ညီစွာခွဲခြမ်း၊ လေးသွယ် ကျမ်းက၊ ဓဝတမ်းမိန့်လစ်၊ ငါးဆဲ့ရှစ်ဟု၊ သားချစ် တို့ကို၊



ကဗျာချိုနှင့်၊ နာလိုဘွယ်မူ၊ အကျယ်စုသည်····ဘယ်မူမရှင်း မှတ်သားတည်း။ ။[ကိုရင်ကြီး ရှင်ဝဇီရဆို-ဓမ္မသတ်အစောင်စောင်ထွက် သား အပြားမျိုးမည်လက်ာ။]

## ၃-ပျို့ ဟူ၍ ခေါ်ဝေါ် သမုတ်ကြသည့် စာရင်းများကို နန်းစဉ် စာတော်စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

၁ ရှင်မဟာသီလဝံသ ဆို ပါရမီ ခန်းပျို့။
၂ ၎င်း ဆို-ဆုတောင်းခန်းပျို့။
၃ ၎င်း ဆို-တောင်တွင်းလာပျို့။ [၁]
၄ ၎င်း ဆို-ဓမ္မပါလပျို့။
၅ ၎င်း ဆို-ဗုဒ္ဓုပ္ပတ္တိပျို့။
၆ ၎င်း ဆို-ကမ္ဘာလောင်ပျို့။
၇ ရှင်မဟာရဋ္ဌသာရဆို-ဘူရိဒတ် ဇာတ်ရင်းပျို့။ [၂]
၈ ၎င်းဆို ဘူရိဒတ် ဇာတ်ပေါင်း ပျို့။ [၃]
၉ ၎င်း ဆို-စတုဓမ္မသာရပျို့။
၁၀ ၎င်း ဆို-သံဝရပျို့။
၁၁ ၎င်း ဆို-ဂမ္ဘီသာရပျို့။
၁၂ ရှင်အဂ္ဂသမာဓိ ဆို-နေမိဗြဲ့စိုး ခန်းပျို့။
၁၃ ၎င်း ဆို-ငရဲခန်းပျို့။
၁၄ ၎င်း ဆို-ဘုံခန်းပျို့။
၁၅ ၎င်း ဆို-သုဝဏ္ဏသာမ သငွေး ခန်းပျို့။
၁၆ ၎င်း ဆို-သစ္စာခန်းပျို့။
၁၇ ရှင် တေဇောသာရ ဆို-ပြာဠိ ဟာခန်းပျို့။
၁၈ ၎င်း ဆို-ဗျာဒိတ်တော်ခန်းပျို့။
၁၉ ၎င်း ဆို-ရွှေဟင်္သာမင်းပျို့။
၂၀ ၎င်းဆို-အာဒါသမုခပျို့ဟောင်း
၂၁ ကန်တော် မင်းကျောင်း ဆရာ တော် စီရင်သည့် လောကသာ ရပျို့။
၂၂ ရှင်ကုမာရ ကဿပ စီရင်သည့် ဓမ္မပါလပျို့။
၂၃ ၎င်း ဆို-ဓမ္မရာသီပျို့။
၂၄ စစ်ကိုင်းမြို့စကြိုချောင်းကျောင်း နေ ရဟန်းတော် ဆို-ရတနာ ယဉ်နုပျို့။
၂၅ ပထမ ကျော်အောင် စံထား ဆရာတော်တပည့် ရှင်ကာရဝိက ဆို-မင်းလှယဉ်နုပျို့။
၂၆ ဝိဋ္ဌကာတ် ကျောက်စာပြင် ဆီး ဘန်နီ ဆရာတော် ဆို-အောင် ခြင်းရှစ်ပါးပျို့သစ်။
၂၇ ရှင်ဇာနဂုတ္တ ဆို-နဝရတ်ပျို့။
၂၈ တောင်ဘီလာဆရာတော် ဆို- ဝေဿန္တရာ-ပျို့ဟောင်း။
၂၉ ပုခန်းကြီးမြို့ကျောင်းနေ ရဟန်း တော် ဆို-ယသောဓရာ ကန် တော့ခန်းပျို့။

၁ ၎င်းမှာ တောင်တွင်းမှ အဝမြို့သို့လာသောအကြောင်းကို စီကုံးသောပျို့ ဖြစ်သည်။
၂-၃ ၎င်းတို့ကို အချို့စာ စာရင်းများမှာ ဘူရိဒတ်လက်ာကြီးဟူ၍၎င်း၊ဘူရိဒတ်ဇာတ်ပေါင်းလက်ာဟူ၍၎င်း ရေးသား ခေါ်ဝေါ်ကြသတည်း။

၃၀ ရှင်ဝရဓမ္မလင်္ကာရဆို– ဥတိဏ္ဏ
မင်းစောပျို့။
၃၁ နတ်မောက်တောင်ဆင်း ဘုန်း
တော်ကြီး ဆို–ဝိဓုရပျို့ဟောင်း။
၃၂ ရွှေကျောင်း ရဲကျင်း ဦးပုဆို-
စန္ဒကုမ္မာပျို့။
၃၃ ၎င်းဆို–ကုသပျို့ဟောင်း။
၃၄ မုံရွေးဆရာတော် ဆို-အာဒါသ
မုခပျို့။
၃၅ ၎င်းဆို–ကုသပျို့သစ်။
၃၆ ၎င်းဆို–နာရဒပျို့သစ်။
၃၇ ၎င်းဆို–သီလဝပျို့။
၃၈ ၎င်းဆို–ပဥ္စာဝုဓပျို့။
၃၉ ၎င်းဆို–ဥတိန္နပျို့။
၄၀ ၎င်းဆို–နာနာဆန္ဒပျို့။
၄၁ ၎င်းဆို–ပြာသာဒ်တော်ပွဲပျို့။
၄၂ ၎င်းဆို-အာကာသစာရီပျို့။
၄၃ ရှင်လင်္ကာသာရ ဆို– အာနန္ဒာ
ဝိုချင်းပျို့။
၄၄ တရားသူကြီး လက်ဝဲသုန္ဒရဆို
အာဒါသမုခ ပျို့သစ်။
၄၅ ၎င်းဆို–သေနင်္ဂဗျူဟာပျို့။
၄၆ ၎င်းဆို–သောဏပျို့။
၄၇ ၎င်းဆို–သာမိနပျို့။
၄၈ ၎င်းဆို–စကြာမင်းပျို့။
၄၉ ၎င်းဆို–နန္ဒိသေနပျို့။
၅၀ ၎င်းဆို–ဗျူဟာစတ္တိပျို့။
၅၁ ဝိပါက်တော်ခန်းပျို့။
၅၂ တေမိပျို့ဟောင်း။
၅၃ မောင်ဥက္ကာဆို–တေမိပျို့သစ်။
၅၄ ရွှေစက်တော်ပျို့။
၅၅ ဝဏ္ဏမာရီပျို့။
၅၆ အာသက်ပျို့။
၅၇ ရာဇမာယာပျို့။
၅၈ ဥပနန္ဒာပျို့။
၅၉ သန္တုလပျို့။
၆၀ လက္ခဏာခန်းပျို့။
၆၁ နရပသံသပျို့။
၆၂ ရာဇသာရပျို့။
၆၃ နှစ်ကျိပ် ရှစ်ဆူပျို့။
၆၄ နရစိုးခန်းပျို့။
၆၅ မဟာတုဏ္ဍိလပျို့။
၆၆ ဓမ္မရာယဉ်ပျို့။
၆၇ သမပိုက်ပျို့။
၆၈ ဗုဒ္ဓဃောသုပ္ပတ္တိပျို့။
၆၉ ပရိနိဗ္ဗာနပျို့။
၇၀ မဥ္ဇူဓမ္မပျို့။
၇၁ အောင်ခြင်းရှစ်ပါး ပျို့ဟောင်း။
၇၂ ဟံသာဝတီရောက် မင်းတရား
လက်ထက် ဝန်ကြီးပဒေသရာဇာ
ဆို-ကျေးဇူးတော်ပျို့။
၇၃ ၎င်းဆိုယိုးဒယားသံရောက် ။
၇၄ ၎င်းဆို–ကုမ္ဘာဘယပျို့။
၇၅ ၎င်းဆို–နန္ဒာသိရီပျို့။
၇၆ ၎င်းဆို–နုအူပျို့။
၇၇ ၎င်းဆို– ကြာနတ်ကေသာပျို့။
၇၈ ၎င်းဆို–မဟာပတိပျို့။
၇၉ ၎င်းဆို–မနောလင်္ကာပျို့။
၈၀ ၎င်းဆို–သူဇာပျို့။
၈၁ ၎င်းဆို–သမုဒ္ဒဃောသပျို့။
၈၂ ၎င်းဆို–တောထွက်ခန်းပျို့။
၈၃ ၎င်းဆို–ဟိတကာရီပျို့။
၈၄ ၎င်းဆို–ပဒေသာပျို့သစ်။
၈၅ တွင်းသင်းတိုက်ဝန် ဆို–
ဝေဿန္တရာပျို့။
၈၆ တွင်းသင်းတိုက်ဝန်ဆို
ဘလ္လာတိယပျို့။
၈၇ ၎င်းဆို–ငါးရံ့မင်းပျို့။
၈၈ ၎င်းဆို-မဟော် ကျေးသားခန်း
ပျို့။



၈၉ ၎င်းဆို-မုဒုလက္ခဏာပျို့။
၉၀ ၎င်းဆို–ဇနကပျို့။
၉၁ ၎င်းဆို–ဝိဓုရပျို့။
၉၂ ၎င်းဆို–ဇယဒိသပျို့။
၉၃ အမရပုရမြို့ဝန် မဟာ သိဟ
သူရဆို–ပြည်တော်ဝင်ပျို့။
၉၄ ၎င်းဆို–စန္ဒကိန္နရီပျို့.
၉၅ ၎င်းဆို–ဣသိသိင်္ဂပျို့။
၉၆ ၎င်းဆို–ဥဒေါင်းမင်းပျို့။
၉၇ ဟသ်ာတ မင်းသွီး၏ အကြီး
တော်မောင်ရေးဆို-အပဏ္ဏက
ပျို့။
၉၈ ၎င်းဆို–ဒွါသဋ္ဌိဒိဋ္ဌိပျို့။
၉၉ ၎င်း ဆို– မဟော်ဥမင်ခန်းပျို့။
၁၀၀ ပညာရှိ ဆီမီးခုံ ရွာစားဆို–
ဥမ္မာဒန္တီပျို့။
၁၀၁ ၎င်းဆို မဟော် ပြဿနာခန်း
ပျို့။
၁၀၂ ၎င်းဆို–ဇနကပျို့သစ်။
၁၀၃ ၎င်းဆို-မဟာသုတသောမပျို့။
၁၀၄ ၎င်းဆို-မဟော်ဥမင်ခန်း ပျို့။
၁၀၅ ၎င်းဆို–သရဘင်္ဂပျို့။
၁၀၆ ၎င်းဆို–ဂါမဏိစန္ဒပျို့။
၁၀၇ ၎င်းဆို–ဓမ္မဇပျို့။
၁၀၈ အရိန္ဒမပျို့။
၁၀၉ မဏိကက် ပျို့ဟောင်း။
၁၁၀ မဏိကက်ဇာတ်ပေါင်းပျို့သစ်။
၁၁၁ အတွင်းဝန်ထောက် နေမျိုးနန္ဒ
မိတ်ဆို-မယ်တော်မာယာ ပျို့။
၁၁၂ ၎င်းဆို–ဥမ္မာဒန္တီ ပျို့ဟောင်း။
၁၁၃ စေညှ့်ကူးမင်း ကွမ်းရေတော်
မောင်ယာဆို-မင်းနန်ခန်း ပျို့။
၁၁၄ မောင်ပိုး ဆို-ရာဇနီတိပျို့။
၁၁၅ တရားစစ် မနော်ဒေဝ ဆို–
ဂုတ္တိလပျို့။



၁၁၆ ၎င်းဆို–နာရဒ ပျို့သစ်။
၁၁၇ တံဆိပ် စာရေးမောင်လူ ဆို–
သန္တုလပျို့သစ်။
၁၁၈ မောင်ပြည့်ဆို- စမွေယျပျို့
ဟောင်း။
၁၁၉ မိုးထားမြို့စားဝန်ထောက်စိန္တ
ကျော်သူဆို-စမွေယျပျို့သစ်။
၁၂၀ ဟံသာဝတီ ဆင်ဖြူ များရှင်
လက်ထက် နဝဒေးကြီး ဆို-
မနော်ပျို့ဟောင်း။
၁၂၁ ရှင်အုန်းညိုဆို-ဂါထာ ၆၀-
ပျို့။
၁၂၂ မြင်စိုင်းမင်းစာဆိုတော်မောင်
လူဆို-မာလာ လင်္ကာရပျို့။
၁၂၃ သက်ပန်ရွာစား အတွင်းဝန်
ဆို-မဟာပုရိသလက္ခဏာပျို့။
၁၂၄ ဝန်ထောက် ရွှေတောင်နန္ဒသူ
ဆို-မဟာသုတသောမ ပျို့။
၁၂၅ မောင်နိုး ဆို-ဝေဿန္တရာ ပျို့။
၁၂၆ ၎င်းဆို–ဇနကပျို့။
၁၂၇ ၎င်း ဆို-ပဋ္ဌာစာရီပျို့။
၁၂၈ ၎င်းဆို-ရှင်မာလဲပျို့၊
၁၂၉ မင်းရဲနရသူဆို-နရပတိပျို့။
၁၃၀ တောင်ငူ နဝဒေးကြီးဆို-ရာဇ
ဗျူဟာပျို့။
၁၃၁ အတွင်းဝန်နေမျိုးသီဟသူဆို–
ရာဇဝသတီခန်းပျို့။
၁၃၂ မြို့စာရေး သိင်္ခသာရဆို- ဂရ
ဓမ္မပျို့။
၁၃၃ ဟံသာဝတီပါ မင်းလက်ထက်
စေညှ့်ကိုင် ဘုရင်ခံ တောင်ငူ
ရာဇာ့သံတော်ဆင့် မောင်သြ
ဆို-သြဝါဒထုံးပျို့။
၁၃၄ ဝိဓုရပျို့ဟောင်း။

၁၃၅ ကင်းဝန်မင်းကြီး C.S.T. ဆို-တိတ္တုကပျို။
၁၃၆ လွှတ်တော် စာရေး တော် မောင်ဖေဆို-ရုရုမိဂပျို။
၁၃၇ တံဆိပ်ဝန် မင်းလှကျော်တင်ဆို-ကလိင်္ဂဗောဓိပျို။
၁၃၈ ၎င်းဆို–အကိတ္တိပျို။
၁၃၉ ၎င်းဆို–ဒေဝဓမ္မပျို။
၁၄၀ ၎င်းဆို–မဟာဓမ္မပါလပျို။
၁၄၁ ၎င်းဆို–အဘိရူကပျို။

## ၄–ပျို့သဘောအစိပ္ပါယ် မည်သို့ရှိသည် သိသာထင်ရှားစေရန် ပျို့စာကိုယ်များမှ ထုတ်နုတ်ပြဆိုချက်

(၁) ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပေါက်သား၊ ရောင်တောက်ပလျှင်၊ သမိုက်ပြင်ထက်၊ အောင်မြင်ခါသင့်၊ သစ္စာပွင့်က၊ မြင်အံ့သသူ၊ သုံးပါး လူဝယ်၊ မပြုလျှင်းဝဲ၊ လွန်ကျူးကဲးလျက်၊ အံ့အံ့စလောက်၊ မိုးဆုံးချောက်မျှ၊ ခြီးမြောက်ကြူးသံ၊ ဘုန်းခေါင်လျှံသည်၊ ဓမ္မံသာမိ၊ မုနိပုင်္ဂဝ၊ သုံးလူ့ဘကား၊ မဆွစ္စာစွာ၊ ဝါဆိုခါ၌၊ ဗာရာဏသီ၊ ပြည်ကိုမှီ၍၊ ဝင္ဂါးယောက်၊ ရှင်တို့မှောက်ဝယ်၊ ကြားချောက်ဘဝဂ်၊ ဓမ္မစက်ကို၊ သံမြွက်ပွဲ့ခြီး၊ ဟောပေပြီးမှု၊ ချေချွတ်ပြုမှ၊ ဥရုဝေလ၊ ကဿပက၊ စသည်ညီနောင်၊ ရှင်တထောင်အား၊ တိမ်မှောင်မိစ္ဆာ၊ ဒိဋ္ဌိခွါ၍၊ အရာနောက်တော်၊ ပါအောင်ခေါ်ပြီး၊ ပြည်တော်နဂိုရ်၊ ရာဇဂြိုဟ်တွင်၊ ရောက်တုံကျင်မှ၊ ဖူးမြင်လာရှောင်း၊ ဘသိန်းပေါင်းနှင့်၊ နှစ်သောင်းမကြွင်း၊ ဗိမ္ဗိမင်းကို၊ လင်းစေ မျက်မှောက်၊ အမိုက်ဖျောက်လျက်၊ ရောက်တုံထိုခါ၊ ဝါလနီးသော်၊ စောထီးရှင်မှန်၊ ဝေဠုဝန်၌၊ တတန်ပျော်မိန်း၊ ငြိမ်သက်ကိန်းသည်....ရွှင်ဖိန်း မင်္ဂဖိုလ်ဝိဘိတည်း။ ။[ရှင်မဟာသီလဝံသ စပ်ဆိုစီကုံးတော်မူသည့် ဆုတောင်းခန်းပျို]။

(၂) ဗောဓိသုံးစုံ၊ ပွင့်ဖူးငုံသား၊ ညက်စုံကျယ်ဝန်း၊ ဤသည့်ကျွန်းထက်၊ ဦးစွန်းဦးကိုင်၊ မြေမန်တိုင် * ၌၊ အောင်နိုင်ရန်မာရ်၊ ဖည်ဆန်ကျူးကျော်၊ ဇယန္တော်ဟု၊ ချီဝေ မိုးခေါင်၊ ဆုံးတိုင်အောင်လျှင်၊ မြောက်တောင်ကဲးလွန်၊ မာန်အားဖွန်မျှ၊ တင်လွန်သိဒ္ဓိ၊ ကျော်ဦးရှိသာ။

* မန်တိုင်-ဟူသည်မှာ အလယ်ချက်ကိုဆိုသော မြန်မာဝေါဟာရ ဖြစ်၍ ဏကြီးတွင် ၃-ရင်ကောက်သံယုတ်နှင့်မရေးလင့်ဟု မှုံရွှေးဆရာတော်က ပြမှာတော်မူသည်။



နန္ဒိဝနုန်၊ သကျမျိုးနှစ်၊ တို့ရှင်ချစ်ကို၊ စောစစ်ဘမင်း၊ ဖူးချင်ပြင်း၍၊ ကျွန်သင်း ဖန်ဝေ၊ ထောင်ဖိုလ်ခြေထိ၊ မင်းစေတန်တား၊ ထပ်မနားလျှင်၊ ရောက်များ ခေါက်ခေါက်၊ ဆယ်ကြိမ်မြောက်မှ၊ ကြားလျှောက်ခြင်းရာ၊ တောင်းပန်ထွာ၍၊ ဥဒါယိထေရ်၊ ရှေးဦးတည်လျက်၊ ထွက်သည်နေ့က၊ ထိုနှစ်-လ လျှင်၊ ချစ်ဘဆွမ်းဝတ်၊ နိစ္စပတ်ကို၊ ရှင်မြတ်ယူခံ၊ သွတ်လှယ်ပျံ၍၊ ကုံဘံ ဆောင်သွေ၊ နေ့တိုင်း ကျွေးလျက်၊ ရပ်ဝေး တာလမ်း၊ ရောက်ငြိမ်းချမ်းသည်၊ မင်းဂှမ်းရွှေမြေ၊ ချစ်မျိုးဆွေတို့....မြုတေပွားဖုန်း-အမွှန်းတည်း။ ။[ရှင်မဟာသီလဝံသ စပ်ဆိုတော်မူသဲ-ပျံလွှန်တော်မူ၍ ၎င်းတပည့်အဆုံးသတ်သည့် ဓမ္မပါလပျို]။

(၃) ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ သံပယုံးစုံး၊ ဘက်မဲ့ကြီးသား၊ အားသုံးထောင်ထား၊ မျိုးလေးပါးတို့၊ တက်ပွားစောင်မာန်၊ လွှားတမ်းခွန်ကို၊ ပြင်းဝှန်မုန်တိုင်း၊ ခတ်ချိုးလှိုင်းသို့၊ ဖြတ်ပိုင်း လှည်းချ၊ တတ်စွမ်းလှသား၊ မိဘန္တယ်ပေါင်း၊ သိန်းခြောက်သောင်းလျှင်၊ မင်းကောင်းစည်ရှိ၊ ကျော်လွှ့ဟိုးလျက်၊ မြေမိုးရပ်သူ၊ လူခပ်သိမ်းတို့၊ ညွှတ်တိမ်းပူဇော်၊ ကျေးဇူးတော်လည်း၊ နှင်းဘော်တုကျွန်း၊ မြင်းမိုရ်ထွန်းသို့၊ ရဟန်းများထွတ်၊ သုံးလူ့နတ်ကား၊ သာဝတ္ထိပြည်၊ ပြောပင်စည်မှ၊ မရှည်ခွန်နီး၊ ကျွတ်ပွဲးဖြိုးသော်၊ ကျောင်းကြီးဗိမာန်၊ ဇေတဝန်၌၊ မြိုးမှန်နေတော်မူသရော်တည့်၊ သုဓ္ဒေါ်ခမည်း၊ ဆွေနည်းဗိမ္မာ၊ သည်းချာရာဟု၊ တစုဝန်းလျား၊ ခြွေရံများနှင့်၊ ပျော်ပါးရိပ်မြို၊ သိကြားဘုံသို့၊ ပြည့်စုံ ချမ်းငြိမ်၊ မင်းစည်းစိမ်အား၊ စွန့်သွား ရက်ရက်၊ မငဲ့ကွက်သား၊ တောထွက် ကျင့်မြတ်၊ လျှဉ်းသွယ် လတ်၍၊ စိရသံ ဝတ၊ ပဿာမဖြင့်၊ ဗိုဒ်စတည်ထား၊ ဟောညွှန် ကြားသည်....တရား သိထင်-ပြွမ်းပြွမ်းတည်း။ [ရှင်မဟာရဋ္ဌသာရ စပ်ဆို စီကုံးတော်မူသည့်-ကိုးခန်းပျို။]

(၄) ဇာတိညက်နိုင်၊ တပင်တိုင်ဖြင့်၊ မယိုင်မညွှတ်၊ ခေါင်တမွတ်သို့၊ လတ်လတ်ဘုန်းရှင့်၊ မတ်မတ်တင့်လျက်၊ သာပွင့်လင်းလင်း၊ ဖြိုင်ဆွယ်ကင်းသား၊ လူမင်းစည်းစိမ်၊ ဗိမာန်အိမ်၌၊ ချမ်းငြိမ်စံပယ်၊ တန်းနိုးကြွယ်မှ၊ သုံးဆယ်ပါရမီ၊ ဖြည့်ညီများထွေ၊ သုံးလူ့ဆွေတို့၊ ကုဋေတွက်ကိန်း၊ တသိန်းစကြဝဠာ၊ အာဏာဖြန့်ချ၊ တုမဲ့ဓမ္မရာဇ၊ ဖြစ်စိမ့်သော့ငှာ၊ ဧဟာသိရှိ၊ ဗောဓိပလ္လင်၊ ရွှေနန်းတင်က၊ မြေပြင်မဆုံ၊ ကောင်းကင် နှံမျှကြားလွှ့ထင်ခပါ၊ ကျေးဇူးကျော်သား၊ တိလောကနဝ်၊ ဆရာထွ

ကား၊ ကျောင်းမြတ်ဗိမာန်၊ ဇေတဝန်၌၊ လေးတန်ယာပိုက်၊ နေသော် ကြိုက်ဝယ်၊ စိုက်စိုက်ဘာဝနာ၊ သဒ္ဒါကျူးပြ၊ ပျင်းရိတဖန်၊ ရဟန်းမွန်ကို၊ ပြည့်နှစ်ဝဿ၊ အကြောင်းပြု၍၊ ကျွတ်ဆုခွင့်မြော်၊ ဇာနန္ဒော်ဟု၊ ချီဝေါ် အစ၊ သံဝရ၏၊ မဆွဖြစ်ဟောင်း၊ ဟောလတ်ရှောင်းသည်....မင်းလောင်း မင်းလျာ ကျင့်ထုံးတည်း။ ။[ ရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူသည့် သံဝရပျို။]

(၅) မဟာဂုဏ၊ အနန္တဖြင့်၊ ဥဒ္ဒယျပါးခု၊ စတုယက္ခာ၊ ဆ-ပဘာ နှင့်၊ သာဓာရဏ၊ ဓမ္မခြောက်ခု၊ စတုဝေသာ၊ကိုးဖြာကျေးဇူး၊ ဂုဏ်တော် ကျူးသား၊ နှစ်ဦးမရ၊ သုံးလူ့ဘဏ်၊ ပါဒရောင်ဟုံ၊ ရွှေစက်စုံကို၊ တင်တုံ ဦးဖျား၊ ထိပ်ဝယ်ထား၍၊ သုံးပါးမှန်ကင်း၊ တရားမင်းလျှင်၊ သံဃြင်း မိန်ရွတ်၊ မုခပါဌ်ကို၊ ကြည်ညွတ်ဝန္ဒနာ၊ ပူဇော်ပါ၏၊ လေးဖြာမဂ္ဂ၊ဖလ လေးတန်၊သညာမွန်ကို၊တင်ပြန်ထိပ်မှာ၊ ပဒုံကြာသို၊ ဆယ်ဖြာလက်ယှက်၊ ရှိပန်ဆက်၍၊ စုံမက်လှစွာ၊ဆရာတို့အား၊ သုံးပါးကာယ၊ စိတ်စေတဖြင့်၊ ကြည်လှသဒ္ဓါ၊ ကုမုဒ်ကြာသို့၊ တင်ကာမငြိး၊ ကန်တော့ပြီးမှ၊ ဘုန်းကြီး သကျ၊ ဂေါတမလျှင်၊ ကဿပသာသနာ၊ ထွန်းသောခါ၌၊ ကြေညာ ကျော်သဲ၊ ပုလလဲးစစ်၊ ဆင်မင်းဖြစ်၍၊ မချစ်ဖော်ကွာ၊ ဒွတ္တိံသာနှင့်၊ လေးဖြာမြဟွစိုရ်၊ ကြည်ညိုတရား၊ စောင့်ပြားအချက်၊ သမိုင်းထွက်ကို၊ မပျက်နောင်လာ၊ လူတကာတို့၊ ဖတ်နာနည်းယူ၊ နားရှိသူတို့၊ လွယ်ကူ သိအောင်၊ လက်ာဆောင်၍၊ နောက်နောင်စဉ်လာ၊ ကျောက်အမာ တွင်၊ အက္ခရာရေးထား၊ စိုက်သောလားသို့၊ မပြားဝန်းဝိုင်း၊ တူသင့်ရှိုင်း သည်....သမိုင်းနတ်လူ ဥသျှောင်တည်း။ ။[အဝဆင်ဖြူများရှင် လက် ထက် ဘွဲ့မည်မသိ-ရဟန်းတော် စပ်ဆိုစီကုံးတော်မူသည့် ပုလလဲး ဆင် မင်းပျို။]

(၆) မဟာကပ္ပ၊ လက်ဦးစဉ်၌၊ ပင်မရွက်ကိုး၊ မနုပျိုး၍၊ နွယ်ရိုး ထွင်၊ သာကီဝင်ချည်း၊ ဥကင်ကွန်းပြောက်၊ ရှစ်သောင်းနှစ်ထောင်၊ ရန်ဘောင်လှစ် နောက်ဆဲ့နှစ်ဆူ၊ ထီးရွက်ဖြူနှင့်၊ ဇမ္ဗူကြားချောက်၊ မင်းများနောက် ဝယ်၊ တယောက်ပြည်ထောင်၊ အုပ်စိုးဆောင်၍၊ သန်ကောင်ခါရ၊ဒိ လျက်၊ နိုဗြော်ခရုံ၊ ပန်းစုံရီရော၊ ဥယျာဉ်တောဝယ်၊ ရွှင်မောချမ်းသာ၊



စံစဉ်ခါကည့်၊ ပဒုမ္မာမိုး၊ ကြိုးသည့်ဖြစ်ကို၊ အမြစ်အရင်း၊ နိဒါန်းခင်း၍၊ သန့်ရှင်းလုံးညီ၊ ရွှဲလုံးစီသို့၊ ဖုသာတီမည်ထူး၊ ပိုဒ်ဦးရွှေဖျား၊ အစထား လျက်၊ ကြောင်းလျားသနစ်၊ အဆစ်ဆစ်ကို၊ ဖွင့်လှစ်ကုန်အောင်၊ ဖော် ထုတ်ဆောင်သည်....ဆယ်စောင်ဇာတ်များ အဖျားတည်း။ ။[တွင်း သင်းတိုက်ဝန် စပ်ဆိုသည့် ဝေဿန္တရာပျို။]

## ၅-မော်ကွန်းဟူ၍ သမုတ်ခေါ်ဝေါ်ရေးသားကြသည့်စာ စာရင်းများကို နန်းစဉ်စာတော်စာရင်းများမှ ကောက်ယူ ထုတ်နုတ်ပြဆိုချက်

၁ ရှင်မဟာသီလဝံသ ဆို-ရွှေနန်း ကြော့ရှင် နန်းဘွဲ့မော်ကွန်း။
၂ ၎င်း ဆို-ကြားပိမ့်ကြက်သရေချီ တန်တားဦးတည် မင်္ဂလာစေတီ တော်မော်ကွန်း။
၃ ၎င်း ဆို-ရှိရှားကန်ဘွဲ့မော်ကွန်း
၄ ၎င်း ဆို-ရွှေနန်းဘွဲ့ မော်ကွန်း။
၅ ရှင်မဟာရဋ္ဌသာရဆို-ပုံတောင် နိုင် မော်ကွန်း။
၆ ၎င်း ဆို-သုံးဆဲ့နှစ်ပါး ချီ-တန် တားဦးတည်၊ မင်္ဂလာ စေတီ တော် မော်ကွန်း။
၇ ၎င်း ဆို-ကြားပိမ့် နတ်ရှင်-ချီ တန်တားဦးတည် မင်္ဂလာစေတီ မော်ကွန်း။ ၁
၈ ၎င်း ဆို- ဝတ်ရုံ ကျောင်းဘွဲ့ မော်ကွန်း။
၉ မုံရွေးဆရာတော် ဆို-ပြာသာဒ် ကျောင်း မော်ကွန်း။ ၂
၁၀ ရှင်ဥတ္တမဇ္ဈ ဆို-ရွှေဘုံသာမော် ကွန်း။
၁၁ ရှင်ကရဝိကဆို-မင်းရဲကျော်စွာ ၄-ထပ်ကျောင်းဘွဲ့ မော်ကွန်း။
၁၂ စစ်လျင် ထောင်မှူး-ရှင်ထွေးညို ဆို-ပြည်စုန်မော်ကွန်း။
၁၃ ၎င်း ဆို-ရွှေစာတိုင် ဆင်တော် မော်ကွန်း။
၁၄ တွင်းသင်းတိုက်ဝန် မဟာစည် သူဆို-ပုဏ္ဏရိက ဆင်တော်မော် ကွန်း။
၁၅ ၎င်းဆို-ဝရသေတဂိရိဆင်တော် မော်ကွန်း။
၁၆ ၎င်း ဆို-အရေးတော်မော်ကွန်း

၁ ၎င်းမော်ကွန်း သာသနာချီ အပုဒ်တွင် "သာသနာတော်၊ နှစ်ထောင် ကျော်၍၊ ခွန်းပေါ်ရှစ်ဆဲ့လေး၊ မှတ်ရေးတဆစ်၊ သက္ကရာဇ်ဒိဿ၊ ဒွေး ဇယဟု၊ အဋ္ဌအခါ"ဟူ၍ပါသည်။ ဤစကားအရ ရှင်ရဋ္ဌသာရ အသက် ၁၂-နှစ်တွင် ဤမော်ကွန်းကို ဆိုသည့်အရာ သိသာသည်။

၂ ပျို့မှာလည်း ပြာသာဒ်တော်ဘွဲ့ ပျို့ဟု ပါပြီးဖြစ်ပါသည်။ အမှန်မသိ၍ မူရင်းတွင်ရှိသမျှ ထည့်လိုက်ရသည်။

၁၇ ၎င်း ဆို-မင်္ဂလာအောင်ပွဲး ရဲး ရည်တက်မော်ကွန်း။
၁၈ ၎င်းဆို -အမရပုရ မြို့တည်မော်ကွန်း။
၁၉ ၎င်း ဆို-မိထိလာ ကန်တော်ဘွဲ့ မော်ကွန်း။
၂၀ အလောင်းမင်းတရားလက်ထက် လက်ဝဲသုန္ဒရ, နောက် လက်ဝဲ နော်ရထာ, နောက် အမရပုရ မြို့ဝန် ခန့်၍ မဟာ သီဟသူရ ဘွဲ့ရသူ ဆို-ရတနာပုရ အဝမြို့ ကြီးလာ မော်ကွန်း။
၂၁ ၎င်း ဆို- ပြည်တော်ဝင် မော်ကွန်း။
၂၂ ၎င်းဆို—မဟာဝိဇယရံသီ စည်း ခံတော်မော်ကွန်း။
၂၃ ၎င်း ဆို-မုဒ္ဒါဘိသေက မော်ကွန်း။
၂၄ စစ်ကိုင်းမြို့ စိရင်စု, ရွာဝေးရွာ သူကြီး,ပက်မစွတ်မြို့စားနဝဒေး ဆို—စန္ဒမုနိမော်ကွန်း။
၂၅ ၎င်း ဆို—ဗာဝရီမော်ကွန်း။
၂၆ ၎င်း ဆို-ဝိလာသိနီမော်ကွန်း။
၂၇ ၎င်း ဆို—အာသန်နိုင်မော်ကွန်း
၂၈ ၎င်း ဆို—ရခိုင်နိုင်မော်ကွန်း။
၂၉ ၎င်း ဆို—ရွှေနန်းဘွဲ့မော်ကွန်း။
၃၀ ၎င်း ဆို—ဣသျှံဂူမော်ကွန်း။
၃၁ ၎င်း ဆို—လောကဝိဒူမော်ကွန်း
၃၂ ၎င်း ဆို—ရဲးတင်းမော်ကွန်း။
၃၃ ၎င်း ဆို—သာမုဒ္ဒိက လက္ခဏာ ကျမ်း မော်ကွန်း။
၃၄ ၎င်း ဆို—တရုပ်သံရောက် မော်ကွန်း။
၃၅ ၎င်း ဆို—မင်းကွန်း နန်းတည် မော်ကွန်း။
၃၆ ၎င်း ဆို—အမရပုရမြို့ ဘွဲ့ မော်ကွန်း။
၃၇ မြို့စာရေး နန္ဒသူဆို—မင်းကွန်း စေတီတော် မော်ကွန်း။
၃၈ ၎င်း ဆို—မင်းကွန်းဘုရား မော်ကွန်း။
၃၉ ဒုတိယ ဇေယျာရန္တမိတ် ဘွဲ့ခံ တောင်ခွင် မြို့စား မောင်သာ အောင် ဆို—လောက မုနိ ဂူဌာ မော်ကွန်း။
၄၀ ၎င်း ဆို—သိမ်တော် မော်ကွန်း။
၄၁ တံဆိပ်ဝန် ဆို—ဗိမာန် ရတနာ ကျောင်းတော် မော်ကွန်း။
၄၂ ၎င်း ဆို—မဟာဝေယန်ဘုံသာ ကျောင်းတော် မော်ကွန်း။
၄၃ မောင်စံတင် ဆို—ဗာရာဏသီ မော်ကွန်း။
၄၄ သက်ပန်း ရွာစား အတွင်းဝန် ဆို—မုဒ္ဒါဘိသေက မော်ကွန်း။
၄၅ ရာဇဝေသော် ဆို—ရှင်ဖြူဘုရား မော်ကွန်း။
၄၆ ကန်တော်မင်းကျောင်း သူကြီး ဇေယျာပျံချီ ဆို—လှံတော် စကြာ မော်ကွန်း။
၄၇ ဇေယျာနန္ဒမိတ် ကျော်သူ ဆို—စလွယ်တော်ဆင် မော်ကွန်း။
၄၈ လက်ဝဲး နော်ရထာ ဆို—ယိုးဒယားနိုင် မော်ကွန်း။
၄၉ ပျံချီ ရွှေတောင် ဆို—အရေး တော် မော်ကွန်း။
၅၀ လက်ဆောင်ယူမှူး ရှင်သံခို ဆို-ရတနာ ပြောင်မွန် ဆင်တော် မော်ကွန်း။



၅၁ အတွင်းဝန်ထောက်မင်း မောင် ညို ဆို—ရွှေမင်းဘုန်းဆင့်တော် မော်ကွန်း။
၅၂ ချောင်းဦးဆယ်ရွာစားဝိဋ္ဌကတ် တိုက်စိုး ရမ္မသိရိကျော်ထင် ဆို-ဆဒ္ဒန် ပြောင်ကျော် ဆင်တော် မော်ကွန်း။
၅၃ လက်ဝဲး နော်ရထာ ဆို—ဧည ဝတီနိုင် မော်ကွန်း။
၅၄ ၎င်း ဆို—ဧညဝတီသို့ သာသနာ ပြုစေသည့် မော်ကွန်း။
၅၅ ဆင်ခြေတိုက် ဝန် စိန္တကျော်သူ ဆို—ကဝိလမော်ကွန်း။
၅၆ ကင်းဝန် မင်းကြီး C.S.I. ဆို မမ္မောဇ မော်ကွန်း။
၅၇ ၎င်း ဆို—ရတနာနဒီမော်ကွန်း။
၅၈ သဖက်ရည်တော် ရွာစည် ရွာ စား ဆို—ရတနာနဒီမော်ကွန်း။
၅၉ ၎င်း ဆို—ဇင်းမယ်နိုင်မော်ကွန်း
၆၀ ဇေယျာမင်္ဂလာမော်ကွန်း။
၆၁ ပြကန်ဘွဲ့ မော်ကွန်း။
၆၂ မြို့ထောင့်စေတီမော်ကွန်း။
၆၃ မင်းရဲကျော်စွာစုန်မော်ကွန်း။
၆၄ ပုဂံစုန်မော်ကွန်း။
၆၅ ရွှေကြက်ယက်မော်ကွန်း။
၆၆ မဟာလောက သင်းကျစ် မော်ကွန်း။
၆၇ ထားဝယ်နိုင်မော်ကွန်း။
၆၈ မဟာသကျသီဟမော်ကွန်း။
၆၉ မွေသန္ဒနာမော်ကွန်း။
၇၀ စာဆို မောင်ရွှေးဆက် ခေါင်း လောင်းတော်မော်ကွန်း။

၆—မော်ကွန်းသဘောအဓိပ္ပါယ် စပ်ဆိုစီကုံးပုံများကို သိသာထင်ရှားစေရန် မော်ကွန်းစာကိုယ်များမှ ထုတ်နုတ်ပြဆိုချက်

(၁) ကြားဝိမ့်ကြက်သရေ၊ အောင်မြင်စေလော့၊ ကုဋေတသိန်း၊ ကျော်လွှံ့ရှိန်းသား၊ ရေကိန်းစကြဝဠာ၊ ပေါ်သောခါ၌၊ ဗြဟ္မာလတ်လတ်၊ မြေမှဆွတ်၍၊ ဘုံထွက်မိုးမှာ၊ပွင့်သည့်ကြာသို၊ ကမ္ဘာပန်းတောင်၊ ပန်းမာန်အောင်ကို၊ ထိပ်ခေါင် လှိုင်ကြူ၊ ကြိုင်နံ့ယူလျက်၊ ဇမ္ဗူတလွှစ်၊ သဘင်ဖြစ်စိမ့်၊ ဆုသစ်မြတ်မှူး၊ ဗျာဒိတ်ဦးကို၊ ကြည်နူးစိပ်စိပ်၊ ဦးတင်ထိပ်ဖြင့်၊ နှစ်ကျိပ်သုံးယောက်၊ နှောင်းပြီးနောက်လည်း၊ ရွှေမှောက်နှင်နှင်၊ ဘိသိက်တင်၍၊ အသချေပေါင်း၊ လေးကြိမ်လောင်းမှ၊ တသောင်းဆယ်ထင်၊ မဟာကပ်တိ၊ ကူးခပ်ပွင့်လင်း၊ သကျမင်းတို့၊ မှန်ကင်းတိုင်မှူး၊ လူသုံးဦး၏၊ အမှူးဖြစ်မြောက်၊ ဤမျှလောက်တွင်၊ တယောက်မြတ်ခေါင်၊ မဂ္ဂင်ဖောင်ဖြင့်၊ ပို့ဆောင်မြိုက်ရပ်၊ သာရကပ်က၊ စသည်ထင်ပေါ်၊ လေးကြိမ်ကျော်သား၊ ရေသော်ကမ္ဘာ၊ ဆဲ့တခါလျှင်၊ ဟောမှန်၊ မာရဇိန်ကို၊ စက်ရှိန် သံထင်၊ မော်ကွန်းတင်အံ့၊ သို့စင်ငါးယောက်၊

မမြောက် စွာတောင်း၊ တို့ဘို့နှောင်း၌၊ ခါကောင်းသိဒ္ဓိ၊ တုမရှိသား၊ သိရိလက်ာ၊ ဤကမ္ဘာလျှင်····မြတ်စွာ အထူးအဆန်းတည်း။ ။[ရှင်မဟာသီလဝံသ စပ်ဆိုစီကုံးတော်မူသည့် အဝမြို့ တောင်တန်တား,ဦးတည် မင်္ဂလာစေတီ မော်ကွန်း။]

(၂) ကြားဝိမ္ဗနတ်ရှင်၊ရွှေနားတင်လေ့၊ အောင်မြင်ရန်မျိုး၊ ပယ်နှိမ်ချိုသား၊ ပွားတိုးကြက်သရေ၊ ထွန်းပစေလျက်၊ ကုဋေ တသောင်း၊ ဆယ်ကြိမ်လောင်းသား၊ အပေါင်းစကြဝဠာ၊ ဖြစ်မြဲရာဟု၊ မကွာမကွေ၊ တဆံမွေမျှ၊ သနျေယျကပ်၊ လောင်းဆင့်ထပ်သား၊ လေးရပ်ပေါင်းလာ၊ ကမ္ဘာမဟု၊ သာရစသည်၊ ခြောက်ပါးမည်တွင်၊ ရွှေတည်စွန်းစွန်း၊ ပေါ်လာထွန်းသား၊ ကြဲငှန်းထိပ်ချာ၊ ဗောဓိရာဝယ်၊ ရွှေကြာညွန့်ရှင်၊ နိမိတ်မြင်ဟု၊ တပင်တခက်၊ တရိုးနက်ဝယ်၊ ဖြာလျက်ငါးပါး၊ ပွင့်သောအာဖြင့်၊ ဘုရားငါးဆူ၊ ပွင့်အံ့ဟူ၍၊ မိုးသူဗြဟ္မာ၊ သက်ကျလာလျက်၊ဖူးလာသော့တိုင်း၊ တုမဲ့နှိုင်းသည်၊ ဖြိုင်နိုင်းမမြင်၊ သုံးလူ့ရှင်ဟု၊ ထွတ်တင်လေးဦး၊ ရွှေပြည်ကူး၍၊အထူးနောင်လာ၊ မေတ္တေယျာလည်း၊ သမ္ဘာညီညီ၊ ပွင့်လုနီးရှင့်၊ ခြားသီးထူးဆန်း၊ မြတ်လှလွန်း၍၊ တွင်းမှန်ဘဒ္ဒ၊ အမည်ရသည့်၊ အံ့ကြစရာ၊ ဤကမ္ဘာ၊ အခါမြင့်မြီ၊ ကြိုက်တော်ခဲသည့်ကျော်သဲဘဝင် တိုင်အောင်တည်း။ ။[ရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူသည့် အဝမြို့တော်ႉ တောင်တန်းတား,ဦးတည် မင်္ဂလာ စေတီတော် မော်ကွန်း။]

(၃) ရှုလေ့သွယ်ဖြူး၊ လူသုံးဦးတို့၊ ကျေးဇူးမျက်မှောက်၊ကောင်းမြီးလှောက်အံ့၊ ပေါ်မြောက်ကမ္ဘာ၊ လက်ဦးစွာက၊ စကြဝဠာ သောင်းနေ၊ ရေဏ္ဍ်အထိပ်၊ မြင်းမိုရ်ရိပ်၌၊ တံဆိပ်ခြားပိုင်း၊ စက်တူနှိုင်းသည့်၊ တံတိုင်းပမာ၊ စက္ကဝါဠ်၏၊ မြေချာဥဿျောင့်၊ တို့ကျွန်းခေါင်မူ၊ ညာတောင်တဖက်၊ အလယ်ချက်ဝယ်၊ ဗုန်တက်နဖူး၊ မြတ်ငါးဦးတို့၊ ကျေးဇူးမုံအာ၊ ပွင့်ကုန်လာ၍၊ ရတနာဗောဓိ၊ ထွန်းလျံညီသည်····မရှိနှိုင်းရာ လွတ်ကင်းတည်း။ ။[ရွှေနန်းကြော့ရှင် ဘုရင် နရပတိမင်းက လုပ်ဆောင်ပြီးပြေရှိသည့် နန်းတော်ကို မော်ကွန်းစပ်ဆို စေလိုကြောင်းနှင့်၊ရှင်မဟာရဋ္ဌသာရကိုလျှောက်ထားတောင်းပန်ရာ ဝန်မခံသော့ကြောင့် ရှင်မဟာသီလဝံသကို ပင့်ဖိတ် လျှောက်ထားသည် တွင်မှ ရှင်မဟာသီလဝံသရေးသားစပ်ဆို စီကုံးတော်မူသည့် ရွှေနန်းတည် မော်ကွန်း။]



(၄) မန်တိုင်ဗဟို၊ နတ်မျှားခိုသား၊ မြင်းမိုရ်တောင်ရင်း၊ နတ်တလင်းသို့၊ ဆိပ်ခင်းသန့်သက်၊ ကျောက်စက်ရေကြည်၊ ယဉ်ရှည်စီးမြေ၊ နီးချဉ်းစေ့သား၊ အရွှေလဟာ၊ မြစ်ရောနှင့်၊ လကျာ တောင်စောင်း၊ မဟာကျောင်းတို့၊ တောင်စောင်းရံဆောင်၊ ပဲပုံတောင်လည်း၊ ထွတ်ခေါင်စွင့်စွင့်၊ ပှတင့်ပေါ်ထင်၊ ကုန်းခင်မော်ယွန်း၊ ထုတ်သန်း ပတ်လည်၊ အုတ်စည်ဆိုင်းဆိုင်း၊ စစ်ကိုင်းငယ်ချောင်၊ ရွာတောင်တလျှောက်၊ အနောက်တခွင်၊ တောမြင်မြင်လည်း၊ မျည်းမင်သျှိုးလျှိုး၊ တောင်ရိုးနှီစပ်၊ ပါယပ်တလွှား၊ တောင်ကြီး ဖျား၌၊ ဘုရားလုံးညီ၊ စေတီတကွ၊ ပုညသခင်၊ မြင်ထင်ပြံ့ပြံ့၊ နောက်မငဲ့သား၊ တုမဲ့ရဟန်း၊ ဘုံးလူ့ပန်း၏၊ သက်န်းမြတ်စွာ၊ ဌပနာသား၊ မြန်မာတမ်းခွန်၊ ဇေတဝန်ဟု၊ ဗိမာန်နှစ်ဆူ၊ မြေးမြူမကပ်၊ တံလျှပ်မထိုး၊ ထေရ်မျိုးဝန်းအုပ်၊ သျှင်တော်ရပ်တီ၊ စောင့်ချုပ်အာပတ်၊ လွတ်စိမ့်သော့ငှာ၊ လေးမျက်နှာမှ၊ ရောက်လာသသူ၊ လူတို့အားကို၊ စီးပွားဆောင်ရွက်၊ တောင်ထက်သဘင်၊ ကြွေးရှင်မဆိတ်၊ ကျော်စောထိတ်၏၊ သပိတ်လည်မော်၊ ရှုမြော်တသွန်၊ သေန်ခပ်နိုင်း၊ တန်တိုင်းပမာ၊ မြေမျက်နှာနှင့်၊ လကျာလက်ဝဲ၊ တံကဲသဖွယ်၊ အကြွယ်အဝ၊ ကုံငပစ္စည်း၊ သိမ်းဆည်းကိုယ်ဘို့၊ မချိုမတဲ့၊ သုံးဆဲ့ခုနစ်တောင်၊ ကုန်အောင်များတောင်း၊ ရံလေရှောင်းသည်····ဤကျောင်းဝတ်ရံ ထင်ရှားတည်း။ ။[စစ်ကိုင်းမြို့တောင်း မြောက်၊ပဲပုံတောင်စသော တောင်အများ ခြံရံသည့် ဝတ်ရံကျောင်းတိုက်အတွင်း ရွှေနန်းကြော့ရှင် နရပတိက ဆောက်လုပ်လှူဒါန်းတော်မူသည့် ဝါးကျောင်းသက်ငယ်မိုး ဖြစ်သောကျောင်းကို ရှင်မဟာရဋ္ဌသာရ စပ်ဆို စီကုံးတော်မူသည့် ဝတ်ရံကျောင်းဘွဲ့ မော်ကွန်း။]

(၅) ကြားလေ့လူဗိုလ်၊အံ့ခြီးဆိုဖိမ့်၊ နဂိုရ်မြန့်ထိပ်၊ ဘုန်းတော်ရိပ်ဖြင့်၊ တံဆိပ်ညွန်းပိုင်း၊ လယ်ချက်တိုင်းမှ၊ မြင်စိုင်းတထောက်၊ မင်းသုံးယောက်တွင်၊ ထွန်းတောက် တေဇ၊ ဆင်ဖြူမနှင့်၊ ပန်းရတည်ပြောင်း၊ သေားစောလောင်း၏၊ ရင့်ညောင်းသည်းကြား၊ တန်းခိုးပွား၍၊ မျှံသွားကောင်းကင်၊ မာတင်ဆဒ္ဒန်၊ လေးစီးလွန်က၊ လေသွန်ကြာရစ်၊ ပြောရာဖြစ်သား၊ နန်းသစ်ပွင့်မြူး၊ မြစ်တော်ဦးလျှင်၊ ကျေးဇူးပညာ၊ ရွှယ်လူးခါက၊ ချမ်းသာတောက်ရွှန်း၊ ဘုန်းရှိန် မွန်း၍၊ ဒပြောင်ထွန်း လျှံဝါ၊ နေစကြာသို့၊ အာဏာတက်ဆုံး၊ ကျွန်း အလုံးကို၊ ယုကျုံး တန်ဆောင်၊

လင်းအောင်ထွန်းငြား၊ ပြိုင်ဘက်ရှားသည်....သီးကြားမိုးနတ်အယောင် တည်း။ ။[အဝမြို့ နရပတိမင်းလက်ထက် စစ်လျှင်ထောင်မှူး ရွှေထွေး ညို စပ်ဆိုသည့် ရွှေစာတိုင် ဆင်တော်မော်ကွန်း။]

(၆) ကြားပိမ့်သိလေ့၊ လောကိဓမ္မရာဇ်၊ တို့သင်းကျစ်ကား၊ အလှစ် များစွာ၊ ကမ္ဘာ့ဘာက၊ ပါရမီမြစ်ခြေ၊ ကုဋေဋေတည့်၊ မရေတွက်အား၊ များသည့်ပုံယင်၊ ဗိုလ်သေနင်ကို၊လက်ငင်ဆောက်နှင်း၊ ဆက်သလျှင်း၍၊ မင်းမင်းမှန်ကူ၊ ဖြစ်တော်မူသော်၊ ဇမ္ဗူချက်ဗွေ၊ ကြက်သရေအမွန်၊ တိုင်း ထက်လွှန်သား၊ နဗဒဏ္ဍ၊ စသည်လေးပါး၊ အပြားရှစ်ဆူ၊ ထီးမှာမူကား၊ နေပူကိုသာ၊ ငြိမ်းနိုင်ရာ၏၊ ဇောမည်တွေ၊ ကိလေညီးညီး၊ ပူရှိန်ကြီးကို၊ ထိုထီးရှစ်ဆိုင်၊ ခငြိမ်းနိုင်ရှင့်၊ အပြိုင်ဗိုလ်မင်၊ ထီးရှစ်ချက်သာ၊ လောင် ကျက် ကျိုက်ဆူ၊ ကိလေပူကို၊ လွှယ်ကူငြိမ်းငှာ၊ စွမ်းသည်သာဟု၊ ယထာ ဘူတ၊ မုချထင်ထင်၊ ဟုတ်တိုင်းမြင်၍၊ ဤတွင်ဤမျှ၊ ဤဘဝပင်၊ မဂ္ဂ ဖလ၊ လွှလွှရောင်လူ၊ ထီးရှစ်ဆူကို၊ ဗိုက်ထူ ဆောက်လျှင်၊မင်းခမ်းယင်၍၊ လောင်လင်ပူဆာ၊ ကိလေသာဟု၊ ဇောတပ၊ ရာမကကို၊ ခဏငြိမ်းရန်၊ မြိမ်ဌာန်လျက်၊ ရွှေညက်လွှတ်စင်၊ ကြိဆင်ခြင်သည်....အမြင်နက်ကျယ် မြန်မြူးတည်း။ ။[ဝန်ရှင်တော်-ကင်းဝန်,သေနတ်ဝန်,လယ်ကိုင်းမြို့စား, သတိုးသုဓမ္မ မဟာသက်တော်ရှည် C.S.I. လွှတ်တော်စာရေးကြီး အဖြစ် နှင့် ထမ်းရွက်စဉ် စီးကုံးရေးသားသည့်-ဓမ္မောဇမော်ကွန်း]။

ဒုတိယကဏ္ဍ-ပထမပိုင်း ပြီး၏။

---

# ဒုတိယကဏ္ဍ-ဒုတိယပိုင်း

## ၁-သံပိုင်းသမုတ်ခေါ်ဝေါ်ကြသည့် စာရင်းများကို နန်းစဉ်စာတော်စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

၁ ရှင်မဟာသီလဝံသ ရေးသားတော်မူသည့် ရတနာဗိမာန်ကျောင်း ကျောက်စာနိဂုံးသံပိုင်း။
၂ တန်တားဦးတည်-မင်္ဂလာစေတီတော်သံပိုင်း။
၃ ရွှေယင်မြော်ဘုရား ကျောက်စာနိဂုံးသံပိုင်း။



၄ မဟာသကျသီဟဘုရား နိဂုံးသံပိုင်း။
၅ ၁၁၇၅-ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းတော်မူသည့် စံကျောင်း တော် ကျောက်စာနိဂုံး သံပိုင်း။
၆ မဟာသကျသီဟဘုရားမှာ ၁၁၉၅-ခုနှစ် သွန်းလုပ် ဆွဲအားလှူဒါန်းတော်မူသည့် ခေါင်းလောင်းတော် စာနိဂုံးသံပိုင်း။
၇ ဗာဝရီမော်ကွန်း နိဂုံးသံပိုင်း။
၈ တရုပ်သံရောက် မော်ကွန်း နိဂုံးသံပိုင်း။
၉ ကိုးကြာဥကန်တော် ကျောက်စာ နိဂုံးသံပိုင်း။
၁၀ ယင်းမာကန်တော် ကျောက်စာ နိဂုံးသံပိုင်း။
၁၁ ဆင်းကွပ်ကန်တော် ကျောက်စာ နိဂုံးသံပိုင်း။
၁၂ ပလိုင်းကန်တော် ကျောက်စာ နိဂုံးသံပိုင်း။
၁၃ ရတနာသိဃ်မြို့ မဟာနန္ဒာကန်တော် ကျောက်စာ နိဂုံးသံပိုင်း။
၁၄ မဟာလောကမာရဇိန်စေတီတော် ကျောက်စာ နိဂုံးသံပိုင်း။
၁၅ မဟာဝိဇယရံသီစေတီတော်ကျောက်စာ နိဂုံးသံပိုင်း။
၁၆ အောင်မြေလောကစေတီတော် ကျောက်စာ နိဂုံးသံပိုင်း။
၁၇ မိထိလာကန်တော် ကျောက်စာနိဂုံးသံပိုင်း။

## ၂-သံပိုင်း-သဘောအဓိပ္ပါယ်စပ်ဆိုစီကုံးပုံများကို ထင်ရှားစေရန် သံပိုင်းစာကိုယ်များမှ ထုတ်နုတ်ပြဆိုချက်

(၁) မျက်ရှင်ရောင်ပြို၊ရှိန်းရှိန်းညိုသား၊မြင်းမိုရ်ရပ်နိုင်း၊နှင်းပန်းနှိုင်း လျက်၊စစ်ကိုင်းပင်းယ၊အဝအောင်စည်၊ မင်ပွဲ့ပြည်ကို၊ညီရည်တန်ဆောင်၊ ဆီးနိုးထောင်သို့၊မျက်တောင်ပုည၊ စေတီယဟု၊မာဃနတ်မှာ၊စွယ်ရှုဌာနှင့်၊ နှိုင်းရာတည်ပြီ၊ ရွှေစာတီလည်း၊ သရီရဓာတ်၊ ရှစ်စရွတ်မျိုး၊ တိုက်ကျော် ဟိုး၍၊ ပုထိုးကျည်းဝန်း၊ သွန်းရန့်နှန်းလျှင်၊ တည်ထွန်းဆိုင်းပြည်၊ တိမ် တောင်လျှဉ်သို့၊ စီစဉ်ဖြင့်ညီး၊ ဆန်းလတ်ပြီး၍၊ မင်းထီး ခြောက်ဆက်၊ စံပယ်လျက်တိ၊ ဘုန်းစက်မိမိုင်း၊စိုးကြပ်ထိုင်းသား၊ စစ်ကိုင်းကြီးတောင်၊ မော်ကျောက်ဆောင်လျှင်၊ ရန်အောင်မြင်နော၊ သဖန်းမြောက်တွင်၊ ပေါက်ရောက်ရွှေဘုံ၊ ထူပါရုံဝယ်၊ လက်ဝဲစွယ်သို့၊ အောင်ရွှယ် နိုး သောင်း၊ မျှိကောင်းကျောင်း၌၊ နောက်နှောင်းသာသနာ၊ စေ့ခါတိုင် အောင်၊ တည်စိမ့်ထောင်သား၊ ကျောက်ဆောင်လက်ာ၊ သံပိုင်းစာကို၊ မဟာသီသဝံသ၊ ထေရ်ကုံလျှင်၊မဆွရှေးစို၊ ကျောင်းရိပ်ခိုသား၊ ပုဂ္ဂိုလ်

တို့နောက်၊ ရှစ်ဆက်မြောက်၍၊ ပွဲမှောက်နာတန်၊ မှတ်စိမ့် ရန်လျက်၊
ကျမ်းညွန်အရိုး၊ စာရင်းထိုးသည်....ပြည့်ဖြိုးနိဒါန်း အပြီးတည်း။ ။
[ရှင်မဟာသီလဝံသ စပ်ဆို စီကုံးရေးသားတော်မူသည့် ရတနာဗိမာန်
ကျောင်းတော်ကျောက်စာ နိဂုံးသံပိုင်း။]

(၂) လေးကျွန်းဗဟို၊ ရွှန်းရွှန်းစိုသည်၊ တိမ်ညိုရုက်ထိုး၊ မြင်းမိုရ်
မိုးသား၊ တန်းခိုး ကြီးခေါင်၊ တောင်လည်း ရံဝန်း၊ သွန်းရရွှန်းလျှင်၊
မပန်းရှုဉ်၊ ကြယ့်နှယ်စီလျက်၊ စာတိဂုကျောင်း၊ ရွှေတန်းဆောင်းလျှင်၊
လျှံမောင်းမှိုမှိုင်း၊ အဆိုင်းဆိုင်းနှင့်၊ စစ်ကိုင်းအဝ၊ ရံဝန်းခသား၊ အမရ
ပုရ၊ ပြည်မဦးကိုင်၊ အစိုးပိုင်၍၊ အနိုင်နိုင်ငံ၊ ကျော်သံဟူးဟူး၊ ဝေးကျူး
ရပ်စည်၊ သင်းတွဲပြည်က၊ သွေးရည်ညှံ့သက်၊ ချစ်ကြိုးဆက်၍၊ နန်းတက်
ဆင်လောက်၊ မြေးသုံးယောက်နှင့်၊ ဆက်ရောက်ပဏ္ဍာ၊ အစုံပါလျက်၊
ကြေညာလှိုက်ဆူ၊ ဘက်မပြူသည်၊ ဆင်ဖြူသခင်၊ နတ်ရှင်ကျွန်ရင်း၊ ရာပုံ
တွင်းဝယ်၊ သီတင်းစည်ပင်၊ ဂုဏ်ကြောင်းထင်လျက်၊ ဝန်းကျင်ဒိသာ၊
ကျော်ဇ္ဇန်ဝါသား၊ မဟာစည်သူ၊ ဇမ္ဗူကြားချောက်၊ တမ်းခွန်ဆောက်
သို့၊ ထက်အောက်ကျော်စော၊ ခြိုးအံ့ညိုသား၊ ယင်မြောမြတ်မွေ၊စေတီ
မြေနှင့်၊ အုပ်ထွေပြန့်ပွား၊ ရံစောင့်သားတို့၊ သိကြားစေမူ၊ မင်းကျွန်ဇ
နှင့်၊ အလုအယက်၊ အငြင်းထွက်၍၊ မယှက်ထွေးအောင်၊ မော်ကွန်း
ဆောင်သည်....ကျောက်ဆောင်ကမ္ပည်း စာရင်းတည်း။ ။[အမရပုရ
ပထမမြို့တည်နန်းတည် မင်းတရားကြီး ဘုရားလက်ထက် တွင်းသင်းတိုက်
ဝန် မဟာစည်သူ ရေးသားထိုးမှတ်သည့် ရွှေယင်မြော်ဘုရား ကျောက်
စာနိဂုံးသံပိုင်း။]

(၃) ရွှေဖက်တောင်ဘက်၊ အနောက်ဖက်နှင့်၊ မြောက်ဖက်တွင်
သင်း၊ ကျော်တင်းနီးဝေး၊ ဆင်ကျေးတသွန်၊ မဟာဒါန်ဟု၊ ကျော်ဇုန်
ဆူလှိုက်၊ ခုနစ်တိုက်တွင်၊ သမိုက်စဥ်ကွင်း၊ အနှုန်းထွင်းလျက်၊ တွင်းသင်
ဟူသည်၊ တိုက်စံတည်ကို၊ နှစ်ရှည်ခါကျူး၊ စိုးအုပ်မှူးသား၊ ဘုန်း*
လူးထွတ်တင်၊ သျှင်ကျေးဇူးစား၊ သနားတော်ခံ၊ ကျော်သံမစဲ၊ ထက်ကဲ
ဇ္ဇန်းဝါ၊ မဟာစည်သူ၊ လူခဂဲ့တို့၊ လက်စွဲးစဉ်လာ၊ သမိုင်းစာနှင့်၊ဆရာ

* ၎င်း တွင်းသင်းတိုက်ဝန်ပြုသည့် သတ်ညွှန်း၌ ဖုန်းကို ဖ-ဦးထုပ်နှင့် ရေး
ရန်မှာသည်။ ယခုကာလအရေးသို့ လိုက်၍ ဘုန်း-ဟု ဘကုန်းနှင့် ထား
သည်။



စဉ်ဆက်၊ ဆက်လက်စွဲးလှမ်း၊ စာတမ်းယူဆောင်၊ နောင်ခါ နောင်၌၊
ကုန်အောင်ခြင်းရာ၊ သိစေဌာဖြင့်၊ လက်ာဖွဲ့လျက်၊ နိဒါန်းဆက်သည်–
ကျောက်အက္ခရာ သံပိုင်းတည်း။ ။[အမရပုရ ပထမမြို့တည် နန်းတည်
မင်းတရားကြီးဘုရား လက်ထက် ၁၁၅၀–ခု နှစ်တွင် တွင်းသင်းတိုက်ဝန်
မဟာစည်သူ ထိုးမှတ်ရေးသားသည့် မိထိလာကန်တော်ကျောက်စာနိဂုံး
သံပိုင်း။]

(၄) ရတနာရောင်ပြို၊ စိမ်းလဲ့ညိုလျက်၊ မြင်းမိုရ်တပိုင်း၊ မြရိပ်မှိုင်း
သား၊ မြန်တိုင်းဇမ္ဗူ၊ သန်လျှက်ငုဝယ်၊ ပြောင်ဖြူပဒုမ၊ ပေါက်နာဂနှင့်၊
ဝိဇယရံသီ၊ အောင်သံချီသား၊ သရိခတ်မွေ၊ မြတ်စိန္တေကို၊ မီးရေလေ
ဆိုး၊ ကျုံး၍ညွှတ်ခေါက်၊ မိုးလုံးရောက်၏၊ ဆဲ့ခြောက်ခရိုင်၊ မန်တိုင်မြင့်
မြူး၊ ဗောဓိဦး၌၊ မပူးငြိုင်ကျွန်း၊ ရွှေသက်နန်းနှင့်၊ မျက်ဝန်းကိုးပါး၊ ပဏ္ဍ
မြားမဥ္ဇူ၊ တင်ဆက်လှူရှင့်၊ သယမ္ဘူခေါင်၊ ပြောင်ပြောင်ညွန့်ဖြိုး၊ ပုထိုး
လုံးညီ၊ စေတီစည်းခုံ၊ စုံစုံဖြင်ညီး၊ ယင်ခွဲပြီးမှ၊ ပေါက်ကြီး စာတတ်၊
ထေရ်မြတ်တော်ပေါင်း၊ ပျော်ကိန်းအောင်းသား၊ ရွှေကျောင်းလွတ်တု၊
ဇမ္ဗူ့ခဇ၊ မြန်မာ့မှန်ပွင့်၊ သောင်းမြင့်တမ်းခွန်၊ မိုးစွန်ထိလောက်၊ ရွှေ
ဘုန်းဆောက်၍၊ ထက်အောက်ပြကတေ့၊ ကြမ်းစေ့တင်းကျမ်း၊ တက်
လျှမ်းလျှံပတ်၊ စံပြာသာဒ်ဟု၊ သုဒဿန၊ စေဒလှလောပင်းဖျား၊ တရား
ကမ္မဋ္ဌာန်း၊ စီးဖြန်းနေတန်၊ ရွှေဗိမာန်နှင့်၊ သန္တာန်မပြောင်း၊ဘုန်းတော်
ကျောင်းကို၊ အပေါင်းနောင်လာ၊ သိစိမ့်ဌာဟု၊မဟာသန်ယာ၊ မဟာသိ
ရိ၊ ပါဠိနှစ်တွဲ၊ စည်သူကဲးသား၊ ဇ္ဇန်သဲးကြေညာ၊ မတ်ဆရာလျှင်၊ ကျာ
ကျာကျော်ဟိုး၊ မော်ကွန်းထိုးသည်....ကျောက်ရိုးရွှေစာ သံပိုင်းတည်း။
[အစိုးရ ကျောက်စာ ဌာနက စက်တင်ပုံရိုက်သည့် စာအုပ် ချုပ်လုပ်ပြီး၊
အဝမြို့ ကျောက်စာနံပါတ် ၆–တွင် လာရှိသည်။ ဝက်မစွတ်မြို့စား နဝ
ဒေးဆို ရတနာပုရ စတုတ္ထ မြို့တည်နန်းတည် မင်းတရားကြီး ၁၁၇၅–ခု
နှစ်တွင် ဆောက်လုပ် လှူဒါန်းသည့် ကျောင်းတော် ကျောက်စာ နိဂုံး
သံပိုင်း]။

(၅) မင်္ဂလာဗဟို၊ ရှိမ်းရှိမ်းညိုသား၊ မြင်းမိုရ်မြင့်မြင်း၊ မိုးတံခြမ်းနှင့်၊
နိုင်းတမ်းဘူရှု၊ တောင်ဇမ္ဗူဝယ်၊ ပြောင်ဖြူပဒုမ၊ ပေါက်လှရန်ငူး၊ ရံန်ညွှန့်
ဖူးကို၊ နန်းဦးတော်ရိပ်၊ တံဆိပ်သားတင်၊ ကျော်မျိုင်ရှင့်၊ ဘုန်းအင်
ဇ္ဇန်သည်း၊ မိုးမြေကြည်းသည်၊ ခမည်းတော်ရင်း၊ မင်းတရားကြီး၊ ဘုန်း

မီး ရဟတ်၊ မယ်တော် နတ်လျှင်၊ ဥက္ကာ၌သန္ဓေ၊ စံနေ စိုးတင့်၊ ဖွားဝန်းဖွင့်၍၊ ရာဆင့်နှားရေး၊ ရစ်ကွေးရောင်ချော၊ မှနော်တင့်ယု၊ မြင်တော်မူကား နေ-ဘုမိန္ဒ၊ လ-ရာဇဝင်၊ ဥကင်သည္သန္ဓ၊ နန်းရိုး ဖြန့်ဟု၊ ရွှေနန်းရှင်မယ်၊နတ်နှယ်ဇာတိ၊ ဖူးလျှံညီသည်၊ သီရိတိလောကမြတ်စွာ၊မည်တော်သာနှင့်၊ စိန္တာ သုတ၊ ဇဝန ပဋိဘာဏ်၊ ဉာဏ်ဉာဏ်ချွန်ချွေ၊ ကျိန်းသေမြော်ထောက်၊ ပင်တော်ပေါက်ဖြင့်၊ ထက်အောက်ပတ်ကုန်း၊ နှုန်းခရိုင်ထွတ်၊ အလွတ်ပဟာတန်၊ မြိုက်နိဗ္ဗာန်ဟု၊ မနန္တဂူ၊ ဆုကြီးယူသား၊ ငွေကူရောင်ကျင်း၊ ထိန်ဝင်းလျှံမောင်း၊ စံခေါင်းလောင်းကို၊ အပေါင်းရေမြေသိန္ဓစေဟု၊ ဥပဒေကြီးသိုင်း၊ လှူ ရိုက်လှိုင်းသည်....သံပိုင်းရွှေစာ မော်ကွန်းတည်း။ ။[ဖင်းနဝဒေးဆို မဟာသကျသီဟဘုရားတွင် ၁၁၉၅-ခုနှစ် သွန်းလုပ်ဆွဲထား လှူဒါန်းတော်မူသည့် ခေါင်းလောင်းတော် စာနိဂုံးသံပိုင်း။]

(၆) မင်္ဂလာ မာန်နှည်၊ လင်းလင်း လည်သား၊ ယင်းသည် အမရ၊ ပုရိန္ဒဝယ်၊ ဒုတိယမြောက်၊နန်းကြီးပေါက်၍၊အနောက်တလွှား၊ မြောက်အလားထိ၊ တိုင်းကားတပိုက်၊ မဇ္ဈေတိုက်ကို၊ သိမ်းပိုက်စိုးတန်၊ တန်းခိုးဖန်လျက်၊ လစ်အန်ကြိုးထစ်၊တကြိမ်ပစ်သော်၊ ရေမြစ်ကြည်းမှ၊ သန်းသိန်းရသား၊ အနုစန္ဒ၊ သိကြွေးတံဆိပ်၊ လ-ရိပ်မျက်နှာ၊ လက်လက်ပါလျက်၊ ပဉ္စာလနန်း၊ ပတ်သန်းရစ်ခွေ၊ ဇေ နဂရ၊ ဘာရဌက၊ မြို့မနှစ်ဆယ်၊ ပင်လယ်ဝေးခြား၊ မင်းဖျား ပဏ္ဏာ၊ ဦးတိုက် လာ၍၊ စမ္ပာပွားလူး၊ ဘွဲ့မင်းစံနှစ်၊ ပုဂံ, တကောင်း၊ တည်ဟောင်း ထောင်ဦး၊ ဝက်မင်းကူးသော်၊ ရေရှုးမွန်းနည်၊ မစွတ်သည်ကြောင့်၊ စဉ်ရှည်နောက်လာ၊ ဝစိမ့်ငါလျှင်၊ ဝသာလည်းတွဲ၊ ဝင်မစဲတည့်၊ ဝဆွဲးတသတ်၊ ဝက်မစွတ်ကို၊ ရွှေထွတ်ရိပ်ငြိမ်၊ ရွှေနန်းအိမ် ဝယ်၊ နှစ်ကြိမ်ပိုင်စား၊ နှစ်ပါးကာလ၊ မည်ရည်မှာမူ၊ မဟာ သိရိ စည်သူ၊ ဟူလေဘိတတ်၊ ကဝိမတ်လျှင်၊ သတ်မှတ် ရွှေဘုံ၊ မိပ္ပါယ်စုံတည့်၊ အာဂုံယုတ္တိ၊ နှုတ်၌ရှိသား၊ ဗာဝရိ ငြမ်း၊ နန်းစဉ်ကျမ်းကို၊ ဆိုတမ်းထုံးတီး၊ ဟုတ်တိုင်းခြီးသည်....ငြိမ်းချော်ရွှေစာ သံပိုင်းတည်း။ ။[ဝက်မစွတ်မြို့စား နဝဒေးဆို ဗာဝရိမော်ကွန်းနိဂုံးသံပိုင်း]။



## ၃-သမိုင်းဟူ၍ ခေါဝေါ်ရေးသားကြသည့်အနက်

### (က) လက်ာနှင့် ရေးသားသည့်သမိုင်းများကို နန်းစဉ်စာတော် စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

၁ ရွှေတိဂုံသမိုင်း ပျို့။
၂ မဟာမုနိဘုရားကြီးသမိုင်း ပျို့။
၃ ဟန်လင်းမြို့သမိုင်း ပျို့။
၄ တောင်တွင်းမြို့သမိုင်း လင်္ကာ။
၅ မဟာမင်းခေါင်သမိုင်းမော်ကွန်း။
၆ တပယင်းမြို့သမိုင်း လင်္ကာ။
၇ စစ်ကိုင်းမြို့သမိုင်းလင်္ကာ။
၈ ရှင်ဖြူ ရှင်လှသမိုင်း လင်္ကာ။
၉ ပုဂံမြို့ရှိ ဂူဘုရား သမိုင်းလင်္ကာ။
၁၀ မြင်းခွါစား မင်းရာဇာဆို-ဘုန်းပွင့် ဝေဆာ-ချီ ဆွေတော်စဉ်သမိုင်းလင်္ကာ။
၁၁ ပုဂံရွှေစည်းခုံ သမိုင်းလင်္ကာ။

### (ခ) စကားပြေနှင့်ရေးသားသည့် "သမိုင်း" များကို နန်းစဉ်စာတော် စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

၁ ရွှေတိဂုံသမိုင်း။
၂ မောင်းထောင်ဆရာတော် စီရင်သည့်ရွှေတိဂုံထောမနာသမိုင်း။
၃ ရွှေမောဓောသမိုင်း။
၄ မဟာမုနိသမိုင်း။
၅ ရွှေစက်တော် သမိုင်း။
၆ ကျိုက်ပြောင်းပြည့်ဘုရားသမိုင်း။
၇ ရာဇမဏိစူဠာ သတ္တဒါန်သမိုင်း။
၈ မဟာသကျရံသီသမိုင်း။
၉ ဗောဓိပင်သမိုင်း။
၁၀ ခေါင်းလောင်းတော် ၄-လုံးတွင် ရေးထုသည့် စာ, ဂါထာ ပန်းဆိုင်းသမိုင်း။
၁၁ ငှက်ပစ်တောင်သမိုင်း။
၁၂ တပယင်းမြို့သမိုင်း။
၁၃ ဒွတ္တပေါင်မင်းကြီးသမိုင်း။
၁၄ ရတနာပုရအဝသမိုင်း။
၁၅ ပန်းတောင်းမြို့ သမိုင်း။
၁၆ ရွှေစည်းခုံသမိုင်း။
၁၇ မိထိလာကန်တော်ကြီးသမိုင်း။
၁၈ ကန်သစ်ဦးသမိုင်း။
၁၉ စလင်းမြို့သမိုင်း။
၂၀ ရွှေမာလဲဘုရားသမိုင်း။

## ၄-သမိုင်းလင်္ကာသဘောအဓိပ္ပါယ်စပ်ဆိုစီကုံးပုံများကို ထင်ရှားစေရန် သမိုင်းလင်္ကာစာကိုယ်များမှ ထုတ်နုတ် ပြဆိုချက်

(၁) မဉ္ဇူဘုန်းတော်၊ သောင်းလုံးကျော်သည်၊ ထိပ်ပေါ်အထွတ်၊ ရွှေနားညွှတ်လော့၊ ရိမဒ်ပေါက္ခံ၊ တမ္ဗဝတီ၊ သိရိပစ္စယာ၊ ပုဏ္ဏာဂါမ၊ ပုဂါမ-မည်၊ ဤငါးပြည်၌၊ ဆက်ရှည်စံပယ်၊ ငါးဆယ်နှင့်ငါး၊ နရဖျားတို့၊ တည်ထားပြုစု၊ ကောင်းမှုစေ့မျိုး၊ ကြဲစိုက်ပျိုးသည်၊ ပုထိုးစေတီ၊

လက်ချောင်းစီသို့၊ ရှုဥ်ဘွယ်တိ၊ များစွာရှိလည်း၊ တွေ့မိသရွေ့၊ မစုံစေ့ခဲ့၊ ဘုန်းဟေ့နတ်လူ၊ ညာဏ်တံချူဖြင့်၊ ဆွတ်ယူစိမ့်ငှာ၊ ထိပ်ချာတင်ရွက်၊ သိကုံးဆက်သည်....ရွှေခွက်သောတာရုံဘုရား။ ။[ပုဂံပညာရှိ မွန်းကိုဆို-ပုဂံမြို့ရှိဂူဘုရားစဉ်သမိုင်းလင်္ကာ။]

(၂) သောင်းတိုက်ဇမ္ဗူ၊ ကျွန်းလုံးယူ၍၊ စည်သူမင်းဖျား၊တည်ခဲ့ထားသည့်၊ ဘုရားကိုးဆူ၊ ဂူလည်းကိုးရပ်၊ နတ်လည်းကိုးပါး၊ တံကားကိုးတန်၊ ကိုးရွာရံ၍၊ ကန်လည်းကိုးသွယ်၊ ကိုးသန်းပယ်နှင့်၊ ကိုးဆယ်ကိုးရွာ၊ စပ်ကာမဝေး၊ ကြေးကိုးကြေးနှင့်၊ နီးဝေးပျံ့လှိုင်၊ စည်ကိုးဆိုင်က၊ ကိုးဌာနကို၊ ဒုက္ခကင်းစင်၊ ချမ်းသာမြင်၍၊ အောင်မင်္ဂလာ၊ဖြစ်စေငှာဟု၊ သာသနာငါးထောင်၊ ကုန်အောင် ပြုဌာန်း၊ ဗျာဒိတ်မှန်း၍၊ အောင်ခန်း အတိတ်၊ တောရေဆိတ်ကို၊ နိမိတ်ပြန်ရာ၊ မြန်ဘာသာဖြင့်၊ ဒိမှာရေဆို၊ ဆိတ်ကိုကားဝဲ၊ တောရှင်းတဲ့ဟု၊ မိန့်ခဲ့ရွှေနှုတ်၊ သမုတ်ထွေလာ၊ သမိုင်းစာကို၊ စဉ်လာစကား၊ ဥဒါန်းကြားသည်....ရွှေနားသွင်းတော်မူပါဘုရား။ ။[တပယင်းမြို့သမိုင်းလင်္ကာ]။

(၃) မဟာသုဒဿန၊ စကြာ့သနင်း၊တို့သျှင်ရင်းလျှင်၊ လောင်းမင်းဖြစ်ခါ၊ ကျွန်းလေးဖြာကို၊ စကြာရွှေတည်၊ လှည့်လည်ရှင်မျှ၊ ညောင်းတော်ဆံ့သော်၊ကြောက်ရွံ့ကြည်ဖြူ၊ သုံးကျွန်းသူတို့၊ အတူစဉ်ဆိုက်၊နောက်တော်လိုက်၍၊ ချင့်ထိုက်ယူဇနာ၊ သောင်းချာဇမ္ဗူ၊ ကျွန်းထိပ်ဂူထက်၊ ထိန်ဆူသာယာ၊ ကျော်ဝှန့်ဝါလျက်၊ ကုသာဝတီ၊ သိင်္ဂီလျှံလန်း၊ ပြည်တော်နန်းသို့၊ ဘုန်းရှိန်းညွန့်လူ၊ ရောက်တော်မူသော်၊ ရွှေဟူပြဒ္ဒ၊ ဝိဒေဟ ဟု၊ ကျွန်းမှပါသူ၊ နေရပ်မူကား၊ ကြီးထူစည့်လှ၊ ဝိဒေဟ ဟု၊ သမုတ်ပြု၏၊ ဥတ္တရကုရု၊ လူစုနေရာ၊ တရပ်မှာကား၊ သာယာမိစ်၊ ကုရုရစ်ပင်၊ ခေါ်ဝေါ်တွင်ရှင့်၊ နောက်ခွင်ဂေါယာန်၊ ကျွန်းသူ့ဌာန်မှ၊ လုပ်ရန်ကုစည်၊ နွားယာဉ်ဖြင့်သာ၊ စေစရာလျှင်၊ အစထွင်၍၊ ခေါ်ချင်သာယာ၊ သုနာပရန်၊ သမုတ်မှန်သား၊ ရန်မာရ်ပယ်နိုင်း၊ မြို့စစ်ကိုင်း၏သမိုင်းစဉ်လာ၊ ဂုဏ်ကိုးဖြာကား၊မြတ်စွာရှင်စော၊ မုဌောကိုးဆူ၊ဂူလည်းကိုးမြာ၊ ရတနာကိုးဆောင်၊ တောင်လည်း ကိုးလုံး၊ မြင့်ဆုံး ကြီးမားကုန်းကိုးပါးနှင့်၊ သကြားကိုးဘော်၊ မော်လည်း ကိုးခွင်း၊ ကျင်းလည်းကိုးမြောင့်၊ မြို့စောင့်နတ်များ၊ ကိုးစုထားလျက်၊ ကိုးပါးကိုးလီ၊ ထွက်



စည် ညီမျှ၊ တီကားသုံးစုံ၊ ရုံလည်းသုံးပါး၊ ခွဲဝေထား၍၊ တည်ကားကိုးချက်၊ ကောက်ရိုးထွက်နှင့်၊ ရေတွက်သင်္ချာ၊ ခြောက်ရာနှစ်ဆယ်၊ လေးခုဝယ်၌၊ ကြီးကျယ်အတာ၊ ရှစ်ရာသုံးဆယ်၊ သုံးခုဆွယ်လျက်၊ ယဉ်သွယ်မြစ်နား၊ ကမ်းထိပ်ဖျားထက်၊ တည်ထားစေ့ငု၊ လေးရာပြုသည်၊ ပေါင်းစုအိမ်ခြေ၊ အသည်တွေကား၊ တည်နေ့ လေးရာ၊ လေးဆယ် ပါလျက်၊ ဧရာဝတီ၊ နဒီမြစ်နား၊ မြောက်ဘလွားကို၊ ပိုင်းခြားနယ်သတ်၊ နယ်လေးဖြတ်လျက်၊ ရွှေမှတ်ကူးယှက်၊ မြစ်တဖက်လျှင်၊ သပြေပင်တည့်၊ တောင်ပြင်လက်ျာ၊ ဧရာဝတီ၊ နဒီမြစ်မ၊ လယ်ကြောကျ၏၊ နောက်မှတကွင်း၊ ထောက်မအင်းလျှင်၊ နယ်တွင်းနတ်သျှင်၊မြောက်ခွင်တသီး၊ တိုင်းကြီးပက္ခ၊ နယ်သတ်ပြလျက်၊ ပိုင်သစိုးချုပ်၊ သိမ်းပိုက် အုပ်သည်....ညွှတ်တုပ်ခွန်သွင်းရာဘုရား။ ။[စစ်ကိုင်းမြို့သမိုင်းလင်္ကာ။]

(၄) များစွာလူပုံ၊ ပျားမွှဲအုံသို့၊ အပုံအယင်၊ မြေပြင်မလပ်၊ လူချင်းထပ်မျှ၊ ကြပ်၍ထိုဝယ်၊ ပါကောင်းဘွယ်တိ၊ သွယ်သွယ် များစွာ၊ ပိုလ်ပါဆင်မြင်း၊ လုံးရင်းပြည့်စပ်၊ အထပ်ထပ်လျှင်၊ သုံးလူ့သျှင်ကို၊ ဖူးမြင်အံ့ငှာ၊ ရောက်ကြလာသည်၊ ရေမှာတခြား၊ များသားဖြိုးဖြိုး၊လှေကြီးလှေငယ်၊ ကုန်ဝယ်တွေတွေ၊ သင်္ဘောလှေသည်၊ ရေဝယ်မလပ်၊ မြစ်ရိုးကျပ်မျှ၊ ရောက်လာကြ၍၊ ရှိခကြည်နူး၊ ဘုရားဖူးလျက်၊ ညင်းဖြူးသံချို၊ သာချင်းဆို၍၊ နာလိုနွဲ့နွဲ့၊ ဤသို့ပွဲ၏၊ တုမဲ့လွန်စွာ၊ ကျွန်းလေးဖြာတွင်၊ တောင်ညာပေါ်ထွန်း၊ ဇမ္ဗူကျွန်းတွင်၊ သာလှချင်၏၊ ခြောက်ခွင်နတ်ဌာန်၊ နိဗ္ဗာန်ထုတ်ချောက်၊ ကိုယ်တိုင်ရောက်ဟု၊ ဝမ်းမြောက် တုံငြား၊ ဘုရားကွန်းထောက်၊ သည်ကပေါက်၏၊ အံ့လောက်ပေကြ၊ ဒါနသီလာ၊ သမ္ဘာတရား၊ပြည့်စုံငြားဟု၊ စကားသံချို၊ သာချင်းဆို၏၊ ထိုထိုများစွာ၊ နတ်တကာလည်း၊ ချမ်းသာကြည်ညို၊ ဤသို့ဆို၏၊ ပုဂ္ဂိုလ်ထွတ်ထား၊ဘုရားကျေးဇူး၊ ဆန်ကူးနတ်ရွာ၊ တို့ဆီမှာလျှင်၊ များစွာနန္ဒ၊ ဖြစ်လာကြလျက်၊ ဌာနသာစည်၊ နိဗ္ဗာန်ပြည်သို့၊ မလည်ထုတ်ချောက်၊ ကိုယ်တိုင်ရောက်ဟု၊ ဝမ်းမြောက်တုံငြား၊ မြတ်ဘုရားကို၊ အများနတ်ပုံ၊ ကန်တော့တုံသည်၊ အပုံများစွာ၊ ပန်းတကာကား၊ မြတ်စွာသျှင်ချစ်၊ သုံးလူ့နှစ်ဟု၊ စုလစ်မွန်ကင်း၊ သုံးလူ့မင်း၏၊ ညင်းညင်းကြည်ဖြူ၊ မိန့်တော်မူ၏၊ ပိုလ်လူတကာ၊ နတ်ဗြဟ္မာတို့၊ သဒ္ဓါကြည်ဖြူ၊ ဆွမ်း,ပန်းလှူလျက်၊ နှစ်သက်တရားနာသောအားကြောင့်၊ ပျော်ပါးကုံတံ၊ မြို့သိဝံသို့၊ စံထိုက်လှစွာ၊ယခုမှာ

ကား၊ အောင်ချာမြတ်မွန်၊ နိဗ္ဗာန်တံခါး၊ ဖွင့်ပြာအဆီ၊ နီးလေပြီဟု၊ မိန့်တော်ပြုမှ၊ ကောသလဟု၊ နာမတွင်ခြင်း၊ ထိုသည့်မင်းလည်း၊ ဝပ်စင်းတုံ့ခေါက်၊ နားတော်လျှောက်၍၊ ဘုန်းတောက် ရောင်ထင်၊ မြတ်သျှင်ပင်အား၊ ကြည်လင်စိတ်မှတ်၊ မြပြာသာဒ်ကို၊ ဆက်ကပ်ကောင်းစွာ၊ လှူချင်ပါဟု၊ လျှောက်ထားပြုက၊ သမ္ဗုဒ္ဓသည်၊ ကောင်းစွလည်းဟူ၊ မိန့်တော်မူက၊ တူရူထိပ်တွင်၊ လက်အုပ်တင်၍၊ သာရှင်လေးမြတ်၊ မြပြာသာဒ်ကို၊ ဆတ်ဆတ် လွယ်ကူ၊ မင်းကြီး လှူက၊ ထွတ်သကျလည်း၊ ဩဇာချိုမြက်၊ အကျိုးဆက်ကို၊ ဖော်လျက်ချောမော၊ တရားဟောမှ၊ သဘောစဉ်လာ၊ ညဦးမှာကား၊ ပြင်းစွာတောင်ဟုန်၊ ဂဠုန်ပရိသတ်၊ ဆည်းကပ်ခြံရံ၊ သန်ကောင်ယာမ်ကား၊ နဂါးပရိသတ်၊ လင်းမှတ်ချိန်တန်၊ မိုးသောက်ယာမ်ကား၊ နတ်များမှန်စွာ၊ ဆည်းကပ်လာ၍၊ ဒေဝါသိကြား၊ ဆွမ်းကျွေးပြား၍၊ ခွန်အားထန်ပြင်း၊ ဂဠုန်မင်းကား၊ ထံရင်းကုပ်ကုပ်၊ ခြေဘော်ဆုပ်၍၊ တိမ်ပုပ်လှစ်စင်၊ ထက်ခွင်ပြဟွာ၊ သာယာချောငံ၊ ရွှေယပ်ခံလျက်၊ ရွှေလျှံတုချွန်၊ ဇေတဝန်၌၊ မြတ်မွန်ဘုန်းတူ၊ စံတော်မူသည်.... နတ်လူဖူးကြ ရှင်လန်းတည်း။ ။[မဟာမုနိ သမိုင်းလက်ာ]။

(၅) မဏိကုဏ္ဍလာ၊ မျက်စုံ မြွာသား၊ ရတနာရှင်ပြိုး၊ ရွှေစင်ကုံးသို့၊ ကျွန်းလုံးတက်စေ၊ ကြက်သရေတည့်၊ အောင်ဇေယျတု၊ တောင်မှန်ပုနှင့်၊ ခေါင်ပြုစက္ကဝါ၊ ကောင်းခြီးပြာသား၊ မဂ်လာထုံးဆောင်၊ ကပ်လုံးပြောင်စိမ့်၊ အခေါင်သာနိုင်း၊ တံပေါင်လှိုင်း၍၊ တိုင်းပြဟွာပြည်၊ သမိုင်းရှည်ဖြင့်၊ ငါးမည်အင်စုံ၊ သဘင်ဘုံဝယ်၊ သင်းထုံ ကြိုင်ဖြိုး၊ မင်္ဂလ် မိုးဟုရွာကြိုးသွန်းဝေ၊ ထွန်းရောင်မြေတွင်၊ ဇေယျခုံကြွ၊ ဘုမျန္နွဲ၌၊ မုံလှရင့်ခိုင်၊ ပွင့်ကြီးမြိုင်က၊ တိုင်တိုင်ဘဝဂ်၊ လှိုင်၍တက်သား၊ မှာဘက်ကမ်းခြေ၊ လှမ်းကြစေတည့်၊ ရေမြေထိန်းတိုက်၊ ထိန်းအလိုက်ဖြင့်၊ သိမ်းပိုက်အမရဲ၊ စတုဿစိုးဆောင်၊ နန်းရိုးထောင်သည်၊ ကုန်းဘောင်ဌာဝရ၊ ဘေးတော်ဘလျှင်၊ သမ္မတ တဆူ၊ ဘုန်းပြိုင်မူ၍၊ ပစ္စုပြန္နမိုး၊ ရဝ္ဝတမျိုးကို၊ တန်းနိုးထီးချုပ်၊ ပြည်ကြီးအုပ်သော်၊ ဗုဒ္ဓုပ္ပနယ်၊ ခေတ်သုံးသွယ်တွင်၊ ရေလယ်ကျွန်းသောင်၊ ဝန်းလာမြောင်သား၊ မြေတောင်ငေါငေါ၊ ခင်ရိုးစော၍၊ တော အ ချောင် ချောင်၊ တောင် အချွန် ချွန်၊ အ ညွန့် ညွန့် တို့ရောင်ကွန့် ယှက်လည်၊ အမည်မည်နှင့်၊ ရေကြည် သဲသာ၊ ငှက်ပွဲညာ်လျက်၊ ဝေဘာဝေဘူ၊ ပြိုင်သူဆိုင်းဆို၊ တန်တိုင်းကြိုသို၊ တမြို့ခန်းဝါ။



တနန်းလျာဟု၊ တောင်လာ မြောက်လား၊ ကွန်းထောက်ထား၍၊ တောင်ကြား သမိုက်၊ ရွာစရိုက်မူ၊ ပျော်ပိုက်များလေ့၊ ညဥ့်နေ့မဆို၊ လှူကုသိုလ်ဖြင့်၊ လူ့ဗိုလ်မပြောင်း၊ ကန်ချောင်းရေရှင်၊ တသွင်သွင်နှင့်၊ ကြည်းပင်ရေပန်း၊ ထွေထွေဆန်းသည်၊ တောင်တန်းခွေခ၊ သည်ဒေသဝယ်၊ ဘုရားခတ်မွေ၊ ကိန်းဝပ်စေဟု၊ ရွှေစည်းခုံ ထူး၊ ရှေးဦးစဆွန်၊ တမ်းခွန်သံဆက်၊ သံချက်သံဆင့်၊ သံပွင့်သံသီး၊ သံတိပြီးသား၊ ရွှေထီးကော်ရော်၊ ရှိပူဇော်မှ၊ မယ်တော်မယ်အောင်၊ တည်ထားဆောင်သည်၊ နောင်နိဗ္ဗာန်ပြည်၊ မိဌာန်ရည်၍၊ ဘုန်းစည် ဘဂဝါ၊ လက်ျာနံပါး၊ တောင်ကြီးတွားသို့၊ သားကြီး ဩရသ၊ ထေရ်ကုံကား၊ ဘုရားမွေခံ၊ ရွှေမင်းဝံထက်၊ အောင်သံကြူးရင့်၊ ဥကင်ဖွင့်၍၊ လေးဆင့်ဆက်လှာ၊ မင်းတို့သာလျှင်၊ ကိုးရာကွယ်ဘို့၊ ကုသိုလ်ပို့သည်၊ ရွှေမြို့ပုဗ္ဗကြယ်၊ တိုက်ကြီးလယ်၌၊ မီးနှယ်ထွန်းပ၊ ဝဏ္ဏအာဒိ၊ အဘိခဇ၊ မိဂဝတည်၊ နှောင်းရည် ဂုရု၊ ပြောင်ပြောင် ထု၍၊ ဗဟုအက္ခရာ၊ လောဟာသွင်းထိပ်၊ တွင်းက နှိပ်လျက်၊ တံဆိပ်မကျော၊ ဆက်သစေ၍၊ သင်ချေသင်မ၊ ပညာ၍၊ လက်ရတိုးဧ၊ ကျမ်းရိုးဝေက၊ သုတေသိတာ၊ ဂုဏာ ဂိရာ၊ မဟိတလာ၊ ယထာသတ္တိ၊ ထုံးတီးသိဖြင့်၊ ပရိယတ်အင်၊ ကျော်တိုင်းထင်လျက်၊ မာတင်ရတနာ၊ မှန်ပြည့်အာနှင့်၊ ယတြာဂုဏ်မြောက်၊ စွယ်စုံပေါက်သို့၊ ထက်အောက်နိမ့်မြင့်၊ အသင့်ကြံစား၊ သူ့အားကိုယ်ဘို့၊ မချိုစေရာ၊ ဘုံးဖြာပင်မ၊ ခံ့နေချ၍၊ နေ့ညစောင်ရန်း၊ ရှယ်ဆောင်မှန်းလျက်၊ အောင်ပန်းကြိုင်မွှန်း၊ အောင်စည်ယွန်းသည် .... မော်ကွန်းမတိမ်လည်-ကောင်းတည်း။ ။[စသာတောင်ကြားရွာရှိ ရှင်ပင်သက်တော်ရ ဘုရားသမိုင်းလက်ာ။]

(၆) ကြွားဝိမ့်သိလော့၊ ဇာတိသနင်း၊ တို့အောင်ခင်းကား၊ ချင်းတွင်းသလ္လာ၊ ရောဝတီ၊ သီတာသိမ်ကြီး၊ ပတ်ဝိုက်ဆီး၍၊ ခြားသီးသမိုက်တိုက်မြေအချာ၊ လွန်ကဲသာသား၊ သုနာပရန်၊ သောင်းဗုန်နှံဆူ၊ ဘူမဏ္ဍလာ၊ တေဇာလျှံဖိတ်၊ ညံ့မဆိတ်၌၊ အာဒိစ္စရ၊ သကျနွယ်ဝင်၊ သမ္မာရင်သည်၊ အသင်္ချယာ၊ ရှိန်တေဇာဖြင့်၊ ဇေယျာပုရ၊ တည်ထွန်းပ၍၊ ဌာနပြည်ကြီး၊ ရွှေစည်တီးက၊ ဝေးနီးလိုက်ပွက်၊ အာဏာစက်ဖြင့်၊ ကျေးလက်ရွာပြည်၊ သိမ်းရုံးသည်တွင်၊ ခွန်ခြင်ပဏ္ဏာ၊ ဆက်သွင်းရာသည်၊ စသာမြို့မ၊ ယင်းသည်ကနောက်၊ ခေတ်ကိန်းလျောက်ဖြင့်၊ တိမ်းမှောက်စသာ၊ ပျက်သုဉ်းရာတွင်၊ နွယ်လာမဝေး၊ တို့ဘိ-ဘေး တို့၊ နောင်ရေးနောင်လာ၊ ကျမ်းစောင်စာနှင့်၊

ဩဘာနိမိတ်၊တိတ်တံပေါင်သံ၊စံနည်းခံလျက်၊တစံတည်းသာ၊စာနာမြော် ရှု၊ စည်းဝေးပြု၍၊ တခုစိတ်သန်၊ ခွဲးဝေဘန်လျက်၊ မန်ကျည်းကန်ချောင်း၊ တောင်စောင်း ခပ်ယွန်း၊ တောင်ဝန်းတာမှန်း၊ မြေကြှနုန်းထက်၊မဂ်နန်း ဖောင်ဆန်၊နိဗ္ဗာန်ကူးဘို့၊ အင်မချို၍၊ အောင်မျှိုမဂ်လာ၊ မြဲဝါဘြ၊အဂ်ါ စုံပေါင်း၊ စည်မောင်း ပဋ္ဌင်၊သဘင်ကျင်းပ၊ တြင်းရက၊တောမတောင်စိုး၊ နတ်တရိုးတွင်၊ တန်းခိုးတည်ပ၊ မည်ရည်ရကို၊ ပသ ပူဇော်၊ ခွင့်လမ်း ရော်မှ၊ ထေရ်ကျော်မဟာ၊ အရိယာတို့၊ ရတနာအောင်ခြင်း၊ ရန်ကင်း မာန်စိတ်၊ ပရိတ်စည်းသား၊ နတ်အများနောင်၊ နတ်ခေါင် ကျော်ချီး၊ ဘိုးမင်းကြီးကို၊ ဘုံသီးနတ်ကွန်း၊ပြုဗ္ဗာစွန်းက၊ တည်ထွန်းကန္တာ၊ စောင့် စေထားဘိ၊ ဣသိဂိရာ၊ဝေဘာဝေဘူ၊ ဂိဇ္ဈကူ-ရံဆိုင်း၊ တန့်တိုင်းကာကာ၊ ရာဇဂြိုဟ်ပြည်၊ တရတည်၍၊ အရှေ့သေလာ၊ လေသာမြင့်ခေါင်၊ တောင် ဒက္ခိဏာ၊ လက်ျာမာလိန်၊ ရွှေချိန်စဉ်းလား၊ ငွါးငွါးမြင့်ဧခါင်၊ မြရောင် ရစ်ထုံး၊ နှလုံးညီနောင်၊ ချိန်ခွင်တောင်နှင့်၊ ရိမှောင်ညှိသန်း၊ နောက် တောင်ယွန်းဝယ်၊ ဥဒါန်းစဉ်လာ၊ ရတနာကိုးမျက်၊ ဖိုးနဂ်ဖြင်စုတ်၊ဥစ္စာ သွင်းနှံ့၊ မြင်းပျံစောင့်ရှောက်၊ သွန်းသွန်း ရောက်သား၊ မြင်းပေါက် တောင်ဖုံး၊ လေးလုံးရစ်ကာ၊ ရှစ်မျက်နှာ၌၊ ဟေမာရဂုံ၊ စုံနှစ်ဖြာမြို င်၊ ဂနိုင်စမ်းယဉ်၊ တောင်လျဉ်တောင်ဝှမ်း၊တောင်ကမ်းဗိလာ၊ ဂန္ဓာမာလာ၊ နံ့သာဧချို၊ ချောင်လျှိုမြောင်ချပ်၊ နွားဆောင်းထပ်သွင်၊ ဝက်ပါလား၊ အခြားအခြား၊ အလယ်ကြားဝယ်၊ စားစားစွင်စွင့်၊ မြင့်ပလ္လင်ဗွေ၊ ရွှေ စည်မုရီး၊ ဖြိုးဖြိုးမောက်ကယ်၊ မြေပြင်ကျယ်၌၊ ပျော်ဘွယ်စလီ၊သာမော ဘိသား၊ ဘူမိမြေချာ၊ တည်ခန်းဝါကို၊ စသာဈေးတက်၊ မည်ရင်းဖက် ၍၊ ခုထက်တိုင်အောင်၊ ရပ်ကြီးထောင်သည့်....ယခေါင် ဇာတိဖွား ရင်းတည်း။ ။[တောင်ငူမြို့စာရေးကြီး ဦးကြီးဆို စသာတောင်ကြားရှ သမိုင်း။]

### ၅–ရဲတင်း–ခေါ်ဝေါ်သည့်စာရင်းများကို ကောက်ယူ ထုတ်နုတ် ပြဆိုချက်

၁ အလောင်းမင်းတရားကြီး ဘုရားလက်ထက် အတုလဆရာတော် ဆို-ရဲတင်း။

၂ အလောင်းမင်းတရားကြီး ရဲဘော် ကျွန်တော်မျိုးခြောက်ကျိပ်ရှ တို့ကို မြင်းယဉ်တက်ဖွဲ့သည့် ရဲတင်း။



၃ အမရပုရ ပထမ မြို့တည်နန်းတည် မင်းတရားကြီး ကျွန်တော်ရင်း တကျိပ်နှစ်ယောက်တို့ကို မြင်းယဉ်တက်ဖွဲ့သည့် ရဲတင်း။

၄ ဇင်းတရုပ်၊ နှင်းမြူတိမ်တောင်-အစချီသည့် ရဲတင်း။

၅ အမရပုရ ဒုတိယ မြို့တည်နန်းတည် မင်းတရားကြီးလက်ထက် ဝက် မစွတ်မြို့စား နဝဒေးဆို-ခြိုးလေ့လွှမ်းညောင်-ချီ ရဲတင်း-စာ ကိုယ်ပုဒ်ရေ-၈၈, နိဂုံးပုဒ်ရေ-၅, ဆုတောင်းလက်ာတို-၃, နိဂုံး သံပေါက် ၁၉-ပါသည်။

### ၆–ရဲတင်း သဘောအဓိပ္ပါယ် မည်သို့ရှိသည်များကို သိသာထင်ရှားစေရန် ရဲတင်းစာကိုယ်များမှ ထုတ်နုတ်ပြဆိုချက်

(၁) ဇမ္ဗူကျော်သောင်း၊ မြေကြီးစောင်းမျှ၊ အလောင်းရင်းကျွန်၊ ရန်အကြိမ်ကြိမ်၊ တိုက်လှည်းနှိမ်၍၊ စည်းစိမ်ရန်လွှင့်၊ ပွင့်ရန်ဆီး၊ ချင်း ထီးရန်ဟန့်၊ ညွန့်ရန်ရှောင်၊ အောင်ရန်နွှေး၊ ပန်းထွေးရန်ဖြို၊ ပန်းညို ရန်လှည်း၊ နှည်းရန်ထွင်၊ ကျော်တင်ရန်ဖြုတ်၊ တုတ်ရန်ချိုး၊ တုတ်ဖြိုး ရန်ပြိုင်၊ တော်အိုင်ရန်ပယ်၊ ဖွယ်ရန်ဖြတ်၊ ကျော်မြတ်ရန်နှင်၊ လွှင် ရန်ဝေး၊ထွေးရန်လို၊ ထွေးညိုရွှေလွှန်၊ တွန်ရွှေသွား၊ ခင်ပါးရွှေတည်၊ ရွှေရည်ရွှေခေါင်း၊ ကောင်းလူကျော်၊ သော်လူတွင်၊ ပေါ်ထင် လူ မော်၊ ဝိန်ကျော်လူလှ၊ သာဝကျော်သည်း၊ ဆွေနည်းကျော်သွေး၊ အောင် သလေးကျော်ဟိုး၊ အိုးဆွေတော်၊ မှတ်ကျော်ပေါ်စ၊ မြေပေါ်ဟောင်း၊ နှောင်းပေါ်ရင်း၊ ညိုမင်းပေါ်ထင်၊ သွင်ညွန့်လူ၊ မြတ်သူညွန့်လန်း၊ ပန်းညွန့်ခက်၊ ဖက်ညွန့်လှ၊ ထွန်းရမည်ခေါ်၊ ထွန်းကျော် မည်သာ၊ ရာမည်ခံ၊ ကျော်စံစစ်မူး၊ သာဦးစစ်ဆင်၊ သာတင်စစ်တက်၊ အက်စစ် မြူ၊ မြတ်သူစစ်ခွါ၊ မြတ်သာ စစ်ဆော်၊ ရွှေကျော် စစ်ကဲ၊ ရွှေခဲစစ် နည်၊ ရွှေရည်စစ်ဆင်၊ ရွှေဆင် စစ်လိုက်၊ ပိုက်ရေးယူ၊ ညိုသူရေးရာ၊ သာရေးကုံ၊ စိန်ငုံရေးမြင်၊ စည်ပင် ရဲအောင်၊ သာထွန်းအောင်ခေါ်၊ လွှမ်းဘော်ရဲလှ၊ ရေအုံ့အော်၊ ထော်အုံ့အာ၊ စံရာအုံ့အဲး၊ စံခဲးဘက် လွှတ်၊ စံမှတ်ဘက်ကွာ၊ ဖြိုးသာဘက်လျှိုး၊ ချစ်မျိုးဘက်ရှောင်၊ အောင် လက်ကောင်း၊ ဆုတောင်းလက်ရ၊ ထွန်းမြလက်လည်၊ ဤသို့သည်ဖြင့်၊ ရဲရည်သန်လှင်၊ ကုန်တွင်မူထမ်း၊ ရဲစွမ်းကျော်လစ်၊ ခြောက်ကျိပ်ရှစ်ထိ၊ စစ်စစ်ထွက်ထွက်၊ ရဲရည် ဖက်သည်....ပြိုင်ဘက်လွှတ်ကင်း–ရဲဘော်

သင်း။ ။[အလောင်းမင်းတရားကြီးလက်ထက် အတုလဆရာတော် စပ်ဆိုစီကုံးတော်မူသော ရဲတင်း။]

(၂) ပွင့်နီး ချိန်ရောက်၊ ဘုန်းမီးတောက်၍၊ မိုးအောက်မြေပြင်၊ သောင်းခွင်ဇမ္ဗူ၊ ကျော်ဟိုးဆူစိမ့်၊ ရည်တူ ဘက်ရှား၊ မင်းတရားကျွန်၊ ရွယ်တန်ပျိုသက်၊ မြင်းယဉ်တက်မူ၊ ရဲဘက်ထင်ပေါ်၊ ဝိန်ကျော်ညွှန့်၊ ကြောက်ရွံ့မတိမ်၊ စည်းစိမ်ငတွန်၊ လူလွန်ပန်းထွေး၊ အရေး မစောင်း၊ ကောင်းထင်ပေါ်၊ ပွဲတိုင်းကျော်နှင့်၊ တော်အိုင်ငအောင်၊ တက်ခေါင်ရန်ခွင်း၊ သတင်းကျော်မှတ်၊ မြင်းတတ် ခင်ပါး၊ လျင်လျားလွမ်းသူ၊ ရည်တူငမြေ၊ သာခပိုက်၊ စဉ်လိုက်မှတ်ကျော်၊ ထင်ပေါ်ထွန်းရ၊ တွင်ထအောက်၊ ရဲစက်-သာမြတ်၊ နတ်စက်-ရှည်ဝေ၊ အောင်သလေးနှင့်၊ ရည်သွေးတင့်လျော်၊ ငထော်-စံခဲ၊ ကျော်သဲ-စည်ပင်၊ မြန်လျင်-စံမြတ်၊ ရေးတတ်ငမြေ၊ တင့်လှရွှေရည်၊ လှံသည် ရေးတွင်၊ ပေါ်ထင်-ပန်းညို၊ ရန်လိုမရှောင်၊ သာထွန်းအောင်က၊ တတ်ခေါင် ငဖျော်၊ လူမော်-ထွေးညို၊ သံကို-ငသော၊ ရဲမာ-ငသွင်၊ မည်တွင်-ဖြိုးသာ၊ ရန်ခွါ-ကျော်ထင်၊ပွဲဝင်ရွှေရည်၊ ကြံစည်-မြတ်သူ၊ ရေးယူ-တုတ်ဖြိုး၊ တင်မျိုး-ကျော်စံ၊ စွမ်းသန်-ငထွေး၊ မြင်းရေး-ရွှေခဲ၊ ငနဲး-ချစ်ဖြိုး၊ ရန်မျိုး-မလေး၊ ပျံမွှေး-သတင်း၊ ကျော်ခြင်း-စိန်ငုံ၊ ရေးစုံ-မြတ်ထွန်း၊ ရဲဆန်း-ငနောင်း၊ ရေးကောင်း-သာထင်၊ ရန်ဝင်-ထွန်းကျော်၊ ငသော်-စံရာ၊ မြန်မာ-သာဦး၊ ရေးထူး-ငဖွယ်၊ တင့်တယ်-ငရော၊ လိမ္မာနည်းယူ၊ ညိုသူ-ဆုတောင်း၊ ရေးကောင်း-လွမ်းကျော်၊ ထင်ပေါ်-ငတုတ်၊ ရန်တိုင်း-ဆုတ်သား၊ ခါးလွှား-ငလွင်၊ လူတွင်-ငခက်၊ ရန်ဖျက်-ရွှေကျော်၊ မည်ခေါ်-ထွန်းရဲ၊ ဆွေနည်းစသား၊ အများဗိုလ်ခြေ၊ နောက်နေလိုက်ပါ၊ သိန်းသချာနှင့်၊ ရေးရာဆောင်သီး၊ ချင်းတီး-ရွှေတင်၊ ရာတွင်-ညိုမင်း၊ ဆွေရင်း-ငဖိုး၊ ရှေးရိုး-ငပန်၊ ရှေးဆန်-မြတ်သာ၊ ရင်းချာ-ငပွင့်၊ ရန်တိုင်းလွင့်သားကြီးသို့၊ ပွဲသီးယူမှတ်၊ သေနတ်-မီးပေါက်၊ အမြောက်-စိန်ပြောင်း၊ လက်ကောင်း-ထင်ပေါ်၊ သူရိန်ကျော်နှင့်၊ ရဲဘော်ထင်ရှား၊ ရည်သွားကောင်းလစ်၊ ခြောက်ကျိပ်ရှစ်လျှင်၊ သောင်းခွင်ဇမ္ဗူ၊ ယူအံ့ကြံစည်၊ သစ္စာချည်သည်....ရဲရည်စံနှုန်း တင်လှည့်သော။ ။[အလောင်းမင်းတရားကြီး ရဲဘော်ကျွန်တော်မျိုး ခြောက်ကျိပ်ရှစ်ယောက်တို့ကို မြင်းယဉ်တက်ဖွဲ့သည့် ရဲတင်း။]



(၃) ပွင့်နီးအောင်ဆု၊ နတ်လူရှုလော့၊ ဇမ္ဗူ့သပြေ၊ တည်နေပင်ရိပ်၊ ကျွန်းမျှားထိပ်ဝယ်၊ တံဆိပ်ခတ်တင့်၊ လောင်းဘုန်းပွင့်၍၊ သားရင့်ညီမြတ်၊ ညီတော်လတ်လျှင်၊ ရန်ဖြတ်နှိမ်ချိုး၊ ကျွန်းလုံးစိုးသား၊တန်းခိုးလိုက်ပွက်၊ မြင်းယဉ်တက်ကို၊ တိုက်စကြဝဠာ၊ ကမ္ဘာ၏မြေ၊ ကြေလည်းဥဒါန်း၊ ဆက်ရှည်ထွန်းစိမ့်၊ မော်ကွန်းစံတင်၊ ငမြတ်ဆင်နှင့်၊ ရန်စင်လွင့်ဖြို၊ ငပန်းညိုက၊ ငပို-သာဦး၊ ရန်ရှူး-ခွါရဲ၊ ငမြိုး-မြတ်သာ၊ ကြေညာကျော်စော၊ ငတော-ငရဲ၊ ရန်မျိုးပသား၊ ငမြ-ရှေးရိုး၊ ချစ်အိုး-ငကူ၊ ပွဲတိုင်းယူသည်၊ မြင်သူအံ့မူး၊ နတ်စစ်ပူးသို့၊ ငဦး-လွန်းကျော်၊ လွန်ထင်ပေါ်သား၊ ကျွန်တော်ရင်းစစ်၊ တကျိပ်နှစ်နှင့်၊ တလှစ်ဇမ္ဗူ၊ ယူအံ့လုံးလုံး၊ သစ္စာသုံးသည်....လက်ရုံးရောင်ဝါချင်းလှည့်သော။ ။[အမရပုရပထမမြို့တည်နန်းတည် မင်းတရားကြီး ကျွန်တော်ရင်း တကျိပ်နှစ်ယောက်တို့ကို မြင်းယဉ်တက်ဖွဲ့သည့် ရဲတင်း။]

(၄) နှင်းမြူတိမ်တောင်၊ ဆီးနှင်းမှောင်ကို၊ ထောင်ရောင်ခြည်ပွင့်၊ နေမင်းလွင့်သို့၊တို့သျှင့်ဘုန်းစက်၊ ရဲရည်ဖက်သား၊ခုတ်စက်-ဖြတ်ချ၊သီဟမင်းရဲ၊ ငအဲ-ငအို၊ ရန်ကိုသုတ်သင်၊ တုရင်မကျိသူ၊ ငအူ-ငကူး၊ မပူးဘက်ကွာ၊ နရာပျံစ၊ ငစံမြနှင့်၊ ပေါက်ပြ-ကျော်ဟိုး၊ ငချစ်အိုးပင်၊တုရင်တင့်မှန်၊ စွမ်းအားအန်နှင့်၊ နှုန်းရန်မထင်၊ တုရင်-နန်သူ၊ မပြု-ဘက်အင်၊ တုရင်ရဲကျော်၊ သျှင့်မူပေါ်က၊ လိုတော်စိတ်တိုင်း၊ ဝိုင်းဝိုင်းကုန်စင်၊ ပြီးအောင်မြင်သည်....တို့သျှင်နတ်ရှင့် ရွှေဘုန်းတည်း။ ။အမရပုရပထမမြို့တည်နန်းတည် မင်းတရားကြီး ရဲဘော်ကျွန်တော်မျိုး တဆဲ့နှစ်ယောက်တို့ကို မြင်းယဉ်တက်ဖွဲ့သည့် ရဲတင်း။]

(၅) မဒုတိကွာ၊ စသည့်ရွှေညဏ်၊ ပွဲဝေဘန်၍၊သေန်မြောက်ဆွယ်၊ စံပယ်နဂိုရ်၊ ရေညိုရစ်ဖြာ၊ ရွှာသာရွှာတွင်၊ အာဇာနည်ဂုဏ်၊ သောက်နေရက်သို့၊ နတ်ပုဏ္ဏက၊ ထပ်မျှလောက်နီး၊ ငရောက်ကြီးနှင့်၊ လျှပ်မီးစက်နှိုင်း၊ အင်တိုင်း-ရန်ဖြို၊ ဗိုလ် ငရွှေမောင်၊ ဆင်ကောင်စိမ်းစား၊သူတို့အားလည်း၊ ကြည်းလားတောင်ရေ၊ ဒေဝဒူတ၊ ဇဝနဟု၊ သိကြွေးတမန်၊ လျှင်ထန်ဟူးဟူး၊ မုန်ရည်ရူးသား၊ ရွှေဦး-ရှုံးအို၊ စေ့ဆို ခေါ်ခေါက်၊ ထံတော်ရောက်သော်၊ တယောက်စကား၊ မကြားတရွာ၊ ငါအလိုသိ၊ ပြီးစေဘိလော့၊ သုဒ္ဓိသုန္ဓရ၊ ပုံချစက်နှိပ်၊ သံတော်ရိပ်က၊ တောင်ထိပ်ကြာပွင့်၊ ခါမလင့်တည့်၊ မင်းခွင့်ကြိယာ၊ မုတ္တာမုတ္တ၊ အမုတ္တနှင့်၊ မုတ္တ

လက်နက်၊ စက်ယန္တရား၊ လေးပါးလည်းကောင်း၊ အပေါင်း စစ်အင်၊ သေနင်ယတြာ၊ လိုခါလိုစိုး၊ စူးထိုးလှံခုန်၊ ခန့်တိုင်းကုန်သည်....ပွင့်မှန် ပရမ ကျေးဇူးတည်း။ ။[အမရပုရ ဒုတိယမြို့တည်နန်းတည် မင်းတရားကြီး ထီးနန်းတိုင်းပြည် အလိုတော်ပြည့်၍ အမရပုရမြို့တွင် စံတော်မူသောအခါ ဝက်မစွတ်မြို့စား-နဝဒေးဆို ရွှေဘိုမင်းရဲတင်း၊ မော်ကွန်း ၈၈-တွင် ၈-ပုဒ်မြောက် ရဲတင်းတည်း။ ၎င်းရဲတင်းနိဂုံး သံပေါက်တွင်-"သည်လည်းတချင်း၊ ကျော်မျှိုသွင်း၊ ရဲတင်းတော်ရွှေစာ"-ဟူ၍ စပ်ဆိုခြင်းကြောင့် ရဲတင်းဟူသော ဝေါဟာရစကား ထင်ရှားသည်။]

ရဲတင်းစာကိုယ်များကို ဖော်ပြချက်ပြီးပြီ။

---

## ၇-တမ်းခြင်း-စာကိုယ် စာရင်းများကို ပြဆိုချက်

မောင်ဆန်ပြန်-တမ်းခြင်း၊ အဝပျက်-တမ်းချင်း၊ မန္တလေးပျက်-တမ်ချင်း။

## ၈-တမ်းချင်းစာကိုယ်များစာရင်းကို ပြဆိုချက်

(၁) [က] လုဇ္ဇတိ ပလုဇ္ဇတိ လောကော....သဘောနိယံ၊ လောကမံနှင့်၊ ဆက်ဆံကြို့ကြိုက်၊ကိန်းခန်းလိုက်ဖြင့်၊ ရစ်ဝိုက်မြစ်ဆုံ၊ရွှေဘုံအဝ၊ ပုရိန္ဒကား၊ နရသနင်း၊ မင်းလည်းရှင်းကွာ၊ ပြည်ရွာပျက်စီး၊ တောကြီးဟူလောက်၊ မျက်မှောက်လက်ာ၊ သာသနာလည်း၊ ရောင်ဝါမလင်း၊ သို့ဖြစ်ခြင်းကို၊ မြော်တင်းစေ့စေ့၊ ကြံအောက်မေ့သော်၊ ပျောင်းခွေ့ ညွတ်နွဲ့လွမ်းတာဝေခွဲ၊ မင်းနေအောင်ချာ၊ ပျက်စီးရာတွင်၊ ဟံသာဝတီ၊ မိုးဆီထိမျှ၊ ရန်မျိုးခသည်၊ ကြယ်လှကျူးကျော်၊ ရွှေပြည်တော်သို့၊ ရှုမြော်ရောက်လျှင်၊ မော်ဓောရှင်ကို၊ စိတ်အင်နှစ်သက်၊ ဖူးရချက်လည်း၊ မိုက်မျက် အပါယ်၊ လမ်းကြောင်းကွယ်လိမ့်၊ ခန့်ရှုယ်ရှုမြော်၊ သို့ပင်သော်လည်း၊ တိုင်းကျော်ဌာန၊ ရွှေအင်းဝဝယ်၊ ပန်းရရိပ်မြို၊ ရွှေစည်းခုံကာ၊ သုံးဘုံခခင်း၊ မှောင်မျိုးလင်းသား၊ မြို့တွင်းစည်းခုံ၊ ရောင်ဟုံတောက်ပ၊ လောကသရဘူ၊ ဌန်ဆူပေါက်ပြ၊လောကမာရ်အောင်၊ ရွှေပြောင်ပြောင်နှင့်၊ မာရ်အောင်ရတနာ၊မဟာဗောဓိ၊မြတ်မုနိလည်း၊လျှံညိပြောင်းရွှန်းဆယ်ရပ်ထွန်းမျှ၊ ထွတ်စွန်းထိပ်ချာ၊ မင်္ဂလာစေတီ၊ အညီနှံ့လည်၊ ရှင်ပင်သည့်လည်း၊ ထက်ပြည်မိုးဆင့်၊ တိမ်မြင့်မြင့်ဝယ်၊ စွင့်စွင့်ရိပ်မြိုင်၊ ဖြူးဖြူး



မြိုင်လျက်၊ ရောင်ဆိုင်မြခဲ၊ တရဲရဲတည့်၊ မြခဲညိုမှိုင်း၊ တူသင့်နှိုင်း၍၊ စစ်ကိုင်း ဇေယျာ၊ ပုရ မှာလည်း၊ တောင်သာ ပတ်ချိပ်၊ တောင်ထိပ်တောင်ထွတ်၊ပတ်ရရတ်တည့်၊သွယ်ပတ်ယှက်ကူး၊ပြူးရရှူးသား၊တောင်ဦးတောင်စဉ်၊ တောင်လျဉ် တောင်ဌမ်း၊ မြရောင်လျှမ်းလျက်၊ ရွှင်ဝမ်းဆွတ်မျှ၊ ပုညစေတီ၊ တိမ်ဆီတမျှ၊ပတ္တမြားစေတီ၊ တောင်ဆီတူရှု၊ ရှင်ဖြူ-ရှင်လှ၊ ချမ်းမြရိပ်မြို၊ ထူပါရုံနှင့်၊ ကြီးခုံမောက်မော်၊ ကောင်းမှုတော်လည်း၊ ခြောက်ဖော်ရောင်ကွန့်၊ နေကိုလွှန့်လျက်၊ ပတ်ဖြန့်ပြောင်ရွှန်း၊ နေ့ညဉ့်ထွန်း၍၊ ရစ်သန်းလက်ျာ၊ရွှေဆီညာက၊ မှောင်ခွါပယ်လျက်၊ လင်းလင်းစက်သည်၊ ကြက်ယက် ဘုန်းခေါင်၊ တောင် နှစ်တောင်ထက်၊ မြတ်မောင်နှမ၊ ကိုယ်တော်လျလည်း၊ သောကတာပ်ရစ်၊ အချစ်အခင်၊ အကြင်အကျွမ်း၊ အလွမ်းဆာပူ၊ ရှိသသူကို၊ ရေတူထပ်ရှည့်၊ ငြိမ်းအောင်ဖြည့်ရှင့်၊ စည့်စည့်ခြောက်ရောင်၊ မိုးလုံးပြောင်မျှ၊ လိုက်ချောင်ဂူကျောင်း၊ တန်းဆောင်း စရပ်၊ မည်မလပ်ပြီ၊ ဖြိုးထပ်စည်ဖြာ၊ သာသနာ၏၊ ရင်းခွာမူလ၊ ပဓာနဖြင့်၊ သီလကြိုင်ဟုံ၊ ကျေးဇူးထုံလျက်၊ ခွယ်စုံအင်္ဂါ၊ ယတြာရ၊ မာတင်္ဂသို့၊ နေ့ညသုတ်သင်၊ လမ်းကြောင်းထွင်သို့၊ သုံးအင်ဝိဋကတ်၊ စုံညီညွှတ်မျှ၊ ထေရ်မြတ်သဃ်ာ၊ အရိယာနှင့်၊ ရောင်ဝါပရွှင်း၊ တလင်းလင်းသည်....ထွန်းဝင်း သာသနာတည့်လေ....မြန်ခန်း မင်းဝံချာတည့်လေး။

(ခ) မင်းနေအောင်ချာ၊ မှန်လှစွာ၍၊ ရတနာရွှေငွေ၊ မြူတေရောင်ဝင်း၊ သလင်းနှင့်စိန်၊ လျှံထိန်တောက်ပ၊ ဖန်မှန်မြနှင့်၊ နဝလျှံပတ်၊ မျက်မြွာခတ်သည်၊ ပြာသာဒ်တော်ကြီး၊ မိုးထိနီးမျှ၊ ညီးညီးသွန်းသွန်း၊ နန်းလည်းဆိုင်းဆိုင်း၊ မြို့တန်တိုင်းနှင့်၊ မှိုင်းမှိုင်းညိုညို၊ သူရဲခိုက၊ ထိုထိုပတ်ကုံး၊ ကျုံးလည်းခွေကာ၊ ယဉ်သိတာလည်း၊ ဟေမာမန္တော၊ တောလည်း သွယ်မြှောင်၊ တောင်လည်းဝန်းကာ၊ သို့ချိန်သာကို၊ ရတနာပုရ၊ ရွှေပြည်မဝယ်၊ ချမ်းမြရေကြည်၊ ပတ်ဝန်းလည်လိမ့်၊ မြရည်မယွန်း၊ ယုဂန်နန်းဝယ်၊ ပန်းလည်းကြိုင်သင့်၊ ရာသီချင့်၍၊ ငွင့်ငွင့်ငွန်းငွန်း၊ သွန်းသွန်းသားသား၊ ကြွားကြွားကြွကြွ၊ မြမြဝေဝေ၊ ထွေထွေပြန့်ရှင်း၊ပန်းအင်ကြင်းလည်း၊ ခက်ချင်းရိပ်မြိုင်၊ သို့စဉ်ကြိုင်လျက်၊ ဂနိုင်ယှက်ကူး၊ ပွင့်ရောင်ဖြူးလိမ့်၊ ငုံဖူးပျံမွှေး၊ မုလေးစမွယ်၊ နှံ့ကြွယ်ကြိုင်မှုန်း၊ ပန်းဂမုန်းလည်း၊ ပန်းသုန်းပန်းသွန်း၊ ပန်းရေလန်းလျက်၊ ထူးဆန်းညှက်စည်၊ လက်တံ

ရှည်နှင့်၊ ခြောက်ပြည် နန်းကျော်၊ စွယ်တော်ဗိတောက်၊ ကြိုင်ပေါက်ပျံ့ရှား၊ စကားရွှေလှော်၊ ကံ့ကော်ရွှေစွတ်၊ ဖက်ဆွတ်ရွှေလိမ်း၊ ပျံ့ပျံ့ငြိမ်းမျှ ညွတ်တိမ်းဘွယ်သာ၊ သီးမျိုးမှာလည်း၊ ရွှေဝါသင်းချော၊ နေ့တိုင်းနှော လျက်၊ ငှက်ပျောနရွဲး၊ ဗိန္ဒွဲးသရက်၊ ဧမြက်ကြည်ကြည်၊ သစ်မည်စည် လည်း၊ ပျားရည်လိုလို၊ သစ်တိုသစ်နီ၊ သတီချိုဆိမ့်၊ ခရမ်းဗိမ့်နှင့်၊ သစ် ဆိမ့်သစ်ပလွေ၊ ချဉ်ပြေမန်ကျည်း၊ တောင်သလည်းနှင့်၊ စရည်းရှစ်ရှား၊ သဖန်းခါးက၊ စောင်းလျားကမ္ဗလာ၊ မာလကာလည်း၊ ကျိုးရှာမတတ်၊ ပင်လုံးညွတ်မျှ၊ ဆွတ်လွတ်ဖွယ်ပင်၊ မြစ်မှာမြင်လည်း၊ ငွေသွင်တူလျှော်၊ သောင်ကျွန်းပေါ်တွင်၊ စင်ရော်မြစ်တွေး၊ ပဲးတွေးသောင်တင်း၊ ဗိန်ညင်း ပျံ့ဝဲး၊ ဝမ်းပဲးဟင်္သာ၊ တောင်ယှက်ကာလျှင်၊ ဘာသာရည်းငံ၊ တေးတျာသံ နှင့်၊ နှုတ်သံကြူးလင့်၊ သံငေါ်ရင့်၍၊ အသင့်ချစ်ကြည်၊ ပျော်မြူးသည်ကို၊ တိုင်းစည်အောင်ချာ၊ ခြောက်ရွာဘုံလား၊ ယိုး မမှားလိမ့်၊ သိကြားပျော် ရာ၊ ဝတိံသာဝယ်၊ နန္ဒာရမ္မာ၊ စိတ္တာနှုင်းလျော်၊ ဥယျာဉ်တော်လည်း၊ မနော် ရမ္မာ၊ ဂန္ဓာရမ္မာ၊ တွင်မည်သာနှင့်၊ များစွာခန်းနန်း၊ ထန်းအုန်းစုံစီ၊ ဖြို သီလှိုင်ကျော်၊ ငါးတော်ကြာမျိုး၊ ရေပေါ်မိုးလျက်၊ ရှိုးရှိုးရှိမ်းရှိမ်း၊ စိမ်းစိမ်းတင့်တယ်၊ မွေးမျိုးကြွယ်သား၊ သွယ်သွယ်မြင်လစ်၊ မြစ်လည်း ဝင်း၊ အင်းလည်း သာမော၊ တောလည်း ညိုညို၊ စိုစိုတင့်နှုင်း၊ ကိုင်း ဂန္ဓမာနှင့်၊ ဝေဘာဝေဘူ၊ ရွှေဂူနန်းဆ၊ မြင်းမိုရ်ခ ဘုံသို့၊ ဝန်းရံရော လေးလုံးတောင်လည်း၊ လိုက်ချောင်မုတ်ယွန်း၊ ကွေ့လည်ဆန်းသာ၊ မျက် မှန်းတင်တင်၊ သို့ကြောင်းအင်ကို၊ ဝမ်းတွင်စွေ့စွေ့၊ ကြံအောက်မေ့သော်၊ မိုက်ဝေ့သည့်နှယ်၊ လွမ်းမပြယ်ဘိ၊ ဖြိုက်သွယ်ညွတ်ခေါက်၊ စုန်ခဲ့ရောက်လျှင်၊ တလျှောက်မြစ်ခွင်၊ ကုန်းခင် ရိုက်ဆင်း၊ ခြေခင်းမသာ၊ ဗယ်ညာ လိမ်လစ်၊ ကောက်တကျစ်နှင့်၊ ကျစ်လစ်မရှိ၊ အငြိငြိလျက်၊ မျက်စိသိတွေ၊ မိန်းမူးဝေ မျှ၊ တောခြေမိုက်မည်း၊ ကြောက်ဖွယ်ချည်းတိ၊ ဆည်းလည်းကျုံကျုံ၊ လှုံသံ ဆိတ်ဆိတ်၊ တိတ်တိတ်ငွေ့ငွေ့၊ လေတဟုန်းဟုန်း၊ တမှုန်းမှုန်းနှင့်၊ ချုန်း ချုန်းသိမ့်သိမ့်၊ ခြိမ့်ခြိမ့်သံထင်၊ တွေ့ရမြင်သည်....ကြောင်းအင် တွေ့ တလာတည့်လေ....ဖြစ်ခြိမ်းမွတာတည့်လေး။

(ဂ) တကြောင်းမှာလည်း၊ သြဃာသဝ၊ သံသာရဝယ်၊ လည်ထ စပ်ယှက်၊ ဖွားဖွားတက်၍၊ ယောက်ယက်ဆန်မျှ၊ လောက်လက်လှသား၊



လှိုင်းကျရိုက်တိုး၊ ထမ်းပိုးကြက်ခွပ်၊ တဖျပ်ဖျပ်နှင့်၊ ဝဲစပ်ကြို၍၊ ဝိုက်ကာ ဝေ့ရှင့်၊ ငြိုးငွေ့ ဘွယ်သာ၊ အနိစ္စာနှင့်၊ ဒုက္ခာ ဒေါမနဿ၊ အာရုံညွတ် သား၊ ရဟတ်ယန္တရား၊ စက်အလားသို့၊ ဟုတ်ငြားသင့်စွာ၊ သို့အရာတွင်၊ သိုက်လာကိန်းခန်း၊ ကုန်ပြန်ဆန်းက၊ ရေသွန်းရှုပ်ချ၊ ရွှေအဝဝယ်၊ ကာလအလိုက်၊ စရိုက်တိမ်းစောင်း၊ ရှေးကျင့်ဟောင်းလည်း၊ လမ်း ကောင်းမလာ၊ ပဲလေးရာတွင်၊ ထပ်ကာကဲမြင့်၊ ဖရုံဆင့်သို့၊ လှောက် ခွင့်ဖြိုးစည်၊ လူတို့သည်လည်း၊ မတည်မရပ်၊ မဝပ်မသေ၊ ယွင်းချွတ်လေ၍၊ ညီးနေလှော်လှော်၊ အများချော်က၊ ရှုမြော်ရှေး၍၊ ပွဲဘိသူလည်း၊ တူရှ မသွား၊ တိမ်းစောင်းမှား၍၊ သုံးပါးကပ်ဆုံ၊ ကြုံခါစပ်လျဉ်း၊ ကြိမ် ကြိမ် ဖျဉ်းမျှ၊ ပျောင်းမျဉ်းလိုက်ဆူ၊ တိုင်းပြည်သူတို့၊ ဆာပူညှိုးစွာ၊ ဥပမာ ကား၊ ကမ္ဘာဦးက၊ နေနှင့်လကို၊ တောင့်ဘသော့နှယ်၊ ညှိုးငယ်လျှလျှ၊ လက်မှိုင်ကျ၍၊ မောဟကြီးကာ၊ ရှိလှည့်ရာကို၊ ဟံသာဝတ၊ ရာမညဝယ်၊ နရထွတ်တင်၊ မင်းမင်းရှင်လည်း၊ လျှံထင်ရွှေဘုန်း၊ မိုးသို့ချုန်း၍၊ ကွန့် မြူန်းမြေပေါ်၊ ပတ်လွှ ကျော်သည့်၊ ညီတော် ဘုရား၊ မင်းနှစ်ပါးတို့၊ လျှောက်လျှားထောက်ပင့်၊ လုပ်ကျွေးလင့်၍၊ အသင့်လွယ်ကူ၊ သိမ်း မြန်း ယူရှင့်၊ ဆင်ဖြူသခင်၊ ရှေးကပင်လျှင်၊ ရပ်ထင်အဝ၊ ပြည်ပုရနှင့်၊ ရမ္မသီဟိုဠ်၊ ထိုထိုရပ်သား၊ ယိုးဒယားက၊ တိုင်းကား ကျယ်ဝင်း၊ လင်း ဇင်း-ဇင်းမယ်၊ ဒါးဝယ် တောင်ငူ၊ သိမ်းယူ ဗိုလ်ခြေ၊ သရေခေတ္တ ရာမက၊ စသည်ဝှန်သောင်း၊ မင်းအပေါင်းတို့၊ ဦးခေါင်း နှိမ်ထွေ၊ ဝပ်ပျပ်စေ၍၊ တောင်မြေ ကျွန်းချာ၊ မြို့ဟံသာဝယ်၊ နရာထွတ်တင်၊ ဆင်ဖြူရှင်လျှင်၊ ဥကင် လှစ်ထား၊ ပျော်စံစား၍၊ တံခါးနှစ်ဆယ်၊ ကျုံးပင်လယ်နှင့်၊ ကျယ်ကျယ် ဆိုင်းဆိုင်း၊ မှိုင်းမှိုင်း ညိုညို၊ မြို့လည်း ကျယ်ဝင်း၊ လုံးရင်းပြည့်နှက်၊ လက်နက်မျိုးထပ်၊ တပ်လည်းလုံခြုံ၊ နတ် ပြည်ဘုံသို့၊ စွေ့စုံဘဏ္ဍာ၊ ရတနာနှင့်၊ သာယာစွာဘိ၊ ပျော်ဘွယ်ရှိလည်း၊ ဇာတိနန်းတည်၊ ဝရွှေပြည်ကို၊ စိတ်ကြည် ခြော်လဲ၊ ငှက်နှယ် ဝဲရှင့်၊ နှိုက်နှဲးစွေ့ရေ၊ အောက်မေ့ ချေသော်၊ လူ့မြေ အတွင်း၊ လူဖြစ် ခြင်း ကား၊ နှံ့နှင်းမျှသာ၊ ခဏတာလျှင်၊ ဆင်းဝါမတည်၊ မျက်လှည့်သည်ဟု၊ မရှည်ဖြစ်ပျက်၊ ကြာနေပြက်သို့၊ ရေပြွက်ပမာ၊ တသက်လျှာတွင်၊ တွယ် တာ ဆည်းငံ့၊ လောကီ ရှုံဝယ်၊ စိတ်ပျံ့မနွံ၊ နင်းတိုင်းကျုံသား၊ မြိုးခြိ ညက်ရင့်၊ ပညာချင့်၍၊ မြတ်မြင့်သုံးဖြာ၊ ရတနာကို၊ ထိပ်မှာ ဆင့်တင်၊ နေ့တိုင်းကပ်သား၊ လေးရပ်တံခါး၊ ဟန့်ဆီးတားလိမ့်၊ ထောက်ထား

ဆည်ဖြေ၊ ပြေကြောင်းဖြေလည်း၊ မပြေနိုင်ပဲ၊ တလဲးလဲးသည်....ထင်မြဲး နတ်ခြောက်ရှာတည့်လေ....မြန်ခန်းယဉ်သိတာတည့်လေး။ ။[ဟံသာဝတီပါမင်းဆို-တမ်းချင်းသုံးပိုဒ်။]

(၂) (က) လုဋ္ဌန ပလုဋ္ဌန၊ တေနလောကော၊ မိန္နဟောမှန်မှ၊ ဘိဋ္ဌန ဓမ္မော၊ ဘိဋ္ဌနော့ဟု၊ သဘောတန်တွာ၊ ဓမ္မတာဖြင့်၊ ရှစ်ဖြာနိယံ၊ လောကဓံနှင့်၊ ဆက်ဆံကြိုက်ကြို၊ ပျက်ကိန်းဆုံ၍၊ ရွှေဘုံဌာန၊ မဏ္ဍလကား၊ နရဝ္ဓ ထွတ်ချာ၊ ရာဇာကွေကွင်း၊ မင်းနှင့်တကွ၊ ရှိမျှသိမ်းယူ၊ ပြည်သူပြည်သား၊ အများသတ္တဝါ၊ တို့သူငါလည်း၊ ပူဆာညှိုးချုံး၊ ကြိမ်မီးအုံးသို့၊ နှလုံးခိုက်တုန်၊ ဆွေ့ဆွေ့ခုန်လျက်၊ ပလုန် သက်ဖို၊ များလှုပ်ဖိုလ်တို့၊ ခိုမှီမရ၊ သောကဗျာပါ၊ ထပ်ပွားခါလျှင်၊ ကမ္ဘာပျက်တူ၊ မီးရှိန်ပူသို့၊ တယူမှိုင်ကာ၊ ရှိကြရှာရှင့်၊ မြတ်စွာလှူ့ဘာ၊ မုနိန္ဒ၏၊ တောက်ပရောင်ဝါ၊ သာသနာလည်း၊ စန္ဒာ-လမင်း၊ ရာဟု ချင်း၍၊ နိပ်နင်းကလူဖမ်းယူ သော့သွင်၊ ဝန်းကျင်များစွာ၊ တိုက်တာကျောင်းကန်၊ ပရဝဏ်ဝိုက်သိုင်း၊ ရံဆိုင်း မီးတား၊ ဘုရားစာတီ၊ သရီမွေ့ဓာတ်၊ ပြာသာဒ်တန်ဆောင်း၊ ဂူကျောင်းမလပ်၊ ဖြိုးထပ်စည်ဖြာ၊ သာသနာ၏၊ ဦးစွာမူလာပဓာနဖြင့်၊ သီလစန္ဒကူး၊ ကျေးဇူးများပုံ၊ ဉာဏ်စွယ်စုံဖြင့်၊ အာဂုံနွတ်ဆင်၊ ငါးအာဝင်သား၊ မာတင်ဂဇာ၊ ယတြာရ၊ ပြောင်နာဂသို့၊ နေ့ညမယုတ်၊ ကြိုးအားထုတ်လျက်၊ ဝိမုတ်အောင်တပ်၊ မှာဘက်ရပ်သို့၊ ကူးခပ် ပြင်ဆင်၊ လမ်းရိုးတွင်လျက်၊ သုံးအင်ဝိဋ္ဌကတ်၊ ပျားပန်းခတ်သို့၊ မပြတ်ဗိဇနာ၊ ပြန်ခရာဖြင့်၊ ဆံလွှာမကျား၊ ကျင့်တရားလည်း၊ တိုးပွားကာသာ၊ ဘာဝနာဖြင့်၊ ခေမာကူးမည်၊ ရူးရူးရည်သား၊ ထေရ်ထေရ်သဃ်ာ၊ တို့များစွာလည်း၊ ကြမ္မာယိမ်းယို၊ တောင်ကြီးပြိုသို့၊ ခိုရာမရ၊ စိတ်သောကဖြင့်၊ မိဘဆွေညာ၊ ရှိရာရာသို့၊ ချမ်းသာနိုးနိုး၊ ထင်အားကိုးလျက်၊ မြစ်ရိုးရေး၊ နာဝါသဘော်၊ ရေကြောစုန်ဆင်း၊ ခြေလျင်ခြင်းလျှင်၊ ခပင်းများစွာ၊ ပြေးကြရှာလည်း၊ ချမ်းသာမရ၊ ဝဋ္ဋဒုက္ခသည်....တွေ့ကြ ဓမ္မတာတည့်လေ....မြန်တိုင်း မန္တလာတည့်လေး။

(ခ) ခုခေတ်ကာလ၊ မြန်ဌာနဝယ်၊ များလှသတ္တဝါ၊ လူဗိုလ်ပါတို့၊ မြတ်စွာရှင်စော၊ မိန္နခွဲဟောသား၊ တယောပါပ၊ ကုမဋ္ဌဖြင့်၊ အဓမ္မရာဂေါ၊ ဝိသမောဟု၊ မက်မောပြင်းစွာ၊ ဝိတ်ဆိုင်းကာသား၊ မိစ္ဆာဓမ္မပရေတလည်း၊ လှိုင်းထလည့်နှယ်၊ လူပေါယယ်၌၊ ကပ်တွယ်ယှဉ်ကြ၊ တို့



ကာလဝယ်၊ ပါယမုခါ၊ ဖြစ်ဖို့သာဟု၊ ဒေသနာနူတ်၊ ဟောဖော် ထုတ်သည့်၊ အင်္ဂုတ္တရာ၊ ကျမ်းရွှေစာနှင့်၊ ညီစွာမခွ၊ ဗလဝဖြင့်၊ ပွားထတုံသာ၊ ကျင့်ကုန်ပါ၍၊ ကြမ္မာယွင်းယို၊ ပျက်စီးလိုသော်၊ အဆိုတပါး၊ အခနေ့ခြားဟု၊ စကားရှေးငြမ်း၊ သူဟောင့်လမ်းနှင့်၊ ဖြောင့်တမ်းညီစွာ၊ ရှိသည့်တာကြောင့်၊ မဟာဒေဝီ၊ ရွှေတညီကာ၊ မဟိတမွတ်၊ မူးနှင့်မတ်တို့မညွှတ်မညီ၊ ဝါဒီတခြား၊လိုရာရှားလျက်၊ တရားမထုံ၊ ဉာဏ်ရည်မှုံသော်၊ ဗိုလ်ပုံအလှေး၊ များတဝေးလည်း၊ ရှေးသူထုံးနည်း၊ နိသျည်းကို၊ ကမ္ဘည်းမတင်၊ဆောင်သော်မဝင်ပဲ၊ ပေါ်လွင်အသစ်၊ ထုံးစံနစ်ကို၊ နှစ်နှစ်သက်သက်၊ ဟီနမာနယူလျက်၍၊ သူ့ထက်ငါသာ၊ လိမ္မာစကား၊ ထင်ငြားမြင်သန်၊ ကိုပယ်လှန်ရဉ့်ပိုင်း၊ ဉာဏ်အလှိုင်းဖြင့်၊ ဓိမိုင်းစိုးကြပ်၊ မချီးကွပ်၍၊ သပ္ပုရိစက်၊ သွက်သွက်ကျိုးပြတ်၊ လည်မပတ်သော်၊ ယုတ်မြတ်မရွေး၊ ရွှေတောင်သွေးသို့၊ ဂဏေးဂဏည်း၊ သိမ်းဆည်းမနော၊ သဘောမဖက်၊ ဉာဏ်သန်လျှာလည်း၊ စွဲလက်ကိုင်ကျွတ်၊ သတိချွတ်၍၊ လွတ်သည့်ခိုက်ကြို၊ ပျက်ကိန်းဆုံ၍၊ ရွှေဘုံနဂရ၊ မန်းဌာနကား၊ သတ္တရာဇာ၊ နှစ်ဂေါစာမှု၊ သတ္တာဗေဒ၊ ကြဏ္ဍနေရ၊ ရတုဟေမန်၊ ဝသန်မအုန်း၊ တန်းဆောင်မုန်းဟု၊ ချမ်းတုန်းလစက်၊ ကျော်ရှစ်ရက်တည့်၊ နန်းလက်ပံမွေ၊ စံသည့်ကဏ္ဍနေ့သော်၊ သုံးချက်ကျော်မှာ၊ နတ်ကညာ၏၊ ပျော်ရာသမသတ်၊ ခြည်ရောင်ယတ် * ဝယ်၊ နတ်ဥဒယံ၊ ကွန့်မြူးစံ၏၊ ထောင်လျှံသဟာသ်၊ တိမရဖျားပတ်သား၊ နတ်ရဝိန္ဒြ၊ မြတ်မဏ္ဍိုတည့်၊ ဂြိုဟ်စန္ဒရ၊ ကုဇရာဟု၊ ဂြိုဟ်နတ်သုံးပါးကို၊ သားများဘုရင်၊ ရွှေဂူရှင်၏၊ မြို့တွင်ကျိန်းလတ်၊ ဇီဝကန်ပြင်၊ မေထုန်မြတ်ဆင်ပျံ၊ ခနုစံ၏၊ ရောင်လျှံသုတ္တ၊ မကာရတည့်၊ ထိုခဏတွင်၊ ဒိုင်ထက်၊ ပြဘက်ရာဇ၊ ခနုဇစ်လျှင်၊ ရောက်လစ်ကာလ၊ မန္တလေးစက်၊ ပဉ္စမသင်္ဂါယနာတင်၊ နတ်ရှင်ရင်သွေး၊ ဘုန်းရှိန်မွေး၍၊ ဆန်တတင်းဟု၊ သိုက်ထွက်စဉ်ရိုး၊ ကျော်လွှ ယိုးသား၊ မှဆိုးစားကြွင်း၊ ပြည်ကြီးမှောက်သည်....ရှေးရှင်းမဆွ၊ မှန်မောလှ၍၊ ဒသမနောက်၊ ယွင်းဖောက်ကံကြမ္မာတည့်လေ....မြန်တိုင်း ရတနာတည့်လေး။

(ဂ) တကွင်းပုံလာ၊ ထုံးကိုရှာသော်၊ ဝတိသ်ာနန်း၊ ဘုံကြဌာန်းကို၊ စိုးမြန်းဦးစွာ၊ အသုရာနှင့်၊ ရတနာပုရ၊ ပြည်ရွှေဝမှာ၊ ဟံသာရောက်

* ကဏ္ဍဟူသည်ကား။ ၉-လုံးပါဒ်သုဉ်း၊ ၁၈-လုံးပါဒ်သုဉ်း၊ ၂၇-လုံးအကုန်သုဉ်း၊ ၃-ဌာနကိုဆိုလိုသည်။ ယတ်-ယဋ္ဌကပါဒ်ရှင်း။ အကြွင်မျှလောက် ရပ်တန့်ဆဲး-ဆိုလိုသည်။

မင်း၊ ထီးနှစ်စင်းတို့၊ ရှေးရင်းစဉ်လာ၊ ကြားရုံသာတည့်၊ ခုခါမျက်မြင်၊
မြန်တိုင်းခွင်မှာ၊ ထိုရာဇာကား၊ ဒေဝါသက်တွေ့၊ ခါရက်စေ့၍၊ စုတေ
ကြောင်းအင်၊ နိမိတ်ထင်သို့၊ အကြင်ရောခါ၊ ကြမ္မာယွင်းယို၊ ပျက်စီး
လိုသော်၊ အဟိုရှေးက၊ သင်္ကေတဖြင့်၊ လောကသစ္စ်၊ နသစ္စ်ဟု၊ သုံးစုံ
ကမ္ဘည်း၊ နိသျှည်းဖြင့်၊ စံနည်းတံပေါင်၊ ယခေါင်မှတ်ပိုက်၊ သိုက်ဓာတ်
နိမိတ်၊ ဗျာဒိတ်ပိုင်းခြား၊ ခြောက်ပါးတချက်၊ သိုက်ငှက် ဓာတ်ဆန်း၊
ကိန်းခန်းနိမိတ်၊ တိတ်နာဂတန်၊ ကေန်ကျိုးပြစ်၊ စင်စစ်သိရာ၊ ကြောင်း
ငါးဖြာဟု၊ တန်တွာလက်သုံး၊ ရှေးသူ့ထုံးနှင့်၊ ချိန်ဆုံးခါလင့်၊ သင့်တဖြိုး
ကား၊ ထိန်ညီးဝင်းဝါ၊ နေစကြာမူ၊ ထွက်လာဝင်မှတ်၊ လောကဓာတ်
၌၊ ဝန်းပတ်ညီးညီး၊ မီးပုံကြီးသို့၊ တသီးပြလတ်၊ ကောင်းကင်ထွတ်က၊
စက်နတ်ရောင်လျှံ၊ ဥက္ကာပျံတို့၊ နိယံမခြံ၊ ကြွေဆဲးကျသွန်၊ တိမ်တမ်း
ခွန်လျှင်၊ မိုးစွန်ဖြန့်တန်း၊ ယုဂန်နန်းဝယ်၊ စခန်းရိပ်ခို၊ ရှစ်လုံးဂြိုဟ်တို့၊
ဗဟိုစက်ဝန်း၊ ဖြောင့်မသန်းခွဲ၊ တခန်းထပ်လျောက်၊ နတ်အမြောက်လျှင်၊
ပစ်ဖောက်ညိုးညံ၊ တောဟိန်းသံလည်း၊ ထပ်မံ ဆင့်ပွား၊ ဘုရားပုထိုး၊
တန်းခိုးရောင်ခြည်၊ ထွက်သည့်ရိပ်ဆာ၊ ရောရွှေဘက်၊ ကြက်ယက်နှစ်ဖြာ၊
ပြည်ဇေယျာတွင်၊ တေဇာထွန်းညီး၊ ငါးထပ်ကြီးနှင့်၊ ဘုန်းမီးလျှံဝါ၊
မဟာမုနိ၊ စရှိတန်တန်၊ ကျောင်းကန် ဖြိုးထပ်၊ စရပ် တန်းဆောင်း၊
သိန်းသောင်း တွက်ရေ၊ စာပေ ဝိဋကတ်၊ တေဇော ဓာတ်ကြောင့်၊
ဝိနာသ် သဘော၊ အဟောနူန်း၊ ရိဋ္ဌသန်ရာ၊ ကျမ်းလာညီညွှတ်၊ ရှစ်
ဥပါဒ်တွင်၊ ထေရ်မြတ်သဉ်ာ၊ ပေါင်းများစွာနှင့်၊ မဟာနေမျိုး၊ မတ်
တော်တွင်၊ နားကျော်လင်းတ၊ ဇာရွှဥပါဒ်၊ ဝန်းပတ်ရှစ်ခွင်၊ တောက်
လောင်ထင်လျက်၊ လွှတ်ကွန်းထက်သို့၊ တက်သည့်သုနခ၊ လွှတ်အောက်
မှကား၊ ဖွားထသုနခ၊ နှစ်လီပြတ်၊ အဂ္ဂိဥပါဒ်၊ ဇာတ်မှုမဝေး၊ အမိန္ဒေး
မျောကျ၊ ယမဥပါဒ်၊ ရည်မှတ်တင်မှန်း၊ ပူဇော် ပန်းလည်း၊ ကုံခန်း
မနား၊ မြေသို့ရှားခွဲ၊ ငါးပါးမာရ်နှင့်၊ စည်သူသျှင်၏၊ မျက်ရှင်တော်ဦး၊
သွေးမြူးပျော်လာ၊နရာယန၊ ဒေဝဥပါဒ်၊မိုးနတ်ပဇ္ဇုန်၊ ချိန်ခါကုန်လျက်၊
မြူးခုန်မောက်ဖြိုး၊ဓွေကာကြိုးရှင့်၊မိုးမရွာပဲ၊ ရေဝှန်သဲ၍၊ နတ်ရဲးဝရဏ၊
ပဋ္ဌမဂိုဏ်း၊ ငှက်ဗျိုင်းရေငါး၊ ခိုက်ပွားရဏ၊ မကြည်ကြ၍၊ ဗကဦးဖျား၊
ရေငါးမျိုးလျှင်း၊ နတ်မင်းသောမ၊ ဆဋ္ဌဥပါဒ်၊ မြေးစွာမှတ်လော့၊ ညွှန်း



လတ်အဋ္ဌ၊ နိမိတ္တတွင်၊ သောမ္မဝါယု၊ နတ်မရှုနှင့်၊ သုံးခုကိတ်မှတ်၊ ရိက္ခ၂
နတ်တို့၊ ပြလတ်တုံပါ၊ နိမိတ်လာကို၊ ရွှေစာမတည်း၊ ရုံးကာစည်း၍၊
ကမ္ဗည်းမတင်၊ ညာဏ်ဖြင့်ဆင်လော့၊ များဖြင်သောင်းသောင်း၊ နိမိတ်
ပေါင်းကို၊ နတ်ကောင်းသာယာ၊ ပြပေလာ၍၊ ကောင်းစွာ မမှား၊
ထိုးစကားဖြင့်၊ ထောက်ထားမြော်မြင်၊ ဖန်စီရင်လျက်၊ ကင်းစင်သမှု၊
ပြေကြောင်းစုကို၊ ရောရုစုံစီ၊ လောကီလောကုတ်၊ ဖွေထုတ်စီမံ၊ လွှတ်
ကိန်း ကြံလည်း၊ ရှေးကံပုဗ္ဗ၊ ကုန်ချိန်ကျ၍၊ ကမ္ဗသကာ၊ ဒေသနာနှင့်၊
ဆံလွှာမခွ၊ ညီမောလှလျက်၊ သူ့ဇာတ-က၊ တေဇမဖြိုး၊ စဉ်းလက်
ညိုး၍၊ ထီးကျိုး စည်ပေါက်၊ ပျက်ကိန်းရောက်သည်....မှတ်လောက်
တိတ်အလာ တည့်လေ-မြန်တိုင်းတောင်သေလာတည့်လေး။ [နှုတ်က
သာသနာပိုင်ခေါ်ကြသော တောင်ခွင်မဟာသံဃရာဇာ သာသနာပြု
ဆရာတော်ဆို-တမ်းချင်း ၃-ပိုဒ်။]

## ၉-နေချင်း-သမုတ်ခေါ်ဝေါ်ရေးသားကြသည့်စာ စာရင်းများကို နန်းစဉ်စာတော်စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

၁ ရှင်သူရဲးဆို-စလင်း သတိုး မင်းကျော် သမီး-သခင်ထွေးနေချင်း။

၂ ရာဇဗလ, နောက်-ရာဇဒေဝ, နောက်-ရာဇဗာဟု ဘွဲ့သုံးကြိမ်ရ-
လျော်ကားသုံးထောင်မှူး ဆို-မင်းတရားရွှေထီးနေချင်း။

၃ ငင်းဆို- ရွှေနားတော်သွင်း နေချင်း။

၄ ပယ်သူငယ်စား ရှင်မြတ်ခေါင် ဆို - စစ်ကိုင်း ဥတ္တမရာဇ်
မင်းသမီး နေချင်း။

၅ ထောင်သင်းမှူးဆို - ဟံသာဝတီ ဆင်ဖြူများ ရှင် ညီတော်- ပြည်
ဘုရင် သတိုးဓမ္မရာဇာသမီး မင်းတရားမယ်တော် နေချင်း။

၆ နဝဒေးကြီးဆို-ယိုးဒယားမိဖုရားဟူ၍ ငင်း, ဘုရင်နှမတော်ဟူ၍
ငင်း နှစ်မည်တွင်သူနေချင်း။

၇ ကျည်တောင်စား,ဆီးကိုင်စား ဆို-နတ်ရှင်မယ်တော် နေချင်း။

၈ တလုပ်မြို့စား မဟာသဉ်ယာဆို-မဟာဥပရာဇာ နေချင်း။

၉ ကောင်စစ်လေးမှူး-ဇေယျနန္တမိတ်ဆို-မင်းရဲးနရာ နေချင်း။

၁၀ ရာဇဗာဟုဆို-မင်းရဲးကျော်စွာစုန် နေချင်း။

၁၁ လက်ဆောင်ယူမှူး ရှင်သံခိုဆို-မင်းရဲးဒိဗ္ဗဧချင်း။
၁၂ ရာဇဝေဒဆို-မင်းရဲးသိ်သူဧချင်း။

* ၎င်းဧချင်း ၁၂-စောင်မှာ သက္ကရာဇ် ၇၀၀-ကသည် ၁၀၀၀-အတွင်း ဖြစ်သည့် ဧချင်းဟောင်း ၁၂-စောင်ဟု သမုတ်ပညတ် ရေးမှတ် ခေါ်ဝေါ်ကြပြီးလျှင်၊ ၎င်းဧချင်း ၁၂-ကို ရာဇဝင်ဆရာများတို့ အားကိုးအားထား အထောက်အထား များစွာ ပြုကြသတည်း။

၁၃ ရခိုင်စာဆို အဒူမင်းညိုဆို-ရခိုင် မင်းသမီး ဧချင်း။
၁၄ ရာဇသူရိယဆို ရတနာမာရ်အောင်ဘုရားဒါယကာ ဧချင်း။
၁၅ မင်းရဲးမင်းထင်မင်းလှဆို-မင်းရတနာ ဧချင်း။
၁၆ မင်းရဲးမင်းလှကျော်ထင်ဆို ဟံသာဝတီရောက် မင်း-သမီးတော် မင်းထိပ်ဦးနေ ဧချင်း။
၁၇ ရှင်မဟာဗုဒ္ဓကုံရဆို-စေည့်ကူးမင်း ဧချင်း။
၁၈ အိမ်ရှေ့ရှေ့တိုက်စိုး ဇေယျကျော်ဘွဲ့ခံ မောင်တိုးဆို-ရိုးတော်ယူ ဧချင်း။]
၁၉ တွင်းသင်းဝန်မဟာစည်သူဆို-မျိုးတော်စဉ်ဧချင်း။
၂၀ ၎င်းဆို-ဆင်ဖြူရှင်မယ် ဧချင်း။
၂၁ ဝန်ကြီးမဟာသီဟသူရ သား ရွှေမြို့တော်ဝန်ဆို-ဆင်ဖြူရှင်မယ် ဧချင်း။
၂၂ ဝန်ကြီး နတ်ရှင်နောင်ဆို-မင်းထိပ်ပန်း ဧချင်း]။
၂၃ နဝဒေးဆို-ဆင်ဖြူရှင်မယ် ဧချင်း။
၂၄ မောင်ကင်းဆို-ဆင်ဖြူရှင်မယ် ဧချင်း။
၂၅ ဇေယျရန္တမိတ်ကျော်သူ ဆို - လောကချမ်းသာ ဘုရားဒါယကာ မင်းတရား ဧချင်း။
၂၆ သီရိနန္ဒကျော်ထင်ဆို-၎င်းမင်းတရားဧချင်း။
၂၇ အနောက်ဝန် စည်သူသင်္ယာဆို-လောကချမ်းသာဘုရား ဒါယကာ မင်းတရား ဧချင်း။
၂၈ မင်းရဲမင်းလှကျော်ထင်ဆို-ခင်းထိပ်ဦးတင်ဧချင်း။
၂၉ ပြည်မင်းသံဆင့် မောင်ရည်ဆို-ထိပ်တင်ဘွားမယ် ဧချင်း။
၃၀ မောင်မြတ်ဘွယ်ဆို-ဘိုးတော်မယ် ဧချင်း။
၃၁ သီရိဝေကျော်သူ ဆို-သခင်မယ်ကေး ဧချင်း။



၃၂ ပလိပ်ရွာနှင့် ကျောက်ရင်း တောင်သာမြို့စား မင်းရာဇ ဘွဲ့ခံ မောင်ဖျော် ဆို-စေဥ့်ကူးမင်း ရွှေနားတော်သွင်း ဧချင်း။
၃၃ စိန္တကျော်သူဆို-ပင်းတလဲမင်း ဧချင်း။
၃၄ ထိပ်တင်မင်းမြတ်ရာ ဧချင်း။
၃၅ မင်းရွှေနန်းဧချင်း။
၃၆ အတွင်းဝန်,အသည်ဝန်,တရားသူကြီး ဦးဧဆို-ရတနာပုရစတုတ္ထမြို့တည် နန်းတည် မင်းတရား သမီးတော် ဧချင်း။
၃၇ ၎င်းဆို-နားတော်သွင်း ဧချင်း။
၃၈ အကြီးစာရေး မောင်ဝိုက် ဆို-အမရပုရ ပထမမြို့တည် နန်းတည် မင်းတရားသမီးတော် မိထိလာ,ကာမ-နှစ်မြို့စား မင်းသမီးဧချင်း
၃၉ သခင်တိုးဧချင်း။
၄၀ မင်းသက်ရှည်ဧချင်း။
၄၁ နတ်ရှင်နောင်ဆို-ဝိမလရာဇဧချင်း။
၄၂ ဘုရင်နှမတော်ဧချင်း။
၄၃ သခင်မင်းစည်ဧချင်း။
၄၄ စစ်ကိုင်းသခင်ဧချင်း။
၄၅ ၁၂၄၁-ခုနှစ်အတွင်းကင်းဝန်မင်းကြီး C.S.I. ဆို-ရွှေကိုယ်တော်ကြီးဧချင်း။
၄၆ ၁၂၄၃-ခုနှစ်အတွင်းဝက်မစွတ်မြို့စား,ဝန်ထောက်မင်းဆို-ထိပ်စုမြတ်ဘုရားကြီးဧချင်း။
၄၇ ၁၂၄၄-ခုနှစ်အတွင်း ကင်းဝန်မင်းကြီး C.S.I. ဆို-ထိပ်စု မြတ်ဘုရားလတ်ဧချင်း။
၄၈ ၁၂၄၅-ခုနှစ်အတွင်း ဝက်မစွတ်မြို့စား-ဝန်ထောက်မင်း ဆို-ထိပ်စုမြတ်ဘုရားကလေးဧချင်း။
၄၉ ၁၂၄၆-ခုနှစ်အတွင်း ၎င်းဆို-ထိပ်စုမြတ်ဘုရားဧချင်း။

### ၁၀–ဧချင်း သံတိုင် သံဘောက်–သဘောအဓိပ္ပါယ်မည် သို့ရှိသည်များကို သိသာထင်ရှားစေရန်၊ ဧချင်းသံတိုင်သံဘောက်စာကိုယ်များမှ ထုတ်နုတ်ပြဆိုချက်

(၁) (က) ထိပ်ဗွေအောင်ချာ၊ ကျွန်းလကျာထက်၊ မြတ်စွာအများ၊ ဘုရားငါးမည်၊ တည်လရာသား၊ ကမ္ဘာ့ဦးကျွန်း၊ ပေါ်ဦးထွန်းက၊ လှစ်ထွန်းတိမ်မှောင်၊ ခြည်တထောင်နှင့်၊ လျှံပြောင်တေဇာ၊ သူရိယာသို့၊ ဒိသာရစ်ရပ်၊ နွံစပ်မြောက်တောင်၊ မြန်ဘောင်ဇမ္ဗူ၊ လိုက်ဆူ ဝှန်တက်၊ ရွှေစက် တန်းဆောင်၊ လက်ရုံး ရောင်ဖြင့်၊ ကြောက်ရှောင် ကြေညာ၊ ဒိသာ ရိုက်ကြိုး၊ ကျော်လွှဲ့ဟိုးသား၊ သတိုးရန်နှင်း၊ ရှင့်ဘမင်းနှင့်၊ မိမင်းဘုရား၊ မင်းနှစ်ပါး၏၊ သည်းကြားနှောင်းမြင်၊ ထွေး ရှင်ပင်ကို၊ ပျော်ရွှင်စိမ့်ငှာ၊ ဘာသာစရိုက်၊ မင်းတို့လိုက်ဖြင့်၊ အမြိုက်ချမ်းငြိမ်၊ စည်းစိမ်ဗိမာန်၊ နတ်ခြောက်တန်လည်း၊ မလွန်လှည့်နိုး၊ ထုံခိုးပျံ့ပျံ့၊ ရနံ့လှိုင်လွှန်း၊ ပန်းတည့်ကြိုင်ကြိုင်၊ စုံရိပ်မြိုင်၌၊ ဧတိုင်ဧခံ၊ ပြုံ့ပြုံ့ရီလျက်၊ ကျံကျံ ပျံ့ပျူး၊ ရင့်ရှု ကျူးမှ၊ သာမြူး ခြောင်းခြောင်း၊ ကြွေးသံညောင်းဘိ၊ သံကောင်းသံလေး၊ သံရှည်ရွှေးမှ၊ ဘိုးဘေးမိဘ၊ သမ္ဘတက၊ အစအရင်း၊ ရှစ်သောင်းမင်း၏၊ အချင်း အတ၊ ပြည့်အောင်ဝကို၊ ချီချ အမော၊ ကျူးလျက်ပြောအံ့၊ ရဲးစောနေမျိုး၊ သတိုးဆွေလင့်၊ လွှန်ကြင့် သည်းပွတ်၊ သက်လုံးမှတ်သည်....စောထွတ်တည့်သခင်ထွေး–နှောင်ဘိသေး....ဧလည်းယဉ်ယဉ်ဧ။ ။[ရှင်သူရဲ့, ဆို–စလင်း သတိုးမင်းကျော်သွီး–သခင်ထွေးဧချင်းသံတိုင်။]

(ခ) ငါတို့ရှင်ရင်း၊ တောင်သံပွင်း၌၊ ရန်ခွင်းလပြီး၊ စိုင်သုံးစီးလျှင်၊ မြေကြီးယက်ကော်၊ ကြဲးပူဇော်သည်... မယ်တော်တမိရင်းတည့်–သခင်ထွေး... မယ်တော်တမိရင်းတည့်–ရှင်ဘေးတော်မင်း။

ဘဝလုံး၍ မင်းပွဲသုံးယောက်၊ ရန်တင်း ပျောက်မှ၊ နှောင်းပေါက်လည်းဟူ၊ သီဟသူလျှင်၊ ဆင်ဖြူ ယဉ်မ၊ တစီးရသည်... ဖြူဆွ ခရသင်းတည့်–သခင်ထွေး... ဖြူဆွခရသင်းတည့်–ရှင်ဘေးတော်မင်း။

တစီးရှင်သား၊ ဆတက်ပွား၍၊ ဖြူထွား ဆဒ္ဒန်၊ လေးစီး လွန်သည်... ရန်မာန်ရှားကာခွင်းတည့် သခင်ထွေး... ရန်မာန်ရှားကာခွင်းတည့်–ရွှေဘေးရင်း။ ။[ရှင်သူရဲ့, ဆို–စလင်း သတိုးမင်းကျော်သွီး–သခင်ထွေးဧချင်း၊ သံဘောက်။]



(၂) (က) မာရ်အောင်မင်္ဂလာ၊ ငါးငါး ခါတိ၊ သစ္စာပျံ့ကြွယ်၊ ပွင့်နှစ် ဆယ်စင်၊ အံ့ဘွယ် များခြင်း၊ ကမ္ဘာမင်း၌၊ နိုင်းကင်းသိကြား၊ မင်းတရားကြီး၊ လူ့ထွတ် မီးလျှင်၊ အတီး ဌာန၊ ကပိလ ဝယ်၊ သကျစပေါင်း၊ ရှစ်သောင်း ပြန်ဆောင်၊ ပြည်တထောင်သို့၊ ထုံးဆောင် မပြား၊ ရင်သည်းကြားကို၊ တရားရန်နှင်း၊ ပေးဆောက် နှင်း၍၊ တောင်ရင်း ခပ်ခိုင်း၊ စစ်ကိုင်း နန်းတည်၊ ရွှေပြည်အုပ်မိုး၊ စိုးသရော်တည့်၊ နိုင်းလျော် နတ်လား၊ မင်းနှစ်ပါး၏၊ သည်းကြားလွှန်းကြင်၊ မိချစ်ရှင်ကား၊ သဘင်ရတု၊ မင်းမှုပိုက်ဖြား၊ ကျူးလျှောက်ကြားသည်... ရွှေနား တည့်စိစ္စွေး–ညောင်းဘိသေး... ဧလည်း ယဉ်ယဉ်ဧ။ ။[ပယ်သူငယ်စား ရှင်မြတ်ခေါင်ဆို–သခင်ကြီး ဧချင်းသံတိုင်။]

(ခ) တစင်းနေတည်၊ စစ်ကိုင်းသည့်ကား၊ လျှောက်မည်စုံအင်၊ စစ်ပင်ကိုင်းကြောင့်၊ စစ်ကိုင်း တွင်သည်... ပြည်လျှင် မြတ်ဌာနတည့်သခင်... ပြည်လျှင် မြတ်ဌာနတည့်သခင်ကြီး။

စစ်ကိုင်း တောင်အောက်၊ မင်းခြောက်ယောက်တို့၊ ထီးမြောက်စည်နှင့်၊ ဥကင်မြင့်ထက်၊ ပွင့်လတ်မည်ဟု၊ ဘုန်းစည်သမိုက်၊ သိုက်နှင့်နိမိတ်၊ မှတ်ခဲ့ပိတ်သည်... ဗျာဒိတ်မိန့်တော်ရတည့်သခင်... ဗျာဒိတ်မိန့်တော်ရတည့်သခင်ကြီး။

ဗျာဒိတ်သိုက်လျှောက်၊ မင်းခြောက်ယောက်တို့၊ ရန်တောက် ပယ်သင်၊ မြောက်တခွင်ကို၊ ပလ္လင်နောက်ဆိုင်း၊ တံကဲးခိုင်း၍၊ စစ်ကိုင်းရွှေပြည်၊ ထောင်လတည့်က၊ ဖွံ့စည်သာသနာ၊ စီးပွားစွာသည်....အောင်ချာပြည်ချက်မတည့်သခင်... အောင်ချာပြည်ချက်မတည့်သခင်ကြီး။ ။[ပယ်သူငယ်စား ရှင်မြတ်ခေါင် ဆို–သခင်ကြီးဧချင်းသံဘောက်။]

(၃) (က) တမွတ်ရတနာ၊ သစ္စာလေးဆူ၊ ပွင့်အံ့ဟူ၍၊ မဥ္ဇူနွဲနွဲ၊ နိမိတ်ပြက၊ မြဟ္မဓိပတိ၊ ဖတ်ဖိ ဝမ်းမြောက်၊ နိမိတ်လျှောက်ဖြင့်၊ ငါးယောက်ပွင့်မည်၊ ကမ္ဘာရှည်ထက်၊ နိုင်းရည်သိကြား၊ မင်းတရားဟု၊ ဘုရားဆက်ဆက်၊ ဗျာဒိတ်ပွက်သား၊ လူ့ထက်မြတ်ပင်၊ ဘုရားသျှင်လျှင်၊ နန်းတင့်ဖွားမြော်၊ အနော်ရထာ၊ စောမည်သာနှင့်၊ သူဇာမပြား၊ မင်းနှစ်ပါး၏၊ သည်းကြား သက်နှင်း၊ မိရှင် ရင်းအား၊ နေမင်းနွယ်မျိုး၊ ဘေး,ဘိုး နန်းဆက်၊ စဉ်မပျက်ကို၊ လေးနက် မှတ်သား၊ ကျွန်ုပ်ကြား

သည်… ရွှေနားတည့်ပျံ့မွှေး – နာဘိသေး… ဧလည်း ယဉ်ယဉ်ဧး။ [ဘုရင်နှမတော်ဧချင်းသံတိုင်။]

(ခ) ရာဇဝံသာ၊ မဟာသမ္မတ၊ သကျ နွယ်ရင်း၊ ပြူမင်း တလတ်၊ ဥမြတ်ဖွားဆက်၊ စဉ်မပျက်သည်… နန်းတက် မပြတ်ဖူးတည့်သခင်… နန်းတက်မပြတ်ဖူးတည့်နတ်ရှင်မြေး။

သင်းပွင်းထိပ်ဖွန်း၊ လူ့ကြွင်းနှုန်းကို၊ မြေပန်း ကော်ရော်၊ စိုင်သုံးဘော်သည်….ညီတော်နှောင် မထူးတည့်သခင်… ညီတော်နှောင် မထူးတည့် နတ်ရှင်မြေး။

ယင်းကမကြာ၊ မင်းဖြစ်လာ၍၊ ကမ္ဘာဆက်ရှည်၊ မြင်စိုင်းတည်သည်… အောင်စည် ရိုက်ကာ ကြူးတည့်သခင်….အောင်စည် ရိုက်ကာ ကြူးတည့်–နတ်ရှင်မြေး။ ။[ဘုရင်နှမတော်ဧချင်းသံဘောက်။]

(၄) (က) မင်္ဂလာဇမ္ဗူ၊ ထွန်းနေပြူသား၊ ပြိုင်တူမမှန်း၊ အကျွန်းကျွန်းထက်၊ ရွှေနန်းပလ္လင်၊ ဗောဓိခွင်ဝယ်၊ အောင်မြင်ငါးမည်၊ ငါးမာရ်နှည်တို့၊ မြန်ပြည်လုံးသူ့၊ ခွန်သစုလျက်၊ ကေတု မတီ၊ သိင်္ဂီဘုံမြင့်၊ ဥကင်ဖွင့်သား၊ နတ်ရှင့် သည်းချာ၊ နန်းပွင့်လျာ၏၊ မှန်စွာရင်သွေး၊ ရဲးဘုန်းမွေးကို၊ သာလေးပျံ့ပျူး၊ နားတော်ကျူးအံ့၊ ကွန့်မြူးတေဇာ၊ လွှမ်းရိုက်ဖြာသည်… စကြာတိပျံ့မွှေး–နာဘိသေး။ ။[ဇေယျရန္တမိတ် ဆို–မင်းရဲးနရာဧချင်းသံတိုင်။]

(ခ) မဥ္ဇူပွင့်ဝန်း၊ သပြေကျွန်းထက်၊ ကြှင်နှန်းငါးဆူ၊ ပွင့်တော်မူသည်….ဇမ္ဗူကျော်ရိုက် ချောင်းတည့်လည်း… ဇမ္ဗူကျော်ရိုက် ချောင်းတည့်လည်း။

ဇမ္ဗူသုံးလူ့၊ ခွန်သစုသား၊ ကေတု မတီ၊ သိင်္ဂီနန်းတည်၊ သာထွန်းစည်သည်….နတ်ပြည်တူ မပြောင်းတည့်လည်း….နတ်ပြည်တူ မပြောင်းတည့်လည်း။

ကေတုနန်းဝယ်၊ ပြူဝန်းရွက်ရှင်၊ ဖြန့်မိုးဆင်က၊ မြေပြင်မကြွင်း၊ တိုံဝပ်ပြင်းသည်… ရာစင်း ရှိညွှတ် ပျောင်းတည့်လည်း… ရာစင်း ရှိညွှတ် ပျောင်းတည့်လည်း။ ။[ဇေယျရန္တမိတ် ဆို–မင်းရဲးနရာ ဧချင်းသံဘောက်။]

(၅) (က) ဘက်ကျွန်းလွတ်ကျွေ၊ အောင်ရပ် မြေ၌၊ ကြာရွှေငါးရန်၊ နိမိတ်ညွှန်သော်၊ စိတ်သန် ကြည်စွာ၊ ဗြဟ္မာပြဋ္ဌာန်း၊ မော်ကွန်း



တင်ထွေ၊ ကုဋေဆယ်သောင်း၊ အပေါင်းရေတွက်၊ စကြဝဠာ၊ တည်လရာဝယ်၊ အချာဧကန်၊ မကိုဋ်မှန်သား၊ လျှံဝှန်သုံးမည်၊ ရောင်ခြည်ရွှန်းရွှန်း၊ အကျွန်းကျွန်းထိပ်၊ ရွှေဆိပ် နိဗ္ဗာန်၊ တမ်းခွန် အောင်ခန်း၊ မှန်ကင်းကျွန်း၌၊ လှစ်ထွန်းနေဟန့်၊ ပြူရိပ်ညွှန့်နှင့်၊ လေးတန့်သစ္စာ၊ ပွင့်အံ့ရာသည်၊ စက်ဝါပြောင်ဝေ၊ ဘုန်းတက် နေသို့၊ ခေါင်ဗွေမှန်ဖူး၊ မြင်းမိုရ် ဦးဝယ်၊ ပျော်မြူးစံမှန်း၊ ဝေယန် နန်း၌၊ ရံဝန်းဒေဝ၊ မာဃနှင့်သာ၊ ပမာတမြင့်၊ စိုးမိုးတင့်သား၊ နတ်ရှင့် သည်းကြား၊ ပွင့်ရန်ထားကို၊ ကြောင်းလျား သွယ်ခေါက်၊ ကျွန်ုပ် လျှောက်သည်….နောက်နောက်တည့်ဘုန်းမွေး–စံပျံ့ရေး….ဧလည်း ယဉ်ယဉ်ဧး။ ။[မင်းရဲးသိင်္ခသူ ဧချင်းသံတိုင်။]

(ခ) ဖြိုးညွှန့်လူလူ၊ ရှစ်ဆိုင်ထူ၍၊ စိုးယူလေးကျွန်း၊ နန်းညွှန့်ရတနာ၊ စကြာစံချုပ်၊ အုပ်စိမ့်ကြောင်းရေး၊ ပျံ့မွှေးခြမ်းရာ။ မင်္ဂလာဖြင့်၊ ထွေသာညင်းညင်း၊ နားတော်သွင်းသည်… မှန်ကင်းထွတ် တမ်းခွန်တည့်လည်… မှန်ကင်းထွတ်တမ်းခွန်တည့်လည်း။

တသိန်းကုဋေ၊ တွက်ရေ မှန်စွာ၊ စကြာဝါဝယ်၊ အချာမဥ္ဇူ၊ မှန်ကူအောင်ခန်း၊ မဥ္ဇူကျွန်းဝယ်၊ သက်နန်း ရွှေကြာ၊ ငါးစုံပေါ်သော်၊ ဗြဟ္မာပြဋ္ဌာန်း၊ တိမ်စွန်းထွတ်ဖျား၊ ယူဆွတ်ထားမှ၊ သုံးပါးထိပ်ထက်၊ ပွင့်တိုင်း ဆက်သည်….ဖြိုးပြက်လျှပ် တမန်တည့်လည်… ဖြိုးပြက်လျှပ်တမန်တည့်လည်း။ ။[၎င်းသံဘောက်။]

(၆) (က) မင်္ဂလာစက်ရွှေ၊ ထောင်ရောင်နေသို့၊ ကုဋေ တသိန်း၊ လေးလီတွင်၊ အကိန်းကိန်းမှာ၊ တိုက်များစွာဝယ်၊ စကြာဝါ၌၊ ကျွန်း ပုံပြင်ဇမ္ဗူ ဒီညာ၊ ဤကျွန်းမှာလည်း၊ ရတနာပလ္လင်၊ ဗောဓိ ပင်နှင့်၊ အောင်စည်မယွန်း၊ တုမဲ့ ထွန်းသား၊ မန်း တာဝတည်၊ နန်းရွှေ ပြည်၌၊ နေမြစ်ကျူးရင့်၊ နှစ်ကြိမ် ဖွင့်သည်၊ မင်းမင့်းဥတ္တ၌၊ သည်းပွတ်တော်စစ်၊ မြန်ကျွန်း နယ်၌၊ ဘုန်းပေါင်း၊ နှစ်ပါးနှောင်းတည့်၊ သောင်းဇမ္ဗူကျယ်၊ ညွှန်းမြွက် ဩဘာ၊ မျိုးကြီး သာသနန်းနွယ်နန်းဆက်၊ နန်းညွှန့် ခက်ဟု၊ တင်ဆက်ညွှန်ရတနာထွတ်ထား၊ မုမြတ် ဖျားလျှင်၊ ရွှေနားဆင်ရန်၊ ။[ကင်းဝန် မင်းကြီးသည်….နတ်ဟန်တည့်ယဉ်ကျေး–နားငြိမ့်လေး။ သမီးတော်မြတ် C.S.I. ဆို–မန္တလေးရတနာပုံ ဒုတိယ မင်းတရားကြီး ဧချင်းသံတိုင်]။

(ခ) ဇမ္ဗူရည်ရှိန်၊ မြူမမှိန်သည်၊ ဂိရိန်လက်ျာ၊ မြေချက်ချာတည့်၊ အပရာဇိ၊ အောင်ဘူမိနှင့်၊ တရှိန္ဒိုင်းတန်၊ မန်းမြေကြန်သည်····နက်သန်အတု ကျွန်းတည့်လေ····နက်သန်အတု ကျွန်းတည့်လေး။

နက်သန်တုကျွန်း၊ ရွှေဗျာညွန်းသား၊ မန်းဌာဝရ၊ ဘူသိခဝယ်၊ အစလက်မွန်၊ ဘိုးဘုန်းသန်လျှင်၊ ဝေယန် နန်းပြည်၊ ထောင်ခဲ့တည်သည်····ပြစ်ခြည်မြူမသန်းဘည့်လေ ···· ပြစ်ခြည် မြူမသန်းတည့်လေး။ ။[ဋင်းသံဘောက်။]

(၇) (က) မင်္ဂလာမာရ်နှင်၊ လေးရောင်ရှင်ထက်၊ ပလ္လင်ကဒက်၊ ဝေဇယန်နှင့်၊ ဗိမာန်ထွန်းတောက်၊ နတ်ကွန်းပြောက်သို့၊ မိုးအောက်မြေငူ၊ ယာဇမ္ဗူတွင်၊ ထီးဖြူဆယ်ကျိပ်၊ နရာမိပ်တို့၊ တက်ဆိပ်စွယ်မျိုး၊ ကျိုးသား မြွေဟန်၊ ကျွန်ချည်းမှန်သား၊ နက်သန်အသမ၊ မန်းသေဋ္ဌထက်၊ ဒုတိယရပိန်၊ ဝင်းဝင်းထိန့်သည်၊ ရာဇိန္ဒာထွတ်၊ သောင်းလုံးနတ်၏၊ သည်းပွတ် ဘုန်းပေါင်း၊ လေးပါး နှောင်းတည့်၊ သောင်းသပြေခေတ်၊ မြေတလှစ်တွင်၊ နေမြစ် နန်းဆက်၊ ပန်းညွန့်ခက်ဟု၊ အောက်ထက် ဂုဏ်ဝေ၊ ရေမြေ လောကခေတ်၊ ထုတ်ခတ်ကြေညာ၊ ကောင်းခြီး ပြာသား၊ ရတနာမြတ်၊ စုထွတ် ထားလျှင်၊ ရွှေနား ထုံရန်၊ တင်ရှိပန်သည်···မုဋ္ဌာန်တည့် ယဉ်ကျေး-ချိုငြိမ့်လေး။ ။[ဝက်မစွတ်ဝန်ထောက်မင်း ဆိုမန္တလေး ရတနာပုံ ဒုတိယ မင်းတရားကြီးဘုရား သမီးတော်မြတ် ဧချင်းသံတိုင်။]

(ခ) ဇာန္ဒနီရောင်၊ ရီရီမှောင်သည်၊ မန်းတောင်လက်ျာ၊ မြေချက်ချာကား၊ အပရာဇိ၊ အောင်ဘူမိနှင့်၊ တရှိန္ဒိုင်းအင်၊ ရန်မျိုးစင်သည်···ပြည်တွင်စံလွှတ်ကျွန်းတည့်လေ····ပြည်တွင်စံလွှတ်ကျွန်းတည့်လေး။

လွှတ်ကျွန်းနက်သန်၊ ဗျာတော်ညွှန်သား၊ မြေကြန်မကုဋ္ဌ၊ မန်းသေဋ္ဌထက်၊ မဆွလက်မွန်၊ ဘိုးတော်ဖန်သည်····ဝေယန်တူနှုန်းနန်းတည့်လေ-ဝေယန်တူနှုန်း နန်းတည့်လေး။ ။[ဋင်းသံဘောက်။]

(ဂ) (က) ဧလျက်ပျံ့ပျူး၊ ရိက်ကာကြူးဖိမ့်၊ ပေါ်ဦးကမ္ဘာ၊ ငါးကြာပွင့်လိုက်၊ ရောင်ပြိုက်ညက်ဖြူ၊ ငါးဆူရှင်နည်း၊ ပွင့်မည်ချည်းတွင်၊ ငါးစင်အမြတ်၊ နဝတတ်ရေကျ၊ ငါးရာရသား၊ ကဏ္ဍပနဒီ၊ ဤသည်သာမွန်၊ ယဉ်ထန်တဖက်၊ ပင်လယ်ထွက်မှ၊ နှစ်သက်ကမ်းငြိ၊ ဖျားရေမိဝယ်၊ ရွှေဆီပြဇ္ဇာ၊ အာဏာမိုးနိုင်း၊ တောင်ပြိုင်းပြိုင်း၍၊ ဆိုင်းဆိုင်း မန်တိုင်၊ ရခိုင်ညွန့်ဖူး၊



မွန်းကြယ်မြူးသို့၊ မြောက်ဦးရွှေနန်း၊ တည်တက်ထွန်းသည်····ဤကျွန်းဇမ္ဗူထွန်းတည့်လေး။ ။ထွန်းတည့်မှောက်တော်၊ ဟုတ်တည့်ဩဘ်၊ ကျော်သည့် တဆူ၊ ဇမ္ဗူဒီပ၊ ကျွန်းလုံးခသည်၊ မင်းတရားတည့်မှောက်တော်ထွေး····ဧလည်းယဉ်ယဉ်ဧး။

(ခ) ဧးပိမ့်ရေရွှတ်၊ နဝရတ်တည့်၊ စိဝတ်ကိုးမြွာ၊ ဝင်းဝင်းဝါမျှ၊ ရတနာရောင်၊ ပြောင်သည်ရှုးရှူး၊ မြောက်ဦးလယ်ချက်၊ ရွှေနန်းထက်ဝယ်၊ ဘုန်းစက်စဉ်မြဲ၊ ကေရာဇ်တကာ၊ မင်းပမာတည့်၊ အာဏာလက်ရုံး၊ တန်းခိုးပြိုးက၊ ပတ်ကုံးထန်သည်း၊ ကျွန်းလုံးကျည်းမျှ၊ ရှင့်ခမည်းမင်း၊ ရှင့်မိရင်းလျှင်၊ လက်ငင်းယခု၊ ပြုသည့်ကမ္ဗ၊ ရေးပုညကြောင့်၊ ဤမျှတည်းသာ၊ မဟူစွာတည့်၊ မဟာသမတ်၊ နွယ်မပြတ်လျှင်၊ အထွတ်ထိပ်မိုး၊ ပြည်ပြည်စိုးသည်····မျိုးတည့်လွန်မြတ် ထူးတည့်လေ။ ။ထူးတည့်မှောက်တော်၊ ဟုတ်တည့်ဩဘ်၊ မယ်တော်ရှင်ရင်း၊ ကျူးခြင်းသံညောင်း၊ နာသာတောင်းစွ၊ ရှုစ်သောင်းတည့် ရင်သွေး-နာပျော်သေး····ဧလည်းယဉ်ယဉ်ဧး။ [ရခိုင်မင်းသမီး ဧချင်း]။

ဒုတိယကဏ္ဍ—ဒုတိယပိုင်း ပြီးပြီ။

---

# ဒုတိယကဏ္ဍ-တတိယပိုင်း

## ၁—ရတု စပ်ဆိုစီကုံးသူတို့ကို ပြဆိုချက်

၁ ရှင်မဟာသီလဝံသ စပ်ဆိုတော်မူသည့် ရတုအမျိုးမျိုး။
၂ ရှင်မဟာရဋ္ဌသာရ ဆို-ရတု အမျိုးမျိုး။
၃ ရှင်တေဇောသာရ ဆို-ရတု အမျိုးမျိုး။
၄ ရှင်ကရဝိက ဆို-ရတု အမျိုးမျိုး။
၅ ရှင်လင်္ကာသာရ ဆို-ရတု အမျိုးမျိုး။
၆ ရှင်သဒ္ဓမ္မဇောတိကဆို-ပြည်မြို့ ဝန်တောင်လည်ဘုန်းတော်ကြီး ရှင်သဒ္ဓမ္မဇောတိကဆို-ရတု အမျိုးမျိုး။
၇ မုံရွေးဆရာတော်ဆို-ရတု အမျိုးမျိုး။
၈ မဟာနိပါတ် ဇာတ်ကြီးဆယ်စောင်ကို မြန်မာဘာသာစကားပြေ ရေးသားတော်မူသော မင်းဘူး ဦးဩဘာသဆို-ရတု အမျိုးမျိုး။

၉ ကျည်းကန်ရှင်ကြီး နန္ဒဓဇ ဆို-ရတု အမျိုးမျိုး။
၁၀ ဆီးဘန်နီဆရာတော် ဆို-ရတု အမျိုးမျိုး။
၁၁ အင်္ဂလိပ်မင်းလက်ထက် မဟာသံဃရာဇာ တောင်ခွင် ဆရာတော် ဆို-ရတုအမျိုးမျိုး။
၁၂ ရှင်သုဓမ္မဓဇဆို-ရတုအမျိုးမျိုး။
၁၃ ရှင်သုဓမ္မာလင်္ကာရဆို-ရတုအမျိုးမျိုး။
၁၄ ပြည်ဘုရင် သတိုးဓမ္မရာဇာဆို-ရတုအမျိုးမျိုး။
၁၅ တောင်ငူဘုရင် နတ်သျှင်နောင်ဆို-ရတုအမျိုးမျိုး။
၁၆ တောင်ငူ မင်းရဲးကျော်စွာဆို-ရတုအမျိုးမျိုး။
၁၇ ဇင်းမယ်ဘုရင် နော်ရထာစောဆို-ရတုအမျိုးမျိုး။
၁၈ ဇင်းမယ်ဘုရင် သွေးဆို-ရတုအမျိုးမျိုး။
၁၉ မင်းသားမောင်ရှင်ဆို-ရတုအမျိုးမျိုး။
၂၀ မင်းရဲးနရာဆို-ရတုအမျိုးမျိုး။
၂၁ ဇင်းမယ်မိဖုရားဆို-ရတုအမျိုးမျိုး။
၂၂ ပဲးခိုးမိဖုရားဆို-ရတုအမျိုးမျိုး။
၂၃ ပြည်မိဖုရားဆို-ရတုအမျိုးမျိုး။
၂၄ ဆင်ဖြူများရှင်- သမီးတော်အငယ်ဆို-ရတုအမျိုးမျိုး။
၂၅ ကြံ့ညှပ်မင်းသမီးဆို-ရတုအမျိုးမျိုး။
၂၆ ပြည်မြို့မှာနေစဉ် နဝဒေး, စလင်းသို့ရောက်လျှင် မင်းလကျာ, စစ်ကိုင်းသို့ရောက်လျှင် ထောင်သင်းမှူး ဟူ၍ ၃-မည်ရသူဆို-ရတုအမျိုးမျိုး။
၂၇ တောင်ငူလျော်ကား ၃-ထောင်မှူးဆို-ရတုအမျိုးမျိုး။
၂၈ ငုဝ်းသား ကောင်းစစ်ဗိုင်းမှူး ဇေယျရန္တမိတ်ဆို-ရတုအမျိုးမျိုး။
၂၉ လက်ဆောင်ယူမှူး ရှင်သံခိုဆို-ရတုအမျိုးမျိုး။
၃၀ ဝန်ကြီးပဒေသရာဇာဆို-ရတုအမျိုးမျိုး။
၃၁ တွင်းသင်းတိုက်ဝန် မဟာစည်သူဆို-ရတုအမျိုးမျိုး။
၃၂ ရှင်သူရဲးဆို-ရတုအမျိုးမျိုး။
၃၃ ရွှေတောင်နန္တသူဆို-ရတုအမျိုးမျိုး။
၃၄ ရွှေတောင်ရာဇကျော်ဟူ၍၎င်း, စိန္တကျော်သူဟူ၍၎င်း ၂-ဘွဲ့ရ ဦးဩဆို-ရတုအမျိုးမျိုး။



၃၅ လက်ဝဲးသုန္ဒရ, လက်ဝဲးနော်ရထာ, နောက်အမရပုရမြို့ဝန်ခန့်၍ မဟာသီဟသူရဘွဲ့ ခံရသူဆို-ရတုအမျိုးမျိုး။
၃၆ စာဆိုပညာရှိ မောင်ညိုဆို-ရတုအမျိုးမျိုး။
၃၇ စဥ့်ကူးမင်း မြောက်နန်းမိဖုရားအကြီးတော် နေမျိုးမင်းလှကျော်သူဘွဲ့ခံ စာဆိုပညာရှိ မောင်ယာဆို-ရတုအမျိုးမျိုး။
၃၈ စာဆိုပညာရှိ မောင်ထွားဆို-ရတုအမျိုးမျိုး။
၃၉ မဟာသင်္ယာစည်သူဟူ၍၎င်း မဟာသီရိစည်သူဟူ၍၎င်း ဝက်မစွတ်မြို့စား, နဝဒေးဟူ၍၎င်း ချီးမြှင့်ခြင်းကို ခံရသူ စစ်ကိုင်းစီရင်စုရွာပေးသူကြီး ဦးနုဆို-ရတုအမျိုးမျိုး။
၄၀ ထီးလင်းမင်းကြီး, မြို့ဝန်မင်းကြီး, ရန်ကုန်မင်းကြီး စသည်ဖြင့် အမည်အမျိုးမျိုးတွင်သူ ဝန်ကြီးမဟာသီဟသူရဆို-ရတုအမျိုးမျိုး။
၄၁ ငုဝ်းဝန်ကြီး မဟာသီဟသူရသား မြင်းဝန် မဟာသီဟသူဆို-ရတုအမျိုးမျိုး။
၄၂ အသည်ဝန်,နောက်အတွင်းဝန်, နောက်တရားသူကြီး မြင်းခုံတိုင်မြို့စား မင်းကြီးမဟာအတုလသီဟသူဘွဲ့ ချီးမြှင့်ခံရသူ ဦးဧးဆို-ရတုအမျိုးမျိုး။
၄၃ တံဆိပ်ဝန် မင်းလှကျော်ထင်ဆို-ရတုအမျိုးမျိုး။
၄၄ ပညာရှိ ပုဂံဝန်,သင်းသေနတ်ဗိုလ် ဆီမီးခုံရွာစား မဟာမင်းလှမင်းခေါင်ကျော်ဆို-ရတုအမျိုးမျိုး။
၄၅ ဝန်ထောက် မိုးထားမြို့စား မင်းကြီးမဟာစည်သူဆို-ရတုအမျိုးမျိုး။
၄၆ သတော်မြင်းတင်ခွန်စား, နောက် ကင်းခွန်စား ပညာရှိ မဟာမင်းထင်စည်သူဆို-ရတုအမျိုးမျိုး။
၄၇ မြဝတီဝန်ကြီးဆို-ရတုအမျိုးမျိုး။
၄၈ မင်းထင်သက်ရှည်ဘွဲ့ခံ စာဆိုတော် မောင်မင်းဆို-ရတုအမျိုးမျိုး။
၄၉ ဘိုးတော် မင်းတရားကြီး လက်ထက် အယူမင်္ဂလာဆို-ရတုအမျိုးမျိုး။
၅၀ ဘိုးခေါင်မှူးဆို-ရတုအမျိုးမျိုး။
၅၁ မြင်းခင်းစား နေမျိုးကျော်ထင်ဆို-ရတုအမျိုးမျိုး။
၅၂ နန္ဒမိတ်ကျော်သူဆို-ရတုအမျိုးမျိုး။
၅၃ နားခံတော်ပြေ့ကြီးမှူးဆို-ရတုအမျိုးမျိုး။

၅၄ စာဆိုတော် ဦးတိုးဆို-ရတုအမျိုးမျိုး။
၅၅ ဘယဂါမဏိသား ရှင်ရန်အောင်ဆို-ရတုအမျိုးမျိုး။
၅၆ သမန္တရာဇာဆို-ရတုအမျိုးမျိုး။
၅၇ ဝဲခိုးရာဇသကြီဆို-ရတုအမျိုးမျိုး။
၅၈ စာဆိုတော် မင်းထင်စည်သူဆို-ရတုအမျိုးမျိုး။
၅၉ နားခံတော် မင်းထင်ကျော်ခေါင်ဆို-ရတုအမျိုးမျိုး။
၆၀ တံဆိပ်စာရေး မောင်တူဆို-ရတုအမျိုးမျိုး။
၆၁ စာဆိုတော် နေမျိုးဇေယျရန္တမိတ် ဆို-ရတုအမျိုးမျိုး။
၆၂ ညောင်ရမ်းမင်း သံဆင့် စည်သူရွှေတောင် ဆို-ရတုအမျိုးမျိုး။
၆၃ ရွှေတောင်သိခ်ကျော်ထင် ဆို-ရတုအမျိုးမျိုး။
၆၄ ကျီစိုး နေမျိုးသင်္ယာ ဆို-ရတုအမျိုးမျိုး။
၆၅ စာဆိုတော် သိရိရွှေတောင် ဆို-ရတုအမျိုးမျိုး။
၆၆ ကျွန်တော်မျိုး ငခိုင် ဆို-ရတုအမျိုးမျိုး။
၆၇ စာဆိုတော် နေမျိုးစိန္တကျော်သူ ဆို-ရတုအမျိုးမျိုး။
၆၈ ရွှေယင်းမာရွာစား မင်းလှရွှေတောင် ဆို-ရတုအမျိုးမျိုး။
၆၉ တောင်ငူမြို့ စာရေးကြီး ဦးကြီးဆို-ရတုအမျိုးမျိုး။
၇၀ ဖောင်ဝန် ဦးဖဲ ဆို-ရတုအမျိုးမျိုး။
၇၁ ဘပယင်းဝန်-မောင်ပု ဆို-ရတုအမျိုးမျိုး။
၇၂ ဆရာ ဦးဂန္ဓိရ ဆို-ရတုအမျိုးမျိုး။
၇၃ မောင်တိုး ဆို-ရတုအမျိုးမျိုး။
၇၄ နန္ဒကျော်သူ ဆို-ရတုအမျိုးမျိုး။
၇၅ ရွှေလေးမှူး ဆို-ရတုအမျိုးမျိုး။
၇၆ ရွှေဒိုင်းမှူး ဆို-ရတုအမျိုးမျိုး။
၇၇ ဥကာပျံ ဆို-ရတုအမျိုးမျိုး။
၇၈ လောကမှန်ကင်း လူထွက်ကြီး - လက်ဝဲဇေယျသူရ ဆို-ရတု အမျိုးမျိုး။
၇၉ သံတော်ခံ ရာဇနန္ဒ ဆို-ရတုအမျိုးမျိုး။
၈၀ ဟံသာဝတီ ဆင်ဖြူများရှင် - ကိုယ်လုပ်တော် ထွေးလှ ဆို-ရတု အမျိုးမျိုး။
၈၁ ခင်မထွေး ဆို-ရတုအမျိုးမျိုး။
၈၂ စောမင်းနှစ် ဆို-ရတုအမျိုးမျိုး။



၈၃ ရဝေရှင်ထွေး ဆို-ရတုအမျိုးမျိုး။
၈၄ နန်းတွင်းသူ မယ်ညို ဆို-ရတုအမျိုးမျိုး။
၈၅ စစ်ကိုင်း သရေစည်သူကတော် ဆို-ရတုအမျိုးမျိုး။
၈၆ နန်းတွင်းသူ-မယ်ဖြူ ဆို-ရတုအမျိုးမျိုး။
၈၇ စစ်တောင်းဝန်သို့ အမွေဝန်ကတော် မယ်ခွေ ဆို-ရတုအမျိုးမျိုး။

## ၂-ကေပိုဒ်ရတု သဘောအဓိပ္ပါယ် မည်သို့ရှိသည်များကို သိသာထင်ရှားစေရန် ကေပိုဒ်ရတု စာကိုယ်များမှ ထုတ်နှုတ်ပြဆိုချက်

(၁) မဏိဂူဟာ၊ ရတနာ၏၊ မျက်နှာဆီသင့်၊ ပန်းစုံပွင့်ကို၊ သခင့်ဘို ရည်၊ တိမ်ကြား လည်မှ၊ ဇာနည်အသာ၊ သိန္ဓဝဟာ၊ ကသည့်ရထား၊ ဖြူ ထွားစက်ဝန်း၊ လိုဏ်နန်း ကြမ်းပြင်၊ ပြာသာဒ် ရှင်နှင့်၊ ကောင်းကင် မှလောက်၊ တမ်းခွန် ဆောက်မှ၊ ရွှေနောက် သံကာ၊ တန်တွာနှင်နှင်၊ အတု တင်လျက်၊ ကိုယ်တွင်မိန်ညို၊ မှောက်တိုသံချပ်၊ ဝတ်တပ် ကြဲသေး၊ ကိုင်လေး လက်စွဲး၊ မြားမ ခဲ၍၊ ရဲရဲ ရွယ်ချွန်၊ ကုန္တက် ရှစ်သောင်း၊ လေးထောင်ပေါင်းကို၊ ပုံတောင်းကျွံနစ်၊ မိုးကြိုးထစ်သို့၊ မပစ် မိခင်၊ ရန် လိုး စင်သော်၊ အပင် ရောက်တိုင်၊ မဥ္ဇူခိုင်ကို၊ ပျံ့လှိုင် ကောင်းစွာ၊ ရွှေး ချယ်ရှာ၍၊ သုံးဖျာ မှန်ကူ၊ ဆင်ထိုက်သူကား၊ စိတ်ဖြူသန့်ကြည်၊ သီလ တည်၏၊ နတ်ပြည် ငါးဆင့်၊ ဘုံထက် မြင့်သည်....မာရ်မင်း လက်ဲ့သို့ တကား။ ။[ရှင်မဟာသီလဝံသစပ်ဆိုစီကုံးတော်မူသည့် နေယျဿ,ဝက် ပုဏ္ဏိ ဥပစာရဿ၊ ပုဿာကေပိုဒ်ရတု။]

(၂) တရှိတူစွာ၊ လိုဏ် ဂူဟာကား၊ သစ္စာလေးမည်၊ လိုဏ်နန်း တည်၍၊ စံရည်မှန်စွာ၊ ရတနာမူ၊ လျှံဝါထွန်းညို၊ သတိ ဗောဇ္ဈင်၊ စုံအင် အပြား၊ ခုနစ်ပါးတည့်၊ မမှား တူစွာ၊ မျက်နှာဆီသင့်၊ လှတင့် တုလွတ်၊ အရဟတ္တ၊ ဖလ ဟူသည်၊ ပန်းစုံမည်၏၊ တတည်နိုင်းသင့်၊ နတ်ရှင့်ဘို ရည်၊ တိမ်ကြား လည်မူ၊ ရောင်ခြည်ခြောက်ဖြာ၊ ကိုယ်တော်ခွါ၍၊ လူ့ ရွာနတ်ခွင်၊ ပြာသာဒ်ရှင်ကား၊ သန့်စင်ဖြူစွာ၊ လက္ခဏာရေး၊ ရစ်မြေး မြီးစွာ၊ ထီးဝန်းကာ၍၊ ရှစ်ဖြာ မဂ္ဂင်၊ ပြာသာဒ်ယာဉ်မှ၊ ကောင်းကင် တမ်းခွန်၊ ဆောက်သောဟန်ကား၊ ငါးတန် ဥေယျ၊ ဗုဒ္ဓဉာဏ်သည်၊ တအင် တမ်းခွန်မည်၏၊ တတည်တူစွာ၊ တန်တွာနှင်နှင်၊ အတုတင်သား၊ ကိုယ်တွင်မိန်ညို၊ မှောက်တို မချက်၊ သမာပတ်တည့်၊ တုလွတ်နိုင်းအင်၊

ကြဲးသေး၊ ထိုအရေးမှု၊ ကြိုင်မွှေးပျံ့လှောင်း၊ သီတင်းပေါင်းသည်၊ မိန်
ချပ်မည့်၏၊ နှိုင်းရည်တုဘိ၊ ဝိသုဒ္ဓိမူ၊ မှောက်တိုဟူ၏၊ ကိုင်ယူလေးစွဲ၊
အမြဲးမှန်လှ၊ ဒသဗလော်၊ အားတော်ကားလေး၊ နှိုင်းသွေးတုဘိ၊ သတိ
လက်နက်၊ အချက်မြဲးလှ၊ ကိုင်ပြီးမှလျှင်၊ ထွန်းပနဘော်၊ မြားတော်
အလျှင်၊ မလွှတ်ခင်ဝယ်၊ ကောင်းကင်အောက်ထက်၊ မာန်စစ်ပျက်၍၊
ရဲးခက်စွယ်ချွန်၊ ကုမ္ဘက်ရှစ်သောင်း၊ လေးထောင်ပေါင်းကား၊ အ
ကြောင်းမှန်စွာ၊ အဝိဇ္ဇာနှင့်၊ တဏှာကိလေ၊ အနေရုံးပေါင်း၊ နှစ်သောင်း
လေးထောင်၊ မြားမြောင်ရံကာ၊ ရှင်းရှင်းကွာ၍၊ လေးဖြာဇုဒ္ဒိပ္ပါဒ်၊
ပုံတောင်း ခတ်ထက်၊ မတ်မတ် စီးနင်း၊ သုံးလူ့ မင်းလျှင်၊ မဋ္ဌူ ပင်
တည့်၊ ရောက်ထင်ထွန်းပ၊ မာရ်မင်းလလျှင်၊ မုချဆတ်ဆတ်၊ ဘုရားမှတ်
လော့၊ တုလွတ်ဆင်တန်၊ နိဗ္ဗာန်ပွင့်ဖြူ၊ ပန်းမဋ္ဌူကို၊ သုံးလူဆရာ၊ ဘုရား
သာလျှင်၊ အမြဲးဆင်မှ၊ သုံးခွင်ဘုံသား၊ ဆင်သူများကို၊ ဘုရားဘုန်းထူ၊
ရွေးချယ်ယူ၍၊ မဋ္ဌူနိဗ္ဗာန်၊ ပေးသည့်မှန်ဟု၊ ကေန်ပြတ်ပြတ်၊ အမြဲးမှတ်
လော့၊ တမွတ်စံတင်၊ဘုရားသျှင်လျှင်၊သုံးခွင်ဘုံဆင့်၊ လွှန်၍တင့်သည်....
ဈာန်နှင့်ကသဖွယ် တကား။ ။[ရှင်မဟာသီလဝံသ စပ်ဆိုတော်မူသည့်
မဏိဂူဟာ အစချီသော နေယျတ္ထ,ဝက်ဝုတ္တိ, ပုစ္ဆာကေပိုဒ်ကို အမေး
အလိုက် ရှင်မဟာရဋ္ဌသာရ ဖြေဆိုတော်မူသည့် ကေပိုဒ်ရတု။]

(၃) မေးဖြေဖြောင့်၍၊ ရှစ်သောင့်းလေးထောင်၊ အစော့ဆောင်
သည်၊ တောင်၏ထိပ်ဆီ၊ မြင်းမိုရ်ညီ၏၊ အစီအလျဉ်၊ အစဉ်မပြတ်၊ လေး
ကျွန်းပတ်သား၊နက္ခတ်တာရာ၊ ကြယ်ပမာသို့၊ လက်ာကုံးသီ၊ စကားစီစီမ့်၊
အချီအချ၊ သတ္တရတနာ၊လက်ာနှင့်ဆန်း၊ဆိုညွှန်းမိန့်သင့်၊ အဖွင့်ခြေ့တန်၊
သမ္ဘန်ခြောက်ပါး၊ စာသွားစာစပ်၊ စကားချပ်နှင့်၊ရှူး,အပ်ရာထား၊ ဆား
ဘုံးမသိန်၊ စိန်နှင့်သလင်း၊ တွင်းတူး,တွင်းနေ၊ လေးပါးထွေကို၊စေ့ရေဆို
မူ၊ မုဒုဝစန၊ တိက္ခဟာသော်၊ ခလးပါးကျော်သား၊ အာဘော်ထုတ်၍၊
စုဒ်စောဒန၊ ပဒအနက်၊ စက်နှင့်ပိုင်း၍၊ တိုင်းတိုင်းဗွင်ဗွင်၊ သွင်သွင်
ရထား၊ ထွက်ကရားသို့၊ စကားအင်စုံ၊ နှုတ်ဝယ်ငုံလျက်၊ အာဂုံအာဂါ၊
ပညာမျက်စိ၊ သတိဖြန့်မိုး၊ ဉာဏ်အရှိးကို၊ ဖြောင့်ထိုးထွင်းမှန်၊ လက်ရွေး
ဆန်သို့၊ ကာချန်ပစ်ချ၊အနှစ်ရမြဲး၊ သာရခဲးကို၊ အထဲးမယူ၊ တံချူမညွှတ်၊
မဆွတ်လေ၍၊ နည်းမတွေ့လည်း၊ ခြေသော့ဆိုလျက်၊ သိဂ်ီခွက်တွင်၊ အမြဲး
တင်သို့၊ အစင်သန့်သန့်၊ လရောင်ဖြန့်သည်....ကောင်းညွှန့်ထွေပြား



စကားသင့်အောင်ဆိုစေသော။ ။[ရှင်မဟာရဋ္ဌသာရက ရှင်မဟာသီလ
ဝံသထံနှင့် ဒုတိယမင်းခေါင်ထံသို့ ပေးသည့် ကေပိုဒ်ရတု။]

(၄) ဤသို့စုံစီ၊ တောင်ကိုသီသို့၊ ဤတွင်ရွှေကား၊ ချောမွေ့ သာ
ယာ၊ ဒေသနာဖြင့်။ ဂါထာအနက်၊ အစုံဖက်လျက်၊ ကြမ်းထွက်အညီ၊
လက်ာစီသား၊ ပန်းချီရေးခွက်၊ ဆေးခစက်သို့၊ ပဒက္ခရ၊ ဝဏ္ဏမတြာ၊
ဂါထာဆန်းကိုဏ်း၊ ကရိုဏ်းပယတ၊ အန္တယနှင့်၊ ဝဏ္ဏပရိစ္ဆေဒ်၊ ဂါမ္ဘိရဒ္ဒ၊
ပသာဒဟု၊ ဒေါသလွှတ်မူ၊ ပြစ်ကိုရှု၍၊ အဏုမြူညင်း၊ မြင်းမိုရ်တွင်းသို့၊
သတင်းဝှန်ချောက်၊ တောင်ကိုဖောက်သည်၊ စိန်ကျောက်ပမာ၊ သီလဝါ
လျှင်၊ ရတနာမွှေလျော်၊ ခါတ်တော်စုပုံ၊ ထုပါရုံဝယ်၊ စည်းခုံလုံးညီ၊
မဟေသိဉ္ဇ၊ စေတီယင်္ဂဏဝတ်၊ နိစ္စပတ်လျှင်၊ မပြတ်တံမြက်၊ ရှိဝတ်တက်
၍၊ မပျက်စေရ၊ မျိုးသိဿအား၊ သင်ကြားကျမ်းဂန်၊ ဓိပ္ပါယ်ပြန်မှ၊
ဂန္ထဓုရ၊ ရောက်သမျှနှင့်၊ သမထ ဝိပဿနာ၊ စီးဖြန်းပါ၏၊ နောင်လာ
တို့အား၊ တပည့်သားကို၊ မှတ်သားဆောင်ကြဉ်း၊ ဂုဏ်ကိုဖျဉ်း၍၊ စိုးစဉ်း
ကျမ်းဂန်၊ တတ်သောဟန်ကား၊မာန်လည်းတင်းတင်း၊ စိတ်ဟဉ်းလင်းနှင့်၊
အတွင်းတခြား၊ ပြင်မှထား၍၊ ပြင်တရားကို၊ ထိမ်ဝှက်သိုမူ၊ တိုးယိုပက်
ပါ၊ မြစ်လဟာသို့၊ ပညာကျယ်လျက်၊ အဝင်နက်သည်၊ ဝက်လေးချက်
မှာ၊ တွတ်တွတ်ပါ၏၊ ငါသာငါထက်၊ မာန်မတက်နှင့်၊ အထက်နေမင်း၊
လေးကျွန်းချင်းလည်း၊ မလင်းတိမ်တိုက်၊ တကျွန်းမိုက်၏၊ နှိုင်းလိုက်သည်
သာ၊ ဤအရာကို၊ ပညာရှိကာ၊ သတိရလိမ့်၊ လကိုနှုန်းထွေ၊ နေကိုနှိုင်း
သင့်၊ မြေနှင့်ပမာ၊ ကျင့်အပ်ရာ၏၊ မြတ်စွာဟောနည်း၊ ထိပ်ကမ္ဘည်းကို၊
သိလည်းသိလျက်၊ သိခေါက်လျက်လျှင်၊ သရက်နှင့်အိုး၊ ကြွက်နှင့်မိုးသို၊
အရှိးစင်စစ်၊ အကာပစ်လျက်၊ အနှစ်ကိုသာ၊ ယူအပ်ရာ၏၊ ပမာသွေး
သီ၊ ထုံးရိုးမှီမူ၊ ဂန္ထိထဲးနက်၊ လွှန်ခဲးခက်စွ၊ ရွှေဖြတ်စကို၊ ခမ္ဘသိမ်းအုပ်၊
ပေယာချုပ်လျက်၊ သရပ်ကျယ်ဝင်း၊ ဒလဟင်းလျှင်၊ ဖြောင့်စင်းခါခါ၊
တတ်စိမ့်ငှာလျှင်၊ မဟာသီလဝံသ၊ ဉာဏ နက်စုံ၊ အဖြည့်ခံ၏၊ ပုံစံင့်
ဆည်း၊ သမိုင်းတည်းသည်....ကမ္ဘည်းရွှေစာ မော်ကွန်းတည်း။ ။[ရှင်
မဟာသီလဝံသက ဒုတိယမင်းခေါင်ထံသွင်း ကေပိုဒ်ရတု။]

(၅) အမျိုးလေးပါး....လူတို့ အားကို၊ စီးဖွားယုတ်မြတ်၊ အတတ်
ပညာ၊ အဖြာဖြာလျှင်၊ လူတို့ခွင်၌၊ သိမြင်ခဲးမှု၊ လေးလေးခုတွင်၊ နှစ်ခု
ခွဲးဝေ၊ ခွေးရှစ်ထွေကို၊ သိနေမှန်စွာ၊ ကြောင်းခြင်းရာမူ၊ ပမာဆိုရိုး၊ မိုး

နှင့်သရက်၊ အိုးနှင့်ကြွက်သို့၊ သိခက်ခဲစွာ၊ ပညာတိမ်ညှင်၊ ကြိဆင်ခြင်၍၊
ကျယ်လျှင်ကားချဲ၊ ပွဲလျှင်ဖွဲ့လော့၊ နွဲ့လျှင်ကားသပ်၊ ခိုင်လျှင်ထပ်လော့၊
ကျစ်လျှင်သပ်ပင်း၊ ချောင်လျှင်ထွင်းလော့၊ နိုင်းခြင်းဆိုရေး၊ သိရေးခဲ
ညို၊ မြက်ကိုခွေးယူ၊ ဆိတ်မူအမဲ၊ လဲခြင်းအနေ၊ အဆွေခင်ပွန်း၊ အကြံ
ဆန်းသည်၊ နကျန်းမြော်ပါ၊ လူတကာတို့၊ အကာအနှစ်၊ အသစ်စိမ်းစို၊
ကျောက်ကိုယ်ကျောက်မျိုး၊ အဖိုးသိခဲ၊ ဤဖြစ်မြဲလည်း၊ ဝမ်းထဲမှတ်
ပိုက်၊ သတိတိုက်တွင်၊ ထားစေချင်ဟု၊ သံလျှင် သံကိုယ်၊ ဖျက်သော
ဆို၏၊ လှေကိုလှေပင်၊ ဆယ်ယူငင်သို့၊ ပုံပြင်ခြင်းရာ၊ မေတ္တာစာကို…
ကြောင်းချာယူဆ-တတ်စေသော။ ။[ရှင်မဟာရဋ္ဌသာရက ဒုတိယ
မင်းခေါင်ထံ ဆက်သွင်းသည့် ကေပိုဒ်ရတု။]

(၆) သု,စိ,ပု,ဘာ… ဝိ,လိ,သိ,ခ၊အက္ခရာစွဲသုံး၊ဤရှစ်လုံးကို၊သိကုံး
ပန်သွင်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျိုနု၊ အခြေပြုတို့၊ ဥဇုဘူတ၊ လုံ့လ
ပြင်းစွာ၊ သူ့ထက်ငါဟု၊ နှုတ်မှာရွရွ၊ ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး၊
အထူးသိမြင်၊ ပညာ့ရှင်ဟု၊ မထင်မပေါ်၊ မကျော်စောပဲ၊ တိမှာလွဲအံ့၊
အရဲကြိုးကုတ်၊ ကြက်ရဲသုတ်သို့၊ အားထုတ်ခုံမင်၊ မသင်မအံ၊ မကြံ
မမေး၊ ဆွေးနွေးရောနှော၊ ပြောဟောမွဲတွေ၊ ပေချပ်ရေဖြင့်၊ ကုန်စေ
ဆန်းသာ၊ သင်ချေ ပါလည်း၊ ဘယ်မှာ ဂုဏ်ရှင်၊ ကျော်စော ထင်ချိမ့်၊
စာသင်ဟူက၊ ကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုဇွန်စား၊ ကြွတ်
ကြွတ်ဝါးသို့၊ လွှသွားပမာ၊ ကျောက်ထက်စာသို့၊ လိုရာရအောင်၊ ကြံ
ဆောင်လေ့ကျက်၊ အနက်မိပ္ပါယ်၊ နှုတ်ဝယ်ရွရွ၊ ထားချေမှတည့်၊ တစ
ပေါ်လျှင်၊ ချည်စင်သို့၊ သဘင်ပွဲမှောက်၊ဆိုရေးရောက်က၊လန့်ကြောက်
မရှိ၊ သတိမြဲနိုင်၊ ကျောက်တိုင်ပမာ၊ ကေသရာသို့၊ ရွှံရှာမွဲလျှင်း၊ ဆို
ခင်း နည်းနာ၊ အဖြာဖြာကို၊ မကြာနှုတ်လျှောက်၊ ခွန်းချင့်ထောက်လော့၊
အံ့လောက်ဖွယ်သာ၊ ဂါထာ ပါဠိသား၊ စကား ဝိုက်လည်၊ စည်ရှည်
ရှေးတီး၊ စကားကြီးက၊ စသည်ထိုထို၊ ဝိဂြိုဟ်ဝစနတ်၊ ခတ်ရပစ္စည်း၊
ထုံးနည်းပမာ၊ ဂါထာ ဆန်းဂိုဏ်း၊ ကရိုဏ်း ဌာန်စစ်၊ ဖွင့်လှစ် ဋီကာ၊
အဋ္ဌကထာ ပါဠိ၊ အောက်ထက်ညှိ၍၊ ကဝိလက္ခဏာ၊ အဖြာဖြာကို၊
သေချာဆည်းဆ၊ ဆိုဝံ့ကလျှင်၊ ဘဝဤတွင်၊ ချမျက်မြင်လည်း၊ မထင်
ဘယ်မှာ၊ ရှိဘိရာအံ့၊ သံသရာ လည်း၊ ပမာကဲလွန်၊ အဆုံးစွန်မူ၊ ညီမွန်
တုလွတ်၊ သုံးလူ့နတ်ဝယ်…အကျွတ်ဘယ်မှာ ဝေးတော့မည်။ ။[ဝင်း



ကေပိုဒ်ကို အချို့ပေစာများတွင် တောင်ဘီလာဆရာတော် ပုဏ္ဏိုလ်ကျော်
စပ်ဆိုတော်မူသည်ဟု အမှတ်အသား ရှိသော်လည်း အထွင်းဝန်-မိုင်းနိုင်း
မြို့စားမင်း ရေးသားသည့် မဟာရဋ္ဌ သာရပ္ပတ္တိကထာတွင် ရှင်မဟာ
ရဋ္ဌသာရဆို ကေပိုဒ်ဟုရေးသားပါရှိသည့်ပြင် တောင်ဘီလာ ပုဏ္ဏိုလ်
ကျော် ရေးသောစာလည်း သီးခြား ၃-ပုဒ်ရှိသေးသည်။]

၃-ရတု ၃-ရပ်အနက် "အဖြည့်ခံရတု" သဘောအဓိပ္ပါယ်
မည်သို့ရှိသည်များကို သိသာထင်ရှားစေရန်
အဖြည့်ခံရတုစာကိုယ်များကို ပြဆိုချက်

(၁) ဥဒည်းစက်ပြင်….အာကာခွင်က၊ ယာဉ်ရှင်သွားမှတ်၊ နောက်
ကျွန်း ပတ်သား၊ သာထွတ်လွန်ကဲ၊ ကန်တော့ပွဲဝယ်၊ ပုလဲရောင်ခြည့်၊
ရွှေရည်စင်မော၊ မြနှင့်ရောသို့၊ တွေးတောမဆုံ၊ မူကြအံ့သား၊ ချောညို့
ထုတ်ထွတ်၊ ဝင်းညိုမွတ်လျှင်၊ ရုံပတ်ထွေဝန်း၊ သော်တာထွန်းသို့၊ ညီး
ရွှန်း ကြည်ရွှင်း၊ စံပ ကျင်းသည့်….အတွင်းရွှေဂူ ပြင်ရွှေဂူ။

စုလည်းလက်သင်….မြကွန်းလင်နှင့်၊ နှစ်ထွင်ပေါ်သစ်၊ မရစစ်တည့်၊
ကျစ်လစ်ငြိမ့်ချေ၊ ဖော်သုံးရွှေနှင့်၊ ညနေချမ်းခါ၊ ရှင်တော်ရာဝယ်၊
သဒ္ဒါ ညွတ်ကြိုက်၊ မြင်မိလိုက်၍၊ လက်ဦထိပ်ပြင်၊ ပန်ဆင်စရာ၊ သည့်
သာနောင်ရန်၊ ဘုန်းချင်းညွှန်၍၊ မကျန်ကြောင်းချာ၊ နေရပ်ရာကို၊
မှန်စွာဇာတိ၊ မေးသည်ရှိသော်၊ မသိသာလျှင်း၊ ဆိုချွတ်ယွင်းသည်….
နဝင်းနေတူ တွင်နေတူ။ ။[နဝဒေးကြီးဆိုရွှေဂူဘုရားတိုင်အဖြည့်ခံရတု။]

ကုဟည်းငှက်ဆင် *….စီးလျက်ပင်တည့်၊ ကောင်းကင်ပျံကြွ၊ သူရိယ
ဟု၊ ဘုရာ့လျာမှန်၊ ထွတ်ဘုန်းသန်လျှင်၊ ဆင်းကြွန်လျှံညီး၊ မင်းသမီး
ကို၊ ဇနီးကြင်သူ၊ တင်ခဲ့ယူ၍၊ အတူစုံပူး၊ ပျော်စံဘူးသား၊ ဝေးကြူး
ရပ်မြေ၊ ခြားရှိလေသည်၊ သက်ဝေရအောင်၊ ကြိုးပမ်းဆောင်၍၊ လှ
ခေါင်နတ်ဆင်း၊ စုလည်းကွင်းနှင့်၊ ညခင်းမြင်လစ်၊ ရွယ်သစ်သစ်၏၊
ဆစ်ဆစ်ဌာန၊ မသိရသော်၊ သကျရွှေဂူ၊ မြတ်နှစ်ဆူဝယ်၊ ကြည်ဖြူ

* ကုဟည်းငှက်ဆင်- ဟူသည်ကား လက်ပံတော၏ သနင်း ဂဠုန်မင်းကို
ဆိုလိုသည်။ လက်ပံ ၅၅-မျိုးတွင် "ကုဟည်း" အမည်ရှိသော လက်ပံပင်
လည်း သီးခြားရှိသည်။

စိတ်ရွှင်း၊ တောင်းလျှောက်လင်းသည်....မယှဉ်းဆွေသူ-ကြင်ဆွေသူ။ ။[ဤင်းအဖြည့်ခံတွင် ပိုဒ်စုံပြည့်အောင် ရှင်သူရဲးဖြည့်သည့် ရွှေဂူဘုရားတိုင် တတိယပိုဒ်ရတု။]

(၂) ပယင်းရောင်ရည်....ထွန်းလင်းကြည်သား၊ ပြစ်ခြည်ဆံရွက်၊ မြူမစက်တည့်၊ ဖြာညက်သွယ်ညွတ်၊ ဦးရွှေချွတ်သို၊ ထွားမွတ်ပျိုချော၊ ငယ်သဘောလည်း၊ ထုံးကျောကေရှင်၊ နှစ်တွင်မိစ၊ ရွက်ချပ်မြနှင့်၊ ပြည့်ညညိုသွယ် နွဲ့တကား။ ...မြင်ဆင်း

သလင်းထောင်ခြည်....ဝယ်ခဲ့သည်မူ၊ ကျေးပြည်ရပ်ဆန်း၊ သဇော်ကျွန်းက၊ ပျံ့မွှန်းကြိုင်စွာ၊ ထုံလျက်ပါသည်၊ မလွှာနှံ့ချည်း၊ တနံတည်းကိုသိပ်သည်းလေပင်၊ စံပယ်တင်မှ၊ မတင်နိုင်းရှဲ့၊ ပြာချောလဲ့ကို၊ ဘက်မဲ့မရှိ၊ နောက်မျက်စိဝယ်၊ မသိကျိုးပြစ်၊ ကြင်သည်ဖြစ်ကို၊ သစ်သစ်နားတွင်၊ လျှောက်လိုက်ချင်စွ၊ မထင်ဖြိုင်ချင်း၊ နှိုင်းရာကင်းသည်....တင်ခင်းဆိုတွယ် မဲ့တကား။ ။[နဝဒေးကြီး-အဖြည့်ခံရတု။]

အဆင်းဆောင်သည်....သွမောရည်မူ၊ မပြုလာဝံ့၊ ပြာချောဖွံ့ကို၊ မတုံကြည်ဟန်၊ မျက်စိကြန်မျှ၊ စိတ်သန်ဆုရော်၊ မြတ်သျှင်တော်ဝယ်၊ သုံးဘော်ရွယ်နု၊ ခေါ်သာမုဖြင့်၊ တခုလာရာ၊ အာရုံသာတည့်၊ မြင်ကာတော်မိ၊ လှခေါင်ထိကို၊ မျက်စိမဆုံး၊ တသက်လုံးလျှင်၊ ချစ်ထုံးမပြေ၊ ကြည့်ချင်လေစွ၊ ပြစ်ကွေတင်ခင်း၊ မရှိလျှင်းသည်...သွင်ဝင်းပျိုရွယ်လဲ့တကား။ ။[ဤင်း နဝဒေးဆို-အဖြည့်ခံတွင် ပိုဒ်စုံ ပြည့်အောင် ပယ်သူငယ်စားဖြည့်သည့် တတိယပိုဒ်စုံရတု။]

(၃) မကိုဋ်ထားတည်....ထွတ်ဘုန်းစည်လျှင်၊ ကြွမည်မြွက်ဖိတ်၊ ဇိန်ဗျာဒိတ်ကြောင့်၊ နိမိတ် ငါးဆူ၊ ပေါ်သော ပုရတွင်၊ သစ္စာနာမံ၊ ကမ္ဘည်းခံသည်၊ နတ်လူ တည်ကြခြောက်ပါးတို့၊ ရှေးဖျားစတည်၊ ငါးမာရ်လည်ကို၊ တောင်ယံ မြင့်ဖျား၊ မင်းကပ်သာရ ထက်၊ ဇိန ဘုန်းလျှံ၊ သိဒ္ဓတ်စံသည်၊ ရွှေနံတုပန်း၊ တင်ဆက်မှန်းသည်၊ ခေတ်ဆန်းလေးစုံ၊ ကိန်းဝပ်ပုံသည်....ဉဏ္ဏလုံနှင့် ငါးဆင့်နေမည် အရှင်သော။



သမိုက်ပွားစည်....ကမ္ဘည်းသည်လျှင်၊ ရှစ်မည် ပေါ်ထွန်း၊ မြို့အောင်ခန်းက၊ ရေသွန်းအခါ၊ လျှောက်မည်မှာမူ၊ လကျာ မက၊ လေးဒီပကိုပိုင်သ မည့်ရှင်၊ မယ့်သခင်လျှင်၊ မယ့်ပြင် အထူး၊ သူတဦးကို၊ မကူးမကျော်၊ သစ္စာတော်နှင့်၊ ညီလျော် နှိုင်းမျှ၊ ယခု ကတည့်၊ နောက်မှ သွေဖည်၊ ကျင့်လိမ့်မည်ကို၊ ကြိုစည်ယူဆ၊ စိုးနှင့်လှခဲ့၊ ဘဝတိုင်းကြို၊ မြဲးဆုလှုသည်....ဂုဏ်အစုံဖြင့် ပွားမြင့် ပေမည် အရှင်သော။ ။[စေဥ္စကူးမင်းလက်ထက်၊ ပညာရှိ-မောင်ယာဆို၊ တန်ခူးလမိသရာသီဘွဲ့ အဖြည့်ခံရတု။ ။ဤင်းအဖြည့် ခံကို၊ နောက်ပညာရှိတို့ဖြည့်သည့် တတိယပိုဒ်ဟူ၍ မကြားမသိမတွေ့မမြင်ဘူးချေ။]

(၄) သောင်းလုံးရာစင်... သင်္ချာလည်ပတ်၊ စက်ဝန်းနတ်သို့၊ ဖြာသာဒ်လျှံပြောင်၊ ဗိမာန် ဆောင်သည်၊ ဖန်ရောင် ဖြိုးဘိ၊ သုံးဝိထိ၌၊ ဒက္ခိဏာယာဉ်၊ လှည့်လည်စဉ်ဝယ်၊ စက်ယှဉ်ကြွားကြွား၊ ယန္တရားနှင့်၊ လေးမြားစိုးကိုင်၊ လက်နက်ဖြိုင်သည့်၊ ကြံခိုင်ရဲးခက်၊ ရာသီစက်သို့၊ ဝက်ဝက်လှစ်ထွင်း၊ သုရိန်ချင်းက၊ ဆီးနှင်းတွေလိမ်၊ ဆင်ရာတိမ်ဟု၊ မငြိမ်ယောက်ယက်၊ တိမ်နိုး ထွက်၍၊ ဘဝင်လုံးပင်၊ အဖြည့်ဆင်သည်... ကောင်းကင်ညိုရည်-လျှမ်းတော့သည်။

ဆောင်းတုံးမှာပင်....ဗျာပါ ဝိတက်၊ စိတ်နှောင့်ရှက်၍၊ ပြောင်းလျက်ညှိုးမြန်း၊ ရှုမခန်းတည့်၊ တိမ်ပန်းညိုဆင်၊ မင်းလွင်ဝေဝေ၊ မြောက်လေညင်းညင်း၊ ဆီးနှင်းမှုန်မှုန်၊ မြူခုံမိုးရိပ်၊ ကြယ်ဖြောက်ဆိပ်က၊ ရေလိပ်ခေါင်းဆီ၊ ဟသာမှီသည်၊ ရာသီကဲးလွန်၊ ရောင်ခြည် ဝှန်၍၊ ဗုဒ္ဓန်တာရာ၊ နီးပြန်လာခဲ့၊ အာကာမှိုင်းလွင်၊ သို့အောင်စင်ကို၊ ဝမ်းတွင်နိုင်ခံ့ဘယ်တည်တုံ့လိမ့်၊ဆွတ်ပျံ့မရှင်၊ အတိုင်းပင်သည်... ကြောင်းအင်ဆိုမည်-တမ်းတော့သည်။ ။[ဆရာကြီး ဦးဂန္ဓီရဆို-အဖြည့်ခံရတု။ ။ဤင်းအဖြည့်ခံကို နောက်ပညာရှိတို့ဖြည့်သည့် တတိယပိုဒ်ဟူ၍ မကြားမသိမတွေ့မမြင်ဘူးချေ။]

(၅) မှိုမင်္ဂလာ....နန်းသိင်္ဂါမှ၊ စကြာ တောင်ထွတ်၊ လောကဓာတ်၌၊ လူနတ်များပန်း၊ နိဗ္ဗာန်မြန်းတွင်၊ လေးနန်းစံနေ၊ မြတ်သည့်မွေကို၊ ကြက်သရေ လျှံမြူး၊ ဆောင်မြင့်ဦးက၊ ရှိထူး တိုက်အောင်၊ လျှောက်လက်ဆောင်မူ၊ ရွှေညောင် နန်းမြင့်၊ ဉကင်ဘွင့် ဝယ်၊ ခြောက်ဆင့် ရောင်ကန်၊ ဂါထာ ဗန်၌၊ စိတ်ညာဏ်ဖြူဝင်း၊ လေးပါးမင်းမျှ၊ ဦးကင်းထိပ်ဗွေ၊

မိုး–ရေ–လေနှင့်၊သန္ဓေယူဖွား၊ ပန်းနှစ်ပါးကို၊ ထိပ်ဖျားဆယ်လက်၊ရှိပန် ဆက်၍၊ နံ့သက်မမှုန်၊ ပန်း၏ ဂုဏ်သည်....ဝရုဏ်နှင့် သိကြားလိုသော။

မြို့သင်္ချာ....နောင်လည်း ပါဝိမ္မ၊ ရှိကြာ ပန်ရွက်၊ လျှောက်သည် ချက်ကို၊ မွဲသက်နနယ်၊ ကစားရွယ်က၊ ပုန်းကွယ်မအား၊ မိတွယ်သားသို့၊ စကားသံချို၊ ကျိန်မျိုးဆိုလည်း၊ နောင်လိုကွယ်က၊ မလိုက်ပါဘူး၊ လိတ္တာများဖြင့်၊ အသံရင့်လျက်၊ ပွားဆင့်ရာသီ၊ နှစ် သုံးလီတည့်၊ ဝိဝိ ကျွန်းမျှ၊ နှစ်လုံး ချ၍၊ ပျမ်းမျှသက်တူ၊ ကြင်သည့်သူလျှင်၊ အယူနွဲ့ဖင့်၊ မုန်းအောင်ကျင့်ခဲ့၊ ကြံခွင့်ခဲ့ခက်၊ ကြင်ကြောင့်ပွက်လည်း၊မိန့်မြွက်သံဟုန်၊ သည်းအူ တုန်သည်... ဂဠုန်နှင့် နဂါးလိုသော။ ။[ဦးတိုး ဆို–အဖြည့်ခံ ရတု။ ။ဋ္ဌင်းအဖြည့်ခံကို နောက်ပညာရှိတို့ဖြည့်သည့် – တတိယပိုဒ် ဟူ၍. မကြားမသိမတွေ့မမြင်ဘူးချေ။]

(၆) သွန်းသွန်းမိုးလယ်....ဘဝင် ကယ်သား၊ မြနှယ် ညိုရင့်၊ တောင် ထွတ်မြင့်ထက်၊ ကြယ်နှင့် လနေ၊ သိန်း သချော်တိ၊ ရှောင်သွေ စေးလုံ ရှင်၊ မွဲသခင်။ ။ဆက်တင်လှူမည်၊ လက်ဆောင်သည်မှု၊ ထူးလည်တင့်လှ၊ ပျိုးမှပွင့်သား၊ နတ်မင့်းနံ့ငွဲ၊ ညှာမလဲ့သလဲ့၊ မွဲစတုရန်း၊ တော်သည့်ပန်း ကို၊ တိုင်းတန်း ညွတ်တွား၊ လျှောပန်ကြားသည်....သနားခံချင် ပါသော ကြောင့်။

စွန်းစွန်းကိုးကွယ်....တိုင်လျှောက်ဖွယ်တိ၊လေးသွယ်ကြောင်းအင်၊ မပြု ပြင်သား၊ မြစ်ပင်လယ်ဟန့်၊ စက်အကန့်ဝယ်၊ ချုပ်တန့်တဖန်၊ နောက် မပြန်တည့်၊ နိဗ္ဗာန်ပြည်နိုင်၊ မြို့ မန်တိုင်သို့၊ ပိုင်ပိုင်သာကြည်၊ ရူးရူးရည်၍၊ နာ၍၊ ဥပါဒါန် ယှဉ်၊ သံယောဇဉ်နှင့်၊ အယဉ် မကင်း၊ ဖြစ်ရ ခြင်းကို၊ ဝမ်းတွင်း သွယ်သွယ်၊ ငြီးငွေ့ဘွယ်သား၊ ကြီးငယ်ခွန့်ရှည်၊ မျက်လှည့် သည်ဆို၊ အတည် မကျ၊ ဖြစ်ပြန်ရရှင့်၊ ရှေးကစိတ်ထား၊ ခုတခြား တွင်သူ အဝဆင်ဖြူများသျှင် စာဆိုတော်မယ်ထွား ဆို–အဖြည့်ခံရတု။ ။ သည်....တရားစံလျှင် ကွာသော့ကြောင့်။ ။[စစ်ကိုင်းမင်းသမီး အမည် ဋ္ဌင်းအဖြည့်ခံကို နောက် ပညာရှိတို့ ဖြည့်သည့်-တတိယပိုဒ်ရှိသည်ဟူ၍၊ မကြားမသိမတွေ့မမြင်ဘူးချေ။]



## ၄–ရတုသုံးရပ်အနက် ပိုဒ်စုံ ၅–မျိုးရှိသည်တွင် "၃–ချက်ညီပိုဒ်စုံရတု" သဘောအစီပွါယ် မည်သို့ရှိသည်ကို သိသာထင်ရှားစေရန် ၃–ချက်ညီ ပိုဒ်စုံရတုစာကိုယ်များကို ထုတ်နုတ်ပြဆိုချက်

(၁) ဘုမိပါလ....ရာဇိန္ဒဟု၊နရသနင်း၊ မင်းဟူသည်၌၊အရည်အချင်း၊ သိတင်းဥစ္စာ၊ ပညာအမျိုး၊ မကိုးသာချေ၊ ကမ်းခြေသစ်ပင်၊ ရောက် သောသွင်သို့၊ ပုံပြင်တူငြား၊ သနားသော်သာ၊ လိုရာရောက်နိုင်၊ အငြိုး တိုင်ရှင့်၊ ဖြိုးလှိုင်ဂုဏ်အင်၊ ရှိပါချင်လည်း၊ အရှင်တမည်၊ မချစ်ကြည်က၊ လူရည်ညံ့ချေ၊ မိတ်ဆွေပေါင်းဘက်၊ မိဘလျက်လည်း၊ ယွင်းကွက်နှောင့် နှေး၊ မလေးမမြတ်၊ ဖြစ်တို့တတ်၏၊ အထွတ်ရန်နှင်း၊ မင်းလျှင်မွေးမြူ၊ ချစ်ကြည်ဖြူက၊ ဗိုလ်လူတကာ၊ မျက်နှာပြုချင်၊ ဆိုလျှင်နာပျော်၊ ဝတ်သော် တင့်နိုး၊ တန်းခိုးတေဇာ၊ ကုမုဒ်ကြာသို့၊ တူကာဖြစ်မြဲ၊ မချွတ်လွဲသည်– ဝမ်းထဲးစင်းလျှင်း ကြည်စေမင်း။

မနိုရာဇ....မိန့်တော်ပြသား၊ နရသနင်း၊ မင်းနှင့်ရဟန်း၊ ထွေဆန်း တသီး၊ မြွေနှင့်မီးကို၊ မကြီးငယ်ဟု၊ နှလုံးပြု၍၊ ဂရုမထင်၊ မဆန့်ကျင် နှင့်၊ မမြင်ရန်မိတ်၊ မင်းတို့စိတ်ကို၊ ငင်ဆိတ်မထား၊ တဆံဖျားမျှ၊ မမှား စောင့်ပေ၊ မှားမှောက်ချေသော်၊ ကပ်လေမှုပြစ်၊ မွဲပြာဖြစ်အောင်၊ ပြစ် ရာဇဝတ်၊ ပေးတို့တတ်၏၊ ရေးကတ်ရာခဲ၊ တပွဲးခွင့်သိ၊ လိုသင့်ဘိမူ၊ ခန့်ချိ မြတ်လေး၊ အရှင်မွေးက၊ နိုးဝေးအံ့ချီး၊ နေ့ချင်းကြီး၏၊ ထိုးနှင့်မြောက် စည်၊ လည်စလွယ်ပတ်၊ ရာကြီးမြတ်၏၊ မင်းမတ်ခံလို၊ လုလင်ပျိုတို့၊ သည် ကိုရည်မှတ်၊ မင်းလေးမြတ်အောင်၊ ကျင့်ဝတ်ကိုယ်တွင်၊ စုံစေချင်သည်– ပုံပြင်ခင်းကျင်း တည်စေမင်း။

သုတိသာရ....ဌာရသဟု၊ ယောကျာ်းဥစ္စာ၊ စုံမှသာလျှင်၊ နရာဘုန်း လူ၊ ချစ်ကြည်ဖြူ၍၊ ဗိုတ်လူနှုတ်ဗိုတ်၊ ကြည့်ရှုစိတ်၏၊ ပုရိတ်ကတ၊ကံပုည ကြောင့်၊ သိပ္ပမစုံ၊ မေတ္တာထုံလည်း၊ ရုက်ဆုံမပြား၊ အူတုံဘွားမှ၊ စိတ် ထားဝမ်းထဲ၊ ရှုစိတ်ခဲးမွှ၊ ပေါ်ထဲးစုံညီ၊ သိင်္ဂနှင့်နှင်း၊ တတ်စုံလှိုင်း၍၊ တက်တိုင်းရာကျ၊ ခွင့်သိကြလျက်၊ ကာလကိုစာ၊ ရပ်ရွာကိုမြော်၊ သူ့ အာဘော်ကို၊ တော်လျော်စေမင်း၊ ဖော်ရွေချင်းနှင့်၊ ကွယ်တင်းမျက်မြင်၊ ဖြစ်တင်မဆို၊ ဝန်တိုမတတ်၊ စိတ်မှတ်မထား၊ မင်းနားမချော၊ သဘော

ဖြောင့်စိုက်၊ မင်းသုံးဆိုက်အောင်၊ နှုတ်လိုက်လက်ပါ၊ တတ်ပညာသည်-
ဥစ္စာနီးရင်း တည်စေမင်း။ ။[ရှင်မဟာရဋ္ဌသာရဆို- ရာဇဝသတိ ၃-ချက်
ညီ ပိုဒ်စုံရတု။]

(၂) တသောင်းရှစ်ပြန်....လေးထောင်လွန်သား၊ ယုဂန်လှည့်သွား၊
လရထားနှင့်၊ နတ်သားနီးကြ၊ သောကာလဝယ်၊ သောကဓမ္မာ၊ ဌာပနာ
သား၊ သစ္စာဉာဏ်ပေါင်း၊ မရှုတောင်းသည်၊ ညီနှောင်းနှောင်စော၊မြတ်
မုဋ္ဌော။ ။ကြာမောနွေရက်၊ သက်ဆက်သည်ချည်း၊ မနည်းကုံးသီ၊မျှား
လေပြီတည့်၊ နှုန်းမှီတူစုံ၊ ဘုန်းချင်းလှုံကို၊ ကြေးမုံအသွင်၊ သို့ပင်နေကျ
ပါချင်လှ၍၊ ထိမ်းယရွှေဘော်၊ လျှောက်ပန် သော်လည်း၊ နားတော်
မညွတ်၊ ဆင်းကြာနတ်သည်....နှုတ်လွတ်မပါ မြွက်သော့ကြောင့်။

မပျောင်းရစ်ဟန်....ဗျာပါချန်၍၊ ပြန်ပြန်ကျိုးခက်၊ တုံ့မမြွက်ခဲ့၊ဘုန်း
စက်ဗျာဒိတ်၊ ချစ်နိမိတ်ကို၊ မယ့်စိတ်ယုံထိုက်၊ သို့စဉ်ကြိုက်ဝယ်၊ သုံးမိုက်
ပယ်မှောင်၊ ထွတ်ဘုန်းခေါင်သျှင်၊ ငြိမ်းအောင်ပြည့်ကြောင်း၊ ဖြည့်ပါ
ကောင်း၍၊ တသောင်းဇမ္ဗူ၊ လှည့်ယူကြိုက်ရာ၊ ရွေးခဲ့ရှာလည်း၊ စကြာ
လေ၊ ထွေထွေမသိ၊ မျက်စိတန်ဆောင်၊ ထွန်းပြောင်လျှံဝါ၊ သခင်သာဟု၊
မေတ္တာမပြန်၊ သက်လုံးနန့်သည်....ကြင်ညွန့်မဖြာ ရက်သော့ကြောင့်။

ခပေါင်းမြစ်ဝှန်....သည်ကိုလွန်၍၊ ရန်မာန်အောင်မြေ၊ လှည့်ခဲ့ဒွေ
စက်သား၊ ကွန်ရက်ခြည်စုံ၊ ပွင့်ငုံလျှံတောက်၊ သုံးပါးနောက်ကို၊မရောက်
ရွှေစက်တင်ဦး၊ ရသော်ထူး၍၊ ညွတ်နူးစိမ့်သား၊ သည်စကားမူ၊ ပျံ့ရှား
မဋ္ဌူ၊ နှင့်သာတူရှင့်၊ မပြု-စိတ်ညို၊ ရှိမည်ကိုလည်း၊ မြွက်ဆိုသမ်းမဲ့၊မတို
ဝဲးသည်....ချေလှုံ့မသာ ခက်သော့ကြောင့်။ ။[တောင်ငူမင်းဆို-သုံးချက်
ညီ ပိုဒ်စုံရတု။]

(၃) ပုဂ္ဂိုလ်ခြောက်မည်....သန္တေတည်သား၊ ဤသည်ပရိတ်၊ ရှစ်ဆယ်
စိတ်တွင်၊ ခုတိတ်နှောင်လျဉ်၊ သံယောဇဉ်လည်း၊ အယဉ်စိစိ၊ တိထိသာ
ခန်း၊ ပျော်မမြန်းခဲ့၊ ထူးဆန်း ကျူးလွန်၊ ဘုံသုံးတန်တွင်၊ နှင်းရန်တူ
ကြောင်း၊ ရွှေးချယ်လောင်းသော်၊ သောင်းကလွတ်ခွါ၊ ရာကကင်းဝေး၊



ကိုးယောက်ရှေးလျှင်၊ ရှင်ထွေးလှခေါင်၊ လှတန်းဆောင်သည်....သျှင်
အောင်-ကိုသာ လွမ်းမိခဲ့။

ထုတ်ဆိုဆောက်တည်....ခန်ငါးမည်လည်း၊ အတည်မမြဲ၊ လွန်ဆင်းရဲး
ခွဲ၊ စိုးကဲမသာ၊ ဤကာယာမူ၊ဖန်ရာဆင်ခြင်၊ ဌီသို့တင်လည်း၊ဘင်သို့သာ
ရောက်၊ တတောက်တက်တက်၊ တသက်သက်တည့်၊ မွန်းချက်ဦးတင်၊တို
ခွင်မိုက်မှောင်၊ လေးမည်ရောင်လည်း၊ ရာထောင်ဆကာ၊ မနှုန်းသာသား၊
ဝိဇ္ဇာယှက်မြေး၊ ယိုသည့်ဘေးကြောင့်၊ တုန်ဧးသည်းတွင်း၊ ခြင်ဆီချင်းမျှ၊
ပျံ့သင်းမရှင်၊ ရှိစဉ်ပင်ကို၊ နှောင်မြင်ငြိမ့်ရှုန်း၊ လှတုကျွန်းသား၊ သုံးခန်း
ခေတ္တာ၊စုံတိုင်းပသည်....သျှင်ယ-ကိုသာ တမ်းမိခဲ့။

နုတ်ချို လျော့ကမည်....ကြံမိသည်ကြောင့်၊ ရွှေပြည်ဘုံစွန်၊ နိဗ္ဗာန်ကို
ပင်၊မလိုချင်သေး၊ရှင်ထွေးလှလွန်၊လှတမ်းခွန်၍၊ ကျူးလွန်ချိသာ၊ ဩဇာ
ရွှေနွန်း၊ ကြိုင်ကြိုင် မွှန်းကို၊ ဦးစွန်းထိပ်ပြင်၊ ကောင်းစွာဆင်၍၊ ရွှေရင်
တော်ငွေ၊ လှုံရရွှေလျှင်၊ မမေ့ရလို၊ ဆက်တိုင်းကိုဟု၊ တ-ဆိုလျှောက်
မည်၊ ကြံမိသည်ကြောင့်၊ ရွှေရည်ဦးသစ်၊ စုံသော်ညစ်လိမ့်၊ တင်ပြစ်
ကင်းဝေး၊ ကိုးယောက်ရှေးလျှင်၊ ရှင်ထွေးလှခေါင်၊ လှတန်ဆောင်သို့
ရည်ဆောင် လွန်ကျူး၊ မရှင်မြူးသည်....သျှင်ဦး-ကိုသာ ယမ်းမိခဲ့။ ။
[ဟံသာဝတီရောက် မင်းတရားဆို-သုံးချက်ညီပိုဒ်စုံရတု။]

(၄) တောင် တွင် မြင်းမိုရ်....ကျွန်ုပ်ဆိုသား၊ ရေညှိရစ်သန်း၊ ရံခ
ဝန်းလျက်၊ လေးကျွန်းအလယ်၊ လေးသွယ်ခြည်ရောင်၊ တပြောင်ပြောင်
လျှင်၊ ဘုန်းခေါင်အထွတ်၊ သုံးလူ့နတ်တို့၊ မချွတ်မေတ္တာ၊ ဘိဓမ္မာကို၊
မှန်စွာအခေါင်၊ကြားလွှ ့ဆောင်သည်....တောင်တွင်မြင်းမိုရ်သာတကား။

စည်တွင် ပဟိုရ်....ကျွန်ုပ်ဆိုသား၊ ခါကိုသိစေ၊ ရှစ်ကြိမ်နေဖြင့်၊ ချက်ချိ
ရေ မရွှေ၊ တီးခေလေ့ကား၊ ညဉ့်နေနာရီ၊ ခြောက်ဆယ် စီလျှင်၊ ချက်ချိ
လှည့်ကျူး၊ ညဦး သန်ကောင်၊ တောက်ရောင် မိုးသောက်၊ မွန်းတည့်
ရောက်က၊ ဝမ်းမြောက်ရှင်လန်း၊ လူရဟန်းတို့၊ ထက်ဝန်းဖူးမြင်၊ သိစိ
ရင်သည်... စည်တွင် ပဟိုရ် သာတကား။

နန်းတွင် မိညို....ကျွန်ုပ်ဆိုသား၊ မှောင်ကိုပယ်လင်း၊ ဆီမီး ဝင်းသို့၊
သီတင်း ငါးမည်၊ သီလ တည်လျက်၊ လှရည် ညက်လေး၊ ပြေး၍မဆို၊
သူ့ကိုနှိပ်စက်၊ မာန်မထွက်တည့်၊ ဝှန်တက်ပညာ၊ လက်ာရတု၊ ဆိုမှုရွှရွှ၊

ကြားကစိတ်ဝမ်း၊ သူ့နား ချမ်းလိမ့်၊ စွဲးလမ်း ကိုယ်တွင်၊ တောင့်နှယ် ထင်သည်···· နန်းတွင်မိညို **သာတကား**။ ။[နန်းတွင်းသူ မယ်ညိုဆို-ကိုယ်ရည်သွေး သုံးချက်ညီ ပိုဒ်စုံရတု။]

(၅) **ကျွန်းတွင်ဇမ္ဗူ**····ကျွန်ုပ်ဟူသား၊ သောင်းယူဇနာ၊ အောင်မြေချာ၌၊ မဟာဗောဓိ၊ တုမရှိသည်၊ သီရိမြတ်ဝေ၊ သုံးညာဏ်ထွေဖြင့်၊ ပဌေ့ ဗုဒ္ဓ၊ ရဟန္တာက၊ စသည် မန္တာတ်၊ စတ္တဝတ်တို့၊ မချွတ်ကောန်ဖြစ်မြဲမှန်သား၊ နိဗ္ဗာန်ဟူးဟူး၊ ကူးသောသူလည်း၊ ရှေးရှုလေရာ၊ တို့ကျွန်းသာလျှင်၊ ဆိပ်ညာဖြောင့်တန်း၊ မကောက်ယွန်းသည်··· **ကျွန်းတွင်ဇမ္ဗူ သာတကား**။

**ပန်းတွင်မဉ္ဇူ**····ကျွန်ုပ်ဟူသား၊ လှိုင်ကြူနံ့သာ၊ ဂန္ဓမာဖြင့်၊ တောင်သာထိပ်ပြင်၊ လိုဏ်မျက်ရှင်၌၊ ရာစင်အချင့်၊ ဖြူဖြူမြင့်သည်၊ မြနှင့်နှိုင်းအင်၊ တိုသစ်ပင်ကို၊ မြင်လျှင်မချွတ်၊ အာရုံမှတ်၍၊ မပြတ်လူပင်၊ ဖန်စီရင်သို့၊ မြေပြင်ကျယ်ဝန်း၊ ညွတ်ညွတ်ရွှန်းသည်····**ပန်းတွင်မဉ္ဇူ သာတကား**။

**နန်းတွင်မိဖြူ**၊ ကျွန်ုပ်ဟူသား၊ ကြီးမှုပညာ၊ ဥစ္စာရည်သွား၊ မျိုးမည်အားနှင့်၊ သားလည်းစုံအင်၊ ကြယ်သို့ထင်လျက်၊ မြင်မြင်သမျှ၊ သိမ့်ခေါင်ထွတ်၊ တတ်ပါစေချည်း၊ ဖွဲ့နည်းကဗျာ၊ လင်္ကာရတု၊ ဆိုမှုရွှန်ကြားကပြေပြစ်၊ ကညစ်ငုံချွန်း၊ ရေးသူပန်းလိမ့်၊ ရွှေနန်းစံတင်၊ ဘက်မမြင်သည်····**နန်းတွင်မိဖြူ သာတကား**။ ။[နန်းတွင်းသူ မယ်ဖြူဆို-ကိုယ်ရည်သွေးသုံးချက်ညီ ပိုဒ်စုံရတု။]

(၆) **သာလှမော၍**····စုံတောဂနိုင်၊ရွက်ချင်းဆိုင်သား၊ ရိပ်မြိုင် မြိုင်နက်၊ ရေကျောက်စက်ဝယ်၊ မြခက်ဝေဝေ၊ ပန်းသင်းခွေနှင့်၊ သပြေချယား၊ ကြိုင်ရှား သရဘီ၊ ထပ်စီရွှေသား၊ စံကားအတိ၊ ပည်းမျှရှိ၏၊ ဇာတိကျွန်းစည်၊ မင်းနေပြည်မ၊ ရွှေခေတ္တဝယ်၊ သက်မျှထပ်တူ၊ အိမ်စံသူတိ၊ သီရိကလျာ၊ ဖြူပြာနွဲ့နွဲ့၊ ကျန်ရစ်ခဲ့၍၊ ရှုငဲ့လျက်ပင်၊ ညှိုးမရွှင်တည့်၊ သုံးခွင်ရပ်မြေ၊ ချီရလေသော်၊ ညာကြေကျော်သောင်း၊ တန်းခိုးချောင်းသား၊ ဟေးလောင်းဘုန်းခေါင်၊ ဒွတ္တပေါင်လျှင်၊ ငါးထောင်သာသနာ၊ တည်စေငှာဟု၊ ကြည်ဖွာကောင်းမှု၊ ထားခဲ့ပြုသည်··· ဗာဟုတောင်ထိပ်-**မိုဖျားသော**။

ဒ္ဒါနစော၍၊ လှုပြောလေလေ၊ မြတ်ရှိသေသား၊ ခြောက်ထွေညာဏ်ရောင်၊ မိုးခေါင်ထက်မြင့်၊ ခြောက်ဆင့်အောက်ထက်၊ ဘဝဂ်ဝိဝိ၊ နှံ့မျှ



သိသည်၊ မုနိမြတ်စွာ၊ မည်သာဗာဟု၊ မြတ်ဓာတုဝယ်၊ လှုလှုသံညင်း၊ ဆုတောင်းခြင်းသည်၊ ရပ်ဆင်းပြင်လျာ၊ ထားကညာကို၊ ဖွေရှာယှဉ်သော်၊ ခုမမြော်ခဲ့၊ ညှိုးယော်မတည်၊ ဖြစ်ဖိသည့်ကြောင့်၊ သုံးမည် သိတင်း၊ တရေးမင်းလျှင်၊ ညာဏ်ဝင်းစက္ခု၊ ဖန်ဆင်း ပြု၍၊ ယခုဆောလျှင်၊ စုံအင်ငါးပါး၊ လှထွား စံလွတ်၊ ဝင်းညက်ထွတ်သည်····ချောမွတ် ရွယ်နု-**ပျိုထွားသော**။

**ပြာမြချော၍**···· မြကြောညိုရောင်၊ လျှံထွန်းပြောင်သား၊ မိုးခေါင်ထက်စွန်၊ဘုံဗိမာန်ဝယ်၊ ဝေယန်စံထွတ်၊ မဟာနတ်နှင့်၊မချွတ်တူရိုး၊ လွှမ်းခြင်း စိုး၍၊ သည်မျိုးနောင်ဆွေ၊ ကျန်ရစ်လေခဲ့၊ မပြေဆာပူ၊ ကျွန်ုပ်မှုကား၊ သည်းအူဆွတ်လွတ်၊ပြောင်းခွေညွတ်စွ၊ဆံခေတ်သရေ၊သျှင်တော်မွေ့ကို၊ ရှိသေ သဒ္ဓါ၊ လည်သောခါတွင်၊ မကွာယှဉ်စုံ၊ မြခုံစုဝေး၊ ရွှင်ဖေးလွန်ကျူး၊ ပင်မြင့်ဖြူးက၊ စုံပူးတူကွ၊ မြင်လကလည်း၊ ပိုက်ကျရှမ်းသွယ်၊ ပျိုနုနယ်ကြောင့်၊ စမွယ်ဖူဆွ၊ ကွေးကွေး လှလျက်၊ လ-လ စင်လန်း၊ ပေါက်ပေါတ်ပန်းနှင့်၊ ပျံ့မွှန်းကြဲမြော်က်၊ ဆုတောင်း လျှောက်ရှင့်၊ ကြိုင်ပေါက်ပျံ့ရှား၊ ပန်းစံကားကို၊ လက်ဖျား ကိုင်လှူ၊ တောင်းဆုယူသည်··· **အိမ်သူမျိုးမြတ် ကိုယ်စားသော**။ ။[နဝဒေးကြီးဆို-မြင်ဗာဟုဘုရားတိုင် သုံးချက်ညီ ပိုဒ်စုံရတု။]

## ၅–ရတု–သုံးရပ်အနက် ပိုဒ်စုံရတုငါးမျိုးတွင် “သပ်စေ့နှက် သုံးချက်ညီ ပိုဒ်စုံရတု” သဘောအဓိပ္ပါယ် မည်သို့ရှိသည် သိသာထင်ရှားစေရန် သပ်စေ့နှက် ၃–ချက်ညီ ရတုစာကိုယ်များကို ထုတ်နုတ် ပြဆိုချက်

(၁) **အချာ ပဝရ**····ဌာန အောင်ချက်၊ ဘူမိနက်၌၊ နှိုင်းဘက် တုကင်း၊ ထောင်ပြုခြင်းဝယ်၊ တောင်တွင်းခေါ်မည်၊ ထိုရွှေပြည်မှု၊ ရေကြည် နက်ဆုံး၊ ကျုံးလည်း သီတာ၊ လပကြာ * နှင့်၊ သန္တာအတိ၊ စီး၍ဘိသို့၊ မြို့နှင့် တန်းဆောင်း၊ ရဲးလောင်း ရင်တား၊ တံခါးလေးသွယ်၊

* လပကြာ ဟူသည်ကား–လရောင်နှင့်ပွင့်သောကြာ ဆိုလိုသည်။ အရိုးမှာ ဆူးမပါ။ ဝဇီရဗ္ဗုဒ္ဓိသင်္ဂဟတွင်–ကုမုဒ်-ကုမုဒြာ ကြာဖြူကို၊ ကော-အဘယ်ဝတ္ထုသည်၊ ပဗောဓယ-ပွင့်စေသနည်း၊ ဣန္ဒု–လမင်းသည်၊ပဗောဓယိ–ပွင့်စေ၏–ဟူ၍လာသည်။

ဖိုင့်ဖိုင့်ကျယ်၍၊ ခြောက်သွယ်ထုပ်ဝါ၊ နန်းတော်မှာလည်း၊ လယ်ချာ မှန်ကင်း၊ မင်းလည်း ဆွေစုံ၊ သီလထုံလျက်၊ မွေ့ပုံခြောက်ရောင်၊ အင်း တောင်စည်းခုံ၊ ထူပါရုံက၊ စသည်ဗုဒ္ဓေါ၊ ကျော်စေဘုရား၊ ရေသော် များ၍၊ တရားသဿာ၊ ရတနာတိ၊ ပည်းမျှ ရှိသား၊ ဇာတိခေါင်တည်၊ သာမျိုးစည်သည်....နတ်ပြည် တူတမျှ လှည့်သော။

နရာ ပထမ....တည်သောစက၊ ဌာနသည်းခြေ၊ ချက်မြှုပ်နေ၍၊ ဝေး ချေ ရပ်ထူး၊ မရောက်ဘူးတည့်၊ ရွှယ်လူးခင်ညို၊ သွေးကြဦးဆိုသော်၊ သံချို ခင်ဦး၊ ပျုံမြူးသာယာ၊ ပြန်ပိမ့်နာလေ့၊ ပမာထုံးစံ၊ ကြောင်းဝေး လံစွ၊ ၄က်ပျံခေါင်းလောင်း၊ ရေကြောင်းရှာသွား၊ ယောကျ်ားသားသို့၊ ကြက်ကား တတွေ၊ ဒေါင်းတငေးမျှ၊ မဝေးကြဘူး၊ မြေခေါင်ကျူး သား၊ ရပ်ထူး စွန်နား၊ တပါး ပြည်ရွာ၊ ရှင်တို့မှာသို့၊ လိုက်ပါစေ ကြောင်း၊ မသွေးကောင်းခဲ့၊ ရွေးနှောင်းနေတည်၊ ဆက်စဉ်ရှည်သည်... မှတ်ရည် ယူမဆ လှည့်သော။

အခါသမယ....ရောက်ကာလလည်း၊ ဌာနဘုရား၊ ကျောင်းကန် သွား သော်၊ ဝတ်စားဆင်ယင်၊ ထမ်းစင်သန်လျှင်း၊ စီးနင်းတသွယ်၊ အံ့ဘွယ် ရိပ်စက်၊ ကျိုင်းချင်းယှက်မျှ၊ စဉ်ဆက်ဘေးဘိုး၊ ဆောင်ရိုးကုံကြွယ်၊ ဘမိ ဝယ်လည်း၊ လိုမယ် မတ၊ ပြည့်စုံလှလျက်၊ မေတ္တာ့ စိတ်ထွား၊ ရွှေဝသား လျှင်၊ သနားတကိုယ်၊ တူပျော်လိုဟု၊ တွေးဆို မဆ၊ မြင်ခါမျှကို၊ ဗိဘ အုပ်ချုပ်၊ ကျွန်ုပ်ဘယ်မှာ၊ ရှင့်နောက်ပါအံ့၊ မေတ္တာ မြဲးချည်၊ သီလ တည်သည်....ညွတ်ကြည် ချူမရလှည့်သော။ ။[ရှင်သီလဝံသဆို-တောင် တွင်းမြို့ ဘွဲ့ သပ်စေ့နှက် ၃-ချက်ညီပိုဒ်စုံရတု။]

(၂) နန္ဒမည်သာ....နောင်ဘာဘတာကို၊ ဆယ်ဖြာလက်မိုး၊ ရှိစုံဖြိုး၍၊ ပ သာသနာ၊ ပျော်ပိုက်ပါလေ့၊ ပရမေ သကျ၊ ဂေါတမ၏၊ ထွန်း ချင့်ဘွယ်၊ နနနယ်သည်၊ လုံမယ် ကလေး၊ လှကွေးကွေးနှင့်၊ ပိုက်တွေး တူစုံ၊ ပျော်ချင်တုံဟု၊ အာရုံတမ်းကာ၊ မလွှမ်းပါနှင့်၊ ခန္ဓာအမျိုး၊ ပုပ် သိုးနံညှီ၊ တရားမှီလေ့၊ လောကီချမ်းသာ၊ လူတို့ရွာတွင်၊ ကိုယ်မှာပင် ယား၊ မဖျောက်အားခဲ့၊ နောင် အားခါမှ၊ ဖျောက်ရမည်ဘက်၊ ယား သည့်ကွက်ကို၊ မှတ်ချက်နှင့်သာ၊ ထားရပါရှင့်၊ ထွေရာလေးပါး၊ လူစိတ် ပါးသော်....မအားချင်အောင် မျှားလိမ့်မည်။



စန္ဒခြည်ဝါ... လရောင်ဖြာသို့၊ သာသနာ ထွန်းပ၊ ကြိုခဲလှ၍၊ တွေးဆ ရှေနောက်၊ ဉာဏ်ဖြင့်ထောက်၍၊ လက်ကောက်ရွှေကွင်း၊ ငွေခြေချင်း နှင့်၊ ဟိုသင်းတို့ဆီ၊ နောင်မသိနှင့်၊ အင်္ကျီကိုပစ်၊ ကျစ်စုံကိုပယ်၊ ခုမဖွယ် ဘူး၊ ပစ်ပယ် ဦးလေ့။ ပျိုလူးသက်ရွယ်၊ ငယ်လည်းငယ်၍၊ ခုနှယ်ချိန်က၊ အိမ်ထောင်ကျမှု၊ နှစ်ခွမအား၊ ထွန်တွင် နွားသို့၊ မယားပျောင်းနွဲ၊ မာယာ ဖွဲ့လိမ့်၊ ဟဲ့-မတ်တတ်ဆွေး၊ ဘေးကြီးသင့်သား၊ လူ့အပါးမှာ၊ မမှိုင်လာနှင့်၊ သွားပါတော့လေ၊ ငွေရှာချေလေ့၊ သားတွေတရိုင် *၊ မမွေးနိုင်ဘူး၊ သားဦး-သားနှ၊ ပုလုကွေးလေး၊ မမြင်သေးလာ့၊ ဆိုလ ကမူ၊ လောဘနိုင်ငံ၊ မောင်မင်းကြီလည်း၊ လိုက်လံကြီစား၊ ငွေရှာသွား သော်....မယားလင်မြှောင်ထားလိမ့်မည်။

ဂန္ဓရည်မာ....ထုံသင်းပါသည်၊ နံ့သာလောင်းမြှောက်၊ ပန်းပေါင်း လှောက်လည်း၊ လေအောက် သို့သာ၊ မွှေးနိုင်ပါ၍၊ လေညာ ကြိုင်ကြိုင်၊ မမွှေးနိုင်ဘူး၊ သုံးခိုင်ချမ်းသာ၊ ရကြောင်းရှာမှု၊ သာသနာမော်၊ ဘောင် ထိပ် ပေါ်က၊ မပျော်ဆင်းမည်၊ မကြိစည်နှင့်၊ စိတ်လည်သောဟန်၊ လိုလွန်လွန်မူ၊ ဈာန်ပျံရှင်မှ၊ မြေသို့ကျလိမ့်၊ ဒုက္ခဖွဲ့တွေ၊ ဆိုဘူးချေ၍၊ ကေသာညိုရောင်၊ ပိတုန်း တောင်သို့၊ မျက်တောင်ကြော့ကွေး၊ မင်ရေး မျက်လုံး၊ အံ့မဆုံးသည်၊ မပြီးတပြီး၊ ရွှေရင်ဖုံးလျက်၊ ဆဲ့သုံးလေးနှစ်၊ ကညာစစ်ကို၊ ချစ်စိတ် ဝေးလံ၊ ပစ်ပယ် ကြံ၍၊ ဆံကိုခုရိတ်၊ ကြူးချိတ် အင်္ကျီ၊ ညီကို ပေးဘိ၊ ရှိပုဆိုးများ၊ ရောင်းစား လေလေ၊ ဖျက်ဆီးချေ လေ့၊ စာပေကျမ်းဂန်၊ တတ်ပွန်ပညာ၊ လိမ္မာသိကြား၊ သူတော်ငြား သော်....တရားထင်အောင် ပွားလိမ့်မည်။ ။[ကျည်းကန် မောင်ရှင်ကြီး ရှင်နန္ဒဓဇက အစ်ကိုယ်ကိုပေးသည့် သပ်စေ့နှက် ၃-ချက်ညီပိုဒ်စုံရတု။]

(၃) ထစ်ရင့်ဖြိုးဝုန်....ရိုက်ကြည်းတွန်လျက်၊ ယုဂန်ချက်၍၊ ဆိတည့် တည့်က၊ မည်သည့်ခြင်းရာ၊ မသိသာခဲ့၊ ဗိမ်းပြာဖြူညို၊ နီလိုဝါကြန်၊ တင့် ဟန်ငုံပွင့်၊ နိမ့်မြင့်လိမ်ယှက်၊ ပန်းချီသက်သို့၊ ကိုးမျက်နှာလုံး၊ ကုံးဘိရန်း ရန်း၊ ဝိန်ပန်းခြူးညွန့်၊ ဖြုတ်ခြည်းဖြန့်က၊ လန့်စနည်းသာ၊ ပြက်လျှပ်ဝါ နှင့်....သာယာငြိမ့်မည် ရင်ဘိသည်။

* ရိုင်–ဟူသည်ကား–များသည်ကိုဆိုသည်။

နှစ်မြင့်ကြိုးဟန်… ပမာပြန်ပိမ့်၊ ဘုန်းဝှန်ပဝင်း၊ ဇမ္ဗူမင်းလျှင်၊ ထွန်းလင်းလျှံညီ၊ ဝိမုတ္တိကို၊ မသိသည့်ပြစ်၊ ဆယ်နှစ်မကာ၊ ငံ့လင့်မှလျှင်၊ ပူးရဟန်စုံ၊ ထုံးပုံထိုဟန်၊ နှုန်းသင့်ရန်သား၊ ငါးကြွန်ဆင်းပြင်၊ လှထွတ်တင်ကို၊ မဆင်တန်းဆာ၊ အတိုင်းသာနှင့်….ပြာပြာငြိမ့်ကြည် ထင်ဘိသည်။

ချစ်တင့်နိုးလွန်… ဘုန်းချင်းညွန်၍၊ နတ်ဟန်ရပ်ရည်၊ မြတ်မျိုးမည်နှင့်၊ မည်သည်မထင်၊ ဆံမျှင်မခြား၊ သစ်သစ်ပွားလျက်၊ သည်းဖျားဝှန်လှိုက်၊ ဟစည်ကြိုက်ဝယ်၊ တိမ်တိုက်တက်ဆိုင်၊ ကြူးကာအိုင်လျှင်၊ သံပြိုင်သာညီ၊ လူသူသိသို့၊ မိုးချိုသန်လျက်၊ ဆင်းသက်ဘနန်း၊ လည်ဝန်းအာကာ၊ ရင့်သံဝါသည်… ဗျာပါစိမ့်မည် ဆင်ဘိသည်။ ။[ထောင်သင်းမှူးဆို-သဝေလွတ်ကင်းသည့် သပ်စေ့နှက် ၃-ချက်ညီပိုဒ်စုံရတု။]

(၄) ထက်မိုးဘုံခွင်….တမြင့်ပင်တည့်၊ ခြင့်လွင်ထွေဆန်း၊ ပြာသာဒ်နန်းဝယ်၊ ပင်ဝန်းညွတ်ဝေ၊ ယမနေကို၊ ဘုန်းရွှေထားတင့်၊ ပလ္လင်မြှင့်၍၊ မာရ်ဝင့်ရှူးရှူး၊ ခြင်္သေ့မြူးလျက်၊ သောင်းဦးညွတ်ရာ၊ သိဟာသန၊ မိုးမျှမြင့်စွန်၊ ဇေတဝန်၌၊ ရောင်ဝှန်ညွန့်လန်း၊ သစ်သက်န်းကို၊ ထူးဆန်းပလ္လင်၊ ဟသ်ာရှင်လျက်၊ သုံးအင်ရတနာ၊ ဖူးမြော်ရာသည်၊ ဟံသာသန၊ ဝန်းဝန်းပ၍၊ သည်မျှဝန်းညိတ်၊ ပရိတ်နာဆောင်၊ ထိန်ထိန်လောင်၌၊ မည်ရောင်ပြိုးပြက်၊ သရက်ပလ္လင်၊ ကွန့်ရှင်လျှံဝင်း၊ ခရသင်းနှင့်၊ ရှင်ရင်းမိန့်မှာ၊ နာခံရာသည်၊ သင်္ခါသန၊ ကျွန်းကျွန်းပ၍၊ နန်းမစည်ရိုး၊ မျက်စုံဖြိုးသည် ထက်မိုးဝေယန် ထင်လှည့်သော။

မျက်မျိုးပုံယင်….ထိန်ထိန်ရှင်မျှ၊ ရှင်ရှင်စံပျော်၊ မှန်နန်း တော်ဝယ်၊ ခြယ်လှစ်ပလ္လင်၊ ကွန့်ရှင်ရန်းရန်း၊ ဝိတုန်းရံကာ၊ ဘမရာသန၊ မြတ်မြင့်စွ၍၊ မိုးမျှရှမျှော်၊ ငြိုးတိုက်တော်ဝယ်၊ ဥပေါ်မိုးပျံ၊ ဆင်မျိုးရံလျက်၊ ရေလင်းပွင့်လှ၍၊ သည်ပမြောက်သွန်း၊ စမုတ်နန်း၌၊ ချီးမြင့်နှိမ့်ရာ၊ ဂဇာသန၊ ဥဒေါင်းခံလျက်၊ ရောင်လျှံချယ်သန်း၊ စမုတ်နန်း၌၊ ရောင်ရှန်း မျက်ပုံနင်း၊ ဆင်မြင်းရတနာ၊ သိမ်းမြေးသာလျှင်၊ ပေါက်နန်းပလ္လင်၊ နတ်သျှင်ရန်နွယ်ရိုး၊ စံစိုးမိုးသည်….မျက်မျိုးထွေပြွန် ရှင်လှည့်သော။

တက်ဖြိုးစုံအင်….ရိပ်ဖြူဆင်လျက်၊ စံရှင်မင်းသာ၊ လက်ျာ ချင့်မှန်း၊ စမုတ်နန်း၌၊ သဖန်းပလ္လင်၊ ဝန်းကျင်ပတ်ရံ၊ နိုင်ငံရေးသာ၊ ဆွေးနွေးရာ



သည်၊ မိဂါသန၊ တင့်မောလှ၍၊ သည်ပထွေဆန်း၊ ပွဲးတက်နန်း၌၊ ညွန့်လန်းတင့်ကဲး၊ တောင်ပိန္နဲးကို၊ ခြီးဝှဲးပလ္လင်၊ ပွင့်ရှင်ကြာညွန့်၊ ကွေးကွေးတွန့်လျက်၊ စင်သန့်နတ်ပြီ၊ ဒေဝိရတနာ၊ ဦးညွတ်ရာသည်၊ ပဒုမာသန၊ မြင့်မောစွ၍၊ သိင်္ဂရောင်လျှပ်၊ ဘုံရှစ်ရပ်မှ၊ ဆင့်ထပ်ပလ္လင်၊ လွှတ်ဥကင်ဝယ်၊ ရွှက်ရှင်စံကျွန်း၊ ရိပ်ဖြူဝန်းလျက်၊ ထောင်မွန်းနေနှင့်၊ မကတင့်၍၊ ဘုံမြင့်နေရာ၊ သိဟာသန၊ နန်းမစည်ရိုး၊ မျက်စုံဖြိုးသည်… တက်ဖြိုးနေဆန် ဝင်လှည့်သော။ ။[ဝက်မစွတ်မြို့စား နဝဒေးဆို ရှစ်ရပ်ကိုးခန်းပလ္လင်တော်ဘွဲ့ သပ်စေ့နှက် ၃-ချက်ညီ ပိုဒ်စုံရတု။]

(၅) မြမန်းရွှေပြည်… စိုက်ထောင်တည်သား၊ ဇာနည်ဥတ္တင်၌၊ သာကီဇာတ်တည့်၊ မန္တာတ်နှုန်းဆောင်၊ ဘုန်းတော်ရောင်ဖြင့်၊ ကုန်းဘောင်နွယ်မြင့်၊ ဆယ်ကြိမ်ဆင့်လျက်၊ ငံ့လင့်နတ်လူ၊ အောင်ပွဲယူကာ၊ သယမ္ဘူသျှင်၊ ငါးမာရ်နှင်နှင့်၊ ကောင်းကင်တိမ်ယံ၊ ၄က်နွယ်ပျံသည်၊ ဂဝံမတီစောမုနိတို့၊ မြင်သိရွှေညာဏ်၊ မှာတိုင်းမှန်၍၊ ဆဒ္ဒန်မုန်ဝ၊ ပြောင်နာဂကို၊ မာဃနတ်မှူး၊ ဆက်လာဘူးသည်….ရောက်ဦး ရွှေစကြာဘုရား။

လနန်းငွေရည်….တရုထည်တည့်၊ မျိုးမည်မြတ်လျောက်၊ ပြောင်ကျော်ပေါက်ကို၊ ကိုးမောက်ကွေးကွေး၊ သက်တင်ရေးသို၊ တွေးတွေးလျှံရဲး၊ ပန်းအာဖွဲ့းလျက်၊ ပုလဲးတင့်ဆုံး၊ ရောင်ဖြိုးဖြိုးနှင့်၊ ပန်းကုံး လွှေ့လွှေ့၊ ခြင်္သေ့ဆိုင်ဟန်၊ ကောင်းအင်ကြွန်တိ၊ စွမ်းအန် ပြင်းဟုန်၊ တေဇဂုဏ်နှင့်၊ မုန်လည်းပျံသင်း၊ ဝိုးဝိုးဝင်းလျက်၊ ဦးကင်းနှင့်နား၊ တလွှားလွှားလျှင်၊ ပဋ္ဌာမြားထိန်လျှပ်၊ ယပ်လျှင်ရပ်သို့၊ ယှက်စပ်ဟူးဟူး၊ ရောင်ချင်းကူးသည်… သောက်ရှူး ငွေမျက်နှာဘုရား။

ပသန်းနေခြည်… ချမ်းဇေးကြည်သား၊ ထူးလည်အိုင်မြတ်၊ နဝတတ်နှင့်၊ ပန်းစုံသမသတ်ပြိုင်၊ အိုင်ဆဒ္ဒန်မွန်၊ တောဟေဝန်မှ၊ တမ်းခွန်ရေမြွေး၊ မန်းခုံဘူမိမွေးသား၊ ကလေးသောင်သွပ်၊ နယ်စပ်ရဂုံ၊ ပင်ရိပ်မြိုကာ၊ ရေပွဲးအပရာဇိသို့၊ သိရိဆင်းရောင်၊ နတ်သပြောင်ကို၊ ယဥ်ဘောင်မြစ်ယံ၊ ကောင်းခြီးခံလျက်၊ ညိုးညံမည်တူ၊ ရွှေပြည်သူတို့၊ ဆောင်ယူကြိုးကာ၊ နေတက်ဝါဩကာ၊ သာသနာပွားလူး၊ ဘုန်းဂုဏ်ထူးသည်… တောက်မြူး ဘုရား။

* [သက္ကရာဇ် ၁၂၂၀-ခုနှစ်၊ ပထမ ဝါဆိုလဆန်း ၃-ရက်နေ့၊ နားခံတော်မြေဘွဲ့ကြီးမှူးကို အပ်၍ ဆက်သွင်းသည့် သောင်သွင်မြို့ရ၊ ရတနာ ဆင်ဖြူတော်ဘွဲ့၊ စာဆိုတော် ဦးဖဲးဆို–မင်္ဂလာရတု။]

(၆) **ကွန်းဖွေ ဟံသာ...** မဏ္ဍလာတွင်၊ သမ္မာကျိုးတင့်၊ ဖြိုးဖြိုးမြင့်လျက်၊ တိုးဆင့်ကြက်သရေ၊ တက်လေလေသား၊ ထွေထွေပုံယင်၊ ဂုဏ်အင်အင်ကို၊ စုံလင်သမျှ၊ ပုံပြင် ပြမူ၊ သရဒခါ၊ နဘန္တာဝယ်၊ လျှံဖြာတောက်မြူး၊ ကြယ်သောက်ရှူးသည်၊ မကူးမြူမှောင်၊ ထွန်းလင်းပြောင်သို့၊ လူ့ဘောင်ဝှဲးခြီး၊ ပွဲးစားကြီးဟု၊ မငြိုးအံ့ရာ၊ မင်္ဂလာနှင့်၊ ဂုဏ်ဝါဝင်းလျှံ၊ ဦးမင်းဟံသည်၊ နိုင်းစံ ကင်းလွတ်၊ လွန်ထူးမြတ်သား၊ သမ္မတ်ဒုလ္လဘ၊ ကြိုရခဲလှော်၊ ကြိုကြိုက် တော်လျက်၊ ဇိနော်မြတ်စွာ၊ သာသနာလည်း၊ ဖြာဖြာတက်ထွန်း၊ လက်လက် ရွှန်းသည်... **စက်ဝန်းနေဝါ ဖြာပတ်သော။**

**ကျွန်းမြေစံရာ....**မြန်ပထဗျာတွင်၊ ဖန်ဝါနေလား၊ သွေမခြားအောင်၊ မြတ်ဗျား သာသနာ၊ ရှိန်အဝါလျှင်၊ ထိန်ဖြာ ရောင်ခြည်၊ ပြောင်ပြောင်လည်လျက်၊ မှောင်နည်း ပယ်ဆုတ်၊ ခါကောင်းဟုတ်သည်၊ ဗုဒ္ဓပွါဒ၊ နဝမဟု၊ သမယခေတ်၊ ကြိုကြိုက် လစ်၍၊ ရင်နှစ် သည်းချာ၊ သားနှစ်ဖြာကို၊ သာသနာမွေ့၊ ဆက်ခံစေလျက်၊ မဟေသကျ၊ မြတ်ဗုဒ္ဓနှင့်၊ ဓမ္မသဃာ၊ ရတနာသုံးပါး၊ ထွတ်ဆုံးအားလည်း၊ ဆပ္ပွားပြန့်ပြူး၊ စိတ်ကြည်နူး၍၊ ထူးထူးဒေယျ၊ ဒါတဗ္ဗလျှင်၊ မြတ်လှစုံစွာ၊ လှူပုညာ၍၊ သဒ္ဓါကွန့်ရွှန်း၊ သစ်သစ်ထွန်းသည်....**ဘက်ကျွန်း စေနာ သာလတ်သော။**

**ရှိန်းဝေလျှံဖြာ....**ကြန်ပြင်လျာနှင့်၊ မင်္ဂလာသိန်မြတ်၊ ပြည့်စုံ လတ်၍၊ အန္တတ်မည်တွင်၊ မယ်သိန်ခင်ဟု၊ နွဲ့ယဉ်လှစု၊ ထွတ်ထွတ် နသား၊ မျက်ရှုသသား၊ ကဏ္ဏဝိဇ္ဇနာ၊ မင်္ဂလာလျှင်၊ ယင်ရာ ပွဲးကြီး၊ အောင်ငြိုးစီးကာ၊ ဘုန်းကြီး သက်ရှည်၊ ကောင်းမျိုးစည်လျက်၊ ကောင်းတည်စုရာ၊ ကောင်းစေရာလျှင်၊ လက်ာရွှန်းနု၊ နှန်းရတုဖြင့်၊ ဆန်းမှုယင်ယင်၊ ကြည်ပွဲးဆင်လျက်၊ ဧးရွှင် ညင်းချို၊ တြင်းဆိုသ၊ မင်းလို ဩဘာ၊ မင်္ဂလာနှင့်၊ ဇေယျာရင့်မွန်း၊ သိဒ္ဓိသွန်းသည်....**တက်ထွန်း စေရာ ခါမြတ်သော။**

* [ရန်ကုန်မြို့၊ ပွဲးစားကြီး-ဦးမင်းဟံ သားရှင်ပြု-သမီးနားထွင်း မင်္ဂလာ အခမ်းအနားတွင် မင်္ဂလာရတု စပ်ဆို သီကုံးလိုကြောင်းနှင့် တောင်တွင်းကြီး ခရိုင်ဝန်မင်း-ဦးအိမ်၊ စာရေးတော်ကြီးမင်း-ဦးဆင်၊ အဓွန့်စာရေးမင်း-ဦးဖေတို့ အသီးသီး တိုက်တွန်းချက် အရ ကဗျာဗန္ဓသာရကျမ်းကို-စီရင်ရေးသားသူ စပ်ဆိုစီကုံးသည့် သပ်ဓေ့နှက် ၃-ချက်ညီရတု။]



**၆-ရတု ၃-ရပ်အနက် ပိုဒ်စုံရတု ၅-မျိုးတွင် "ကိုယ်တွင်းပြည့်သပ်ဓေ့နှက် သုံးချက်ညီပိုဒ်စုံရတု" သဘောအဓိပ္ပါယ် မည်သို့ရှိသည်ကို သိသာထင်ရှားစေရန် ကိုယ်တွင်းပြည့်သပ်ဓေ့နှက် ၃-ချက်ညီ ရတုစာကိုယ်များကို ပြဆိုချက်**

(၁) **မြသွယ်ရောင်လျှံ...** ကုံး၍ပန်လျက်၊ ဝင်းစံကြွေရွက်၊ ဖူးသစ်ထွက်သော်၊ အခက်မြုတေ၊ မြရွက် ထွေ၍၊ ထုတ်ပေဖော်ပြ၊ သွယ်တံလျှနှင့်၊ မွှေးမြထုံလွှတ်၊ ပန်းဖက်ဆွတ်ကို၊ ချီးညွှတ်ခုပင်၊ ကွမ်းလက်သင်၍၊ ကေရှင်သွယ်မြ၊ ဆင်တိစသည်... **ညာမြွှေရည်း ဘိသည်။** (၁၅-ပါဒ)

**လှသွယ်ခေါင်စံ...** သုံးရွှေ ရံလျက်၊ မင်းစံရွှေညက်၊ ဦးသစ်ခက်သော်၊ အညက်စုဝေ၊ လှညက်ခြေ၍၊ နုတ်ထွေ တော်စ၊ ငယ်သံမြနှင့်၊ မေးရရုံမြတ်၊ ထွန်းသက်မှတ်ကို၊ ကျိုးလတ် ခုပင်၊ ကျွမ်းရက်ပင်၍၊ နေဝင်ဝယ်စ၊ မြင်မိရသည်... **ခါရမွှေနည် ရေးဘိသည်။** ။(၁၅-ပါဒ)

**မျှရွှယ်တောင်ရံ...** ရုံးတွေ့စံလျက်၊ တင်းသံ စေခက်၊ ကြူးနှစ်သက်သော်၊ ပလျက်မြုတေ၊ မျှသက်ဝေ၍၊ ဟုတ်နေတော်စ၊ ကြယ်ဟန် လှနှင့်၊ သွေးချုံခတ်၊ ရွှန်းညက်ထွတ်ကို၊ ညှိုးဆွတ်ရှုချင်၊ တမ်းလျက်ကြင်၍၊ ရွှေစင်ဆယ်ဆ၊ ထင်ဘိကြသည်... **ကာလထွေနည် သေးဘိသည်။** ။(၁၅-ပါဒ)

[ရှင်မဟာရဋ္ဌသာရဆို၊ကိုယ်တွင်းပြည့်သပ်ဓေ့နှက်၊၃-ချက်ညီပိုဒ်စုံရတု။]

(၂) **သွန်းချသွန်းချ...** မိုးမာဃလျှင်၊ ထစ်ချထစ်ဟုံ၊ ထစ်တုံထစ်ကာ၊ ထစ်ဆင့်ရှာ၍၊ ဒေဝါထက်ဖျား၊ မိုးသိကြားလျှင်၊ စကားတော်ပြင်၊ ထက်ခိုင်ထက်ကြေသည်....**မနေသွန်းရွှေမြိုး၊ မြူးကွန့်ကြဲးကာ၊ တခဲးတုံရေ၊ ထိပ်ထက်ကြေ**... **ထစ်ရင့်ကြူး။** ။(၁၃ပါဒ)

**ထွန်းပထွန်းပ...** ရိုးညာမြလျှင်၊ နှစ်ခွနှစ်စုံ၊ နှစ်ငုံနှစ်မြွာ၊ နှစ်ပွင့်ဖြာ၍၊ ရွှေဝါညက်ထွား၊ ရိုးမမှားလျှင်၊ ရညားပျော်ချင်၊ ရွက်ကျင်ကြွေလဲး၊ ဖူးညွန့်ထဲးကာ၊ မစဲးငုံပြေ၊ လိပ်ဆက်ရွှေသည်....**တထွေဆန်းထူး နှစ်ပွင့်ဘူး။** ။(၁၃-ပါဒ)

**ညွန်းခညွန်းခ...** မျိုးပြာမြလျှင်၊ ချစ်စချစ်ဆုံ၊ ချစ်တုံချစ်ခါ၊ ချစ်ပွင့်ကြာ၍၊ ရက်မြင်ဖွေရှာသက်ထား၊ စိုးသနားလျှင်၊ ဆပ္ပွားပျော်ရွှင်၊ ရိပ်မက်တွေသည်... **သဝေသန်းကြူးသွေးရွှေး၊ ကူးရန်ခဲးကာ၊ အမြဲးစုံနေ၊ ရစ်ဆင့်ထူး။** ။(၁၃-ပါဒ)

[အမည်မသိသူဆို-ကိုယ်တွင်းပြည့် သပ်ဓေ့နှက် ၃-ချက်ညီရတု။]

### ၄-ရတု ၃-မျိုးအနက် ပိုဒ်စုံရတု ၅-မျိုးရှိသည်တွင် "စကြာစပ်နည်း ပိုဒ်စုံရတု"သဘောအဓိပ္ပါယ် မည်သို့ရှိသည် သိသာထင်ရှားစေရန် စကြာရတု စာကိုယ်များကို ထုတ်နုတ်ပြဆိုချက်

(၁) ရှမ်းဘိသည်လည်း-ရှမ်းဘိသည်....ပတ်လည် သာလွန်း၊ ရွှေဘုံနန်း၌၊ တောင်ယွန်းမမတ်၊ရွှေခပ်ညွတ်၍၊ လူနတ်မျက်ရှု၊ ကိုးရာပြုသည်၊ ပြည်သူ့ရှင်ရင်း၊ ဆံတော်မင်း။ ။သံညင်း လျှောက်ပိမ့်၊ ရွှေနားစိမ့်လော့၊ ငြိမ့်လည်းငြိမ့်လေး၊ နှောင်းစွန်မွေးသည်၊ ရှင်ထွေးနှောင်းစွန်၊ လှတမ်းခွန်လျှင်၊ ရေးဟန်တူပင်၊ နောင်မြစင်ကို၊ မကြင်ပါဝဲး၊ စက်ဖော်ရှဲး၍၊ ဖောက်လွဲးဖောက်ပြန်၊ ကျင့်လေဟန်ကို၊ အကျွန်လွန်ကဲး၊ဝမ်းတိုကွဲးစွ၊ ချစ်ကဲးချစ်ဖိ၊ ချစ်လေဖိ၍၊ မျက်စိ၌လျှင်၊ အပါးတွင်၌၊ ထင်လကာကာ၊ နောင့်ဗျာပါကို၊ မေတ္တာတော်ရေ၊ ငြိမ်းပါစေလော့၊ သဝေအစ၊ ရန္တဝကို၊ ဟလည်းယှဉ်လျက်၊ စထက်သေးတင်၊ ကတွင်အားချ ပန်းသိဂ်လျှင်၊ လက်လှကိုင်လှမ်း၊ ပူဇော်မွမ်းသည်....ရှမ်းဘိသည်လည်း ရှမ်းဘိသည်။

လွမ်းဘိသည်လည်း-လွမ်းဘိသည်... သုံးမည်ရပ်သူ၊လွမ်းသောဟူလည်း၊ ဟူသည်၊ လွမ်းသူမဟုတ်၊ ချစ်သူဟုတ်က၊ စိတ်ဒုက္ခပင်၊ ပူလောင်လင်စွ ရှင်ပင်ဟောဘိ၊ တရားသိ၍၊ မျက်စိနှင့်နား၊ နောင်ဝယ်ကြားက၊ သနား သဖြင့်၊ မျိုးဘုန်းရင့်ကို၊ ရှင်ပင့်ဆံပင်၊ ဆုံးမသင်လော့၊ ဝတွင်အာချ လ-လည်းရေးပြီး၊ ကကြီးနှင့်ဝ၊ တဖက်ယသို့၊ တ-တွင်တမူ၊ တမ်းခွန်လူ ၍၊ အတူပျော်မှတ်၊ ဝါလကျွတ်မူ၊ စံလွတ်နွဲ့ရှင်း၊ ညီလဲ့ဝင်းနှင့်၊ ရင် ချင်းရောပြွမ်း၊ ပြည့်ဆုမှန်း (ရမ်း) သည် ...လွမ်းဘိသည်လည်း-လွမ်းဘိ သည်။

တမ်းဘိသည်လည်း-တမ်းဘိသည်....ရွှေရည်ဇမ္ဗူ၊ ဆယ်မီးယူသို့၊ချစ်ချ ပြာဝင်း၊ ရှစ်ဖော်ကင်းသော်၊ နောင်မင်းမတုံ၊ ဝမ်းမဆုံတည့်၊ အုံလည်း အုံ့ဘွယ်၊ တောင်ထိပ်လယ်၌၊ ခြောက်သွယ်ရောင်ထွန်း၊ တန္တန်းန္တန်းလျှင်၊ စက်ဝန်းလှတင့်၊ ဆဲ့တဆင့်နှင့်၊ ရှင်ပင့်စံရှင်၊ မြသိတင်။ ။သောင်းခွင် ရွှေရင်ထား၍၊ ဖြူထွားနားတောင်း၊ ကိုယ်ဝတ်သင်းဘော၊ ချည်ချောဝိတ်ပ သံရှင်မောင်းနှင့်၊ ခါကောင်းဖူး



မည်၊ လာလတ်သည်ကို၊ နားလည် လျှင်းအောင်၊ တန်းခိုးဆောင်၍၊ ဖောင်ဖောင်သာမြိုက်၊ မိန့်ပါလိုက်လော့၊ ကြိုက်လည်းကြိုက်ထွေ၊ ကြိုက်မိချေ၍၊ သဝေအစ၊ ခလည်းရေးလင့်၊ တ-နှစ်ဆင့်နှင့်၊ အသင့်ဖက်လို၊ သ-ကိုသွယ်မြှင်၊ နှစ်ချောင်းငင်မှ၊ မရှင်နောင်ဝမ်း၊ တမ်းကာလွမ်းသည်-တမ်းဘိသည်လည်း-တမ်းဘိသည်။ ။[ပြည်မြို့ ဝန်တောင်လည် ဘုန်းတော်ကြီး ရှင်သဒ္ဓမ္မဇောတိ စပ်ဆိုတော်မူသည့် မြသိတင်-စကြာရတု။]

(၂) ရွှေယဉ်မြောနှင့်-မော်ခေါမွေ....မျိုးဆွေသားချင်း၊အစ်မရင်းနှင့်၊ ဘမင်းမိခင်၊ ဆင်ဝင်တပြင်း၊ ဝဲလင်းကိုမျှ၊ မပြုရတည့်၊ မွေးဘမတ်လျာ၊ ရဲးပညာနှင့်၊ ဆာယာရိပ်ပန်း၊ ကျွန်းလည်းရောက်အောင်၊ နောင်လည်း မပြတ်၊နှစ်ပတ်လည်ကူ၊ နားပါးမူးမျှ၊ ကိုယ်ထူးချွန်ချွန်၊ ကြိုက်မိလွန်မှ၊ မတ်ရန်သူရဲး၊ ခွါဖဲးသွေဖည်၊ ကျင့်မိသည်ကို၊ ဘုန်းစည်ထွတ်ထား၊ဘုရားအပ၊ လေမျှသူ့နား၊ ကြားအံ့အသက်၊ သေသောထက်လည်း၊ ကြောက်ရှက်မောဟန်၊ ကျွန်ုပ်လွန်သည်....ဘုန်းဝှန်မော်ခေါ-ရွှေယဉ်မြော။

သီဟတောနှင့်-ကျိုက်ပေါမွေ....ထွေထွေရာရာ၊ ပဏ္ဍာမြူဆံ၊ ပယ်ဝေးလံစွ၊ ဆင်းသံမြရည်၊ ကျိန်လေသည်မူ၊ ရွှေပြည်ဟံသာ၊ ဘုံအောင်ချာဝယ်၊ မကွာစောင့်တတ်၊ ခပ်သိမ်းနတ်နှင့်၊ မွေခါတ်အပေါင်း၊ ရှစ်သောင်းလေးထောင်၊ ကုန်အောင်ပန္နက်၊ ကျိန်သောထက်လည်း၊ အဖက်လွန်ကျူး၊ နန်းဦးမကွာ၊ ဥပရာလျှင်၊ စကြာလှည့်လည်၊ စိန်ဥဒည်ကို၊ ချီမည်သော့ခါ၊ ဗယ်ညာဆူလိုက်၊ တပြင်ရိုက်လျှင်၊ နောက်ပိုက်ကွပ်ပြီး၊စစ်သူကြီးကို၊ ဖမ်းဆီးအံ့ကြ၊ မသတ်ရ၍၊ အားကျသည်ကို၊ ဖြစ်ရလိုဟု၊ ဆွေညိုမယ်သူ၊ ကျိန်တော်မူမှ၊ တယူနှလုံး၊ ချစ်ပန်းကုံးရှင့်၊ မရုံးသစ္စာ၊ ယခုခါ၍၊ သူ့မှာသက်နှင်း၊ မယ်နှင့်ကင်းသော်၊ ခန်းတွင်းရိပ်သာ၊ ဘုံစက်ရာက၊ ရှိရာဦးတည်၊ လျှောက်ဝံ့ရည်သည်....တွင်မည်ကျိုက်ပေါ-သီဟတော။

မဟာနေနှင့်-သက္ကောမွေ....စေ့ရေ ခြင်းရာ၊ လျှောက်ချင်ပါလည်း၊ စိတ်သာပန်းရို၊ သူသိလှည့်ကာ၊ မမြွက်သာခဲ့၊ သစ္စာဆိုယူ၊ ကျွန်ုပ်မူကား၊ စင်ဖြူသီလ၊ စာဂကျင့်ဝတ်၊ မြတ်ရာမှတ်လျက်၊ ရစ်ပတ်ကေရှင်၊ လက်သင်ဆီမွေး၊ ကြိုင်မေးပျံ့ကြူ၊ မဥ္ဇူပန်းသတ်၊ ကိုယ်ဝယပေါ်တင်၊ တန်းဆာဆင်မှ၊ ရည်တင်ဆုကောင်း၊ ကျွန်ုပ်တောင်းသော်၊ ကံဟောင်းသွေးရာ၊ ဖြစ်လေပါလည်း၊ မတ်လျာမဲ့မောင်၊ မတော်ခေါင်ကို၊ ရှောင်မိသည်ပ၊

ကျွမ်းရသည်ကို၊ မဖြစ်လိုတည့်၊ မြင်းမိုရ်ထိပ်ခေါင်၊ သူဇာမောင်လျှင်၊ ခွါ ရှောင်ထွေပြား၊ ပြုလှည့်ငြားလည်း၊ ယောကျ်ားတကာ၊ ဗျူဟာကျင်ကျွမ်း၊ ကျင့်ခြမ်းလမ်းကို၊ ရှုးစမ်းစာနာ၊ အောက်မေ့ရှာရှင့်၊ ဗျာပါဒနှောင်း၊ စိတ်လိုပြောင်းမှ၊ ချစ်ကြောင်းနည်းဟန်၊ လျှောက်ကြားပြန်သည်....မြွတ်မှန် သဏ္ဌော မဟာနော။ ။[နဝဒေးကြီး ဆို-စကြာရတုပိုဒ်စုံ။]

(၃) သက်တော်ရနှင့် သျှင်လှမေ့....နွေလည်းသုံးခါ၊ ဝါလည်းသုံးဖန်၊ ပေါမန်သုံးမည်၊ နှစ်ရှည်လများ၊ သနားစိမ့်ကြောင်း၊ ဖြားယောင်း ကြိမ်ဖန်၊ တမန်ခေါက်များ၊ စေလာငြားလည်း၊ နားမှုမခံ၊ မြဲမြံတည် ကြည်၊ နေလှည့်သည်ကို၊ သုံးမည်လူ့ဖျား၊ ဘုရားတကာ၊ လာ၍ချွတ် လည်း၊ မကျွတ်သည်ကို၊ ဖြစ်ပါလိုဟု၊ ကျိန်ဆိုထဲနက်၊ မိန့်လေလျက်ဟု၊ ဆံရွက် ကစ၊ စိုးမိုးရသည်၊ မွေးဘမိမင်း၊ သားချင်းအစ်မ၊ ထိန်းယ တကာ၊ ဆုံးမရာကို၊ သက်ာ မရှိ၊ နားထောင်မိရှင့်၊ ခုပြို့ယွင်းသွေ၊ ရှောင်ခွါလေသည်... မြွတ်မေ့သျှင်လှ-သက်တော်ရ။

လက်ဝဲဂူနှင့် ဆင်ဖြူမေ့....ယွင်းသွေပျက်ချော်၊ ကျင့်လေသော်လည်း၊ သူတော်နှမ၊ အားမကျတည့်၊ ရှေးကကျမ်းလာ၊ ကြားဘူးပါသည်၊ မိဿာ ပေ၊ ပုန်း၍နေသော်၊ ဝိဒေဟရ၊ ကျိုင်းမြ တုလွတ်၊ ဘုံပြာသာဒ်နှင့်၊ သက်မှတ်စိတ်တူ၊ ဆောင်လေ ယူ၍၊ နတ်တူ တမျှ၊ ဥဒုမ္ဗဟု၊ မရ ရှူင်း အင်၊ တောင်ညာတင်ရှင့်၊ ထိုတွင်ပုံတူ၊ မယ်တမူကား၊ ဆံမြုံခြမ်းမျှ၊ မကြောင့်ကြတည့်၊ မွေးဘ မိမင်း၊ သားချင်းအစ်မ၊ ထိမ်းယတကာ၊ ဆုံး မရာကို၊ နာမိသည်ဝန်၊ ကျန်လှချေသည်... မြွတ်မေ့သျှင်ဖြူ-လက်ဝဲဂူ။

ပုညသျှင်နှင့် မြင်ထင်မေ့....စေ့ရေ ချင်းတ၊ အောက်မေ့ကလည်း၊ ဘဝ မပြောင်း၊ မဖြစ်တောင်းတည့်၊ နောက်နှောင်း နောင်လာ၊ သံသရာ လည်း၊ မေတ္တာ သပေ့၊ တွေ့သည့်ကိုစင်၊ မြင်ရသည့်ကား၊ ယောကျ်ား ဟူက၊ နားမျှလေသံ့၊ ပျံ့ရသည့်ကိုယ်၊ မဖြစ်လိုတည့်၊ ဖွံ့ပျိုညိုချော၊ ကြာ မိန်းမများကို၊ ကိုးပါးရန်တွင်၊ တပါးဝင်ဟု၊ သို့စင်မြွက်ဖော်၊ ညွှန်းပြ သော်လည်း၊ လှကျော်စံမြောက်၊ မယ်တယောက်မူ၊ မကောက်မညွှတ် တည့်တည့်မတ်လျက်၊ မချွတ် ကေန်၊ သစ္စာမှန်ဟု၊ ဖက်ရန်မမြော်၊ စံရွှေ လှော်သို့၊ ယသော် ဓရဒ္ဓ၊ ရောင်ညက် မြလျှင်၊ သုံးဆ နိဗ္ဗာန်၊ ရလေ



ဟန်ကို၊ တော်မှန် စိတ်ယုံ၊ ကျွန်ုပ် တုံလည်း၊ ထိုနည်း မကြာ၊ မေတ္တေ ယျာဝယ်၊ သစ္စာမြဲမှန်၊ ကျွတ်ဆုရန်သည်... မြွတ်မွန်မြင်ထင်-ပုညသျှင်။ ။ [နဝဒေးကြီးဆို-ဘုရားတိုင်စကြာရတု။]

(၄) ကျည်းသျှင်စောနှင့် တောကျောင်းမေ့....ပြစ်ပြေရပ်ရည်၊ မူနည် ကောင်းမြတ်၊ လျှောက်ပတ်ပေမော၊ သူ့သဘောကို၊ နှိုးနှော ဖော် ပေါင်း၊ လှည့်ဖြားယောင်းသော်၊ မပြောင်းစရာ၊ ရွှေပြည်မှာကို၊ မသာ စနိုး၊ ပျော်ခိုးမွဲလျှင်း၊ လိုက်ဖူးငြင်းခွဲ၊ ရွှေယင်းဇာတိ၊ လှမွေးမိကို၊ သိလေ့ ညာဏ်ပေါင်း၊ မလျှောက်တောင်းသည်... တောကျောင်းမေ့စစ်-ကျည်းသျှင်ချစ်။

ဖောင်တော်ဦးနှင့် စောလူးမေ့....တောင်လေပြန်ခေါက်၊ လဲပေါက် ငုံဖူး၊ ဖိုးခေါင်ကြူး၍၊ နွေဦးဝိဝိ၊ မရာ သီခွဲ၊ လွမ်းညို နှစ်ကို၊ ဖူးလို ချင် ပါ၊ ဝင်းပြာလဲ့ရှိမ်း၊ မွှတ်ညို စိမ်းကို၊ ခြိမ်းတဲ့ရိုက်ကြူး၊ ရွှေညက်မိုးနှင့်၊ သွန်းဖြိုးတော်မူ၊ မြွတ်နှစ်ဆုဟု၊ ဆုယူရွက်ဆင်၊ လျှောက်ဦးတင်သည်... ရှင်ပင်စောလူး-ဖောင်တော်ဦး။

အင်ကြင်းကန်နှင့် သိန်းတန်မေ့... အောင်မြေ နန်းတည်၊ မင်းနေပြည် ကို၊ ရက်ရှည်လဝေး၊ ပြန်ရနှေးမူ၊ ရှေးကရသေ့၊ ကြာဝယ်တွေ့သား၊ မုလေ့အဆင်း၊ လှပြာ ဝင်းကို၊ မင်းလည်း ကြာမြင့်၊ ငံ့ရလင့်သို၊ စုံခွင့် နှေးဖျဉ်း၊ ရက်ကြာညှဉ်းက၊ နေမျှဉ်းကြာတူ၊ ကျွန်ုပ်ပူလိမ့်၊ နှစ်ဆုပဝင်း၊ သောင်းလုံးလင်းသည်... အင်ကြင်းရွှေကန်-မြသိန်းတန်။ ။[သံတော်ခံ ရာဇနန္ဒ၊ တပယင်းမြို့တွင် ဆို-ဘုရားတိုင်စကြာရတု။]

ထူပါရုံနှင့်စည်းခုံမေ့....လွန်လေစည်ရှည်၊ ဆက်များသည်က၊ ချစ်ကြည် နှစ်ကိုယ်၊ စံရလိုဟု၊ မြွက်ဆိုသံညောင်း၊ တောင်းဘူး ဆုကြောင့်၊ ယခု ဘဝ၊ တွေ့ပြန်ရသော်၊ ကျိုင်းမြရွှယ်လူး၊ မူးမူးပတ်ပတ်၊ ညွတ်ညွတ် ပျောင်းပျောင်း၊ ဖြည့်ဖြားယောင်းလည်း၊ ငဲ့စောင်းပြန်လှုံ့၊ မယ်မတုံ့ တည့်၊ ရှုင်းအုံ့မိုးသား၊ ကြူးဖျားဆင်စ၊ ဝါဦးကကို၊ ဆောင်းလကျွန်း အောင်၊ တော်ရောင် တွေဆန်း၊ ဆိုမျိုးကျွန်းလျက်၊ ကြေဒ္ဓလန်းရပ်ဝါး၊ သွေယွန်းကြာသည်... မြွတ်စွာစည်းခုံ-ထူပါရုံ။

မြွတ်မုနိနှင့် မြင်မိမေ့....ထူးခထွမြွက်ခြည်၊ မူးမော်လည်အောင်၊ နူတ် ရည်ပျံ့ချို၊ ကျိန်မျိုးဆိုလည်း၊ မြင့်မိုရ်ဆယ်ဆ၊ လွန်မကတည့်၊ မြမြချီကျူး၊

နာသူမှုးအောင်၊ ရွှယ်လူးဆင်းဝါ၊ ကြိုးတုံလာသော်၊ မနာလေတောင်း၊ နာလေတောင်းဟု၊ အကြောင်း ဖွေရှာ၊ မယ်ထောက်စာ၍၊ သက်ာ ပျောက်ကင်း၊ နေစဉ်တွင်းဝယ်၊ သွေယွင်းရှောင်ဝင့်၊ လင့်နွဲ့းဖင့်၍၊ တူ သင့်နှုန်းတန်၊ ဘက်မရန်တည့်၊ ဘုန်းဌန်ထွတ်ချာ၊ ခြောက်ရောင်ဖြာ သည်... မြတ်စွာမုနိ–သျှင်မြင်မိ။

ဆင်ကြိုးဂူနှင့် ဆင်ဖြူမေ့... စေ့ရေ ထူးလည်၊ ဆိုဦးသည်က၊ နှုတ်ရည်ပျို ကြွယ်၊ ယုံကြောင်းချယ်၍၊ သွယ်ဝယ်ပျို့ငါ၊ ဆိုသည်သာဟု၊ ရိပ်ကာ မသိ၊ မွဲ့ဝန်ရှိခဲ့၊ ဇာတိတည်ကြည်၊ ရဲ့ညွှန့်စည်လျှင်၊ တောင်လည်မြောက် ကွေ့၊ ကျိန်မျိုးစေ့မှ၊ ရွှေရွှေ ပြယ်ပြယ်၊ ပရိယာယ်နှင့်၊ သည့်နှယ် ပျက် ခေါင်၊ တင့်ဟန်ဆောင်ကို၊ ကိုးတောင် အဝန်း၊ ဇမ္ဗူခန်းဝယ်၊ တုကျွန်း နှုန်းတန်၊ ဘက်မရန်အောင်၊ ကဲးလွန်သစ္စာ၊ ယွင်းသွေ ခွါသည်... မြတ်စွာသျှင်ဖြူ–ဆင်ကြိုးဂူ။ ။[ထူပါရုံ, ရွှေစည်းခုံ, မဟာမုနိ, ရွှေမြင်ဗိ, ဆင်ကြိုးရွှေဂူ, သျှင်ဖြူး–ဘုရားခြောက်ဆူတိုင် ဝန်ကြီး မဟာသီဟသူ၏ သား–မြင်းဝန် နေမျိုးသီဟသူ ဆို–စကြာရတု။]

(၆) ထီးလှိုင်သျှင်နှင့် မြင်ထင်မေ့....မြိုးနေတည်ပ၊ ငယ်သော်ကလျှင်၊ ဆင့်ပွား၊ ပြင်တပါးသို့၊ နည်းများထွေထူး၊ ရှယ်သို့ရောက်လည်း၊ ပြန်လျှောက် ဆင်ဝင်၊ ကြမ်းပြင်လသာ၊ ရုံခါမရွှေ၊ မမြွက်ဖူးတည့်၊ အိမ်ဦး ဝယ်၊ ဝန်းမြောင် ရွှေလယ်၊ ဖော်သုံးရှယ်နှင့်၊ မွေးမယ် ရှင်ရင်း၊ သာ ချင်း အစ်မ၊ ချီထိန်း ယတို၊ မ,စ မကွေ၊ နေလှည့်သည်ကို၊ ကျိုင်းညို ရှယ်လူး၊ မှုးမျှဖန်ဖန်၊ ဆိုမျိုးလွန်သည်... မြတ်မွန်မြင်ထင်–ထီးလှိုင်သျှင်။

ရန်အောင်မြင်နှင့် ဆံသျှင်မေ့... ပြစ်ပြေစ–နှ၊ ကြင်မောစွဟု၊ ခယပြား ပြား၊ ဆိုလှည့် ငြားလည်း၊ စကားပေါ်သာ၊ ဆိုလေရာဟု၊ မနာဝံ့ရဲ၊ မယ်ဖင့်နွဲ့းရှင့်၊ တိမ်ခဲ့ညိုနှစ်၊ ဝန်းရစ်ကောင်းကင်၊ ပတ်ကုံးဆင်လျက်၊ မင်းလွှင်မှုန်ဆန်၊ လေညောင်းထန်သည်၊ သကြိုန်တာဦး၊ သုံးတန်ကြူး အောင်၊ မြတ်သည်နောင်မူ၊ တောတောင် ရေမြေ၊ မိုးနေခလွတ်၊ စောင့် သည့်နတ်တို့၊ တိုင်မှတ်ရှေလည်၊ သက်သေတည်၍၊ နှုတ်ကြည်သင်းထုံ ကျိန်မျိုးစုံမှ၊ ယုံကျုံမှတ်လောက်၊ မဖောက်တဖန်၊ ကြင်မိပြန်သည်... မြတ်မွန်ဆံသျှင်–ရန်အောင်မြင်။



ပုညသျှင်နှင့် လင်းပင်မေ့....ဖျော်ဖြေဆည်ပ၊ စိတ်စွဲးချ၍၊ လောက တန်တွာ၊ သည့်နှယ်သာဟု၊ သိမ်းကာရစ်ခွေ၊ စိတ်ကိုဖြေလည်း၊ မပြေ သန်းညို၊ ဆင့်ဆင့်တိုးရှင့်၊ မျိုးရိုးမြတ်သည်၊ လက်ရုံးရည်နှင့်၊ စံတည် ရှယ်ပျို၊ ရဲးနဂိုရ်မူ၊ ဖြူညိုမညစ်၊ အသစ်သစ်လျှင်၊ ကြင်ချစ်သူသို့၊ နှင်းပို့ တုံတုံ၊ မယုံသာအောင်၊ တော်ရပ်ဆောင်၍၊ တောင်ရှောင် မြောက် ရှား၊ လေသို့ယားခဲ့၊ စကားစန၊ ရှေးမဆွက၊ သင်ပြ ထွေသာ၊ နှုတ်ပျူ ဌာနှင့်၊ မာယာကျူးကျော်၊ ကျင့်ဟန်သော်မူ၊ ယွင်းချော်ဖောက်ပြန်၊ မတော်မှန်သည်....မြတ်မွန်လင်းပင်–ပုညသျှင်။ ။[ထီးလှိုင်သျှင်ဘုရား, မြင်ထင် ဘုရား, ရန်အောင်မြင် ဘုရား, ဆံတော်သျှင် ဘုရား, ပုညသျှင် ဘုရား, လင်းပင်မွေတော်ဘုရား–ခြောက်ဆူတိုင် ဝန်ကြီးမဟာသူရသား မြင်းဝန် နေမျိုးသီဟသူဆို–စကြာရတု။]

စကြာစပ်နည်း ရတုခြောက်စုံ–ဇာကိုယ် ပြဆိုချက် ပြီးပြီ။

---

## ဂ–ရတု ၃-မျိုးအနက် ပိုဒ်စုံရတု ၅-မျိုး ရှိသည်တွင် “တောင့်တဲးတွန့်စပ်နည်း ပိုဒ်စုံရတု” သဘောအဓိပ္ပါယ် မည်သို့ရှိသည်များကို သိသာထင်ရှားစေရန် တောင့်တဲးတွန့်–ပိုဒ်စုံတု၏ ဇာကိုယ်များကို ပြဆိုချက်

(၁) သုဝဏ်ပဘာ၊ ရွှေကြာပွင့်ဖူးသစ်၊ ပျိုမျစ်မျစ်မူ၊ ကျစ်လစ်တင့်စံ ပယ်၊ လှမျိုးကြွယ်သား၊ ဆံသွယ်မြမြတ်စို့၊ ဆင်းရောင်ပျိုကို၊ နတ်တို့ ဆင်ထိုက်ဖန်၊ ဆင်းစုံ ကြန်တည့်၊ အလွန်ရပေခက်၊ ဖြူမြတ် ရှက်နှင့်၊ လက်လက်မြထိပ်ပြေး၊ ရွှေရည် ရေးသို့၊ ပျံမွှေး ရွှေအင်္ဂါ၊ ရွှေထဘီနှင့်၊ မျက်စိရွှေနားတောင်း၊ နွဲ့နွဲ့နှောင်းမူ၊ ရောင်မောင်းကွမ်းရည်ထွား၊ သက် တင်လားသို့၊ လက်ဖျားဒန်းနီရောင်၊ လှတန်းဆောင်မူ၊ မျက်တောင်ကော့ ကော့သေး၊ စုတ်ဖြင့်ရေးသို့၊ ကြူးကတိုးရည်၊ ထုံမျိုးချည်၍၊ နတ်ပြည် မိုးသူဇာ၊ ပျံသက်လာသို့၊ ရှုသာတင့်စနိုး၊ လှခေါင်မိုး၍၊ တင့်နိုးပြစ်မတင်၊ နတ်ရပ်သွင်သို့၊ ဖြူသွင်ရွှေရောင်ဝင်း၊ လှမှန်ကင်းကို၊ ညခင်း ဆည်းဈာ တွင်၊ ကျွန်ုပ် မြင်သည်....ရယ်ရှင်ပြုံးတုံ–မပြုံးတုံ။

ဒေဝစ္ဆရာ၊ ပြင်လျှာသင့်တင့်ယောင်၊ ရွှေကြက်တောင်ဝယ်၊ လှခေါင် တင့်မျိုးလွတ်၊ ဆံ့နှစ်ပတ်လျှပ်၊ ရစ်ပတ်ကြူးမြောင်စီး၊ ရွှေထဘီနှင့်၊ အာနိ

သိန်းတန်မျိုး၊ ရွှေခါးကြိုးလည်း၊ စံမျိုးနေတိုင်းပင်၊ အမြဲဆင်၍၊ ကျွန်းတွင် ဇမ္ဗူလုံး၊ ဖြိုင်တိုင်း ရှုံးသည်၊ ပြစ်လုံးကင်းဝေးစွာ၊ နိုးသူဇာသို့၊ ဆည်းရှာညရီတွင်၊ ကျွန်ုပ်မြင်သည်....ရွှေရင် ဖုံးတုံ့-မဖုံးတုံ့။

ပဥ္စကလျာ၊ ညိုပြာ တင့်ဆင်းရောင်၊ ရွှေကြက်တောင်ဝယ်၊ မြူရောင်ရထည်းဆွ၊ သွယ်ခွေချ၍၊ ထွန်းပ ကိုယ်ရောင်ဝင်း၊ ပြာနှဲ့ရှင်းမှု၊ ပွံ့ရှင်းနှံ့သာပျောင်း၊ မမွှေးတောင်းတည့်၊ တင့်ကြောင်း မွှေးစံပယ်-ရှုချင်ဘွယ်တိ၊ နိကာယ်ဆင်းရောင်မြွေ၊ ဆဲ့နှစ်စေ့ကို၊ ကြီးရွှေသန်ရည်တင်၊ မြင့်ကြာထင်ခဲ့၊ ပြင်အင်နတ်နှင့်လျော၊ ပြာနှဲ့ချောလျှင်၊ တင့်မောလွန်ကျစ်လစ်၊ စုလည်းသစ်နှင့်၊ ပြေပြစ်တင့်ဆုံဆည်း၊ မိညက်ချည်းသည်... စုလည်း ထုံးတုံ့-မထုံးတုံ့။

ဒုတိယကဏ္ဍ–တတိယပိုင်း ပြီး၏။

---

# ဒုတိယကဏ္ဍ–စတုတ္ထပိုင်း

## ၁–(က)"လူးတားသမုတ်ခေါ်ဝေါ်ကြသည့် စာရင်းများကို နန်းစဉ်စာတော်စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

၁ ရွှေကျောင်း ဦးပုဆို-အလောင်းစည်သူလူးတား။
၂ တောကစားထွက်တော်မူရာ တွင်းသင်းဝန်ဆက်-လူးတား။
၃ ဂုဏ်ဆက် တက်ရေး ၃၇-ချင်း လူးတား။
၄ ဂုဏ်ဆက် ခားရေး ၃၇-ချင်း လူးတား။
၅ နန္ဒမိတ်ဆို-ဂုဏ်လူးတား။
၆ အလောင်း မင်းတရားကြီး ယိုးဒယားချီတွင် စိန္တကျော်သူဆို-လူးတား။
၇ ဆည်သည့်ရွာစား မောင်ရည်ဆို-အဝမြို့ဘွဲ့ ၁၂-ရာသီလူးတား။
၈ ကင်းဝန်မင်းကြီး C.S.I. ဆို-မင်္ဂလာလူးတား။
၉ ဝက်မစွတ် ဝန်ထောက်မင်းဆို-မင်္ဂလာလူးတား။
၁၀ ဝဏ္ဏတော်ခန်း လူးတား။
၁၁ ရာဇဝင် လူးတား။
၁၂ ရွှေယင်းမာရွာစားဆက် မင်္ဂလာ လူးတား။



အမရပုရမြို့ဘွဲ့ ၁၂-ရာသီ လူးတား။
၁၃ ဆင်ဖြူရှင်ဖောင်တော်ဘွဲ့ လူးတား။
၁၄ ဝေသာလီချီ-လူးတား။
၁၅ အောင်မှူးမင်္ဂလာအစချီသည့် လူးတား။
၁၆

## (ခ)"လူးတား"သဘောအဓိပ္ပါယ် မည်သို့ရှိသည်များကိုသိသာထင်ရှားစေရန် လူးတားစာကိုယ်များမှ ထုတ်နုတ်ပြဆိုချက်

(၁) သာစွလေ....သပြေမဥ္ဇူ၊ ဇမ္ဗူရောက်မှန်း *၊ ထွတ်ဦးစွန်းသည်၊ ဤကျွန်းထိပ်ဗွေ၊ သောင်းခွင်မြေဝယ်၊ သုံးထွေမင် * ညဏ်၊ ထေးတန်သစွာ၊ငါးဖြာမာရ်အောင်၊ ခြောက်ရောင်ညီးလင်း၊ဘဝင်ချင်းသား၊ သျှင်ရင်းဘုရား၊ သုံးလူ့ဖျားဏ္ဍ၏၊ ကိုယ်စားရိုက်ရာ၊ သာသနာကို၊ သဉ္ဇာ ားမြောင်၊ နှစ်ငါးထောင်လျှင်၊ စေ့အောင်တည်ရာ၊ ဗျာဒိတ်မှာ၍၊ ရတနာပုရ၊ ရွှေအင်းဝသည်....ပြည်မထွတ်ကြဲ့ဌာန်းတည့်လေ....ဇေယျတုသည်၊ အောင်ဆုမဥ္ဇူ ပန်းတည့်လေ....ပွင့်လင်းစည်သည်၊ ရွှေပြည်-ရွှေဝနန်းတည့်လေ။

သာစွလေ....အောင်မြေသာစံ၊ သုံးမြစ် ရံသား၊ မင်းဝံ တောင်စွန်း၊ သန်လျက်ကျွန်းထက်၊ စည့်ထွန်းသာသနာ၊ တည်ထိုက်ရာသည်၊ ရတနာပုရ၊ ရွှေဝမှန်ကင်း၊ မြို့မျှော့မင်းကို၊ ထုတ်ချင်းမြေမိုး၊ ထိန့်ရိုက်ကြိုးမျှတန်းခိုး အာဏာ၊ ပညာလက်ရုံး၊ နှလုံးတမွတ်၊ လွန်ကြီးမြတ်လျက်၊ ဆောင်းမှတ် ထီးဖြူ၊ ရဲ့တဆူဝယ်၊မည်သူမခ၊ မနေရသည်၊ မင်းမျှော့ထိပ်ပန်း၊ ဦးစွန်းထွတ်ဖျား၊ စောတရားလျှင်၊ တိုင်းကားသိမ်းယူ၊ စိုးတော်မူက၊ ဆင်ဖြူစကြာ၊ ရတနာသည်–ရောက်လာလျှင်စွန်း စွန်းတည့်လေ....ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝနန်းတည့်လေ။

သာစွလေ....ကြက်သရေနန်း၊ ရေ့နှယ်ထွန်းသည်၊ အကျွန်းကျွန်းနတ်၊ မကိုင်နှမှတ်သား၊ မန္တာတ်တို့သာ၊စံပျော်ရာသည်၊ ရတနာပုရ၊ရွှေဝမြို့ကြီး၊ ရပ်သီးသာစည်၊ အောင်ချာပြည်ဝယ်၊ နှစ်-လည်မခန်း၊ ပန်းနှင့်သဘင်၊ ရေသော်ဖြင်မျှ၊ ကောင်းကင်မိုးလ၊ စိတြနှင့်၊ မိဿရာသီ၊အညီ

---

* မှန်း-မင်း။ ။မင်္ဂသုံးထွေကား (၁) သမ္မာဝါစာ အစရှိသော မဂ္ဂင်ရှစ်ပါး။ (၂) သောတာပတ္တိ အစရှိသော အရိယာမင် ၄–ပါး။ (၃) အကြောင်းဟူသော ဟေတုပစ္စည်းတို့တည်း။

အလျော်၊ နှစ်ဦးပေါ်လ၊ ကံ့ကော်ရင်ခတ်၊ ပင်တိုင်းညွတ်မျှ၊ ပွင့်ဝတ်ဝေဝေ၊တောင်လေသုတ်ဖြူး၊ လတန်ခူးဝယ်၊ မြူးထူးသာရှင်၊ တာသဘင်ကို၊ ဆင်ယင်တုပ၊ လှရရတိ၊ ငြိမ့်မျှစောင်းငြင်း၊ အဲးသီချင်းနှင့်၊ နန္ဒင်းနွံသာ၊ ရေသီတာဝယ်၊ စမ္ပာနှင်းသက်၊ ပန်းပေါင်းပြက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်၍၊ လှည့်လှည့်ဆုလှယ်၊ တင့်စံပယ်လျက်၊ မြူးရယ်ရွှင်အား၊ လွန်ပျော်ပါးသည်....ကစားထုံရည် ဖျန်းတည့်လေ....ပွင့်လင်းစည်သည်၊ ရွှေပြည်-ရွှေဝ နန်းတည့်လေ။ ။[ဆိုသည့် ရွာစား၊ ဝယ်မည် မောင်အောင်ကြီးဆို-အဝမြို့ဘွဲ့ ၁၂-ရာသီ လူးတားအနက် ပဏာမနှစ်ပိုဒ်နှင့် တန်ခူးလဘွဲ့။]

(၂) ဘုန်းပဒေသာ၊ ခက်ဖြာဆင့်စ၊ ပွင့်စလေ။ ။အပြည်ပြည်သူ၊ ဆွတ်ယူစိတ်အား၊ စောင့်စားမကုန်၊ သို့သည်ဂုဏ်ကို၊ ဝသုန္ဓရာ၊ ကမ္ဘာ၊ ဤမြေ၊ လောင်ပျက်ကြေလည်း၊ မကျေ မော်ကွန်း၊ ဥဒါန်းထွန်းလိမ့်၊ သိမ့်၊ ထီးအဆူဆူ၊ ကျွန်းဇမ္ဗူထက်၊ မင်းဟူသမျှ၊ မာန်မချက၊ ပျောက်ပ တိမ်မြုပ်၊ ငုပ်ရသည်ချည်း၊ ပူးတည်းရင်ဆိုင်၊ မပြိုင်ဝံ့ကြ၊ဦးညွတ်ရသား၊ မြို့တော်သာကို၊ မဟာသမ္မတ၊ မင်းတမျှလျှင်၊ အစတည်ထောင်၊ နန်းပွဲ ဆောင်သည်....ကုန်းဘောင်ပြည်ကြီးရှင်တည့်လေ....အာဟိန္ဒကျီး-ပွင့် နီးနီး။

အာဟိန္ဒကျီး၊ ပွင့်နီးမှန်စွ၊ ကန်လှလေ။ ။မြန်မာယွန်းရှမ်း၊ သက် ထွမ်းကုလား၊ ယိုးဒယားနှင့်၊ ရခုတပါးလုံး၊ သိမ်းပိုက်ကျုံးသား၊လက်ရုံး က၊ ဗျာဒိတ်ခံဘက်၊ ရေစက်ချဘော်၊ ဆက်တိုင်းတော်သ၊ လှိုင်ကျော် တာက၊ ဖြစ်ခဲးစွာသား၊ မာယာလေးဆယ်၊ ဥပါယ်အပြား၊နှစ်ဆဲ့ငါးနှင့်၊ ဆိုဆစ်မထင်၊ သန့်ရှင်းစင်သည်၊ ဥကင်သဖျား၊ တောင်ညာထားသည်၊ သိမ်းနေသား၊ မြုတေရင့်မာ၊ ဘုန်းသမ္ဘာနှင့်၊ မဟာမင်္ဂလာ၊ ရတနာ ဓိပတိ၊ သိရိရာဇာ၊ စန္ဒာဒေဝီ၊ ရေပေါ်ဆိုသို့၊ ကျွန်းဒီပါလုံး၊ ပတ်ကုံး



နှံမျှ၊ ကျော်ပေါက်ပြသည်....နန်းမထွက်ဦးတင်တည့်လေ....ဘုန်းတော် နေမိး-ရှိန်ညီးညီး။

ဘုန်းတော်နေမိး၊ ရှိန်ညီးတောက်ပ၊ မောက်စွလေ။ ။သမီးနှင့်သား၊ မြတ်ကိုးပါးတွင်၊ သံကြားမင်းမှာ၊ အိမ်ရှေ့ရာတွင်၊ ဒေဝါနတ်မွန်၊ နေကဝက်သို့၊ တမ်းခွန်မြောက်လှ၊ ဩရသဟု၊ ပြည်မမျက်စိ၊ မှုထမ်းချိသည်၊ သိရိသုဓမ္မရာဇာ၊ မည်တော်သာနှင့်၊ မြောက်ရာရိပ်ငြိမ်၊ ယဉ်သည့်အိမ်ဝယ်၊ မိုးတိမ်လှစ်ထွင်း၊ ရွှေလမင်းသို့၊ ရုပ်ဆင်း လက္ခဏာ၊ ပြင်လျာရည်ဆုံး၊ နှလုံးမမြင့်၊ ရဲးရင့်တည်ကြည်၊ ဇာနည်ဝီဝိ၊ ကျော်လွှံ့ညီလျက်၊ ရှိုဒိပဲးယင်း၊ ရွှေတောင်သွင်း၍၊ သတင်းထင်ရှား၊ နှစ်မြို့စား၏၊ တိုင်းကားပြည်မှု၊ အစုစုကို၊ ဇမ္ဗူ့ထွတ်ထား၊ ကိုယ်တော်စားလျှင်၊ တရားနှင့်ညီ၊ ဘယ်ဆီမကွက်၊ စိရင်ချက်ကြောင့်၊ ရွှေစက်တော်ညွှန့်၊ မဖြန့်ရောက်ခင်၊ ကုန်တွင်သီးသီး၊ ကျုံးတော်ငြိး၍... မြို့ကြီးစံတော့သည် တည့်လေ.... အိမ်ရှေ့မြောက်ချိး-သားတော်ကြီး။ ။[အလောင်းမင်း တရားကြီးဘုရား ရွှေလက်ထက်တော် စိန္တကျော်သူ ဆို-လူးတား။]

(၃) မင်္ဂလာဇေယျ၊အောင်သံရင့်ကြူး၊ရှိဦးဖြာဆင့်၊သာခွင့်လေ။ ။သမြေညာတောင်၊ ကျွန်းမြရောင်ဝယ်၊ အိနောင်မည်ရ၊ ကျော်ပေါက်ပြသား၊ သိကြားလက်နက်၊ သန်လျက်ရောင်လျှံ၊ ညီးညီးပျံနှင့်၊ နိုင်ငံလှည့်ဝိုက်၊ ခွန်သိမ်းပိုက်၍၊ မကိုဋ်ဧကရာ၊ စိုးမည့်လျာကို၊ ဩဘာဆင့်လောင်း၊ နန်းသူပေါင်းတို့၊ သံညောင်း ချီချ၊ ဖျော်ယု ယ၍၊ စိန်မြပတ္တမြား၊ ကိုးပါးရောင်နွယ်၊ ဧးယဉ်လယ်မှာ၊ စံပယ်ပျော်တော်ကြောင်း တည့်လေ....ကြက်သရေညွှန့်ဖူး-ရွှေနားနူး။

ညွှန့်ဖူးကြက်သရေ၊ တက်နေနှုန်းခွင့်၊ ဘုန်းမြင့်လေ။ ။ပရမေသနင်း၊ ရှင့်ဘိုးရင်းမူ၊ ဝင်းဝင်းရောင်ရှိန်၊ ငါးအာလိန်နှင့်၊ ဂိရိန္ဒရာဇ်၊ တောင်ရွှေနှစ်ထက်၊ ကာသစ်သဘင်၊ ဝေယန်ရှင်ဟု၊ နတ်သွင်အထွတ်၊ နတ်ပေါင်းညွတ်၍၊ တမွတ်ရတနာ၊ မြတ်သည်းချာမူ၊ သိလာနေရ၊ တောင်ရွှေလုထက်၊ ပျော်မှုစုံကာ၊ မံရာနိုင်ငံ၊ အလံသန်လျက်၊ နှုတ်မျက်ချမ်းမြေ၊ လူ့ဘုံမွေသည်... ကြွေ့ကြွေ့ရံရွှေ ပေါင်းတည့်လေ....ကြက်သရေညွှန့်ဖူး-တင်ရှိဦး။

ရှိဦးတင်ကာ၊ မင်္ဂလာဖြိုးမြင့်၊ တိုးဆင့်လေ။ ။ရွှေမြေသနင်း၊ရှင်ဘိုးရင်းကို၊ ကျွန်းတွင်းညာကြေ၊ ကုရေပံနှင့်၊ ကာလံဒါဟာ၊ သိန်ပဟ

ဇာဟု၊ ရင်းချာညီနောင်၊ လေးပြည်ထောင်ဝယ်၊ ဘုန်းရောင်ဖွင့်လှစ်၊ သည်သားချစ်လျှင်၊ ကေရာဇ်အဖျား၊ တရား ပွင့်လျှာ၊ မယ်တော်မှာမူ၊ မံရာနန်းမ၊ အလှသည်းပွတ်၊ တပါးနတ်တည့်၊ အမြတ်နှင်နှင်၊ ရှင့်ကိုမြင်သည်.... ငလျှင်တော် သံညောင်းတည့်လေ.... ကြက်သရေညွန့်ဖူး-ပျော်ကြောင်းကြူး။ ။[မြဝတီဝန်ကြီးဦးစဆို-အိမ်နောင်လူးတား။]

(၄) ရတနာရွှေဘုံ၊ နေရုံတောင်ရှိ၊ အောင်ဘိဇေယျ၊ ဝေလှလေ။ ။သပြေခေါင်ချာ၊ တောင်မန်း ညာဝယ်၊ စကြာလုံးရင်း၊ အနန်းထွင်းလျက်၊ ဘုန်းချင်းနှစ်ပါး၊ ရွှေရထားလျှင်၊ အသွားမပြိုင်၊ ထွတ်ဖျားတိုင်သား၊ ပွားလှိုင်တက်တိုး၊ စက်တန်းခိုးဖြင့်၊ ဆက်စိုးစံတည်၊ ရန်မကြည်ကို၊ နှံ့နှည်သင်္ဂဟ၊ ရှင်ချမ်းမြ၍၊ စတုဋ္ဌမြောက်၊ မိုးလုံးမောက်မျှ၊ နန်းထောက်မမြော်၊ ကျေးဇူးတော်အား၊ ရေပေါ်မြေပေါ်၊ ထွေငေါ်ရှင်ပြ၊ လျှောက်တင်ကြရှင့်၊ သင်္ဂယနာ၊ တင်ရာဇာဟု၊ မင်္ဂလာပွဲမြိုး၊ စံးမငြိုးသည်....ပွဲကြီးမြတ်သဘင်တည့်လေ... သံရှင်ငြိမ့်လေး-ကျွန်းလုံးကြွေး။

ငြိမ့်လေးသံရှင်၊ မြန်ခွင်ကျော်လွှံ့၊ ဆော်အံ့လေ။ ။ရေမြေဇမ္ဗူ၊ ရှိတိုင်းယူ၍၊ သယမ္ဘူသိုက်၊ ဗျာဒိတ် လိုက်ဖြင့်၊ မကိုဋ်စောစစ်၊ မှနော်သစ်သော်၊ ဆဲ့နှစ်ရစ်ခွေ၊ အိုင်မြစ်ရေမှ၊ ငြိမ့်ခြေ ဧငြိမ်း၊ ရွှေရည်လိမ်း၍၊ ခပ်သိမ်းသာယာ၊ သန္တစင်စွာလျှင်၊ ဆနဝါတိ၊ ဖြာမငြိသည်၊ သာကိန္ဒယ်မြတ်၊ နန်းလယ်နတ်မူ၊ နဝရတ်စီမြွာ၊ ဘုံ ဂိဝါထက်၊ ရွှက်ကြာဖြူဝန်း၊ လှစ်ဖွင့် ထွန်းလျက်၊ တင့်ရွှန်းကြက်သရေ၊ စက်ငွေ လျှံညီ၊ မျိုးဘုန်းရှိကို၊ သီရိသာမြိုက်၊ ကြာရွှေတိုက်မှ၊ နွဲ့းပိုက်ပျော်ရှင်၊ မြော်ဖွားမြင်က၊ မျက်ရှင် ရောင်လက်၊ မြပုခက်ဝယ်၊ လျှောက်ဆက်လူးတား၊ ဖျော်ဖြေများသည်.... သုံးပါးရွှေညီလာတည့်လေ....သာယာတည့် သံလေး-တဧးဧး။

ဧးယဉ်သံညောင်း၊ ရံသောင်းဖော်ခ၊ ဖျော်ကြလေ။ ။မြဟွ္ဘ သံညီ၊ အောင်သျှန္တီဖြင့်၊ မြှောက်ချီသြဘာ၊ နန်းသိင်္ဂါထက်၊ ဇေယျာတွေ့သာ၊ နေဇာသပြေ၊ အောင်ပန်းဝေလျက်၊ ကြက်သရေဖြိုးညီ၊ မိုးခေါင်ထိမျှ၊ သီရိသီရိ၊ ချီဘိပိုဒ်ဦး၊ လွှံ့ရိက်ကြူးက၊ မြင့်မြူးကောင်းကင်၊ ဒ္ဒါဒသင်ဝယ်၊ ကြည်လင်သန္တရင်း၊ ကြယ်နဝင်းတို့၊ ဘယ်ခြင်းနှီးချင်း၊ စီးနှင်းမခင်၊ လှည့်ကာပတ်ရှင့်၊ သေးနတ်ဘုန်းလျှံ၊ ပုဂံ မြင်စိုင်း၊ စစ်ကိုင်း ယင်းယာ၊



ရွှေဝ တန့်ဆောင်၊ ကုန်းဘောင်ပရမေ၊ အောင်မြေ ဘူမိန်၊ ပုရိန်အမရ၊ ပိုင်သစံနည်း၊ ခမည်းတော်မြတ်၊ စောဥက္ကဋ္ဌလျှင်၊ ပရမတ်ဝိဒူ၊ ပျံ့ကြူကြိုင်မွှေး၊ ဗျာဒိတ်ကြွေးသား၊ မန္တလေးမည်၊ မြို့ရွှေပြည်ကို၊ ထောင်တည်ကြဉ်နန်း၊ စံသိမ်းမြန်းသည်... ရွှေနန်းမင်္ဂလာတည့်လေ... စကြာတည့်မရွေး-ရောက်မည့်ရေး။ ။[၁၂၂၁-ခုနှစ် နတ်တော်လပြည့်ကျော် ၁၁-ရက်နေ့ ရွှေယင်းမာရွှာစား စာဆိုတော် မင်းလှရွှေတောင်ဆက်-မင်္ဂလာလူးတား။]

(၅) ရတနာမျက်စုံ၊ ယှက်ရံထိန်လှပ်၊ စိန်လျှပ်ဧးယဉ်၊ လေးပင်ကျူးငြိမ့်-ထူးလိမ့်လေ။ ။နေသာကိနတ်၊ နွယ်တော်မြတ်ဟု၊ လူနတ်မှဋ္ဌာန်၊ ကောင်းမြီးဌာန်လျက်၊ နိုင်းတန်မမျှ၊ ဒုတိယရဝိ၊ ဇာတိနေမြစ်၊ သာကီရာဇ်၏၊ ရင်နှစ်ရွှေလှော်၊ ခေတ်လုံးကျော်သည်....ဘုန်းတော်လျှံထိန်မြူးတည့်လေ....သြဘာတော်ထူး-ဆော်ရိက်ကြူး။

သြဘာတော်ထူး၊ မြူးလျက်မိုးအောက်၊ ဖြိုးမောက်လေ။ ။အောင်မြေမန်းချက်၊ နန်းကနက်ဝယ်၊ ဆန်းတက်မြူးကြွ၊ တိမ်ဦးလသို့၊ ရွှေမျှားတမွတ်၊ ရှစ်သောင်းထွတ်၏၊ သည်းပွတ်ရတနာ၊ ဘုန်းမြတ်စွာကို၊ မင်္ဂလာဧးယဉ်၊ ငြိမ့်လေးတင်သည်....သဘင်မှန်နန်း ဦးတည့်လေ....သိင်္ဂါလျှံမြူး-ရောင်ချင်းကူး။

သိင်္ဂါလျှံမြူး၊ ယှက်ကူးမှောင်လွင့်၊ ရောင်ပွင့်လေ။ ။ကြက်သရေခဲ၊ တင့်တဲးအံ့ဘွယ်၊ ဖူရိပ်လယ်ဒ္ဒ၊ မြတ်နွယ်စဉ်ဟော်၊ ရှင့်ကိုမြော်က၊ ဝေရော်စန၊ လွလွရောင်တင့်၊ ဥကင်ဖွင့်လျက်၊ သဘင့်ကြည်လင်၊ မင်းခမ်းယင်သည်....ပဒ္မင်ငြိမ့်ငြိမ့် ကျူးတည့်လေ....ကြက်သရေညွန့်ဖူး-လျှံကွန့်မြူး။ ။[ကင်းဝန်မင်းကြီး C.S.I. ဆိုမန္တလေးရတနာပုံ ဒုတိယ မင်းတရားကြီးဘုရား သမီးတော်မြတ် မြပုခက်တော်တင မင်္ဂလာလူးတား။]

(၆) ရတနာမျက်ရှင်၊ ဧးယဉ်စိန်ခြူး၊ ရှိန်မြူးလျှံဝှန်၊ ပျံ့ကွန်မိုးညွန့်၊ ဖြိုးကွန့်လေ။ ။ခနသာကီမြစ်၊ နွယ်တော်စစ်ဟု၊ သောင်းခေတ် ဝှန်ဆူ၊ ကောင်းမြီးယူလျက်၊ ရိပ်ဖူကြဝှန်း၊ မန်းမဏ္ဍလ၊ ပြည်ရွှေမကို၊ ဒုတိယထွန်းတင့်၊ ဖူဝန်းဖွင့်သည့်၊ ရာမင့်ဥဒ္ဒာဋ္ဌ၊ နန်းနန်းနတ်၏၊ သည်းပွတ်မြတ်စွာ၊ သိင်္ဂါရွှေလှော်၊ နတ်နန်းလျှော်သည်....ဘုန်းတော်စံလွတ် ကျွန်းတည့်လေ....ကြက်သရေမျှိုထူး-နေညွန့်ဖူး။

ကြက်သရေမျှိုထူး၊ တိမ်ဦးယုန်လ၊ ပုံမှုလေ၊ ။ရဝေကြေငှန်း၊ ရွှေနန်းမင်္ဂလာ၊ မှန်ရိပ်ကြာထက်၊ဖြဖ္ဗာနတ်ပေါင်း၊ ရံခညောင်း၍၊ရှစ်သောင်းတမွတ်၊ ညာနန်းနတ်၏၊ သက်မှတ်နေမြစ်၊ ရင်တော်နှစ်အား၊ ညွန့်သစ်ဩဘာ၊ ထြင်းဩလျက်၊ ရတနာဒေးယဉ်၊ ငြိမ့်လေး တင်သည်....ပဥ္စသံဝါ-ကျူးတည့်လေ... ချီလွှင်ပျံ့ပျူး-ရွှေနန်းဦး။

ချီလွှင်ပျံ့ပျူး၊ သိကျူးသာရင့်၊ ဖြာဆင့်လေ။ ။ဘုံရွှေကဒန်၊ နန်းဝေယန်၌၊ နတ်ဟန်နှိုင်းလျော်၊ သျှင့်ကိုမြော်က၊ ဝေရော်မျိုးမျက်၊ဖိုးနဂ်တင့်လွှန်၊ ခြည်ဝှန်ဝင်းပ၊ လျှံချင်းခသား၊ လွှလွှရိပ်ဖြူ၊ ရှစ်ဆိုင်ထူလျက်၊ ဇမ္ဗူရည့်ရင့်၊ ဥကင်ဖွင့်၍၊ မြတ်မြင့်စုံလင်၊ မင်းခမ်းယင်သည်... ရောင်ထိန်ကြယ်စိုင်-ရှူးတည့်လေ....တက်နေ့ လျှံမြူး-ဖြာယှက်ကူး။ ။[ဝက်မစွတ်မြို့စား ဝန်ထောက်တော်မင်းဆို-မန္တလေးရတနာပုံ ဒုတိယနန်းစံ-မင်းတရားကြီးဘုရားသွီးတော်မြတ် မြပုခက်တော်တင် မင်္ဂလာလူးတား။]

၂-(က) "အန်"သမုတ်ခေါ်ဝေါ်သည့် စာရင်းများကို နန်းစဉ်စာတော်စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

ဆီးဘန်နီဆရာတော်ဆို-အန်။
ရဝေရှင်ထွေးဆို-အန်။
စေဥ့်ကူးမင်းစာဆိုတော် မောင်ယာဆို-အန်။

(ခ) "အန်" သဘောအစိပ္ပါယ် မည်သို့ရှိသည်များကို သိသာထင်ရှားစေရန် အန်စာကိုယ်များကို ပြဆိုချက်

* တောင်ငူရွှေနန်းတည် မင်းကိုယ်လုပ်, ရဝေရှင်ထွေး ဘာဟ္ကရာဇ် ၉၆၀-ကျော်တွင် ဆိုသော ဆံထုံး ၅၅-ထုံး အန်။

(၁) အစောတို့လေ၊ ရတနာတွေ၊ ရွှေမိုးစွေ၍၊ သပြေမည်ခံ၊ ပြည်ပုဂံဝယ်၊ နိုင်ငံကျယ်ပြော၊ ရှေးမင်းစောတို့၊ မနောဇမ္ဗူ၊ စံတော်မူက-

၁ မြိတ်ဖြူ၊ (က)
၂ မြိတ်စို့၊ (ခ)
၃ သွယ်ညို့မြိတ်လွှတ်၊ (ဂ)
၄ ရစ်ပတ်စုလည်း၊ (ဃ)
၅ ရေ့ချည်းထုံးဖွဲ့၊
၆ တုမဲ့ရွှေရောင်၊
တိမ်တောင်တက်သက်၊
၇ လျှပ်စစ်ပြက်သို့၊
၈ စဥက်ရောင်ပြေး၊



၉ နှင်းသွေးမစို့၊
၁၀ ကြာညို့ဝန္တံ၊
၁၁ ဓုဝံနှိုင်းရှည့်၊ ရှုကြည့်မငြီး၊
၁၂ ဦးဖြိုးရှင်ပျော်၊
၁၃ စင်ရော်တန်းဝဲ၊
၁၄ ပုလဲးကိုးပုန်း၊
၁၅ ဂမုန်းငုံအာ၊
၁၆ လေသာဝေ့လည်၊
၁၇ မြူခြည်မတင်၊
ယကင်ထုံးထုံး၊ (င)
၁၈ လုံးတင် (စ)၊
၁၉ ခရုချောင်၊
၂၀ ထုံးကြောင်၊
၂၁ ထုံးကျား၊ [၁]
၂၂ ငါးပါးမြိတ်စို့၊
၂၃ အောင်,မျှိုနိမိတ်၊
မြိတ်ရစ်လှပ၊ (ဆ)
၂၄ ကရဝိကနွတ်သီး၊
၂၅ ဆိတ်သွီးနှင့်၊
၂၆ ပြန်ဖြိုးဆယ်ထွေ၊
၂၇ နေအရုဏ်ခံ၊
၂၈ ညဥ့်ယံသောက်ရှူး၊
၂၉ တိမ်ဦးနဂါး၊
၃၀ လေးပါးရာသီ၊
၃၁ နှိုင်းပြိုင်စံလွှတ်၊
၃၂ နဂါးပတ်ကြော့ကွင်း၊
၃၃ နန်းတွင်းမဥ္စူ၊
၃၄ ထွက်ပြူမုတ်ဝ၊
၃၅ ပဒုမသိဒ္ဓိ၊
၃၆ မဏိကိုးပါး၊
၃၇ ချရားပွင့်သေး၊
၃၈ ယုန်ရေးလဝယ်၊
၃၉ နေလယ်ဥဒေါင်း၊
၄၀ သုံးချောင်းခြူးယှက်၊
၄၁ စဥက်ရောင်ချော၊
၄၂ သင်းဘောတမ်းခွန်၊
၄၃ အနန္တ ဖုသျှ၊ မော်ရ-ဂီဝါ၊
၄၄ ဟသ်ာစာခွံ့၊ထုံးအုံ့တခင်း၊
၄၅ ပုဇင်းတောင်ဖြန့်၊
၄၆ သည်းညွှန့်လက်သင်၊
၄၇ ကွမ်းလင် [၂]
၄၈ နောက်တွဲး၊
၄၉ မုဏ္ဍာ ရှုံးနှင့်၊
၅၀ ပုလဲးကွန်ချာ၊
၅၁ ရတနာမန်တိုင်၊
၅၂ ပွင့်ဆိုင်ပုဏ္ဍရိက်၊
၅၃ နဂါးအိတ်လေးထောင့်၊
၅၄ ရှစ်မြှောင့်
၅၅ ပြန်ကာသက်၊

[၁] အဘိဓာနဋ္ဌာပိသောခနီတွင် "ဦးခြားထုံး" ဟု ပြသည်။ နာရိန်-ဓိန်းမဖြောင့်တို့၏။ ကေသမဇ္ဈမှိ-ဆံ့အလယ်၌။ ဗန္ဓတိဥဇုကတ မဋ္ဌေါ-ဖြောင့်ဖြောင့်သွားသော အရေးအကြောင်းကို၊ သိမန္တောတိ-သိမန္တဟူ၍။ ။နောက်မတော-သိအပ်၏။ ဟူ၍ပြသည်။ ။ထုံးကျား = ထုံးခြား။ ။နန်းသုံး ဦးခြားထုံး။

[၂] ကွမ်းလင်-ကား။ ကွမ်းလင်ရွက်သဏ္ဍာန်ဆံထုံးဆိုလိုသည်။

ပန်းယှက် ခေါင်ဖွေ၊ နန်းလုံး ဝေမျှ၊ မြေတေစံကျော်၊ နှုန်းမမြော်ကို… လွမ်းတော်မမူလှည့်ပြီလောလေ… ဖော်ချင်းတို့လေ-ဖော်ချင်းတို့။

* ရှေးပုဂံပြည်မင်း ၅၅-တို့ မိဖုရားကြီးများထံ ရှိခဲ့သော နန်းတွင်းသူ မိန်းမကုန်း မိန်းမကွတို့ ထုံးဖွဲ့ကြသည့် ဆံထုံး ၅၅-မျိုးတို့ကို၊ ရှေးအဝမင်းတို့လက်ထက်၊ တောင်ငူရွှေနန်းတည် မင့်းကိုယ်လုပ်,ရဝေ ရှင်ထွေး စပ်ဆိုစီကုံးသည့်အန်။ ။ရဝေရှင်ထွေးဟူရာ၌။ ရဝေကား-နန်းဟော၊ ရှင်ထွေးကား-အမည် ဖြစ်သောကြောင့်။ နန်းတွင်းသူ-နန်းတော်သူရှင်ထွေး ဆိုလိုသည်ဟူ၍ ပိဋကတ်တော်အုပ်,အတွင်းဝန် မိုင်းနိုင်းမြို့စားမင်း၏ ဆံထုံး ၅၅-ထုံးပုံပါသောပုရပိုက်မှာလာသည်။

(က) မှတ်မှ (ဆ) မှတ်ထိ၊ ဆံထုံး ၇-မျိုးမှာ ၁၂၃၇-ခုနှစ်၊ နတ်တော်လတိုင် အသုံးပြုသေးသည်။ ဆံထုံး ၇-ထုံးလက်ာနှင့် မင်္ဂလာစကား ၇-ခွန်း သီးခြားရှိသည်။ ဤကျမ်း နောက်ဆက်တွဲမှာကြည့်။

(၂) မင်းချင်းလေ….ကုသိနာရုံ၊ ပန်းရဂုံဝယ်၊ ဘုံပြိုသလက်၊ ပြည့်ဝန်းရက်၌၊ ဘုံစက် မပြန်၊ သုံးနိဗ္ဗာန်တွင်၊ နှစ်တန် ကူးမြောက်၊ ထွန်းတောက်ကိုယ်ဝါ၊ မင်းဘဒ္ဒါနှင့်၊ ဗြဟ္မာအသွင်၊ လူက ရှင်သည်၊ မုတင်တေရသ်၊ သူ့ထက်မြတ်သား၊ ထေရ်ကဿပ၊ သာဝကတို့။ ခဲပဋ္ဌာ၊ တသတ်၊ သမုနတ်ကို၊ ထေရ်မြတ်တစု၊ အမှိုပြု၍၊ ငါးခုသာတော်၊ ပြည်ရန်အောင်ဝယ်၊ မြရောင်ဆိုင်းဆိုင်း၊ ညိုညိုမှိုင်းသား၊ ခက်ကျိုင်းညွှန့်ရှင်၊ စရည်းပင်နှင့်၊ ခေါ်တွင်ပဗ္ဗတ၊ ဝေဘာရဟု၊ သာလှရိပ်ချမ်းလိုဏ်သာဂှမ်းဝယ်၊ ကျမ်းပုဒ် ပဒ၊ ညှိနှိုင်းဆ၍၊ ပထမသင်္ဂါယနာ၊ တင်သောခါဝယ်၊ ကြယ်မာဃကြီး၊ လနှင့်နီးမှ၊ ပြီးစီးအောင်မြင်၊ ယင်းသဘင်ဝယ်၊ အရှင် အာနန်၊ အရဟန် စစ်၊ တိုင်မြောက်ဖြစ်သည်…ရှစ်ဆယ်ကျော်သက်တွင်တည့်လေ….သူကောင်း ဖော်ရွှေ-မင်းချင်းတို့။ [စာဆိုတော် ပညာရှိ, မောင်ယာဆို၊ ပထမသင်္ဂါယနာတင်-အန်။]

(၃) မင်းချင်းလေ… တိုင်းမဂ္ဂမိုရ်၊ ရာဇဂြိုဟ် ဝယ်၊ ထိုဇာတသတ်နွယ်မပြတ်သား၊ သည်းပွတ်မြေးမြစ်၊ မင်းအဖြစ်ကို၊ ညှစ်ပစ် သတ်လုံငါးဆက်ပြုမှ၊ သုသုနာဂါ၊ သာသနာကို၊ ဝေသာလီမည်၊ ချက်မြို့ပြည်သို့၊ ယွှန်းစည်ကျူးရင့်၊ ချီလေပင့်သော်၊ နှစ်မြင့်ငြိမ်ဆိမ်၊ နန်းရွှေ



အိမ်ထက်၊ စည်းစိမ်စံပြီး၊ နောက်ဘုံ မှီးသော်၊ သားကြီး ရတနာ၊ ကာလာ သောကာ၊ ရိပ်ဖြူသရှင့်၊ ဘုရင့် သာသနာ၊ နှစ်တရာသည်၊ ကြိုက်လာ ပြန်လျှင်၊ ထိုဘုရင်ကို၊ အရှင်ယသ၊ တူကွမကွာ၊ ခုနစ်ရာသား၊ ရဟန္တာစု၊ အမှိုပြု၍၊ ဝေဠုကာယံ၊ ကမ္ဘည်းခံသည်၊ သာစံထပ်ထပ်၊ နက်သန် ရပ်ဝယ်၊ မဏ္ဍပ် ကြီးစွာ၊ သုဓမ္မာသို့၊ ရတနာကိုးကွယ်၊ မွှမ်းမံခြယ်သား၊ ပန်းနွယ် ခြူးစိပ်၊ သဘင် ရိပ်ဝယ်၊ စက်အိပ်နည်းဘိ၊ ထေရ်မှန်သို့၊ ဒုတိယသင်္ဂါယနာ၊ တင်သောခါသည်….ရှစ်မာသတိုင်တိုင်တည့်လေ….သူကောင်း ဖော်ရွှေ-မင်းချင်းတို့။ ။[၎င်းဆို - ဒုတိယသင်္ဂါယနာတင်-အန်။]

(၄) မင်းချင်းလေ….ဝဇ္ဇီတိုင်းချာ၊ ပြည်ဝေသာဝယ်၊ ကာလာမင်းနောက်၊ ဆဲ့ကိုးယောက်တွင်၊ မင်းမြောက်စိမ့်ရန်၊ ပုဏ္ဏားဖန်သည်၊ စန္ဒဂုတ်မြေး၊ ဗိန္ဒုသွေးဟု၊ ဘုန်းကျေးဇူးဟုန်၊ မြေမိုးတုန်မျှ၊ ရှေးကုန်သည်ဖြစ်၊ ဘဝ စစ်က၊ ပျားနှစ်ရသာ၊ ကုသိုလ်ပါသည်၊ ဓမ္မာ သောကာ၊ နရိန္ဒလျှင်၊ မဏ္ဍ ဘူမိ၊ ပါဋ္ဋလိဝယ်၊ ဆယ်ဒိသာလုံး၊ အာဏာ ကျုံးသား၊ ပေါင်းရုံးများစွာ၊ ဇောပုပ္ပါတွင်၊ မဟာမောဂ္ဂလိပုတ္တ၊ ထေရ်တိဿတို့၊ ဓမ္မရှင်အား၊နိမိတ်ကျား၍၊ လက်သားအရဟန်၊တထောင်မှန်နှင့်၊ ဗိမာန်ရတနာ၊ ကျယ်ဝန်းစွာသည်၊ သောကာရာမ၊ ရွှေကျောင်းလှထက်၊ တတိယသင်္ဂါယနာ၊ အာဏာ ဗိပြု၊ တင်ကုန် ကြသည်….သုံးလယုတ်တနှစ်တည့်လေ….သူကောင်းဖော်ရွှေ-မင်းချင်းတို့။ ။[၎င်းဆို-တတိယသင်္ဂါယနာတင်-အန်။]

(၅) မင်းချင်းလေ….ကုသဝတီ၊ ပုရိပြည်ထူး၊ စံလွတ် ကျူးဝယ်၊ တန်ခူးလည်းကုန်၊ နတ်မြူးခုန်သည်၊ ကဆုန်ပုဏ္ဏမာ၊ နွေအင်္ဂါဟု။ ဗေသာခါနက်၊ တည့်မွန်းရက်တွင်၊ စက်တော်မပြန်၊ ခေတ်နိဗ္ဗာန်ကို၊ ချန်ခဲ့တုံမြောက်၊ ဆန်ကြွနောက်ဝယ်၊ သာလျောက်လူမိုလ်၊ ကပ်မှီခိုသည်၊ သီဟိုဠ်ရာဇာ၊ ရှစ်ဆယ်လာသား၊ သဒ္ဓါတိဿ၊ မင်းတရားရင်သွေး၊ မြတ်လေးသက်နှံ၊ ချစ်အားသံသည်၊ ဝဋ္ဋကံဘုန်းတောက်၊ နန်းစံမြောက်တွင်၊ အရောက်ထိုခါ၊ သာသနာမှု၊ ရာလေးခုပေါ်၊ ငါးဆယ်ကျော်ဟု၊ တော်မဟာဝင်၊ သံပိုင်းတင်ရှင့်၊ ရဇ္ဇင်သတ္တ၊ ပြည့်စုံလှသည်၊ အမရရန်အောင်၊ ပြည်ထောင်မင်းအား၊ ညွတ်တွားရှိသေ၊ ဆက်လာပေ

သည်၊ သန္ဒေသကထာ၊ သီဟိုဠ်စာ၌၊ လေးရာတွက်ဖွယ်၊ သုံးဆယ်နှင့်သုံး၊ ပါဌ်စီကုံးရှင့်၊ ဆုံးနှစ်ဖြာထွက်၊ ထိုနှစ်ချက်ကို၊ နှစ်သက်ကြရာ၊ မှတ်လေပါလော့၊ နှစ်မှာတွက်ဖွဲ့၊ ဆဲ့ခုနစ်သာ၊ မျှလောက်ကွာ၏၊ မဟာသမယ၊ ထိုကာလဝယ်၊ ဝန္ဒမင်းအား၊ အမှီထား၍၊ ငါးခုနစ်ရာ၊ ၄ထောင်သင်္ကာတို့၊ သုံးခါဘိုင်တိုင်၊ သံပြိုင်တွတ်တွတ်၊ ရွှေကရွတ်သား၊ မုခပါဌ်မြတ်စွာ၊ ထေရ်ငါးရာတို့၊ ပေါဋ္ဌကာရဋ္ဌ၊ စတုတ္ထသင်္ဂါယနာ၊ တင်ပြန်လာသည် .... အသောကာလိုဏ်တွင်တည့်လေ .... သူကောင်းဖော်ရွှေ–မင်းချင်းတို့။ ။[ဇင်းဆို–စတုတ္ထသင်္ဂါယနာတင်–အန်။]

(၆) မင်းချင်းလေ....ကုန်းဘောင် ရွှေပြည်၊ ထောင်ဦး တည်သား၊ ဇာနည်ဥက္ကဌ်၊ ဘေးလောင်းနတ်မှ၊ မပြတ်စည်းရုံး၊ ပွားပြီးပွားပြီး၊ မုဏ္ဍာကုံးသို့၊ မင်းဆုံးနှင်နှင်၊ ဘိုက်ဝင်ဒသမ၊ ကွာဝိန္ဒကား၊ စကြဝတနုန်း၊ သတ္တဘုန်းမြင့်၊ ကုန်း,အင်း,ကိုင်း,အ,မ၊ ငါး၅ာနတွင်၊ မအက္ခရာ၊ မဏ္ဍလာကို၊ ပထမာဒိက၊ လက်မွန်စ၍၊ ရာဇနဂရ၊ မင်းနေပြည်ကြီး၊ ဖန်ဆင်း ပြီးသော်၊ စောထီးမြတ်စွာ၊ နှ–လေးဖြာဖြင့်၊ မှာတော်မူခဲ့၊ ပုန်းရာမဲ့ကို၊ ပြို့ပြို့ထင်မြင်၊ ရှုဆင်ခြင်၍၊ သံဃာရာဝတ်၊ လွတ်ပစေသော၊ ကျွတ်စေသြဟ၊ မနောပဏိဓိ၊ ရည်သန်ရှိလျက်၊ ပကတိငွေရောင်၊ သလင်းတောင်မှ၊ ယူဆောင်ကျောက်ချပ်၊ တမေ့အပ်၍၊ ပွတ်သပ်ပြီးခါ၊ သာသနာမူ၊ ဃာနာ ဝရ၊ ဂေါစ ပုံရေး၊ ဒွေးဒွေးဒွေက၊ သရဒသာဘင်၊ ဦးရက်တွင်၌၊ ရေးတင်ဆစ်ထု၊ လက်သားစုကို၊ သုမင်္ဂလာ၊ ဇာဂရာနှင့်၊ နရိန္ဒာ ဘိဓဇ၊ အတုလ မိပ်၊ တံဆိပ် ထစ်မှတ်၊ ဝိဋကတ်ကို၊ ပတ်ပတ်ရစ်လှိမ့်၊ စက်နှယ်အိမ့်သား၊ နှစ်သိမ့် ခလာက်စွာ၊ ထေရ် သုံးဖြာတို့၊ သေချာဖြင့်တည်း၊ ပြင်ဆင်လှည်းသည်၊ ဝိနည်း ဘိဓမ္မာ၊ သုတ္တန္တာဟု၊ ရာတဆဲ့တစ်၊ နှစ်ရာ့ရှစ်နှင့်၊ ဇောအစ် သုည၊ ပေါင်းကာလမူ၊ ခုနစ်ရာ့သျှင်ကောင်းသာသနာ၊ နှစ်ထောင်သာလျက်၊ လေးထောင်ပေါင်းကာမူ၊ တစ်နှစ်သုံးနောက်၊ သုညပေါက်၍၊ လရောက်ကဆုန်၊ ပုဏ္ဏာဖိတ်နေ့၊ ပြီးစုံစေ့ရှင့်၊ ချမ်းမြေ့နှစ်သက်၊အထက်လေးဖြာ၊ သင်ယနာတွင်၊ သောလာ ရင်၌၊ ပဉ္စမသင်္ဂါယနာ၊ တင်ပြန်လာသည်... ရတနာပုံ နန်းတွင် တည့်လေ....သူကောင်းဖော်ရွှေ–မင်းချင်းတို့။ ။[ဆီးဘန်နီဆရာတော်ဆို–ပဉ္စမသင်္ဂါယနာတင်–အန်။]



## ၃–(က) "သံပေါက်" သမုတ်ခေါ်ဝေါ်ရေးသားကြသည့် စာရင်းများကို နန်းစဉ်စာတော်စာရင်းများမှ ထုတ်နုတ်ချက်

၁ ရှင်မဟာသီလဝံသဆို–နန်းတည်မော်ကွန်း နိဂုံးသံပေါက်။
၂ ရှင်မဟာရဋ္ဌသာရဆို–ဘူရိဒတ်ဇာတ်ပေါင်းနိဂုံးသံပေါက်။
၃ ဆီးဘန်နီဆရာတော်ဆို–အရည်ကောဝါဒသံပေါက်။
၄ ဘုရား, တရား, သံဃာ–အစချီ မွေ့သတ် သံပေါက်။
၅ ကျည်းကန် မောင်ရှင်ကြီး, နန္ဒမဇ ဆို–စွယ်စုံကျော်ထင် သတ်ပုံ သံပေါက်။
၆ ဝိန္ဒကျော်သူဘွဲ့ခံ, ဦးဩဆို–ကဝိလက္ခဏာသံပေါက်။
၇ ဘုံကျော် ရွှေကျောင်း ရဲးကျင်း ဦးပု ဆို– အပင့်အရစ် ခွဲးထား သံပေါက်။
၈ ပုခန်းကြီးမြို့ ဦးရွှေထုံးဆို–သာတ်စုံ သတ်ပုံ သံပေါက်။
၉ ဝက်မစွတ်မြို့စားနဝဒေးဆို–လောကဝိဒူမော်ကွန်းနိဂုံးသံပေါက်။
၁၀ ပညာရှိ မင်းခင်းငါးမြို့ဆိုင်ရာ မကွေးမြို့စား ဝန်ထောက် ဆို–သတ်ထူး သံပေါက်။
၁၁ အနာဂတဝင်သံပေါက်မှာ ယုတ္တိမရှိ၍ နုတ်ရမည်–သံယုတ်ဆရာတော် အမိန့် ရှိသည်။ နောက်–ဗင်္လား ဆရာတော်က စာကိုယ်ရှိလျှင် ထည့်သူမှာအပြစ်ရှိမည်မထင်ဟု အမိန့်ရှိသည်။
၁၂ ဂဏန်းခေါ်ပုံသံပေါက်။
၁၃ ဆင်ကြန် သံပေါက်။
၁၄ နက္ခတ်တာရာသံပေါက်။
၁၅ ဗြိဟ်ပရိယာယ်သံပေါက်။
၁၆ နိယံသံပေါက်။
၁၇ ကိုးခန်းနိဂုံး အဆုံးသတ် သံပေါက်။
၁၈ မုံရွေးဆရာတော် စီရင်သည့် ရာဇဝင်သံပေါက်။
၁၉ ညောင်ကန်ဆရာတော် စီရင်သည့် ရာဇဝင်သံပေါက်။
၂၀ မြင်းခုံတိုင်မြို့စား တရားသူကြီး မင်းကြီး အတုလမဟာဓမ္မိက စီရင်သည့် ရာဇဝင်သံပေါက်။

## (ခ) "သံပေါက်" သဘောအစိပ္ပါယ် မည်သို့ရှိသည်များကို သိသာထင်ရှားစေရန် သံပေါက်စာကိုယ်များမှ ထုတ်နုတ်ပြဆိုချက်

(၁) လက်ျာပေါ်ထွန်း၊ အောင်ချာကျွန်း၊ ကြွင်းဇမ္ဗူချာ (၁)။ ရွှေမြေမင်းနေ၊ အောင်ချာဌေ၊ ဝရွှေနန်းတည်ရာ (၂)။ သုံးဖြာပတ်ရစ်ဆုံသည့်မြစ်၊ ရန်စစ် ပယ်ရှောင်ခွါ (၃)။ စဉ်လာမင်းရိုက်၊ ညီသည့်သိုက်၊ စိုးထိုက်နန်းသိင်္ဂါ (၄)။ ထက်မြေလွှ ့ခြီး၊ မြတ်ဘုန်းကြီး၊ စောထီးဧကရာ (၅)။ စကြာဖြူဝန်း၊ ထိပ်ခေါင်စွန်း၊ ဖြန့်ဝန်းချဆီးကာ (၆)။ သိင်္ဂါကြွင်းန်း၊ ပွင့်သည့်နန်း၊ လှစ်ထွန်း ကျူးသံသာ (၇)။

အောင်မြေကြွင်းန်း၊ ဝ-ရွှေနန်း၊ ရစ်သန်း သုံးဖြာကျ (၁)။ ပတ်လည်ဝန်းယှက်၊ ကျွန်းသန်လျှက်၊ အောင်ချက်မြတ်ဌာန (၂)။ အဝပြည်ကြီး၊ စည်လပြီး၊ ဝှန်သီးကျွန်းပုရ (၃)။ သာလှနှုန်းခင်း၊ တုဘက်ကင်း၊ ပြည်ချင်းနိုင်းမမှု (၄)။ ထပ်မျှဘူနိုး၊ နှုန်းကြိုခိုး၊ နေမျိုး စောသူရ(၅)။ နန်းမဆောက်တည်၊ ပွင့်လင်းစည်၊ နတ်ပြည်မလွန်ကြ (၆)။ ဌာနနဂိုရ်ပြည်ဗဟို၊ ဖွံ့ပျို ပြောစည်ဝ (၇)။ ။[ရှင်မဟာသီလဝံသ စပ်ဆိုသီကုံးတော်မူသည့် ရွှေနန်းတည် မော်ကွန်းနိဂုံးသံပေါက်။]

(၂) အတိုသင်္ကရာဇ်၊ ငါးဆဲ့ရှစ်၊ ငြိးလစ်ဤသည့်စာ (၁)။ မည်သူဆိုညွှန်း၊ မတိုက်တွန်း၊ ကျမ်းညွှန်း ဤလက်ာ (၂)။ ဖွဲ့ထွေဆန်းပြားသူ့စကား၊ ကြားက ရှောင်မည်သာ (၃)။ မကြားမသိ၊ ဆိုတတ်မိနောက်ပြို့ နှမြောစွာ (၄)။ ရှေးကလူမျိုး၊ ဆိုလမ်းရိုး၊ စာခိုး မမည်ရာ (၅)။ တကာလူများ၊ ကြံထောက်ထား၊ ပွားလိမ့်နက်ပညာ (၆)။ နားမဝင်သေး၊ ငါ့ကိုမေး၊ ဆိုရေးအဖြာဖြာ (၇)။ နားမဝင်ငဲ၊ ပြစ်တင်ရဲ၊ နက်နဲမလိမ္မာ (၈)။ သိထင်မည်မှတ်၊ ကြံမဖတ်၊ ဖမ်းလွှတ် လိုတတ်တိုင်းနှစ်သိမ့်၊ ဖြေလျှင်းဗိမ့်၊ ပြေစိမ့်များမကြာ (၁၀)။ အပြစ်မြင်တွန်၊ ဆိုသူဟန်၊ တဖန် တင်ဗိမ့်ငှာ (၁၂)။ ကြံစည်တတ်အား၊ ငါ့ကိုယ်စား၊ စာပါးချေတင်ပါ (၁၃)။ ချေတင်ယူမှား၊ မတတ်ငြား၊ ငါ့အားမေးမြန်းလာ (၁၄)။ များများမင့်၊ ဖြေပေအံ့၊ သိန့်ပုံနည်းနာ(၁၅)။ လိုငြား ကျစ်လစ်၊ စကားသစ်၊ ဖိစစ် လူပျူငှာ (၁၆)။ ဆိုဆိုသမျှအနိစ္စ၊ ဝယမမ္မတာ (၁၇)။ ဖြစ်ပျက်မြင်ငြီး၊ ပညာကြီး၊ လိုသီးနိဗ္ဗာန်ရှာ(၁၈)။ ။[ရှပ်မဟာရဋ္ဌသာရ စီကုံးသည့် ဘူရိဒတ် ဇာတ်ပေါင်းနိဂုံးသံပေါက်။]



(၃) ကြိယာခြောက်ဆယ်၊ အသွယ်သွယ်၊ အဘယ်ကျမ်းက ထွက်သနည်း။ ။သုံးဆဲ့သုံးသွယ်၊ ဗျည်းကကျယ်၊ ဘယ်သူဘယ်ဖျည်း စပ်သနည်း။ ။ကျယ်လျှင်ကားချွဲ၊ ပွဲ့လျှင်ပွဲ့၊ နွဲ့လျှင်ကားသတ်-ဘဲ့ကြောင့်နည်း။ ။ကြက်ဆူပင်တဲ့၊ ရိုးရွက်ပွဲ့၊ ဘဲ့ကြောင့်-လှံ့ခေါ်း ဖြစ်သနည်း။ ဇော်တခိုင်လုံး၊ စာစပ်ထုံး၊ အဆုံးချရိုး-ဘယ်သို့နည်း။ ။သုံးဆဲ့ငါးလုံး၊ စိရ်ကုံး၊ ချထုံးသည့်ထက်-လွန်လိမ့်နည်း။ ။စာစပ်ရိုးမှတ်၊ နည်းတုလွှတ်၊ မြဝတ်ကေသာ-ဘယ်သို့နည်း။ ။ချနည်းဆတ်ဆတ်၊ အဆုံးသတ်၊ ခိုင်ညွှန့်ခက်ဖြာ-ဘယ်သို့နည်း။ ။နွေ့ရက်ငင်အပ်၊ မငင်အပ်၊ စေ့စပ်ဗေဒင်မည်သို့နည်း။ ။မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်၊ အိပ်၍လင်းသူဘယ်ပြစ်နည်း။ ။နေလကြတ်ဟန်၊ သည်နှစ်တန်၊ ချိန်မှန်ဘဲ့ကြောင့်-ကြတ်သနည်း။ ။ဒိရေစုန်ဆန်၊ အောက်ရပ်ဌာန်၊ ချိန်မှန်ဘဲ့ကြောင့်-ဖြစ်သနည်း။ ။[စွယ်စုံကျော်ထင် သံပေါက်။]

(၄) နိဗ္ဗန်ဘုန်းပော့၊ ဝင်သနွေ့၊ ပြောင်းရွှေ့ ကျွန်းလက်ာ (၁)။ သုံးဆဲ့ရှစ်စင်၊ စမ္ပာယ်ရှင်၊ မည်တွင်ဇိဇယာ (၂)။ ဇိဇယနောက်၊ တနှစ်လောက်၊ ဆက်ထောက်မင်းမဲ့ပါ (၃)။ ဝါသုဒေဝ၊ လေးဆယ်မှ၊ နန်းရသုံးဆယ်ကြာ (၄)။ [၄၀-ပြည့်နန်းတက်]။ ခုနစ်ဆယ်မှ၊ အဘယ၊ စိုးရနှစ်ဆယ်သာ (၅)။ [၇၀-ပြည့်နန်းတက်]။ ညီတော်တိဿ၊ ကိုးဆယ်မှ၊ ဆက်ထသတ္တရာ (၆)။ [၉၀-ပြည့်နှစ်နန်းတက်]။ ။တံသတဏ္ဍ၊ ပဏ္ဍုက၊ သတ္တတိသမာ (၇)။ [၁၀၇-ခုနှစ် နန်းတက်]။ ။သတ်သတ်ကော (၁၇၇) မှသိဝ၊ သားလှခြောက်ဆယ်ကြာ (၈)။ သတ္တေဒွယံ (၂၃၇)၊ ဒေဝါနံ၊ စိုးစံရလေးဆယ်သာ (၉)။ သတ်သတ်ဒွယ (၂၇၇)၊ ဥတ္တိယ၊ ညီလှနှစ်ဆယ်သာ (၁၀)။ သတ်အဋ္ဌဒွယ(၂၈၇)၊ ညီသိဝ၊ ဒသရင်းကြာ။ (၁၁)။ သတ်နောဒွယ (၂၉၇)၊ ညီတိဿ၊ ဆက်ထဆယ်နှစ်သာ (၁၂)။ နောကော်သုံးရာ့ခုနစ် (၃၀၇)၊ ညီခနောင်နှစ်၊ ဆက်လစ်ဒွါဒသာ (၁၃)။ နောဒွေးတြိနွှ (၃၀၉)၊ အသေလ၊ စိုးရနှစ်ဆယ်သာ (၁၄)။ (၃၂၉) ဧဠာရ၊ စရစရကြာ (၁၅)။ တေသတ်တြိက (၃၇၃)၊ မင်းဒုဋ္ဌနှရဗိသသာ (၁၆)။ ။[ညောင်ကန်ဆရာတော်ရေးသည့် သီဟိုဠ် ရာဇဝင်သံပေါက်။

(၅) ရတုချဘွယ်၊ အသွယ်သွယ်၊ ခြောက်ဆယ်ကြိယာ။ ။တလိုင်းသဖွယ်၊ လူသူငယ်၊ နောက်ဖယ်မရိတ်သာ။ ။ရင်သားစုတ်ပွ၊ ချက်ကုတ်ဖွဲ့၊ စုန်နှံ့ဆို ငိုမည်။

ရှမ်းမင်းဇလုံ၊ ရဲးရည်ယုံ၊ ဒိဗ်ဓုမ်နေ့မရွေး။ ။ဈေးနာမစုံ၊ မြို့မစုံ၊နိဂုံအမည်ပေး။ ။မဲ့ခြေသလုံး၊ စပါးဖုံး၊ လှဆုံးသွယ်ဝန်းဝန်း။ ။ဇော်တနိုင်လုံး၊ စာစပ်ထုံး၊ အဆုံးများလှလွန်း။

ချစ်ခင်ငယ်ကျွမ်း၊ ဆွယ်မျှလွမ်း၊ နမ်း၍မကုံနိုင်။ ။နောင်နှင့်ကွာလမ်း၊ ရွှေရင်ချမ်း၊ လွမ်း၍မလုံနိုင်။ ။နှလုံးညစ်ညမ်း၊ လူမိုက်သွမ်းလမ်းကိုမသိနိုင်။ ။သူတော်မကျွမ်း၊ လူသရမ်း၊ ဖမ်း၍မမိနိုင်။ ။မျက်နှာဝပ်ငုံ့၊ ယုန်သို့ကြို့၊ ခကြောက်တုံ့ နောင်ထံရင်း။ ။မပြန်မတို့တပြို့ပြို့၊ ချစ်ထုံ့မပြေလျှင်း။ ။[စိန္တကျော်သူဘွဲ့ခံ ဦးသြဆို-ကဝိလက္ခဏာ သတ်ပုံသံပေါက်။]

၄-(က) "ဝဲးရိုက်ဝဲးသွင်း" ခေါ်ဝေါ်သမုတ်ကြသည့် စာရင်းများကို နန်းစဉ် စာတော်စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

၁ သျှင်မဟာရဋ္ဌသာရဆို-ဆုံးမစာ ဝဲးရိုက်ဝဲးသွင်းလင်္ကာ။
၂ ဗဟုသုတအကျိုးပြ ဝဲးရိုက်ဝဲးသွင်းလင်္ကာ။
၃ ဆီးဘန်နီ ဆရာတော်ဆို- အရည်ကောဝါဒ ဝဲးရိုက်ဝဲးသွင်းလင်္ကာ။
၄ ဆဒ္ဒန်ဆင်မင်းအင်္ဂါ ဝဲးရိုက်ဝဲးသွင်းလင်္ကာ။
၅ ဆင်ဥလျှောင်ကျေးဖမ်းစာ၊ ဝဲးရိုက်ဝဲးသွင်းလင်္ကာ။
၆ နဝရတ်အင်းချနည်း ဝဲးရိုက်ဝဲးသွင်းလင်္ကာ။
၇ လောကီသရဘူကျမ်းလာ သျှိုသိဒ္ဓိ ဝဲးရိုက်ဝဲးသွင်း လင်္ကာ။

(ခ) ဝဲးရိုက်ဝဲးသွင်း လင်္ကာစာကိုယ်များကို ထုတ်နုတ်ပြဆိုချက်

(၁) သျှင်မဟာရဋ္ဌသာရဆို-ဆုံးမစာ ဝဲးရိုက်ဝဲးသွင်း လင်္ကာတွင်- "မိန့်သည်မှာ၊ နာလေ့နား၊ ခေးမြက်မြက်၊ ထက်အောက်သွေး၊ ရှေးကထုံး၊ သုံးယောက်လူ၊ ယူကြလေ-"ဟူ၍ငင်း။

(၂) ဗဟုသုတ အကျိုးပြ ဝဲးရိုက်ဝဲးသွင်း လင်္ကာတွင်- "သုတရှာ ညာဏတိုး၊ ကျိုးမြင်စွမ်း၊ ချမ်းသာ၍-"ဟူ၍ငင်း။



(၃) အရည်ကောဝါဒ လင်္ကာတွင်- "မှတ်တော်ယုံ၊ သုံသုံးဆက်၊ ပျက်ဖြစ်များ၊ တရေးရှာ၊ နာအိုသေ၊ နေမလွတ်၊ ဝဋ်သံသာ၊ ချာချာရစ်၊ နစ်မွန်းဟန်၊ ဖန်ဖန်သား၊ များလှပြီ၊ ဤအခါ၊ သာနာဝင်း၊ တွင်းမှာကြို" ဟူ၍ငင်း။

(၄) ဆဒ္ဒန်ဆင်ကြန်တွင်- "ဆင်မြတ်မျိုး၊ ဟိုးဟိုးကျော်၊ တော်ဖြစ်ခြား၊ ရှားနိုင်းပြိုင်၊ ခိုင်ကြံ့စွယ်၊ သွယ်ရှည်မြီး၊ ကြီးမားမား၊ လျားလုံးတန်၊ မွန်လှဆင်း၊ ညှင်းပြည့် ညှို့၊ တည့်နောက်ညီ၊ ဘိကျောက်ထုပ်"-ဟူ၍ငင်း။

(၅) ဆင်ဥလျှောင်ကျေးဖမ်း စာတွင်- "ညောင်းညွန့်လှန်၊ မွန်တောများ၊ သားသမီး၊ မှီးတွဲးတွဲး၊ သဲးပြန့်လူး၊ ဦးထိပ်ဆောင်၊ မှောင်လန့်ကောက်၊ ပေါက်ပွဲ့တင့်၊ မြင့်မောက်ဖူး၊ ကူးတိုင်းခက်၊ တက်ခွဲ့ရှဲ၊ စဲးကြမ်းပြင်၊ ဆင်လှကြီး၊ စီးမင်းတန်"- ဟူ၍ငင်း။

(၆) နဝရတ် အင်းချနည်းတွင်- "နှင်းတုလွတ်၊မြတ်ခြင်းရာ၊လျာမင်းလောင်း၊ ပေါင်းလူဗိုလ်၊ ရိုလေးနက်၊ သက်မေတ္တာ၊ ရှာစီးပွား၊ များလေလေ၊ တွေမဆန်၊ ရန်တင်းလွှင့်"-ဟူ၍ငင်း။

(၇) သျှိုသိဒ္ဓိလင်္ကာတွင်- "ဩြောင်းထူးဆန်း၊ မှန်းသိုက်ဝင်၊ ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ၊ လူထိပ်မိုး၊ ဟိုးဟိုးကျော်"… ဟူ၍ငင်း။ စပ်ဆိုကုန်၏။

ဒုတိယကဏ္ဍ စတုတ္ထပိုင်း ပြီးပြီ။

---

# ဒုတိယကဏ္ဍ-ပဉ္စမပိုင်း

၁-(က) "ရကန်" ခေါ်ဝေါ်သမုတ်ကြသည့် စာရင်းများကို နန်းစဉ် စာတော်စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

၁ ရွှေတောင်နန္ဒသူဆို-ငွေတောင်ရကန်။
၂ ငင်းဆို-မွေ့နွန်းရကန်။
၃ ငင်းဆို-အဝမြို့တော်ဘွဲ့ ရကန်။
၄ ဦးတိုးဆို-ရာမရကန်။
၅ ဆရာတော် ဦးပုဏ်ဆို-၅၂၀-သွယ် မေတ္တာပို့ရကန်။

၆ တဂိုဏ်း-ဘဂိုဏ်း၏ အောင်ခြင်းရှစ်ပါး ရကန်။
၇ ကင်းဝန်မင်းကြီးဆို-မင်္ဂလာအောင်ကိန်း၏ နေမိရကန်။
၈ ၎င်းဆို-ရေပန်း-ကြည်းပန်း၏ ၎င်းရကန်။
၉ စလေဆရာကြီး ဦးပုညဆို-အဋ္ဌလက်ဟောကိန်း ရကန်။
၁၀ ၎င်းဆို-နဂါးလှည့်ဟောကိန်း ရကန်။
၁၁ ၎င်းဆို-မြေခံဟောကိန်း ရကန်။
၁၂ ၎င်းဆို-သစ်လဲးကျမ်းရကန်။
၁၃ မောင်လန်းဆို-လေဆေးနည်းရကန်။

## (ခ) "ရကန်" သဘောအဓိပ္ပါယ် မည်သို့ ရှိသည်များကို သိသာထင်ရှားစေရန် ရကန် စာကိုယ်များမှ ထုတ်နုတ်ပြဆိုချက်

(၁) မင်္ဂလာဦး၊ လွန်ကျူး ကောင်းမြတ်၊စုတ်လာဘ်လာဘ၊ အမြိတ္တနှင့်၊ ဝရသိဒ္ဓိ၊ လောကီ့ရန်နှိမ်၊ ပြက္ခဒိန်မှာ၊ အောင်ချိန်စေ့လျက်၊အောင်မည့် ရက်ကို၊ အောင်ခက်သည့်ရန်၊ တွေ့ကြိမ်သည်မှန်သော်လည်း၊ စက်ဘီး ကွန့်မှုန်း၊ ထောင်လက် ရုံးနှင့်၊ မိုးလုံး ဖြန့်ရစ်၊ မာရ်မင်းစစ်ကို၊ ဥပေက္ခာ,သစ္စာ၊ မေတ္တာ,ပါရမီ၊ ခန္တီဆယ်ပါး၊ ပုညအားကြောင့်၊ ဘုရားလူ့ဘ၊ အောင်ဆုရသည့်နှယ်၊ မာနပြိုင်တု၊ သူရန်ပြုသော်လဲ၊ ဇမ္ဗူ့ကြေးမျှင်၊ အိမ်ရှေ့ရှင်နှင့်၊ ထိပ်ခေါင်တင်နတ်၊ နေ-လ မှတ်ရသည့်၊ စက္ကဝါပြင်ကျယ်၊ တသိန်း နယ်မှာ၊ ခု,ဆယ်,ရာ,ထောင်၊ မိုးယုံးမှောင်သည်၊ စိန်တောင်ပက်ဖြစ်ဖြစ်၊ သက္ကရာဇ်ချိုင့်၊ တိုင့်ပမာဏ၊ ကမ္ဘာကြက်သရေ၊ မြင်းမိုရ် ရွှေပင်၊ နေ ခုနစ်ဆောင်၊ ရဲးပြောင်ပြောင်တွင်၊ မန်းတောင်ထွတ်ကို၊ ခွေညွတ်ခ၍၊ ဝန်ချမြဲးဖြစ် "သည်"ဘည့်။ အ"တည်"စုပ်ကို၊ အထုပ်ပြု၍၊ မနုရေ့-မဆန်းရေ့၊ ကြေ့သည်ယဉ်သည်၊ ပျောင်းပျသည်ဟု၊ ရိုင်းရည်တူအောင်၊ သူတပါးနှယ်မပြော"ချင်"။....စိတ်အာရုံကြွား၊နား၌ြိမ့်တမ်းဆင်၊အရှင်အလန်း၊ကာလလိုက်ဆန်းလျှင်လည်း၊ ဗန်းမပြဘူး၊ ပုည ထူးလျှာ၊ သူ့သြဇာကို၊ ပညာရှိတို့မိပတိကြီး "ထင်"လိမ့်။ ။ရွှေ "စင်" စင်စင်၊ ဇာတိချင်းဖြစ်သော်လည်း၊ ဇမ္ဗူရစ်နှင့်၊ လှော်သစ် စက်စက်နီဖလံ။....အသွင်ပက်တိမ်းတိမ်း-မတိမ်းတိမ်း၊ ရိုးယိမ်းသမသတ်၊ ရွှေနှစ်ရပ်ကို၊ စိတ်မနပ်သည့်၊ မိုက်ကန့်သတ်လူ၊ မြင်မည်ဟူလျှင်၊ အတူတူအသွေး၊ ဆိုးကောင်းလို့ ရွေးပေဘူး၊ ဂုဏ်လေးမည်မျှ "မှန်" ၏။ ။ပြင်"စံ"ကိုဘယ်သင်း၊ အတွင်းစံကိုဘယ်ရွှေ၊စိတ်နေချင့်တွက်၊ မှတ်ကျောက်နက်နှင့်၊ စံလက်စွဲးရှိသူ "မှာ"။-ဇမ္ဗူရစ်သိဂီ၊ ပျော့ညီ-ပျော့ညံ့၊ ရွှေရည်သန့်နှင့်၊ နီဖလံ့အသား၊ အပုံကြီးခြားကြောင်းကို၊ နား့ကဝေမှာ၊ ဂုဏ်နေ နိမ့်မြင့်၊ ဖိုးထားချင့်၍၊သိနှင့် သည့်ပ "မာ" ပင်။ ။"စာ" နှစ်သံညာဏ်နှစ်တည်၊ နားနှစ်မည်လူနှစ်ရပ်၊ နဘောထပ်ကို၊ ဇာတ်တူတူ-မတူတူ၊နိုးစပ်သည်ဟူ၍၊ တမူကည်းမမှတ် "သင့်"။...ပြင်သံနှင့် နန်းသံ၊ ရိုင်းသံနှင့်ယဉ်သံ၊ ယှဉ်မိပြိုမှန်လျှင်၊ နန်းဆန်သည့် စာကုံး၊ တောစကားသုံး၍၊ ဘရုံးဘရင်း၊ ရှန်းရင်းခတ်ဆိုင်၊ နားမနိုင်သော်၊ ဖြေပြိုင်သူမှာ၊ ရည်တူသဘော "ချင့်"လိမ့်။ ။ဂုဏ်နိမ့် "နှင့်" ဂုဏ်မြင့်၊နားရိုင်းနှင့် နားယဉ်၊ နန်းယှဉ်သည့်ရကန်၊ တောဆန်သည့်လင်္ကာ၊ နားလိမ္မာ၍ သိသ "သူ"။....ရွှေနှစ်ပါးတွင်၊ ဖိုးထားကွာကြောင်း၊ ဂုဏ်သာကြောင်းကို၊ ဖယောင်းမချ၊ မှတ်မပြဲး၊ ထာဝရညာဏ်၊ သိရင်းစွဲး ခံသည့်နှယ်၊ နန်းသံကို သည်စာ၊ တောသံကို သည်လျှာလို့၊ ထုံးမှာ ကောက်၍၊ ဂုဏ်မြောက်သင့်ရာ "ယူ" လိမ့်။ ။မှန် "ဖြူ" နှင့်-ဖလ်ဖြူ၊ လျှားတူတောင်နံ၊ အလျှံသည့်ချင်း၊ ဖိုးရင်းနည်းများ၊ နှစ်ဦးသား၊ ရောင်းစားရချင်း ရည်တူ "လျှင်"။ .... ဖလ်ဘိုးနှင့်- မှန်ဘိုး၊ ဈေးဆိုး ဈေးကောင်း၊ သောင်းပြောင်းကြိတ်နယ်၊ ဆယ်ပေးလို့ ဝယ်သော့ခါ၊ ဖလ်သယ်မှာ ရောင်းလိမ့်၊ ခေါင်းမအိမ့်ဘူး၊ စိန့်ပမာဏ၊ မှန့်ရှင်ကသာ၊ ရောင်းရမည့် တာ၊ အတွက်ကယ်နာလှချည့်၊ ခေါင်းခါရသ "ပင်" တည့်။ ။သ "ဇင်" ပန်းနှင့်၊ ရွှေနန်းသူ့ဆံ၊ ကံစပ်၍ပန်လျှင်၊ ဘက်ဖြာလျှံစိုစို၊မိန်းမညိုဂုဏ်ခံလို့၊တရံသူတဦး "က"။... မပန်ကောင်းပန်ကောင်း၊ ဈေးမှာရောင်းသည့်၊ နွယ်ခေါင်းလောင်းပွင့်၊ အကျဉ်းနှင့်ကို၊ သဇင့်နည်းခံ၊ ပန်စပ်တူ၊ ဝါဖြူအသွေး၊ မွေးသကဲ့သို့၊ နံ့ဝို့ဝို့ မွှိမွှိဆင်၍၊ အသွင်တူအောင်၊ နန်းတော်ယောင်နှင့် "ကြူ" သော်။ ။မြင် "ရ" သသူလူမိုက်တန်တန်၊ ပြောင်းဆန်စိမ့်ဆပ်၊ ပြေ့ မနပ်ကယ်နှင့်၊ ခပ်ရူးရူး "မှတ်"။....ခေါင်းလောင်းမှာ၊ နှစ်ဦးဟာ ကိုပက်၊ ရွှေသဇင် ပန်းချည်း "မှတ်"။....ခေါင်းလောင်းနွယ်ပန်း၊ သဏ္ဍာန့်မူလ၊ ပန်းမြထိပ်တင်၊ သဇင်ဝါဖြူ၊ သည့်နှယ်ပင်ဟူ၍၊ လူပညာရှိ၊ မြင်တဲ့သိတတ်သည့်၊ မျက်စိမှာ ဖြစ်လျှင်၊ သဇင့်ရှင် ကိုသခင်ရာ နေ၍၊ ကြက်သရေထမ်းပိုးပြတ်လိမ့်။ ။ဗန္ဓတ်ကယ်ဖြစ်ဆန်း၊

ခေါင်းလောင်းပန်းမှာ၊ လူသွမ်းပန်းပန်၊ တဟင်းငန်မို့၊ကျွန်တန်နှင့် ကျိန်း
ချေ၊ကျွန်ဖြစ်စေဟု၊ အသေ သတောဆိုရာ "သည်"။····နား တန်းဆာဆင်၊
ယဉ်ပင် ထွတ်နှ၊ ရကန်မူမှာလည်း၊ ယခုတင်က၊ ဖလ်မူလနှင့်၊ မှန်သာ့း
အသွေး၊ ချေးကွာသည့်နှယ်၊ သဇင်သယ်မှာ၊ နွယ်ခေါင်းလောင်းပန်း၊
ခြေထောက်၍ လှမ်းသော်လည်း၊ တန်းလုံးခန့်၊ မဝင်ဆန့်သည့်နှယ်၊
ဂုဏ်ညံ့ အာဇာ "နည်"ကို။ ။အ "ထည်" သာအောင်၊ ဆယ်ကမ္ဘာဖြန့်၊
တုဖက်၍ ခံသော်လည်း၊ ပန်ကူးပါဘိမ "လား"၊ မိုးနှင့်မြေကြီး၊လင်းကွင်း
တီး၍၊ မနီးသည့်နှယ်၊ တသွယ်ကာပ်မြှောင်၊ လူယဉ့်ဘောင်မှာ၊ ရိုင်း
ခေါင်တိုင်စု၊ တောမာန်ခုသည်၊ မနုကရင်၊ သိဒ္ဓိပက်တင်သော်လည်း၊
ယဉ်မင်္ဂလာ၊ ဆိတ်စာမျှ မ "နား"ဘူး။ ။[ဦးတိုးဆို-ရာမရကန်။]

(၂) အဋ္ဌာရသ၊ သိပ္ပအပြား၊ ဆဲ့ရှစ်ပါးတွင်၊ တွက်ကျုံးဝင်သမျှ၊
လေး ငင် လှံ မား၊ ကာလွှားဒိုင်းသိုင်း၊ အတိုင်းမသိ၊ ဟတ္ထိအဿ၊ ရထ
သက္ကဏာ၊ သေနင်္ဗျူဟာ၊ ရာဇဝင် ဗေဒင်၊ သင်္ကာရိန္ဒ၊ လူ၌ဆုံးဖြတ်၊
မန္တသတ် အထွေထွေ၊ လှည်း လှေ မလွတ်၊ ပန်းပွတ်ပန်းဘဲ၊ ပန်းထိမ်
ပါလဲ၊ ရဲတင်းဂုဏ်တန်၊ ပန်းရန်ပန်းပု၊ ဒေါင်းရွှေစုသရဘ၊ သည့်ဖြင့်
လည်း အနန္တ၊ ဣန္ဒြိယတိုင်းသား၊ ညဏ်သွား ညဏ်ကူး၊ အထူးထူး
အဖြာဖြာ၊ နာနာဘာဝ၊ ဘူတာဝါဟန၊ လက်စ လက်ငုပ်၊ ပြုလုပ်
ဆန်းကြယ်၊ အဖွယ်အရာ၊ လာချင်တိုင်း လာမချည်း၊ လာလေသည်သာ၊
နံနိလက် ကိုတည်၊ ကိသန္တာန်မြှောက်၊ ဆယ်ပါးအင်္ဂါ၊ သဘာဝသတ္တိ၊
သာစက်၊ သုံးထောင်ဝက် ရှိန်ရှိန်၊ အထောက်များစွာ၊ ကိလေ
လင်းပြည့်၊ ရေ့နှယ်ရှည့်လည်း၊ သုဘဏိကဏ် အောက်၊ တလျှောက်
စွာ သတင်း၊ ရန်ခပင်းကို၊ မကြွင်းမကျန်၊ ပဟာန်သမုစ္ဆေ၊ ချွေနိုင်
ဖျက်နိုင်၊ စိန်တိုင်စိန်ချက်၊ စိန်သန်လျှက်သို့၊ မဂ်အရဟတ္တ၊ ပါဒအခြေ၊
ဖြစ်စေနိုင်တတ်၊ ဝိပဿနာ၊ သည်ပညာ-သည်ညဏ်၊ သည်အကြံ-သည်
အတတ်၊ မြတ်ထက် မြတ်ပါကို၊ ငှက်ခတ်တောတိုး၊ မူဆိုးပညာ၊ သူတို့က
လာ၍ဝဲ၊ ပညာချင်းဟု၊ ဥပမာပြုရလျှင်၊ တခုကခေမာ၊ တခုကပါယ်ရှာ၊
သည်လောက်ဝဲ ကွာကြောင်းကို၊ သိသာခြားနားလှ လေ "သည်"။···
ဆန်းမှုနှင့်ယဉ်မှု၊ အပြုအမူ၊ မတူရာတန့်၊ ရကန်လိုကန်မချည်း၊ ညဏ်
အပါယ်သွား၊ နိဗ္ဗာန်သွားဟု၊ နှစ်ပါးနှစ်ဌာန၊ ခုတင်ကပြခဲ့သည့်၊ ငှက်



သမာ့းညဏ်၊ မူဆိုးညဏ်များလည်း၊ နိဗ္ဗာန်နှင့်ဝေးသည့်နှယ်၊ စံသွေး
တိုင်းကွာလေ "ဗြိ"မို့။ ။ရော "ဂိ"ရှင်းသံ၊ မဆက်ဆံသည်၊ မင်းစံမီးကုန်၊
လှော်နိတုံမှာ၊ ဝေပုလ်ဇော်တာ၊ မုနော်မြနှင့်၊ လှပခြယ်တပ်၊ ရွှေစွန်ကုပ်
သတ်လေသို့၊ ဇာတ်တော်ရင်းကို၊ ရှင်းလင်းလှအောင်၊ ခင်းကျင်းလိုက်
မှသင့်တော့မည်။····တိုင်းဝိဒေဟာ၊ မိထိလာသို့၊ များစွာအုံးအင်း၊ ရုံးရုံး
ရင်းရင်း၊ မြော်တင်း၍မရဲ၊ ရှိနေကြဆဲများတွင်၊ ဝဲးလိုပျံ၊ မိုးယံလုံး
ညီးစ၊ မနီး နီးတဲ့အောင်၊ ခရီးပြင်းနှင်ကာ၊ မဟာရွှေမှောက်၊ စောရန်
ပျောက်ကယ်၊ ဆိုက်ရောက်တော် မူလေ "သည်"တည့်။ ။ငါ့တိုင်းငါ့
"ပြည်"၊ ငါသည်နတ်ရွာ၊ သွားစဉ်ခါကို၊ ချမ်းသာ၍လော၊ ထွတ်
မင်းစော၊ သဘောသာကြည်၊ လကျာလည်၍ဝဲ၊ ရွှေပြည်ကြည့်ရှုတုံပြီး
"ခါ"။····ဝေဇယန်နှင့်၊ ဦးကင်မြင့်ဝယ်၊လှစ်ဖွင့်လေသုတ်၊ စိန်ကြာမုတ်၊
ရာဇဗ္ဗမ၊ အကုံရကိုဝဲ၊ သိဟာပဋ္ဌ၊ ခြသေ့ခံပလ္လင်၊ယင်း၌ပင်လျှင်၊တင်ခဲ့ တုံ
ပြီ၊ မာတလိလဲ၊မိမိနေရာ၊ ဝတိံသာသို့၊ပြန်ရှာသည်တွင်၊ ညာတင် ထွတ်
ထား၊ မိဖုရားမှူးမတ်၊ ပရိသတ်ဗိုလ်ပုံ၊ အလုံးစုံတို့၊ ရှိမုံယှက်၍ဝဲ၊ ရွှေ
စက်တော်ဦးတင် "ခါ"တည့်။ ။မြို့ပြ,ပြည် "ရွာ"၊ သာယာငြိမ်းချမ်း၊သေး
ဘျမ်းတန္တ၊ မထမထွက်၊ လှူရေစက်များလည်း၊ မပျက်နေ့ည၊ အားထုတ်
ကြပြီးလျှင်၊ ရှည်လှသက်တော်၊ ရာကျော်ရှည်စံ၊ ဝတိန်ယံက၊ မြန်မြန်
သက်၍ဝဲ၊ ရွှေစက်ပန်း၊ ဖြန့်မြန်းတော်မူတည့်လွှယ်ပါ "စေ"။··· ရဟန်း
ရှင်လူ၊ ဆုယူတောင့်တ၊ ရှိနှင့်ကြကြောင်းကို၊ ဦးချပန်ဆင်၊ သံတော်ဦး
တင်ပြီးလျှင်၊ နတ်ခွင်နတ်ရွာ၊ ဝတိံသာနန်း၊ လမ်းစခန်းများကို၊ အဆန်း
တကြယ်၊ ဘဲ့နှယ် ဘယ်မှာ၊ သိချင်ပါသည်ဟု၊ ပန်ထွာညောင်း၊ ခွင့်
တောင်း လျှောက်တင် "လေ"သော်။ ။အထွေအထွေ၊ ဝေဇယန်ထက်၊
တက်သည်ကလျှင်၊ ပထမငရဲ၊ ရှုံးခဲ့ပြီးခါ၊ အာကာသ၌၊ ဝိမာနသိင်္ဂြိ၊
ဘရဏီရွှေအိမ်၊ သောနဒိန်နတ်၊ ဖလ်ပြာသာဒ်စီလျှဉ်၊ တောင်စဉ် သိ
တာ၊ ဝတိံသာ များကို၊ ခြင်းရာဖြစ်သင့်ကုန်အစဉ်။ ။[မန္တလေးမြို့တည်
နန်းတည် မင်းတရားကြီးဘုရား-အမိန့်တော်မြတ်အရ ကင်းဝန်မင်းကြီး
C.S.I. ဆို-နေမိရကန်။]

၃။ ရှားနှစ် သံချောင်း၊ ကိန်းဟော "စဉ်"၊-ကဗျာရကု၊ ချုံး၍စုလိုက်
သည်၊ ပုပုကလေးယဉ်စိမ့်။ ။သမ္မ "ဇဉ်"နှင့်ယှဉ်၍ လှေ့လာကြ၊-ဆယ်
ရေး တရေး၊ လာ၍မေးလျှင်၊ ကြေးအစိတ်စီ၊ သုံးဆယ်စီနှင့်၊ ငွေနီတာ
တွေး၊ တမူးလောက်ပေးတတ်သည်၊ သဒ္ဒေးဖြစ်အောင် "ရ"လိမ့်။ ။

ဂူကြီး"ဝ"မှာ တငုတ်"ငုတ်"။....ရုပ်ပုံစီစဉ်၊ သင်ပုဏ်းပြင်၍၊ ဗေဒင်ဆရာ၊ လုပ်ကြရှာသည်၊ နှိုးဖျာ အနား"စုတ်"နှင့်။ ။မှိတ်တုတ်မှိတ်တုတ်၊ ပြုံးစည့်"စည့်"-မေးလာမည့်လူ၊ လမ်းတူရှုကို မျက်ဖြူဆိုက်အောင်"ကြည့်"၍။ ။အ"လှည့်"အပတ်သင့်သော "ခါ"။....မေးလှာသနှော်၊ စိတ်နှင့်တွေ့အောင်၊ သူမွေ့လိုက်သည်"မှာ"ကား။ ။ရှစ်ကွက် ရှစ်ဖြာ၊ ဟ်အိမ် "သား"။-ရှား,နှစ်,သုံး,ချောင်း၊မြင်း,ဇောင်း,အ,လှ၊ ရွှေမြောက်ကလျှင်၊ စ၍ဂဏန်း"သွား"မှ။ ။သက်တည်ရှစ်"စား"ကြွင်းသချာ။...နံကရစ်ခွေ၊ လက်ျာရေသည်၊ တနင်္ဂနွေရှိ "ရာ" သို့။ ။ရောက်သောအ"ခါ"၊ ဆရာနတ်မျက်စိ၊...အတွင်းကနို၊ ရာဟုဂြိုဟ်ကြောင့်၊ ထိုသူ့မယား၊ ကိုယ်ဝန်ဖွားမူ၊ ယောက်ျားဟောရန် "ရှိ" ၏။ ။ဣတ္ထိ-ပုရိပြာအိ ညှိုညက်"ငင်"၊....စုတ်လာဘ်ကြီးမား၊ ဝိစားစားသည်၊ တျားယခု"ဝင်"အံ့။ ။မရချေလျှင်-ဥပါဒ်ကျိုန်း .... သောက ရောဂါကိုယ်မကွာသည်၊ ကျင်နာ တဖိန်းဖိန်းနှင့်။ ။က"လိန်း"ကလက်စိတ်မ"ငြိမ်"-ဆွေမှုမျိုးမှု၊သားမြေးမှုနှင့်၊ရင်ထုလက်တီး၊ ဗျာပါကြီးသည်၊ပူမီးငိုပွဲ"ကြိမ်"ချည့်။ ။ပျောက်ပျက်မြုပ်"တိမ်"-ကျွန်ကျွဲနွား၊... နေအိမ်မကောင်း၊ ယာယီပြောင်းလော့၊ ငင်းအိမ်မှာ၊မသက်သာသည်၊သူနာရှိကြောင်း၊ပါယပ်စောင်းတွင်၊မြစ်ချောင်းနဒီ၊ရှိရာဆီ၌၊စေတီပြုစေလို၏။ ။စန်း"ဂြိုဟ်"ကြယ်မြတ်၊တနင်္ဂ"လာ"။-ဆောင်ရွက်သမျှ၊ကိစ္စသီးသီး၊အမှုပြီး၍၊လူကြီးဖြစ်လျှင်၊လူ့ထိန်းမြင်သည်၊ငယ်လျှင်သသူ၊ ထိုမှာမူကား၊အဖြူစုတ်လာဘ်၊ မဆက်ကပ်က၊ နိပ်ကပ်ဘေးရောက် "လာ" အံ့။ ။အဖျားအ "နာ" ရှိလေ"က"။....ဗိန္ဒောဆေးခါတ်၊ ပေးမလွတ်သည်၊ ရှေးဝင်စိတ်သာ၊ "ချ" လော့။ ။စတုပ္ပါဒ္ဒိပါ"ဒ်"။....စုတ်ကောင်း၊ လာဘ်ကောင်း၊ ခြေနှစ်ချောင်းလည်း၊ စပေါင်းရောက်ဝင်၊ ထိုအိမ်တွင်၌၊ နတ်သွင်ရုပ်ပုံ၊ လှမျိုးစုံတို့၊ ရှုတ်ငုံဖွားမြီး၊ မီးဖိုထဲက၊ အိုဝဲကြွက်ကြွက်"ညံ့"လိမ့်။ ။ရွှေဂူပျော်"စံ" ခြသေ့်"မင်း"။....မွှေးမိ-ဖခင်၊ သူကြီးရှင်တို့၊ ကျွဲ,နွား,ဆင်,မြင်း၊လူ,ရွှေ, "ငွေ"။....ဝင်စစ်လည်းရှိ၊ တောင်ဒက္ခိန့်ဖြစ်တင်ရှိသာ၊ မထောင်းတာသည့်၊ချမ်းသာကိုယ်မ "ကင်း" ဘူး။ ။ပန်ဆိုဥဗ္ဗ "ရေ" က။ ။လုပ်ဆောင်လယ် "မြေ" လွှန်စီး"ပွား"။... သမီးအပျို၊ သားအပျိုတို့၊ အိုမည်မှုချ၊ ဝိတ္တောစသည်၊ ဒွါရအသင့် "ထား"လော့။ ။သာခွါငွေ"သား"၊ပြောင်ဆ"ဒွန်"။... သမီးနှင့်သား၊ကျွန်ပျက်



ဖြား၍၊ မယားနှင့်လင်၊ ကွာကျိန်းမြင်သည်၊ မရွှင်စိတ်ပူ "ပန်"လိမ့်။ ။တောင်မြောက်ရပ် "ဌာန်" နှစ်ဌာ"န"။...အခြေ လေးခု၊ ဝင်လာမှုကြောင့်၊ အလုအပြိုင်၊ တရားဆိုင်၍၊ ဗျာလှိုင်ဝိတက်၊ မငြိမ်သက်သည်၊ လျော်တွက်ကြေးငွေ "ကျ" လိမ့်။ ။သမီး "လှ"လှ ရှိသ"သူ"။....သမက်လောင်းတွေ၊ ရှုပ်၍ပွေအောင်၊ ခြေမချသာ၊ လင်မိုးရွာလိမ့်၊ ကြိုက်ရာရွေး၍ "ယူ" လော့။ ။[ဦးပုညဆို-ရကန်၊မဆုံးသေး။]

ဦးလန်းဆို။ ။ဒွါရမလပ်၊ အနားပြတ်အောင်၊ တလစပ်ရှု၊ တီ,ဒူ,စီညံ၊ ဗုံးပစ်သံကဲ့သို့၊ ပြင်းထန်ရိုက်ကြူး၊ ဗိုနှင့်ထိုးသည့်နှယ်၊ လေမျိုးရှစ်ဆယ်၊ ကိုယ်ဝယ်မကြွင်း၊ ရန်မျိုးရှင်းပါတဲ့၊ဆေးမင်း ဝါယုပဒေ"သာ"-ဆောင်းချမ်းစမုန်နှက်၊ ဥဿုစ်ရွက်မှန်ငြိ၊ တကျပ်စီ၊ အညီထည့်ပြီး "ခါ"မှ။ ။ဆားလှော် "ပါ" ဆီးဖြူ"ခြောက်"။-ဆဲ့ငါးကျပ်စီးမလျော့မီ၊အညီထည့်ပြီး"နောက်" ၌။ ။မန်ကျည်းရွက် "ခြောက်" ကျပ် နှစ်"ဆယ်"။-ငရုတ် ရှစ်ကျပ်၊ စောင်းလက်ပတ်လည်း၊ ငါးကျပ်အမှန် "တယ်"ရှင့်။ ။လက်နဲ့ "နယ်" သုံးချောင်း"နှံ့"။....ယူကာယူကာ၊သုံးရပါမူ၊ သီတာရေဖျန်းသ"ကဲ့" သို့။ ။စိမ်းလဲ့"လဲ့"သားအ"ရေ"။....လျော့ပိန်အင်အား၊ နှုတ်ကိုင်းထွား၊ သားများရတတ် "ချေ"၏။ ။ရာသီ"သွေ"သည့် မိန်းမ"မှု"။-မငုပ်မထိန်၊အချိန်လည်းမှန်၊စီးဟန်တွေတွေ၊ လက်ယက်ရေကဲ့သို့၊ နွားသေကို ဖျက်သော "ဟူ"၏။ ။လေလယ်ရန်မှု ခုတင်"ခု"။....လက်နှင့်ကောန်၊ ပိတ်သည်မှန်လျှင်၊ တေးသံထံတျာ၊ ဝိကောင်းစွာသည်၊ ဆိုင်းဆရာပြိုင်မ"တု"နှင့်။ ။လျက်ဆား "မှု"ကြောင့်၊လူစုမှာမနေ"သာ"။....ခြင်ထောင်ခန်းတွင်း၊ နှစ်ကိုယ်ချင်း၊ လင်မင်းနှင့် မအိပ် "သာ" ဘူး။ ။ပွဲ့လျက်ခုံ "နာ" ထေးက "တဲး"-မလုံနိုင်ပါ၊အက်၍ကွာအောင်၊ပွတ်စာတက်စ"မြိုး"တည့်။ ။ရင်ဝမ်း"ထဲ"မှာရှိသည့်"လေ"။-တိမ်ရှောင်ခွါရှဲ၊ တံမြက်နှင့် လှဲ့သလို၊ တကတဲး မရှိ "ပေ" ဘူး။ ။သေ သလို ငွမ်းခံရ၊ ဆေးမင်းစကြာ၊ သူမှိုလာလျှင်၊ ဆုတ်ခွါရှောင်လွှဲ "ရ"၏။ ။ကောသ"လ"မင်း ထွတ်ရာ"ဇာ"။....အိပ်မက်ရဆေး၊ကြိုင်ကြိုင်မွှေးကို၊ ချီးလျှောက်ဝံ့ "ပါ" သည်။ ။လေကွန် "ချာ" လေတန်းဆောင်၊ ဝေမှောင်မှောင်မှန်တိုင်းကျ၊ လှိုင်းကြက်ခွပ်ထကမ္ဘာလေ၊ တိတ်စေဟဲ့-တန်ဆိုလျှင်၊ အလိုလို ငြိမ်းနေကျ ဆေးရာဇိန္ဒလေး။

လယ်တီမဏ္ဍိုင်-

## ၂-(က) "သာချင်း"ဟူ၍ သမုတ်ခေါ်ဝေါ် ရေးသားကြသည်များကို နန်းစဉ် စာတော်စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

၁ ဦးအောင်ဖြိုးဆို-ရာမသာချင်း။
၂ ၎င်းဆို-ကျန်စစ်သားကြုတ်ဖွင့်ခန်း သာချင်း။
၃ ၎င်းဆို-နော်ရထာစောတရုပ်ပြည်မှာ စွယ်တော်ပင့်ခန်းသာချင်း။
၄ ၎င်းဆို-ဇေဝဗိပင်ကို မာရ်နတ်မင်း လုခန်း သာချင်း။
၅ ၎င်းဆို-မင်းဆက်ရာဇဝင် သာချင်း။
၆ ဇေယျရန္တမိတ်ဘွဲ့ခံ တောင်ခွင်မြို့စား ဦးသာအောင်ဆို- ဥတေန သာချင်း။
၇ ၎င်းဆို-ပဋာစာရီ သာချင်း။
၈ ၎င်းဆို-စိဥ္စမာဏ မိန်းမ သာချင်း။
၉ မောင်ချင်းဖြူဆို-ကျန်စစ်သား သာချင်း။
၁၀ ၎င်းဆို-ပုဂံဌက်ကြီး သာချင်း။
၁၁ ရေပုပ်ကျောင်းတကာဆို-ယသော်ဓရာကန်တော့ခန်း သာချင်း။
၁၂ ၎င်းဆို-ဝိဓုရ သာချင်း။
၁၃ ၎င်းဆို-တောထွက်ခန်း သာချင်း။
၁၄ နှစ်ကျိပ်ရှစ်ဆူ သာချင်း။
၁၅ မရဏာသန္န သာချင်း။

## (ခ) သာချင်း သဘောအစိပ္ပါယ်မည်သို့ရှိသည်များကို သိသာထင်ရှားစေရန် သာချင်းစာကိုယ်များမှ ထုတ်နုတ်ပြဆိုချက်

(၁) မျှိုပေါင်းမင်္ဂ"လာ"။....ဘက်ပြိုင်မမြော်၊လေးကျွန်းပေါ်တွင်၊
ဘုန်းတော်နေဝန်း၊ တောက်ပြောင်ထွန်းသည်၊ မော်ကွန်း"သာ"စိမ့်။ ။
ရတ"နာ"အောင်ပန်း၊ ကြာကြဌန်းက၊ သင်္ကန်းလှိုင်ကျော်၊ ငါးဆူပေါ်
၍၊ ရှင်တော်ငါးဆူ၊ လန်းလူသစ္စာ၊ ပွင့်လင်းဖြာသည်၊ အောင်ချာရ
ဟု၊ နှစ်ပြီးကျူး၊ အာဒိစဉ်လာ၊ ပေါ်ထွန်းဖြာသည်၊ ကမ္ဘာဦးက၊လို
မူးရာဇာ၊ မဟာသမ္မတ၊ ထိုကဆက်မှတ်၊ သာကီမြတ်နှင့်၊ နေနတ်နွယ်
ဆက်၊စဉ်မပျက်သည်၊နန်းဆက်ရှည်"လျား"။....မြတ်ရာဇဝင်၊အတင်တင်
ကို၊ ကုန်စင်မိပ္ပါယ်၊ ရှိတိုင်း သွယ်လျှင်၊ ကျယ်များ "ပြား"လိမ့်။ ။
ငါး"ပါး"မာန်ချွေ၊ သမ္ဗုဒ္ဓေဟု၊ ပရမေဘုန်း"တောက်"။... ကုသိနာရုံ၊



အင်ကြင်းစုံဝယ်၊ သုံးဘုံသူမှန်၊ ထွတ်ညာစံသည်၊ နိဗ္ဗာန်ဝင်တော်မူသည့်
"နောက်"(၅?)။ ။အံ့"လောက်"ထင်ရှား၊ ကိုယ်တော်စားဟု၊ တည်
ထားရိက်ရာ၊ သာသနာသည်၊ အညာရပ်စည်၊ တကောင်းပြည်၌၊ ဆင်း
ရည်လက္ခဏာ၊ ဘုန်းရောင်ဖြာသည်၊ မဟာသမ္ဘဝ၊ နောင်လျှနန်းလျှာ၊
ရူဇာသမ္ဘဝ၊ ငယ်ကာလက၊ မြစ်မလယ်ခေါင်၊ ဖောင်နှင့်စုန် "ဆင်း"။...
"စက္ခုန္ဒြေ၊ မြေးယှက်စတွင်၊ ယက္ခဩသဓ၊ တွေ့ကြိမ်လာသည်၊ ပဏ္ဍာ
ကင်း" မှ။ ။ရှင်း "ရင်း" မြတ်မူ၊ ဖိုးဦးတောင်"စွန်း"၊... သရေခေတ်
တွင်၊ သာစည်ပင်လိမ့်၊ ယခင် "ညွှန်း" ခဲ့သည့်။ ။ရွှေ"ခွန်း"အာဏာနှင့်
ညီစွာ။

နာဝါယဉ်ညည်၊ ဆိပ်တွင်ဆိုက်ရောက်၊ မင်း နှစ်ယောက်လည်း၊ အံ့
လောက်စုံမက်၊ တကောင်းဆက်တွင်၊ ဝက်လိုက်တောစွန်၊ ခရီးလွန်သည်၊
သူမွန်ဘုန်း"ဟော့"။....မယ်တော်မောင်ရင်း၊ သီတင်းတန်းခိုး၊ စုံပြည့်ဖြိုး
သည်၊ မျိုးရိုးသန့်စင်၊ ခြားမထင်သည်၊ ရှင်ရ "သော့"နှင့်။ ။ကြိမ်"တွေ့"
သဖြင့်၊ကံမြီးပင့်၍၊သမင့်ရင်သွေး၊ရသေ့မွေးသည်၊ နတ်ပေးအင်"ညီ"။-
ကောင်းခြင်းငါးဖြာ၊ ကလျာငါးရပ်၊ ခြောက်ပြစ်လပ်၍၊ ဝင်းလျှပ်ကဲ့
အသရေ၊ ယဉ်ထူးထွေလှသည့်၊ ဘေဒါ"ရီ"။ ။ရူအိချင်ဘွယ်၊ မိန်းမ
ငယ်နှင့်၊နန်းနွယ်ပွင့်လျှာ၊ဘုန်းရောင်ဖြာသည်၊ မဟာသမ္ဘ"ဝ"။...စည်း
စိမ်နှင်းအပ်၊ လက်စုံထပ်သည်နှင့်၊ သောင်းရပ်ညာတည်၊ နောင်ဘုန်း
စည်မူ၊ နတ်ပြည် "ကြွ" သော်။ ။တ "ဖ" တမိ၊ ဇာတိစုံပေါင်း၊ နွယ်
မပြောင်းသည်၊ နောင်နှောင်းဆင့်ကာ၊ မင်းရူဇာနှင့်၊ မေတ္တာရစ်ချွေ၊
ဆောက်နှင်းစေ၍၊ မိတ်ဆွေမပြား၊ ထို့နှယ်ဖွားသည်၊ သည်းကြားရန်
"အောင်"။-ရွှေနန်းသာစည်၊ ရွှေမြို့တည်သော့အခါ၊ ထက်ပြည်သိကြား၊
ဂဠုန်များနှင့် နဂါးရေနက်၊ ရှိဦးညွှတ်ရသည့်၊ ဒွတ္တ "ပေါင်"။ ။
[အမရပူရမြို့တည် ဘိုးတော်-မင်းတရားကြီးလက်ထက် ဦးအောင်ဖြိုးဆို
ရာဇဝင် သာချင်း]

## ၃-(က) "ကာချင်း" ဟူ၍ သမုတ်ခေါ်ဝေါ်ကြသည့် စာတော် စာရင်းများကို ပြဆိုချက်

၁ မြင်စိုင်း ငါးစီးရှင်ကာချင်း။
၂ ပြည်မင်းမျက်နှာရှည် ကာချင်း။

## (ခ) "ကာချင်း"သဘောအဓိပ္ပါယ် မည့်သို့ရှိသည်ကို သိသာထင်ရှားစေရန် ကာချင်းစာကိုယ်များမှ ထုတ်နုတ်ပြဆိုချက်

(၁) တမောင်း တမောင်း [၁] တို့ တမောင်းသည်၊ တမောင်း, ဘကောင်းသားလော....ဘကောင်း-ဘကောင်း။ ။အနီးမြင်မှတ်၊ စေတီထွတ်သည်၊ တောင်မြတ် သာလျှောင်းလော... သာလျှောင်း-သာလျှောင်း။ ။သင်းတွဲမြောင်းကြီး၊ အယဉ်စီးသည်၊ ဖြင်ညီးမြစ်လောင်းလော-မြစ်ခလောင်းလော... မြစ်လောင်း မြစ်လောင်း။ ။ဥတည်သည်လည်း၊ ဥတည်ရံဝန်း၊ ပြသွန်းသွန်းသည်၊ ထက်ဝန်းတန်းဆောင်းလော-တန်းဆောင်း တန်းဆောင်း။ ။ပေါင်းကွတ်စေ့ပျဉ်၊ နန်းရင်ပြင်ကား၊ ဆင်လျှောင်နင်းကောင်းလော....နင်းကောင်း နင်းကောင်း။

ကျုံးနက်ရေ၊ မြို့ခြေအပြည့်ထား၊ တေဟူသည်ကား၊ တွားရှည်ကျော်ပြန့်ပွား။ ။တေ [၂] ဟူသည်ကား၊ ဆဲ့တရွာအခြား၊ ဒေဝကျော်ထင်ရှား။ မဏိဆင်သည် မျက်ရှင်ကွန်းတော်လား....ကွန်းတော် ကွန်းတော်။ ။အမွှမ်းစွင့်စွင့်၊ ကန္တား မြင့်သည်၊ ကြံသင့် သာလျှောင်းလော... သာလျှောင်း သာလျှောင်း။

ရဝေဆီးသည်၊ လက်တီးလေး တခါး။ ။တရပ်လာသည်၊ ရှိုင်ရှိုင်လော....ရှိုင်ရှိုင်။ ။မြားမိုးရွာသည်၊ ဖြိုင်ဖြိုင်လော....ဖြိုင်ဖြိုင်။ ။လင်းပြင်ပြည့်မျှ၊ ငှက်လင်းတ၊ လတိုင်းလော....လတိုင်း လတိုင်း။ ။မြင်းသည်သိန်းသန်း၊ များစွာလွှန်းသည်၊ ထက်ဝန်းရံသ....မနိုင်မနိုင်။ ။မည်းမည်း၊ မည်းသည်လည်း... လွှင်သည်လည်း။ ။တိမ်သည်မည်းမည်း....မည်းသည်လည်း။ ။တိမ်မည်းတက်ရာ၊

၁ တမောင်း–ဟူသည်ကား သည်နေရာမှာ သွေးသောက်ကြီး ; တီးရသော မောင်းတလုံးအုပ်စုမှာပါသူ, ဂဏ်ရည်တူ လူတစုကို ဆိုလိုသည်။ အကြပ်မှာ ဆော်မောင်းကလေး, သွေးသောက်ကြီးမှာ အရည်တူလူစုကိုစုသော မောင်းလပ်ဟု မှတ်အပ်၏။ ၎င်းပြင် တန်ဆောင်း ကျောက်စာ, ဆပဒေါသ စေတီလှ ကျောက်စာများမှာပါသော တမောင်းကား သီးနှံရိတ်သိမ်းချိန် တချိန်ကို ဆိုသည်။

၂ တေ–ဟူသည်ကား သည်နေရာတွင် အရေအတွက် သုံးခုကိုယူသော် ဆီလျော်ရန်ရှိသည်။ သုံးဟူသည်ကား မင်းသုံးပါးကို ဆိုလိုသည်။ နောက်ဆက်တွဲမှာ ရွှေမင်းဝံဆရာတော် မိန့်ချက်ကြည့်။



မိုးသေးပါ၍၊ ရွာသည့်မိုးကား၊ ရိုက်ကြိုး ကြည်းသည်လည်း....ကြည်းသည်လည်း။ ။ရွာသည်အသည်း၊ ရေချည်းဖြင်သည်လည်း....ဖြင်သည်လည်း။ ။ကန်သင်းမွှေ မမြင်သည်လည်း....မမြင်သည်လည်း။ ။အရိုင်းမနေချင်သည်လည်း....မနေချင်လည်း။ ။ပြေးလျှောင်တစီး၊ မြင်းသည်လည်း.... မြင်းသည်လည်း။ ။နှင်တံ မကာမ်းခင်သည်လည်း....မကာမ်းခင်သည်လည်း။ ။ဒသာလည်း-ဒသာကောင်းခြင်း၊ ခပင်းကြိုက်သည်လည်း... ကြိုက်သည်လည်း။

ရာဇသကြံ၊စည်းစိမ်ခံသည်လည်း....ခံသည်လည်း။ ။အသန်ယာ၊ချမ်းသာစံသည်လည်း... စံသည်လည်း။ ။နှစ်ပါးမင်း၊ ညီရင်းလဟူ၊ သီဟသူကား၊ အယူဖြောင့်စင်း၊ မြအဆင်းသို့၊ ချင်းလေးရပ်မျက်နှာသည်လည်း... ရပ်မျက်နှာ သည်လည်း။ ။သီးမှည့်ကျိုးအာသည်လည်း....အာသည်လည်း။ ။သဿာတန်းခိုး၊ မပြတ်ကိုးသည်၊ သုံးလူ့အမူး၊ ဂုဏ်ကျေးဇူးသည်လည်း... ဂုဏ်ကျေးဇူး သည်လည်း။ ။မုခပါဌ် မျက်ရှင်၊ ပလ္လင်ခတ် သည်လည်း... ခတ်သည်လည်း။

တာဝတိန်သာ၊ နတ်ရွာလော၊ နတ်ရွာလော.... ဟုတ်တည်းသျှင်ချင်း-သျှင်ချင်း၊ဟုတ်တည်း၊ ဆွေရင်း-ဆွေရင်း၊ ဟုတ်တည်း၊ သည်းရင်း-သည်းရင်း။ ။မြင်စိုင်းဟူသည်....ရွှေပြည်ရွှေပြည်။ ။မြင်စိုင်းရွှေမြေပန်းသင်းခွေ၊ ပင်ခြေချုံထက်နွယ်-ချုံထက်နွယ်။ ။တောင်လေရှုန်းရှုန်း၊ မိုးခတ်အုန်း၊ ကင်ပုန်းပွင့်ချီချယ်....ပွင့်ချီချယ်။ ။နွယ်ပန်းခွါညို၊ ပွင့်ပေလို၊ ပြာသိုဆောင်းလလယ်....ဆောင်းလလယ်။ ။တောင်ထွတ်များဆီ၊ ဒွန္ဒစာတိ၊ သရိရဓာတ်စွယ်....သရိရဓာတ်စွယ်။ ။ယာဆီမြေကောင်း၊ ကျသည့်-ကျသည့်ပြောင်း၊ မနှောင်းမှည့်ဆောလွယ်....မှည့်ဆောလွယ်။ ။ခါနှင့်,ဘုတ်,ချီး၊ ကြက်တောမျိုး၊ လိုစိုးကျက် မြေကျယ်... ကျက်မြေကျယ်။ ။ယှဉ်ဘော်မဝေး၊ဖော်ရွှေကျေး၊ စာနွေးစားလိုဘွယ်....စားလိုဘွယ်။ ။ယရည်းသွန်းသွန်း၊ မြင်းသည်ဝန်း၊ လုံချွန်းတွန်းတက်ပယ်....တွန်းတက်ပယ်။ ။စောလူး စီးတန်၊ မျိုးဆက်ဒန်၊ လျှင်ခန် * မြင့်မဆွယ်....မြင့်မဆွယ်။ ။မြောက်စည်လတီး၊ ဝင်ခါနီး၊ စောစီး * နန်းတက်ကျယ် .... နန်းတက်ကျယ်။ ။သာသည့် မြေပြင်၊

* မူရင်းအတိုင်း ဓ-အောက်မြစ်နှင့် ရေးလိုက်သည်။ ယခုအခါ ထ–ဆင်ထူး အသုံးပြုသောအရာတွင် ရှေးအခါ ကျောက်စာ,မင်စာ,ပေစာ များမှာ ဓ-အောက်မြစ်အက္ခရာကို များစွာ အသုံးပြုသည်။

စောနတ်သျှင်၊ နန်းခွင် ရှုတင့်တယ်....ရှုတင့်တယ်။ ။အတူးလော၊ တက်တိန်လော၊ နေရောင်လော။ ။[မြင်စိုင်းငါးစီးရှင် ကိုယ်တော်တိုင် က-တော်မူသည့် ကာချင်း]။

(၂) အုံ့ကာမည်း၊ ကြည်းကာရိုက်ကြိုး၊ ပျဉ်ထောင်မိုး။ ။ပျဉ်ထောင်ဆင်းရေ၊ နဝင်းချောင်းကြီး၊ စီးသည်ပြင်ရေ၊ မြစ်တွင်းခဲ့ *၊ အလှိုင်းလွှဲ့သည်၊ အထဲးရေနောက် ချောင်းထမ်းပိုး။ ။(၎င်းနည်း၂-ထပ်ဆို)။ ။အုံ့ကာမည်း၊ ကြည်းကာရိုက်ကြိုး၊ ပျဉ်ထောင်မိုး။ ။စေ့စေ့မြင်ထင်၊ မြသိထင်သည် ဓာတ်ဗုဒ္ဓိုဟ်။ ။အုံ့ကာမည်း၊ ကြည်းကာရိုက်ကြိုး၊ ပျဉ်ထောင်မိုး။ ။တောင်လေခပ်မှုန်း၊ မှုန်းကာသွေး၍၊ မြက်ဖွေးလပွင့်၊ အခြင့်ရှာသည်၊ အခါလကြိုက်၊ စိုက်ကောက်ပျိုး။ ။အုံ့-လ-မိုး။ ။မိုးစိမ့် မြေစို၊ ဝါးယောင်းမှုန်နှင့်၊ မျှစ်ပျို နုကျိုင်း၊ ပြိုင်းရရိုင်းကို၊ ခွမ်းတိုင်းကြိုး။ ။အုံ့-လ-မိုး။ ။တောင်ခြေခပ်သိမ်း၊ မြစိမ်းလားသို့၊ မြောက်မြားနှင်နှင်၊ နရားပင်နှင့်၊ ချေရှင်တံစမ်း၊ ချမ်းဆောင်းရိုး။ ။အုံ့-လ-မိုး။ ။ဦးထုပ်မည်းနှင့်၊ ယရည်းဟူ၍၊ မတူလူချင်း၊ မင်းခပင်းကို၊ နှိပ်နင်းစိုး။ ။အုံ့-လ-မိုး။ ။မူဆိုးဆင်အောက်၊ တည်သီးခြောက်ကိုလွှန်၊ နာရီပြန်၊ ချမ်းသန်တပို့တွဲ။ ။နွယ်ပန်း-ပန်းလှနီရှင်း ပေါက်နှင့်လဲ။ ။မီးသွေး-ဝတ်မကင်း၊ ပွင့်လလျှင်းနှံမရှဲ။ ။သရဘီ-ခံကျွတ်၊ ပန်းဖက်ဆွတ်၊ ပွင့်မြတ်ပူကျက်-တက်နေဆာ၊ ထွန်းလခါ၊လျှံဝါရှိန်ရှိန်ရဲ။ ။သရဘီ-ရက်ရေပွင့်ဆန်းလေ၊ ငုံပြေပန်းရွှေခဲ။ ။အင်ကြင်း ငွေလက်ဆန်၊ ပျဉ်းနီလွှန်ပွင့်ဝန်တောခဲ့။ ။ခံကျွတ်-သရဘီ၊ပျဉ်းနှင့်ညီ၊ရာသီကံ့ကော်မြတ်။ ။သင်းကျစ်-စီတုယင်၊ မင်းခရေးလွင်၊ ကြည်လင် တို့နေဝတ်။ ။စုံမက်လွှန်စွာ၊ လေကြေညာ၊ နံ့သာကြိုင်လှတွတ်။

ချစ်လည်း-ချစ်ကြဆုံး၊ ဆင်မြကုံး၊ သွေ့စုန်းမွဲ့ရောင်ကြည်။ ။သန့်စည်ချောညက်၊ လဘက်တင့်ဆုံး၊ မွဲ့ဆံ ဆံထုံး၊ ဆိုတီးတုံး၊ ရယ်ပြုံးချစ်ကြည်ကြို၊ ထုံနံ့မွှေး။ ။စံကားဝတ်စုံမြေ၊ သွန်းညောင်ရေ၊ ထုံး (ထုံလေ ?)

* ပျဉ်ထောင်ရေဆင်း၊ နဝင်းချောင်းကြီး၊ စီးသည့်ရေပြင်၊ မြစ်တွင်းခဲ့ဟု ဖြစ်သင့်၏။ ။[စာတည်းသူ]



တန့်စကူး၊ ငွေလဆန်း၊ ဆန်းလှဦး။ ။ဝတ်ဆံရွှေသား၊ စကားပွင့်လှဦး။ ။ရွှယ်ခေါင်အလျောက်သိ၊ ဆိုင်းမြှောက်စီ၊ လှညီ မယ်မြောင်းတူး။ ။[ပြည်မင်း မျက်နှာရှည်ကိုယ်တော်တိုင်-ကသည့် ကာချင်း။ ၎င်းကာချင်းများတွင် သံပေါက်ရောစပ်၊ ချပ်လျက်ချပ်လျက် ပါသည်မှာ ယခုအခါ-သီချင်းများတွင် လူးတား-ရတု၊ ခုကာညှပ်ကာစပ်ကြ ချပ်ကြသကဲ့သို့ ဖြစ်ဟန်တူသည်။]

## ၄ (က) "အဲး" သမုတ်ခေါ်ဝေါ်ရေးသားကြသည်များကို နန်းစဉ်စာတော်စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

| | | | |
|---|---|---|---|
| ၁ | မင်းလက်ဝဲးသုန္ဒရဆို-အဲး။ | ၄ | မောင်ချင်းဖြူဆို-ရှစ်ဆယ်ပေါ်။ |
| ၂ | မောင်ယာဆို-အဲး။ | ၅ | ရှစ်ဆယ်ပေါ်-အဲး။ [လိုက်-အဲး] |
| ၃ | မယ်ခွေ [1] ဆို-အဲး။ | ၆ | လပ-အဲး။ |

## (ခ) "အဲး" သဘောအဓိပ္ပါယ်မည်သို့ရှိသည်များကို သိသာထင်ရှားစေရန် အဲးစာကိုယ်များမှ ကောက်ယူ ထုတ်နုတ်ပြဆိုချက်

(၁) ဖန်ဂူမှဆွတ် "နှိမ်"-ရွှေတောင်ပံဟုန်၊ တသုန်သုန်နှင့်၊ ဂဠုန်ဟန်ကြွ၊ သူရဇ္ဈဟု၊ ဂြိုဟ်တကာ့ "နောင်"၊ ရပ်အခေါင်မှာ၊ ထွန်းပြောင်"ထိန်" ပါလို့ခလ။ ။မျက် "ရှိန်" ငယ်မှပတ် "ချုပ်"။-ကြေညာရောင်ဖုန်၊ တေဇာလွှန်သည့်၊ ရွှေကွန် "အုပ်" ဟု။ ။"သမ္ဗုဒ္ဓဝယ်"-မြတ်ဝန္ဒာမိ၊ ကြာဘုန်းရှိ၊ သုတိညွတ်ကြည်၊ တိုင်လျှောက်မည်ဟု၊ ဆက်လည်သံသာ၊ ဘဝေကလျှင်၊ ကြင်ရတဲ့ကိုယ် (တယ်ကို?)၊ မတွယ်ပါ ဝါခေါ်လို့စိန်းတော်မူ "ရိုး"။ ။ငွေ "မိုး" မှရောရ၊ နတ်စက်လ [2] တွင်၊ ညွတ်ခမျှော် "မျှော်"။-နေ့ညဉ့်မချာ၊ လျှောက်သူမှာမူ၊ ယင့်မာပွင့်မှ၊ ချစ်ပန်းသည့်၊ သာမျှကြင်ကျိုး၊ မဝေဖြိုးသော်လဲး၊ နတ်နိုးရာသီ [3]၊ မရောက်မီကားသိန်ကို "လျှော်" ငယ်၊ မှူမ "တော်" ယွင်းယောင်နှင့်၊ ခင်းရှောင်ကာတိမ်း။ ။

[1] မယ်ခွေကား စစ်တောင်းဝန်သမီး, အမွေဝန်ကတော်,နန်းတော်သူတည်း၊ ၎င်း အမကား-မယ်ကေ။မယ်ကေ,မယ်ခွေ-ဟု ထင်ရှားသည်။

[2] နတ်စက်လ-ဟူသည် နတ်အိပ်လတည်း၊ ဝါဆိုလကို ဆိုလိုသည်။

[3] နတ်နိုး ရာသီ-ဟူသည် နတ်အိပ်ရာမှနိုးသော လတည်း။ တန်ဆောင်မုန်းလကို ဆိုလိုသည်။

တလံခန့်၊ ဝမ်းတဆွာကို၊ မဟာမေရု၊ တောင်အထုကို၊ ကြွေလုမတတ်၊ အခဲးဆတ်လို့၊ လွန်းစသတ်ချိန်၊ ကြိရက်နှင့် မှိန်ချည့်မယ်၊ မြတ်ဇိနိန် ရောင်စုံညီးပါမှ၊ ပူမီးငြိမ်းလေး။ ။[မယ်ခွေဆို]။

(၂) မသန်းမှမြူ"မှုန်"။–ပိုင်းရာဟုစွန်း၊ နောက်မြောက်ယွန်းမှာ၊ ကွန့်ရွှန်းနန်း၊ တိုင်းမဲ့ပသည်၊ နဝ "ဂုဏ်"ငယ်နှင့်လေ။ ။နိတုံငယ်မှ လျှံ"ရဲး"။–ဖောင်းရစ် ဝတ္တုမြား၊ သီးချရားနှင့်၊ ကြွားကြွားအလွန်၊ သားသား ဂုန်အောင်၊ မိုးစွန်"ထဲး"မှာ။ ။ပျံ"ဝဲး"မှ တင့်"မြိုင်"၊–ရွှေထီး မောက်ဖြိုး၊ ကြီးတန်းခိုးနှင့်၊ ဆင်ကြိုးရွှေဂူ၊ ခြောက်ရောင်မြည်လူ-လှတဲ့၊ နိမ္ဗူ"ပိုင်"ကို၊ လျှောက်"တိုင်"တင်အံ့မူတ"နည်း"။ ။သာ"ဖြည်း"မှ ညှို့ ညက်၊ ကိုယ်နှင့်သက်တို့၊ ဆထက်ကယ်ဆယ်"ပြန်"။–မကြွင်းကုန်ကုန် အခင်းကြိုလို့၊ အာရုံကျင့်ပန်း၊ ဆင့်ဆင့်လန်းပြီးမှ၊ သွေ့မြန်း"ပြန်"သည်၊ သစ္စာငယ်(မှန်?)ဓမ္မော်မှ၊ သူမတော်ညှိုး။ ။ဗယ်ဝင့်ညာဝင့်၊ တထင့် ထင့်နှင့်၊ ကြီခွင့်ထဲးသို၊ အရေးတော်ညိုချက်ကို၊ မဂ်ဖိုလ်လုံးပရမေ၊ ချစ် ပန်းခိုင် ကြွေတဲ့အောင်၊ မြတ်စိန္တေ ညဏ်တော်ရှင်းပါရော့၊ အခင်းမျိုး လေး။ ။[ဇင်းဆို]။

(၃) ရိုက်ခြိမ်းမှဆူ"ဝေ"။–နဂါးဖြိုဟ်နတ်၊ပျော်မြဲးရပ်မှာ၊မှောင်ကပ် မဆီး၊ တညီးညီးနှင့်၊ နေမီးလဝါ၊ မနိုင်းသာသည့်၊ ခြောက်ဖြာငယ်ရွှေ ပါလိုလေ။ ။ငါး"ထွေ"ငယ်မှမာရ်"လွှင့်"။–ဘုမ္မိနက်သန်၊ တက်မည် အောင်၊မြေကြန်သင့်လျော်၊ပေါ်ပေါ်ပေါ်သည်၊ ကုန်းမော်"မြင့်"မှာ။ ။ ဝင့်"ဝင့်"ငယ်မှထိန်"လျှံ"။–အထွက်ကြဌာန်းမည်တော်မှန်းသည်၊ ကိုးခန်း ဂုဏ်ချင်၊ ရွှေလင်းပင်ဟု၊ သံလွင်ချိုပြ (ချီးကျူး?)၊ ရှိုစုံဖူးလို့ ဆုယူးငယ် "ပန်"သည်၊ "နိဗ္ဗာန်"မရမိစပ်"ကြား"။ ။ကြိ"အား"ကြိုးတူ၊ စိတ်ဇ ဝက်နှင့်၊ ယွင်းပျက်သူ"ကို"။–ခန္ဓာပင်စည်၊ အမြဲးရှည်လို့၊ ကျင်လည် လေရာ၊ စတ္တဝါမှာ၊ ဇိလာတောင်ကြီး၊ ရွှေကဆီးလို့၊ စီးရမည့်ထား၊ သတင်းနားမှ၊ မကြား"လို"သည်၊ ကျွန်းတွင်"ရှိ" ဟိုသူ့ကြောင့်၊ ဝေး ကို၊ အလျှံပြောင်ပြောင်၊ အူသဲးခေါင်မှာ၊ တောက်လောင်ဗျာပါ၊ ထိန် ညီးသာဖြာတော့သည်၊ ညဏ်သီတာ-မဂ်ရေပန်းနှင့်၊ ဆွတ်ဖျန်းလောင်း လေး။ ။[ဇင်းဆို]။



(၄) ခြိုးအုံမှမ"နိုင်"။–သတင်းဝေဆာ၊ ကေသရာမှာ၊ မကွာစောင့် မြန်း၊ဒိသာခန်းတွင်၊ဘုန်းပန်း"လှိုင်"ပါလိုလေ။ ။ဆွယ်ဖြိုင်ငယ်မှဘက် "ကျွန်း"။–သိင်္ဂိ ဝင်းလျှပ်၊ မဟာဂ္ဂတ် နှင့်၊ နဝရတ်စုံ၊ ဝိသကြာသည်၊ ရေးပုံ"သွန်း"သို့။ ။တက် "ထွန်း" ငယ်မှ လျှံ "ဝါ"။–ဂုဏ်တခဲးနက်၊ မိုးဘဝဂ်မှာ၊ ဖြိုးပြက်ကယ်အလွှ့၊တန်းခိုးငယ်ဖြန့်လို့၊ ပတ်ခြံ့ငယ်"ဖြာ" သည်၊ ဘဂ"ဝါ"ဗုဒ္ဓရွှေစ"ကား"။ ။ရွှေ"နား"တော်မြတ်၊ မတင်အပ် လည်း၊ ခဝပ်လျှောက်"ရန်"။–စကြာကုမုဒ်၊ နတ်စောင်းနှုတ်နှင့်၊ ဗယ် ဆုတ်-ညာတင်၊ ရှေးယခင်က၊ အကြင်မတူ၊ ဘဝင်မူလို့၊ လျော့လူ မှုတဲ့၊ သူ့အ"ကြံ"ကို၊ စိတ်ဝေ"ဘန်"လို့ဂုက်လို့၊ ရှက်ကြောက်ဘွယ် ကြီး။ ။မိပ္ပါယ်မခြား၊ ပုံအလားမှာ၊ သုံးစားပါပစ်၊ ကန်းပူဆစ်သို့၊ အချစ်ကဲ့ရှောင်ခွါ၊ မသမာချက်ကို၊ ဆသာဓာညဏ်ကျော်နှင့်၊ ဘုန်း စည်တော် ထိန်ဝါလျှမ်းပါလို့၊ ရိုက်မွှမ်းတီးလေး။ ။[မယ်ခွေဆို-အမရ ပုရမြို့ ဘုရားလေးဆူတိုင်-အဲး ၄-ပုဒ်။]

၁။ နေနတ်ကယ်မှ ရာ "ဇာ"။–အဿဝဏီ၊ ကြယ်နှင့်ညီလို့၊ စန္ဒီ စကြာ၊ ယှဉ်ဖြိုင်ငယ်ပကြသည့်၊ လအ "တာ"ကိုတဲ့လေ။ ။သီ"တာ" ငယ်မှပျံမွှန်း။–သခေပြမြရည်၊ တသောင်းပြည်ကို၊ အောင်စည် "ရှမ်း" လို့။ ။ရေ"သွန်း"ရယ်မှ ခါ"ချိန်"။–သောက်ရူးဥပါ၊ ကြယ်ညီလာနှင့်၊ ရွှေဇာပြောက်လို့၊ တိမ်ခိုးညိုနှင့်၊ ဖြိုမည့်နှယ်"မှိန်"သည်၊ နဂါး"လိမ်" လွှမ်းအိမ်ဖွဲ့လို့၊ မဲ့ဆီကိုမဲး။ ။သင်းတွဲးမှ စိန်"ရောင်"။–ကံ့ကော်ဝတ်မှုံ၊ တထုံထုံနှင့်၊ ရဂုံမြိုင်ဖျား၊ တောတလွှားမှာ၊ ငှက်ခါး"တောင်"လို့။ ။ ပု"အောင်"မဲ့ကို။–မိုးကြီးတဖွဲ၊ လေတလွှဲနှင့်၊ တဆဲ့ခြောက်တိုင်း၊ မပြတ် ကယ်ဆိုင်းလို့၊ မှိုင်းမှိုင်းငယ်ညိုသည်၊ မ"ဖို"သီတာဆိပ်ကယ်က၊ ချစ်ရိပ် သံနွဲး။ ။ပြင်နာရီစား၊ ငါးဘို့ထားလို့၊ ဖဝါးမှာသုံးအင်၊ မိဿခွင်မှာ၊ မရှင်နိုင်တတ်၊ စန်းလွှန်းပင်ပြတ်ခဲ့ပြီ၊ မြတ်ဆံကျင်တာရာက၊ တေဇာ တော် မချိပါနှင့်တော့၊ ဝေသာလီ ရွှေပြည်ကြီးမှာတဲ့၊ ထိန်ညီးရဲ့လေး။ [တန်ခူးလဘွဲ့။]

(၂) ဖန်နန်းမှမျက်"စုံ"။–နေနှင့်ယှဉ်မိ၊ ရောဟဏီသည်၊မှန်စီဆောင်က၊ ရွှေထီးရိပ်ပြပါလို့၊ လွှမ်းစရှည့်နွယ်၊ မင်းမူ ဟန်ကျယ်လှချည့်၊ မိုးလယ် "ဟုံ"မှာတဲ့လေ။ ။က "ဆုန်"ငယ်မှရ"တု"။–မြနီလာစစ်၊ အပြာရစ်လို့၊ ရှစ်မျက်နှာစို၊ တောတခိုမှာ၊ ပျိုလု "လု" နှင့်။ ။ကျိုးဥမှာလဲ့ "ဟန်"။–

စံကားထုံသင်း၊ ဝေါဇာချင်းတွင်၊ တုကင်းလွတ်ကွာ၊ ငှက်ပေါင်းသာသို့၊ ညာ်ကြေပျံ့သည်၊ ယု "ဂန္ဓိရုံ" တိမ်တပုံ၊ ဂဠုန်လို "ဝဲ"။ ။အ "သဲ" မှဆွတ် "ကြင်"။–သောင်သင်ဖြူးခင်း၊ မြစ်ကြီးတွင်းမှာ၊ ငါးကြင်းဆန်ကူး၊ ငါးတန်မြူးသည်၊ ဝိုက်ဦး "ငင်" လို့။ ။သ "ဘင်" မှဖြိုး "ဝေ"။–စင်ရော်သောင်တင်း၊ ရွှေဘိန်ညင်းတို့၊ ချစ်တင်းဝိုင်ဝိုင်၊ အာလုပ်ကယ်လှိုင်လို့၊ သံဖြိုင်ငယ်ချွေသည်၊ ဂြိုဟ်စနေ ဇီလာ ဝိုင်းဆီက၊ မှန်တိုင်းချိုပြင်း။ ။ပြည့်ကမ္ဘာဇ၊ တိုင်းညီမြမှာ၊ တံငါတာရာ၊ ကြယ်ဥပါနှင့်၊ အခါညောင်ရေ၊ ပွဲစုံငယ်ထွေလို့၊ လွမ်းဖွေဆိုင်ညီ၊ သေမင်းပင် မှီရေ? ထင့်၊ စက်ရာသီပြိုသာရေးကိုတဲ့၊ ပူဆွေးခင်းလေး။ ။[ကဆုန်လဘွဲ့။]

(၃) ရွှေသားမှ "သိဂ်ု"။–အဖြုကြယ်၊ ကောင်းကင်လယ်မှာ၊ နေစွယ်ရထား၊ လှည့်လည်သွားလို့၊ စက်နားမှမေထုန်၊ လွှမ်းရန်ဘို့ ကြုံခဲ့ပြီ။ နယုန် "ဆီ" ကိုတဲ့လေ။ ။န "ဒ" မှစိမ်း "ပြည့်" (မြ ?)။–ရေမှာကြည့်လည်း၊ ရေ၍ထုံးမမ်း၊ ထောင်မှာစမ်းလည်း၊ တောင်ကမ်းဖွယ်ရာ၊ မြေမျက်နှာလည်း၊ မသာစတောင်း၊ ရှုမညောင်းသည်၊ နွေနှောင်း "လ" မို့။ ကမ္ဘာ့ကြက်သ "ရေ"။–ရဂုံနက်ကျယ်၊ တောမြိုင်လယ်မှာ၊ စပယ်မုလေးပန်းစုံမွှေး၍၊ စာမေးသဘင်၊ ငှက်ပေါင်းရှင်လို့၊ မင်းလွင်ငယ် "ဝေ" သည်၊ တောင် "လေ" ပြည်မှိုင်းမှုံနှင့်၊ ကြုံရလေ "ခြင်း"။ ။မ "လင်း" မှ ကောင်း "ကင်"။– တိမ်ခိုနန်းမြောင့်၊ ရာဟုထောင့်က၊ မြရောင့်ဖွယ်ရာ လက္ခဏာနှင့်၊ လာ၍ "ဆင်" သို့။ ။သ "ဘင်" မှမွှေ "သိမ်"။–တဆွဲမိန်ဘည်၊ ပြည်သာငြိမ်ကလိုင်ရာဇ်နေတို့၊ ဇေဋ္ဌတာရာ၊ ရွှေလည်ပိုသာဝဲနှင့်၊ တင့်ရဲငယ် ဆိတ်စခမှရှုဝဲနှင့်၊ မင်းပုမ့်ဆီ၊ မှန်းခါန်တော်ဇိတဲ့လို့၊ စိတ်ဖွေရှိုင်ညှိုး။ ။လရာသီဖြိုးတော် ဝိုလေသီ။ ။ငိုတတ်သည့်သူငယ်လို၊ အသွယ်သွယ် မကျိစားပါနှင့်၊ တအားကိုးလေး။ ။[နယုန်လဘွဲ့။]

(၄) ဦးစွန်းမှစိန် "လူ"။–လေးလုံးအကျွရာ၊ တံဆိပ်စာနှင့်၊ ရတနာချိန်မှိ၊ တနန်းစီစံကြတယ်၊ တသောင်းယုဂန်၊ ရွှေကြယ်ဖုသျှ၊ တူကွမှ သိမ်မွှေ (သိမ်း မွှေး ?)။–ရွှေဗုဒ္ဓနံစာ၊ မြိုင်လုံးဝါ၊ ရတနာကတ္တီ၊ လွှမ်းတို့သီအောင်၊ ပန်းချီ "ရေး" လို့။ ။မိုး "သေး" မှ စွတ် "စို"။–ကသစ်နန်းသာ၊ ကမ္ဗသာကာ၊ မဟာရေဝိ၊ စက်ရှိန်ငယ်ချီလို့၊ ရွှေသိတဂူနယ်ကာ၊



တိမ်ခြယ်လို့ညိုသည်၊ ဝါ "ဆို" ပဍ္ဍင်းပွဲနှင့်၊ ကြည်းကွဲရန် "များ"။ ။တော "လား" မှ ပုံ "ပြင်"။–ပုန်းညက်အနန်း၊ နှင်းဆီပန်းနှင့်၊ စခန်းမှကြိုင်သင်း၊ ရဂုံတွင်းမှာ၊ ငှက်မင်းသားနှယ်၊ ရွှေစလွယ်၊ ကိုးသွယ် "တင်" လို့။ ။မိတ် "လင်" မှစုံညီ။–ကြည့်ပါအလို၊ မြင်သူများငိုရအောင်၊ အဖိုးအဲးချ၊ အမ အဲးတိုင်၊ ပွင့်ဝတ်ကယ် လှိုင်လို့၊ သံဖြိုင်ငယ် "ချီ" သည်၊ စုံနဒီကမ်းရေပြည့်လို့၊ ဝဲးလှည့်သံသဲး။ ။ဆံကျင်ရောင်လျှပ်၊ တာရာမြတ်နှင့်၊ နက္ခတ်နဝ၊ ပါဒ်သုညတွင်၊ တရာ့တပါး၊ လူအများတို့၊ စကားမှတွတ်ထိ၊ ဘဲ့နှယ်သာ ဝိပမယ်၊ ဖော်မညီတကိုယ်ရေးတို့၊ ပူဆွေးပွဲးလေး။ ။[ဝါဆိုလဘွဲ့]-မယ်ခွေဆို ၁၂-ရာသီဘွဲ့-အဲး ၄-ပုဒ်။

၅–(က) "အိုင်" သမုတ်ခေါ်ဝေါ်ရေးသားကြသည့် စာရင်းများကို နန်းစဉ် စာတော်စာရင်းများမှ ထုတ်နုတ်ပြဆိုချက်

၁ ရာပြည့်အိုင်။

(ခ) "အိုင်" သဘောအဓိပ္ပါယ် မည်သို့ရှိသည်များကို သိသာခြားနားထင်ရှားစေရန် အိုင်–စာကိုယ်များမှ ထုတ်နုတ်ပြဆိုချက်

ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း ယောက်မ * တို့လေ။ ။နှမထွေး၊ မယ်တို့အိမ်ကို သိလိုချင်မူ၊ နတ်ခရိုင်နှင့်–ဈေးဆိုင်နှင့်။ ။အိမ်မြောက်ကမူ၊ အိမ်တောင်ကမူ၊ ကြက်သွန်ခင်းနှင့်–ရေတွင်းနှင့်။ ။အိမ့်မြောက်ကမူ၊ စပါးလင်နှင့်–ဒန်းပင်နှင့်။ ။အိမ့်နောက်ကမူ၊ ဓိတ်သလင်နှင့်–ချင်းပင်နှင့်။ ။မိတ်သလင်းနှင့် ချင်းကိုလိုလျှင်၊ ဝါဆိုငယ်မှဝါဦး၊ မြေနူးကိုတူးပါလှဲ့ရှင်၊ မိတ်သလင်နှင့်ချင်းကိုမလို၊ နှမထွေးမဲ့ကိုလိုလျှင်၊ တပေါင်းငယ်မှတန်ခူး၊ ရွှေဘိဦးကို၊ ဘူး (ခူး ?) ပါလှဲ့ရှင်၊ အလိုအပျိုဖြူ သူနှင့်ဆုံသည်၊ ဂုံချိုကုံးငယ်နှင့်၊ ဆောင်လုံးညီလေး။ ။ငါ့ချစ်တဲ့သူငယ်လေ....သူငယ်ချင်းကောင်း ယောက်မတို့လော။ ။ဆူးတွေကိုလွှယ်၊ အမယ်ကြီးနှင့်–ဘကြီးဖျက်လို့၊ အိမ်လေးထောင့်မှာ၊ ချုံလျှက်၊ မျက်မှာငယ်မှစေ့စုံ၊ လှေကားခုံမှာ၊ ဂဠုန် မောင့်ကြောင့် စောင့်စောင့်တော့တယ်။ ။လှေကားဦးမှာ ဘီလူး မောင့်ကြောင့် အသံ

* ဤအိုင်ကိုစပ်သူသည် စကားပြောသံနှင့်အညီ" ယောင်းမ"ဟူသောအသံဖြင့် စပ်သည်ဟု ထင်မိ၏။ (စာတည်းသူ)

တော့တယ်။ ။လှေကားခြေမှာ ဆူးလေ မောင့်ကြောင့် ကြဲတော့တယ်။ အိမ်တိုင်တိုင်းမှာ၊ နွားရိုင်း မောင့်ကြောင့် ချည်တော့တယ်။ ။ထရံကြားမှာ၊ ဓါးသွား မောင့်ကြောင့် ထားတော့တယ်။ ။အိမ်ကြမ်းကြားမှာ၊ အပ်သွားမောင့်ကြောင့် စိုက်တော့တယ်။ ။အိမ်မိုးခေါင်မှာ၊ လှံထောင် မောင့်ကြောင့် စိုက်တော့တယ်။ ။မောင်လဲး ဘယ်က တက်ပမယ်၊ မယ်လဲးဘယ်က ဆင်းရမယ်။ ။ကြွက်ကဲ့အယောင်၊ ကြောင်ရဲ့အလား၊ ထုပ်နှင့်လျောက်ကို၊ တိုးဖောက်သွားက၊ထုပ်သားငယ်မှမခိုင်၊ ထုပ်တိုင်ငယ်မှ ပိုးထိုး၊ အလယ်ခေါင်မှာ၊ ဖောင်ဖောင်ကျိုးက၊ သူခိုးဆိုညွှန်း၊ မီးထင်းထွန်းလို့၊ ဝန်းကြသော့ခါ၊ ဆင်းချခုန်၊ လမ်းဆုံရောက်ပါလိမ့်မလားရှင်။ ညီမအထွေး၊ ရွှေတလေးကို၊ ပြေး၍ကြည့်ချေ၊ စေလသော့ခါ၊ အမယ်မမ၊ ကျွန်မခဲ့အို၊ မြင်ငဲ့ ငါတို့၊ ရွာလယ်ခေါင်တွင်ခတင်ကြီးမှာ၊ စောင်းတီးလို့လေး။

ချစ်ဘဲ့ သူငယ်လေ····သူငယ်ချင်းကောင်း ယောက်မတို့လေ။ ။မြင်းမနီလာ၊ မြင်းကျားခွါမဲး၊ ကလုံးထဲးနှင့်၊ အုံးလွှဲးပစ်တင်၊ တိမ်မိုးမဲးနှင့်၊ ကသဲးစစ်သို့၊ နှစ်မည်ဝင်မည်၊ သံလွင်ကို ရောက်ပါဘူးစရှင်။ သံလွင်ငယ်မှမက၊မုတ္တမနှင့်၊ ဒလတသွယ်၊ ထားဝယ်တခြား၊ ယိုးဒယားတလိုက်၊ ကမန်ဝိုက်ကို၊ တိုက်သော့ခါမှ၊ ဓားကိုသို့ကိုင်၊ လှံကိုသို့နတ်၊ စစ်မြေပြင်မှာ၊ ဝင်ကာခုတ်၍၊ ဘုရပ်ကယ်ရှုံးပြေ၊ ထွားထွားငယ်ကြောင်လေဘူးပါစ၊ ဆီမလူးပေဘူးစာနှင့်၊ မှာလိုက်ကဲ့ရှင်၊ အပျိုဖြူမဲ့မှာကျွမ်း၊ လွှမ်းတုံတင်လေး (၁)။

ခေါင်းလောင်းမှော်သာ၊ တပိသာတဲ့၊ ဆည်းလည်းငယ်မှ သံသေး၊ ငါးဆယ်ခံပေးတဲ့၊တင်ကြေးငယ်မှမကြီး၊သုံးဆစ်နှီးနှင့်၊တင့်ရိုးငယ်မှ လှနီး၊ သိုးခေါက်ချိုးနှင့်၊ သုံးချိုးလေးလွှား၊ မောင်တို့နွားမှာ၊ နွားကျားသံတောင်၊ နွားကြောင်လိမ္မာ၊ တပွင့်ကြာကို၊ နှုတ်သာကောင်းနှင့်၊ မောင်းကနှစ်လုံး၊ မျောခွက်ကယ်ကျုံး၊ မြေဒူးဈေးမှာ၊ဈေးမှီအောင်ရှင်၊ အပျိုဖြူမယ်သာ ကျွမ်းပါတဲ့၊ လွှမ်းတုံတင်လေး (၂)။

မဆင်သာသည်၊ ယင့်မာပျဉ်းဖြူ၊ အပင်ငယ်ပြတ်သည့်၊ ဇလပ်ဖြူကိုချူလို့ ပစ်ရတော့မလား။ ။မကြင်သာသည်၊ မင့်မှာသူနှင့်၊ အယူငယ်ကမ်းတဲ့၊ မလှမ်းသူကို၊ မြူလို့ ရစ်ရတော့ခလား။ ။မပန်သာသည်၊ ယင့်မာခေါင်ရှမ်း၊ ဇလပ်ဖြူငယ်၊ တောင်သူပန်းကို၊ နွမ်းလို့ ပစ်ရချေ



တော့မယ်။ ။မချစ်သာသည်၊ မောင့်မှာရဟန်း၊ ကမ္ဗဝါနှင့်-ရွှေစာထမ်း၊ ကျမ်းနှင့် ဖြစ်ပြန်ချေတော့တယ်။ ။မပန်သာ၊ ယင့်မာ အကိုင်းအခက်နှင့်။ မကြိုသာ-မင့်မှာ အပေါင်းအဖက်နှင့်၊ အလိုလေ့အိုင်၊လူပျိုပုံမှာ၊ မယ်သာမှူန်းပါတဲ့၊ ခွင်လုံးပိုင်လေး (၃)။

### ၆-"သီချင်း" သက်ဝင်ရာပါ၊ ကဗျာ ၂၂-မျိုးအနက် ရကန်,သာချင်း,အဲ့း, အိုင်, များပြင် ကြွင်းသည့်ကဗျာများမှာ စာ-စာရင်း၊ စာကိုယ် အကျယ်မပြ ချန်ထားလိုက်သည့်အကြောင်း

ရကန်, သာချင်း, အဲး, အိုင်များပြင်၊ ကြွင်းသည့် သီချင်းသက်ဝင်ရာပါ ကဗျာစာ-စာရင်း, စာကိုယ်အကျယ်များကို ခွဲခြားပြသ သင့်သော်လည်း ဝန်ထောက်မင်းသည် လန်ဒန်သို့ ထွက်သွားတော့မည့် နေ့ရက်နီးကပ်လျက်ရှိသည်ဖြစ်၍ စေ့စပ်ကုံလုံစွာ ရှာဖွေကောက်နုတ် ထုတ်ယူဖော်ပြရန် အချိန်ကာလ မရသော့ကြောင့် နောက်ကျ လေးဖင့် မှီနိုင်ခွင့်ရှိလိမ့်မည်မထင်သည်တကြောင်း၊ရှင်မဟာသီလဝံသသွင်းမေတ္တာစာ၊ မုံရွေးဆရာတော်သွင်း-မေတ္တာစာ၊ ကျီးသဲးလေးထပ် ဆရာတော်ရေး-မေတ္တာစာ၊ ဦးပုညရေး-မေတ္တာစာ စသော များစွာသော မေတ္တာစာစာအုပ်၊ အရပ်ရပ် လေးချိုး၊ တေးထပ်ရိုး၊ သုံးချက်ညီ တေးထပ်၊ ရှစ်ဆယ်ပေါ် တေးထပ်၊ တေးထပ်ဆန်းကြီး စသည်များကို ဆရာကြီး-ဦးဝေ, ဦးကျော်ရတို့ စုဆောင်း ရေးသား စက်တင် ပုံနှိပ်ပြီး စာအုပ်၊ မဟာဂီတမေဒနီစာအုပ်၊မောင်စံသူဆို-မှာတမ်း စာအုပ်စသော ရှေးရိုးစာအုပ်များနှင့်တကွ ယခုကာလ ရေးသားဖွဲ့ဆို စက်တင် ပုံနှိပ်ကြသည့်သီချင်းသက်ဝင်ရာ ကဗျာစာအုပ် အမျိုးမျိုး အပြားပြားများသည် နှံ့ပြားကြေညာ ထင်ရှားစွာ ရှိပြီးဖြစ်သည်တကြောင်း၊ ၎င်းကဲ့သို့ ကြေညာထင်ရှားစွာ ရှိပြီးသည့်အတိုင်းလည်း သီချင်းသက်ဝင်ရာပါ ကဗျာနှင့် စပ်သည့် အတတ်များကို သိမှတ်ကျွမ်းကျင် နားလည်သူ, သီချင်းရေး-ဇာတ်ရေးဆရာ များပြားစွာတို့နှင့် သဘင် ၃၇-ရပ်တို့တွင် သက်ဝင် ကျွမ်းကျင်သူ, အမျိုးမျိုးအပြားပြား များစွာရှိကြသည်တကြောင်း သည်ကဲ့သို့အကြောင်းကြောင်းများကြောင့် နားလည်သိမှီသူ နည်းပါး၍ များစွာနှံ့ပြား-ထင်ရှားကြေညာခြင်း မရှိသေးသည့် ရကန်, သာချင်း, အဲး,အိုင် စာကိုယ်များကိုသာ လိုက်နာမှတ်ယူနိုင်ရန်၊ အနည်းငယ် အနည်းငယ်

စီ၊ အသီးအသီး ကောက်ယူထုတ်နုတ် ဖော်ပြ၍ ငှင်းလေးမျိုးမှ ကြွင်းသည့် သီချင်း သက်ဝင်ရာပါ ကဗျာစာကိုယ် စာရင်းများကို အကျယ်ကို မဖော်မပြ-ချန်ထားလိုက်သတည်း။

ဒုတိယကဏ္ဍ-ပဉ္စမပိုင်း ပြီးပြီ။

ဒုတိယကဏ္ဍ ပြီးပြီ။

---

# တတိယကဏ္ဍ-ပထမပိုင်း

## ၁-"ပဒဒေါသရှစ်ပါး"ကို တပါးတပါးစီ-အကျယ်ဖော်ပြလျက်, ဒေါသသင့်ပုံ ဥဒါဟရဏ် ပြယုဂ်များနှင့် တကွ ပြဆိုချက်

(၁) ဝိရုဒ္ဓတ္ထန္တရဒေါသ....ပြောဆို လိုရင်း, သိစေ လိုရင်း အနက်အဓိပ္ပါယ်နှင့် မဆီမဆိုင် ကန့်လန့် ဆန့်ကျင်ဘက်ဖြစ်သော တပါးသော အနက်အဓိပ္ပါယ်ရှိသောပုဒ်သည် ဝိရုဒ္ဓတ္ထန္တရဒေါသမည်၏။

မေဃော ဝိသဒေါ သုခယေ ဇနံ....ဝိသဒေါ-ရေကိုပေးတတ်သော၊ မေဃော-မိုးသည်၊ ဇနံ-လူအပေါင်းကို၊ သုခယေ-ချမ်းသာစေနိုင်၏....ဟူ၍ဆိုရာဝယ် ဝိသဒေါ-ဟူသောပုဒ်သည် အဆိပ်ကိုပေးတတ်သောဟူ၍လည်း အနက်ပေးနိုင်သောကြောင့် အဆိပ်ကိုပေးတတ်သောမိုးသည် လူကိုချမ်းသာစေနိုင်၏-အဓိပ္ပါယ်ယူလျှင် ဝိသဒေါဟူသောပုဒ်သည် ဆန့်ကျင်ဘက်အနက် တပါးပါး ဒေါသရောက်သည်။ မြန်မာဘာသာ၌လည်း "ကျယ်လျှင်ကားချဲ့၊ ပွဲလျှင်ကား-ဖွဲ့၊ နွဲ့လျှင်ကား-သတ်၊ ကျပ်လျှင်ကား-သတ်ပင်း၊ ကျယ်လျှင်ကား-ထွင်း"ဟုဆိုသော အရာများ၌ အလိုရှိသော အကျယ်ထက်တိုး၍ ကျယ်လျက်နေပါသည်ကိုချဲ့ရမည်ဟူသော အဓိပ္ပါယ်ဆိုသကဲ့သို့ ဖြစ်သောကြောင့် သိစေလိုရင်း ပြောဆိုလိုရင်းအဓိပ္ပါယ်နှင့် မဆီမဆိုင် ကန့်လန့် ဆန့်ကျင်ဘက် အနက်တပါး ရှိသောကြောင့် "ကျယ်လျှင်ကားချဲ့"ဆိုသော ပုဒ်သည် ဝိရုဒ္ဓတ္ထန္တရ ဒေါသသင့်သော ပုဒ်မည်၏။

ရှင်ဥတ္တမကျော်-တောလား၌-"သုံးလူ့ဆွေကို၊ ရှိသေလှစွာ၊ လူ့ပမာသို့၊ ကမ္ဘာလိုလိုက်၊ စရိုက်အားကိုး၊ ညွန့်ညွန့်ဖြိုးသည်... သီးမျိုးခိုင်ညွှာ 'လ' ပြွတ်တည်း"-ဟူ၍ စပ်ဆိုရာ၌ "လ"ဟူသော ပုဒ်သည် ဝိရုဒ္ဓတ္ထန္တရ ဒေါသသင့်သောပုဒ်မည်၏။

(၂) အဓဂ္ဂတ္ထဒေါသ....ထိုက်တန်သောဂုဏ်ထက်ပိုမိုပြီးလျှင် ချီးမွမ်းမြှောက်ပင့် ပြောဆို စီကုံး ဖွဲ့နွဲ့သောကြောင့် ကဲးလွန်သော အနက်အဓိပ္ပါယ်ရှိသောပုဒ်သည် အဓဂ္ဂတ္ထဒေါသ သင့်သောပုဒ်မည်၏။

သြဘာသိတာ သေသဒိသော၊ ခဇ္ဇောတတောယံ ဝိရာဇတေ....အသေသဒိသော-အကြွင်းမရှိ ဆယ်မျက်နှာလုံးကို၊ သြဘာ သိတော-ထွန်းလင်းနိုင်သော၊ အယံ ခဇ္ဇောတော-ဤပိုးစုန်းကြူးသည်၊ ဝိရာ ဇတေ-တလက်လက်တောက်ပ၏....ဟူသော ပါဠိဘာသာ၌ အကြွင်းမရှိ အရပ်ဆယ်မျက်နှာကို ထွန်းလင်းနိုင်သော ပိုးစုန်းကြူးသည် တောက်ပ၏ ဟူသော ဝိသေသန ဂုဏ်ပုဒ်သည် ပိုးစုန်းကြူးနှင့် မတန်မရာသောကြောင့် သြဘာသိတာ သေသ ဒိသော ဟူသောပုဒ်သည် အဓဂ္ဂတ္ထဒေါသသင့်သည်။

"လောင်းမင်းတရားတူ၊ ဆင်ဖြူများရှင့်သွေး၊ မောင်တူလူယဥ်ကျေး၊ ဂေါတမမြေး"... စာဆိုတော် ဦးမင်းရေးပေးသော ပုဆိုးတထည်ပေး၍ ဖျက်သိမ်းရသော သီချင်းကဲ့သို့ ဂုဏ်နှင့်မတန် အချီးအမြှောက် လွန်သောအရာဟူသမျှသည် အဓဂ္ဂတ္ထဒေါသသင့်သောပုဒ်တို့ဟူ၍ မှတ်ရမည်။

"ရွှေဝတ် ရွှေဆင်း၊ ပြောင်ပြောင် ဝင်းသား၊ နောင်မင်းသက်မျှ ... တိထက်လှသည်"ဟူသော ကဗျာလည်း လူ၏ဂုဏ်နှင့် မတန်သည့်အရ အဓဂ္ဂတ္ထဒေါသသင့်သည်ဟု ရွှေဥမင်ဆရာတော် ပြဆိုတော်မူသည်။

(၃) ကိလိဋ္ဌဒေါသ....အများပြောဆို စီကုံးမြဲမဟုတ်သော တိမ်မြုပ်ဘွယ်ဝှက်သော ဘာသာဝေါဟာရများကို ရှာရှာဖွေဖွေ ကြံစည်ထည့်သွင်း စီကုံးပြောဆိုသောကြောင့် ခဲးခဲးကိတ်ကိတ် အသိခက်သောပုဒ်သည် ကိလိဋ္ဌဒေါသ-သင့်သောပုဒ်မည်၏။

တာယ သောယမာလိဂ်ုတေဝိယာ....တာယဝိယာ-ထိုမယားသည်၊ သော အယံ-ထိုလင်ကို၊ အာလိဂ်ုတေ-ဖက်အပ်၏ ... ဟူသော ပါဠိ၌ ဝိသဒ္ဒါ-မယား ဟော၊ ဝိသဒ္ဒါနောင် တတိယာဝိဘတ်ကို ယာ-ပြုသည်များကို ဝေဘန်၍ သိနိုင် ခက်သောကြောင့် ဝိယာဟူသောပုဒ်သည် ကိလိဋ္ဌ ဒေါသသင့်သည်။

ပလိပ်စား ဧးချင်း၌"သတ်နှင့်ဇော်ရဒ်၊ မယုတ်ရောက်ခါ၊ သဏ္ဍာရာဝယ်" ဟူသော စကားနိုက်ရဒ်-ဟူသောဒ်ပုသည် ဆဲ့တခုဟောဖြစ်သည်။ ရဒ်

ဟူသော သက္ကဋဘာသာကို ရုဒ်ဟုစပ်သည်။ ထိုရုဒြသဒ္ဒါသည် ဆဲ့တမျိုးရှိသော ပဏ္ဍဒေဝတာကို ဟောရင်း-သင်္ကေတ သမ္ဗျာအားဖြင့် ၎င်းနတ် တဆဲ့တမျိုးကိုစွဲ၍ တဆဲ့တခု-ယူသည်။ ဤရုဒ်ဟူသောပုဒ်သည် ရှေးမျိုဟောင်း-သတ်ပုံဟောင်းများမှာ ပ-သတ်ဖြစ်မည်, တ-သတ်ဖြစ်မည်, ဤသို့သဒ္ဒါရေးအားဖြင့် ဝေဘန်၍ အသိခက်သောကြောင့် ဤရုဒ်ဟူသော ပုဒ်သည် ကိလိဋ္ဌဒေါသဆိုရန်ရှိသည်ဟု အကျော်နိသျှသစ် ဆရာမြတ်တို့ ဆိုတော်မူကုန်သည်။

ပါရမီခန်း၌-"မတတ်လိမ္မာ၊ မြင်နည်းစွာသား၊ ပညာမဲ့တွန်၊ သူမိုက်ကျွန်ကို၊ နိဗ္ဗာန်တရား၊ ဟောလှည့်ငြားလည်း၊ နား မနာသီး၊သုတ်နင့်ကြီးလျှင်၊ ဆီမီးအတောက်၊ ငြိမ်းခဲ့ပျောက်က၊ အနောက်, အရှေ့၊ မတွေ့ထိမှာ၊ ရှာသော်ရအံ့၊ ဝဋ်မှခန္ဓာ၊ ချုပ်ပျောက်ရာကား၊ ချမ်းသာဝှန်လှိုင်း၊ အတိုင်းမတုံ့၊ ဘယ်မှုစုံအံ့"-ဟူ၍ ဆိုသော လင်္ကာ၌ သုတ်နင့်ကြီးလျှင်-ဟူသောပုဒ်၏ အနက်ကို လူမိုက်ကို နိဗ္ဗာန်တရားဟောလျှင် တံသုတ်လောက်လွဲနှင့် ကျိုးငှက်ကို ပြသကဲ့သို့ ၎င်း, သုတ်သုတ်-မြန်မြန် ရှောင်ရှားသည် ဟူ၍ ၎င်း, ရှေ့ပုဒ်၏ ဝိသေသနအရာနိုက်ထား၍ လေသုတ်ထူး အဓိပ္ပါယ် ကြံစည်ယူဆကြကုန်သည်ဖြစ်၍ အဓိပ္ပါယ် လိုရင်းကျအောင် အယူအဆ ခဲးခက်ငြိုငြင်သောကြောင့် သုတ်နင့်ကြီး-ဟူသောပုဒ်သည် ကိလိဋ္ဌဒေါသ သင့်သောပုဒ်ဟူ၍ ယူရန်ရှိသည်။

လိုရင်းကား သုတသဒ္ဒါကို ဘုတ်စပ်သည်။ လူမိုက်ကို နိဗ္ဗာန်တရားဟောလျှင် နားနင့်သည်။ နားပိတ်၍ထားချင်မတတ် ဖြစ်သည် ဆိုလိုသည်။ ။သမ္မောဟဝိနောဒနီမည်သော အဘိဓမ္မာဝိဘင်း အဋ္ဌကထာ ခန္ဓဝိဘင်းအဖွင့်၌-"နိဗ္ဗာနသ ဝဏ္ဏေ ကထိယမာနေ ကုဏ္ဍိတွာ ဥဘော ကဏ္ဍေ ထကေတိ" ဟူ၍ မိန့်သည်နှင့် အညီ-စပ်ဆိုသည်။

(၄) ဝိရောဓိ ဒေါသ....ဒေသ, ကာလ, ကလာ, လောက, ဉာယ, အာဂမ-ဟူ၍ ၆-ပါးတည်း။ ကြည်း,ရေ၊ တော,တောင်၊ ဥတု,ရက်ကခြင်း, သီချင်း၊ တီးခြင်း, မှုတ်ခြင်း၊ လူ့ပြည်,နတ်ပြည်၊ အသင့်ယုတ္တိ၊ ရှေးထုံး ရှေးနည်း ပိဋကတ်ဗေဒင်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်အောင် စီကုံးပြောဆိုသောပုဒ်သည် ဝိရောဓိဒေါသ သင့်သောပုဒ်မည်၏။



ဆန့်ကျင်သော ဝိရောဓိဒေါသ၏ ဥဒါဟရဏ်များကို အလင်္ကာကျမ်း၌ ဥဒါဟရဏ်မထုတ်၊ လောက၌ ထင်ရှား၏ ဟူ၍ မှာထားသည်။ မြန်မာဘာသာမှာလည်း အလွန်ထင်ရှားသည်။ ထင်ရှားပုံကား-တောင်ပေါ်၌ကြာပေါက်၏၊ ရေ၌ စပယ်,ချရား,မုလေး ပေါက်၏၊ ဘုန်းကြီးထမင်းစား၏၊ ရှင်ဘုရင် အိပ်၏၊ အရေးပိုင်မင်း ပွဲတော် တယ်၏-စသည်ဖြင့် အရပ်ဒေသအလျောက် ဘုံးစွဲး ပြောဆိုခြင်းမဟုတ်၊ ပြောဆိုသုံးစွဲးပုံ နေရာမကျ၊ ဆန့်ကျင်သောအရာဟူသမျှသည် "ဒေသဝိရောဓိ"

မိုးဥတုမှာ ဆီးနှင်းကျသည်၊ ဆောင်းဥတုမှာ မိုးကြီး သည်းထန်စွာရွာသည်-စသည်ဖြင့် ပြောဆိုခြင်းသည် အခါကာလနှင့် ဆန့်ကျင်သော "ကာလ ဝိရောဓိ"။

ရှင်ပြုနားတွင်း လက်ထပ်စသော မင်္ဂလာဆောင်ရာများတွင် မျောက်မင်းအူသံတီးခြင်း၊ မသာချရာတွင် စည်တော်ရွှမ်းသံ တီးခြင်းစသည်ဖြင့် တီးမျိုး မှုတ်မျိုး အစဉ်အလာမဟုတ်၊ဆန့်ကျင်ခြင်းသည် "ကလာဝိရောဓိ"

နတ်ပြည်နှင့် လူ့ပြည်၊ လူ့ပြည်မှာလည်း ဥရောပ, အိန္ဒိယနိုင်ငံတို့နှင့် မြန်မာနိုင်ငံ မတူတန်ရာသော "လောကဝိရောဓိ"။

မီးသည်-ဧး၏၊ ရေသည်-ပူ၏၊ သမ္ဘာရာသီး-ချို၏၊ ပျားရည်သည်-ချဉ်၏ စသည်ဖြင့် အသင့်ယုတ္တိမရှိ ပြောဆိုခြင်းသည်-"ဉာယဝိရောဓိ"။

အိပ်ခြင်း, ငိုက်ခြင်း, မိဒ္ဓသဘောသည် သစ်ပင်တို့၌ ရှိသောကြောင့် နာမ်-သဘောမဟုတ်၊ ရုပ်-သဘောဖြစ်သည် ပြောဆိုခြင်းသည် အဘိဓမ္မာ ပိဋကတ်အာဂုံ ပါဠိတော်နှင့် ဆန့်ကျင်သော "အာဂမဝိရောဓိ"။ ဤသို့စသော ဆန့်ကျင်သောအရာ ဟူသမျှသည် ဝိရောဓိဒေါသမည်၏-ဟူ၍ မှတ်ရမည်။

(၅) နေယျဒေါသ....မသိသေးသူ သိရအောင် သေသေချာချာမပါကိုယ်ပြောသောစကား, ကိုယ်ရေးသောစာကို ကိုယ်သာသိ၍ စကားလုံးတီး ပြောဆို ရေးသား စီကုံးသော့ကြောင့် တခြားအဓိပ္ပါယ်ကို ယူဆောင်ဖြည့်စွက် ပြောဆိုမှ အဓိပ္ပါယ်သိနိုင်သောပုဒ်သည် နေယျဒေါသ သင့်သောပုဒ်မည်၏။

သဗ္ဗာဝိ ဝဝလာ ဒိသာ ခရာစန္တိ ရဏ္ဏိယာ....ရတ္တိယာ-ညဉ့်အခါ၌၊ ဝလာ-ဖြူကုန်သော၊ သဗ္ဗာဝိဒိသာ-အလုံးစုံသော အရပ်ဆယ်မျက်နှာ

တို့သည်လည်း၊ ရောစန္တိ-တောက်ပကုန်၏....ဤပြယုဂ်၌ အဖြူကိုဟော သော ဓဝလာဟူသော ဝိသေသနပုဒ်သည် အကြောင်းမရှိဘဲ မဖြစ်နိုင်ရာ ဟု မီးဖြူရောင် လရောင်တစုံတခုကို ဟောသော ပုဒ်ကိုဆောင်၍ ပေး ရမည် ဖြစ်သောကြောင့် ထို ဓဝလာဟူသော ဝိသေသနပုဒ်သည် နေယျ ဒေါသသင့်သော ပုဒ်ဖြစ်၏။

“တူပင်နွဲ့လျက်၊ တောင်ထိပ်ထက်ဝယ်၊ စုံမက်မကွာ၊ အပ်သောခါ တွင်၊ စကြာလက်နက်၊ ယူဝှက်ထားသော်-”ဟူ၍ စပ်သောကဗျာ၌ မည် သူယူ၍ ထားသည်ဟု မဖော်မပြခြင်းသည် နေယျဒေါသ သင့်သည်ဟု ရွှေဥမင်ဆရာတော် မိန့်ဆိုသည်။

အဖွဲ့အနွဲ့တို့၌ ဤကဲ့သို့ နေယျဒေါသသင့်သောပုဒ်ကို ပညာရှိတို့သည် မသုံးဆောင်ကြသောကြောင့် နေယျဒေါသ၏ ပြယုဂ် ရခဲသည်ဟူ၍ သုဗောဓာလင်္ကာရကျမ်း၌ ဆိုသည်။ ။အဝမြို့တွင် သက္ကရာဇ် ၇၂၉- ခုနှစ် နန်းတက်သော မင်းကြီးစွာ-လက်ထက် သက္ကရာဇ် ၇၄၂-ခုနှစ် တွင် ရခိုင်စား စောမွန်ကြီး ကြမ္မာကုန်၍ ကျွန်တော်ရှင်း တလုပ်စား စောမည်းကို ရခိုင်စားပေးရာ အမတ် စည်းတပြစ်က ကြောင်နှင့်ညောင် ကိုထုံး၍ဥပမာပြု၍ ကျင့်လေဟု မှာလိုက်သောစကားတွင် ကြောင်လက် သည်း ဝှက်နေသကဲ့သို့ရင်း, ညောင်ပင်သည် သက်ရှိသတ္တဝါတို့ အရိပ်ခို ရာ ဖြစ်သကဲ့သို့ရင်း ဥပမာပြုရမည်ဟု ပုဒ်တပါးကို ဆောင်၍ သိတတ် သောသုတရှိသော လူလိမ္မာကိုမှာသကဲ့သို့ လူမိုက်ကို မသေမချာမှာထား ဆုံးမလေသောကြောင့်ရခိုင်သို့ရောက်သည့်အခါမြို့တွင်းမြို့ပြင်မှာ ရှိသော ညောင်ပင်တို့ကိုခုတ်၍ ဆင်စာချည်းကျွေးရ၏။ ကျောင်းတွင် အိမ်တွင် ရှိသောကြောင်များကိုရင်း, တော၌ရှိသော ကြောင်များကိုရင်း ဖမ်း၍ သတ်လေ၏။ သို့ဖြစ်၍ ကြောင်နှင့်-ညောင်-ဟူသော စကားများသည် ပုဒ်တပါးကို ဆောင်မှ အဓိပ္ပါယ်ကို သိရသောကြောင့် နေယျဒေါသ သင့်သော ပုဒ်မည်၏ဟူ၍ မှတ်ရမည်။

(၆) ဝိသေသနာပေက္ခဒေါသ....ဝိသေသန ပုဒ်နှင့်တကွ ဆိုမှ လိုရင်း အဓိပ္ပါယ်ကို သိနိုင်သောအရာမှာ ဝိသေသန မပါဆိုသောကြောင့် ဝိ သေသနပုဒ်ကိုငဲ့သောပုဒ်သည် ဝိသေသနာပေက္ခ ဒေါသသင့်သောပုဒ် မည်၏။



တံသော ဘိယျော ပဿတိ စက္ခုနာ....သော-ထိုသူသည်၊ တံ-ထို သူကို၊ ဘိယျော-စေ့စေ့၊ စက္ခုနာ-မျက်စိဖြင့်၊ ပဿတိ-ရှု၏... ဤပြယုဂ် ၌ မျက်စိဖြင့် စေ့စေ့ကြည့်ခြင်းသည် မုန်း၍ကြည့်ခြင်း, ချစ်၍ကြည့်ခြင်း နှစ်မျိုးရှိသည်တွင် မည်ကဲ့သို့သော အကြောင်းကြောင့် ကြည့်မှန်းကို ဤပြယုဂ်ဖြင့် မသိနိုင်။ စက္ခုနာ-ဟူသော ဝိသေသျပုဒ်တွင် ချစ်၍ကြည့် လျှင်လည်း ပသန္နေနဟု-ဝိသေသန ပုဒ်ထည့်ရလိမ့်မည်။ မုန်း၍ကြည့် လျှင်လည်း ပါပ္ပလေန-မျက်ထောင့်နီသောဟု ဝိသေသန ပုဒ်ထည့်ရလိမ့် မည်။ ဤပြယုဂ်၌ ဤသို့ဝိသေသန တခုခုထည့်သင့်သော သာမညဖြစ် သော စက္ခုနာ-ဟူသော ဝိသေသျပုဒ်တွင် ဝိသေသန မထည့်ဘဲဆိုသော ကြောင့် ထိုစက္ခုနာဟူသော သာမညဖြစ်သော ဝိသေသျပုဒ်သည် ဝိ သေသနာပေက္ခဒေါသ သင့်သောပုဒ်ဖြစ်၏။

“ကျောင်းခွင်းလမ်းပါး၊ ပန်းမန် များကို၊ ထွေပြားမျက်စိ၊ မြင်သည် ရှိသော်၊ မွေးမိပြာဖြူ၊ ပါဘိမူကား၊ အတူသွားစဉ်၊ ဆင်နှင့်ယှဉ်၍-” ဟူသော ကဗျာသည် ညှိုးငယ်သောမျက်စိဖြင့် မြင်ဘိသည်ဟု မျက်စိ၏ ထူးကြောင်းကို မဆိုသောကြောင့် ညှိုးငယ်ခြင်းကိုငဲ့သော ဝိသေသနာ ပေက္ခဒေါသသင့်သည်ဟု ရွှေဥမင်ဆရာတော် မိန့်ဆိုသည်။

ရှေးသောအခါ စစ်တိုက်ရာက အမြောက်ဆန်ပေးလိုက်ပါဟု စာရေး ၍ တောင်းသောစာတွင် အကြီးအငယ် အမျိုးအစား သေချာအောင် ဝိသေသနစကားမပါ သာမညသာပါသောကြောင့် တွေ့ရာ အမြောက် ဆန်ကို ပေးလိုက်ရာ အမြောက်အဝကကျဉ်း၍ အမြောက်ဆန်ကြီးလျက် နေသောကြောင့် ရန်သူကို မပစ်ရဘဲ အကျိုးပျက်ဖူးသည်။

တထုံးလည်း လောင်းတမ်းကစားရာမှာ ဖမ်းဆီးရမိသော ကစား ကြိယာများကို ရုံးရှေ့တွင်ဖျက်ဆီးရမည့်အကြောင်းနှင့် ဥပဒေတွင် ပါ သည်ဖြစ်၍ နွားချင်းအခွေ့ပြိုင်၍ လောင်းတမ်းကစားရာမှ ဖမ်းဆီး ရမိသော နွားများကိုရင်း, ကြက်တိုက်ရာမှ ဖမ်းဆီးရမိသော ကြက်များ ကိုရင်း, ရုံးရှေ့တွင် သတ်ဖြတ်ဖျက်ဆီးလေသည်။ သည်ကဲ့သို့ ပြုလုပ်ခြင်း သည် သက်ရှိ သက်မဲ့ဟူ၍ ဝိသေသန စကား မပါသောကြောင့် အလွဲ အမှားကို ပြုလုပ်မိသည်ဟု ထင်ယူရန် ရှိသည်။

(၇) ဟီနတ္ထကဒေါသ....ဂုဏ်ရှိသလောက် မချီးမွမ်းတတ်၍ ချီးမွမ်းခြင်းကြောင့် ဂုဏ်ယုတ်လျော့သော ပုဒ်သည် ဟီနတ္ထကဒေါသ သင့်သော ပုဒ်မည်၏။

နိပ္ပဘီကတ ခဇ္ဇောတော၊ သမုဒေတိ ဒိဝါကရော .... နိပ္ပဘီကတ ခဇ္ဇောတော-ပိုးမြေ့မြွး အရောင်ကို ပယ်ဖျောက်ခြင်းကို ပြုနိုင်သော၊ ဒိဝါကရော-နေမင်းသည်။ သမုဒေတိ-တက်၏... ဤပြယုဂ်၌ လရောင် ကြယ်ရောင် မီးရောင် အစရှိသောကြီးမားသော အရောင်တို့ကိုပင် ပယ်ဖျောက်နိုင်သော နေမင်းဖြစ်ပါလျက် အလွန်သေးငယ် ယုတ်ညံ့သော ပိုးမြေ့မြွးအရောင်ကို ပယ်ဖျောက်ခြင်း၌သာ စွမ်းနိုင်သောဟူ၍ ဝိသေသနပုဒ်ကို ပေးသောကြောင့် နေမင်း၏ဂုဏ်ယုတ်လျော့သည်ဖြစ်၍ နေမင်းကို ချီးမွမ်းရာမရောက် ကဲ့ရဲ့ရာရောက်ချေ၏။ ထို့ကြောင့်-ထိုနိပ္ပတီကတ ခဇ္ဇောတော ဟူသော ဝိသေသနပုဒ်သည် ဟီနတ္ထကဒေါသ သင့်သော ပုဒ်ဖြစ်၏။

"ဒရယ်ယုန်ကြောင်၊ တွေ့တိုင်းအောင်သည်၊ တောတောင်သနင်း၊ ခြင်္သေ့မင်းကား"-ဟူသော ကဗျာသည် ဆင်ပြောင်ကြီး စင်လျက် ခြင်္သေ့မင်း၏အစာဖြစ်ရပါသည်ကို ဒရယ်ယုန်ကြောင်ကိုအောင်သည်ဟုချီးမွမ်းခြင်းကြောင့် ဟီနတ္ထကဒေါသသင့်သည်ဟု ရွှေဥမင်ဆရာတော် မိန့်ဆိုသည်။

"မိုးရေစပ်စပ်၊ နှံ့ထပ်ထပ်နှင့်၊ ဘဒ္ဒကပ် ကမ္ဘာ၊ ပေါ်ဦးစွာက"-ဟူသောစကားများသည် ဘဒ္ဒကပ်ကမ္ဘာ၏ဂုဏ်ကို ပျက်ချော်သိမ်နုပ်အောင်သည် ဟီနတ္ထကဒေါသသင့်သော ဂုဏ်ပုဒ်များဟူသော ... ဆိုသောကြောင့် မိုးရေစပ်စပ်-နှံ့ထပ်ထပ်နှင့် ဟူသော ဂုဏ်ပုဒ်များသည် ဟီနတ္ထကဒေါသသင့်သောပုဒ်တို့ ဟူ၍ မှတ်ရမည်။

(၈) အနတ္တကဒေါသ....လင်္ကာချောရုံးကာရန်ရရုံ၊ လုံးပိုထည့် သွင်းသော အနက်အဓိပ္ပါယ်မရှိသော ပုဒ်သည် အနတ္တက ဒေါသသင့်သော ပုဒ်မည်၏။

ဤသို့ ပြဆိုခဲ့သောစကား တလုံးတည်း၌ ရှိသော အပြစ် ဖြစ်သော ကြောင့် "ပဒဒေါသ"ဟု ဆိုသတည်း။ ထို "ပဒဒေါသ"ဟုဆိုအပ်သော ပုဒ်၌ရှိသော အပြစ်ရှစ်ပါးကို စာပေစီကုံးရေးသားသော အရာများ မှာ မပါစေရအောင် သတိပြုရန်ဖြစ်သည်။



စာပေစီကုံး ရေးသား, စကားစမြည် ပြောဆိုလော အရာများမှာ ဝေါဟာရတခုဟူသောစကား တလုံးတလုံးသည် "ပဒ"မည်၏။အဓိပ္ပါယ်တခုဆုံးသော ဝေါဟာရ စကားလုံးအပေါင်းသည် "ဝါကျ"မည်၏။ ဝါကျတခုလုံး၏လိုရင်း အဓိပ္ပါယ်သည် "ဝါကျတ္ထ"မည်၏။ ထို့ကြောင့် ပဒ-ဒေါသ, ဝါကျဒေါသ, ဝါကျတ္ထဒေါသဟူ၍ ဒေါသ သုံးပါးကို အလင်္ကာဆရာမြတ်တို့ ဆိုတော်မူသည်။ ထိုဒေါသသုံးပါး လွတ်လျှင် အပြစ်လွတ်တော့သည်။

ဤဆိုခဲ့ပြီးသည်ကား-အကျဉ်းမှတ်သားရုံသာဖြစ်၍ ဥဒါဟရဏ်နှင့် အလယ်အလတ် မှတ်သားရန် ပြဆိုပေအံ့။

ခြောက်ဆယ်ဂါထောင့်ဂါထာတည်း-ဟုချသော ကဗျာသည်ပုဒ်ပြည့်ရုံမျှကိုလိုသောကြောင့် ဂါထောင့်ကို ထည့်သည့်အရ အနတ္တကဒေါသ သင့်သည်ဟု ရွှေဥမင်ဆရာတော် မိန့်ဆိုသည်။

လင်္ကာစပ်ဆို စီကုံးသည့်အရာမှာ လင်္ကာစပ်ရုံ ကာရန်ရရုံ အဓိပ္ပါယ် မရှိပဲဆိုသော "ရိုးမြင့်ရွက်ရှည်, ဘိုးဆင့်ဘက်သည်" ပိုဒ်စုံဆိုသကဲ့သို့ စကားများ မပါမရှိစေရ၊ လုံးဈေ့ပုဒ်ဈေ့ အဓိပ္ပါယ်လိုရင်းရအောင် ရေးသားစပ်ဆိုမှသာလျှင် အနတ္တကဒေါသ လွတ်သည်ဟူ၍ မှတ်ရမည်။

ပဒဒေါသ ရှစ်ပါး ပြီးပြီ။

---

၂-ဝါကျဒေါသ ကိုးပါးကို တပါးတပါးစီ အကျယ်ဖော်ပြလျက် ဒေါသသင့်ပုံ-ဥဒါဟရဏ်ပြယုဂ်များနှင့်တကွ ပြဆိုချက်

(၁) ကေတ္ထဝါကျဒေါသ....သဒ္ဒါအားဖြင့်၎င်း,အနက်အားဖြင့်၎င်း ဆိုပြီးကို အထပ်ထပ်ဆိုသော ဝါကျသည် ကေတ္ထ ဒေါသသင့်သော ဝါကျမည်၏။ "ပုနရုတ္တိဒေါသ"လည်း ခေါ်သည်။

အာဘာတိ ဝါရိဒေါ ဝါရိဒေါအယံ....ဝါရိဒေါ-ရေကိုပေးတတ်သော၊ အယံ ဝါရိဒေါ-ဤမိုးတိမ်သည်၊ အာဘာတိ-တောက်ပ ထွန်းလင်း၏... ဤပြယုဂ်၌ မိုးတိမ်၏ရေကိုပေးတတ်သောအနက်ကို သိစေခြင်းငှာ ဝါရိဒေါ-ဟူသော ဝိသေသနပုဒ်ကို မထည့်သော်လည်း မိုးတိမ်ကို ပြောရင်း ဝါရိဒပုဒ်သည် မိုးတိမ်မှတပါး အခြားအနက်နှင့် ဆက်

ဆံသော သာမညပုဒ်မဟုတ်၊ ဝိသေသပုဒ်ဖြစ်၍ ဝိသေသန ထည့်ရခြင်း အကျိုးမရှိသောကြောင့် ဤဝါကျသည် ကေဋ္ဋဒေါသသင့်သည်။

မြန်မာဥဒါဟရဏ်ကား ····လှူမျိုးပုညာ၊ ဓမ္မဝဏ္ဏ၊ ဆည်းပူးစုသည်··· ပြုစုမျိုးထောင်လမွေးတည်း” ဟူသော ကဗျာသည် အသံလည်း မကွဲ၊ အနက်အဓိပ္ပါယ်လည်း မကွဲ၊ စု-သဒ္ဒါတမျိုးတည်း ကျ၍ ကေဋ္ဋနှင့် ပုန ရုတ္တိဒေါသတွင် ပါဝင်သည်။

“နုတ်စံပယ်ကို၊ နားဝယ်သို့ပင်၊ ခုခုတင်၍၊ အိမ်ရှင်မွေးမိ၊ ခေါ်မိမိ တည့်” ဟူသော ကဗျာ။ “ပျောင်းရိုညှိုးမြန်း၊ စပ်တဲးခန်းဝယ်၊ လွမ်းမြန်း တယု-” ဟူသောကဗျာတို့၌ “မိ” ထပ်ခြင်း, “မြန်း” ထပ်ခြင်း တို့သည် သဒ္ဒါဖြစ်သော ကေဋ္ဋဒေါသရောက်သည်ဟု ရွှေဥမင်ဆရာတော်-မိန့် ဆိုသည်။ သို့ရာတွင် အက္ခရာတူ အသံတူ ဖြစ်ကြသော်လည်း အနက် အဓိပ္ပါယ်မတူပဲ ထူးကဲကွဲပြားမှု အက္ခရာတူ အသံတူ ၂-ရပ်ထပ်၍ စပ်နိုင်သည်။ ။[ခွဲထားကျော်ကြည့်ပါ။]

မြန်မာစကား၌ လျှဉ်းပါးရန်မရှိပဲလျက် ဝိသေသနထည့်၍ ပြော ဆိုစီကုံး ရေးသားသည့်အရာဟူသမျှကို ကေဋ္ဋ ဒေါသဝါကျဟူ၍ မှတ် ရမည်။ ပုဂံမြို့ကျေးလက်များမှာ ကျောက်ကုန်းကို နောက်ကျောခေါ် သည်၊ ရှေ့ကနေသောကျောဟူ၍ မရှိသောကြောင့် ကေဋ္ဋဒေါသသင့် သည်။ ကျွဲနွား တိရစ္ဆာန်ကုသော ဆေးဆရာဟူ၍ စာရေးသားပြော ဆိုသောအရာမှာလည်း တိရစ္ဆာန်မဟုတ်သော ကျွဲနွားဟူ၍ မရှိသော ကြောင့် တိရစ္ဆာန်ဟူသော ဝိသေသန စကားထည့်ခြင်းသည် အကျိုးမရှိ၊ ကေဋ္ဋဒေါသရောက်သည်။ တိရစ္ဆာန်ဟူသမျှကိုဆေးကုလျှင် တိရစ္ဆာန် ကုဆေးဆရာဟူ၍၎င်း၊ ကျွဲနှင့်နွားသာကုလျှင် ကျွဲနွားကု ဆေးဆရာ ဟူ၍၎င်း ရေးသားလျှင် ကိစ္စပြီးစီးသည်။ အများပြည်သူတို့ ဆိုသော စကားမှာလည်း ပြည်သူတို့ဆိုလျှင် တပြည်လုံး၌နေသော လူအပေါင်း ဟူသော အဓိပ္ပါယ် ပြီးစီးလျက် အများထည့်ခြင်းသည် ကေဋ္ဋ ဒေါသ ရောက်သည်။ ဤကဲ့သို့ မြန်မာဘာသာ ရေးသားစီကုံး စကား ပြောဆို သော အရာများမှာ အကျိုးမရှိ၊ လုံးပိုစကား မပါစေပဲ အလင်္ကာ ဒေါသလွတ်မှသာ မြန်မာစကားနားလည်ရာရောက်မည်၊ သို့ရာတွင် ထင် ရှားပေါ်လွင် ထင်မြင် သိသာဘွယ် အဓိပ္ပါယ်တူ အမည် ပရိယာယ်များ ကို ထည့်သွင်း၍-“ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဟေအော်၊ ဆန်းကြယ်ပေါ်က်



သား”-ဟူ၍၎င်း။ “အာကာသေ ဝယ်၊ နဘောစန္ဒော်၊ လသို့ပေါ်သား” ဟူ၍၎င်း။ “သစ်သီးသစ်လံ၊ ပန်းမာလ်ဖိုမ” ဟူ၍၎င်း စပ်ဆိုသောစကား များသည် ကေဋ္ဋဒေါသမရောက်။ ဘုရား-ပုထိုး, စကား-စမြည်, သူ တော်-သူမြတ်, ရဟန်း-သင်္ဃာ, ရာထူး-ဌာနန္တရ, ဩဇာ-အာဏာ, အမေး-ပုစ္ဆာစသော အရာများလည်း စကားဖို-စကားမ ဘာသာနှစ် ပါးစပ်ဟပ် ပြောဆိုရေးသားသောအရာဖြစ်၍ ကေဋ္ဋဒေါသမရောက် ဟူ၍ မှတ်ရမည်။

(၂) ဘဂ္ဂရီတိဝါကျဒေါသ··· ကာဝိ ပညာ ကောဝိ ဂုဏော၊ပကတိဝိ အဟောတဝ····ဤပါဠိ၌ ကာဝိ-ကောဝိဟု သဗ္ဗနာမ်ပုဒ်နှင့်ထားသော စကားအစဉ်သည် ပကတိဝိအဟော-ဟူသော ပုဒ်သို့ရောက်လျှင် ပျက် သောကြောင့် ဘဂ္ဂရီတိဒေါသသင့်သည်။ “ကာဝိပညာ-ကောဝိဂုဏော၊ ကာကထာ ပကတိ တဝ”-ဟူ၍ ဆိုလျှင် ဘဂ္ဂရီ တိဒေါသ မသင့်၊ စာစီ စာကုံး သွားမြဲလာမြဲလမ်းကို “ရီတိ”ခေါ်သည်၊ ဤရီတိပျက်လျှင် ဘဂ္ဂရီ တိ-ဒေါသသင့်သည်။

“ဘယ်နှံ့သော့ခါ၊ ဘယ်ရွာမြေမိုး၊ တို့ဆွေမျိုးသည်၊ ကောင်းကျိုး ရည်ငံ”-ဟူသော ကဗျာသည် ဘယ်နှံ့, ဘယ်ရွာ, ဘယ်ဆွေမျိုးဟု ၃- ချက်စေ့အောင် မဆိုသည့် အတွက် ရီတိ-ပျက်သောကြောင့် ဘဂ္ဂရီတိ ဒေါသသင့်သည်ဟု ရွှေဥမင်ဆရာတော် မိန့်ဆိုသည်။

ပျို့ လင်္ကာ သီချင်း စသည်များကို စီကုံးရာ၌ ကာရန် သတ်ပုံ အချိ အချ အအုပ်အခံ-မမှန်၍ စီကုံးရေးသားမြဲ ထုံးစံဥပဒေ ကျိုးပဲ့ပျက်စီး သောအရာ ဟူသမျှသည် ဘဂ္ဂရီတိဒေါသသင့်သော ဝါကျ ဟူ၍ မှတ် ရမည်။ ဤအရာ၌ ဥဒါဟရဏ် အထူး ထုတ်ပြရန်ကား-အတွင်းစာသွား စပ်နည်းတခြား, ချနည်းတခြား ကွဲပြားစွာရှိပါလျက် ချိန်ခွင်လျှာ, ဘီ လူးရယ်စသော ချနည်းကို အတွင်းစာသွား စပ်ရာတွင် ရောနှောထည့် သွင်းစပ်ဆိုခြင်း စသော မမှန်သော အရာဟူသမျှသည် ဘဂ္ဂရီတိဒေါသ တွင် ပါဝင်သည်။

(၃) ဗျာကိဏ္ဏဝါကျဒေါသ···စပ်၍ အဓိပ္ပါယ်ယူရန်ဖြစ်သော ပုဒ် ချင်းကို ဝေးဝေး,မစပ်သင့်သောပုဒ်ချင်းကိုနီးနီးထား၍ စီကုံးခြင်းကြောင့် ရှုပ်ထွေးသော ဗျာကိဏ္ဏဒေါသ။

ဗဟု ဂုဏေ ပဏမတိ၊ ဒုဋ္ဌနာနံ ပျယံဇနော။
ဟိတံ ပမုဒိတော နိစ္စံ၊ သုဂတံ သမနုဿရံ။

ဗဟုဂုဏေ-များစွာသော ဂုဏ်တော်တို့ကို၊ သမနုဿရံ-အောက်မေ့သည်ဖြစ်၍၊ ပမုဒိတော-ဝမ်းမြောက်သော၊ အယံဇနော-ဤသူတော်ကောင်းသည်၊ ဒုဋ္ဌနာနံပိ-လူယုတ်တို့၏လည်း၊ နိစ္စံ-အမြဲ၊ ဟိတံ-အစီးအပွားကို ပြုတော်မူသော၊ သုဂတံ-မြတ်စွာဘုရားကို၊ ပဏမတိ-ရှိခိုး၏-ဟူ၍ အနက်ပေးသည့် အတိုင်း–

ဗဟုဂုဏေ သမနုဿရံ၊ ပမုဒိတော အယံဇနော။
ဒုဋ္ဌနာနံ နိစ္စံ ဟိတံ၊ သုဂတံပိ ပဏမတိ။

ဟူ၍ စပ်သင့်သော ပုဒ်ချင်း နီးနီး ထားသင့်သည်ကို ကမောက်ကမ ထားခြင်းကြောင့် ဗျာကိဏ္ဏဒေါသ သင့်သည်။

"ဇမ္ဗူနဒ၊ ရွှေသိင်္ဂနှင့်၊ နဝရတနာ၊ ခပ်ပြာခဲမ၊ ကြိမ်ခွေစသည်၊ လောကဘာသာ၊ ဆင်စရာလည်း၊ တန်းဆာမကင်း၊ ရောင်ဆင်းပြသ၊ မိန်းမလှသို့၊ ဂုဏအရာ၊ သုံးဖြာဝိဋ္ဋကတ်၊ အလွတ်သိမြင်၊ ဗေဒင်ဒန္တီ၏၊ သိသီရတု၊ ပြောမှုထုံးဂုဏ်၊ ငါ့ယုန်ငါ့ခါ၊ လွန်ဘွယ်သာ၏"-ဟူသော ကဗျာသည် အဆိုးအကောင်းအရောရော, အယှက်ယှက် ရှုပ်ထွေးစွာပါသောကြောင့် ဗျာကိဏ္ဏဒေါသသင့်သည်ဟု ရွှေဥမင်ဆရာတော် မိန့်ဆိုသည်။

ဧန္နာစရိယမည်သောအဋ္ဌိရတ်စာ၌ "ဘုရား-တရား၊ ပြဒါး-သဟ်၊ ဤလေးဖြာကို၊ မက္ခာနိစ္စ၊ ဓာရဏဖြင့်၊ အဋ္ဌအနက်၊ လွန်သိခက်သည်၏ အဖြစ်ငှင်း"-ဟူ၍ ဘုရားနှင့် တရား စပ်ကြားမှာ ပြဒါးကိုထည့်သွင်း၍ စပ်ခြင်းသည် စပ်သင့်သောရတနာသုံးပါးကို အစဉ်အတိုင်းနီးနီးမထား မစပ်သင့်သော ပြဒါးနှင့် တရားသဟ်ကို နီးနီးထားဘောအားဖြင့် ရှုပ်ထွေးသောကြောင့် ဗျာကိဏ္ဏဒေါသသင့်သည်။

(၄) ဂမ္ဘဝါကျဒေါသ... ယဉ်ကျေးသိမ်မွေ့စွာပြောဆိုရေးသားခြင်း၌ အလိမ္မာနည်းသဖြင့် သုံးစွဲးသမျှ ဝါကျသည် ဂမ္ဘဒေါသသင့်သော ဝါကျမည်၏။



ကညေ ကာမယမာနံ မံ၊ န ကာမယသိ ကိံ နွိဒံ... ကညေ-အို,အပျိုကညာ၊ အဟံ-ငါသည်၊ တံ-သင့်ကို၊ ကာမယမာနံ-ကြိုက်ပါလျက်၊ တွံ-သင်သည်၊ မံ-ငါ့ကို၊ နကာမယသိ-မကြိုက်၊ ဣဒံ-ဤသို့မကြိုက်ခြင်းသည်၊ ကိံ နု-အဘယ့်ကြောင့်နည်း။ ။ဤ စကားသည် မယဉ်ကျေးသော စကားဖြစ်သောကြောင့် ဂမ္ဘဒေါသသင့်သည်။

"ငါလည်း နှစ်ခြိုက်၊ ရှင်လည်းကြိုက်၍မလိုက်မနာ၊ ရှင့်ခြင်းရာသည်၊ ဘယ်မှာညွတ်ပြန်ဘိသည်တုံ"-ဟူသော ကဗျာသည် ဂမ္ဘဒေါသသင့်သည်ဟု ရွှေဥမင် ဆရာတော်မိန့်ဆိုသည်။

အဋ္ဌလက်ခဟောကိန်း၌–"ဂုရုဂြိုဟ်တွင် သက်ပိုင်းကြို။....ဗျာပါ ထင်ပွေ၊ လယ်ယာမြေကြောင့်၊ ဆင်ခြေလည်ယှက်၊ တရားဆက်လည်း၊ ရှုံးဘက်ကသာ၊ လည်ကုပ်နာနှင့်၊ ခေါင်းနာထင်လောင်း၊ ခြေလေးချောင်း၊ မကောင်းမှုပြစ်ဆုံအံ့။ ။ကာမအာရုံကိလေစိတ်။–တခုလပ်ကြီး၊ မုန်ယိုစီး၍၊ ရောက်ရီးရောက်ရက်၊ နောက်ပိုးတက်သောကြောင့်၊ အရှက်လည်းရ၊ ငွေလည်းကျတတ်သည်၊ လောဘစေတသိက်ကြောင့်"-ဟူ၍ ဆိုသော စကားရိုင်းများလည်း ဂမ္ဘဒေါသသင့်သော ဝါကျဟူ၍ မှတ်ရမည်။

(၅) ယတိဟီနဝါကျဒေါသ....ဂါထာဗန္ဓတို့၌ ရပ်သင့် ယတိဖြတ်သင့်သော နေရာဌာန၌ မရပ်မဖြတ်နိုင်အောင် စီကုံးဖွဲ့ဆိုသော ယတိဟီနဒေါသ။

ယတိဖြတ်ဟူသည်ကား....မာဂဓဘာသာ၌ တနုမဇ္ဈစသောဂါထာတို့၏ ပုဒ်အဆုံး၌ငှင်း, အထူးအားဖြင့် အရိယာဂါထာတို့၏ ထက်ဝက်၌ငှင်း, အချို့သော ရှေ့နောက်အက္ခရာတလုံးထက် များသော အက္ခရာရှိသောပုဒ်၏ အလယ်၌ငှင်း ယတိဖြတ်အပ်၏။ အက္ခရာတလုံးတည်းမဖြတ်အပ်။

တံ နမေ သိရသာ စာမိ၊ ကရဝဏ္ဏံ တထာဂတံ။
သကလာဝိ ဒိသာ သိဋ္ဌ၊ တိဝ သောဏ္ဏရသေဟိယော။

ဟူသော ဂါထာတတိယပါဒအဆုံး၌ သိဋ္ဌတိ-ဟူသော အာချာတ်ပုဒ်သည် တတိယပါဒအဆုံး၌ သိဋ္ဌ,စတုတ္ထပါဒအစ၌ တိ-တလုံးတည်းဖြတ်၍ ဂါထာဖွဲ့သောကြောင့် သိဋ္ဌတိဟုပုဒ်ဆုံးမှရပ်ရမည်ကို သိဋ္ဌတွင်ရပ်၍ တိကို နောက်ပါဒမှ တခြား ဆိုရသောကြောင့် ယတိဟီနဒေါသ

ရောက်၏။ ပထမပါဒအဆုံး-ဒုတိယပါဒအစတို့၌ စာမိ၊ ကရဝဏ်-ဟူသော ပုဒ်နေမှာ လလုံးတည်းမဟုတ် ကရဝဏ်-ဟူ၍ နောက်ပါဒက ဆက်ဆိုရသောကြောင့် ယတိဟီနဒေါသမရောက်။

စတုဓမ္မသာရပျို့၌-"ကျောင်းကြီးဗိမာန်၊ ဇေတဝန်၌၊ မြတ်မွန် နေတော်၊ မူသရော်တည့်"-ဟု ဖြတ်ခြင်းသည် အက္ခရာ များသောကြောင့် ယတိဟီနမရောက်။ ။"အထွတ်ရှင်ပင်၊ မရှင်စေလို၊ ၍သာဆိုသည်" ဟူ၍ စပ်ဆိုရာ၌ မရှင်စေလို၍-ဟူသောစကားတွင် ၍-ဟူသော ကြိယာဝိသေသနပုဒ်ကို တလုံးတည်းခွဲ၍ နောက်ပုဒ်မှာထားသောကြောင့် ယတိဟီနဒေါသသင့်သည်။

(၆) ကမစ္ယုတဝါကျဒေါသ....လောက၌ အယုတ်,အလတ်, အမြတ်၊ အကြီး, အငယ်၊ အများ, အနည်း-အားဖြင့် အစဉ်အတိုင်း ဆိုသင့် ပြောသင့် စီကုံးသင့်သော အစဉ်မှချွတ်ယွင်းသော ကမစ္ယုတဒေါသ။

ခေတ္တံ ဝါ ဒေဟိ ဂါမံ ဝါ၊ ဒေသံ ဝါ မမ သောဘဏံ .... မမ-အကျွန်ုပ်အား၊ သောဘဏံ-ကောင်းမွန်သော၊ ခေတ္တံ ဝါ-လယ်ကိုရင်း၊ ဂါမံ ဝါ-ရွာကိုရင်း၊ ဒေသံ ဝါ-မြို့ရွာ အရပ်ကိုရင်း၊ ဒေဟိ-ပေးပါလော့....ဟူသော စကား၌ တောင်းသောသူမည်သည် များမြတ်ရာကို ရှေဦးတောင်းပြီး၍ မပေးနိုင်လျှင် ယုတ်လျော့၍ တောင်းမြဲရှိသည်ကို ယုတ်လျော့ရာကစ၍ များမြတ်ရာကို တောင်းသောကြောင့် မလိမ္မာသော သူတို့ တောင်းနည်းဖြစ်၍ အနက် အစဉ်ပျက်၏။ ထို့ကြောင့် ထိုဝါကျသည် ကမစ္ယုတ ဒေါသသင့်သော ဝါကျမည်၏။

"ဥဩျောင် လည်ဆစ်၊ ရင်၌နစ်သား"-ဟူ၍ စပ်ဆိုရာ၌ ဦးစောက်သွားသကဲ့သို့ ဦးခေါင်းအထက်က-ဥဩျောင်နစ်ပြီးမှ လည်ပင်းနစ်သည်ဆိုရာရောက်၍ ဖြစ်မြဲအစဉ်မှ ချွတ်ယွင်းသောကြောင့် ကမစ္ယုတဝါကျဒေါသသင့်သည်။

(၇) အတိဝုတ္တဝါကျဒေါသ....လောက၌ ဖြစ်သင့် ဖြစ်ထိုက်သလော် မဟုတ် ယုတ္တိမတန် အလွန်အကျူး-အပြောကြီးသော အတိဝုတ္တဒေါသ။

အတိသမ္ဗာဓ မာကာသ၊ မေတိသာ ထနဇမ္ဘနေ....ဧတိသာ-ဤ မိန်းမ၏၊ ထနဇမ္ဘနေ-အပျဉ်းကျသော သားမြတ်ကို ဖြန့်သည်ရှိသော်၊ အာကာသံ-ကောင်းကင်သည်၊ အတိသမ္ဗာဓံ-အလွန်ကျဉ်းမြောင်း၏...



ဤဥဒါဟရဏ်သည် အလွန် အပြောကြီးရာရောက်၍ အတိဝုတ္တဒေါသ သင့်သည်။

ယိုးဒယားနိုင်မော်ကွန်း၌-"တကမ္ဘာလျှင်၊ မဟာဗြဟ္မာ၊ လျှာကုန္ဒေ ဖြင့်၊ ဆန်းနေဂုဏ်းညီ၊ ဂါထာစီ၍၊ ကျူးမြီမြွက်ဖော်၊ ဆိုလှည့်သော် လည်း၊ ဘုန်းတော်ကဲးလွန်၊ အနေ ကန်ကို၊ ဝေဘန်ခြီးမြှောက်၊ ပြီး မရောက်လိမ့်"-ဟူ၍ တကမ္ဘာပတ်လုံး မဟာဗြဟ္မာသည် လျှာကုန္ဒေ ဖန်ဆင်း၍ ဆန်းဂုဏ်းညီစွာ ဂါထာဖွဲ့၍ ခြီးမွမ်းသော်လည်း ဘုန်းတော်ကဲးလွန်သည်ကို ဝေဘန်၍ အပြီးမရောက်ဟု မင်းဘုန်းဂုဏ်ကို ဘုရားဂုဏ်ကဲ့သို့ ဆိုခြင်းသည် အပြောကြီးသော အတိဝုတ္တဒေါသသင့်သည်။

(၈) အပေတတ္ထဝါကျဒေါသ....အချုပ်အခ်ိပ္ပါယ်ကောက်ယူ၍ မရသောဝါကျသည် အပေတတ္ထဒေါသသင့်သော ဝါကျမည်၏။

ဂါဝီပုဏ္ဏော ဗလိဗဒ္ဒေါ၊ တိဏံ ခါဒိ ပိဝိ ဇလံ .... ဂါဝီ ပုဏ္ဏော-နွားမသားငယ်၊ ဗလိဗဒ္ဒေါ-နွားဗိုက်ကြီး၊ တိဏံ-မြက်ကို၊ ခါဒိ-စား၏၊ ဇလံ-ရေကို၊ ပိဝိ-သောက်၏ .... တဝိုဒ်စီမှုကား အနက်ရှိ၏။ အချုပ်အဓိပ္ပါယ်ကောက်လျှင် မည်သည်ကို အလိုရှိ၍ ပြောသည်ဟု မရ။ ထို့ကြောင့် အပေတတ္ထဒေါသသင့်သည်။

ဂန္ဓာစရိယမည်သောအင်္ဂရိတ်စာ၌"ဝိသေသဝိသိဋ္ဌ,ဒီပါနာထာ ပတိဋ္ဌာစ၊ တာဏာ လေဏာစ ပါဏိနံ။ဂတိဗန္ဓုမဟေသာသာ၊ သရဏာစပတီတာသိနော"-ဟူသော ဂါထာနှင့်အညီ "ဆိမ်းမထွန်း၊ ကျွန်းကြီးမဟာ၊ ကိုးကွယ်ရာရ၊ မိဘမတူ၊ လူခပ်သိမ်းတို့၊ ချမ်းငြိမ်းသောထွေ၊ မြေကြီးပမာ၊ တည်ရာမြို့ပြ၊ ခိုကြပုန်းအောင်း၊ လမ်းကြောင်းခရီး၊ ပုံမှီးတန်၊ လူ့ဘေး နတ်ဘ၊ ဗြဟ္မမဟာ၊ သရဏာနှင့်"ဟူ၍ ဆိုရာဝယ် မည်သည်ကို အလိုရှိ၍ ဆိုသည်ဟု အချုပ် အဓိပ္ပါယ်ကောက်၍ မရသောကြောင့် အပေတတ္ထ ဒေါသသင့်သည်။

အင်္ဂရိတ်ထိုးသူများမှာ ညာဏ်ထင်တိုင်း အနည်းနည်း အဓိပ္ပါယ်ကောက်ကြပေလိမ့်မည်။ သည်ကဲ့သို့ ထင်တိုင်း ကောက်၍ ရသည်ကိုမဆိုလို၊ ကျမ်းဂန်စာပေ ရေးသားမြဲ ထုံးဥပဒေနှင့်ကောက်၍ အချုပ်အဓိပ္ပါယ် မရသည်ကိုသာ ဆိုသည်။

(၉) သဗန္ဓဖရုသဝါကျဒေါသ....အဖွဲ့အနွဲ့ စီကုံးသော ဝါကျတို့၌ ဃောသအက္ခရာ, ဓနိတအက္ခရာများခြင်းသည် သဗန္ဓဖရုသဒေါသ သင့်သောဝါကျမည်၏။

ခရာ ဓိလာ ပရိက္ခိဏာ၊ ခေဋ္ဌောဓိဋ္ဌံ ဖလတ္ထုလံ....ဟူသောပါဠိသည် ဓနိတဖြစ်သော ခ-ဋ္ဌေးအက္ခရာ၌ အသံပြင်းပြင်း ရွတ်ဆိုရသောကြောင့် သဗန္ဓဖရုသ ဒေါသသင့်သည်။

မြန်မာကဗျာတွင် စသတ်,ကသတ် အဆက်မပြတ် စပ်သမျှနှင့်ရသသံ အဖန်ဖန်အထပ်ထပ် တလျှောက်တည်းစပ်သမျှသည် ရွတ်ဖတ်သည့်အခါ သာယာသောအသံမရ၍ သဗန္ဓဖရုသဒေါသတွင် ပါဝင်သည်။

ဥဒါဟရဏ်ကား-"ဆယ်ပြိုင်ဆဲ့တစ်၊ ဆဲ့ရှစ်ရွှေနောက်၊ လုံးပေါက်ရွှန်းဖိတ်"ဟူ၍၎င်း...."ကြယ်အာဒိစ္စ၊ ဟသာဒနှင့်၊ စိတြမဏိ၊ သွာတိချက်ဖွေ-"ဟူ၍၎င်း စပ်သောကဗျာတို့သည် သာယာစွာ ရွတ်ဖတ်ရန် အသံမရ၍ သဗန္ဓဖရုသတွင် ပါဝင်သည်။

နယရာသီဆေးလက်ာ၌-"ခွေးရူးပြန်သော်၊ကုရန်မခက်၊ ခါးအထက်ကို၊ ချက်နှင့်တိုင်းရာ၊ အောက်ပင့်ခွါလျက်-"စသည်ဖြင့်ဆိုသော အရာလည်း ခခွေးအက္ခရာများသော့ကြောင့် သဗန္ဓဖရုသ ဒေါသသင့်သည်။

ဝါကျဒေါသ ၉-ပါး ပြီးပြီ။

---

၃-"ဝါကျတ္ထဒေါသခြောက်ပါး"ကို တပါးတပါးစီ အကျယ်ဖော်ပြလျက် ဒေါသသင့်ပုံ-ဥဒါဟရဏ်ပြယုဂ်များနှင့်တကွ ပြဆိုချက်

(၁) အပက္ကမ ဝါကျတ္ထဒေါသ....အကျိုးအကြောင်း အစဉ်အတိုင်း မဆိုပဲ ကမောက်ကမ ဖွဲ့ဆိုစီကုံးသောဝါကျသည် အပက္ကမ ဒေါသသင့်သော ဝါကျမည်၏။

ဘာဝနာ ဒါန သီလာနိ၊ သမ္မာ သမ္ပာဒိတာ နိဟ။
ဘောဂ သဂ္ဂါဒိနိဗ္ဗာန၊ သာဓနာနိ နသံသယော။

ဟူသော ဂါထာ၌ ဘောဂသဂ္ဂါဒိ နိဗ္ဗာနတို့၏အရ စည်းစိမ်ဥစ္စာ နတ်ရွာနိဗ္ဗာန်ဟူသော အကျိုး၏အစဉ်အားဖြင့် ဒါန သီလ ဘာဝနာ ဟူ၍ အကြောင်း အစဉ်ထားမှ ယထာက္ကမဖြစ်သည်။ ဤသို့မထား၍



ဘာဝနာဒါနသီလာနိဟူသောအစဉ်ဖြင့် ဘာဝနာ စီးဖြန်းခြင်း, လှူဒါန်းခြင်း, သီလ စောင့်သုံးခြင်းဟူ၍ ကမောက်ကမ ထားသောကြောင့် အပက္ကမဒေါသသင့်သည်။ အယုတ်,အလတ်, အမြတ်စသည်ဖြင့် စီစဉ်မြဲထုံးပျက်လျှင် "ကမစ္စုတဒေါသ"။ အကျိုး အကြောင်း မညီညွတ်လျှင် "အပက္ကမဒေါသ"ဟူ၍ ဒေါသနှစ်ပါးကိုခွဲ၍မှတ်လေ- "နောက်ကျွန်းဥတ္တိုင်၊ ရွှေရပ်ခွင်မှာ၊ ခုနစ်ရာဆောင်၊ ငါးရာထောင်တည့်၊ ယခေါင်မလွဲ၊ ရှည်စမြဲတည်း"ဟူသော လင်္ကာ၌ အနောက်ကျွန်းမှာ အသက် ၇၀၀, မြောက်ကျွန်းမှာ အသက်-၅၀၀, အရှေ့ကျွန်းမှာအသက်-၁၀၀၀, ယထာက္ကမနည်းယူလျှင် ဟပ်မိသည်။ အရှေ့ကျွန်းမှာ ၇၀၀, အနောက်ကျွန်းမှာ-၅၀၀, မြောက်ကျွန်းမှာ-၁၀၀၀၊ ဟပ်မိမှ မှန်သောကြောင့် ယထာက္ကမနည်းပျက်၍ အပက္ကမဒေါသသင့်သည်။

(၂) ဩစိတျဟီနဝါကျတ္ထဒေါသ....ကိုယ့်ကိုယ်ကိုကိုယ်ချီးမြှောက်၍ ဆိုခြင်း, ရှေးဆို နှောင်းဖျက်ဆိုခြင်း-ဝါကျ ၂-မျိုးသည် ဩစိတျ ဟီန ဒေါသသင့်သော ဝါကျမည်၏။

ပူဇနီတဟာရော လောကေ၊ အဟမေကော နိရန္တရံ။
မယေကဿ ဂုဏာသဗ္ဗေ၊ ယထော သမုဒိတာ အဟံ။

ယတော-အကြင့်ကြောင့်၊ မယေကဿ-ငါတယောက်၌၊သဗ္ဗေဂုဏာ-ဂုဏ်ရှိသမျှအလုံးစုံတို့သည်၊ သမုဒိတာ-ပေါင်းစုကြ ကုန်သည်၊ အဟံ-ဖြစ်ကုန်ပြီ၊ တတော-ထိုကြောင့်၊ လောကေ-လောက၌၊ အဟမေဝ-ငါတယောက်ကိုသာလျှင်၊ နိရန္တရံ-မပြတ်၊ ပူဇနီယတရော-အလွန် ပူဇော်ထိုက်၏....ဤဥဒါဟရဏ်၌ မိမိကို သူတပါးက ချီးမွမ်းမှ သင့်လျော်သည်၊ မိမိကိုယ်ကို မိမိချီးမွမ်းခြင်းသည် ယုတ္တိမရှိ၊ ပညာရှိတို့ ရယ်ဘွယ်ဖြစ်သည်။ ထိုကြောင့် ဩစိတျ ဟီနဒေါသသင့်သည်။ ဥဒါဟရဏ်တမျိုးကား-

ယာစိတောဟံ ကာထံနာမ၊ နဒဇ္ဇာမျှိ ဇီဝိတံ။
တထာပိ ပုတ္တဒါရေနေ၊ ဝေဓတော ဟဒယံ မမ။

ဇီဝိတမ္ပိ-အသက်ကို သော်လည်း၊ ယာစိ တော-တောင်းအပ်သော၊ အဟံ၊ ငါဝေဿန္တရာမင်းသည်၊ကထံနာမ-နဒဇ္ဇာမိ-အဘယ့်ကြောင့်မပေးပဲနေတုံအံ့နည်း၊ ဒဇ္ဇာမိဧဝ-ပေးအံ့သည် သာလျှင်တည်း၊ တထာပိဧဝံ

သတိ-ဤသို့ ဝန်ခံခြင်း, နှလုံးသွင်းခြင်း ရှိသော်လည်း၊ ပုဏ္ဏဒါနေနှ-သားသွီးတို့ကို ပေးလှူရုံမျှနှင့်၊ မမ-ငါဝေဿန္တရာမင်း၏၊ ဟဒယံ-နှလုံးသည်၊ ဝေမတေ-တုန်လှုပ်၏… ဤဥဒါဟရဏ်၌ အသက်ကိုသော်လည်း ပေးမည်ကြံလျက် သားသွီးကိုလှူရုံမျှနှင့် နှလုံးတုန်လှုပ်သည် ဆိုသော စကားသည် ယုတ္တိမတန် ရှေ့နောက်စကား မညီမညွတ် ရှိသောကြောင့် ဩစိတျဟီန ဒေါသသင့်သည်။

စတုစမ္မသာရလင်္ကာ၌- "ငါနှင့်ငါသာ၊ နိုင်းစရာဟု၊ ပညာမုန်ယိုး၊ အရှယ်ပျိုက၊ မဆိုစလောက်၊ မာန်စောင်မြောက်၍၊ နတ်ငေါက်လွှန်မိ၊ ဒေါသဖြိုလည်း"-ဟူရာ၌ ငါနှင့်ငါသာ၊ နိုင်းစရာဟု-ဆိုသော စကားသည် မိမိကိုယ်ကိုမိမိပင် ချီးမွမ်းသောကြောင့် ဩစိတျဟီနဒေါသ သင့်သည်။ "တောင်းကိုမဖောက်၊တောင်ကိုဖောက်သည်၊စိန်ကျောက်အသွင်၊ သီလဝင်တည့်-"ဟူ၍ မိမိကိုယ်ကိုမိမိ ချီးမြောက်လျှင်လည်း ဩစိတျဟီနဒေါသရောက်မည်။

ရှေ့နောက်စကားမညီသော ဥဒါဟရဏ်ကား-"စံတွင်စံထွတ်၊ လွတ်ကြီးလွတ်၍၊ မိုးလတ်မိုးပြင်၊ မိုးတခွင်ဝယ်၊ နတ်ပင်နတ်မျှ၊ နတ်မကသည်၊ အလှကြာဝတ်နေတို့လော" ဟူသောကဗျာတွင် နတ်မျှမကဆိုပြီးလျက် အလှကြာဝတ် နေတို့လော-ဟု ဆိုပြန်လေသောကြောင့် ရှေးဆိုနှောင်းဖျက်, ဩစိတျ ဟီန ဒေါသမလွတ်။

"ဝိဝဠ္ဌ ဌာယ၊ ကပ်အစ၌၊ ပါပဗ္ဗာဟိ၊ တပသီဟု၊ လောကီ ဈာန်သခင်။….သစ်သီးစားသွတ်၊ ထမင်းမွတ်၍၊ ကိုယ်ဝတ်လျှော်တေ၊ရှိသစ်ရေနှင့်၊ ဆူးပလွေသီး၊ စိပ်ပုတီးကို၊ နွယ်ကြီးလျှိုဖောက်၊ လည်ဝယ်ရောက်သည်၊ ခလောက်ကွဲ့မှာ ဆင်သို့။ ။တောင်ဝှေးလက်တွင် ကိုင်ထက်ကြပ်။-လွယ်အိတ်လိုလို၊ ဆောက်ပုတ်လိုနှင့်၊ နွားမအိုရေ၊မွေးတိုးတေးကို၊ လံပေပေလုပ်၊ ပါးချပ်ချုပ်သည်၊ ဦးထုပ်ဒေါက်ချာစွပ်၍။" ။ဘူ့ပစပ်က မလပ်တဖွာဖွာ။….ဒီးတုတ်ကြွေးကြော်၊ ကြက်ကတော်သို့၊ အဟော်ဝတ၊ အနိစ္စဟု၊ သမထဝိပဿ၊ တတွတ်တွတ်လျှင်၊ အံ့ရှုတ်ဘာဝနာဖြင့်။ ။ဘိညာဉ်ဆဥ္စာသမာပတ်။-ကသိုဏ်းတန်းခိုး၊ ကောင်းကင်မိုးမှာ၊ လမ်းတိုးဆင်ရန်၊ ခေါက်တုံ့ပြန်သည်၊ ဘုန်းလျှံ ရသေ့မြတ်တို့"ဟူသောစကား၌ လောကီဈာန်သခင်ဆိုပြီးမှ ခလောက်ကွဲ့မှာ ဆင်သို့ဟူ၍၎င်း၊ ဘူ့ပစပ်က မလပ်တဖွာဖွာ၊ ဒီးတုတ်ကြွေးကြော်၊ ကြက်က



တော်သလိုဟူ၍၎င်း စသည်ဖြင့် ရှေ့နောက် စကားချင်းမကိုက်၊ရှေးဆိုနှောင်းဖျက်ဆိုခြင်းသည် ဩစိတျဟီနဒေါသရောက်သည်။

(၃) ဘဂ္ဂရီတိဝါကျဋ္ဌဒေါသ….ဝိဘတ် အနက်အစဉ် ကျိုးပွဲပျက်စီးသော ဘဂ္ဂရီတိဒေါသ။

ဇုဋ္ဌိန်ံ ဒုဇ္ဇနာနဥ္စ၊ ဝိဿာသော နေဝပဗ္ဗတေ။
ဝိသေသိဂိမှိ နဒိယံ၊ ရောဂေ ရာဇကုလမှိစ။

ဇုဋ္ဌိန်-မိန်းမတို့၏၎င်း၊ ဒုဇ္ဇနာနဥ္စ-သူယုတ်တို့၏ ၎င်း၊ ဝိဿာသော-အကျွမ်း ဝင်ခြင်းသည်၊ နေဝပဗ္ဗတေ-မသင့်၊ ဝိသေ-အဆိပ်ရှိသော သတ္တဝါ၌၎င်း၊ သိင်္ဂိမှိ-အစွယ် ဦးချိုရှိသော သတ္တဝါ၌၎င်း၊ နဒိယံ-မြစ်၌၎င်း၊ ရောဂေ-အနာရောဂါ၌၎င်း၊ ရာဇ ကုလမှိစ-မင်းမျိုး၌၎င်း၊ ဝိဿာသော-အကျွမ်းဝင်ခြင်းသည်၊ နေဝပဗ္ဗတေ-မသင့်၊….ဟူသော ဥဒါဟရဏ်၌ ဇုဋ္ဌိန်ံဟု ဆဋ္ဌီဝိဘတ်နှင့် ဆိုပြီးမှ ဝိသေသိင်္ဂိမှိဟူ၍ သတ္တမီဖြင့် ဆိုခြင်းသည် အတ္တရီတိကျိုး၏၊ ဝါကျ၏ အစ-အလယ်၌ စနိပါတ်ပုဒ်ကို မထားသောကြောင့် သဒ္ဒရီတိကျိုး၏၊ ဝိဘတ်အစဉ်, သဗ္ဗနာမ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို ဝါကျတခုအတွင်း၌ အစ-အလယ် အဆုံး-သုံးချက် တညီတညွတ်တည်းဆိုလျှင် ရီတိမည်သောအလင်္ကာဖြင့် တန်းဆာဆင်အပ်သော ဝါကျမည်၏။ ဤသို့ တညီတညွတ်တည်း မဆို၊ တချက်မှာ သဗ္ဗနာမ်ပုဒ်, တချက်မှာ နိပါတ်ပုဒ်, တချက်မှာ ဥပသာရပုဒ်နှင့် ရောနှောဆိုခြင်းသည် ဘဂ္ဂရီတိဒေါသသင့်သည်။

ဤထုတ်ပြခဲ့သော ရာဇကုလမှိစ၌ စနိပါတ်ပုဒ်ကို၎င်း, ဒုဇ္ဇနာနဥ္စ၌ စနိပါတ်ပုဒ်ကို၎င်း ဝါကျ၏ အစအလယ်၌ မဆိုသောကြောင့် သဒ္ဒါရေးအားဖြင့် ဘဂ္ဂရီတိ ဒေါသသင့်သည်။ ဝိဘတ်အစဉ်ပျက်လျှင် အတ္တဘဂ္ဂရီတိ၊ ဥပသာရပုဒ်, နိပါတ်ပုဒ်, သဗ္ဗနာမ်ပုဒ်တို့အစဉ်ပျက်လျှင် သဒ္ဒဘဂ္ဂရီတိ-ဟူ၍ ဘဂ္ဂရီတိနှစ်မျိုးကို ခွဲခြားမှတ်သားရမည်။ အသံ, အသတ်, မြန်မာ၌ အနက်အစဉ်ပျက်လျှင် အတ္တဘဂ္ဂရီတိ၊ အစဉ်ပျက်လျှင် သဒ္ဒဘဂ္ဂရီတိဟူ၍ ဘဂ္ဂရီတိနှစ်မျိုးကို ခွဲခြား မှတ်သားရမည်။

ထင်ရှားပေါ်လွင် ထင်မြင် သိသာဘွယ်မှတ်ရန်ကား-စာလုံးသုံးစွဲပုံ အစဉ်ကျိုးပျက်ခြင်း၊ ကာရန်အစပ်,အသတ် ပင့်ရစ် ပျက်ခြင်း ၂-ချက်သည် ဘဂ္ဂရီတိဒေါသချည်းပင်တည်း။

"ငယ်မယား၏၊ ကြင်သားအလိုက်၊ ကြီးပေါင်း၍လည်း၊ နှစ်မြိုက်သက်ပုံ၊ ကြင်မေ်ာတုံရှင့်–" ဟူသောကဗျာသည် ၏-ဆိုလျှင်, ၏-ချင်း၊ ၍-ဆိုလျှင် ၍-ချင်းမဆိုဘဲ ငယ်မယား၏-ဆိုပြီးလျှက်၊ ကြီးပေါင်း၍-ဟုဆိုသည့်အတွက် ဝိဘတ်အစဉ် ကျိုးပျက်သော ဘဂ္ဂရီတိဒေါသဟူ၍ ၎င်း၊ "ဘေးလည်းနန်းရိုး၊ ရွှေနန်း စိုး၏၊ ဘိုးလည်း နတ်သျှင်၊ ဘခင်မင်းခေါင်၊ ဘုန်းတော်ရောင်ဖြင့်၊ ပြည်ထောင်အလုံး၊ တုတ်ခွန်ကျုံး၏" ဟူသော ကဗျာသည်၎င်း၊ ကာရန်ကြီး-၁၆၊ ကာရန်ငယ်-၆၄ တွင် လုံးတင်နှင့် ညသတ်, ညသတ်နှင့် ယသတ်, တသတ်နှင့် ပသတ်-စပ်သော ကဗျာသည်၎င်း၊ ကာရန်, အသံ, အသတ်, အစပ်-အစဉ်ပျက်သောကြောင့် ဘဂ္ဂရီတိ ဒေါသချည်းပင်ဟု ရွှေဥမင်ဆရာတော်က ပြသည်။ တောင်ဘီလာပုဂ္ဂိုလ်ကျော် ဆရာတော်လည်း ၎င်းနည်းပင်ပြသည်။ "ဂေါ်ဝတ်မွေးရည်၊ သင်းတော့သည်နှင့်၊ တိမ်နီလာခြီ"-ဟူ၍ ညသတ်နှင့် လုံးတင်စပ်ခြင်း။ "ကပ္ပိလသို့၊ ကြွရာလမ်းစဉ်၊ စုံတခွင်ဝယ်၊ ငွေစင်မြသား" ဟူသော င-သတ်နှင့် ည-သတ် စပ်ခြင်းများလည်း ဘဂ္ဂရီတိဒေါသတွင် ပါဝင်သည်။

(၄) သသံသယ ဝါကျတ္ထဒေါသ….အနက်အဓိပ္ပါယ် အမျိုးမျိုးယူရန်ရှိသော ဝါကျသည် သသံသယဒေါသသင့်သော ဝါကျမည်၏။

မုနိန္ဒစန္ဒိမာလောက၊ ရသလောလဝိရောစနော။
ဇနောဝဏ္ဏေ့ ပဿောဝ၊ ဂေါပဒဿန ဝိဏိတော။

မုနိန္ဒစန္ဒိမာလောက ရသလောလဝိရောစနော-မြတ်စွာဘုရား တည်းဟူသော လမင်း၏ ရောင်ခြည်တော်၌ ကြည်ညိုစုံမက်သော လှုပ်သောမျက်စိရှိသော၊ ဇနော-လူသည်၊ အဝဏ္ဏေ့ ပဿောဝ-ရောင်ခြည်တော်ကို ဖူးမြင်ခြင်းငှာ လမ်းသို့ ဆင်းသက်မိလျှင်ပင်၊ ဂေါပဒဿနဝိဏိတော-မြတ်စွာဘုရား ရောင်ခြည်တော်ကို ဖူးမြင်ရ၍ နှစ်သက်ခြင်းပီတိသည်၊ ဟောတိ-ဖြစ်၏။….ဂေါပဒဿနဝိဏိတော-ဟူသော ဝါကျ၌ဂေါသဒ္ဒါသည် နွားကိုလည်းဟောသောကြောင့် နွားကိုမြင်ရလျှင်လည်းဟု ယုံမှားဘွယ်ရှိသောကြောင့် သသံသယဒေါသသင့်သည်။

မြန်မာဥဒါဟရဏ်ကား… "တန်ဆောင်မီးလည်း၊စနီးစပ်ကာ၊ မန္တန်သာသား၊ အနာဂတံသ၊ ညဏကျော်ခေါင်၊ ပညာရောင်ဖြင့်"ဟူသော



ကဗျာတွင် "စ" နှင့် "နီး" ကို ခပ်ဆွဲးဆွဲးရွတ်ဖတ်လျှင် သသံသယကင်းသည်။ "စ" နှင့် "နီး" တပေါင်းတည်း "စနီး" ဟု ရွတ်ဖတ်မှားသော် မယား-ပရိယာယ်ဖြစ်သွား၍ "ဂေါပဒဿနဝိဏိတော" အရ သသံသယဒေါသတွင် ပါဝင်သည်ဟု ရွှေဥမင်ဆရာတော် မိန့်ဆိုသည်။

(၅) ဂမ္မဝါကျတ္ထ ဒေါသ….ဝါကျ အနက်အားဖြင့် သိခက်အောင်စီကုံးရေးသားသော ဝါကျ, ကြမ်းတမ်းသောဝါကျတို့သည် ဂမ္မဒေါသသင့်သောဝါကျမည်ကုန်၏။

ပေါသော ဝိရိယဝါသောယံ၊ ပရံ ဟန္တ္ဒာန နဝိဿမိ….ဝိရိယဝါ-ရဲရင့်သော၊အယံပေါသော-ဤယောကျ်ားသည်၊ပရံ-ရန်သူကို၊ဟန္တ္ဒာန-သတ်ဦး၍၊ နဝိဿမိ-ပင်ပန်းခြင်းမရှိ။[ဤကား-သိလွယ်သောအနက်]။ ပရံ-လွန်စွာ၊ ဟန္တ္ဒာနဝိရိယဝါ-စုဆည်းပူး အပ်သော သုက်ရှိသော၊ အယံ ပေါသော-ဤ ယောကျ်ားသည်၊ န ဝိဿာမိ-ပင်ပန်းခြင်းမရှိ။ [ဤကား - သိခက်သော အနက်တည်း]။ နောက်ပေးသော အနက်လိုရင်းဖြစ်လျှင် သိခက်သောအနက်ဖြစ်၍ ဂမ္မဒေါသ သင့်သည်။ ဤဂမ္မဒေါသကို ရည်၍ ဘုရိဒတ်ဇာတ်ပေါင်းပျို့၌-"ဝန်ပေါ့မတင်၊ လှေအိုသွင်တည့်၊ လေးဖင်စေးထန်း၊ ကျန်းတန်းကျင့်တင့်၊ အောက်နှင့်အထက်၊ အရှက်ရှက်လျှင်၊ ဆစ်မျက်ကြီးတုတ်၊ ပါဌ်ခလုတ်ကို၊ ကုတ်ကုတ် ကော်ကော်၊ ဖတ်သော်ခဲအောင်၊ ထုံးဆောင်ပုံစံ၊ မျက်ပါးကုံသို့၊ ဂမ္မဒေါသ၊ ဖြင်မျှသွယ်လှောင်း၊ နက်ရပ် ဆောင်းလျှက်၊ ပြန်ပြောင်းထိန့်လစ်၊ စကားသစ်ဟု၊ တောင်သူမှုနှင့်၊ ရောရစွေဟပ်၊ အထပ်ထပ်တည့်၊ ချုပ်စပ်ဆည်းဆူ၊ ပုံသကူကို၊ မယူပါဘဲ၊ ရွှေနန်းပွဲဝယ်၊ အမြဲနေကျ၊ သုံးစွဲးကြသား၊ ပြည်မသနစ်၊ ကရိုဏ်းစစ်သို့၊ ကျစ်လစ်စင်ကြယ်၊ နားချင်ဘွယ်တိ"….ဟူ၍ စပ်ဆိုသည်။ ဤသို့ စပ်ဆိုသည့်အတိုင်း ဂမ္မဒေါသ ၏ အခြင်းအရာများကို သိစေရမည်။

(၆) ဒုဋ္ဌာ လင်္ကာရ ဝါကျတ္ထဒေါသ….စီကုံးဖွဲ့ရေးသားသော အရာ၌ ဥပမာ အလင်္ကာရ စသည်တို့ကို ဖျက်ဆီးတတ်သော အနက်ရှိသော ဝါကျသည် ဒုဋ္ဌာလင်္ကာရဒေါသသင့်သောဝါကျမည်၏။ ဥပမာ လင်္ကာရကို ဖျက်ဆီးတတ်သော ဥပမာမျိုးတို့ကို–

သမုဒ္ဒေဇတိ ဓီမန္တော၊ ဘိန္နလိင်္ဂါဒိ ကန္တုယံ။
ဥပမာ ဒူသနာယာလ၊ မေတံ ကဏ္ဍွိ တံ ယထာ။

ဟူသောဂါထာဖြင့် ပြ၏... ယံဘိန္န လိင်္ဂါဒိကန္တု-ဥပမာ,ဥပမေယျ နှစ်ခုတို့သည် မတူသော လိင်ရှိခြင်း အစရှိသော ဥပမာအလင်္ကာသည်၊ ဓီမန္တော-ကဗျာ တတ်သိ ပညာရှိကို၊ သမုဒ္ဒေဇတိ-ဖြေ်သည်လိုပင် ဥပမာဆိုရ၏ လားဟု ထိတ်လန့်စေတတ်၏၊ ဧတံ-ဤ လိင် မတူသော ဥပမာ အစရှိသည်တို့သည်၊ ကဏ္ဍွိ-အချို့သော အစီအကုံး အဖွဲ့အနွဲ့၌၊ ဥပမာဒူသနာယ-ဥပမာ အလင်္ကာကို ဖျက်ဆီးခြင်းငှာ၊ အလံ-စွမ်းနိုင်၏၊ တံ-ထိုလိင်မတူခြင်းအစရှိသော ဥပမာ အလင်္ကာ တို့သည်၊ ယထာ-ပြယုဂ် အဘယ်သည်တို့နည်း ဟူမူကား-

ဟံသိဝါယံ သသီဘိန္န၊ လိင်္ဂါကာသံ သရာနိဝ။
ဝိဇာတိ ဝစနာ ဟီနာ၊ သာဝဘတ္တော ဘဋ္ဌောမိဝ။
ခဇ္ဇောတော ဘာဏုမာလီဝ၊ ဝိဘာတိယျ မိကောပမာ။
အဖုဋ္ဌတ္တာ ဗလမ္ဘောဓိ၊ သာဂရောဝိယ သန္တြာတိ။
စန္ဒေ ကလင်္ကော ဘိင်္ဂေါဝ၊ တျုပမာပက္ခိနီအယံ။
ခဏ္ဍိတာ ကေရဝါကာရော၊ သကလင်္ကော နိသာကရော။

ဟူသော သုံးဂါထာဖြင့် ပြ၏....သသီ-လမင်းသည်၊ ဟံသိဝ-ဟင်္သာမကဲ့သို့တည်း၊ အယံ-ဤသည်ကား၊ ဘိန္နလိင်္ဂါ-ဥပမာန ဥပမေယျ နှစ်ခု လိင်မတူသော "ဘိန္နလိင်္ဂေါပမာတည်း"၊ အာကာသံ-ကောင်းကင်သည်၊ သရာနိဝ-ရေအိုင်တို့ကဲ့သို့တည်း၊ အယံ-ဤဥပမာသည်ကား၊ ဝိဇာတိ ဝစနာ-"ဝုစ်မတူသော ဥပမာ" တည်း၊ ဘဋ္ဌော-ကျွန်အခစားသည်၊ အဓိပေ-သခင်၌၊ သာဝ-ခွေးကဲ့သို့၊ ဘတ္တော-ခစားအပ်၏၊ အယံ-ဤဥပမာသည်ကား၊ ဟီနာ-ဥပမာန ယုတ်သောကြောင့် "ဟီနူပမာန" မည်၏၊ ခဇ္ဇောတော-ပိုးမြေမြှုံးသည်၊ ဘာဏုမာလီဝ-နေမင်းကဲ့သို့၊ ဝိဘာတိ-ထွန်းလင်း၏၊ ဧတိ-ဤဥပမာသည်ကား၊ အဓိကောပမာ-ဥပမာန ကြီးမား လွန်မြတ်သောကြောင့် "အဓိကောပမာ"မည်၏၊ ဗလမ္ဘောဓိ-စစ်သည်အပေါင်းဟူသော သမုဒ္ဒရာသည်၊ သာဂရောဝိယ-သမုဒ္ဒရာကဲ့သို့၊ သန္တြာတိ-အုတ်အုတ်သဲသဲရှိ၏၊ ဧတိ-ဤဥပမာသည်ကား၊ အဖုဋ္ဌတ္တာ-ထပ်၍ ဥပမာ ဆိုရခြင်း၏ အနက်အထူးကို မတွေ့မရကောင်းသောကြောင့်၊ "အဖုဋ္ဌတ္တဥပမာ"မည်၏။ စန္ဒေ-လ၌၊ ကလင်္ကော-ယုန်ရုပ်အမှတ်



သည်၊ ဘိင်္ဂေါဝ-ပိတုန်းကဲ့သို့တည်း၊ ဧတိ-ဤဥပမာသည်၊ အပေက္ခိနီ-ပိတုန်း၏တည်ရာ အာဓာရကိုငဲ့သောကြောင့် "အပေက္ခိနီဥပမာ"မည်၏၊ သကလင်္ကော - ယုန်ရုပ် အမှတ်ရှိသော၊ နိသေကရော - လခမင်းသည်၊ ကေရဝါကာရော-ပဒုမ္မာ ကြာပန်းနှင့်တူ၏၊ အယံ-ဤသည်ကား၊ ခဏ္ဍိတာ-ဆိုသင့်သောပုဒ် တပုဒ်သာရှိသောကြောင့် "ခဏ္ဍိတဥပမာ"မည်၏၊

ဤပြယုဂ်တို့၌ ဗလမ္ဘောဓိ စစ်သည် အပေါင်းဟူသော သမုဒ္ဒရာဟု-ရူပက အလင်္ကာဖြင့်ဆိုသောကြောင့် သမုဒ္ဒရာကဲ့သို့ များပြားသောစစ်သည်ဟု သိကောင်းပြီးလျက် သာဂရောဝိယဟု-ဥပမာန ထပ်၍ ဆိုခြင်း၏အကျိုးကို ရှာ၍ မတွေ့သောကြောင့် "အဖုဋ္ဌတ္တဥပမာ" ခေါ်သည်။ လ၌ မည်းနက်သောယုန်ရုပ်သည် ပိတုန်းကဲ့သို့ဆိုရာ၌ ယုန်ရုပ်ကို တည်ရာလနှင့် တကွဆို၍ ပိတုန်းကို တည်ရာနှင့်တကွ မဆိုသောကြောင့် ပိတုန်း၏တည်ရာ-ကုမုဒြာကြာပွင့်ကို ငဲ့၏၊ ထို့ကြောင့် "အပေက္ခိနီဥပမာ" မည်၏၊ယုန်ရုပ်အမှတ်ရှိသော လမင်းသည် ကုမုဒြာကြာဖူးပွင့်နှင့်တူ၏ဟု ဆိုရာ၌ ပိတုန်းရှိသော ကုမုဒြာ ကြာဖူးပွင့်နှင့် တူသည်ဟု ဆိုရမည်ကို သဘိင်္ဂေါကေရဝါကာရော-ဟူသောပုဒ်၌ သဘိင်္ဂေါဟူသော ရှေ့စကားမပါ၊ ကေရဝါကာရောဟု နောက်တပိုင်း ကိုသာ ဆိုသောကြောင့် "ခဏ္ဍိတဥပမာ"မည်၏။

မြန်မာဘာသာသိသာရုံ,ဥဒါဟရဏ်ကား- "ကြည်မြမျက်နှာ၊လစန္ဒာသို့၊အာသဍ္ဍိမည်ရှောင်း၊ မြညောင်စောင်းထက်၊ လျောင်းသော့အလား" ဟူသော ကဗျာတွင် မျက်နှာသည် နပုလ္လိင်, လသည် ပုလ္လိင်, ညောင်စောင်းသည် ဣတ္ထိလိင်အားဖြင့် ခြားနား၍ ဒုဋ္ဌာလင်္ကာရဝါကျတ္ထ ဒေါသတွင် ပါဝင်သည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ပဒဒေါသ,ဝါကျဒေါသ,ဝါကျတ္ထဒေါသ သင့်ရောက်သော စကားများကို စာစီစာကုံး အဖွဲ့အနွဲ့များမှာ-ဆိုမိ ရေးမိသောအခါ စကားအရာ လိမ္မာတတ်သိ ပညာရှိတို့သည် တရံတခါ ထိုအပြစ်ဒေါသကိုဖြေ၍ ဂုဏ်သဘောသို့ ရောက်အောင် ထေးဖာဆို ပိတ်နိုင်သည်။ ထေးဖာဆိုပိတ်နိုင်၏ဆိုသော်လည်း ထေးဖာနိုင်လောက်ရုံ အနည်းငယ် အပြစ်ဒေါသ သင့်ရောက်မှသာ ထေးဖာဆို့ပိတ်နိုင်သည်။ အလွန်အမင်း ထင်လင်းတိုက်ရိုက် ဒေါသသင့်ရောက်နေလျှင် ပရိဟာရသဘော, ဂုဏ်သဘောသို့ရောက်အောင် ဆို့ပိတ် ထေးဖာနိုင်ရန် မရှိပြီ။

ဝါကျတ္ထဒေါသခြောက်ပါး ပြီး၏။

# တတိယကဏ္ဍ–ဒုတိယပိုင်း

## ၁–ပဒပရိဟာရရှစ်ပါးကို တပါးတပါးစီ အကျယ်ဖော်ပြ၍ ပရိဟာရဖြစ်ပုံ ဥဒါဟရဏ်ပြယုဂ်များနှင့်တကွ ပြဆိုချက်

(၁) ဝိရုဒ္ဓတ္ထန္တရဒေါသ ပရိဟာရ....မေဃာ ဝိသဒေါ သုခယေဇနံ–ဟူသောစကား၌ ဝိသဒေါပုဒ်သည် ဒေါသသင့်ရောက်သည်ကို ဖြေဆိုရန်မှာ စပါး ကောက်ပဲသီးနှံများကို ရိတ်သိမ်းရတော့မည့်ဆဲဆဲတွင် မိုးရွာလျှင် ရေကိုပေးတတ်သည် ဖြစ်စေ အဆိပ်ကို ပေးတတ်သည် ဖြစ်စေ သတ္တဝါတို့၏ ချမ်းသာကို မဖြစ်စေနိုင်သောကြောင့်–

ဝိန္ဓုန္တံ ပါကသာလိနံ၊ သာလိနံ ဒသာနံ သုခံ။
တံ ကထန္နာမ မေဃာယံ၊ ဝိသဒေါသုခယေဇနံ။

ဟူ၍မှည့်သောကြောင့် နှစ်သက်ဖွယ်ရှိသောသလေးစပါးတို့ကိုမြင်ရ၍ ချမ်းသာစွာ နှစ်သက်ခံစားသော လယ်လုပ်ယောကျ်ားကို အဆိပ်ကိုပေးတတ်သော,ရေကိုပေးတတ်သော မိုးသည် အဘယ်မှာ ချမ်းသာစေနိုင်အံ့နည်းဟူ၍ ဖြေဆိုလျှင် ဝိသဒေါဟူသောပုဒ်သည် ဆန့်ကျင်သော အနက် တပါးမရှိ၍ ဝိရုဒ္ဓတ္ထန္တရဒေါသမသင့်။

ကျယ်လျှင်ကား–ချွဲ, ပွဲလျှင်ကား–ဖွဲ့, နွဲ့လျှင်ကား–သပ်, ကျပ်လျှင် သပ်ပင်း, ကျယ်လျှင်ကား–ထွင်း–ဆိုသောစကား၌ ချွဲသင့်အောင် ကျယ်လျှင် ချွဲရမည်၊ ဖွဲ့သင့်အောင် ပွဲလျှင် ဖွဲ့ရမည်၊ သပ်သင့်အောင် နွဲ့လျှင် သပ်ရမည်၊ သပ်ပင်းသင့်အောင် ကျပ်လျှင် သပ်ပင်းရမည်၊ ထွင်းသင့်အောင် ကျယ်လျှင် ထွင်းရမည်ဟု အခါကာလ အခိုက်အတန့် အားလျော်စွာ ဆိုသည်ဖြစ်၍ ဝိရုဒ္ဓတ္ထန္တရ ဒေါသမသင့်။

"သုံးလူ့ဆွေကိုး၊ ရှိသေလျှစွာ၊ လူ့ပမာသို၊ မန္တာ အလိုက်၊ စရိုက်အားကိုး၊ ညွန့်ညွန့်ဖြိုးသည်... သီးမျိုးခိုင်ညွှာ လပြွတ်တည်း"–ဟူသောစကားမှာ ထေးဖာဆိုဝိတ်၍ မရနိုင်အောင် ဒေါသ သင့်ရောက် သောကြောင့် အပြစ်လွတ်အောင် မဖြေနိုင်ပြီ။

(၂) အဓဂ္ဂတ္ထဒေါသပရိဟာရ...ဩဘာသိတာ သောသဒိသော၊ခဇ္ဇော တောယံ ဝိရာဇတေ–ဟူသော စကား၏ အဖြေကား–



ကထံ တာဒိဂုဏာဘာဝေ၊ လောကံ တောသေတိ ဒုဇ္ဇနော။
ဩဘာသိတာသောသဒိသော၊ ခဇ္ဇောတောနာမ ကိမ္ဘဝေ။

ဟူ၍ လူယုတ်လူနပ်သည် သီလ သမာဓိ ပညာ ဂုဏ်မရှိသော် လူအပေါင်းကို အဘယ်မှာ နှစ်သက် စေနိုင်အံ့နည်း။ ပိုးစုန်းကြူးသည် အရပ်ဆယ်မျက်နှာကို အဘယ်မှာ ထွန်းလင်းစေနိုင်အံ့နည်းဟူ၍ ဖြေ။ အလုံးစုံသော အရပ်ဆယ်မျက်နှာကို ထွန်းလင်းတောက်ပစေနိုင်သော ပိုးစုန်းကြူးသည် တင့်တယ်၏ဟု ဆိုသောစကားသည် စကားမကုန်သေး၍သာ အဓဂ္ဂတ္ထဒေါသသင့်သည်၊ ယခုဖြေဆိုသည့်အတိုင်းမှ စကားကုန်သည်ဟု ရှေ့ဆိုသောစကားကို လှပအောင် သွတ်သွင်းပြင်ဆင် အကျယ်ပြောဆိုပြသ၍ ဖြေဆိုသည်။

"လောင်းမင်းတရားတူ၊ ဆင်ဖြူများသျှင်သွေး၊ မောင်တူလူယဉ်ကျေး၊ ဂေါတမမြေး"–ဟူသော စကား၌ မောင်တူမည်သော အညတြလူကို အလောင်းမင်းတရား၏တူတော်ဟူ၍၎င်း, ဆင်ဖြူများသျှင်၏ ရင်သွေးတော်ဟူ၍၎င်း, ဂေါတမဘုရားသခင်၏ မြေးတော် ဟူ၍၎င်း–ဖွဲ့ဆိုစီကုံး၍ ရယ်ဘွယ်ဖြစ်လိမ့်မည်ဟု ယုတ္တိမတန်သောအရာကို ပြဆိုပါသည်ဟု ရှေ့ဆိုသောစကားကို လှပကောင်းမွန်အောင် သွတ်သွင်း ပြင်ဆင် အကျယ် ပြောဆိုပြသ၍ ဖြေဆိုလျှင် အဓဂ္ဂတ္ထဒေါသမရောက်မသင့်။

(၃) ကိလိဋ္ဌဒေါသပရိဟာရ....တာယ သောယမာဂ်၂တေ ဝိယာ–ဟူသော ပါဠိ၌ ဝိယာပုဒ်သည် အသိခက်သည်ဟု အပြစ်မတင်ပါနှင့် ပဟေဠိဖြစ်အောင် ကြံစည်၍ ရေးသား စီကုံးသော ပါဠိဖြစ်ပါသည်ဟု ဖြေဆိုလျှင် အပြစ်မရှိ။

ပလိပ်စားဇေးချင်း၌ "သတ်နှင့်ဇက်ရဒ်၊ မယုတ်ရောက်ခါ၊ သတ္တရာဝယ်"ဟူ၍ဆိုသော စကားမှာ သတ်နှင့် ဇက်ရဒ်၊ မယုတ်ရောက်ခါ–ဟူ၍ ရကြီး–ယငယ် ခွဲထားပြ၍ တသတ်ကာရန် စပ်ဆိုခြင်းကြောင့် ဇက်ရဒ်ဟူသော စကားမှာ–ရကြီးလော, ယငယ်လော, ပသတ်လော, တသတ်လော–ဟုတွေးတောရန်မရှိပါ၊ ဒဒွေးသတ် လျက်ရေးသားသောကြောင့် ရဒြသဒ္ဒါပျက်မှန်းသိလိုလည်း သိသာပါသည်။ ရဒြသဒ္ဒါပျက်မှန်းသိလျှင် ဗေဒင်ကျမ်းတို့၌ ရဒြဟူသော သင်္ကေတသင်္ချာများကို သုံးစွဲလျက်ရှိသော သုတရှိသောသူတို့ သိနိုင်ပါသည်ဟူ၍ ဖြေဆိုလျှင် ကိလိဋ္ဌဒေါသမသင့်မရောက်။ ။မတတ်သိမ္ဗာ–မြင်နည်းစွာသား–စသော

ပါရမီခန်း၌ သုတ်နင့်ကြီးလျှင် ဟူသော စကားသည်လည်း စိန္တာမယ ဉာဏ်ဖြစ်စိမ့်သောငှာ သိပ်သည်းကျစ်လစ်သော စကား အနည်းငယ်မျှနှင့် အဓိပ္ပါယ်များများရသော ဝေါဟာရကို ထည့်သွင်း၍ ပညာရှိဆိုမြဲအတိုင်း စပ်ဆိုသည်ဟု ဖြေဆိုလျှင် ကိဋ္ဌဒေါသ မသင့်မရောက်။

(၄) ဝိရောဓိဒေါသ ပရိဟာရ....တောင်ထိပ်၌ ကြာပေါက်သည် ဆိုသည်ကား-တောင်ထိပ်၌ရှိသော ဧးမြသောစမ်းရေကျသော စမ်းချောင်းရေကန်တို့၌ကြာပေါက်သည်ဆိုလျှင်ဒေသဝိရောဓိပရိဟာရ။ ဒိပင်္ကရာ ဘုရားလက်ထက် ဂေါတမဘုရားလောင်းသုမေဓာရသေ့ ဗျာဒိတ်ခံသောအခါရေ၌ဖြစ်သောကြာပန်းစသော ပန်းတို့သည် ကြည်းကုန်း၌လည်း ပွင့်ကုန်သည်ဆိုလျှင် ဒေသဝိရောဓိ ပရိဟာရ။ အချိန်ကာလ-ဥတုတခုတည်း၌ ဥတုသုံးပါးအလျောက် သီးပွင့်သောသစ်ပင်တို့ သီးပွင့်သည် ဆိုလျှင် ကာလဝိရောဓိ ပရိဟာရ-ဖြစ်သည်။ ၎င်းဝိရောဓိနှစ်ပါး၏ အဖြေကိုရည်၍ ပါရမီခန်း၌-"ရွှေတွင်သောခါ၊ဘုရားလျာတို့၊ပဋ္ဌနာဆုံး၊ ထက်ဝယ်ချုံးလျက်၊ နှလုံးသာစည်၊ နေသော ရှည်၌၊ တမျည်နိမိတ်၊ ထင်သော ဟိတ်ကို၊ ဗျာဒိတ်ရခါ၊ ကိန်းမှတ်စွာ၏၊ အခါခပ်သိမ်း၊ မငြိမ်းဘူးမြဲ၊ နှစ်ကွဲးရတု၊ ပူချမ်းမှုလည်း၊ သာမုနုမော်၊ ခေါ်ကြားလာဘိ၊ အညီညှိသို့၊ မရှိဆန်းပြု၊ သာယာနှ၏၊ မြတ်ဆုတောင်းရာ၊ နာခံပါသို့၊ စကြာဝဠာခပင်း၊သောင်းတွင်းလောကဓာတ်၊ ထက်ဝန်းပတ်လည်း၊ အမှတ်မရ၊ ရပ်ဆန်းမျှလျှင်၊ နိစ္စအစွန်း၊ လိုလွန်းသောင်သဲ၊ မြည်ကုန်မြဲလျက်၊ ညံစဲထိတ်ထိတ်၊အသံဆိတ်၏၊ အတိတ်အားနည်း၊ မုန်တိုင်းသည်းလည်း၊ ယာဉ်းပည်းတွေဝေ၊ ကျွန်နှင့်တော်သို့၊ ထိုရော်အခါ၊ ချောင်းလျက်လာ၏၊ ဂင်္ဂါမကြွင်း၊ မြစ်ခပင်းလည်း၊ စီးခြင်းမရှိ၊ တုံဘိညာရေ၊ အကြေမသွား၊ တန့်၍နား၏၊ နုထွားနှင်နှင်၊ ပန်းသစ်ပင်လည်း၊ ရေပြင်မြေလုံး၊ မိုးဖုံးဝိတ်ကာ၊ဗျာဒိတ်ခါဝယ်၊ကြိုက်ပါသဖြင့်၊ ကြိုး၍ပွင့်၏၊ လှတင့်လှတယ်၊သစ်ပင်နွယ်လည်း၊ ကြီးငယ်မလွတ်၊ ပင်လုံးကျွတ်လျှင်၊ ခိုင်ပွတ်လက်ဆောင်၊ သစ်သီးတောင်သို့၊ ကုန်အောင်ထိုမျှ၊ သီးခွင့်ရ၏၊ အံ့ကြဘနန်း၊ ဤသို့ထွန်းသည်...ပွင့်ခန်းဆုတောင်း မခေါက်မရက်တည်း။

ဘုန်းကြီး ထမင်းစား၏၊ ရှင်ဘုရင် အိပ်၏၊ အရေးပိုင်မင်း ပွဲတော်တည်၏-စသည်ဖြင့် ပြောဆိုသောအရာမှာလည်း မြန်မာနိုင်ငံ မြန်မာတိုင်းစံ မြန်မာစကားကို နေရာတကျတတ်သော အရပ်ဒေသ၌ နေသောလူတို့



ပြောဆိုသည်မဟုတ်၊ နိုင်ငံခြားယောင်ယောင်၊ မြန်မာလူမျိုးနှင့် အခြားလူမျိုးတို့ စပ်ဟပ် ရောနှောသော ဒေသ၌ မြန်မာစကား လယ်လယ်မတတ်သူတို့ ပြောဆိုသောစကားပါဟုဆိုလျှင် ထိုသူတို့ဒေသနှင့် မဆန့်ကျင်သောကြောင့် ဒေသဝိရောဓိမဖြစ်။ ဆောင်းဥတု၌ မိုးကြီးသည်းထန်စွာ ရွာသည်၊ မိုးဥတုမှာ ဆီးနှင်းကျသည်ဆိုသည်မှာ ဥတုရာသီဖောက်ပြန်ခြင်းကြောင့် ဖြစ်သည်ဆိုလျှင် ကာလဝိရောဓိမဖြစ်။ ရှင်ပြု,နားထွင်း,မင်္ဂလာဆောင်ရာ၌ မျောက်မင်းအရုပ်တီးခြင်း, မသာချရာမှာ စည်တော်ရှမ်းသံတီးခြင်း-စသည်ဖြင့် တီးမျိုး-မှုတ်မျိုး အစဉ်အလာမဟုတ်ဖြစ်သည့်အရာမှာ ထေးဖာဆိုဝိတ်၍မရအောင် ဆန့်ကျင်သောကြောင့် ပရိဟာရမဖြစ်၊ ဝိရောဓိသာဖြစ်သည်။ ထိုမှတပါး ဒေါသအရာ၌ မြန်မာဘာသာဖြစ်သော ဉာယဝိရောဓိ, အာဂမဝိရောဓိ ဥဒါဟရဏ် များမှာလည်း ထေးဖာဆိုဝိတ်၍မရသောကြောင့် ပရိဟာရမဖြစ်၊ ဝိရောဓိသာဖြစ်သည်။

(၅) နေယျဒေါသ ပရိဟာရ....သဗ္ဗာဝိ ဝေလာဒိသာ ရောစန္တိ ရတ္တိယာ-ဟူသော ပါဠိ၌ အကြောင်းမရှိပဲ အရပ်ဆယ်မျက်နှာသည် ဖြူသောအရောင် မထွန်းလင်းနိုင်ရာဖြစ်၍ လရောင်ဖြင့် လိမ်းကျံခြင်းကိုရသောကြောင့်ဟူ၍ အကြောင်းပြလျှင် ပရိဟာရဖြစ်သည်။

ကြောင်နှင့် ညောင်ကို ထုံးစံ ဥပမာပြု၍ ကျင့်လေဟု-မှာထားသောစကားမှာ တိုင်ရေးပြည်မှုဖြစ်၍ ချိုဖက်သော စကားဖြင့် မှာထားသည်ဟုဆိုလျှင် ဒေါသလွတ်၍ ပရိဟာရဖြစ်သည်။

(၆) ဝိသေသနာပေက္ခ ဒေါသပရိဟာရ... တံသော ဘိယော ပဿတိ စက္ခုနာ-ဟူသော ပါဠိ၌ ဝိသေသနမထည့်ပဲ ဆိုသောကြောင့် ဝိသေသနာပေက္ခဒေါသသင့်သည်ကို ကောဝေါဒ္ဒလဟုတေနု အမျက်ကြောင့် ဖြူနီသောအဆင်းရှိသော မျက်စိဖြင့်ဟူ၍ ဝိသေသနပုဒ်ထည့်လျှင် ပရိဟာရဖြစ်သည်။

အခြောက်ဆံပေးလိုက်ပါဟု-အကြီးအငယ် အမျိုးအစား ဝိသေသနစကားမပါသော ပေးစာ၊ လောင်းတမ်းကစားရာမှာ-ဖမ်းဆီးရမိသော ကြိယာများကို ရှုံးရွေတွင် ဖျက်ဆီးရမည်ဟု သဝိညာဏက-အဝိညာဏက ဝိသေသနစကားမပါသောအရာများမှာ ထေးဖာဆိုဝိတ်၍မရသောကြောင့် ပရိဟာရမဖြစ်၊ ဒေါသသာဖြစ်သည်။

(၇) ဟီနတ္ထက ဒေါသပရိဟာရ....နိပ္ပဘီကတခဇ္ဇောတော၊ သမုဒေတိ ဒိဝါကရော-ဟူသောပါဠိ၌ မိုးစုန်းကြူး၏အရောင်ကို ပယ်ဖျောက်

နိုင်သောနေမင်းဆိုသောကြောင့် ဟီနတ္ထကဒေါသသင့်သည်ကို ပရိဟာရပြုသော် ပညာရှိသောသူသည် များစွာသော မကောင်းမှုကိုမဆိုနှင့်ဦး အနည်းငယ်သော မကောင်းမှုကိုသော်လည်း ဖျက်ဆီးရာသည်။အဘယ်ကဲ့သို့နည်းဟူမူ နေမင်းသည် ကြယ်ရောင်လရောင်ကို မဆိုနှင့်ဦး ပိုးစုန်းကြူးအရောင်ကိုသော်လည်း ဖျက်ဆီးရာသကဲ့သို့ ဟူလိုသည်ဟူ၍ စကားလှအောင် သွတ်သွင်းပြင်ဆင်၍ အကျယ်အားဖြင့်ဆိုလျှင် ပရိဟာရဖြစ်သည်၊ ဒေါသမသင့်။

"မိုးရေစပ်စပ်၊ ရွံ့ထပ်ထပ်နှင့်၊ ဘဒ္ဒကပ်ကမ္ဘာ၊ ပေါ်ဦးစွာက" ဆိုသောစကားမှာလည်း ကမ္ဘာဦးအခါ ကမ္ဘာပြုမိုးရွာ၍ လူ့ပြည်တိုင်အောင် ရေလျှောကျသောအခါ အပရာဇိတပလ္လင်တော်မြေသည် ရှေးဦးစွာပေါ်ပါသည်၊ ထိုမြေ၌ ပေါက်သောကြာပင်ကို သုဒ္ဓါဝါသဗြဟ္မာတို့ ကြည့်ရှု၍ နိမိတ်ဖတ်ပြီးလျှင် ဘဒ္ဒကပ္ပဟူ၍ အမည်ပညတ်ပါသည်။ ထိုအခါ လူ့ပြည်အလုံးစုံ မြေမပေါ်သေး အနည်းငယ်သာ ပေါ်ပါသေးသည်၊ သို့ဖြစ်၍ ပက်ဇပုဒ်နှင့် လျော်စွာ ကမ္ဘာ့တန်းဆာကြာပင် ပေါက်ရာ ဌာနကိုစွဲ၍ မိုးရေစပ်စပ်၊ရွံ့ထပ်ထပ်နှင့်၊ဘဒ္ဒကပ်ကမ္ဘာ၊ပေါ်ဦးစွာက-ဟူ၍ စပ်ဆိုပါသည်ဟုဆိုလျှင် ဟီနတ္ထကဒေါသမသင့် ပရိဟာရဖြစ်သည်။

(၈) အနတ္ထကဒေါသပရိဟာရ....ဟိဝန္ဒေဝုဒ္ဓဿ ပါဒပင်္ကေ ရုဟံ ဝိစ ဟူ၍-ဟိအစရှိသော အနက် အထူးမရှိသော ပုဒ်တို့ကို မပါအောင်ဖွဲ့စီလျှင် ဒေါသမသင့်။ ဆုတောင်းခန်းတွင်-"မင်းနှင့်ပုဏ္ဏား သူကြွယ်အားလျှင်၊ ဖိုးများဥစ္စာ၊ ထူပြော စွာသား၊ မဟာ သာလ၊ တွင်ထ အမည်၊ သုံးပါးတည်၍၊ အစည် အပင်၊ ထိုပြည် တွင်၌၊ ဘိုးစင် ဘောင်ဆက်၊ ဘေးလက်ထက်က၊ အနှက်ဆည်းပူး"-ဟူသော လင်္ကာ၌ ဘိုးနှင့်ဘေးစပ်ကြား၊ ဘောင်ဟူ၍ မရှိခြင်းကြောင့် ဘောင်သဒ္ဒါသည် အနတ္ထကဒေါသသင့်သည်ဟု မဆိုအပ်။ စတုဓမ္မသာရလင်္ကာ၌-"လိမ်မောင့်လိမ္မာ၊ မောင့်ခြင်းရာကို၊စာနာချေသော်၊ထိန်နှင့်လျော်၍"-ဆိုသော စကားမှာ လိမ္မာဆိုလျှင် ပြီးစီးလျက် လိမ်မောင့်ထည့်သကဲ့သို့ ဝစနာလင်္ကာရ ဖြစ်အောင် ဘိုးစင် ဘောင်ဆက်-ဘေးလက်ထက်က ဟူ၍ စပ်ဆိုသည်ဟု ဆိုလျှင် ဒေါသမသင့် ပရိဟာရဖြစ်သည်။

ပဒဒေါသရှစ်ပါး ပရိဟာရပြီး၏။

---



## ၂-"ဝါကျပရိဟာရကိုးပါး"ကို တပါးတပါးစီ အကျယ်ဖော်ပြ၍ ပရိဟာရဖြစ်ပုံ ဥဒါဟရုဏ်ပြယုဂ်များနှင့်တကွ ပြဆိုချက်

(၁) ကေတ္ထဒေါသ ပရိဟာရ....အာဘာတိ ဝါရိဒေါ ဝါရိဒေါယံ-ဟူသော ပါဠိကဲ့သို့ ဝိသေသဖြစ်သောသဒ္ဒါအနက်နှစ်ပါးတူသော ပုဒ်နှစ်ခုကိုထပ်၍ မဆိုလျှင် ကေတ္ထဒေါသလွတ်သည်။ကြောက်ခြင်း၊အမျက်ထွက်ခြင်း၊ ခြိမ်းမွမ်းခြင်း၊ အဆောတလျင်ဖြစ်ခြင်း၊ အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်း၊ အံ့ဩခြင်း၊ ရယ်ရွှင်ခြင်း၊ စိုးရိမ် ကြောင့်ကြခြင်း၊ ကြည်ညိုခြင်းအရာများ၌ နှစ်ကြိမ် သုံးကြိမ် ဆိုခြင်းဟူသော အာမေဍိတ်ဝိစ္ဆာများ၌ ကေတ္ထ ဒေါသမရောက်။

(၂) ဘဂ္ဂရီတိဒေါသပရိဟာရ....ယောကောစိရူပါတိသယော၊ ကန္တိကာဝိ မနောဟရာ၊ ဝိလာသာ တိသယော ကောဝိ၊ အဟောဗုဒ္ဓေါ မဟော ဒယော... ဟူ၍ သဗ္ဗနာမ်ပုဒ် အစဉ်မပျက်ဖွဲ့ဆိုလျှင် ဘဂ္ဂရီတိဒေါသလွတ်သည်။

မြန်မာဘာသာ မှာလည်း စီကုံးရေးသားမြဲ ထုံးစံဥပဒေ ကာရန်သတ်ပုံ ညီညွတ်မှန်ကန်လျှင် ဘဂ္ဂရီတိဒေါသလွတ်သည်။

(၃) ဗျာကိဏ္ဏဒေါသပရိဟာရ....စပ်သင့်သောပုဒ်ချင်း နီးနီးထား၍ ဂါထာဗန္ဓဖွဲ့ဆိုစီကုံးလျှင် ဗျာကိဏ္ဏဒေါသလွတ်သည်။

ဘုရားတရား, ပြဒါးသဏ္ဍာ, ဤလေးဖြာကို-ဆိုသော စကားကဲ့သို့ မစီမကုံးပဲ ဗုဒ္ဓ,ဓမ္မ၊ သံဃာ-သုံးပါး၊ ပြဒါးရတနာ၊ ဤလေးဖြာကို-ဟူ၍ ဖိဖိစိတ်၌ ပြဒါးကို ရတနာကဲ့သို့ မှတ်ထင်သောကြောင့် စပ်ဆို စီကုံးလျှင် ဗျာကိဏ္ဏဒေါသမသင့်မရောက်-ပရိဟာရ ဖြစ်သည်။ သို့သော်လည်း ပြဒါးကိုရတနာသုံးပါးကဲ့သို့ထင်မှတ်လျှင် မိစ္ဆာဉာဏ်ဖြစ်သောကြောင့် အာဂမဝိရောဓိဒေါသရောက်လိမ့်မည်။

(၄) ဂမ္မဒေါသပရိဟာရ....ကညေ ကာမယမာနံ မံ၊ န ကာမယသိ ကိံ နု ဒွိ-ဟူသောစကားကဲ့သို့ မယဉ်ကျေးသော စကားမပါအောင် ဖွဲ့ဆိုလျှင် ဂမ္မဒေါသလွတ်၍ ပရိဟာရဖြစ်သည်။

တောင်ငူဆိုင်၌-"ဝါသည့်ရွက်လည်း၊ပင့်ထက်မထား (တား?)လေသို့ ယား၍၊ ထွားထွား မကျန့်၊ သန္တာကွန့်သို့၊ မြည့်နှံ့ရစ်ခွေ၊ နှင်းခဲ့ပေ၍၊ ရွှေရွှေဖော်စံ၊ ခေါ်သံရင့်ရှ၊ အတူတွန်ပြည်း၊ စုလည်းစုလျက်၊ ကျေး

ငှက်လည်းခွေး စုံစုံနေရှင့်၊ နန်းမြေအောင်ချာ၊ လှနတ်မှာမူ၊ ဖျာပါ မြေဘွယ်၊ ရွှင်မချယ်တည့်၊ ညှိုးငယ်မဲ့ရုပ်၊ တံ့အောင်ချုပ်လည်း၊ မှိုင်း အုပ်တွေတွေ၊ တိမ်သို့ဝေမျှ၊ ဖျော်ဖြေမစ၊ ယုယ ဆည်တား၊ သူနှင့်ခြား သည်....ပျော်ပါးမေ့ကျန်ပေလိမ့်မည်။ ။ဤလင်္ကာသည် ရှင်းပြသော စကားမပါ ယဉ်ကျေးသောကြောင့် ဂမ္ဘဒေါသလွတ်သည်။

ဒေါသအရာတွင် ထုတ်ဆောင်ခဲ့သည့် အဌလက် ဟောကိန်းမှာ ယဉ်ကျေးသော စကားဖြစ်အောင် ပြင်ဆင်ထေးဖာ၍ မရသောကြောင့် ပရိဟာရမဖြစ်-ဂမ္ဘဒေါသဖြစ်သည်။

(၅) **ယတိဟီနဒေါသပရိဟာရ**... တံ နမေ သိရသာစာမိ၊ ကရဝဏ္ဏံ တထာဂတံ၊ သကလာဝိ ဒိသာ သံဃံ၊ တိဝ သောဏ္ဏရသေဟိယော-ဟူသောဂါထာ၌ ပုဒ္ဒစုသည် ယတိဟီနဒေါသ၏ အဖြေဖြစ်သည်ဖြစ်၍ အထူး ပြဆိုရန်မရှိပြီ။

(၆) **ကမစ္စုတဒေါသပရိဟာရ**....ခေတ္တံဝါ ဒေဟိ ဂါမံဝါ၊ဒေသံဝါ မမသောဘဏံ... ဟူသော ပါဠိကို "ဒေသံဝါ ဒေဟိ ဂါမံဝါ၊ ခေတ္တံ ဝါ မမသောဘဏံ"-ဟူ၍ ပြင်ဆင်လျှင် ပရိဟာရဖြစ်သည် ဒေါသ မသင့်။ ။သောဘဏံ-လှပတင့်တယ်သော၊ ဒေသံဝါ-တိုက်,တိုင်(နိုင်ငံဟုဖတ်)ကို မူလည်း၊ မမ-အကျွန်ုပ်အား၊ ဒေဟိ-ပေးတော်မူပါ၊ ဂါမံဝါ-ရွာကိုမူလည်း၊ ဒေဟိ-ပေးတော်မူပါ၊ ခေတ္တံဝါ-လယ်ကိုမူလည်း၊ ဒေဟိ-ပေးတော်မူပါ။

နိုင်ငံအတွင်းအရံမြို့ရွာကိုရင်း, ရွာငယ်အများစုသော ရွာကြီးကိုရင်း, ပါဠိဘာသာ-ဒေသ, မြန်မာဘာသာ-တိုက်,တိုင်ဟူ၍ ရင်း, တိုင်-ဟူ၍ ရင်း ခေါ်သည်။တုရင်တိုင် ဆိုသကဲ့သို့ မှတ်ရမည်။ ဒေသသဒ္ဒါကို စွဲ၍ ....."ဥသျှောင်လည်ဆစ်၊ ရင်၌နစ်သား"ဟူသောလင်္ကာ၌ စောက်ထိုးသွားသကဲ့သို့ ရှိနေ၍ ဒေါသသင့်သည်ကို "ရင်လည်ဦးရစ်၊ တိုင်အောင်နစ်သား"ဟူ၍ ဆိုလျှင် ဒေါသလွတ်၍ ပရိဟာရ ဖြစ်သည်။

(၇) **အတိဝုတ္တဒေါသပရိဟာရ**-အတိသမ္ဘာဓ မာကာသ၊ မေတိသာ ထနဇမ္ဘနေ....ဟူသော ပါဠိကို "အတိသမ္ဘောဓမာကာသံ၊ ကိမိသာ ထနဇမ္ဘနေ"ဟူ၍ပြင်လျှင် ပရိဟာရဖြစ်သည်။ ဤမိသာ-ဤအပျိုငယ်၏ သော မိန်းမ၏၊ ထနဇမ္ဘနေ-သားမြတ်ကို ဖြန့်သည်ရှိသော်၊အာကာသံ-



ကောင်းကင်သည်၊ ကိံ အတိသမ္ဘာဓံ-အဘယ်မှာ ကျဉ်းနိုင်လိမ့်မည်နည်း၊ အသမ္ဘာဓံဧဝ-မကျဉ်းသည်သာလျှင်တည်း။

ယိုးဒယားနိုင်မော်ကွန်း၌ တကမ္ဘာလျှင်အစရှိသော စကားမှာ ထေးဖာဆိုပိတ်၍ မရသောကြောင့် ပရိဟာရမဖြစ်၊ ဒေါသသာ ဖြစ်သည်။ စာပေစီကုံးရာ၌ ယုတ္တိမတန် အလွန်အပြော အဝါကြီးသော စကား မပါလျှင် အတိဝုတ္တ ဒေါသလွတ်သည်။

(၈) **အပေတတ္ထ ဒေါသပရိဟာရ**....ဂါဝိပုတ္တော ဗလိဗဒ္ဒေါ၊ တိဏံ ခါဒ 88 ဇလံ....ဟူသော စကားသည် လူကြီးလူကောင်းတို့ စကား မဟုတ်ပါ၊ စိတ်ဖောက်ပြန်သူ-သူငယ်-သူရူးတို့၏ စကား ဖြစ်ပါသည် ဆိုလျှင် အပေတတ္ထဒေါသလွတ်သည်။ ပညာရှိ လူကြီးလူကောင်းတို့၏ စကားများကိုသာ အပေတတ္ထဒေါသ ကင်း-မကင်းကို စိစစ်အပ်သည်။ ယခုအခါလည်း တောင်ရောက် မြောက်ရောက်, ကတောက် ကတက် ပြောဆိုသော စကားများကို အရူးစကား သူငယ်စကားဆိုလျှင် အရေး မယူ-လျစ်လျူရှုကြသည်။

ဇာတ်ဝတ္ထုစရိယမည်သော အဋ္ဌကထာ၌ဆိုသော ဒေါသအရာတွင် ပြခဲ့သော ဝိသေသ ဝိသိဋ္ဌအစရှိသော စကားများသည် လောက၌ အမျိုးသားတို့ သုံးစွဲလေ့လာကြသော ဝိဋ္ဌကတ်ဗေဒင် ကျမ်းဂန်စသည်တို့၏ အဓိပ္ပါယတ္ထများကို ရေးသားထားသော စာမဟုတ်၊ ကြေးနီခဲမတို့ကို ငွေဖြစ်အောင်, ငွေကို ရွှေဖြစ်အောင် ကြံစည်လုပ်ဆောင်သော အဋ္ဌရတ်သမားတို့ ရေးသားထားသော စာပါဟုပြောဆိုလျှင် အပေတတ္ထ ဒေါသလွတ်သည်။ ဝိဋ္ဌကတ် ဗေဒင် ကျမ်းဂန် စသည်တို့၏ အဓိပ္ပါယ်များကို ရေးသားသော စာပေများ၌သာ အပေတတ္ထဒေါသလွတ်မလွတ်ကို စိစစ်အပ်သည်။

(၉) **သဗန္ဓဖရုသ ဒေါသ ပရိဟာရ**....ခရာခိလာ ပရိက္ခီဏာ-စသော ခ-ခွေးအက္ခရာများသော ပါဠိကို ပြင်ဆင်၍ မဖြေနိုင်ပြီ။ ထိုကဲ့သို့သော အက္ခရာများမပါအောင် ဖွဲ့ဆိုမှ ဒေါသလွတ်မည်။ ခါးအထက်ကို, နယရာသီ ဆေးလက်ာ၌-"ခွေးရူးပြန်မူ၊ ကုရန်မခက်၊ ချက်နှင့်တိုင်းကာ၊ အောက်ပင့်ခွါလျက်"....ဆိုသော စကားကဲ့သို့ ခ-ခွေးအက္ခရာ များများမပါလျှင် ဒေါသလွတ်သည်။

ဝါကျဒေါသ ပရိဟာရကိုးပါး ပြီးပြီ။

## ၃-ဝါကျတ္ထပရိဟာရ ခြောက်ပါးကို တပါးတပါးစီ အကျယ်ဖော်ပြ၍ ပရိဟာရဖြစ်ပုံ ဥဒါဟရဏ်ပြယုဂ်များနှင့်တကွ ပြဆိုချက်

(၁) အပက္ကမ ဒေါသ ပရိဟာရ....ဘာဝနာ ဒါနသီလာနိ၊ သမ္ဗာသမ္ဗာဒိတာနိဟ၊ ဘောဂသဂ္ဂါဒိ နိဗ္ဗာန၊သာဓနာနိန သံသယော...ဟူသော ပါဠိအစဉ်ပျက်၍ အပက္ကမဒေါသ သင့်သည်ကို... "ဘာဝနာ ဒါန သီလာနိ၊ သမ္ဗာသမ္ဗာဒိတာနိဟ။ နိဗ္ဗာနဘောဂသဂ္ဂါဒိ၊သာဓနာနိ နသံသယော"ဟူ၍ ဘာဝနာနှင့်-နိဗ္ဗာန်, ဒါနနှင့်-ဘောဂ, သီလနှင့် သဂ္ဂ-အကြောင်းအကျိုးသင့်အောင် ပြင်ဆင်လျှင် ပရိဟာရဖြစ်သည်။

"နောက်ကျွန်းဥတ္တြင်၊ ရှေ့ခွင်ရပ်မှာ၊ ခုနစ်ရာဆောင်၊ ငါးရာဆောင်တည့်"ဟူသော လင်္ကာ-ယထာက္ကမနည်း နေရာမကျ၍ အပက္ကမဒေါသသင့်သည်ကို "ရှေ့ကျွန်းဂေါယာ၊ ဥတ္တရာတို့၊ ခုနစ်ရာဆောင်၊ ငါးရာဆောင်တည့်"ဟူ၍ ပြင်ဆင်လျှင် အရှေ့ကျွန်းမှာ အသက်တမ်း ၇၀၀၊ အနောက်ကျွန်းမှာ အသက်တမ်း-၅၀၀၊ မြောက်ကျွန်းမှာ အသက်တမ်း ၁၀၀၀-အစဉ်အတိုင်းဟပ်မိသောကြောင့် ယထာက္ကမနည်းဖြစ်၍ ပရိဟာရဖြစ်သည်။ ဒေါသမရောက်။

(၂) ဩစိတျဟီနဒေါသ ပရိဟာရ....မိမိဂုဏ်ကို မိမိ ပလ္လွားပြောဆိုခြင်းသည် လောက၌ ဝါကြွားဝင့်ဝိုင့်သောသူဟု ဩစိတျ ဟီနရောက်လူရှိသေ၍ အမှုပြီးသည်။ ဂုဏ်ပြသင့်သည့် အခါ၌ ဂုဏ်သတ္တိပြမှ မရှိသေ၍ အမှုမပြီး၊ ဤသို့သောအရာများ၌ မိမိဂုဏ်ကို မိမိပင် ဟုတ်မှန်သည့်အတိုင်း ပြသော်လည်း ဩစိတျဟီနဒေါသရောက်သည်ဟု မဆိုသင့်။

စတုဓမ္မသာရလင်္ကာ၌-"ပညာမုန်ယို၊ အရွယ်ပျိုက၊ မဆိုစလောက်၊ မာန်စောင်မြောက်၍၊ နှုတ်ပေါက်လွန်မိ၊ ဒေါသငြိလည်း၊ နောင်ဖြီးလျော့၊ ငါကန်တော့၏"-ဟူသော စကား၌ ရှေးအခါက မှားယွင်းမိသည်ကို ဆိုသောစကားဖြစ်၍ အပြစ်မရှိ။ ငါနှင့်ငါသာ နှုင်းစရာမသင့် ပရိဟာရဖြစ်သည်။ သို့ဖြစ်၍ ဩစိတျဟီနဒေါသ



"ဝိဝဋ္ဋဇ္ဈာယ၊ ကပ်အစဉ်၊ ပါပဗာဟိ" အစရှိသောစကားမှာ ဩစိတျဟီန ဒေါသလွတ်အောင် ဆိုဝိတ် ဖြေဆိုခြင်းကို မပြုနိုင် သောကြောင့် ပရိဟာရမဖြစ် ဒေါသသာဖြစ်သည်။

(၃) ဘဂ္ဂရီတိဒေါသပရိဟာရ....ဇုတ္တိနံ ဒုဇ္ဇနာနဥ္စ၊ ဝိသာသောနောပပဇ္ဇတေ။ ဝိသေသိဂိမ္ဟိနဒိယံ၊ ရောဂေရာဇကုသလမ္ဟိစ-ဟူသော ဂါထာ ဝိဘတ်အစဉ် ကျိုးပဲ့ပျက်စီး၍ ဒေါသသင့်သည်ကို-"သုဇနဉာန မိတ္တိနံ၊ ဝိသာသောနောပပဇ္ဇတေ။ ဝိသဿသိဂိနော ရောဂ၊နဒီရာဇကုလဿစ" ဟူ၍ ဝိဘတ်အစဉ်ညီအောင် ပြင်ဆင်လျှင် ဘဂ္ဂရီတိဒေါသမရောက် ပရိဟာရဖြစ်သည်၊ မြန်မာဘာသာမှာဒေါသအရာ၌ဆိုခဲ့ပြီးသည့်အတိုင်း ဒေါသလွတ်အောင်ဖွဲ့ဆိုပုံကို သိသင့်သိအပ်သည်။

(၄) သသံသယ ဒေါသပရိဟာရ....ဂေါပဒဿန ဝိကိတော-ဟူသော ဝါကျ၌ ဂေါသဒ္ဒါသည် နွားကိုလည်းဟောသောကြောင့် ယုံမှားဘွယ်ရှိ၍ သသံသယဒေါသသင့်သည်ကို ဂေါပဒဿန ဝိကိတောကို "ရံသိဒဿနဝိကိတော"-ဟူ၍ ဂေါသဒ္ဒါအစားရံသီသဒ္ဒါထည့်၍,သော်ငှင်း, ဂေါဝါစာဟူ၍ ပရိယာယ်တူဝိသေသန, မ-သကဲ့သို့ ဂေါဘာဒဿန ဝိကိတော ဟူ၍,ငှင်း ပြင်ဆင်လျှင် ပရိဟာရဖြစ်သည် ဒေါသမရောက်။

မြန်မာဘာသာ၌လည်း အဓိပ္ပါယ်အမျိုးမျိုး ယူရန်ရှိသော ဘာသာဝေါဟာရများကို ထည့်သွင်းဖွဲ့ဆိုမိလျှင် ဝိသေသဝေါဟာရနှင့် စပ်၍ သော်ငှင်း, ထင်ရှားသောဝေါဟာရကို ပြင်ဆင်ထည့်သွင်း၍ သော်ငှင်း ဖွဲ့ဆိုလျှင် ပရိဟာရဖြစ်သည် ဒေါသမရောက်၊ လျှို့ဝှက်၍ ဆိုလျှင်လည်း ဒေါသမရောက်။

(၅) ဂမ္မဒေါသ ပရိဟာရ... သုဘဂါ ဘဂိနျဿာယ၊ မေတသိဌေဝမာဒိကံ-နဂမ္မမိတိ နိဒ္ဒိဋ္ဌံ၊ ကာဝိဟိ သကလေဟိဝိ.... တေသာ-ဤသူ၏၊ အယံ ဘဂိနီ- ဤ နှမသည်၊ သုဘဂါ-ကောင်းသော ဘုန်းကံ ရှိသည်။ အသာ-ဖြစ်၏၊ ဇာဧွဝမာဒိကံ-ဤသို့အစရှိသော ပုဒ်ပါသော ဝါကျကို၊ ဂမ္မိရုတ်-ဂမ္မဒေါသ သင့်သောဝါကျအနက်ဟူ၍၊ သကလေဟိဝိ-ကဝိဟိ-ကဗျာတတ်သိပညာရှိအလုံးစုံတို့သည်လည်း၊နနိဒ္ဒိဋ္ဌံ၊မညွှန်ပြအပ်-ဘဂသဒ္ဒါ ဘုန်းကံဟော ယူသော်ငှင်း, ဖင်ဟောယူသော်ငှင်း အနက်နှစ်ခက်ပင် စကားမရိုင်း၊ ကောင်းသောပေါင်ရှိသော ကောင်းသောခါးရှိသော မိန်းမဆိုသကဲ့သို့ ကောင်းသော ဖင်ရှိသောမိန်းမဟု ခြီးမွမ်း

သော်လည်း စကားရိုင်း မဆိုသင့်၊ သုဘသဒ္ဒါ-တင့်တယ်ခြင်း ဟော၊ ဂသဒ္ဒါ-သွားခြင်းဟောယူသော်လည်း စကားမရိုင်း၊ ထို့ကြောင့် အနက်နှစ်မျိုး သုံးမျိုးတို့သည် ယဉ်ယဉ်ကျေးကျေးရှိသော ပုဒ်ပါသော စကားအနက် အဓိပ္ပါယ်ကိုလည်း ဂမ္ဘဒေါသ သင့်သည်ဟု ကဗျာတတ်သိ ကဝိသူမြတ်တို့ မဆိုကြကုန်ဟူလို။

သာမုဒြိကလက္ခဏာကျမ်း လက်ာ၌–"ဇုတ္တိဘာဂ၊ နိသမဖြင့်၊ လွန်စွရှည်မြို၊ ခြောက်သွေ့စို့မူ၊ သတ္တိသမိး၊ ဘုန်းမကြီးတည့်၊ ကိုယ်ထီးအိမ်ဝယ်၊ သိမ်ဖျင်းငယ်လိမ့်"–ဟူ၍ စပ်ဆိုရာ၌ ဘဂသဒ္ဒါသည်-မိန်းမအင်္ဂါဇာတ်ဟော ဖြစ်သော်လည်း ဂမ္ဘဒေါသ မသင့်။

ဝင်းလက်ာ၌– "အစုံသားမြတ်၊ ညီညွတ်လုံးပု၊ ပျို့ပျို့နုသား၊ ဥရုအလျဉ်း၊ ပုံတံမျဉ်းဖြင့်၊ ခါးစဉ်းတင်ကျယ်၊ လျှငယ်ဝမ်းပြင်၊ လက်တွင်အရေး၊ ကိုမွေးညှံ့နူး၊ ညောင်ဖူးရွက်ခန့်၊ နိမိတ်ပြန့်နှင့်၊ ဆန့်သော်သုံးတောင်၊ ဆံရောင်နက်ကျော၊ မောမောမြင့်မောက်၊ ကျောက်နဖူးရင်၊ အပြင်သုံးပါး၊ ထိုပြီးအားလည်း၊ စွန်းနားမထွက်၊ တိတိစက်သား၊ ချိုဂုဏ်ရာဘွယ်၊ မစွယ်ရုရု၊ မဟုလေပြစ်၊ ပြေကျစ်လစ်သော်၊ ဒေဝစ္ဆရာမိုးသူ–မလို၊ သိကြလက်ငင်း၊ တင့်တယ်တင်သို့၊ ဂုဏ်မင်္ဂလာ၊ ကြီးမြတ်စွာလိမ့်၊ အပြာအပြောင်၊ မျက်စိကြောင်နှင့်၊ ပါးစောင် ကွင်းဖောက်တွင်းသို့ဟောက်မူ၊ သယောက်တပါး၊ ယောက်ျားတို့နှင့်၊ မတော်ကျင့်အံ့၊ နိမ့်မြင့်ထက်အောက်၊ ထွာလောက်တောင်တို၊ ဖရိုဖရဲ၊ မွဲးသည့်ကေသာ၊ ကျယ်စွာမျက်စိ၊ နှာသိး အလား၊ ကောက်ကောက်ကြားလျက်၊ သွားလည်းကြီးကြမ်း၊ နှုတ်ခမ်းလျှာအာ၊ မည်းပြာနက်ညို၊ ကိုယ်လည်းဝိန်ရှုတ်၊ မျက်မှောင်ကြုတ်နှင့်၊ ပုတ်သို့တမျှ၊ ပျပ်ပျပ်ကွလျက်၊ ရှည်လှမြင့်စင်၊ အိမ်ထန်းပင်ကို၊ လူတွင်လက္ခဏာ၊ ကြဉ်အပ်စွာဟု၊ သဒ္ဒါနည်း၊ ဂါထာစည်းသည့်....ဤလည်း အာဂတိ ဆန်းတည်း"ဟူ၍ စပ်ဆိုသည်မှာ ဒေါသမရောက် သိမ်မွေ့ကျစ်လစ် ယဉ်ကျေး သောကြောင့် သုခမာလတာဂုဏ်ရောက်သည်။

(၆) ဒုဋ္ဌာလင်္ကာရ ဒေါသ ပရိဟာရ.... ဒေါသအရာ၌ ပြဆိုခဲ့သော ဥပမာ အလင်္ကာရစသည်တို့ကို ဖျက်ဆီးတတ်သော အရာများကို ကင်းလွတ်အောင် စီကုံးရေးသားလျှင် ဒုဋ္ဌာလင်္ကာရ ဒေါသလွတ်၍ ပရိ



ဟာရဖြစ်သည်။ ဥဒါဟရဏ် အထူးထုတ်ပြရန် မရှိပြီ။ ဒုဋ္ဌာလင်္ကာရ ဒေါသကင်းလွတ်၍ ကောင်းမွန်လှစွာ စီကုံးပုံများကို အလင်္ကာကျမ်းစတုတ္ထပိုင်း၌ ကြည့်ရှုမှတ်သားအပ်သည်။

ဝါကျဒ္ဓပရိဟာရ ခြောက်ပါး ပြီးပြီ။

---

## ၄–ကဗျာလင်္ကာများမှာ မည်ကဲ့သို့ စပ်ဆိုလျှင် မည်သည့်ဂုဏ်မြောက်သည် ဟူသော ဂုဏ်ဆယ်ပါးရှိသည်များကို တပါးတပါးစီ–အကျယ်ဖော်ပြ၍ ဂုဏ်မြောက်ပုံ-ဥဒါဟရဏ် ပြယုဂ်များနှင့်တကွ ပြဆိုချက်

(၁) ပသာဒဂုဏ်....အဓိပ္ပါယ်စပ်၍ ယူရမည်ဖြစ်သောပုဒ်တို့ကို နီးနီး ထားခြင်းဖြင့် တင့်တယ်၏။ ထင်ရှားစွာ သိသောအနက်၏ ဤပုဒ်အစဉ်သည် ဖွဲ့နွဲ့စီကုံးအပ်သော အဖွဲ့၏ ကြည်ညိုဘွယ် ဖြစ်သောကြောင့် ပသာဒ ဂုဏ်မည်၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ဟူသော ပါဠိ, သမ္မာသမ္ဗုဒ္ဓမတုလံ–စသော သဂြိုဟ် ပဏာမ ဂါထာများသည် ပသာဒဂုဏ်ရှိသော ပါဠိဂါထာများဖြစ်သည်။

ပါရမီခန်း လင်္ကာ၌–"ပရိက္ခရာ၊ ဥစ္စာအိမ်ထောင်၊ ကုန်အောင်ခြွေရွေ၊ စွန့်ခဲ့ပေ၍၊ တည်နေလူ့ရပ်၊ တောသို့ကပ်လည်း၊ အလပ်လည်းကောင်း၊ သိကြားကျောင်းကို၊ မညောင်းမညာ၊ အပြစ်ရှာ၍၊ ပစ်ခွါခဲ့မြောက်၊ သစ်ပင်အောက်ဝယ်၊ တယောက်ထီးတည်း၊ ခံသည်းညည်းလျက်၊ အရည်းဘာသာ၊ တတ်ရာမရှိ၊ ကြိုက်မိသရွေ၊ ရှစ်ရက်နေ့စင်၊ မစေ့ခင်၌၊ ကျင့်လျှင်ဖြောင့်ကြည်၊ အမည်ရှစ်ပါး၊ ဈာန်တရားနှင့်၊ ပျံသွားမြေလျှိုး၊ သိညာဉ်မျိုးကို၊ လမ်းရိုးပေါင်းတွင်၊ ဆင့်ကာထွင်သို့၊ သုတ်သင်ကာမျှ၊ လွယ်ကာရ၏၊ ပွင့်စငါးတန်၊ ရသေ့ဈာန်ကို၊ မကျန်ကျင့်ညီ၊ ဝသီအစဉ်၊ ငါးပါးယှဉ်သော်၊ ဝလဋ္ဌန်၊ အဝါးစ၍၊ မြေမှဖဝါး၊ မသွားနင်းသီး၊ ဈာန်ယဉ်စီးလျက်၊ မှုကြီးငါစင်၊ ဗောဓိသွင်၌၊ သိမြင်ဥယျ၊ စသည်ငါးခု၊ စတုသစ္စာ၊ ပွင့်ကာမပြတ်၊ ဟောခြွတ်လည်း၊ ရှိဝတ်ဆောက်တည်၊ မရည်ရှိမြို၊ အလိုလိုလျှင်၊ ဤသို့သွမ်းစား၊ ရှာဝင်သွားစဉ်....ငါ့အားဖူးတုံ ချက်တွေ့တည်း" ဟူသော

လင်္ကာသည် စပ်သင့်သော ပုဒ်ချင်းနီးနီး သိလွယ်သော အနက်ရှိသော ကြောင့် ပသာဒဂုဏ်ရှိသော အဖွဲ့ဟူ၍ မှတ်ရမည်။

(၂) သြဇဂုဏ်....များသောသမာသ် ရှိခြင်း, အကျဉ်းကို အကျယ်, အကျယ်ကိုအကျဉ်း, ချဲ့ခြင်း ချုံ့ခြင်းရှိသော ပုဒ်အနက်ရှိသော အဖွဲ့သည် သြဇဂုဏ်မည်သည်။

မုနိန္ဒမန္ဒသဥ္စာတ၊ ဟာသစန္ဒနလိမ္ပိတာ။
ပလ္လဝါဓဝလာတသော၊ ဝေကောနာဓရပလ္လဝေါ။

ဟူသော ဂါထာသည် သမာသ်များသောကြောင့် သြဇဂုဏ်ရှိသည်။ လောကဝိဒူ မော်ကွန်း၌- "သံဝိအစ၊ ဝဋ္ဋလေးလီ၊ ဌာယီနှစ်ပါး၊ ပျက်ပွားတည်မှု၊ ကမ္ဘာပြုကို၊ အနုသန္ဓေ၊ ရှန်းရှန်းဝေစိမ့်" ဟူသော အဖွဲ့သည် သံဝဋ္ဋ-ဝိဝဋ္ဋ, သံဝဋ္ဋဌာယီ-ဝိဝဋ္ဋဌာယီကို သမာသ်ကဲ့သို့ အက္ခရာကို ချုံ့၍ ဆိုသောကြောင့် သြဇဂုဏ်မြောက်သည်။

သီလေပတိဋ္ဌာယနရော သပညော၊ စိတ္တံပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။

ဟူသော ပါဠိတော်သည် မဂ်ဖိုလ်ရကြောင်း-သီလရှိသမျှ ကမ္မဋ္ဌာန်း လေးဆယ်, ဝိပဿနာ သုံးပါးတို့ကို အကုန်ချုံး၍ အကျဉ်းပြသော ကြောင့် အနက်အားဖြင့် သြဇဂုဏ်ရောက်သော ပါဠိတော်ဖြစ်သည်။

လောကဝိဒူ မော်ကွန်း၌- "စကြဝဠာ၊ ကမ္ဘာရေမြေ၊ သိန်းကုဋေတိ၊ တည်နေတိုက်ဝန်း၊ ပေါ်ဖြိုင်ထွန်းသား၊ ကျွန်းနှင့်နေလ၊ မြေမှဖြာ၊ ကြာကိုယူဆွတ်၊ ဘုံထွတ်ဗဟို၊ မြင်းမိုရ်ခုနစ်ရစ်၊ မြစ်နှင့်တောင်ထပ်၊ ချပ်ကာချပ်ကာ၊ နတ်သုရာက၊ သမုဒ္ဒရာပတ်ရံ၊ ထက်ဝန်းခြံ၍၊ ကြယ်ပျံ့ဖြိုးစဉ်၊ ဘုံယဉ်ညီးညီး၊ ခရီးဝိထိ၊ ဒက္ခိဏာဌာရာ၊ ဗိလာကန့်လန့်၊ တောင်ဖြန့်မြောက်ချဉ်း၊ စက်ဟုံကျဉ်းလျက်၊ ဧလယဉ်းတရား၊ ပထ္တမြားဂုလိက်၊ အိုင်သတ်ဌာန၊ ကပ္ပရက္ခာ၊ ဟေဝန္တာနှင့်၊ လူ့ရွာနတ်ရွာ၊ ဖြာနှစ်ဆယ်၊ အပါယ်လေးရပ်၊ စပ်လျက်စပ်လျက်၊ ပတ်ယှက်ရစ်ဆိုင်း၊ တန်တိုင်း ဝန်းလျား၊ တိုက်တလွှားကို၊ မိုးဖျား အရိယာ၊ နတ်သုဒ္ဓါလျှင်၊ စတ္တဝါသိန်းရှိ၊ ကောဋ္ဌိပြည့်သိပ်၊ ကျွန်းပြင်ထိပ်ထက်၊ ထန်းရိပ်တကျုံး၊ မြူးသည်မြားခန့်၊ ရောက်တိုင်းကွန့်လည်း၊ အဝှန့်ဖြိုးပိုင်၊ မနိုင်ကုန်အောင်၊ မြောက်ထောင်တသောင်း၊ အပေါင်းကိုင်ကန်၊ ကမ္ဘာပြန်လျှင်၊ မှုန်ဘိဂူ၊



နိဗ္ဗာန်ယူသည်....ပြောထူကြီးပြန့် ဖြိုးကဲးတည်း"-ဟူသော လင်္ကာသည် အဓိပ္ပါယ်အကျယ်အဝန်းကိုချုံး၍ ဖွဲ့ဆိုသောကြောင့် သြဇဂုဏ်မြောက်သည်။

(၃) မဓုရတာဂုဏ်....ချိုသာနာပျော်ဘွယ်ရှိသော မဓုရတာဂုဏ်သည် ဒိဃ,ရဿ, ဌာန်, သံယုဂ် အချင်းချင်းနီးသော-ပဒါသတ္တိမဓုရတာဂုဏ်၊ အက္ခရာတူ အထပ်ထပ်ဆိုသောပုဒ်ရှိသော-အနုပ္ပါသမဓုရတာဂုဏ်ဟူ၍ နှစ်ပါးရှိသည်။

ယဒါ ဧသောဘိသမ္ဗောဓိံ၊ သမ္ဗုဇ္ဈော မုနိပုင်္ဂဝေါ။
တဒါ ပဘုတိ ဓမ္မေသ၊ လောကေ ဇာတော မဟုဿဝေါ။

ဟူသော ဂါထာ၌ ဒါနှင့်သေည် ဒိဃချင်း နီးသည်။ ယနှင့်သေည် တာလုဌာန်ချင်းနီးသည်။ သမ္ဗောဓိံ သမ္ဗုဇ္ဈော၌ သံယုဂ်ရှိသော အက္ခရာချင်းနီးသည်။ ဤသို့ စသည်ဖြင့် သမသုတိ ဖြစ်သောကြောင့် ပဒါသတ္တိမဓုရတာဂုဏ် မြောက်သည်။

မုနိန္ဒမန္ဒဟာသာတော၊ ကုန္ဒသန္ဒောဟ ဝိဗ္ဘမာ။
ဒိသန္တ မနုဓာဝန္တိ၊ ဟသန္တာ စန္ဒကန္တိယော။

ဤဂါထာ၌ န-ငယ်, ဒ-ထွေး, န-ငယ်,တဝမ်းပူ ၂-ဆင့် သံယုဂ်ချင်းနီးရကား အနုပ္ပါသမဓုရတာဂုဏ် မြောက်သည်။

စတုဓမ္မသာရလင်္ကာ၌-"တသန္ဓေန္ဓေ၊တပေလျှဉ်းလျှဉ်း၊တညှဉ်းဆိုးဆိုး၊ တညှိုးလျှလျှ၊ တတလွှမ်းလွှမ်း၊ တသမ်း ဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလိုက်လိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ တဝန်းလျှားလျှား၊ ရဟတ်ခြားသို့-"ဟူ၍ ကောရန်, အဉ်းကာရန်, အမ်းကာရန်, အယ်ကာကာရန်, အာကာရန်, အိုက်ကာရန်, အင်ကာရန်, အန်းကာရန်, အားကာရန်တို့ကို နှစ်ထပ်နှစ်ထပ်ဆိုခြင်းသည် ပဒါသတ္တိမဓုရတာဂုဏ် မြောက်သည်။ "မြတ်နိုးမြင့်မွန်၊ ကြင်ထိုက်တန်၍၊ ရွယ်ရန်ရည်ရင့်၊ ဆင်ထိုက်တင့်သား၊ နတ်နှင့် နှုန်းနှုန်း၊ ဘုန်းမဲ့ ရှန်းသား"-ဟူ၍ အက္ခရာတူ အထပ်ထပ်ဆိုခြင်းသည် အနုပ္ပါသမဓုရတာဂုဏ် မြောက်သည်။

(၄) သမတာဂုဏ်....သိထိလ-ဓနိတ-အက္ခရာနှစ်မျိုးရော ဖွဲ့ဆိုသော သမတာဂုဏ်သည် ဂါထာလေးပါးဒလုံး၌ သိထိလအက္ခရာ အညီအမျှ ပါစေခြင်းဟူသော သမတာဂုဏ်, ဂါထာလေးပါဒလုံး၌ ဓနိတအက္ခရာ

အညီအမျှ ပါစေခြင်းဟူသော သမတာဂုဏ်, ဂါထာလေးပါဒလုံး၌ သိထိလ ဓနိတအက္ခရာ အညီအမျှပါစေခြင်း ဟူသော သမတာဂုဏ်ဟူ၍ သုံးမျိုးရှိသည်။ ဤသမတာဂုဏ်သည် ပါဠိဘာသာဂါထာဗန္ဓ၌သာ များသောအားဖြင့် သက်ဆိုင်သည်။ ဥဒါဟရဏ်များကို အလင်္ကာ၌ ယူရမည်။ မြန်မာဘာသာ၌လည်း သိထိလအက္ခရာ, ဓနိတအက္ခရာ အညီအမျှ ပါသောအရာ များကိုလည်း သမတာဂုဏ်ဟူ၍ ဆိုသင့်သည်။

(၅) **သုခုမလတာဂုဏ်**....သိထိလဓနိတ အက္ခရာမများခြင်း, အရွတ်အဖတ်ခက်သော ပုဒ်အက္ခရာ မပါအောင် ဖွဲ့ဆိုခြင်းသည် သုခုမာလတာဂုဏ်မည်၏။ သေသည်ကို-သေသည်ဟူ၍ တိုက်ရိုက်မဆို နတ်ပြည်စံ၏။ ကျော်စောခြင်းမျှသာ ကြွင်း၏။ နတ်ရွာကို တန်းဆာဆင်၏။ ပျံသော ကြယ်ကဲ့သို့ဖြစ်၏ ဆိုခြင်းသည် အနက် အားဖြင့် သုခုမာလတာဂုဏ် မြောက်သည်။

ရှင်သီလဝံသရေးသားသော ရတနာဗိမာန်ကျောင်းတော် ကျောက်စာ၌-"ချစ်မရဲ့စွာသော ဘုရားရွှေအိမ်သည်ဟု အမည်ရှိသော သွီးတော်ကြီးသည် ဘုန်းလက္ခဏာ အင်္ဂါပရမေ ကြက်သရေနှင့် ပြည့်စုံစွာသော မြတ်သော တောင်မိဖုရားခေါင်၏ အလျာ ဘုရားရှင်ယောက္ခမတော်ဟူသော အမည်ရှိသော သွီးတော်ဟယောက်ကိုမျှ ခမည်းတော် မယ်တော်အား မျက်ရှုထားခဲ့၍ လူ့စည်းစိမ်ကို ငြီးအောင်မစံ ပျံသည့်ကြယ်ကဲ့သို့ဖြစ်ခဲ့ရကား"-ဟူ၍၎င်း...."ကျောင်းတော်မှာ-ဒါယကာရင်းဖြစ်သော ရွှေနန်းသခင် ဘုရားရှင်-နရပတိမင်းကြီး၏ သွီးတော် တူတော်ရင်း မင်းနှစ်ပါးသည် စည်းစိမ်တည်ကြည်၊ မရှည်အသက်၊ ရွှန်းရွှန်းတက်၍၊ တပြက်မိုးသည်၊ အမှန်နည်သော၊ မလည်မြစ်လောင်း၊ တောင်ကျချောင်းသို့၊ ရှေးဟောင်းကြမ္မာ၊ ဘုန်းသမ္ဘာဖြင့်၊ မကြာကြာပဲ၊ စံဆဲဆဲ၌၊ စဲးခွဲလင်းလင်း၊ ကျော်စောခြင်းမျှ၊ သတင်းထစ်ထစ်၊ ကြာတင်ရစ်သား၊"-ဟူ၍၎င်းစပ်ဆိုခြင်းသည် အနက်အားဖြင့် သုခုမာလတာဂုဏ် မြောက်သည်။

(၆) **သိလေသဂုဏ်**....ဌာန်ကရိုဏ်းနီးခြင်း အစရှိသော အက္ခရာတို့ပေါင်းစု၍ ဖွဲ့သောပုဒ်ဖြစ်သောကြောင့် ပြေပြစ်ဖတ်ရွတ်လွယ်သောပုဒ်ဖြစ်သည်။ ထိုပုဒ်ချင်း နီးနီးပါးပါးနှီးနှော၍ တည်ကြသောကြောင့် နှစ်သက်ဖွယ်သော ဂုဏ်ရှိသည်။ ဖတ်ရွတ်သောအခါ အလေးပြု၍ ရွတ်ဖတ်ရသောကြောင့် ဓနိတအက္ခရာကို "ဗန္ဓဂါရဝ" ခေါ်သည်။ ဤဓနိတအက္ခရာလည်း ပါရှိစေရမည်။ ဤသို့သော အင်္ဂါနှင့် ပြည့်စုံသော အဖွဲ့သည် သိလေသဂုဏ်ရှိသောအဖွဲ့မည်၏။

ဗာလိန္ဒုဝိဗ္ဘမစ္ဆေဒိ၊ နခရာ ဝလိ ကန္တိဘိ။
သာမုနိန္ဒပဒမ္ဘောဇ၊ ကန္တိဝေါ ဝလိတာ ဝတံ။

ဟူသော ပါဠိဘာသာ အနေအထားအတိုင်း စစ်၍ကောက်ယူရမည်။

ဤဂုဏ်သည် ပါဠိဘာသာဂါထာဗန္ဓ၌ထင်ရှားသည်၊ မြန်မာဘာသာ၌လည်း ဗာလိန္ဒုဝိဗ္ဘမစ္ဆေဒိစသော ဂါထာအနေအထားနှင့် တူသော အဖွဲ့များ ရှိလျှင် သိလေသဂုဏ်မြောက်မည်။

(၇) **ဥဒါရတာဂုဏ်**....အခြားသူတို့ထက် ကဲးလွန်သော ဂုဏ်သည် ဥဒါရတာမည်၏။ ထိုဂုဏ်ရှိသောအဖွဲ့သည် ဥဒါရတာဂုဏ်မည်၏။ ရှင်သီလဝံသရေးသော ရတနာဗိမာန် ကျောင်း ကျောက်စာ၌... ဇေယသေနမင်း၏သားတော် သီဟဟန, သမီးတော် ယသောဓရာ, ဒေဝဒဟမင်း၏သားတော် အဥ္စန, သမီးတော် ကစ္စနာ၊ ဤသို့သော သားတော် သမီးတော်တို့ကို မျိုးချင်းယှက်ကြသောအားဖြင့် မြောက်သားတော်နှင့် နှင်နှင် စုံဖက်ကြသော သိဒ္ဓတ္ထကုမာရတိုင်အောင် သုံးဆက်မြောက်သော သာကီဝင်မင်းတို့တွင် သီဟဟနုမင်းကဲ့သို့ကား ရွှေနန်းသခင် ဘုရားရှင်မင်းတရား။ သီဟဟနု မင်းကြီးသားတော် သုဒ္ဓေါဒန မင်းကဲ့သို့ကား သီရိသုဓမ္မရာဇာဓိပတိ မည်တော်ရှိသော ရွှေနန်းသခင် ဘုရားရှင်။ သုဒ္ဓေါဒန မင်းကြီးသားတော် သိဒ္ဓတ္ထကုမာရကဲ့သို့ကား ငါတို့ရွှေနန်းသခင် ဘုရားရှင်သားတော်-မဟာသီဟသူရ။ ရာဟုလာဘဒ္ဒ သတို့သားကဲ့သို့ကား မြေးတော် အနော်ရဒ္ဓါစော....ဟူ၍ ဖွဲ့ဆိုခြင်းသည် ဥဒါရတာဂုဏ် မြောက်သည်။

(၈) **ကန္တိဂုဏ်**....လောက၌ ထင်ရှားစွာရှိသောအနက်ကို မလွန်သော လူခပ်သိမ်းတို့ နှစ်လိုဘွယ်ရှိသော ဂုဏ်သည် ကန္တိဂုဏ်မည်၏။ ဝါကျဝတ္တဒေါသ မြောက်ပါးတွင် ဆိုခဲ့သော အတိဝုတ္တ ဒေါသလွတ်အောင် ကြီးကျယ်ခမ်းနားစွာ ပြောဆိုစီကုံးရေးသားသော အဖွဲ့ဟူသမျှသည် ကန္တိဂုဏ်မြောက်သော အဖွဲ့ဟူ၍ မှတ်သင့်သည်။ စတုဓမ္မသာရ

၌-"ကျေးဇူးတော်လည်း၊ နှိုင်းတော်တုကျွန်း၊ မြင်းမိုရ်ရထွန်းသို့" ဟူ၍ စပ်ဆိုခြင်းသည် ကန္တိဂုဏ်မြောက်သည်။

(၉) အတ္ထဗျတ္တိဂုဏ်....သဒ္ဒါအားဖြင့်၎င်း, အနက်အားဖြင့်၎င်း ပါဌ် သေသမဆောင်ရအောင် ရေးသားစီကုံး၍ အနက်အဓိပ္ပါယ် သိလွယ် ထင်ရှားသောဂုဏ်သည် အတ္ထဗျတ္တိဂုဏ်မည်၏။ နေယျဒေါသ၏ ပရိဟာ ရပြလျှင် အတ္ထဗျတ္တိဂုဏ်ကိုလည်း ပြမည်။

ပလိပ်စားဧချင်းပိုဒ်ဦး၌-"မင်္ဂလာချက်ဖွေ၊ လေးရောင်ထွေကို၊ ရစ် ခွေလက်ယာ၊ တုံ့ကာမြောက်တောင်၊ တထောင်နိမ့်မြင့်၊ ဆဲ့နှစ်ဆင့်ဝယ်၊ အသင့်စဉ်စီ၊ စက်ဝန်းချီလျက်" စသည်ဖြင့် စပ်ဆိုခြင်းသည် အတ္ထဗျတ္တိ ဂုဏ်မြောက်အောင် စပ်ဆိုခြင်းဖြစ်သည်။

(၁၀) သမာဓိဂုဏ်...တစုံတခုသော ဝတ္ထု၌ အစဉ်ထုံးစံရှိမြဲ ဓမ္မတာ ဖြစ်သောသဘောကို ရှိမြဲဓမ္မတာမဟုတ်သော ဝတ္ထု၌ တင်စား ပြောဆို ခြင်းသည် သမာဓိဂုဏ်မည်၏... "ကိုးခန်းပျို့၌-"ဟိရိကျောက်ငွေ၊ ဩတ္တပ် ရွှေနှင့်၊ နှံ့မွေကြာပုံ၊ ခက်ရုံသန္တာ၊ သဒ္ဒါမျက်မြ၊ သီလပုလဲ၊ စွန့်ကြဲ ဒါန၊ စာဂမဏိ၊ ဗုဒ္ဓိဝရဇိန်၊ တောက်ထိန်ခုနစ်ပါး၊ ဥစ္စာများကို၊ သူ့ အားဝေ၄၊ ညဏသဒ္ဓေး၊ ညဏ်လှူပေးသား၊ ကံကျေးဝတ္ထု၊ ဤကျမ်းပြု သည်၊ဂရုမြောက်စည်၊ မဟာထေရ်ကို၊ မြန်ပြည်မဆုံ၊ ကျော်လွှဲ့သတင်း၊ သိန်းဃိုချင်းသည်....မည်ရင်း အဘယ်သည္ဓာနည်း-"ဟူ၍ အစိုင်အခဲ ရှိမြဲဓမ္မတာမဟုတ်သော သူတော်တရား၇-ပါးကို အစိုင်အခဲရကောင်း သော ရွှေငွေစသော ဝတ္ထုနှင့် တင်စားစီကုံးသည်၊ သမာဓိဂုဏ်မြောက် သည်။

ဤသမာဓိဂုဏ်ကို ပညာရှိတို့သည် ဖွဲ့နွဲ့စီကုံးသော စာဟူသမျှ၏ အသက်ဟူ၍ ဆိုကုန်သည်။

ဂုဏ်ဆယ်ပါး ပြီးပြီ။

**တတိယကဏ္ဍ-ဒုတိယပိုင်း ပြီးပြီ။**

---

# တတိယကဏ္ဍ-တတိယပိုင်း

(၁) ကဗျာဖွဲ့ခြင်း, တမန်ဆောင်းပါး စာစီခြင်းများတွင် ဓာတ်-ဝံသ အားလျော်စွာ ဂဏ်များကို အဦးအစထား၍ စပ်ဆို စီကုံးသင့်ကြောင်းနှင့် ကဝိကဏ္ဌပါသကျမ်းတွင် လာရှိသည့်အရ စာဆိုဆရာ ပညာရှိကြီးတို့လိုက်နာစပ်ဆိုစီကုံးလေ့ရှိကြသည့် ဝဂ်စဉ်, ဓာတ်စဉ်, ဝံသစဉ်များကို ထုတ်နုတ် ပြဆိုချက်

| ဝဂ်စဉ် | ဓာတ်စဉ် | ဝံသစဉ် |
|---|---|---|
| က၊ ခ၊ ဂ၊ ဃ၊ င | .... ဟိန္ဒုဓာတ် | .... ခတ္တိယ |
| စ၊ ဆ၊ ဇ၊ ဈ၊ ည | .... ပုဏ္ဏားဓာတ် | .... ဗြာဟ္မဏ |
| ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ | .... ကုလားဓာတ် | .... ဝေသိယ |
| တ၊ ထ၊ ဒ၊ ဓ၊ န | .... ဂဏ္ဍုဓာတ် | .... ဒေဝ |
| ပ၊ ဖ၊ ဗ၊ ဘ၊ မ | .... မြန်မာဓာတ် | .... ဗြဟ္မာ |
| ယ၊ | .... ဓာတ်မရှိ | .... ပေတ |
| ရ၊ | .... ၎င်း | .... နိရယ |
| လ၊ | .... ၎င်း | .... သေက္ခ-သောတာပတ္တိ |
| ဝ၊ | .... ဓာတ်မရှိ | .... အသုရကာယ |
| သ၊ | .... ၎င်း | .... ဒိဗ္ဗာသဝ-သကဒါဂါမိ |
| ဟ၊ | .... ၎င်း | .... တိရစ္ဆာန် |
| ဠ၊ | .... ၎င်း | .... ပစ္စေကဗုဒ္ဓါ-အနာဂါမိ |
| အံ၊ | .... ၎င်း | .... ဗုဒ္ဓ-အရဟန္တ |

၎င်းအထောက်အထားများမှာ-

ပထမော ဟိန္ဒုကောဓာတော၊ ဒုတိယော ဗြာဟ္မဏောဓာတော။
တတိယော ကုလဓာတော စ၊ စတုတ္ထော ဘေဒဓာတကော။
ပဉ္စမော မြန်မဓာတော စ၊ အဝဂ္ဂေါ နတ္ထိ ဓာတကော။

ပထမော-ပထမဝဂ် ငါးလုံးသည်ကား၊ ဟိန္ဒုကောဓာတော-ဟိန္ဒု ဓာတ်သည်၊ ဟောတိ-ဖြစ်၏၊ဒုတိယော-ဒုတိယဝဂ် ငါးလုံးသည်၊ ဗြာဟ္မ ဏော ဓာတော-ပုဏ္ဏားဓာတ်သည်၊ ဟောတိ-ဖြစ်၏၊ တတိယော-တတိ

ယဝဂ် ငါးလုံးသည်၊ ကုလဇာတော-ကုလားဇာတ်သည်၊ ဟောတိ-ဖြစ်၏၊ စတုတ္ထော-စတုတ္ထဝဂ် ငါးလုံးသည်၊ ဘေဒဇာတကော-ဂဏ္ဍုဇာတ်ပြားသည်၊ ဟောတိ-ဖြစ်၏၊ ပဉ္စမော-ပဉ္စမဝဂ် ငါးလုံးသည်ကား၊ မြန်မဇာတကော-မြန်မာဇာတ်သည်၊ ဟောတိ-ဖြစ်၏၊ အဝဂ္ဂေါ-အဝဂ် ရှစ်လုံးသည်ကား၊ နတ္ထိဇာတကော-ဇာတ်မရှိသည်၊ ဟောတိ-ဖြစ်၏။

ပထမော ခတ္တိယော ဝံသော၊ ဒုတိယော ဝံသဗြာဟ္မဏော။
တတိယော ဝေသိယဝံသော၊ စတုတ္ထော စ ဒေဝေါ မတော။

ပထမော-ပထမဝဂ် ငါးလုံးကိုကား၊ ခတ္တိယောဝံသော-ခတ္တိယဝံသဟု၊ မတော-သိအပ်၏၊ ဒုတိယော-ဒုတိယဝဂ်ငါးလုံးကိုကား၊ ဗြာဟ္မဏော ဝံသော-ဗြာဟ္မဏဝံသဟု၊ မတော-သိအပ်၏၊ တတိယော-တတိယ ဝဂ် ငါးလုံးကိုကား၊ ဝေသိယဝံသော-ဝေသိယဝံသဟု၊ မတော-သိအပ်၏၊ စတုတ္ထော-စတုတ္ထဝဂ် ငါးလုံးကိုကား၊ ဒေဝေါ စ-ဒေဝဝံသဟူ၍လည်း၊ မတော-သိအပ်၏။

ပဉ္စမော ဗြဟ္မဝံသော စ၊ ယရဝဟ ဝဏ္ဏော သုတော။
လသဝဏ္ဏော ဟီနဝံသော၊ ဆန္ဒဘေဒဝိညူဟျုဏ္ဏော။

ပဉ္စမော-ပဉ္စမဝဂ်ငါးလုံးကိုကား၊ ဗြဟ္မဝံသော-ဗြဟ္မဝံသဟု၊ ဝိညူဟိ-တို့သည်၊ ဥဏ္ဏော-ဆိုအပ်၏၊ ယရဝဟဝဏ္ဏော-ယအက္ခရာ, ရအက္ခရာ, ဝအက္ခရာ,ဟအက္ခရာ တို့ကိုလည်း၊ သုတော-သုတဝံသဟု၊ ဝိညူဟိ-တို့သည်၊ဥဏ္ဏော-၏၊လသဝဏ္ဏော-လအက္ခရာ,သအက္ခရာတို့ကို၊ဟီနဝံသော-ဟီနဝံသဟု၊ဆန္ဒဘေဒ ဝိညူဟိ-ဆန်းအပြားကို သိသော ပညာရှိတို့သည်၊ ဥဏ္ဏော-၏။

လဝဏ္ဏော သေက္ခဝံသော စ၊ အဝဏ္ဏော စ ဒိဏ္ဏာသဝေါ။
ဋ္ဌဝဏ္ဏော ပစ္ဆေကဝံသော၊ ဝံသော ဗုဒ္ဓနိဂ္ဂဟိတံ။

လဝဏ္ဏော- လငယ်အက္ခရာသည်ကား၊ သေက္ခဝံသော-သေက္ခဝံသသည်၊ ဟောတိ-၏၊ သဝဏ္ဏော-သအက္ခရာသည်၊ ဒိဏ္ဏာသဝေါ-ဒိဏ္ဏာသဝဝံသသည်၊ ဟောတိ-၏၊ ဋ္ဌဝဏ္ဏော-ဋ္ဌကြီးအက္ခရာသည်ကား၊ပစ္ဆေက ဝံသော-ပစ္ဆေကဗုဒ္ဓဝံသသည်၊ ဟောတိ-၏၊နိဂ္ဂဟိတံ-နိဂ္ဂဟိတ်မည်သော၊ အံ-အက္ခရာသည်ကား၊ ဗုဒ္ဓဝံသော-ဘုရားဝံသသည်၊ဟောတိ-၏။

လဝဏ္ဏော သောတာပတ္တိစ၊ သဝဏ္ဏော ဝံသသကဒါ။
ဋ္ဌဝဏ္ဏော အနာဂါမိနော၊ အရဟန္တံ နိဂ္ဂဟိတံ။



လဝဏ္ဏော-လငယ် အက္ခရာသည်ကား၊ သောတာပတ္တိစ-သောတာပတ္တိဝံသသည်-ဟောတိ-၏၊ သဝဏ္ဏော-သအက္ခရာသည်ကား၊သကဒါ-သကဒါဂါမိ ဝံသသည်၊ ဟောတိ-၏၊ ဋ္ဌဝဏ္ဏော-ဋ္ဌကြီး အက္ခရာသည်ကား၊ အနာဂါမိနော-အနာဂါမိဝံသသည်၊ဟောတိ-၏၊ နိဂ္ဂဟိတံ-နိဂ္ဂဟိတ်ဖြစ်သော အံအက္ခရာသည်ကား၊ အရဟန္တံ-ရဟန္တာ ဝံသသည်၊ ဟောတိ-၏။

ယဝဏ္ဏော ပေတဝံသော စ၊ ရဝဏ္ဏော ဝံသနိရယော။
ဝဝဏ္ဏော အသုရကေဝံသော၊ ဟဝဏ္ဏော ဝံသတိရစ္ဆာ။

ယဝဏ္ဏော-ယငယ် အက္ခရာသည်ကား၊ ပေတဝံသော - ပြိတ္တာဝံသသည်၊ ဟောတိ-၏၊ ရဝဏ္ဏော-ရကြီးအက္ခရာသည်ကား၊ ဝံသနိရယော-ငရဲဝံသသည်၊ ဟောတိ-၏၊ ဝဝဏ္ဏော-ဝ အက္ခရာသည်ကား၊ အသုရကေဝံသော-သည်၊ ဟောတိ-၏၊ ဟဝဏ္ဏော-သည်၊ ဝံသတိရစ္ဆော-တိရစ္ဆာန်ဝံသသည်၊ ဟောတိ-၏။

ဒွိယစုံဝရယုံယစ၊ ဝံသက္ခရဿ မေဝတံ။
ပြဒဿုဒူတဿဥ္စာပိ၊ ဂုဝိကျမာ ဒြိမန္တိဿေ။

ယစုဂြဝိကုံပိ-ကဗျာဖွဲ့ခြင်းကိုရင်း၊ ဒူတဿဥ္စာပိ-တမန် ဆောင်းပါး, သံကိုရင်း၊ ဝရယုံ-ဖွဲ့လိုကုန်သည်ဖြစ်အံ့၊ တံပြဒဿ-ထိုတပိုဒ်၏၊ အာဒြိအန္တိဿေ-အစအဆုံး၌၊ တံဝံသက္ခရဿမေဝ-ထိုသူ၏ဝံသအက္ခရာကိုသာလျှင်၊ ဒွိယစုံ-တည့်ကုန်ရာ၏။

၂-ကဗျာလင်္ကာဖွဲ့ခြင်း၊ တမန်ဆောင်းပါး စာစီခြင်းများတွင် အရှယ်ဇာတ် အားလျော်စွာ ဝဏ္ဏများကိုယူ၍ စပ်ဆိုရာသည်ဟူသော ယူငင်ပုံများကို ပြဆိုချက်

| ငယ်သောအရှယ် ဇာတ်ငယ် | ကြီးသောအရှယ် ဇာတ်ကြီး | ပျက်သောအရှယ် ဇာတ်ပျက် |
|---|---|---|
| ကခ | ဂဃ | င |
| စဆ | ဇဈ | ည |
| ဋဌ | ဍဎ | ဏ |
| တထ | ဒဓ | န |
| ပဖ | ဗဘ | မ |

၎င်းအထောက်အထားများမှာ ကဝိကဏ္ဌပါသကျမ်းတွင်–

ယုဝေါစ ပထမော ဝဏ္ဏော၊ တတိယော မဇ္ဈိမော ဗျုတ္တော။
ပဉ္စမောဇရာဘင်္ဂေါစ၊ နဗန္ဓောစ ဝိညူဝဇ္ဇော။

ပထမော ဝဏ္ဏော-ပထမဝဏ္ဏကိုကား၊ ယုဝေါ-ငယ်ပျိုသောအရွယ်ရှိ၏ဟု၊ ဝိညူဟိ-ပညာရှိတို့သည်၊ ဗျုတ္တော-ဆိုအပ်၏၊တတိယောဝဏ္ဏော-ကိုကား၊ မဇ္ဈိမော-လူလတ်အရွယ်ရှိ၏ဟု၊ ဝိညူဟိ-တို့သည်၊ ဗျုတ္တော-၏၊ ပဉ္စမောဝဏ္ဏော-ကိုကား၊ ဇရာဘင်္ဂေါစ-အိုပျက်သောအရွယ်ရှိ၏ဟု၊ဝိညူဟိ-တို့သည်၊ ဗျုတ္တော-၏၊ တေန-ထိုအိုပျက်သော ဝဏ္ဏဖြင့်၊ န ဗန္ဓောစ-စာမဖွဲ့ရာဟု၊ ဝိညူဟိ-တို့သည်၊ ဝဇ္ဇော-ဟောအပ်၏။

ယုဝေါစ ဒုတိယော ဝဏ္ဏော၊ စတုတ္ထော မဇ္ဈိမော ဗျုတ္တော။
ပဒေ ပဒေ ဗန္ဓောနာမံ၊ ဆန္ဒတောဒေါ ဝိညူ ဗျုတ္တော။

ဒုတိယော ဝဏ္ဏော-ဒုတိယ ဝဏ္ဏကိုကား၊ ယုဝေါစ-ငယ်ပျိုသော အရွယ်ရှိ၏ဟု၊ ဝိညူ-သည်၊ ဗျုတ္တော-၏၊ စတုတ္ထော ဝဏ္ဏော-ကိုကား၊ မဇ္ဈိမော-လူလတ်အရွယ်ရှိ၏ဟု၊ ဝိညူ-သည်၊ ဗျုတ္တော-၏၊ တေန-ထို အက္ခရာဖြင့်၊ ပဒေပဒေ-ပုဒ်တိုင်းပုဒ်တိုင်း၊ နာမံ-အမည်ကို၊ ဗန္ဓော-ဖွဲ့အပ်၏ဟု၊ ဆန္ဒတောဒေါ-သော၊ ဝိညူ-သည်၊ ဗျုတ္တော-၏။

(၃) ကဝိကဏ္ဌပါသကျမ်းလာ မတြာ,သံတို,သံရှည်,ဂရု,လဟု,ယူပုံများအနက် ဗေဒင်နှင့် စပ်သည့် သရဗျည်း များတွင် မတြာယူဟန်ကို ချန်လှပ်၍၊ ဝိဂ္ဂကတ်နှင့်စပ်သည့် သရဗျည်းများတွင်သာ ရဿဖြစ်သော သရသက်သက်မှာ မတြာယူဟန်။ ရဿသရတွင် ကပ်သည့် ဗျည်းမှာ မတြာယူဟန်။ ဒီဃဖြစ်သောသရ သက်သက် တက်သံ,နိမ့်သံ, များမှာ မတြာယူဟန်။ ဒီဃသရတွင်ကပ်သည့် တက်သံ, သက်သံ, နိမ့်သံ, ဗျည်းများမှာ မတြာယူဟန်များနှင့် သံယုဂ်ဆယ်လုံးတွင် အသံလေးမျိုး မတြာယူဟန်များကို ထိုက်သက်ရာ ကောက်ယူထုတ်နုတ်ပြဆိုချက်။



သရသက်သက်နှင့် သရတွင်ကပ်သည့်ဗျည်းများမှာ၊ အသံသုံးမျိုးခွဲ၍ မတြာယူပုံများကို ပြဆိုချက်

| | တက်သံ | | | | သက်သံ | | | | နိမ့်သံ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | သရသက်သက် | | သရနှင့်ဗျည်း | | သရသက်သက် | | သရနှင့်ဗျည်း | | သရ သက်သက် | | သရနှင့်ဗျည်း | |
| | အက္ခရာ | မတြာ | အက္ခရာ | မတြာ | အက္ခရာ | မတြာ | အက္ခရာ | မတြာ | အက္ခရာ | မတြာ | အက္ခရာ | မတြာ |
| ရဿ-သရ | | | | | အ<br>ဣ<br>ဥ | ၁<br>၁<br>၁ | က<br>ကိ<br>ကု | ၁½<br>၁½<br>၁½ | | | | |
| ဒီဃ-သရ | အာ<br>ဤ<br>ဦ<br>ဧ<br>ဩ | ၂½<br>၂½<br>၂½<br>၂½<br>၂½ | ကာ<br>ကီ<br>ကူ<br>ကေ<br>ကော် | ၃<br>၃<br>၃<br>၃<br>၃ | အာ<br>ဤ<br>ဦ<br>ဧ<br>ဩ | ၂<br>၂<br>၂<br>၂<br>၂ | ကာ<br>ကီ<br>ကူ<br>ကေ<br>ကော် | ၂½<br>၂½<br>၂½<br>၂½<br>၂½ | အာ<br>ဤ<br>ဦ<br>ဧ<br>ဩ | ၂½<br>၂½<br>၂½<br>၂½<br>၂½ | ကာ<br>ကီ<br>ကူ<br>ကေ<br>ကော် | ၂<br>၂<br>၂<br>၂<br>၂ |

၎င်းမတြာယူဟန်ပြထားသည့် ဇယားပုံကို ထောက်၍ ရဿဖြစ်သောသရသက်သက်မှာ တမတြာကာလ၊ ဗျည်းသက်သက်မှာ တမတြာ၏ထက်ဝက်ဖြစ်သော မတြာဝက်ကာလ ရှိသည်ကို၎င်း၊ ရဿဖြစ်သောသရနှင့်ဗျည်းကပ်သည့် အခါ တမတြာခွဲးကာလရှိသည်ကို၎င်း၊ ဒီဃဖြစ်သော တက်သံဖြစ်လျှင် နှစ်မတြာခွဲးစီကာလ၊သက်သံဖြစ်လျှင် နှစ်မတြာစီကာလ၊ နိမ့်သံဖြစ်လျှင် တမတြာခွဲးစီကာလ ရှိသည်ကို၎င်း၊ ဒီဃဖြစ်သော သရနှင့်ဗျည်းကပ်သည့်အခါ တက်သံဖြစ်လျှင် သုံးမတြာစီ ကာလ၊ သက်သံဖြစ်လျှင် နှစ်မတြာခွဲးစီကာလ၊ နိမ့်သံဖြစ်လျှင် နှစ်မတြာစီကာလရှိသည်ကို၎င်း ရှင်းလင်းထင်ရှားစွာ သိသာနိုင်သတည်း။

အထူးမှာ....တမတြာက တမတြာခွဲးထိကာလရှိသောအသံကို လဟုသံဟူ၍၎င်း, နှစ်မတြာကစ၍ သုံးမတြာထိ ကာလ ရှည်သော အသံများကို ဂရုသံဟူ၍၎င်း, သုံးမတြာကစ၍ သုံးမတြာ ကာလထက်လွန်အောင် ဖတ်ရွတ်ရသော အသံများကို ပ္လုတသံဟူ၍၎င်း, ဂီတသံဟူ၍၎င်း သမုတ်ပညတ် ရေးမှတ်ခေါ်ဝေါ်ကြသတည်း။

၎င်း အထောက်အထားများမှာ-ဝစနတ္ထဇောတိကတွင်-

ကေမတ္တာ ဘဝေရဿာ၊ ဒွိမတ္တာ ဒီဃာ ဝုစ္စတေ။
တိမတ္တာတု ပ္လုတာ ဉေယျာ၊ ဗျဥ္ဇနာ အဍ္ဎမတ္တိကာ။

ဗျဥ္ဇနာ-ဗျည်းတို့သည်၊ အဍ္ဎမတ္တိကာ-မတြာ၏ ထက်ဝက် ဖြစ်သော မတြာဝက်ကာလရှိကုန်၏၊ ရဿာ-ရဿတို့သည်၊ ကေမတ္တာ-တမတြာကာလရှိကုန်သည်၊ ဘဝေ-၏၊ ဒီဃာ-ဒီဃတို့ကို၊ ဒွိမတ္တာ-နှစ်မတြာကာလရှိကုန်၏ဟူ၍၊ ဝုစ္စတေ-၏၊ တိမတ္တာတု၊ သုံးမတြာကာလတို့ကား၊ ပ္လုတာ-ဂီတသံဟူ၍၊ ဉေယျာ-၏.... ဟူ၍၎င်း။

ကဝိကဏ္ဌပါသကျမ်းတွင်....သံယောဂါဒိ ဗျကာဝဏ္ဏာ၊ တိမတြာ သြရန်ယုတြာ။ ဒွေရဓော ဒွေမတြာဂုတြာ၊ ဆန္ဒဘေဒေါ ဝိတ္ထံဗျဉ္ဇော။

ဗျကာဝဏ္ဏာ-တက်သံဝဏ္ဏနှင့်၊ ယုတြာ-ယှဉ်ကုန်သော၊ သံယောဂါဒိ-ဒီဃငါးလုံးတို့ကို၊ တိမတြာ-သုံးမတြာ ရှိကုန်၏ဟု၊ ဆန္ဒဘေဒေါ-



သော၊ ဝိတ္ထံ-သည်၊ ဗျဉ္ဇော-၏၊ သြရန် ဝဏ္ဏာ-သက်သံ ဝဏ္ဏနှင့်၊ယုတြာ-ယှဉ်ကုန်သော၊ သံယောဂါဒိ-ဒီဃငါးလုံးတို့ကို၊ ဒွေရဓော-နှစ်မတြာခွဲး ကာလရှိ၏ဟု၊ ဆန္ဒဘေဒေါ-သော၊ ဝိတ္ထံ-သည်၊ ဗျဉ္ဇော-၏၊ ဂုတြာဝဏ္ဏာ-နိမ့်သံဝဏ္ဏနှင့်၊ ယုတြာ-သော၊ သံယောဂါဒိ-ဒီဃငါးလုံးတို့ကို၊ ဒွေမတြာ-နှစ်မတြာရှိကုန်၏ဟု၊ဆန္ဒဘေဒေါ-သော၊ ဝိတ္ထံ-သည်၊ ဗျဉ္ဇော-၏။....ဟူ၍၎င်း။

သံယောဂါဒိစ ဒီဃောစ၊ နိဂ္ဂဟိတပရောစယော။
ဂရုဝကော ပါဒန္တောစ၊ ရဿော မတ္တိကောလုဇု။

သံယောဂါဒိ-သံယုဂ် ဆယ်လုံးတို့၏ အစ၌ရှိသော၊ ဝါ-သံယုဂ်ဆယ်လုံးနှင့်ယှဉ်၍ ဖြစ်သော၊ ယောအက္ခရောစ-အကြင် အက္ခရာသည်၎င်း၊ နိဂ္ဂဟိတပရော-နိဂ္ဂဟိတ်နောက်ရှိသော၊ ဝါ-နိဂ္ဂဟိတ်နှင့်ယှဉ်ကပ်လျက်ဖြစ်သော၊ယောအက္ခရောစ-၎င်း၊ ပါဒန္တော-ပုဒ်အဆုံး၌ရှိသော၊ယော အက္ခရောစ-၎င်း၊ အတ္ထိ-ရှိ၏၊ သော အက္ခရော-သည်၊ ဂရု-ဂရုမည်၏၊ အညော - ဆိုအပ်ခဲ့သည်မှ တပါးသော၊ မတ္တိကော-တမတြာရှိသော၊ ရဿော-ရဿ သရသုံးလုံးသည်ကား၊ လော-လဟုမည်၏၊ ဂရု-ဂရုသည်ကား၊ လေခါယ-အရေးအသား အားဖြင့်၊ ဝကော-ကောက်၏၊ လော-လဟုသည်ကား၊ လေခါယ-ဖြင့်၊ ဥဇု-ဖြောင့်၏... ဟူ၍ အသီးအသီး လာရှိသတည်း။

၎င်းပြင်လည်း ပ္လုတသံ, ဂီတသံဟူ၍ ခေါ်ဝေါ် စပ်ဆိုစီကုံး ရေးသားသည့် အထောက်အထားများမှာ... ဝန်ထောက်တော် ဝက်မစွတ်မြို့စားမင်း မင်းကြီးမဟာမင်းထင်စည်သူ စပ်ဆိုစီကုံးရေးသားဆက်သွင်းသည့် သီပေါမင်းတရား သမီးတော်မြတ် ဧချင်းတွင်- "ရွှေမန္တာပြွန်၊ ထွေထွေသွန်သို၊ ဖန်ဖန်ကျူးသီ၊ ပ္လုတာဂီဖြင့်၊ သံဖြိုသံဝါ၊ နန်းချင်းငြာသည်" ဟူ၍၎င်း။ ဝန်ထောက်တော် မြောင်လှမြို့စားမင်း မင်းကြီးသီရိမဟာဇေယျသူ စီရင်ရေးသားသည့် ကဝိလက္ခဏာ ဒီပနီကျမ်းတွင်- လောက၌ ပညာရှိကဝိသူမြတ်တို့ အမြဲးသုံးဆောင်သော အဆင်ရတနာ ဟန်ဆာသဖွယ်ဖြစ်သော ပါရမီခန်း, ဆုတောင်းခန်း, ဘုရိဒတ်လင်္ကာ, ၎င်းဇာတ်ပေါင်း, ဟတ္ထိပါလ, သံဝရ-စသော ပျို့ကဗျာများကို လေ့

ကျက်မှတ်သား ကြည့်ရှုလျှင် ဂီတဖြစ်သောကြောင့် သာသနာတော်၏ ဆူးငြောင့်တံကျင်သဖွယ် သိလည်စ်နွမ်း၍ အပြစ်များစွာရှိကြောင်းကို အချို့ အယူရှိကြသည်။ ဂီတဆိုသည့် သဘောသည် "ဒိဃသရေန ဂါယိတဗ္ဗတ္တိ ဂီတံ"ဟု ရှည်သောအသံဖြင့် ရွတ်အပ်သောကြောင့် ဂီတမည်ကြောင်း၊ ပုဗ္ဗဘာဂ သြကုဇဟူသော ရှေးအဖို့၌ ရင့်ယူညည်းတွားခြင်းသည်ပင် ဂီတမည်ကြောင်း စသည်ဖြင့် ကျမ်းဂန်လာသည်ကို ထောက်လျှင် မြန်မာဝေါဟာရဖြစ်သော ပျို့ကဗျာ မော်ကွန်း ဧချင်းဖြစ်စေ၊ ပါဠိသဒ္ဒါ ဒေသနာအစဉ်ဖြစ်စေ၊ နှစ်မတြာခွဲးထက် အလွန် ရှည်လျားသော အသံဖြင့် ရွတ်အပ်သော်သာ ယခင်ဆရာတို့၏ အယူဖြစ်သော ဂီတသဘောသို့ သက်၍ သိလည်စ်နွမ်းရာသည်။ ပျို့ကဗျာ မော်ကွန်းချင်းဖြစ်စေ, ပါဠိသဒ္ဒါ ဒေသနာအစဉ်ဖြစ်စေ, ဒိဃသရဖြစ်မူ ဂီတမမြောက်၊ ယင်းသို့ဖြစ်၍ တရားနှင့်စပ်သော ဂီတကိုသာ မအပ်ယူသင့်သည်။ ဂီတနှင့်စပ်သော တရားကို မအပ်မယူသင့်၊ ထို့ကြောင့် သဗ္ဗေသင်္ခါရာ အနိစ္စာ စသောဂီတ, ကိံသုအဓိပတိရာဇာ-စသော ဂီတများကို မြတ်စွာဘုရား ဟောတော်မူကြောင်း၊ အဆွေခင်ပွန်းဖြစ်သော သောဏသတို့သားအား တွေ့မြင်လိုသော ဗာရာဏသီမင်း၏ ဂီတကို သောဏပစ္စေက ဗုဒ္ဓါက ပဋိဂီတပြန်ဆိုကြောင်း စသည်ဖြင့် ကျမ်းဂန်လာသည်ကို ထောက်၍ ပျို့ကဗျာစသော ဂီတကို စီကုံးရေးသား ဖတ်ရွတ်သော်လည်း သိလည်စ်နွမ်းသည် မယူအပ်၊ ယောနိသော မနသိကာရရှိမူ ပျို့ကဗျာစသော ဂီတကို စီကုံးရေးသား ဖတ်ရွတ်အပ်သည်။ ပျို့ကဗျာ လင်္ကာတို့သည် သာသနာတော်၏ ငြောင့်တံကျင်သဖွယ်ဖြစ်သည်-မဆိုသင့် မဆိုထိုက်ဟူ၍ ၎င်းအသီးအသီး စပ်ဆိုစီကုံးရေးသားကြသတည်း။

"ပြုတာဂိ"ဟူရာ၌ ပြုတာသံ, ဂီတသံ ဆိုလိုရင်းပင် ဖြစ်သော်လည်း ကဗျာဖြစ်၍ သာ လင်္ကာစာသွား မပျက်စေခြင်းငှာ၎င်း, အစပ်ကိုင့်၍ ဝါစာသိလိဋ္ဌဖြစ်စေခြင်းငှာ၎င်း ဆိုလေသတည်း။



၄-သံယုဂ်ဆယ်လုံးတွင် အသံလေးမျိုးမတြာယူပုံများ

| | တက်သံ | | သက်သံ | | နိမ့်သံ | | တိုင်သံ | |
|---|---|---|---|---|---|---|---|---|
| | အက္ခရာ | မတြာ | အက္ခရာ | မတြာ | အက္ခရာ | မတြာ | အက္ခရာ | မတြာ |
| ၁ | ကင် | ၂ ၁/၂ | ကင့် | ၂ | ကင်း | ၁ ၁/၂ | ကက် | ၂ |
| ၂ | ကည် | ၂ ၁/၂ | ကည့် | ၂ | ကည်း | ၁ ၁/၂ | ကစ် | ၂ |
| ၃ | ကန် | ၂ ၁/၂ | ကန့် | ၂ | ကန်း | ၁ ၁/၂ | ကတ် | ၂ |
| ၄ | ကမ် | ၂ ၁/၂ | ကမ့် | ၂ | ကမ်း | ၁ ၁/၂ | ကပ် | ၂ |
| ၅ | ကယ် | ၂ ၁/၂ | ကယ့် | ၂ | ကယ် | ၁ ၁/၂ | | |
| ၆ | ကောဝ် | ၂ ၁/၂ | ကောဝ့် | ၂ | ကောင်း | ၁ ၁/၂ | | |

၎င်း မတြာယူဟန်ပြထားသည့် ဇယားပုံကိုထောက်၍ တက်သံဖြစ်သော သံယုဂ်ခြောက်လုံးမှာ နှစ်မတြာခွဲးစီ၊ သက်သံဖြစ်သော သံယုဂ်ခြောက်လုံးမှာ နှစ်မတြာစီ၊ နိမ့်သံဖြစ်သော သံယုဂ် ခြောက်လုံးမှာ-တမတြာခွဲးစီ၊ တိုင်သံဖြစ်သော သံယုဂ်လေးလုံးမှာ နှစ်မတြာစီ ကာလရှိကြောင်းများကို ထင်ရှားရှင်းလင်းစွာ သိသာနိုင်သတည်း။ ။၎င်းအထောက်အထားများမှာ ကဝိကဏ္ဌပါသကျမ်းတွင်-

သံယောဂါဒိစ ဒိဃောစ၊ ဗျဉ္ဇနာ ဝဏ္ဏာစ ဒွေရဿော။
သြရန် ဒွေမတ္တာ ဝဏ္ဏော၊ ဧကဒြော၌ကရဿောမတော။
[ဥ-၎င်းအက္ခရာကို ရိ-ဟုဖတ်။]

သံယောဂါဒိစ-င-သတ်, ည-သတ်, န-သတ်, မ-သတ်, ယ-သတ် ဝ-သတ်တို့ကို၎င်း၊ ဒိဃော-ဒိဃငါးလုံးတို့ကို၎င်း၊ ဗျဉ္ဇနာဝဏ္ဏာ-တက်သံဝဏ္ဏ ဖြစ်မှုကား၊ ဒွေရဿော-နှစ်မတြာခွဲးရှိ၏ဟု၊ မတော-၏၊ သြရဝဏ္ဏော-စ-သက်သံဝဏ္ဏဖြစ်မှုကား၊ဒွေမတ္တော-နှစ်မတြာရှိ၏ဟု၊မတော-၏၊ ဧကဒြောဝဏ္ဏော-နိမ့်သံဝဏ္ဏ ဖြစ်မှုကား၊ ဥကရဿော-တမတြာခွဲးရှိ၏ဟု၊ မတော-၏-ဟူ၍၎င်း,

ကစတပသံယောဂါစ၊ ဩ့ဂ့ဣြ့ဒွေမတြောမတော။
ပေဒန္တော့ဩသရဝဏ္ဏော၊ တိမတြောတုဝိညူဗျတ္တော။

ကစတပသံယောဂါစ-က-သတ်, စ-သတ်, တ-သတ်, ပ-သတ်တို့ကို၊ ဩ့ဂ့ဣြ့-တိုင်သံဟု၊ ဝိညူ-သည်၊ ဗျတ္တော-ဟောအပ်၏၊ ဒွေမတြော-နှစ်မတြာရှိ၏ဟူ၍၊ ဝိညူ-သည်၊ မတော-၏၊ ပေဒန္တော-သော၊ ဩသရဝဏ္ဏောတု-ကိုကား၊တိမတြော-သုံးမတြာရှိ၏ဟု၊ ဝိညူ-သည်၊ဗျတ္တော-၏....ဟူ၍ ၎င်း,

၎င်းပြင် တမတြာ၏ အတိုင်းအရှည် အချိန်ကာလမှာ ကာရိကာကျမ်းတွင်....ပမာဏံ ကေမတ္တာသ၊ နိမ္မီသုမ္မီသတော ဖြပံ....ကေမတ္တာသ-တမတြာ၏၊ ပမာဏ-အတိုင်းအရှည်ကာလ-ပမာဏကို၊နိမ္မီသုမ္မီသတော-မျက်စိတမှိတ် တဖွင့်အားဖြင့်၊ အဖြပံ-ဆိုကုန်၏....ဟူ၍ လာရှိသတည်း။



၅—ကဗျာလင်္ကာများတွင်သော်၎င်း, အမည်သညာများတွင်သော်၎င်း ဂိုဏ်းဖွဲ့ပုံယူပုံများနှင့် မည်သည့်ဂိုဏ်းများတွင် မည်သည့်နက္ခတ်ယှဉ်သည်၊ မည်သည့်နက္ခတ်စောင့်သည်၊ မည်သို့ အကျိုးအပြစ်ရှိတတ်သည်ဟူသော ယူပုံ ရွေးပုံများကို ပြဆိုချက်

| အမျိုးအမည် | ဇုဋ္ဌဂိုဏ်း | | | | အနိဋ္ဌဂိုဏ်း | | | |
|---|---|---|---|---|---|---|---|---|
| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ဂိုဏ်းမည် | မဂိုဏ်း | နဂိုဏ်း | ဘဂိုဏ်း | ယဂိုဏ်း | ဇဂိုဏ်း | သ ဂိုဏ်း | ရဂိုဏ်း | တဂိုဏ်း |
| ဂိုဏ်းယူပုံဂရုလဟု | ၂၂၂ | ၁၁၁ | ၂၁၁ | ၁၂၂ | ၁၂၁ | ၁၁၂ | ၂၁၂ | ၂၂၁* |
| ဂိုဏ်းယှဉ် နက္ခတ် | ဇေဋ္ဌ | ဘရဏီ | မိဂသီ | သတ္တဘိသျှ | ပုဏ္ဏဖုသျှ | သွာတိ | ကျတ္တိကာ | သရဝဏ် |
| ဂိုဏ်းစောင့်နတ် | ဘုမ္မစိုးနတ် | သိကြားနတ် | လနတ် | တိမ်စောင့်နတ် | နေနတ် | လေနတ် | မီးနတ် | အာကာသစိုး |
| ဂိုဏ်းယှဉ်နတ်ထီး | ပြဟ္မာ | သိကြား | လနတ်-မိုးနတ် | တိမ်နတ် | နေနတ် | ပရမီသွာ | ဝိဿနိုး | မာရ်နတ် |
| ဂိုဏ်းယှဉ်နတ်မ | သရသွာတိ | သုန္ဒရီ | — | မေခလာ | ကာလကဏ္ဏီ | လေနတ် | မီးနတ် | အာကာသစိုး |
| ဂိုဏ်း၏ အကျိုးအပြစ် | မြေရတတ် | အသက်ရှည် | တည်ကြည် | ခြွေရံများ | ဆင်းရဲ | ကာလကဏ္ဏီ ရပ်ပြစ်ရှစ်ပါးသင့်တတ် | ကာလကဏ္ဏီ ဘေးသင့် | ကာလကဏ္ဏီ အကျိုးမဲ့ |
| သက်ဆိုင်သူ | မိတ် | မယား | ကိုယ် | ခြွေရံ | ကိုယ် | သား | မိတ်ဆွေ | ရန်သူ |
| သက်ဆိုင်သောနေ့ | ၄-၀ | ၀ | ၂-၆ | ၁-၀-၅ | — | — | — | — |

* မှာ။ ။မှတ်ချက် ၃-နှင့် ၄-တို့တွင်ပြခဲ့ပြီး၊ဂရုသံ-လဟုသံ-ယူပုံများအတိုင်း။ "၁" ကို-လဟု။ "၂" ကို-ဂရု-ဟူ၍-ယူရသတည်း။

ဧဝံ အထောက်အထားများမှာ ကဝိကဏ္ဌပါသကျမ်း, ဝုတ္တောဒယ ဆန်းကျမ်းများတွင်–

သဗ္ဗလ္ဟု မနာဒိ ဂ္ဂုဟူ၊ ဘျာ မဇ္ဈန္တဂရု ဇသာ။
မဇ္ဈန္တလာ ရတောတေသွ၊ ဂဏာ ဂေါ ဂရု လော လဟု။

သဗ္ဗလ္ဟု-အလုံးစုံဂရု, အလုံးစုံလဟု ရှိသောဂိုဏ်းတို့သည်၊ မနာ-မဂိုဏ်း,နဂိုဏ်း မည်ကုန်၏၊ အာဒိ ဂ္ဂုဟူ-အစ၌ ဂရု, အစ၌လဟုရှိသော ဂိုဏ်းတို့သည်၊ ဘျာ-ဘဂိုဏ်း, ယဂိုဏ်း မည်ကုန်၏၊ မဇ္ဈန္တဂရု-အလယ်၌ ဂရု, အဆုံး၌ ဂရုရှိသော ဂိုဏ်းတို့သည်၊ ဇသာ-သဂိုဏ်းမည်ကုန်၏၊ မဇ္ဈန္တလာ-အလယ်၌ လဟု, အဆုံး၌လဟုရှိသောဂိုဏ်းတို့သည်၊ရတာ-ရဂိုဏ်း, တဂိုဏ်း မည်ကုန်၏၊ ဧတေ ဂဏာ-ဤဂိုဏ်း တို့သည်၊ အဋ္ဌ-တို့သည်၊ ဟောန္တိ-ကုန်၏၊ ဂေါ-ဂ, အက္ခရာသည်ကား၊ ဂရု-ဂရုမည်သည်၊ ဟောတိ-၏၊ လော-လ, အက္ခရာသည်ကား၊ လဟု-သည်၊ ဟောတိ-၏။

ဇဗ္ဗော မေ ဘရဏီ နေစ၊ ဘော မိဂသိ ယေ ဝါရုဏ္ဏံ။
ဇေသျာ ပုဏ္ဏဖုသျ ရေစ၊ ကျတ္တိကာ သွာတိယေဝသေ။
တဂဏော သရဝဏော ဥဒ္ဒ ယျော၊ အနုကုလံ ဂဏောဓိပေါ။

မေ-မဂိုဏ်းကို၊ ဇဗ္ဗော-ဇဗ္ဗနက္ခတ်နှင့်ယှဉ်၏ဟု၊ ဥဒ္ဒ ယျော-သိအပ်၏၊ နေ-နဂိုဏ်းကိုကား၊ ဘရဏီ-ဟု ၊ဥဒ္ဒ ယျော-၏၊ ဘေ-ကား၊ မိဂသီ-ဟု၊ ဥဒ္ဒ ယျော-၏၊ယေ-ကား၊ ဝါရုဏ္ဏံ-သတ္တဘိသျှ နက္ခတ်နှင့် ယှဉ်၏ဟု၊ ဥဒ္ဒ ယျော-၏၊ ဇေသျာ-ဇဂိုဏ်းနှင့် သဂိုဏ်းကိုကား၊ ပုဏ္ဏဖုသျ|သွာတိ-ပုဏ္ဏဖုသျ|နက္ခတ်, သွာတိနက္ခတ်တို့နှင့် အသီးအသီးယှဉ်၏ဟု၊ ဥဒ္ဒ ယျော-၏၊ ရေ-ကား၊ ကျတ္တိကာ-ဟု၊ ဥဒ္ဒ ယျော-၏၊ တဂဏော-ကား၊ သရဝဏော-သရဝဏ်ဟု၊ ဥဒ္ဒ ယျော-၏၊ ဣတိ-ဤသို့၊ အနုကုလံ၊ အစဉ်အား လျော်ပတ်စွာ၊ ဂဏောဓိပေါ-အစီအရင်အဓိပ္ပါယ်ကို၊ မတော-၏။

ဘူမိဂဏော ယစ္ဆ ဒဒါ၊ သုရာလယေ ဂဏေ ဒိဃံ။
ဝိစ္ဆုဂဏော ဘဝတိ သုခံ၊ ဇလုဂစ္ဆဏေတ္တိ ဖလံ။

ဘူမိဂဏေ-မြေနတ်စောင့်သော မ,ဂိုဏ်းသည်၊ ယစ္ဆ-စည်းစိမ်တည်းဟူသော၊ဖလံ-အကျိုးကို၊ဒဒါ-ပေးတတ်သည်၊ဘဝတိ-ဖြစ်၏၊သုရာလယေ-သိကြားနတ်စောင့်သော၊ ဂဏေ-နဂိုဏ်းသည်၊ ဒိဃံ-အသက် ရှည်ခြင်း တည်းဟူသော၊ဖလံ-ကို၊ဒဒါ-သည်၊ဘဝတိ-၏၊ဝိစ္ဆုဂဏော-လနတ်စောင့်



သော ဘ,ဂိုဏ်းသည်၊ သုခံ-ချမ်းသာခြင်းတည်းဟူသော၊ဖလံ-ကို၊ ဒဒါ-သည်၊ ဘဝတိ-၏၊ ဇလဂဏော-ရေနတ်စောင့်သော ယဂိုဏ်းသည်၊ ကိတ္တိ-တည်ကြည်ခြင်းတည်းဟူသော၊ ဖလံ-ကို၊ ဒဒ-သည်၊ ဘဂဝတိ၏။

ရဝိဂဏော နိစ္စါဒေါရိဝါ၊ ဝါယုဂဏော ဒေါရံ ဘဝတိ။
ဒေဇံ ဝိပ္ပယ မာကာရော၊ ဇံဇံ ယုတ္တာ ပြိတ္တိစ္စါ ဘဝတိ။

ရဝိဂဏော-နေနတ်စောင့်သော ဂိုဏ်းသည်၊ နိစ္စါ-ဆင်းရဲခြင်းတည်းဟူသော၊ ဒေါရံ-အပြစ်ကို၊ ဘဝတိ-ဖြစ်စေတတ်၏ဟု၊ ဥဒ္ဒ ယျော-၏၊ ဝါယုဂဏော-လေနတ်စောင့်သော သ-ဂိုဏ်းသည်၊ ဒေဇံ-အရပ်မှ၊ ဝိပ္ပယံ-ကင်းခြင်း တည်းဟူသော၊ ဒေါရံ-အပြစ်ကို၊ ဘဝတိ-ဖြစ်စေတတ်၏ဟု၊ ဥဒ္ဒ ယျော-၏၊ အာကာရော-အကာသစိုး စောင့်သော တ-ဂိုဏ်းသည်၊ ဇံဇံ-ပျက်စီးခြင်းတည်းဟူသော၊ ဒေါရံ-ကို၊ဘဝတိ-၏ဟု၊ ဥဒ္ဒ ယျော-၏၊ ယုတ္တာ-မီးနတ်စောင့်သော ရ-ဂိုဏ်းသည်၊ ပြိတ္တိစ္စါ၊ သေခြင်းတည်းဟူသော၊ ဒေါသံ-ကို၊ ဘဝတိ-၏ဟု၊ ဥဒ္ဒ ယျော-၏။

ပြပဒေပြပဒေဇု၊ ဗန္ဓေဇု၊ ကိရိယေန သဟယော ဘဝတိ။
တိအက္ခရေ ပြဇ္ဇေန၊ ကိရိယာ ဇ္ဇါပေတိ ဆေပြဿုတ်။

ဗန္ဓေဇု-ဖွဲ့အပ်ကုန်သော၊ ပြပဒေပြပဒေဇု-ပုဒ်တိုင်း ပုဒ်တိုင်းတို့၌၊ ကိရိယေန-ကိရိယာနှင့်၊ သဟယော-တကွနက်၊ ဘဝတိ-၏၊ တိအက္ခရေ-သုံးပါးသော အက္ခရာတို့ကို၊ ပြဇ္ဇေန-ထောက်သဖြင့်၊ ကိရိယာ-ကိရိယာကို၊ ဇ္ဇါပေတိ-ချန်၏၊ ဆေပြဿုတ်-ပစ်ရာ၏။

ဤဂါထာ၏ အဓိပ္ပါယ်မှာ... အက္ခရာလေးလုံးဖြင့် ဖွဲ့သောပုဒ်တို့၌၊ တလုံးသောကြိယာသည် ရှိအံ့၊ ထိုကြိယာကိုပယ်၍ သုံးလုံးသောအက္ခရာကို ဂိုဏ်းဖွဲ့လေ ဟူလို။

ပြပဒေ ပြပဒေဇု၊ ဗန္ဓေဇု၊ ကြိယေန နောသဟာဘဝတ်။
ဇ္ဇါခရေသု အာဒိဇံဆေဒြိဇံ၊ဆေဒြဖြတ် ဇြဇံ နိယံ။

ဗန္ဓေဇု-ဖွဲ့အပ်ကုန်သော၊ ပြပဒေ ပြပဒေဇု-တို့၌၊ ကြိယေန-နှင့်၊နော သဟာဘဝတ်-တကွနက်မဖြစ်သည်ဖြစ်အံ့၊ ဇ္ဇါရေသု-အက္ခရာတို့တွင်၊အာဒိဇံ-အစဖြစ်သော၊ ဋ္ဌ(ရိ)ကံ-တလုံးသော၊ ဇြဇံ-အက္ခရာကို၊ နိယံ-အခြင်း၊ ဆေဒြဖြတ်-ပယ်ရာ၏။

လယ်တီမဏ္ဍိုင်-၃၁

ဤဂါထာ၏ အဓိပ္ပါယ်မှာ….အက္ခရာလေးလုံးဖြင့် ဖွဲ့အပ်သော ပုဒ်တို့၌ ကြိယာမရှိသည်ဖြစ်အံ့၊ အစဖြစ်သော အက္ခရာကိုပယ်၍ သုံးလုံးသော အက္ခရာဖြင့် ဂိုဏ်းဖွဲ့လေ ဟူလိုသည်။

ကိရိယေန ဝန္တိမေနစေတ်၊ ကြန္တိမေ ဥဂ္ဂြဇေ။
ဇပြလေ ခရစ္ပါ ပြပ္ပံ၊ ပြဋ္ဌာနံ တသ္မာ ဝိသျှတ်။

ဗန္ဓေစ္ပ-ဖွဲ့အပ်ကုန်သော၊ ပြပဒေစ္ပ-ပုဒ်တို့တွင်၊ အန္တိမေ-အဆုံး၌၊ ကိရိယေန-သည်၊ နဝိဇ္ဇတိ-မရှိသည်ဖြစ်အံ့၊ ကြန္တိမေဝ-ဒုတိယ-တတိယ၌သာလျှင်၊ဥဂ္ဂြဇေ-တပြိုင်နက်၊ဇ္ဇတိ-ရှိသည်ဖြစ်အံ့၊ ဇပြလေ-ဒုတိယ၌ တည်သော၊ ကိရိယော-ကိရိယာသည်၊ ခရစ္ပါ-အက္ခရာ အဖြစ်သို့၊ ယသ္မာ-ကြောင့်၊ ပြပ္ပံ-ရောက်၏၊ တသ္မာ-ကြောင့်၊ ကြန္တိမေဝ-တတိယ၌တည်သော ကိရိယာသည်သာလျှင်၊ပြဋ္ဌာနံ-ပြဋ္ဌာန်းခြင်းသို့၊ပြပ္ပံ-ရောက်သည်၊ ဝိသျှတ်-ဖြစ်၏။

ဤဂါထာ၏ အဓိပ္ပါယ်မှာ….လေးလုံးဖြင့် ဖွဲ့အပ်သော ပုဒ်တို့တွင် အဆုံး၌ကား ကြိယာမရှိ၊ ဒုတိယ၌ရှိသော ကြိယာသည်လည်း အက္ခရာ အဖြစ်သို့ရောက်၏။ ထိုအခါ တတိယ၌ ကြိယာကိုသာပယ်၍ ဂိုဏ်းဖွဲ့လေ ဟူလိုသည်။

ယစ္စပြဒေစ္ပ ပြဋ္ဌာနံ၊ ကြိယေနေ ဝန္တိမေ ဌိတာ။
ပြစ္စမေ ဝဏ္ဏစ္ပါ ပြပ္ပံ၊ ပြစ္စဒ္ဒိစ္ပဋ္ဌ နာဝိဇ္ဇတိ။

ဗန္ဓေစ္ပ-သော၊ ယစ္စပြဒေစ္ပ-အကြင်ပုဒ်တို့တွင်၊ ပြစ္စမေ-အလယ်၌၊ ဌိတာ-သော၊ ကိရိယေန-ကိရိယာသည်၊ ဝဏ္ဏစ္ပါ-ဝဏ္ဏအဖြစ်သို့၊ ပြပ္ပံ-ရောက်၏၊ ပြစ္စဒ္ဒိစ္ပဋ္ဌ-အလယ်၌ တည်ကာမျှသော ကိရိယာကို၊ နာဝိဇ္ဇတိ-မဖြတ်ရာ၊ အန္တိမေ-အဆုံး၌၊ ဌိတေန-တည်သော၊ ကိရိယေန-သည်၊ ပြဋ္ဌာနံ-ပြဋ္ဌာန်းခြင်းသို့၊ ပြပ္ပံ-ရောက်၏။

ဤဂါထာ၏ အဓိပ္ပါယ်မှာ….အက္ခရာလေးလုံးဖြင့် ဖွဲ့အပ်သောပုဒ်တို့တွင် အလယ်နှင့်အဆုံး၌ ကြိယာရှိအံ့၊အလယ်၌ရှိသော ကြိယာသည် ဝဏ္ဏအဖြစ်သို့ရောက်၏၊ထိုအလယ်၌ ဖြစ်သောကြိယာကို မဖြတ်ရာ၊အဆုံး၌ ရှိသောကြိယာကိုသာဖြတ်၍ ဂိုဏ်းဖွဲ့လေ ဟူလိုသည်။



သြဋ္ဌိစ္ပ ဇ္ဇဏ္ဏဝဏ္ဏေစ္ပ၊ အာဒြိမန္တိဒ္ဒယံ ဘဝတ်။
စ္ပါပေသိ အန္တရေ တြိစ္ပ၊ ဝဏ္ဏေဝ ဂဏဗန္ဓသျှတ်။

သြဋ္ဌိစ္ပ-အချဖြစ်ကုန်သော၊ ဇ္ဇဏ္ဏဝဏ္ဏေစ္ပ-ခုနစ်လုံးသော အက္ခရာတို့တွင်၊ အာဒြိမန္တိဒ္ဒယံ-အစနှစ်လုံး အဆုံးနှစ်လုံးသော အက္ခရာတို့ကို၊ စ္ပါပေသိ - ပယ်၍၊ အန္တရေ-အကြား၌၊ တြိစ္ပဝဏ္ဏေဝ-သုံးလုံးသော အက္ခရာတို့ကိုလျှင်၊ ဂဏဗန္ဓဇ္ဇတ်-ဂိုဏ်းဖွဲ့ရာသည်၊ ဘဝတ်-ဖြစ်၏။

ဤဂါထာ၏ အဓိပ္ပါယ်မှာ… စာပိုဒ်၏ အဆုံးဖြစ်သော အချအက္ခရာ ခုနစ်လုံးတို့တွင် အစနှစ်လုံးအဆုံးနှစ်လုံးကိုပယ်၍ အလယ်သုံးလုံးတို့ကို ဂိုဏ်းဖွဲ့ရာ၏ ဟူလိုသည်။

ဆိုခဲ့သည့် စကားရပ်များတွင် ကြိယာကိုဟူရာ၌ ကြိယာ ဆိုသည်မှာ တတိယကဏ္ဍ, စတုတ္ထပိုင်း, နံပါတ် ၂-အမှတ်တွင် အကျယ်ဖော်ပြလျက်ရှိသည့် ကြိယာ ၆၀-ပင်ဖြစ်သည်။

အကြင်ပုဒ်တို့တွင် ကြိယာရှိလျှင် ကြိယာကိုပယ်၊ ကြိယာ မရှိလျှင် အစဖြစ်သောအက္ခရာကို ပယ်ဟူရာ၌ ပယ်ဟန်ကား-

"သပြေဇမ္ဗူ၊ ကျွန်းလုံးသူဝယ်၊ မှန်ကူမှန်ကင်း၊ တို့ရာစင်း၏၊ တကွင်းစီတည်၊ ခေါင်ငုံ့ရည်သား၊ မျိုးမည်ရွှေလော်၊ငါညီတော်။ ။ထွန်းပေါ်ရောင်ခြည်၊ သို့ချည်းတည်သား၊ ဤသည်ပုဒ်တွင်၊ ထွန်းကိုလျှင်တည့်၊ မြဲးပင်ပယ်သင့်၊ သိစေလင့်လော့။ ။နန်းနှင့်ရွှေပြည်၊ သို့ချည်းတည်သား၊ ဤသည်ပုဒ်တွင်၊ နှင့်ကိုလျှင်တည့်၊ ဆင်ခြင်ကြံတွေး၊ သိတတ်စေလော့။ ။ရိုးစွေလတ်မည်၊ သို့ချည်းတည်သား၊ ဤသည်ပုဒ်တွင်၊ မည်ကိုပင်တည့်၊ သုံးမည်ပယ်သင်ဖြတ်ဟန်၊ သိလင့်တွန်လော့။ ။ပယ်ချန်ဖြတ်သည်၊ ဌီကာနာမ၊ ဤမျှပါဠိ၊ ဂဏ္ဍာတိကို၊ ကျယ်သိလေက၊ အဋ္ဌကထာ၊ ဋီကာတို့ဝယ်၊ ထွေထွေကယ်သား၊ ဓိပ္ပါယ်တို့ကို၊ သို့ချည်းလိုဟု၊ ဘုန်းပျိုညွှန်သစ်၊ ညီချစ်ညက်မွေ့၊ သိတတ်စေ"-ဟူ၍ လာရှိသတည်း။

၆—ဂိုဏ်းရွေးရာ အပေါ်,အခံ,အဆုံး,အသေ,အကွဲ,အကန်း,အနာ,အနေ, အဆိတ်ပယ်ပုံ ကြက်ခြေခတ်ပုံ၊ဂိုဏ်းတွင်း,ဂိုဏ်းပြင်, ဂိုဏ်းဆင့် ယူပုံတို့ကို ပြဆိုချက်

| | အမည် | ဝဏ္ဏ | မတြာ | ဂိုဏ်းအမည် |
|---|---|---|---|---|
| ဂိုဏ်းတွင်း ၉-ပဒယာ | ၁-ပေါ် | တရုပ်ပြည်တွင် | ၁၂၂+ | ယ |
| | ၂-ခံ | သုံးမည်လွှမ်းကျော် | +၂၂၂ | မ |
| | ၃-ဆုံး | လောင်းရှင်တော်လျှင် | ၂၂၂+ | မ |
| | ၄-သေ | မဟော်မည်သာ | +၂၂၂ | မ |
| | ၅-ကွဲ | ဖြစ်သောခါက | ၂၂၂+ | မ |
| | ၆-ကန်း | လကျ်ာစွယ်မြတ် | +၂၂၂ | မ |
| | ၇-နာ | ထားခဲ့မှတ်သား | ၂၂၂+ | မ |
| | ၈-နေ | ပြာသာဒ်နန်းထက် | +၂၂၂ | မ |
| | ၉—ဆိတ် | ဘဝင်မိုးခေါင် | +၂၂၂ | မ |
| ဂိုဏ်းပြင် ၉-ပဒယာ | ၁—ပေါ် | ခြောက်ရောင်အလျှံ | +၂၁၂ | ရ—သုသာန်ခွင် |
| | ၂—ခံ | တောက်ပျံမစဲး | +၂၁၂ | ရ—သန်လျက်ခွင် |
| | ၃—ဆုံး | ရစ်လည်ဝဲသည် | ၁၂၂+ | ယ—တံကျင်ခွင် |
| | ၄—သေ | တက်ကဲးမြင့်ဖြူး | +၂၂၂ | မ—ပြင်ကြက်ခြေ |
| | ၅—ကွဲ | ထွတ်ဘုန်းထူးကို | ၂၂၂+ | မ—ပြင်ကြက်ခြေ |
| | ၆— | အမူးအမော် | +၂၁၂ | ရ—ပြင်ကြက်ခြေ |
| | ၇—နာ | မမြော်ကျိုးပြစ် | +၂၂၂ | မ—ပြင်ကြက်ခြေ |
| | ၈—နေ | စိစစ်မထွက် | +၂၁၂ | ရ—ပြင်ကြက်ခြေ |
| | ၉—ဆိတ် | ပန်းခက်သစ်ညွန့် | +၂၂၂ | မ—ပြင်ကြက်ခြေ |
| ဂိုဏ်းဆင့် ၉-ပဒယာ | ၁—ပေါ် | သက်ကိုခ်န္ရ်ဲ | ၂၂၂+ | မ |
| | ၂—ခံ | ရေးတန့်မသိ | +၂၁၁ | ဘ |
| | ၃—ဆုံး | မည်သိမည်ပြား | ၂၁၂+ | ရ |
| | ၄—သေ | သိကြားနတ်ပေါင်း | +၂၂၂ | မ |
| | ၅—ကွဲ | သိန်းသောင်းခွဲမျှ | ၂၂၂+ | မ |
| | ၆—ကန်း | ဖန်ပါတလည်း | ၂၂၁+ | တ |
| | ၇—နာ | ချမ်းမြငြိမ်းဆွတ် | +၁၂၂ | ယ |
| | ၈—နေ | မပြည့်တတ်သည် | ၁၂၂+ | ယ |
| | ၉—ဆိတ် | ဘယ်နတ်ဖြစ်ကြလေဘိသည်။ | ++၂၁၂++ | ရ |



ပထမော မန္တိနေဗန္ဓေ၊ ပြဒေပြဒေရ၊ ယေ ဘဝတ်။
ဌိတာ အာကာရရှာပါပြီ၊ ဂဏညူ ဝဏ္ဏနေဝုတ္တာ။

ပထမော—ပထမပဒကသည်၊ အန္တိနေဗန္ဓေ-ပဒဆုံးတိုင်အောင်၊ ပြဒေပြဒေရ-ပုဒ်တိုင်း ပုဒ်တိုင်းတို့၌၊ ယေအာဒြိဝဏ္ဏနေ-အကြင်အစဖြစ်သောဝဏ္ဏတို့ကို၊ အာကာရရှာ-ရွေးချယ်ရှာယူလျက်၊ ဌိတာ-တည်အပ်ကုန်သည်၊ ဘဝတ်-၏၊ ဣတိ-သို့၊ ဂဏညူ-ဂိုဏ်းဆရာ တို့သည်၊ ဝုတ္တာ—ဟောအပ်ကုန်၏။

အရင်းကသည် အဆုံးတိုင်အောင် ပဒတိုင်းပဒတိုင်း၌ အကြင်အစအစသောအက္ခရာတို့ကို အကောင်းကိုသာ ရွေးရှာ၍ တည်အပ်၏ဆိုလိုသည်။

ဒုတိယော မန္တိနေဗန္ဓေ၊ ပြဒေပြဒေရ၊ ယံဖလံ။
ယုဇ္ဇတေ အာဒြိသြတ္တိပိ၊ ဒေါ်ရနေကေန ကိံဖလံ။

ဒုတိယော-ကသည်၊ အန္တိနေဗန္ဓေ-အောင်၊ ပြဒေပြဒေရ-တို့၌၊ ယံဖလံ-အကြင်အကျိုးသည်၊ ယုဇ္ဇတေပိ-ယှဉ်လျှင်းမူလည်း၊ အာဒြိသြတ္တိ-အချိအချ၌၊ ဧကေန-တခုသော၊ ဒေါ်ရနေါ်-အပြစ်သည်၊ ယုဇ္ဇတေ-ယှဉ်သည်ရှိသော်၊ ကိံဖလံ-အဘယ်အကျိုးရှိအံ့နည်း။

ဒုတိယကသည် အဆုံးတိုင်အောင် ပဒတိုင်းပဒတိုင်း အကျိုးနှင့်ယှဉ်အောင် ဖွဲ့ထားသော်လည်း အချိအချ၌ အပြစ်မြင်သည်ရှိသော် အကျိုးမရှိတော့ပြီ ဆိုလိုသည်။ ဤဂါထာအရ ပြထားသော တရုပ်ပြည်တွင်အစချီသော ကဗျာသည် အချိနှင့်အချတွင် အပြစ်လွတ်မလွတ် ရွေးလေ။

ကျမ်းပြုဆရာအမည်, စာဆိုခံသောသူ၏အမည်တို့၌ ကြက်ခြေမခတ်စေအပ်၊ ဂိုဏ်းပေါ်ကား ကျမ်းပြုဆရာဘို့၊ ဂိုဏ်းခံကား စာဆိုခံသော သူဘို့၊ မည်ရင်းမလပ် မည်ဖျားတို့၌ မခတ်မိစေအပ် သေအံ့၊ သန်လျက်ကန်းသည်နှင့်တူ၏၊ ဂိုဏ်းဆင့်၌ ခတ်မိမူကား တံကျင်ခတ်သည်နှင့်တူ၏၊ ဂိုဏ်းဆင့်နှင့်သော် ၂၇-လုံးကြက်ခြေတည်း။

ယမာဒိပြဒနေဗန္ဓေ၊ နဝနေ ပြဒနေ ပြုတ္တော။
ဂဏန္တော မန္တိနေ ကန္တံ၊ ပြဒန္တ ရုလာရ မတံ။

ဗန္ဓေ–ဖွဲ့အပ်သော ကဗျာ၌၊ အာဒိပြဒေ–အစတပါဒကသည်၊ နဝဧ–၉ ခုမြောက်ဖြစ်သော၊ ပြဒေ–ပုဒ်တိုင်အောင်ကို၊ ဂဏ္ဌော–ဂိုဏ်းတွင်းဟူ၍၊ မြူတ္တော–၏၊ အန္တိမေ–၉ ပဒအဆုံး၌၊ ဧကံ–တခုသော၊ ယံပဒံ–သည်၊ အတ္ထိ–၏၊ တံပြဒမ္ဘ–ကိုလည်း၊ ဗုဓာ–သုသာနင်ခွင်ဟု၊ မတံ–သိအပ်၏။

ဂိုဏ်းတွင်းမည်ရ ၉–ပဒဟူသည်ကား....ပေါ်,ခံ,ဆုံး,သော၊ ကွဲး,ကန်း,(ပေ)၊နာ, နေ, ဆိတ် ၉–ပဒ။ ။ပေါ်ကစ၍၊ ဆိတ်ထိလေ့၊ စေ့အောင်ဂိုဏ်းထည့်ဖတ်။

ဆိတ် ဟူသည်ကား– ဂိုဏ်းစောင့်နတ်မရှိ ဆိုလိုသည်၊ အစ, အလည်, အဆုံး၌ နပုလ်းဝဏ္ဏတည်မှု ဂိုဏ်းစောင့်နတ်ဆိတ်တည်း။

၉–ပဒစပ်နည်း....ဂိုဏ်းပေါ်နှင့်ဂိုဏ်းခံဝဏ္ဏချင်းမတူအပ်၊ ခံနှင့်ဆုံး မတူအပ်၊ ဆုံးနှင့်သေ မတူအပ်၊ သေနှင့်ကွဲး မတူအပ်၊ ကန်းနှင့်နာ မတူအပ်၊ နာနှင့်နေမတူအပ်၊ နေနှင့်ဆိတ် မတူအပ်။ ။ပ–ဝဏ္ဏကို ပ–ဝဏ္ဏချင်း၊ ဒုကိုဒုချင်း၊ တကိုတချင်း၊ ကြက်ခြေခတ်၍ ဂိုဏ်းနံတော်သည်ကို ကောက်လေ။ ဂိုဏ်းဆိတ်တိုင်အောင်တူအံ့ မရဏာဒေါသ, အလုံးစုံမတူ အက္ခရာတူမှု ဗျာဓိ။

> အာဒိအာဒိစဝဂ္ဂေသု၊ ပဒေပဒေဂဏာရကွေ။
> တံတံဒေဝေ ကုဏ္ဍုပါဒေ၊ ဝေရဏီယဋ္ဌိတာမြူတ္တော။

ဝဏ္ဏ ၄–လုံးရှိသောပုဒ်တိုင်း အစ၌ ကြိယာရှိအံ့ ပုဒ်တိုင်းပုဒ်တိုင်း ကြိယာကို ကြက်ခြေခတ်လျက် ဂိုဏ်းစောင့်နတ်ရှာရာ၏၊ အလယ်၌ ကြိယာ ရှိလျှင်လည်း ကြိယာကို ကြက်ခြေခတ်ပစ်လျက် ဂိုဏ်းစောင့်နတ် ရွေးရာ၏ ဆိုလိုသည်။

> ယံဗန္ဓိကြိယာနောဂုတ်၊ အာဒိဝဏ္ဏေပဒေပဒေ။
> တံတံဒေဝေ ကုဏ္ဍုပါဒေ၊ ဝေရဏီယဋ္ဌိတာမြူတ္တော။

အကြင်ပုဒ်၌ ကြိယာမရှိသော် အစဝဏ္ဏအက္ခရာကို ကြက်ခြေ ခတ်ပစ်လျက် ဂိုဏ်းစောင့်နတ်ရွေးရာ၏၊ အကြင်ပုဒ်၌ ၄–လုံးစုံ ကြိယာမြောက်အံ့ အဆုံးကြိယာ၌ခတ်၊ ၃–လုံးကြိယာမြောက်အံ့ အဆုံး၌ခတ်၊ ၂–လုံး တလုံးသာကြိယာရှိအံ့ ကြိယာရှိရာခတ်၊



ကြိယာ မရှိသည်ဖြစ်အံ့ အစဝဏ္ဏ၌ခတ်။ ။ဤကြက်ခြေသည် ကြိယာကို ပယ်သောကြက်ခြေသာဖြစ်၍ အပြစ်မရှိသော ကြက်ခြေမှတ်လေ။ ဂိုဏ်း ထိပ်၌ ကြိယာထားသည်ကား ကာရိမည်သော ဝဏ္ဏတည်း၊ ဂိုဏ်းဆုံး၌ ကြိယာထားသည်ကား ကာရိယမည်သော ဗန္ဓတည်း။

ဂိုဏ်းစသည်ပြီးပြီ။

တတိယကဏ္ဍ–တတိယပိုင်း ပြီး၏။

---

# တတိယကဏ္ဍ–စတုတ္ထပိုင်း

## ၁–ကဝိကဏ္ဌပါသကျမ်းလာ ကဗျာချီနည်း,ချနည်း ၂၅–မျိုး

၁၊ ထူးဆန်းထွေလာ....မှာ, ၃–ပိုဒ်လုံးပင် အရှည်အတို မညီ အချီ အချ မတူဆိုခြင်း။
၂၊ ညွန့်ရှင်....မှာ, အသတ်ရှိသော စာလုံးဖြင့်သာချခြင်း။
၃၊ ပေါက်ပြ....မှာ, အသတ်ပါသော အက္ခရာ, မပါသောအက္ခရာ အချီအချမှုခြင်း။
၄၊ ငုံဖူး....မှာ, ၍.ဟူသော အက္ခရာမပါ ချီချခြင်း။
၅၊ ပုလဲသွယ်....မှာ, အသတ်နှင့် ၍.ဟူသော အက္ခရာ အချီအချ ပါခြင်း။
၆၊ လည်ကုပ်ချီ....မှာ, ရှေ့ပုဒ်၏ဒုတိယပါဒ၊ တတိယ ပါဒများတွင် တပါးပါးသောပါဒ၌ အက္ခရာကိုဝင်း၊ အဓိပ္ပါယ်ကိုဝင်း၊ လည်ကုပ်တွင်ယူ၍ ချီခြင်း။
၇၊ အဖျားကောက်....မှာ, ရှေ့ပုဒ်၏အချတွင် ပါသောအက္ခရာကိုဝင်း အဓိပ္ပါယ်ကိုဝင်း ယူ၍ ချီချင်း။
၈၊ ရွှေလောင်းပံ့....မှာ, က, ခ, တ, ယ, ပ,ရ,မှ–ဤအက္ခရာတို့ဖြင့် ချီခြင်း–ချခြင်း။
၉၊ သော်တာရောင်....မှာ, အသတ်တူအသံတူ ကာရန်တူ ချခြင်း၊ယင်းသို့ တူညီသော်လည်း ဟု–ဟူ၍ ချသောစမှာ အညွန့်မဲ့၊ စာထင်းမီးစ ဆိုသည်။

၁၀၊ ကကြုဆူးချိ ကကြုဆူးချ... မှာ, သုံးပုဒ်လုံးပင် အချိအချမညီခြင်း။
၁၁၊ နေရောင်ခြည်ပြေး... မှာ, က,တ,ထ–ဟူသော အက္ခရာ တလုံးနှင့် ချခြင်း။
၁၂၊ ဖျောက်ဆိပ်လလယ်....မှာ, ဝဏ္ဏ တလုံး တလုံးအကြားတွင် ပါ၍ အသတ်ရှိသော အက္ခရာဖြင့်သာချခြင်း။
၁၃၊ ညွန့်ဟုံ... မှာ, ဝသတ်အက္ခရာများ၍ ချခြင်း။
၁၄၊ ခိုင်ညွန့်ခက်ဖြာ... မှာ, ၇–လုံးချခြင်း။
၁၅၊ မဏိဆံကျင်... မှာ, ၉–လုံးချခြင်း။
၁၆၊ အာသာဝတီဝဏ္ဏံ... မှာ, ၁၁–လုံးချခြင်း။
၁၇၊ မဏိဦးပြည်း.... မှာ, ၁၅–လုံးချခြင်း။
၁၈၊ ဇော်တခိုင်လုံး... မှာ, ၁၉–လုံးချခြင်း။
၁၉၊ မပြတ်ကေသာ.... မှာ, ၂၅–လုံးချခြင်း။
၂၀၊ ဇမ္ဗူသပြေသီးမှည့်... မှာ, ၃၅–လုံးချခြင်း၊ ထိုထက်အလွန် မချပြီ၊ လွန်သော် ခေါင်းမရှိသော ဗုဇ္ဇန်နှင့်တူသည်ဆိုသည်။
၂၁၊ ချိန်ခွင်လျှာ... မှာ, ပထမပိုဒ်အချရင်းကို တတိယပိုဒ် အဖျားပြု၍ တတိယပိုဒ်အချရင်းကို ပထမပိုဒ်အဖျားပြု၍ ဒုတိယပိုဒ်သာ ထူးစေလျက်ဆိုခြင်း၊ ပထမနှင့် တတိယသံတူချ၍ ဒုတိယမှာ သံကွဲချခြင်း။
၂၂၊ ဘီလူးရယ်....မှာ, သရုပဝဏ္ဏဖြစ်သော အက္ခရာ အသတ် အသံတို့ဖြင့် လှိုးလွှဲပြုခြင်း။
၂၃၊ စာကျိုး....မှာ, င–သတ်နှင့် ည–သတ်၊ တ–သတ်နှင့် ပ–သတ်၊ န–သတ်နှင့် မ–သတ် စပ်ခြင်း ချိခြင်း။
၂၄၊ စာဆန်း....မှာ, ဆိုအပ်ပြီးသော နည်းတို့မှတပါး၊ ထားလိုတိုင်း အက္ခရာဖြင့် ချိခြင်း,ချခြင်း၊ အသတ်အသံ–ကာရန် မညီမညွတ်ခြင်း၊ မလိမ်မာသော သူငယ်တို့ မဖွယ်မရာ မဝိမပြင် ဆိုသော စကားနှင့် တူခြင်း။
၂၅၊ စာထုံး... မှာ, င–သတ်နှင့်ည–သတ်၊တ–သတ်နှင့်ပ–သတ်၊န–သတ်နှင့် မ–သတ် စပ်ခြင်း ချိခြင်း။

ကဝိကဏ္ဍပါသကျမ်းလာ ကဗျာချိနည်း ချနည်း ၂၅–မျိုးကို ပြဆိုချက်ပြီးပြီ။

---



## ၂–ကဝိကဏ္ဍပါသကျမ်းလာ ကဗျာလင်္ကာများမှာ အဆုံးချနည်း ကြိယာ (၆၀) ခေါင်းစဉ်အရေအတွက်ကို ပြဆိုချက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | လျှင် | ၁၆ | တုံ | ၃၁ | တိ | ၄၆ | တုံး |
| ၂ | လျှင်း | ၁၇ | မံ့၊ | ၃၂ | တည်း | ၄၇ | လိမ့် |
| ၃ | မူကား၊ | ၁၈ | သော် | ၃၃ | ချည်း | ၄၈ | တည့် |
| ၄ | ဝယ် | ၁၉ | ခံ့ | ၃၄ | ဟု၊ | ၄၉ | တော့၊ |
| ၅ | သား | ၂၀ | ဘူး | ၃၅ | ခွဲ | ၅၀ | ကား |
| ၆ | တမင့်၊ | ၂၁ | သော၊ | ၃၆ | နည်း | ၅၁ | လော့ |
| ၇ | ချိမ့် | ၂၂ | မူလော | ၃၇ | နိုက် | ၅၂ | ၍ |
| ၈ | ဖြင့် | ၂၃ | ရကား၊ | ၃၈ | လျက်၊ | ၅၃ | သို၊ |
| ၉ | တွင် | ၂၄ | မူ | ၃၉ | ကြောင့် | ၅၄ | မျှ |
| ၁၀ | ၏၊ | ၂၅ | အား | ၄၀ | ထက် | ၅၅ | တို့ |
| ၁၁ | ဝိမ့် | ၂၆ | မှ | ၄၁ | မို့ | ၅၆ | ငှာ |
| ၁၂ | လှည့် | ၂၇ | က၊ | ၄၂ | လည်၊ | ၅၇ | ရှင့်၊ |
| ၁၃ | မည် | ၂၈ | ဋ္ဌ | ၄၃ | စုံ့ | ၅၈ | တမုံ့ |
| ၁၄ | အံ့၊ | ၂၉ | ဆံ့ | ၄၄ | သည် | ၅၉ | နှင့် |
| ၁၅ | လော | ၃၀ | လည်း၊ | ၄၅ | ဝိမ့်၊ | ၆၀ | ကို၊ |

## ၃–၎င်းကြိယာခြောက်ဆယ်ယူဆရေတွက်ပုံမှာ တကျမ်းနှင့်တကျမ်း ဆရာတဦးနှင့်တဦး မညီမညွတ်သည့်အချက်ကိုပြဆိုချက်

(၁) ကဝိကဏ္ဍပါသကျမ်းတွင်– "မဥ္ဇူဘုန်းတော်၊ပွင့်ချိန်မျှော်သည်၊ ဖန်းမေဒ် ခေါင်ထိ၊ တုမရှိသည့်၊ ကဝိကဝေ၊ စောမြူဘော၊ နှုတ်ရေစွလင်္ကာ၊ ကျမ်းနိုက်လာသား၊ နည်းနာနယ၊ ဝိဇ္ဇာရဖြင့်၊သုံးတန်ဆင့်၍၊ ဖွင့်သည့်ကဗျာ၊ ကြိယာတွင်၊ သမာသေန၊ မူလမဇ္ဈေ၊ ကိုသာပေတည့်၊ သံခြေမှုညင်း၊ ကျွန်ုပ်ခင်းဝိမ့်....လျှင်,လျှင်း, မူကား၊ ဝယ်,သား,တမင့်၊ ချိမ့်,ဖြင့်,တွင်,၏၊ ဝိမ့်,လှည့်,မည်,အံ့၊ လော,တုံ,မံ့,တည့်၊ သော်,ခံ့,ဘူး, သော၊ မူလော,ရကား၊ မူ,အား,မှ,က၊ လိမ့်,ဋ္ဌ,တံ့,လည်း၊တိ,တည်း,ချည်း, ဟု၊ ခွဲ,နည်း,ဦ,လျက်၊ ကြောင့်,ထက်,မို့,လည်၊ စုံ့,သည်,ဝိမ့် နှင်၊ တုံး,လိမ့်၊ တည့်,တော့၊ ကား,လော့,ရွှေ,သို၊ မျှ, တို့,ငှာ,ရှင့်၊ တမုံ့, နှင့်ကို....ရှင်ပင်ညွှန်ကြားတော်၊ ထွန်းပေါ်ကျယ်ချဲ့၊ ယှဉ်ခဲ့တတ်တော်မူဘုရား" ဟူ၍ ကြိယာ ၆၀ ရေတွက်ပုံ လာရှိသည်တရပ်။ ။[၎င်းစကားရပ်မှာ–ကဝိကဏ္ဍပါသ ဆရာအလိုပေတည်း]။

လယ်တီမဏ္ဍိုင်–၃၂

(၂) လောကသရဘူစေတီတော်ဒါယကာ-ဟံသာဝတီရောက် မင်းတရားထံ သက္ကရာဇ် ၁၁၁ဝ-တွင် ပထမ ကျော်အောင်စံထား ဆရာတော်ဘုရား ရေးသား ဆက်သွင်းတော်မူသည့် ကဝိလက္ခဏာ ဒေါ်-သဒ္ဒါပရမတ် အဆုံးအဖြတ်ကျမ်းတွင် ကြိယာ ဟူသည်သား-"ကတံ-ပြုအပ်၏၊ ကတော-ပြုအပ်၏၊ ကတာ-ပြုအပ်၏"-ဤသို့ တပစ္စည်းအဆုံးရှိသောကိတ်ပုဒ်။ ။"ဂစ္ဆတိ-သွား၏၊ ဂစ္ဆာမိ-သွား၏၊ ဂစ္ဆသိ-သွား၏၊ ဤသို့တိဝိဘတ်-သိဝိဘတ်အဆုံးရှိသော အာချာတ်ပုဒ်" တို့ကိုဆို၏။

မြန်မာမှု ဝေါဟာရ၌ကား-"၏, တည်း, သည်, သော, ကား" အစရှိသည့် အက္ခရာ အဆုံးရှိသောပုဒ်။ ။ဆရာတို့ ဩဝါဒအားဖြင့်-"လျှင်, လျှင်း,မူ,ကား၊ ဝယ်,သား,တမင့်၊ ချိမ့်,ဖြင့်,တွင်,၏၊ ဝိမ့်,လှည့်,မည်,အံ့၊ လော,တုံ,မှံ,ဩ၊ စံ,သည့်, သော,နှင့်၊ မူလော, ရကား၊ မူ,အား, မှ,က၊ လိမ့်,စွ,တံ့,လည်း၊တိ,ဘိ,ချည်း,ဟု၊ စ,နည်း, နိုက်, လျက်၊ ကြောင့်,ထက်,မို့, လည်၊ သော်,တည်,တည့်,တော့၊ ကား,လော့,၍,သို့၊ မျှ,တို့,ငှာ,ရှင့်၊ တမုံ့,နှင့်,ကို....ရှင်ပင့်ညာဏ်တော်၊ ထွန်းပေါ်ကျယ်ချဲ့၊ ယှဉ်ခဲ့တတ်တော်မူဘုရား" ဟု ဆိုအပ်သော လျှင်-အက္ခရာ, လျှင်း-အက္ခရာ, မူကား-အက္ခရာ, ဝယ်-အက္ခရာ အစရှိသော အဆုံးရှိသည့်ပုဒ်တို့ကိုဆိုသည်၊ မြန်မာမှု ဥဒါဟရဏ်အမြွက်မျှ ဤသို့ သိတော်မူအပ်သည်။

တည်း-ကြိယာမှာ ပါရမီခန်းတွင်-"တံသားထစ်သည်၊ သစ်သစ်ကုံကုံငေတည်း။ ။ထားခဲ့မြို့သည်၊ ငါတို့သုံးလူ့ချစ်ဘတည်း"။

သည်-ကြိယာမှာ မည်းမျှဆော်သည်-ချီတောင်ငူဆို-ရတုတွင်-"တိမ်မြုပ်ဆောက်တည်၊မြီးတော့သည်။ ။တိမ်ပန်းရှက်လည်ဝဲးတော့သည်"။

သော-ကြိယာမှာ ဖြန့်ဝန်းစကြာ ချီ၊ငင်းဆို-ရတုတွင်-"ကျိုက်ခေါ်ကောင်းကင့်ထွတ်တင်သော။ ။မရောက်တောင်းပင့်၊ မှတ်ထင်သော"။

ကား-ကြိယာမှာ-"မယ်သာပြောင်းရစ်စွတကား"။ ။သွယ်ဖြာညောင်းရစ်စွတကား။ ။ဤ ကို မှီးသဖြင့် ကြွင်းသောကြိယာတို့၌ သိအပ်၏။

ထိုကြိယာသည် ကာယကြိယာ,ဝါစာ ကြိယာ, မနကြိယာ ဟူ၍-သုံးပါးအပြားရှိ၏။ ဝိဠကတ်၌ ဥဒါဟရဏ်ကား... ကာယေန-ကိုယ်ဖြင့်၊ ကမ္မံ-ကုသိုလ်,အကုသိုလ် အမှုကို၊ ကရောတိ-ပြု၏၊ ဤသို့ အစရှိသော ကြိယာသည် ကိုယ်ဖြင့်ပြီးခြင်းကြောင့် ကာယကြိယာမည်သတည်း။ ။



ဝါစာယ-နှုတ်ဖြင့်၊ ကမ္မံ-ကို၊ ကရောတိ-၏၊ ဤသို့ အစရှိသော ကြိယာကား နှုတ်ဖြင့် ပြီးခြင်းကြောင့် ဝါစာကြိယာမည်၏။ ။မနသာ-စိတ်ဖြင့်၊ ကမ္မံ-ကို၊ ကရောတိ-၏။ ဤသို့အစရှိသောကြိယာကား စိတ်ဖြင့်ပြီးခြင်းကြောင့် မနကြိယာမည်၏။

မြန်မာမှု၌ ဥဒါဟရဏ် အကျဉ်းအမြွက်မျှကိုကား ဤသို့သိတော်မူရာသည်။ ကာယကြိယာမှာ-"ဗျာဒိတ်သဘင်၊ ထိုပွဲတွင်နိုက်၊ ရှင်ရှင်ပပ၊ ရှင်၏ဘကား၊ အားရ စိတ်ခြေ၊ ထက်ဝယ်နေလျက်" စသည်တည်း။ ။ဝါစာကြိယာမှာ-"မှတ်သားကြလိုက်၊ရှုကုန်ထိုက်လျက်၊ သံမြိုက်ဘိသိက်၊ ပညာစိတ်ဖြင့်....ဗျာဒိတ်နှုတ်တော်ပွက်လတည်း" စသည်တည်း။ ။မနကြိယာမှာ-"မင်းလျာအိပ်မက်၊ မြင်သောထက်လည်း၊ ဆထက်အရာ၊ ရှင်ဘငါကား... ထိုခါလွန်ဝမ်းမြောက်၏တည်း" စသည်တည်း။ ။ဤနည်းကို မှီးသဖြင့် ပျို့ကဗျာဟူသမျှတို့၌ သိတော်မူအပ်သတည်း-ဟူ၍၊ ကြိယာခြောက်ဆယ် ရေတွက်ပုံလာသည် တရပ်။ ။[ငှင်း စကားတရပ်မှာ ပထမ ကျော်အောင်စံထားဆရာတော့်အလိုပေတည်း။]

(၃) စွယ်စုံကျော်ထင်အဖြေကျမ်း ပထမတွဲ-"ကြိယာခြောက်ဆယ်၊ အသွယ်သွယ်၊ အဘယ်ကျမ်းက ထွက်သနည်း" ဟူသော မေးခွန်းပုစ္ဆာအဖြေဝိသဇ္ဇနာတွင် ထိုကြိယာ ခြောက်ဆယ်သည် အဘယ်ကျမ်းက ထွက်သနည်း-ဟူရာ၌ကဗျာလင်္ကာတို့၌ ဂိုဏ်းရွေးဆရာသည် ပြဆိုအပ်သောကဝိကဏ္ဌပါသကျမ်းက ထွက်၏ဟူပေ၊ ငှင်းကျမ်း၌ ကြိယာခြောက်ဆဲ့လေးလုံး-ဟူ၍ ဆိုသည်။ ဤ၌ လင်္ကာဖြစ်၍ စကားပြေပြစ်စိမ့်သောငှာ အစွန်းတခုကို မယူပဲ၊ ကြိယာခြောက်ဆယ်ဟူ၍သာ စပ်လေသည်။

ခြောက်ဆဲ့လေးလုံးဖြစ်ဟန်ကား... အကာရန္တာဒိ-သုံးလုံး၊ ဧကာရန္တာဒိ-သုံးလုံး၊ အဲကာရန္တာဒိ-သုံးလုံး၊ ဥကာရန္တာဒိ-သုံးလုံး၊ ကောရန္တာဒိ-သုံးလုံး၊ ...ရန္တာဒိ-သုံးလုံး၊ ဩ ကာရန္တာဒိ-သုံးလုံး၊ အက် ကာရန္တာဒိ-သုံးလုံး၊ အင်ကာရန္တာဒိ-ကိုးလုံး၊ အစ်ကာရန္တာဒိ-တလုံး၊ ဖွင့်၍ ရွတ်အပ်သော ဉ သတ်-ဉ သတ်-အဉ်ကာရန္တာဒိ-သုံးလုံး၊ ဝိဘတ်၍ ရွတ်အပ်သော ည သတ်-အည်ကာရန္တာဒိ-လုံးလုံး၊ နသတ်-အန်ကာရန္တာဒိ-သုံးလုံး၊ တ သတ်-အတ်ကာရန္တာဒိ-သုံးလုံး၊ မသတ်-အမ်ကာရန္တာဒိ-ကိုးလုံး၊ ပ သတ်-အပ်ကာရန္တာဒိ-သုံးလုံးအားဖြင့် ဤအလုံးစုံသောကာရန္တာဒိ-ကိုးလုံး၊ အိုကာရန္တာဒိ-သုံးလုံး၊

ကာရန်တဆဲ့ခြောက်ရပ်ကိုပေါင်းသော် ခြောက်ဆဲ့လေးလုံးရသတည်း။ သေးသေးတင်နှင့် မသတ်သည် သဘောတူဖြစ်သောကြောင့် အံ ကာရန္တာဒိ ကိုးလုံးကို အသီးမယူသည်။ ယ သတ်နှင့် နောက်ပစ်လည်း သဘောတူဖြစ်၍ အယ်ကာရန္တာဒိ သုံးလုံးကို မယူသည်။ ဤတဆဲ့ခြောက်ရပ်သော ကာရန်တို့တွင်–

"အကာရန်ဖြင့် ရတုချနည်းကား....စိတ်ဇောကြည်ဝမ်း၊မြတ်ရာလှမ်းသည်....ရေချမ်းသွန်းကြ-သည်ကာလ။ ။ဗျာပ ါလည်းကောင်း၊ထပ်ပြန်လောင်းသည်... ချမ်းဆောင်းဟေမ-ရှည်ကြာရ။ ။မှတ်ရှည်လျက်ပေ၊လွမ်းလျက်နေသည်....သရေခေတ္တ ပြည်သာက။ ။[ဤကား အကာရန်နှင့်ယှဉ်၍ ချသောကြိယာ၊ မင်းနုဝဒေးစာ။]

"အာကာရန်"ဖြင့် ရတုချနည်းကား....သံချို ထွေပြား၊ ပေးလိုက်ကြားသည်....ဆောင်းပ ါးလက်ာ-ဘမင်းစာ။ ။ပုံချနည်းညွှန်း၊ နှုတ်ရောင်ထွန်းသည်....တက်ဆန်းပမာ-လနှင့်သာ။ ။ထိုဟန်မယွက်၊စီးပွားတက်သည်....တောင်ထက်အသာ-ဆမြင့်ရာ။ ။[ဤကား အာကာရန်နှင့်ယှဉ်၍ချသော ကြိယာ၊ ဘိုးခေါင်မင်းဆို-စာ။]

"အားကာရန်"ဖြင့် ရတုချနည်းကား....ကျစ်လစ်စေ့စုံ၊စေမှုကုံသည်၊ ကျွန်ယုံကျေးသား-တင်လေ့နား။ ။နောင်ချည်းစုံမက်၊ မခေါက်ရက်သည်... သည်ထက် ဆပွား-ကြည်သောအား။ ။မည်သူမဖော်၊ ပြည်ထက်ကျော်သည်... ရှင်တော်တကား-ရှင်တော်အား။ ။[ဤကား အားကာရန်နှင့်ယှဉ်၍ချသော ကြိယာ၊ ထောင်သင်းမှူးဆို စာ။ ။ဤနည်းကိုမှီး၍ ကြွင်းသောကြိယာတို့ကိုလည်း သိအပ်သတည်း။]

ထိုကာရန် ကြိယာတို့နှင့်ယှဉ်၍ ချသောဗျည်းကား အံအက္ခရာကိုချန်လှပ်၍ သုံးဆဲ့နှစ်လုံးတည်း။ ထိုတွင် ယယှဉ်သင့်သော ဗျည်းရှစ်လုံး၊ ဝ ယှဉ်သင့်သောဗျည်း သုံးဆဲ့တလုံး၊ ယ,ဝ အစုံယှဉ်သင့်သော ဗျည်းဆယ်လုံး၊ ဟ ယှဉ်သောဗျည်း ကိုးလုံး၊ ယ-ဟ ယှဉ်သင့်သော ဗျည်းနှစ်လုံးအားဖြင့် ဤအပြားကိုပင် ယထာရဟ ယှဉ်ဖက်ရာ၏-ဟူ၍၊ ကြိယာ ခြောက်ဆဲ့လေး ရေတွက်ပုံ လာရှိသည်တရပ်။ ။၎င်း စကားရပ်မှာ ကျီးသဲးဆရာတော် အလိုပေတည်း။]



(၄) ကဝိလက္ခဏာ ဒီပနီကျမ်းတွင်– "ရတုချသွယ်၊ အသွယ်သွယ်၊ ခြောက်ဆယ်ကြိယာ" ဟူသည်ကား....ရတု-ကဗျာ-စပ်ဆို စီကုံးရာ၌ အဆုံးသတ် ချရမည့် ကြိယာပေါင်း ခြောက်ဆယ်ရှိသည် ဆိုလိုသည်။ ဤ၌ ရှေးပညာရှိ ကဝိသူမြတ်တို့ စပ်ဆိုထုံးများကိုထောက်၍ မှတ်သားရမည် ဖြစ်သောကြောင့် ပညာရှိတို့ စပ်ဆိုရေးသားကြသည့် ရတုများကို ကြည့်ရှုကောက်နုတ်ရာ ရတုချဘွယ် ကြိယာ ခြောက်ဆယ်ရှိသည်၊ ကဝိကဏ္ဌပါသကျမ်းတွင်လည်း ကြိယာခြောက်ဆယ်ကို လက်ာနှင့် ဆိုလျက်ရှိသည်။

ကြိယာဟူသည် မာဂဓဘာသာ ကြိယာ, မြန်မာဘာသာ ကြိယာအားဖြင့် နှစ်ပါးတည်း။ ထို နှစ်ပါးတို့တွင် မာဂဓဘာသာ ကြိယာမှာ–အာချာတ်ကြိယာ, ကိတ်ကြိယာစသည်ဖြင့် ကျမ်းဂန်ထွက်ရှိသော်လည်း ဤ၌ မာဂဓဘာသာ ကြိယာကိုမလို၊ မြန်မာဘာသာကြိယာကို ပြသောအရာဖြစ်၍ အကျယ်မရေးပြီ။ မြန်မာဘာသာကြိယာမှာ ယခင်ဆိုခဲ့ပြီးသည့်အတိုင်း ခြောက်ဆယ်ကောက်နုတ် ထွက်ရှိသည်ကို ရှေးဆရာကြီးတို့ ဂရုပဒေသ, နယူပဒေသ, နယဂ္ဂါဟဖြစ်၍ စပ်ထုံးစပ်နည်းနှင့်တကွ သိမှတ်လိမ္မာစေခြင်းငှာ အမြွက်မျှ ပြဆိုပေအံ့။

"မဉ္ဇူဘုန်းခတော်။လ။ယှဉ်ခဲ့တတ်တော်မူဘုရား"– ဤကား-ကဝိကဏ္ဌပါသကျမ်းလာ ကြိယာ ခြောက်ဆယ် သရုပ်တည်း။

ဤကဝိကဏ္ဌပါသလက်ာအရ ခြောက်ဆယ်ကြိယာ၏ သရုပ်ကို ရှေးဦးစွာ မှတ်သားသိလင့်ပြီးမှ...."လျှင်"ဟူသော ကြိယာဖြင့် စပ်ဆိုထုံးကား–ဝက်ဘာလျှင် အစချီသည့် ပဲခူးမိဖုရားဆို-ရတုတွင် "ဘုရားမြတ်စောရာမလျှင်" ဟု စပ်ဆိုသည်။ ။"လျှင်း"ဟူသော ကြိယာ၏ စပ်ဆိုထုံးကား–ပဒေသရာဇာဆို-ယိုးဒယား သံရောက်ပျို့တွင်-"ဆထက်ထူးပြား၊ ပေးသနားသည်... လားလားအခင်း၊ မပြေလျှင်း"ဟု စပ်ဆိုသည်။ "မှုကား"ဟူသော ကြိယာ၏ စပ်ဆိုထုံးကား–ရည်သန် လေး၍ ချီ-ရှင်မဟာသီလဝံသဆို-ရတုတွင် "ပစ်ဥ္ပါထွေရတိ မှုကား–"ဟု စပ်ဆိုသည်။ ဤသို့ စသည်ဖြင့် ကြိယာ၏ စပ်ထုံးများကို စေ့ငုအောင် ထုတ်ဆို ရေးသားရလျှင် ကျယ်လွန်းအံ့စိုး၍ နည်းရရုံမျှ ပြလိုက်သည်ဟူ၍၊ ကြိယာ ခြောက်ဆယ် ရေတွက်ပုံကို ကဝိကဏ္ဌပါသ ကျမ်းအတိုင်း ပြဆိုလာရှိသည့်တရပ်။၎င်းစကားရပ်မှာ နိုင်ငံခြားဝန်ထောက်မင်း အလိုပေတည်း။

သည်ကဲ့သို့ ကဝိကဏ္ဌပါသကျမ်းလာ ကြိယာသရုပ် အရေအတွက် ခြောက်ဆယ်၊ ကျော်အောင်စံထား ဆရာတော်ဘုရား ရေးသားတော်မူသော သဒ္ဒါပရမတ် အဆုံးအဖြတ်ကျမ်းလာ ကြိယာသရုပ်အရေအတွက် ခြောက်ဆယ်၊ စွယ်စုံကျော်ထင် အဖြေကျမ်းလာ ကြိယာသရုပ် အရေအတွက် ခြောက်ဆဲ့လေး၊ နိုင်ငံခြားဝန်ထောက်တော်မင်း စီရင်သည့် ကဝိလက္ခဏာ ဒီပနီကျမ်းလာ ကြိယာသရုပ် အရေအတွက် ခြောက်ဆယ်၊ အသီးအသီး ထွက်ရှိ ကြိယာသရုပ် ရေတွက်ပုံ ကျမ်းဆရာ တဦးနှင့်တဦး မညီမညွတ် ချွတ်ယွင်းတိမ်းယိမ်း ရှိကြသည်ဖြစ်၍ ဆေးကြောစိစစ်ဆေး စစ်ဆေးကျည့်ရှု ဆင်ခြင်ရာ ကဝိလက္ခဏာဒီပနီကျမ်းမှာ ကဝိကဏ္ဌပါသကျမ်းကို ကိုးကားထုတ်နုတ် ထည့်သွင်းသည့်အတိုင်း ကျမ်း ၂ ရပ် ထပ်တူညီမျှ တပြေးညီစွာ ရှိသည်ကို တွေ့မြင်ရသည် တကြောင်း၊ သဒ္ဒါပရမတ် အဆုံးအဖြတ် ကျမ်းလာ ကြိယာသရုပ် ရေတွက်ပုံသည် အောက်မှာ ဖော်ပြလျက်ရှိသည့်အတိုင်း အနည်းငယ် တိမ်းယိမ်းသော်လည်း ကြိယာ အရေအတွက်မှာ ကဝိကဏ္ဌပါသကျမ်းနှင့်အညီ ခြောက်ဆယ်ပင် တွေ့မြင်ရသည်တကြောင်း။

| ကဝိကဏ္ဌပါသ ကျမ်းထွက် | သဒ္ဒါပရမတ် အဆုံးအဖြတ်ထွက် | အကြောင်းအရာ |
|---|---|---|
| သော် .... | | |
| ခံ့ .... | သြ .... | ဎင်း ၇-ချက် ကွဲသော်လည်းအခြား ၅၃-ချက်မှာတူညီသည်။ |
| ဘူး .... | စံ့ .... | |
| ခဲ့ .... | သည် .... | |
| တည်း .... | စ .... | |
| ခံ့ .... | ဘိ .... | |
| သည် .... | သော် .... | |
| | တည် .... | |

ကိုယ်တိုင် တွေ့မြင် ကြည့်ရှုရသည့် ကဝိကဏ္ဌပါသကျမ်း စာကိုယ်ပုရပိုက်မူ-ပေမူ များမှာလည်း ကြိယာခြောက်ဆဲ့လေးဟူ၍ မတွေ့မြင်ရ၊ ခြောက်ဆယ်-ခြောက်ဆယ်-ဟီသာ တွေ့မြင်ရသည် တကြောင်းများကြောင့် ဤကဗျာဗန္ဓသာရကျမ်းမှာ ကဝိကဏ္ဌပါသကျမ်းလာ ကြိယာခြောက်ဆယ်သရုပ် အရေအတွက်ကို ထည့်သွင်းလိုက်သတည်း။



ဎင်းကြိယာချပုံစပ်ဆိုထုံး စာကိုယ်များကို ကဝိကဏ္ဌပါသကျမ်းမှာလည်း မဖော်မပြမပါမရှိ၊ ကျော်အောင်စံထား ဆရာတော်, ကျီးသဲဆရာတော်, နိုင်ငံခြား ဝန်ထောက်မင်းတို့လည်း စေ့စုံစွာ မပြမဆို၊ အနည်းငယ်-အနည်းငယ်စီမျှ ပြဆိုတော်မူကြသည့် အရာကို တွေ့မြင်ရသည်ဖြစ်သောကြောင့် ဤ ကဗျာဗန္ဓသာရကျမ်းတွင် ကြိယာခြောက်ဆယ်အတိုင်း အဆုံးချသည့်စာကိုယ်များကို ကြည့်ရှုနိုင်သမျှ ကဗျာများက ရရှိသရွေ့ ကောက်နုတ်ထည့်သွင်း ပြဆိုလိုက်သတည်း။

### ၄-ဎင်းကြိယာ ခြောက်ဆယ်ချပုံ စာကိုယ်များကို **ကောက်ယူ** ရှာဖွေထုတ်နုတ်ပြဆိုချက်

၁၊ လျှင်....မှာ, ဝက်ဘာလျှင် အစရှိသည့်၊ ပဲခူးမိဖုရားဆိုရတုတွင် "ဘုရားမြတ်စောရာမလျှင်" ဟု စပ်ဆိုကြောင်းနှင့် ကဝိလက္ခဏာ ဒီပနီတွင် ပြသည်၊ လျှင်-ချသော **ရတု**စာကိုယ်ကို မတွေ့ရချေ။

၂၊ လျှင်း...မှာ, ဆထက်ထူးပြား၊ ပေးသနားသည်၊လားလားအခင်း မပြေလျှင်း။ ။[ဟံသာဝတီရောက် မင်းတရားလက်ထက် ဝန်းကြီး ပဒေသရာဇာဆို-ယိုးဒယား သံရောက်ပျို။]

၃၊ မူကား....မှာ, ပစ်ခွါတွေ့ရဘိမူကား။ ။[ရှင်မဟာသီလဝံသဆိုရည်သန်လေး၍ချီ ရတု။]

၄၊ ဝယ်...မှာ, မတွေ့သေး။

၅၊ သား....မှာ, "ဓမ္မရေခြင်းရာ၊ လူတကာအား၊ ရေးနည်းများကို၊ မှတ်သားစေလို၊ လင်္ကာဆိုသည်....လူပိုလ်အများ၊မြဲမှတ်သား"။

[ဎင်းလင်္ကာရေးသည့် ဆရာမှာ မည်သူရေးသည်ဟု မသိသော်လည်း ညောင်ဦး ရွှေမင်းဝံတိုက် ဦးကေလာသဘ ကိုယ်တော် ကောက်နုတ် ထုတ်ပေးသော (လေကိန်းဟော လင်္ကာ) ဂဏန်းရေးနည်း လင်္ကာဖြစ်သည်။]

၆၊ တမင့်....မှာ, သုံးနှစ်လည်တောင်း၊ ကျည်ပွေ့ ပေါင်းသည်... ။[သုံးလွန်းတင် ရွက်ညောင်း ပေါက်သော်သာတမင့်။ ရေးနည်းလင်္ကာ]။

၇၊ ခြိမ့်....မှာ, ထိုမှတဖြာ၊ တိုင်ဖျားမှာကား၊ ငါးလုံးနက္ခတ်၊ မှတ်လေ့တရေး၊ တဆဲ့လေးလုံး၊ နှစ်ဆဲ့ သုံးဟည့်၊ ကြံ သည့်ရှိသော်၊ တန်ဘိမယွင်း၊ ဝါယော သွင်းသည်... လေပြင်းလာလိမ့်-တခြိမ့်ခြိမ့်။ ။[ဇင်းလက်ာရေးသည့် ဆရာမှာ မည်သူရေးသည်ဟု မသိသော်လည်း ညောင်ဦး ရွှေမင်းဝံတိုက် ဦးကေလာသဘကိုယ်တော် ဟောက်နုတ် ထုတ်ပေးသော လေကိန်းဟောလက်ာ]။

၈၊ မြင့်....မှာ, မတွေ့သေး။

၉၊ တွင်....မှာ, ကျေးသားတမန်၊ ကြည့်ပြန်ပါချေ၊ မယ်ကစေသည်၊ ချုပ်နေရောင်တင်-သည်ညတွင်။ ။[တောင်ငူဆို - ခုနစ် တောင်စွန် အစချီသည့် ရတု]။

၁၀၊ ၏....မှာ, ပညာရှိတို့၊ ကျမ်းသိ မြတ်ဖျား၊ ဆိုသည် များကို၊ မှတ်သားညီစွာ၊ တောင်းဇာတာကို....အခါညီစေချင်လှ ၏။ ။[နဝဒေးကြီးဆို-လျှောက်ပါသည်လည်းအစချီသည့် ရတု။]

၁၁၊ ပိမ့်...မှာ, မတွေ့သေး။

၁၂၊ လှည့်...မှာ,ထပ်လောင်းကဲဆင့်၊ နှောင်ဘုန်းမြင့်ကြောင့်၊ မဖွင့် နှလုံး၊ မရွှင်ပြုံးသည်....လွမ်းဆုံး တိုင်၏ – လျှောက်ပါ လှည့်။ ။[ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားသမီး တော်-အငယ် ဆို-လွမ်းလွ ကဲ့သည့် အစချီသည့်ရတု]။

၁၃၊ မည်...မှာ, မြင်ခဲ့သော်မူ၊ ညှိုးငျော် ပိန်းဖြဲ၊ ဧရှမှတ် သွတ် သည်၊ကြာညွတ်ကဲ့သို့-ခွေလိမ့်မည်။ ။[နဝဒေးဆို နဂါး စက်ဦး အစချီသည့်ရတု]။ ။နေရောင်ကာတွင်၊ မိုးရေ တင်သည့်... ထမ်းစင်ဆွေးပလေတော့မည်။ ။ဆွေမော် လွန်းကျင်၊ မွဲသခင်သည်....ချမ်းလျှင် ကွေးပလေတော့ မည်။ ။[မနော်ဟာရရေးနည်း ရတု။]

၁၄၊ အံ့...မှာ, သားများကျင့်နည်း၊ တန္တန်းတည်းလျှင်၊ စောင့်စည်း တည်တံ့-ကျင့်စေအံ့။ ။[၉-ခန်းပျို။]

၁၅၊ လော...မှာ, သရေခေတ္တ၊ ပြည်မရပ်သူ၊ လှမှန်ကူကို၊ လက်ယာ လှမ်းကာ-မှီအံ့လော။ ။[နဝဒေးဆို-ဧရာဝတီအစချီသည့် ရတု]။



၁၆၊ တုံ...မှာ, မချန် မြမြ၊ ဝန်းလှာ ပြသည် ... သည်မျှ နှင့် သာ-တန်စေတုံ။ ။[တောင်ငူမင်းနတ်သျှင်နောင် ဆို-တပေါင်း ကစင်-အစချီသည့် ရတု။]

၁၇၊ မုံ...မှာ, မတွေ့သေး။

၁၈၊ သော်....မှာ, ဆောင်းပါးဖွင့်ပေ၊ ဆယ်လာ စေသည်...ငုံပြေ ခွဲပြာနွယ်ပန်းတော်.... ဆုံပေကြိမာရွယ်မှန်းသော်။ ။[လေခဝုမ္မိကျမ်းထွက်ကိုယ်တွင်းပြည့် ကေပိုဒ်ရတု။]

၁၉၊ ခံ့...မှာ, မတွေ့သေး။

၂၀၊ ဘူး....မှာ, မောင်ဇာလီ ကို၊ ယှဉ်မှီ လက်တွဲ၊ ဆွဲးစလျက်သာ၊ နောက်တော်ပါလိမ့်....ပစ်ခွါမယ် မနေရစ်ဖူး။ ။[တွင်း သင်းမင်း ဆို-ဝေဿန္တရာပျို]။ ။သည့်ထက် ကြာလည်း၊ ဖျာပါပြန့်ကြွယ်၊ ပြေမပြယ်သည်....သည့်နှယ်မလွမ်းသေ စဖူး။ ။[နဝဒေး ဆို-ဖြေတော့သာ-အစချီသည့်ရတု။]

၂၁၊ သော....မှာ, ချစ်နေမြတ်လေး၊ဖြည့်ဆုပေးက၊ ကြီရေးမဲ့တောင်း၊ ဆင့်ပြန် လောင်းသည် .... ဆင်ပေါင်း ပေါင်းဆု ရည် ညွှန် သော။ ။[နဝဒေး ဆို-ရက်သန်နှောင်းလျှင်,အစချီ သည့် ရတု။]

၂၂၊ မူလော...မှာ, မတွေ့သေး။

၂၃၊ ရကား....မှာ, ပုဏ္ဏားဒဏ်ချက်၊ လှန်ကန် ထက်လျှင်၊ ဆထက် ဆယ်ရာ၊ မကာသာသည်... ဗျာပါတိုးတက်-လွန်ရကား။ [တွင်းသင်းမင်း ဆို-ဝေဿန္တရာပျို။]

၂၄၊ မူ...မှာ, မွှေပေါင်း ခတ်ပုံ၊ စည်းခံ့ ဘုရား၊ ကိုယ်တိုင် သွား ၍....ချောက်ချားစေရတတ်ဖိမူ။ ။[ရှင်မဟာရဋ္ဌသာရ ဆို-အရည်ဝါသီ အစချီသည့် ရတု။]

၂၅၊ အား....မှာ, ဝါစာဝိယ၊ မြွက်ဟဖြည်းညှင်း၊ ပြောဆိုခြင်းသည်၊ အရင်းကြီးမား၊ လူတို့အား။ [စိန္တကျော်သူဆို ဩဝါဒ ထူးပျို]။

၂၆၊ မှ...မှာ, ဝင်းဝင်း လျှံတောက်၊ အခါ ရောက်က၊ ဝိတောက် ရွှေရည်၊ မြော်ရသည်လည်း... နွှေလည်မှ။ [နဝဒေး ဆို-သူမထိုက်သည်-အစချီသည့် ရတု]။ ။တင့်ရည်းခေါက် ရက်၊သခင်လက်နှင့်၊ စုံမက်မြတ်လေး၊ ကုံး၍ပေးသည်...

ကြိုင်မွှေးပျံ့ဆုံး၊ ဂမုန်းမဥ္ဇူနှယ်ကိုမှ။ ။[သုဝဏ္ဏလိပ်
ရေးနည်း ရတု]။
၂၇၊ က…မှာ, မိုလ-လမည်၊ ချောက်မိ သည်ကြောင့်၊ မှတ်ရည်
လင့်ထွေ၊ လွမ်းလျက် နေသည်….သရေခေတ္တ-ပြည်သာ
က။ ။[ထောင် သင်းမှူး ဆို-သရေခေတ္တ ပြည်သာက
အစချီသည့်ရတု။]
၂၈၊ စွ….မှာ, စန္ဒာနုမော်၊ စွယ်အံ့တော်ကို၊ စိုက်ခေါ် ရှင်ဝမ်း၊စိတ်ပ
မွှမ်းသည်….ရူးစမ်းစေစ-စွန့်စားစွ။ ။[ရှင်မဟာသီလ
ဝံသဆို ရူးစမ်းစေ၍ အစချီသည့် ကေပိုဒ်ရတု]။ ။ကျွန်ုပ်
မူကား၊တရှူဆတက်၊ နောင်ကြင်ဘက်ကြောင့်၊ လွမ်းလျက်
လွမ်းလွန်၊ လွမ်းလျောက်လွန်သည်….လွမ်းလွန်လွမ်းလှ၊
လွမ်းလှည့်စွ။ ။[လေခဝုန်ကျမ်းထွက် ကေပိုဒ်ရတု။]
၂၉၊ တံ့….မှာ, နည်းမရသီး၊ ပျော်မငြီးမူ၊ကြီးစပါကာ၊ မလိမ္မာသည့်-
ဝါကားဘယ်နှံ့-ကျွတ်လတ္တံ့။ ။[ရှင်မဟာရဋ္ဌသာရဆို-
စတုဓမ္မသာရပျို့။]
၃၀၊ လည်း….မှာ, ဗေဒင်စက်စွန်း၊ မြိတ္တပန်းနှင့်၊ ရွှင်လန်းကြည်ဖြူ၊
ချောက်ဆုယူသည်….ဆာပူငြိမ်းမှုပင်ကိုလည်း။ ။[စစ်
ကိုင်းမင်းသမီးခေါ် စာဆိုတော် မယ်ထွားဆို-ရှစ်စုံထိုးဖြူ
အစချီသည့် အဖြည့်ခံရတု။]
၃၁၊ တိ….မှာ, မတွေ့သေး။
၃၂၊ တည်း….မှာ, ယုဂန်ခန်းဝါ၊ ကောင်းကင်မှာနိုက်၊ အာကာသ
ဓာတ်၊ နတ်နှင့်ပြည့်ညီ၊ မလွန်ငြိပဲ….ဆိုညီပိုးစိုးဝါးဝါး
တည်း။ ။[ရှင်မဟာသီလဝံသဆို-ဆုတောင်းခန်းပျို့။]
၃၃၊ ချည်း….မှာ, ရိပ်မြို့ရွှင်ဖြိုး၊လွမ်းစိုးညွတ်ချွေ၊ ချမ်းလေသည်လော၊
အိမ်နေချွေနည်း-သခင်ချည်း။ ။[နဝဒေးဆို-မည့်ခေါ်
ဝသန် အစချီသည့်ရတု။]
၃၄၊ ဟု….မှာ, မတွေ့သေး။
၃၅၊ ခဲ့….မှာ, လှတုကျွန်းသား၊ သုံးခန်းခေတ္တ၊ စံတိုင်းပသည်….ရှင်
ယျက်ိုသာ လွမ်းမိခဲ့။ ။[လောကသရဘူ စေတီတော်
ဒါယကာ မင်းတရား ဟံသာဝတီသို့ ရောက်သည့်နောက်



တလိုင်းမင်းတို့က မဖျောက်မဖျက်မိ စပ်ဆို စီကုံးသည့်
ပုဂ္ဂိုလ်ခြောက်မည် အစချီသည့် ရတု။]
၃၆၊ နည်း….မှာ, လွမ်းရှိန်ကြည်းလျက်၊ မဲ့ချည်းစားမြို၊ စားတော်ချို
သည်….ဘယ်သို့စားခြင်းစားရုံနည်း။ ။[ရှင်မဟာရဋ္ဌ
သာရဆို-စတုဓမ္မသာရပျို့။]
၃၇၊ နိုက်….မှာ, မတွေ့သေး။
၃၈၊ လျက်…မှာ, မတွေ့သေး။
၃၉၊ ကြောင့်….မှာ, ချစ်ခြင်းရာကို၊ မိန့်မှာသံမြ၊ နှုတ်မဟသည်….
စိုးရလေသည်ရှိသောကြောင့်။ ။[နဝဒေးဆို-တန်းဆောင်
မုန်းလျှင် အစချီသည့် ရတု။]
၄၀၊ ထက်…မှာ, မတွေ့သေး။
၄၁၊ မို့….မှာ, မတွေ့သေး။
၄၂၊ လည်….မှာ, ဖြူလှန္တိရှင်း၊ လူ့မှန်ကင်းနှင့်၊ မယွင်းနှစ်ရာ၊ ထပ်
ထပ်သာသည်-အာကာတရှည့်-စင်ကိုလည်။ ။[တောင်ငူ
မင်း နတ်သျှင်နောင် ဆို-ကိုးတွေမျက်လည် အစချီသည့်
ရတု။]
၄၃၊ စုံ….မှာ, ခဲးစွာမြို့ဟု၊ ငါတို့ရှင်စော၊ နှုတ်တော်ပြောသည်….
သဘောတည်ဖုံ-မတည်စုံ။ ။[သုဝဏ္ဏသာမ သစ္စာခန်း။
ပန်းတကာသည်….လက်ျာသည့်နှယ်ရစ်-ဖူးစုံ။ ။ငပြေ
တက်သက် ရတု။]
၄၄၊ သည်…မှာ, ပြန်ခေါက်ပြောင်းလည်၊အလွမ်းဆည်ခဲ့၊ သက်ကြည်
မေတ္တာ၊ မောင့်သစ္စာသည်….သက်သာလက်ဆောင်ဖြစ်
တော့သည်။ ။[နဝဒေးဆို-သက်နှင့်မျှမည် အစချီသည့်
ရတု။]
၄၅၊ စိမ့်….မှာ, တစုတပြား၊ လင်နှင့်သားတို့၊ သွားသည့် လမ်းကြီး၊
မဂ်ခရီးဘို… ယှဉ်မှီးလိုက်ချိမ့်-ဖူးရစိမ့်။ ။[ရှင်မဟာရဋ္ဌ
သာရဆို-စတုဓမ္မသာရပျို့ ပုဏ္ဏေးမခန်း။
၄၆၊ တုံး…မှာ, တက်လျှမ်းပြည့်အန်၊ ပညာလွန်၍၊ ဂုဏ်မာန်မောက်
မောက်၊ မြောက်တို့သလော၊ သဘောသက်စွန့်၊ ဘယ်သို့
ခန့်၍… ကြောက်လန့်ရွံ့မစိုးတုံး။ ။[တွင်းသင်းမင်းဆို
ဝိဓူရပျို့။]

၄၇၊ လိမ့်….မှာ, ချစ်မှုခွါ၍၊ တောသာမြေနန်း၊ မင်ဂိုလ် ခန်းဝယ်၊ ရဟန်းပြုပိမ့်-ပြုလျှင်းလိမ့်။ ။[ရှင်မဟာရဋ္ဌသာရ စပ်ဆိုသည့် စတုဓမ္မသာရပျို့။]

၄၈၊ တည့်…မှာ, မိဆွေမောင်တို့၊ ပူလောင်ကွဲပြို၊ ခြင်းရာဆို၍…ငိုသော်အခန်း-တွင်၍တည့်။ ။[သုဝဏ္ဏသာမ သစ္စာခန်း။]

၄၉၊ တော့…မှာ, နှိပ်စက်မပူ၊ လွယ်ဘကူဖြင့်၊ ယူ၍မျက်မှောက်၊ ရှင်ထံရောက်၏… ဝမ်းမြောက်ရှင်တော် မူးလှည့်တော့။ ။[တွင်းသင်းမင်းဆို-ဝိဓူရပျို့။]

၅၀၊ ကား….မှာ, စောင့်သစ္စာနှင့်၊ သာသနာတမ်းခွန်၊ နေ့ရက်ဖန်သည်၊ အမှန်ဆောက်တော့မည်ကိုကား။ ။[ရှင်မဟာရဋ္ဌသာရဆို-ကိုယ်ရည်သွေးရတု]။ ။ချစ်စဖွယ်လျှင်၊ နုနယ်ထွတ်ဝင်း၊ ပြစ်မျိုးကင်းသည် …. ရှင်းရှင်းကြော့ကြော့-ဆိုကိုကား။ ။[မောင်ပုဆို-မာဃနတ်ရှင် အစချီသည့်ရတု]။

၅၁၊ လော့….မှာ, ရွှေနန်းမြင့်ထက်၊ သက်နှင့်အတူ၊ တို့မွေးမြူအံ့…ပြာဖြူမျက်ပွင့်၊ မစိုးလင့်လော့။ ။[တွင်းသင်းမင်း ဆို-ဝေဿန္တရာပျို့]။ ။ဂိမှန်သန်ဆောင်း၊ချောင်းချောင်းခေါ်ကာလရှည်တင့်၊ မျိုးမြတ်မြင့်သည်….လွမ်းလင့်လွန်လှည့်လေ လိမ့်လော့။ ။[ပုလဲးတကန့် သန္တာတကန့် ကော်ဗိဒ်ရတု။]

၅၂၊ ၍….မှာ, ဆင့်ဆင့်ဝန်းဝန်း၊ တန္တန်းန္တန်းတည့်၊ထိပ်စွန်းရှင်လန်း၊ တင်ပြဋ္ဌာန်းသည် … ရှိပန်းလက်မံ့-ဆင်ပြီး၍။ ။[ဝက်မစွတ်မြို့စား နဝဒေး ဆို-သာမုဒြိကမော်ကွန်း။]

၅၃၊ သို့…မှာ, လျှပ်တိတောင်မြောက်၊ ရွှေနောက်တင်မှတ်၊ စက်ခြည်လွှတ်သည်….နတ်လည်းလွမ်းဘော်ညို၏သို့။ ။[တောင်ငူမင်း နတ်သျှင်နောင် ဆို-တာရက်လကိုအစချီသည့် ရတု။]

၅၄၊ မျှ….မှာ, ပွင့်သစ်မဥ္ဇူ၊ မည်သို့ဟူက၊ မတူလက်နက်၊ ထားလေးဖက်သည်….မပွက်ဟပြ-အသံမျှ။ ။[ထောင်သင်းမင်းဆို-တသွန်းစိုးဆောင်-အစချီသည့်ရတု။]

၅၅၊ တို့…မှာ, မတွေ့သေး။

၅၆၊ ငှာ…မှာ, မတွေ့သေး။



၅၇၊ ရှင့်…မှာ, သနားရှုကာ၊ ကရုဏာဖြင့်၊ စာနာဆင်ခြင်၊ သုံးလူ့ရှင်သည်… မင်္ဂင်မင်းဖြင့်-ဖန်ကယ်ရှင့်။ ။[တောင်ငူမြို့စာရေးကြီး ဦးကြီး ဆို-သဝေမပါ မဟာမုနိဘုရားတိုင်ရတု။]

၅၈၊ တမ့်…မှာ, မြိုင်သာထက်ဝန်း၊ စုံတသွန်းသည်… သာဆန်းကျယ်လိမ့်မည်တမ့်။ ။[တွင်းသင်းမင်း ဆို-ဝေဿန္တရာပျို့။]

၅၉၊ နှင့်….မှာ, လနှစ်ကားနည်း၊ ရက်များပည်းခွဲ၊ ထင်ရည်းလင့်လျက်၊ ယွင်းမကွက်သည်….ချစ်သက်နှံတင့်-ရည်တူနှင့်။ ။[ထောင်သင်းမင်းဆို-တင်ပစ်ခွါသည် အစချီသည့်ရတု။]

၆၀၊ ကို…မှာ, စုံမက်သနား၊ ချီရသွားသော်၊ မြောက်သားငယ်ဘော်၊ မိသူတော်သည်….မပျော်ရစ်လေပဲးကို။ ။[ထောင်သင်းမင်း ဆို-အောက်မေ့ရှာသည် အစချီသည့် ရတု]။

---

## ၅-ပြဆိုခဲ့သည့် ကြိယာခြောက်ဆယ်မှ လွတ်သော ရှေးပညာရှိတို့စပ်ဆိုအဆုံးချသေးသော အရာများကိုလည်း သိသာစေရန် ကြည့်ရှုမိသရွေ့ ကဗျာများက အနည်းငယ် ထုတ်နုတ်ပြဆိုချက်

၁၊ ချ… မှာ, အိမ်နိုးချင်းအား၊ရန်ပြုမှားသော်၊ရွာသားရေပ်သူ၊ဦးမည်းဖြူတို့၊ ငြူစုစောင်းမဲး၊ ငြိုးစမြဲးသည်… ဆိုဆဲးခံရ-မှန်မုချ။ ။[ဩဝါဒထူး။]

၂၊ စ… မှာ, မယ်တော်ဘမင်း၊ သားအရင်းဟု၊ ပျိုညင်းသာကြည်၊ မြွက်ပေသည်လည်း…. ရွှေရည်စ။ ။[နဝဒေး ဆို-သူမကြိုက်သည့် အစချီသည့်ရတု။]

၃၊ ဆ… မှာ, ဗိုလ်ပါငယ်သော်၊ မြို့ကျယ်မဆံ့၊ ဖြစ်လေအံ့သည်…. စွေ့နှံ့ စိတ်က-ကြံ ဆုံး ဆ။ ။[စိန္တကျော်သူ ဆို-ဩဝါဒထူးပျို့။]

၄၊ ည… မှာ, ယုံကျွန်စွေ့ရေ၊ ဈော်စာခွေနှင့်၊ သက်ဝေကြင်ဘက်၊ ပို့စေဆက်သည်… သံရွက်မြမြ-သန့်ယံည။ ။[ထောင်သင်းမင်း ဆို-မစွန်းမိုးမောင် အစချီသည့် ရတု။]

၅၊ ဏ…မှာ, ဆင်မုန်ယိုကို၊ မရှိမသေ၊ ကျင့်မိချေက၊ စိတ်နေ ကျွတ်ဆတ်၊ ရွှေနင်းတတ်သည်… ဥပဒ်တွေ့ထ-မရဏ။ ။ [စိန္တကျော်သူ ဆို-ဩဝါဒထူးပျို့။]

၆၊ တ…မှာ, အအိပ်ကြီးက၊ ခရီးခွတ်လတ်၊ ဘေးတွေ့တတ်သည်… မချွတ်မှန်လှ-ဧကန္တ။ ။[စိန္တကျော်သူ ဆို-ဩဝါဒထူးပျို့]။

၇၊ ပ…မှာ, မျိုးရိုးဂုဏ်အား၊ ကိုယ်ကိုလွှား၍၊ သူများပြစ်ဖွဲ့၊ ကဲ့ရဲ့ မျက်ငြိုး၊ဒေါသဖြိုးသည်… ကောင်းကျိုးမရ-ဖျင်းပျောက် ပ။ ။[ဇင်းဆို-ဇင်းပျို့]။

၈၊ ရ…မှာ, တပ်တာချလျက်၊ ပြင်ပစွန်နား၊ လူကိုထားဘိ၊ တိမ် ကြားလေငှက်၊ ပင်ဆီထက်ကို….ဘဝဂ်ကမျှ-မပျံရ" ။ [ထောင်သင်းမှူး ဆို-အဝန်း ၉-တောင် အစချီသည့်ရတု။]

၉၊ လ…မှာ, ဆွေဝါတရှည့်၊ ချစ်အားပြည့်က၊ ရှုကြည့် မျှော်ငေး၊ ဆက်နှုတ်ခွန်းဖြင့်၊ မေးမြန်းနိုင်ဧ၊ ခွဲးဝေမှာထား၊ သည် ဆယ်ပါးကို၊ ချစ်အားရှိက-မြဲးလှုံလ။ ။[စိန္တကျော်သူဆို ဩဝါဒထူးပျို့။]

၁၀၊ သ…မှာ, လေ့ကျက်မှတ်သား၊ ဗေဒင်အားကြောင့်၊ ပုဏ္ဏား အမျက်၊ ဟူးဟူးထွက်၍၊ စဉ်ဆက်မှတ်သား၊ ဆဲ့လေးပါး သည်… တရားမရ-မျက်ဒေါသ။ ။[ဇင်းဆို-ဇင်းပျို့။]

၁၁၊ ကာ…မှာ, သည်းအူဆွတ်ဆွတ်၊ တမ်းရေရွတ်သည်… မျိုးမြတ်ကို သာ-ချီချကာ။ ။[နဝဒေးဆို-ခရမ်းညိုပြာချီရတု။]

၁၂၊ ခါ…မှာ, ဓိဋ္ဌာန်ပန္နက်၊ တောင်းဆုမြွက်သည်-ချမ်းလျက်ဆည်း ဆာ-ရည်ညခါ။ ။[နဝဒေးဆို-မတမ်းလိုပါချီရတု။]

၁၃၊ မာ…မှာ, မြို့ရွှေပြည့်ကို၊ ပြန်လည်လွယ်ကူ၊ တောင်းဆုယူဟု၊ ဇမ္ဗူရွှေလှော်၊ ထွေးနှောင်းမြော်ကို… နားတော် လျော် ပါချေမင်းမာ။ ။[သံတော်ခံ ရာဇနန္ဒဆို-ကျိုင်းသေဉ် ကျေးစေ-ချစ်ကြည်ပို့လှာချီရတု။]

၁၄၊ ရာ….မှာ, ကြိကာညှိုးသမ်း၊ ကျနပ်လွမ်းသည်… မတမ်းစရာ-တမ်းစရာ။ ။[ပြည်မြို့ ဝန်တောင်လည် ဘုန်းတော်ကြီး ရှင်သဒ္ဓမ္မဇောတိဆို-အောင်ချာနန်းမြေအစချီသည့် ရတု။]

၁၅၊ သာ…မှာ, လေးခုအရောင်၊ မြင်းမိုရ်တောင်သည်… အခေါင်မိုး ထိ-လွှင့်သည်သာ။ ။[ရှင်မဟာရဋ္ဌသာရ မေးသည့်ရတု



ကို ပြည်မြို့ ဝန်တောင်လည် ဘုန်းတော်ကြီး ရှင်သဒ္ဓမ္မဇော တိ ဖြေသည့် ရတု။]

၁၆၊ မြို…မှာ, ရွက်ခြောက်ရွှေစင်၊ ပင်တိုင်းမြင်၍၊ မရှင်ကိုယ်ထူး၊ ရှုတိုင်းမူးသည်… ဆန်းထူးဝါနီလှိုင်ခဲ့ပြီ။ ။[ဇေယနန္တ မိတ်ဆို-ပုရစ်ဖြာစီ-အစချီသည့် ရတု။]

၁၇၊ ဆု….မှာ, မျှံပျူးသာရှင်၊ဖွဲ့စီရစ်ဝိမ့်… အောင်မြင်စေမှု၊ ပြီးလွယ် ဆု။ ။[စိန္တကျော်သူဆို-ဩဝါဒထူးပျို့။]

၁၈၊ ဂူ….မှာ, ရံပတ်တွေဝန်း၊ သော်တာထွန်းသို့၊ ညီးရွှန်းကြည်ရှင်း၊ စံပကျင်းသည်….အတွင်းရွှေဂူ-ပြင်ရွှေဂူ။ ။[နဝဒေးဆို-ဥဒည်းစက်ပြင်ချီ အဖြည့်ခံရတု။]

၁၉၊ တူ…မှာ, နေရပ်ရာကို၊ မှန်စွာဇာတိ၊ မေးသည်ရှိသော်၊ မသိ သာလျှင်း၊ ဆိုချွတ်ယွင်းသည်….နဝင်းနေတူ-တွင်နေတူ။ [နဝဒေးဆို-စုလည်းလက်သင်အစချီသည့် အဖြည့်ခံရတု။]

၂၀၊ သူ….မှာ, သကျရွှေဂူ၊မြတ်နှစ်ဆူဝယ်၊ ကြည်ဖြူစိတ်ရှင်း၊တောင်း လျှောက် လျှင်းသည်….မယွင်းဆွေသူ-ကြွင်ရွှေသူ။ ။ [နဝဒေးဆို-အဖြည့်ခံရတုကို ရှင်သူရဲးဖြည့်သည့် ကုဟည်း ငှက်ဆင် အစချီသည့် ရတု။]

၂၁၊ ကြူး….မှာ, သည်းပွတ်နေမြစ်၊ ရင်နှစ်ရတနာ၊ လှမြတ်စွာသည်-သမ္မာတော် ဂုဏ်ထူးတည့်လေ-ဘုန်းရောင်လျှံမြူး၊ စံလွတ် ကြူး။ ။[ဝက်မစွတ်ဝန်ထောက်မင်းဆို-မင်္ဂလာလူးတား။]

၂၂၊ ဘူး….မှာ, ဗျာပါမျှံကြွယ်၊ ဖြေမပြယ်သည်….သည့်နှယ်မလွမ်း လေစဘူး။ ။[နဝဒေးဆို-ဖြေတော့သည်သာ အစချီ သည့် ရတု။]

၂၃၊ မူး….မှာ, မင်္ဂလာဧးယဉ်၊ငြိမ့်လေးတင်သည်… ပဒ္မင်သံရှည်ကျူး တည့်လေ… ဆယ်စုံ ရှိပူး-ရာမျှဲးမူး။ ။[ဝက်မစွတ်မြို့ စား ဝန်ထောက်မင်းဆို-လူးတား။]

၂၄၊ မြူး….မှာ, ထက်ဝန်းရောင်နွယ်၊ ရွှန်းရွှန်းကယ်သည်… လျှပ်နှယ် တိမ်ငွေ ဦးတည့်လေ… ခြည်စုံယှက်ကူး-ပျံကွန့်မြူး။ ။ [ဇင်းဆို-လူးတား။]

၂၅၊ စေ….မှာ, အလုံးစုံကို၊ တတ်ကုံနိုင်တန်၊ ပေးသည် မှန်သော်-
တော်လှန်မင်းစစ် ဖြစ်ပါစေ။ ။[တွင်းသင်းမင်း ဆို-
ဝေသန္တရာပျို။]

၂၆၊ လေ…မှာ, နိက္ခတထောင်၊ ကုံအောင် ချိန်ဝန်၊ ပေးသည်မှန်
သော်… တော်လှန်မင်းစစ်ဖြစ်ပါလေ။ ။[ငှင်းဆိုငှင်းပျို။

၂၇၊ ဇေး….မှာ, လျှောက်ဆက်လူးတား၊ဖျော်ဖြေဖျားသည်… သုံးပါး
ရွှေညီလာတည့်လေ… သာယာတည့် သံလေး-တဇေး။
[၁၂၂၁-ခုနှစ် ရွှေယင်းမာ ရွှာစားဆက် မင်္ဂလာလူး
တား။]

၂၈၊ ကျေး….မှာ, ချုပ်ကိုင်ကြီးမား၊ မတည်ကြားက၊ ခေါင်းသွား မြီး
ပါ၊ ပွဲခွါဦးမျှော၊ ငှက်ပျောပင်စိုက်၊ နောက်လိုက်ငယ်
သား၊ချွတ်ယွင်းမှားသည်… တရားကျင့်ရေး-မယဉ်ကျေး။
[စိန္တကျော်သူဆို-ဩဝါဒထူးပျို။]

၂၉၊ ကျွေး….မှာ, မင်းမိန်းမတို့၊ ညွှတ်ခဦးတင်၊ မိမိလင်ကို… ချစ်ခင်
မြတ်လေး-သိမ်းလုပ်ကျွေး။ ။[ငှင်းဆို-ငှင်းပျို။]

၃၀၊ ကြေး….မှာ, မင်္ဂလာ ဝှဲးခြိး၊ စံမညီးသည်… ပွဲးကြီး မြတ်သဘင်
တည့်လေ….သံရှင်တည့် ငြိမ့်လေး- ကျွန်းလုံး ကြေး။ ။
[၁၂၂၁-ခုနှစ် ရွှေယင်းမာ ရွှာစား ဆက်- မင်္ဂလာ
လူးတား။]

၃၁၊ ဆေး….မှာ, မှတ်သိ ကျွမ်းကျင်၊ ပြုစီရင်မှ၊ ကုန်တွင်သိပ္ပ၊ အရာ
ကျသည်….မင်းခစာရေး-မျက်ချစ်ဆေး။ ။[စိန္တကျော်သူ
ဆို-ဩဝါဒထူးပျို။]

၃၂၊ မွေး…မှာ, ချစ်ကြည်ညိုအောင်၊ သဂြိုဟ်လေးသွယ်၊ ထောက်ပံ့
ဘွယ်သည်….မှတ်ဖွယ် နောင်ရေး၊ သိမ်းပိုက်မွေး။ ။
[ငှင်းဩဝါဒထူးပျို။]

၃၃၊ လေး…မှာ, ငါးကျိပ်ငါးဟု၊ မင်းဖျားစိုးပိုင်၊ ရွှေနန်းထိုင်သည်-
မြိုင်မြိုင်တည့်စံရေး-ငြိမ့်ငြိမ့်လေး။ ။[သာသနာ့ငါးထောင်
ဇေးချင်း။]

၃၄၊ ဝေး…မှာ, ရှေးဦးကဲ့သို့၊ တိုင်းမြို့ထိးဆောင်း၊ ပွားပြန်ရှောင်း
သည်… ရှစ်သောင်းတည့်ထောင်လေး-ဆယ်ရှည်ဝေး။ ။
[စေဥ္စကူးမင်း နားတော်သွင်း။]



၃၅၊ တော…မှာ, ဘုံစက်ရာက၊ရှိကြာဦးတည်၊လျှောက်ဝံ့ရည်သည်….
တွင်မည်ကျိုက်ပေါ်-သီဟတော။ ။[နဝဒေး ဆို-သီဟ
တောနှင့်၊ ကျိုက်ပေါမွေ့ အစချီသည့် ဘုရားတိုင်စကြာ
ရတု။]

၃၆၊ နော…မှာ, စိတ်လိုပျောင်းမျှ၊ ချစ်ကြောင်း နည်းဟန်၊ လျှောက်
ကြားပြန်သည်… မြတ်မွန် သင်္ကော-မဟာနော။ ။[နဝ
ဒေး ဆို-မဟာနောနှင့် သင်္ကောမွေ့ အစချီသည့် ဘုရား
တိုင်စကြာရတု။]

၃၇၊ မျှော…မှာ, သေသော ထက်လည်း၊ ကြောက်ရှက် မောဟန်၊
ကျွန်ုပ် လွန်သည်… ဘုန်းဂုန်မော်ဓော-ရွှေယင်မျှော။ ။
[နဝဒေး ဆို-ရွှေယဉ်မျှောနှင့်- မော်ဓောမွေ့ အစချီသည့်
ဘုရားတိုင် စကြာရတု။]

၃၈၊ ပျော်…မှာ, နှုတ်သံချိုနှင့်၊မဲ့ကိုတခြား၊ ချစ်စောင်ထားသည်….
တပါးကြင်ဘော်-သူနှင့်ပျော်။ ။[တောင်ငူ ဆို- မမွေ့
ထွေထွေချီရတု။]

၃၉၊ ဘော်…မှာ, လူနုတ်သဘင်၊ ရှုအံ့ရင်သည်….မြင်ထင်မြင်တော်-
သုံးလူ့ဘော်။ ။[တောင်ငူ ဆို-အရွှေမတ်လတ်ချီ ရတု။]

၄၀၊ မြော်…မှာ, စေ့စေ့မြွက်ပုံ၊ ဖြည့်ဆုယုံသည်… နှစ်စုံ မြတ်ကျော်၊
ညဏ်မြင်မြော်။ ။[တောင်ငူ ဆို-တစေ့ရှာရှာချီ ရတု]။

၄၁၊ ကံ…မှာ, ယိုမျက်ရည်ကျင်း၊ ပါသော့ချင်းကို၊ နတ်မင်းတကာ၊
ပြန်ရစ်ပါလော့….ကြမ္မာစီမံ-အိုတို့ကံ။ ။[တွင်းသင်းမင်း
ဆို-ဝေသန္တရာပျို။]

၄၂၊ ငံ…မှာ, ပစ္စည်းမခင်၊ တောချောင်ဝင်၍… ရှင်လျှင်ပြုအံ့-ကြာ
မင့်။ ။[ရှင်မဟာရဋ္ဌသာရ ဆို-စတုဓမ္မသာရပျို။]

၄၃၊ စကား…မှာ ရွှေလှော်အသွင်၊ ရာတင်ဆယ်ပြန်၊ မယုတ်လွန်ကို၊
စေကျွန်မလာ၊နှုတ်ဆက်မှာ၍… ကြာတော့သည်လည်း-
မောင့်စကား။ ။[ရှင်ထွေး ဆို-ကမ်းလည်းအနေ အစချီ
သည့် ရတု]။

၄၄၊ တကား…မှာ, သွေးစုန်း ကျော်ကာ၊ ဆဲ့ငါး ဝါနှင့်၊ ကလျာ
နိကာယ်၊ တဆယ် မက၊ ကြီတွက်ဆသည်… လှလည်းလှ

ချစ်ဖွယ်တကား။ ။[နဝဒေး ဆို - မြစ်ရတုလျှင် အစချီ
သည့် ရတု။]

၄၅၊ သကား... မှာ, သန်းမို့ဝေဆာ၊ ခုမှသာလျှင်....နေရာသင်မ်းရောက်
သကား။ ။[တွင်းသင်းမင်း ဆို - ဝေဿန္တရာပျို။]

၄၆၊ သိကြား... မှာ, မယ်သည့်မသ်၊ ကျေးတိတိကို၊ မသိချိန်ခါ၊ သူက
တာ၍... ရှာတော့ သည်လည်း-မိုးသိကြား။ ။[ရဝေ
ရှင်ထွေး ဆို-ဝမ်းနည်းမပြေချီရတု။]

၄၇၊ ငါး... မှာ, လွတ်ခွင့်ထင်လျှင်၊ လွတ်ကြောင်း ရင်လော့... သည်
တွင်ပိုင်းခြား-ဥပါယ်ငါး။ ။[စိန္တကျော်သူ ဆို-ဩဝါဒ
ထူးပျို။]

၄၈၊ ထား... မှာ, ရန်နှင့်ဘေးကို၊ ဆွေးနွေးတိုင်းတာ၊ မြဲမကွာသည်...
ပညာစက်သွား-ရှေ့ကထား။ ။[ငုင်းဆို-ငုင်းပျို။]

၄၉၊ ပါး... မှာ, မင်းတုံစင်လျက်၊ ပယ်သင်ဆိပ်ခွါ၊ မြွေအာဏာလျှင်၊
မြွေပမာ စက်၊ မထက်မြက်အံ့၊ ပြက်ပြက်ပြယ်ပြယ်၊ ကဲ့ရဲ့
ဘွယ်သည်....လူ့ဝယ်ထင်ရှား-ဆဲ့တပါး။ ။[ငုင်းဆိုပျို။]

၅၀၊ ဖျား... မှာ, အံ့ပျက်မနည်း၊ အလွမ်းသည်းအောင်၊ ဆည်းဘိ
သည်လော၊ မဓရာလင်းဝါ၊ လျှပ်စစ်လာ၍....ပြာတော့
သည်လည်း-တိမ်ညွန့်ဖျား။ ။[ရဝေရှင်ထွေး ဆို-လျှံးပြည့်
တထွေချီရတု။]

၅၁၊ မှား... မှာ, ပေါ်လျှပ် လော်လည်၊ မတည်ကြည်က၊ မစည် တီး
ပြုန်း၊ မင်းဘုန်းခစား၊ ရမည်ထားဘိ၊ ရှုံးပါးလေမြဲ၊ မချွတ်
လွဲးသည်....မင်းပွဲးဝင်ငြား-အမှားမှား။ ။[စိန္တကျော်သူ
ဆို-ဩဝါဒထူးပျို။]

၅၂၊ များ... မှာ, မျက်ချည်ဝေမိုက်၊ မိုးဒွဲဖြိုင်ဖြိုင်၊ မလင်းနိုင်သည်...
သွန်းချိုင်ရွာဘိ-နွေရက်များ။ ။[သံတော်ခံ ရာဇနန္ဒဆို-
လှလေသွယ်သွယ်ချီ ရတု။]

၅၃၊ မြား....မှာ, ယောကျ်ားမိန်းမ၊ ရှိသမျှတို့၊ ချက်ကျသေချာ၊ ကျင့်
ကုန်ရာသည်....ချမ်းသာ ဗီးပွား-ကြီးမြောက်မြား။ ။
[စိန္တကျော်သူဆို-ဩဝါဒထူးပျို။]



၅၄၊ ဘုရား....မှာ, ဘုမဏ္ဍလာ၊ ဒိပါမြေကုန်း၊ ကွန့်ကွန့်မှုန်းသည်....
ရွှေဘုန်းစက်ရှိန်ဝါဘုရား။ ။[စာဆိုတော် နေမျိုးသီရိ
စိန္တကျော်သူဘွဲ့ခံ ဦးကျယ်ဆို-နေနတ်နွယ်လာချီရတု။]

၅၅၊ လား....မှာ, ထွေထွေ အောက်မေ့၊ ချီသည့်နေ့က၊ မတွေ့ပါရ၊
ဆင်းနတ်မျှသည်....လွမ်းစသေနိုင်သည်မို့လား။ ။[နဝ
ဒေးဆို-ညှိုးလှပူဆာ အစချီသည့်ရတု။]

၅၆၊ လွှား....မှာ, သတိတရား၊ တည်တံ့စား၍၊ သူ့အားချမ်းသာ၊ကိုယ်
တော်မှာလည်း၊ လိုရာပြီးအောင်၊ ကျိုးကြီးဆောင်သည်-
မြန်ဘောင်ထင်ရှား-တမ်းခွန်လွှား။ ။[စိန္တကျော်သူဆို-
ဩဝါဒထူးပျို။]

၅၇၊ သွား....မှာ, သတိသမ္ပဇည်း၊ မချုပ်တည်းက၊ နှိပ်လည်းချုပ်ရှုတ်၊
စည်းစိမ် ယုတ်သည်....နောက်ဆုတ် ရွှေရှား-လေနှယ်
သွား။ ။[ငုင်းပျို။]

၅၈၊ ထင်....မှာ, နှစ်ပါးစုံပေါင်း၊ ပျော်ရကြောင်းလျှင်၊ သံညောင်း
သာလျှောက်၊ ဆုသစ်လျှောက်သည်-ညွတ်ခေါက်ကြည်
လင်-ထွေသံထင်။ ။[နဝဒေးဆို-မရည်ဆောင်ခင် အစ
ချီသည့် ရတု။]

၅၉၊ ပင်....မှာ, ခြင်းရာတည်ကြည်၊ ငါးမည်အင်မြောက်၊ ကြင်ပေ
လောက်သည်... မှတ်ကျောက် ရည်တင်-ရွှေစံပင်။ ။
[နဝဒေးဆို-အခြည်ရောင်ထင်အစချီသည့် ရတု။]

၆၀၊ ရှင်....မှာ, မေတ္တာယျာဝယ်၊ သစ္စာမြဲးမှန်၊ ကျွတ်ဆုရန်သည်....
မြတ်မွန်မြင်ထင်-ပုညရှင်။ ။[နဝဒေးဆို-ပုညရှင်နှင့် မြင်
ထင်မွေ-အစချီသည့် ဘုရားတိုင် စကြာရတု။]

၆၁၊ ကျင့်....မှာ, လေးဖြာမျိုးသား၊ သူတို့အားကို၊ ကြိုးစားနေ့ရေ၊
ကိုယ့်လိုပါသည်... မှာစာ
မေတ္တာဝေက၊ အုပ်ထွေပုံရာ၊ [စိန္တကျော်သူဆို-ဩဝါဒထူး
ဤနှင့် ညီအောင်ကျင့်။ ။
ပျို။]

၆၂။ ချင့်....မှာ, ပျပ်စွဲးပျင်းမူ၊ အိပ်သောသူကား၊ လူမရှိညွတ်၊ နတ်
မနှစ်သက်၊ ပြာပုံ ထက်ဝယ်....သုနက္ခနှင့်-ပုံတူချင့်။ ။
[ငုင်းဆို-ငုင်းပျို။]

၆၃၊ ဆင့်....မှာ, ညောင်ရေချိန်သင့်၊ သွန်းခါနှင့်လျှင်၊ ကြိုင်လွှင့်ပန်းစုံ၊ တောလုံးထုံသည်... ရဂုံသာတင့်-လွှန်ဖြာဆင့်။ ။[ဇေယျ ရန္တမိတ်ဆို-မကြီးရာလျှင် အစချီသည့် ရတု။

၆၄၊ တင့်....မှာ, စကားမယွင်း၊မှန်ခြင်းသည်လျှင်၊တန်းဆာဆင်သည်- လူတွင်နိမ့်မြင့်-သို့မှတင့်။ ။[စိန္တကျော်သူဆို-ဩဝါဒထုံး ပျို။]

၆၅၊ ပွင့်....မှာ, ယုယချစ်ကြည်၊ ဆင်စိမ့်သည်ဟု၊ နှစ်မည်မယွက်၊ ပိုသ ဆက်သည်....ရစ်လျက်ရန်သင့်-မဥ္ဇူပွင့်။ ။[ထောင်သင်း မင်းဆို-သစ်သစ်ညှာရှည် အစချီသည့်ရတု။]

၆၆၊ မြင့်....မှာ, ကျမ်းဂန်ဖွေရှာ၊ ရုံးဖွဲ့ရာတွင်၊ စာနာတင်ပြ၊ ဘိသာရ သည်....မြော်ဆထောက်ချင့်-အင်နိမ့်မြင့်။ ။[စိန္တကျော် သူဆို-ဩဝါဒထုံးပျို။]

၆၇၊ ရင့်....မှာ, သန်လျှက် ကျွန်းညှာ၊ပြန်မည်ခါဝယ်၊မသာစတောင်း၊ ရှုတိုင်းပြောင်းသည်... ၄က်ပေါင်းဖော်နှင့်-တွန်သံရင့်။ ။ [ဇေယျရန္တမိတ်ဆို-အလျံဖြာဆင့် အစချီသည့်ရတု။]

၆၈၊ လင့်....မှာ, ဘဏ္ဍာခမ်းနား၊ ထိုထိုများကို၊ မြေး,သား,မျိုး,ဆွေ၊ ပျက်စီးစေဟု၊ မပြေမုန်ဆန်၊ ကျနုပ်ကျွန်ကြောင့်... မျက် မာန်ပွားတော် မမူလင့်။ ။[တွင်းသင်းမင်းဆို-ဝိဓုရပျို။]

၆၉၊ လွှင့်...မှာ, မာယာလှည့်ပတ်၊ ချောပစ်တတ်သား၊သူမြတ်မဟုတ်၊ သူယုတ်အားလည်း၊ မှတ်သားစိတ်မှာ၊ မပေါင်းရာသည်- ရှောင်ခွါသဖြင့်-ဝေးအောင်လွှင့်။ ။[ဩဝါဒထုံးပျို။]

၇၀၊ သင့်...မှာ, ပန္နက်သစ္စာ၊ ကံရင်းပါ၍၊ ယှဉ်းခွါမဖွက်၊ ကြင်စုံ မက်သည်....ပြင်စက်ပျံ့လွှင့်-ကြည်ဖူးသင့်။ ။[ထောင် သင်းမင်းဆို-ရတု။]

၇၁၊ ခင်း...မှာ, သိုးအူပုတ်လောင်၊ ညှိဟောင်သမျှ၊ မစားရသည်- နေ့ညမကင်း-ကျည်ရှောင်ခင်း။ ။[စိန္တကျော်သူဆို-ဩ ဝါဒထုံးပျို။]

၇၂၊ ချင်း...မှာ, နိုနိုမြူးလျက်၊ ထစ်ထူးဖြင်စွာ၊ ဖြောက်ဖြောက် ရွှင် သည်....သံဝါ ညင်းညင်း-ချီးချီးချင်း။ ။[လောကမှန် ကင်း လူထွက်ကြီး လက်ဝဲဇယသူရဆို-ချီးချင်းချာချီ ရတု။]



၇၃၊ ဇင်း....မှာ, တောတောင်ခန်းဝါ ၄က်တကာသည်...ညာဘိဇ ချင်း-ဇိုးဇိုးဇင်း။ ။[လောကမှန်ကင်း၊လူထွက်ကြီး လက် ဝဲဇယသူရဆို-ဝိုးဝင်းဝါဝါချီရတု။]

၇၄၊ တင်း....မှာ, ညီစေလျှဉ့်လျှဉ့်၊ မရှဉ့်မတောင်း၊ ဆင်ဝတ်ကောင်း သည်....ကျိုးကြောင်း ပြစ်ကင်း-မြော်ရှုတင်း။ ။[စိန္တ ကျော်သူဆို-ဩဝါဒထုံးပျို။]

၇၅၊ တွင်း....မှာ, ဆင်ခြင်မရှိ၊ သတိပညာ၊ လျော့ညံ့ရာသည်... မကြာ လက်ငင်း-မျက်မှောက်တွင်း။ ။[ငှင်းဆို-ငှင်းပျို။]

၇၆၊ နှင်း...မှာ, ငါးစုံအင်နှင့်၊ ဆင်တိုင်းသင့်၍... တင့်ဘိသည်လည်း ညိုလဲ့နှင်း။ ။[တောင်ငူဆို-ညွတ်စဝန်း၍ချီ ရတု။]

၇၇၊ မင်း....မှာ, ရတနာအထွတ်၊ မြတ်သုံးပါးကို၊ ဦးဖျားထိပ်ထက်၊ အမြဲရွက်၍....စုံမက် သဒ္ဓါ-ကြည်စေမင်း။ ။[ကန် တော်မင်းကျောင်းဆရာတော်ဆို-လောကသာရပျို။]

၇၈၊ ရှင်း...မှာ, မိုးထားရုံကာ၊လပ်ရာမှာလည်း....ရှောင်ပါအိပ်ခင်း ဇွတ်ရှင်းရှင်း။ ။[စိန္တကျော်သူဆို-ဩဝါဒထုံးပျို။]

၇၉၊ ဝင်း...မှာ, ငါးစုံအင်နှင့်၊ဆင်တိုင်းတင့်၍... တင့်ဘိသည်လည်း ညိုလဲ့ဝင်း။ ။[တောင်ငူဆို-ညွတ်စဝန်း၍ချီ ရတု။]

၈၀၊ သွင်း....မှာ, ဘယောက်တည်းလည်း၊တင့်ရည်းပေါ်သွပ်၊ မသွား အပ်သည်....ကြပ်ကြပ်ဝမ်းတွင်း-မှတ်သွတ်သွင်း။ ။[စိန္တ ကျော်သူဆို-ဩဝါဒထုံးပျို။]

၈၁၊ ဟင်း....မှာ, ပျက်စီးမည့်ဘေး၊ ဝေးကမြော်မြင်၊ ရှောင်စေခြင် သည် ဆံမျှင်မြူညှင်း-မလစ်ဟင်း။ ။[ငှင်းဆို-ငှင်းပျို။]

၈၂၊ ချစ်....မှာ, ရွှေယင်းဇာတိ၊ လှမွေးမိကို၊ သိလော့ညာဏ်ပေါင်း၊ မလျှောက်တောင်းသည်....တောကျောင်းမွေစစ်၊ ကျည်း ရှင်ချစ်။ ။သံတော်ခံ, ရာဇနန္ဒဆို-ကျည်းရှင်ဘုရားတိုင် စကြာရတု။]

၈၃၊ ရှည့်....မှာ, တို့ဖြစ်ခြင်းကား၊ ဆွေရင်းမျိုးချာ၊ မပေါ်လာ၍- ဗျာပါတက်ပြည့် မိုးနှယ်ရှည့်။ ။[တွင်းသင်းမင်း ဆို- ဝေသန္တရာပျို။]

၈၄၊ စည်း....မှာ, ရှည်မြင့်လျှားသော်၊ ပျော်ပါးမဲ့ဆုံး၊ ကြာသို့ရုံးသည်-နှလုံးအူသည်း-နောင်သို့စည်း။ ။[ရှင်သူရဲဆို-မြေသင်းသြဇာ အစချီရတု။]

၈၅၊ ပြည်း....မှာ, နတ်များဖန်ဆင်း၊ နောင်ကာပင်း၍၊ မိမင်းနေရာ၊ ကြမ်ကလာသည်....ငြိမ်စွာမတည်း- တောလေပြည်း။ ။[ဓုင်းဆို နေမင်းသော်တာ အစချီသည့် ရတု။]

၈၆၊ ရည်း....မှာ, သားကိုခင်လျက်၊ အလျှင်ယွင်းကွက်၊ ချစ်စည်းပျက်သည်....စုံမက်မသည်း-လှူတင့်ရည်း။ ။[တွင်းသင်းမင်းဆို-ဝေသန္တရာပျို။]

၈၇၊ သည်း....မှာ, မယ်လက်ယာဝယ်၊ အသာယုယ၊ ဆင်စိမ့်တသည်-နှမသွေနည်း- ကျင့်သိပ်သည်း။ ။[ရှင်သူရဲဆို-နေမင်းသော်တာ, အစချီသည့် ရတု။]

၈၈၊ သတည်း....မှာ, နိုင်းတုစံကျွန်း၊ လျှော်၍သွန်းသို့၊ မသန့်းပဏ္ဍာ၊ မှောင်မျိုးကွာသည်.... ရွှေဝါအလျှံ- ပြေးသတည်း။ ။[နဝဒေးဆို-ထစ်ချုန်းဆင့်၍ အစချီသည့်ရတု။]

၈၉၊ သနည်း....မှာ, အိမ်ဒန်းမြစ်ကိုင်း၊ ခက်ကျိုင်းဖားဖား၊ ကြိုင်ပျံ့ရှားသည်....ကန်လျှားမည်မျှ ရှည်သနည်း။ ။[မဟာအဓိကရ ကန်တော်ဘွဲ့ရတု။]

၉၀၊ တန်း....မှာ, နှစ်ဆူပဝင်း၊ သောင်းလုံး လင်းသည်.... အင်ကြင်း ရွှေကန်-မြသိန်းတန်။ ။[သံတော်ခံရာဇနန္ဒဆို-အင်ကြင်းကန်, မြသိန်းတန်-ဘုရားနှစ်ဆူတိုင် စကြာရတု။]

၉၁၊ ကမ်း....မှာ, တက်လတ် စေချင်၊ လက်ရွှေစင်နှင့်.... ဖခင်ကလှမ်း-မောင်ကကမ်း။ ။[တွင်းသင်းမင်းဆို-ဝေသန္တရာပျို။]

၉၂။ ချမ်း....မှာ, ရောင်ထင်ပပ၊ မြနှင့် မျှသည်....မှိုင်းပြတိမ်ငြိမ်း-ခုနေ့ချမ်း။ ။[ရွှေကျောင်းရဲ့ကျင်း မောင်ပုဆို-ရာကြူးသက်ကျော် အစချီသည့် ရတု။]

၉၃၊ စမ်း....မှာ, လိမ္မာ ဆန်းပြား၊ ရွှေကျေးသားသည်....သွား၍ကြောင်းလမ်း-ရှုချေစမ်း။ ။[ဓုင်းဆို-ခါထူး ရက်ကျော် အစချီသည့် ရတု။]



၉၄၊ မွမ်း.... မှာ, ဝန်းကျင်ရေဇေး၊ သဲဖွေးဖွေးသည်....ငှက်ကျေးကျင်ကျွမ်း-စုတွေမွမ်း။ ။[ဓုင်းဆို-ညှာဖူးရွက်ယော် အစချီသည့် ရတု။]

၉၅၊ လှမ်း.... မှာ, နန်းဆက်ညွန့်ရှင်၊ ဆွဲးစေချင်၍....ဖခင်ကကမ်း-မောင်ကလှမ်း။ ။[တွင်းသင်းမင်းဆို-ဝေသရာန္တပျို။]

၉၆၊ ကုန်....မှာ, မုန်ဆူ၄န်ချောင်း၊ ဆင်မကောင်းကို....ချွန်းတောင်းညက်ဟုန်-ထိန်းလင့်ကုန်။ ။[ရှင်မဟာရဋ္ဌသာရဆို-ဘူရိဒတ်ဇာတ်ပေါင်းပျို။]

၉၇၊ ကုံ....မှာ, စံကျော်ရတနာ၊ သားမြတ်စွာလျှင်၊မရာမရေ၊ ဖြစ်တုံလေလျက်....နေချေလတုံ-မှုမကုံ။ ။သုဝဏ္ဏသာမသစ္စာခန်း။]

၉၈၊ တုံ....မှာ, ရယ်ရွှင်ပြုံးတုံ-မပြုံးတုံ။ ။စုလည်းထုံးတုံ-မထုံးတုံ။ ။[ရှင်မဟာရဋ္ဌသာရဆို-သုဝဏ္ဏရွှေရင် ဖုံးတုံ-မဖုံးတုံ။ ။[ရှင်မဟာရဋ္ဌသာရဆို-သုဝဏ္ဏပဘာချီသည့် တောင့်ထဲးတွန့်ရတု။]

၉၉၊ ကောင်း....မှာ, ညချမ်းခါ၌၊ ရောက်ပါလမည်၊ ယနေ့သည်ကား....ရှည်ကြာမညောင်း-အိုလင့်ကောင်း။ ။[တွင်းသင်းမင်းဆို-ဝေသန်ပျို။]

၁၀၀၊ စောင်း...မှာ, ငါ့သားများတို့၊ လက်ဖျားဆွဲးကာ၊ ဆောင်လေပါလေ့....လိုရာ လမ်းကြောင်း- မတိမ်းစောင်း။ ။ဓုင်းဆို-ဝေသာန္တရာပျို။]

၁၀၁၊ လောင်း....မှာ, ဘယ်မစိုး၍၊ မညှိုးရွှန်းစို၊ စိုက်ပင်ပျိုသည်...ကုသိုလ် ညွန့်ညောင်း- ပွားဆင့်လောင်း။ ။[ဓုင်းဆို-ဝေသန္တရာပျို။]

၁၀၂၊ ဖို....မှာ, ချွန်ချွန်သက်၍၊ ကြာဖက်ကို မိုး၊ လွတ်နိုးနိုးဖြင့်....ပြေးလျှိုးပုန်းခို-သက်လုံးဖို။ ။[ဓုင်း ဝေသန္တရာပျို။]

၁၀၃၊ ယို....မှာ, ရိရည်အချွဲး၊ပါးစောင်းထဲးကာ၊ဖရဲဖရိ-အယိုယို။ ။တွင်းသင်းမင်းဆို-ဝေသန္တရာပျို။]

၁၀၄၊ လို....မှာ, ရွှေပြည်တေဇ၊ ဥတ္တရသို့၊ ရှင်ပကြည်သာ၊ ရှည်မျက်နှာနှင့်....ဆရာလူအို-မသွားလို။ ။[ဓုင်း ဝေသန္တရာပျို။]

၁၀၅၊ ဘို…မှာ, အပျိုငယ်က၊ အဘယ်တောမှာ၊ ပျော်ရှာလိမ့်နည်း၊ သားခမည်းကို….လက်တည်းငါတို့-မွေးမည်ဘို့။ ။[ရှင်မဟာရဋ္ဌသာရဆို-ဇ ခန်းပျို။]

၁၀၆၊ ကျိုး….မှာ, ရှင်ပင့်ရွှေမှောက်၊ မယ်နှင့်ရောက်၍၊ ဈော်ကမည်သည်လေ….နိဗ္ဗာန်ရည်ကိုး-ဆုလည်းကျိုး။ ။[သံတော်ခံ ရာဇနန္ဒဆို-ဇင်းမယ်ပြန်လမ်းဘွဲ့ လှလွတ်ဘက်စင်ချီရတု။]

တတိယကဏ္ဍ-စတုတ္ထပိုင်းပြီးပြီ။

---

# တတိယကဏ္ဍ-ပဉ္စမပိုင်း

## ၁-လေခဝုစိုကျမ်းထွက် ဉာဏ်စွမ်းပြ စပ်ဆိုနည်းများကို ထုတ်နုတ်ပြဆိုချက်

### ၁-အက္ခရာယမကဆိုနည်း

(၁) မင်းများမင်းမြတ်၊ မင်းများမှတ်မှ၊ မင်းမြတ်မြောက်မြား၊ မင်းမြတ်သား။ ။[အက္ခရာကေယမကဆိုနည်း။]

(၂) ရှန်းရင်းအုန်းအင်း၊ စိုးဝင်းပြိုးပြက်၊ ချိုးချက်ရိုးရဲ၊ ကျဲးကာသွန်သည်၊ လွှမ်းလွှန်ဆယ်ဆာ၊ တိုးတို့စွ။ ။[အက္ခရာဒွိယမကဆိုနည်း။]

မိုက်မှောင်ကင်းကျွန်း၊ နှန်းနန်းမုန်း (ဖုန်း?)ဖြိုး၊ တက်တိုး ဝှန်ဝါ၊ စိုးစိမ့်လျှာလျှင်၊ ပြုဗ္ဗာ (ပြုပ္ပါ?)၊ ထွက်ထွန်း၊ ရောင်ရွှန်းပြောင်ပ၊ တူတာကွ။ [ငင်းဒွိယမကဆိုနည်း။]

(၃) ထွတ်ထားထောက်ရှာ၊ ရာရောက်တင့်တယ်၊ တုမယ်မမြော်၊ ကြာကျော်ကျွန်းဘောင်၊ ဖြိုးဘုန်း*ရောင်။ ။[အက္ခရာတြိယမကဆိုနည်း။]

(၄) ရာရည်ရန်ရွေး၊ ကောင်းကြွန်ကျိုးကြောင်း၊ ဆယ်ဆောင်းဆယ်ဆာ၊ မင်းများမင်းမြတ်၊ နေနတ်နှန်းနှိုင်း-မှတ်သောတိုင်း။ ။[အက္ခရာစတုယမကဆိုနည်း]။

* ကြိယမကဆိုခြင်းကြောင့် အက္ခရာ ၃-လုံးစလုံးတူအောင် ကျွန်းဖောင်၊ ဖြိုးဖုန်းရောင်-ဟု ဖနှင့်ချည်းရှိသင့်သည်။



(၅) မိုက်မည်းမိုက်မည်း၊ မိုးလည်းလာလျက်၊ လေလည်းသက်သော်၊ သွန်သွက်သို့ပင်၊ ပုတ်ပြင်ပြေပြစ်၊ မြေမြစ်မည်မျိုး၊ မိုးနတ်နွယ်ဖွား၊ နောင်နှစ်မြိုက်။ ။[အက္ခရာပဉ္စယမကဆိုနည်း။]

(၆) မပြောင်ပေါက်ပန်း၊ ပြိုးပြက်ရွှန်း၍၊ ရန်းရန်းရိပ်ရိပ်၊ ချိပ်ချိပ်ချက်ချက်၊ ခဲးခက်လှလွှန်း၊ လန်းလန်းလတ်လတ်၊ ထွတ်ထွတ်ထက်ထက်၊ ထွေထွေလက်လျှင်၊ လိုက်လျက်လှလေ၊ အိမ်ရွှေနေ။ ။[အက္ခရာ ဆယမကဆိုနည်း။]

(၇) ကွေ့ကွေ့ကောက်ကောက်၊ ကျောက်ကျောက်ကန်ကန်၊ မြင်းမှန်မြင်းမြတ်၊ မတ်မတ်မြောက်မြား၊ သားသားသွန်သွန်၊ သန်သန်သက်သက်၊ လက်လက်လွေ့လွေ့၊ လေ့လေ့လိပ်လိပ်၊ ချိပ်ချိပ်ချက်ချက်၊ ခိုင်ချက်ခုန်ချင်း-မင်းလျှာမြင်း။ ။[အက္ခရာအဋ္ဌယမကဆိုနည်း။]

(၈) ထွတ်ထွတ်ထားထား၊ ထောက်ထားထိုင်ထင်၊ ထူကျင်ကောင်းကျိုး၊ ကိုးကိုးကားကား၊ ကျော်ကြားရိုက်ရှင်၊ ရယ်ရွှင်ရှဲးရှဲး၊ ရဲးရဲး ရှပ်ပြင် အိမ်ရွှေရင်။ ။[အက္ခရာနဝယမကဆိုနည်း။]

(၉) ကိုယ်ကိုကိုးကိုး၊ ကြိုးကြိုးကြွားကြွား၊ ကားကားရွှမ်းရွှမ်း၊ ရမ်းရမ်းရွှင်ရွှင်၊ ရင်ရင်ရော်ရော်၊ မြော်မြော်မြင်မြင်၊ မင်မင်မက်မက်၊ မြိုက်မျက်သဏ္ဍာန်-နန်းပွင့်ရန်။ ။[အက္ခရာဒသယမကဆိုနည်း။]

* ကေယမက-ကသည် ဒသယမကတိုင်ရုံသာ နည်းပြတွေ့ရှိသည်၊ စိရင်နိုင်သော အစွမ်းရှိက အဆဆစိရင်လေ၊ သတ္တယမကကိုမူကား မတွေ့မိချေ။

### ၂-စက်ဆိုနည်း

(၁) သုံးပါးလူ့ဆွေ၊ သုံးလူ့မွေကို၊ သုံးထွေကော်ရော်၊ သုံးဘော်နတ်လူ၊ ဆုယူကြိုတွေ၊ မကွေတကိုယ်၊ ဆိုမှတ်ရော်သည်-ဘော်နတ်လူ။ [စတုရာသီစက်ဆိုနည်း။]

(၂) ဘုန်းရောင်တောက်ရွှန်း၊ ဘုန်းတော်ထွန်း၍၊ ဘုန်းပန်းပွင့်ဖိုင်၊ ဘုန်းနို့ကြိုင်က၊ ဘုန်းပြိုင်မတင်၊ ဘုန်းထွတ်တင်ကား၊ ဘုန်းရှင်စကြာ၊ ဘုန်းသမ္ဘာနှင့်၊ ဘုန်းအာနုဘော်၊ ဘုန်းမြတ်ကျော်သည်….ဘုန်းတော်ကြီးလှ-ဘုန်းကြောင့်သော။ ။[ဒွါဒရာသီစက်ဆိုနည်း။]

(၃) လွတ်တုဘက်ကျွန်း၊ နိုင်ခန်းမမြော်၊ ပတ်လွှမ်း ကျော်သည်၊ ဂုဏ်ဘော်တုကင်း၊ သတင်းဝှန်မျှ၊ ဇနာထဟု၊ လောကထွတ်ထား၊ ဘ-မင်းများသည်….ကိုယ်စားရည်မှတ်-နှုတ်စက်လွှတ်။

လွတ်ဖက်ကင်းပြိုင်၊ တောင်မကျိုင်သို့၊ တတ်နိုင်သတိ၊ မြတ်သီရိနှင့်၊ မရှိနိုင်းလျော်၊ ထိန်ထိန်ကျော်လျက်၊ လူ့ဘော်၌တွင်၊ အိမ်ရှေ့ရှင်သည်-ဂုဏ်အင်ကြီးလွတ်-ရဲတုလွတ်။

လွတ်စံဘက်ရှောင်၊ ကျွန်းလုံးအောင်သား၊ ရန်နောင်မင်းနွယ်၊ ဖြစ်အံ့ရွယ်လျက်၊ နိကာယ်ပြင်လျှာ၊ ရဲရပ်ဝါနှင့်၊ အာဏာထိန်ရှင်၊ ကျော်စောထင်သည်....သောင်းခွင်တုလွတ်-နှိုင်းတုလွတ်။

လွတ်မြောက်ထွတ်တင်၊ ပေါ်ထွန်းထင်လျက်၊ ပုံသွင်နှိုင်းဘွယ်၊ မိုးလယ်ထွန်းပ၊ ကြယ်ထိုမျှတွင်၊ လနှင့်နှိုင်းလျော်၊ ရှုမျှော်လေလေ၊ လေးငြိမ့်ချေသည်....မြလေတမွတ်-ပြိုင်တုလွတ်။ ။[လေးကျွန်းဒီပါ စကြာလှည့်သွားဆိုနည်း။]

(၄) စက်မွေရာလည်း၊ ပန်းသာကြဲလျက်၊ သို့ပင်စက်။ ။စက်ရှည်သော်လည်း၊ နတ်လျော်နှိုင်းဖက်-နွဲ့းကြစက်။ ။စက်ကြနွဲ့လည်း၊ မရဲ့မက်၊ ခေါ်စိုက်စက်။ ။စက်ပျော်မွေမွေ၊ လည်၍လည်ယှက်၊ ချမ်းကြစက်။ ။[ကောဒသအက္ခရာ၊ လေးကျွန်းကို စကြာလှည့်ဟန်၊ လေးကျွန်းဒီပါ စကြာလှည့်သွား ဆိုနည်း။]

## ၃-ကြာဆိုနည်း

(၁) လူဝယ်ထွတ်ထား၊ မင်းတရားကြီး၊ ဝှဲ့ခြီးပတ်လွှ့၊ ကျော်သံဖွံ့မျှ၊ နှိုင်းခွံ့မထင်၊ ဒေါနတ်ရှင်ဟု၊ ခုတင်ရော်သည်....ကျွန်းပေါ်မြေပြင် ထက်ဝန်းသော။

လူ့ဘောင်နှိုင်းရှဲ၊ စောရန်ကဲးကား၊ စွမ်းရဲးအင်္ဂါ၊ ပညာမချို၊ နတ်တို့ကြည်လှ၊ စောင့်ကြပ်မလျက်၊ လွန်လေးနက်သည်....ရန်နှက် မင်းတို့ ထိပ်ပန်းသော။

လူ့ဘောင်တုကင်း၊ မင်းထက်မင်းကား၊ စောင့်ခြင်းအားထုတ်၊ ဥပုသ်သီဘင်း၊ မကင်းဒါန၊ စာဂပေးသွန်း၊ မေတ္တာဖျန်းသည်....ပွင့်နှန်းနောင်ဘို့ ရည်မှန်းသော။

လူ့ပြည်၌တွင်၊ မကြင်နှုန်းကျွန်း၊ စောဘုန်းရွှန်းကို၊ ကျော်မွှန်းကြေညာ၊ ဇာတာသိုက်လိုက်၊ သောင်းတိုက်ဇမ္ဗူ၊ စိုးအံ့ဟူသည်....ရှင်လူပီတိ-ရွှင်လန်းသော။



လူပိုလ်စိုးအုပ်၊ ထွတ်မှန်ထုပ်ကား၊ အချုပ်ကျွန်းချာ၊ မင်းတကာ၏၊ စံရာဗဟို၊ ရိပ်တော်ခိုရ၊ ညွှတ်ရှိခသည်....နှိုင်းဆမထင်-တုကျွန်းသော။ [ရှင်ဘုရင်မင်းတရားစာ-ကြာဆိုနည်း။]

(၂) ပွင့်ထိုက်လှစွာ၊ ဥပရာဟု၊ သညာခေါ်တွင်၊ ထိန်ထိန်ရှင်မျှ၊ သောင်းခွင်ကျွန်းလုံး၊ လက်ရုံးစက်ခြည်၊ ပတ်ပတ်နည်သည်....ရှုံးသည်ရန်တကာတကား။

ပွင့်ထိုက်လိုက်လျော၊ မြတ်သဘောဖြင့်၊ စည်းကြောကိုယ်ပြင်၊ ရုပ်သွင်ဆေးလေး၊ ဂုဏ်နွံ့မွေးလျက်၊ ကျော်သွေးထုတ်ချင်း၊ နှိုင်းတုကင်းသည်-သတင်းသိဝှန်ဝှါတကား။

ပွင့်ရန်ရာထား၊ ဘမင်းဖျားလျှင်၊ ကိုးစားမှတ်လောက်၊ ရဲစံမြောက်ဟု၊ ကျောင်းချောက်ကြေညာ၊ ဒိသာတခန်း၊ ပျံ့ပျံ့မွှန်းသည်....ထက်ဝန်းပြောပရာတကား။

ပွင့်ဖူးဆင်လစ်၊ ဖူးသစ်လွှမ်းနှိမ်၊ ချမ်းငြိမ်သုခ၊ ရှေးပုညကြောင့်၊နှိုင်းဆပြိုင်ထောက်၊ တယောက်မမြော်၊ ဘက်မဲ့ကျော်သည်....နဘော်ပြင်းတေဇာတကား။

ပွင့်လောင်းသမ္မာ၊ထက်ဒေဝါသို့၊ အာဏာထိန့်ရှင်၊အိမ်ရှေ့သျှင်ကား၊ မင်းလျှင်သိပ္ပ၊တစမကျန်၊တတ်လှပွန်သည်....သန်မြန်စုံမက်စွာတကား။

ပွင့်လျှာမှန်စင်၊ ထွတ်ရာတင်ကား၊ မျက်မြင်ဘဝ၊ ဤလောက၌၊ မင်းများထိပ်စွန်း၊ ခြေတော်ပန်းဖြင့်၊ နေ့တိုင်း (?နေတန်း) တင့်သည်....မျိုးရင့်ဘုန်းသမ္ဘာတကား။

ပွင့်မည်ခါသင့်၊ ရောင်ရှိန်လင့်သား၊ ကြာနှင့်မယွင်း၊ ရိုက်ရာနှင်းကာ၊ သိဘင်းသီလ၊ ဒါနမပြတ်၊ လွန်ရှိညွှတ်သည် .... နာဂတ်ဘုရားလျှာတကား။ [ဥပရာဇာ အိမ်ရှေ့မင်းစာ-သတ္တရတနာစကြာရဟတ်ဆိုနည်း။]

(၃) စကြာရွှေးလွှတ်၊ လေးကျွန်းပတ်သည်....မန္တာတ်စောရာဇာ။
စကြာရွှေလား၊ လေးကျွန်းသွားသည်....မင်းဖျားဆက်ရှည်စွာ။
စကြာရွှေးရိုး၊ လေးကျွန်းစိုးသည်....တန်းခိုးကျော်ဝှန်ဝါ။
စကြာရွှေဆောင်၊ လေးကျွန်းအောင်သည်-အခေါင်ပြောစရာ။
စကြာရွှေးတည်၊ လေးကျွန်းလည်သည်... ယင်းသည်မင်းပမာ။
စကြာရွှေတင်၊ လေးကျွန်းရှင်သည်... ဘုန်းအင်ပြောစရာ ။
စကြာရွှေတန်၊ ကျင့်ရိုးမှန်သည် ...ဘုန်းဝှန်တို့ထွတ်ချာ။
[သတ္တရတနာ ၇-ထပ်ဆိုနည်း။]

(၄) ပဒုမ္မာကြာ၊ ပွင့်ဆယ်ဖြာနှင့်၊ ပသာဒနီ၊ မြောက်ချီလက်ာ၊ ပသံသာဖြင့်၊ သဒ္ဒါမြင့်လှ၊ ပထမဇော၊ ရှင်ပြောကြည်ဆွတ်၊ ပရိသတ်တို့၊ ဦးထွတ်တင်အံ့၊ ပဘာက်ရ၊ မုနိန္ဒအား၊ ပဝရစိတ်၊ လျှံဖိတ်ပြည်နှေ၊ ပဒေကော်ရော်၊ ကြူးပူဇော်လျက်၊ ပရော်ပဒါ၊ အမိတ္တာဖြင့်၊ ပရာဘဝ၊ နိဗ္ဗာနကို၊ အရသံချောင်း၊ ဆုမွန် တောင်းသည်... အကြောင်း ပြည့်အံ့ မှတ်ကြုံသော။ ။["ပ"ကိုပဒုမ္မာကြာဆိုနည်း။]

ချစ်စုံမက်၍၊ သက်ထက်ဆယ်ပြန်၊ ချစ်ခြင်းလွန်သား၊ရဲအန်ကြောက်ခေါင်၊ ချစ်ဆွေမောင်လျှင်၊ တွင်းချောင်ခန်းကျယ်၊ ချစ်စံပယ်လျက်၊ မပြယ်မေတ္တာ၊ ချစ်တန်တွာတိ၊ မကွာဘူကွ၊ ချစ်ကြောင်းစမူ၊ ဘဝလူ့ရွာ၊ ချစ်ခြင်းရာကား၊ သည်သာအထူး၊ ချစ်ဦးအစ၊ မဟုတ်ကြတည့်၊ ချစ်စတတ်ဝှန်၊ အဖန်ဖန်လျှင်၊ ချစ်ပြန် ရကာ၊ မတ်ကြီး လျာတို့၊ နရာဘုန်းတူ၊ လူတို့ထိပ်မိုး၊ နတ်နိုးကျရေး၊ မြို့စွန်ပေး၍၊ မနေးလျှင်ထွေ၊ ဆန်ရလေသည့်....ညွတ်ခွေလွမ်းလျက်ပင်တကား။ ။["ချစ်"ကိုပဒုမ္မာကြာဆိုနည်း။]

(၅) လွမ်းလျက်ရေ၍၊ မပြေဗျာပါ၊ လွမ်းခြင်းရာကို၊ မှာလိုက်လျှောက်အံ့၊ လွမ်းလျှောက်ကဲလွန်၊ မိုးထိဝှန်မျှ၊ လွမ်းပြန်လေလော၊ စေ့ရေ တယူ၊ လွမ်းသစ်ကူက၊ ဆာပူညွတ်ပျောင်း၊ လွမ်းလောင်းကြီးမြင့်၊ အဆင့်ဆင့်လျှင်၊ လွမ်းခွင့်မနား၊ ဆွေမင်းသားကြောင့်၊ လွမ်းအားထပ်၍၊ မမှောက်လှည့်ဟု၊ လွမ်းပြည့်ထွေသာ၊ သဝဏ်စာနှင့်၊ လွမ်းတာမြဲအောင်၊ သူ့ဘောင်ရပ်ဝေး၊ မြို့စွန်ကျေးဝယ်၊ ရက်နေ့ရှည်စွာ၊ ကြာလိမ့်မည်ဟု၊မတည်မတံ့၊လွမ်းပျံ့ရှိန်နူး၊ ဆွတ်မိန်း မူးသည်... မယ်ထူးချိမ ရှင်တကား။

ညှိုးလျော်တ၍၊ ဆွတ်မှုမိန့်မူး၊ ညှိုးပျံ့ပျူးလျက်၊ မယ်ထူးချည်းသာ၊ ညှိုးဗျာပါတည့်၊ ထပ်ခါဆိုတမ်း၊ ညှိုးသမ်းပျောင်းပျ၊ အဆဆလျှင်၊ ညှိုးလှသန္တာန်၊ ပန်းကြာမွန်လျှင်၊ ညှိုးတန်ပေထိုက်၊ ရေ့ဦကွာမူ၊ညှိုးကာမရှိ၊ နွမ်းခြောက်ဖိသို့၊ ညှိုးရိပန်းတောင်း၊ ဖြစ်ပေရောင်း၍၊ ညှိုးပျောင်းခေါ်စိုက်၊ မျှော်လိုက်တယူ၊ ညှိုးပူသည်တောင်း၊ ဆင့်လောင်းချစ်အား၊ လွမ်းလျှောက်ပွား၍၊ သနားလေလေ၊ နောင်မင်းခြေဟု၊ စေ့ရေကြောင်းမျှား၊ မယ့်ဖြစ်လားကို၊ လျှောက်ကြားမှာသည်... ရွှေကြာပန်းညွန့်ရှင်တကား။ [ရှင်မဟာရဋ္ဌသာရဆို-ပဒုမ္မာကြာဆိုနည်း ၂-ပုဒ်။]



### ၄–တမ်းခွန်စာဆိုနည်း

(၁) ရံဘက်ရွှေတော်၊ ရံဘော်ရံမှတ်၊ ရံပတ်ရံဝန်း၊ ငြိမ့်ငြိမ့် ရွှန်းလျက်၊ သက်မှန်းသက်ပင်၊ သက်ခင်သက်မျှ၊ မွေးနှမကို၊ လွမ်းတလွမ်းတူ၊ လွမ်းမူ လွမ်းတွေ၊ ချစ်သက် ဝေသည်....ကြင်ဆွေ ကြင်ခြင်း၊ ကြင်လျှင်း ကြင်နှံ့-သင်းတကား။

ရံဘက်နေပျော်၊ လှကျော်လှထွတ်၊ လှလွတ်လှချာ၊ မျိုးသည်လျာကို၊ လူ့ရွာလူ့ပုံ၊ လူ့ဘုံလူမျှ၊ နိုင်းမကရ၍၊ ပျိုလှပျိုမျစ်၊ ပျိုသစ်ပျိုမွန်၊ အလှလွန်သည်....မှတ်ရန်မှတ်ထား၊ မှတ်သားမှတ်ကြသင့်တကား။

ရံဘက်ခြွေသော်၊ ရှုမျှော်ရှုဉ်၊ ရှုလီရှုစွာ၊ သက်တရာတည့်၊ မကွာမကွေ၊ မသွေမခွ၊ သက်ချင်းမျှသား၊ ကြင်စ ကြင်ရာ၊ ကြင်နာ ကြင်ရန်၊ ဘုန်းချင်းတန်သည်....ချစ်လွန်ချစ်ထိုက်-ချစ်ကြိုက် ချစ်စံ တင်တကား။ ။[တမ်းခွန်ဆိုနည်း။]

(၂) ပြိုင်ဘော်ပြိုင်ဘက်၊ ပြိုင်လျက်ပြိုင်ကျွန်း၊ ပျံ့ပျံ့မွှန်းသား၊ နတ်ပန်းနတ်ရွာ၊ နတ်မှာနတ်ဘုံ၊ စိုက်ပျိုးတုံသို့၊ နိုင်းပုံနိုင်းသည်၊ နိုင်းရည်နိုင်းတူ၊ ဟူမယွင်းသည်....ငုံကင်းငုံပြေ၊ ငုံရွှေငုံရင့်၊ ဆိုင်သည်နှင့်။

စံညက်နိတုံ၊မြင့်မြခက်၊မြရွက်မြရိုး၊ ပန်းသာနိုးကို၊စိပျိုးစိနှစ်၊စိရစ်စိရုံး၊ ဆိုင်သီကုံး၍၊ ပတ်တုံးပတ်ချိုက်၊ ပတ်ဆိုက်ပတ်ဆင်၊ ထင်ကြောင်းရင်သည်... နိုင်းအင်နိုင်းဘော်၊ နိုင်းသော်နိုင်းသင့်-မနော်နှင့်။

စံညက်ရည်တူ၊ ပျံ့ကြူပျံ့ကြိုင်၊ ပျံ့လှိုင်ပျံ့ရှား၊ ပန်းစကားကို၊ လှထွားလှထွတ်၊ လှလွတ်လှစံ၊ မျိုးသက်နှံ့သို့၊ ညှာစံညှာလှ၊ညှာမြညှာခွေ၊ဆက်ချေစေသည်....စုံချေစုံအင်၊ စုံလျှင်စုံသင့်-ကြိုသည်နှင့်။ ။[တမ်းခွန်းစာဆိုနည်း။]

(၃) ထွက်မြောက်စံမြောက်၊ အင်မြောက်,မြောက်လှ၊ ချိန်ဆရောက်ဆ၊ နိုင်းဆ,ဆဘွယ်၊ တုရွယ်ခိုင်ရွယ်၊ ဖက်ရွယ်,ရွယ်ဆင်း၊ ပြိုင်ကင်းနိုင်းကင်း၊ လွတ်ကင်း, ကင်းမြောက်၊ ကြားချောက် ကျော်ချောက်၊ ပတ်ချောက်, ချောက်မျှ၊ အံ့ကြ အံ့ကြ၊ မူကြ,ကြကာ၊ ပြင်လျာချစ်လျာ၊ တုလျာ, လျာဖက်၊ နှစ်သက် ကြည်သက်၊ ကြင်သက်,သက်လစ်၊ နုမျစ်ပျိုမျစ်၊ ထွားမျစ်,မျစ်စွာ....ရွယ်ပြာလဲ့ပြာ၊ ရှိန်ပြာ, ပြာမျှ-စံမြောက်လှ။

ချစ်တန်မျှော်တန်၊ ရွယ်တန်,တန်စွ၊ ထွန်းပလျှံပ၊ ပြောင်ပ,ပရွှန်း၊ စံကျွန်းဘက်ကျွန်း၊ လွန်ကျွန်း,ကျွန်းမြောက်၊ ပြိုင်ထောက် တထောက်၊

ဆွယ်ထောက်, ထောက်ကင်း၊ ရပ်ဆင်းလှဆင်း၊ နတ်ဆင်း, ဆင်းပြင်၊ စုံအင်ဖြိုးအင်၊ မြတ်အင်,အင်ဖြိုး၊ ယိုးမှတ် ဆိုယိုး၊ ယိုးယိုးလတ်လတ်၊ ထက်နတ် ရေနတ်၊ လျှနတ်,နတ်ဟု၊ မိန်းရှုကြင်ရှု၊ ရွှင်ရှုရှုမြဲ....လှော်ကဲ့းတင့်ကဲ့း၊ လွန်ကဲ့,ကဲ့းဆ-ပျော်တန်စွ။

ပြောဆို-နှုန်းဆို၊ အံ့ဆို,ဆိုကြ၊ ရှိစကြည်စ၊ ညွတ်စ,စယံ၊ နက်စုံသူစုံ၊ မြူးစုံ,စုံပျော်၊ နှစ်ဖော်ကြင်ဖော်၊ စုံဖော်,ဖော်တွေ၊ တွေ့လှရွှင်လှ၊ရွှင်လှလှပြိုင်၊ ချစ်လှိုင်မွေးလှိုင်၊ ပျံ့လှိုင်,လှိုင်ကြူ၊ ဖန်တူ မှန်တူ၊ ချစ်တူ,တူဆင်၊ စံသွင်နည်းသွင်၊ ထုံးသွင်,သွင်ညွှန်၊ သင်လွန်တင်လွန်၊မြတ်လွန်,လွန်အပ်၊ နှိုင်းထပ်စံထပ်၊ ပုံထပ်,ထပ်မျှ-နှိုင်းဆိုကြ။

## ၅-သန်လျက် စာဆိုနည်း

(၁) ဆင်းလှဆင်းလွတ်၊ လှထွတ်လှမော၊ တူလျောတူဘက်၊တူစက်ပြိုင်အံ့၊ မငံ့သည်သာ၊ မဟုတ်စွာတည့်၊ လူ့ရွာဌာန၊ နှံ့မျှပတ်ညက်ကျော်တူဘက်မှု၊ တယောက်ဟူသည်....ရည်တူမရှိရာတကား။

(၂) ဖက်ချစ်ရမ်းချစ်၊ တမ်းချစ်,ချစ်ပျော်၊ ယှဉ်ဘော်ယှဉ်စုံ၊ ယှဉ်နှံ့တုံ၍၊ ပိုက်ခြုံရွှေရင်၊ ချစ်အင်စံခိုင်း၊ တုမဲ့နှိုင်းသား၊ ဆက်တိုင်းတုံ့ဆိုဖော်ယှဉ်စုံကို၊ ထက်ရုံကြိုက်သည်... ချစ်ထိုက်မယ်နှင့် သာတကား။

(၃) စံတုစံကင်း၊ တုကင်းတုမဲ့၊ရှိန်လဲ့ရှိန်ညို၊ ရှိန်ပျိုပြာချော၊သဘောတည်ကြည်၊ ရပ်ရည်ပမာ၊ သူဇာတွေးဆ၊ အလှနဂို၊လဲ့ရှိန်ညိုသို့၊ချော်ကဲ့ဆိုဆက်သည်....သန်လျက်ချနည်း စာတကား။ ။[သန်လျက်ဆိုနည်းစာ။]

## ၆-ပုလဲးတတန့်-သန္တာတတန့်ဆိုနည်း

မြတ်မျိုးမြင့်မှန်၊ ကျင်ပေတန်၍၊ရွယ်ရန်ရည်ရင့်၊ ဆင်တိုင်းတင့်သား၊ နတ်နှင့်နှုန်းနှန်း၊ ဝင်းငြိမ်ရွှန်း၍၊ လှလွန်းလွန်လှည့်၊ ငါးကြန်ပြည့်ကို ဖျော်ဖြည့်ဖြေဖျောက်၊ ကြိမ်ကြိမ်လျှောက်လည်း၊ ပြစ်ပျောက်ပျို့ပျို့၊ဖြူဖြူ စို့နှင့်၊ သူသို့သွေ့သည်၊ ဟုတ်မည်မှန်ဘွယ်၊ ဝမ်းဝယ်ပိုးဝါး၊ စိတ်လှုပ်ပါး၍၊ ကြိုးကြားကြကာ၊ ဂိမှာသန်ဆောင်း၊ ချောင်းချောင်းခခါ၊ ကာလရှည်ဖင့်၊ မျိုးမြတ်မြင့်သည်....လွှမ်းလင့် လွန်လှည့်-လေလိမ့်လော။ [ရှင်မဟာရဋ္ဌသာရဆို-ပုလဲးတတန့် သန္တာတတန့်ဆိုနည်း၊ ပုလဲးသန္တာဘွဲ့ဆိုနည်းလည်းဟူ၏။]



## ၇-ကိုယ်တွင်းပြည့်ရွှဲသီ ဆိုနည်း

ဆွတ်တင့်မော၍၊ နတ်နှင့်ရော၍၊မြကြောမင်းစံ၊ နှင်းဖျင်စံသား၊လှမောကျင်းထံ၊ဝင်းထင်လျှံသား၊ ခက်တံညွှန့်ဆင့်၊ မိုးမလင့်လည်း၊သက်နှံ့ဩန့်တင့်( ?သင့်)၊ကြို(? ကြိုး)သဖြင့်လည်း၊ ခါသင့်ဟေမန်၊ လေလျှင်ပြန်သော်၊ကြာမြင့်လေဟန်၊ရွှေရင်ကြန်သော်၊ ချမ်းလွန်လှထွား၊ စက်တည်ဖွား၍၊ လွှမ်းပြန်ဆပွား၊ ရက်ရှည် လျား၍၊ ကြောင်းလျား လင့်နေ (? ပွင့်ပေ)ညက်ပြာချေ(? ခြေ)သည်... ဆောင်ပါးပွင့်ပေ(? လင့်နေ) ဆက်လာစေ သည်....ငုံပြေခွံပြာ နွယ်ပန်းတော်။ အုံဝေကြိမာရွယ်မှန်းသော်။ ။[ဇေကပိုဒ် ကိုယ်တွင်းပြည့်ဆိုနည်း။ ကိုယ်တွင်းပြည့် ရွှဲသီဆိုနည်းလည်းဟူ၏။ ၎င်းရတုကို ဉာဏ်ရှုလျှင် ကိုယ်တွင်းပြည့်ရတု နှစ်ပုဒ်ရလတ္တံ့။စာတည်းသူ။]

## ၈-ဂေါမုတ္တာရသုံးလွှန်းတင် ဆိုနည်း

(၁) ထွတ်တင်ထား၊ ညဥ့်အားပြောင်ဝင်း၊ ပြိုင်ကင်း ဘက်လွတ်၊ ကျော်ပတ်လန့်စို (? စိုး)၊ တက်မှန်ပျို ( ? ပျိုး)။ ။မြတ်စံခေါင်၊ဘုန်းရောင်ပွင့်ရွှန်း၊ နိုင် ( ? နိုင်း) ခန်းမဲ့စင်၊ လွှမ်းတင်ကြောက်စိုး၊ တက်ဝှန်တိုး။ ။လွတ်လှကွန်း၊ စက်ဝန်းလျှံဝါ၊ နှုန်းရာကင်းမြောက်၊ ကျော်ချောက်ရွံ့စိုး၊ တိန်ရိုက်ကြိုး။ ။[အိမ်ရှေ့မင်းကြီး ဂေါမုတ္တာရသုံးလွှန်းတင်ဆိုနည်း]။

(၂) လွှတ်စံထား၊ ဘုန်းအားပွင့်လင်း၊ နိုင် (?နိုင်း) ခင်းမဲ့လွတ်၊ လွှမ်းပတ်ကြောက်စိုး၊ ထက်ဝှန်တိုး။ ။မြတ်ထင်ခေါင်၊ရည်ရောင်ပြောင်လျှံ၊ ပြိုင်စံဘက်စင်၊ ကျော်တင်လန့်စိုး၊ တက်ဝှန်တိုး။ ။မြတ်လှခေါင်၊ စက်ရောင်လျှံဝန်း၊နှုန်းခန်းကင်းစင်၊ ကျော်တင်ရွံ့စိုး၊ တိန်ဝှန်ကြိုး။ ။လွတ်စံကျွန်း၊ဘုန်းပန်းပွင့်ဝါ၊နှိုင်းရာမဲ့မြောက်၊ လွှမ်းခြောက်ကြောက်စိုး၊ ဝတ်ရှိုပ်(?)တိုး။ [ယခင်သုံးပိုဒ်ကို ဂေါမုတ္တရဖက်၍ လေးပိုဒ်ထပ်ပြန်သည်။ပေါင်း ၇-ပိုဒ် အဖတ်ခက်စေလိုသော် နဂါး ၇-ခု၊ နဂါးဖောင်ဖွဲ့ချ။]

## ၉-နဝဘာအင်းဆိုနည်း

(၁) လွှမ်းဘုန်းကျော်....တွေးတော်ချင့်ကောက်၊ နားတော်လျှောက်အံ့၊ နဂါး သမီး၊ စနီးထွန်းတောက် လှည့်သွား၊ နေ မင်းသားလျှင်၊ နဂါး

ယှဉ်ဘော်၊ မွှေလျော်ကြငြား၊ တောင်မြင့်ဖျားထက်၊ မွေးဖွားသိုက်မှ၊ နှစ်ဆိုက်အတူ၊ ဥဖြူဒွိတွင်၊ မျက်နှာမြင်သော်၊ ခေါ်တွင်လူဗိုလ်၊ အုံ့ဆိုသီးသီး၊ ဖြူစောထီးလျှင်၊ ဘုန်းကြီးသီဟ၊ ထွတ်ရာရ၍၊ အစမျိုးဘော်၊ ဘက်မမြော်သည်....ပေါ်ထင်လှမ်း။

လှမ်းထင်ပေါ်....မျိုးဘော်အလတ်၊ လျှံပတ်အာဏာ၊ နော်ရထာလျှင်၊ ဝေလာဟက၊ အဿနုတ်နှင်း၊ ရန်ခွင်းနိုင်းလောက်၊ လေးယောက်မင်းကျော်၊ မမြော်တုမဲ့၊ သုံးဆဲ့ခြောက်စီး၊ ပြောင်ကြီး ဖြူလှပ်၊ စလပ်ပန်းသွင်၊ လှံရှင်ရိန္ဒမာ၊ သီလာဝံသ၊ မာဃသိကြား၊ ပေးငြားမကြွင်း၊ သတင်းဂုန်ဝါ၊ ရှစ်ဒိသာသည်....ကြေညာလှမ်း။

လှမ်းညာကြေ....သပြေချာထွန်း၊ကျွန်းမြရောင်ကို၊စိုးဆောင်အုပ်ဆောင်း၊ အလောင်းစည်သူ၊ ဗိုလ်လူအုံ့ကာ၊ ငယ်ခါကပင်၊ နိုင်ငံမင်လျက်၊ အိမ့်ရှင်ရွှေစည်၊ အလိုမြည်၍၊ ဖွင့်သည်အသွင်၊ ဥကင်နန်းမြင့်၊ လင်းလင်းပွင့်က၊ ရှင်ပင့်ကိုသာ၊ စောင့်နှင့်ပါဟု၊ သာယာသံချို၊ ဘိုးတော်မိန့်ရှင်း၊ ရိုက်ထိန့်မြေပြင်၊ ကောင်းကင်ထုတ်ချောင်း၊ ပြန်ပြောင်းဘနန်း၊ ခေါ်ကြမ်းသည်....ပတ်ဝန်းလှမ်း။

လှမ်းဝန်းပတ်....အထွတ်သိဒ္ဓိ၊နရပတိစည်သူ၊ ကျွန်းလုံးယူ၍၊ လူတို့သနင်း၊ ဘိုးတော်မင်းလည်း၊ ထန်ပြင်းနှုဘော်၊ ရွှေဖောင်တော်ထက်၊ စံလျက်ခြွေရွေ၊ ရောက်စေလိုရာ၊ မျက်နှာရွှေတည်၊ စူးစူးရည်က၊ တောတောင်စသည်၊ ချမ်းမြယဉ်တွေ၊ ဖြစ်လျှင်းလေ၍၊ သပြေပင်ထီး၊ အသီးကျဟန်၊ မြောက်စည် ဖန်သား၊ ပွင့်တန် သမ္ဗာ၊ အာဏာ တက်တုန်း၊ သိကြားနှုန်းသည်....ကျော်ဘုန်းလှမ်း။ ။[နဝဘာအင်းဆိုနည်းလေးပိုဒ်ရှင်မဟာရဋ္ဌသာရဆို။]

(၂) ခေါင်ထွတ်မင်း....ထံရင်းဘုန်းရောင်၊လှတ်စံခေါင်။ ။ခေါင်စံလှတ်၊ အထွတ်တန်းဆောင်၊ ကြီးဘုန်းခေါင်။ ။အခေါင်မျှားမင်း၊ မှန်ကင်းလည်းတောင်၊ မင်းထွတ်ခေါင်။ ။[နဝဘာ အထွက်အဝင်ဆိုနည်း။ ဤကဗျာ၌၊ ကြီးဘုန်းခေါင်။ ။အခေါင်မျှားမင်း-ဆိုမည့် အစား၊ မင်းဘုန်းခေါင်။ ။ခေါင်ဘုန်းမင်း-ဟု ရှိမှ အသွားမှန်မည်ထင်ပေသည်။ စာတည်းသူ။]

(၃) မင်းမျှားထွတ်၊ တုလွှတ် ကျော်လှမ်းမင်း။ ။မင်းလှမ်းကျော်၊ ကျွန်တော် စင်ဘက်မင်း။ ။မင်းဘက်စင်၊ လူတွင် သိကြားမင်း။ ။မင်းကြားသိ၊ သိဒ္ဓိထွတ်မျှားမင်း။ ။[နဝဘာအင်းဆိုနည်း။]



(၄) ပြည်လှတ်ဖက်၊ စဉ်ဆက် ထင်ကျော်ပြည်။ ။ပြည်ကျော်ထင်၊ သာအင် ကင်းတုပြည်။ ။ပြည်တုကင်း၊ ပွင့်လင်း ချက်လယ်ပြည်။ ။ပြည်လယ်ချက်၊ အဖက် တက်လှတ်ပြည်။ ။နဝဘာအင်း အထွက်အဝင်ဆိုနည်း။ [အဖက်တက်လွှတ်ပြည်-ဆိုမည့်အစား အတက်,ဖက်လွှတ်ပြည်ဆိုမှ အဝင်နှင့်အထွက် ကိုက်မည်ထင်ပေသည်။ စာတည်းသူ။]

## ၁၀—မြင်းမိုရ် ဆိုနည်း

(၁) ကမ္ဘည်းဥဒါန်း၊ ရွှေပြည်နန်းလျှင်၊ သုံးပါးအင်ကို၊ စိရင်ဖတ်(တတ်) စွမ်း၊ ဘုန်းသစ်ဖမ်း၍၊ ချီးမွမ်းဝမ်းမြောက်၊ နားတော်လျှောက်သည်....အံ့လောက်ထူးပြား-တွေ့သကား။ ။ကျော်လွှမ်းပတ်၊ တုလွှတ်ထင်ရှားတည်၊ လွှမ်းသည်ဘုန်းပြိုင်၊ နှုန်းစံမဲ့ရာဘက်၊ ဘုန်းစက်ဘုန်းစက်၊ ဆွယ်ဘက်စံတူ၊ပြိုင်ဘွယ်လူဝယ်၊ဘက်နှုန်းလွှတ်။ ။[သဗ္ဗဒေါဘဒြမြင်းမိုရ်ဆိုနည်း။]

(၂) ရဲးစံလွှတ်၊ ရန်ပြတ်ကျွန်းထင်ပေါ်၊ စံနှိုင်ခင်း၊ တုကင်းဘက်မထင်၊ လွှတ်ခင်မှန်ထောက်၊ ရှုန်ဘွယ်ဘက်ကျွန်း၊ မြရန်တုထောက်၊ ပယ်ဖျောက်ပုံခင်မြတ်။ ။[သဗ္ဗဒေါဘဒြမြင်းမိုရ်ဆိုနည်း။]

(၃) မင်းလျှာမြောက်မြောက်၊ မင်းတောက်တည်တည်၊ မင်းရည်ထိုက်ဇွာ၊ မင်းဟူရာသား။ ။အကန့်လေးခုတွင်တည်၊ မင်းလျှာမြောက်မင်းတောက်တည်။ မင်းရည်ထိုက် မင်းဟူရာ....စက်ဝန်းပြင်ရန်-အကြားတည်း။ ။[သဗ္ဗဒေါဘဒြမြင်းမိုရ်စက်ဝန်းဆိုနည်း။]

## ၁၁—သုံးလှန်းတင် ဆိုနည်း

ကျွန်းငယ်ဘော်၊ ထမ်းခေါ်ကြာမြင့်၊ခါသင့်ချမ်းအောင်၊သန်းယောင်ဆိုတ၊ ယိုကျလွှမ်းစွတ်၊ လွှမ်းဆွတ်ဖော်ကျွေ၊ ဖျော်ဖြေမချာ၊ မြေပါပြောင်လင်း၊ ရောင်ဆင်းမြတူ၊ တယူရှုန်းသွယ်၊ ကျွန်းငယ် ကြင်ဘော်....ရှင်ပျော်လေးမြတ်၊ပေးသက်မှတ်။ ။[သုံးလွှန်းတင်စပ်ဆိုနည်း၊မန်ကျည်းရွက်ထပ် စပ်နည်းလည်းဟူ၏။]

## ၁၂—မျက်နှာမည်းသံ

အခဋ္ဌတောင်ကြီး-မိုးသို့ဒိုး၊ ရေမြေငွေသက်-ထက်သို့တိုး။ ။[မျက်နှာမည်းသံ]

## ၁၃-ဥလျောင်ဆိုနည်း

(၁) အနောက်ပတ်လျောင်း၊ တပေါင်းလည်းကျူး၊ တန်းခူးလည်းကုန်၊ မြေအုန်လည်းသွေ့၊ ရေငွေ့လည်းစဲ၊ နှင်းပွဲလည်းဖျန်း၊ တောပန်းလည်းပွင့်၊ သစ်မြင့်လည်းပေါ်၊ ငှက်တော်လည်းကြွေး၊ ပဲတွေးလည်းကြူး၊ တန်းခူးလည်းပြန်၊ တောစွန်ခပ်သိမ်း၊ ထွားနုစိမ်း၍၊ အိုကြင်သူ၊ နတ်တူနှိုင်းဟု၊ မရှုပြီလေ-ပြန်ခဲ့အေး။ ။[ဥလျောင်ဆိုနည်း။]

(၂) ကြင်ကြင်လိုလို-အိုဖမင်း၊ မုန်တိုင်းပြင်းနှင့်၊ ငါးကြင်းတိလှိုး၊ တံပိုးတိပြတ်၊ တံလှပ်တိပြေး၊ ပြာကျေးတိရွှေ၊ နေဝါတိသွေး၊ ပဲတွေးတိကြွေ၊ လေပွေ့တိရှည်၊ စည်သံတိရှင်၊ ဘဝသခင်၊ ပဒေါင်ပင်တော်၊ ရွှက်ရေ၁်ချိန်ကျ၊ မြောက်သားလှနှင့်၊ မိဘဘေးဘိုး၊ ရွှေပုထိုးကို၊ ဥမျိုးညောင်ရိ၊ မသွန်းပြီလော-ပြန်ခဲ့အေး။ ။[ဍင်းဆိုနည်း]

(၃) ကြားပိမ့်မြတ်ခေါင်၊ တောင်ချောင်းကြား၌၊ မှတ်သားသက်သေ၊ နဖူးဗွေဝယ်၊ ရေးထွေအက္ခရာ၊ နတ်ဘာအစစ်၊ အလှစ်သိ၍၊ မှတ်ဖိအောင်ချည်း၊ စနည်းနွယ်ကို၊ လွယ်ကာသက်ရှည်၊ လည်ကာဖတ်သည်၊ ဆုံးဖြတ်စည်ရှေး-အလျားတုကား (၁)။

သားပါးရေကောင်း၊ ဤအကြောင်းကား၊ သူကောင်းဖြစ်အံ့၊ အလွှမ်းမိုး၍၊ မင်းစိုးပူဇော်၊ ရံသော်ချီးဝှဲ၊ အားအံသောင်းသောင်း၊ မျိုးပေါင်းမှိတင်း၊ တောင်တွင်းနေလျက်၊ သွေးလေကြမ္မာ၊ မင်းတို့သာဟု၊ တရာသက်ရှည်၊ မိန့်ခဲ့တုံကား (၂)။

မှောက်တော် ဘုရား၊ တောဖျား ထွတ်ရှောင်း၊ ရွှေပေါင်းခွါယတရာရ၊ မုန်ကျစက်စက်၊ ကုန်းသက်ရန်ကြား၊ စမုန်နား၌၊ ကြွသွားမရပ်၊ တပ်တပ်မြင်သည်၊ နတ်ရှင်ပေပြား၊ ဘုန်းတော်တုကာ (၃)။

စငေါ်ကားရေး၊ သုံးပါးတောင်းသန်း၊ ကြိုးငယ်တန်းလျက်၊ သစ်ခက်ထွေပြား၊ နစ်လားကိုင်၍၊ တိမ်းယိုင်မေသည်၊ ရွှန်းကြည်မျက်နှာ၊ နံပါကျည်းပူး၊ စည်လူးဝတ်နှင့်၊ ချင့်မှတ်လော်လည်၊ ရွှင်သည်ဖြတ်ဝမ်း၊ ဖွားသည်မူကား၊ သိကြားပျက်ပြယ်၊ ရယ်စလို၍၊ နတ်ကိုယ်ဆင်းရောင်၊ ရစ်ဆောင်သည်၊ ပျောက်ခဲ့ရှုံးမူ၊ မလွဲအပြစ်၊ ဖြစ်လတ်ရာကား၊ ချင်းမှာလွတ်ရာ၊ မိသိတုကာ (၄)။

## ၁၄-ကြာရေးနည်း

ဆိုခဲ့သည့်ရေးနည်းအကြောင်းကို ကောင်းမွန်စွာ သိနားလည်စိမ့်သောငှာ အောက်၌-အင်းစောက်ဇယားနှင့်ဖော်ပြပါသည်။

(၁) ကြာခရေးနည်းအဖြောင့်

| | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရွှေ | [illegible] | စင်း | ကြိ | ရွှေ | ကမ်း | ယံ | နှိုက် | ရွှေ | ခြိ | ရံ | ဝန်း | ရွှေ | မင်း | ပန်း | ကို | ရွှေ | ညွန်း | ဌာ | န |
| ရွှေ | ဝ | မင်း | နေ | ရွှေ | မြေ | ရပ် | သူ | ဆင်း | နတ် | တူ | သည် | နေ | တူ | ရှု | ကြည့် | ဆွတ် | ပါ | လှည့် | — |

(၂) ကြာရေးနည်း ကိလိဋ္ဌ

| | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| လှည့် | ပါ | ဆွတ် | ကြည့် | နေ | ဝန်း | ရှု | မင်း | ရံ | တူ | ဝ | ခြိ | နေ | ရွှေ | ရွှေ | သည် | န | နှိုက် | တူ | ဌာ |
| ယံ | နတ် | ညွန်း | ကမ်း | ဆင်း | ရွှေ | ရွှေ | သူ | ကို | ကြိ | ရပ် | ပန်း | စင်း | မြေ | ပင် | [illegible] | ရွှေ | ရွှေ | ရွှေ | — |

ဍင်းကြာရေးနည်းကို အချို့မှုတွင် ခြသေ့်လည်ပြန်ရေးနည်းဟူ၍လည်း-မှတ်ယူရေးသားကြသည်။ အခေါ် ကွဲသော်လည်း ကောက်ယူပုံမှာ-ထပ်တူပင်ဖြစ်သည်။ဍင်းအက္ခရာကို ကိလိဋ္ဌဖြစ်အောင်ကောက်နည်းမှာ အဆုံး "လှည့်"ကစ၍ "ကြည့်" တိုင်အောင် အစဉ်လိုက် ပဋိလောမကောက် "လှည့်ပါဆွတ်ကြည့်" ဖြစ်၏။ ။"ရှု"ကစ၍ ၁၂-လုံးမြောက်စီ။ ပဋိလောမရေး၍ ဆက်ကာဆက်ကာ ကောက်ရေးရာ ပထမထားခဲ့သည့် ၄-လုံးအက္ခရာမပါစေနှင့် ကိလိဋ္ဌအရာဖြစ်၏။

၎င်းကိလိဋ္ဌအရာကို အဖြောင့်ကောက်လိုက်ပြန်လျှင် အဆုံး "ရွှေ"ကစ၍ ၂-လုံးကျော် ၂-လုံးကျော်ကောက်၍ နောက်ဆုံး "ရှု"ကိုရောက်မှ ကြည့်ဆွတ်ပါလှည့်-ဟုရေးလေ၊ အဖြောင့်အက္ခရာဖြစ်၏။

## ၁၅-ပိတုန်းပျံဝဲးရေးနည်း

### (၁) ပိတုန်းပျံဝဲး ရေးနည်းအဖြောင့်

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပိ | တုန်း | ပျံ | ဝဲး | ရေး | နည်း | ကွဲး | အ | မြီး | ဝမ်း | တွင် | ခွဲး | သုံး | ကြ | ပါ | လူ | တ | ကာ |

### (၂) ပိတုန်းပျံဝဲး ရေးနည်း ကိလိဋ္ဌ

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပိ | ပျံ | ရေး | ကွဲး | မြီး | တွင် | သုံး | ပါ | တ | တုန်း | ဝဲး | နည်း | အ | ဝမ်း | ခွဲး | ကြ | လူ | ကာ |

၎င်းပိတုန်းပျံဝဲး-တနည်းအကောက်မှာ အက္ခရာတလုံးကျော်ကောက် ကိလိဋ္ဌအက္ခရာ ဖြစ်၏။ ၎င်းကိလိဋ္ဌ အက္ခရာစုကို ထက်ဝက်ဝက်၍ ရှေ့နောက်မှတ် ရှေ့အက္ခရာစုတွင် ပဌမစုကိုစ၍ကောက်၊ နောက် အက္ခရာစုတွင် ပသာခံ တုန်း က–ကောက်ပြန်သည့်နည်းကောက် အဖြောင့်ဖြစ်၏။



## ၁၆-ဝါးခွဲးရေးနည်း

### (၁) ဝါးခွဲးရေးနည်း အဖြောင့်

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဖူး | ရွက် | စည် | ၍ | မြ | ရည် | ဖျန်း | ဆွတ် | ခါ | သင့် | မှတ် | သား | ရင် | ခတ် |
| ဟူ | သည် | ပန်း | ထူး | လည် | ကား | ပွင့် | မည် | အ | စ | သည် | ကာ | လ | တည်း |

### (၃) ဝါးခွဲး ရေးနည်းကိလိဋ္ဌ

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| လ | သည် | အ | ပွင့် | လည် | ပန်း | ဟူ | ရင် | မှတ် | ခါ | ဖျန်း | မြ | စည် | ဖူး |
| ရွက် | ၍ | ရည် | ဆွတ် | သင့် | သား | ခတ် | သည် | ထူး | ကား | မည် | စ | ကာ | တည်း |

၎င်းဝါးခွဲးရေးနည်းမှာ အဖြောင့်စာတွင် အဆုံးအက္ခရာ ရှေ့တလုံး "လ"အက္ခရာကစ၍ တလုံးကျော်-ပဋိလောမ ကောက်၊အစအက္ခရာသို့ရောက်လျှင် ရွက်ကစ၍-တလုံးကျော် အနုလောမကောက်ပြန်၊အဆုံးတည်းသို့ရောက်လျှင်ပြီး၏။ဤကားကိလိဋ္ဌအက္ခရာဖြစ်အောင်ကောက်နည်း။အဖြောင့်ဖြစ်အောင်ကောက်လိုသော် ၎င်းအက္ခရာစုကိုထက်ဝက်ခွဲး။

ငပြေတက်သက်ရေးနည်း။ ၎င်းစာတွင်- ကိလိဋ္ဌကောက်လိုလျှင် အစအက္ခရာက အဆုံး အက္ခရာ။ အစ နောက်အက္ခရာက အဆုံးရှေ့အက္ခရာ ဤကဲ့သို့တခါတခါချင်း၍ကောက် ကိလိဋ္ဌအက္ခရာဖြစ်၏။ အဖြောင့်ကောက် လိုလျှင် အစ အက္ခရာက တလုံးကျော်-အနုလောမကောက်။ ကုန်လျှင် အဆုံးရှေ့အက္ခရာက တလုံးကျော် ပဋိလောမ ကောက်ပြန် အဖြောင့်အက္ခရာဖြစ်၏။

(၂) ငပြေတက်သက်ကိလိဋ္ဌ။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ဆွေ | ကား | သိ | မှု | ခင် | ဘိ | သည် | နား | မြဲ | သ | လျှင် |

(၁) ငပြေတက်သက်ရေးနည်းအဖြောင့်။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ဆွေ | သိ | ခင် | သည် | မြဲ | လျှင် | သ | နား | ဘိ | မှု | ကား |

၁၆–ငပြေတက်သက်ရေးနည်း

ဤကား-ရင်ခွါရေးနည်းအဖြောင့်စာ။၎င်းစာတွင်-ကိလိဋ္ဌအက္ခရာကိုကောက်လိုလျှင် အဆုံးအက္ခရာရှေ့တလုံး က ပဋိလောမတလုံးကျော်ကောက်၊ ကုန်လျှင် အစတလုံးက-အနုလောမ တလုံးကျော်ကောက်ပြန် ကိလိဋ္ဌအက္ခရာ ဖြစ်၏၊ အဖြောင့်ကိုကောက်လိုလျှင် အလယ်အက္ခရာတလုံးကစ၍ ရှေ့နောက်တလုံးစီကောက်လေ အဖြောင့်စာဖြစ်၏။

(၂) ရင်ခွါ ရေးနည်း ကိလိဋ္ဌ။

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သက် | မည် | ပါ | နှင့် | မ | ဖက် | ဘိ | ရွှေ | လက် | ညွန့် | ပျက် | တက် | တော့ | အ | ကယ် |



(၁) ရင်ခွါ ရေးနည်း အဖြောင့်။

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရွှေ | ဘိ | လက် | ဖက် | ညွန့် | မ | ပျက် | နှင့် | တက် | ပါ | တော့ | မည် | အ | သက် | ကယ် |

၁၈–ရင်ခွါရေးနည်း

ဤကား-ရင်စေ့အဖြောင့်စာ ၎င်းစာတွင်-ကိလိဋ္ဌအရာကို ကောက်လိုလျှင် အစက တလုံးကျော်ကောက် အဆုံးကျန်တလုံးက အပြန်တလုံးကျော်ကောက် ကိလိဋ္ဌအက္ခရာဖြစ်၏။ အဖြောင့်ကိုလိုသော် အစကအဆုံးမှာ ကောက် တစတစအတွင်းသို့ချုံ၍ ကောက်-အဖြောင့်ဖြစ်၏။

(၂) ရင်စေ့ရေးနည်းကိလိဋ္ဌ

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရွှေ | တ | ရွှေ | ယက် | တောင် | ကြည် | သာ | ကား | တ | ဘွယ် | ထက် | သည် | ကြက် | ဖက် | ဝ |

(၁) ရင်စေ့ရေးနည်း အဖြောင့်။

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရွှေ | ဝ | တ | ဖက် | ရွှေ | ကြက် | ယက် | သည် | တောင် | ထက် | ကြည် | ဘွယ် | သာ | တ | ကား |

၁၇–ရင်စေ့ရေးနည်း

ရှေ့အက္ခရာအဆုံးတွင် ဖွ-ကစဉ်းလျှင် နောက်အက္ခရာစု၌ အစအက္ခရာ-ရှက်,ကိုယူပြီးလျှင် ရှေ့အက္ခတလုံး, နောက် အက္ခရာတလုံးကောက်၊ရှေ့အက္ခရာစုမှာ ပဋိလောမ,နောက်အက္ခရာစုမှာ အနုလောမကောက်လေအဖြောင့်စာဖြစ်၏။

(၁) ငပြေ တက်သက် ရေးနည်းတနည်း၊အဖြောင့်။

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရွှေ | ဝ | နေးကျ | ပါး | ဆင် | ကျုံး | နား | မှာ | မြိုက် | ခါး | နေ | စာ | မ | ပေါက် | သာ |

(၂)ငပြေတက်သက်ကိုလိဋ္ဌ။

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သာ | မ | နေ | မြိုက် | နား | ဆင် | နေးကျ | ရွှေ | ဝ | ပါး | ကျုံး | မှာ | ခါး | စာ | ပေါက် |

## ၂၀–သုဝဏ္ဏလိပ်ရေးနည်း

(၁) သုဝဏ္ဏလိပ် ရေးနည်းအဖြောင့်။

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပန်း | ရ | သော် | လည်း | တင့် | ရည်း | ခေါက် | ရက် | သ | ခင် | လက် | နှင့် | စုံ | ပက် | မြှဲ | |
| လေး | ကုံး | ၍ | ပေး | သည် | ပွဲ | မွေး | ကြိုင် | ဆုံး | ဂ | မုန်း | မ | ဥ | နှင့် | ကို | |

(၂) သုဝဏ္ဏလိပ်ရေးနည်းကိုလိဋ္ဌ။

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နှယ် | ဥ | မ | မုန်း | ဂ | ဆုံး | ကြိုင် | မွေး | ပွဲ | သည် | ပေး | ၍ | ကုံး | လေး | မြိုက် |
| မက် | စုံ | နှင့် | လက် | ခင် | သ | ရက် | ခေါက် | ရည်း | တင့် | လည်း | သော် | ရ | ပန်း | ကို |



ဤကား သုဝဏ္ဏလိပ်ရေးနည်း အဖြောင့်စာ၊ ၎င်းစာ၌ ကိုလိဋ္ဌအက္ခရာကောက်လိုလျှင် အဆုံးစာလုံးရွှေ အက္ခရာကစ၍ အစဉ်သင့် ပဋိလောမ ပြန်၍ကောက်။ ကုန်လျှင် အဆုံးအက္ခရာ "ကို"ကိုကောက်။ ကိုလိဋ္ဌအက္ခရာ ဖြစ်၏။ အဖြောင့်ကောက်လိုလျှင် အဆုံးမှ အက္ခရာရှေ့-'ပန်း'ကစ၍ ပဋိလောမပြန်ကောက်။ကုန်လျှင် အဆုံးအက္ခရာ "ကို" ကိုကောက်၍ အစသတ်အဖြောင့်ဖြစ်၏။

(၁) သုဝဏ္ဏလိပ် အဖြောင့်တနည်း။

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကြား | မှာ | လိုက် | သည် | နှင်း | ရည် | လည် | ရွှဲ | ဖင့် | နွဲ့ | ၍ | သာ | မ | နေ | ပါ | နှင့် |

(၂) သုဝဏ္ဏလိပ် ကိုလိဋ္ဌ။

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| လိုက် | ရည် | ဖင့် | သာ | မှာ | ကြား | နှင်း | ရွှဲ | ၍ | နေ | နှင့် | သည် | လည် | နွဲ့ | မ | ပါ |

## ၂၁–သမဏ္ဍလိပ်ရေးနည်း

(၁) သမဏ္ဍလိပ်ရေးနည်းအဖြောင့်။

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဆင်း | မြ | သွင် | ကြား | တင့် | ရည် | လျှား | ရက် | များ | ခြား | ကား | လွမ်း | တာ |
| ဝေ | ထွေ | ဆောင်း | နေ | ပျ | ပျ | မြ | မြ | ရင် | ရွှေ | ချမ်း | လျက် | နေ |

## (၂) သမဏ္ဍာလိပ် ကိလိဋ္ဌ

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ချမ်း | လျက် | နေ | ရင် | ရွှေ | မြ | မြ | မျှ | မျှ | ဆောင်း | နေ | ဝေ | ထွေ |
| လွမ်း | တာ | ခြား | ကာ | ရက် | များ | ရှည် | လျား | ကြား | တင့် | ဆင်း | မြ | သွင် |

ဤကား သမဏ္ဍာလိပ်ရေးနည်းအဖြောင့်စာ။ ၎င်းစာတွင် ကိလိဋ္ဌအက္ခရာကောက်လိုလျှင် အဆုံးအက္ခရာသုံးလုံး "ချမ်းလျက်နေ" ကိုကောက်၍ ထားပြီးမှ ပဋိလောမ-တလုံးကျော် တလုံးကျော်ပြန်၍ အနုလောမကောက်၊ အစသုံးလုံးအက္ခရာကို မပါစေရ။ကောက်ပြီးမှ အစ သုံးလုံးအက္ခရာကို အနုလောမအတိုင်း "ဆင်း မြ သွင်"ဟု နောက်ဆုံးရေး ကိလိဋ္ဌအက္ခရာဖြစ်၏။ အဖြောင့်ကိုလိုလျှင် အဆုံးအက္ခရာသုံးလုံး "ဆင်းမြသွင်"ကိုကောက်၍ ထားပြီးမှ ပဋိလောမ တလုံးကျော် တလုံးကျော်ပြန်၍ အနုလောမအားဖြင့် အစ-သုံးလုံးအက္ခရာကို ချန်၍ ကောက်ပြီးလျှင် ၎င်းအစသုံးလုံး အက္ခရာ "ချမ်းလျက်နေ" ကို နောက်ဆုံးထား အဖြောင့်ဖြစ်၏။

## ၂၂-ခြသေ့်လည်ပြန်ရေးနည်း

### (၁) ခြသေ့်လည်ပြန်အဖြောင့်

| | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရွှေ | ဝ | နောက် | ပါး | ဆင် | ကျုံး | နား | တွင် | စောင်း | လျား | မှည့် | ရွှေ | ညာ | မှ | ကြေ | သည် | ခြေ | သ | တတ် |



### *(၂) ခြသေ့်လည်ပြန် ကိလိဋ္ဌ*

| | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နား | တတ် | ညာ | ကျုံး | သ | ရွှေ | ဆင် | ခြေ | မှည့် | ဝါး | သည် | လျား | နောက် | ကြေ | စောင်း | ဝ | မှ | ဟွင် | ရွှေ |

ဤကား-ခြသေ့်လည်ပြန်ရေးနည်း အဖြောင့်စာ၊ ၎င်းစာတွင် အဆုံးက ၁၃-လုံးပြန်၍ ကျရာကောက် ၎င်းနောက် ၇-လုံးပြန်၍ ရေး၊ ကျရာကောက်၊၎င်းနောက် ၆-လုံးရေး၍ ကောက်။နောက်ကို ၇-လုံးတခါ ၆-လုံးတခါစီ ရေး၍ ကောက် ကိလိဋ္ဌဖြစ်၏။ အဖြောင့်ကိုလိုလျှင် အဆုံးအက္ခရာကစ၍ ၂-လုံးကျော်, ၂-လုံးကျော် ပဋိလောမကောက်လေ အဖြောင့်ဖြစ်၏။

## ၂၃-မြွေပွေးတွင်းလှူးရေးနည်း

(၁) မြွေပွေးတွင်းလှူးရေးနည်း အဖြောင့်

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ရွှေ | စည်း | ခံ | မြောက် | အုံ | ပုလဲလော | ထူး | ဆန်း | ပုံကြိုးဖော | သာ | နန်း | ဦ |

(၂) မြွေပွေးတွင်းလှူး ကိလိဋ္ဌ။

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ရွှေ | စည်း | ခံ | အုံ | ပုလဲလော | ထူး | ပုံကြိုးဖော | သာ | နန်း | မြောက် | ဆန်း | ဦ |

ဤမြွေပြွေးတွင်းလှူးရေးနည်းအဖြောင့်ကို ကိလိဋ္ဌကောက်လိုသော် အထက်စာ၌ ပထမ-ဒုတိယ-တတိယ စာသုံးလုံးကို ရေး စတုတ္ထစာလုံးကိုပယ်၍ ပဉ္စမ-ဆဋ္ဌ-သတ္တမ စာသုံးလုံးကို ဆက်၍ ရေး အဋ္ဌမစာလုံးကိုပယ်၊ နဝမ-ဒသမ-ဧကာဒသမ စာသုံးလုံးကို ဆက်၍ ရေး ယခင်ပယ်သည့်စာနှစ်လုံးကိုထည့်၊ အဆုံးမှာ အဆုံးစာကိုထား ကိလိဋ္ဌအက္ခရာဖြစ်၏။ အဖြောင့်ကို လို လျှင် အစသုံးလုံးနောက် ဒသမ စာလုံးကိုထည့် ဒုတိယ သုံးလုံးထား ၎င်းနောက် အဆုံးစာလုံးကိုထား အဖြောင့်ဖြစ်၏။

## ၂၄–ခွေးလှေးခုန် ရေးနည်း

### (၁) ခွေးလေးခုန် ရေးနည်း အဖြောင့်

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မ | ဦူ။ | အ | ဆင်း | ရှစ် | ရပ် | ချင်း | မျှ | ဝါ | တွင်း | ပွင့် | မှန် | နတ် | တို့ | ဖန် | သည် | ဒန်း | ဖြူ | ထွား |

### (၂) ခွေးလှေးခုန် ရေးနည်း ကိလိဋ္ဌ

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တို့ | ဝါ | ဆင်း | ဖြူ | နတ် | မျှ | အ | ဒန်း | မှန် | ချင်း | ဦူ။ | သည် | ပွင့် | ရပ် | မ | ဖန် | တွင်း | ရှစ် | ထွား |

ဤခွေးလှေးခုန်ရေးနည်းကို ကိလိဋ္ဌကောက်လိုသော် အနုလောမအားဖြင့် ၁၄-လုံးရေ၍ကောက်၊ ကိလိဋ္ဌဖြစ်၏။ ၎င်းကိလိဋ္ဌစာတွင် အဆုံးအက္ခရာရွှေတလုံးကစ၍ ပဋိလောမအားဖြင့် လေးလုံး-လေးလုံးကောက် အဖြောင့်ဖြစ်၏။

## ၂၅–နရည်းစရာ ရေးနည်း

### (၁) နရည်းစရာ ရေးနည်းအဖြောင့်

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရွှေ | ဝ | တောင် | ပါး | ဆင် | ကျုံး | နား | တွင် | စောင်း | လျား | ရွှေ | ဝါ | ခိုင် | လုံး | မြွာ | သည် | ညွတ် | ခါ | တည် |



### (၂) နရည်းစရာ ရေးနည်း ကိလိဋ္ဌ

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဝ | ကျုံး | လျား | လုံး | ခါ | ရွှေ | ဆင် | စောင်း | ခိုင် | ညွတ် | တောင် | နား | ရွှေ | မြွာ | တည် | ပါး | တွင် | ဝါ | သည် |
| ၂ | ၆ | ၁၀ | ၁၄ | ၁၈ | ၁ | ၅ | ၉ | ၁၃ | ၁၇ | ၃ | ၇ | ၁၁ | ၁၅ | ၁၉ | ၄ | ၈ | ၁၂ | ၁၆ |

ဤစာတွင် အစတလုံး–နောက်အက္ခရာကစ၍ကောက်၊ ထို့နောက် အက္ခရာကရေ၍ လေးလုံးလေးလုံးတွင်ကောက် ကိလိဋ္ဌဖြစ်၏။ ၎င်းကိလိဋ္ဌစာတွင် ရှေ့ခြောက်လုံးအက္ခရာ "ရွှေ"ကိုကောက်၍ စာမ–ဟု မှတ်။ ၎င်းစာမ–ရှေ့အက္ခရာကစ၍ ပဋိလောမရေးပြီးလျှင် ၅–လုံးတွင်ကောက်။ ၎င်းစာမ–နောက်အက္ခရာကစ၍ အနုလောမရေးပြီးလျှင် ၅–လုံးတွင်ကောက်။ ၎င်းကတဖန် အနုလောမဆင့်၍ ၅–လုံးကောက်။ စာမပေါ် ၄–လုံးရ၏။ နောက်ဆုံးကောက်ရစာလုံး ရှေ့အက္ခရာကစ၍ ပဋိလောမ ၉–လုံးရေပြီးလျှင် ကျရာကောက်–စာမဖြစ်ပြန်၏။ စာမ-ရလျှင် ရှေ့နည်းတူ–ပဋိလောမတချက်၊ အနုလောမ ၂–ချက်။ စာမပေါ် ၄–လုံးရအောင် လိုသမျှစာကုန်အောင်ကောက် အဖြောင့်ဖြစ်၏။

## ၂၆–မနောဟရ ရေးနည်း

### (၁) မနောဟရရေးနည်းအဖြောင့်

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပွင့် | မှုး | ဆင်း | ၍ | ကြောင့် | ကင်း | မိုး | နတ်။ | ရေ | ချမ်း | ဆွတ် | သော်။ | လတ် | လတ် | လှ | တင့်။ | ခိုင် | လုံး |
| ပွင့် | သား။ | ပင် | မြင့် | ခက် | ညွှတ်။ | ပန်း | တက် | ဆွတ် | သည်။ | ပွင့် | မှတ် | ခါ | သင့် | တော် | သည် | နှင့် | — |

## (၂) မနောဟာရ ရေးနည်း ကိလိဋ္ဌ

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပွင့် ၁ | ကင် ၆ | ဆွတ် ၁၁ | တင့် ၁၆ | ပင် ၂၁ | ဖက် ၂၆ | ခါ ၃၁ | ဖူး ၂ | မိုး ၇ | သော် ၁၂ | နိုင် ၁၇ | မြင့် ၂၂ | ဆွတ် ၂၇ | သင့် ၃၂ | ဆင် ၃ | နတ် ၈ | လတ် ၁၃ | လုံး ၁၈ |
| ခက် ၂၃ | သည် ၂၈ | တော် ၃၃ | ၍ ၄ | ရေ ၉ | လတ် ၁၄ | ပွင့် ၁၉ | ညွတ် ၂၄ | ပွင့် ၂၉ | သည် ၃၄ | ယို ၅ | ချမ်း ၁၀ | လှ ၁၅ | သား ၂၀ | ပန်း ၂၅ | မှာ ၃၀ | နှင့် ၃၅ | — |

ဤစာတွင် အစအက္ခရာကို ရေးဦးကောက်၊ ၎င်းနောက်-အနုလောမအားဖြင့် ၅-လုံးစီရေး၍ ကောက် ကိလိဋ္ဌစာဖြစ်၏။ စာရှည်လျှင် အကျော်များ၏၊ တိုလျှင် အကျော်နည်း၏၊ လိုရာရေးလေ။ ၎င်းကိလိဋ္ဌစာတွင် အစအက္ခရာ ပွင့်ကိုရေးဦးစွာကောက်၍ ထား၊ ထို့နောက် ကင်ကစ၍ ၇-လုံးရေး၍ ကောက်၊ နောက်ကိုလည်း ဆက်ကာဆက်ကာ ၇-လုံးရေး၍ ကောက် အဖြောင့်ဖြစ်၏။

## ၂၇-အက္ခရာလှယ်ရေးနည်း

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကာ | လ | မှန် | ရွှေ | ပေ | ပန် | ဗ္ဗို | တွင်း | ကျ | ဆီး | နှင်း | နှင့် | မိုး | ကြွင်း |
| ဆွတ် | ဖျန်း | ခါ | သင့် | မှန်း | သည် | နွယ် | ပန်း | ခွ | မြ | ပန်း | တင့် | လှ | — |

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ခါ | ဝ | နွမ် | ပျော့ | သေ | နန် | စောည်း | ထွည်း | ခြ | စီး | မွည်း | မွည့် | နိုး | ချွည်း |
| ညွတ် | ပြင်း | ကာ | ဟည့် | နွမ်း | ဟင် | ယွရ် | ဖမ်း | ထွံ | ချ | ဖမ်း | ထည့် | သွ | — |

ဤကား-အက္ခရာလှယ်ရေးနည်း အထက်က-အဖြောင့်စာ၊ ၎င်းတို့ကို ကိလိဋ္ဌဖြစ်စေလို၍ ရှေးဆရာတို့ ရေးကြသည့် ထုံးကို လက်ာဖြင့်မှတ်စိမ့်သော၄ာ ရေးထားသည်မှာ....“ဂတိငါးပါး၊သိအောင်ထားပိမ့်၊ထူးခြားတွက်နည်း၊ဖျည်းတေတ္တိ်သ၊ပတမအက္ခရာ၊ လဲးရာဒုတိယ၊ လဲးထဝဂ္ဂန်၊ တတန်-ငညျ၊ န-နှင့်-မမူ၊ မှတ်ယူအမြဲး၊ ယရလဲး၍၊ အမြဲးမှတ်တုံ၊ အလုံးစုံကို၊ ထုံးပုံနည်းကျ-သိသာစွ”။ ။အဓိပ္ပါယ်ကား-က နှင့် ခ ကို လှယ် ၎င်းနည်းတူ ဂဃ-စဆ-ဇဈ-ဋဌ-ဍဎ-တထ-ဒဓ-ပဖ-ဗဘ-ယရ-လဝ-သဟ-ဠအ-ညဉ-နမ ဤ အက္ခရာတို့ကို အချင်းချင်းလှယ်၍ ရေးအပ်သည်။ ဤနည်းသည်-အက္ခရာလှယ်ရေးနည်းမည်၏။ အလှယ်ဆုံးနည်းကား-ကြီးသုံးလုံးကိုပယ် ကျန်ဗျည်း ၃၀-ကို အထက်အောက်အညီချ အထက်နှင့်အောက် လဲးလှယ်သဖြင့် အလှယ်တကူကောက်ယူနိုင်သည် ဃ, ဏ, ဋ, ပယ် ဆိုလိုသည်။

## ၂၈-အက္ခရာလှယ်ရေးနည်းတမျိုး

### (၁) ၎င်း အဖြောင့်

| | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | ည | ဋ | ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ |
| န | ပ | ဖ | ဗ | ဘ | မ | ယ | ရ | လ | ဝ | သ | ဟ | ဠ | အ | | | | | |

(၂) ဥင်း ကိလိဋ္ဌ

| | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အ | ဠ | ဟ | သ | ဝ | လ | ရ | ယ | မ | ဘ | ဗ | ဖ | ပ | န | ဓ | ဒ | ထ | တ | ဏ |
| ဎ | ဍ | ဌ | ဋ | ဉ | ဈ | ဇ | ဆ | စ | င | ဃ | ဂ | ခ | က | | | | | |

## ၂၉–နှစ်လွန်းတင် ရေးနည်း

(၁) ဥင်းအဖြောင့်။

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နေ | ရောင် | ကာ | တွင်။ | မိုး | ရည် | တင် | သည်။ | ထမ်း | စင် | ဆွေး | ပ | လေ | တော့ | မည် |
| ဆွေ | မောင် | လွန်း | ကြင်။ | မှဲ့ | သိ | ခင် | သည်။ | ချမ်း | လှင် | ကွေး | ပ | လေ | တော့ | မည် |

(၂) နှစ်လွန်းတင်ရေးနည်း ကိလိဋ္ဌ။

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နေ | ဆွေ | ရောင် | မောင် | ကာ | လွန်း | တွင် | ကြင် | မိုး | မှဲ့ | ရည် | သိ | တင် | ခင် | သည် |
| သည် | ထမ်း | ချမ်း | စင် | လှင် | ဆွေး | ကွေး | ပ | ပ | လေ | လေ | တော့ | တော့ | မည် | မည် |

*ဤကိလိဋ္ဌ ၂-လွန်းတင်စာကို အစအက္ခရာ ၂-လုံးတွင် ရှေ့အက္ခရာ နောက်ကစ၍ တလုံးကျော်ဖတ်၊ တလွန်း ဖြစ်၏။ အစနောက် 'ဆွေ'ကစ၍ တလုံးကျော်ဖတ်၊ ၂-လွန်းဖြစ်၏။ ၂-ခါဖတ်ရသောကြောင့် ၂-လွန်းတင်ဖြစ်၏။*

## ၃၀–သုံးလွန်းတင်ရေးနည်း

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရွှေ | နန်း | တော် | ရှေ့ | ရွှေ | ခြင် | သေ့ | သည် | ပြန် | ၍ | ဟော် | သော် | သာ | တ | မင့် | မှာ—တလွန်း။ |
| ငုံး | တို့ | သွား | မြိုး | မ | သွား | ပဲ | သည် | ဆင် | ကား | ပေါက် | သော် | သာ | တ | မင့် | မှာ—၂-လွန်း။ |
| သုံး | နှစ် | လည် | ထောင်း | ကျည်း | ပွေ့ | ဟောင်း | သည် | ရွက် | ပြောင်းပေါက် | သော် | သာ | တ | မင့် | | မှာ—၃-လွန်း။ |

၃-လုံးပေါင်းသော် ကိလိဋ္ဌ ၃-လွန်းတင်ရေးနည်း ဖြစ်၏။ ပေါင်းဟန်ကား၊ ရွှေငုံးသုံး၊ နန်းတို့နှစ်၊ တော်သွားလည်၊ ရွှေမြိုးထောင်း၊ ရွှေမကျည်း၊ ခြင်သွားပွေ့၊ သေ့ ပဲ ဟောင်း။ သည် သည် သည်၊ ပြန်ဆင်ရွက်၊ ၍ ကားပြောင်း၊ ဟော်ပေါက်ပေါက်၊ သော်သော်သော်၊ သာသာသာ၊ တတတ၊ မင့်မင့်မင့်၊ ဥင်းကိလိဋ္ဌစာတွင် ပထမသုံးလုံး၌ ရှေးဦး ရွှေအက္ခရာကစ၍ ၂-လုံးကျော်ဖတ်၊ တလွန်းစာဖြစ်၏။ အစသုံးလုံးတွင် ဒုတိယအက္ခရာ ငုံးကစ၍ ၂-လုံးကျော် ဖတ်၊ တလွန်းစာဖြစ်၏။ အစသုံးလုံးတွင် တတိယအက္ခရာ သုံးလုံးက စ၍ ၂-လုံးကျော်ဖတ်၊ သုံးလွန်းတင်ဖြစ်၏။

ဉာဏ်စွမ်းပြ စပ်ဆိုနည်းများကို ကောက်ယူ ထုတ်နုတ်ပြဆိုချက်ပြီး၏။

## ၂-ပုဒ်အက္ခရာ၊ ပင့်ရစ်ကာရန်-မမှန်မကန်ရေးလျှင် အကျိုးယုတ်ရာသောအကြောင်းကိုဖော်ပြ၍ မှန်ကန်စွာရေးရမည့်အကြောင်းနှင့် အမရပုရ ပထမမြို့တည်နန်းတည် မင်းတရားကြီး ထုတ်ပြန်တော်မူသည့် အမိန့်တော်

[ယတိအမှတ်မျှကိုသာပြင်၍ စာသားကို မူအတိုင်းထားပါသည်]

သာသနာတော်မြတ် အခြေအမြစ် ဖြစ်ထွန်းစေရန် ရည်သန်(?သံ)တော်မူ၍ ပိဋကတ်တော်ရွှေရေး မင်ရေး ကညစ်ရေး ပေလုပ်မျည်း * ကိုင် ဖွဲ့စည်း, ပိဋကတ်တော်မ စာတည်း စာပြင်ခန့်ထား, ရေးသားလုပ်ဆောင် ထမ်းရွက်စေသည်ကို ပိဋကတ်တော်ရေး စာရင်းကျ လူတို့ကို စစ်လက်နက်ကိုင်ခန့်ထားကြောင်း၊ ပိဋကတ် ကျွမ်းကျင်သည်ဆို၍ စာတည်း စာပြင် ခန့်ထားသူတို့သည် တည်းဖြတ် ပြင်ဆင်သည့်အရာ ပုဒ်အက္ခရာ အသတ်ပင့်ရစ် ရေးထုံးမကျ၊ ကွဲးလွဲး ထူးခြား ချွတ်ယွင်းသည့်အရာပါရှိကြောင်းများနှင့် ကြားသိတော်မူရသည်။ ပိဋကတ်တော် ရွှေရေး မင်ရေး ကညစ်ရေး ပေလုပ်မျည်း * ကိုင် ဖွဲ့စည်းထမ်းရွက်စေသည့်လူတို့ကို အရပ်ရပ်မြို့ရွာသူကြီး ဂုဏ်ထိန်း ဂုဏ်အုပ်တို့က စစ်လက်နက်ကိုင်မှုမှ စ၍ မင်းမှု မင်းခင်း စရိတ်ကျေး (?ကြေး) ငွေ အသေးအဖွဲ့ အခွဲးအခန့် အတောင်းအခံ မရှိစေနှင့်၊ အခြားအစုသို့ စာရင်းဖွဲ့ရာပါလျှင် စာရင်းကိုနုတ်သိမ်း၍ ပိဋကတ်အစုမှာ ငြိမ်ဝတ်(?ပ်) စွာ ထမ်းရွက်စေ၊ စာတည်း စာပြင် ခန့်ထားသူတို့ ရေးရိုးရေးထုံးမကျ၊ ကွဲးလွဲး ထူးခြား ရှိသည်မှာလည်း သရေခေတ္တရာ, ပုဂံ, မြင်စိုင်း,ပင်းယ, စစ်ကိုင်း, အဝ စသော ရှေး ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက် အဆက်ဆက် ပညတ်မှတ်သား ပိုင်းခြား ပြဋ္ဌာန်းခဲ့သည (?ည့်) ရေးထုံးအစည် * ပျက်ယွင်းလျှင် အခေါ်သညာ အမှတ်အသား ပျက်ယွင်းရာသည်။ အခေါ်သညာ အမှတ်အသား ပျက်ယွင်းလျှင်လည်း အနက်အဓိပ္ပါယ် ဝတ္ထုတရားကိုယ် ကွဲးလွဲးဖောက်ပြန်ရာသည်။ အနက်အဓိပ္ပါယ် ဝတ္ထုတရားကိုယ် ကွဲးလွဲးဖောက်ပြန်လျှင်လည်း တရားကျမ်းဂန် လမ်းမှန်မကျ တိမ်းယိမ်းသွေကွက်ရာသည်။ တရားကျမ်းဂန် လမ်းမှန်မကျ တိမ်းယိမ်းသွေကွက်လျှင်လည်း သာသနာတော်သုံးပါး အရင်းပင်မ မူလဘူတ

* မျည်း, စည်တို့ကို ယခုအခါ မျဉ်း,စဉ်-ဟု ရေးကြ၏။



ဖြစ်သော ပရိယတ္တိဓမ္မ ကွယ်ပဆုတ်ယုတ်ရာသည်။ ပရိယတ္တိဓမ္မ ကွယ်ပဆုတ်ယုတ်လျှင်လည်း သာသနာတော်ကို မှီကုန်သော ရဟန်းရှင်လူပြည်သူအပေါင်းတို့အယူအကျင့်ပျက်ယွင်း၍ ဆင်းရဲကြီးစွာရောက်ကြရာသည်ဖြစ်သည်။ ရှေးရေးရိုးထုံးအစည် * များကိုပြောင်းလွဲးပြင်ဆင်သင့်သည့် ယုတ္တိအထောက်အထား ကိုးကားချက်ရှိ၍ ပြင်ဆင်သည်ဖြစ်မည်။ မည်သည့်အကြောင်းကြောင့် ပြင်ဆင်သည် ဖြစ်မည်များကို ပိဋကတ် ကျွမ်းကျင်သည်ဆိုသူ စာတည်း စာပြင်တို့က ဆရာတော်တို့နှင့် ဝန်ကြီး အတွင်းဝန်တို့ရှေ့ ဆိုစေ။

၁၁၄၇-ခု နတ်တော်လဆန်း ၁၃-ရက်နေ့ နားခံတော်

ဇေယနော်ရထာ-ပြန်အမိန့်တော်

---

ရှေးကမ္ဘာတည်ဦးအခါ မဟာသမ္မတမင်းတို့လက်ထက်ကစ၍ မည်သည့်အရာမဆို မင်းကောရာဇ်တို့ ပြဋ္ဌာန်းပိုင်းခြား သုံးစွဲ ခေါ်ဝေါ်ရာလိုက်နာခေါ်ဝေါ် ရေးမှတ်သုံးစွဲ အတည် ဖြစ်စေခဲ့သည့် အကြောင်း၊ ရှေးအရိုးအစည် ရွှေနန်းရွှေဘုံ ရေးထုံးရေးနည်း ပျက်ယွင်းလျှင် အမှတ်အသား အခေါ်သညာ အနက်အဓိပ္ပါယ်ကွဲးလွဲးဖောက်ပြန်မည်ဖြစ်သည့်အကြောင်း၊ ပိဋကတ်ကို ကျွမ်းကျင်လင့်ကစား ဓမ္မဝတ် လောကဝတ် ရာဇဝတ်အကြောင်းသုံးပါးလုံးနားလည်နိုင်မည်မဟုတ်သည့်အကြောင်းများကို ပိဋကတ် ကျွမ်းကျင်သည်ဆိုသူ စာတည်းစာပြင်တို့က မည်သို့မှ ထူးထွေလျှောက်လဲး မပြောမဆိုနိုင် ရှိကြောင်းများနှင့် ဆရာတော်တို့နှင့် ဝန်ကြီး-အတွင်းဝန်တို့က စာဆက်သွင်းလျက် ရှိသည်ဖြစ်သည်။ ပုဒ်အက္ခရာ အသတ်ပင့်ရစ် ရေးရိုး ရေးထုံးမကျ၊ ကွဲးလွဲး ထူးခြား ချွတ်ယွင်း တိမ်းယိမ်းအောင် ပြင်ဆင်သူတို့ကို လွတ်က အပြစ်အလျောက် လိုက်သက်ရာ စီရင်စေ၊ ပိဋကတ်တော် တည်းဖြတ်ပြင်ဆင်ရန်ရှိသည်ကို ရွှေနန်းရွှေဘုံအစည် * သုံးစွဲးမြဲ ပုဒ်အက္ခရာ အသတ်ပင့်ရစ် ရေးထုံး ရေးနည်း ကျွမ်းကျင်နားလည်သူ သင့်ရာရွေးချယ် ခန့်ထားစေ။ ရွှေရေး မင်ရေး ကညစ်ရေး ပိဋကတ်တော် များမှစ၍ ကျောက်ရေး အက္ခရာများမှာလည်း အစည် * ရေးမြဲ ခရာဝန်းအက္ခရာကိုသာ ရေးသားစေ။

၁၁၄၇-ခု၊ နတ်တော်လပြည့်ကျော် ၁၃-ရက်နေ့ နားခံတော်

ပြေခွကြီးမှုး-ပြန်အမိန့်တော်

---

# ၃ – နိဂုံး

★

ကြားလေ့တိုင်းခွင်၊ သမိုင်းတင်ဝိမ္မ၊ နိုင်းအင်ထုံးစံ၊ အနှုန်းကြီးသော်၊ ဘုန်းလျှံတုလွတ်၊ သမုနတ်တို့၊ ထွတ်မြတ်သော့အား၊ မကိုင်ငြ ဖျားဝယ်၊ စိုက်ထားစိန်နှင့်၊ ရပိန်ပွင့်လျှင်၊ ချိန်သင့်ခါသင့်၊ ပဏ္ဏာတင့်၍၊ ဖြာဆင့် ထွန်းလက်၊ ရွန်းရွန်းထွက်သို့၊ ထက်မြက် ဉာဏ်ရောင်၊ လျှံပြောင် ဝင်းဝါ၊ လင်းလင်းဖြာ၍၊ ကံပါရမီ၊ အခါညီလျက်၊ လောကီ ထုံးတမ်း၊ အပြွမ်းပြွမ်းတွင်၊ ယွန်းရှမ်းတောင်သူ၊ ပါဠိ မာဂဓ၊ သက္ကဋက၊ မြန်မာ့ခြင်းရာ၊ အဖြာဖြာနှင့်၊ ဂန္ဓာဇာတ်ရင်း၊ မကျန်ကြွင်းပဲ့၊ အင်္ဂလိပ်ပညာ၊ ဘာသာသာကို၊ သွားလာမွေနှောက်၊ ထွင်းဖောက် ချောက်ချား၊ ကျက်စားရဲ့ရင့်၊ ပွဲ့ပွဲ့မြင့်၍၊ ကဲ့တင့်ကြက်သရေ၊ တက်လေလေကြောင့်၊ ရေမြေမျက်နှာ၊ စက္ကဝါတွင်၊ အာဏာပြင်းရှိန်၊ ဝင်းဝင်းထိန်သည့်၊ တိုင်းအိန္ဒိယ၊ အစိုးရတို့၊ ယုံလှကြည်စွာ၊ လွန်သဒ္ဒါ၍၊ ဘာသာဝဝ၊ ရှိသမျှကို၊ လှယ်သပြန်ရာ၊ ရုံးတော်မှာနှင့်၊ ကျောက်စာဌာန၊ သည်နှစ်ဝကို၊ နှင်းသစိုးရ၊ တန်းခိုးပလျက်၊ ဖြိုးကြွတေဇာ၊ ဝေဝေဖြာ၍။ ကြေညာ ဂုဏ်ချောက်၊ တမ်းခွန်ဆောက်သား၊ ဝန်ထောက်တော်မင်း၊ ဂုဏ်ရောင်လင်းသည်၊ ပုံခင်းတကွ၊ ပမာ မှီသော်၊ နာရနီ ရွန်းလက်၊ သွန်းစက်စက်ကို၊ တက်ခါတက်ခါ၊ လှော်သော့ ခါလျှင်၊ ရောင်ဝါလျှံမောင်း၊ ကောင်းထက်ကောင်းလျက်၊ အကောင်း ထိပ်နေ၊ ရွှေဇမ္ဗူမင်း၊ ဖြစ်လေလျှင်းလို့၊ ရှိုရင်းသမ္မာ၊ အခံမှာလျှင်၊ ပါရမီ ဆင့်ဆင့်၊ ထပ်လောင်းမြှင့်လျက်၊ ရင့်ထက် ရင့်ခြင်း၊ ရင့်လိုလျှင်း၍၊ မင်းမင်းအရှင်၊ ဘုရင်စံတည်၊ လန်ဒန်ပြည်သို့၊ မြန်းမည်ဆောစွာ၊ ရှိဆဲးခါဝယ်... ကဗျာကြောင်းရင်းသိလိုတည်း။

ကဗျာကြောင်းရင်း၊ ဖြစ်ခြင်းစဉ်လာ၊ သညာပညတ်၊ ရေးမှတ် ခေါ်နည်း၊ စိကုံးနည်းကို၊ ထုံးနည်းရှိလျော့က်၊ ရွေးချယ်ထောက်၍၊ ရေးကောက်လျှင်ပြင်း၊ ပေးစေလျှင်းဟု၊ မိန့်ရင်းစီစဉ်၊ ဥယျောဇဉ်ကို၊ ပန်ညာဉ်ဝစန၊ ဝန်ခံရတိုင်း၊ နှေ့ညလျှင်ပြင်း၊ ရေးလိုလျှင်းလည်း၊ မင်းမှုကိစ္စ၊ ထမ်းရွက်ရ၍၊ ညည့်ဉ်သာ၊ ရေးရပါရှင့်၊ သို့ရာတွင်မူ၊ ပညာရှိများ၊ စီရင်ထားသည်၊ မြောက်မြားနယ၊ ကျယ်ဝန်းလှသား၊ ကဗျာ့အရာ၊ အဖြာဖြာကို၊ ရှေးခါကပင်၊ လမ်းကြောင်းတွင်၍၊ ဘေးလျှင် ဘိုးလျှင်၊ ဘလျှင် တဖြား



ဆရာတဝ၊ ကိုယ်ကတချက်၊ စဉ်မပျက်ဖြင့်၊ ဆက်လက်၍သာ၊ ရှာဖြိုးမှတ်ဖြိုး၊ ကြည့်ရှုဖြိုးမှု၊ စုဆောင်းအသင့်၊ ရှိသဖြင့်လျှင်၊ ဖြိုးခွင့် မကြာ၊ တကြောင်းမှာလည်း၊ ရတနာသုံးပါး၊ မြတ်များဆရာ၊ မာတာပိတာ၊ စသည်ထူးထူး၊ ဂုဏ်ကျေးဇူးကြောင့်၊ ရှည်ကြူးမကြာ၊ ဖြိုးခွင့်သာလျက်၊ ရှည်စွာကာလ၊ မကြာလှပဲ၊ မြန်မာ့ဘာသာ၊ ကျယ်ဝန်းစွာသား၊ ကဗျာဖွဲ့ပြမ်း၊ နည်းပြွမ်းပြွမ်းကို၊ ထုံးတမ်းရှိရာ၊ ချုံးဖန်ကာလျှင်၊ သေချာစဆုံး၊ စီကုံးလျှင်ပြင်း၊ ဖြိုးမြောက်လျှင်း၍၊ စံခင်းဒေသ၊ မြန်ဌာနမှ၊ မကြွမီသာ၊ ပေးနိုင်ပါသည်....ကဗျာဗန္ဓသာရတည်း။

ကဗျာဗန္ဓ၊ သာရမည်သာ၊ ဤသည့်စာသည်၊ များစွာကျမ်းနှင့်၊ ညှိသဖြင့်လျှင်၊ နိုင်းချင့် ဝေဘန်၊ ရေးသည် မှန်လည်း၊ တင်ရန် ပဋ္ဌာ၊ ရှိခဲ့ပါမူ၊ ဤစာကဏ္ဍ၊ သုံးဌာနမှာ၊ ပြလျက်ပါသား၊ ကဗျာစာရင်း၊ ပါလျှင်းထိုထို၊ စာကိုယ်စောင်စောင်၊ မြားမြောင် ပြွမ်းပြွမ်း၊ အကျမ်းကျမ်းနှင့်၊ ညှိနိုင်းချင့်၍၊ ပြင်သင့်မှန်စွာ၊ ရှိသောခါလျှင်၊ ပိုရာကိုနုတ်၊ ယုတ်ရာကိုသွင်း၊ ကူညီခြင်းဖြင့်၊ ပြင်လျှင်း စေဌာ၊ တောင်းပန်ပါ၏၊ ဤစာဖြိုးလစ်၊ သက္ကရာဇ် ဒီဃ၊ သိလိုကမူ၊ ရသဘဝါ၊ ပါဏာစန္ဒီ၊ မုနိ ဇိဝှ၊ ယုဒ္ဓရတို့၊ ဘွဲ့ပြ လာဘ်စစ်၊ ရေးသည့်နှစ်၏၊ သက္ကရာဇ်မှချ၊ မှန်မောစွတည့်၊ လနှင့်ရက်ဝယ်၊ သိကြောင်းခြယ်သော်၊ စမ္ပါယ်ကြူကြူ၊ ဇွန်ဖြူမွှေးမွှေး၊ မုလေးပွံ့ပွံ့၊ ရနံ့ရှင်ရှင်၊ ကြည်လင်သာယာ၊ သုမနာဝယ်၊ မင်္ဂလာစာပွဲ၊ ကျင်းပမြဲလျှင်၊ ဆန်းဆဲပကွ၊ ရက်စုဒ္ဒမှာ၊ နေ့ဗုဒ္ဓါတည့်၊ ဤစာကျမ်းမူ၊ ပြုစုသူ၏၊ ဘူတ ကြောင်းရာ၊ အမြွက်ဖြာသော်၊ ရှေးခါကာလ၊ အတိတတွင်၊ မြန်မာ့ထွတ်စွန်း၊ မညီုးမြန်းမိ၊ ညွှန်လန်းထင်ပေါ်၊ စာရေးတော်ဟု၊ နော်ရထာကျော်ထင်၊ ရွှေဘွဲ့ဆင်လျက်၊ ခုလက်ထက်လည်း၊ ဆက်လက်ရွေးဖြိုး၊ လစာစာရေးကြီးဟု၊ မြှောက်ချီးဌာန၊ တလတရာ၊ နှစ်ဆယ်သာသည်၊ လစာရန်ပုံ၊ စားစေတုံမှ၊ ကြည်ယုံလှလျက်၊ ထက်အောက် ၂–ဖြာ၊ မြန်မာနိုင်ငံ၊ ပိုင်စံစိုးအုပ်၊ သိမ်းပိုက်ထုပ်သော၊ အချုပ်မဟာ၊ လွှတ်တော် မှာလျှင်၊ မြန်မာနှင့်စပ်၊ အရပ်ရပ်ကို၊ ဆင့်ဆိုဆွေးနွေး၊ မေးမြန်းညှိနိုင်း၊ စေခိုင်းရာရာ၊ စွမ်းပါသမျှ၊ ထမ်းရွက် ရသား၊ ဘိုးဘစဉ်လာ၊ မတ်ဝံသာလျှင်၊ ကြည်စွာရှင်ဖြိုး၊ စီရင်ကုံးသည်... စဉ်ထုံးကဗျာဖွဲ့နည်းတည်း။

တတိယကဏ္ဍ–ပဌမပိုင်းပြီးပြီ၊

———

### ၄-ကဗျာဗန္ဓသာရကျမ်း စုဆောင်းစီရင် ညှိနှိုင်းသုတ်သင် ရေးကူးမှုတင် တည်းဖြတ်ပြင်ဆင် ပုံနှိပ်ရန်ဆောင်ရွက်ရာများတွင် ပါဝင်ကူညီကြသည့် ပုဂ္ဂိုလ်များစာရင်း

၁။ ဗဂ်လားဆရာတော်....ဦးရဝိန္ဒ၊ ရန်ကုန်။

၂။ တောင်ခွင်သာသနာပိုင် ဆရာတော်....ဝိသုဒ္ဓ သီလာစာရဇေ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု-တကြိမ်။နောက်ထပ် ဝိသုဒ္ဓ သီလာစာရ ဓမ္မသေနာပတိ မဟာသံဃရာဇာ-မင်းပေးတံဆိပ် ၂-ထပ်ရဆရာတော်၊ မန္တလေး။

၃။ သံယုတ်ဆရာတော်....ကုမာရာဘိဝံသ တိသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ မင်းပေးတံဆိပ်ရ ဆရာတော်၊ရန်ကုန်။

၄။ ရှင်ဥာမုနိ ဆရာတော်....ဦးခန္တီ၊ ပုဂံနယ် မင်းနန်သူ။

၅။ ချောက်ဘုရားလှ ဆရာတော်....ဦးသုဘောဂ၊ ညောင်ဦး။

၆။ ရွှေကျောင်းဆရာတော်....ဦးစန္ဒ၊ ပုဂံ။

၇။ ရွှေမင်းဝံဆရာတော်....ဦးကေလာသ၊ ညောင်ဦး။

၈။ ပုံတောင်ဆရာတော်....ဦးတိလောက၊ စဉ့်ကူ။

ပေါင်း....၈-ပါး။

---

၁။ ခရိုင်ဝန်မင်း-ဦးဘား...မင်းကြီး မဟာမင်းထင်ရာဇာ၊တောင်ငူ ခရိုင်ဝန်၊ မန္တလေး။

၂။ ဆရာအကြီးတော်မင်း ဦးသံမှု....မလွန်မြင်ကွန်းမင်းသားနှစ်ပါး အကြီးတော်ဟောင်း၊ ရန်ကုန်။

၃။ ဆရာဝေ....ကျောက်စာရုံး အတိုင်းပင်ခံ၊ ရန်ကုန်။

၄။ ဆရာမိတ်....ကျောက်စာရုံးအတိုင်ပင်ခံ၊ ရန်ကုန်။

၅။ ဆရာသန့်....ကျောက်စာရုံးအတိုင်ပင်ခံ၊ ရန်ကုန်။

၆။ ဆရာဘေ....ကျောက်စာရုံးအတိုင်ပင်ခံ၊ ရန်ကုန်။



၇။ ဆရာဖြေ....အဂ္ဂမဟာ ပဏ္ဍိတ၊ အစိုးရကျောင်း-ပါဠိ ဆရာ၊ ရန်ကုန်။

၈။ အမိန့်တော်ရမင်း ဦးသီး....တတိယတန်းရွှေနေ၊ ရန်ကုန်။

၉။ မောင်ကြူ....သစ်တောချောင်းအုပ်၊ ရန်ကုန်။

၁၀။ မောင်စံဘ....မဟာမင်းကြီးရုံးစာရေး၊ ရန်ကုန်။

၁၁။ မောင်မြ....ကျောက်စာရုံးစာရေး၊ ရန်ကုန်။

၁၂။ မောင်ဘိုးသိန်း....ပုဂံနယ်ပိုင်ဝန်ထောက်မင်းရုံး ဒုတိယစာရေးကြီး၊ ၎င်းနောက် အမိန့်တော်ရ၊ ညောင်ဦး။

၁၃။ မောင်လှိုင်....ပုဂံမြို့အုပ်မင်းရုံး ဒုတိယစာရေး၊ ညောင်ဦး။

၁၄။ မောင်တက်တိုး....ပုဂံမြို့၊အစိုးရဘုရားစောင့်ပျာတာ၊ညောင်ဦး။

၁၅။ မောင်ပေါ်နေး....ကျောက်လွှာစာရေး၊ ညောင်ဦး။

ပေါင်း....၁၅။

ဤတွင်ရွှေ ကဗျာဗန္ဓသာရကျမ်းနှင့်စပ်သမျှ ဖော်ပြချက် ပြီးပြီ။

---

# ကဗျာဗန္ဓသာရကျမ်း

## နောက်ဆက်တွဲ

---

### အဝန်းဂဏန်း-၁။ ပဏာမနိဒါန်း

ပရတ္ထသစ္စာ[၁] ပညတ်မဟုတ်၊ သမုတိသစ္စာ[၁] ပညတ်ဟု သမုတ်အပ်သော-ကျွန်ုပ်သည်[၂]၊ ရတနာသုံးပါးစုံဂုဏ်ကိုဂုဏ်ကိုငင်း၊ မိဘဆရာသုံးပါးစုံ ဂုဏ်ကိုငင်း၊ အထူးအားဖြင့် ရဟန္တာအသျှင်ဝံကိဿထေရ်မြတ် ဂုဏ်ကိုငင်း ယုံကြည်မြတ်နိုး ရှိခိုးပူဇော်[၃] ဖူးမြော်မာန်လျော့ ကန်တော့ပါသတည်း။

သည်ကဲ့သို့ ကန်တော့ပြီး၍ ကဗျာဗန္ဓသာရနောက်ဆက်တွဲ[၄] ကိုအစ္စယ် ပင်ဆိုပြားသော်လည်း၊ ရေးသားရန် ကောင်းသော အကြောင်းချင်းတ ခြောက်ပါး၊ ရေးသားရာ ပါဝင်စေရန် ရည်သန်ရင်း အခြင်းအရာ သုံးပါးရှိသည်အလျောက် တတ်နိုင်သလောက် ကြိုးစားအားခဲ၍ ရေးသားအံ့သတည်း။

ရေးသားသည်ဆိုရာမှာလည်း၊ ကျွန်ုပ်ဉာဏ်ဖြင့် ကြံစည် ရေးသားသည် မဟုတ် ဆရာကျော်ဆရာမြတ်တို့ ဆုံးဖြတ် ညွှန်ကြားထားတော်မူခဲ့ကြ

၁၊ သစ္စာ ၂-ပါးခွဲခြားပုံ အဝန်းဂဏန်းစဉ် (၇) ကြည့်။
၂၊ ကျွန်ုပ်ဟူသည်ကား "ကတ္တား"တည်း။
၃၊ ရှိခိုးပူဇော်ဟူသည်ကား "ပဏာမ"
၄၊ ကဗျာဗန္ဓသာရနောက်ဆက်တွဲဟူသည်ကား "သညာ"တည်း။

သော နည်းကောင်းမှုမှန် စံပြုသင့်သောအရာမှာသာ ကောင်းစွာဂရု ပြု၍ စုဆောင်းစီစဉ်ဖော်ပြပြုလုပ်ခြင်းကို ကျွန်ုပ် ကြိုးစားအားထုတ်မည် ဖြစ် သတည်း။

## နောက်ဆက်တွဲရေးရန်ကောင်းသောအကြောင်း ခြောက်မျိုး-ပြဆိုချက်။

ဆိုင်ရာအမှတ်....(က)။ ။မြန်မာ့ထီးနန်းညှိုးမြန်းသည်ကစ၍ ပဏ္ဍက ဖြစ်ခဲ့သော မြန်မာဘာသာပညာများမှာ ယခုအခါတဖန်ပြန်၍အပဏ္ဍက ဖြစ်ဆဲးရှိသည်ကို သိသာရခြင်း။ ။အဝှန်းဂဏန်းစဉ်(၄)ကြည့်။

ဆိုင်ရာအမှတ်....(ခ)။ ။မူလကဗျာဗန္ဓသာရကျမ်းစာအုပ်မှာ များ စွာအကျိုးရှိခဲ့သည်ကို သိရရုံမက ပထမပုံနှိပ်သောစာအုပ်များ ကုန်ပြီး နောက် ဒုတိယပုံနှိပ်သောစာအုပ်များမှာလည်း ကုန်၍သွားခြင်း။

ဆိုင်ရာအမှတ်....(ဂ)။ ။မူလကဗျာဗန္ဓသာရ စာအုပ်မှာ တူရိယာ, ရကာင်း,အချင်းကြီးအသွယ်သွယ်,အချင်းငယ်အတန်တန်, တီးမှုတ်သံ, သီ ဆိုသံတွဲးလျက် ဖက်စပ်လိုက်နာနည်း၊ မေတ္တာစာ၊ မှာတမ်းစပ်နည်း-စ သောနည်းများကို ချန်ထားခဲ့ရသောအချက် အမြွက်စကားရေးသား ပါရှိဒနသေး၍ "ဆိုရေးရှိက ဆိုအပ်စွတည့် ဆိုစများလျှား ထားပချေမိ ငြဝန်ရှိခဲ့"ဟူသောဘူရိဒတ်ဇာတ်ပေါင်း ကဗျာလာရှိသည်ကို သတိ ထားခြင်း။

ဆိုင်ရာအမှတ်....(ဃ)။ ။ပေါတကောဝါဒ ဒုတိယပိုင်းမှာ ကဗျာ ပညာလိုက်စားရန်ပါသော်လည်း လက်ာသံပေါက်ဖြစ်သဖြင့် သိသင့် သိထွယ် ကျယ်ဝန်းများပြားသော နည်းအမျိုးမျိုးရှိသည်ကို သိသာရုံမျှ စံပမာဏ ဖော်ပြပါရှိသေးခြင်း။

ဆိုင်ရာအမှတ်....(င)။ ။ကျွန်ုပ် စုဆောင်းရေးသားခဲ့ဘူးသော စာ အုပ်အမျိုးမျိုးတို့တွင် ပုံနှိပ်စာအုပ် ပြုလုပ်ထုတ်ဝေဘူးသမျှ ဓမ္မ,ရာဇ, လောကအားဖြင့် ဝတ်တရား ၃-ပါးသော စာများအတွက်မှာလည်း အထက်တန်းကျဘူ ကျားမမဟူ ရှင်လူကြီးငယ်အရွယ်အလိုက် ထိုက်ရာ ဆိုက်ရာ လိုက်နာသူအမျိုးမျိုး နှိုးကြားဖွံ့ထွား ကျိုးတက်အလား သန့် မြန့်တိုးပွား ခံစားမှတ်သား အကျိုးများဆဲးရှိကြခြင်း။



ဆိုင်ရာအမှတ်....(စ)။ ။ကဗျာဗန္ဓသာရကျမ်းနောက်ဆက်တွဲ ဆက် လက်ထုတ်ဝေ စေလိုကြောင်းကို တောင်းပန်တိုက်တွန်းကြသော ရှင်ရော လူပါများစွာရှိကြခြင်း၊ တောင်းပန်တိုက်တွန်းကြသူ ရှင်လူတို့တွင် ယူနီ ဘာစီတီ ကောလိပ်ကျောင်းတော်ကြီးကစ၍ အခြားကျောင်းများက ပါ ကျောင်းဆရာကျောင်းသားကျောင်းသူ လူမျိုးစုံပါကြခြင်း။

## နောက်ဆက်တွဲရေးရန်ကောင်းသောအကြောင်းချင်းတ ခြောက်မျိုးကိုပြဆိုချက်ပြီး၏။

---

## အဝှန်းဂဏန်း- ၂။ မည်ကဲ့သို့စီရင်ရေးသားသင့်သည်၊ ရည်ရွယ် သောအခြင်းအရာ သုံးစား,သုံးမျိုးခွဲခြားပုံ

ဆိုင်ရာအမှတ်....၁။ ။သုံးစား,သုံးမျိုး [၁] ခွဲခြားရန်ရည်သန်ပုံမှာ....
ဒေသန္တရ ဌာနဝေးလံ-ထီးရုံနန်းရုံ အသံသောင်းပြောင်း အဟောင်း
အသစ် ရိုးပေါင်းရွေးစစ် နန်းသုံးအဖြစ် ဆုံးဖြတ်စံနစ် ရင်းမြစ်ထိမိ
သိနိုင်ကြရန် အကြောင်းနှင့်စပ်သမျှကို ပထမပိုင်း။
ဆိုင်ရာအမှတ်....၂။ ။သတ္တဌ္ဌ မာဂဓ မြန်မာ့အလို စာဆိုနည်းသုံး
ရပ် ထပ်တူညီမျှ ဥပဒေသ နည်းနာကျကျ လိုက်နာကြမြဲးနှင့် စပ်သမျှကို
ဒုတိယပိုင်း။
ဆိုင်ရာအမှတ်....၃။ ။မူလ ကဗျာဗန္ဓသာရ ကျမ်းတွင် မပါသေး
သော တေးရိုး၊ တေးထပ်၊ တေးတွဲ့စသော ကဗျာစာကိုယ်များနှင့် စပ်
သမျှကို တတိယပိုင်း အားဖြင့် သုံးစားသုံးမျိုး [၂] ပြဆိုမည်ကိုဆိုလိုသည်။
ဆိုင်ရာအမှတ်....၄။ ။သည့်ကဲ့သို့ သုံးပိုင်းဝေ၄ ခွဲခြားဖော်ပြရာ ပထမ
ပိုင်းမှာသော်၎င်း၊ ဒုတိယအပိုင်းမှာသော်၎င်း၊ တတိယအပိုင်းမှာသော်
၎င်း အကြောင်းအကျိုးသဘောသွား စပ်လျဉ်းဖော်ပြခြင်းတွင် အကျဉ်း,
အလတ်,အကျယ်အားဖြင့် သုံးစားသုံးမျိုး ပါရှိစေမည်ကို ဆိုလိုသည်။
သို့ရာတွင် အကျဉ်းတသန့်, အလတ်တသန့်, အကျယ်တသန့်, သတ်မှတ်ခွဲ
ခြား ဖော်ပြရန် မတတ်နိုင်၊ ဆိုင်ရာအချက်မှာ လိုရာ အကွက်ကိုသာ
ကျက်မှတ် ကြည့်ရှုနိုင်ရန် ရည်သန်သည်။

---

၁၊ သုံးစားကား ပထမ,ဒုတိယ,တတိယ အားဖြင့် ပိုင်းခြားထားသောအပိုင်း သုံးစားတည်း၊ သုံးမျိုးကား ကျဉ်း,လတ်,ကျယ် သုံးမျိုးတည်း။

၂၊ သုံးစားသုံးမျိုး ထားချက်ရှိသည်ကား ပရိမာဏတည်း။

ဆိုင်ရာအမှတ်....၅။ ။သည်ကဲ့သို့ဖြစ်၍ သုံးစားသုံးမျိုး ခွဲခြားရန် ရည်သန်သည်ဟု ပဋိညာဏ် စကား ရေးသား လိုက်ခြင်း ဖြစ်သည်။ ယင်းသို့ ကျဉ်း, လတ်, ကျယ်-သုံးစား ခွဲခြားရသည်မှာ မြတ်စွာဘုရားသော်မှ အကျဉ်းကြိုက်, အလတ်ကြိုက်, အကျယ်ကြိုက် ထိုက်ရာလိုက်နာ ထောက်ရှုတော် မူသောကြောင့် ယခုခေတ်မှာလည်း ထိုနည်းထောက်ထား အပိုင်း သုံးစား အမျိုးသုံးပါး ခွဲခြားရခြင်းပင်တည်း။

ဆိုင်ရာ အမှတ်....၆။ ။အကျဉ်းအလိုရှိတတ်သူ လူ အပေါင်းတို့တွင် ကျောင်းဆရာ၊ ကျောင်းသား-ကျောင်းသူဟူသမျှ ပို့ရသင်ရ ကြည့်ရကျက်ရ ရေးရ မှတ်သားရသည့်အရာ လွန်စွာ များပြားလှ၍ အနိစ္စတရားငါးပါး ရှေးရှုသွားလျက် အားလပ်သော အချိန်ကလေး ရွေးယူကာ မြန်မာဘာသာ၊ ကျယ်ဝန်းလှစွာ၊ ကဗျာအရာ၊ နည်းမျိုးဖြာဖြာ၊ လေ့လာလိုလား၊ ကိုယ်စိတ်မအား၊ စူးစမ်းထောက်ထား၊ မှတ်သား လိုမှု အချိန်လုလု၊ ကြိုးစားခြင်း ပြုရသော သူမျိုးကိုထောက်ရှု၍ နည်းမှန်တကျ ကျဉ်းကျဉ်းပုပု ဖတ်ရှုမှတ်လွယ်၊ မှိုက်မြက်စင်ကြယ်၊ ရေကြည်သဖွယ် သေတ္တုဆီနှယ်၊ အကျဉ်းနယ်တွင်၊ ဝင်သင့်သမျှကို ပထမအစားထား၍ ဖော်ပြခြင်း။

ဆိုင်ရာအမှတ်....၇။ ။ယင်းမှတချက်၊ တဆင့်တက်သော်၊ ကျက်မှတ်ကြည့်ရှုရန် အတော်အတန် အချိန် ရသူ ပုဂ္ဂိုလ် အထွေထွေ အတွက် ဥပဒေသသဖွယ် မကျဉ်းမကျယ် အလယ်အလတ်နှင့် စပ်သမျှကို ဒုတိယ အစားထား၍ ဖော်ပြခြင်း။

ဆိုင်ရာအမှတ်....၈။ ။ယင်းမှတချက်၊ တဆင့်တက်သော်၊ အသက်မွေးမှုမကြပ် အားလပ်သောအချိန်ရှိစွာ မြန်မာကဗျာ လိုက်နာ လိုသော ပုဂ္ဂိုလ်ကဝိ ရှိကြသေးသည့် ခြင်းရာကြောင့် စာကိုယ်မူရင်းများ * တွင်

* (များ) ဟူသော ဝေါဟာရကား များသောအားဖြင့် ထီးနန်းလွှတ်ရုံးတိုင်းတွင်(တို့) အစား ရေးသားသုံးစွဲသည်၊ မလွဲမကင်းသာမှ (တို့)စာလုံးကိုသုံးသည်။ သာဓကကား တရားသူကြီးခန့် ပြန်တမ်းကြီး တိုင်းတွင် (သို့များကို နှလုံးသွင်း) ဟူ၍.၎င်း၊ဝန်ကြီးခန့် ပြန်တမ်းကြီး တိုင်းတွင် (အမှုမျိုးများကို) ဟူ၍ အသီးအသီးသုံးစွဲသည်။ကျွန်ုပ် ဖြေချက်ပါသော လွှတ်တော် အမှတ်အသား စာအုပ် စာမျက်နှာ ၂၀၊ ၂၂၊ ၂၄-များတွင် ကြည့်။



လိုရာထုတ်နုတ် အကျယ် ထည့်သွင်းခြင်းနှင့် စပ်သမျှကို တတိယအစားထား၍ ပိုင်းခြားသတည်း။

မည်ကဲ့သို့ စီရင်ရေးသားသင့်သည်၊ ရည်ရွယ်သော အခြင်းအရာ
သုံးစား သုံးမျိုး ခွဲခြားပုံကို ပြဆိုချက် ပြီးပြီ။

* အဌာန်းဂဏန်း ဆိုင်ရာအမှတ်–ဟူသော စကားတို့၏ အဓိပ္ပါယ်ကို သိသာလောက်ပြီဖြစ်၍ ရှေ့ကို ဂဏန်းသက်သက်သာ ရေးမှတ်ထားမည်။

---

## ၃-သုံးမျိုးသုံးစားတွင် ကဗျာဗန္ဓသာရ နောက်ဆက်တွဲအား ကြိုးစား သင်ကြားစေလိုသော ပယောဇန်ကို ရည်သန်ပုံ

ယင်းကဲ့သို့ သုံးစားသုံးမျိုး ခွဲခြားကာ မြန်မာဘာသာ ကဗျာအဖြာဖြာ နက်နဲလှစွာ အရိုးကျနည်းနာ စံနှုန်းရှိရာ အခေါ်ဝေါဟာ စပ်ဆိုနည်းပါ ရင့်မာနိုင်နိုင် ကျမ်းကြီးကျမ်းခိုင် မြောက်မြားလှိုင်လှိုင် ထောက်ထားမြိုင်မြိုင် အဖြိုင်ဖြိုင်ကို ပိုင်ပိုင်ထိမိ တိုက်ဆိုင်နိုင်ဘိ နည်းကောင်းဓိပတိ မှတ်သားဘွယ်ရှိသမျှ အကြောင်းကြောင်းအား တောင်းပန်ရင်း သူတို့နှင့်တကွ သုတေသန သုတဆည်းဆူ အလိုရှိသူတို့ အကျိုးတိုးပွားကြစေရန် ရည်သန် * တောင့်တကာ မေတ္တာပုဗ္ဗင်္ဂမ ကံ, ဒွါရအာရုံ ထုံလှိုင်အားကြီးစွာ ကဗျာဗန္ဓသာရကျမ်း နောက်ဆက်တွဲကို ရေးသားပေအံ့သတည်း။

ကဗျာဗန္ဓသာရနောက်ဆက်တွဲမှာ ပါရှိဖော်ပြရန် ရည်သန်ပုံပြီးပြီ။

နိဒါန်း ပြီးပြီ။

ပုံ-ဦးတင်

* "အကျိုးတိုးပွားကြစေရန် ရည်သန်" ဟူသည်ကား ပယောဇန်ထည်း။

## ၄–မြန်မာထီးနန်း ညိုးမြန်းသည်က စ၍ ပဏ္ဏကဖြစ်ခဲ့သော မြန်မာဘာသာ ပညာစုသည် ယခု တဖန် ပြန်၍ အပဏ္ဏကဖြစ်ဆဲရှိသည်ကို သိသာရန်ပြဆိုချက်

၁၊ ပဏ္ဏကဟူသည်ကား- ချွတ်ယွင်းဆုတ်ယုတ်သည်ကို ဆိုလိုသည်။ အပဏ္ဏက ဟူသည်ကား- မချွတ်မယွင်းပဲ တိုးတက်သည်ကို ဆိုလိုသည်။ ပဏ္ဏကဖြစ်ပုံကို သတိရကြရန် “ပသင်္ဂဝိသောဓနီ”စာအုပ်တွင် တကြိမ်, မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းကြီးတွင် တကြိမ်, ၂-ကြိမ်မျှ ဖော်ပြခဲ့ပြီး ရှိသည်ကို အကြောင်းပြု၍ ယခု အထူးထပ်မံဖော်ပြရန်မလို မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းကို အစိုးရမင်းတို့က ပုံနှိပ်ဆဲရှိသည်။

၂၊ အပဏ္ဏကဘက်သို့ တိုးတက်ဖြစ်ထွန်းရှိသည်ကိုသိသာရန် အမြွက်မျှ ဖော်ပြမှု, ယူနီဘာစီတီ ကျောင်းတော်ကြီးက အရင်း ပထမစ၍ အစိုးရဘက်ပညာဌာနနှင့်တကွ အစိုးရအထောက်အပံ့ ခံ-မခံ အတန်တန်သော အမျိုးသား အမျိုးသမီး ကျောင်းကြီး,ကျောင်းလတ်,ကျောင်းငယ်များစွာ မြန်မာဘာသာ ပညာဘက်ပါ ဝဲညှာလိုလား သိမ်မွေ့သော သဘောသွား အမှန်-အမှား သိတတ်ကြိုးစား အကျိုးများကြလျက် တိုးပွားဆဲ ရှိပေသည်။ တိုးပွားဆဲရှိသော အချက် (၆)မှာ အောက်ပါအတိုင်းပင်တည်း။

၃၊ အုပ်စိုးသော အစိုးရမင်းတို့သည် (မဒ) ဖြစ်ခြင်းမှ ကင်းလွတ်ဖွယ်ရာ မြန်မာဘာသာကို ငဲ့ညှာ အရေးယူပြီးလျှင် ပညာသတ္တိ ဂုဏ်ထူးရှိသော M.A. ရအောင်ပြီးသော မြန်မာလူမျိုးတဦးကို ရာဇဌာနီ ဖြစ်သော-လန်ဒန်မြို့ကြီးသို့ မြန်မာဘာသာမှစ၍ အရှေ့ဘက်နိုင်ငံ ပညာများပါ သင်ကြားစေရန် ပညာတော်သင် စေလွှတ်ရာ ကောင်းစွာအောင်မြင်။ လန်ဒန်မှပြန်လာ မြန်မာနိုင်ငံသို့ရောက်သည့်အခါ မြန်မာဘာသာကို လွန်စွာလိုလား မြန်မာဘာသာ ဂုဏ်ထူးဆောင်ကျောင်းသား မိန်းမယောကျ်ားအတန်းများ ဖွင့်ထား သင်ကြားခြင်း။

၄၊ မြန်မာဘာသာကို ဝါသနာပါ၍ နေရာတကျ ထိထိ ရောက်ရောက် ပေါက်မြောက်တီးခေါက်မိသော ဥရောပတိုက်သားအရာရှိကြီးများမှာ ရှေးအခါက မြို့ရွာအုပ်ချုပ်မှုတွင် ပါဝင်ဆဲရှိ၍ တတ်မိမှတ်မိသမျှ မြန်မာဘာသာကို ကောင်းစွာ အသုံးမချရပဲ လမ်းလွှဲလိုက်၍



နေကြရာ ယခုအခါ ပညာဘက်တွင် ပါဝင်၍ သင်ကြားသော ဆရာကြီးများ ပြုလုပ်လျက်ရှိခြင်း။

၅၊ မြန်မာဘာသာ ကောင်းစွာ အာရုံပြုသူတို့ကို သုတေသနအသင်းက ဆုငွေစသည် ထောက်ပံ့ ချီးမြှင့်ခြင်း။

၆၊ အမျိုးသား ကျောင်းများကလည်း မြန်မာဘာသာ စာအုပ် ပြုလုပ် ထုတ်ဝေခြင်း။ ပရိဖက်ဆာခေါ်-မြန်မာဘာသာ ဆရာကြီးများ မြန်မာဘာသာ ပညာဝန်များကို အမျိုးသားတို့က ခန့်ထားကြခြင်း*။

၇၊ ပြူဘာသာ,တောင်သူဘာသာ,မွန်ဘာသာများမှာ စာနှင့်တကွ ဝေါဟာရစကားများ ငုပ်သွားတိမ်ကောသကဲ့သို့ မြန်မာဘာသာမှာလည်း နောင်အခါ တိမ်ကောရန်ရှိသည်ကို အနာဂတံသ ဉာဏ် အမြင်သန်သော ယခုနေ့အထိအနာဂါရိကအဖြစ်နှင့်ရှိသော အလွန်ကြည်ညိုဘွယ် ကောင်းသော အင်္ဂလိပ် အရာရှိကြီး တဦးက လက်ဦးတီထွင်ကြံမှုးပြီးလျှင် မြန်မာအင်္ဂလိပ် အဘိဓာန် ကော်မီတီအဖွဲ့ တည်ထောင်ဆောင်ရွက် မြန်မာဝေါဟာရစကားများကိုစုဆောင်းရာ ယခု၁၉၂၉-ခုမေလကုန်အထိ နှစ်သိန်းခုနစ်သောင်း ကျော် ရပြီးရှိသည့်ပြင် ပါဝင်သောပညာရှိအပေါင်းတို့ကလည်း စုဆောင်းဆဲ ရှိရုံမက တိုးတက်ဆဲရှိခြင်း။

၈၊ ပါဠိဘာသာဘက်က ပထမပြန်စာမေးပွဲလုပ်သည့်နည်းအတိုင်း ပြည်သူပြည်သူဆိုင်ရာ မြန်မာဘာသာစာမေးပွဲပြုလုပ်စေလိုပါသည်ဟု ပြည်သူတို့ကအစိုးရမင်းတို့ထံတောင်းခံဆဲရှိကြသဖြင့်အသင့်အတင့်ဖြစ်ကြောင်းတောင်းခံသည့်အရ အထမြောက်မည် မမြောက်မည်ကို အတည်တကျ မသိရစေကာမူ မြန်မာဘာသာကို လိုလားကြသည့်အရာ ထင်ရှားစွာ သိသာရပေသည်။ သည့်ကဲ့လို့မြန်မာဘာသာဘက်က တိမ်ငုပ်ဆဲရှိသော အချက် ရပ်တန့်သက်သာလျက် တိုးတက်ဆဲရှိအောင် ဆောင်ရွက်ကြရာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ပါဝင်အားပေး အရေးတယူ ကူညီပုံအမျိုးမျိုးပြုလုပ်ကြပေသော ကျား,မ မဟူ မျိုးခြား, မျိုးတူ ဦးပြု,ဦးနက် အပေါင်းတို့ကို ကြည်ညို လေးမြတ်နှစ်သက်ခြီးမွမ်း အားရရွှင်မြူး ကျေးဇူး အထူးတင်သင့်တင်ထိုက်ရုံမက

* အစိုးရမင်းတို့က အသိအမှတ် ပြု,မပြု သဘောသွားမှာ အမျိုးသားကျောင်းများကသာ သေချာစွာသိမည်။

သင်္ဂဟတရား လေးပါးအမှန် ထပ်မံပေါ်ပေါက်ဖူးသောနည်းကို တု၍ ယခု နောက်ဆက်တွဲရေးသားရန် အားကြီးသောစိတ်ထားတိုးပွားခြင်း ဖြစ်သတည်း။

၉။ သည်ကဲ့သို့ ဖော်ပြရခြင်း၏ အကြောင်းကား ဟောင်းပင်ဟောင်းသော်လည်း ကောင်းမွန်မြင့်မြတ်သောအကျိုးများကို ခံစားရမည်ဖြစ်က မပစ်မပယ်သင့်သည်မှာ မည်မျှပင်ကြာသော်လည်း လိုက်နာရမြဲ ဓမ္မတာသဘာဝ ဖြစ်သည်ကို သိသာကြစေအောင် ဖော်ပြရခြင်းဖြစ်သည်။သိသာရန် သက်သေခံအထောက်အထားမှာ အောက်ပါအတိုင်းပင်တည်း။

၁၀။ ကမ္ဘာဦးအခါ မဟာသမ္မတမင်းတို့လက်ထက်ကစ၍ ဥက္ကာကရာဇ်မင်းလက်ထက်တိုင်အောင်အလွန်ဟောင်းသောကောင်းမွန်မြင့်မြတ်သော မင်းအစိုးရတို့ လိုက်နာကျင့်ကြံသော မှန်ကန်သော သင်္ဂဟတရား ၄-ပါးသည် တည်လျက်ရှိသည်။ သင်္ဂဟတရား ၄-ပါး တည်သည့်အခါ ဥစ္စာလိုချင်သော ပုဏ္ဏားတို့စကားကို နားယောင်-မှားယွင်းစွာ လိုက်နာဖောက်ပြန်သောကြောင့် အမှန်ပျောက်၍အမှားရောက်လာသည်၊ရောက်ပုံကား အခွန်ကောက်ခံခြင်းဟူသော သဿမေဓ, လစာရိက္ခာ ပေးခြင်းဟူသော ပုရိသမေဓ,ကုန်သည် လယ်လုပ်ထဲက ဆင်းရဲ ပင်ပန်းသူတို့ကို အတိုးမယူဘဲ အရင်းအနှီးပေး၍ ချေးငှားမစခြင်းဟူသော သမ္မာပါသ, ချိုသာနာပျော်ဘွယ် ပြောဆိုခြင်းဟူသော-ဝါစာပေယျ, သင်္ဂဟတရား ၄-တန်၊ မှန်ကန်သောတရား ၄-ပါးကို ဖယ်ရှားပြောင်းလွဲခြင်းဖြင့် မြင်းကိုသတ်၍ ယဇ် ပူဇော်ခြင်း-အဿမေဓ, ယောကျ်ားကိုသတ်၍ ယဇ် ပူဇော်ခြင်း - ပုရိသမေဓ, ဥစ္စာ ပစ္စည်းကို လှည်းရထားဖြင့် တင်၍ ရေထဲ၌ ယဇ်တိုင်စိုက်ပြီးလျှင် ယဇ်ပူဇော်ခြင်း-သမ္မာပါသ,အကောင်းဆုံးသော ထောပတ်ကို ပုဏ္ဏားတို့အား စားစေ၍ ယဇ်ပူဇော်ခြင်း-ဟူသော ဝါဇပေယမှ မှန်သည်ဟူ၍, (သ)ကို(အ) သို့ (စ)ကို (ဇ) သို့ ပြောင်းလွဲကာ လစာပေးခြင်းကို သတ်ခြင်းဟူ၍ ယူပြီးလျှင် အသီးအသီး ပြောင်းလွဲဖျက်ဆီးပစ်သော အခါကစ၍ မူလအဟောင်း ကောင်းမွန်မြင့်မြတ်လှသော သင်္ဂဟတရား ၄-ပါး ကွယ်သောခေတ်ဖြစ်၍ ယဇ်ပူဇော်သောခေတ် ဖြစ်လာသည်။

၁၁။ ဥက္ကာကရာဇ်မင်း လက်ထက်ကစ၍ ဂေါတမဘုရား ပွင့်သည်တိုင်အောင် ယဇ်ပူဇော်သောအယူသည် တည်လျက်နေသည်။ ဂေါတမ



ဘုရား ပွင့်တော်မူပြီးမှ ရှေးပဝေသဏီက သင်္ဂဟတရား အဟောင်းအကောင်းအမှန် ပေါ်ထွန်းပြန်သည်ဟု သဏ္ဍနိပါတ်အဋ္ဌကထာ၊အင်္ဂုတ္တရသဏ္ဍနိပါတ်-အဋ္ဌကထာ များမှာ လာရှိမက ရှေးအခါက သင်္ဂဟတရား ၄-ပါး အမှန်အဟောင်း အကောင်းမျိုးတို့ကို ကြိုးစားလိုက်နာကြသော ဥရောပတိုက်သားတို့မှာ ယခုအခါ လွန်စွာကြီးပွားကြရုံမက ဗြိတိသျှအစိုးရတို့ အုပ်စိုးဆဲရှိသော မြန်မာနိုင်ငံသည် လောကီအကျိုးတိုးပွား တနေ့တခြား တရပ်ကုလား အဝေးရပ်သား လာရောက်ထွန်းကား မျိုးတူမျိုးခြား * မြို့ရွာအများ စည်ကားဆဲခေတ် ဖြစ်တော့သည်။ ယဇ်ပူဇော်ခြင်းကို ယိုလားလေ့ ရှိသော အိန္ဒိယစသော တိုင်းပြည်အရပ်ရပ်က မင်း, မှူးမတ်တို့ တန်းခိုးမေးမှိန်ပြီးလျှင် သင်္ဂဟတရား ၄-ပါးလိုက်စားသော သိုးဆောင်းလူမျိုးတို့ လက်အောက်သို့ ရောက်ကြ၍ အောက်ကျနောက်ကျဖြစ်ရလျက်ရှိသော အချက်မှာ မျက်မြင်လက်တွေ့ပင် ဖြစ်တော့သည်။ သည်ကဲ့သို့ဖြစ်၍ သဘောမှန်စံရ မုချကောင်းလျှင် ဟောင်းသည်ဖြစ်သော်လည်း လိုက်နာအပ်သော သဘောလမ်းဖြောင့်တန်းသတည်း။

မြန်မာထီးနန်း ညှိုးမြန်းသည်ကစ၍ ပဏ္ဍကဖြစ်ခဲ့သော မြန်မာဘာသာ
အပဏ္ဍက ဖြစ်ဆဲရှိသည်ကို
ပညာစုသည် ယခုတဖန်ပြန်၍
သိသာရန် ပြဆိုချက် ပြီးပြီ။

---

* မှတ်စု····ကိုးခန်းပျို့တွင်-မသာဘူးသေး၊ စေးသာမြေတာ၊လူတကာကို လာလှည့်နှိုးဆော်၊ ခေါ်ဘိသောလား၊ လာတုံဖြားလည်း၊ မသွားစေဝန်းလည်၊ ဝပြောစည်ကာ၊ အသည် မပြောင်း၊ အဟောင်း မပျက်၊ အသစ်စွက်သော်၊ရှေးထက်မက၊ဖြင်မျှလည်းပွား၊ များလတ်တုံတုံ-ဟူ၍ ၎င်း။ မဃဒေဝ လင်္ကာ ဆိုခန်းတွင်-ပတ်ပတ်အောင်၊ ချည်နှောင်သောနည်း-ဟူ၍၎င်း လာရှိ အသီးအသီးစပ်ဆိုသည်။ သည်ကဗျာများ သဘောသွားစုနှင့် ယခုခေတ်ဖြစ်နေပုံ ရန်ကုန်ကစ၍ ကြီးပွားဆဲရှိကြသော ဌာနအပေါင်းတွင် အသည်မပြောင်း အဟောင်းမပျက် အသစ်စွက်ဖြစ်အောင် ဆောင်ရွက်နိုင်ကြပါစေကြောင်းကို ဆုတောင်းရတော့သည်။ အသည်ဟူသည် ကား အမှုထမ်းမဟုတ်သော ထာဝရ ရှိနေကြရင်း လူစုကိုဆိုသည်။

## ၅-ယခု နောက်ဆက်တွဲရေးရန် စုဆောင်းကြည့်ရှုရာ ပါဝင်သော ကျမ်းဂန်အမှတ်အသားများကို ပြဆိုချက်

၁-ကာဗျအင်္ဂါကျမ်း ပုံမနှိပ်သေး၊ ပေစာမျဉ်းဖြူ ၁၁-ကြောင်း ရေး ငိ-အစ၊ ညု-အဆုံး ၅၂-ခံ-ရှိသည်။ ဒဏ္ဍီဆရာ စီရင်သော သက္ကတဘာသာမှ မြန်မာဘာသာသို့ ကလပ်ရေးနည်း အလိုများနှင့် ပြန်ဆိုရေးသားထားရုံမက ရှေးသုံး အတိုရေးနည်းများအတွက် အဖတ်ခက်သော်လည်း ကျောက်စာကို သွားလာနိုင်သူတို့မှာ ကောင်းစွာ သိလွယ်သည်။

စာကဘောသွားမှာ မာဂဓဘာသာ အလင်္ကာနည်း, ဆန်းနည်းများ အတိုင်း ကဗျာသုံးမျိုး ခေါ်ပုံနှင့် ဒေါသ, ပရိဟာရ, ဝဏ္ဏ, လိင်, ဝဂ်, စက်, ဂိုဏ်း, နက္ခတ်, ဇာတ်ဝံသ, ဗျတ္တိများနှင့်တကွ သာဝ ယမက,ရသ ၉-ပါး, ဂုဏ် ၁၀-ပါးများကို ဥပမာပြယုဂ်နှင့်တကွ ဖော်ပြသောကျမ်း ဖြစ်သည်။

ယခုကာလတွင် အရိုင်းထင်၍ မကြားချင်သော (နင်) ဆိုသော ဝေါဟာရများကို အားကြီးရေးသားသုံးစွဲသည်။ (အပယ်) ဟူသော ဝေါဟာရလည်း သုံးစွဲသည် (ဖြူ) အစားလည်း (မူ) ကို သုံးစွဲသည်။

ဇင်းပြင် ကာမ,အတ္ထ,ဓမ္မ,မောက္ခဟူသော အကျိုးလေးပါးသဘောသွားမှာ အလင်္ကာကျမ်းနှင့်တူကြသော်လည်း ပြယုဂ်, ဥပမာ, ဥဒါဟရဏ်များမှာ အိန္ဒိယနိုင်ငံရှိ တိုင်းကြီး ပြည်ကြီးများက သုံးစွဲကြသော ဝေါဟာရများကို ပြယုဂ်ထုတ်ဆောင်သည်။ ဇင်းပြင် ကာဗျ*ကို ကဗျာ ဖတ်ရပုံနှင့် ကဗျာကို အချင်းခေါ်ပုံ၊ မင်းအစိုးရနေသော ရာဇဓာနီ ပြည်ကြီးသုံး, ဝေါဟာရ, သံကရိတ, ပရာကရိတ စသော ဘာသာကို နတ်စာဟူ၍ ပူကြပုံများလည်း ပါသည်။

၂-ကဝိဂန္ဓပါသျှကျမ်း ပုံမနှိပ်သေးသော ပေစာ မျဉ်းဖြူ (ဂ) ကြောင်းရေး (က) အစ (င) အဆုံး ၄၂-ခံ ရှိသည်။လက်ရေးမှာ ရှေးနည်းရေးသား၍ စကားအသုံးမှာလည်း ရှေးသုံးနည်း တလင်းလာ,အင်္ဂါစသည် သုံးသည်။ တနှစ်စသော ဂဏန်းများမှာလည်းကျောက်စာရေးနည်းကဲ့သို့ "ဒ,ဒ ၄၅၆၇၈၃၀" ရေးသည်။

* သက္ကတအရ (ဗျ) ရေးသမျှမှာ မြန်မာဘာသာက (ဗျ) ဖတ်ရသည်၊ ပထမက္ခရာကို တတိယက္ခရာသို့ ပြောင်းနည်းအတိုင်းပင်တည်း။



စာသဘောသွားမှာ ကဗျာဖွဲ့သူတို့ လိုက်နာရန် နည်းများပါသည်။ ထိုနည်းများမှာလည်း ကဝိကဏ္ဌပါသကျမ်းနှင့် အစတွင် ဆင်ဆင်တူသော်လည်း အခေါ်သညာစကား ကွဲပြားသည်။ စာသားလည်း ကဝိကဏ္ဌပါသကျမ်းမှာပါသည်ထက် များပြားပိုမိုသည်။ စာပြီးနေ့စွဲမပါ။ စာကူးနေ့စွဲသာ ပါသည်။ ဒဒ,ဒ၇-ခုပါသည်။ သာသနာသက္ကရာဇ် ဖြစ်ဟန်တူသည်။ ၂၂၃၇-ခုတွင် ၁၁၈၂-နှုတ်လျှင် ဂေါစာ ၁၀၅၅ ကျန်သင့်သည်။

၃-ကဝိ ကဏ္ဌပါသ ကျမ်း ကဝိဗန္ဓပါသျှကျမ်းဟူ၍ လည်း ရေးလျက်ပါသည် ပုံမနှိပ်သေးသော ပုရပိုက်နက်မူနှင့်ရှိသည်။ တရားသူကြီးမင်း ဦးဆင်ပေမူ ၃-အင်္ဂါခန့်မှ ၁၂၄၆-ခုတွင်ကူးထားသော စာဖြစ်သည်။ ကဝိဂန္ဓပါသျှနှင့် အစတွင် ဆင်ဆင်တူသော်လည်း အလယ်အဆုံးမှာ ခြားနားသည်။ ထိုစာမူပြုစုရင်းမှာ မြောက်ဦးမြို့တွင် သက္ကရာဇ် ၇၉၂-ခုနှစ် နန်းတက်သော နရနုမင်း နန်းမတက်ခင် ငယ်စဉ်အိမ်ရှေ့မင်းအဖြစ် မင်းသားအဖြစ်များတွင် ရေးသားရင်း ကဗျာဖွဲ့ပုံနည်းလမ်းကို ပြဆိုဆုံးမသော စာဖြစ်သည်။ ထိုစာတွင် ရခိုင်-သျှင်သီလဝံသနှင့် အမတ်ဥဿလင်းစားတို့ ရေးသားဆုံးမစာလင်္ကာများ ပါသည်။ ထိုပုဂ္ဂိုလ်များမှာ စာဆိုပညာရှိချည်းပင်တည်း။ မြန်မာဘာသာ ကဗျာလင်္ကာများမှာ-သျှင်ရဋ္ဌသာရ, သျှင်သီလဝံသတို့က အစပြုသည်ဟူ၍ အယူရှိသော အချို့မျိုးတူ မျိုးခြား များသည်၊ သည်စာရှိသည်ကို သတိထားဟန်မတူ။

၄-ကဝိပီယဒီပနီပါဠိ ပုံမနှိပ်သေး၊ ပေစာ ကြိုးဆစ် (၁၁) ကြောင်း ရေး မျဉ်းဖြူ က-အစ, ကိ-အဆုံး။

၅-ကဝိပီယဒီပနီနိဿယ ပုံမနှိပ်သေး၊ လက်ရေး စာအုပ်နှင့်ရှိသည်။ ဇင်းစာမှာ စာဖွဲ့လိုသူတို့နှင့် အထူးဆိုင်ရာ ပါသည်။ သညာ, သညီ, ကာရီ, ကာရိယ, ဝိသေသန, ဝိသေသျ၊ ပဒ, ပဒတ္ထ, ဝါကျ, ဝါကျတ္ထ-အစရှိသည်ကို သိရန် ဖော်ပြသည်၊ ဘုရားဖြူ ဆရာတော်-ဦးရာဇိန္ဒ နိဿယရေး၍ ပေးပေသည်။

၆-ကဝိလက္ခဏာဒီပနီ ပုံနှိပ်ပြီး စာအုပ်ကြီး ရှိသည်၊ နိုင်ငံခြား ဝန်ထောက်မင်းဦးဖြိမ့်ခတ်ပုံပါသည်။ ၁၂၄၂-ခု နှစ်က ပုံနှိပ်သည်။ကဗျာဘက်ဆိုင်ရာ ပါရုံမက ဗဟုသုတ ဟင်းလေးအိုးကြီးဟု ဆရာကြီးများက ခေါ်သော စာကျော်ဖြစ်သည်။

၇–ဝေါဟာရတ္ထပကာသနီ ပုံနှိပ်ပြီးစာအုပ်ကြီးရှိသည့်အရ အထူးဖော်ပြရန်မလို စာကျော်ပင် ဖြစ်သည်။ သို့ရာတွင် ကာရန် ၆၄–ပါးကုန်အောင် အစုံမပြ နည်းရရုံမျှပြသည်။

၈–ဝေါဟာရလိနတ္ထဒီပနီ ၎င်း။

၉–ဝေါဟာရတ္ထဝိပ္ပလ္လာသလက္ခဏာဒီပနီ ပုံမနှိပ်သေး၊ ပုရပိုက်မူ (၁၇) ဆူရှိသည်။ ဝေါဟာရလိနတ္ထဒီပနီနှင့် အချို့နေရာတွင်တူသော်လည်း မြန်မာဝေါဟာရဝိပ္ပလ္လာသ ဖြစ်ပုံ။ ကာရိ–ကာရိယ ပြယုဂ် စသည်ကို ဖော်ပြသည်။

၁၀–ဝေါဟာရတ္ထဘေဒ ပုံမနှိပ်သေး၊ ပေစာ ရွှေမျဉ်း (၁၁) ကြောင်း။ ဖျော်–အစ။ မျ–အဆုံး။ ၂၇–၃ံရှိသည်။ မူလ ဝေါဟာရတ္ထဘေဒမှာ ဥဒ္ဒေသသာရှိ၍ နိဒ္ဒေသ သိကြရန် ထပ်မံ ဖွင့်ဆိုသော ကျမ်းဖြစ်သည်။ သစ်ပင်, သား, ငှက်တို့ကို ပြဆိုသည်။ မန္တလေး မောင်းထောင်ဆရာတော် ရေးသားသောစာဖြစ်သည်။

၁၁–သာလာဘိဓာနသူစနီ ပုံမနှိပ်သေး၊ လက်ရေးစာအုပ်နှင့် ရှိသည်။ တောင်တွင်း သာသနာပိုင်ခင်ကြီးဖျော်ရေးသောစာဖြစ်သည်။ ကတ်စစ်၊ တန်ကျစ်၊ ကဲးလား၊ ခန်းပိုင် စသောကျောက်စာနှင့် ဝိနည်းများမှာ သုံးသော ဝေါဟာရထူး များစွာပါသည်။ ဆေးပင်အမည်ထူးများလည်း ပါသည်။

၁၂–နယလိနတ္ထဒီပနီ ပေစာ၊ ပုံမနှိပ်သေး၊ ကြိုးဆစ်(၈)ကြောင်းရေး၊ ကာ–အစ၊ ခိ–အဆုံး၊ ၁၅၇၊ ၃ံရှိသည်။ ၁၁၉၆–ခုတွင် အရိယဝံသဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ဆရာတော် စီရင်သည်။ မြင်းဆက်ခွယူပုံ၊ လဒ္ဓဂုဏ်ယူပုံ၊ အလင်္ကာကျမ်းလာ ဘာ၁၀၊ အနဘာ၁၀ယူပုံ၊ ပညတ် ၂–ပါး၊ ပညတ် ၆–ပါးကွဲပုံစသော စာဆိုလိုသူတို့နှင့်သင့်လျော်သော ညွှန်ပြချက်များပါသည်။

၁၃–နိယမဒီပနီ ပုံမနှိပ်သေး၊ ပေစာ(၁၀) ကြောင်းရေးရွှေမျဉ်း၊ ကာ–အစ၊ ဂိ–အဆုံး၊ ၂၁၊ ၃ံရှိသည်။ မြန်မာဘာသာလင်္ကာကဗျာများကို ဝါကျခွဲပုံ, နည်းအမျိုးမျိုးခွဲပုံ, ဝေဘန်ပုံပါသည်။ ဒေဝိန္ဒာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆရာတော် ၁၂၂၇–ခုပြုစုသော စာဖြစ်သည်။



၁၄–မေဓဒီပနီ ပုံမနှိပ်သေး၊ ပေစာ၊ (၉) ကြောင်းရေး က–အစ၊ ခိ–အဆုံး ၁၅၁၊ ၃ံရှိသည်။ အက္ခရာဝေါဟာရများကို ပရမတ္ထနည်းယူပုံ၊ ပညတ်နည်းယူပုံ၊ ဝိသေသနရှာပုံ၊ သတ္တဋ္ဌကို မာဂဓကေမှိပုံ၊ ကိုးခန်းပျို့စကား၊ အား ၃–ပါးယူပုံ၊ ဂုဏ်နှင့်ဘုန်းကွဲပုံ၊ အနိစ္စဝါဒ၊ နိစ္စဝါဒ၊ စပ်အပ်၊ စပ်တတ်ပုံ၊ ဇာထွက် ဇာစပ်ပုံ စသောကဗျာနှင့်စပ်သောအရာ များစွာပါသည်။ ရေစကြိုဆရာတော် ၁၁၁၆–ခုနှစ်တွင် စီရင်သည်။ ဦးပုဏ်စသော စာတတ်အကျော် ဆရာတော်တို့က ကိုးကားကြသော စာဖြစ်သည်။

၁၅–မုံရွေး ဂမ္ဘီရကထာရတနာကြေးမုံ ပုံမနှိပ်သေး၊ မုံရွေး ဆရာတော် စီရင်သည်။ လက်ရေးစာအုပ်နှင့် ရှိသည်။ မူကွဲ ၃–မျိုးရှိသည်။ နောက်ဆုံးမူမှာ သာ၍မှန်ကန်စုံလင်သည်။ နက်တံ–နက်စံမှာ လက်ဦးယူပုံ၊ နောက်ဆုံးယူပုံ၊ အဓိပ္ပါယ်ခြားနားသည်။

၁၆–မုံရွေးဆရာတော် ကဗျာမှတ်စု ပုံမနှိပ်သေး၊ လက်ရေးစာအုပ်နှင့်ရှိသည်။ အချိုးဒ်စုံ၊ အချိုးဒ်စုံ၊ အချိုးအ ချိုးဒ်စုံများမှာ ရတုကဗျာများတွင်သာမဟုတ်၊ ရတုမှတပါး အခြားကဗျာလင်္ကာများမှာလည်း ရှိကြပုံပြယုဂ်နှင့်တကွ ဖော်ပြသည်။

၁၇–မုံရွေး ဆရာတော် အရပ်ရပ်မှတ်စု ပုံမနှိပ်သေး၊ လက်ရေးစာအုပ်နှင့်ရှိသည်။ ကဗျာအကြောင်း၊ အောင်းကလေး အကြောင်းစသော လောက, ရာဇ, ဓမ္မ–ဝတ်တရား ၃–ပါးနှုန်းလည်ရန် အမှတ်အသား များစွာပါသည်။

၁၈–ကျောက်စာစုံ ပုံမနှိပ်သေး၊ လက်ရေးစာအုပ်နှင့် ရှိသည်။ ပေမူနှင့်လည်း ရှိသည်။ သာလွန်မင်းတရားလက်ထက်က စုဆောင်းသည်။

၁၉–ကျောက်စာခေါင်းလောင်းစာစု ပုံမနှိပ်သေး၊ လက်ရေးစာအုပ်နှင့်ရှိသည်။ ပေမူနှင့်လည်း ရှိသည်။ အလောင်းမင်းတရားကြီး သားတော်ကြီး နောင်တော်ကြီးလက်ထက်က စုဆောင်းသည်။ ရွှေစည်းခုံ ခေါင်းလောင်းစာပါသည်။

၂၀–ကျောက်စာစု ပုံမနှိပ်သေး၊ လက်ရေးစာအုပ်နှင့်ရှိသည်။ ပေမူနှင့်လည်း ရှိသည်။ အမရပုရ ပထမမြို့နန်းတည်မင်းတရားလက်ထက်က စုဆောင်းခဲ့သည်။ ထိုအခါက ကျောက်စာစုမှာ

ယခုအခါလောက် မပျောက်မပျက်သေး၍ ရှေးကဖတ်ရပုံ, ယခုဖတ်ရပုံ မတူကြ၊ ရှေးကမှာ စာလုံး ယခုဖတ်ရသည်ထက် ထင်ရှားသေးသည်။

၂၁-ကျောက်စာ စာအုပ်စု — အင်္ဂလိပ်မင်း လက်ထက် စုဆောင်းသော ကျောက်စာစာအုပ် (၆) အုပ်၊ ပုံနှိပ်ပြီးရှိရုံမက အင်္ဂလိပ်ဘာသာသို့ အချို့ပြန်ပြီးပြန်ဆဲ၊ တိုးပွားဆဲ၊ရှာဖွေစုဆောင်းဆဲ၊ ရှေးဟောင်းစကားများကို အမှန်ကျန ယထာဘူတဖြစ်အောင် ဆောင်ရွက်ဆဲ ရှိကြပေသည်။

၂၂-တောင်ငူ သျှင်တိသာသနဓဇအကျော်ဆရာတော်-ရေးနည်း ဖတ်နည်း ဆုံးမတမ်း — ပုံမနှိပ်သေး၊ သက္ကရာဇ် ၉၀၀-ကျော်ကစာဖြစ်သည်။ လက်ရေး စာအုပ်နှင့်ရှိသည်။ ပေမူနှင့်လည်း ရှိသည်။ ပါဠိဘာသာ မြန်မာဘာသာ ဝေါဟာရကို ဌာနအလိုက် သုံးရန် ညွှန်ပြချက်ပါသည်။

၂၃-တောင်ဘီလာ ပုဂ္ဂိုလ်ကျော်ဆရာတော် ရေးနည်း ဖတ်နည်းဆုံးမတမ်း — ပုံမနှိပ်သေး၊ လက်ရေး စာအုပ်နှင့်ရှိသည်။ပေမူလည်းရှိသည်။သက္ကရာဇ် ၉၀၀-ကျော်က စာဖြစ်သည်။ မြန်မာဘာသာ ကဗျာစီကုံးနည်း ဖတ်ရွတ်နည်းများမှာ ဌာနအလိုက်သုံးရန် ညွှန်ပြချက်ပါသည်။ မြန်မာဘာသာကို ဗြဟ္မာဘာသာဟု ရေးလျက်ပါသည်။

၂၄-အဝပညတ္တမ — ပုံမနှိပ်သေး၊ လက်ရေးစာအုပ်နှင့်ရှိသည်။ ဘားနဒ်ပိဋကတ်တိုက်နှင့် ကင်းဝန်မင်းကြီး ပိဋကတ်တိုက်မှာလည်း မရှိသေး၊ ညောင်ရမ်းဆယ်ဆက်တွင် ရှင်ဘုရင်နှင့် မင်းမှူးမတ်တို့ လောကီလောကုတ္တရာ နှစ်ဖြာသော အမေးများကို ဘားမဲ့ဆရာတော်စသော ဆရာတော် ဆဲ့နှစ်ပါး ဖြေဆိုချက်များ ပါရုံမက ဇမ္ဗူဒီပအုပ်ဆောင်းစာတမ်း ရေးသားခြင်း၏ အရင်းအမြစ် များလည်း ပါသည်။

၂၅-အမရပုရပညတ္တမ — ပုံနှိပ်ဖူးသော်လည်း အကုန်မပါ၊ တပိုင်းတစသာ ပုံနှိပ်ဖူးသည်၊ လက်ရေးစာအုပ်နှင့် ရှိသည်။ အဝပညတ္တမနည်းပင်၊ ရှင်ဘုရင်နှင့် မှူးမတ်တို့ လောကီ လောကုတ္တရာ နှစ်ဖြာသော အမေးများကို ပထမ မောင်းထောင်ဆရာတော်နှင့် ဗားကရာအကျော် ဆရာတော်စသော ဆရာတော် သင်္ဃာတော်တို့ ဖြေချက်များပါသည်။ ကျောက်စာအကြောင်း, ဝတ္ထုကံမြေအကြောင်း



ပါရုံမက ၁၁၄၇-ခုနှစ် ဘိုးတော်က ထပ်မံလျှော့ဒါန်းသော ဆင့်ထိုး, စပ်ထိုး, ကျောက်စာများ အချီးလည်းပါသည်။

၂၆-မန္တလေးပညတ္တမ — ပုံမနှိပ်သေး၊ ပေစာ၊ ရွှေမျဉ်း ၁၂-ကြောင်း၊ ဗေ-အစ၊ ဓိ-အဆုံး ၄၇၊ ၁၀-ရှိသည်၊ အမရပုရပညတ္တမနည်းပင်၊ ရှင်ဘုရင်နှင့် မှူးမတ်တို့ အမေးများကို ဒုတိယ မောင်းထောင်ဆရာတော် ဖြေချက်များပါသည်။ မြန်မာဘာသာနာမည်များမှာ ပါဠိဘာသာ သဘောအတိုင်း ဂိုဏ်းဖွဲ့နည်း, ဝဂ္ဂစက် ရွေးနည်းများလည်း အသီးသီးပါသည်။

၂၇-ရှေးမင်းတို့ လက်ထက် အမိန့်တော်စု — ပုံမနှိပ်သေး၊ လက်ရေး စာအုပ်နှင့် ရှိသည်။သက္ကရာဇ် ၇၂၉-ခုတွင် နန်းတက်သော မင်းကြီးစွာစော်ကဲ အမိန့်တော်ကစ၍ ၁၁၁၃-ခုနှစ်တိုင် အဝမင်းတို့ အမိန့်တော်များပါသည်။ အထူးအားဖြင့် ၁၀၃၄-ခုနှစ်ထုတ် အချင်းကြီး, အချင်းငယ်နှင့် နတ်ထိန်း နတ်နေတို့ ဝတ်ဆင်သီဆို ကခုန်ပုံများ ပါသည်။ သိုးဦးထုပ် ဆောင်းကြရပုံလည်း ပါသည်။

၂၈-ရွှေဘိုဆက်မင်းတို့လက်ထက် အမိန့်တော်စု — လောက, ရာဇ, ဓမ္မ-ဟူသော ဝတ္ထုသုံးပါးမှာ လိုက်နာရန် ပါရှိသည်။အထူးအားဖြင့် နန်းသုံးစီကုံးရေးသားနည်းများမှာ လိုက်နာရန်လည်း ပါသည်။ အထူးမှာ ကမ္မာလေးရပ် စီစဉ်စီရင်ပုံလည်းပါသည်။ ပုရပိုဒ်မူ, ပေမူ, လက်ရေးစာအုပ်မူရှိသည်။

၂၉-ရှေးရတုစု — အချို့အနည်းငယ် ပုံနှိပ်သော်လည်း ပုံနှိပ်ရာ မပါသေးသော ပေ, ပုရပိုဒ်စာအုပ်စသော လက်ရေးစာများနှင့် ရှိသည်။ ဆရာတော် သျှင်ရဋ္ဌသာရနှင့် ဆရာတော် သျှင်သီလဝံသ ၂-ပါး ၁၊သျှင်ဥတ္တမကြော် ၂-ပါး၊ နဝဒေး ၄-ဦး၊ ဇေယျနန္ဒမိတ် ၂-ဦး၊ ၂၊ စဝ်ကျော်သူ ၂-ဦး၊ ဦးမင်း ၂-ဦး၊ မင်းရာဇာ ၂-ဦး၊ ရှင်ထွေး ၂-ဦးစသော ပုဂ္ဂိုလ်များ ရေးသားသော ရှေးရတု မေတ္တာစာများ ပါသည်၊

---

၁၊ ရခိုင်သျှင်သီလဝံသ၊ မြန်မာ သျှင်သီလဝံသဆိုလိုသည်။

၂၊ တောင်ငူရွှေနန်းတည် မင်းကိုယ်လုပ်တော် ရဝေရှင်ထွေးနှင့် အဝရွှေနော်ရထာကျွန်ရင်း ယောကျ်ားစာဆိုတော်ဖြစ်သူ တောင်ငူရောက် ရှင်ထွေး-နားသိမ်ကိုဆိုလိုသည်။

ရှေးရတုများတွင် ပုဂံမှာ ရာဇဌာနီတည်စဉ်က အလွန် ဟောင်းသော ရတုကဗျာနှင့် ၎င်းအဟောင်းကို တောင်ငူဘုရင် နတ်သျှင်နောင်နှင့် လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံတို့ လိုက်၍ ရေးကြသော ရတုများလည်း ပါသည်။ ရှေးရတုစုမှာယခုရေးစပ်နည်း, ဖတ်ရွတ်နည်းရတုများနှင့် ကွဲပြားခြားနားခြင်းအားကြီးသည်အတွက် အဆိုခက်သော်လည်း တီးချက်, စည်းချက်, လက်ခုတ်ချက် ကိုက်အောင် လိုက်အောင် ဆိုနိုင်, ကနိုင်သည်။

၃၀–ရှေးသီချင်းဟောင်းစု သက္ကရာဇ် ၇၂၉–ခုတွင် နန်းတက်သော မင်းကြီးစွာ စော်ကဲ၊ တကောင်းဆန် ရေလယ်သံအဏ်ချင်း ခေါ်ဝေါ်သော တေးအချင်းများနှင့် တေး–တောတွဲ၊ တေးထပ်၊ ရှစ်ဆယ်ပေါ်အချင်းကြီး အချင်းငယ်နှင့် စပ်သမျှ အဲအန်၊ ရေလယ်သံအချင်းများပါသည်။ ပုံမနှိပ်သေး။

၃၁–ရှေးမေတ္တာစာစုံ ပုံမနှိပ်သေး၊ သက္ကရာဇ် ၉၀၀–ကျော်ကစ၍ သက္ကရာဇ် ၁၂၀၀–ပြည့်တိုင် ပါသည်။ လက်ရေးစာ၊ ပေ၊ ပုရပိုက်များနှင့် ရှိသည်။ သက္ကရာဇ် ၁၂၀၀–ကျော်မှပေါ်လာကြသော စာဆိုပညာရှိ တစုတို့က အတုလိုက်ရသော မေတ္တာစာရေးနည်း * ၁၃–မျိုးပါသည်။

၃၂–ရှေးလေးချိုးဟောင်းစု စာဆိုတော် ဘိုးသူတော်ဦးမင်း၊ ၎င်း လူဦးမင်း၊ ၎င်း ညဏ်ဝန်ကြီး ပထမကျော် လူတွက်–ဦးဖြေ, မောင်စံသူ ဆို – လေးချိုးများလည်း ပါသည်။ မောင်စံသူဖွဲ့ဆိုသော စာများတွင် မှာတမ်းရေးမှာသာ ထင်ရှား၍ လေးချိုးရှိသည်ကို တွေ့မိသူများ ရှားသေးသည်။

၃၃–ပုဂံရာဇဝင် ပုံမနှိပ်သေး၊ ပေမူနှင့်ရှိသည်။ က–အစ, ထော–အဆုံး ၁၀–ကြောင်းရေး မျဉ်းဖြူ ၁၁၅၉–ခုတွင် ဘုံကျော်တိုက်နေ ရဟန်းတော်တပါး ရေးသားပြုစုသည်။ ပုဂံရာဇဝင်သစ်ဟု ခေါ်ကြသော်လည်း မှန်နန်းရာဇဝင် အလျင်ကျသည်။ ဧးချင်းဟောင်း၊ လူးတားဟောင်း၊ နတ်သံဟောင်း– စသော ကဗျာများစွာ ပါရှိသည်။ နတ်သံများ ကွဲပြား ခြားနားပုံ သိနိုင်ရန်ပါသည်။ ရှည်လျားသော နတ်သံများကို ထိုစာက ပြယုဂ်ထုတ်သည်။

ယခုနောက်ဆက်တွဲရေးရန် စုဆောင်းကြည့်ရှုရာ ပါဝင်သော ကျမ်းဂန်အမှတ်အသားများကို ပြဆိုချက်ပြီးပြီ။

---

* ရတုမေတ္တာစာရေးနည်းပါထည့်၍ ၁၃–မျိုးရှိသည်။



## ၆–ရွှေမင်းဝံဆရာတော်က ကဗျာဗန္ဓသာရ နောက်ဆက်တွဲဖတ်ရန် တိုက်တွန်းသော စာလက်ံ

* ၎င်းစာတွင် အတ္တနောမတိအယူအငင်တွင် ဆင်ခြင်သင့်၊ ဘဦးစာကို တဦးပြင်သင့်, မပြင်သင့် ချင့်ချိန်ရန်ရှိပုံ အစုံပါသည်။

၁၊ ရွှေမင်းဝံဆရာတော် အမိန့်ရှိလိုက်သည်၊ ပုဂံနယ်ပိုင်ဝန်ထောက်မင်း–ကဗျာဗန္ဓသာရကျမ်းနှင့် ပသင်္ဂိသောဓနီသတ်ညွှန်းများတွင်မသင့်သော အရာပါလျှင် ပြင်ရန် တောင်းပန်သော စာနှင့် တကွ စာအုပ် (၂) လည်း ရရှိသည်။ စာအုပ် (၂)ကိုလည်း အစက အဆုံးတိုင် ဖတ်ပြီးပြီ။ အချို့ အချက်မှာ ဆရာတော်တို့ မတွေ့ဘူးသော လောကီကဗျာများစွာကိုကြည့်ရ၍ အားရဝမ်းသာ များစွာရှိသည့်အတွက် နှစ်ဘက်မြင်ဖြစ်လိုသူတို့မှာ မြန်မာဘက်ကို လိုက်စားရန် အားကျသင့်ပေသည်။ ၎င်းနှစ်ကျမ်းတွင် မပြင်သင့်–ပြင်သင့် ချင့်ချိန်ရန် ကျမ်းဂန် အထောက်အထားများကို ရေးသားပေးပို့လိုက်သည်။ သာရတ္ထပကာသနီ အဋ္ဌကထာနှင့်၊ အဖေဂ္ဂုသာရဒီပနီလာ လိုက်နာရိုးကို ရေး၍ ပို့လိုက်သည်။

၂၊ ဝန်ထောက်မင်းသိရင်းစွဲရှိလိမ့်မည် ယုံကြည်ပါ၏။ သို့ရာတွင် တရားနာသောအကျိုးကဲ့သို့–သိပြီးဖြစ်လျှင် ကျေပြန်ခြင်း၊ မသိသေးလျှင် အသစ်မှတ်ရခြင်း အကျိုးများကို ခံစားရန်–"ဖြူရာတွင်ဖွင့်လျှင်ဖွေးသည်၊ ထူရာတွင် ထပ်လျှင်လေးသည်"–ဟူသော သူတော်ကောင်းတို့ စကားကို နှလုံးသွင်း၍ မြတ်စွာဘုရား ဟောကြားတော်မူရင်း ဘုရားဟောတော်နှင့် လျော်စွာ သာရတ္ထပကာသနီအဋ္ဌကထာလာ သာသနာတော်အတွင်း အခါ ဒေသနာတော်ဖြစ်သော ဝေါဟာရစုသာ သမ္မုတိသစ္စာ,ပရမတ္ထသစ္စာဖြစ်သည်ကို ပြဆိုသောအထောက်အထားနှင့် အဖေဂ္ဂုသာရဒီပနီစကား ရေး၍ ပို့လိုက်သည်။

၃၊ အဖေဂ္ဂုသာရဒီပနီတွင်လာပုံမှာလည်း သာသနာတော်ကျမ်းလာသစ္စာနှစ်ပါး ရှိသည်ကိုလည်း မသိရှာ၊ လိုက်နာခြင်း ဘမ္ဘာတန်းဆာကျမ်းကြီး ကျမ်းခိုင် ရှိကြသည်ကိုလည်း ဆရာလက်ဆင့်ရမိခြင်း မရှိ။ အခတ္တမစုံသူစု ပြုကြပြောကြသော အတ္တနောမတိဟူသမျှသည် "လောကသင်္ကေတ ဝစနံ သစ္စံ န သစ္စံ" ဟူ၍ လာသော အဋ္ဌကထာပါဠိနှင့်အညီ မှန်သည်လည်းရှိ၊ မမှန်သည်လည်း ရှိသည်မှာ ဓမ္မတာထုံးတမ်းအတိုင်း

ကျွမ်းကျင်ရာသာလိမ်မာမြဲးဟူသော ဝေါဟာရရှိပေသည်။ ဆရာတော်တို့မှာ မြန်မာဘာသာတွင် စုံစုံလင်လင် ကျွမ်းကျင်အောင် လေ့လာခဲ့သည်မရှိ။ မူရနှစ်ပါးနှင့်သက်ဆိုင်ရာ ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိအစရှိသည်ကိုသာ လေ့လာအားထုတ်ခဲ့ပေသည်။ သည်စကားသည်အမှန်တည်း။

၄၊ မည်သည့်အရာမဆို သေသေချာချာ ထိထိမိမိမသိပဲ၊ တဦးကပြင်စမ်းပါ တိုက်တွန်းသောအချက်အရ နှစ်ဘက်မမြင်ရှာ၍ စာတွေ့မစုံပဲ၊ ဂုဏ်ပြုရုံသာလျှင် ပြုကြခြင်း။ တိုက်တွန်းသူမရှိပဲ အဋ္ဌနောမတိအသိအထင်အရ ပြင်ကြ ပြုကြ ပြောကြ ဆုံးဖြတ်ချက်ချခြင်း ပြုကြသူရှင်လူတစုလည်း ယခုခေတ်တွင် ပွားများဆဲရှိသည်ကို ဝန်ထောက်မင်းသိရင်းပင် ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်စုသည် မုတ, သုတ, ဒိဋ္ဌ-သုံးဌာနမျက်မြင် နားကြားကိုယ်တွေ့ရှိကြလျှင် ပြင်သင့် ပြုသင့် ယူသင့်ပေသည်။ စေသဒ္ဒါ, သစေသဒ္ဒါ, ယဒိသဒ္ဒါများရှိသော်လည်း သတိရှေးပြေး၍ တွေးတော ထင်မြင်ရုံဖြင့်သာလျှင် ပြင်ခြင်း,ပြုခြင်း,ယူခြင်း, ဆုံးဖြတ်ခြင်းများကို အလိုမရှိအပ်ဟု ဆရာကျော်-ဆရာမြတ်တို့ ဆုံးဖြတ်ချက် ရှိပေသည်။ ပါဠိဘက်နှင့် မြန်မာဘက် ကွဲးလွဲး၍ ခဲးယဉ်းပုံမှာ ပါဠိတော်ဘက်မှာ စာရှိသမျှ သိထိလ, ဓနိတ, ဂ-ဃ-ဏ-န ဖတ်ရသည်။ မြန်မာဘက်မှာ ရေးရာအမှန်ဖတ်ခါ အသံပြောင်းသောကြောင့် ကျောင်းသုံး, နန်းသုံး, လွှတ်တော်သုံး, ရုံးတော်သုံးများ ကွဲပြားလျက်ရှိဟန်မှာ အသံကို အမှီပြုရမြဲးဖြစ်၍ အလေး-အပေါ့, အတော့-အရပ်, အထေ့-အဟပ်, အဖတ်-အရွတ်, အသံနေ-အသံထား ခြားနားကွဲလွဲသွားလျှင် နားယဉ်, နားရိုင်းများအတွက် အခက်တွေ့ကြုံတတ်သည်။ တောင်ငူ-ရှင်တိသာသနဓဇအကျော် ဆရာတော်နှင့် တောင်ဘီလာပုဂ္ဂိုလ်ကျော် ဆရာတော်စသော ဆရာကျော် ဆရာမြတ် များစွာတို့ကလည်း ပါဠိဘက်နှင့်မြန်မာဘက် ရောယှက်၍ ရတန်သမျှ ရသောအချက်၊ အနက်တူသော်လည်း အသံယူမကိုက် ထိုက်သက်ရာသာ လိုက်နာရသည် အချက်၊ လောကနည်းတွင် ဓမ္မနည်းကို နေရာတိုင်းမှာ လိုက်နာခြင်း မပြုရဟု ဆုံးမတော်မူကြသော အချက်များကိုလည်း မှတ်သားသင့်သည်။

၅၊ အသံဆိုသည်မှာ အက္ခရာပင်တည်း။ အက္ခရာ ဆိုသည်မှာလည်း လေခ, လိပိ-အစရှိသဖြင့် ဝဏ္ဏကို မှတ်ခြင်းပင်တည်း။ ယင်းသို့ဖြစ်၍



အက္ခရာဝဏ္ဏ အသံကွဲးပြားသည့်အရာ ခဲးယဉ်းစွာကို သာမန် ရှင်လူတို့ မသင်မကြားပဲ နားမလည်နိုင်။

၆၊ နိရုတ္တိသင်္ဂဟတွင် အဆုံးအမ တည်ခြင်းသည်သဒ္ဒလက္ခဏာကို သိခြင်းတည်း။သဒ္ဒလက္ခဏာကိုသိခြင်းသည် အက္ခရာအပြားကိုသိခြင်းတည်းဟူ၍ လာရှိသည်။

၇၊ ဆိုခဲ့သည့် အကြောင်းများအရ မူလ-ကဗျာဗန္ဓ သာရကျမ်းတွင် ဆရာမပြင်သည်ကို ဒါယကာဝန်ထောက်မင်းက သည်းခံပါ၊ သို့ရာတွင် မူစင်သော နှလုံးသွင်းဖြင့် တိုက်တွန်းခြင်း ပြုလိုသည်ကား ယခုခေတ်နှောင်းအတွင်း ရကင်းသည်, လက်ရှက်သည်တို့ ဖက်တွဲး၍ ရှေ့နောက်နှစ်တန် အဆို-အခံ, အပြန်-အလှန်, တီးမှုတ်ကခုန် ရသော အချင်းကြီးအချင်းငယ်,ရေလယ်သံကြိုး ငယ်စသည်များပါ မေတ္တာစာစပ်နည်းများမှစ၍ ကဗျာနှင့်စပ်သမျှ သိကြမှတ်ကြရအောင် နောင်လာ နောက်သားတို့အကျိုးငှာ ကဗျာဗန္ဓသာရ နောက်ဆက်တွဲး ပုံနှိပ်ဖြစ်အောင် ဆရာရေးပေးသော သစ္စာ နှစ်ပါးရှိသည်ကို သိကြအောင် အဋ္ဌနောမတိနှင့် သိချင်ယောင် မဆောင်ရအောင် စောင်မ ကြိုးစားစေလိုပါသည်....ဒါယကာ ဝန်ထောက်မင်း။

(ပုံ) ဦးကေလာသဘ

ဝိုက်းတောက်ဆရာတော်၊ ရွှေမင်းဝံတိုက်၊ ပုဂံ-ညောင်ဦး။

---

၇-ရှင်းဆရာတော်က ပေးပို့သော ဝေါဟာရစကားလုံးအသုံးချရာ

သစ္စာဖွဲ့ပုံ ကျမ်းဂန် အထောက်အထားစု

၁၊ ဗုဒ္ဓါနံ သမ္မုတိကထာ ပရမတ္ထကထာတိ ဒွေကထာ ဟောန္တိ၊ တတ္ထ သတ္တော နရော ပုရိသော ပုဂ္ဂလော တိသော နာဂေါတိ ဧဝံ ပဝတ္တာ သမ္မုတိကထာနာမ၊ ခန္ဓာဓာတုယော အာယတနာ ဧဝံ ပဝတ္တာ ပရမတ္ထကထာနာမ၊ ပရမတ္ထံ ကထေန္တာပိ နိတိ ဧဝံ ပဝတ္တာ ပရမတ္ထကထာနာမ၊ ပရမတ္ထံ ကထေန္တာပိ သစ္စမေဝ သမ္မုတိံ အမုဉ္စန္တာ ကထေန္တိ၊ သမ္မုတိံ ကထေန္တာပိ သစ္စမေဝ ကထေန္တိ၊ တေနေဝဝုတ္တံ-

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံဝရော။

သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။

သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏံ။
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတကာရဏန္တိ။
[သာရတ္ထပကာသနီ ဋီကာ]

အနက်ကား....ဟိသစ္စံ-မှန်၏၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့အား၊ သမ္မုတိကထာ-သမ္မုတိကထာဋ၎င်း၊ ပရမတ္ထကထာ-ပရမတ္ထကထာ၎င်း၊ ဣတိ-ဤသို့၊ ဒွေကထာ-နှစ်ပါးသောကထာတို့သည်။ ဟောန္တိ-၏၊ တတ္ထ-ထိုနှစ်ပါးတို့တွင်၊ သတ္တော-သတ္တဝါ၊ နရော-လူ၊ ပုရိသော-ယောက်ျား၊ ပုဂ္ဂလော-ပုဂ္ဂိုလ်၊ တိဿော-တိဿ၊ နာဂေါ-နာဂ၊ ဣတိဧဝံ-ဤသို့၊ ပဝတ္တာ-ဖြစ်သော၊ ကထာ-သည်၊ သမ္မုတိကထာနာမ-သမ္မုတိကထာမည်၏၊ ခန္ဓာ-ခန္ဓာတို့၊ ဓာတုယော-ဓာတ်တို့၊ အာယတနာနိ-အာယတနတို့၊ ဣတိဧဝံ-ဤသို့၊ ပဝတ္တာ-ဖြစ်သော၊ ကထာ-သည်၊ ပရမတ္ထကထာနာမ-ပရမတ္ထ ကထာမည်၏၊ ပရမတ္ထံ-ပရမတ်ကို၊ ကထေန္တော-ဟောတော်မူကုန်သည်ရှိသော်၊သမ္မုတိံ-လောကသမ္မုတိကို၊ အမုဉ္စိတွာ-မလွှတ်မူ၍၊ ကထေန္တိ-ဟောတော်မူကုန်၏၊ သမ္မုတိံ-လောကသမ္မုတိကို ကထေန္တာပိ-ဟောကုန်သော်၎င်း၊ သစ္စမေဝ-မှန်ကန်သည်ကိုသာလျှင်၊ ကထေန္တိ-ဟောတော်မူကုန်၏၊ ပရမတ္ထံ-ပရမတ်ကို၊ ကထေန္တာပိ-ဟောကုန်သော်လည်း၊သစ္စမေဝ-မှန်ကန်သည်ကိုသာလျှင်၊ကထေန္တိ-ဟောတော်မူကုန်၏၊ တေနေဝ-ထို့ကြောင့်သာလျှင်၊ ဒုဝေသစ္စာနိဘူတကာရဏန္တိ-ဒုဝေသစ္စာနိ(လ) ဘူတကာရဏံဟူ၍၊ ဝုတ္တံ-ဟောတော်မူအပ်၏၊ သမ္မုတိ စ-သမ္မုတိ သစ္စာ၎င်း၊ ပရမတ္ထဉ္စ-ပရမတ္ထ သစ္စာ၎င်း၊ ဣတိ-ဤသို့၊ ဒုဝေသစ္စာနိ-နှစ်ပါးသော သစ္စာတို့ကို၊ ဝဒတာဝရော-ပြောဟောသော သူတကာတို့ထက် မြတ်တော်မူသော၊ သမ္ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ အက္ခာသိ-ဟောကြားတော်မူ၏၊ တတိယံ-သစ္စာနှစ်ပါးမှ တပါး သုံးခုမြောက်သောသစ္စာကို၊ နဥပလဗ္ဘတိ-မရအပ်၊ လောကသမ္မုတိကာရဏံ-လူတို့သမုတ်ခြင်းလျှင် အကြောင်းရှိသော၊ သင်္ကေတဝစနံ-သမ္မုတိ သစ္စာစကားသည်လည်း၊ သစ္စံ-မှန်၏၊ ဓမ္မာနံ-ပရမတ်တရားတို့၏၊ ဘူတကာရဏံ-ဟုတ်မှန်သော သဘောလျှင် အကြောင်းရှိသော၊ ပရမတ္ထဝစနံ-ပရမတ္ထသစ္စာစကားသည်လည်း၊ သစ္စံ-ဟုတ်မှန်၏။

ဤကား သာသနာတွင်းအခါ ဒေသနာတော်ဖြစ်သော ဝေါဟာရ စသော သမ္မုတိသစ္စာ, ပရမတ္ထသစ္စာ ဖြစ်သည်ကို ပြဆိုခြင်းတည်း။

---



ဂ-အဖေဂ္ဂုသာရဒီပနီလာ့ ကမ္ဘာကျမ်းများမှာ မပါသော
အတ္တနောမတိအကြောင်း

၁၊ သာစ သင်္ကေတ ပရိကပ္ပိတဝသေန ဒုဝိဓာတိ၊ တေသု သန္တော ဝါ သံဝိဇ္ဇမာနော နတ္ထိယပရိကပ္ပိတောတိ အာဒိနာ ဟေဋ္ဌာ ဝိယ ပရိကပ္ပိတပညတ္တိယာ ယေဝ ဋ္ဌပနံ ဣဓ န အဓိပ္ပေတံ အထ ခေါ သဗ္ဗပညတ္တိဋ္ဌပနံ အဓိပ္ပေတန္တိ။

အနက်ကား... သာစပညတ္တိ-ထိုပညတ်သည်လည်း၊ သင်္ကေတပရိကပ္ပိတဝသေန-ကမ္ဘာဦး လူပညာရှိတို့သည် ခေါ်ဝေါ် သမုတ်အပ်သော သင်္ကေတပညတ်, ဓိဋ္ဌာအယူရှိသော သူတို့သည် ကြံဆ၍ဆိုအပ်သော ပရိကပ္ပိတပညတ်၏ အစွမ်းအားဖြင့်၊ ဒုဝိဓာ-နှစ်ပါး အပြားရှိ၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ "တေသုသန္တောဝါ၊ သံဝိဇ္ဇာမာနော နတ္ထိယပရိကပ္ပိတောတိ အာဒိနာ" ဤသို့အစရှိသောစကားဖြင့်၊ ဟေဋ္ဌာဝိယ-အောက်နိုက်ကဲ့သို့၊ ပရိကပ္ပိတပညတ္တိယာယေဝ-ပရိကကပ္ပိတပညတ်ကိုသာလျှင်၊ ဋ္ဌပနံ-ထားခြင်းကို၊ ဣဓ-ဤအရာနိုက်၊ န အဓိပ္ပေတံ-အလိုမရှိအပ် *၊ အထခေါ-စင်စစ် သော်ကား၊ သဗ္ဗပညတ္တိဋ္ဌပနံ-အလုံးစုံသော ပညတ်ထားခြင်းကို၊ အဓိပ္ပေတံ-အလိုရှိအပ်၏။

---

ဝေါဟာရစကားကို နားမဝင်ပဲ အမြင်ဘူးပုံ

အလိုမရှိသော အတ္တနောမတိယူပုံမှာ-စာလည်းမစုံ အာဂုံ အရအမိလည်းမရှိ၊ သဘောသွားလည်း မညီ၊ အဆုံးအဖြတ်ရှိသည်ကိုမသိ၊ အတ္တနောမတိယူမိသည့်အခါ ဓိဋ္ဌာဝါဒ ပရိကပ္ပိတတွင် ပါဝင်တတ်သည်။ ဓိဋ္ဌာအယူရှိသော ပရိကပ္ပိတ ဟူသည်ကား-သင်္ဂဟတရား လေးပါးကို ပုဏ္ဏားတို့က အမှားကြံစည် ယူငင်ပုံကိုဆိုလိုသည်။ ထိုပြင် မြန်မာကဗျာ ... နည်း စည်းကမ်းမဲ့ရုံမက ဂုဏ်ညှိုးခြင်းသို့ ရောက်ရန် ကြံဆအပ်သော ဣဋ္ဌသံ, အနိဋ္ဌသံစသည်များမှာလည်း ဓိဋ္ဌာဘက်သို့ သက်ရောက်လျက်

* ဤကား လောက သင်္ကေတဝစနံ၊ သစ္စံ န သစ္စံ-ဟူ၍ လာသော အဋ္ဌကထာပါဠ်နှင့်အညီ ကမ္ဘာ့တန်းဆာ လိုက်နာခြင်းကျမ်းကြီးကျမ်းခိုင်တို့ကို ဆရာလက်ဆုပ် ရမိခြင်း မရှိသူတို့ အသိအတွေ့မဲ့ ပြုကြ ပြောကြသော အတ္တနောမတိတို့ကို အလိုမရှိအပ်သည်ကို ပြဆိုခြင်းတည်း။

ရှိသော ပရိကပ္ပိတတွင် ပါဝင်သည်။ [အဝှန်းဂဏန်းစဉ် (၄) မှာ ပါသော ဆိုင်ရာဂဏန်း ၁၀-ကြည့်။]

သဿမေဓကို အဿမေဓဟု ကြံဆယူငင်ကြသော ပုဏ္ဏားတို့ပမာ မြန်မာကဗျာများမှာလည်း အမှားဘက်ကိုဆွဲပြီးလျှင် ပြင်တတ်ကြသည်၊ ကိုးခန်းပျို့ ၃၅-ပုဒ်တွင် လုံးပန်း ရှိသည်ကို ကြိုးပန်း ဟု ဝဏ္ဏ ၂-လုံးကို ပြင်ခြင်း၊ ပုံတောင်နိုင်မော်ကွန်းတွင် ရန်စစ်ထိမ်းဟု ရှိသည်ကို ရန်စစ်ထိန်း ဟု မသတ်ကို နသတ်ပြင်ခြင်း-စသည်ပင်တည်း၊ လုံးပန်းမှာ သည်နေရာတွင် ကူးလူးဆက်ဆံ တဦးနှင့်တဦး ရှက်စပ်ရောနှောခြင်း အဓိပ္ပါယ် တင်ရင်ပန်းပိုက်ခြင်း အဓိပ္ပါယ်များတွင် ပါဝင်သက်ဆိုင်သည်။ ဥပမာကား ဒူးနှင့်ထွက်ဝင် သွားလာမပြုတတ်သူကို ဒူးနှင့်သွားတတ်အောင် လမ်းခင်း၍ ပန်းသောအားဖြင့် ညွှန်ကြား၍ပြသသော ကာယဝိညတ်ဖြင့် ပန်းခြင်း၊ မဟုတ်ဖူးဘုရား-ဟုက်တယ်ဘုရား စသောအားဖြင့် နားဝင်အောင် မတင်တတ်၊ မလျှောက်တတ်သူများကို အနားကထား၍ စကားဦးသန်း၍ ပန်းသောအားဖြင့် နားလည်စေအောင် မဟုတ်ပေါင်ပါဘုရား, ဟုတ်ပါ့ပါဘုရားဟု ညွှန်ကြားနားလည်စေသော ဝစီဝိညတ်ဖြင့် ပန်းခြင်းစသော နည်းများပင်တည်း။ စကားနှင့်ပန်းသည်၊ စာနှင့်ပန်းသည်၊ ငွေနှင့် ပန်းပြီးပြီဟု ယခုတိုင် သုံးစွဲဆဲ ရှိသည်။

လုံးပန်းစပ်ထုံး အထောက်အထားများကား-ကိုးခန်းတွင်-"ထိုဗာပီကို၊ ချီချီချချ၊ သင်အပ်စွာဟု၊ မွေးဘလုံး ပန်း၊ မတိုက်တွန်းနှင့်"ဟူ၍၎င်း ဆုတောင်းခန်းတွင်-"တာပြစ်ငန်းတိ၊ လုံးပန်းကြမူ၊ တိုင်းပြည်သူတို့ ဆုယူကောင်းကျင့်" ဟူ၍၎င်း။ အချို့မူမှာ လုံးပန်းကြီးမူ-ဟူ၍လည်း ရှိသည်၊ အဓိပ္ပါယ်အတူတူပင်။ ဦးဩသတ်ပုံတွင်-"နှစ်ဆယ်ပွဲမှန်း၊ကတိဆန်း၊ လုံးပန်းပတ်ပတ်မွေ့" ဟူ၍၎င်း။ ဦးသာအောင် ကဝိလက္ခဏာ အတိုခကောက်တွင်-ကြုံးပမ်း, လက်ပွေ့လက်ပမ်းမှ တပါး လုံးပန်းစသော အခြားပန်းဟူသမျှကို နသတ်ပြသည်။ ရတနာကြေးမုံတွင်လည်း-ရှေ့ဆီး မှီမူ၊ ပန်းတူလင်ပန်း၊ ပေါက်ပန်းနီမြူ၊ ပန်းကန်ဟူက၊ လူပေါက်ပန်းနှင့်၊ လုံးပန်းပင်ပန်း၊ လှည်းဆောင်ပန်းက"စသည်ဖြင့် လက်ပမ်း လက်ရှေ့မှ တပါး အခြားပန်းဟူသမျှကို န-သတ်ပြသည်။

ကြိုးပမ်း-မှာ အားထုတ်ခြင်း အဓိပ္ပါယ်။ လုံးပန်း-မှာ ရှက်စပ်ရာနှော ခြင်း တင်ရင်ပန်းပိုက်ခြင်း အဓိပ္ပါယ်။ ထိမ်း-မှာ ချီးဖြတ်ခုတ်ချိုင်ခြင်း



အဓိပ္ပါယ်။ ထိန်း-မှာ စောင့်ရှောက်ခြင်း အဓိပ္ပါယ်ဟူပုံ မတူသည်ကို မယူတတ်ပဲ အသတ် ၆-ပါး၊ အစပ် ၆-ပါး စကားကို ယောင်မှားရောပူး၍ ထူးမှပေါ်လိုသောပုဂ္ဂိုလ်စုသည် ယခုပေါ်လာဆဲပင်ရှိသည်။ ရဟန္တာဖြစ်ရုံမျှ နိရုတ္တိ ပဋိသမ္ဘိဒါပတ္တ မရကြသည်ကို နှိုင်းဆချင့်ချိန်သင့်သည်။ ဘူရိဒတ်ဇာတ်ပေါင်း နိဂုံးနှင့် မဃဒေဝလင်္ကာသစ် နိဂုံးသံပေါက်များတွင် နားမဝင်ပဲ အပြစ်ခဆိုရပုံရှိသည်ကို သတိပြုကြကုန်။

(ပုံ) ဦးကေလာသဘ

ဂိုဏ်းထောက်ဆရာတော်-ရွှေမင်းဝံတိုက်

ပုဂံကျောင်းဦး။

နားမဝင်ပဲ အပြင်လွဲပုံအတွက် အမြွက်မျှဖော်ပြချက်ပြီးပြီ။

---

၉-ရှင်းဆရာတော်က ပေးပို့သော ပညာရှိတို့လိုက်နာအပ်သော သုခမိန်အင်္ဂါ ၁၂-ပါး

၁၊ သစ္စာ-အမှုခပ်သိမ်းနှိုက် တည်ကြည်ခြင်း၊
၂၊ သိက္ခာ-မဖောက်မပြန်သော အကျင့်ရှိခြင်း။
၃၊ မေဓာ-ဉာဏ်, ပညာ, ဝိဇ္ဇာ သုံးမျိုး၌ အရာအားလျော်စွာ ဝေဘန်သိတတ်ခြင်း။
၄၊ ကတညုတ-သူ့ကျေးဇူးကို သိတတ်ခြင်း။
၅၊ ကတဝေဒီ-သိသည့်အတိုင်း ကျေးဇူးတုံ့ဆပ်လေ့ရှိခြင်း။
၆၊ ဓိတိ-ကောင်းသောအမှုကို ပြုတိုင်း နှလုံးမချ အားထုတ်ခြင်း။
၇၊ သမ္မပေက္ခာ-ယုတ်မြတ်နီးဝေးမရွေး ပရဟိတကို ဆောင်ရွက်ခြင်း။
၈၊ ခေဒသဟ-ကိုယ်ကျိုး သူ့ကျိုး ဆောင်ရွက်သမျှ အပင်အပန်းခံခြင်း။
၉၊ ခန္တီ-လူသုံးစားတို့အတွက် သည်းခံနိုင်ခြင်း။
၁၀၊ ပဋိဘာ-ခက်ခဲသောပြဿနာကို ဖြေဆိုနိုင်ခြင်း။
၁၁၊ သဒိလ-ပြေပြစ်စွာ ဟောပြောနိုင်ခြင်း။
၁၂၊ ဂတိ-တန်ဆိုး သုံးပါးမငဲ့ မှန်ကန်စွာ ဝိနိစ္ဆယချနိုင်ခြင်း။

သုခမိန်အင်္ဂါ ၁၂-ပါး ပြီးပြီ။

---

## ၁၀-ရှင်ရဋ္ဌသာရဆို-မေးဖြေဖြောင့်၍-ချီ ကောပိုဒ်ရတုအဖြေနှင့် ရှင်သီလဝံသ, ရှင်ရဋ္ဌသာရ ဆက်ဆံပုံ အဋ္ဌုပ္ပတ္တိဂဏ္ဌိအထုံးကို ထိုရွှေမင်းဝံဆရာတော် ထုတ်ဖော် ရှင်းလင်းချက်

၁၊ ကိုးခန်းပျို ထိုမှတထည်အဖြေ, ဘူရိဒတ်ဇာတ်ပေါင်း သာခန်း ထိုသို့ အဖြေခြောက်မျိုးနှင့်တကွ မေခဒီပနီကိုတင်ပြ၍ ၇၆-မှတ်ပုရပိုက်နှင့် ပုံနှိပ်ပြီးစာအုပ် စာမျက်နှာ ၁၇၆-၁၇၇-ပါ မေးဖြေဖြောင့်၍ချီ ကောပိုဒ်ရတုအတွက် အထွက်အတက်နှင့်တကွ ရှင်သီလဝံသနှင့် ရှင်ရဋ္ဌသာရ ဆက်ဆံပုံအချက် အဆစ်ကို ဖြေဆိုရန် လျှောက်ထားရာ ရွှေမင်းဝံဆရာတော် ထုတ်ဖော်ရှင်းလင်းတော်မူချက်များအနက် အထွက် အတက် အကြောင်းမှာ အောက်ပါအတိုင်းပင်တည်း။

### အထွက်,အတက် နည်း ၃-မျိုး

၂၊ (၁) အနုလောမနည်း,ပဋိလောမနည်း,မဇ္ဈတ္တရနည်း ။( ၂)အနုလုံ, ပဋိလုံ, မဇ္ဈုံနည်း။ (၃) အာဒိနိက္ခန္တ, အန္တရနိက္ခန္တ, မဇ္ဈေနိက္ခန္တနည်းသုံးရပ်သည် ထပ်ကူပင်တည်း၊ အလယ်ကို နောက်ဆုံးကထားသည်ကား-အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဆိုသကဲ့သို့ပင်တည်း။ ဘူရိဒတ်ဇာတ်ပေါင်းတွင် သာခန်းထိုသို့ ချီအပိုဒ်ကို ဖြေဆိုကြသော အဖြေခြောက်ရပ်မှာ ပဋိလောမနည်းချည်းပင်တည်း။ ၎င်းသာခန်းထိုသို့ အပိုဒ်မှာ မဏ္ဍလာရာမ ဆရာတော်က ကဲ့ရဲ့ကြအံ့-ဟူသော ပိုဒ်ထွက်ဆိုခလာဘည်း....ပြဆိုသည်မှာ မဇ္ဈတ္တရနည်းပင်တည်း။ ကိုးခန်းပျို-ထိုမှတထည် ချီအပိုဒ်တွင် တောင်ခွင်သာသနာပိုင် ဆရာတော် ဖြေချက်အထွက် အတက်များကား-ပဋိလောမနည်း, ပဋိလုံနည်း, အန္တရနိက္ခန္တနည်းများအတိုင်းပေတည်း -အထွက်ဟူသမျှတို့သည် မူလ ထားလိုသော ဝေါဟာရအချက်၊ ဝါ-မူလထားမည် ရည်ရွယ်သော သဘောသွားစကားအချက်ကို အထွက်ဆိုလိုသည်။ ပြယုဂ်ကား-ယခု ကောပိုဒ်ရတုတွင် အနုလောမထွက်မည် ရည်ရွယ်လျှင် လက်ဦးပဒတွင် မေး, ဖြေဖြောင့်, သုံးချက်သည် ထွက်ရန်ပင်တည်း။ ၍-မှာ ကြိယာပင်တည်း။ အထောက်အထားကား စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော လေးချက်သည် ထွက်ရန် အရင်းခံသော နည်းမျိုးကဲ့သို့ပင်တည်း။ အဓိပ္ပါယ်



တိုတို လိုရင်းကား-အငုပ်, အရှုပ်, သံသယရှိက ဖော်ပြဖွင့်ဆို ရှင်းလင်းရန်လိုသော အချက်သည် အထွက်-အဓိပ္ပါယ်ပင်တည်း။ တက်နည်းမှာလည်း တကာတော် ဝန်ထောက်မင်း လက်ရှိဆရာတော်ကြီး ငါးပါးနှင့် စာဆိုတော်ဦးအစ်တို့ သာခန်းထိုသို့အဖြေတွင် ပါဝင်ပြီးဖြစ်သော သာမညတက်ပုံ, ဝိသေသတက်ပုံ အပြည့်အစုံရှိသောနည်း အသီးသီးကို မှီ၍ သိနိုင်သည်။

အထူးမှတ်ရန်ကား....အထွက်မှာ ထွက်လိုရာကစ၍ ထွက်နိုင်သည်။ ဥပမာ....ဝိစိတ္တာရာမ ဆရာတော်ကြီးအဖြေတွင် ဤကား....ရွှေနန်းပွဲဝယ် အမြဲနေကျဟူသော ပိုဒ်ကစ၍ ငါ့ဝန်ရှိခဲ့ အဆုံးရှိသော လင်္ကာပိုဒ်တို့ဝယ် လိုရင်းပဌာနကိရိယာပုဒ်ကို ကောက်ယူပုံနှင့်တကွ ပြဆိုအပ်သော (ထွက်ပုံ) စကားတည်း-ဟူ၍ပါရှိသောနည်းကိုမှီး၍ သိနိုင်လောက်ပြီ။

### တနည်း-အထွက်ငါးပါးထားပုံအကြောင်း

အစဉ်ထွက်ငြား၊ ဥဒေါင်းသွားတည့်၊ ရွှေသွားနောက်ပြန်၊ ရဟတ်ဟန်ထွက်၊ ကိုင်လျက်ကြိယာ၊ ထွက်ခါဥဿျှောင်၊ ထိုနောင် မဇ္ဈ၊ ကိုင်ပြီးမှလျှင်၊ ပုဒ္ဓပရန်၊ ဝါးခွဲဟန်တည့်၊ တတန်အစ၊ အဆုံးကလျှင်၊ မဇ္ဈပေါင်းဆုံ၊ မဒီပုံဟန်၊ ရင်စည်းပြန်သည်....မှတ်ရန် အထွက်ငါးမျိုးတည်း။ ။ဟူ၍လာသည်။

သို့ရာတွင် ထိုစာသည် မည်သည့်အခါက မည်သည့်ဆရာရေးသည်ကို မေးမြန်းစုံစမ်းရာ ရှာဖွေ၍မရရုံမက "မဒီပုံဟန်၊ရင်စည်းပြန်သည်" ဆိုသောအရာကို သဃာတော်ဆရာတော် သူတော်ကောင်းတို့က နှာခေါင်းရှုံ့တော်မူကြသည်၊ ဤငါးမျိုးအထွက်သည် လက်ပေါင်းလက်ရိုး သုံးမျိုးသဘောမှာ အနွေ့ာဂတတွင် ပါဝင်ပေသည်ဟု ရွှေမင်းဝံဆရာတော်က အမိန့်ရှိပြီးလျှင် ဤလက်သစ်လင်္ကာပါ ငါးမျိုးကိုအလိုရှိသူတို့ကြည့်ရှုရန်-ယခုစာမှာလည်း ထည့်ပါဘိဟု ထပ်မံအမိန့်ရှိသည်အတိုင်း ထည့်သွင်းဖော်ပြလိုက်သည်။ ။၎င်းလင်္ကာအရ-

(၁) ဥဒေါင်းထွက်နည်းဟူသည်ကား....အနုလုံပဋိလုံ အလိုက်ကြိုက်ရာ အစကသော်၎င်း, အဆုံးကသော်၎င်း ထွက်နည်းပင်တည်း။

(၂) ရဟတ်ထွက်နည်းဟူသည်ကား....မဇ္ဈတ္တ ထွက်နည်းပင်တည်း။

(၃) ဥသျှောင်ကိုင်ထွက်နည်း ဟူသည်ကား....အစ,အလယ်, အဆုံး မဆို-ရလောက်သော နေရာက လိုရာကိုပဌာနကိရိယာရှာ၍ ထွက်နည်း ပင်တည်း။ [ဝိစိတ္တာရာမဆရာတော်၏ထွက်နည်းကြည့်]

(၄) ဝါးခွဲးထွက်နည်း ဟူသည်ကား....အချီကအချတိုင်အောင် တသမတ်တည်း ထွက်နည်းပင်တည်း၊ အနုလုံနည်းပင်တည်း။

(၅) မဒိကညာရင်စည်းဟူသော လက်သစ်ထွက်နည်းဟူသည်ကား- ရှေ့ပုဒ်နောက်ပုဒ်တို့ကို အလယ်သို့ စုရုံး၍ ဟိတ်ဥပမာတန်ဆာဆင်၍ ထွက်ခြင်းပင်တည်း၊ထွက်နည်းသုံးမျိုးလက်ရှိးအတိုင်းမှာ လိုရာက-လိုရင်း ပဌာန ကိရိယာရှာ၍ ထွက်ခြင်းပင်တည်း၊ ဥသျှောင် ကိုင်ထွက်နည်း သဘောသွားများနှင့် အဖျားအရင်းဖြစ်သည့်ပြင်၊ ရင်သည် အလယ်မကျ ချက်မှာအလယ်ကျသည်၊ အလယ်သို့ စုရုံး၍ ဆိုသောစကားသည်ပင် လျှင်-ရင်နှင့် ဆိုင်ရန်ခဲယဥ်းသည်။

နှာခေါင်းရှုံ့တော်မူကြသည့် အကြောင်းမှာ ဒေါသ နှစ်ချက် ငြိလျက် ပါသည်။ ပါပုံကား....မဒိပုံဟန် ရင်စည်းပြန်သည်-ဆိုသောစကားသည်၊ ဝါကျသာသော်လည်း အနက်ရှုနိရင်းလှ၍ ဂမ္ဘဒေါသတချက်၊ "တတန် အစ၊ မဇ္ဈပေါင်းဆုံ" ဆိုသည့် အရာလည်း အလယ်တွင်မဆုံ အထက်တွင် ဆုံသောကြောင့် ရှေးဆိုနှောင်းပျက်ကျ၍ ဩစိတျဟီန ဒေါသတချက် ငြိသည်။

အထွက်နှင့်အတက် အတွက် အချက်အဆစ် ပြီး၏။

---

### မေးဖြေဖြောင့်၍ ချီသော ကေပိုဒ်ရတုကိုသိလိုရာအချက်အဆစ် မေးခွန်းအတွက်ဖြေချက်

(၁) ယခုရတုတွင် စုဒ်ထွက်ရာသိလိုရာကို ဖြေဆိုဟန်ကား....“အိုရှင် ရဋ္ဌသာရ ဆရာတော်-မေးဖြေဖြောင့်၍ဟူသော အချီကစ၍ ထား ခြင်းသည် မည်သည့်အတွက် ထားပါသနည်း၊ ရှစ်သောင်းလေးထောင် ။လ။ စကားစီဝိမ့်-ဟူသောဝါကျနိက် ကိုက်နိုင်ပါမည်လော၊ သို့တည်း မဟုတ် အဘယ်ကိုရည်၍ မေးဖြေဖြောင့်၍ ဟူသောစကားကို စပ်ဆို ပါသနည်း”ဟူ၍ သံသယ အရှုပ်အထွေး မေးဘွယ်ရှိသောကြောင့်၊ တနည်း-စောဒနာဘွယ်စုဒ်ရှိသောကြောင့်၊ ကောင်းညွန့်ထွေပြားစကား



သင့်အောင် ဆိုစေသောဟု ရတုချုနည်း အာသာဝတီဝဏ္ဏ (၁၁) လုံး ချကို မိန့်ဆိုတော်မူသည်ဟူလို။ အဓိပ္ပါယ်ကား....အမေးအဖြေဖြောင့်စွာ ဖတ်သူတို့ နှလုံးတွင် ရှင်လန်းဘွယ်ဖွဲ့သိရမည်ဆိုလိုသည်၊[ပထမစောဒနာ ပြီး၏]

(၂) အစနှင့်အချကိုဝါကျစပ်၍ ယူရသောအရေးသည် ဝေးလှပါ တကားဟူသော စောဒနာဘွယ်ရှိပြန်သောကြောင့်- “အိုအမောင်စော ဒကဆရာ-သင်ဆိုတိုင်းအချီနှင့်အချ ဝါကျအစပ် ဝေးသည်ကား မှန်၏၊ မှန်စေသမူ ရတုဆိုမြဲထုံးစံဟူသမျှသည် အချီနှင့်အချတွင် အရသာယူမြဲ ရှိသည့်အရာ သိသာစေခြင်းငှာ လင်္ကာဝမ်းလျှိုင်တွင် အချီအချ သတ္တ ရတနာ စသည်ကို မိန့်ဆို၏” ဟူလိုသည်။

ပြယုဂ်ကား....ပြည်ဝံတောင်လည်ဆရာတော်ဂ၄၅-ခုနှစ်တွင်ဆိုသော ရုတင်ပိုဒ်စုံရတုတွင်.... “အရည်ကင်။လ။နိဗ္ဗာန်ရွှေမြို့ ပျော်မည်ဘို့။ ။ မယှဉ်သဘင်။လ။ မဂ္ဂင်ကူးတို့ လှော်မည်ဘို့။ ။အစဉ်မမြင်။လ။ သာစု နတ်တို့ ခေါ်မည်ဘို့” ဟူ၍၎င်း။ ရှင်ရဋ္ဌသာရဆို-ကြာပန်းရတုကေပိုဒ် တွင်....“ငါးဆူရွှေကြာ။လ။မချွတ်ကမ္ဘာ ပွင့်ရာသော-ဟူ၍၎င်း။ ။ တောင်ငူဆို-စာတော်တွင်....ဆွတ်ပျံ့ဘွယ်အောင်။လ။ မထွန်းနေခြည် ရှိတော့သည်။ ။ပတ်ခြံ့ကွယ်မှောင်။လ။မျက်စိမှူးလည်း သိတော့သည်။ မှတ်ငံ့ရှုယ်ဆောင်။လ။နှလုံးမြဲးတည် ငြိတော့သည်”ဟူ၍၎င်း။ အစပိုဒ် အရ အချပိုဒ်သို့လှမ်း၍ စပ်မြဲးများစွာရှိသည်။ သုံးမျိုးလောက် ပြလျှင် တန်ဘွယ်ငင်သော် တစင်လုံး ပါတန်ပြီ။ ဤနည်းကိုမှီး၍ အသီးအသီးစပ် သော စပ်ထုံးအခိုင်အမာများစွာ လာရှိသည့်ပြင် အလင်္ကာတွင်-

ယေန ယဿ ဟိ သမ္ဗန္ဓော၊ ဒူရဋ္ဌံ ပိစ တဿ တံ။

အတ္ထတော ယဿမာနာနံ၊ အာသန္နတ္တမကာရဏံ။

ဟူသော ဂါထာနှင့်အညီ ဝေးသော်လည်း ခုန်ကျော်၍ ပဌာနကိရိ ယာလင်္ကာ အဓိပ္ပါယ်ကို စပ်ကောင်းသတည်း။ ။အနက်ကား....ဟိ- ရှေ့ပုဒ်နောက်ပုဒ်တို့၏ စပ်သင့်သောအခြင်းအရာကို ပြဦးအံ့။ ယဿ ပဒဿ-အကြင်စပ်အပ်သောပုဒ်ကို၊ ယေနပဒေန-အကြင်စပ်တတ်သော ပုဒ်ဖြင့်၊ သမ္ဗန္ဓော-စပ်ခြင်းကို၊ ကာတဗ္ဗော-ပြုထိုက်၏၊ ဒူရဋ္ဌံ-ဝေးသည် ၏အဖြစ်သည်၊ယဿမာနနံပိစ-ဖြစ်သော်လည်း၊တဿပဒဿ-ထိုစပ်တတ်

သောပုဒ်ကို၊ တံတေနပဒေန-ထိုစပ်အပ်သောပုဒ်ဖြင့်၊ သမ္ဗန္ဓော-စပ်ခြင်းကို၊ ကာတဗ္ဗော-ပြုအပ်၏၊ ဟိသစ္စံ-မှန်၏၊ အတ္ထတော-အနက်အားဖြင့်၊ အသမာနာနံ-သဘောမတူကြသော ပုဒ်တို့၏၊ အာသန္နတ္တံ-နီးသည်၏အဖြစ်သည်၊ အကာရဏံ-လိုရင်းအကြောင်းမဟုတ်။ [ဒုတိယစောဒနာပြီး၏။]

## ရှင်သီလဝံသနှင့် ရှင်ရဋ္ဌသာရ ဆက်ဆံပုံ အတ္ထုပ္ပတ္တိဂဏ္ဌိ

(၃) အမေးအဖြေဖြောင့်စွာ၊ ဖတ်နာသူတို့ နှလုံးတွင် ရှင်လန်းဘွယ်ဖြစ်အောင် ဖွဲ့နွဲ့သိရမည်ဟု မည်သည့်အကြောင်းကြောင့် ရှင်ရဋ္ဌသာရက ရှင်သီလဝံသသို့ဤရတုကိုရေး၍ ပေးရံမှုမက ဒုတိယမင်းခေါင်ထံ လက်ရတုကို မည်သည့်အတွက် ဆက်သွင်းပါသနည်း။ ရှင်သီလဝံသသို့ ဆုံးမသတိပေးဘိသကဲ့သို့ မရှိပါလောဟု စောဒနာစုဒ်တွက်ဖွယ်ရှိရကား- "အို-အမောင်စောဒကဆရာ-သင်ဆိုတိုင်း ဆုံးမ သတိပေးဘိသကဲ့သို့ရှိသည်ကား မှန်ပေ၏။ အကြောင်းရှိသည့်အလျောက် အကျိုးရောက်ခြင်းရှိသည်ကို သိသာစေခြင်းငှာ လက်ာဝမ်းလှိုင်တွင်-လက်ာနှင့်ဆန်း။လ။ မဆွတ်လေ၍၊ နည်းမတွေလည်း-အစရှိသော ဂါထာကို မိန့်ဆိုသည်ဟုလို။ အကြောင်းရှိပုံကား-ရှင်သီလဝံသကစ၍ ရှင်ရဋ္ဌသာရသို့ ငါ့စာကိုကြည့်ပါဟု တောင်တွင်းလာမှာပါသည်။ ပါပုံကား....ရှင်သီလဝံသကိုယ်တော်တိုင် ရေးသားသော တောင်တွင်းလာအဖြေ စေစေပါပါ ချီ-အပိုဒ်တွင်-"ရဋ္ဌသာရ၊ မှတ်ထတွင်ခေါ်၊ ရှစ်ဘော်အင်္ဂါ။ ညီစွာမိုလွန်၊ မြတ်ထေရ်မွန်ကို၊ ခန့်ရန်နားထောင်၊ ကြားသိအောင်လျှင်၊ ပြပေချင်မှု၊ ရှုနှင့်ဥကို၊ မြန်မာဆိုကား၊ ရကိုသဒ္ဒါ၊ ဓာတ်ဖြင့်ပြ၏၊ ကျော်ကြသံဝါ"ဟူ၍ လာသည်။ ။အဓိပ္ပါယ်ကား....အလွန် ကျော်စောသည်ဟုသြဘာရသော ရှင်ရဋ္ဌသာရ-ငါ့စာကြည့်ပါဆိုသည်။

(၄) ထိုစကားစုကို ဆရာတော်သည် မည်သည့်အတွက် မည်သည့်အချက်များကြောင့် ရေးသားစပ်ဆိုပါသနည်း-ဟူသော စောဒကစုဒ်ရှိဘွယ်ကို ဖြေဆိုရန်ကား....တောင်တွင်းလာမှာကောင်းစွာပြည့်စုံပြီဟုဝန်ခံပြီးလျက် ပါရမီနှင့် ဆုတောင်းခန်းများမှာ နေရာမကျ၊ ဒေါသမလွတ်ရှိသည်ကို သိသာထွေမြင်ရလျက်ရှိသောကြောင့် ဆုံးမသတိပေးသည့်အလား ရေးသား စပ်ဆို၏ဟုလိုသည်။ ကောင်းစွာပြည့်စုံပြီ ဆို



တော်မူသော အထောက်အထားကား တောင်တွင်းလာ သဝေလောင်း ပြန်ချီ လက်ာစာကိုယ်တွင်- "ဗေဒင်တိတ်ထုံ၊ အာရုံအာရမ္မဏ၊ အစအဆုံး၊ ပုလဲးကုံးသို့၊ ကျဉ်းရုံးအချာ၊ နာနာရူပ၊ အဋ္ဌကထာ၊ ဆိုရာခြေမှု၊ တန္တနည်းထိုး၊ ပမာဒိုးအွန့်၊ ရုပ်သီးပျူငှာ၊ အင်္ဂါရေသား၊ မမှတ်ထွားလည်း၊ ကြောင်းလျှားထွေလာ၊ စ,ကာ,စကား၊ ရုပ်ဆန်းပြားသည်....စကားရှေကရှိသေး၏"ဟူ၍ပါရှိသည်။

ထိုသို့ ပါသော်လည်း ပါရမီခန်းပျို ၇၅-ပိုဒ်မြောက်တွင်-"သည်းညည်းပြင်းပြ၊ ငရဲစသား၊ ဤမျှခြားနား၊ ရုပ်လေးပါးနိုက်၊ ထွေပြားဥသုံ ဆင်းရဲပုံကို၊ ရေတုံငြားမှု၊ ဘုရားလွတ်စေ"ဟူ၍ ပါရှိသည်။ ကျမ်းဂန်များမှာ မိစ္ဆာဒိဋ္ဌိတို့ ခံရသော ငရဲများကို ဘုရားမဟောနိုင်လာသည်၊ ပါရမီ အဓိပ္ပါယ်ကား-အပါယ်လေးပါး ဆင်းရဲကို ဘုရားမှတပါး အခြားနတ်လူတို့သာ မရေမတွက်နိုင် ဆိုလိုသည်။ ၎င်းပြင် ဆုတောင်းခန်းပျို ၄၈-ပိုဒ်မြောက်တွင်- "ခရီးထင်ကို၊ ဖင်ဖင်မလိုက်၊ မသွားပိုက်၍၊ အမိုက်တလိုင်း၊ အဖြစ်တိုင်းလျှင်၊ ခိုင်းသည့်ဆင်းရဲ"ဟူ၍ လာရှိသည်။ သည်ကဗျာတွင် အမိုက်တလိုင်းဟူသည်ကား မွန်လူမျိုးကို ဆိုလိုသည်မဟုတ်၊ စက်ဆုပ်ဖွယ်ဖြစ်သူ လူမျိုးတိုင်းကိုပင် တလိုင်းဟူ၍ ဆိုလိုသော ဝေါဟာရ ဖြစ်သည်။ သို့ရာတွင် တလှမှတလိန၊ တလိန်မှ ဟလ္လာအိုင်း၊ တလ္လအိုင်းမှ တလိုင်းသို့ ထိရောက်အောင် တွေကောက်ခက်ခဲစွာ ယူရသည်။ သည်ကဲ့သို့ ယူရရုံမက ဒွါဒိပ္ပါယ နှစ်ချက် ထွက်လျက်ရှိသေးသည့်အရ တလိုင်းလူမျိုးဖြစ်သော ရှင်ရဋ္ဌသာရက ငါ့ကိုချိပ်သည်ဟူ၍ ယူလိုက ယူနိုင်သေးသည်။

တောင်တွင်းလာပျို့တွင်-"ရောင်ပြုသလွင်၊ မေးရာတွင်လည်း၊ သခင်မချေ၊ တိတ်တိတ်နေ၏၊ ဝတ်ထွေလွှင်ပ၊ ရှင်လေမျှမှု၊ ဤရတုသည်"ဟူ၍ စပ်သည်။ ဤအဓိပ္ပါယ်ကား....အသျှင်နှစ်ပါး စကားခြေတင် မေးဖြေစုံမေးရာတွင် ရှင်ရဋ္ဌသာရမှာ ပိုးသက်နုံးရုံလျက် ပါသောကြောင့် အဝမြို့ရှိ ရဟန်းတော် တို့သည် ရောင်ပြုသလွင် ဆင်ရုံခြင်းကင်းပါစုံဟု မေးရာ တစုံတရာ ပြန်၍မပြော၊ တဏှာဘောရှင်ရဋ္ဌသာရက နေရ၍ တိဟိတ်ဖြစ်လျက် တိတ်ဆိတ်စွာ အသာခံနေရပုံကို စပ်ဆိုသည်။

တောင်တွင်းလာ အဖြေစကားပြေတွင်....တိဟိတ် ဟူသည်ကား-ဒွေးတိဟိတ်ပဋိသန္ဓေ နေသော ရှင်ရဋ္ဌသာရဖြစ်လျက် ရှင်သီလဝံသ

သည်ကို နှံ့ရှာသည်ဖြစ်၍. တုံအသကဲ့သို့ နှံ့ရှာဘိသကဲ့သို့ မဖြေပဲ တိတ်တိတ်နေသည်ဟူ၍. လာသည့်ပြင် ရှင်သီလဝံသကိုယ်တိုင် ရေးသော အဖြေကဗျာတွင်လည်း-"ဆိုမှုခဲအင်၊ နန္ဒင့်တင်သည်၊ ဘဝင်ဇောစိတ်၊ တိနှင့်တိတ်ကား၊ ဘိသိက် တင်ထိုက်၊ အမိုက်နည်းလှ၊ ဉာဏသန္ဓေ၊ ကောင်းစွာနေလည်း၊ နှံ့ပေသောအား" ဟူ၍. စပ်ဆိုသည်။ ရောင်ပြုသလွှင်ဟူသည်ကား-လွှင်လွှင်သစ်သစ်လှလှဝတ်ခြင်းများကို ဆိုလိုသည်။ ၎င်းကဗျာတွင်-"တမုတ်နယ်နှ၊ ပန်းဆိုးမှုနှင့်၊ ရောင်ပြုသလွှင်၊ ဆိုးပါချင်စုံ" ဟူ၍.၎င်း အသီးအသီး လာရှိသည်။

သည်အဲ့သို့ရေးသောစာ ကဗျာများကို ကြားရသည်အလိုက် တိုက်ရိုက်မဖြေဟူ၍. ဘုရိဒတ် ဇာတ်ပေါင်း သာခန်းထိုသို့ချီရတုတွင် "ပျို့တို့တတွေ၊ အောက်မေ့ချေသော်၊ နားဝေနှာစည်း၊ နှလုံးကြည်းခဲ့" ဟူ၍.၎င်း။ "ဂမ္ဘီရဒေါသ၊ ဖြင်မျှသွယ်လောင်း၊ နက်ရှပ်ဆောင်း၍.၊ပြန်ပြောင်းလိမ်လစ်၊ စကားသစ်ဟု၊ တောင်သူမှုနှင့်၊ ရောရစပ်ဟပ်၊ အထပ်ထပ်တိ၊ ချုပ်စပ်ဆည်းဆူ၊ ပံသုကူကို၊ မယူပါပဲ"ဟူ၍.၎င်း စပ်ဆိုတော်မူသည်။ ၎င်းပြင် မေးဖြေဖြောင့်၍. အစချီသော ရတုကိုလည်း စပ်ဆိုခြင်းဖြစ်သည်။

(၅) "အိုဆရာတော်-အချီနှင့်အချသည် အစပ်ဝေးသော်လည်း စပ်ကောင်းသည်၊ စပ်ထုံးမှာလည်း ဆရာကြီးများ ရေးသားပြီး အခိုင်အမာလာရှိပုံ၊ တောင်တွင်းလာ၊ ပါရမီ၊ ဆုတောင်းခန်းများမှာ ဂမ္ဘီရဒေါသစသော မသင့်သောအရာ ပါရှိပုံများကို သိရပါပြီ၊ ဤအကြောင်းများသည် မည်သည့်အကြောင်းကြောင့် ပေါ်ထွက်လာပါသနည်း"ဟူ၍.စောဒနာသစ်၍. အပြစ်တင်ဘွယ်ရှိသည်ကို ပယ်လိုသော သဘောအခြင်းအရာပေါ်လာခြင်း၊ ရှင်သီလဝံသမှာ ပါရမီအခံ ရင့်သန်သောဉာဏ်တော်ရှိပုံကို ပြဆိုခြင်းငှာ....ခြသေ့်ဆီလျက်၊ သိင်္ဂီခွက်တွင်၊ အမြဲထင်သို့၊ အစင်သန့်သန့်၊ လရောင်ဖြန့်သည်။လ။ ဟူသော လင်္ကာတော်မိန့်ဆိုတော်မူသည်ဟူ၍. ဆရာကျော်ဆရာမြတ်တို့က ယူကြသည်။

(၆) ၎င်းပြင် ဆရာတော် နှစ်ပါး အစုံအညီတွင် ဘုရင် ဒုတိယမင်းခေါင်က ပါရမီပျို့ စကားအသွားအလာ သင့်မသင့်ကို ရှင်ရဋ္ဌသာရထံ လျှောက်ထား မေးမြန်းရာ စာကိုယ်ကို မကြည့်ရသေး၍. သင့်မသင့်ကို ဆိုတော်မမူသော်လည်း ပါရမီကိုဖြည့်သော်လည်း ဘုရားဆုကိုတောင်း



မှသာလျှင် ဘုရားဖြစ်ရသည်ဟု မိန့်တော်မူသည်။ နန်းတော်က ပြန်လည်ထွက်ကြွတော်မူခဲ့ကြ၍. မကျောင်းတော်သို့ရောက်လျှင် ရှင်သီလဝံသသည် ဆုတောင်းခန်းကို စပ်ဆိုတော်မူသည်။ စပ်ဆိုပြီးကြောင်းကြားသည့်အခါတွင် ရှင်ရဋ္ဌသာရက ရှင်သီလဝံသထံ တောင်တွင်းလာပျို့, ပါရမီပျို့, ဆုတောင်းခန်းပျို့များကို ထုတ်ယူ ကြည့်ရှုတော်မူပြီးအခါမကြာမီ မေးဖြေဖြောင့်၍. အစချီသောကေပိုဒ်ရတုကို ဖွဲ့ဆိုပြီးလျှင် ရှင်သီလဝံသထံ လက်ခံတစောင်,ဒုတိယအဝမင်းခေါင်ထံ လက်ခံတစောင် ပေးပို့တော်မူသည်။ ပါရမီပျို့ စကားအသွားအလာ သင့်မသင့်ကို သိလိုကြောင်း၊ ၎င်း မင်းခေါင်က လျှောက်ထားဘူးသော အချက်ကို ဖော်ပြခြင်းပင်တည်း။

ဤအရှင်ရဋ္ဌသာရ-ရတုကိုဖြေဆိုသောသဘောဖြင့်- "ဤသို့စုံစီ ။လ။ ကမ္ဘည်းရွှေစာ မော်ကွန်းတည်း" ဟူသော ကေပိုဒ်ရတုကို ရှင်သီလဝံသက ဒုတိယမင်းခေါင်ထံ သွင်းပြန်သည့်အရာကို ဆရာစဉ် မှတ်ဆစ်မှာလည်း ပါသည်၊ မုံရွေးဆရာတော်ကဗျာမှတ်စုမှာလည်း ပါသည်ကိုကြည့်ဟု အမိန့်ရှိသည်။

ရှင်ရဋ္ဌသာရဆို မေးဖြေဖြောင့်၍.ချီ ကေပိုဒ်ရတုအဖြေနှင့်
ရှင်သီလဝံသ, ရှင်ရဋ္ဌသာရ ဆက်ဆံပုံ အဋ္ဌုပ္ပတ္တိကျိုအထုံးကို
ထိုရွှေမင်းဝံဆရာတော် ထုတ်ဖော်ရှင်းလင်းချက် ပြီးပြီ။

---

### ၁၁–ကဗျာဗန္ဓသာရကျမ်းတွင် မသင့်သောအရာပါလျှင် ပြင်ရန် ဦးကုသလ ပုခန်းငယ် ပဥ္စင်းကျော် လည်ပေါ်တိုက် ကိုယ်တော်ထံ တောင်းပန်စာလက်ခံ

ဘုရား-

ပေးပို့တော်မူလိုက်သော သိရီ (သီရိ) ဝိနိစ္ဆယရပါပြီ၊ ရတနာ ရွှေအိုးကိုပေးပို့ ချီးမြှင့်သကဲ့သို့ ဦးပဥ္စင့်ကျေးဇူးကို အထူးခံစားရ၍. အားရနှစ်သက်ကြည်နူးသည့်အတိုင်း၊ ဦးပဥ္စင်းသတ္တိဗျတ္တိကို အဖြည့်ခံရတု ကလေး ရေးသားဆက်ကပ်လိုက်ပါသည်၊ အလိုတော်ရှိ ကြည့်တော်မူလိုသော ကဗျာဗန္ဓသာရစာအုပ် (၁) လည်း ဆုဒါန်းလိုက်ပါသည်၊ မသင့်

သောအရာကို ထိုစာအုပ်တွင် ပြင်ဆင်ဖော်ပြရန် တောင်းပန်ပါသည်၊ "နိဒ္ဒိနံ ပဝတ္တာရံ။လ။သေယျောဟောတိ နပါပိယော" ဟူသော ဓမ္မပဒကို ဦးပဥ္ဇင်းနှုတ်တက်ဆောင်ရွက်ပြီးရှိသည်ကို သိရင်းစွဲးရှိသည်အရ။လ။ ထုံးလိုက်ပါသည်ဘုရား။

(ပုံ) ဦးတင်
၁၃-၃-၁၉၀၉

---

## ၁၂-ဦးကုသလကိုယ်တော်ထံကပြန်ပေးရင်းစာလက်ခံ

ဝန်ထောက်မင်းထံက ပေးပို့လိုက်သောစာသည်၊ တပို့တွဲးလဆုတ် ၁၂-ရက်နေ့ရောက်သည်၊ ၎င်းလဆုတ် ၁၄-ရက်နေ့ ပြန်စာရေး၍ ပေးပို့လိုက်သည်။

ကျောက်စာဖတ်နည်းမှာလည်း စာလုံးသဏ္ဌာန် မှုဟန်ကွဲးပြားပုံကို ပြဆိုခြင်း၊ ကဗျာဗန္ဓသာရကျမ်း စာမျက်နှာနံပါတ် (၅၀)၌ ပါသော ရိပ်စင်တ်သွန်၊ ရွှေတ်ဝယ်မြေလျှုတ်မှုသောခါ ဟိပါ၏၊ ဤသို့စသော ရှေးပေါ်ရာဏ အရေးကို အခုအခါမည်ကဲ့သို့ ဖတ်ရသည်၊ မည်ကဲ့သို့ အဓိပ္ပါယ် ရသည်များကို ခြားနား သေချာစွာ သိနိုင်လိမ့်မည် ထင်ပါသည်။

၎င်းပြင်နေယျဒေါသကိုပြရာ-စာမျက်နှာနံပါတ် ၂၄၅-တွင် ကြောင်နှင့်ညောင်ကို ထုံးစံဥပမာပြု၍ ကျင့်လေ-မှာလိုက်သော စကားတွင်ကဲ့သို့ဆောင်၍ အမှန်ကျအောင်သိရပါမည်နည်း။

၎င်းပြင်တိဗက်လူမျိုးများသည် ဗုဒ္ဓဘာသာဟု ပြောဆိုကြသည်၊ ဤကဲ့သို့ အများပြောဆိုကြသည့်အတိုင်း ဗုဒ္ဓဘာသာဟုတ်မဟုတ်၊ ဗုဒ္ဓဘာသာဟုတ်ခဲ့သော် ၎င်းတိဗက်တိုင်းပြည်၌ ပါဠိတော်, မာဂဓဘာသာ, ပိဋကတ်ကျမ်းစာရှိမရှိများကို သိလိုပါသည်၊ သို့အတွက် ဤအကြောင်းများကိုလည်း ကြားသိစေလိုပါသည်-နယ်ပိုင်ဝန်ထောက်မင်း။

(ပုံ) ဦးကုသလ
လည်ပေါ်တိုက်-ပုခန်းငယ် စလေပိုင်

---



## ၁၃-ကဗျာဗန္ဓသာရကျမ်းကို ကျွမ်းကျင်အောင်ဆောင်ရွက်အားထုတ်သင့်ကြောင်း အားပေးသောထောမနာပါဠိဂါထာ လေးချိုးကဗျာ လာရင်းလက်ခံ

လက္ခံဝေ [၁] လက္ခဏ နာနာနယမုတ္တရံ။
အလင်္ကာရဒေါသံပိ သောဓနာဒိပရိပုဏ္ဏံ။
ဝိစိတ္တံ [၂] ဓိပ္ပံဝ ယုဝေါ။
ယံဂန္ထံ ပဿန္တော ဟောသတီတိဗုဓော။

သာမညဂါထာ, မာဂဓဘာသာကဗျာ လေးချိုး။

ဥတ္တရံ-လွန်စွာ ထုတ်ဆောင်အပ်သော၊ လက္ခဏနာနာနယံ-စပ်ဆိုသိကုံး နည်းထုံးဆက်လာ လက္ခဏာနှင့် လင်္ကာရကာန် တန်တန်ဖြာဖြာ နာနာနယပြည့်စုံထသော၊ ဥတ္တရံ-သို့လော သို့လောဟု တွေးတောကာနံ့ါ မထင်ရာကို လျင်စွာ လွန်မြောက် စေနိုင်သော၊ လက္ခံ-မှတ်အပ်သော ဥဒါဟရဏ် ပုံသက်သေနှင့် ပြည့်စုံထသော၊ အလင်္ကာရ ဒေါသံပိ-ပဒဒေါသ စသည်ထင်စွာ အလင်္ကာဒေါသကိုလည်း၊ သောဓနာဒိပရိပုဏ္ဏံ-သုတ်သင်ခြင်း အစရှိသည်နှင့် ပြည့်စုံသော၊ ဝိစိတ္တံ-ဝဂ်, ဇာတ်, ဝံသာ ခရာတက်သက်,အဋ္ဌက္ခဏ, ဖလကျိုးပြစ် အနှစ်စဥ်စီ ပဋ္ဌိသ ချီချကဗျာ ကိရိယာ ခြောက်ဆယ် သွယ်သွယ်ကဗျာ ယမကာ-စကြ စသည့်အရာ လွန်စွာဆန်းကြယ်သော၊ ယံဂန္ထံ-ကဗျာဗန္ဓသာရမည်မှန်း-အကြင်ကျမ်းကို၊ ယုဝေါ-အမျိုးကောင်းသား လိုလားပညာ ကဗျာတတ်လိုသောတုပျိုသည်၊ ဝေ-စင်စစ်၊ ပဿန္တော-အရင်းအဖျား စဉ်းစားကုံစင်စုံလင်စေ့ငု ကြည့်ရှုသည်ရှိသော်၊ ဓိပ္ပံဝ-လျင်မြန်စွာသာလျှင်၊ ဗုဓော-ကဗျာတတ်သံ ပညာရှိသည်၊ ဝါ၊ စိန္တာ, သုတ, အတ္တ, ပဋိဘာ လေးဖြာကဝိန် သုခမိန်အဝင် ပညာရှင်သည်၊ ဟောသတီတိ-ဟောသတိဝေ-ဖြစ်လတ္တံ့သည် သာလျှင်တည်း။ ဝါ-မုက္ခ၂ ဖြစ်လိမ့်မည် ကောန်တည်း။ နေယျတ္တဗျတ္တိရေကကိုလည်း သိသင့်တော့သည်။

(ပုံ) ဦးကုသလ
လည်ပေါ်တိုက် ပုခန်းငယ်-စလေပိုင်။

---

၁၊ လက္ခဏ, လက္ခ၂ နှစ်ပါးတွင် အကြောင်းအကျိုး အားလျော်စွာ လက္ခဏကို ရှေးဦးစွာဆိုသင့်လျက်၊ဂိုဏ်းပျက်မည်ကိုစိုး၍လက္ခ၂ ကို ဦးစွာထားသည်။
၂၊ ကွပ်သိမ်းချက်။

လယ်တီမဏ္ဍိုင်-၄၃

## ၁၄–စာဆိုရင်းပုဂ္ဂိုလ်နှင့် စာပြင်ပုဂ္ဂိုလ်သည် အကြောင်းသုံးရပ် ထပ်တူရှိသင့်ပုံနှင့် နောက်ဆက်တွဲရေးရန် တိုက်တွန်းချက်

ဗျတ္တိရိက်–ဟူသည်မှာလည်း သည်နေရာတွင် ဒွါဓိပ္ပါယ ယူဆရန် ရည်ရွယ်လိုက်သည်။ (၁) ပထမအချက်မှာ–တကာတော် ဝန်ထောက်မင်းက ကဗျာဗန္ဓသာရကျမ်းတွင် မသင့်လျှင် ပြင်ဆင်ရန် တောင်းပန်ခြင်းပြုသည်ကား သုခမိန်တို့ သဘောပေတည်း။ လောကဓမ္မတာမှာ စာဆိုရင်းပုဂ္ဂိုလ်နှင့် ပြင်မည့်ပုဂ္ဂိုလ်သည် အကြောင်း သုံးရပ်ထပ်တူကျမှ သော်ငှင်း ပြင်မည့်ပုဂ္ဂိုလ်က ပိုမှသော်ငှင်း ပြင်ဆင်နိုင်မြဲပေတည်း။

(၁) စာသင်ခြေတူစေကာမူ ဝါနု, ဝါရင့် တူခြင်း။

(၂) သင်စာမှတပါး အခြားဗဟုသုတ မုတလက်တွေ့တူခြင်း။

(၃) အာရုံပြုသည့်အရာ သေချာစွာစပ်သုံးသပ်နှိုင်းညှိ ဝိရိယာရန် တူကြခြင်းပေတည်း။

ယင်းသို့ဖြစ်၍ ထောမနာကဗျာကလေး ရေး၍ ပေးလိုက်သည်။

(၂) ဒုတိယအချက်မှာ ကဗျာဗန္ဓသာရကျမ်းကို ကျွမ်းကျင်အောင် မသင်ကြား မလေ့လာသော ပုဂ္ဂိုလ်တို့မှာ မြန်မာဘာသာ ကဗျာပညာ မတတ် ငတ်လိမ့်မည် ဆိုလိုသည်။

မူလစာအုပ်တွင် မေတ္တာစာနှင့် သီချင်းဆိုင်ရာ အချို့အချက်များကို ချန်ထားရသည်ဟု ဖော်ပြသောအချက်ကို နောက်ဆက်တွဲ ကြိုးစားပါဦး တကာတော် ဝန်ထောက်မင်း။

(ပုံ) ဦးကုသလ
လည်ပေါ်တိုက် ပုခန်းငယ်–စလေပိုင်။
ဦးကုသလကိုယ်တော် တိုက်တွန်းချက် ပြီး၏။

---



## ၁၅–ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် ဆရာတော်–ဦးရာဇိန္ဒ တိုက်တွန်းချက်

၁၂၇၉–ခု သီတင်းကျွတ်လဆန်း ၂–ရက်နေ့
ပုဂံဝန်ထောက်အငြိမ်းစားဒါယကာကြီး ဦးတင်ထံသို့။

၁၊ အကြောင်းကြားအပ်ပါသည်....ဒါယကာကြီး ရေးသားစီစဉ်သော ကဗျာဗန္ဓသာရ–နောက်ဆက်တွဲ လက်ရေးကော်ပီမူကို သေချာစွာ ဂရုပြု၍ ကြည့်ရှု၍ ပြီးကြောင်း၊ ၎င်းကဗျာဗန္ဓသာရ နောက်ဆက်တွဲမူကို ကြည့်ရှုရသဖြင့် အလွန် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ရပုံမှာ– ရှေးရှေးသော မြန်မာမင်းများ လက်ထက် အခါက အသုံးပြုခဲ့သော ပေါရာဏ ဝေါဟာရများနှင့် သတ်ပုံသတ်ညွှန်း အရင်းမူလကျမ်းများ တိမ်မြုပ်ကွယ်ဝှက်မလိုရှိနေရာ ယခု ဒါယကာကြီးက မြန်မာတိုင်းသွား အမျိုးသားတို့၏အကျိုးငှာ ဥဒ္ဓါနိကရဏ ပြုလိုက်သဖြင့် နောက်သား နောက်လာ လူများစွာနှင့် မြန်မာမင်းတို့အုပ်စိုးစဉ်ကာလကိုမမှီလိုက်ရ နောက်ကျကြသူ ရှင်လူတို့မှာ များစွာဗဟုသုတတိုးပွား၍ အကျိုးများကြတော့မည် ဟု နှလုံးသွင်းမိသဖြင့် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ရကြောင်း၊စာအုပ်တွင် အချို့သောနေများ၌ မိမိကျွမ်းကျင်သိမှီသလောက် ရေးသား ဖော်ပြလျက် အနည်းငယ်ပါရှိလေသည်။ ၎င်းအချက်များကို လိုလျှင်ထည့်စွက် မလိုလျှင် ပယ်ဖျက်နိုင်ရန် ခွင့်ပြုလိုက်သည်–ဒါယကာကြီး သဘောအတိုင်း။ သို့အတွက် ၎င်း ကဗျာဗန္ဓသာရနောက်ဆက်တွဲကျမ်းကို မကြာမီကာလအတွင်းမှာ စက်တွင်တင်၍ ပုံနှိပ်နိုင်ရန် တိုက်တွန်းအပ်သည် ဒါယကာကြီး။

(ပုံ) ဆရာတော် ဦးရာဇိန္ဒ
ဘုရားဖြူကျောင်းတိုက်–အရှေ့ပိုင်း ရန်ကုန်။

---

## ၂–၎င်းဘုရားဖြူဆရာတော်ထံက ပေးပို့သော မာဂဓမြန်မာနှစ်ဘာသာ လုံး၌ အသုံးပြုလေ့ရှိသော စာပြောနည်း ၇–မျိုး

(၁) ကျမ်းတက်
(၂) လိုရင်းကောက်
(၃) ပုဒ်စိပ်ထွက်
(၄) ပိဏ္ဍတ္ထကောက်
(၅) အဝယဝတ္ထ
(၆) ဝိနိစ္ဆယ
(၇) ဥပဒေသ

(၁) ကျမ်းတက် ဆိုသည်ကား....ကျမ်းဦးအစ တက်သောစကား လည်း ရှိသည်။ စကားတရပ်နှင့်တရပ် အကူးအဆက်ကိုဆိုသောစကား လည်း ရှိသည်။ အတက်ဆိုသည်အလိုက် စကားတရပ်နှင့်တရပ် ကူးကာ ဆက်ကာ ပုဒ်အာကျအောင် တက်လေတော့သည်။

(၂) လိုရင်းကောက်ဆိုသည်ကား....ထိုစကားရပ်ထဲတွင် လိုရင်း ပဓာနစကားကို ကောက်ယူခြင်းပင်တည်း။ ကိရိယာကို ပဓာနစကား ဆိုသည်။

(၃) ပုဒ်စိပ်ထွက် ဆိုသည်ကား....ကိရိယာ ကာရက စုံလင်သော စကားတရပ်တွင် အနုလောမနည်း, ပဋိလောမနည်းအတိုင်း ကိရိယာ မှ ထွက်သည်လည်း ရှိသည်။ ကာရကမှ ထွက်သည်လည်းရှိသည်။အစ ပုဒ်, အလယ်ပုဒ်, အဆုံးပုဒ်ဟူသော သုံးပါးတွင် တခုခုသောပုဒ်မှထွက် သည်လည်းရှိသည်။ ဤသို့သောနည်းဖြင့် တပုဒ်မကျန်ထွက်ခြင်းပင်တည်း။ အတက်နှင့်အထွက် အထူးကား အတက်မှာ ရှေ့သို့သာ တက်သည်။ အထွက်မှာ ရှေ့တိုးနောက်ဆုတ် နှစ်မျိုးရသည်။ စကားချင်းမှာလည်း ကွဲပြားကြ၏။

(၄) ပိဏ္ဍတ္ထကောက်ဆိုသည်ကား....စကားတရပ်လုံး၏ အဓိပ္ပါယ် ကို ကောက်ယူခြင်းပင်တည်း။

(၅) အဝယဝတ္ထဆိုသည်ကား....တပုဒ်, တပုဒ်၏အနက်ကို ပြဆို ခြင်းပင်တည်း။

(၆) ဝိနိစ္ဆယဆိုသည်ကား....သင့်မသင့်ကို ဆုံးဖြတ်ခြင်းပင်တည်း ဝါ-ဆိုရင်းစကားကို ဆုံးဖြတ်ခြင်းပင်တည်း။

(၇) ဥပဒေသဆိုသည်ကား... နည်းဥပဒေကို ညွှန်ပြခြင်းပင်တည်း။

၃–ဤခုနစ်ပါးသည် မာဂဓ,မြန်မာ နှစ်ဘာသာလုံးနှိုက် သုံးနိုင်သည်

ဆောင်ပုဒ်လင်္ကာ....စာပြောပုံနည်း၊ ခုနစ်နည်းကို၊ သိပ်သည်းသေ ချေ၊ မှာခဲ့ပေအံ့၊ မှတ်လေ နောက်သား၊ ကျမ်းစကားမှာ၊ ရှေးဖျား အတက်၊ မိန့်မြွက်သံညင်း၊ လိုရင်းကိုကောက်၊ ထိုနောက်မပျက်၊ ပုဒ်စိပ် ထွက်လေ၊ အချက်ကျကျ၊ ပိဏ္ဍတ္ထကို၊ အရကောက်ယူ၊ ပုဒ်ဟူသမျှ၊ စိတ်ဖွင့်ပြ၍၊ အဝယဝ၊ အတ္ထထွေပြား၊ အနက်များကို၊ ခွဲခြားဝေဘန်၊



တတန် ဝိနိစ္ဆယ၊ ဆုံးဖြတ်ချထား၊ ယင်းစကားကို၊ မြဲမြံလိုမူ၊ကျမ်းဆိုရှု ကာ၊ နည်းနာစုံလင်၊ ပုံပြင်ဝတ္ထု၊ ရှေးသုံးပြုသည်၊ တခုခုကို၊ ကိုယ်၏ သက်သေ၊ ဥပဒေသ၊ ရှာဘွေပြလော့၊ မပေါ့တန်ထွာ၊ ဓမ္မတာတည့်၊ ပညာရှိများ၊ ပြောကြားစဉ်လာ၊ ခုနစ်ဖြာကို၊ ယထာက္ကမ၊ နည်းလမ်း ကျအောင်၊ ပြောကြလျှင်းမှ၊ သဘာဝနှင့်၊ ဓမ္မအခြေ၊ ပေါ်လေသည် ချည်း၊ ထိုနည်းတူစွာ၊ အလင်္ကာဟူ၊ မြန်မာမူလည်း၊ သိပ်သည်းကျနန ပြောသင့်ကြသည်....စာချ-စာပြ-ဆရာ့သဘောတည်း။ ။[မဏိဆံကျင် ချနည်း-၉-လုံးချသည်။]

(ပုံ) ဆရာတော် ဦးရာဇိန္ဒ
ဘုရားဖြူတိုက်။

---

၁၆–တောင်ငူ ခရိုင်ဝန်မင်းက ကဗျာဗန္ဓသာရနောက်ဆက်တွဲ
ထုတ်ရန်-တိုက်တွန်းသောစာလက်ခံ

၁၂၆၈-ခု၊ နတ်တော်လဆန်း ၃-ရက်နေ့၊
မန္တလေးမြို့၊ ခေးတန်း။

၁၊ ဆရာ-တောင်ငူခရိုင်ဝန် မင်းကြီး မဟာမင်းထင်ရာဇာ ကြား ရောက်လိုက်ပါသည်, ပုဂံမြို့-ခေတ္တ နယ်ပိုင်ဝန်ထောက်မင်း၊ ကဗျာဗန္ဓ သာရကျမ်း ပုံနှိပ်ဆဲရှိသည်ကို ကြည့်ရှုစေလိုကြောင်းနှင့် ပေးပို့လိုက် သောစာကို ရရှိ၊ ကျန်းမာသာယာကြောင်းများကို ကြားသိရ၍ ဝမ်း မြောက်ပါသည်။ နောက်ဆက်တွဲ ပုံနှိပ်ရန်အကြံကိုလည်း မလျော့ပါ နှင့်၊ ဘိုးဘကစ၍ စုဆောင်းရင်းရှိသဖြင့် အသင့်ရှိသော ဝန်ထောက် မင်းလက်ရှိ အမှတ်အသားများကို စိစဉ်ထည့်သွင်း အချင်းကြီးငယ် စုံအောင် ဖော်ပြပါ။

၂၊ ဆရာပြုစုသော သုဝိစိတ္တဂဏဝိဇ္ဇာကျမ်းများမှာ လင်္ကာဖြစ်၍ ဆောင်ရွက်ကျက်မှတ်ရန် လွယ်ကူသည့်ပြင် လောကရိသန်နည်းမှာ ရှေး ဂဏန်းကျမ်းများတွင် မပါသေးပါ၊ ညောင်ကန်ဆရာတော် ရေးသော ဝိစိတ္တဂဏဝိဇ္ဇာကျမ်းမှာ အဆောင်အရွက် အကျက်အမှတ် ခက်ခဲသည့် ပြင် ယခုခေတ်တွင် သက်ဆိုင်သော သိုးဆောင်းနည်းများ မပါပါ။

၃၊ သည်ကဲ့သို့ဖြစ်၍ သုဝိစိတ္တဂဏဝိဇ္ဇာကျမ်းကို ပုံနှိပ်စာအုပ်ပြုလုပ်ရန် အားထုတ်စေလိုသည်။ ထိုကဲ့သို့ အားထုတ်ရန် ရတ်တရက် အထမမြောက်လျှင်လည်း ကဗျာဗန္ဓသာရ-နောက်ဆက်တွဲ ထုတ်သည့် အခါကာလပေါ်စာသင်သားတို့မကြားဘူးကြသော ရွှေတွက်ငွေတွက် စသောနည်းများနှင့် သိုးဆောင်းနည်း၊ မြန်မာနည်း နှိုင်းယှဉ်ချက်ပါသော လက်ာနှင့်တေးထပ်များကို စာသင်သားတို့အကျိုး တိုးပွားစေလိုသည့်အတွက် နောက်ဆက်တွဲမှာ ထည့်ဖြစ်အောင်ထည့်ပါ၊ ဆရာ၏ ရာထူးအဆင့်ဆင့် ရှိသည်ကိုလည်း သိရင်းစွဲရှိသည်အတိုင်း ထည့်သွင်းဖော်ပြပါ၊ စာရေးရင်း ပုဂ္ဂိုလ်၏ ဂုဏ်သတ္တိကို-သိကြမှသာ ပုဂ္ဂိုလ်ခင်လျှင်တရားကိုမင်သည့်အဆိုအတိုင်း ထိုစာကိုကြည်ညိုနှစ်သက် လေ့ကျက်လေ့ရှိသည်ကို သတိပြုပါ။

၄၊ ဍင်းပြင်လည်း ရတုချီနည်း ချနည်းစုံကို ယခုအခါ ကဗျာအတွင်း စာသွားစပ်နည်း ထင်မှတ်ကြသူ များခြင်းကြောင့် မြန်မာကဗျာစပ်နည်း ပျက်စီးလျက်ရှိသောအချက်ကိုလည်း ပယ်ဖျက်ရန် နောက်ဆက်တွဲတွင် ရတုချီနည်းချနည်းကို ဥဒါဟရဏ်နှင့်တကွဖော်ပြပါ။

၅၊ ဍင်းပြင်လက်ထက်တော်ကြီးအခါက ဆွေးနွေးကြသော ဂန္ထာမ,ဂန္ထာမိရှိသင့်ပုံ အဆုံးအဖြတ်မှုရင်းအလ္လာကလေးလည်း ပေးလိုက်ပါသည်၊ နောက်ဆက်တွဲမှာထည့်ပါ။

၆၊ ဍင်းပြင် ရှေးမင်းအဆက်ဆက်ကစ၍ သတ်ပုံသတ်ညွှန်းများမှာ စာရှိတိုင်း မလိုက်ရ၊ အမိန့်တော် ကောက်တော်မူချက် ပြဋ္ဌာန်းချက်ရှိရာသာ လိုက်နာရပုံကိုလည်း ပြည့်ပြည့်စုံစုံ ကုံလုံလောက်ငွေ ဖော်ပြပါ၊ ၁၂၄၀-ပြည့် ပြဋ္ဌာန်းချက်အရ ထုတ်ပြန်တော်မူသော အမိန့်တော်ကိုလည်း စိုင်းပြင်းကြရင်းစာ စာရင်းပါမှုရင်းအတိုင်းဖော်ပြပါ။

(ပုံ) တောင်ငူခရိုင်ဝန်

တောင်ငူခရိုင်ဝန်မင်းတိုက် တွန်းရင်းစာလက်ခံပြီးပြီ။

---



၁၇-တောင်ငူခရိုင်ဝန်မင်းတိုက်တွန်းချက်

၁-မှတ်အချက်မှာပါသောအချင်းကြီးအချင်းငယ်ဟူသောဝေါဟာရ

အထောက်အထားများ

အချင်းကြီးအချင်းငယ်ဆိုသည်မှာ ရှေးဝေါဟာရဖြစ်သည် ပေါရာဏ ဂဏ္ဍိတွင် ရှေ့မထွက်မှီ နောက်ရကင်းသည်တိုက ခံနှင့်ရန်သီချင်းကိုဆိုလိုသည် ဟူ၍ ဍင်း၊ * ၁၀၃၄-ခုနှစ်ထုတ်နာခံပြောကြီးမှုးလွှတ်ပြန်အမိန့်တော်တွင် အချင်း အကြီး, အငယ်, အကြမ်း,အနု,အရိုင်, အနှေး,နောက်, ရှေ့ဟူ၍ဍင်း၊ စာခံသူမောင်းထောင်ရွာသူကြီး၊စာပန်သူပြာသာဒ်တကာ မောင်းဘိုး၊ စာဆိုသူမုံရွေးဆရာတော် ၁၁၇၆-ခုရေး မေတ္တာစာတွင် တေးတျာဘွဲ့ကြိုး၊ အချင်းခံကြီးမျိုး အတန်တန် အချင်းခံငယ်တရိုး စစ်ဟပ်မျိုးမှာလည်း လမ်းရိုးမကျ စည်းရိုးကိုမရ ဟူ၍ ဍင်း၊ ကဗျာအင်္ဂါကျမ်းတွင်...."အချာယိကာ-အချင်းယိကကိုကား၊ နာယကေနေဝ-အမှူးအကဲးသာလျှင်၊ ဝါစျ-ဆိုအပ်သည်"ဟူ၍ဍင်း၊ (ဈ-ကိုစလုံးယပင့်သံ,စယဖတ်ရသည်၊ ပရသျှရာမ်-အချင်းချင်း၊ ရတျာဘေဒ်-သိမ်မွေ့သောအချင်း ဟိ၏ ဟူ၍ဍင်း၊ အချင်းဟူသောခေါ်ပုံအမည် တူသော်လည်း အမျိုးအစား ကွဲပြားခြားနားသည်ကို ဆိုလိုသည်။

သက္ကရာဇ် ၁၀၀-ကျော်က အဝဘုရင်ထံ ရှင်တေဇောဒိပသွင်း မေတ္တာစာ မဟာကုသလ-ချီအပိုဒ်တွင်-"ဆိုရာစကား၊ အချင်းလားသို့ မင်းသားစည်စွာ"ဟူ၍ ဍင်း၊ စကြာဝဠ္ချီ တပင်ရွှေထီးချင်း အထပ်ထပ်လျှင်-ချီအပိုဒ်တွင် "ကျုံကျုံသောင်းသောင်း၊ သံဆင့်လောင်း၍၊ သံညောင်းသံညို့၊သံပျှံသံဖေး၊ အချင်းပေးလျက်၊ သံလေးသံအိုင်၊ သံပြိုင်သံချိုသျှင်ကိုကျူးပေ"ဟူ၍ ဍင်း၊ ပုပ္ပားတောင်မောင်တော့ ရေနှင့်နှမတော့ ရေဘွဲ့၊ ပုပ္ပားတောင်သည်၊ ရွှေတောင်တည့်လေ-အစချီသော သီချင်းအမှာတွင်လည်း ရှေးပုဂံရေးအချင်းငယ်ဟူ၍ ပါသည်၊ ပေမူမှာ အဲးချင်းဟူ၍ ပါသည်၊ ဒုတိယမင်းခေါင် အိမ်ရှေ့စံစဉ် သမီးတော်သုံးပါးဘွဲ့ အိုဘဲ့ဘယ်အစချီသော ရှင်ရဋ္ဌသာရ ၁၀-နှစ်ရွယ်ကရေးသော သီချင်းကိုလည်း အချင်းငယ်ဟူ၍ ဍင်း၊ အချင်းကြီးငယ်ဟူ၍ ဍင်း အမှတ်အသားကိုလည်း အချင်းငယ်ဟူ၍ ဍင်း၊ အချင်းကြီးငယ်ဟူ၍ ဍင်း အမှတ်အသား

---

* အဝှန်းဂဏန်းစဉ် ၃၇-တွင် ၁၀၃၄-ခုနှစ်ထုတ် အမိန့်တော်စာကိုယ်ကို ကြည့်ပါ။

စကားချပ်မှာပါသည်၊ ရတနာကြေးမုံသတ်ပုံတွင်–" ချင့်တွက်အလီ၊ အချင်း သီက" ဟူ၍၎င်း၊ "ချင်းတွင်းတလီ၊ ဆိုသီသာချင်း" ဟူ၍၎င်း၊ အချင်းနှင့် သာချင်းကို ခွဲ၍ပြသည်၊ အချင်းမှာ တီးလုံးနှင့် ကိုက်ရသည်၊ သာချင်းမှာ တီးလုံးကာရန် မကိုက်ရ ပြန်ကာဟပ် ကာရန်ကိုက်ရသည်၊ ရကင်းသည်–ဟူသည်ကား၊ တူရိယာသမားတည်း၊ ကျောက်စာများ၌ ရကန်သည်ဟူ၍၎င်း၊ ရခန်သည်ဟူ၍၎င်း အသီးသီးလာရှိသည်၊ စာကိုယ်များ သီးခြား ဖော်ပြမည်၊ အဝှန်းဂဏန်းစဉ် (၁၀၅) တွင်ကြည့်။

## ၁၈–တောင်ငူခရိုင်ဝန်မင်းတိုက်တွန်းချက်စာ ၃–မှတ်အချက်မှာ ပါသော မြန်မာအခေါ်–သိုးဆောင်းအခေါ်ပါသော အတွက်အချက်တေးထပ်စုံ

၎င်းတေးထပ် စသည်များမှာ စာကိုယ်များကို စု၍ ဖော်ပြသော အပိုင်းမှာပါသည်။ အဝှန်းဂဏန်းစဉ် (၁၁၇) ဆိုင်ရာဂဏန်းစဉ် (၁၀) များကိုကြည့်၊ တေးထပ်ပုဒ်ရေ ၂၉–ပါသည်။

## ၁၉–တောင်ငူခရိုင်ဝန်မင်းတိုက်တွန်းချက်စာ ၄–မှတ်ပါသော ရှင်ဝိစိတ္တာစာရစာငယ် ပယ်ပုံ အထောက်အထားစုံ

၁၊ မြန်မာဂေါ်စာ သက္ကရာဇ် ၁၁၁၃–ခုနှစ်တွင် စိန္တကျော်သူဘွဲ့ခံ ဦးသြရေးသားထားခဲ့သောကဝိလက္ခဏာ သတ်ညွှန်းတွင်....ရှင်ဝိစိတ္တာစာရ သတ်နည်းထုံးသည် အသတ် (၆) ချက်ကို ဆိုလိုသည်။ ရှေးပညာရှိတို့ စကားကို ပြစ်မှားလွန်းမည်ထင်သည်။ ယခု ပညာရှိတို့ နှလုံးကို နှောင့်ရှက်သည် ဟူ၍၎င်း။

၂၊ မြန်မာဂေါ်စာသက္ကရာဇ် ၁၁၆၂–ခုနှစ်အတွင်း တွင်းသင်းတိုက်ဝန် မဟာစည်သူ စီရင်သော သတ်ညွှန်းသစ်တွင်....ပညာရှိတို့ ဖလှေတန်တွာနှင့် လွန်စွာ ဆန့်ကျင်ခြင်းဖြစ်၍ ပညာရှိတို့နှလုံးကို နှောင့်ရှက်စေသော ချိန်ခွင်လျှာ, သပ်စေ့နှက်, ထိပ်ချင်းချွတ်, ထိပ်ချင်းထပ်, ပညတ်သံ, ပရမတ်သံ, ဂရုသံ,လဟုသံ–စသော စကားမျိုးတို့ ပယ်၍ အသတ်–အလတ် ရေးသားမှုနိုက် ကျွမ်းကျင်လိုသူတို့ သိစေခြင်းငှာ ဤသတ်ညွှန်းကို ရေးသားပေအံ့ဟူ၍၎င်း။



၃၊ ရှင်ဝိစိတ္တာစာရ သတ်ညွှန်းအတွက် ၎င်း မဟာစည်သူ ဆုံးဖြတ်ချက်ထားခဲ့သော သီခြား မှတ်တမ်းတွင်လည်း ရှင်ဝိစိတ္တာစာရ စာငယ်မှာ သရေခေတ္တရာ, ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပင်းယ, အဝ, သရက်ခြောက်ဆက်, မိုးညှင်း ခြောက်ဆက်,ရှမ်းသုံးဆက်, မင်းခြားလေးဆက်, ညောင်ရမ်းကိုးဆက် အခါများတွင် မပေါ်မရှိ၊ ညောင်ရမ်းဆယ်ဆက်နောက်ဆုံးမှာ ပေါ်လာ ထင်ရှားသော နောက်ပေါ်စာငယ်မျှဖြစ်သည်။ ဤကဲ့သို့ တစောင်တပွဲ ပေါ်လာပြန်သည့်အရာကို ယခုအခါ လိုက်နာသူ မရှိကြသော်လည်း နောက် ကာလကြာသည့်အခါ မသိသူတို့အား နားယောင်စေတိသကဲ့သို့ ရှိသည်ဟူ၍၎င်း။

၄၊ မြန်မာဂေါ်စာသက္ကရာဇ် ၁၁၈၂–ခုနှစ်အတွင်း ကဝိန္ဒာဘိဝံသ မထေရ် စီရင်သော ရတနာကြေးမုံသတ်ညွှန်းတွင် ရှင်ဝိစိတ္တာစာရသတ်ပုံ၌ အသတ် အစပ်ကို သဘောသကန်ကျနအောင် နားလည်မည့် အရာလည်း အလွန်ပင် ခဲးခက်သည်။ ပညာရှိ ကဝိထွတ်တို့ ကုံးစီတော်မူကုန်သော ပျို့ကဗျာ, လင်္ကာမော်ကွန်း, နိဒါန်း, ဧးချင်း, ရတုတို့၌လည်းမပါသော အရာများပင် ရှိသေးသည်ဟူ၍၎င်း။

အခြား အခြား၊ ဝါဒပြား၊ ထုံးများမှိုနိုရာ။
ယုတ္တာ ယုတ္တိ၊ ရှိမယှိ၊ သတိပြုအပ်စွာ။
သဘောအရ၊ တော်သင့်က၊ ကာလထောက်စာနာ။
အရေးအသတ်၊ မသိတတ်၊ ရွတ်ဖတ်ချွတ်ယွင်းရာ။
ချွတ်ယွင်းချေက၊ မှန်မှုကျွ၊ မရအဓိပ္ပါ။
ဓိပ္ပါယ်မရ၊ရှိလေက၊ ဒေါသမလွတ်သာ... ဟူ၍၎င်း အသီးအသီး ပယ်ရှား သုတ်သင်ခဲ့ကြပြီး ရှိသည်ကို မသိသူများလည်း များစွာရှိသေးသည်။

## ၂၀–ရှင်ဝိစိတ္တာလင်္ကာရ သတ်ညွှန်းအတွက် တွင်းသင်းမင်း ဆုံးဖြတ်ချက် စာကိုယ်

ဓမ္မဝတ်ကြောင်းတွင် သဒ္ဒါနည်း, ဆန်းနည်း, အလင်္ကာနည်း ကျယ်ဝန်းများပြား အယူအဆ ကျနရန် ခဲးယဉ်းသကဲ့သို့ လောကဝတ်တွင်လည်း ပညာရှိ မင်းဧကရာဇ်တို့ သုံးဆောင်အပ်သော လွှတ်ရုံးငါးရပ်

ရေးနည်းများမှာလည်း ရစ်ပင့် အသတ်များသည် များစွာ ကျယ်ဝန်းခဲ့ယဉ်းသည်။ ထိုထက်ပင်လည်း ရေးနည်းအမှန်-ဖတ်နည်းအသံ ဆိုသည့်အတိုင်း ရေးနည်းအမှန်ကို အသံပြောင်း အလေးအပေါ့ ဖတ်နည်းမှာသာ၍ပင် ခဲခက်ပြန်ချေသည်။

ဝိဇ္ဇကတ်ကြောင်းမှာ....ပါဠိတော်တွင် မကွဲးသည့်အခါ အဋ္ဌကထာနှင့်ညှိရသည်၊ အဋ္ဌကထာနှင့်မကွဲးသည့်အခါ ဋီကာနှင့် ညှိရသည်။ဋီကာနှင့်မကွဲးသည့်အခါ အနုဋီကာဂဏ္ဌိအစရှိသည်တို့ဖြင့်ညှိရသည်။ ကျမ်းအစောင်စောင်သည် ညီညွတ်သည်လည်းရှိ၏။ မညီညွတ်သည်လည်းရှိ၏။ မညီမညွတ်သည့်အရာများမှာ အကြောင်းအကျိုး တန်သည်, မတန်သည်ဥပမာ ဥပမေယျ သင့်သည် မသင့်သည်, ယုတ္တိဒဋ္ဌိ ညီသည်-မညီသည်များကို ထောက်ထားချင့်ချိန်သဖြင့် သင့်တင့် ညီညွတ်ရာ ယူရသည်။ နှစ်ချက်လုံးပင် အကြောင်းယုတ္တိရှိပုံ တူညီပြန်လျှင် ကျမ်းစာစောင်များရာသို့ လိုက်ရသည်။ ကျမ်းစာစောင်များပုံ တူညီပြန်လျှင် ဆရာကြီးဆရာမြတ်၊ ကျမ်းတတ်အကျော်ပုဂ္ဂိုလ် ခိုင်မာရာလိုက်ရသည်။

ဓမ္မဝတ်ကြောင်းတွင်....တာသံ လိင်ပရိဝတ္တန သဘာဝတော-ဟူသော ပါဌ်ကို အနက်ပေးပုံကိုစွဲ၍ အယူကွဲးကြသည်။ ကွဲးပုံကား-တာသံ-ထို ပရိနိဗ္ဗာန်ပြုသော ရဟန်း-မိန်းမတို့အား၊ လိင်ပရိဝတ္တနသဘာဝတော-လိင်ပြန်ခြင်းသဘောရှိသောကြောင့်ဟု အနက်သမ္ဗန်ပြီးသည့်အခါ ရဟန္တာ-မိန်းမဟူသမျှ ပရိနိဗ္ဗာန်ပြုလျှင် လိင်ပြန်မြဲဟူ၍ယူကြကုန်သည်။ ။တာသံ-ထို ပရိနိဗ္ဗာန်ပြုသော ရဟန္တာ မိန်းမတို့အား၊ လိင်ပရိဝတ္တန သဘာဝတော-လိင်ပြန်ခြင်း သဘောရှိကြောင်းဟု အနက်သမ္ဗန်ပြီးသည့်အခါ ရဟန္တာ-မိန်းမတို့တွင် လိင်ပြန်ကြောင်း ရှိလျှင်လိင်ပြန်သည်၊ လိင်ပြန်ကြောင်းမရှိလျှင် လိင်မပြန်ဟူ၍ ယူကြကုန်သည်။ ဤအယူ နှစ်ချက်တွင် နောက်အယူကို ယမိုက်ဂဏ္ဌိဆရာ, နိရုတ္တိသာရမဉ္ဇူသာဆရာတို့ ကြိုက်နှစ်သက်တော်မူကြသည်။

စာစောင်အများပြုအပ်သော ဆရာကြီးဆရာမြတ် ကျမ်းတတ်ပုဂ္ဂိုလ်ကျော်တို့လည်း နောက်အယူကို နှစ်သက်စွာ လိုက်နာတော် မူကြသည်၊ ငါတို့လည်း ဆရာကြီးဆရာမြတ်တို့ယူရာ လိုက်နာရပေသည်။



ငါတို့အသျှင် ဆဒ္ဒန်ဆင်မင်းသခင် အသျှင် ဘဝရှင် မင်းတရားကြီးလည်း မျက်စိတထောင် တန်းခိုးဆောင်သော သိကြားမင်းကဲ့သို့ တိုင်းကားပြည်သူ ရှင်လူ သတ္တဝါ အပေါင်းတို့၏ ကိုးကွယ်ရာ မှီခိုရာဖြစ်သည်နှင့်လျော်ညီစွာ သတ္တဝါအပေါင်းတို့အား အကျိုးစီးပွား များစိမ့်သောငှာ လောကကြောင်း, ဓမ္မကြောင်းနှစ်ဝပင် ကျနမှန်ကန်စွာ ပြဋ္ဌာန်းတော်မူ၍ အမိန့်တော်အတန်တန် ထုတ်ပြန်ပညတ်တော်မူသည်။

ထိုအမိန့်တော်များတွင် ပုဒ်အက္ခရာ အသတ်ပင့်ရစ် ရေးထုံးရေးနည်းများမှာ သရေခေတ္တရာ, ပုဂံ, မြင်စိုင်း, စစ်ကိုင်း, အဝ-စသော ရှေးတေးလောင်းတော်, ဘိုးလောင်းတော်တို့ လက်ထက် အဆက်ဆက်ပညတ်မှတ်သား ပိုင်းခြား ပြဋ္ဌာန်းခဲ့သည့်အတိုင်း လိုက်နာ ကြစေရန်ထုတ်ပြန်တော်မူသော အမိန့်တော်များလည်း ရှိသည်။

ယခု ရှင်ဝိစိတ္တာစာရစာငယ်မှာသရေခေတ္တရာ,ပုဂံ, မြင်စိုင်း,စစ်ကိုင်းပင်းယ, အဝ, သရက် ခြောက်ဆက်၊မိုးညှင်းခြောက်ဆက်၊ ရှမ်းသုံးဆက်၊ မင်းခြားလေးဆက်၊ညောင်ရမ်း ကိုးဆက် အခါများတွင် မပေါ်မရှိ၊ ညောင်ရမ်းဆယ်ဆက်၊ နောက်ဆုံးမှ ပေါ်လာထင်ရှားသော နောက်ပေါ်စာငယ်မျှ ဖြစ်သည်။ ဤကဲ့သို့ တစောင်တဖွဲ့ ပေါ်လာပြန်သည့်အရာများကို ယခုအခါ လိုက်နာသူ မရှိကြသော်လည်း နောင် ကာလကြာသည့်အခါ မသိသူတို့အား နားယောင်စေဘိသကဲ့သို့ ရှိသည်။ ပညာရှိတို့ နှလုံးကိုလည်း နှောင့်ရှက်ရာရောက်စေသည်။ နှောင့်ရှက်ရာရောက်ပုံကိုလည်း ငါတို့ရေးသားအပ်သော သတ်ညွှန်းမှာ ကျယ်ဝန်းစွာ ပါရှိလေပြီးဖြစ်သည်။

လောကဝတ်မှာလည်း ဓမ္မဝတ်နည်းကဲ့သို့ စာစောင်ခိုင်မာရာ ဆရာကြီးဆရာမြတ် ကျမ်းတတ်ပုဂ္ဂိုလ်တို့ အယူရှိရာကို လိုက်နာ ရသည်မှာလည်း ရှင်ဝိစိတ္တာစာရ၏ စာမှတပါး အခြား စာစောင်လည်း မရှိ၊ ဆရာကြီးဆရာမြတ် ကျမ်းတတ်ပုဂ္ဂိုလ်တို့တွင် ရှင်ဝိစိတ္တာလင်္ကာရ စာရှိသည်ကိုမျှ သိကြသူအလွန်နည်းပါးသေးသည်။ အကိုးစာစောင်နည်းများသည့်အရာမှာလည်း ရှင်ဝိစိတ္တာလင်္ကာရ တွေ့မြင်ရသော "ဘူရိဒတ်-ဆားတိုင်ငံ၊ ညှိနံ့တောက်တောက်၊ မသောက်ကောင်းဝဲ"ဟူ၍ သေးသေးတင်နှင့်ရှိစေကာမူ ပမာပြုလောက်သော ဆရာကြီး ဆရာမြတ် ဖြစ်တော်မူသော ရှင်ဥတ္တမကျော် ဆရာတော် စီရင်တော်မူသော ဝဏ္ဏဗောဓ

ခနတွင် ဆားငန်ဟု နသတ်အင်းတွင် ထည့်သွင်း စပ်ဆိုတော်မူလျက် ရှိပေသည်။ ဆရာစဉ်ဆက် စာတမ်းများတွင် ရွှေရင်မြော်ရွာကြီး ရှင်ဥတ္တသမာသာ ဆရာတော်သည် ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန် ကျွန်ကြောင်း၊ မြန်မာဝေါဟာရ ခေါ်ဝေါ်ရေးသားမှုကို စေ့ငုစွာ ရေးသားစပ်ဆိုဖော်ပြသော ဝဏ္ဏဗောဓနသတ်အင်း သတ်ပုံလင်္ကာများကို ရေးသားတော်မူခဲ့ကြောင်းများကိုဆိုလျက်ရှိပေသည်။ရှင်ဝိစိတ္တာလင်္ကာရ အကြောင်းမှာမူကား ဆရာစဉ်ဆက် စာတမ်းများတွင် မမြင်မတွေ့ရပေ။

ရှင်ဝိစိတ္တာလင်္ကာရသတ်ညွှန်းအတွက် တွင်းသင်းမင်း
ဆုံးဖြတ်ချက် ပြီးပြီ။

---

## ၂၁-စာရှိသည်ဆိုရုံမျှနှင့် မယုံရ-မယူရသောနည်းရှိသည်ကို သတိမထားမိခြင်း သက်ဆိုင်ရာစာ၏ အမြစ်အခြေကို သေချာစုံစေ့အောင် မတွေ့မိခြင်းများကြောင့် မှားယွင်းလေ့ရှိသော ကိုယ်တိုင်မှားပုံနှင့် လက်တွေ့မှားပုံများကို ပြဆိုချက်

၁၊ အချို့ ကျောင်းဆရာတို့နှင့် စာအုပ် ပြုလုပ်ရောင်းစားလေ့ရှိသူ အချို့စာရေးဆရာ အခေါ်ခံသူတို့က ထုတ်ဝေကြသော စာအုပ်များမှာ ကျောင်းသားအများ သင်ကြားရန် စာသားစာကိုယ်များတွင်သော်၎င်း၊ အစိုးရပြဋ္ဌာန်းချက်ပါ သင်ခန်းစာများတွင် ပေါ်လွင်သိသာရန် အဖွင့်များ ရေးသားရာတွင်သော်၎င်း အကြောင်းအကျိုး သဘောသွားမှစ၍ ဝေါဟာရစကားလုံး အသုံးအစွဲ အမှားအယွင်း မကင်းကြသောအရာ အကြိမ်ကြိမ်အခါခါ မကြာမကြာ တွေ့ကြုံရလျက်ရှိပါသည်။

သည်ကဲ့သို့ အမှားအယွင်း မကင်းကြသော အကြောင်းမှာ ၎င်း စာရေးဆရာနှင့် ကျောင်းဆရာတို့သည် ဂမ်းတွင်းပါဉာဏ် အရင်းခံ ညံ့ဖျင်း၍လည်း မဟုတ်၊ ပျင်းရိခြင်း အရင်းခံ၍လည်း မဟုတ်ရှာကြပါ။ သို့ရာတွင် အောက်ပါအချက်ကြီးများက ဖျက်ဆီး၍ နေခြင်းကြောင့် အမှားအယွင်း မကင်းကြခြင်းဖြစ်ပါသည်။

ပထမအချက်မှာ စာရှိသည်ဆိုရုံမျှနှင့် မယုံရ-မယူရသေးပဲ ဆွေးနွေးနှိုင်းညှိ၍ ယုတ္တိတန်မှ-ယူရ လိုက်နာရသော နည်းရှိသည်ကို သတိထားခြင်း ချွတ်ယွင်းကြသောအချက်။



ဒုတိယအချက်မှာ- ရှေးခေတ်နှင့် ယခုခေတ်မတူတော့ပဲ ခေတ်ပြောင်းလဲပုံမျိုးကိုအားကိုးအားထားပြု၍ ရှေးကမရှိသော်လည်း ယခုအခါပေါ်လာသော ဝေါဟာရစုနှင့် ပြုပြင်မှုစုသည် သုခေတ်အလိုက် ထိုက်သက်ရာ အသစ်အဆန်းရှိရမည်၊ ပြုပြင်ရမည်ဟူသော အယူတမျိုး စိတ်ထား ရှေ့ပြေးနှင့် ရှေးကအမည် ရှေးကစကားများကို ယခုခေတ်ထဲသို့ ဆွဲးလွဲးယူငင် ပြုပြင်ပြောင်းလဲလေ့ရှိသည့်အတွက် အကွက်မကျခြင်းကြောင့် ချွတ်ယွင်းကြသောအချက်။

တတိယအချက်မှာ-လူငယ်ကျောင်းသားများ သင်ကြားရာ မှန်ကန်စွာ သိကြမှတ်ကြရန် ဟူသော သူတပါးအကျိုးထက် ကိုယ့်အကျိုးကို ထောက်ရှု၍ သုထက်ငါဦးပြီးလျှင် လျင်မြန်စွာစာအုပ်ပြုလုပ်ထုတ်ဝေရောင်းစားလိုခြင်း၊ပြဋ္ဌာန်းကန့်သတ်ချက် လ,ရက် မလွန်မီ စာအုပ်ထွက်စေလိုခြင်း....အရင်းခံ ရည်သန်ကြသောကြောင့် မှန်ကန် ခိုင်မာသော စာများကို ရှာဖွေကြည့်ရှုမှု-မပြုနိုင်တော့ပဲ မျက်နှာလွှဲးခဲ့ပစ် ပြုလုပ်လေ့ရှိခြင်းကြောင့် ချွတ်ယွင်းကြသောအချက်။

သည်အချက် သုံးချက်ကို အမြွက်မျှ ဖော်ပြသည်မှာ ပုဂ္ဂလဓိဋ္ဌာန်မဖက် ဓမ္မဓိဋ္ဌာန်သက်သက်ရည်ရွယ်၍ ရှေ့အဖို့ ကောင်းမွန်ကြစေရန် ရည်သန် ဖော်ပြပါသည်။

၂။ ဖော်ပြရန်အခွင့်မှာလည်း-“ကိုယ်နှင့်နှိုင်းလျှင်-မရိုင်းနိုင်ဆိုသောစကား၊ ကိုယ်ချင်းစာလျှင်-ညာတာရာရောက်သည်”ဆိုသောစကားများကို သဘောထားပြီးလျှင် ကိုယ်တိုင် ‘အမှားအယွင်း မကင်းဘူးသော အချက်ကို လက်ဦးဖော်ပြလိုက်ပါသည်။

စာရှိသည်ဆိုရုံမျှနှင့် ယုံမိ လိုက်နာမိသည့်အတွက်-အသက် ၁၃-နှစ်ရွယ်က ကိုယ်တိုင်အရှက်ကွဲးရဘူးသောအချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဘုံကျော်တိုက်သစ်၏ ကျောင်းဒါယကာအခွန်ဝန်မင်း ဦးစံက ဘုရား၏ ရှေ့တော်တွင် ဆွဲထားရန် ခေါင်းလောင်းတလုံး သွန်းလုပ်လှူဒါန်းသည်။ ၎င်းအခါ ကဗျာ ဝါသနာပါသူတို့ ခေါင်းလောင်းမော်ကွန်း ရေးသားပြသကြရမည်ဟု ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အမိန့်တော်ရှိသည့်အရ ရေးသားတင်ပြကြသည့်အခါ ကျွန်ုပ်လည်း ခေါင်း

လောင်းစာရေး၍ ပြရာ၌ ပါပါသည်၊ ကျွန်ုပ်ရေးသောစာကို ဖတ်ပြရာ... ၎င်းစာမှာ–"တောင်လှ ခုနစ်တန်၊ ရစ်ဝိုင်းရမ်သည်၊ နတ်ဌာန်ရွှေတု"ဟူ၍ န-သတ်နှင့် မ-သတ် ရော၍ စပ်သော ချိန်ခွင်ညှာခေါ်သော လင်္ကာစသွား အစပ်မှား၍ နေသည့်အတွက် ဘုံကျော် ဆရာတော်က ရှင်ကလေးစာသည် စာဆန်းဖြစ်သည်၊ ကမန္တုတဒေါသ သင့်သည်၊ အသုံးမဝင် ကဗျာဖွဲ့စီလိုလျှင် သတ်ပုံများနှင့် အလင်္ကာများကို အားထုတ်ဦးဟူ၍ အမိန့်ရှိတော်မူသည်။

တပည့်တော့်စာသည် မည်သည့်နေရာ မည်သည့် အချက်တွင် အစပ်ပျက်ပါသလဲဘုရားဟုလျှောက်ထားသည်တွင် သေးသေးတင်နှင့် န,သတ်စပ်ခြင်း၊မ,သတ်နှင့် န,သတ်စပ်ခြင်း များသည် အမှားပင်တည်းဟု-ထပ်မံအမိန့်ရှိတော်မူရာ ရှင်ဝိစိတ္တာလင်္ကာရ သတ်ညွှန်းကို ကိုးကား၍.... "ပရမတ္ထာဂရုအနိဋ္ဌ၊ ပမနိဂ္ဂဟိ တန္တိညေယျံ။လဟု ပညတ္တိဆုန္တ ာ၊ တနာဟိပြေကြေရှေကထာ။ လောကေ နတ္ထိတိ"အစရှိသောစာကို အာဂုံဆောင်လျက် နှုတ်တက်ရွရွ ရွတ်ပြလျှောက်ထားပြန်သော် လှော်တွင်းနစ်ပြန်ပါပြီ၊ သည်စာငယ်ကို ချက်ချင်းမီးနှင့် ရှို့ပစ်လိုက် ချက်ချင်းမီးနှင့် ရှို့ပစ်လိုက်ဟု ခပ်ငေါက်ငေါက် အမိန့်တော်ရှိသည့်ပြင် ရှင်ကလေးသည် စာရှိသည်ကိုသာ သိ၍ ထိုစာသည် မြန်မာအသုံးထုံးမရှိ၊ ပုံမညီ၊ စံမမှီ၊ အရိုးမမိ၊ သက်သေလည်းမရှိ၊ သဘောလည်းမထိသည်ကို မသိလေ။ ထိုစာသည် ပညာရှိတို့ အဆက်ဆက် ပယ်ဖျက်တော်မူကြပြီး ဖြစ်သည်။ ပယ်ဖျက်ပုံကို သိလိုလျှင် ကဝိလက္ခဏာ သတ်ညွှန်း, တွင်းသင်းတိုက်ဝန် သတ်ညွှန်းများနှင့် အမိန့်တော်ပြဋ္ဌာန်းချက်များကို ကြည့်လေဟု အမိန့်တော်ရှိတော်မူသည်ကို ခံရသည်။ သည့်ကဲ့သို့ ကျွန်ုပ်ငယ်ရွယ်စဉ်က မသိဘိသကဲ့သို့ အသိကျန်သူ အချို့ပုဂ္ဂိုလ်များမှာလည်း ရှင်ဝိစိတ္တာလင်္ကာရစာမှားကို ကိုးကားလျက် ရှိကြ သေးသည့်အချက် သက်သေခံအတွက် အမြွက်မျှ ဖော်ပြရရန်မှာ အောက်ပါစာအုပ်များက အမှားအတိုင်းပင် ဖြစ်ပါသည်။

မြန်မာကဗျာဖွဲ့နည်း ရွေးထုံးအစဉ်မှာ ရှင်ဝိစိတ္တာစာရ စာငယ်တွင်ပါသော အသတ်ခြောက်ပါး အစပ်ခြောက်ပါးမျှ မကပါ ကာရန်ကြီး ၁၆၊ ကာရန်ငယ် ၆၄-ပါး၊ ရဿလ ဟုသံ- ၂၀၊ ဒီဃဂရုသံ-၃၆၊ နှစ်ရပ်ပေါင်း ၆၄-ပါးစပ်နည်းများဖြင့်ပိုင်းခြားထားသောမြန်မာကဗျာဖွဲ့နည်းရှိသည်ကိုသိမှီသူများ ရှားပါးပါသေးသည်၊ ရှားပါးရသည့် အကြောင်း



မှာ ပုံနှိပ်စာများတွင် ၎င်း ၆၄-ရပ်စပ်နည်း မပါသေးသည့် အတွက်ဖြစ်ပါသည်၊ သို့ရာတွင် ၎င်းစပ်နည်း ၆၄-ရပ်ပြဋ္ဌာန်းချက် အမိန့်တော်များကို ဦးဖိုးစိန်သို့ ကျွန်ုပ်က ပုံနှိပ်ရန်ခွင့် ပြုသည့် အရ ဦးဖိုးစိန်က ၁၉၂၈-ခုနှစ် ပုံနှိပ်ထုတ်ဝေရာ ပါသော ဝံသာရက္ခိတ္ထကတ်ပုံနှိပ်တိုက်ထွက် "သတ်ထူး ကဗျာစာအုပ်" နောက်ဆက်တွဲမှာ ပါသည့်အတွက် ၎င်းကာရန် ၆၄-ရပ်-ပြဋ္ဌာန်းချက် ပေါ်ထွက်ပြန့်နှံ့စပြုပြီဖြစ်ပါသည်။

အမှားမကင်းပဲးချတ်ယွင်းစွာတွေ့ရသော စာအုပ်များအနက်
အရေးကြီးသော ချွတ်ယွင်းချက်များပါရှိသော
စာအုပ်များစာရင်း *

၁–ကိုးခန်းပျို့ စာကိုစာအုပ်....ဟံသာဝတီ ပုံနှိပ်တိုက်က ၁၈၉၉-ခုနှစ်
ထုတ်ဝေသည်၊ ၎င်းစာအုပ်အကြောင်းကိုစာမျက်နှာ (၃၅၃)ရှိ
လက်တွေ့အပိုဒ် (က) မှာကြည့်ပါ။

၂–ကိုးခန်းပျို့ အဖြေစာအုပ်....ရန်ကုန်မြို့ မင်္ဂလာတိုင်း စာပုံနှိပ်တိုက်က
၎င်းစာအုပ်ကို ၁၉၂၇-ခုနှစ်
ထုတ်သော ပုံနှိပ်သော နေ့စွဲမပါ၊ ၎င်းစာအုပ် အကြောင်းကို စာမျက်နှာ
တွင် လက်ဦးမြင်ရသည်၊ ၎င်းစာအုပ် အကြောင်းကို စာမျက်နှာ (၃၅၅) ရှိလက်တွေ့အပိုဒ်(ခ)မှာကြည့်ပါ၊ ကိုးခန်းပျို့အဖြေကို ရွှေဘိုနယ်ကပုဂ္ဂိုလ်တဦးဖြေဆိုသည်၊ ဖြေဆိုသူအမည်ကို မသိနိုင်ပါ၊ ၎င်းအဖြေကို-ပြင်ဆင် ပုံနှိပ်သူတို့မှာ - နေရှင်နယ်ကျောင်းက နာမည်ကျော်ဆရာကြီး တဦးနှင့် အစိုးရ ဟိုက်စကူးကျောင်းက ဆရာကြီးတဦးတို့ စီစဉ်ပုံနှိပ်ကြသောစာအုပ်ဖြစ်ပါသည်။

၃–ကဗျာဖွဲ့နည်းကျမ်း....မြန်မာအမျိုးသား စာပုံနှိပ်တိုက်က ၁၉၂၇-ခုနှစ်
ထုတ်သည်၊ နေရှင်နယ်ကျောင်းသုံးစာအုပ်။ ၎င်းစာအုပ် အကြောင်းကိုစာမျက်နှာ(၃၅၅)ရှိလက်တွေ့အပိုဒ် (ဂ) မှာကြည့်ပါ၊ ၎င်းစာအုပ်သည် နေရှင်နယ်ကျောင်း အထက်တန်းဆိုင်ရာ ကဗျာလင်္ကာဆရာကြီးအမည်ခံသူ ပြုစုစီရင်သော စာအုပ်ဖြစ်ပါသည်။

* ၎င်းစာအုပ်များ ကျွန်ုပ်ရှေ့သို့ ရောက်သည့်မှာ အချို့အချက်များတွင် သင်္ကာမကင်းကြ၍ စောဒကဝင်သော့ကြောင့် တွေ့မြင်ရခြင်း ဖြစ်ပါသည်။

၄–ဒီပနီအမည်မှည့်သော စာအုပ်....မြန်မာစာညွန့်ပေါင်း ပထမတွဲစာအုပ်ကို ဖွင့်ဆိုဖော်ပြသော ရန်ကုန်မြို့ ဘီဘီမစ်ရှင်–ပုံနှိပ်တိုက်က ထုတ်သော–ပုံနှိပ်သော နေ့စွဲးမပါ၊ ၎င်းစာအုပ်ကို ၁၉၂၈–ခုနှစ်တွင် လက်ဦးမြင်ရသည်၊ ၎င်းစာအုပ်အကြောင်းကို စာမျက်နှာ(၃၅၇) ရှိ လက်တွေ့အပိုဒ်(ဃ) မှာကြည့်ပါ။

၎င်းစာအုပ်သည်–ပထမကျော်အောင်ပြီး ဆရာကြီး တဦးနှင့်–အစိုးရဟိုက်စကူးကျောင်းက မြန်မာဆရာ ၂–ဦးတို့စီရင်ပြုစုသော စာအုပ်ဖြစ်ပါသည်။

၅–အလင်းပြအမည်မှည့်သော စာအုပ်....မြန်မာစာညွန့်ပေါင်း ဒုတိယတွဲကိုဖွင့်ဆို ဖော်ပြသော ရန်ကုန်မြို့ ကဝိမိတ်ဆွေပုံနှိပ်တိုက်က ထုတ်သောစာအုပ်ဖြစ်သည်၊ ၎င်းစာအုပ်ကို ၁၉၂၈–ခုနှစ်တွင်လက်ဦးမြင်ရသည်၊ ၎င်းစာအုပ်အကြောင်းကို စာမျက်နှာ (၃၅၉) လက်တွေ့အပိုဒ် (င) မှာကြည့်ပါ၊ ၎င်းစာအုပ်သည် နေရှင်နယ်ကျောင်း ကျောင်းအုပ်ဆရာကြီးတဦး ပြုစုစီရင်သော စာအုပ်ဖြစ်ပါသည်။

၎င်းပြင်ကျွန်ုပ်၏ အသက် ၂၇–နှစ်ရောက်၍ ကျောက်စာများကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားရာ အစိုးရ ပုံနှိပ်တိုက်က ၁၈၉၂–ခုနှစ်ထုတ်–ကျောက်စာစာအုပ်စာမျက်နှာ ၉၁–မှာပါသော မူလကျောက်စာ စာကိုယ်တွင်–သုပျနှစ် ဟုပါနေသည်ဖြစ်၍ နှစ်၏အမည် ၁၂–မျိုးနှင့် တိုက်သော် မကိုက်သော့ကြောင့်၊ ၁၁၄၇–ခုနှစ်ကရေးသော ပေစာမှာကြည့်ရာလည်း–သုပျနှစ် ဟု တွေ့ရပြန်ချေ၍–မကျေနပ်သေးဘဲ ဝိဋကတ်တတ်ဆရာကြီး–ဆရာသန့် ဆိုသူကို ဆွေးနွေး မေးမြန်းရာ ပျသည်ပြဿဒ်ဆော့နှင့် တူတန်ရန်ရှိသည်၊ နက္ခတ်, နက်သျှတ်, နက်သတ်, ခေါ်သောဝေါဟာရမျိုး သဘောသွားကဲ့သို့ အလားတူသည်၊ သုပျကို သုချ, သုချကို သုခ ဟု–ဖတ်ယူ နိုင်သည်၊ ချမ်းသာသောနှစ် ဆိုလိုသည် ဟုပြောပြသည့်အတွက် ကျောက်စာကို သေချာစွာကြည့်ရှုရာလည်း သုပျဟု ထင်ရ၊ ပေစာမှာလည်း သုပျဟု မြင်ရသည်အတွက် ၁၈၉၁–ခုနှစ်တွင်–သုပျဟု ပုံနှိပ်ရန်စီမံလိုက်ရပြီးနောက် ၁၈၉၅–ခု ပုဂံသို့ရောက်၍ ကျောက်စာဟောင်းများကို စုံစမ်းရှာဖွေ စိစစ်သော် သက္ကရာဇ် ၉၀၀–ကျော်ကရေးကူးသော ၎င်းကျောက်စာ ပေမူကို လေးထောင့်ကန်ကျောင်းမှာ



တွေ့၍ကြည့်ရှုရာ ၎င်းပေစာတွင် သုပျမဟုတ် "ပုသျှ" ဟု တွေ့ရပေမှ ကျေနပ်ရ ပေတော့သည်၊ ကျေနပ်ရပုံမှာ နှစ်အမည် ၁၂–မျိုးတွင် ပုသျှနှစ်ကို ပုသျှနှစ်ဟု ရေးသည့်အရာကို တွေ့ရမှသာ သက်သေကင်းရှင်းရပေတော့သည်၊ သို့ရာတွင် ပုံနှိပ်ရပါသွားသော စာမှားအမိုက်ကို လိုက်၍ ပြင်နိုင်ရန် အလွန်ခဲယဉ်းသည့်အတွက် ယူကျုံးမရ နောင်တပူပန်ခြင်းဖြစ်ရတော့သည်။

ကျွန်ုပ်ကဲ့သို့ စာရှိသည်ဆိုရုံမျှနှင့် ယုံကြလိုက်နာကြသည့်အတွက် အသုံးအစွဲးစကား အဓိပ္ပါယ်သဘောသွား အယွင်းအမှား ပြန့်ပွားလျက်ရှိသောစာအုပ်များတွင် စံတင်ရုံမျှ ဖော်ပြရန်စာအုပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### (က) ဟံသာဝတီပုံနှိပ်တိုက်က ၁၈၉၉–ခုနှစ်ထုတ်–ကိုးခန်းပျို့ စာကိုယ် စာအုပ်အကြောင်း

၎င်းစာအုပ် စာမျက်နှာ(၁၀၅) ရှိ တမ္ဗပဏ္ဏိ–ချီအပုဒ်တွင် "ဝမ်းထဲမှုတိမ်း၊ ရန်စစ်ငြိမ်းသည်....သစ်စိမ်းထင်းနှယ် ချိုးသတည်း"ဟု တမ္ဗပဏ္ဏိအစား တမ္ဗပဏ္ဏိဟူ၍၎င်း၊ ရန်စစ်ထိမ်း၏အစား ရန်စစ်ငြိမ်း ဟူ၍၎င်း ပါရှိနေခြင်း။

၎င်းစာအုပ် ၎င်းစာမျက်နှာတွင်ပင်–"ထို့ကြောင့် မှတ်လော၊ ရှင်စောမြတ်စိတ်၊ သုံးလူ့မိတ်သည်၊ အဘိဏ္ဍရေထ" ဟု–ထို့ကြောင့် မှတ်လောအစား ထို့ကြောင့် မှတ်လောဟူ၍၎င်း၊ အဘိဏ္ဍရေထကို အဘိဏ္ဍရေထ ဟူ၍၎င်း ပါရှိနေခြင်းများသည် စာရှိသည်ဆိုရုံမျှနှင့် မယုံရ မလိုက်နာရသော ဘုံကျော် ဆရာတော်ကြီးမှု, မုံရွေး ဆရာတော်မှု, ကင်းဝန်မင်းကြီးမှု, ဝိဋကတ်တော်အုပ် မိုင်းခိုင်းမြို့စား အတွင်းဝန်မင်းတို့၏ မူများမှာ တမ္ဗပဏ္ဏိ–ဟူ၍၎င်း၊ ရန်စစ်ထိမ်းသည်–ဟူ၍၎င်း၊ ထို့ကြောင့် မှတ်လောဟူ၍၎င်း၊ အဘိဏ္ဍရေထ–ဟူ၍၎င်း အသီးအသီး သေချာစွာ ပြမှာလာရှိပြီးဖြစ်ပါသည်။

တမ္ဗဟူသောပါဠိ၏ အဓိပ္ပါယ်မှာ ကြေးနီကဲ့သို့ နီသောအဆင်းကို ဆိုလိုသည်၊ တမ္ဗဟူသောပါဠိမှာ ရှာ၍မတွေ့ပါ။

ရန်စစ်ထိမ်းဟူသည်ကား အကုသိုလ်တရားပယ်နည်း နှစ်မျိုးတွင် သစ်စိမ်းများအားချိုးဖျက်သကဲ့သို့ အရိယာမဖြစ်သေးသူတို့ကတဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်လှန်နည်းကိုဆိုလိုသည်၊ သစ်စိမ်းကိုချိုးသော်လည်း ချိုးပြီးနောက် အညွန့်ပေါက်တတ်သည်။ရန်စစ်ငြိမ်းဟူသည်ကား အကုသိုလ်တရားပယ်နည်း နှစ်မျိုးတွင် သစ်ရောင်းများအား ချိုးသကဲ့သို့ အရိယာဖြစ်ပြီး သူတို့က သမုစ္ဆေဒပဟာန်,ပဋိပဿဒ္ဓိပဟာန်ဖြင့် ပယ်လှန်နည်းကိုဆိုလိုသည်၊ သစ်ရောင်းကိုချိုးပြီးနောက် အညွန့်မပေါက်နိုင်ပါ၊ ဟတ္ထိပါလဘဝမှာ အရိယာ မဖြစ်သေးပါ ရန်စစ်ထိမ်းသည်ရှိမှ သစ်စိမ်းထင်းနှယ်ချိုးသတည်းဟူသော လင်္ကာအစပ်နှင့် ဟပ်မိပါသည်။

ကိုးခန်းပျို့ကို မဆိုမီ စီရင်တော်မူသော ပုံတောင်နိုင်မော်ကွန်းတွင်-"ကြေညာခပ်သိမ်း၊ ရန်စစ်ထိမ်းသည့်၊ မူတိမ်းမပွား"ဟု စပ်ဆိုပါရှိခဲ့ပြီးဖြစ်ပါသည်။ ထိမ်း၏ အဓိပ္ပါယ်မှာ "ခုတ်,ဖြတ်" ခြင်းအနက် "ကွဲးကွာခြင်း" အနက်များ၌ စကားဆက်အလိုက် ထိုက်သက်ရာ ယူရပါသည်။ မောင်းထောင်ဆရာတော် ရေးသော ပေါရာဏကထာပါဠိတွင်-"ထိမ်းတိ-ခုတ်,ဖြတ်တိဝုစ္စတေ"ဟူ၍ ပြဆိုပါသည်၊ ခုတ်အနက်တခြား, ဖြတ်အနက်တခြား ကွဲးပြားပါသည်။

ထို့ကြောင့်မှတ်လော ဟူသည်ကား-ထို့ကြောင့်မဟုတ်လော, ဆိုလိုသည်၊ မြန်မာသန္ဓိစပ်နည်းကိုပြဆိုခြင်း ဖြစ်သည်။ မှတ်လော ဟူသောစပ်ထုံးကဗျာများမှာ များစွာရှိပါသည် ကျယ်လွန်းအံ့စိုး၍ ချန်ထားခဲ့ပါသည်။ မြန်မာသန္ဓိစပ်နည်းရှိသည်ကို ကိုးခန်းပျို့မှာပင်-"ပုဒ်စပ်ချောမွေ့သံထွေခြားဖြတ်၊ သံလွှတ်ဖွင့်ဆို" စသည်ဖြင့် မြန်မာဘာသာဗျည်းနှင့်ဆယ်ပါးကို စပ်ဆိုဖော်ပြတော်မူခဲ့ပြီးရှိပေသည်။

အဘိဏ္ဍဒရထ ဟူသောပါဠိ၏အဓိပ္ပါယ်မှာ-လျှင်မြန်စွာ ပြုခြင်းကိုဆိုလိုသည်၊ ကုသိုလ်မှုကိုအမြန်ပြုရန်, အကုသိုလ်မှုကို ဖျက်ဆီးတားမြစ်ရန် ဟူသော ဓမ္မပဒ ပါပဝဂ်လာ အဘိဏ္ဍရေထကလျာဏေ-ဟူသောဂါထာကို အာဂုံပြုယုဂ်ထုတ်၍ ထို့ကြောင့်မဟုတ်လောဟု သက်သေခံရှိပုံကိုပြဆိုခြင်းဖြစ်သည်။အဘိဏ္ဍရေထဟူသောပါဠိမှာ ရှာ၍မတွေ့ပါ။

ကိုးခန်းပျို့စာကိုယ်စာအုပ်အတွက် အမြွက်မျှဖော်ပြချက်ပြီးပြီ။

---



## (ခ) မင်္ဂလာတိုင်းစာပုံနှိပ်တိုက်က ထုတ်သော-ကိုးခန်းပျို့အဖြေစာအုပ်အကြောင်း

၎င်းစာအုပ်တွင် ကျွန်ုပ်မှားဘူးသကဲ့သို့ပင် မှားယွင်းစွာ ရှင်ဝိစိတ္တာစာရ၏ သတ်ညွှန်းငယ်စကားကို ကိုးကားဖော်ပြလျက် တွေ့ရသောအချက်မှာလည်း လက်တွေ့ပင် ဖြစ်ပါသည်။

၎င်းပြင် တမ္ဗနှင့်တမ္ဗ,ထိမ်းနှင့်ငြိမ်း,မှုတ်လောနှင့် မှတ်လော-စသောအချက်များမှာလည်း ပျို့စာကိုယ်တွင်ပါသောအမှားအတိုင်း မှားလျက်ပင် တွေ့မြင်ရပါသေးသည်။

ကိုးခန်းပျို့ အဖြေစာအုပ်အတွက် အမြွက်မျှဖော်ပြချက် ပြီးပြီ။

---

## ဂ-မြန်မာအမျိုးသား စာပုံနှိပ်တိုက်က ၁၉၂၇-ခုနှစ်ထုတ်သော ကဗျာဖွဲ့နည်းစာအုပ်အကြောင်း

၎င်းစာအုပ်တွင် ကျွန်ုပ်မှားဘူးသကဲ့သို့ပင် မှားယွင်းစွာ ရှင်ဝိစိတ္တာစာရ၏ သတ်ညွှန်းငယ်စကားကို ကိုးကား ဖော်ပြလျက် တွေ့ရသောအချက်မှာလည်း လက်တွေ့ပင်ဖြစ်ပါသည်။

၎င်းပြင် ၎င်းစာအုပ်တွင် လေးဆစ်ချိုးကို ကြိုးချိုးဟု ပြုပြင်သုံးစွဲထားသောအချက်မှာလည်း လက်တွေ့ပင်ဖြစ်ပါသည်။ ပြုပြင်ပုံကို ဆိုသော်ပြဆိုမနိုင်မနာသောစာများမှာ ကြိုးချိုးဟု ယခုကာလအချို့ဆရာတို့က မမြကလေးဆိုချက်ရှိသည့်အလျောက် အနောက်နန်းမိဖုရားဟောင်း "ကြာခြည်ရုံချီကြိုးချိုး"ဟု အမည်ပြောင်းလွှဲ ကြာခြင်ရုံချီ လေးဆစ်ချိုးကို ခြည်ရုံ-ဟု စာဖော်ပြထားခြင်း၊ ခြင်ရုံ-ဟူသော စာလုံးပေါင်းကိုလည်း စာရှိသည်ဆိုရုံမျှနှင့် ယုံကြည်လုံးပေါင်း ပြောင်းလွှဲထားခြင်းမှာလည်း သတိလစ်ဟင်း၍ ချွတ်ယွင်းသောထိုက်နာ၍ စာစုံအောင်ကြည့်ရန် အချက်ပင် ဖြစ်ပါသည်။ ကြောင့် အမှားကို ကိုးကားသောအချက်ပင် ဖြစ်ပါသည်။

၎င်း မမြကလေး ရေးသောစာကို ရေးအခါကပင် လေးဆစ်ချိုးတေးဟု ရေးခဲ့ကြ မှတ်ခဲ့ကြပြီးဖြစ်ပါသည်။ ကဗျာဝိဇ္ဇာ, ရာဇဝင်ဝိဇ္ဇာ

ဟု မြန်မာမင်း နှစ်ဆက် လက်ထက်တွင် ထင်ရှား ကျော်စောသော ရွှေတိုက်စိုးမင်းဦးလန်း, သံတော်ဆင့်မင်း ဦးသာအောင်တို့ စုဆောင်းကြသော မဟာဂီတမေဒနီလက်ဟောင်းကျမ်း၊ ပုရပိုက်မူ ပေမူများနှင့် အဌမဟာပဏ္ဍိတဘွဲ့ရ ကိုးဆောင်အုပ်ကျောင်းဆရာတော် ဦးဝိပုလစီစဉ်ပြုစု၍ ၁၉၀၉-ခုနှစ် ပုံနှိပ်ထုတ်ဝေသော ကဗျာ့သင်္ဂဟ မေဒနီ-ကျမ်းများတွင် အနောက်နန်းမိဖုရားမမြကလေးဆို-လေးဆစ်ချိုးသဖြန်ဟု မှန်ကန်စွာ ဖော်ပြကြသော အထောက်အထား များလည်း ထင်ရှားရှိပါသည်။

လေးချိုးကိုတြိချိုးဟု အမည်တမျိုး ပြောင်းလဲပြီးလျှင် ပြင်ဆင်ကြခြင်းမှာ အစပ်ကြီး,အစပ်ငယ်၊ အဟပ်ကြီး, အဟပ်ငယ်၊ အခံကြီး, အခံငယ်၊ အအုပ်ကြီး,အအုပ်ငယ်၊ ကွပ်သိမ်းချက်ကြီး, ကွပ်သိမ်းချက်ငယ် သဘောသွားများကို သတိမထားမိခြင်းကြောင့် အမှားမကင်း ချွတ်ယွင်းကြခြင်းဖြစ်ပါသည်။ သိသာရပုံကိုဆိုသော် ထိုကဗျာဖွဲ့နည်းစာအုပ်တွင် လေးဆစ်ချိုးသဘောသွားကို ခွဲခြားမှတ်သားရန် ဖော်ပြချက်မပါခြင်း၊ လေးဆစ်ချိုး သဘောသွားနှင့် ထပ်တူကျသော အခံအအုပ်၊ ကွပ်သိမ်းချက်များနှင့် ရေးရသော တေးရိုးတေးတွဲ့ စာကိုယ်များမှာလည်း မပါမရှိခြင်း....ကြွင်းကျန်လစ်ဟင်းသောအချက်မှာလည်း လက်တွေ့ပင်ဖြစ်ပါသည်။ သည်ကဲ့သို့ လစ်ဟင်းသည်မှာ တေးရိုးတေးတွဲ့ စာကိုယ်များကို မတွေ့မိ၍သော်၎င်း၊ တေးရိုးပေါ်ပြီးမှ တေးထပ်,တေးတွဲ့များ တိုးပွားပေါ်လာပုံကို သတိမထားမိ၍သော်၎င်း လစ်ဟင်းဟန်တူသည်ဟု ယူရုံသာရှိပါသည်။

သို့ရာတွင် အချို့ဆရာတို့က ခေတ်ကိုလု၍ ခုခံချေပ ကြသေးသည်မှာ ရှေးအခါက တြိချိုးဟူသော ဝေါဟာရမရှိဘူးသော်လည်း ယခုခေတ်အရ တြိချိုးဟု ပြုပြင်ခေါ်တွင်သော ဝေါဟာရအသစ် ဖြစ်နိုင်ရိုးရှိသည်ဟု ထုချေ၍ ဆင်ခြေဝင်ကြသောအချက်မှာလည်း လက်တွေ့ပင်ဖြစ်ပါသည်။ ဆင်ခြင်တုံတရားရှေ့သွားနှင့် စဉ်းစားကြည့်ရှုသော် ယခုခေတ်အလိုက် အသစ်ဖြစ်ပေါ်သော တြိချိုးဟူသော ဝေါဟာရ ရှိနိုင်ခေါ်နိုင်ကြသောလမ်းဖြောင့်တန်းလျက်ရှိသည်ကိုငြင်းဆိုရန်မရှိပါ။ သို့ရာတွင် ရှေးအခါ အနှစ် ၁၀၀-ကျော်က ရှိခဲ့ပြီးသော အနောက်နန်းဟောင်း မမြကလေးရေးသော လေးဆစ်ချိုးကို တြိချိုးဟုပြင်လျှင် ဆင်



နားရွက်ကို ကြွက်တွင်းတပ်ဘိသကဲ့သို့ ရှိမည်ကို သတိထားရန်လိုပါသည်။ သည်အချက်များမှတပါး အခြားအမှားများ အားကြီးရှိသေးသည်။ ဒုတိယပိုင်း အဝှန်းဂဏန်းစဉ် ၆၅၊ ဆိုင်ရာအမှတ် (စ) မှ (ဌ) အထိ ဖော်ပြချက်ကို ကြည့်ပါဦး။

ကဗျာဖွဲ့နည်းကျမ်းစာအုပ်အတွက် အမြွက်မျှဖော်ပြချက် ပြီးပြီ။

---

### (ဿ) မြန်မာစာညွှန့်ပေါင်းပထမတွဲစာအုပ်ကို ဖွင့်ဆိုသော ရန်ကုန်မြို့ ဘီဘီမစ်ရှင် ပုံနှိပ်တိုက်က ထုတ်သော ပုံနှိပ်နေ့စွဲမပါသော ဒီပနီအမည်မှည့်သော စာအုပ်အကြောင်း

ငှင်းစာအုပ်တွင်လည်း ကျွန်ုပ်မှားဘူးသကဲ့သို့ပင် မှားယွင်းစွာ ရှင်ဝိစိတ္တာစာရ၏ သတ်ညွှန်းငယ်စကားကို ကိုးကားဖော်ပြလျက် တွေ့ရသောအချက်မှာလည်း လက်တွေ့ပင် ဖြစ်ပါသည်။

ငှင်းပြင် "မျက်သုတ်နီစင်" ဟူသော ဝေါဟာရကို အနီရောင်မရှိ၊ ဖြူလွှင်သော မျက်နှာသုတ်ပုဝါဟု အဝယဝဏ္ဏတွင် ဖော်ပြ ပြီးနောက် နီသောအဆင်းရှိသောအဝတ်ဟူ၍-ဝိဏ္ဏုဏ္ဏမှာပြဆိုပြန်သည်။ မျက်သုတ်နီစင်-ဟူသောအဝတ်မှာ 'ရွှေခါးစည်း'ပုဝါကို ဆိုလိုပါသည်။

ငှင်းပြင် မြန်မာစာညွှန့်ပေါင်းမူရင်းတွင် မျက်သုတ်နီစင်ဟု စတွင် င သတ်လျက် မှန်ကန်စွာပါရှိသည်ကို ဒီပနီဆရာတို့က စ-တွင် ဥ သတ်နှင့် ပြုပြင်သောအားဖြင့် လိုအပ်သောအနက် ပျက်သွားပါသည်။ င-သတ်စင်မှာ စင်ကြယ်သည်ကို ဆိုလိုပါသည်။ ဥ-သတ်စဉ်မှာ အစီအစဉ်ကို ဆိုလိုပါသည်။

ငှင်းပြင် စုလစ်ဖျားကားဟူသော ဝေါဟာရကို စုလစ်မွန်းချွန်တပ်သော ငှက်မြတ်နားဟူ၍ ဒီပနီဆရာတို့က ဖွင့်ပြပါသည်။ ငှက်မြတ်နားကို ဆိုလိုသည် မဟုတ်ပါ၊ စုလစ်ဟူသော ဝေါဟာရ အဓိပ္ပါယ်မှာ အဆောက်အဦများ၏ အထက်ဝါတွင် အပြောက်များက အဖျားများကို အလုံးစုံ၍ ခေါ်သော ဝေါဟာရဖြစ်ပါသည်။

ငှင်းပြင် ရောင်ညီလေးဦးဟူသော ဝေါဟာရကို-ကကုသံ, ကောဏာဂုံ, ကဿပ, ဂေါတမ-ဟူသော ဘုရားလေးဆူဟု ဖွင့်ပြပါသည်။

ဘုရားလေးဆူ၏ အရောင်မှာ ညီမျှခြင်းမရှိပါ၊ အချို့ဘုရားအရောင်မှာ-အတောင်ရှစ်ဆယ်ကစ၍ အသီးအသီး လျော့လာကြပြီးလျှင် ဂေါတမဘုရားအရောင်မှာ-လေးတောင်သာ အမြဲတည်ပါသည်။ မူလစာ၏ အဓိပ္ပါယ်မှာ ကမ္ဘာတိုင်း အရောင်တူညီသောမြင်းမိုရ်တောင်၏အရောင်လေးမျိုးကို ဆိုလိုရင်းဖြစ်ပါသည်။ ကကုသံဂုံ-ဟူ၍ ရေးသည်မှာလည်း ရေးရိုးမမှန်ပါ။ ကကုသံဘုရားဟူ၍သာ ရေးသင့်ပါသည်။ ဂုံ-ဟူ၍ မပါရပါ။

၎င်းပြင် မြန်မာစာညွှန့်ပေါင်း ပထမတွဲတွင်-"မင်းမျိုးဇာတိ၊ တန်ခိုးရှိသား၊ ဗောဓိရာဇ၊ ကုမာရအား၊ လက်သမားဆရာ၊ တတ်ပညာဖြင့်၊ သက္ကာဝါသ၊ ပါသာဒသို့"-ဟူ၍ ပါရှိသည်ကို ဒီပနီဆရာတို့က ဘုရားလောင်းမင်းသားအား သိကြားဖန်ဆင်း၍ပေးသော ပြာသာဒ်ဟု ဖွင့်ပြကြပါသည်။ မူလစာ၏ အဆိုမှာ-ဗောဓိမင်းသားကလေးကို ကမ္ဗဝါဟနအမည်ရှိသူ လူလက်သမား၏အစွမ်းဖြင့် ဆောက်လုပ်ပေးသော ကောကနဒပြာသာဒ်အဆောက်အဦကိုဆိုလိုရင်းဖြစ်ပါသည်။ ထိုဗောဓိကုမာရမင်းသားမှာ မြတ်စွာဘုရားလက်ထက်တွင်ရှိသော သံသုမာရဂိရိပြည့်ရှင် ဘုရင်၏သားကလေးကို ဆိုလိုပါသည်။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာမှာ လာသော ဗောဓိကုမာရမင်းသား၏ ပြာသာဒ်ကိုရည်ပြီးလျှင် ရှင်ရဋ္ဌသာရက စပ်ဆိုရင်းဖြစ်ပါသည်။ ထိုအဖွင့်စာအုပ်မှာ စာမျက်နှာ (၁၀၀) ကျော်ရှိပါသည်။ မှားသောအချက်မှာလည်း (၁၀၀) မက တွေ့ရပါသည်။ အကျယ်သိလိုမူ ထိုစာအုပ်ကို ကျွန်ုပ်ကသုတ်သင်သော စံပြကျမ်း-ပထမပိုင်း မှာ သေချာစွာ အကိုးအကားနှင့်တကွ ဖော်ပြရှင်းလင်းပြီးရှိသည်ကို ကြည့်လျှင် တွေ့မြင်နိုင်ပါသည်။

မြန်မာစာညွှန့်ပေါင်း ပထမတွဲကို ဖွင့်ဆိုသော ဒီပနီအမည်မှည့်သော စာအုပ်အတွက် အမြွက်မျှ ဖော်ပြချက် ပြီး၏။

---



(င) မြန်မာစာ ညွှန့်ပေါင်း ဒုတိယ စာအုပ်ကို ဖွင့်ဆိုဖော်ပြသော ရန်ကုန်မြို့ ကဝိမိတ်ဆွေ ပုံနှိပ်တိုက်က ထုတ်သော အလင်းပြအမည်မှည့်သောစာအုပ်အကြောင်း

၎င်းစာအုပ်တွင် ကဗျာဖွဲ့နည်း ကျမ်းကဲ့သို့ပင် ရှင်ဝိစိတ္တာစာရ၏ သတ်ညွှန်းစာငယ်များကို ကိုးကားဖော်ပြလိုက်နာလျက် ရှိပါသည်။

၎င်းပြင်အမရပုရမြို့ကျမှ ဇေယျရန္တမိတ်ဘွဲ့ရသော တောင်ခွင်မြို့စား ဦးသာအောင်ကို တောင်ငူ ဇေယျရန္တမိတ်ဟု ဖွင့်ပြခြင်း။ မိန်းမများ ပိုင်းဝင်သော သစ်သားကိုလုပ်သော အသက်မရှိသောရုပ်ခေါ်သော ဝဏ္ဏကို အသက်ရှိသော တောထဲက တိရစ္ဆာန် ယစ်ကောင်ဟုဖော်ပြခြင်း။လူများ-ချက်ပြုတ် ကြော်လှော်၍ စားရသော အသက်ရှိသော ငါးပေါင်စင်းခေါ်သော တိရစ္ဆာန်ကို အသက်မရှိသော ဟင်းရွက်တမျိုးဟု ဖွင့်ပြခြင်း။ ငွေနှင့်ကြေးနှင့် စပ်သော ကာရပ်ခေါ်သော ပဟိုရ်ခေါင်းလောင်းကို ငွေယပ်ဟုဖွင့်ပြခြင်း။ စံပြုရသော ရစ်တံကို သစ်ပင်ကအဖျားအငုံဟုဖွင့်ပြခြင်း-စသောအားဖြင့် စာမစုံဟန့်ကြောင့် အသိကျန်ခြင်းများအတွက် အမှားအယွင်း မကင်းသောအရာ များစွာ တွေ့မြင်ရပါသည်။ ထိုအလင်းပြကျမ်းစာအုပ်မှာ စာမျက်နှာ (၁၀၀) ရှိပါသည်။ မှားသောအချက်မှာလည်း (၁၀၀) မက တွေ့ရပါသည်။ အကျယ်သိလိုမူ ထိုစာအုပ်ကို ကျွန်ုပ်က သုတ်သင်သော စံပြကျမ်း-ဒုတိယပိုင်း မှာ သေချာစွာ အကိုးအကားနှင့်တကွ ဖော်ပြရှင်းလင်းပြီးရှိသည်ကို ကြည့်လျှင် တွေ့မြင်နိုင်ပါသည်၊ ၎င်းစာအုပ်ကို ပုံနှိပ်ပြီးပါပြီ။

မြန်မာစာညွှန့်ပေါင်း ဒုတိယတွဲကိုဖွင့်ဆိုသော အလင်းပြအမည် မှည့်သော စာအုပ်အတွက် အမြွက်မျှဖော်ပြချက်ပြီး၏။

---

## ၂၂–တောင်ငူခရိုင်ဝန်မင်း တိုက်တွန်းချက်စာ ၅-မှတ်မှာပါသော ရတုအမျိုးအစား ၁၈–ပါး သဘောသွားကွဲပြားပုံများကို ဇယားကွက်အသွင် သစ်ပင်အလား ရေးသားပြဆိုချက်


၁၊ မူလကဗျာဗန္ဓသာရကျမ်းတွင် ရတုအကြောင်းကို ပြဆိုခဲ့သည့်မှာ ကဗျာကိုရတုခေါ်ပုံ, မြန်မာဘာသာ ရတုခေါ်သော ဝေါဟာရများစွာရှိပုံ, သက္ကတဘာသာ ရိတုမှလာသော ရတုရှိပုံ ကျမ်းများနှင့် ရတု သုံးရပ် ငါမျိုးများကိုသာ စာကိုယ်များ စပ်နည်းများနှင့် တကွ နားစိမ်းသေးသူတို့ အထောက်အထား အလတ်စားလောက်သာ လိုက်နာနိုင်ရန် ဖော်တန်သမျှ စံပမာဏ ဖော်ပြခဲ့ရသည်အတွက် နောက်ဆက်တွဲ ရေးရန် တောင်းပန် တိုက်တွန်းရှာသော ဆရာတောင်ငူခရိုင်ဝန်မင်းကို အကြည်အညို အရိုအသေ ပြု၍ ယခုစာဝယ် အကျယ်ပြဆိုမည်။ သို့ရာတွင် အထက်မူလ ကဗျာဗန္ဓသာရကျမ်းမှာပါပြီးစုကို ယခုဖော်ပြရာတွင် ပါဝင်တော့မည်မဟုတ်။

ယခုရတုအကြောင်းကို မကြည့်မီ မူလ ကဗျာဗန္ဓသာရကျမ်း ပထမကဏ္ဍ-ဒုတိယပိုင်း, ဂဏန်းစဉ် ၁၉-က ၂၂-ထိများတွင် တရပ်။ ပထမကဏ္ဍ-တတိယပိုင်း, ဂဏန်းစဉ် ၄-တွင် တရပ်။ ဒုတိယကဏ္ဍ-တတိယပိုင်း ဂဏန်းစဉ် ၂-ကစ၍ ၇-ထိတွင် တရပ်။ တတိယကဏ္ဍ-စတုတ္ထပိုင်းတွင် တရပ် လေးရပ်ကို ကြည့်ရှုပြီးမှ ယခုရတုအတွက် ဖော်ပြချက်ကို ဆက်လက်ရှုကြည့်မှသာ သေချာစေ့ငနည်းရှိသမျှ ထိမိကျနသိကြလိမ့်မည်။

၂၊ ရတုရေးနည်းနှင့် စပ်သောအရာများတွင် ထင်ရှားသော ဝေါဟာရများမှာ အောက်ပါ(က) မှတ်ဇယားပုံအတိုင်း ၁၈-မျိုးရှိသည်ကို သိသာရသည်။ ၎င်းပြင် ပုံနှိပ်စာများမှာ မပါသေးသော ရှေးရှည်မြင့်စွာအခါက တနည်းအားဖြင့် ပုဂံ ကောင်းစားစဉ် အခါက ရတု ခေါ်ကြသော ကဗျာစုမှာ ယခုကဗျာစုနှင့်မတူ သံယူသံထား ကွဲပြား ခြားနားသည်။

၃၊ ခြားနားပုံကား .... ရတုဟောင်းစုမှာ- တီးချက်၊ စည်းချက်၊ လက်ခုပ်ချက်၊ အထက်နှင့်အောက်၊ ရှေ့နှင့်နောက်၊ အတီးအခံ၊ ဆိုသံကဟန် အပြန်အလှန် လိုက်နိုင် ကိုက်နိုင်သည်။ အထက် ဆိုသည်ကား စင်ပေါ်က သီရကရသူ သဘင်သည်ကို, အောက်ဆိုသည်ကား စင်အောက်က တီးရ မှုတ်ရသူ ရကင်းသည်ကို ရှေးက ခေါ်ကြသော ဝေါဟာရပင်တည်း။ ရှေ့နောက် ဆိုသည်မှာလည်း ထိုနည်းတူပင် သဘင်သည်ကိုရှေ့၊ ရကင်းသည်ကို နောက် ခေါ်သည်။ အဝှန်းဂဏန်းစဉ် (၃၆)မှာပါသော အမိန့်တော်ဟောင်းနှင့် အဝှန်းဂဏန်းစဉ် (၉၂)မှာပါသော ရှေးဟောင်းရတု စာကိုယ် ၃-မျိုးကိုကြည့်။ အဟောင်းဆုံးမှာ ရေးသူကို မသိသော်လည်း ၎င်းအဟောင်းကိုတု၍ ဒုတိယ လိုက်နာသူမှာ တောင်ငူရှင်ဘုရင်နတ်သျှင်နောင်ဖြစ်သည်။ တတိယလိုက်နာသူမှာ အလောင်းမင်းတရားလက်ထက်ကစ၍ အမရပုရ ပထမမြို့နန်းတည် ဘိုးတော်လက်ထက်ထိ ထင်ရှားသော တရားသူကြီး-မဟာသီဟသူရဘွဲ့ခံ ဦးမြတ်စံ ဖြစ်သည်။

၄-(က) မှတ် ဇယားပုံ




၅၊ X (၄) အတွင်းပိုဒ်စုံဟူသည်ကား အတွင်းစာသွားမှာ အကွာရာသဘောတူ အတန့်အဖြတ်၊ အကန့်အသတ်၊ ရိတ်ပြတ်ပြတ်၊ အဆိုအစပ်၊

တရပ်မက နှစ်ရပ် သုံးရပ် မ, သော်လည်းကောင်း စုံ, သော်ငင်း ပါသည်ကို ဆိုလိုသည်။ ထိုအစပ်မျိုးစုသည် ရတုတိုင်းမှာ ပါစေလိုက ပါနိုင်ရုံမက၊ ရတုမှတပါး အခြား ပျို့-စသော ကဗျာများတွင်လည်း ပါဝင်စပ်ဆိုလေ့ရှိသည်။ အဌန်းဂဏန်းစဉ် (၂၂-၂၃)ကိုကြည့်။

X (၅) ပြင်ပိုဒ်စုံဟူသည်ကား....အတွင်းပိုဒ်စုံမဟုတ်သော အချီသော်ငင်း၊ အချသော်ငင်း သာမန်လောက်မျှညီကြရုံဖြစ်သော (၇)မှတ်ကစ၍ (၁၁)မှတ်ထိ ပိုဒ်စုံမျိုးကိုဆိုလိုသည်။

X (၆) ကိုယ်တွင်းပြည့်စပ်ပုံမှာ ကဗျာဗန္ဓသာရ ယခုအကြမ်ရိုက်စာအုပ် စာမျက်နှာ ၅၀-နှင့် ၁၄၉-တို့ကိုကြည့်။

*(၇) အချီသာညီ၍၊ အချမညီသမျှကို အချီပိုဒ်စုံဆိုသည်၊ အဌန်းဂဏန်းစဉ် (၂၅) ကိုကြည့်။

*(၈) အချသာညီ၍ အချီမညီသမျှကို အချပိုဒ်စုံဆိုလိုသည်၊ ဥပမာကား တောင်ငူမိန်းမစာဆိုပညာရှိ စောမင်းနှစ်ဆိုရတုမျိုးကို ဆိုလိုသည်၊ ထိုရတုပထမပိုဒ်-အစမှာ (ဥတုဂရု) ချီ၍၊ (လေးပေစွာ) ချသည်၊ ဒုတိယပိုဒ်အစမှာ (အကနိဋ္ဌ) ချီ၍၊ (ဝေးပေစွာ) ချသည်၊ တတိယပိုဒ်အစမှာ (ပဌနာမိဋ္ဌာန်) ချီ၍ (ရှေးပေစွာ) ချသည်။

*(၉) အချီအချသာမညညီသည်ကို အချီအချပိုဒ်စုံဆိုသည်၊ အဌန်းဂဏန်းစဉ် (၂၆) ကြည့်၊ ထို ၃-မျိုးမှာလည်း ရတုတွင်သာမက ရတုမှတပါး၊ အခြားပျို့စသော ကဗျာများမှာလည်း ပါဝင်စပ်ဆိုလေ့ရှိသည်၊ ကဗျာဗန္ဓသာရစာမျက်နှာ ၁၃၃-တွင် ကြည့်။

၁၃-ရတုအကြောင်းအရာဇယားကွက်တွင်ပြအပ်သော ၄-မှတ်ပါ အတွင်းပိုဒ်စုံရတုစပ်ပုံကိုသိသာရုံပြဆိုချက်

၁၊ သျှင်မဟာရဋ္ဌသာရဆို မေးဖြေဖြောင့်၍....ချီကေပိုဒ်တွင် (သို့) ၄-ချက်ပါသည်၊ ထိုစုံ ၄-ချက်ကို အတွင်းပိုဒ်စုံတစုံခေါ်သည်။

(၁) ကြယ်ပမာသို့၊ (၂) ထွက်ကရားသို့၊ (၃) လက်ရွေးဆန်သို့၊ (၄) အမြဲးတင်သို့။



၂၊ တောင်တွင်း သျှင်မဟာသီလဝံသဆို ဤသို့စုံစီ-ချီကေပိုဒ်တွင်- (သို့) ၂-ချက်၊ (၍)၆-ချက် အတွင်းပိုဒ်စုံ ၂-မျိုးပါသည်၊သို့ ၂-ချက်ကား (၁) ဆေးမစက်သို့ (၂) မြင်းမိုရ်တွင်းသို့။ ၍ ၆-ချက်ကား (၁) စီးဖြန်းပါ၍၊ (၂)တွတ်တွတ်ပါ၍၊(၃)တကျွန်းမိုက်၍၊(၄)ကျင့်အပ်ရာ၍၊ (၅) ယူအပ်ရာ၍၊ (၆) အဖြည့်ခံ၍၊ သည်ကဲ့သို့၊ (သို့) ၂-ချက် (၍) ၆-ချက်ကို၊ အတွင်းပိုဒ်စုံ ၂-စုံခေါ်သည်။

၃၊ ရခိုင် သျှင်မဟာသီလဝံသဆို နဝဒတ်အိုင်သာချီတွင် (အံ့) ၃ချက်ပါသည်၊ ထိုသုံးချက်အရ (စုံ) မကျ (မ) ကျသော်လည်း အတွင်းပိုဒ်စုံတစုံခေါ်သည်၊ (၁) မိဘသေအံ့၊ (၂) မယားသေအံ့၊ (၃) ခင်ပွန်းသေအံ့။

၂၄-(က) ရတုမှတပါးအခြားပျို့လင်္ကာများတွင် အတွင်းပိုဒ်စုံ ထားပုံများကို ပြဆိုချက်

၁၊ ပါရမီခန်း၊ အကြွင်အကြွင်-ချီတွင် မယုတ် ၂-ချက်ပါသည်၊ ထိုစုံ ၂-ချက်ကို အတွင်းပိုဒ်စုံခေါ်သည်၊ (၁) ထိုသည့်ရွာလည်း၊ ဥပေက္ခာဖြင့်၊ ကျင့်ရာမယုတ်။ (၂) အရပ်မှာလည်း၊ ဥပေက္ခာဖြင့်၊ ကျင့်ရာမယုတ်။

၂၊ ဘူရိဒတ်ဇာတ်ပေါင်း၊ ကမ္ဘဇရပ်-ချီတွင်၊ အံ့-၂-ချက်၊ ၍-၃ချက် ပါသည်၊ (၁) ဆုံးမပေအံ့၊ (၂) ဦးဖြူရောက်အံ့၊ (၁) ဤသို့ဆို၍၊ (၂) ပြည့်စုံစွာ၍၊ (၃) ဆန်ပြင်းရှာ၍။

၃၊ ဂါထာ ခြောက်ဆယ်-ပျို့၊ မျှော်ရှုမျှော်ရှု-ချီတွင်၊ သော် ၂-ချက် ပါသည်၊ (၁) ယခင်ရှေးသော် (၂) ဖူးပန်းကြီးသော်။

(ခ) ရတုပျို့စသည်မှတပါး အခြားသောစကားပြေများမှာလည်း အတွင်းပိုဒ်စုံ ထည့်နိုင်ပုံကိုပြဆိုချက်

၁၊ ရှေးအဝမင်းတို့လက်ထက် အဝရှင်ဘုရင်ထံ မှန်စီဆရာတော်က ဆိုသောအတွင်းသွင်းသောစကားပြေ မေတ္တာစာတွင် (တကြောင်း) လက်ာ ၉-ပုဒ်တွင် တပုဒ်ပိုဒ်စုံ ၂-ချက်ပါသည်၊ ပါပုံကား မေတ္တာစာ ပြည်ကြီးသောဥသကိုအစိုးရ တပုဒ်တွင် ဆဲ့ခြောက်ပိုဒ်စီ သီဆိုသည်ကား

တော်မူသော ရှေးကောရာဇ်မင်းတို့ကဲ့သို့။လ။ပြည်တို့အနန္တ ရာယ်မဲ့ချမ်းသာသည်လည်းတကြောင်း၊ မာဂဓပဗျာဝတ္တဂါထာတိုင်း လေးလုံးတပိုဒ်၊ ၂-ပိုဒ်တပါဒ၊ လေးပါဒ တဂါထာ ထားသကဲ့သို့ မြန်မာဘာသာ လင်္ကာမှာလည်း ဆရာမြတ်များစွာတို့ ပဗျာဝတ္တသို့လိုက်၍ ၁၆-ပိုဒ် ထားလေ့ ရှိသည်လည်း တကြောင်း၊ သို့အကြောင်းကြောင်းမျိုးကို ထောက်၍။လ။

၂၊ ရှေးအဝမင်းတို့လက်ထက် အဝဘုရင်ထံ အောင်မြေစံလွတ်ဆရာ ဟောင်ကသွင်းသောမေတ္တာစာတွင် (စေကြောင်း) ဆိုသောပိုဒ်စုံ ၄-ချက် ပါသည်၊ ပါပုံကား (၁) အစွမ်းတို့ဖြင့် ပြည့်စုံတော်မူစေကြောင်း၊ (၂) လိမ္မာကျွမ်းကျင်တော်မူစေကြောင်း၊ (၃) အကြောင်း လေးပါးတို့ကိုလည်း တတ်တော်မူစေကြောင်း၊ (၄) ငါးပါးတို့နှင့်လည်း ပြည့်စုံတော်မူစေကြောင်း။

၃၊ ၁၂၄၂-ခုနှစ် သီပေါဘုရင်မင်းမြတ်ထံ သုဓမ္မာဆရာတော်တို့ သွင်းစာတွင် (တရပ်) ဆိုသောပိုဒ်စုံ ၂-ချက်ပါသည်၊ ပါပုံကား သာသနာပြုသွားစေသည့် ထုံးစာတမ်း ရှိသည်တရပ်, သာသနာပြုစေလွှတ်သည့်ထုံး စာတမ်းထွက်ရှိသည်လည်း တရပ်။ သို့ နှစ်ရပ် နှစ်ဌာနရှိသည့် အတိုင်း။လ။

ဝင်းပြင် အကြောင်းဆိုသော အတွင်းပိုဒ်စုံ ၂-ချက်လည်း ပါသေးသည်။ ပါပုံကား-(၁) စေလွှတ်တော်မူလျှင် သင့်လျော်မည့်အကြောင်း၊ (၂) ပြင်ဆင်ရန်ထား စေလွှတ်တော် မူပါမည့်အကြောင်း။ ။ဝင်း မေတ္တာစာ သုံးရပ်မှာပါသော "တကြောင်း, စေကြောင်း, အကြောင်း" ဟူသော ဝေါဟာရ အသုံးအစွဲများ ခွဲခြားပုံကိုလည်း နည်းယူရန်ပင် ဖြစ်သည်။

အတွင်းပိုဒ်စုံ ရေးနည်းများကို သိသာရန် စံပမာဏ ပြဆိုချက်ပြီးပြီ။

---



### ၂၅-ရတုချိနည်း ချနည်းအများအတွက် ဇယားပုံနှင့်ပြအပ်သော အမှတ် ၇-မှာပါသော အချိပိုဒ်စုံရတုမျိုးတွင် ၂-မျိုး ထပ်မံကွဲပြန်သည်ကို ပြဆိုချက်

၁၊ အချိပိုဒ်စုံဟူသည်ကား....အချိပိုဒ်မှာသာကာရန်ရစ်ပင့် အဆင့် အသတ်ညီမျှ၍ အချပိုဒ်တွင် မညီသည်ကို ဆိုလိုသည်။ *

သည်ကဲ့သို့ မညီရာတွင် (၁) ချိန်ခွင်လျှာချနည်း။ (၂) ဘီလူးရယ် ချနည်းအားဖြင့် ကွဲပြားသေးသည်၊ ရှေးပေမူများတွင် ချိန်ခွင်လျှာ ချနည်းအစား ခြေခြားချနည်းဟူ၍ ရေးကြသေးသည်။ တောင်ဘီလာ ပုဂ္ဂိုလ် ဆရာတော် ဆုံးမတမ်းနှင့် အတွင်းဝန် မိုင်းခိုင်းမြို့စား ဝိဋကတ်တော်အုပ်မင်း အမှတ်အသားများတွင် ခြေခြားချနည်းဟူ၍ ရေးလျက် ယခုထက်ထိ ရှိသည်။

၂၊ ဝင်းပြင်-ချိန်ခွင်လျှာချနည်း, ဘီးလူးရယ်ချနည်းများကို ချနည်း ဟု ရေးလျက်မှာလျက်ရှိသည်ကို သတိလစ်ဟင်း၍ အတွင်း စာသွား လေးလုံး တပိုဒ်စပ်နည်းဟု အမှတ်မှားရှာသော အချို့ ဆရာတို့လည်း ရှိသေးသည်၊ ကဝိဂန္ဓပါသျှကျမ်း, ကဝိကဏ္ဍပါသျှကျမ်း, ကဝိလက္ခဏာ ဒီပနီကျမ်းများတွင် ချိန်ခွင်လျှာချနည်း, ဘီလူးရယ် ချနည်းဟု ဥဒါ ဟရုဏ်ပြယုဂ်နှင့်တကွ ဖော်ပြလျက်ရှိရုံမက မဃဒေဝ လင်္ကာသစ် ပုဒ် ရေ (၆၂၀)မှာလည်း သေချာစွာ အောက်ပါအတိုင်း ပြမှာတော်မူ သည်။

| | | |
|---|---|---|
| ၁၊ ထူးဆန်းထွေလာ။ | ၄၊ စာကျိုး။ | ၇၊ ဘီလူးရယ်။ |
| ၂၊ အညွန့်မဲ့ထင်းမီးစ။ | ၅၊ စာတုံး။ | |
| ၃၊ ကတ္တူ့ဆူး။ | ၆၊ စာဆန်း။ | |

"သူငယ်မလိမ္မာ၊ ဖွယ်ရာမသိ၊ ဆိုဘိသောလာ၊ စကားမည်ကာ၊မစပ် ရာသား၊ လင်္ကာခုနစ်၊ စင်စစ်မှန်ဘိ၊ အမြဲသိလော့"ဟူ၍ စပ်ဆိုပြ မှာသည်။ သည်ကဲ့သို့ ပြဆိုခြင်းမှာ အတွင်းစာသွား လေးလုံးစပ်အဖြစ် မစပ်ကောင်းဟု ထပ်လောင်းဖော်ပြခြင်းမျှသာတည်း။ ဘီလူးရယ်ချများကို တားမြစ်သည် မဟုတ်၊

၃၊ အချတွင် ချိန်ခွင်လျှာချ, သည်(၇) မှတ်မျိုးဝယ် အဓိပ္ပါယ်အကျယ် သိလိုရှု မူလ-ကဗျာ ဗန္ဓသာရကျမ်း တတိယကဏ္ဍ-စတုတ္ထပိုင်း(၁၊၂၀-၂၂)တွင်ကြည့်။

* ကဗျာဗန္ဓသာရ ရတုခန်းတွင် ပုဂ္ဂိုလ်ခြောက်မည်ချီ-ရတုပိုဒ်စုံ ကြည့်။

## ၂၆–ချိန်ခွင်လျှာချနည်း

၁၊ ဆိုခဲ့သော ချနည်း နှစ်မျိုးတွင် ချိန်ခွင်လျှာချ၊ တနည်းအားဖြင့် ခြေခြားချခေါ်သော အဓိပ္ပါယ်ကား-ပထမ အပိုဒ်အချနှင့် တတိယ ပိုဒ်အချမှာ သံတူ၊ သတ်တူချ၍ ဒုတိယမှာ သံကွဲ၊ သတ်ကွဲ-ချသည်ကို ဆိုလိုသည်။ သိသာရန် စံပမာဏ အမြွက်မျှဖော်ပြသော်-

၂၊ အဝပထမမင်းခေါင်လက်ထက် ရှေးရေးကျေးစေရတု၊ ပထမ ပိုဒ်အချတွင်-ကျေးဇူးသိလှ ချေသင့်စွ။ ။ဒုတိယပိုဒ်အချတွင်-ရောက်လျှင် ကြောင့်ကြ ဖြေနိုင်စွ။ တတိယပိုဒ်အချတွင်-သည်းအူပြတ်မျှ ကြေလင့်စွ-ဟူ၍ ၎င်း။

သက္ကရာဇ် တထောင်ကျော်စအခါက ဝန်ကြီး နတ်သျှင်နောင် လစဉ်ဆက် ဘုန်းတော်ဘွဲ့ ရတုတွင်- ပ-ရှင်းလင်းစင်တော့မည် ဘုရား။ ဒု-ဝေဝေမြင့်တော့မည်ဘုရား။ တ-အောင်ပန်း ဆင်တော့မည်ဘုရား-ဟူ၍ ၎င်း။

ရှေးရေး ဝမ်းလှိုင်တပြန်စီး ရတုတွင်- ပန်းတွင်မြတ်လှ သဇင်ငှာ။ ထွတ်တင်သကျ သာကီသော။ ။ကျွန်းခွင်ထွတ်ဖျား အသျှင်သော-ဟူ၍ ၎င်း အသီးအသီး အဆုံးချသည့်အရာ များစွာရှိသည်။

ချိန်ခွင်လျှာချနည်း (ဝါ) ခြေခြားချနည်းကို ပြဆိုချက်ပြီးပြီ။

---

## ၂၇–ဘီလူးရယ်ချနည်း

၁၊ ဘီလူးရယ်ချနည်းဟူသည်ကား-အချပိုဒ်များတွင်တပိုဒ်နှင့်တပိုဒ် မတူပဲ လှိုးလွှဲချသည်ကို ဆိုလိုသည်၊ လှိုးလွှဲပုံမှာ အက္ခရာသော်၎င်း၊ အသတ် အသံသော်၎င်း၊ အဓိပ္ပါယ်သော်၎င်း ပြောင်းလွဲ၍ ချသည်ကို ဆိုလိုသည်၊ သိသာရန်စံပမာဏ အမြွက်မျှဖော်ပြသော်-

၂၊ စစ်ကိုင်း ရေဆိပ် စံကျောင်းအတွင်း သီတင်းသုံးစဉ်အခါ ရှင်မဟာရဋ္ဌသာရက အဝ ဒုတိယမင်းခေါင်ထံ သွင်းသော ရာဇောဝါဒ သန်္ဒေရိက-အစရှိသော မေတ္တာစာ၊ ဇောတခိုင်လုံးချနည်း ရတု သုံးပိုဒ်တွင် (၁) လုလ္လအာသာ ပြုအပ်ရသော အကြောင်းတို့ကို သိတော်မူစေချင်လှသော။ (၂) ကြိမ်ဖန်များစွာ ကြံစည်ရသော အကြောင်းကိုလည်း သိတော်မူစေချင်လှသော။ (၃) တန်တားမှာစာ ပေလိုက်ရသော အကြောင်းကိုလည်း သိတော်မူစေချင်လှသော....ဟူ၍ ၎င်း,



၃၊ မုံရွေးဆရာတော် ကဗျာမှတ်စုတွင် ပဒုမ္မာကြာဆိုနည်း ရတုအချတွင် (၁) ညွတ်ခွေ လွမ်းလျက်ပင်တကား။ (၂) မယ်ထူး ညှိုးမရှင်တကား။ (၃) ရွှေကြာ ပန်းညွန့်ရှင်တကား-ဟူ၍၎င်း....၎င်းမှတ်စုတွက် တမ်းခွန်းစာဆိုနည်း ရတုတွင် (၁) ငုံကင်းငုံပြေ-ငုံရွှေငုံရင့်-ဆုံသည်နှင့်။ (၂) နှိုင်းသင့်နှိုင်းတော်-နှိုင်းသော်နှိုင်းသင့် မနော်နှင့်။ (၃) စုံချေစုံဆင်-စုံလျှင်စုံသင့် ကြုံသည်နှင့်....ဟူ၍၎င်း အသီးအသီး အဆုံးချသည့်အရာ များစွာရှိသည်။

ဘီလူးရယ်ချနည်း ဥဒါဟရဏ်ပြယုဂ်ကို ပြဆိုချက် ပြီးပြီ။

---

## ၂၈–မြင်းဆက်ခွချနည်း

၁၊ မုံရွေးဆရာတော် ကဗျာမှတ်စု လက်ရေးစာအုပ် စာမျက်နှာ ၁၄-တွင်- အပြန်အလှန်၊ အဆုံးနှင့်အစ၊ အစနှင့်အဆုံး ဆိုက်မိ၍ ဟပ်လျက်-ဟပ်လျက်ရှိသောကြောင့် မြင်းဆက်ခွချပ်နည်းနှင့် ပမာတူသောကြောင့် မြင်းဆက်ခွဆိုနည်းဟု ခေါ်ဝေါ်လေသတည်း။ ထိုကြောင့် ကိုးခန်းပျို့တွင် ဤ ၃-ပိုဒ်ကား အက္ခရာအမျှ သုံးဆဲ့ကိုးလုံးစီ အချအညီ အချိမြင်းဆက်ခွဟု ဆိုတော်မူသတည်း။ ဤကဲ့သို့ အပြန်အလှန် ဖတ်၍ ရသော အရာတို့ကို ပိုဒ်စုံစကြာဟူ၍လည်း ခေါ်ဝေါ်ကြ၏ဟူ၍ ၎င်း,

၂၊ အသို့ ဆိုက်မိသနည်း ဟူမူကား ပထမပိုဒ်နိုက် ရှင်လျှင်ပြုံးအံ့ ကြာမင်း ဟု သေးသေးတင်အမြစ်နှင့် ချပြီးလျှင် ဒုတိယပိုဒ်နိုက် မပျံ့မရှင် ဟု သေးသေးတင်အမြစ်နှင့် ချီ၍ အသံတူ * ဆိုက်မိသည်။ တတိယပိုဒ်နိုက်

* အသံတူ ဟူသည်ကား ဖတ်သံကိုဆိုလိုသည်။ လတ်တံ့ဟူ၍ ရေးသော်လည်း လတံ့ဖတ်ရသည့်အရာ သိသာစေရန် အသံတူဟူ၍ ဆရာတော်က ပြမှာတော်မူသည်။ ယခုအခါ အချို့ ဆရာတို့က လတ်တံ့ မရေးလို၊ အတိုကြိုက်ကို လိုက်၍ လတံ့ဟု ရေးကြခြင်းသည် မြန်မာဘာသာ ရေးသားဖတ်ရွတ်ရာ လိုက်နာကြရန် မြန်မာမင်း အဆက်ဆက် အဖွင့်ပြဋ္ဌာန်းချက်ရှိသည်ကို သတိလစ်ဟင်း ချွတ်ယွင်းရာကျသည်။ အဖွန်း ဂဏန်းစဉ် (၄၁) ကိုကြည့်၊ ၎င်းပြင် ဆရာတဦးတည်းရေးသော စာသည် တနေရာမှာတမျိုး, တနေရာမှာ တခြား၊ ရေးသားလေ့မရှိ၊ ဘူရိဒတ် ဇာတ်ပေါင်းတွင်-"မွေ့နည်ပတ်ပတ်၊ ဖမ်းဆီးလတ်တံ့၊ မလွတ်သာလျှင်း" ဟူ၍ ၎င်း။ ကိုးခန်းတွင်- "ကေနမချွတ်၊ ဖျက်ဆီးလတ်တံ့၊ ကြီတတ်စွာ ဖြစ်လတ်တံ့၊ လတ်လှ" ဟူ၍ ၎င်း။ သတ်ထူးတွင်- "ထွက်ပေါ်လတ်တံ့၊ ဖတ်ခါလသက်သက်" တံ့မျိုးတချက်။ သေးသေးတင်လတ်၊ လ-တသတ်၊ ဟူ၍ ၎င်း....အသီးအသီး မှုမှန်များစွာရှိသည်။

ညံ့ညံ့ထွားထွား ဟု သေးသေးတင် အမြစ်နှင့်ချိ၍ အသံတူ ဆိုက်မိသည်။ တတိယပိုဒ်နိုက် ငါကား ဘယ်နှံ့ ကျွတ်လတ္တံ့ ဟု ချသည်နှင့် ပထမပိုဒ်၌ ထုံနှံ့မကွာ ချီသည်နှင့် ပြန်ဟပ်လျှင် ဆိုက်မိပြန်သည်-ဟူ၍ ၎င်း,

၃၊ အဖြောင့်ကား– "စောင့်စည်းတည်တံ့ ကျင့်ပါအံ့" ထုံနှံ့မကွာ။ လ။ ရှင်လျှင်ပြုအံ့၊ ကြာမင့်။ မပျံ့မရှင်။လ။စောင့်စည်းတည်တံ့ ကျင့်ပါအံ့။ ညံ့ညံ့ထွားထွား။လ။ ငါကားဘယ်နှံ့ ကျွတ်လတ္တံ့။ ထုံနှံ့မကွာ။လ။ ဤသို့ စသည်ဖြင့် အဖြောင့်ဆို အပြန်အလှန်၊ အဆုံးနှင့်အစ,အစနှင့်အဆုံး ဆိုက်မိသည် ဟူ၍ ၎င်း····ပြမှာလာရှိသည်။

မူလကဗျာဗန္ဓသာရကျမ်းမှာ မပါသေးသော ရတုနှင့်စပ်ဆိုင်ရာ လိုက်နာရန် ကြွင်းကျန်သော အချက်များကို ပြဆိုချက်ပြီးပြီ။

---

## ၂၉-တောင်ငူခရိုင်ဝန်မင်းစာ ၆-မှတ်ပါသော ဂရုဿမ, ဂရုဿမိ ရှိသကဲ့သို့ ပရိဘာသာ အမျိုးအစားကို သဘောထားသင့်ပုံ အမှတ်အသားစု

၁၊ ပုဂံဝန်ထောက်မင်း * အစီရင်တော် ခံပါသည်။ ရာဇဝတ်အဖြစ် အလျောက် ထောင်တန်းများတွင် အကျဉ်းရှိ ခေါ်ပြခိုးသူတို့ကို အကျဉ်း အချုပ်က လွှတ်ပြီးလျှင် ဖူးတော်မတ်တော်၊ ဝန်စု၊ ဖူးစု၊ ဗိုလ်စု၊ စုရေး၊ စုကိုင်တို့ကို အပ်၍ သရဏဂုံ ၃-ပါး၊ ပဉ္စသီ ၅-ပါး၊ သုစရိုက် ၁၀-ပါး၊ ဒုစရိုက် ၁၀-ပါး ပါဠိအနက်များကို ၎င်းနှစ် ဝါတွင်း သုံးလ အတွင်း နှုတ်တက်အာဂုံ ဆောင်ရွက် ပြန်ဆိုနိုင်အောင် ရေးကူးကျက် မှတ်စေ....ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်ဖြစ်၍ မှုပြုလုပ်ရေးကူး ပေးအပ်ကျက်မှတ်စေရန် သရဏဂုံ ၃-ပါး၊ ပဉ္စသီ ၅-ပါး၊ သုစရိုက် ၁၀-ပါး၊ ဒုစရိုက် ၁၀-ပါး-ပါဠိအနက်များကို ရေးကူး ပေးအပ်တော်မူပါမည့်အကြောင်း အစီရင်တော် ခံပါသည်။ ဂရုဿမ, ဂရုဿမိ ၂-ချက်ရှိသည်ကိုလည်း ရှင်းလင်းဖော်ပြရန် အစီရင်တော် ခံပါသည်။ ဂရုဿမကို မကြားဘူးသော အကျဉ်းသားများ အားကြီးတွေ့ ကြုံရလျက်ရှိသည်ကို သိတော်မူရန် အစီရင်တော်ခံပါသည်။

* မန္တလေး ပထမမြို့နန်းတည် မင်းလက်ထက် အနန္တရာသီ ဓမ္မသတ်လင်္ကာ စီသူ-ပုဂံဝန်ထောက်ဆိုလိုသည်။



၂၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟု ဗဟုဝုစ်, မ-ဝိဘတ်ဖြင့် သရဏဂုံပေးခြင်း-ယူခြင်းတို့နိုက် ယူသော သူနှစ်ယောက် သုံးယောက်စသည့် အများဖြစ်မူ····သဗ္ဗေသမေကာဒတိ ဓာနေ ပရော ပုရိသော။ တွမှ ပဉ္စသိ အဟမှ ပဉ္စာမိ။ မယံ ပဉ္စာမ။ ဟု-သုတ် ဥဒါဟရဏ်တို့ကို ရှင်မဟာကစ္စည်းမထေရ် မိန့်တော်မူသော ကြောင့် တွမှ ဂစ္ဆသိ၊ အဟမှ ဂစ္ဆာမိ-ဟု ဂစ္ဆာမိ စသည်ဖြင့် ပုရိသ် ရက်ဖြစ်သင့်ရာတွင် ရှေ့ဖြစ်သော မဇ္ဈိမပုရိသ်ကေဝုစ်ဝိဘတ်ကို နောက် ဖြစ်သော ဥတ္တမပုရိသ်ကေဝုစ်'မိ'ဝိဘတ်သို့ပေါင်း၍ ထိုကေဝုစ်မိဝိဘတ် ကို ဗဟုဝုစ်'မ'ဝိဘတ်ပြု၍ ဂစ္ဆာမဟု သရဏဂုံပေးခြင်း ယူခြင်းသည် သင့်လျော်၏။ တယောက်တည်းသာဖြစ်မူကား ဗဟုဝုစ်ပေးခြင်းယူခြင်း သည် မသင့်မလျော်၊ ဂစ္ဆာမိ-ဟု ကေဝုစ်ပေးခြင်း သင့်လျော်သည်။ ခုဒ္ဒကပါဌအဋ္ဌကထာ နိသျည်းကျမ်းပြု ရှင်ဂုဏာလင်္ကာရဆရာအဆုံး အဖြတ်မှ အကျဉ်းထုတ်နှုတ်ပြဆိုသောစကားတည်း။ "ဂစ္ဆာမ, ဂစ္ဆာမိ" ၂-ချက်ရှိရာ ဂစ္ဆာမ-ရှိသည်ကို မသိသူတို့ သိစေခြင်းငှာ ရှင်းလင်းဖော် ပြခြင်းတည်း။

၃၊ မင်းမှူးမတ်တို့သည် ဓမ္မသတ်ကို အမှတ်အယူ သူမတူတန် ကဲ့ ကဲ့လွန်လွန် တော်တည့်ဖြောင့်မတ်စွာ တတ်ရယူရမည်ဟု စပ်ဆိုရင်း သဘောသွားကို နားမဝင်ပဲ ပြင်ဆင်နည်း, ကျနစွာယူဆနည်း မျှားစွာ ရှိသည် မသိပဲ အသိကျန်ကြခြင်းကြောင့် အဏ္ဏနောမတိ အာဘောနှင့် ဓမ္မသတ်ကို တော်ရုံ သင့်ရုံဟု ပြင်ဆင်ယူငင်ခြင်း။ ရှင်မဟာရဋ္ဌသာရ အကျော် ဆရာတော်က သတ္တဋ္ဌနည်းအရ မူလရင်းမြစ်ရှိသည်အတိုင်း သိကြား-ဟု ရေးသားတော်မူသည်ကို သိကြားမသင့် သကြားယူမှ သင့် မည်ဟူ၍ ယူငင်ပြင်ဆင်ခြင်း။ သတ္တပကြိုဟု စပ်ဆိုတော်မူသည်ကို နား မဝင်ပဲ အပြစ်တင်ခြင်းပြုပြီးလျှင် မင်းပွဲသဘင်လွှတ်ရုံးငါးရပ်များတွင် အာဘောင်အာရင်း သန့်သန့်နှင့် ကျမ်းဂန်စကားအမှန်ကို မမှန်ထင်၍ ပြင်ဆင်ယူငင်ကြသမျှသည်····"နားမဝင်ပဲ၊ ပြစ်တင်ရဲ၊ နက်နဲမလိမ်မာ" ဟူသော ဘုရိဒတ်ဇာတ်ပေါင်းနိဂုံး သံပေါက်ရှိသည်ကို အသိကျန်ကြ ရှိသည်၊ သတိမူကြပါ... ဂရုဿမ, ဂရုဿမိ နှစ်နည်းပင်ရှိသည်။ အသိကျန်သူများ ရှိသကဲ့သို့ ဂစ္ဆာမ, ဂစ္ဆာမိ နှစ်နည်းပင်ရှိသည်။ အကျဉ်း သားလည်းအောင် ပုဂံဝန်ထောက်မင်းက ပြသသင်ကြားပါဘိ။ အကျဉ်း သားတို့ ကျက်မှတ်ရန် အမိန့်တော်မြတ်မှာပါသောစာများကိုလည်း ပေး

ပို့လိုက်ပါသည်။ ယခုပေးပို့သော စာများမှာ ပိဋကတ်တိုက်တော်တွင် အခန့်သင့်ရှိသမျှကို ပေးပို့ရပါသည် မကြာမီ ဆက်လက်ပေးပို့ပါဦးမည်။

၁၂၃၅-ခု နယုန်လဆန်း ၈-ရက်နေ့ သည်စာအတိုင်း လက်ခံနှင့် ကျက်မှတ်ရန် ပါဠိအနက်မိတ်လင်စုံများကို ဒိုင်းတော် ငမြေသို့ အပ်၍ ပုဂံဝန်ထောက်မင်းထံ ပို့စေသည်။

---

## ၃၀–တောင်ငူခရိုင်ဝန်မင်း တိုက်တွန်းချက်စာ ၇-မှတ်ပါအပိုဒ်အရ မင်းအဆက်ဆက် ပြဋ္ဌာန်းချက် ထုတ်ရပုံ

၁၊ ရှေးရှည်မြင့်စွာ အခါကစ၍ မြန်မာဦးစွန်း ညွှန်းမြန်းသည့်တိုင် အောင် သာသနာပြု မင်း အဆက်ဆက် ပြဋ္ဌာန်းချက် ထုတ်ရခြင်း အကြောင်းမှာ... သာသနာဘက် ဓမ္မ, မင်းအစိုးရဘက် ရာဇ, နိုင်ငံဘက် လောကဟူသော ဝတ်တရားများကို ဆောင်ရွက်ရာ လိုက်နာသုံးစွဲနည်း တကြောင်းတည်း တပြေးညီစွာဖြစ်စေရန် စီမံပြဋ္ဌာန်းရခြင်းပင်တည်း။ ယင်း ကဲ့သို့ ပြဋ္ဌာန်းသော စည်းကမ်းနည်းလမ်းထုတ်ရန် အချက်ပေါ်ထွက်မြဲ အခြင်းအရာများမှာ အောက်ပါ (၆) မျိုးပင်တည်း။

(၁) နည်းများတိုင်းမလိုက်ရ၊ ပရိဘာသာလိမ်မာသော ဆရာကျော် ဆရာမြတ်တို့ ဆုံးဖြတ်ချက်ရှိရာသာ လိုက်နာရမြဲရှိခြင်း။
(၂) ရာဇဌာနီသုံးဝေါဟာရ,ထီးရုံနန်းရုံ,လက်အောက်ခံ,ဒေသန္တရ သုံးဝေါဟာရ အားဖြင့် ကွဲပြားမြဲရှိခြင်း။
(၃) ကာလနောက်ကျတိုင်း ဝေါဟာရ တိမ်ငုပ်တိုးပွားပြောင်းလဲ မြဲရှိခြင်း။
(၄) ကျောင်းသုံးနန်းသုံး ကွဲပြားမြဲရှိခြင်း။
(၅) စည်းကမ်းမဲ့သော နည်းထက် စည်းကမ်းရှိသော နည်းကိုသာ ပညာရှိတို့ လိုက်နာရမြဲရှိခြင်း။
(၆) နတ်စာ, လူစာ, နွားထိန်းစာဟူ၍ မှတ်ယူမြဲရှိကြခြင်းများမှာ မြန်မာနိုင်ငံတွင် အစဉ်လိုက်နာကြမြဲဓလေ့ထုံးစံပင်တည်း။

သည်အကြောင်းများမှာ ကင်းဝန်မင်းကြီးနှင့်တကွ အတွင်းဝန်, နန်း မတော်ဝန်,မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ်မင်း,တောင်ငူခရိုင်ဝန်မင်း ဖြစ်သော မှူးမတ် ပညာရှိတို့ တပည့်များကို သင်ကြား မိန့်ဆိုနေကျဖြစ်သော အကြောင်းများပင်တည်း။



## ၃၁–နည်းများတိုင်းမလိုက်ရ ပရိဘာသာလိမ္မာသော ဆရာကျော် ဆရာမြတ်တို့ ဆုံးဖြတ်ချက်ရှိရာသာ လိုက်နာရမြဲရှိပုံ

၁၊ ၁-က ၆-တိုင်ဖော်ပြခဲ့သော အကြောင်းအမျိုးမျိုးကို စွဲ၍ ဆုံး ဖြတ်မြဲထုံးတမ်းမှာ ကျမ်းအစောင်စောင် အထက်နှင့်အောက် ရှေ့နှင့် နောက် ညီသည် မညီသည်, အကြောင်းအကျိုး တန်သည် မတန်သည်, ဥပမာ ဥပမေယျ ဟပ်သည် မဟပ်သည်, ယုတ္တိဒဋ္ဌိ ညီညီညာညာ နိုင်မ သည် မနိုင်မသည်, ခေတ်ကာလအကြိုက် လိုက်နာနိုင်ရန် ရှိသည် မရှိ သည် ကောင်းစွာချင့်ချိန် ထောက်ထားသဖြင့် သင့်တင့်ညီညွတ်ရာလိုက် နာရန် လွန်ပြီးကာလ, ကြုံဆဲးကာလ, လာလတ္တံ့ကာလ သုံးဌာနကို ထောက်၍ တော်ဖြောင့်တည့်မတ် ဝေဘန်မျှတ ဥဘယဟိတ ပန္နက်ချ ၍ သကုဏမျက်စိ အထက်ကြည့်မြင်သမျှ နိသမ္မကာရီ ရှေ့ပြေး တွေး တောစေ့ငုချင့်ချိန်ထောက်ရှု ပြုလုပ်ပြဋ္ဌာန်းရမြဲ ဖြစ်သည်။

၂၊ သို့ရာတွင် ဖြစ်တတ်ပျက်တတ်သော သဘောကြောင့် လောက ဟူသော ဝေါဟာရအတိုင်း ဖြစ်လိုက်,ပျက်လိုက်၊ မြင့်လိုက်, နိမ့်လိုက် ဓမ္မတာ သဘာဝရှိသည့်အတွက်, စစ်မက်ပေါ်ထွက် နိုင်ငံချောက်ချား သည့်အတွက် ပျက်စီး ပြောင်းလဲတတ်ခြင်းသော်၎င်း, မင်းအစိုးရတို့ ပြဋ္ဌာန်းချက်မှာ ရဟန်းရှင်လူတို့ မလိုက်မနာနိုင်လောက်အောင် လွန် စွာ ကြပ်တည်းလွန်းသည့် အတွက် ပယ်ဖျက် ပြင်ဆင်ရခြင်းသော်၎င်း အကြောင်းအားလျော်စွာ ပေါ်လာတိုင်း ကာလဒေသကို ထောက်ချင့် ၍ သင့်တင့်မျှတသော စည်းကမ်းနည်းလမ်း ပြဋ္ဌာန်းချက်များကို ဆိုင် ရာ ဆိုင်ရာ လိုက်နာကြစေရန် ထင်မံဝေဘန်ထုတ်ပြန်ရမြဲ ဖြစ်သည်။

၃၊ သည်ကဲ့သို့ လိုက်နာကြမြဲ ဖြစ်သောအချက် သက်သေခံများကို စံပမာဏ အမြွက်မျှ ဖော်ပြသော်–

(၁) ပုဂံကောင်းစားစဉ် အက္ခရပဘေဒသတ်ပုံကို လိုက်နာကြရ သည်။

(၂) ပင်းယကောင်းစားစဉ် အက္ခရပဘေဒနှင့် ၎င်းတွင်မပါသမျှ စတုရင်္ဂဗလ အမတ် ဆုံးဖြတ်ရာကို လိုက်နာကြရသည်။

(၃) အဝမြို့ သရက် ခြောက်ဆက်၊ မိုးညှင်း ခြောက်ဆက်များတွင် အက္ခရပဘေဒနှင့် သဒ္ဒညာဏ်ချီ သတ်ပုံပေါင်းကြီးများကို လိုက်နာ ကြရသည်။

(၄) သာလွန်မင်းတရားလက်ထက်ကစ၍ တနင်္ဂနွေမင်းလက်ထက်တိုင် အက္ခရပဘေဒသတ်ပုံ, သဒ္ဒညာဏ်ချီ သတ်ပုံများနှင့် ၎င်းသတ်ပုံများတွင် မပါမဝင် ကြွင်းကျန်သည်များကို ဝန်ရှင်တော် နန္ဒယော်ဓာ ဆုံးဖြတ်ရာ လိုက်နာကြရသည်။

(၅) တနင်္ဂနွေမင်း လက်ထက်ကစ၍ ကြာသပတေးမင်းလက်ထက်တိုင် အက္ခရပဘေဒသတ်ပုံ,သဒ္ဒညာဏ်ချီသတ်ပုံ, ဝဏ္ဏဗောဓနသတ်အင်းများနှင့် ၎င်းစာများမှာ မပါမဝင် ကြွင်းကျန်သည်များကို ဝန်ကြီးပဒေသရာဇာ ဆုံးဖြတ်ရာ လိုက်နာကြရသည်။

(၆) ၎င်းနောက် အမရပုရ ပထမမြို့နန်းတည် ဘိုးတော်မင်းတရားလက်ထက်မှာ ဝဏ္ဏဗောဓန, ဝိဘတ္တဥပိတ,ကဝိလက္ခဏာများကိုလိုက်နာရသည်။ထိုစာများတွင် မပါဝင်သော အရာများကို တွင်းသင်းတိုက်ဝန်မဟာစည်သူ ဆုံးဖြတ်ရာ လိုက်နာကြရသည်။

၄၊ ဘိုးတော်လက်ထက်ကစ၍ သီပေါမင်းလက်ထက်တိုင် ဘိုးတော်ဆုံးဖြတ်ချက် အမိန့်တော်များကို အရင်းထားပြီးလျှင် ခိုင်မာသောစာပေါ်လာပြန်သည့်အခါ ပြင်ဆင်သင့်ရာ ပြင်ဆင်ကြကာ လိုက်နာကြရသည်။ လိုက်နာရန်လည်း ပြဋ္ဌာန်းချက် အမိန့်တော်အတန်တန် ထပ်မံဝေဘန် ထုတ်ပြန်မြဲ ထုတ်ပြန်ရချေသည်။

လိုက်နာဆဲထက် ခိုင်မာသောစာ ပေါ်လာသည့်အခါ ပြင်ဆင်လိုက်နာပုံအချက်ကို အမြွက်မျှ ဖော်ပြသော် ကဝိလက္ခဏာတွင် မပါသော 'စဉ်းစား'စသော ဝေါဟာရအချို့မှာ ရတနာကြေးမုံမှာပါသည့်အတိုင်း လိုက်နာရသည်။

ကဗျာသာရတ္ထသင်္ဂဟသတ်ပုံ ပေါ်လာသည့်အခါ ကဝိလက္ခဏာ, မြန်မာသံယောဂဒီပနီ, ရတနာကြေးမုံ-သတ်ပုံများမှာ ပင့်ရစ်အရာတွင် ကဗျာသာရတ္ထသင်္ဂဟလောက် ခိုင်မာခြင်းမရှိဟူ၍ ယူကြသည့်အတိုင်း ပင့်ရစ်နှင့်စပ်သောအရာမှာ ကဗျာသာရတ္ထသင်္ဂဟအတိုင်းသာ လိုက်နာကြရတော့သည်။ဥပမာဆိုသော် ကဝိလက္ခဏာတွင် ယဉ်ချေး ဟုပါသော်လည်း ယင်ကျေး ဟူ၍၎င်း, မြန်မာယောဂဒီပနီတွင် ဖြင်း ဟု ပါသော်လည်း ငြင်း ဟူ၍၎င်း, ရတနာကြေးမုံတွင် ကျေ့ ဟု ပါသော်လည်း ကြွ ဟူ၍၎င်း ကဗျာသာရတ္ထသင်္ဂဟမှာ ပါသည့်အတိုင်း တပြေးညီ



စွာ လိုက်နာကြရန် စီမံပြဋ္ဌာန်းရသည်၊ အကြောင်းမူကား ပင့်ရစ်နှင့်စပ်သော အရာမှာ ကဗျာသာရတ္ထသင်္ဂဟသာ အကိုးအကား ခွဲထားပြည့်စုံစွာ အခိုင်အမာဆုံးဟူ၍ မှတ်ယူဆုံးဖြတ်ကြရခြင်းပင်တည်း။

၅၊ ၁၁၁၁-ခုလောက်ကစ၍ နိုင်ငံရေးရှုပ်ထွေးသော့ကြောင့် ရေးသား ဖတ်ရွတ်စီကုံးနည်း၊ မင်းခမ်းမင်းနားနှင့်စပ်သော ထုမင်္ဂလ, ဒုမင်္ဂလ အခါတော်များမှာ လိုက်နာနည်း စည်းကမ်းများပါ ၁၁၃၀-ခုနှစ်တိုင် အချို့မှန်, အချို့မှား စနောင်စနင်ဖြစ်သောခေတ်-နှစ်ပေါင်း ၂၀-ခန့်ကြာပြီးနောက် ၁၁၃၀-ခုနှစ် တရပ်အရေးပြီးပြတ် နိုင်ငံငြိမ်းဧးရှေးအဝမင်းအဆက်ဆက်တို့ ဆုံးဖြတ်ချက်များမှစ၍ နောက်ထပ် ဆုံးဖြတ်ချက်များနှင့်တကွ ၁၁၃၀-ခုက ၁၂၄၇-ခု မြန်မာထီးနန်းညှိုးမြန်းသည့်တိုင်အောင် နေထိုင်ရန်, ဝတ်ဆင်သွားလာရန်, ရေးသားဖတ်ရွတ်စီကုံးရန်, တီးမှုတ်သီဆို ကခုန်ရန်များပါ ဆိုင်ရာဆိုင်ရာ အတန်းအဆင့်အနိမ့်အမြင့်အလိုက် တပြေးတည်းကျနိုင်သမျှ ကျအောင် ဆောင်ရွက်ပုံ၊ စည်းကမ်းနည်းလမ်း အမိန့်တော်အစောင်စောင် ပြဋ္ဌာန်းချက် ဆုံးဖြတ်ချက် အတန်တန်ရှိရာ လိုက်နာကြရသည်။

၆၊ ဥပမာဆိုသော်-အမရပုရ ပထမမြို့နန်းတည် ဘိုးတော်မင်းတရားလက်ထက်တွင် အင်ရုံစာတမ်းခေါ်-လောကဗျူဟာစာတမ်း, ၃၇-မင်းနတ်စာတမ်း,ဘာသာအယူဝါဒအမိန့်တော်,ဝါဆိုဝါကပ် (အဓိမာသ်) ပညတ်ချက် အမိန့်တော်, ပိဋကတ်ကို မြန်မာပြန်ဆိုစေရာ ပိဋကတ်ရေးကူးစေရာ စီကုံး ရေးသား ဖတ်ရွတ်နည်း-စသည်များပါ လိုက်နာစေရန် လွှတ်ရုံးငါးရပ်များမှာ အမိန့်တော်အတန်တန် ထုတ်ပြန်တော်မူရာ... ဘာသာအယူဝါဒ အမိန့်တော်နှင့် နေ့စွဲရက်မှတ် အမိမာသ် ပညတ်ချက်အမိန့်တော်များမှာ ရဟန်းရှင်လူတို့ မလိုက် မနာနိုင်လောက်အောင် ကြပ်တည်းလွန်းသည့်အတွက် ပယ်ဖျက် ပြင်ဆင်တော်မူရသည်။ [အဓွန့်ရှည်ကောင်းသော အမိန့်တော်များကို ထပ်မံထုတ်ပြန်တော်မူရသည် အမိန့်တော်အကြောင်းစဉ် (၄၆) ကစ၍ (၅၁)ထိ များမှာပါသော ကိုးမှတ်များကို ကြည့်။]

## ၃၂–ရာဇဌာနီသုံး–ဝေါဟာရ,ထီးရုံနန်းရုံ လက်အောက်ခံဒေသန္တရသုံး ဝေါဟာရအားဖြင့် ကွဲပြားကြမြဲရှိပုံ

၁၊ ဝေါဟာရဟူ လူမျိုးတစုစုနေရာဟူသမျှကို ဇနပဒဟု မာဂဓ ဘာသာမှာလာသည်။ မြန်မာဘာသာမှာ ရပ်ရွာနိဂုမ်းဇနပုဒ် စသဖြင့် အလှည့်သင့်ရာ လိုက်နာ ခေါ်ဝေါ်ကြသည်။ "တဦးခေါင်း တပညာ, တကျောင်း တဂါထာ, တရွာတပုဒ်ဆန်း" ဟူသော ဥဒါန်းမှာလည်း သည်ကဲ့သို့ ဝေါဟာရပြောကြားသော စကားကွဲ, ဦးစီးခေါင်းဆောင် ကွဲ, ဒေသန္တရကွဲ, ဇနပုဒ်အမျိုးမျိုးရှိသည်ကို ရည်ရွယ်၍ ဆိုလိုသည်။ ထိုကဲ့သို့ ကွဲသော်လည်း တမျိုးတည်း တသြဇာတည်း ကြီးစိုး အုပ်ချုပ် သော ရာဇဌာနီပေါ်လာသည့်အခါ ရာဇဌာနီသုံး ဝေါဟာရကို ဇန ပဒအများပါ တညီတညာတည်း လိုက်နာရသည်။ ဇနပုဒ်ခေါ်သော နိဂုံးအပေါင်းကို–ပြည်၊ ပြည်အပေါင်းကို–တိုင်း၊ တိုင်းအပေါင်းကို–နိုင်ငံ ဟူ၍ မှတ်ကြရမြဲမှာလည်း သတ္တဝါအမျိုးမျိုးတို့ ဓမ္မတာသဘာ ဖြစ်သည့်အတိုင်း နိုင်ငံရှင်ကို ရှင်ဘုရင်ဟု အမှတ်ပြု၍ ရှင်ဘုရင်နှင့် တကွ အစိုးရတို့ အပြုအမူကို အောက်လူ နိုင်ငံသူ နိုင်ငံသားတို့က လိုက် နာရသည်မှာလည်း ဓမ္မတာပင်တည်း။ မကွေးမြို့စား ဝန်ကြီးမင်း ဦး ဘိုးလှိုင်သည် ဝက်မစွတ်မြို့စား ဝန်ကြီးအဖြစ်နှင့်ရှိစဉ် ၁၂၄၀–ပြည့် နတ်တော်လစီကုံးရေးသားပြီးစီးသော ရာဇဓမ္မသင်္ဂဟကျမ်းမှာ အောက် ပါအတိုင်း ဖော်ပြသည် *။

သည်ကဲ့သို့ဖြစ်၍ မြန်မာမင်းတို့ အုပ်စိုးစဉ်အခါ ထီးရုံနန်းရုံ လက် အောက်ခံ ဒေသန္တရများမှာ မြန်မာဝေါဟာရစကားကွဲပြားစွာ ဇာတိ ချက်ကြွေ ပဝေဏီထုံးစံအရ နေရင်းဌာန ဒေသနယ်ကွဲး သုံးစွဲမြဲရှိ ကြသော်လည်း ရာဇဌာနီသို့ ပေးပို့သော တင်စာလျှောက်စာများကို ရာဇဌာနီ စကားအတိုင်း ရေးသားသုံးစွဲးတင်လျှောက်ရမြဲမှာ မြန်မာ ထုံးစံပင်တည်း။ မြန်မာဘာသာမှတပါး မျိုးခြားဘာသာများမှာ ဘာ သာရင်းအတိုင်း တင်စာလျှောက်စာ ပေးပို့ခွင့်ရသည်။

၂၊ သည်ကဲ့သို့ဖြစ်၍ ဒေသန္တရဌာနတွင် ကြီးမှူး အုပ်ချုပ်ရသော ပဒေသရာဇ်နယ်, ဘုရင်ခံနယ်, ခရိုင်နယ်, စီရင်စုနယ်ရှိ အရာရှိများ

* ရာဇဓမ္မသင်္ဂဟကျမ်း စာမျက်နှာ ၄၂ ကြည့်ပါ။



အပါးမှာ ရာဇဌာနီသုံး စီကုံးရေးသားနည်းကို နားလည်သူများ ထား ရှိမက ရာဇဌာနီမှာလည်း မြန်မာသံခံ, ရှမ်းသံခံ,ယွန်းသံခံစသော သံခံ အရာရှိများ၊ တရုပ်, ကုလား, သီဟိုဠ်, ပုဏ္ဏားစသော စကားပြန်များ ခန့်ထားရသည်။

၃၊ အဝေးကပေးပို့သော တင်စာ လျှောက်စာများကို အတွင်းတော် လွှတ်တော်များသို့ မသွင်းမီ လိုရင်းအဓိပ္ပါယ်မှာလည်း မပျောက်မငုပ်၊ ရာဇဌာနီသုံး ဝေါဟာရလည်း ကျနိုင်သမျှကျ၊ ဒေသန္တရ ဝေါဟာရ လည်း မပျက်စေရန် ပြန်ဆိုပြင်ဆင်သုတ်သင်ရေးသားကြရသည်။ လုပ် ထုံးကို ဆိုသော် ရှမ်း–ယွန်းစသော ဘာသာများမှာ ဆိုင်ရာရှမ်းယွန်းသံခံ အရာရှိက ရာဇဌာနီသုံးနည်းထုံးကျတန်သမျှ ကျအောင် ပြုပြင် စီစဉ်၊ လွှတ်တော်အတွင်းတော်များသို့သွင်းရန် ဆိုင်ရာ အဝေးရောက် အရာရှိ ထံသို့ ပို့အပ်ရသည်။ အဝေးရောက် အရာရှိကလည်း ဝန်ကြီးများထံ တိုင်ကြားဖတ်လျှောက်ရသည်။

ဆိုင်ရာဆိုသည်မှာ အရပ်လေးမျက်နှာတွင် တမျက်နှာလျှင် မြန်မာ သံခံအရာရှိ ၁–စီ ခန့်ထားမြဲမှာ မြန်မာသံခံအရာရှိ ၁–စီနှင့် အဝေးရောက်အရာရှိ ၁–စီ ခန့်ထားမြဲမှာ မြန်မာ ထုံးစံပင်တည်း။ ဝန်ကြီးများက သင့်ရာမှတ်ချက်သော်ငင်း, သင့်ပြီဟူ သော မှတ်ချက်သော်ငင်း ချရသည်။ သင့်ရာမှတ်ချက်ဆိုသည်မှာ ဝေါ ဟာရရိုင်းလျှင် ပြင်ရန်, အရေးကြီးသောစာ ဖြစ်လျှင် ဝန်ကြီးအစုံအညီ ညှိနှိုင်းဆွေးနွေး ဝိုနုတ်ယုတ်သွင်း ပြင်ဆင်ခြင်းဖြင့် အတွင်းတော်သို့ပို့ရန် စီမံပြီးမှ နားခံတော်သို့ အပ်စေရသည်။ အလှည့်ကျ နားခံတော်က အတွင်းတော်သို့ ပို့ရသည်။

၄၊ ဥပမာဆိုသော် နိုင်ငံတော်တောင်မျက်နှာအပါ တနင်္သာရီခရိုင် နယ်တွင် စီရင်အုပ်ချုပ်ရသူအရာရှိက ပေးပို့သော တင်စာလျှောက်စာ အတွင်း ဖြင်း ကောင်ရေ (၃၀) ဆက်သကြောင်းများကို ရေးသားပါ ရှိလျှင် မြင်း စီးရေ (၃၀) ဟု မြန်မာသံခံက ပြင်ရသည်။

ဆေးတော်ဖော်ရန် အလိုတော်ရှိ၍ မြင်းခွါကြီးဥ မည်မျှရအောင် ရှာဖွေ ဆက်သရမည်ဟု လွှတ်တော်က ခရိုင်နယ်အရာရှိထံ ဆင့်ဆိုရာ ခရိုင်နယ်ရှိ အရာရှိက စီရင်စုနယ်အရာရှိ သိသာ နားလည်အောင် ယောက်ခမရင်ခြောက်ဥ မည်မျှဟု ပြင်ဆင်ရေးသားသော မှာစာပေးပို့ရ သည်။

နိုင်ငံတော်နောက်မျက်နှာ, မြောက်မျက်နှာ, ရှေ့မျက်နှာမှာလည်း သည့်နည်းကိုအစဉ်မှီး၍ အသီးအသီး ဒေသန္တရဝေါဟာရဌာနအလိုက် ကိုက်စေရန် စီမံရသည်။

---

၃၃–ကာလနောက်ကျတိုင်း ဝေါဟာရ တိမ်ငုပ်တိုးပွား ပြောင်းလဲမြဲရှိကြပုံ

[ဤအချက်မှာ မြန်မာအဘိဓာန်အကြောင်းလည်း ပါသည်။]

၁၊ ကာလ နောက်ကျလေလေ၊ ရှေးဝေါဟာရ ပြောင်းလေလေ, နှောင်းဝေါဟာရ တစတစ တိုးလေလေ ဖြစ်သောကြောင့် အသစ်အသစ်ဖြစ်သောပညတ်ချက်များ,ဓမ္မသတ်များ, အဆုံးအဖြတ်များ,အမိန့်တော်များ, မှတ်သားချက်များ ရေးသားပြဌာန်းရမြဲတွင် ပါဠိနည်း, မြန်မာနည်း ၂-မျိုးစလုံးမှာ ဓမ္မတာကဲ့သို့ပင် တည်နေသည်။

၂၊ အကြောင်းမူကား "ဆရာများသော် သားသေတတ်သည်" ဆိုသော စကားပုံကဲ့သို့ နည်းကောင်း နည်းသစ် ခေတ်နှင့်လျော်ရာ လိုက်နာမြဲဖြစ်သည်မှာ မြန်မာဘာသာတွင်သာ ဓမ္မသတ်, ရာဇသတ်, သတ်ပုံ သတ်ညွှန်း, ဗေဒင်စသော လောကီအသုံးအဖြတ် အသစ်အသစ် ခေတ်အလိုက် ကိုက်အောင် ဆောင်ရွက်ရသည် မဟုတ်၊ ပါဠိဘာသာမှာလည်း မြန်မာဘာသာတွင် လိုက်နာရန် စီမံရသကဲ့သို့ နိယံဟောင်း, နိယံသစ်ရှိကြ၍ နယလိနဏ္ဍဒီပနီ, မေဓဒီပနီ, သာလာဘိဓာနသူစနီ, ကဝိဝိယဒီပနီ,ဝေါဟာရတ္တဘေဒ, ဝေါဟာရဝိပလ္လာသစသော ခေတ်အလိုက် ကိုက်ညီအောင် စီမံကြရသော အချက်များအတိုင်း ပေါ်ထွက်ခဲ့ရုံမက ပေါ်ထွက်ဆဲ ပေါ်ထွက်လတ္တံ့ရှိသည်ကို သိကြ ကျွံကြဆဲဖြစ်တော့သည်။

၃၊ ဓမ္မသတ်ဘက်တွင် ရာဇသတ် မှတ်စာစကားချက် စသည်များမှာလည်း အလွန်ဝေးသော ရှေးရှည်မြင့်စွာအခါက နည်းလမ်းဟောင်းများတွင် ကောင်းရာအဆီအနှစ်ကို ယူညှစ်၍ ခေတ်အလိုက် ကိုက်ညီသင့်တင့် အခွင့်နှင့် အဆင်သင့်ဖြစ်သော အသစ်အသစ်သော ဓမ္မသတ်, ရာဇသတ်များကို ရေးသား ပြုပြင်ကြရသည်မှာလည်း ဓမ္မတာသဘာဝ ပင်တည်း။



၄၊ သတ်ပုံ,သတ်ညွှန်း, သတ်ထူး, သတ်ချန်, သံပြောင်း, ခွဲထား-စသည်များမှာလည်း အောက်ပါအတိုင်း အသစ်အသစ် ခေတ်အလိုက် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ကြလေပြီ။ ယခုလည်း ဆောင်ရွက်ကြဆဲ ရှိသည်။ ယခု ခေတ်ဖြစ်ဆဲ ပြောင်းလွှဲဆဲ အချက် အချို့အဝက်ကို စံပမာဏ အမြွက်မျှ ဖော်ပြသော်–

ယခုအခါ ခေတ်အလိုက် အစီအကုံး အသုံးအစွဲ များကြသည်မှာ အထေ့အဖြတ် သုံးရမည်အစား (ပြီး) ဟူသော စကားလုံးကို နေရာတိုင်း လိုလို ပိုမိုသုံးစွဲးကြခြင်း။ (ဘ) ကုန်းကိုမြှုပ်၍ (ဗ) ဦးထုပ်ကို လိုလား သုံးစွဲကြခြင်း၊ တနေ့တခြား ပေါများသော အချက်လည်း ပေါ်ထွက် ဆဲဖြစ်သည်၊ သို့ရာတွင် မြန်မာနန်းသုံးထုံးကို ကြည်ညိုစွာ လိုက်နာသူ များလည်း အနည်းငယ် လိုက်ကြသေးသည်။

၅၊ သူရိယသတင်းစာတွင် တိုက်အုပ် ဦးဘဘေ-ဟု (ဘ) ကုန်းကို အသုံးပြုဆဲပင် မြင်ရရုံမက မင်းတိုင်ပင်အမတ် ရွှေးကောက်ပွဲအခါက ကြော်ငြာစာများနှင့် မော်တိုကားများမှာလည်း ဦးဘဘေ-ဟု ဘကုန်း ကို အသုံးပြုခဲ့သည်ကို မြင်ရဘူးပေသည်။

၆၊ သည်ကဲ့သို့ ဖြစ်ရသည်ကို ဆိုဘွယ်မရှိ၊ ခေတ်ကာလ ဒေသန္တရ ဗဟုသုတနည်းများအလိုက် ကိုက်ညီအောင် ပြုပြင်သုံးစွဲကြသည်ဟူ၍ ယူရုံ မှတ်ရုံသာရှိသည်။ ဦးဘဘေမှာ မြန်မာနန်းသုံးကို ကြည်ညိုရာ ရောက်ပေသည်။

အကြောင်းမူကား အသံပြောင်း ဝေါဟာရ ရေးမှတ် ဖတ်ရွတ်ပုံ နည်း၊တဖြည်းဖြည်းကွယ်ပျောက်ရုံမက အုပ်စိုးဆဲရှိကြသော မင်းအစိုးရ တို့သုံးစွဲသောဝေါဟာရဘာသာနှင့် အက္ခရာများကိုအုပ်စိုးခံရသူတို့က အမြတ်ထင်မှတ် နတ်စာဟူ၍ မှတ်ယူကြမြဲမှာလည်း ဓမ္မတာပင်တည်း။

၇၊ နတ်စာအကြောင်းကို အဝှန်းဂဏန်းစဉ် (၃၆) တွင်ကြည့်၊ သိသာရန်သာဓကမှာ မြန်မာစကား ရှိလျက်သားနှင့် မြန်မာစကားကို မသုံးပဲ အင်္ဂလိပ်ဘာသာကို မြန်မာဘာသာကဲ့သို့ ပြောဆိုရေးသားကြသော အရာမှာလည်း များစွာ ချောက်ချား တိုးတက်ဆဲရှိသည်။ သည်ကဲ့သို့ စနောင်စနင်ဖြစ်ရသည်အလျောက် မြန်မာစကား ပျောက်၍ အင်္ဂလိပ်မြန်မာ နှစ်မျိုးစပ် ဗန္ဓပ်စကားကို ပြောဆိုကြသည်ဖြင်

အင်္ဂလိပ်စကားလည်းမဟုတ်, မြန်မာစကားလည်းမဟုတ်သော စကား တမျိုးလည်း တိုးပွားဆဲ ရှိသည်၊ သည့်ကဲ့သို့ ဖြစ်ခဲ့ဘူးသည်မှာ မြန်မာဘာသာ ယခုလုံးလုံး တိမ်မြုပ်သောအချက်၊ တောင်သူ, ယွန်း, မွန်စသည်များမှာ စာနှင့်စကားများပါ ပျောက်လုစွာဖြိး * တိမ်မြုပ်နိုးသောအချက်မှာလည်း မျက်မြင်လက်တွေ့ပင်ဖြစ်တော့သည်။

၈၊ သည့်ကဲ့သို့ဖြစ်၍ ယခုအခါ မြန်မာ, အင်္ဂလိပ်အဘိဓာန် စီမံကြသော ပညာရှိကြီးများကို များစွာချီးကျူး ကျေးဇူးအထူးတင်ထိုက်ပေသည့်အလျောက် ရှေ့နောက်ထောက်ဆ ဥဘယဟိတ ပုဂ္ဂိုလ်ဟူသမျှ ကူညီကြရန် အခါအခွင့်သင့်တင့်သည့်အတိုင်း စွမ်းအားရှိသမျှထောက်မ ကူညီကြရန် တောင်းပန်သော ဥယျောဇဉ်စကား ရေးသားလိုက်ရပေသည်။ စီစဉ်ပုံ, ထင်ချက်ရေးပုံများမှာလည်း စာတွေ့, ဆရာတွေ့, ကိုယ်တွေ့, ဓလေ့ထုံးစံကို အရေးထူ၍ ကူညီပေးပို့သူတို့ အာဘော်ကို လိုရာထိမိ အသိတူညီစွာ မြန်မာအက္ခရာအစထားသော အရာဝယ် မြန်မာအဓိပ္ပါယ်,အင်္ဂလိပ်အဓိပ္ပါယ်နှစ်မျိုးစလုံးစေ့ငစ့စုံစုံပါနိုင်သမျှပါအောင် ဆောင်ရွက်နိုင်မှသာ နောင်လာနောက်သားတို့မှာ မြန်မာ အင်္ဂလိပ် နှစ်မျိုးနှစ်ဖြာ ထိမိသေချာ ဆရာလက်ဆုပ် မှန်ထုင်ညှို့ဂွက် ခဲ့ခက်သော အရာရာကို ကောင်းစွာလိုက်နာနိုင်ကြမည် ဖြစ်သတည်း။

---

## ၄၄–ကျောင်းသုံး, နန်းသုံး ကွဲပြားရခြင်းအရင်းအမြစ်

၁၊ (က) ပိဋကတ်ကျမ်းဂန်များမှာ ဝေါဟာရနှင့်စပ်သော အရာတွင် သစ္စာ ၂-ပါးခွဲခြားသည်။ ခွဲခြားပုံကား….(၁) ပရမတ္ထပညတ်သစ္စာ။ (၂) သမ္မုတိပညတ်သစ္စာ။ ၁-အဖွင့်မှာ-ခန္ဓာ, အာယတန စသော ဝေါဟာရမျိုးကိုဆိုလိုသည်။ ၂-အဖွင့်မှာ နှစ်,လ, နေ့, ရက်, အကျိုးအပြစ်, အမှတ်အယူ, လူနွား, ဆင်မြင်းစသော လောကသမ္မုတိပညတ်ကို ဆိုလိုသည်။ အဌာန်းဂဏန်းစဉ် (ဂ) ကိုကြည့်။

(၁) ထိုသစ္စာနှစ်ပါးတွင် လောကသမ္မုတိနှင့်စပ်သော ဝေါဟာရပညတ်များမှာ "ရာဇာနံ အနုဝတ္တိတုံ" ဟု မြတ်စွာဘုရား ခွင့်ပြုတော်မူ

* ဖြိး-ဟူသည်ကား….အားကြီးသည်ကို ဆိုလိုသည်၊ ဘြိ-ဟုဘကုန်းရရစ်သံ ဖတ်ရမည်။



ခဲ့သည်။သည့်ကဲ့သို့ခွင့်ပြုသည်မှာ ဒေသန္တရခြားကြသော်ငြား,ဒေသန္တရ တူကြသော်လည်း အစည်းအအုပ်မရှိသော်ငြား, အစည်းအအုပ်ရှိသော်လည်း ဂိုဏ်းကွဲသော်ငြား သညာပညတ် အမှတ်အသား ကွဲပြားလေ့ရှိခြင်း၊ သည့်ကဲ့သို့ ကွဲပြားလျှင် ဝိဝါဒါ ဓိကရဏ်း ဖြစ်တတ်ခြင်း သဘောဓမ္မတာကို အနာဂတံသ ဉာဏ်တော်ဖြင့် ဟုတ်တိုင်း ထင်ထင် သိမြင်တော်မူသည့်အတွက်ပင်တည်း။

၂၊ သိသာရန် စံပမာဏဖော်ပြသော်….နှစ်, လ,ရက် အကန့်အသတ် ဝါဝင်ဝါထွက် ရက်အကန့်အသတ်များနှင့် ပါရာဇိကကျလောက်သော အဖိုးတန်ခိုးမှုစသောလောကဝေါဟာရ သမ္မုတိပညတ်များမှာ ကာလံ, ဒေသံ, အဂ္ဃံ, ဓနံ-ဟူသော လောကီပဒေသတရားကို အရင်းထား၍ ဝိနည်းမှာလာတိုင်း ဆရာတော် သင်္ဃာတော်တို့နှင့်တကွ မင်းအစိုးရတို့က အမှတ်တရ အလေးအမြတ်ပြုကြ ဖတ်ကြ ရေးကြ စီကုံးကြရသည်မှာ မြန်မာထုံးစံပင်တည်း။

၃၊ ကျောင်းသုံးနန်းသုံး သဘောသွားခြားနားပုံမှာ ပါဠိသဒ္ဒါနည်း အရှိ ကစ္စည်း, ကိဋ္ဌ-စသော နည်းများပါ သေသေချာချာ စီကုံး ရေးသား ဖတ်ရှုတ်သုံးစွဲသော နည်းအပေါင်းကို ကျောင်းသုံးနည်းဟူ၍ မှတ်ယူကြသည်။ စကား အသွားအလာများကို ကြားရုံမြင်ရုံမျှနှင့် သည်စာသည် ကျောင်းသုံးနည်းတွင် ပါဝင်သည်၊ သည်စာသည်, နန်းသုံး နည်းတွင် ပါဝင်သည် ဟူ၍ စာဝါရင့်သူ မည်သူမဆို သိနိုင်သည်။ သည့်ကဲ့သို့ ကွဲပြားသော စာများမှာ များစွာရှိသော်လည်း သုံးနည်း သုံးမျိုးစီလောက်သာ သိသာရန် စံပမာဏ ဖော်ပြလိုက်သည်။

၄…(က) အောက်ပါစာနှစ်မျိုးသည် အချိန်အလိုက် အရပ်ဆိုင်ရာ ဒင်ရွေးပုံကို ပြဆိုသော ဝေါဟာရများဖြစ်သည်။

(၁) ဦးထုပ်ရှင်က၊ လူမှာသိုးဆင်။ (၂) အင်ခုံရွှေချ၊ လှပသန့်စင် နှစ်မျိုးစလုံးမှာ အက္ခရာနံ့သင့် ဂဏန်းအရ ချပုံ အတူတူပင် ထွက်သည်။

၅၊….(ခ) အောက်ပါစာ နှစ်မျိုးသည် အတွင်းနာရီကိန်း ချပုံကို ပြဆိုသော ဝေါဟာရများ ဖြစ်သည်။ (၁) မြေရှူစပါးဟိ၊ နတ်တော် သဘင်စေ့လုပ်ဘိ။ (၂) မုလေး စံပယ်သွယ်၊ နန်းတွင်းသူများ ဆင် ထိန့်မယ်။

၆။....(ဂ) အောက်ပါစာ နှစ်မျိုးသည် ကင်းဝန်မင်းကြီး အိမ်ဦးတွင် ရှင်ပရိသတ်, လူပရိသတ်များ အတွက် ခွဲခြား ခင်းထားသော ကော်ဇောနေရာများ ထားရုံမက ရှင်ပရိသတ်နေရာမှာလည်း ဆွမ်းခံလာသော သင်္ဃာတော်နေရာ၊ အခြားကိစ္စနှင့်လာသော သင်္ဃာတော်နေရာများ ခွဲခြားထားသော်လည်း ဆွမ်းခံလာသော အချို့သင်္ဃာသည် နေရာမသိသေး၍ ရေးထားရသောစာဖြစ်သည်။

(၁) ဤအိမ်ဦးတော်သို့ ဆွမ်းဘောဇဉ် အလို့ငှာ ကြွလာတော်မူကြသော သင်္ဃာတော်တို့ အတို့အားဖြင့် ကွဲပြားစေလိုသောကြောင့် ခွဲခြားခင်းထားသော နေရာသည်ကား ဤ ကော်ဇောကြီးဖြစ်၏။

(၂) ဆွမ်းခံသင်္ဃာတော် သီတင်းသုံးရန် သီးခြားခင်းထားသော ကော်ဇော။

၇၊ အမှုဆောင်ရွက်ထုံး နည်းလမ်းမှာ ကျောင်းသုံး ဘာသာတွင် ရာဇဌာနီမှအပ ဒေသန္တရများစွာက ရပ်ရွာဌာန နည်းထုံး သုံးစွဲနေကျ ဝေါဟာရအမျိုးမျိုး ရောနှောပို့ချ သင်ကြားပြသ နိဿယရေးကြခြင်း,နှုတ်နှင့် ဟောပြောရာမှာလည်း ပါဠိဘာသာကို နေရာတိုင်းအသုံးချခြင်းအမှုကိုပြုကြသည်။ သစ်ပင်တမျိုးတည်းကို မန်ကျည်း, မင်းကျည်း မကျဲး-ဟူ၍ ၎င်း၊ သစ်ပင်တမျိုးတည်းကို တတိုင်းမွှေး, သရက်သမွန်, ငပြေရင်, ငဇံရင်-ဟူ၍၎င်း၊ ပုရပိုက်ချေသည်ကို ထိမ်းသည်ဟူ၍၎င်း၊ အိပ်သည်ကို မွေ့သည်၊ ငိုသည်ကို အယ်သည်၊ သွားသည်ကို မြန်းသည်-စသည်ဖြင့် ပါဠိကို အရင်းခံထားပြီးလျှင် ဒေသန္တရမှစ၍ ပေါ်ရာဏ ဝေါဟာရများကို သုံးစွဲကြသည်။

၈၊ သည့်ကဲ့သို့ ရောနှောသည်မှာ စာသင်ကျောင်းတိုက် တတိုက် တတိုက်လျှင် စာသင်သား ၁,၀၀၀-ကျော်ရှိသော ကျောင်းတိုက်ပေါင်း များစွာရှိ၍ အရပ်တကာက ဝေါဟာရအစုံစုံ အမျိုးမျိုးအဖုံဖုံ ရောနှောဖက်တွဲ သုံးစွဲဆောင်ရွက်ကြခြင်း ဖြစ်သည်။

၉၊ နန်းသုံး ဘာသာမှာ ဒေသန္တရ ဘာသာနှင့် ပါဠိဘာသာ အသုံးအစွဲးကို မလွှဲမကောင်းသာမှ သုံးသည်။ နန်းသုံးဘာသာနှင့် ရေးသားလျှင် ရှည်လျားခြင်း, အချိန်ကြာကြာခြင်း, သသံသယ ဒေါသရှိတတ်



ခြင်း-စသော ဝေါဟာရများကိုသာ ဒေသန္တရဘာသာ-ပါဠိဘာသာ တွဲ၍ သုံးစွဲလေ့ရှိသည်။ အမှုဆောင်ရွက်ထုံး နန်းသုံးမှတပါး မျိုမော်ကွန်း ရတုစသည်များမှာ ဒေသန္တရ ဘာသာနှင့် ပါဠိဘာသာ လှည့်ကာချပ်ကာ ပါဝင် စပ်ဆိုခြင်းနှင့်တကွ မိဿက စကားများကိုလည်း ရေးသားသုံးစွဲလေ့ရှိသည်။ ပါရမီခန်းတွင်– လူဘေးနုတ်ဘ၊ မိုးမှဖြဟ္မာ၊ ထီးဝန်းကာလျက်-စပ်သည်မှာ တောင်တွင်း-ပုဂံများမှာ ဘိုးကို (ဘ)ဟု ခေါ်ကြသော ဝေါဟာရအတိုင်းပင်တည်း။ ပါဠိဘာသာများလွန်းလျှင် ကရားသံ, သပိတ်သံပါသည်ဟု အချို့ကဆိုကြသေးသည်။ သို့ရာတွင် သက္ကတ, မာဂဓ-ဘာသာနှစ်ဖြာကို နန်းသုံး မြန်မာဘာသာက မှီရရုံမက ကဗျာဖွဲ့နည်းမှာလည်း သက္ကတ မာဂဓ သဘောသွား အလားတူလိုက်နာကြမြဲ ရှိသည်အတွက် သက်သက် မြန်မာဘာသာ လက်ာစပ်ဆိုနိုင်သောအရာ လွန်စွာရှားပါသည်။ ၎င်းပြင်လည်း မြန်မာဘာသာကို နိသျှထားကာ မာဂဓဘာသာကို နိဿိတ ထားကြသော အချက် (ပြန်ကာဘက်)နည်း ရေးကြသောအရာလည်း ရန်ဘုန်ရုံခါ ပေါ်လာသေးသည်။ အဝှန်းဂဏန်းစဉ် (၆၉-၇၁) များကိုကြည့်။

၁၀၊ ၎င်းပြင် နန်းသုံးဘာသာမှာ အောက်ပါအကွရာများကိုအသုံး အစွဲးနည်းနိုင်သမျှ နည်းစေ၍ မလွှဲမကောင်းနိုင်မှသာ အောက်ပါအကွ များကို သုံးစွဲလေ့ရှိသည်။

အကြောင်းအရာ

* (၁) ပြီး....ကာလကိုးပါးအနက် အလွန်ဝေးသော အတိတ်, မနီး မဝေးသောအတိတ်,အတိတ်ဆိုရုံမျှ,လွန်ပြီးခဏအတိတ် အားဖြင့် သုံးပါး ရှိတန်သည်တွင် အလွန် နီးသော အတိတ်အတွက် ဖြစ်လျှင် "မလွှဲမကောင်းသာမှ" ပြီးကိုသုံးသည်၊လွှဲကင်း ပြောင်းရွှေ့နိုင်လျှင် ပြောင်းလွှဲ၍ အထွေအဖြတ် အတော့အရင်ကိုသာ သုံးသည်၊ အကယ်၍ ပြီးကိုသုံးပြန်သော် ပြီးတွင်မရပ်ဘဲ ပြီးလျှင်, ပြီးသော်, ပြီးမှ, ပြီးနောက်စသည် ထည့်၍ ကိရိယာသတ်လိမ့်မည်။ [ကိရိယာ (၆၀) ကြည့်]။ ဥပမာကား-ဆရာတော် ဦးပုတ် ရေးသားသော ဂုဏ်တော်ကိုးပါးအနက် ဗုဒ္ဓဂုဏ်အဖွင့်တွင် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင် ဟောပြောတော်မူနိုင်သော-ဟူ၍ ပါရှိ

* ၂-ကစ၍ ၁၂-အထိ အဝှန်းဂဏန်း (၃၀) ကြည့်။

သည်။ ယခု ရေးနည်း ဖြစ်ခဲ့လျှင် သိမြင်ပြီး ဟောပြောတော်မူနိုင်သော ဟူ၍ ရေးကြလိမ့်မည်။ ဗိုလ်မှူးဝန်ကြီး ပြန်တမ်းကြီးတွင် အချုပ်ကြီး အကိုင်ကြီးအရာ၌ ခန့်ထားစီရင် ထမ်းရွက်ရသူဖြစ်သောကြောင့် ဟူ၍ ပါရှိသည်။ ယခုရေးနည်း ဖြစ်ခဲ့လျှင် ခန့်ထားစီရင်ပြီး ထမ်းရွက်ရသူ ဖြစ်သောကြောင့် ဟူ၍ ရေးကြလိမ့်မည်။

ပထမပြန် အမိန့်တော်တွင် ဝဲယာ လေးဌာနခွဲဝေ၍ စာပြန်ဆိုမြဲ ပြန်ဆိုစေ-ဟူ၍ ရေးသည်။ ယခုရေးနည်းဖြစ်ခဲ့လျှင် ခွဲဝေပြီး ပြန်ဆိုမြဲ ပြန်ဆိုစေ-ဟူ၍ ရေးကြလိမ့်မည်။ အကြောင်းမူကား-ကိရိယာသတ် နည်း စဉ်းငယ်တန့်ရပ် ရွတ်ဖတ်ရသော သံဖြတ်သံထေ့ နည်းများရှိသည် ကို သတိမထားပဲ အခြားဘာသာကို လိုလားလိုက်စား နှိုင်းရှည့်ရွက် ဖက်လေ့ရှိသည်ပြင် အသိအတွေ့ မတူကြသည့်အတွက် စာဖတ်ခက်သည် ထင်သည့်အလျောက် နောက်ခေါ်နည်းတည် (တွင်)ပြင်ဆင် ရေးသား ကြခြင်းပင်တည်း။ "ဆရာတို့ထံ၊ နည်းထုံးစံကို၊ မခံဘူးပဲ၊ တတ်နိုင်ခဲ့၏" ဟု စပ်ဆိုသော ကိုးခန်းပျိုသည် ကျွန်ုပ်တို့ ယခုခေတ်တိုင် ဆိုင်နေပေ သည်။

(၂) ဖြင့် ၃-မျိုး ⎫
(၃) ကြောင့် ⎬ ၎င်း ၃-လုံးအစား, အညီ-ညီစွာအရအတိုင်း ဆိုင်းသင့်ရာရာ လိုက်နာသုံးစွဲသည်။
(၄) လျက် ⎭

(၅) ၌....၌-အစား, "တွင်, မှာ, ကို" များကို သုံးစွဲသည်။

(၆) ၍....ကြိယာသတ်သောနေရာများနှင့် ပြီးလျက်များ အစား "၍" ကို သုံးစွဲသည်။

(၇) ဤ ⎫
(၈) ၏ ⎭ ဤ,၏-အစား,ယခု"သည်, သတည်း" သုံးစွဲသည်။

(၉) တို့....အစား "များ" ကို သုံးစွဲသည်။ အဝှန်းဂဏန်းစဉ်(၂) ဆိုင်ရာ ဂဏန်းစဉ်(၈) ကြည့်။

(၁၀) အား ⎫
(၁၁) ၌ ⎭ အား-၌-အစား, အထေ့-အထပ်, အပိတ်- အဖြတ် ကို သုံးစွဲသည်။ ကော်ဇောခင်းထားပုံ ကွဲပြားရန် စီကုံးသောစာ ၂-မျိုးကိုကြည့်။



(၁၂) မှ....မှ-အစား "က" ကိုသော်၎င်း, အတောအရပ်ကိုသော် ၎င်း သုံးစွဲသည်။

ကျွန်ုပ်အဖြေပါသော လွှတ်တော် အမှတ်အသား စာအုပ်-ကြည့်။ [ဒုတိယပုံနှိပ်စာအုပ်နှင့် ယခုစာမှာ အဝှန်းဂဏန်း(၃၂)ပါ ဆိုင်ရာ ဂဏန်းစဉ်(၁၀) ကိုကြည့်။]

### ရေးခါအမှန်, ဖတ်ခါအသံဟူသော စာဖတ်ရာ လိုက်နာရခြင်း နည်းများကို ပြဆိုချက်

(က) ရေးသားလျက်ရှိသော စာလုံးကို ဖတ်သည့်အခါ စာလုံး အပိုင်းအစကို ချန်ခဲ့ရသေးသည်။

ဥပမာကား....တရော, တထောင်, တသောင်း, တသိန်း-စသည်ကို တ-အက္ခရာမပါစေပဲ ရာ,ထောင်,သောင်း,သိန်း-ဟူ၍၎င်း၊ အနောက် အရှေ့ စသည်ကို "အ" အက္ခရာမပါစေပဲ ရှေ့ဝင်း,နောက်ဝင်း,ရှေ့ရုံး, နောက်ရုံး-ဟူ၍၎င်း လိုက်နာနည်းများကို ဆိုလိုသည်။

(ကာ) ရေးသားလျက်ရှိသော စာလုံးရှိတိုင်း မဖတ်ပဲ အချို့မှာချန် အချို့မှာ သံယုတ်သံ, အချို့မှာ အထေ့သံ, ဒရုန်သံ, အသံပြောင်းလွဲဖတ် ရသေးသည်။

ဥပမာကား....သိကြား, သကြား၊ သူပုန်,သပုန်၊ သူရဲ,သရဲ၊ မဏ္ဍရာ မဓရာ၊ ပုဂံ, ပဂံ၊ ပန်းကန်, ပဂံ၊ တမှို, တံမှို၊ ဝိညာဉ်, ဝိန်ညင်၊ မယှံ, မယ်ယှံ၊ သည်,သ,ကို,ကို့-လည်း။လ။ စသည် ဖတ်နည်းတည်း။

ပညာရှိ မကျေးမြို့စား ရေးသားထားခဲ့သော ဘတ်သူးလည်းကြည့်။

(ကိ) ရေးသားလျက်ရှိသော စာလုံးကို ရေးရင်းစာလုံးမှ တပါး၊ အခြားစာလုံး အဟန် အသံ ပြောင်းလဲဖတ်ရသည်။

ဥပမာကား....အရာရှိ, အရာရိ၊ အလိုတော်ရှိ, အလိုတော်ရိ၊ ဝန်ရှင် တော်, ဝန်ရင်ဒေါ်၊ ရှိခိုးသံတော်ဦးတင်, ရှိကိုး သဒေါ်ဦးတင်၊ ဘခင်, ဖဂင်၊ မိခင်, မိဂင်၊ ပြောဆို, ပြောဇို၊ ပိုင်းခြား, ပိုင်းဂြား၊ စည်းစား, စင်းဇား၊ ရှောင်ကြည်, ရှောင်ဂြည်၊ လောင်ရှည်, လောင်ရှေ၊ ပဋ္ဌာန, ပဓာန-စသည်တည်း။

## ၃၅–စည်းကမ်းမဲ့နည်းထက် စည်းကမ်းရှိသောနည်းကိုသာ ကြီးရင့်မြင့်မြတ်သူတို့ မှတ်ယူလိုက်နာမြဲရှိပုံ

၁၊ မည်သည့် လူမျိုးမဆို သဘောဉာဏ် ကြီးရင့်၍ မြင့်မြတ်သော စိတ်ထားရှိကြသော ကဝိကြီးငယ် အသွယ်သွယ်တို့မှာ လွယ်ကူညံ့ဖျင်းသောစည်းကမ်း နည်းလမ်းမဲ့ထက် လေးနက်မှန်ကန်သော စည်းကမ်းနည်းလမ်း သိမ်မွေ့ ခက်ခဲရာကိုသာ လိုက်နာအပ်သော အခြင်းအရာ အင်္ဂါလက္ခဏာရှိသည်ကို သိကြပြီးဖြစ်ရုံမက သိကြသည့်အတိုင်းလည်း လိုက်နာရန် ကြိုးစားကြပေသည်။

၂၊ စည်းကမ်းမဲ့သော နည်းဟူသည်ကား နတ်စာခေါ်သော ရာဇဌာနီပြည်ကြီးသုံး ဆုံးဖြတ်ချက်ရှိသည်ကို သတိမထားပဲ နွားကျောင်းသံ, နွားထိန်းသံခေါ်သော ဇနပုဒ်သားတို့ ဝေါဟာရ အမည်သညာ လိုက်နာခေါ်ဝေါ်ပုံနှင့်တကွ ရေးနည်းညွှန်ပေါင်း သံညံ့,သံပြောင်း, သံထွေ့, ရပ်နည်း ဟပ်နည်းမှစ၍ ဆရာကျော် ဆရာမြတ်တို့ ဆုံးဖြတ်ချက်, မင်းအစိုးရတို့ ဆုံးဖြတ်ချက်ရှိသည်ကို သတိမမူ လွယ်ကူစွာ ထင်ရာလိုက်နာရှာကြရသည်မှာ ဆုံးဖြတ်ချက် အမိန့်တော်များမှာ ပုံနှိပ်စာတွင် မပါသေး၍ တွေ့ရှိသမျှပုံနှိပ်စာများကိုသာ ဖတ်နာကြည့်ရှုသူများပြားနေသဖြင့် ပေစာပုရပိုက်စာကို ရှာဖွေဖတ်ရှုသူ နည်းပါးသည့်အတွက် ဟူ၍ယူရတော့သည်။ ပုံနှိပ်တိုက် ပေါများသော အကြောင်းအကျိုးမှာ အကောင်းအဆိုး နှစ်မျိုးလုံး ပြန့်နှံ့လွယ်သည်။

၃၊ လွှတ်တော် အမှတ်အသား ပေစာ ပုရပိုက်စာစုမှာ မကြာမီ ယူနီဘာစီတီကျောင်းသို့ ရွှေ့ပြောင်းပြီးစီးသည့်အခါ ပုံနှိပ်ရာမပါသေးသော နန်းသုံးဗဟုသုတ အမြောက်အမြား တိုးပွားပြန့်နှံ့ရန် သဘောလမ်း ဖြောင့်တန်းလျက်ရှိသည်။ ကိုးခန်းတွင် "ပုဒ်စပ်ချောမွေ့၊ သံထွေ့ခြားဖြတ်၊ (သံခေ့-ဟု ဖတ်ရသည်) သံယှတ်ဖွင့်ဆို၊ ရှည်တိုလေးပေါ့၊ တင်းလျော့နိဂ္ဂဟိတ်" ဟူ၍၎င်း။

၄၊ "ဘုရားသာသနာ၊ ယခုခါ၌၊ ဆရာတို့ထံ၊ နန်းထုံးစံကို၊ မခံဘူးပဲ၊တတ်နိုင်ခဲ၏" ဟူ၍၎င်း....ရှင်မဟာရဋ္ဌသာရက ရှင်မဟာသီလဝံသထံပို့သော မေးဖြေဖြောင့်၍-ချီ ကေဝိဒ်ရတွင်လည်း-"စကားအင်တို၊ နှုတ်ဝယ်ငုံလျက်၊ အာဂုံအာဂါ၊ ပညာမျက်စိ၊ သတိဖြန့်မိုး၊ ဉာဏ်အရိုးကို၊



ဖြောင့်ထိုးထွင်းမှန်၊ လက်ရွေးဆန်သို့၊ ကာချန်ပစ်ချ၊ အနှစ်ရမြဲ၊ သားရခဲကို (ဂဲ)ကို-ဟု ဖတ်ရသည်၊ အထဲမယူ၊ တံချူမညွှတ်၊ မဆွတ်လေ၍၊ နည်းမတွေ့လည်း" ဟူ၍၎င်း... မြန်မာဘာသာ ရေးသားစီကုံးဖတ်ရှုတ်ရာ လိုက်နာရပုံ အသွယ်သွယ် ကျယ်ဝန်းပုံကို အတိုချုပ် စပ်ဆိုတော်မူခဲ့သည်။

၅၊ သည်ကဗျာများသဘောသွားအရကို ဖွင့်ဆိုတော်မူသော တောင်ဘီလာပုဂ္ဂိုလ်ကျော် ဆရာတော်က ဆုံးမတမ်းရေးသားထားခဲ့သည်မှာ–

ရှုတ်ရိုး ဖတ်ရိုး အရိုးတို့တွင်လည်း ဖတ်စာဖတ်ရိုး၊ မော်ကွန်းဖတ်ရိုး၊ လူးတားဖတ်ရိုး၊ အဲးချင်းဖတ်ရိုး၊ ရဲးတင်းဖတ်ရိုး၊ ရတုဆိုရိုး၊ သမိုင်းရာဇဝင်၊ ဝတ္ထုဖတ်ရိုး၊ အကွဲးအကွဲး ဒဏ္ဍဇ,မုဒ္ဒဇရှိချေသည်။ ငေါ်ငေါ် ကြော်ကြော် ကျုံကျုံ အာလုပ်သံနှင့် ဖတ်တန်သည်။ နွဲ့နွဲ့ယယ၊ ပျပျ ညောင်းညောင်း၊ မိန်းမကောင်းသံနှင့် တူအောင် ဖတ်တန်သည်။ မညံ့မပြင်းဖတ်တန်သည်-စသည်များကို နားမလည်လျှင် ဟူ၍၎င်း၊ ဆိုရိုးပြောရိုးတွင်လည်း အသတ်စောင့်၍ ဆိုလျှင်သုနားမချမ်းသာ၊အသတ်နှင့်ဆိုလျှင်လည်း ဟုတ်ကာဗ်ဟုတ်၏ သူမနာသာ န-သတ်,မ-သတ်,တ-သတ် ပ-သတ်,ည-သတ်, လုံးတင်, မစပ်အပ်သောကြောင့် ပါဠိဂါထာကြား လျှင် မည်သို့ပါမည်–နှစ်လုံးသွင်းရချေလျှင် မြန်မာဘာသာမတတ်ဖြစ်တော့သည် ဟူ၍၎င်း လာရှိသည်။ မညံ့မပြင်း-ဟူသည်ကား အတောအဖြတ် အထေ့အရပ်ကို ဆိုလိုသည်။ ဥပမာကား-အောက်ပါရေးနည်း ဖတ်သံအတိုင်းပင်တည်း။

၆၊ ဘူရိဒတ်ဇာတ်ပေါင်းပျို သာခန်းထိုသို့ချီတွင်–"ပြန့်ပြောင်းလိမ်လစ်၊ စကားသစ်ဟု၊ တောင်သူမှုနှင့်၊ ရောရစ္စေဟပ်၊ အထပ်ထပ်တီ၊ ချုပ်စပ် ဆည်းဆူ၊ ပံသုကူကို၊ မယူပါဝဲ၊ ရွှေနန်းပွဲဝယ်၊ အမြဲနေကျ၊ သုံးစွဲကြသား၊ ပြည်မသနစ်၊ ကရိဏ်းစစ်သို့၊ ကျစ်လစ်စင်ကြယ်၊ နာချင်ဖွယ်တည်း" ဟူ၍ စပ်ဆိုသည်။

လယ်တီမဏ္ဍိုင်-၄၉

| ရေးနည်း | ဖတ်သံ |
|---|---|
| ၁ ကြီးရိုးမှုလုဆိုကြသောစကားကို (လ)။ | ကြီးရိုးမှုလုဈု ိုကြသောဇဂါးဂို။ |
| ၂ ပိုင်းခြားပြဌာန်းခန့်ထားမည်။ | ပိုင်းဩားပြဿန်း ခန့်ဓားမည်။ |
| ၃ ဘုရားကျွန်တော်ဝန်တို့ ဆိုသည်ဘုရား။ | ဖရကျွန် (တ) ဝန်ဒို့ ဆိုသဖရား။ |

## ၃၆–နတ်စာ, လူစာ, နွားကျောင်းနွားထိန်း စာ ဟူ၍ မှတ်ယူကြမြဲရှိပုံ

၁၊ မြို(သိရိ) ဒဏ္ဍီဆရာစီရင်သော ကာပျအင်္ဂါကျမ်း ပေစာမျည်းမြ ၁၁-ကြောင်းရေး(ငင) ချပ်ကျောဘက်နှင့် ငဲ-ချပ်ဝမ်းဘက်များတွင် ရာဇဌာနီသုံး-ပရာကရိတ, ဘံကရိတ, ဝေါဟာရဘာသာကို "နတ်တို့ဆိုသောစကား" ဟူ၍ငင်း "နတ်စာ"ဟူ၍ငင်း၊ "ဂေါရကေန မည်သောပြည်, ဂေါဋ္ဌမည်သောပြည်, လာဋ္ဌမည်သောပြည်စသော ပြည်ကြီးဘာသာ"ဟူ၍ငင်း ထိုပြည်ကြီး သုံးဘာသာမှ တပါး၊ အပ-ဘြံမဘာသာကို သာမန်လူသုံး ဘာသာ, နွားကျောင်းသားဘာသာဟူ၍ငင်း, နွားမိန်း ဘာသာဟူ၍ငင်း ပြမှာလာရှိသည်။ မာဂဓတိုင်း ရာဇဂြိုဟ်ပြည်တွင် သုံးသောပါဠိဘာသာကို မာဂဓဘာသာဟူ၍ငင်း, မူလဘာသာဟူ၍ ငင်း သဒ္ဒနီတိနှင့် ကဝိပိယဒီပနီစသော ကျမ်းဂန်များမှာလာသည်။

၂၊ ဝေါဟာရလိနတ္ထဒီပနီ-ကျမ်းတွင် လာရှိသည်မှာ နာထသဒ္ဒါတွင် တမ်းခွန်တင်သော့ကြောင့် နတ်ဖြစ်သည်၊ နာထ-အနက်မှာ ကိုးကွယ်ရာ ဆိုလိုသည် ဟူ၍ ပါရှိသည်၊ မာဂဓအဘိဓာန်-မင်းသာမန် ပရိယာယ် ၁၂-ပုဒ်တွင် ဘူနာထပါရှိပုံကို ထောက်ရှုသော် ယခု အုပ်စိုးဆဲအစိုးရမင်းတို့ကို နတ်ဟူ၍မှတ်ယူခွင့်ရှိသည်နှင့်အညီ အုပ်စိုးဆဲ အစိုးရဟူသမျှ သုံးစွဲးကြမြဲးရှိရာစာမှာ နတ်စာတွင်ပါဝင်ရာ ရောက်သည် အတိုင်း မြန်မာနန်းသုံးစာမှာလည်း နတ်စာခေါ်မြဲးပါဝင်ခဲ့ဘူးသည်။

၃၊ ငင်းပြင် အထူးမှာ သံကရိတသက္ကဋနှင့် ဒေဝနာဂရီဟူသော ဝေါဟာရများကို သဘောသွားအလားတူယူရခြင်းနှင့်တကွ မင်းအစိုးရ



သုံးသော ဝေါဟာရများကို နတ်စာဟူ၍ငင်း၊ ရာဇဌာနီသုံး ဘာသာ ဟူ၍ငင်း ယူရသည်မှာလည်း မာဂဓဘာသာ(ဒေဝ) အနက် ၁၀-ချက်တွင် (၁) ဒေဝ--နတ် (၂) ဒေဝ-ရှင်ဘုရင်မင်းအစိုးရဟု သုနေရာအလိုက် ထိုက်ရာ ကိုက်ရာ ယူရသည်၊ (နာဂရိက) အနက်မှာ မြို့ကြီးများနှိုက် ဖြစ်ပွားသောမြို့သား မြို့သူကို ယူရသည်ဖြစ်၍ ဒေဝနာဂရီဘာသာကို ခေတ်အခါအတိုင်း နတ်စာ,ရာဇဌာနီသုံးစာဟူ၍ ယူနိုင်သည်။

၄၊ သည့်ကဲ့သို့ ဖြစ်၍ ယခုခေတ်အခါတွင် အင်္ဂလိပ်စာကို နတ်စာဟူ၍ ယူထိုက်သော သဘောလမ်းဖြောင့်တန်းသောကြောင့် ရဟန်းတော်များမှာလည်း အင်္ဂလိပ်စာတတ်သင့်သည်၊ သို့ရာတွင် လူကျောင်းသားများအလား ကျောင်းများသို့ သွားရောက်သင်ရမည်မဆိုလို၊ဘုရားဟောပါဠိတော်ကို အင်္ဂလိပ်လိုပြန်ဆိုထားသောကျမ်းများ မြောက်မြားစွာရှိသည်၊ သည့်ကဲ့သို့ အင်္ဂလိပ်စာလုံးနှင့် ရေးထားသော ဘုရားဟော ကျမ်းဂန်များကို မြန်မာလို ပြန်ဆို သင်ကြား ပို့ချနိုင်ခြင်းမှာ လိုရင်းပင်တည်း။

## ၅–သည်ကိုရည်၍ ကျွန်ုပ်ရေးဘူးသော တေးထပ်နှင့်ဒွေးချိုးများမှာ အောက်ပါအတိုင်းပါရှိသည်

လုသမယာ လုဌာန လုစာပနတ်စာ။ ရှုကာပြမှတ်စရာဝယ်-အဖြာဖြာ ဂေါဋ္ဌဟု ခေါ်ဝဏ္ဏ၊ ပရာကရိအာဒိဖြာတယ်-ပါဠိမှာသုံးတဲ့မာဂဓ။ တတ်ရာကျမ်းညို့သာသည်၊ ကျော်ဘိစွာနဂရ၊ နတ်စာကို မှတ်ပါကြလို့ စည်ကျမ်းဂန်။ နဘံတွင်ဈာန်ယဉ်မွေ့ပါတဲ့၊ ရှင်ရသေ့ညွှန်ပြထုတ်ပြန်။ မှတ်ခါကျုံးဖြိုးတဲ့ပြည်ကြီးမှန်လျှင်၊ သည်နည်းမှန်နတ်စာသုံးတယ်လို့၊ နတ်စာသာအရင်းယူဘို့သွယ်စွာ-လူတို့နယ်မှာ။ နာယကတတ်စရာဝယ်၊ ပလေး။

၆၊ မိရိုးဖလာ၊ ရှိမျိုးစာ ဖြာဖြာက၊ သီလာသမာရပါတဲ့၊ ပညာ့အကြောင်း။ သိတတ်မှသာ၊ ကဝိမြတ်ဆရာတို့၊ နတ်စာကို လူရာသွင်းတာမို့ချင့်သမာ အာစာယွှင်းခဲ့လျှင်၊ ဖျင်းညံ့လူသောင်း။ [သောင်း-ဆိုသည် ကား၊ လူစဉ်မမှီသည်ကို ဆိုလိုသည်၊ စပါးဖျင်း, စပါးသောင်း, လူပုလူသောင်းကဲ့သို့တည်း။]

၇၊ ပြဆိုခဲ့သော အထောက်အထား အာဘော်များကို ဆီလျော်ရာ ကြည့်၍ နိုင်းရှည့်ခြင်းအားဖြင့် အင်္ဂလိပ်ဘာသာနှင့် ရုံးသုံးဘာသာများမှာ နတ်စာဟူ၍ ယူသင့်သော သဘောလမ်းဖြောင့်တန်းသည်။

၈၊ အကြောင်းမူကား....အုပ်စိုးသော အစိုးရတို့ ပြောဆိုပြုမူသော ကာယဝိညတ်, ဝစီဝိညတ်များကို အမြတ်ရွှေသွားမျိုးဟု အုပ်စိုးခံရသူတို့က မှတ်ယူလိုက်နာကြမြဲမှာ ဓမ္မတာသဘောတွင် ပါဝင်သည့်ပြင်၊ ယခုခေတ်တွင် အမြင်အမြော်ညာဏ်၊ ရင့်သန်လေးနက်၊ ထက်မြက်တန်းခိုးကြီးရုံမက၊ တလောကလုံး အနှုန်းအစံသဖွယ် အကြီးအကျယ် အသုံးဝင်သမျှ ပညာအမျိုးမျိုးမှာ! အင်္ဂလိပ်စာတတ်မှသာ နေရာတိုင်းခရီးရောက်၊ ထင်မြင်တိုင်း ပေါက်မြောက်ပြီးလျှင် ထင်ပေါ်ကျော်စောသော လောကီအကျိုးတိုးတက်ခံစားရသောအချက် မျက်မြင်လက်တွေ့ရှိကြသဖြင့် အဖွင့်ဋီကာရေးရန် မလိုဖြစ်တော့သည်။

၉၊ သည်ကဲ့သို့ဖြစ်၍ မြန်မင်မင်းတို့ အုပ်စိုးဆဲအခါကလည်း ရာဇဓာနီသုံး စီကုံးဖတ်ရွတ်နည်းမျိုးကို အစိုးရနှင့်ပတ်သက်သူ ရှင်လူတို့ပါ တပြေးညီစွာ လိုက်နာကြရန် စီမံပြဋ္ဌာန်းရခြင်းဖြစ်သည်။

၁၀၊ အစိုးရနှင့် မပတ်သက်သော တောနေပုဂ္ဂိုလ်ရှင်လူတို့မှာ ရပ်ရွာအလိုက် ရာဇဓာနီသုံး နည်းလမ်းများကို နားမလည်ကြ မလိုက်နာတတ်ကြသည့်မှာ ယခုအခါကဲ့သို့ ပုံနှိပ်စာ သတင်းစာ မရှိသေးပဲ လက်ရေးနှင့်သာ ဆိုင်ရာလိုက်နာကူးယူရခြင်း၊ သွားလမ်းလာလမ်း ခဲယဉ်းခြင်းများကြောင့် ယခုအခါကဲ့သို့ပညာအမျိုးမျိုးတိုးသင့်သလောက် မတိုးမပြန့်၊ ကြန့်ကြာနှောင့်နှေးသောကြောင့် ရှေးအခါက ရာဇဓာနီ ထုံးစံနှင့် တောနယ်ထုံးစံ ညီညွတ်စေရန် စီမံချက် ပြဋ္ဌာန်းချက် အဆက်မပြတ် ထပ်ခါထပ်ခါ အကြိမ်များစွာ ထုတ်ရခြင်းဖြစ်သည်။

၁၁၊ သိသာရန်အချက် သက်သေခံ အထောက်အထားမှာ... ရှင်မဟာသီလဝံသတပါးတည်း ရေးသော ကဗျာဖြစ်ပါလျက် တောင်တွင်းက ရေးခဲ့သော ပါရမီခန်းပျို့မှာ ရာဇဓာနီပြဋ္ဌာန်းချက်နှင့် မညီသည့်အရာ များစွာပါ၍နေသည်။ ရာဇဓာနီရောက်မှရေးသော ရွှေနန်းတည်မော်ကွန်း, တန်တားဦးတည် မော်ကွန်းစသော ကဗျာများမှာ ရာဇဓာနီပြဋ္ဌာန်းချက်များနှင့် များသောအားဖြင့် ညီသည့်အရာကို ကဗျာလေ့လာသူတိုင်း သိကြသည်။



၁၂၊ ဆိုခဲ့သည့် အကြောင်းကြောင်းကို ရုံးပေါင်း ထောက်ရှု၍ ယခုခေတ်အခါ နတ်စာ ဝေါဟာရ ခရီးရောက်သည့် အလျောက် နတ်စာကိုထောက်၍ နောက်ထပ်စာပြုကြလျှင် ဂဏန်းစဉ် (၂၇)မှာ ပါသောစာပြုရာ, ဆုံးဖြတ်စာထုတ်ရာ လိုက်နာမြဲ(၆) မျိုးစလုံးရှိသမျှ စေ့စေ့ငုငု ကြည့်ကြည့်ရှုရှု စာပြုကြမှသာ ရည်ရွယ်ရာ နတ်စာလည်း ခရီးရောက် မိရိုးဖလာ ဘာသာအလျောက် သီလသမာဓိ ပညာလည်း ထမြောက်အောင်မြင်ရန်ရှိသည်။

၁၃၊ သည်ကဲ့သို့ စေ့စေ့ငုငု ကြည့်ကြည့်ရှုရှု စာမပြုလျှင် စာပြုဆိုလျက် စာဖျက်ဖြစ်တတ်ရုံမက ဆောင်ရွက်နေကျ ကိစ္စမဟုတ်လျှင် ကျွမ်းကျင်နားလည်ခြင်း....ချွတ်ယွင်းတတ်သော သဘောသွား အလျောက် ရည်ရွယ်တိုင်း ခရီးမရောက်၊ အနာဂတ်တလျောက် အယူသွေကောက်ဖောက်ပြားချောက်ချားပြီးလျှင် စနောင်စနင်မရှိအောင် သတိကြီးစွာနှင့် စာသစ်ပြုစုနိုင်ကြပါစေကြောင်းကို ဆုတောင်းပဋ္ဌနာ မေတ္တာပို့သလိုက်ရတော့သည်။

နတ်စာအကြောင်း ပြီး၏။

---

၃၇—တောင်ငူခရိုင်ဝန်မင်း တိုက်တွန်းချက် သက်ဝင်ရာပါ
မြန်မာမင်းတို့ အမိန့်တော်များတွင် သဘင်ဆိုင်ရာ လိုက်နာရန်
မြန်မာမင်းတို့ အမိန့်တော်များတွင် သဘင်ဆိုင်ရာ လိုက်နာရန်
၁၀၃၄–ခုနှစ်တွင် ထုတ်ပြန်သော အမိန့်တော်

သက္ကရာဇ် ၁၀၃၅–ခု ကဆုန်လပြည့် ၁–နေ့နေ့နံက် ၄–ချက်တီးကျော် ၅–နာရီ၊ ၃–ပါဒ်၊ ၄–ဗီဇနာ ပြိုဿလက် တူစန်းကြိုက်လျက် အတုလမဟာဒေဝီ မိဖုရားခေါင်ကြီးနှင့်အတူ ထီးနန်းရာဇပလ္လင် ဦးကင်တော်ထီးတော် ၂–စင်းကို ကောင်းသွင့်မည့်အခါတော်ကြိုက်သည်၊ ကနက္ကဒါန်ထီးတော်စွန်းအောင် စဘင်လုပ်ဆောင်စေ။ ထီးချက်–အခါတော်မှာ–ဆရာတော်သွင်းစာအတိုင်း လိုက်နာစေ၊ ဦးကင်တော်ထီးလက်တို့လည်း ဆရာတော်သွင်း စာအတိုင်း ထည့်စေ၊ ဝန်တို့အခမ်းအနားနှင့်စပ်၍ ဆရာတော်သွင်းစာမှာ ပါသည့်အတိုင်း ရွှေတိုက်တော်ကထုတ်၍ စီရင်။ နတ်ပူဇော်ပွဲးပြင်ရန် ရွှေထည်များမှာ အကျိုပေါင်းထုပ် ပေါ၊ ၁၀ဝ်ပေးစေ။ ပုဏ္ဏားတို့မှာ အနားပါပုဆိုးပြု ဝင်းယရှိ နတ်ရေစပ် ၁၀၁–သနားတော်ခံစေ၊ စစ်ကိုင်းတန်တားဦး

ဝှယောက်၊ အဝခရွှေပြည်စိုး၊ ခိုးကဲးအဝအသည် ၅-ယောက်၊ တိုင်ခေါင်း ၂-ယောက်၊ အခါတော်မတိုင်မီ သဘင်တဲးတော်တွင် ခင်းကျင်းအသင့်ရှိစေ၊ သဘင်တော်တွင် နတ်ပွဲယ်သူ ပုဏ္ဏန်းတို့ အဝတ်အဆင်မှာ ရှေးအခါ လူဖြစ်စဉ် ဘုရင်ကေရာဇ်ဖြစ်ဘူးသည်ကို အစွဲးပြု၍ ယခု သဘင်တော်တွင် တုယင်, မကိုဋ် မဆောင်းမဆင်စေနှင့်၊ နန်းစဉ် စာတမ်းတော်ပါ အင်္ကျီလက်ကျယ် ရွှေငွေကြယ်ပေါက်၊ ၃-ထောင့် ၄-ထောင့် သိုးဦးထုပ်မျိုး၊ ဗောင်းချွန် ဗောင်းထုပ်မျိုးကိုသာ ဆင်ယင် ကခုံစေ၊ မြန်မာအတီးအက နောက် ၄၀, ရှေ့ ဂ၀၊ မွန်အတီးအက, ယိုးဒယားအတီးအက နောက် ၁၅, ရှေ့ ၃၀၊ ရခိုင်အတီးအက, တရုပ်အတီးအက, လင်းဇင်းအတီးအက နောက် ၂၀, ရှေ့ ၄၀-စီ၊ သက်ကသည်းအတီးအက,မြန်မာကြီးအတီးအက သဘင်သည် (၃၇) ရပ်အစုံအလင်၊ စံရာတံခါးတောင်ကုန်းရိုးစပ်တွင် လူအမျိုးမျိုးတို့ ဆိုင်ရာတဲးကန္နားဖြင့် ဆောက်လုပ်ပြီးလျှင် သည္ဘာသည်အကြီးအကဲး စာရေးတို့ကို ဝန်တော် (၁)၊ စာရေးကြီး (၁) ကြပ်မ၍ အချင်းခံ အကြီးအငယ်, အကြမ်းအနု, အယိုင်အနွေး, နောက်ရှေ့အခံအက ကိုက်ညီမျှတစေရန် ဥကင်တော်သဘင်မတိုင်မီ လေ့ကျင့်သင်ကြားစေ၊ နတ်ပွဲးပွဲယ်လူ, ပုဏ္ဏားန်းတို့နှင့် အတီးအကတို့ကို မလစ်မလပ် အစွေ့ အင မျှတအောင် ပွဲးစား, ဆိပ်စား,တည်စား,ဈေးစား,ကူးတို့စားတို့က ပေးကမ်းကျွေးမွေးစေ။

၁၁၃၄-ခု၊ တန်းခူးလဆန်း ၃-ရက်၊ နာခံပြေ့ာမှူးကြီး
လွှတ်ပြန် အမိန့်တော်။

---

### ၃ဂ—ရှေးမင်းတို့ လက်ထက်ကစ၍ လိုက်နာရမြဲး အစီအစဉ်ကို ၁၁၄၅-ခုနှစ်ထုတ် အမိန့်တော်

ပုဂံကောင်းစားစဉ် အက္ခရာပဘေဒသတ်ပုံကို လိုက်နာကြရကြောင်း၊ ပင်းယ ကောင်းစားစဉ် အက္ခရာ ပဘေဒနှင့် အက္ခရာ ပဘေဒတွင် မပါသမျှ စတုရင်္ဂဗလအမတ်ဆုံးဖြတ်ရာ လိုက်နာကြရကြောင်း၊ အဝမြို့သရက် ၆-ဆက် မိုးညှင်း ၆-ဆက်မျာ:မှာလည်း အက္ခရာပဘေဒနှင့် သဒ္ဒညာဏ်ချိ သတ်ပုံဟောင်းကြီးများကို လိုက်နာကြရကြောင်း၊ သာလွန်မင်းလက်ထက်တွင် သတ်ပုံသတ်ညွှန်းများကို အထူးသဖြင့် အရေးယူ၍ မြန်မာဘာသာမှာ အက္ခရာပဘေဒနှင့် သဒ္ဒညာဏ်ချိ သတ်ပုံများကို လိုက်နာကြရကြောင်း၊ ၎င်းသတ်ပုံများတွင် မပါမဝင် ကြွင်းကျန်သည့်ကို ဝန်ရှင်တော် နန္ဒယော်ဓာဆုံးဖြတ်ရာ လိုက်နာကြရကြောင်း၊ ရှိုးအက္ခရာ ယွန်းအက္ခရာများမှာ သံတော်ခံ ဇေယျနော်ရထာ ဆုံးဖြတ်ရာ လိုက်နာကြရကြောင်း၊ တနင်္ခွေမင်းလက်ထက်တိုင် သာလွန်မင်းလက်ထက်က လိုက်နာကြရသည်အတိုင်း လိုက်နာကြရကြောင်း၊ ထိပ်မိုးထိပ်ပန်ဒါယကာ ကြာသပဒေးမင်းလက်ထက် အက္ခရာပဘေဒနှင့် သဒ္ဒညာဏ်ချိသတ်ပုံ, ဝဏ္ဏဗောဓနေ သတ်အင်းသတ်ညွှန်းကြီးများကိုလိုက်နာကြရကြောင်း၊ ၎င်းစာများမှာ မပါမဝင်ကြွင်းကျန်သည်များကို ဝန်ကြီး ဆရာတော်တို့ ပဒေသရာဇာဆုံးဖြတ်ရာ လိုက်နာကြရကြောင်းများနှင့် မေဓာ့ာစာသွင်းချက် ဝန်ကြီးအတွင်းဝန်တို့ ရှိခိုးသံတော်ဦး တင်ချက်များရှိသည်။ ငါ့ရွှေလက်ထက်တော်မှာလည်း ဝဏ္ဏဗောဓနေသတ်အင်း, လိုက်နာရေးငအောသတ်ပုံ, တွင်းသင်းတိုက်ဝန်သတ်ညွှန်းများအတိုင်း လိုက်နာရေးသားကြစေ၊ အနောက်နိုင်ငံ မဇ္ဈိမဒေသမှ ငါ့ရွှေလက်ထက်တော်တွင် ရောက်သော ဗင်္ဂလီနာဂရီအရေးစက္ကူများကို မြန်မာပြန်ဆိုသည့်အခါ မြန်မာရေးမှာလည်း ဆုံးဖြတ်ချက်အတိုင်းသာ လိုက်နာရေးသားကြစေ၊ အဝေးမြို့ဝန် ထီးရုံနန်းရုံ စော်ဘွားမြို့စား ရွှေခွန်မှူး, ငွေခွန်မှူး,သဇွေးမှူး, သံမှူး, မြင်းစီး, မြင်းခေါင်း,သွေးခံကြီး,ခေါင်းအကြီးတို့ကို စေ့ခွဲ့အောင်ပြန်ဆိုမှာထားစေ။

၁၁၄၅-ခု၊ ဒုတိယ ဝါဆိုလဆန်း ၅-ရက်နေ့နားခံစမြောင်မှူး သိရိနန္ဒာမိတ်ကျော်ထင်တွင်ပြန်။

၎င်းအမိန့်တော်ကို နန်းစံ (၃၅) နှစ် စမ္မာမိမာသ်သုဒ္ဓိန် ၄၆၉-ဝါဆိုလဆန်း ၅-ရက်နေ့ နားခံစမြောင်မှူး ဇေယသိခ်သူ ထပ်မံထုတ်ပြန်စေသေးသည်။

---

### ၃၉—ပုဒ်အက္ခရာ ပင့်ရစ်ကာရန် မမှန်မကန်ရေးလျှင် အကျိုးယုတ်ရာသော အကြောင်းကို ဖော်ပြ၍ မှန်ကန်စွာရေးရန် ၁၁၄၇-ခုနှစ်ထုတ်ပြန်တော်မူသည့်အမိန့်တော်

သာသနာတော်မြတ်အခြေအမြစ် ဖြစ်ထွန်းစေရန် ရည်သန်တော်မူ၍ ဝိနကတ်တော် ရွှေရေး မင်ရေး ကညစ်ရေး ပေလုပ်မျည်းကိုင်ပွဲစည်း ထမ်း ဝိနကတ်တော် ခန့်ထားရေးသားလုပ်ဆောင် ဝိနကတ်တော်မ စာတည်းစာပြင် ခန့်ထားရေးသားလုပ်ဆောင်ကြရင်းကျလူတို့ကို စစ်လက်နက်ကိုင်ရက်စေသည်ကို ဝိဋ္ဋကတ်တော်ရေးစာရင်းကျလူတို့ကို စစ်လက်နက်ကိုင်

ခန့်ထားကြောင်း၊ ပိဋကတ်ကျွမ်းကျင်သည်ဆို၍ စာတည်းစာပြင် ခန့်ထားသူတို့သည် တည်းဖြတ်ပြင်ဆင်သည့်အရာ ပုဒ်အက္ခရာအသတ်ပင့်ရစ် ရေးရိုးရေးထုံးမကျ ကွဲးလွဲးထူးခြား ချွတ်ယွင်းသည့်အရာပါရှိကြောင်းများနှင့် ကြားသိတော်မူရသည်၊ ပိဋကတ်ပောဟ် ရွှေရေးမင်ရေးကညစ်ရေး၊ ပေလုပ်မျဉ်းကိုင်ဖွဲ့စည်း ထမ်းရွက်စေသည့် လူတို့ကို အရပ်ရပ်မြို့ရွာ သူကြီး စုထိန်းစုအုပ်တို့က စစ်လက်နက်ကိုင်မှုမှစ၍ မင်းမှုမင်းခင်း စရိတ်ကြေးငွေအသေးအဖွဲ့ အခွဲးအခန့် အတောင်းအခံမရှိစေနှင့်၊အခြားအစုသို့ စာရင်းဖွဲ့ရာပါလျှင် စာရင်းကို နုတ်သိမ်း၍ ပိဋကတ်အစုမှာ ငြိမ်ဝပ်စွာ ထမ်းရွက်စေ၊ စာတည်းစာပြန်ခန့်ထားသူတို့ ရေးရိုးရေးထုံးမကျ ကွဲးလွဲးထူးခြားရှိသည်မှာလည်း သရေခေတ္တရာ, ပုဂံ, မြင်စိုင်း, ပင်းယ, စကိုင်း, အဝစသော ရှေးဘေးလောင်းတော်တို့ လက်ထက်အဆက်ဆက် ပညတ်မှတ်သားပိုင်းခြား ပြဋ္ဌာန်းခဲ့သည့် ရေးထုံးအစဉ်ပျက်ယွင်းလျှင် အခေါ်သညာအမှတ်အသား ပျက်ယွင်းရာသည်၊အခေါ်သညာအမှတ်အသား ပျက်ယွင်းလျှင်လည်း အနက်အဓိပ္ပါယ်ဝတ္တုတရားကိုယ် ကွဲးလွဲးဖောက်ပြန်ရာသည်၊ အနက်အဓိပ္ပါယ်ဝတ္တုတရားကိုယ် ကွဲးလွဲးဖောက်ပြန်လျှင်လည်း တရားကျမ်းဂန် လမ်းမှန်မကျ တိမ်းယိမ်းသွေကွက်ရာသည်၊ တရားကျမ်းဂန် လမ်းမှန်မကျ တိမ်းယိမ်းသွေကွက်လျှင်လည်း သာသနာတော်သုံးပါး အရင်းပင်မ မူလဘူတ ဖြစ်သော ပရိယတ္တိဓမ္မ ကွယ်ပဆုတ်ယုတ်ရာသည်၊ပရိယတ္တိဓမ္မ ကွယ်ပ ဆုတ်ယုတ်လျှင်လည်း သာသနာတော်ကိုမှီကုန်သော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ အယူအကျင့်ပျက်ယွင်း၍ ဆင်းရဲးကြီးစွာရောက်ကြရာသည်ဖြစ်သည်၊ ရှေးရေးထုံးအစဉ်များကို ပြေးလွှဲး ပြင်ဆင်သင့်သည့် ယုတ္တိအထောက်အထားကိုးကားချက်ရှိ၍ ပြင်ဆင်သည် ဖြစ်မည်, မည်သည့် အကြောင်းကြောင့် ပြင်ဆင်သည် ဖြစ်မည်များကို ပိဋကတ် ကျွမ်းကျင်သည် ဆိုသူ စာတည်းစာပြင်တို့က ဆရာတော်တို့နှင့် ဝန်ကြီးအတွင်းဝန်တို့ရှေ့ ဆိုစေ။

၁၁၄၇-ခု နတ်တော်လဆန်း (၁၃) ရက်နေ့ နာခံတော်
ဇေယနေဉ်ယထာပြန် အမိန့်တော်။

---



## ၄၀-မမှန်မကန်ရေးသူ စာတည်းစာပြင်တို့ကို အပြစ်ပေးရန် ၁၁၄၇-ခုနှစ် ထုတ်ပြန်တော်မူသော အမိန့်တော်

ရှေးကမ္ဘာတည်ဦးအခါ မဟာသမ္မတမင်းတို့လက်ထက်ကစ၍ မည်သည့်အရာမဆို မင်းဧကရာဇ်တို့ ပြဋ္ဌာန်း ပိုင်းခြား သုံးစွဲခေါ်ဝေါ်ရာလိုက်နာခေါ်ဝေါ် ရေးမှတ်သုံးစွဲး အတည်ဖြစ်စေခဲ့သည့်အကြောင်း, ရှေးအရိုးအစည် ရွှေနန်းရွှေဘုံ ရေးထုံးရေးနည်းပျက်ယွင်းလျှင် အမှတ်အသားအခေါ်သညာအနက်အဓိပ္ပါယ် ကွဲးလွဲးဖောက်ပြန်မည်ဖြစ်သည့်အကြောင်း, ပိဋကတ်ကို ကျွမ်းကျင်လင့်ကစား ဓမ္မဝတ်, လောကဝတ်, ရာဇဝတ် အကြောင်း သုံးပါးလုံး နားလည်နိုင်မည် မဟုတ်သည့်အကြောင်းများကို ပိဋကတ်ကျွမ်းကျင်သည်ဆိုသူ စာတည်းစာပြင်တို့က မည်သို့မှ ထူးထွေလျှောက်လဲး မပြောမဆိုနိုင်ရှိကြောင်းများနှင့် ဆရာတော်တို့နှင့် ဝန်ကြီးအတွင်းဝန်တို့ကစာဆက်သွင်းလျက်ရှိသည်ဖြစ်သည်။ ပုဒ်အက္ခရာ အသတ်ပင့်ရစ် ရေးရိုးရေးထုံးမကျ ကွဲးလွဲးထူးခြား ချွတ်ယွင်း တိမ်းယိမ်းအောင် ပြင်ဆင်သူတို့ကို လွတ်ကအပြစ်အလျောက်ထိုက်သက်ရာ စီရင်စေ။ ပိဋကတ်တော်တည်းဖြတ် ပြင်ဆင်ရန်ရှိသည်ကို ရွှေနန်းရွှေဘုံ အစည်သုံးစွဲးမြဲး ပုဒ်အက္ခရာအသတ်ပင့်ရစ် ရေးထုံး ရေးနည်း ကျွမ်းကျင် နားလည်သူ သင့်ရာ ရွေးချယ်ခန့်ထားစေ။ ရွှေရေးမင်ရေး ကညစ်ရေး ပိဋကတ်တော်များမှစ၍ ကျောက်ရေးအက္ခရာများမှာလည်း အစည်ရေးမြဲးခရာဝန်း အက္ခရာကိုသာ ရေးသားစေ။

၁၁၄၇-ခုနတ်တော်လပြည့်ကျော် ၁၃-ရက်နေ့နာခံတော်
မြေဇကြီးမှူး ပြန်အမိန့်တော်။

---

## ၄၁-၁၁၄၅, ၁၁၇၈-ခု ထုတ်အမိန့်တော်ကို ဘကြီးတော်, ခမည်းတော်, နောင်တော်တို့လက်ထက်ကဲ့သို့ ဆက်လက်လိုက်နာစေရန် ၁၂၁၈-ခုထုတ် အမိန့်တော်

ငါအသျှင်ဧကရာဇ်မင်းမြတ်သည် ပြည်သူတကာ လူသတ္တဝါအပေါင်းတို့ကို ရင်တော်နှိုက်ဖြစ်သော သားတော်ကဲ့သို့ သနားကရုဏာရှိတော်မူသည်၊ ပြည်သူတို့ မှုခင်းတရားစကားရှိသည်များကို တရားဖြောင့်မှန်သောတော်ဘန်ရာခရောက်အောင် အလွန်အလိုတော် ရှိတော်မူသည်။

ဘိုးတော်,ဘကြီးတော်, ခမည်းတော်, နောင်တော်, မင်းတရားတို့လက်ထက် အဆက်ဆက် လိုက်နာတော်မူကြသော အမရပုရ ပထမမြို့နန်းတည် ဘိုးတော်မင်းတရားကြီးလက်ထက် ၁၁၄၅-ခုနှစ် ၁၁၇၀-ခုနှစ် နန်းစံ ၃၅-နှစ်ထုတ် အမိန့်တော်များကို မမေ့မလျော့ အလေးအမြတ်ပြု၍ ဆက်လက်ဆောင်ရွက်လိုက်နာစီရင်ကြစေ။

၁၂၁၀-ခု နတ်တော်လပြည့်ကျော် ၁၀-ရက်နေ့ နားခံတော်ပြေ့ကြီးမှူး မင်းလှမင်းကျော်ပြန်-အမိန့်တော်။

---

## ၄၂–ရွှေးရိုးထုံးစံမပျက်ရ၊ ရာဇဒဏ်ခံရရုံမက အမှုရှုံးရသော ၁၂၂၈-ခုနှစ် ထုတ်လွှတ်တော်ကောက်တော်မူချက်

မိလေးနှင့် ငပန်းဝါတို့ အမှုမှာ ၂-ဦးအစီရင်ခံကြသည့် ဖြတ်စာစာချွန်ပါရှိသော်လည်း ဖြတ်စာစာချွန်ကို လိုက်သင့်တော်သည်မဟုတ်ပြီ၊ မိလေးက တင်ပြသည့် ဖြတ်စာသည် ၁၂၂၅-ခုနှစ် ဝန်ရှင်တော် သလုံးမင်းကြီးနှင့် ဝန်ရှင်တော် ပခန်းမင်းကြီးတို့ စီရင်ချက်ဆိုသည်။ ငပန်းဝါကတင်ပြသည့် ဖြတ်စာလည်း ၎င်းဝန်ရှင်တော်မင်းကြီး ၂-ပါးပင် စီရင်ကြသည့် ဖြတ်စာချည်းပင်ဖြစ်သည်။ ၎င်းဖြတ်စာ ၂-စောင်တွင်လည်း သက္ကရာဇ် ရှေးနှောင်းကိုထောက်၍ ရှေးဖြတ်စာရှိလျက် နှောင်းဖြတ်စာကို လဘက်လှမ်းစားလျှင် နှောင်းဖြတ်စာ တည်သင့်သည်ကို မတည်ပါရဟု အမှုပြုလုပ်ပြန်သည်။ မိလေးက တင်ပြသည့် ဖြတ်စာ စာချွန်တွင်လည်း မိငြိမ်းမြကို ရရစ်လည်းပါသည်၊ ပင့်၍လည်းပါသည်။ သိရိပဘာကိုလည်း ပစောက်နှစ်ဆင့်နှင့် ရေး၍ပါသည်။ သိရိမလ္လာဒေဝီကိုလည်းမကိုချ၍သာပါသည် လနှစ်ဆင့်မပါ။ အသက် ၅၀-၆၀ ကိုလည်း ချိန်ကျပ်ကဲ့သို့ လုံးကြီးတင်ရေးလျက်ပါသည်များကိုထောက်၍ လွှတ်တော်စီရင်သည့်ဖြတ်စာ စာချွန်မဟုတ် ပြုလုပ်ရေးသား၍ တင်ပြသည့်ဖြတ်စာ စာချွန်သာဖြစ်သည်။ဖြတ်စာစာချွန်ရေး၍ပေးအပ်သူကို ရအောင်တောင်း မိလေးမှာ ဖြတ်စာဖောက်ထုံး ထုံးစံရှိရာ စီရင်မည်တန်းမှာအကျည်းထား။

၁၂၂၈-ခု ဝါဆိုလဆန်း ၁-ရက်နေ့ လွှတ်ဘက်တွင် ဝန်ရှင်တော် မြတောင်မြို့စား သေနတ်ဝန်မင်းကြီး ပုခန်းမင်းကြီး ၂-ပါး ကောက်တော်မူချက် ဝန်ထောက်တော် မြို့သစ်မြို့စား ဗိုလ်မှူးမင်းမှတ်။



## ၄၃–နည်းများတိုင်းမလိုက်ရ အသင့်ယုတ္တိရှိရာသာလိုက်နာရန် အစည်းအဝေးဝင် မှူးမတ်တို့ ၁၂၄၀-ပြည့်နှစ် စုံညီ ညှိနှိုင်းချက်

သက္ကရာဇ် ၁၂၄၀-နတ်တော်လပြည့်ကျော် ၆-ရက်နေ့ တောင်ဥယျာဉ်တော် အစည်းအဝေးရုံတော်တွင် ပထမတွဲ, ဒုတိယတွဲ-အစည်းအဝေးဝင် မှူးမတ်တို့ အစုံအညီ ညှိနှိုင်းပြဋ္ဌာန်းချက်ဘုရား။

ပိဋကတ်တော်မ စာကြည့်စာပြင် ဆရာတော် သံဃာတော်များနှင့်တကွ လွှတ်တော်ရုံးတော် အသီးသီး မြန်မာဝေါဟာရ ပရိဘာသာလိုက်နာရေးသားရန် ရှိသည်များတွင် အသတ်ကာရန်ရေးနည်းများမှာ လိုက်နာရန် ရှာကြီးဆရာတော် ဝဏ္ဏဗောဓနေသတ်အင်း, သံတော်ဆင့် စိန္တကျော်သူ ကဝိလက္ခဏာသံပေါက်လက်ာစာကိုယ်, ၎င်းသတ်အင်းအတိုကောက်, ပင်းဆရာတော် ရတနာကြေးမုံ သတ်ပုံစာကိုယ်, မကွေးမြို့စားဝန်ထောက် သတ်ထူး, စာရေးတော်ခေါင်း အမှာရေးတဖက်ပြည့်သာရန် သတ်ပုံ။ အပင့်အရစ်ရေးနည်းများမှာ လိုက်နာရန် ညောင်ကန်ဆရာတော် ကဗျာသာရတ္ထသင်္ဂဟသတ်ပုံစာကိုယ်, ၎င်းသတ်အင်းအတိုကောက်။ အသတ်ကာရန် အပင့်အရစ် အသီးအသီးလိုက်နာရန် တွင်းသင်းတိုက်ဝန် သတ်ညွှန်း, သံတော်ဆင့် စိန္တကျော်သူသတ်ညွှန်း, ရတနာကြေးမုံသတ်ညွှန်း, ရှင်လက်ာသာရပိဋကဇ္ဇပိတခွဲးထား, လယ်တိုင်းမြို့စား သေနတ်ဝန်ကြီး အလုံဝန် သပြေ ၅-ရွာစား အဖြစ်နှင့် ထမ်းရွက်စည် ကောက်နတ်စုဆောင်းသော ခွဲးထား, အတွင်းဝန်ယောမြို့စား သံတော်ဆင့်လယ်ဝန်အဖြစ်နှင့် ထမ်းရွက်စည် ကောက်နတ်စုဆောင်းသောခွဲးထား, ၎င်းခွဲးထား ၂-ရပ်ကို စပ်ဟပ်ပေါင်းစည်းထားသော ခွဲးထားကျော်များနှင့်တကွ တပြေးညီစွာ လိုက်နာရေးသားကြစေရန် ပြဋ္ဌာန်းဆုံးဖြတ်ကြသည်။ သာသနာပြုသုဓမ္မာဝင် ဆရာတော်ကြီး ၁၂-ပါးထံပြဋ္ဌာန်းချက်လက်ခံနှင့် အစုံအညီတွင် တင်ပြရာပါသော မှန်ပြဇယားပုံ ဦးရေ ၃၆-စာရင်းပါ ပူးတွဲ၍ပို့၊ သက်ဆိုင်ရာအရာရှိများထံ လက်ခံကူးယူကြစေရန်ဆင့်။

သံတော်ဆင့် ဒေးဝန် အကောက်ဝန်အတွင်း ၆-စု သေနတ်စာရေးကြီး ပေါက်မြိုင်မြို့စား မဟာမင်းထင်ကျော်မှတ်။

---

## ၄၄–တောင်ဥယျာဉ်တော် အစည်းအဝေး ရုံးတော် မှူးမတ်အစုံအညီတွင် တင်ပြရပါသော မှန်ပြဇယားပုံ စာရင်း

ဤအမှတ် † မှာ-နှုတ်တက်ဆောင်ရန် ဆုံးဖြတ်သောစာ။
ဤအမှတ် * မှာ-ကြည့်စာအဖြစ်ဆုံးဖြတ်သောစာ။

| အမည် | ဦးရေ | အင်္ဂါ | ကျမ်းပြုဆရာအမည် အထူးမှတ်သားဖွယ် | စုံညီညှိနှိုင်း ဖြတ်ခြင်းချက် |
|---|---|---|---|---|
| ၁၊ ပင့် ရစ် ရေး နည်းသတ်ပုံ။ | ၁ | င်္၂ါ | စိန္တကျော်သူ ဘွဲ့ခံ မောင် အော၊ ကဝိလက္ခဏာ သတ်ပုံ စာကိုယ်နှင့်-ပျို့ ကဗျာ လင်္ကာ ရေးသည်၊ စာ ဆို တော် သံ တော်ဆင့်ရာထူး။ | မှာ—ကဗျာသာရတ္ထ သတ်ပုံကဲ့သို့ မစုံ။ |
| ၂၊ မြန်မာ သံယောဂဒီပနီ။ | ၁ | င်္၂ါဖုံ | လက်ဝဲသုန္ဒြ ဘွဲ့ခံ မောင် မြတ်စံ၊ ပျို့ ကဗျာ လင်္ကာ အစုံ အထွေ များ ရေးသည်။ တရားသူကြီး ရာထူးနှင့် ထမ်းရွက်ရသည်။ | မှာ-မောင်မြတ်နောမတိပါသည်ကို ကဗျာ သာရတ္ထ သင်္ဂဟ ဆရာတော်က ပယ်ချပြီး။ |
| ၃၊ အပင့်အရစ် သံပေါက်။ | ၁ | င်္၂ါ | ဘုံကျော် ရွှေကျောင်း ရဲကျင်း ဦးပု စန္ဒကုမာရပျို့၊ ကုသပျို့၊ အလောင်း စည်သူ လူတား၊ မင်းစည်လူတားများကို စီရင်သူ။ | မှာ-ကဗျာသာရတ္ထ သတ်ပုံ ကဲ့သို့ မစုံ။ |
| ၄၊ ကဝိမဏ္ဍနီ သတ်ပုံလင်္ကာ။ | ၁ | င်္ဂါ | မုံရွေး ဆရာတော် စီရင်သည်။ | မှာ-ကဗျာသာရတ္ထ သတ်ပုံ ကဲ့သို့ မစုံ။ |
| ၅၊ ကေက္ခရပကာသနီ သတ်အင်း။ | ၁ | င်္ၥါ | သော်ကပင် ဆရာတော် ၁၁၉၂-ခု မှန်နန်းရာဇဝင် စီကုံးရာပါသည်။ | မှာ—ရတနာ ကြေးမုံ သတ်ပုံကဲ့သို့မစုံ။ |
| ၆၊ ရကြိုး, ယယ ခွဲးထား လင်္ကာ * | ၁ | ၁ါ | ၎င်း။ | မှာ- ကြည့်စာ အဖြစ် လိုက်နာရန် ဆုံးဖြတ်သည်။ |



## တောင်ဥယျာဉ်တော် အစည်းအဝေးရုံတော် မှူးမတ်အစုံအညီတွင် တင်ပြရပါသော မှန်ပြဇယားပုံစာရင်း

| အမည် | ဦးရေ | အင်္ဂါ | ကျမ်းပြုဆရာအမည် အထူးမှတ်သားဖွယ် | စုံညီညှိနှိုင်း ဖြတ်ခြင်းချက် |
|---|---|---|---|---|
| ၇၊ လောကဓမ္မ ရေးနည်းခွဲးပုံ* | ၁ | ၁ါ | တောင်ငူ အသျှင်တိသာသနဓဇအကျော် ဆရာတော်။ | မှာ- ကြည့်စာ အဖြစ် လိုက်နာရန် ဆုံးဖြတ်သည်။ |
| ၈၊ ရေးနည်း ဖတ်နည်း ဆုံးမစာ* | ၁ | ၁ါ | တောင်ဘီလာပုဏ္ဏိုလ်ကျော် ဆရာတော်။ | မှာ— ၎င်း။ |
| ၉၊ ပြည်ဆရာတော် သတ်ညွှန်း။ | ၁ | င်္၇ါ | ငယ်မည်ဦးလှေး၊ ရဟန်းဘွဲ့သျှင်ဇေယျ ဘကြီးတော် လက်ထက်တံဆိပ်တော်ရ စာကြည့်ဆရာတော် (ပြည် ဆရာ တော် တွင် သည်။) | မှာ—တွင်းသင်းတိုက် ဝန် သတ်ညွှန်းကဲ့သို့ မစုံ။ |
| ၁၀၊ အပင့်အရစ် လင်္ကာ။ | ၁ | ၁ါ | …………၎င်း…… ……… …. | မှာ—ကဗျာသာရတ္ထ သင်္ဂဟ သတ်ပုံကဲ့သို့မစုံ |
| ၁၁၊ ဝစနာလင်္ကာရ သတ်ပုံ။ | ၁ | င်္၅ါ | ဟံသာဝတီပါ မင်းလက်ထက် ဇေယမင်္ဂလာ အရပ်တွင် သီတင်း သုံးသည်၊ ဟံသာဝတီ ပါမင်း ခမည်းတော်လက်ထက် ဝစနာလင်္ကာရသတ်ညွှန်းကို စီရင်သည်၊ ဟံသာဝတီပါမင်းကသိရိ ပဝရာဘိ မဟာ ရတနာ အနန္တဓဇပုဒ္ဓက်ုရ မဟာရာဇာဓိပတိ ဝါသိ မုနိန္ဒာဘိ ရာဇဂုရု ဘွဲ့လှူသည်။ | မှာ—တွင်းသင်းတိုက်ဝန် သတ်ညွှန်းကဲ့သို့မစုံ။ |

တောင်ဥယျာဉ်တော် အစည်းအဝေး ရုံတော် မှူးမတ်အစုံအညီတွင်
တင်ပြရာပါသော မှန်ပြဇယားပုံစာရင်း

| အမည် | ဦးရေ | အင်္ဂါ | ကျမ်းပြုဆရာအမည် အထူးပြုအပ်ဘိ သိသမျှ | စုံညီညီနှိုင်းပြဋ္ဌာန်းချက် |
|---|---|---|---|---|
| ၁၂၊ ပင့်ရစ်အ သတ်လင်္ကာ။ | ၁ | င်္၃ါ | ပုခန်းကြီး မြို့နေ ဦးရွှေထုံး စီရင်သည်။ | မှာ—ပင့်ရစ်အ သတ်နှစ်ရပ်မစုံ |
| ၁၃၊ လိခနရာသီ သတ်ပုံ။ | ၁ | င်္၂ါ | ရန်ကုန်သွေးဆေးကန်ဂိုဏ်း အုပ်ဆရာတော်။ | မှာ....ငင်း.... |
| ၁၄၊ ဝဏ္ဏဗောဓန သတ်အင်း † | ၁ | င်္၆ါ | ရွာကြီး ရှင်ဥတ္တမသာမာလာ အကျော် ဆရာတော်။ | မှာ—အရ အမိ ကျက်မှတ်လိုက် နာရန် ဆုံးဖြတ်သည်။ |
| ၁၅၊ သီရိမင်္ဂလာ သတ်ပုံ။ | ၁ | င်္၃ါ | သျှင်ပုညသာမိ နောက် ဒုတိယ မှန်စီ ဆရာတော် တွင်သည်။ | မှာ—မစုံ။ |
| ၁၆၊ ကဝိလက္ခဏာ သတ်ပုံသံပေါက် အတိုကောက်ပါ † | ၁ | င်္၆ါ | သံတော်ဆင့် စိန္တကျော်သူ ဘွဲ့ခံ မောင်အော။ | မှာ—အာဂုံ ဆောင်ရန် ဆုံး ဖြတ်သည်။ |
| ၁၇၊ ငင်းသတ် ညွှန်း † | ၁ | င်္၃ါ | ............ ငင်း ............... | မှာ....ငင်း.... |
| ၁၈၊ သဗ္ဗညာဏ်ချီ သတ်ပုံဟောင်း | ၁ | င်္၆ါ | စီရင်သူအမည်မထင်မရှား။ | မှာ— နိုင် မ သော ပျို့ကဗျာ များနှင့် မညီ။ |
| ၁၉၊ ရွှေနန်းတွင်း သတ်ပုံ။ | ၁ | င်္၂ါ | ............ငင်း............... | မှာ—မစုံ။ |
| ၂၀၊ စွယ်စုံကျော် ထင်သတ်ပုံ * | ၁ | င်္၇ါ | ကျည်းကန် မောင်ရှင်ကြီး မောင်နန္ဒဇ။ | ကြည့်စာအဖြစ် ဆုံးဖြတ်သည်။ |



တောင်ဥယျာဉ်တော် အစည်းအဝေးရုံတော် မှူးမတ်အစုံအညီတွင်
တင်ပြရာပါသော မှန်ပြဇယားပုံစာရင်း

| အမည် | ဦးရေ | အင်္ဂါ | ကျမ်းပြုဆရာအမည် အထူးပြုကြိသိသမျှ | စုံညီညီနှိုင်းပြဋ္ဌာန်းချက် |
|---|---|---|---|---|
| ၂၁၊ အက္ခရသမ္မောဓ သတ်ပုံ၊ ဝဏ္ဏဗောဓနေလည်း ခေါ်သည်။ | ၁ | င်္၂ | ညာယနွေ ညောင် ကန်ဆရာတော် ဦးသူ၊ တံဆိပ်ဘွဲ့ မုနိန္ဒာဘိဝ ဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု။ | မှာ—ကဝိလက္ခဏာ သတ်ပုံကို မြန်မာပါဠိ စိရုံမျှ သာထူးသည်။ |
| ၂၂၊ ဂဇဗလ သတ်ညွှန်း။ | ၁ | င်္၂ါ | ဂဇဗလ။ | မှာ—မစုံ။ |
| ၂၃၊ ဝိဘတ္တဋ္ဌပိတ ခွဲးထား*။ | ၁ | င်္၂ါ | ရှင်လင်္ကာသာရ နောက် တွင်းသင်း တိုက်ဝန်ဖြစ်။ | မှာ—ကြည့်စာ အဖြစ် လိုက် နာရန် ဆုံးဖြတ် သည်။ |
| ၂၄၊ သတ်ညွှန်း သစ် †။ | ၁ | င်္၃ါ | တွင်းသင်းတိုက်ဝန်။ | မှာ—အရအမိ ကျက်မှတ် ရန်ဆုံးဖြတ်သည်။ |
| ၂၅၊ အသတ် ၆-ပါး၊ အစပ် ၆-ပါး ပယ်ပုံ စာတမ်း နှင့် မူလကာရန် ၁၆-စပ် နည်း ၆၄-ဇ ယားပုံ *။ | ၁ | င်္၄ါ | ...... ငင်း ...... | မှာ—ကြည့် စာ အဖြစ် လိုက် နာ ရန် ဆုံးဖြတ် သည်။ |
| ၂၆၊ ကဗျာ သာ ရတ္ထသင်္ဂဟ သတ်ပုံ အတိုကောက်ပါ † | ၁ | င်္၄ါ | ဆရာတော်ဦးပုမိ။ | မှာ-အပင့်အရစ် အတွက် အာဂုံဆောင်ရန်ဆုံးဖြတ် သည်။ |
| ၂၇၊ ငင်းသတ် ညွှန်း *။ | ၁ | င်္၃ါ | ဆရာတော်ဦးပုမိ။ | မှာ-ကြည့် စာ အဖြစ် လိုက် နာရန် ဆုံး ဖြတ် သည်။ |

## တောင်ဥယျာဉ်တော်အစည်းအဝေးရုံတော် မှူးမတ်အစုံအညီတွင် တင်ပြရာပါသော မှန်ပြဇယားပုံစာရင်း

| အမည် | ဦးရေ | အင်္ဂါ | ကျမ်းပြုဆရာအမည် အဆုံးပြဏ္ဍိသိသမျှ | ခုံညီညှိနှိုင်း ပြဋ္ဌာန်းချက် |
|---|---|---|---|---|
| ၂၈၊ ဆကာရန္တနယ သတ်ပုံ †။ | ၁ | ၅ါ | စာရေးတော် ခေါင်း နောက် အမှာ ရေး မောင်သာအောင်။ | မှာ-တဖက်ပြအသတ်ကာရန်မှာ လိုက်နာရန် ဆုံးဖြတ်သည်။ |
| ၂၉၊ သဒ္ဒါနုသာရီသတ်ပုံ *။ | ၁ | ၅ါ | မုံကမ်းဆရာတော်။ | မှာ-ကြည့်စာ အဖြစ်လိုက်နာရန် ဆုံးဖြတ်သည်။ |
| ၃၀၊ ပါဠာနုသာရီသတ်ပုံ *။ | ၁ | ၅ါ | တောင်ငူမြို့ စာရေးကြီး မောင်ကြီး။ | မှာ—ကြည့် စာ အဖြစ်လိုက်နာရန် ဆုံး ဖြတ်သည်။ |
| ၃၁၊ ပင့်ရစ်ဂဏ္ဌိ။ | ၁ | ၅ါ | လဘက်ရည်တော်ရွာစဉ်ရွာစား မင်းလှသင်္ခယာ (စလေ) ဦးပုည။ | မှာ—မစုံ။ |
| ၃၁၊ ရတနာကြေးမုံသတ်ပုံ၊ ၎င်းသတ်ညွှန်းပါ †။ | ၁ | ၅ါ | ပင်းဆရာတော်။ | မှာ—အသတ် ကာရန်မှာသာ လိုက်နာရန်ဆုံးဖြတ်သည်။ |
| ၃၃၊ သတ်ထူး †။ | ၁ | ၅ါ | ပညာရှိ မကွေး မြို့စားဝန်ထောက်။ | မှာ-အာဂုံဆောင်ရန်ဆုံးဖြတ်သည်။ |
| ၃၄၊ မြန်မာလေခ။ | ၁ | ၅ါ | သင်္ဂဇာဆရာတော်။ | မှာ—မစုံ။ |
| ၃၅၊ ပန်းကြသတ်ပုံ။ | ၁ | ၅ါ | စီရင်သူ မထင်ရှား။ | မှာ—မစုံ။ |
| ၃၆၊ ခွဲးထားကျော် †။ | ၁ | ၅ါ | (၁) အလုံဝန် သပြေ ၅ ရွာစားနှင့်၊ (၂) သံတော်ဆင့်လယ်ဝန်၊ (၁) မှာယခုလယ်ကိုင်း မြို့စား သေနတ်ဝန်ကြီး။ (၂) မှာ ယခု အတွင်းဝန် ယောမြို့စား။ | မှာ— အရ အဓိ ကျက်မှတ်ရန် ဆုံးဖြတ်သည် |
| ပေါင်း— | ၃၆ | | | |

တောင်ဥယျာဉ်တော်အစည်းအဝေးရုံတော် မှူးမတ် အစုံအညီတွင် တင်ပြရာပါသော မှန်ပြဇယားပုံပြီးပြီ။

---



### ၅၅—အစည်းအဝေးတွင် တင်ပြရာပါသော ကာရန်ကြီး ၁၆-တန်ကာရန်ငယ် ၆၄-ရပ် စပ်နည်း ၆၄-ပါး ဇယားပုံ ကြည့်စာအဖြစ်ပြဋ္ဌာန်းသည်

| ဆဲ. မူလကာရန်ကြီး ခြောက်ဌာနအမည် | ဦးရေ | မူလနည်း | အတိုနည်း | ရသလဟု ဦးရေ | ရသလဟု အက္ခရာ | ဒီဃဂရု ဦးရေ | ဒီဃဂရု အက္ခရာ |
|---|---|---|---|---|---|---|---|
| ၁ အကာရန္တာဒိ ၃-လုံး | ၁<br>၂<br>၃ | အ<br>အာ<br>အား | အး | ၁ | အ | ၁<br>၂ | အာ<br>အား |
| ၂ ဣကာရန္တာဒိ ၃-လုံး | ၄<br>၅<br>၆ | အိ<br>အီ<br>အီး | ဣ<br>ဤ | ၂ | အိ | ၃<br>၄ | အီ<br>အီး |
| ၃ ဥကာရန္တာဒိ ၃-လုံး | ၇<br>၈<br>၉ | အု<br>အူ<br>အူး | ဥ<br>ဦ<br>ဦး | ၃ | အု | ၅<br>၆ | အူ<br>အူး |
| ၄ ဧကာရန္တာဒိ ၃-လုံး | ၁၀<br>၁၁<br>၁၂ | အေ<br>အေ့<br>အေး | ဧ<br>ဧ့<br>ဧး | ၄ | အေ့ | ၇<br>၈ | အေ<br>အေး |
| ၅ အယ်ကာရန္တာဒိ ၃-လုံး | ၁၃<br>၁၄<br>၁၅ | အယ်<br>အယ့်<br>အယ်း | အဲ<br>အဲ့<br>အဲး | ၅ | အယ့် | ၉<br>၁၀ | အယ်<br>အယ်း |
| ၆ အော်ကာရန္တာဒိ ၃-လုံး | ၁၆<br>၁၇<br>၁၈ | အော်<br>အော့<br>အော | ဩ<br>ဩ့<br>ဩး | ၆ | အော့ | ၁၁<br>၁၂ | အော်<br>အော |
| ၇ ကသတ်ကာရန် ၃-လုံး | ၁၉<br>၂၀<br>၂၁ | အက်<br>အိုက်<br>အောက် | အောက် | ၇<br>၈<br>၉ | အက်<br>အိုက်<br>အောက် | | |

အစည်းဝေးတွင်တင်ပြရာပါသော ကာရန်ကြီး ၁၆-တန်, ကာရန်ငယ် ၆၄-ရပ်, စပ်နည်း ၆၄-ပါး ဇယားပုံ ကြည့်စာအဖြစ် ပြဋ္ဌာန်းသည်။

| မူလကာရန်ကြီး ဆဲ့ခြောက်ဌာနအမည် | ဦးရေ | မူလနည်း | အတိုနည်း | ရဿလဟု | | ဒီဃဂရု | |
|---|---|---|---|---|---|---|---|
| | | | | ဦးရေ | အက္ခရာ | ဦးရေ | အက္ခရာ |
| ၈ ငသတ်ကာရန် ၉–လုံး * | ၂၂ | အင် | | | | ၁၃ | အင် |
| | ၂၃ | အင့် | | ၁၀ | အင့် | | |
| | ၂၄ | အင်း | | | | ၁၄ | အင်း |
| | ၂၅ | အိုင် | | | | ၁၅ | အိုင် |
| | ၂၆ | အိုင့် | | ၁၁ | အိုင့် | | |
| | ၂၇ | အိုင်း | | | | ၁၆ | အိုင်း |
| | ၂၈ | အောင် | | | | ၁၇ | အောင် |
| | ၂၉ | အောင့် | | ၁၂ | အောင့် | | |
| | ၃၀ | အောင်း | ဩ | | | ၁၈ | အောင်း |
| ၉ စသတ်ကာရန် ၁–လုံး | ၃၁ | အစ် | | ၁၃ | အစ် | | |
| ၁၀ ဝိတ်ရှတ်ည သတ်ကာရန် သုံးလုံး † | ၃၂ | အေည် | အေျ | | | ၁၉ | အေည် |
| | ၃၃ | အေည့် | အေျ့ | ၁၄ | အေည့် | | |
| | ၃၄ | အေည်း | အေျး | | | ၂၀ | အေည်း |
| ၁၁ ဖွင့်ရှတ်ည သတ်ကာရန် ၃-လုံး * | ၃၅ | အည် | အျ | | | ၂၁ | အည် |
| | ၃၆ | အည့် | ဈ့ | ၁၅ | အည့် | | |
| | ၃၇ | အည်း | အျး | | | ၂၂ | အည်း |
| ၁၂ တသတ်ကာရန် ၃-လုံး P | ၃၈ | အတ် | | ၁၆ | အတ် | | |
| | ၃၉ | အိတ် | | ၁၇ | အိတ် | | |
| | ၄၀ | အုတ် | | ၁၈ | အုတ် | | |

† နောက်က သဝေထိုးပါလျှင် သေတ်သံခတ်ဆင်ဆင် နှုတ်ခမ်းဝိတ်၍ ရွတ်ဖတ်ရသည်။ ဥပမာ-သေည် (သင်) ဝိဘွာ။ စေည့် (စင့်) ကူးခြစသည်။

* အသံတူယောင်ယိုးမှား ရှိသော်လည်း င-သတ်နှင့် "ဧ-ည်" သတ်မစပ်ကောင်း အသံတူယောင်ယိုးမှား ရှိသော်လည်း လုံးတင်နှင့် ညသတ်မစပ်ကောင်း။



အစည်းအဝေးတွင် တင်ပြရာပါသော ကာရန်ကြီး ၁၆-တန်, ကာရန်ငယ် ၆၄-ရပ် စပ်နည်း ၆၄-ပါး ဇယားပုံ ကြည့်စာအဖြစ် ပြဋ္ဌာန်းသည်

| မူလကာရန်ကြီး ဆဲ့ခြောက်ဌာနအမည် | ဦးရေ | မူလနည်း | အတိုနည်း | ရဿလဟု | | ဒီဃဂရု | |
|---|---|---|---|---|---|---|---|
| | | | | ဦးရေ | အက္ခရာ | ဦးရေ | အက္ခရာ |
| ၁၃ နသတ်ကာရန် ၉–လုံး * | ၄၁ | အန် | | | | ၂၃ | အန် |
| | ၄၂ | အန့် | | ၁၉ | အန့် | | |
| | ၄၃ | အန်း | | | | ၂၄ | အန်း |
| | ၄၄ | အိန် | | | | ၂၅ | အိန် |
| | ၄၅ | အိန့် | | ၂၀ | အိန့် | | |
| | ၄၆ | အိန်း | | | | ၂၆ | အိန်း |
| | ၄၇ | အုန် | | | | ၂၇ | အုန် |
| | ၄၈ | အုန့် | | ၂၁ | အုန့် | | |
| | ၄၉ | အုန်း | | | | ၂၈ | အုန်း |
| ၁၄ ပ-သတ်ကာရန် ၃-လုံး P | ၅၀ | အပ် | | ၂၂ | အပ် | | |
| | ၅၁ | အိပ် | | ၂၃ | အိပ် | | |
| | ၅၂ | အုပ် | | ၂၄ | အုပ် | | |
| ၁၅ မသတ်ကာရန် ၉-လုံး * | ၅၃ | အမ် | အံ | | | ၂၉ | အမ် |
| | ၅၄ | အမ့် | အံ့ | ၂၅ | အမ့် | | |
| | ၅၅ | အမ်း | အံး | | | ၃၀ | အမ်း |
| | ၅၆ | အိမ် | အိံ | | | ၃၁ | အိမ် |
| | ၅၇ | အိမ့် | အိံ့ | ၂၆ | အိမ့် | | |
| | ၅၈ | အိမ်း | အိံး | | | ၃၂ | အိမ်း |
| | ၅၉ | အုမ် | အုံ | | | ၃၃ | အုမ် |
| | ၆၀ | အုမ့် | အုံ့ | ၂၇ | အုမ့် | | |
| | ၆၁ | အုမ်း | အုံး | — | | ၃၄ | အုမ်း |
| ၁၆ ဝ-သတ်ကာရန် ၃–လုံး | ၆၂ | အိုဝ် | အို | | | ၃၅ | အိုဝ် |
| | ၆၃ | အိုဝ့် | အို့ | ၂၈ | အိုဝ့် | | |
| | ၆၄ | အိုဝ်း | အိုး | | | ၃၆ | အိုဝ်း |

P ၁၂-မှတ် တ-သတ်ကာရန်နှင့် ၁၄-မှတ် ပ-သတ်ကာရန်မစပ်ကောင်း။

* ၁၃–မှတ် န-သတ်ကာရန်နှင့် ၁၅-မှတ် မ-သတ်ကာရန်မစပ်ကောင်း။

ရဿလဟုကာရန် ၂၈၊ ဒီဃဂရုကာရန် ၃၆-ပေါင်း (၆၄) ပါးတွင် တသတ် ၃-ပါးနှင့် ပသတ် ၃-ပါး၊ နသတ် ၉-ပါးနှင့် မသတ် ၉-ပါး၊ ပိတ်ရွတ် (ဧ-ည်) ည-သတ်နှင့် င-သတ်၊ဖွင့်ရွတ် (ည်) ညသတ်နှင့် လုံးတင်တို့သည် ဆင်တူယိုးမှား ယောင်တတ်သည်။ ဗျဥ္ဇနဗုဒ္ဓိ ၁၀ ပါးကို နားမလည်လျှင် ဤနည်းကို ရွတ်ဖတ်,စပ်ဆို,စီကုံး လိုက်နာရန် အလွန်ခဲယဥ်းသည်။ သည်ဇယားပုံကား ပုညဝဆုနအမတ်၊ ဘက်ရွှေဆရာတော်၊ ဝံတောင်လယ်ဆရာတော် သျှင်သဒ္ဓမ္မဇောတိပါလ၊ သျှင်မဟာရဋ္ဌသာရ၊ တောင်ငူသျှင်တိသာသနဓဇအကျော်၊ တောင်သီလာပုဂ္ဂိုလ်ကျော်၊ ပထမကျော် ရွှေဥမင်ဆရာတော်၊ သျှင်ဥတ္တမသမာလာဆရာတော် စသော... ရဟန်းကဝိ။ အဝပထမမင်းခေါင်၊ ဒုတိယမင်းခေါင်၊ တောင်ငူနတ်သျှင်နောင်၊ပြည်သတိုးဓမ္မရာဇာ၊ ဇင်းမယ်နော်ရထာ စသော.... ဘုရင်ကဝိ။ တန်းဆောင်မိဖုရား၊သန်လျင်မိဖုရား၊ပကိုးမိဖုရား၊ပြည်မိဖုရား၊ ဇင်းမယ်မိဖုရားစသော... မိဖုရားကဝိ။ မင်းရဲနရာ၊ မင်းသား သခ်ဒွေ၊ ငါတို့ အသျှင့်သားတော် အိမ်ရှေ့မင်းစသော....မင်းသားကဝိ။ ။ဟံသာဝတီဆင်ဖြူများရှင် ကိုယ်လုပ်တော်ထွေးလှ၊ ခင်မထွေး၊ တောင်ငူမင်း ကိုယ်လုပ် ရဝေရှင်ထွေး၊ ရှင်ထွေးနားသိမ်၊ စောမင်းနှစ်၊ မယ်ဖြူ၊ မယ်ညို၊ မယ်ထွေးစသော....နန်းတွင်းသူ ကဝိ။ ။ပြည်နဝဒေး၊ ဇင်းမယ် နဝဒေး၊ တောင်ငူလျော်ကား သုံးထောင်မှူး၊ လက်ဆောင်ယူမှူး မောင်သံကိုယ်၊ ရွှေနော်ရထာကျွန်ရင်း ရှင်ထွေးနားသိမ်ကြီး၊ ဇေယရန္တမိတ်၊ ဝန်ကြီးနတ်သျှင်နောင်၊ အတွင်းဝန် ဝဏ္ဏဓမ္မစသော....မှူးမတ်ကဝိ။ ။ ရှင်လူအဆက်ဆက်တို့ လက်စွဲဇယားပုံတည်း။

ဇယားပုံကို ကြည့်ရှုမှုနှင့် (တ) နှင့် (ပ)။ (န) နှင့် (မ)၊ ဖွင့်ရွတ် ညသတ်နှင့် လုံးတင်၊ ပိတ်ရွတ် (ဧ-ည်) ညသတ်နှင့် င-သတ် မစပ်ကောင်းပုံ, ကာရန်ကွဲပုံ, ဌာန်ကွဲပုံ, အသံကွဲပုံများကို နားလည်နိုင်သည်။ မာဂဓသာသာရေးထုံး, မြန်မာဘာသာရေးထုံး အသုံးရေးသားနည်း တခြားစီဟူ၍ တောင်ငူရှင်တိသာသနဓဇအကျော် ဆရာတော်က ဖော်ပြတော်မူသည်။

မူလစာပြီးပြီ။

ရဟန်းမည်—ရှင်လက်ာသာရ၊ ဘွဲ့မည် မဟာစည်သူ၊ နောက် မင်းကြီးမဟာစည်သူ၊ လူမည်-ဦးထွန်းညိုခေါ်ကြသော တွင်းသင်းတိုက်ဝန် အမှတ်အသားမှ သံတော်ဆင့်, ရတနာလျော်ကားတော်မှူး ကူးထားသည်။

အသံကာရန် ၆၄-ရပ်၊ စပ်နည်း ၆၄-ရပ်၊ ဇယားပုံအကြောင်း ပြီးပြီ။



## ၄၆–ပိဋကတ်တော်မ စာကြည့်စာပြင်ဆရာတော်သံဃာတော်တို့နှင့်တကွ လွှတ်တော်ရုံးတော် အသီးသီးရေးသားနည်းများမှာ လိုက်နာရန် ၁၂၄၀–ပြည့်နှစ် ထုတ်ပြန်တော်မူသည့်အမိန့်တော်

ဘုန်းတော်ချိမြ။ မြတ်စွာဘုရား ထားတော်မူခဲ့သော သာသနာမြတ် သုံးပါးတွင် ရင်းမြစ်ပင်မ မူလဘူတ ပရိယတ္တိ သာသနာတော်မြတ် ပိဋကတ်တော်များကို ရေးသားမြဲ ရွှေစာ, မင်စာ, ကညစ်ရေးစာများကို ရေးသားရန် အမိန့်တော်ထုတ်ပြန်တော်မူပြီးဖြစ်သည်၊ပိဋကတ်တော် နိဿယ နံ့စောင်နံ့ပြောက်များတွင် မြန်မာဝေါဟာရ မှန်ကန်စေရန် တည်းဖြတ်ပြင်ဆင်သုတ်သင်ရာ လိုက်နာရန်နှင့် လွှတ်ရုံးများတွင်လိုက်နာရန် အမရပုရပထမမြို့နန်းတည် ဘိုးတော်မင်းတရားကြီး ၁၁၄၅-ခုနှစ် ၁၁၄၇-ခုနှစ် ၁၁၇၈-ခုနှစ်ထုတ် အမိန့်တော်။ ရတနာပုံ ပထမမြို့နန်းတည် ပဉ္စမသင်္ဂါယနာတင် ခမည်းတော်မင်းတရားကြီး ၁၂၁၈-ခုနှစ်ထုတ်အမိန့်တော်များနှင့် တပြေးညီစွာ အသတ်ကာရန်များမှာ လိုက်နာ ရေးသားကြစေရန် ရွာကြီးဆရာတော်-ဝဏ္ဏဗောဓနေသတ်အင်း၊ သံတော်ဆင့်စိန္တကျော်သူ-ကဝိလက္ခဏာသတ်ပုံစာကိုယ်၊ ၄င်းသတ်အင်း အတိုကောက်၊ ပင်းဆရာတော်ရတနာကြေးမုံ သတ်ပုံစာကိုယ်၊ မကွေးမြို့စား ဝန်ထောက်သတ်ထူး၊ စာရေးတော်ခေါင်း အမှာရေး၍၊ ဆကာရန္တသတ်ပုံ၊ အပင့်အရစ်ရေးသားရာ လိုက်နာရန် ညောင်ကန်ဆရာတော်-ကဗျာသာရတ္ထသင်္ဂဟသတ်ပုံစာကိုယ်၊ ၄င်းသတ်အင်း အတိုကောက်။ အသတ်ကာရန်အသီးသီးမှာ လိုက်နာရန် တွင်းသင်းတိုက်ဝန်သတ်ညွှန်း၊ သံတော်ဆင့် စိန္တကျော်သူသတ်ညွှန်း၊ ရတနာကြေးမုံသတ်ညွှန်း၊ ရှင်လက်ာသာရပိဘဇ္ဇပိတခွဲထား၊ လယ်ကိုင်းမြို့စားသေနတ်ဝန်ကြီး အလုံဝန်သပြေ ၅-ရွာစားအဖြစ်နှင့် ထမ်းရွက်စည် ကောက်နတ်စုဆောင်းသောခွဲထား, အတွင်းဝန်ယောမြို့စား သံတော်ဆင့် လယ်ဝန်အဖြစ်နှင့် ထမ်းရွက်စည် ကောက်နတ်စုဆောင်းသော ခွဲထား ၂-ရပ်ကို စပ်ဟပ် ပေါင်းစည်းထားသော ခွဲထားကျော်များနှင့် တပြေးညီစွာ လိုက်နာ ရေးသားကြစေရန် သင့်ကြောင်းနှင့် အစည်းအဝေးဝင် မှူးမတ်တို့ စုံညီ ညှိနှိုင်းချက် ဆက်သွင်းသည်အတိုင်း သင့်ပြီ၊ သားတော်အစည် မြေးတော်အဆက် မြစ်တော်အညွှန့်အဆွန့်ရှည်စွာ သာသနာတော်ကျိုး, တိုင်းကျိုး ပြည်ကျိုး, တိုးတက် ပွားများမည်ဖြစ်သည်၊ စုံညီညှိနှိုင်းဆက်သွင်းချက်

အတိုင်းတည်စေ၊နန်းမတော်မိဘုရား ၂-ပါးစားစုကျဝေပုံမှာ ယွန်းပေါင်
ပါစာရင်းထွက် လှေ,ဥယဉ်,ဈေး,ပွဲ,ကင်း,ကူးတို့,မြို့ရွာလယ်ယာ သွေ်း
စုများကို နန်းမတော်ဘုရားကြီးဝန် စာရေးကြီးတို့က နတ်ပြည်စံမယ်
တော်ဘုရားကြီး စားရင်းပါ၊ လယ်ယာ, ဥယာဉ်, ခြံမြေသွေ်းစု၊ နတ်
ပြည်စံ နန်းမတော်ဘုရားစားရင်း၊ စားရင်းပါလယ်ယာဥယာဉ် ခြံမြေ၊
သွေ်းစုများကို တောင်နန်းမတော် မိဘုရားကြီးဝန် စာရေးကြီးတို့က
အသီးအသီးခွဲဝေ၊ဆင့်ဆိုအုပ်ထိန်းစီရင်စေရန် သင့်ကြောင်းနှင့် အစည်း
အဝေးဝင် မှူးမတ်တို့စုံညီညီနှိုင်းချက် ဆက်သွင်းသည်အတိုင်း သင့်ပြီ၊
နန်းမတော်, တောင်နန်းမတော်ဝန်၊ စာရေးကြီးအသီးအသီး ခွဲဝေခန့်
ထား ဆင့်ဆိုအုပ်ထိန်းစီရင်စေ။

၁၂၄၀-နတ်တော်လပြည့်ကျော် (၁၁) ရက်နေ့ နားခံတော်
နေမျိုးမင်းလှရာဇကျော်ထင်တွင်ပြန် အမိန့်တော်။

---

### ၄၇-မှားမှန်းကိုသိလျှင် ပြင်ကြမြဲ ဓမ္မတာအတိုင်း မဟာဗိန္ဒွဲနတ်နှင့် သကန္တနတ်လွဲ၍ပြင်ရပုံ-ဘိုးတော်အမိန့်တော်

ရာဇမတ္တကျကျမ်းတွင် သကန္တနတ်ကို တပေါင်းလရထားတင်၍
ပူဇော်ရမည့်ထွက်သည်ကို မဟာဗိန္ဒွဲနတ်ဖြစ်သည်-အနက်မြန်မာပြန်၍
နှစ်စဉ် မဟာဗိန္ဒွဲနတ်ကို ပူဇော်ရသည်၊ သကန္တနတ်သည်မဟာဗိန္ဒွဲနတ်
မဟုတ်၊ မဟာဗိန္ဒွဲညီ၊ ကတ္တိကေယနတ်ဖြစ်ကြောင်းနှင့် ဝေါဟာရမဟာ
ရာဇိန္ဒ အဂ္ဂမဟာဓမ္မရာဇဂုရုဆရာက ရှိခိုးသံတော်ဦး တင်ချက်ရှိ၍
အဘိဓာန်-မူရင်းစာ,ရာဇမတ္တကျကျမ်းများကို ကြည့်ရှုတိုက်ဆိုင်စေလျှင်
မဟာဗိန္ဒွဲအနက်မထွက် သကန္တသာထွက်သည်၊ မဟာဗိန္ဒွဲ ပရိယာယ်
(ဂ)ပါးတွင်လည်း သကန္တမပါ၊ ကတ္တိကေယ ပရိယာယ် (၁၇)ပါး
တွင် သကန္တပါသော့ကြောင့် အမှန်အကန်ဖြစ်စေခြင်းငှာ ကျမ်းထွက်
အတိုင်း သကန္တနတ်ကို တပေါင်းလရထားတင်၍ ပူဇော်စေ-အမိန့်
တော်နှင့် နှစ်စဉ်ပူဇော်ရှိပြီးဖြစ်သည်၊ မဟာဗိန္ဒွဲနတ်ကို တန်းဆောင်မုန်း
လ ရထားတင်၍ပူဇော်စေ-အမိန့်တော်ထွက်ရှိသော်လည်း ကျမ်းမထွက်
သည်ကိုမပူဇော်သာပြီ၊ သကန္တနတ်ကိုသာ ကျမ်းထွက်တိုင်း တပေါင်း
လ၊ ရထားတင်၍ပူဇော်စေ။

၁၁၇၃-ခု သီတင်းကျွတ်လပြည့်ကျော် (၇) ရက်နေ့
နားခံဇေယသင်္ချာတွင်ပြန်။



### ၄၈-အဓိမာသ်နည်းအတိုင်း ဥပုသ်နေ့သတ်မှတ်ရန် ပညတ်မရ၍ ရှင်ဘုရင်က လျှော့ပေးရပုံ အမိန့်တော်

နန်းစံ အဓိမာသ်သုဒ္ဓဒိန်လ,ရက်ကို ခေါ်ဝေါ် မှတ်သားခြင်းသည်
မင်းညီမင်းသား, မှူးတော်မတ်တော်, ရဟန်းသံဃာတော်, ပြည်သူပြည်
သားတို့ မညီမညွတ်ကြဖြစ်သည်။ မခေါ်မဝေါ် မမှတ်မသားကြစေနှင့်
မင်းစဉ်မင်းဆက် ဆရာစဉ်ဆရာဆက် ခေါ်ဝေါ်မှတ်သားမြဲ သတ္တရာဇ
နေ့လ အခေါ်အဝေါ်ကိုသာ ခေါ်စေ၊ မှတ်သားကြစေ၊ ဥပုသ်စောင့်
သူတို့မှာ စောင့်လိုသည့်ရက်ကို စောင့်သုံးကြစေ။

ငင်းသုဒ္ဓဒိန် (၉၃၅) နတ်တော်လဆန်း ၅-ရက်နေ့
နားခံ ဇေယနော်ရထာတွင် ပြန်။

---

### ၄၉-အရပ်ရပ် ရောင်းဝယ်ရေးတွင် ကြေးနီဒင်္ဂါးကိုသုံးရန် နိုင်ငံက မလိုက်မနာနိုင်၍ ရှင်ဘုရင်က လျှော့ပေးရပုံ အမိန့်တော်

ပြည်သူပြည်သားတို့ ရောင်းဝယ်သုံးဆောင်ကြသည်များမှာ ကြေးနီ
ဒင်္ဂါးကိုလည်း မသုံးမဆောင်ကြ ဖြစ်သည်၊ သုံးမြဲခဲကို သုံးဆောင်
ရောင်းဝယ်ကြစေ။

၁၁၇၄-ခု၊ဝါခေါင်လဆန်း ၆-ရက်နေ့ နားခံကျော်ထင်ရာဇသူတွင်ပြန်။

---

### ၅၀-အခွန်ကောက်ခံပုံတွင် ရှေးထုံးစံထက် ပိုမိုကောက်ခံရန် ထုတ်ပြန်မိသမျှ စာချွန်များကို ရုပ်သိမ်းသည့် အမိန့်တော်

ဆိပ်, တည်, ပွဲ,ကူးတို့, ဈေး အကောက်အစားများမှာလည်း ရှေး
ထုံးစံနှင့်အညီ ကောက်မြဲပေးမြဲကိုသာ ပေးစေ၊ သာလွန် တိုးပွား၍
အကောက်အခွန် မရှိစေနှင့်၊ ရွှေပြည်တော်မြို့တွင်း မြို့ပြင်မှစ၍ လာ
ရောက်သမျှ ကုန်သည်, တဲကား ရောင်းဝယ်သူတို့မှာ နောက်ကို သာ
လွန်တိုးပွား၍ ကောက်ခံလျှင် ကောက်ခံသူတို့လက်ကိုဖြတ်။ ရွှေဂုဏ်နီ၊
ကျောက်ဂုဏ်နီ၊ ငွေမှုတ်ပွဲခွန်၊ လှည်းခွန်၊ အရပ်ရပ် ကုဏ္ဍနီများနှင့်
ရန်ကုန်စကားပြန်မှစ၍ ရှေးထုံးစံမရှိ၊ တိုးပွားသည့် အဆက်အသ
အကောက်အခံကိုလည်း မရှိစေနှင့်၊ ဟံသာဝတီ, ညောင်ဝတီမှစ၍ အရပ်

ရပ် မြို့ရွာများမှာလည်း ရှေးထုံးစံနှင့်အညီ ကောက်မြဲး ခံမြဲးကိုသာ ကောက်ခံစေ၊ သာလွန်တိုးပွားး၍ မကောက်မခံစေနှင့်၊ အကောက် အခံ အမိန့်တော် စာချွန်ရှိသမျှကို သိမ်း။

နန်းစံ (၃၁)နှစ် အဌာရသမိမာသ်သုဒ္ဓဒိန် ၆၄-တော်သလင်း လဆန်း ၄-ရက်နေ့ နားခံ ဇေယသိခ်သူတွင် ပြန်။

---

## ၅၁-ဝါဆိုဝါကပ် နှစ်,လ,ရက်စွဲးခေါ်ပုံ သတ်မှတ်ရန် ပညတ်မရ၍ ရှင်ဘုရင်ကလျှော့ပေးရပုံ အမိန့်တော်

နေ့ရက်,နှစ်,လ,ဥပုသ် ပဝါရဏာ ဝါဆိုဝါကပ် အခေါ် အဝေါ် အမှတ်အသား အသုံးအဆောင်များမှာလည်း နှစ်ပေါင်း ၂၀-ကျော် ပုံတော်ဗေဒင် အမိမာသ်၊ နက္ခတ်များကို ပြသတော်မူသည်ကို နားလည်သူမရှိ မသိမမှတ်နိုင်ကြဖြစ်သည်။ နားလည်သူမရှိ မသိမတတ်နိုင်ကြဖြစ်ကလည်း နောင်ကာလအရှည် အမှန်အကန်ခေါ်ဝေါ် မှတ်သားသုံးဆောင်နိုင်ကြမည်မဟုတ်၊ ပုံတော်ဗေဒင်, အမိမာသ်, နက္ခတ်များကို စွဲးလမ်း၍ မခေါ်မဝေါ် မမှတ်မသား မသုံးမဆောင်ကြစေနှင့်၊ အစဉ် အခေါ်အဝေါ် မှတ်သားသုံးဆောင်မြဲးအတိုင်း ခေါ်ဝေါ်မှတ်သား သုံးဆောင်ကြစေ။

ငှင်းသုဒ္ဓဒိန် (၈၇၂) သီတင်းကျွတ်လဆန်း (၁၂) ရက် နားခံ ကျော်ထင်ရာဇသူတွင်ပြန်။

---

## ၅၂-မြို့တွင်းအင်းမြှုပ် ပယ်ပုံ အမိန့်တော်

ရွှေမြို့တော်မြို့ထောင့် မြို့ထိပ် သူရဲးခိုများတွင် အင်းအိုင် မြှုပ်ထားသမျှသည် မကောင်းသည့်အရာဖြစ်သည်။ ထားရင်း အင်းအိုင် ကျောက်ဂူနှင့်တကွ ရအောင်တူးယူ၍ မြစ်ဆုံမှာချစေ၊ထားတော်မူသည့် ငတောင်သမန်၊ ငတောင်ကြီး၊ ငတောင်မြင့်၊ ငတောင်ပြုန်းတို့ နတ်ဘီလူး လေးယောက် နတ်ရုပ်ကိုသာ ရှိမြဲးရှိစေ၊ နတ်ရုပ်နှင့်နတ်ဂူအောက်တွင် အင်းအိုင်အမြှုပ်အနှံ့ရှိလျှင်လည်း ရအောင်တူးယူ ဖျက်သိမ်း၍ မြစ်ဆုံမှာ ချစေ။

နန်းစံ ၃၃-နှစ်၊ အဌာရသမိမာသ်သုဒ္ဓဒိန် ၈၃၇-သီတင်းကျွတ် လပြည့်ကျော် (၁၂) ရက်နေ့ နားခံ ဇေယနော်ရထာတွင်ပြန်။

---



## ၅၃-ပထမပိုင်းမှာပါသောကျမ်းဂန်အထောက်အထားအမှတ်အသား များကို ထောက်ရှု၍ သုနေရာနှင့်သူ မှတ်ယူလိုက်နာစေမှု ဥပဒေသကို ပြဆိုချက်

၁၊ သုနေရာနှင့်သူ ဟူသောစကားဝယ် အဓိပ္ပါယ် ကျယ်ဝန်းများပြားစွာ ဆိုင်ရာဆိုင်ရာသက်ဝင်သည်။ ဆင်ခြင်ချင့်ချိန်ရန် စံပမာဏအဖြစ်မျှဖော်ပြသော် ပုဂ္ဂလဓိဋ္ဌာန်သော်ငှင်း၊ ဓမ္မဓိဋ္ဌာန်သော်ငှင်း၊ သက်မဲ့ဝတ္ထုပစ္စည်းသော်ငှင်း အကြောင်းအကျိုး သဘောသွားရှိသမျှ ထိရောက်ကြသည်။ ပုဂ္ဂလဓိဋ္ဌာန်မှာ ရဟန္တာယောကျ်ား ရဟန္တာမိန်းမဖြစ်ကြပြီးလျှက် တေဒဂ်ရမတူကြ၊ ခြားနားကြသည်။ ဓမ္မဓိဋ္ဌာန်မှာလည်း သုတ်, ဝိနည်း, အဘိဓမ္မာ ဆိုင်ရာဆိုင်ရာ သဘောသွား ခြားနားသည်၊ ဝတ္ထုပစ္စည်းမှာလည်း အကြီးအငယ်အမျိုးအစားအလိုက် တိုက်ဆိုင်ရာ အသုံးဝင်သည်။

၂၊ သည်ကဲ့သို့ဖြစ်၍ မည်သည့်အရာမဆို ရှေ့နောက်ထောက်ချင့်၍ အသင့်ယုတ္တိရှိရာ လိုက်နာသုံးစွဲးမှသာ ပညာရှိအဝဝတို့နှစ်သက်မြဲးမှာ ဓမ္မတာတရားပင်ဖြစ်သည်။

၃၊ အသင့်ယုတ္တိရှိခြင်းဟူသည်ကား ဝိရောဓိဒေါသ ကင်းခြင်းတို့ကို ဆိုလိုသည်၊ ဝိရောဓိဒေါသအကြောင်းကို မူလကဗျာဗန္ဓသာရကျမ်းတွင် သိသာလောက်အောင် ဖော်ပြခဲ့ပြီးဖြစ်သည်။

၄၊ သုနေရာနှင့်သူမယူလျှင် ဂဏန်းစဉ် (၂၈) မှာပါသော ဂန္ထာဝမိ သာရှိသည်၊ ဂန္ထာဝမ,မရှိဟူ၍ ယူခြင်းကဲ့သို့ငှင်း၊ ဓမ္မသတ်ကို မတတ်စရာ တောင်တည့်စွာလျှင် ရှိသည်ကို၊ အမှန်မယူပဲ၊ အလွဲးယူခြင်းကဲ့သို့ငှင်း၊ ဆင်ရိုင်းကျုံးသွင်းဆဲးတွင် လွှန့်တွဲးရန်အပ်ယူခဲ့တောင်းရာ ဆိုင်ရာကြိမ်အပ်ကိုမပေးပဲ၊ အဝတ်ချုပ်အပ်ကလေးကိုအပေးလွဲးသောဆင်ကဲးသည် ဆင်ကဲးအရာကကျခြင်းကဲ့သို့ငှင်း၊ ဦးထိပ်ထက်ဆင်ရွက်ရမည် ဆိုသော စကားကို လူခေါင်းငယ်ငယ်ကလေးအထက်တွင် ဆင်ကြီးရွက်လို့မဖြစ်နိုင်ဟူ၍ ယူခြင်းကဲ့သို့ငှင်း အကြောင်းအကျိုးမတွဲပဲ လွဲးတတ်သည်။

၅၊ ပါဠိဘာသာမှာလည်း ထိုနည်းဥပမာများစွာပါရှိသည်၊ အနက်အားဖြင့်ငှင်း, လိင်အားဖြင့်ငှင်း, အသင့်အားဖြင့်ငှင်း, အကြောင်းအရာအားဖြင့်ငှင်း, ယုတ္တိအားဖြင့်ငှင်း,ကာလဒေသအားဖြင့်ငှင်း ဝေဘန်၍ယူဟန်ကို-သီဟ-ခြင်္သေ့၊ သီဟ-သီဟအမည်ရှိသောလူ၊ သုဝဏ္ဏော-ရွှေ၊ သုဝဏ္ဏော-ဂဠုန်၊

အသော-မြင်း၊ အသော-သူဆင်းရဲ၊ နာဂေါ-နဂါး၊ နာဂေါ-ဆင်၊ နာဂေါ-ကံ့ကော်ပင်၊ နာဂေါ-ရဟန်းလောင်းစသည်ဖြင့် ဖော်ပြချက်များစွာရှိသည်။

၆၊ သည်ကဲ့သို့ သုနေရာနှင့်သူမယူပဲ၊ အလွဲကို အမှန်ဖြစ်အောင်မာနထောင်၍ ဟန်ဆောင်ပြောဆို ပြုလုပ်က မဒဖြစ်တတ်ဘည်။ မဒဟူသည်ကား မာန်, အတိမာန် ဖြစ်ပြီးမှ မဒဖြစ်သည်။ "မာနော အတိမာနော မဒေါ"ဟူ၍ ဟောတော်မူသောကျမ်းဂန်ရှိသည်။

၇၊ သည်ကိုရည်၍ ဓမ္မာဇမော်ကွန်းတွင်...."ဇာတိ အာဒေါ၊ ပတ်လွှံ့ကျော်သ၊အမော်ငါသာ၊မှန်စွာသတတ်၊မြတ်လှတုံဘိ၊ဥဏ္ဏတိဟု၊ပါဠိအရ၊မာန်တက်ကြွမှု၊ မာနပညပ်၊ အဋ္ဌုဏ္ဏတာ၊ လွန်စွာ လွန်စွာ၊ဝှန်ဝါတက်ကြွ၊တိမာနတည့်၊မြတ်လှတန်းခိုး၊ အမျိုးစင်ကြယ်၊အနွယ်ကောင်းစွာ၊အနာလွတ်ကင်း၊အဆင်းထူးမြတ်၊ အတတ်များလှ၊ ဤသို့စသည်၊ ငါ့အနှုန်းတူ၊ အဘယ်သူလျှင်၊ထွက်ပြူဘယ်နှံ့၊ ပေါ်လာအံ့ဟု၊ မန္တံမကြောက်၊လွှားမောက်တက်ကြွ၊ဖြစ်လကမူ၊ မဒမှန်စွာ"ဟူ၍ လာရှိသည်။သည်ကဲ့သို့မဒဖြစ်လျှင်အဝှန်းဂဏန်းစဉ်(၁၃)မှာပါသောအကြောင်းသုံးရပ်ရှိသည်ကို သတိမထားပဲ၊ မနိုင်မပိုင် မခိုင်မလုံပဲ၊ ဂုဏ်လိုချင်၍ ပြင်ဆင်လေ့ရှိသောသဘောသည် ကရောတိကိုဝဝရောတိပြင်မိခြင်းကဲ့သို့ရင်း၊ ဂဏန်းစဉ်(၈) မှာပါသော အကြောင်းအရာရှိသည်ကို သတိမထားပဲ၊ အဋ္ဌနောမတိယူမိလျှင် မှန်သောသင်္ဂဟတရား လေးပါးကို အမှားဖြစ်အောင်ကြံဆောင် ဆွဲယူခြင်းကဲ့သို့ရင်း၊ အပါယ်လားကြောင်း မကောင်းမှုဖြစ်တတ်သည်။ သည်အခြင်းအရာမှာ ဆရာလုပ်သူ, နာယကလုပ်သူ, ဌာနချုပ်လုပ်သူ ရှိသမျှ သတိရကြစေလိုသောဥပဒေသဖြစ်သည်၊ အဋ္ဌနောမတိ-ရှိရုံဖြင့်သာ မပြင်ပါနှင့်ဆိုလိုသည်။

၈၊ သည်ကဲ့သို့ ဥပဒေသပြရာ၌ ပြသူမှာအပြစ်မရှိ အကျိုးသာရှိသည်၊ အပြစ်မရှိပုံကား ဥပဒေသ၏အကျိုးကိုပြသော သတ္တနိပါတ်ဂန္ဓာရဇာတ်မှာလာသော အတိုင်းပင်တည်း၊ အကျိုးရှိပုံကား မူလပဏ္ဏာသ-ဝတ္ထသုတ်လာ သာဌေယျ, ထမ္ဘ, သာရမ္ဘ, ပလာသစသော တရားဆိုးများလျော့ပါးကြသည့်အခါ မြန်မာစာကို ဖျက်ဆီးခြင်းကင်းရန် အကျိုးပင်တည်း။

ပထမပိုင်းပြီးပြီ။

---

# ကဗျာဗန္ဓသာရကျမ်း

## နောက်ဆက်တွဲ

## ဒုတိယပိုင်း

★

# ကဗျာဗန္ဓသာရကျမ်း- နောက်ဆက်တွဲ ဒုတိယပိုင်း

၅၄-လင်္ကာကိုသာ ကဗျာခေါ်ရုံမက ဒေါသမငြိ ပရိဟာရပြည့်စုံ ဂုဏ်ရသပါပါ ဝေါဟာရ သက္ကတ,မာဂဓ,မြန်မာဘာသာ ၃-ရပ်ပညာရှိတို့ ဘွဲ့စီသီကုံးသမျှ အရာရာတိုင်း ကဗျာဟူ၍ ခေါ်သော ထပ်တူရှိသည်ကို သိကြ မှတ်ကြရန် ၃-ထပ်ပြန် ဇယားပုံ

| သက္ကတ ဘာသာ ကျမ်းများမှာလာပုံ | | | | မာဂဓဘာသာ | | ကျမ်းဂန်များမှာလာပုံ | | မြန်မာဘာသာကျမ်းဂန်များမှာ လာပုံ | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| တလုံးတည်းခေါ်ပုံ | | အစိပ် အစိပ်ခေါ်ပုံ | | တလုံးတည်းခေါ်ပုံ | | အစိပ်အစိပ်ခေါ်ပုံ | | တလုံးတည်းခေါ်ပုံ | | အစိပ်အစိပ်ခေါ်ပုံ | |
| အမည် | အဓိပ္ပါယ် | အမည် | အဓိပ္ပါယ် | အမည် | အဓိပ္ပါယ် | အမည် | အဓိပ္ပါယ် | အမည် | အဓိပ္ပါယ် | အမည် | အဓိပ္ပါယ် |
| ကာပျ * | ကာပျ ဆိုသည် မှာ ကိုယ်ဆိုလိုသည်၊ကိုယ်ဟူသည်ကား ပညာရှိထိုထိုတို့သည် လိုအပ်သော အနက်ကို ပိုင်းခြား ဖော် ပြသော ပါဒ အစဉ်ဖြင့် ၎င်း, ပုဒ် အစဉ် ဖြင့် ၎င်း, ပါဒအစဉ် ပုဒ်အစဉ် ၂-မျိုး ဆက်စပ်ခြင်းဖြင့်၎င်း စီကုံး ဘွဲ့ဆိုကြသော ဒေါသမငြိ ပရိဟာရ ပြည့်စုံ ဂုဏ်ရသပါပါ နည်း နာကျသော ပဇ္ဇ,ဂဇ္ဇ မိဿ-ကျမ်းဂန် ဟူသမျှကို အပေါင်းအားဖြင့် တလုံး တည်းကို ကာပျ-ခေါ်သည်။ | (၁) ပဇ္ဇ | ကခြင်းနာခြင်း အကျိုး ရှိသော ဂိုဏ်းဇာတ်စက် နက္ခတ် စသည် ညီ အောင် ၄-ပါဒ စီ ဘွဲ့ ဆိုသော အ ချင်း နှင့် ဂါထာ ဟူ သမျှ ကဗျာ ကို ပဇ္ဇဆိုလိုသည်။ | ကာဝေယျ † | ကာဝေယျဆိုသည်မှာ စိန္တာ,သုတ, အတ္ထ, ပဋိဘာန-ဟူသော ၄-မျိုး တို့ အကြံ, အကြံကြား, အနက်, အမြင် အားဖြင့် ၄-ပါးသော ပညာ [illegible] အရာကို ... အစွမ်းများအရ ဒေါသ မငြိ ပရိဟာရ ပြည့်စုံ ဂုဏ်ရသအနှစ် ရှိသော ပဇ္ဇ၊ ဂဇ္ဇ၊ မိဿ၊ [illegible] ကျမ်းဂန် ဟူ သမျှကို [illegible] တလုံးတည်း [illegible] ယျ ခေါ်သည်၊ [illegible] ၍လည်း ခေါ်သည်။ | (၁) ပဇ္ဇ | ဂါထာဟူသမျှ။ | ကဗျာ * | ကဗျာ ဆိုသည် မှာ သက္ကတ, မာဂဓ များ ကဲ့သို့ သဘော သွား တူစွာ ပညာရှိတို့ ဘွဲ့စီ သီကုံးသမျှ ဒေါသ မငြိ ပရိဟာရ ပြည့်စုံ ဂုဏ်ရသ ခြယ် ဆင်သော လင်္ကာ စကားပြေ ၂-ထွေစပ်၊ ပြန်ကာဘက်ဟူသမျှကို က ဗျာ ခေါ် သည်။ | (၁) လင်္ကာ | စာအုပ် အခံကာရန် အဟပ် ကွပ်သိမ်းချက် သတ်၍ ဘွဲ့စပ် သီကုံး သမျှ ကဗျာကို လင်္ကာ ဆို လို သည်၊ အ ချင်း ဟူ၍ လည်းခေါ်သည်။ |
| | | (၂) ဂဇ္ဇ | ပါဒဖြင့် မဆိုဝဲ ပုဒ် အစဉ် အတိုင်းသာ ဘွဲ့စီ သီ ကုံး သမျှ ကဗျာကို ဂဇ္ဇ ဆိုလိုသည်။ | | | (၂) ဂဇ္ဇ | စုဏ္ဏိယဟူသမျှ။ | | | (၂) စကားပြေ | စကားထောင့်မဟုတ် သည်ကို စ ကား ပြေ ခေါ်သည်၊ စကားပြေ မှာ-စုဏ္ဏိယကို အတုယူကာ မြန်မာနည်း ဘွဲ့စီ သီကုံး သမျှ စကားပြေ ကဗျာချည်းပင် တည်း။ |
| | | (၃) မိဿ | ပဇ္ဇ, ဂဇ္ဇ ၂-မျိုးစပ်ဆိုဘွဲ့စီ သီးကုံးသမျှ က ဗျာကို မိဿဆို လိုသည်။ | | | (၃) မိဿ | ပဇ္ဇ, ဂဇ္ဇ ၂-မျိုးရောယှက်စပ်ဆိုသီကုံးသမျှ။ | | | (၃) ၂ထွေစပ်၊ဝါ-ပြန်ကာဘက် | ၂-ထွေစပ်မှာလည်း ၂ရပ်ရှိသည်၊(၁)အမျိုး တူ ၂-ထွေစပ်။ (၂) အမျိုးမတူ ၂-ထွေစပ် အားဖြင့်ကွဲပြားသော်လည်း ၂ထွေစပ် ဘွဲ့စီ သီကုံး သမျှ ကဗျာကို ၂-ထွေစပ် ခေါ်သည်။ |
| | | | | | | (၄) ကဏ္ဍ၊ ဝါ-ဝဏ္ဏနာ | အဋ္ဌကထာ စသည်ဖြင့် အ ဘွင့် ဟူသမျှ (သဒ္ဒနီတိ နိဿယ စကား ချပ် အမှာတွင် ဂဇ္ဇစသော ၃-ပါး ကား ပါဠိတော် စာကိုယ်။ ကဏ္ဍကား အဘွင့်ကျမ်း ဟူလို- ဟု ပါရှိသည်။* | | | (၄) အဘွင့် | သဒ္ဒနီတိမှာအဋ္ဌကထာ ဒိကံဟု အာဒိသဒ္ဒါဖြင့် ဆိုသောကြောင့် မြန်မာ အဘွင့် ဟူ သမျှ သည် ကဏ္ဍတွင် ပါဝင်သည်။ |

* အဝှန်းဂဏန်းစဉ် ၅၅ နှင့် ၅၀ များကိုကြည့်၊ † အဝှန်းစဉ် ၅၆ နှင့် ၅၉များကိုကြည့်

* အဝှန်းဂဏန်းစဉ် ၅၇-နှင့် ၆၀-များကိုကြည့်။

### ၅၅-ပညာရှိတို့ ဘွဲ့စီသီကုံးသမျှကို တလုံးတည်း ကဗျာခေါ်ပုံ ကဗျာကို ကိုယ်ခေါ်ပုံ,ကိုယ်မှာ အစိပ်အစိပ်ပိုင်းခြား-ဂါထာ,စုဏ္ဏိယ, မိဿက ခွဲး၍ ခေါ်ပုံ, သက္ကတကျမ်းဂန် အထောက်အထားများကိုပြဆိုချက်

ကာပျအင်္ဂါကျမ်း (၄) ချပ် ကျောဘက်တွင်....တေ-မိုရှေးဆြာတို့သည်ကား၊ ကာပျကာ-ကဗျာ၏၊ ဧရိဂုဏ္ဍ-ကိုယ်ကိုရင်း၊ အလင်္ကာရစ္စ-တန်းဆာကိုရင်း၊ ဒရ္စိတာ-ပြအပ်၏၊ တာဝဒ်-ရှေးဦးစွာ၊ ဧရိယ-ကိုယ်ဟူသည်ကား၊ ဣဋ္ဌာ ဝ္ဗတ္တိဗျဝစ္ဆိန္နပဒါဝလိ-လိုအပ်သော အနက်ကို ပိုင်းခြားတတ်သောပိုဒ်၏ အစဉ်သည်တည်း၊ တဒ်-မိုကိုယ်ကို၊ ပဒျံ-ပဒရရင်း၊ ဂဒျဉ္စ-ဂဒရရင်း၊ မိဖြဉ္စ-မိဆရရင်း၊ တြိဓာဝ-သုံးပါးသော အပြားဖြင့်လျှင်၊ဗဝည္ဓိတံ,ဗျဝည္ဓိတံ-ပိုင်းခြားအပ်၏၊ပဒျံ-ပဒရသည်ကား၊စတုမ္ပဒိ-လေးပိုဒ်ဟိ၏၊ တဉ္စ-ထိုပဒရကို၊ ဗျတ္တံ-ဗျတ္တရင်း၊ ဇာတိ-ဇာတိရင်း၊ဣတိ-ဤသို့၊ ဒွေဒါ-နှစ်ပါးသောအပြားဖြင့်၊ ဉ္ဉာယတေ-သိအပ်၏၊ ဟူ၍ ရင်း။

ရင်းကျမ်း (၄) ချပ် ဝမ်းဘက်တွင်....ပဒျဟူသည်ကား-ပဇ္ဇဟူလိုသော၊ ပဇ္ဇဟူသည်ကား-ဂါထာချည်း၊ ဂဒျဟူသည်ကား-ဂဇ္ဇဟူလိုသော၊ ဂဇ္ဇဟူသည်ကား-ပါဌ်ချည်း၊မိဿကကား-၂ စုံရောသတည်း၊ ဗျတ္တဟူသည်ကား-ရှစ်လုံးဂါထာကို ဆိုသတည်း၊ ဟူ၍ ရင်း။

ကာပျကိုမြန်မာဘာသာတွင် ကဗျာဟုခေါ်ကြသည်၊သက္ကတဘာသာကို မြန်မာဘာသာသို့ ပြန်ရာ ပြေ့ပြေ့ညင်းညင်းသည် ပြင်းပြင်းသို့ ပြောင်းလွဲလေ့ရှိသည်၊ ရှေးကျောက်စာများတွင် မာခနှစ်ဟု ရေးသည်ကို မာဃနှစ် ဟူ၍ ရင်း၊ ပေတင် ကို ဗေဒင် ဟူ၍ ရင်း၊ ဗရမာ ကို ဗမာ ဟူ၍ ရင်း၊ ပိတဟူး ကို ဗုဒ္ဓဟူး ဟူ၍ ရင်း၊ ရှိကရား မှရွေ၍၊ သံကြား ရေးထားသော်လည်း သကြားရင်း ဘတ်ရမြဲမှာ သိးခြားရှိကြသည်။ သံပြောင်း သံလွဲ့ ကွဲပုံ ခွဲးထားကျော်တွင်ကြည့်လျှင် တွေ့မြင်နိုင်သည်၊ ရင်းပြင် ဒဒွေး ယပင့်ရေးသော်လည်း ဒဒွေးရရစ်ကဲ့သို့မြန်မာကြိုးသံ ပဒရဟူ၍ ရင်း၊ ဓြကို-ဆရဟူ၍ ရင်း ဘတ်ရပုံမှာ ကလပ်ရေးနည်း ပေတည်း၊ သက္ကတမှ မာဂဓဝေါဟာရသို့ ပြောင်းသည့်အခါ ကာပျသည်-ကဝေယျ ဟူ၍ ရင်း,ဗန္ဓဟူ၍ ရင်း၊ အမည်ပြောင်းသည်၊ ပဒျသည်-ပဇ္ဇ, ဂဒျသည်-



ဂဇ္ဇ, မိဖြသည်-မိဿရင်း, ဝေယျရင်း ပြောင်းသည်။ မာဂဓဘာသာမှ မြန်မာဘာသာသို့ ပြောင်းသည့်အခါ၊ပဇ္ဇသည်-လင်္ကာ,ဂဇ္ဇသည်-စကားပြေ, မိဿနှင့် ဝေယျသည် ၂-ထွေစပ်၊ ကစ္ဆသည် အဖွင့်အသီးအသီး ဝေါဟာရစကား ပြောင်း၍သွားကြသည်။

ပညာရှိတို့ ဘွဲ့စီသီကုံးသမျှကို တလုံးတည်း ကဗျာခေါ်ပုံ၊ ကဗျာကို ကိုယ်ခေါ်ပုံ၊ ကိုယ်မှာ အစိပ်အစိပ်ပိုင်းခြား ဂါထာ,စုဏ္ဏိယ, မိဿကခွဲး၍ခေါ်ပုံ၊ သက္ကတကျမ်းဂန် အထောက် အထားများကို ပြဆိုချက် ပြီးပြီ။

---

### ၅၆-ပညာရှိတို့ ဘွဲ့စီကုံးသမျှကို တလုံးတည်း ကာဝေယျခေါ်ပုံ, ကာဝေယျကို ဗန္ဓခေါ်ပုံ, ဗန္ဓမှာ အစိပ်အစိပ်ပိုင်းခြား ဂါထာ, စုဏ္ဏိယ, မိဿကခွဲး၍ ခေါ်ပုံ ၃-မျိုး တနည်းအားဖြင့် ဂါထာ,စုဏ္ဏိယ, မိဿက, ကစ္ဆခွဲး၍ ခေါ်ပုံ ၄-မျိုး မာဂဓ ကျမ်းဂန်အထောက်အထားများကို ပြဆိုချက် [အချင်းခေါ်ပုံနှင့် ဝင့်ပယ်ပုံပါသည်]

သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်တွင်-"ယထာပနေကေ။လ။ကာဝေယျံ" ဟူ၍ ရင်း....ရင်းသီလက္ခန် အဋ္ဌကထာတွင်- "ကာဝေယျန္တိ စတ္တာရောမေ ဘိက္ခဝေ ကဝိ၊ စိန္တာကဝိ, သုတကဝိ,အတ္ထကဝိ, ပဋိဘာနကဝီတိ၊ ဣမေသံ စတုန္နံ ကဝီနံ အတ္တနော စိန္တာဝသေန ဝါ ဝေသန္တရောနာမ ရာဇာ အဟောသီတိ အာဒိနိဝသေန ဝါ ဣမဿ အယံ အတ္ထော၊ ဧဝံ တံ ယောသုတွာ သုတဝသေန ဝါ ကိဉ္စိဒေဝဒိသွာ တမ္ပဋိဘာဂံ ဇေဿာမိတိ ဧဝံ အတ္ထဝသေန ဝါ၊ ကိဉ္စိဒေဝဒိသွာ တမ္ပဋိဘာဂံ ဇေဿာမိတိ ဧဝံ ဌာနုပ္ပတ္တိက ပဋိဘာနဝသေန ဝါ၊ ဇီဝိကတ္ထာယ ကဗျာကရဏံ" ဟူ၍ ရင်း။

သီလက္ခန်ဋီကာသစ်တွင် - "ဌာနုပ္ပတ္တိကပဋိဘာနဝသေနာတိ ကာရဏာနုရူပံ ပဝတ္တနက ဉာဏဝသေန, ဇီဝိကတ္ထာယာတိ ကရဏာမိဂတဝသေနေဝ ဝုတ္တံ" ဟူ၍ ရင်း...."ကဝီဟိ ကတံ ကာဝေယျံ ကဝီနံ ဝါ ဣဒံ ကာဝေယျံ" ဟူ၍ ရင်း... "ကဝီနံ ဣဒံ ကဗျံ ယံကိဉ္စိ ဝုစ္စတိ" ဟူ၍ ရင်း-အသီးအသီး လာရှိသည်။

**အထူးမှတ်သားရန်မှာ....**ကဝိသဒ္ဒါမှ ကာဝေယျ, ကဗျ-အသီးအသီး ဖြစ်လာသည် ဟူ၍, ဘုရားဖြူ ဆရာတော်က ဖော်ပြသည်ကား-ကဝိ နောင် ဏျပစ္စည်းသက်၊ က-၌ရှိသောအသရကို အာပြု၊ ကာ-ဖြစ်၏၊ ဝ-၌ရှိသောဣကို ဧပြု၊ ဝ-ဧသို့ကပ်၊ ကာဝေဖြစ်၏၊ ဏျပစ္စည်းက-ဏကို ချေ၊ ၂-ကြွင်း၏၊ ၎င်း ၂-ကို၊ ယ, ၂-ဟု ဒွေဘာဝ-ဟူသော ယ-နှစ်လုံး ပြု၊ ယ-ကို ၂-သို့ကပ်၊ ကာဝေယျ ဖြစ်၏။

ကဝိမှလည်း ကဗျဖြစ်၏၊ ဖြစ်ပုံကား-ကဝိ-နောင်ဏပစ္စည်းသက်၊ ဏ ချေ၍ ၂ ဣကို-ဧပြု၊ ဧ-ကို-အ- ၂-ပြု၊ ဝ-ကို-ဗပြု၊ ၂-ကို အသို့ကပ်၊ ဗကို- ၂-သို့ကပ်၊ ဗျ-ဖြစ်၏၊ က-ကို အသို့ကပ် ကဗျ-ဖြစ်၏။ ဤသို့ ကာဝေယျ- ကဗျ-တို့သည် ကဝိ-သဒ္ဒါမှလာသော အမည်များဖြစ်ကြ၏ ဟူ၍, ၎င်း၊ ဤစာကို ကြည့်ရှုပြင်ဆင် ကူညီတော်မူသော ဘုရားဖြူ ဆရာတော်က ထပ်မံထည့်သွင်းသည်။

သဒ္ဒနီတိဓာတုမာလာ၌မူကား ကဗ္ဗသဒ္ဒါ မှကာဝိယံ, ကာဝေယျံဖြစ်လာသည်ဟုဆို၏။ "မနောဟရတာယ အဝဿံ၊ ကုယတိ ပဏ္ဍိတေဟိတိ ကဗ္ဗံ ကာဝိယံကာဝေယျံ"ဟူ၏။ ။မနောဟရတာယ-နှလုံးကို ဆောင်တတ်သောကြောင့်၊ပဏ္ဍိတေဟိ-တို့သည်၊အဝဿံ-မချွတ်၊ကုယတိ-ဆိုအပ်၏၊ ဣတိ-ကြောင့်၊ ကဗ္ဗံ-ကဗ္ဗမည်၏၊ တဒေဝ-ထိုကဗ္ဗပုဒ်သည်ပင်လျှင်၊ ကာဝိယံ-ကာဝိယမည်၏၊ကာဝေယျံ-ကာဝေယျမည်၏။ ။တနည်း ဆရာတော် ဦးဗုဓ် အလိုအားဖြင့်၊ ကဗ္ဗသဒ္ဒါ၏အရကား ပညာရှိတို့ ဆိုအပ်သော ကာဝေယျဟူသော ကဗျာကိုရ၏ဟု ဆိုသည်။ ၎င်းပြင် ဥဒါန်း ပါဠိတော်တွင် အတတ် ၁၂-ပါးပြရာဝယ် ကာဝေယျအတတ်လည်းပါ၏၊ ကာဝေယျအတတ်ဟူသည် ကဝိလေးပါးတို့ ပြုအပ်သော အတတ် ပညာဟု အဋ္ဌကထာဖွင့်၏။

၎င်းပါဠိတော် ဋီကာ အဋ္ဌကထာများမှာလာသော ကာဝေယျ ဟူသောပုဒ်ကိုဖွင့်သော လိုရင်းအဓိပ္ပါယ်ကား....ပညာရှိတို့ ဘွဲ့စီသီကုံးသမျှကို ကာဝေယျခေါ်သည်။ ကာဝေယျနှင့်ကဗျာတူသည်၊ ပညာရှိနှင့် ကဝိလည်းတူသည်။

(၁) ကိုယ့်စိတ်ကူး ကိုယ့်သဘောဉာဏ်အတိုင်း ကြံစည် သီကုံးဘွဲ့ဆိုသမျှကဗျာကို **စိန္တာကဗျာ** ဆိုလိုသည်။ ။သိသာရန် စံပမာဏဖော်ပြသော် ယခုအခါ ငွေရအောင်ရေးကြသော ဇာတ်စကား ပုံဝတ္ထုစသော စာအရာရာလည်း စိန္တာကဗျာတွင် ပါဝင်သည်။



(၂) ကြားဘူးသည်ကိုရင်း, ကြားဘူးသည်နှင့် ဆင်တူ ယိုးမှားသဘောသွားကိုရင်း အကြောင်းအားလျော်စွာ သီကုံးဘွဲ့ဆို ပြုစုသမျှကို **သုတကဗျာ** ဆိုလိုသည်၊ သိသာရန် စံပမာဏဖော်ပြသော် ကြောင်းတူ သံကွဲ, သံတူကြောင်းကွဲ ဘွဲ့စီသီကုံးသမျှသည် သုတကဗျာတွင် ပါဝင်သည်။

(၃) ရှိရင်းတစုံတခုသော အကြောင်းကို အကျဉ်းချုံးခြင်း၊ အကျယ်ချဲ့ခြင်းစသည်ဖြင့် သီကုံးဘွဲ့ဆိုသမျှကဗျာကို **အတ္ထကဗျာ** ဆိုလိုသည်၊ သိသာရန်စံပမာဏဖော်ပြသော် အနက်အဓိပ္ပါယ်ကို သိလွယ်အောင်ဖော်ပြသမျှသည် အတ္ထကဗျာတွင် ပါဝင်သည်။

(၄) လောကုတ္တရာ ကျမ်းဂန် လောကီကျမ်းဂန်မှာ လာသော အကြောင်းအရာကို အထောက်အထားပြု၍၊ ထိုကျမ်းများအလား တပါးသော အကြောင်းအရာကို ဉာဏ်ဖြင့်အရာဌာနကာလအလိုက် သီကုံးဘွဲ့ဆိုသမျှကဗျာကို **ပဋိဘာနကဗျာ** ဆိုလိုသည်၊ သိသာရန် စံပမာဏ ဖော်ပြသော် ဆဒ္ဒန်ပျို့၊ ပဉ္စာစရိပျို့ စသောအချင်းကြီး, အချင်းငယ်စသည်များကဲ့သို့ နားထောင်သူလည်း နှစ်ခြိုက် ရကင်းများနှင့်လည်း ကိုက်အောင် ကြံဆောင် သီကုံးဘွဲ့ဆိုလေ့ရှိသမျှ ကဗျာသည် ပဋိဘာနကဗျာတွင် ပါဝင်သည်၊ ဝိဠ္ဌကတ်မှာလာပုံတည်း။

(၁) မာဂဓဘာသာ အလင်္ကာကျမ်းတွင်....ဗန္ဓောစနာမ သဒ္ဒတ္ထာ၊ သဟိတာ ဒေါသဝဇ္ဇိတာ။ပဇ္ဇဂဇ္ဇဝိမိဿာနံ၊ဘေဒေနာယံ တိဓာဘဝေ" အဓိပ္ပါယ်ကား-ပဒဒေါသစသော အပြစ်ကင်းသော ရှေ့နောက်သင့်လျော် ပြေပြစ် ချောမောသော သဒ္ဒါအနက်တို့သည် ကဝိဟိ ဗန္ဓီ ယန္တေဝါတိ ဗန္ဓာ-ဟူသော ဝစနတ္ထနှင့်အညီ ဘုရားအစရှိသော ပညာရှိတို့သည် ဘွဲ့နွဲ့စီကုံးအပ်သောကြောင့် ဗန္ဓ-မည်၏။ ထိုဗန္ဓသည် ဂါထာဗန္ဓ, စုဏ္ဏိယဗန္ဓ, ဂါထာစုဏ္ဏိယရောသောဝိမိဿဗန္ဓ-ဟူ၍, သုံးပါးအပြားရှိ၏၊ ဟူ၍,၎င်း။

(၂) စုဏ္ဏိယဗန္ဓသည်လည်း ဂိုဏ်း, ဂရု, လဟု, မတြာတို့ကို မမှတ်ပဲ၊ ရှေးစကားဟောင်းများကို စကားပြေစုဏ္ဏိယ ဘွဲ့ဆိုအပ်သော အာချာယိကာ တမျိုး၊ ပစ္စုပ္ပန်အခါ၌ မယ်ဘွဲ့ မောင်ဘွဲ့ အစရှိသော စကားပြေစုဏ္ဏိယဘွဲ့ဆိုအပ်သော ဂါထာတမျိုး၊ ဤသို့အားဖြင့် နှစ်ပါးအပြားရှိ

၏။ သမာသ်အနည်းငယ်ပါသော ဝုတ္တက တမျိုး၊ သမာသ်အများပါသော ဥက္ကလိကာပါယတမျိုး၊ ဤကဲ့သို့ဘွဲ့ပုံကို အစွဲပြု၍လည်း နှစ်ပါး အပြား ရှိ၏၊ ဂါထာဗန္ဓကို ပဇ္ဇဟုဆိုအပ်၏၊ စုဏ္ဏိယဗန္ဓကို ဂဇ္ဇဟုဆိုအပ်၏၊ ထိုဂါထာစုဏ္ဏိယတို့ကို ရော၍ဖွဲ့သော ဗန္ဓသည် မိဿဗန္ဓ မည်၏။ ဟူ၍၎င်း၊ အလင်္ကာကျမ်းမှာ လာရှိသည်။

၁၊ ၎င်းပြင်သဒ္ဒနီတိသန္ဓိသုတ္တမာလာမှာလည်း....စတုဗ္ဗိဓမ္ပိ ယံဝါကျံ ပဒတောယေဝ လက္ခတိ။ ပဇ္ဇံ ဂဇ္ဇဉ္စ ဂေယျဉ္စ၊ ကဏ္ဍဉ္စာတိ တဒိရယေ.... ။လ။....ဂဇ္ဇာဒီဟိတုယံတီဟိ၊ ဝိမုတ္တန္တံ သုမေဓသာ၊ အဋ္ဌကထာဒိကံ သဏ္ဌံ ဝစနံ ကဏ္ဍမဗြဝုံ”....ဟူ၍၊ စုဏ္ဏိယကို ဂဇ္ဇ၊ ဂါထာကို ပဇ္ဇ၊ စုဏ္ဏိယ ဂါထာ နှစ်ထွေရော၍နေလျှင် ဂေယျ။ ပဇ္ဇ, ဂဇ္ဇ, ဂေယျ သုံးမျိုးမှတပါး အခြားအတွင့်အဋ္ဌကထာအစရှိသည်ကို ကဏ္ဍခေါ်သည်ဟု ဖော်ပြသေးသည်။

၂၊ ကဏ္ဍအရဖော်ပြသော် သဒ္ဒတ္ထရတနဝလိ မဟာပါဠိအဘိဓာန်တွင်” ကဏ္ဍသဒ္ဒေါပနေသ, ၁–ဟတ္ထိနံ မဇ္ဈဗန္ဓေ၊ ၂–ပကောဋ္ဌေ၊ ၃–ကဏ္ဍဗန္ဓနေ၊ ၄–ကောသိယံ၊ ၅–မေခလာယံ၊ ၆–ကထနေ၊ ၇–ဥပကဏ္ဍကေ၊ ၈–အံသကူဋ္ဌေစာတိ အနေကေသု အတ္ထေသု ဒိဿတိ”ဟူ၍ပါရှိသည်။

၃၊ သည်ကဲ့သို့ ကျမ်းဂန်လာသည့်အရ ကဏ္ဍကိုမြန်မာ့ ဝေါဟာရဝယ် အကျယ်အတွင့်ဟု အမှတ်ပြုကြ၍၊ ကဏ္ဍစကားအနက်ကို လွယ်လွယ်အကျယ်ထုတ်တွင့်ဟု ရေးကြပြောကြသည်၊ ယခုနောက်ပေါ်နည်းသစ်မှာ အကျယ်တဝင့်ဟု ရေးကြပြောကြသည်။

၄၊ သည်ကဲ့သို့ ရွေ့ရသည်မှာ မြန်မာစာထက် အင်္ဂလိပ်စာဘက်ကို ထက်သန်စွာလိုက်နာလေ့ရှိ၍၊ မြန်မာနည်းကို မေ့ကြသောကြောင့် ဖြစ်ဟန်တူသည်။ ဥပမာဆိုသော် ပေါင်းဘီကိုချွတ်၍ ပုဆိုးဝတ်သော ရှမ်းကဲ့သို့၎င်း, ရာဇဌာနီမှာ အနေကြာ၍ တောရွာဇာတိကို သတိမေ့သောသူကဲ့သို့၎င်း ဇာတိပျက်ပြားလျက် ပပတ္တိကိုလိုက်စားသောဝေါဟာရဖြစ်သည်။

၅၊ ဝင့်ဟူသောဝေါဟာရမှာ ဂုဏ်ဟန်လုပ်ခြင်း၊ ကြွားဝါခြင်း အနက်များတွင် သက်ဝင်သည်။



(က) စာပြီးနှစ် ၁၁၂၂–ခုပါသော သြဝါဒထူးမျိုတွင်–“ဝါဝါ ကားကား၊ ကြွားကြွားဝင့်ဝင့်၊ ဝတ်သဖြင့်လည်း၊ မတင့်တယ်ရာ”....ဟူ၍ စိန္တကျော်သူဘွဲ့ခံဦးသြက စပ်ဆိုသည်။

(ခ) စာပြီးနှစ် ၁၁၅၈–ခုပါသောဥတိန္န–ဥတေနခေါ်မျိုတွင်–“မုန်ဆင်ရပ်ပုံ၊ ရွယ်စည်းခုံလည်း၊ အစုံသွယ်ဖြာ၊ လျှပ်ဝါလက်လက်၊ ဝင့်တိုင်းစက်သား၊ ငှက်ထီးလိုင်ကာ”....ဟူ၍ မုံရွေးဆရာတော်က စပ်ဆိုသည်။

(ဂ) စာပြီးနှစ် ၁၂၂၆–ခုပါသောရတနာနဒီမော်ကွန်းတွင်–“မြိမ်းခြောက်မောင်းလွင့်၊ မျက်စောင်းဝင့်သော်၊ ပျောက်လွှင့်ကုန်ရ”....ဟုကင်းဝန်မင်းကြီးသည် အလုံဝန် သပြေငါးရွာစားအဖြစ်က စပ်ဆိုခဲ့သည်။

(ဃ) ဆဒ္ဒန်ဆင်မင်း ဝတ္ထုတွင်လည်း ဝင့်တိုင်းစက်သည် ဆိုသော စကားကို စလေဦးပုညက ထပ်၍ သုံးစွဲသည်။ ထပ်၍သုံးစွဲသော်လည်း အပြစ်မဆိုသာ “ရှေးကလူမျိုး၊ ဆိုလမ်းရိုး၊ စာခိုးမမည်ရာ”ဟူ၍ဘုရိဒတ်ဇာတ်ပေါင်းမျိုနိဂုံးမှာပါသည်။ ၎င်းပြင် မင်းရဲနရာဧချင်းတွင်လည်း–“ဦးရီးနတ်ရှင်၊ တူပင် ၂–ပါး၊ နောက်နေထား၍၊လှံဓါးချွတ်ဝင့်၊ တိုက်သတ်လွှင့်က”....ဟူ၍လာသေးသည်၊ဝင့်အနက်စပ်ဆိုထုံးများစွာရှိသည်။

ပညာရှိတို့ဖွဲ့စီသီကုံးသမျှကို တလုံးတည်းကာဝေယျခေါ်ပုံ၊ ကာဝေယျကို ဗန္ဓခေါ်ပုံ၊ ဗန္ဓမှာ အစိပ်အစိပ် ပိုင်းခြား ဂါထာ,စုဏ္ဏိယ,မိဿက ခွဲ၍ ခေါ်ပုံသုံးမျိုး၊ တနည်းအားဖြင့် ဂါထာ,စုဏ္ဏိယ, မိဿက, ကဏ္ဍခွဲ၍ခေါ်ပုံလေးမျိုး၊ မာဂဓကျမ်းဂန်အထောက် အထားများကို ပြဆိုချက်ပြီးပြီ။

---

၅၇-ပညာရှိတို့ဘွဲ့စီသီကုံးသမျှကို တလုံးတည်းကဗျာခေါ်ပုံ၊ ကဗျာကို အစိပ်အစိပ် လေးမျိုးပိုင်းခြားရာ ၁-လင်္ကာအချင်း၊ ၂-စကားပြေ၊ ၃-နှစ်ထွေစပ်၊ ၄-အဘွင့်ခေါ်ပုံများနှင့် ၎င်းလေးမျိုးမှာလိုက်နာပုံ၊ မြန်မာကျမ်းဂန်အထောက် အထားများကိုပြဆိုချက်

(၁) ဂဏန်းစဉ် ၅၄-တွင် ဇယားပုံနှင့်တကွ ဖော်ပြခဲ့သော အခေါ် လေးမျိုးရှိသည်ကို ဒေါသမဉ္ဇြ-ပရိဟာရ, ဂုဏ, ရသ, ပါအောင်စပ်ဆို စီကုံးရသော အကြောင်းကို ဆရာကျော်ဆရာမြတ်တို့ ဖော်ပြခဲ့သော အထောက်အထားများကား၊ ရခိုင်သျှင်မဟာသီလဝံသဆို ကဗျာဘွဲ့နည်း လင်္ကာတွင်....“နဝဒတ်အိုင်သာ၊ ပြွန်နုတ်ဖြာ၍၊ ငါးရာပြည့်မှန်၊ ငါးမြစ်လွန်တွင်၊ ယဉ်ထန်ပြောစည်၊ ရေကြည်မြမြ၊ ကဏ္ဍပနဒီ၊ မြစ်ဆီလက်ယာ၊ ပြည်သာမန်တိုင်၊ ရခိုင်ညွန့်ဘူး၊ ရွှေမြောက်ဦးဝယ်၊ ပလ္လူးရောင်ပြူ၊ ရာထီးဖြူကို၊ သိမ်းယူစိုးလျှင်း၊ထိုသည့်မင်း၏၊ဘက်ကင်းနှိုင်းထောက်၊စိုးမြောက်လမည်၊ စိတ်ဝမ်းရည်သား၊ ဘုန်းစည်ပြောင်ဝင်း၊ စောရုန်နင်း။လ။ ကျော်သားပညာ၊ ကျမ်းဆရာတို့၊ လင်္ကာရိုးမှန်၊ စပ်ဟန်သင့်ထွေ၊ သတ်ညီစေလော့၊ ကြိုလေခန့်ထောက်၊ ရှေ့နောက်စကား၊ ထောက်ထားတန်လို၊ နောက်ကိုကျုံးပြစ်၊ မျှော်ရှုစစ်လျှင်၊ ဤဆစ်အင်များ၊ သိနိုင်ခြားမူ၊ ပြစ်များပျောက်လွင့်၊ ဘုန်းရောင်ပွင့်လိမ့်၊ ဆိုသင့်တုံစွာ၊ ပညာကျော်လှ၊ သီလဝံသော်၊ထေရ်မြတ်ကျော်သည်....ထင်ပေါ်မော်ကွန်းမှာခဲ့သောပ်း” ဟူ၍၎င်း။

(၂) “သံသုပုရ၊ ရက္ခမန်တိုင်၊ ဂုဏ်ပျံ့လှိုင်သည်၊ ရက္ခိုင်ဘုံချာ၊ ဘုန်းညွန့်ဖြာမည်၊ ချိန်ငံ့ရည်သား၊ ချစ်ကြည်ကြင်ဘော်၊ မောင်ရှင်ကျော်။လ။ ကျမ်းဆိုကဗျာ၊ ဘွဲ့စီရာ၌၊ လိမ္မာစိမ့်အား၊ ရှင့်ကိုကြားသည်....မှတ်သား အစဉ်တကွင်းတည်း”....ဟူ၍၎င်း။

(၃) “ကြားပိမ့်နာလော့၊ ပညာရှိမှာ၊တတ်စရာကား၊အင်္ဂါဆယ်-ခု ဖတ်မှုလေးထွေ၊ မေးဖြေဖော်ပြ၊ စာဒကနှင့်၊ ဂီတမတြာ၊ သံသာတိုရှည်၊ သုံးမည်ကရိုဏ်း၊ ပြသပိုင်းသည်၊ ဂိုဏ်းဝဂ်ဌာန်ညီ၊ နာဍဲချင်ဘွယ်၊ ကျဉ်းကျယ်ကြောင်းတူ၊ သံတူကြောင်းကွဲ၊ သံလွဲကြောင်းတူ၊ ဆိုမှုနှိုယ်၊



အသံသုံးပါး၊ သံဖျားသံလတ်၊ သံရင်းခတ်လျက်” ဟူ၍၎င်း လာရှိသည်။

(၄) ရှင်မဟာရဋ္ဌသာရဆိုကေပိုဒ်ရတုတွင်-“လင်္ကာကုံးသီ၊ စကားစီပိမ့်၊ အချီအချ၊ သဏ္ဌရတနာ၊ လင်္ကာနှင့်ဆန်း၊ ဆိုညွန်းမိန့်သင့်၊ အဘွင့်ခြောက်တန်၊ သမ္ဗာန်ခြောက်ပါး၊ စာသွားအစပ်၊ စကားချပ်နှင့်” ဟူ၍၎င်း....“အာဂုံအာဂါ၊ပညာမျက်စိ၊ သတိဖြန့်မိုး၊ ဉာဏ်အရိုးကို၊ ဖြောင့်ထိုးထွင်းမှန်၊ လက်ရွေးဆန်သို့၊ ကာချန်ပစ်ချ၊ အနှစ်ရမြဲ၊ သာရခဲသို့” ဟူ၍၎င်း လာရှိသည်။

(၅) ၎င်းပြင် မင်းကြီးမဟာဇေယသူဘွဲ့ခံ နိုင်ငံခြား ဝန်ထောက်မင်း ဦးမြိမ့် အမှာတော်ရေးအဖြစ်နှင့် ထမ်းရွက်စဉ် ၁၂၂၇-ခုနှစ် ရေးသားခဲ့သော ကဝိလက္ခဏာဒီပနီကျမ်း၊ ၁၂၄၂-ခုနှစ်က မူလပုံနှိပ်စာအုပ်စာမျက်နှာ ၁၀၄-တွင်-“ပုဒ်စပ်ချောမြေ့၊သံထွေ့*ခြားဖြတ်၊သံလွှတ်ဖွင့်ဆို၊ ရှည်တိုလေးပေါ့၊ တင်းလျော့နိဂ္ဂဟိတ်” ဟူသော ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါး၌ လိမ်မာရမည်၊ ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးလိမ်မာမှ ရဟန်းတို့မှာ ကံကြီးကံငယ် ရွက်ဆောင်သောအမှု, လူတို့မှာ ပျို့ကဗျာလင်္ကာဧချင်း၊ မော်ကွန်းရတု၊ ဆင့်စာမှာစာ၊ တင်လျှောက်စာစသော ဖတ်ရွတ်မှုများနှိုက် လိမ်မာမည်-ဟူ၍၎င်း။

(၆) ၎င်းပြင်၊၎င်းကဝိလက္ခဏာဒီပနီတွင်၊ဤစကားရပ်ဖြင့် ပျို့ကဗျာ, လင်္ကာ, ဧချင်း,မော်ကွန်း စသောကာရန်နှင့်စပ်သမျှ ဘွဲ့ဆိုစီကုံးရေးသားလိုသူတို့မှာ ရေးထုံးရေးနည်း၊ စပ်ထုံးစပ်နည်း၊ သတ်ညွန်းသတ်ပုံ၊ ဝေါဟာရ အသစ်အဟောင်း၊ ဝံသဘေဒ၊ ဂိုဏ်းရှစ်ပါး နတ်စောင့်၊ နံစံစသော အချက်အဆစ်တို့ကို ကျွမ်းကျင်လိမ်မာအောင် သင်ကြားမှတ်သား၍ တတ်မြောက်သဖြင့် ဘွဲ့ဆိုစီကုံးခြင်းငှာ စွမ်းနိုင်လင့်ကစား ကိရိယာ ခြောက်ဆယ်ကို ခွဲခြမ်းဝေဘန်၍ မသိက ကောင်းသော မြတ်သော

* သံဓေ့ ဟုဖတ်ရန် ဆရာမြတ်တို့က ညွှန်ပြသည်၊ သံဓေ့ဖတ်သော်လည်း စပ်ခြင်း အဓိပ္ပါယ်မယူရ၊ ပုဒ်စပ်ချောမြေ့ဟု ပါပြီးဖြစ်၍၊ သန္ဓေ့ဟု စပ်တော်မမူ၊ အချို့မူမှာ သံထေ့၊အချို့မူမှာ သန္ဓေ့ဟု တွေ့ရသည်၊ ပုဒ်စပ်လည်း သန္ဓေ့၊ သန္ဓေ့လည်း ပုဒ်စပ် ၂-ထပ်ကျ၍ ကေဋ္ဌဒေါသမလွတ်။

အသိအနှစ်သဖွယ်ဖြစ်၍ ပညာရှိတို့ အားရ နှစ်သက်လောက်အောင် မစပ်မဆိုနိုင်ရာ၊ ၎င်းကိရိယာခြောက်ဆယ်ကို တတ်မြောက် သိကျွမ်းမှ ပညာရှိတို့ နှစ်သက်လောက်အောင် ကောင်းမြတ်သော အသိအနှစ်သဖွယ် ကာရန်နှင့်စပ်သော စီကုံးရေးသားနည်းတို့ကို ရေးသားနိုင်မည်ဖြစ်၍ သုတေသန သုတသန္နိစ္ဆယ ဂုဏ်နှင့်တကွ ကဝိမြောက်လိုသူတို့သည် ယင်းကိရိယာခြောက်ဆယ်ကို ခြားခြားနားနား သိအောင်မှတ်သားလေ့လာ အပ်သည်-ဟူသောဥပဒေသကိုပြသည်,ယူရမည်။

၎င်းကဝိလက္ခဏာ ဒီပနီတွင် ရတုကဗျာလင်္ကာ ဘွဲ့ဆိုစီကုံးရေးသားသောအရာတို့နှိုက် တတ်မြောက်ကျွမ်းကျင်သဖြင့် ကဝိတဆူ ပြုလိုသူတို့သည် သတ်ပုံ-သတ်ညွှန်း,ရေးထုံးရေးနည်း,ဝေါဟာရအဟောင်းအသစ်ဂုဏ်ကိရိယာ၊ နတ်စောင့်ဝံသ၊ ထူလပသာဒစသော ကဝိလက္ခဏာအင်္ဂါပြည့်စုံလင့်ကစား ယခင်ပြဆိုခဲ့ပြီးသော ရတုကဗျာ ချီနည်း-ချနည်း ၂၅ ပါးတို့ကိုလည်း လေ့လာပွန်းတီးတတ်မြောက်မှ ဤသို့ချီသင့်သည်၊ဤသို့ချသင့်သည်၊ ဤသို့ မချီသင့်၊ ဤသို့ မချသင့်စသဖြင့် သကပက္ခ, ပရပက္ခနှစ်ပါးကို နှလုံးမူနိုင်သဖြင့် ပညာရှိတို့ ချီးမွမ်း ပြောပလောက်အောင်စပ်ဆိုစီကုံးနိုင်သည်ဖြစ်၍ ယင်းရတုချီနည်း ချနည်းများကိုလည်း အမြဲမှတ်သားရာသည်ဟူသော ဥပဒေသကိုပြသည် ယူရမည်ဟူ၍လာသည်။ ၎င်းပြင် သက္ကတ, မာဂဓ, အသုံးအနှုန်းအတိုင်း ရသာ ၂၀၊ ဒိဃာ ၃၆၊ ပေါင်း ကာရန် ၆၄-ယူနိုင်သည့်အရ မြန်မာဘာသာ ကဗျာဘွဲ့ကြသမျှ မူလကာရန်ကြီး (၁၆)ရပ်၊ စပ်နည်းကာရန်ငယ် (၆၄) အားဖြင့် အရေးကြီးသော နည်းကွဲများလည်း သီးခြားရှိသေးသည်။ အကြောင်းမူကား သက္ကတ, မာဂဓနှင့် မြန်မာသည် ဝေါဟာရစကား ကွဲပြားကြမြဲအတိုင်း ပြောဆိုနည်း၊ရွတ်ဘတ်နည်း၊အတိုးအမှတ်၊အနု [1] အကြမ်း [2]

၁၊ အနုစပ်ထုံး....သံပရတွင်–"စောင်းငြင်း လိုက်၍၊ ဧးရိုက် ခြည်းခြည်းဖြည်းဖြည်းညင်းညင်း၊ သီချင်းရတု"....ဟူ၍ စပ်ဆိုသည်။

၂၊ အကြမ်းစပ်ထုံး....ဆုတောင်းခန်းတွင်– "ငါးစုံသံလွှင်၊ပဉ္စင်တူရိယ၊ခွက်ခွင်းစသား၊ တီးထနောင်းနောင်း၊ ကြေးနင်းမောင်းလည်း၊ ညောင်းညောင်းညုန်းညုန်း၊ မိုးနှယ်အုန်း၍၊ ချုန်းချုန်းကျည်ကျည်၊ မြိမ့်မြည်က"....ဟူ၍ စပ်ဆိုသည်။



အလိုက် စည်းနရည်း ရှေ့နောက် * ကိုက်ညီအောင် သီဆိုနည်းများမှာ အချိုသာတူ၍ အချိုမတူပဲ ကွဲလွဲသေးသည့်အတွက်ပင်တည်း။ သည်ကဲ့သို့ အသံကာရန်, အမြန်အနှေး, အပေါ့အလေး အချိုကွဲသေးသည့်အရ သတ်ပုံသတ်ညွှန်း၊ သတ်ထူးသတ်ချန်၊ သံပြောင်း သံဖျောက်၊ ခွဲထားအချက် အဆစ်၊ အဟောင်းအသစ် ခေတ်နှင့်ကိုက်အောင် ထိုက်ရာဆိုက်ရာ လိုက်နာစပ်ဟပ် ဘွဲ့စီသီကုံးသော ကဗျာများကိုသာ ပညာရှိအစစ်တို့ နှစ်သက်လေးမြတ်ကြသည်။ ၎င်းပြင် မြန်မာကဗျာဘွဲ့စီ သီကုံးရာ အမည်သညာခွဲခြားပုံ၊ အချီအချခွဲခြားပုံများမှာ ကဗျာဗန္ဓသာရကျမ်းရင်းတွင် ပါဝင်ခဲ့ပြီးဖြစ်သော အပိုင်းစုနှင့် ယခု နောက်ဆက်တွဲပထမပိုင်း အဝှန်းဂဏန်းစဉ်-၂၅၊ အပိုဒ် ၂-နှင့် ဒုတိယပိုင်း အဝှန်းဂဏန်းစဉ် ၅၈-၅၉-၆၀ များကို ကြည့်ပါ။

ပညာရှိတို့ ဘွဲ့စီသီကုံးသမျှကို တလုံးတည်းကဗျာခေါ်ပုံ၊ကဗျာကို အစိပ်အစိပ်
၄-မျိုးပိုင်းခြား၊ ၁–လင်္ကာအချင်း၊ ၂-စကားပြေ၊ ၃–နှစ်ထွေစပ်
၄–အဘွဲ့ခေါ်ပုံများနှင့် ၎င်း၄–မျိုးမှာလိုက်နာပုံ မြန်မာ
ကျမ်းဂန် အတောက်အတားများကို ပြဆိုချက် ပြီးပြီ။

---

## ၅၈-အပြစ်ပါသော ကဗျာစပ်ဆိုစီကုံးနည်းကိုရှောင်ကြဉ်ရန် သက္ကတကျမ်းမှာလာပုံကို ပြဆိုချက်

ကာပျအင်္ဂါကျမ်း၊ ၃ချပ်၊ ကျောက်ဘက်တွင်– ဒုပြယုတ္တာ-မကောင်းယှဉ်သော နည်းမှား ယှဉ်မိကလည်း-ဟူ၊ အေဝသော-ဝေဂေါ်-ထိုဝ်မကောင်းသဖြင့် ယှဉ်ခြင်းသည် အမှားသည်။ ပြယုတ္တာဒေသဝ–ယှဉ်သောသူ၏၊ ဂေါတ္တံ–နွား အဖြစ်ကို၊ ပုန-တဖန်၊ သံသတိ-ပြပေ၏၊ သဒ္ဒါ-မကောင်းပဲယှဉ်မှုကား၊ ထိုသဒ္ဒါသည် ဘက်သောသူ၏နွားအဖြစ်ကို ပြပေသတည်း–ဟူလိုသော်၊ တဒါ-ထိုကြောင့်၊ အယအဝိ-နည်းသော်လည်း၊ ကာပျေ-ကဗျာ၌၊ ကဓ္ဆနံ-တရံတဆစ်၊ ဒုဋ္ဌံ-မကောင်းသည်ကို၊ နောပေက္ခာ–လျစ်လျူမမှုအပ်၊ ဝပု-ကိုယ်သည်၊ အန္တရအဝိ–

* ရှေ့–ဟူသည်ကား သဘင်သည်။ နောက်–ဟူသည်ကား–ရကင်သည်ကိုဆိုလိုသည်။ ။ရကင်သည်–ဟူသည်လည်း တူရိယာသမား, ဆိုင်းသမားများပင်တည်း၊ ပေါရာဏနှင့် ကျောက်စာများကိုကြည့်။

ကောင်းလှည့်သော်လည်း၊ ဧကေန-တခုသော၊ စိတြေန-နူနာဖြင့်၊ ဒုဗ္ဘိဂမာ-သူမချစ်သည်၊ လျာဒ်-ဖြစ်ရာ၏။ ။အဆင်းလှသောသူ နူခဲ့မူကား သူမချစ်သကဲ့သို့၊ တခုသော သဒ္ဒါသည် မကောင်းမူကား ဖွဲ့သော ကဗျာပျက်ခဲ့၏-ဟူလိုသော။ ။ဘ၈ါ[သ္တဉ်]၊ ကာပျအင်္ဂါကျမ်း မတတ်သော၊ ဇနာ-သည်၊ ဂုဏဒေါ၈ါနံ-စာ၏ဂုဏ်ထူး ကျေးဇူးအပြစ် တို့ကို။ ကထံ-ဝ်၊ ဝိဘဇ္ဇတေ-ဝေဘန်တတ်အံ့နည်း။ ။ရူပဘေဒေါပလဒ္ဓိမှု-ရုပ်၏အစုကို ရခြင်းတို့၌၊ အန္ဓသေ-သူကန်း၏၊ အဓိကာရော-အရာသည်၊ ကိဘဿိ-အဘိမှာ (ရှိ) အံ့နည်း။ ။သူကန်းတို့သည် ရုပ်အထူအစုကို သိခြင်း၌ အရာမဟုတ်ကုန်သကဲ့သို့ ကျမ်းမတတ်သောသူတို့ကား ကျေးဇူးအပြစ်ကို ဝေဘန်ခြင်း၌ အရာမဟုတ်ကုန်ဟူလို။

အပြစ်ပါသောကဗျာ စပ်ဆိုစီကုံးနည်းကို ရှောင်ကြဉ်ရန် သဏ္ဍာတကျမ်းမှာလာပုံကို ပြဆိုချက် ပြီးပြီ။

---

## ၃၉-အပြစ်ပါသောကဗျာ စပ်ဆိုစီကုံးနည်းကို ရှောင်ကြဉ်ရန် မာဂကျမ်းများမှာ လာပုံကိုပြဆိုချက်

အလင်္ကာကျမ်းတွင်... "အနုဝဇ္ဇံ မုခမ္ဘောဇ၊ မနဝဇ္ဇာစ ဘာရတီ။ ဂါ အလင်္ကာတာဝ သောဘန္တေ၊ ကိန္တုတေ နိရလင်္ကာတာ"... ဟူသော ဂါထာကို မိန့်ပြန်၏။ ။အနုဝဇ္ဇံ-နှား, နှာခေါင်း, မျက်စိ,ခံတွင်း, မျက်ခုံး, နှုတ်ခမ်း, သွား, နှုတ်ခမ်း-အစရှိကုန်သော မျက်နှာ၏ အစိပ် မကောင်းခြင်းဟူသော အပြစ်၊မှဲ့, ဝက်ခြင်အစရှိသော အပြစ်တို့မှ ကင်းလွတ်သော၊ မုခမ္ဘောဇံ-ကြာကဲ့သို့ ကြက်သရေရှိသော မျက်နှာသည်၎င်း၊ အနဝဇ္ဇာ-ဆိုလတ္တံ့သော ပဒဒေါသအစရှိသော အပြစ်လွတ်ကင်းသော၊ ဘာရတီ-စ-အဖွဲ့အနွဲ့စကားသည်၎င်း၊အလင်္ကာတာဝ-တန်းဆာဆင်ကုန်မှသာလျှင်၊ သောဘန္တေ-လှပတင့်တယ်ကုန်၏၊ တေ-ထိုမျက်နှာ အဖွဲ့အနွဲ့စကားတို့သည်၊ နိရလင်္ကာတာ-တန်းဆာမဆင်ကုန်မူကား၊ ကိန္တု-အဘယ်မှာ လှပတင့်တယ်ကုန်အံ့နည်း၊ နသောဘန္တေဝ-မတင့်တယ်ကုန်သည် သာလျှင်ကတည်း။

ဆိုခဲ့ပြီးသော အပြစ်မရှိသော မျက်နှာသည်လည်း မှဆိတ် နှုတ်ခမ်းမွေးတို့ကို သုတ်သင်၍ လှပအောင် ပြင်ထားခြင်း၊ နံ့သာပျောင်းတို့ကို



လိမ်းခြင်း၊ နံ့သာအပြောက် ဗိန္ဒုထိုးခြင်း၊ နားဒွေါင်းဝတ်ဆင်ခြင်း-အစရှိသော တန်းဆာဆင်မှ လှပတင့်တယ်သည်။ ဆိုလတ္တံ့သော ပဒဒေါသအစရှိသော အပြစ်လွတ်ကင်းသော အဖွဲ့အနွဲ့စကားသည်လည်း ဆိုလတ္တံ့သောအလင်္ကာတို့ဖြင့် တန်းဆာဆင်ခြင်းသည်လည်း ဆရာနည်းဥပဒေသနှင့်ကင်း၍ မသင်သင့်သည်ကိုပြလို၍-

ဝိနာ ဂရုပဒေသန္တံ၊ ဗာလော လင်္ကာရမိစ္ဆတိ။
သံပါပုဏေန ဝိညူဟိ၊ ဟာသဘာဝံ ကတံနုသော။

ဟူသော ဂါထာကိုမိန့်၏။ ။ယောဗာလော-အကြင် အလင်္ကာကျမ်းကို မတတ်သော တန်းဆာဆင်မတတ်သော မသိတတ်သောသူသည်၊ဂရုပဒေသံ-ရှေးဆရာတို့ ပြသော အလင်္ကာနည်း တန်းဆာ ဆင်နည်းကို၊ ဝိနာ-ကင်း၍၊ တံ-ထိုမျက်နှာအဖွဲ့ဗန္ဓကို၊ အလင်္ကာရံ-တန်းဆာ ဆင်ခြင်းငှာ၊ ဣစ္ဆတိ-အလိုရှိ၏၊ သော-ထိုမသိတတ်သူသည်၊ ဝိညူဟိ-ပညာရှိတို့၏၊ ဟာသဘာဝံ-ရယ်ဘွယ် အဖြစ်ကို၊ ကထန္နုန သံပါပုဏေန-မရောက်ပဲရှိအံ့နည်း၊ သံပါပုဏေဝ-ရောက်မည် သာလျှင်တည်း။ ။တောသူ တောသားတို့ ဆင်ယင်ဝတ်စားသည်ကို နန်းတွင်းသူ နန်းတွင်းသားတို့ ရယ်ဘွယ်ဖြစ်သကဲ့သို့၎င်း၊ တောသူတောသားတို့ ယဉ်အံ့နိုးထင်၍ ပြုပြင်ပြောဆိုသောစကားကို နေပြည်တော်သူတို့ ရယ်ဘွယ် ဖြစ်သကဲ့သို့၎င်း ရယ်ဘွယ်ဖြစ်သည်ဟူလို။

ဂုဏာလင်္ကာရသံယုတ္တာ၊ အပိဒေါသလဝင်္ကိတာ။
ပသံသိယာ န ဝိညူဟိ၊ သာကညာဝိယ တာဒိသီ။

ဟူ၍လာသည်။ ။ဂုဏာလင်္ကာရ သံယုတ္တာအပိ-သဒ္ဒါ လင်္ကာရတည်းဟူသော ပသာဒစသောဂုဏ်,ဥဇုဝုတ္တိစသော အတ္ထာလင်္ကာရတို့ဖြင့် တန်းဆာဆင်အပ်ငြားသော်လည်း၊ သာသဒ္ဒတ္ထာဝဠိ-ထို အဖွဲ့အနွဲ့ကို၊ ဒေါသလဝင်္ကိတာ-ပဒဒေါသအစရှိသော အပြစ်အစိပ် အမြွက်မျှလောက်ဖြင့် ရွန်းငြိမူကား၊ ဝိညူဟိ-အပြစ်ဒေါသကို သိကုန်သောပညာရှိတို့သည်၊ နပသံသိယာ-မချီးမွမ်းထိုက်၊ ကာဝိယ-ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား၊ တာဒိသီ-ထိုနူနာအစရှိသော အပြစ်တို့ဖြင့် ရွန်းငြိသော၊ ကညာဝိယ-တန်းဆာဆင်အပ်သော အပျိုကညာကဲ့သို့တည်း။

ဒေါသ လဝင်္ကိတာ၌ လဝသဒ္ဒါ-အစိပ် အမြွက်မျှ ဟောသည်။ ထို့ကြောင့် အလင်္ကာဋီကာဟောင်းနှုတ်- "ဒေါသလဝေန ဒေါသလေ

သေနာပိ အင်္ဂိတာ အဘိလဋ္ဌိတာသတိ” ဟူ၍ ဘွင့်၏။ ။ထို့ကြောင့် အဖွဲ့အနွဲ့ကို စီကုံးရေးသားရာ၌ ပဒဒေါသအစရှိသော အပြစ်လွတ်ကင်းအောင် များစွာ အားထုတ်သင့်သည်ကို ပြလို၍–

တေနဒေါသ နိရာသောဝ၊ မဟုဿာဟေန သာဓိယော။
နိဒ္ဒေါသာ သဗ္ဗတ္ထာသာယံ၊ သဂုဏာ န ဘဝေယျကိံ။

ဟူသော ဂါထာကို မိန့်၏။ ။တေန-ထိုအဖွဲ့အနွဲ့တွင် တစုံတခုအပြစ်ဒေါသရှိလျှင် ပညာရှိတို့ မချီးမွမ်းထိုက်သောကြောင့်၊ ကဝိဟိ-ကဗျာတတ်သိပညာရှိတို့သည်၊ ဒေါသနိရာသောဝ-အဖွဲ့အနွဲ့ ပုဒ်ဝါကျတို့၌ အပြစ်လွတ်ကင်းခြင်းကိုသာလျှင်၊ မဟုဿာဟေန-ကြီးစွာသော လုံ့လဝီရိယဖြင့်၊ သာဓိယော-ပြီးစေအပ်၏။ သဗ္ဗတ္ထာ-ပဒဝါကျအစရှိသော အလုံးစုံသော အပြားဖြင့်၊ နိဒ္ဒေါသာ-ဒေါသ အပြစ်လွတ်ကင်းသော၊ သာသဒ္ဒတ္ထာဝဠိ-ထိုအစီအကုံး အဖွဲ့အနွဲ့သည်၊ သဂုဏာ-ဂုဏ်ရှိသော အဖွဲ့အနွဲ့သည်လည်း၊ ကိံ နဘဝေယျ-အဘယ်မှာမရှိပဲ ဖြစ်တုံအံ့နည်း၊ ဘဝတျေဝ-ဖြစ်သည်သာလျှင်တည်း။ အပြစ်လွတ်ကင်းသော် ပသာဒရှိသောဂုဏ် ရှိတော့သည်ပင် ဟူလို။ ။ထိုစကားကို ထင်စွာပြလိုရကား–

သာလင်္ကာရ ဝိယုတ္တာပိ၊ ဂုဏယုတ္တာ မနောဟရာ။
နိဒ္ဒေါသာ ဒေါသရဟိတာ၊ ဂုဏယုတ္တာဝရူဝိယ။

ဟူသော ဂါထာကိုမိန့်၏။ ။နိဒ္ဒေါသာ-အပြစ်ဒေါသ မရှိသော၊ ဂုဏယုတ္တာ-ပသာဒစသော ဂုဏ်နှင့်ယှဉ်မှုကား၊ အလင်္ကာရဝိယုတ္တာပိ-အတ္ထာလင်္ကာရစသော အလင်္ကာတို့နှင့် မယှဉ်ငြားသော်လည်း၊ သာသဒ္ဒတ္ထာဝဠိ-ထိုအဖွဲ့အနွဲ့သည်၊ မနောဟရာ-ပညာရှိတို့ နှလုံးကို ယူကျုံးနှစ်သက်စေနိုင်၏၊ ကာဝိယ-အဘယ်ကဲ့သို့နည်း ဟူမူကား၊ ဒေါသရဟိတာ-နူနာစသောအပြစ်ကင်းသော။ ဂုဏယုတ္တာ-ချစ်နှစ်သက်ဘွယ်သောအကျင့် အာစာရစသောဂုဏ်တို့နှင့် ယှဉ်သော၊ ဝရူ-အပျိုကညာသည်၊ အလင်္ကာရဝိယုတ္တာဝိ-အဆင်တန်းဆာ မဆင်သော်လည်း၊ မနောဟရာဝိယ-ယောကျ်ားတို့၏ စိတ်နှလုံးကို ယူကျုံး နှစ်သက်စေနိုင်ဘိသကဲ့သို့တည်း။

အပြစ်ပါသော ကဗျာစပ်ဆိုစီကုံးနည်းကို ရှောင်ကြဉ်ရန် မာဂဓကျမ်းမှာလာပုံကို ပြဆိုချက် ပြီး၏။

---



## ၆၀–အပြစ်ပါသော ကဗျာစပ်ဆိုစီကုံးနည်းကို ရှောင်ကြဉ်ရန် မြန်မာဘာသာကျမ်းများမှာလာပုံကို ပြဆိုချက်

ဘူရိဒတ်ဇာတ်ပေါင်းပျို၊ သာခန်းထိုသို့ချီတွင်– “လေးဖင့်စေဆန်း၊ ကျန်းတန်းကျင့်တင့်၊ အောက်နှင့်အထက်၊ အရှက်ရှက်လျှင်၊ ဆစ်မျက်ကြီးထုတ်၊ ပါဌ်–ခလုတ်ကို၊ကုတ်ကုတ်ကော်ကော်၊ ဖတ်သော်ခဲအောင်၊ ထုတ်ဆောင်ပုံစံ၊ မျက်ပါးကျံသို့၊ ဂမ္ဘီဒေါသ၊ ဖြင်မျှသွယ်လောင်း၊ နက်ရှိုင်းဆောင်းလျက်၊ ပြန်ပြောင်းလိမ်လစ်၊ စကားသစ်ဟု၊ တောင်သူမှုနှင့်၊ ရောရစွဲ့ဟပ်၊ အထပ်ထပ်တို၊ ချုပ်စပ်ဆည်းဆူ၊ ပံသုကူကို၊ မယူပါပဲ၊ ရွှေနန်းပွဲဝယ်၊ အမြဲနေကျ၊ သုံးစွဲးကြသား၊ ပြည်မသနစ်၊ ကရိုဏ်းစစ်သို့၊ ကျစ်လစ်စင်ကြယ်၊ နာချင်ဘွယ်တည့်” ဟူ၍လာရှိသည်။ လိုရင်းပိဏ္ဍတ္ထမှာ အပြစ်ပါသောနည်းဟူသမျှကို မယူရမလိုက်ရ ဆိုလိုသည်။

၁၁၂၃-ခုနှစ်တွင် ပထမကျော် ရွှေဥမင်ဆရာတော် စီရင်တော်မူသော ဘူရိဒတ်ဇာတ်ပေါင်း ၎င်းအပိုဒ်အဖြေတွင်– လေးဖင့်စေးဆန်းကျန်းတန်းကျင့်တင့်ရှိသည်ဖြစ်၍ နား၌လည်း နာပျော်ဘွယ်မရှိထသော ရှေးစကား နောက်စကားကို ခြားခြား ရှင်းရှင်း မဆိုခြင်းကြောင့် အောက်နှင့်အထက် အရှက်ရှက်လည်းရှိထသော၊ လက်ာစသွားစကားကို ထုတ်သည်ဖြစ်၍ ခလုတ်ကဲ့သို့ ကုဘ်ကုတ်ပတ်ပတ် ရှုတ်ခတ်အောင်ဆိုအပ်သောစကားကို အထွေထွေ အပြားပြား ထုတ်ဆောင် ပုံစံပြု၍ လက်သမားတို့၏ အလုပ်အဆောင် မပြေမပြစ်ခြင်းကြောင့် ကြမ်းသော ပျဉ်သားလည်း ရှိထသော၊ သစ္စေး အနီးသမားတို့၏ အကိုင်အလုပ် မကောင်းခြင်းကြောင့် ရွှေခံမကောင်းသော အပြင်လည်း ရှိထသော မာရဘင်ပျည်၊ ပြင်အစရှိသည်တို့၌ ရွှေမျက်ပါးဖြင့် လိမ်းကျံဘိသကဲ့သို့ ထိုအတူလည်းကောင်း၊ ကြမ်းတမ်းသောစကား ရှိခြင်းကြောင့် ဂမ္ဘီဒေါသ ရောက်တောင်းသောစကားကို များစွာ သွယ်ဝယ် လောင်းစွက်၍ နက်နဲသော အရပ်သဏ္ဍာန်ကို ဆောင်းအုပ်လျက် ပံသုကူဆောင်သော ရဟန်းသည် ရှည်ရှည်တိုတို ရအပ်သမျှသော အထည်ကို အထပ်ထပ်ချုပ်စပ်ဆည်းပူး၍ သုံးဆောင်သကဲ့သို့ ထိုအတူလည်းကောင်း၊ ပြောင်းပြန်လိမ်လစ်ဆိုအပ်သော စကားကို တလူးတလည်ပေါ်ထွန်းသော စကားတည်းဟု နှလုံးပြု၍ တောင်သူတောင်လာတို့ ဘာသာနှင့် ရောရစွဲ့ဟပ် အထပ်ထပ်လျှင် စပ်မိသမျှသောစကားကို အချို့သော သူတို့သည်

ဆိုကြကုန်၏။ ထိုပံသုကူနှင့် တူသောစကားကို မယူပါဝဲ့ ရွှေနန်းပွဲ့ဝယ် အမြဲအမှန် အနေကျကျ သုံးစွဲကြသော ပြည်မပြည်ကြီးတို့၏ သနစ်သနာ ဖြစ်သော ကျစ်လစ်စင်ကြယ် နာချင်ဘွယ်သော စကားအတိကို ကရိုဏ်း ဖြင့်စစ်၍ အညစ်အကြေး အမှုံအနည်-အနည်းငယ်မျှမပါ၊ ကြည်လင်စွာ သောရေကို ယူဘိသကဲ့သို့ ဟူ၍ ၎င်း။

ကဝိလက္ခဏာဒီပနီတွင်- "ပုဒ်, ပါဋ်, အက္ခရာ, ပျို့ကဗျာ လက်ာစီကုံး ရေးသားရာနိုက် ပညာရှိတို့ကဲ့ရဲ့ခြင်းမှ ကင်း၍ ချီးမွမ်းခြင်းကို အလိုရှိမူ ပြဆိုခဲ့ပြီးသော ဝါကျဋ္ဌဒေါသ ခြောက်ပါးမှ ကင်းလွတ်အောင် ရေးသားစီကုံးရမည်" ဟူ၍ ၎င်း၊ ၎င်းကဝိလက္ခဏာဒီပနီတွင်- ဂါထာ ဗန္ဓ ပျို့ကဗျာ စီကုံးဖွဲ့ဆိုသောအရာ၌ ပဒါသတ္တိဂုဏ်သည် မြတ်သော အဆင်းတန်းဆာဖြစ်သည် ဟူရကား ယင်းစကားရပ်ကို အစဉ်လျော်သဖြင့် လောကနိုက် လူသာမန်တို့ သုံးဆောင်အပ်သော ပုဆိုး, အင်္ကျီ, ဥပေါင်းဟူ၍ ယောကျ်ားဝတ် သုံးမျိုး၊ ထဘီ, အင်္ကျီ, ထဘက်ဟူ၍ မိန်းမဝတ်သုံးမျိုး၊ ဝိသေသဖြစ်သော ရဟန်းတို့ သုံးဆောင်အပ်သော ဒုကုတ်, ကိုယ်ဝတ်, သင်းပိုင် ဟူသော အဝတ်တန်းဆာ သုံးမျိုး၊ ထို့မှတပါး မင်း, မင်းမိဖုရားတို့ သုံးဆောင်အပ်သောဒုရင်မကိုဋ်, မဟာလ္လတာ, ဋ္ဌါဒရာ, ဒုဋ္ဌစာ, အက္ခရာပုံစသော တန်းဆာအထူး၊ ဝိသာခါ, မလ္လိကာစသော ပုဂ္ဂလဝိသေသတို့ ဝတ်ဆင်သော မဟာလ္လတာ တန်းဆာ။ ။ဤသို့လျှင် ရဟန်းမှာ-ရဟန်းအလျောက်၊ လူမှာ-လူအလျောက်၊ လောကီ အဆင် တန်းဆာ ရတနာဆင်ခြင်း၊ ကဗျာမှာ-ဂုဏ်ရတနာ ဆင်ခြင်းများကို လိုက် နာပြီးလျှင် လောကီအဆင်ရတနာတို့ထက် ထူးမြတ်လွန်ကဲသော သီလ တည်းဟူသော အဆင်းတန်းဆာကိုလည်း အခါမပြတ် ကျင့်သုံးဆောက် တည်သောအားဖြင့် အမြဲဆင်ယင်ရမည်-ဟူသော ဥပဒေသကို ပြသည် ယူရမည် ဟူ၍ ဆိုလိုသည်ဟု လာရှိပေသည်။

မူလ ကဗျာဗန္ဓသာရတွင် အပြစ်ပါသော ရတုမှာ (၁) စာဖြတ်၊ (၂) ဝမ်းပိုက်ကြီး၊ (၃) လည်တိုခေါ်သော အရှည်အတို မညီသော သဘောသွား များသည် မင်္ဂလာ ရတုတွင် မပါမဝင်သည်ကိုလည်း ကြည့်ပါ။

အပြစ်ပါသော ကဗျာစပ်ဆိုစီကုံးနည်းကို ရှောင်ကြဉ်ရန် မြန်မာဘာသာ ကျမ်းများမှ သာပုံကို ပြဆိုချက် ပြီးပြီ။

---



၆၁-သက္ကတ, မာဂဓ, မြန်မာ အမျိုးသုံးဖြာ၊ ကဗျာဖွဲ့ဆို သီကုံးလိုက်နာရာ သဉာ သုံးမျိုးလေးရပ် ခွဲခြား မှည့်ခေါ်ကြသော်လည်း သဘောသွား သုံးမျိုးလေးရပ် ထပ်တူကျဘိသကဲ့သို့ရှိသည်ကို ပြဆိုချက်

(၁) ကဗျာဖွဲ့နည်း မူလမှာ မာဂဓနည်းကို မှီးသည်။ မာဂဓဘာ သာ ကဗျာဖွဲ့နည်း မူလမှာလည်း သက္ကတနည်းကို မှီးသည်၊ သည်ကဲ့သို့ အသီးသီး မှီးကြရသော အထောက်အထားများကို တိုတိုနှင့် လိုရင်း ထိမိသိသာစေရန် အညွှန်းမှာ အဝှန်းဂဏန်းစဉ် ၅၄-မှစ၍ ၅၆-ထိများ တွင် ကြည့်လျှင် တွေ့မြင်နိုင်သည်။

(၂) လိုရင်းအဓိပ္ပါယ်မှာ-ပညာရှိတို့ဖွဲ့စီသီကုံးသမျှအရာရာကို တလုံး တည်းအမည်၊ တခုတည်း မှည့်ခေါ်ပုံ၊ အစိပ်စိပ်အမည် သုံးမျိုး လေးရပ် ခွဲခြား၍ခေါ်ပုံ၊ အပြစ်ပါသောအရာကို ရှောင်ကြဉ်သင့်ပုံ၊ ကာမ, အတ္ထ, ဓမ္မ, မောက္ခ-လေးပါးကို လိုရင်းထားပုံ အလုံးစုံမှာ ကာပျအင်္ဂါ ကျမ်းနှင့် တပြေးညီစွာ မာဂဓနှင့်မြန်မာက လိုက်နာကြသည်။

(၃) ကာပျအင်္ဂါကျမ်း, အလင်္ကာကျမ်းများတွင် အစိပ်စိပ်အမည် သုံးမျိုးသာ ခွဲဝေပိုင်းခြားသော်လည်း သဒ္ဒနီတိကျမ်းမှာ အစိပ်အစိပ် အမည်လေးမျိုး ပိုင်းခြားပြန်သောကြောင့် မြန်မာတွင် အစိပ်စိပ်အမည် လေးမျိုး မှည့်ခေါ်လိုက်နာ သုံးစွဲကြသည်။

(၄) သဒ္ဒနီတိခွဲပုံမှာ....၁-ဂဇ္ဇ၊ ၂-ပဇ္ဇ၊ ၃-ဂေယျ၊ ၄-ကဗ္ဗ-ဟူ၍ လေးမျိုးခွဲသည်။ ၁-၂-၃-များသည် အမည်နှင့် ရှေ့နောက်စီစဉ်ပုံတမျိုး ဆိုသော်လည်း လိုရင်းသဘောသွားမှာ ကာပျအင်္ဂါကျမ်း, အလင်္ကာ ကျမ်းများနှင့် ထပ်တူပင်တည်း၊ တူပုံကား-ဂဇ္ဇသည်စုဏ္ဏိယ စကားပြေ၊ ပဇ္ဇသည်-ဂါထာလင်္ကာ၊ ဂေယျသည်-ဝိမိဿ နှစ်ထွေစပ်များပင်တည်း။ ၄-မှတ် ကဗ္ဗသည်-ကာပျအင်္ဂါကျမ်း,အလင်္ကာကျမ်းများမှာ မပါသော် လည်း သာသနာတော် ကျမ်းဂန်များနှင့် လျော်ညီသဖြင့် သင့်တင့်လျော် ပတ်သောကြောင့် မြန်မာဆရာတို့ကလည်းသဒ္ဒနီတိနည်းကို အစဉ်မှီး၍ လေးမျိုးခွဲသည်။

(၅) သာသနာတော်နှင့် လျော်ညီပုံကား-ဂဇ္ဇ, ပဇ္ဇ, ဂေယျ သုံးမျိုး မှာ မပါသော အဖွင့်ဟူသမျှကို ကဗ္ဗဟု ခေါ်သောကြောင့် သာသနာ တော်နှင့် လျော်ညီသည်။ ၎င်းကဗ္ဗကို မြန်မာအလို အဖွင့်ဟု မှည့်ခေါ်

သည်။ အဖွင့်ရေးနည်းနှင့်အဖွင့်စာကိုများကို အဌန်းဂဏန်းစဉ် (၇၁) ကြည့်။ ၎င်းပြင် တနည်းအားဖြင့် သီလက္ခန်ပါဠိတော် ၎င်းအဋ္ဌကထာ ၎င်းဋီကာဟောင်း၊ ၎င်းဋီကာသစ်၊ ကျမ်းလေးမျိုးအလိုမှာ ပညာရှိတို့ ဖွဲ့စီသီကုံးသမျှကို တလုံးတည်း ကာဝေယျ၊ အစိပ်အစိပ်အားဖြင့် စိန္တာ, သုတ, အတ္တ, ပဋိဘာန-ဟူ၍ လေးရပ်ခွဲသေးသည်။ အဌန်းဂဏန်းစဉ် (၅၆) မှာပါသော ဆိုင်ရာအမှတ်....၁-မှ ၄-ထိ ကြည့်။

(၆) ဆိုခဲ့သည်အတိုင်း ကဗျာအမည်များကို သုံးမျိုး လေးရပ် ခွဲခြား ခေါ်ကြငြားသော်လည်း သဘောသွားမှာ မပြောင်းကြ၊ နာမ သညာလောက်သာ ကွဲးကြသည်။

(၇) သညာလောက်သာ ကွဲးပုံကား....သက္ကတ အလို (ကာပျ) (ကးပျ)ခေါ်သည်။ မာဂဓအလို ကာဝေယျ၊ဗန္ဓခေါ်သည်၊ မြန်မာ့အလို ကဗျာဟူ၍၎င်း၊ အချင်းဟူ၍၎င်း ခေါ်သည်။ သည်ကဲ့သို့ သညာကွဲး ပြားသော်လည်း စည်းကမ်း နည်းလမ်းကို လိုက်နာကြပုံမှာ သက္ကတ ကာပျအင်္ဂါကျမ်း သဘောသွားအတိုင်းပင်တည်း။

(၈) ကဗျာ, အချင်းဟူသော မြန်မာ ဝေါဟာရများ၏ အနက် အဓိပ္ပါယ်မှာ....ကာဝေယျ,ဗန္ဓဟူသော မာဂဓ ဝေါဟာရသဘောသွား အတိုင်း ထပ်တူလောက်ပင် မှတ်ယူလိုက်နာကြသည်။ တူပုံကား-ပညာရှိ တို့ ဖွဲ့စီသီကုံးသမျှကို ကာဝေယျဟူ၍၎င်း, ဗန္ဓဟူ၍၎င်း ခေါ်သကဲ့သို့ မြန်မာမှာလည်း ပညာရှိတို့ဖွဲ့စီသီကုံးသမျှကို ကဗျာဟူ၍၎င်း, အချင်း ဟူ၍၎င်း ခေါ်သည်။ အချင်းအကြောင်းမှာ နောက်ဆက်တွဲ ဂဏန်း စဉ် ၃၇-နှင့် ၁၀၅-ကစ၍ ၁၀၉-ထိတွင်ကြည့်။ ၎င်းပြင် သီကုံး သည်ဟူ၍လည်း ခေါ်သည်။ ဖွဲ့သည်, ကုံးသည်, စီသည် ဟူ၍လည်း ခေါ်သည်။၎င်းသီကုံးဖွဲ့စီဟူသောဝေါဟာရများမှာ ပရိယာယ်ဝေဝစန စကားမျိုးပင်တည်း။ ကဝိလက္ခဏာသတ်ပုံတွင်-"ငိုသံသဲ့သဲ့၊ နောင့်ကိုဖွဲ့ သွယ်ဝှဲ့ထူးတလည်"ဟူရာ၌ စကားပြောရာ စာကုံးသီရာ ချစ်ခင် ကြင်နာ သနားစရာ ပါဝင်စေအောင် ထည့်သွင်းခြင်းဖြစ်သည်။စာရေးရာ စကား ပြောရာ ကြင်နာဘွယ် သနားဘွယ် ရေးသည့်အရာကို ငိုသံပါအောင် စပ်ထုံး ရေးနည်း-ပြောနည်းဟု အမှတ်ပြုကြသည်။ သီကုံးဟူသော အထောက်အထားများမှာ-



(၉) ရှင်ရဋ္ဌသာရဆို-မေးဖြေဖြောင့်၍ချီ ရတုတွင်- "ကြယ်ပမာ သို့၊ လင်္ကာကုံးသီ၊ စကားစီဝိမ္ဗ"ဟူ၍၎င်း။ လောကသာရ ပျို့တွင်- "အရွေရွှဲးလုံး၊ သီ၍ကုံးသို့၊ ကျင့်ထုံးမှတ်ရာ" ဟူ၍၎င်း။ သူဇာပျို့တွင် "ဤသို့သာယာ၊ ကုံးသီစာနှင့်၊ ဟံသာပုရ"ဟူ၍၎င်း။ ပုဂံပညာရှိဦးမွန်း ကိုဆို-ဘုရားစဉ်လင်္ကာတွင်- "ထိပ်ချာတင်ရွက်၊ သီကုံးဆက်သည်... ရွေခွက်သော်တာရံ ဘုရား" ဟူ၍၎င်း။ သီကုံးဟူသော ဝေါဟာရ အထောက်အထား များစွာရှိသည်။

(၁၀) ၎င်းပြင် ဝေါဟာရတ္ထ ပကာသနီကျမ်း ဆဋ္ဌတွဲးတွင် ဖွဲ့နွဲ့ သည်ဟူသော အမြစ်သံမှာ ဂုဏ်နှင့်လျော်စွာ ဂါထာရင်း၎င်း၊ စုဏ္ဏိယ ၎င်း၊ မြန်မာစသော လူမျိုးတို့၏ ဘာသာ စကားပြေမှုသည်၎င်း သီကုံး ခြင်းသည် ဖရိုဖရဲ မရှိစေရ၊ ရှေ့နောက်အလျောက် အဆိုက်လျော်စေ လျက် ဆိုကျိုးဆိုယုတ်မထင်၊ မြင်သောအနက် နှစ်သက်မွေ့လျော်ဖွယ်ဖြစ် အောင် စကားခွန်းကို ယှဉ်ပေါင်းနှောစပ်စေခြင်းသည် ပန်းခက်ပန်းခိုင် ကိုကြိုးဖြင့် ဖွဲ့စည်းသည်နှင့်အတူဖြစ်၍ စည်းခြင်း,ဖွဲ့ခြင်းအနက်ယူသင့်၏။ ဤ၌ အလင်္ကာနည်း, သဒ္ဒါနည်း, ဆန်းနည်းစသော သဘောမရ၊ စိုးစဉ်း မျှ လစ်ယွင်းသော်လည်း စကားအစုအခဲ အစည်းအဖွဲ့ ဆိုသင့်သည်ပင် ဖြစ်၏။ နှောင်ဖွဲ့သည် ဟူရာ၌လည်း စည်းခြင်း ဖွဲ့ခြင်းဟူသောအနက်၎င်း တည်း။ ပန်းဖွဲ့သည်-ဟူသည်ကား၊ ထွန်၏ အဆောက်အဦ ဖြစ်သော အမည်မျှသာတည်း။ ထိုအဆောက်အဦသည်ထွန်ကိုပန်း၍ ဖွဲ့ခြင်း၊,စည်း ခြင်း အနက်ထင်သည်ကိုယူ၍ ပန်းဖွဲ့ဆိုသည်ယူမှု အနက်ရသင့်၏-ဟူ၍ လာရှိသည်။

(၁၁) ဝေါဟာရတ္ထပကာသနီကျမ်း ဒုတိယတွဲးတွင်- မြန်မာဘာ သာ၌ကား ၄၁-လုံးသော အက္ခရာမှတပါး သင်္ကရိုက် ဘာသာ၌ရှိ သော အဲး,ဩ,ဝိသဇ္ဇနီဟူသော အက္ခရာသုံးလုံးတို့သည်လည်း ရှိကုန်၏၊ ဤသုံးလုံးနှင့်သော် ၄၄-လုံးဖြစ်၏ဟူ၍၎င်း။ မြန်မာဘာသာ၌ ၄၄-လုံး သော အက္ခရာတို့ကို အသုံးအစွဲးမှုကုန်၏ဟူ၍၎င်း လာရှိသည်။

(၁၂) ဘူရိဒတ်ဇာတ်ပေါင်း ယခုစာမူ ချီအပိုဒ်တွင်- "ဘိုးကဲး ရတနာ၊ သာရမြူတေ၊ အငွေငွေကို၊ ဆောင်ခြေသော့လား၊ နှစ်ပါးစုံ အင်၊ အပြားထင်သား၊ အလင်္ကာရ၊ ဝိဘာဂဖြင့်၊ ပဒဝါကျ၊ ပဒတ္ထနှင့်၊ ခေါ်သအပြစ်၊ ရှစ်နှင့်ကိုးခု၊ ခြောက်ထွေရှုသော်၊ ဂုဏ်ဟုမည်ရပေသော

ဒ

က၊ စသည်နည်းနာ၊ ဆယ်ခုဖြာလျက်၊ သဘာဝဏ္ဏ၊ ဝဏ်ဝုတ္တိ၊ အသိမှန်စွာ၊ တောဒည်းမှာလည်း၊ မတြာဝဏ္ဏ၊ လေ့လပွန်းတီး၊ မှီးသည့်ထုံးကောင်း" ဟူ၍ စပ်ဆိုတော်မူသည်။ မာဂဓ အလင်္ကာကျမ်း, ဆန်းကျမ်းများနည်းကို မှီးသည် ဆိုလိုသည်။ ၎င်းပြင်-ကာပျအင်္ဂါ သဒ္ဒတဘာသာကျမ်းကိုကြည့်လျှင် မာဂဓ အလင်္ကာကျမ်း, ဆန်းကျမ်းများက သဒ္ဒတကျမ်းနည်းအတိုင်း မှီးရသည်အရာကို သိသာသည်။

(၁၃) ၎င်းပြင် ကဝိလက္ခဏာ ဒိပနီတွင် (၃၆၄) ဇာတ်ဂုဏ် ကိရိယာ စသောဝဏ္ဏကို သဘာဝဝုတ္တိအလင်္ကာ, ဝဏ်ဝုတ္တိ အလင်္ကာတို့ဖြင့် တန်းဆာ ဆင်အပ်ကြောင်း၊ ဝဏ်ဝုတ္တိ အလင်္ကာသည် သဘာဝဝုတ္တိအလင်္ကာကဲ့သို့ သဘောအဓိပ္ပါယ် ချုတ်ချုတ် P မတိုက် * ဆိုက်မူ၍ စပ်ဟပ်ယူဆမှု လိုအပ်သော သဘောသို့ ရောက်ကြောင်းများကို ဆိုရကား ယင်း-အလင်္ကာနှစ်ပါးကို ဇာတ်,ဂုဏ်,ကိရိယာစသော ဝဏ္ဏမှာ တန်းဆာဆင်ရမည်၊ ဆင်ရာ၌လည်း ကျမ်းဂန်မှာ ကျမ်းဂန် အလျောက်, အခေါ်အဝေါ် အဆိုအမိန့်မှာ အခေါ်အဝေါ် အဆိုအမိန့် အလျောက် သဘာဝဝုတ္တိ အသင်္ကာနှင့် သင့်လျော်သော အရာဖြစ်က....ဘုရားအလောင်းတော် ဘွားတော်မူလျှင် မြောက်လိုခုနစ်ဘဝါး လှမ်းကြွတော်မူခြင်း၊ ထိုထိုအရပ်များတို့၌ မတုန်မလှုပ် ကြည့်တော်မူလျက် "အဂ္ဂေါဟမသ္မိ" စသော စကားသုံးခွန်းကို ဆိုတော်မူခြင်း စသည်တို့ကဲ့သို့ သဘောသကန် ဟုတ်မှန်ရာကို ဆီတည့်,စဉ်တိုက်, ဆိုက်, ကိုက်တည့်အောင် မဆိုမူ၍ ပြောဆိုခြင်းဟူသော ဝဏ်ဝုတ္တိအလင်္ကာဖြင့် တန်းဆာဆင်ခြင်းများကို ရေမြေသနင်း မင်းမှစ၍ မင်းညီမင်းသား မှူးတော်မတ်တော် ပညာရှိ သူတော်ကောင်း အမျိုးလေးပါး မိန်းမယောက်ျားရဟန်းရှင်လူတို့ပင် လိမ်မာစေရမည်ဟူသော ဥပဒေသကို ပြသည် ယူရမည်ဟူ၍ လာရှိသည်။

(၁၄) ၎င်းပြင်-ပါဠိမှာ ဂိုဏ်းစသည် ရွေးရသကဲ့သို့ မြန်မာမှာလည်း ဂိုဏ်းစသည် ရွေးချယ် အမည်မှည့်ပုံမှာ....မန္တလေးမြို့တွင် မြို့အမည်, နန်းအမည်ကစ၍ ရပ်ကွက်အမည်များ ထင်ရှားစွာ ယခုထက်ထိ တွင်လျက် တည်လျက် လိုက်နာဖွယ်ပြောကြလျက် ရှိသည်။

P ချုတ်ချုတ်ဟူသည်ကား.... တည့်တည့် တိုက်ရိုက်၊ ဆီတည့်၊ ပက်ပါ၊ ပက်ပင်းများနှင့် အလားတူတည်း။

* မတိုက်ဟူသည်ကား....မတည့်၊ မတဲ့များနှင့်အလားတူပင်တည်း။



သိသာရန် စံပမာဏအမြွက်မျှ ဖော်ပြသော်....မြို့တော်အမည်-ရတနာပုံ, နန်းတော်အမည်-မြတ်နန်းစံကျော်, ရပ်ကွက်အမည်-ရွှေပြင် ကျွန်းလုံးဥသျှောင်၊ တောင်ပြင်-ပတ်ကုံးဝန်းကျင်၊ နောက်ပြင် ပြည်ကြီး ကြက်သရေ၊ မြောက်ပြင် မြနန်းဘုံသာ-စသော အမည်များကိုပိုင်းခြားပြဋ္ဌာန်းခဲ့သည်မှာ အောက်ပါ ခန္တီလေးပညတ္တမ အတိုင်းပင်တည်း။

[ဆွဲနှစ်ကြောင်းရေးပေစာ၊ ရွှေပိန်း(ထံ) ချပ်၊ ကျောဘက်မှာကြည့်။]

တပည့်တော်ဝန်ကြီး, အတွင်းဝန်တို့ လျှောက်ပါသည်....မောင်းထောင်ဆရာတော်ဘုရား၊ ယခု ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသောဘုရား တည်ထောင် ဖန်ဆင်းတော်မူအပ်သော ရတနာပုံ ရွှေမြို့တော်ကြီး လေးပြင်လေးရပ်, ရပ်စုကွက်စုအမည်နာမပညတ်တို့ကို သုတိမင်္ဂလာ သာယာစေရန် ရွေးချယ်၍ သမုတ်မှည့်တော်မူလိုသည်။ မောင်းထောင်ဆရာတော်ထံ လျှောက်ထားပြီးလျှင် ရပ်စု ကွက်စုအမည်ကို ရန်၍သွင်း၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်ဖြစ်၍ ရတနာပုံ ရွှေမြို့တော်ကြီး လေးပြင်လေးရပ်, ရပ်စုကွက်စု အမည်များကို သုတိမင်္ဂလာ သာယာစွာ ရွေးချယ်၍ သွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။

သက္ကရာဇ် ၁၂၂၄-ခု၊တပေါင်းလဆန်း ၁၅-ရက်နေ့၊ ဝန်ကြီးအတွင်းဝန်တို့ လျှောက်ထားချက်။

---

၁၅၊ ရတနာပုံ ရွှေမြို့တော်ကြီး လေးပြင်လေးရပ် ရပ်စုကွက်စု အမည်နာမပညတ်ကို ဆန်းဂိုဏ်း,ဂရု, လဟု, ဝဂ္ဂဝံသစသည်တို့ဖြင့် ရွေးချယ်စိစစ်ခြင်းသည်ကမ္ဘာတန်းဆာလောကီကျမ်းကြီးကျမ်းနိုင်တို့၌အခိုင်အမာလာသည်ဖြစ်၍,၎င်း၊ အစိန္တေယျ သုံးလုထွတ်ထား ဘုရားသခင်ကိုယ်တော်မှသော်လည်း၊ ဂါထာဗန္ဓ-ဒေသနာတော်များ၌ များသောအားဖြင့် ဆန်းဂိုဏ်း,ဂရု, လဟု အစီအရင်ကို လွန်စေတော်ခမူပဲး ဟောတော်မူသည်ဖြစ်၍,၎င်း၊ မြင်မြင်ဝါးဝါး အမည်သာမန်မဟုတ် ရေမြေသနင်း ပြည့်ရှင်မင်းတို့ စံနေတော်မူရာ မဟာရာဇဋ္ဌာနီ ပြည်ကြီး၏အကွက်အရပ် အခည်ဖြစ်၍,၎င်း၊ သင်္ကေတဝစနံ သစ္စံ-ဟူသော အဋ္ဌကာ

ထာပါဠိနှင့်အညီလောကသင်္ကေတစကားသည် အမှားအမှန်ဖောက်ပြန်သည် နှင်နှင်သာဟု မမှတ်အပ်သည်ဖြစ်၍ ငင်း၊ နောင်ပညာရှိတို့ စွပ်စွဲခြင်း ဥပဝါဒ, ဒေါသမှ ကင်းလွတ်စေခြင်းငှာ သုတိမင်္ဂလာ နိမိတ်သြဘာ သာယာခြင်းနှင့်တကွ သြဇာဂုဏ် ဖြစ်ထွန်းအောင် ရွေးချယ်စိစစ် သမုတ်တော်မူရန် အမည်....ဟူ၍ လာရှိသည်။

အမည်ပုံစံဇယားမှာ အောက်ပါအတိုင်း ပင်တည်း

| ဌာန | အရပ်အမည် | ဂိုဏ်းမည် | အခစောင့်နတ် | နက္ခတ် | အကျိုး | အကြွင်း | အသင့် | ဝံသ |
| --- | --- | --- | --- | --- | --- | --- | --- | --- |
| ရှေ့ပြင် | ကျွန်းလုံးပေါ် | မ | ဘုမ္မစိုး | စေ့ | ပြေရ | ၂ | တံးခွန် | ခတ္တိယ |
| ဘောင်ပြင် | ပတ်ကုံးဝန်းကျင် | မ | ငင်း | ငင်း | ငင်း | ၅ | နွား | ဗြဟ္မာ |
| နောက်ပြင် | ပြည်လုံးချမ်းသာ | မ | ငင်း | ငင်း | ငင်း | ၇ | ဆင် | ငင်း |
| မြောက်ပြင် | မြကျွန်းမြေဂူ | မ | ငင်း | ငင်း | ငင်း | ၃ | ခြင်္သေ့ | ငင်း |

၁၆၊ ငင်းပြင် ကဗျာသဘော ဝေါဟာရ အခေါ်မှာ မာဂဓနှင့် မြန်မာ သညာ ကွဲသော်လည်း စီစဉ်ပုံသော်ငင်း, သဘောသွားသော်ငင်း အကြောင်းအကျိုးများမှာ ခြားနားခြင်းမရှိကြပဲ မာဂဓနည်းကို မှီး၍ အသီးအသီးလိုက်နာလေ့ရှိသည်။ [အကျယ်ကိုသိလိုမူအဝှန်းဂဏန်းစဉ် ၅၄၊ ၅၅၊ ၅၆၊ ၆၂-များကို ကြည့်ပါ။]

သက္ကတ,မာဂဓ, မြန်မာ အမျိုးသုံးဖြာ ကဗျာဖွဲ့ဆို သိကုံးလိုက်နာရာ သညာသုံးမျိုး လေးရပ် ခွဲခြား မှည့်ခေါ်ကြငြားသော်လည်း သဘောသွား သုံးမျိုးလေးရပ် ထပ်တူကျဘိသကဲ့သို့ ရှိသည်ကို ပြဆိုချက် ပြီးပြီ။

---



၆၂-အထွက်, အတက်, အစပ်, စုဒ်, ဖြေရှင်းချက်နှင့် အပေါင်းယှူဟန် အစိပ်အစိပ် ယှူဟန်များမှာ မာဂဓနှင့် မြန်မာသဘောသွားတူပုံ

| မာဂဓ | မြန်မာ | အဓိပ္ပါယ် | အကြောင်းအရာ |
| --- | --- | --- | --- |
| (၁) နိက္ခန္တ | အထွက် | အထွက်ဟူသည် ကား မူလထားလိုသော ဝေါဟာရ အချက်,မူလထားရန်ရည်သန်သော သဘောသွား စကား ချက်ကို အထွက်ဆိုလိုသည်။ | အငုပ်-အရှုပ် သံသယရှိက ဖော်ပြ ဘွင့်ဆို ရှင်းလင်းရန် လိုသောအချက်ကို အနုလုံ,ပဋိလုံ,မဏ္ဍုန်နည်းများအရ လိုရာက ထွက်နိုင်သည်၊ အစ, အဆုံး, အလယ်- ထွက်နည်းသုံးမျိုး ရှိသည်၊ အဝှန်း ဂဏန်းစဉ် (၁၀) ကြည့်။ |
| (၂) သန္ဓေ-အနုသန္ဓေ | အတက် | စကားတရပ် နောက် စကားတရပ် ဆက်၍ တက်သည်ကိုဆိုလိုသည်။ | သာမညတက်နည်း,ဝိသေသတက်နည်း ၂-မျိုးရှိရုံမက ထွက်နည်းကဲ့သို့ပင် လိုရာကအစပြုလုပ် အနုလုံ,ပဋိလုံ, မဏ္ဍုန်နည်းတက်နိုင်သည်။ |
| (၃) သမ္ဗန္ဓ | အစပ်* | အနီးစပ်,အဝေးစပ်,အဓိပ္ပါယ်စပ်, ဝါကျစပ်နှင့်ကာရန်စပ် စသည်ကို ဆိုလိုသည်။ မေဓဒီပနီမှာ.... ဇာထွက်, ဇာစပ်ဟု ရေးသား ဖော်ပြတော်မူသည်။ | အဓိပ္ပါယ်စပ်, ကာရန်စပ် ၂-မျိုးကိုဆိုလိုရာ ထို ၂-မျိုးတွင် အဓိပ္ပါယ်စပ်မှာလည်း အနီးစပ်, အဝေးစပ် ၂-မျိုးရှိသည်ကိုဆိုလိုသည်၊ အဝှန်းဂဏန်းစဉ် (၁၀)မှာ ပါသော ဆိုင်ရာ ဂဏန်းစဉ် (၄) ကြည့်၊ ကာရန်စပ်ဆိုသည်မှာ ကာရန်ကြီး ၁၆-ရပ် စပ်နည်းကာရန်ငယ် ၆၄-တန် မှန်ကန်စွာ စပ်သည်ကို ဆိုလိုသည်၊ အဝှန်းဂဏန်းစဉ် (၄၅) ကြည့်။ |

* အစပ်ခြောက်ပါး ခြားနားပုံကို အဝှန်းဂဏန်းစဉ် (၆၃)တွင်ကြည့်။

| မာဂဓ | မြန်မာ | အဓိပ္ပါယ် | အကြောင်းအရာ |
|---|---|---|---|
| (၄) စောဒနာ | စုဒ် | မေးဘွယ်ထွက်လျှင် မေးချက်ထွက်သည်ကို ဆိုလိုသည်။ | စုဒ်မှာလည်း ၂-မျိုးရှိသည် (၁) သံသယရှိ၍ မသိသူက မေးသည်ကို စုဒ်ဆိုခြင်း။ ၂-သံသယ ထွက်ရန် ရှိခဲ့မှု မေးသူ မရှိသော်လည်း ရှိဘိသကဲ့သို့ ပြုလုပ်သည်ကို စုဒ်ဆိုသည်။ |
| (၅) သောဓနာ | ဖြေရှင်းချက် | ရည်ရွယ်ပုံ အခြေအနေဖြေဆိုချက်ကို ဆိုလိုသည်။ | ဖြေရှင်းပုံမှာလည်း ၂-မျိုးရှိသည် (၁) သာမန် (၂) ဝိသေသ ၂-မျိုးရှိသည်။ |
| (၆) ဝိဂ္ဂဟ | အပေါင်းယူဟန် | စာတပိုဒ်တွင် အစက အဆုံးထိ တလုံးတည်း ရည်ရွယ်ဟန်ကို ဆိုလိုသည်။ | အပေါင်းယူဟန် ၃-မျိုး ရှိသည် (၁) အချုပ်၊ (၂) အလတ်၊ (၃) အကျယ်ပြ၍ ဝါကျခွဲးသင့်ပုံကိုပြဆိုပြီးမှ အရကောက်ယူဟန်ကိုဆိုလိုသည်။ ဝါသနာအလိုက် အကြိုက် ကွဲးပြားလေ့ရှိသည်။ |
| (၇) အဝယဝတ္ထ | အစိပ်အစိပ် ယူဟန် | စာတပိုဒ်မှာ ပါသော ဝေါဟာရအဓိပ္ပါယ် နား လယ် ရန် ထုတ် ဖွင့် ချက်ကိုဆိုလိုလည်။ | အဓိပ္ပါယ်ယူဟန် ၃-မျိုး ရှိသည် (၁)အချုပ်၊(၂)အလတ်၊(၃) အကျယ် ၃-မျိုးဖြစ်သည်။ အကျယ် ဆိုသည်မှာ အက္ခရာတလုံးစီ ခွဲးနိုင်က ခွဲးရပုံကို ဆိုလိုသည်။ ဥပမာ-(မွေးတလုံးပန်း) ဟူသောကိုးခန်းစကားတွင်[မွေး]အတွက် [ဘ]အတွက် [လုံး]အတွက် [ပန်း] အတွက် အနက်အဓိပ္ပါယ် အသွယ်သွယ်ရှိသမျှ ဖွင့်ဆိုသော နည်းမျိုးကို ဆိုလိုသည်။ ထိုနည်းမှာလည်း ပါဠိနည်းကိုမှီးခြင်း ဖြစ်သည်။ မွေးတလုံးပန်းကို တလုံးစီ အဓိပ္ပါယ် ယူပုံမှာ အဝှန်းဂဏန်းစဉ် (ဂ)ဆိုင်ရာဂဏန်းစဉ် (၂) မှာကြည့်။ |

အထွက်, အတက်, အစပ်, စုဒ် ဖြေရှင်းချက်နှင့် အပေါင်းယူဟန် အစိပ်အစိပ် ယူဟန်များမှာ မာဂဓနှင့် မြန်မာသဘောသွားတူပုံကိုပြဆိုချက် ပြီးပြီ။



## ၆၃-အစပ်ခြောက်ပါးဟူသော ဝေါဟာရ တူကြသော်လည်း ၎င်းနည်း သုံးမျိုး သုံးစား ခြားနားပုံကို ပြဆိုချက်

သုံးမျိုးသုံးစားဟူသည်ကား.... (၁) ပါဠိမြန်မာ နှစ်မျိုးစလုံးမှာ လိုက်နာရသော "ဝါကျစပ်" ယူနည်း ၆-မျိုး၊ (၂) မြန်မာ ဘာသာတွင် အတွင်းစာသွားမှုမှန်မှာ "ကာရန်အသတ်အစပ်" ယူနည်း ၆-မျိုး။ (၃) အသတ် ခြောက်ပါး၊ အစပ်ခြောက်ပါးခေါ်သော နောက်ပေါ် "ကေစိဝါဒ" ၆-မျိုးအားဖြင့် သုံးမျိုးသုံးစား ကွဲးပြားသတည်း။

(က) သည် သုံးမျိုးတွင် ၁-မှတ် အတွက်ကို ယခုဂဏန်းစဉ် ၆၄ အောက်မှာ 'က' မှတ် ညွှန်ပြချက်တွင် ပါဠိ အထောက်အထားနှင့် ဇယားပုံပါ ဖော်ပြလျက်ရှိသည်ကို ကြည့်ပါ။

(ခ) ၂-မှတ်အချက်မှာ ကာရန်ကြီး ၁၆-တန်, ကာရန်ငယ် ၆၄-ရပ်ကို အရင်းထားကာ လိုက်နာရသော မြန်မာနည်းသက်သက် ထုံးမှီစံရ အရိုးကျသက်သေခံရှိသော ကဝိပဂေး ဆရာကျော်ဆရာမြတ်တို့ပါ မြန်မာနန်း ပျက်သည်တိုင်အောင် ဆက်လက်တည်တံ့စွာ အခိုင်အမာ လိုက်နာမြဲနည်းပင် ဖြစ်သည်။ သည်နည်းမှာ မြန်မာလင်္ကာ မင်္ဂလာရတုစသော ကဗျာများကို စပ်ဆိုသမျှ မုချသေချာစွာ လိုက်နာရခြင်းနှင့် အတွင်းစာသွား လေးလုံးစပ် ဟူသမျှ, သံပေါက်စပ်ဟူသမျှများမှာ လိုက်နာရာသည်။ ကဗျာဗန္ဓသာရ မူလစာကိုယ် ပထမကဏ္ဍ-ဒုတိယပိုင်း အဝှန်းဂဏန်းစဉ် (၃၂) ၎င်းပထမကဏ္ဍ-တတိယပိုင်းဂဏန်းစဉ် (၇) များနှင့် ၎င်း စတုတ္ထပိုင်း စာမျက်နှာ (၅ဂ) မှ (၇၂) ထိ ကြည့်ပါ၊ ၎င်းပြင် ကာရန်ကြီး ၁၆-တန်, ကာရန်ငယ် ၆၄-အကြောင်းကို နောက်ဆက်တွဲ ပထမပိုင်း အဝှန်းဂဏန်းစဉ် (၄၅) တွင် ကြည့်ပါ။

သို့ရာတွင် လင်္ကာအဝင်အပါဖြစ်သော တီးလုံးနှင့် ကိုက်ညီအောင် သီဆိုကခုန်ရသော အချင်းကြီးအချင်းငယ် ကဗျာမျိုး သီကုံးစပ်ဆိုခြင်းတွင် အတွင်းစာသွား လေးလုံးစပ်နည်းအလိုက် ကိုက်ညီအောင် အသတ်ကာရန် မှန်ကန်စွာ လိုက်နာရန်မလို၊ မလိုသောအကြောင်းကို နောက်ဆက်တွဲ-ဒုတိယပိုင်း အဝှန်းဂဏန်းစဉ် ၆ဂ-၆၉ နှင့် ၎င်းတတိယပိုင်း အဝှန်းဂဏန်းစဉ် (၁၁ဂ) များမှာ ကြည့်ပါ။

(ဂ) ၎င်းပြင် ၃-မှတ်ပါ အသတ် ခြောက်ပါး၊ အစပ်ခြောက်ပါး ခေါ်သော နောက်ပေါ်နည်းလမ်း စည်းကမ်းမဲ့ "စာဆန်း" အကြောင်း

မှာ အောက်ပါ ညွှန်ပြချက် စာမျက်နှာများနှင့် ဂဏန်းစဉ်များမှာ ကြည့်ပါ၊ ယခုအချက်နှင့် အနီးဆုံးသော အကြောင်းမှာ ဂဏန်းစဉ် ၆၄-၆၅ များနှင့် ၆၄-အောက်ရှိ က-မှတ် ဇယားပုံမှာ ပါရမီခန်းကို လိုလားစွာ ထေးဖာ၍ မျက်နှာတန်ဆိုး, မေတ္တာတန်ဆိုး ငဲ့ကွက် တဘက်သတ် ရေးထားပုံပါသောအကြောင်း၊ ၎င်းပြင် ဂဏန်းစဉ် ၆၆-မှာပါသော ၎င်းစာငယ့်အကြောင်း၊ ၎င်းပြင် ကဗျာဗန္ဓသာရ နောက်ဆက်တွဲ ပထမပိုင်း (၃၄၈) မှာ ပါသော ၎င်းစာအကြောင်း၊ ၎င်းပြင် နောက်ဆက်တွဲ စာမျက်နှာ (၃၅၀) တွင် စာရှိသည်ဆိုရုံနှင့် ယုံမှားအားထားမိသောအလုပ်ကြောင့် ကျွန်ုပ်ကိုယ်တိုင် နောင်တရရာသောအကြောင်းများမှာ ကြည့်ပါ။

(ဃ) ၎င်းပြင် ကျားမ-မဟူ ရှင်လူအပေါင်းတို့ ကောင်းစွာ သတိထားရန်ကို ဖော်ပြသော်....အနုတ္တရ ဓမ္မကိုးဝကို ကျနစွာမြင်လိုမှ ဗုဒ္ဓသာသနာဝင် ရှင်လူအစစ်ဖြစ်ရသော ကိုယ်ကျိုးနပ်မြဲဖြစ်သည်။ ကိုယ်ကျိုးနပ်ရန် လိုက်နာလိုက မူလပဏ္ဏာသ ဝတ္ထသုတ်လာ စိတ္တုပ္ပက္ကိလေသတရား ၁၆-ပါးကို ပယ်ရှားနိုင်သမျှ လူတိုင်းပယ်ရှားကြရန် ဖြစ်သည်။

သည်ကဲ့သို့ ပယ်ရှားရန် အရေးတွင် အလေးဂရုပြု၍ အထူးလိုက်နာသင့်သူတို့မှာ မြန်မာခေါ် ကဝိအပေါင်း, သိုးဆောင်းခေါ် အယ်ဒီတာအပေါင်းတို့ပင်တည်း။ ၎င်းတို့ စိတ်အတွင်း သန့်ရှင်းစင်ကြယ်စေရန် အလွန် အရေးကြီးသောလေ့ဖြစ်၍ ကြိုတွေ့တတ်ခြင်း-လိုရင်း အချက်ကြီး လေးချက်ပါရှိသည်ကို သတိရကြပါစေကြောင်း,ဆုတောင်းပန်ဆိုလိုက်ပါသည်။

ထိုလိုရင်း လေးချက်မှာ ဆိုခဲ့သောတရား ၁၆-ပါးတွင် ပါဝင်သောမာနတရား ခုနစ်ပါးအနက် (၁) စွဲလမ်းခြင်းအားကြီးလှသော ထမ္ဘမာန။ (၂) ချုတ်ချယ်ခြင်း * ကို လိုလား အားကြီးလှသော-သာရမ္ဘ

* ချုတ်ချယ်ခြင်းဟူသည်ကား....ရန်လိုသဖြင့် ရန်စသွယ်သည်, ရန်စရှာယ်သည်-ဟူသော အနက်ကည်းဟူ၍ ဝေါဟာရတ္ထပကာသနီမှာ ပြမှာလာရှိသည်။ ။နိပါတဝိဘာဝနီတွင် ချုတ်ချယ်ခြင်းဟူသည်ကား-ဖောက်ပြန်သောကာယကံ, ဝစီကံဖြင့် ညှဉ်းဆဲးခြင်းပြုသည်ကို ဆိုလိုသည်-ဟူ၍လာရှိသည်။

ချုတ်ချယ်ကဗျာ စပ်ထုံးကား....သံဝရတွင်– "ရန်ရှာမချုတ်၊ ကိုယ်နှုတ်နှိမ့်ကြို့" ဟူ၍၎င်း၊ ကဗျာသာရတ္ထသင်္ဂဟသတ်ပုံတွင်လည်း– "ချုတ်ချယ်ဟူသည်ချုတ်ချုတ်မည်နိုက်၊ ချုတ်ချုတ်တိုက်က" ဟူ၍ စပ်သည်။



မာန။ (၃) အပြိုင်ပြုခြင်းကို လိုလား အားကြီးလှသော-ပလာသမာန။ (၄) ကိုယ့်ကိုယ်ကို, ကိုယ်အထင်ကြီးခြင်း အားကြီးသော-မဒမာန....များမှ ဖယ်ရှား နိုင်သမျှ လျော့ပါးကြပါစေကြောင်းကို ဆုတောင်းပန်ဆိုမှု ပြုပါသည်။ ဆုတောင်းပြည့်ဝစွာ မြန်မာစာ ဂုဏ်မညှိုးအောင်ကြိုးစားနိုင်ကြပါစေသတည်း။ ယခု ဒုတိယပိုင်းဂဏန်းစဉ် ၁၀၃၊ဥပဒေသနောက်ဆုံးမှာပါသော လမ်းရှိလျက် ရှိသောလမ်းကို ယိုးမယ်လွဲးဖယ်မှုပြုက ဒေါသမလွတ်ပုံ၊ ဆေးသမားရှိလျက် ဆေးမကုလျှင် မကုသူမှာသာ အပြစ်ရှိပုံ များကိုလည်း နဘူးလက်တင် ဆင်ခြင်လိုက်နာနိုင်ကြပါစေသတည်း။

သည်ကဲ့သို့ ဆုတောင်းစာ တိုတိုကလေး ရေးလိုက်ရခြင်းမှာ မြန်မာစာသည် ယခုအခါ နတ်စာအရာမှ [1] ကျ၍ နေသောခေတ်အခါ မြန်မာစာတဖန် ထွန်းကားရန်အလုပ်တွင် ကျွန်ုပ်သည် မြန်မာစာအမျိုးမျိုး တိုးတက်အောင် ဆောင်ရွက် ပါအံ့ ဟူ၍ အယူစွဲမြဲ အားခဲသည်ကို ဆိုသော်လည်း လက်မလျော့ခြင်း။ မြန်မာစာ တဖန် ပြန်လည်ထွန်းကားရန်သည် လွယ်ကူသောအလုပ်မဟုတ်ခြင်း။ လွယ်ကူသော နည်းလမ်းကို အရမ်းမဲ့ စွဲးလမ်းမှု မပြုသင့်ခြင်း။ မြန်မာစာ မှန်ကန်စွာ ကြီးပွားရေးအတွက် ကျွန်ုပ် ရွက်ဆောင်ပြီး ရွက်ဆောင်ဆဲ ရွက်ဆောင်လတ္တံ့သောအပြုအမူကို သူတော်ကောင်း ကဝိ ပညာရှိအများက အားကျ ရှေးရှု [2] အတု လိုက်နာကြစေလိုခြင်း။ ကျွန်ုပ် ဘဝပြောင်းသည် တိုင်အောင်မြန်မာစာသည် ကောင်းစွာ ထွန်းကားရစ်စေလိုခြင်း။ မြန်မာစာ မှန်ကန်စွာ ထွန်းကားမှ ၁-သီလ၊ ၂-သမာဓိ၊ ၃-ပညာ တရားသုံးပါးပါကောင်းမွန်စွာ ဖြစ်စေနိုင်ခြင်း။ (၁) ဖြူစင်သန့်ရှင်းစင်ကြယ်စွာ စောင့်

၁၊ သည်စကားအဓိပ္ပါယ်သည် ကျယ်ဝန်းတာသွားသော စကားဖြစ်သည်။ "သေသောတရားရှိလျှင် မသေသော တရား ရှိသကဲ့သို့"ပင်တည်း။

၂၊ ရှေ့ရှု ဟူသည်ကား....ပစ္စုပ္ပန္နာန်ပင် တည်း။ ။ဥပဋ္ဌာနာကာရောဝါဖလံဝါ ပစ္စုပ္ပန္နာနံနာမ။ ထင်သော အခြင်းအရာသည်၎င်း, အကျိုးသည်၎င်း,ပစ္စုပ္ပန္နာန်မည်၏ ဆိုလိုသည်။ နာမ်သည် အဝိနိဗ္ဘောဂပစ္စုပ္ပန္နာန်, ရုပ်သည် အဗျာကတ ပစ္စုပ္ပန္နာန်, ဝိညာဉ်သည် ပဋိသန္ဓိပစ္စုပ္ပန္နာန်, နိဗ္ဗာန်သည် အ-နိမိတ္တပစ္စုပ္ပန္နာန်၊ တနည်း–နိပ္ပဉ္စပစ္စုပ္ပန္နာန် အသီးသီး အ၀၀ ရှိကြမြဲတည်း။

ရှောက်မှု။ (၂) ဖြောင့်မတ်တည်ကြည်စွာ ငြိမ်သက်မှု။ (၃) ထက်မြက်ထိုးထွင်းစွာ မှန်ကန်ရာကို သိမြင်မှု-ဟူသော သုံးဌာန ညီညွတ်မှသာလျှင် သီလ,သမာဓိ,ပညာ အစစ်ဖြစ်သည်ကိုလည်း သတိရှိသင့်ခြင်းများကို အကြောင်းပြု၍ ဆုတောင်းစာကလေး ရေးလိုက်ပါသည်။ ဆုတောင်းစာမှာ ပါသည့်အတိုင်း တည်တံ့စွာ လိုက်နာရွက်ဆောင် နိုင်ကြပါစေသော။ ॥နတ်စာအကြောင်းပါသော အဝှန်းဂဏန်းစဉ်(၃၆)မှာ ဆိုင်ရာအမှတ် ၆-တွင် ရေးလိုက်သော ဒွေးချိုးသံထောက်ကလေးကို ကြည့်ကြကာ လိုက်နာနိုင်ကြပါစေသော။

ဇင်းပြင် မြန်မာမင်းတို့လက်ထက်အခါ မြန်မာနိုင်ငံသူ ရှင်လူ သတ္တဝါတို့ လိုက်နာရန် သာသနာမှု၊ စာပေအဖတ်အရွတ်, အရေးအမှတ်သတ်ပုံသတ်ညွှန်း လိုက်နာမှု၊ အလေး,တောင်း, တင်း, စည်းချိန် အတိုင်းအတာ လိုက်နာမှု....စသောအရာများမှာ တကြန့်တည်း တညီတည်းဖြစ်စေရန် ပညာရှိပဂေးတို့ စည်းဝေးတိုင်ပင် ဆုံးဖြတ်ကြပြီးလျှင် ပြဋ္ဌာန်းချက် ထုတ်ရမြဲ ဖြစ်သည်။ ဇင်းပြဋ္ဌာန်းချက် အတိုင်း တည်စေဟု ရှင်ဘုရင်က အမိန့်ထုတ်ပြန်ခြင်း ပြုပြီးသည့်အခါ ကောင်းစွာ လိုက်နာကြရမြဲဖြစ်သည်။ သည်ကဲ့သို့ စည်းဝေးဆုံးဖြတ်ရသည်မှာ ပုထုဇဉ်စိတ်ရှိသူတိုင်း အရပ်ရပ် ကြီး-လတ်-ငယ်-အားဖြင့် ခြားနားသော ဉာဏ်အပေါင်းကို ဉာဏ်ညွှန့်ပေါင်း ဖြစ်စေရန်... ကြီးလတ်ငယ်ထွေး အဝေးအနီး မီးရောင်စုံအပေါင်းကို အရောင်ညွှန့်ပေါင်း စုဆောင်းမိသည့်ပမာ အမှန်နားနီးစွာ လိုက်နာနိုင်ကြရန်၊ ထင်ပေါ်ကျော်စောခြင်းတွင် ပါဝင်လိုသောကြောင့် ကိုယ်နှင့်သဘောတူသူလူ စုဆောင်း၍ ထနောင်းပင်က မီးတချည် ရှို့လွှတ်ခြင်းကဲ့သို့ တစင်းထောင်ပြောင့် ရောစွက်မှောင့်သော နှောင့်ရှက်ခြင်းကင်းစေရန် ပြဋ္ဌာန်းရခြင်း ဖြစ်သည်။

ဆိုခဲ့သော အခြင်းအရာအရပ်ရပ် အမှတ်အထိမ်း ကွပ်သိမ်းချက် လိုရင်းကား-သာသနာ့ဒါယကာ မြန်မာထီးနန်း မဲ့ဆဲအခါ သာသနာ, ဘာသာ, မြန်မာလူမျိုးဂုဏ်ညှိုးရန်ဖြစ်သော အကြောင်းကို ထနောင်းပင်က မီးတချည်ကဲ့သို့ အရွဲ့ပြုလုပ်ရန် မသင့်သည်ကိုဇင်း၊ မာနတရားခုနစ်တန်သည် နိဗ္ဗာန်နှင့် ဝေးမည်ကိုဇင်း၊ မသင့်သော အလုပ်များနှင့် နိဗ္ဗာန်နှင့်ဝေးမည့်အလုပ်များကို လုပ်လျှင် လုပ်သမျှအမှု သူ့ကျိုးကိုယ်



ကျိုးနှစ်ပါး ဆုတ်ယုတ်မြဲးလမ်း ဖြောင့်တန်းသော သဘောရှိသည်ကို ဇင်း-သတိထားနိုင် ကြပါစေသောဟု ဆုတောင်းရခြင်းပင်တည်း။

အစပ်ခြောက်ပါးခေါ်ခြင်း သုံးမျိုးသုံးစား ခြားနားပုံ
အကြောင်းကို ပြဆိုချက် ပြီးပြီ။

---

(င) အနက်အဓိပ္ပါယ် ကောက်ယူရာ ဝါကျစပ်မှာလိုက်နာနည်း အစပ်ခြောက်မျိုး ဇယားပုံနှင့်တကွ အထောက်အထား ရှိပုံများ

| ပါဠိနည်း | | မြန်မာနည်း |
|---|---|---|
| ၁-ယထာနုပုဗ္ဗိကနည်း။ | .... | (၁) အစဉ်အတိုင်း စပ်၍ယူနည်း။ |
| ၂-သီဟဂတိကနည်း။ | .... | (၂) ရှေ့နောက်ပြန်လှန်စပ်၍ယူနည်း။ |
| ၃-မဏ္ဍူကဂတိကနည်း။ | .... | (၃) ခုန်ကျော်ပြီးလျှင် စပ်၍ယူနည်း။ |
| ၄-ပါဠေသသနည်း။ | .... | (၄) ပြည့်စုံရန် ကျန်လျှင် ထပ်မံထည့်သွင်း၍ယူနည်း။ |
| ၅-လိင်္ဂနည်း။ | .... | (၅) ကျား,မ စသော အသွင် နိမိတ်အလိုက် တိုက်ဆိုင်ရာယူနည်း။ |
| ၆-သဒ္ဒါဥပကနည်း။ | .... | (၆) အသံဖြင့် သိစေအပ်သည်ကိုစပ်၍ယူနည်း။ |

ယခုအချက်မှာ ပါဠိဘာသာကို လိုရင်းထား၍ ပြဆိုသည် မဟုတ် ပါဠိဘာသာမှာလာပုံနှင့် မြန်မာဘာသာလိုက်နာပုံတူညီသောနည်းကို ပြဆိုသည့်အရာဖြစ်သောကြောင့် ပါဠိဘာသာနည်းကို အမြွက်မျှ ဖော်ပြ၍, မြန်မာဘာသာနည်းကို စပ်ထုံးသာဓကနှင့်တကွ ဖော်ပြမည်။

(၁) အစဉ်အတိုင်းစပ်၍ ယူနည်းမှာ ရှင်သူရဲဆို- သခင်ထွေး ဧချင်းသံပေါက်တွင်....“ငါတို့ရှင်ရင်း၊ တောင်သံပွင်းဦး၊ ရန်ခွင်းလပြီး၊ ခိုင်သုံးစီးလျှင်၊ မြေကြီးယက်ကော်၊ ကြွဲးပူဇော်သည်” အစရှိသောနည်းတည်း။ ဇင်းနည်းမှာ အဓိပ္ပါယ်စပ်၍ယူရမည်ဖြစ်သော ပုဒ်တို့ကို နီးနီးထားခြင်းအားဖြင့် ထင်ရှားသိသာလှသောကြောင့် ပသာဒဂုဏ်မြောက်ပေသည်။

(၂) ရှေ့နောက်ပြန်လှန်စပ်၍ ယူနည်းမှာ ပယ်သူငယ်စားဆို-သခင်ကြီး ဧချင်းသံပေါက်တွင်....“တစင်း နေတည်၊ စစ်ကိုင်း သည်ကား၊ လျှောက်မည်စုံအင်၊ စစ်ပင်ကိုင်းကြောင့်၊ စစ်ကိုင်းတွင်သည်၊ ပြည်လျှင်မြတ်ဌာန” အစရှိသောနည်းတည်း။ ၎င်းနည်းမှာလည်း ချိုသာ နှာပျော်ဘွယ်ရှိသောကြောင့် မဓုရတာဂုဏ်လည်း မြောက်ပေသည်။

(၃) ခန့်ကျော်ပြီးလျှင် စပ်၍ ယူနည်းမှာ အလင်္ကာ ကျမ်းတွင်-

ယေန ယဿဟိ သမ္ဗန္ဓော၊ ဒူရဋ္ဌံပိစ တဿတံ။
အတ္ထတော ယသမာနာနံ၊ အာသနတ္တ မကာရဏံ။

ဟူ၍ ပြသည်၊ သည်ကိုရည်၍ အချီအချ ဝါကျအစပ်ဝေးသော်လည်း အချီအဓိပ္ပါယ်နှင့် အချအဓိပ္ပါယ်ရှိရာ အရသာယူ၍ စပ်ဆိုတော်မူလေ့ရှိကြသည်။ ဝံတောင်လည်ဆရာတော်ဆို-ဓုတင်ရတုတွင်....အရည်ကင်ဟူ၍ အချီထားပြီးလျှင် နိဗ္ဗာန်ရွှေမြို့ပျော်မည်ဘို့-ဟူ၍ အချထားပြီးမှ အချီနှင့် အချကို အရသာယူ၍ စပ်ဆိုတော်မူသည်။ “မယှဉ်သဘင်....မဂ္ဂင်ကူးတို့ လှော်မည်ဘို့”....“အစဉ်မမြင်....သာဓုနတ်တို့ ခေါ်မည်ဘို့” ဟူ၍ ၎င်း။

တောင်ငူဆိုတွင်-“ဆွတ်ပျံ့ဘွယ်အောင်....မထွန်းနေခြည်ရိတော့သည်။ ပတ်ခြိမ့်ကွယ်မှောင်....မျက်စိမှုးလည် သီတော့သည်။ မှတ်ငံ့ရှယ်ဆောင်....နှလုံးမြဲတည် ဝိတော့သည်” ဟူ၍ အသီးအသီး စပ်ဆိုကြသည်။

(၄) ပြည့်စုံရန်ကျန်လျှင် ထပ်မံထည့်သွင်း၍ ယူနည်းမှာ၊ ဟံသာဝတီနောက် မင်းတရားဆို - ထုတ်ဆိုထောက်တည်ချီ လုံးချက်ညီရတုတွင်-“သုံးခန်းခေတ္တ၊ စုံတိုင်းပသည်၊ ရှင်ယကိုသာ တမ်းမိခဲ့” ဟူ၍ စပ်ဆိုတော်မူသည်။ သုံးခန်းခေတ်ဆိုသည်မှာ ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ်-ဟူ၍ ခေတ်၏အမည်ကို ထည့်သွင်းယူခြင်း၊ ရှင်ယကိုသာတမ်းမိခဲ့ဆိုသည်မှာ အရိမေတ္တေယျဟု ထည့်သွင်း၍ ယူခြင်းများကဲ့သို့ အလားတူသော ကဗျာများကိုဆိုလိုသည်။ သည်ကဲ့သို့ ထည့်သွင်း၍ ယူနိုင်ရန် ရှေးဦးစွာပုဒ်ကို ခွဲခြားခြင်း-ပဒစ္ဆေဒ၊ ၎င်းနောက် သမာသ်အစရှိသည်ကို ခွဲခြားခြင်း-သမာသာဒိ၊ ၎င်းနောက် အနက်အဓိပ္ပါယ်ကို ယူရန်အမှန်ပြုပြီးမှ ပါဌသေသကို ထည့်သွင်းရသည်။



(၅) ကျား,မ-စသောအသွင်နိမိတ်အလိုက် တိုက်ဆိုင်ရာ ယူနည်းမှာ အလောင်းမင်းတရားကြီး လက်ထက် အတုလ ဆရာတော်ဆို ရဲတင်းတွင်-“ငပွင့်ရန်ဆီး၊ ချင်းတီးရန်ဟန့်၊ ငညွန့်ရန်အောင်၊ ငအောင်ရန်နွဲ့” ဟူ၍ ၎င်း....ကျည်းကန်မောင်ရှင်ကြီး ရှင်နန္ဒဓဇဆို-စန္ဒြြည်ဝါချီ သပ်စေ့နှက်သုံးချက်ညီရတုတွင်- “နန္ဒမည်သာ၊ နောင်ဘာတာကို၊ ဆယ်ဖြာ လက်မိုး၊ ပြည့်စုံဖြိုး၍၊ မြတ်နိုးရှိသေ၊ လျှောက်ဆက်ပေဒံ့” ဟူ၍ ၎င်း... စေဥ့်ကူးမင်းစာဆိုတော် ပညာရှိ ဦးယာဆို-အန်ချင်းများတွင်-မင်းချင်းလေဟု အစချီ၍ သူကောင်းဖော်ရွှေ မင်းချင်းတို့ဟူ၍ ၎င်း အဆုံးချသည်။ သည်ကဗျာများမှာ သဘောသွား စကားအရယောကျ်ားကို ဆိုလိုသည်ဟူ၍ ယူရသည်။

၎င်းပြင်-တောင်ငူရွှေနန်းတည်မင်းကိုလုပ် ရဝေရှင်ထွေး သက္ကရာဇ် ၉၆၀-တွင်ဆိုသော ဆံထုံး ၅၅-ထုံး အန်ချင်းတွင်- “အစောတို့လေ အစချီ၍ ဖော်ချင်းတို့လေ- ဖော်ချင်းတို့” ဟူ၍ ၎င်း၊ အချီအချရေးသော ကဗျာ။ “နန်းတွင်မိဖြူ (မိညို) ချီပြီးလျှင်....နန်းတွင်မိဖြူ (မိညို) သာတကား” ချသောကဗျာ။ ရတနာသိင်္ခမြို့ တောင်လက်, ရောဝတီဘောင်တက်, သုံးထောင့်အိုင်ရွာသူတို့ သီဆိုရန် လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံရေးသားသော သုံးထောင့်အိုင်ကဗျာ ၇-ပုဒ်, သတ္တမမြောက်အပုဒ်မှာ “သူငယ်ချင်းကောင်း ယောက်မတို့လေအစချီ၍....အပျိုဖြူငယ် နှမမှာ ကြိုရတယ်လေး” အဆုံးချသော ကဗျာ။ ၎င်းကဗျာ သဘောသွားအရ မိန်းမကို ဆိုလိုသည်ဟူ၍ ယူရသည်။

(၆) အသံဖြင့် သိစေအပ်သည်ကိုစပ်၍ ယူနည်းမှာ ကဗျာဗန္ဓသာရ နောက်ဆက်တွဲ အဝှန်းဂဏန်းစဉ် (၈၇) တွင် ဖော်ပြ ပါရှိသော (က) ထူးမခြားနားကဗျာ, (ခ) ထောင်ရောင်နေကဗျာများမှာ မတြာ အတိုင်းအရှည် အသံယူနည်းကဲ့သို့သော်၎င်း၊ ကဝိဝိယဒီပနီတွင် အနက်သည် သိစေအပ်သောအကျိုး, အသံသည် သိစေတတ်သော အကြောင်းဟူ၍ ပါရှိသောနည်းကဲ့သို့သော်၎င်း၊ ဧချင်းချနည်း, ရတုချနည်း,အန်ချင်းနည်းများကဲ့သို့ သော်၎င်း၊ ချနည်းအသံအရ မူလစာကိုယ်အမည်ကို သိနိုင်သော ကဗျာများကို ဆိုလိုသည်။ အနက် အဓိပ္ပါယ်များကိုသာ ယူအပ်သော အစပ်ခြောက်နည်း အထောက်အထားများကား....သံခေပ ဝဏ္ဏနာမှာ-

သမ္ဗန္ဓောစ ပဒစ္ဆေဒေါ၊ ပဒတ္ထော ပဒဝိဂ္ဂဟော။
စောဒနာ ပရိဟာရောစ၊ ဆဗ္ဗိဓာ ပဒဝဏ္ဏနာ။

ဟူ၍ လာသည်။သည်ကိုရည်၍....."အဘွင့်ခြောက်တန်၊ သမ္ဗန်ခြေပါး၊ စာသွားစာစပ်"ဟူ၍ ရှင်မဟာရဋ္ဌသာရ ဆရာတော် မိန့်တော်မူသည်။

ဧင်းပြင် နည်းလေးဆယ်တွင် သမ္ဗန္ဓယူနည်း, အသီးအခြားပြ၍ ပါသေးသည်၊ ကဗျာသဒ္ဒသင်္ဂဟမှာလည်း သမ္ဗန္ဓ ၂၂-ဘွင့်ပြသေးသည်။ထိုအချက်များမှာ ပါဠိဘာသာမှာ သာ၍ဆိုင်သည်။ သို့ရာတွင် မြန်မာဘာသာမှာလည်း ပါဠိဘာသာနည်းကို အစဉ်မှီးသဖြင့် စပ်နည်း ဘွင့်နည်း အသီးအသီး အလိုက် ထိုက်သက်ရာ လိုက်နာကြရမြဲ ဖြစ်သည်။

ဝါကျစပ် ခြောက်မျိုးကို ပြဆိုချက် ပြီးပြီ။

---

၆၄-မိုးညှင်းမင်းတရားကြီး တည်ထောင်လှူဒါန်းခဲ့ရင်း ရွှေမင်းဝံ
ကျောင်းတိုက်ကြီးအတွင်း သိတင်းသုံးတော်မူလျက်
ငှက်ပစ်တောင်ဂိုဏ်းကြီး၏ ဦးစီးနာယက ဂဏပါမောက္ခ ဖြစ်တော်မူသော
ရွှေမင်းဝံဆရာတော်ဘုရားကြီးထံ လျှောက်စာ

ဘုရား...

ယခု လျှောက်လွှာနှင့်အတူ ဆက်ကပ်လှူဒါန်းလိုက်သော ကဗျာသင်္ဂဟမေဒနီ အမည်မှည့်သောစာအုပ် ၃-ကို အလိုရှိရာ အသုံးချခြင်း, ဝေငှခြင်း ပြုတော်မူပါ၊ နောက်ထပ် အလိုရှိသေးလျှင် တပည့်တော်ထံ ထပ်မံ အမိန့်ရှိတော်မူပါ၊ တပည့်တော်မှာ ပညာအုပ်မင်း ကိုလွင်က ကျေးဇူးဂုဏ်ခဆို၍ စာအုပ် ၃၀-ပေးပို့လိုက်ပါသည်၊ ဆရာတော်ထံက အမှတ်အသားများနှင့်တကွ တပည့်တော်ထံက အမှတ်အသား များ, တပည့်တော် ကိုယ်တိုင်ရေးသော ဆရာဝေတို့ ဂုဏ်ဘွဲ့စသော သီချင်းများကို ထိုကဗျာသင်္ဂဟမေဒနီစာအုပ်တွင် ထည့်သွင်းရန် တပည့်တော်က ခွင့်ပြုသည်အတွက် ကိုလွင်မှာ များစွာဂုဏ်ရရုံမက ဖတ်ရှုသူ ရှင်လူတို့မှာလည်း ဗဟုသုတတိုးပွားကြပါသည်။ ဆရာတော်နှင့် တပည့်တော်ပါ ပညာပါရမီ ဖြစ်ပါပြီ။



၁၊ ယခု လှူဒါန်းလိုက်သော ကဗျာသင်္ဂဟ မေဒနီစာအုပ် စာမျက်နှာ ၆၄-ကစ၍ ၆၆-ထိ ရှင်ဝိစိတ္တာစာရ၏ စာငယ်ပါ အသတ်ခြေပါး, အစပ်ခြောက်ပါး စကားကို ထည့်သွင်းဖော်ပြရုံမက ထိုစာငယ်ပေါ်ပြီး နောက်မှ ၁၁၂၂-ခုဘွင် ဦးဩဆို-အလောင်း မင်းတရား၏ ဘုန်းဘွဲ့လူးတားကို ထိုစာခိုင်မာအောင် ဝါပေါက်၍ ထည့်သွင်းထားသည်ကို တွေ့ရပါသည်။ သည်ကဲ့သို့တွေ့ရ၍ ဦးဝိပုလ ကိုယ်တော်ထံ ကိုယ်တိုင်သွားရောက်, ဆရာကျော်ဆရာမြတ်တို့ပယ်ဖျက်ပြီးအသီးသီးရှိပုံကို ပြသလျှောက်ထားရာ ပညာအုပ်မင်းကိုလွင်၏ ခင်မင်ရင်းနှင့်စာကိုယ်ရင်းရှိခြင်းကိုသာ ရည်သံထည့်သွင်းလိုက်ပေသည်။ သည်စာကို လိုက်နာကြရန် မှုချစကား ရေးသားဖော်ပြသည်မဟုတ်၊ စာမျက်နှာ ၆၆-တွင် ထောက်ထား နှိုင်းရှည့်နိုင်ရမည်ဟု အရုစိအနက် ထွက်နိုင်သောစကား ရေးသား ထည့်သွင်းလျက် ရှိပြီဟု ဦးဝိပုလကိုယ်တော်တိုင်က ဖြေရှင်းလိုက်သည်ကို နာခံခဲ့ရသည်။ ကြေနပ်ဘွယ် ရှိ-မရှိကို သိသာ ရှင်းလင်းအောင် ဖြေကြားတော်မူပါ ဒွါဓိပ္ပါယ စကားကို နားလည်သူများ ရှားပါးလှပါပြီ။

၂၊ ဧင်းပြင်-စွယ်စုံကျော်ထင်သတ်ပုံကို ဖြေဆိုတော်မူသော အဖြေဆရာတော်ကြီးလည်း ရှင်ဝိစိတ္တာစာရ စာငယ်သဘောသွားထိုအထော်အထားပြုလုပ်၍ မ-သတ်မှာ အလိုမရှိအပ်သောအသံ, န-သတ်မှာ အလိုရှိအပ်သောအသံ ယူရလေဟန် ပါရှိနေသည်ကိုလည်း မကြေနပ်ပါ။ မကြေနပ်သောအကြောင်းမှာ ရှင်ဝိစိတ္တာစာရ စာငယ်မှတပါး ခိုင်မာသော စာများမှာ အလိုရှိအပ်သောအသံ, အလိုမရှိအပ်သော အသံဟု တပည့်တော်ထံ ရှိသမျှစာများတွင် မမြင်မတွေ့ရသေးသော အချက်, ဆရာကျော် ဆရာမြတ်တို့က ထိုစာငယ်ကို ပယ်တော်မူပြီးဖြစ်သော အချက်များကြောင့် မကြေမနပ် ဖြစ်ရပါသည်။ ကြေနပ်ဘွယ်ရှိ မရှိကို သိသာလင်းကျင်း ဖြေရှင်းတော်မူပါ။

၃၊ ဧင်းပြင်-ရှင်ဝိစိတ္တာစာရစာကိုယ်မှာ နောက်ဆုံးကဖော်ပြလိုက်သော ဇယားပုံစံအတိုင်းပါရှိသည်။ထိုစာကိုယ်တွင် ပ-သတ်, မ-သတ်, သေးတင်များကိုအလိုမရှိအပ်သောအသံဟူ၍ယူရန်၊ တ-သတ်,န-သတ်ကို အလိုရှိအပ်သောအသံဟူ၍ယူရန် ပြမှာ ပါရှိသည်။ တပည့်တော်

လက်ရှိ ကြည့်မိသောစာများနှင့် ဆရာတော်က ကယ်မ ချီးမြှင့်သော သာရတ္ထဒီပနီ, အဖေဋ္ဋကာဒီပနီ များတွင် ရှင်ဝိစိတ္တာလင်္ကာရ စာမှာ ပါသကဲ့သို့ ရှာ၍မတွေ့ရသည့်ပြင် ရှင်တိသာသနဓဇအကျော် ဆရာတော်၏ ဆုံးမတမ်း, တောင်ဘီလာပဏ္ဍိုလ်ကျော်ဆရာတော်၏ ဆုံးမတမ်းများမှာ ပါဠိနှင့် မြန်မာ ရေးရာ, စပ်ရာ, ဖတ်ရာများတွင် ဆိုင်ရာဆိုင်ရာ သုနေရာနှင့်သူ ယူရပုံ။ "တနှင့်ပ၊ နနှင့်မ" စသော မစပ်ကောင်းသော အရာများကို ပြဆိုပုံများသာရှာ၍တွေ့ရပါသည်၊ ထိုစာများသည် ရှင်ဝိစိတ္တာစာရမပေါ်မီ သက္ကရာဇ် ၉၀၀-ကျော်က ဆရာကျော် ဆရာမြတ်များ ရေးထားခဲ့သောစာများဖြစ်ပါသည်။ရင်းပြင် အဝမြို့ ပထမကျော် ရွှေဥမင်ဆရာတော် ၁၁၂၃-ခုက ရေးသော အလင်္ကာဒေါသကထာကလည်း တ နှင့် ပ၊ န နှင့် မ စသော မစပ်အပ်သည်ကို စပ်က ဒေါသသင့်ပုံကိုသာ ပြဆိုတော်မူပါသည်။

(က) တပည့်တော်တွေ့မိသမျှ အရပ်ရပ်နိုင်မာသောစာ,နိုင်မာသော ဆုံးဖြတ်ချက်စာများအရ ဇာဋ္ဌအနိဋ္ဌဟု ဖော်ပြ၍တွေ့ရသည်မှာ နက္ခတ်နှင့် နတ်ကိုသာ အစွဲပြု၍ အကျိုး အပြစ် ရှိပုံအရ ဆန်းဂိုဏ်းဖွဲ့နည်း ဖော်ပြချက်တွင် အလိုရှိအပ်သောဂိုဏ်း, အလိုမရှိအပ်သောဂိုဏ်း-ဟူ၍သာ ရှာတွေ့တွေ့ရှိပါသည်။ အလိုရှိအပ်သောအသံ, အလိုမရှိအပ်သော အသံဟု ရှာ၍မတွေ့ပါ။

ရင်းပြင်-ကာပျအင်္ဂါကျမ်းတွင် (၁) အမူးအကဲးတို့၏ အကြောင်းကိုသာ ဖွဲ့ဆိုအပ်သော ဂဒျ၏ အစိပ်ဖြစ်သော အာချာယိကခေါ်သော အချင်းကဗျာဝါစ။ (၂) အမူးအကဲးနှင့် တကွ အမူးအကဲးမှ တပါး အခြားအကြောင်းများပါဖွဲ့ဆိုအပ်သော ဂဒျ၏အစိပ်ဖြစ်သော ဂါထာခေါ်သော အချင်းကဗျာဝါစ-အားဖြင့် နှစ်ပါးသာ ရှာတွေ့တွေ့ရှိပါသည်။ အလိုရှိအပ်သောအသံ, အလိုမရှိအပ်သော အသံဟူ၍ တစုံတရာ ရှာ၍မတွေ့ပါ။

(ခ) ရင်းပြင်-ပညတ်သံ,ပရမတ်သံ ဆိုသည်မှာလည်း ဆရာတော်က ကယ်မချီးမြှင့်သော သာရတ္ထဒီပနီ, အဖေဋ္ဋကာဒီပနီများမှာ ပါသော သဒ္ဒါနှစ်ပါး ခွဲခြားပုံတွင် လောကသမုတိကထာ, ပရမတ္ထကထာရှိပုံ၊



လောကသမုတိကထာမှာလည်း သစ္စာကထာ, မိစ္ဆာကထာ အားဖြင့် ကွဲပြားပုံ၊ သစ္စာကထာကိုသာ လိုက်နာ၍မြတ်စွာဘုရား ဟောကြားပုံ၊ သင်္ဂဟတရား လေးပါးတွင် သဿမေဓစသော ဝေါဟာရသာ သစ္စာကထာဖြစ်ပုံ၊ သဿမေဓကို အဿမေဓ စသောအားဖြင့် ပုဏ္ဏားတို့က ပရိကပ္ပိတ-ကြံဆ၍ ဖေါ်ရသောက်ရအောင် ပြုပြင်ကြသော အဿမေဓဟူသော ဝေါဟာရမှာ မိစ္ဆာကထာဖြစ်ပုံများသာရှာ၍တွေ့ပါသည်။ စာစပ်နည်းများမှာ အလိုမရှိအပ်သော ပညတ်သံ, ပရမတ်သံ ဟူ၍ ရှာတွေ့မတွေ့ပါ။

(ဂ) ရင်းပြင်-ဂရုသံ, လဟုသံ ဆိုသည်မှာလည်း ဆန်းဂိုဏ်းဖွဲ့ရာ သီချင်းဆိုရာများမှာသာ လိုက်နာရန် ကဝိဂန္ဓပါသျှကျမ်း, ကဝိကဏ္ဌပါသကျမ်း, ကဝိဗျယဒီပနီကျမ်း, အဘိဓာတ်ကျမ်း များတွင် တိုင်သံ, နိမ့်သံ, သက်သံ, တက်သံ, ပြုတသံဟူ၍ အသံရင်းငါးမျိုးရှိပုံ။ တနည်း- အသံသုံးပါးကစ၍ ပွားထွက်သော ၄၉-မျိုးသော အသံခေါ်ပုံ၊ အသံသည် သိစေတတ်သော အကြောင်းဖြစ်ပုံ၊ အသံ၏အနက်အဓိပ္ပါယ်သည် သိအပ်သောအကျိုးဖြစ်ပုံများသာရှာ၍တွေ့ပါသည်။စာစပ်နည်းမှာ အလိုမရှိအပ်သော ဂရုသံ, လဟုသံ၊ အလိုရှိအပ်သော ဂရုသံ, လဟုသံဟူ၍ တစုံတရာရှာ၍မတွေ့ပါဘုရား။ ရှင်ဝိစိတ္တာစာရ အဋ္ဌုပ္ပတ္တိကိုလည်း သိလိုပါသည်ဘုရား။

(ပုံ) ဦးတင်

နယ်ပိုင်ဝန်ထောက် -ပုဂံ

၁၆-၁၁-၁၉၀၉။

## (က) ရှင်ဝိစိတ္တာစာရ၏ စာငယ်သဘောသွားစာဆန်းဖြစ်ပုံကို ပြဆိုသော ဇယားပုံဘုရား

| ရှင်ဝိစိတ္တာစာရ စာကိုယ်မှာ ပါပုံအတိုချုပ် | အကြောင်းအရာ |
| --- | --- |
| ရှင်သီလဝံသ စပ်ဆိုတော်မူသော ပါရမီခန်းသည် အသတ်အစပ် မရွေး အဓိပ္ပါယ်အရကိုသာ ဆိုလေသည်ဟု အသတ်အစပ်ကို နားမလည် မကျွမ်းကျင်သူတို့က အယူရှိကြသည်။<br><br>ထိုသူတို့ အယူကို ပညာ နံ့သော သူတို့က အကယ် ထင်မှတ်လေသည်၊ ထို့ကြောင့် အသတ် ၆–ပါး, အစပ် ၆-ပါးကို ပြဆိုပေအံ့။<br><br>ပရမတ္ထဂရုအနိန္ဒံ၊ ပမနိဂ္ဂဟိတန္တိ ဥဒယျံ၊ လဟုပညတ္တိဆန္ဒံတနံ၊ ပြေ့ကြေ့ရှေ လောကေကထာနတ္ထိ။<br><br>ပရမတ္ထ ဂရုအနိန္ဒံ- ပရမတ်သံ, ဂရုသံ, အလိုမရှိအပ်သော အသံကို၊ ပမနိဂ္ဂဟိတန္တိ-ပသတ်, မသတ်, နိဂ္ဂဟိတ် သေးသေးတင်ဟူ၍၊ဥဒယျံ-သိအပ်၏၊ လယုပညတ္တိဆန္ဒံ–လဟုသံ, ပညတ်သံ, အလိုရှိအပ်သော အသံကို၊ တနံတိ– တ သတ်, န သတ် ဟူ၍၊ ဥဒယျံ–သိအပ်၏၊ ပြေ့ကြေ့ရှေ–ပြေ့ကြေ့ရှေ ဟူသော စကားသည်၊ လောကေ--လောက၌၊ နတ္ထိတိ–မရှိဟူ၍၊ ဥဒယျံ–သိအပ်၏။ | စကားအိမ်ဖွဲ့ပုံ၊ ပါရမီခန်းကိုမူလ, မ-တည်၍ပြဆိုပုံများကိုငင်း၊ပသတ်, မသတ်, သေးသေးတင် ရှိလျှင် ပရမတ်သံ, ဂရုသံ, အယုံ မရှိအပ်သော အသံ ၃–ချက်ဟူ၍ ယူရန်ငင်း၊ တ သတ်, န သတ် ရှိလျှင် လဟုသံ, ပညတ်သံ, အလိုရှိအပ်သော အသံ သုံးချက်ဟူ၍ ယူရန်ငင်း၊ ပါဠိ ဘာသာ ဂါထာစီ၍ ပြဆိုသော်လည်း ထိုပါဠိမှာ အတ္တနော မတိ အလိုသာ ပါရှိ၍ ခိုင် မာ သော ကျမ်းဂန် အထောက်အထား များမှာ မပါမရှိ သောကြောင့်ငင်း၊အကြောင်းအကျိုး သဘောသွားရှိသည်ကို ဝိစာရ နှလုံးသွင်းဖြင့် သုံးသပ် ဆင်ခြင်ရာ စာရှိသည်ဆိုရုံမျှနှင့် မယုံရ မယူရသော ပါဠိ ဖြစ်၍ နေပါသည်။ အရက်သောက်၍ သိကြားဖြစ်သည်ဆိုသော "သူရာပါနော သက္ကော ဘဝိဿတိ" အစရှိသော ပါဠိကဲ့သို့ပင် ထပ်တူကျနေပါသည်၊ တပည့်တော် လျှောက်စာ ၃-မှတ် အပိုဒ်ပါ က-မှတ်, ခ-မှတ်, ဂ-မှတ် အချက်များကို ကြည့်တော်မူပါ။ ရှင်ရဋ္ဌသာရ စပ်နည်း ကဗျာကိုမှီး၍ သိရသည်ဟုပါရှိသည်မှာလည်း သူခိုး သဘော် ညီသည့် ပမာ ပါရမီခန်းတွင်အစပ်ပျက်သော အရာကို ထေးဖာဘိသကဲ့သို့ရှိသည်ကို |



| ရှင်ဝိစိတ္တာစာရ စာကိုယ်မှာပါပုံအတိုချုပ် | အကြောင်းအရာ |
| --- | --- |
| အဘယ်ဆရာကို မှီး၍ သိရာသနည်းဟူမူကား....ပျို့ကဗျာလင်္ကာမှု၌ မ-တလုံး ကြေတော်မူသော ဆရာကျော် ရှင်ရဋ္ဌသာရ ဆိုတော်မူသော ကဗျာနည်းများကိုမှီး၍သိရသတည်းဟူ၍ ပါရှိပါသည်။<br><br>မူလ စာကိုယ်မှာ ပါပုံ အသတ် ၆-ပါးအကြောင်း အတိုချုပ်ကို ပြဆိုချက်ပြီးပြီ။ | သာ သိသာရပါသည်၊ သိသာရပုံမှာ ရှင်ရဋ္ဌသာရ၏ အစပ် မှန်ကို အစပ်ပျက်ဖြစ်အောင် ဖျက်ဆီး ပြဆိုပါသည်။ ဖျက်ဆီးပုံ သိသာရန် စံအနေမျှ ဖော်ပြသော်–ပုံ တောင်နိုင်မော်ကွန်းတွင် ခုတ်ဖြတ်သောအနက် မသတ် ထိမ်းကို ထိန်း သိမ်း သော အနက်ကဲ့သို့ အစပ်ပျက်အောင် န-သတ်ထိန်းဟု ပြဆိုသကဲ့သို့ ဖျက်ဆီးသော အရာ များစွာ ပါရှိပါသည်။ ပေါရာဏကထာ အဟောင်း အသစ်များနှင့် ဋီကာများမှာ ထိန်း-နှင့်-ထိမ်း ကွဲးပုံ ပါရှိပြီး ဖြစ်ပါသည်။ တန်ဆိုး ၃-ပါး အနက်မျက်နှာတန်ဆိုး,မေတ္တာတန်ဆိုး၂–မျိုးကို ငဲ့ကွက်ရေးသားသည့်အရာ လွန်စွာ သိသာ ထင်ရှားပါသည်ဘုရား။ |

| | အစပ်ခြောက်ပါး | ရည်ရွယ်ပုံ | အကြောင်း အရာ |
|---|---|---|---|
| ၁ | သပ်စေ့နှက်စပ်နည်း။ | ၃-ချက်ညီသတ်သည်ကို ဆိုလိုသည်။ | ၎င်းအချက်ပါစပ်နည်းခြောက်မျိုးတွင် ၁-မှတ် အချက် မှာသာ ခိုင်မာသော စကားများနှင့် ညီပါသည်။ ၂-မှတ် ၃-မှတ် ၄-မှတ် အချက်များမှာ ခိုင်မာသော စာများနှင့် မညီပါ၊ ၅-မှတ် ၆-မှတ် အချက် များမှာ ခိုင်မာသော စာ များ တွင် ချိ နည်းဟူ၍သာ ပါရှိပါသည်။ အတွင်း စာသွားဟူ၍ မပါမရှိပါ။ ထင်ရာပြင်ကာ ဖော်ပြသည့် အရာ စာဆန်းသာ ဖြစ်ပါသည်ဘုရား။ |
| ၂ | ဦးတိုက်စပ်နည်း။ | ပ-နှစ်ချက်သတ်ပြီးမှ တ သတ်သည်ကိုဆိုလိုသည်။ | |
| ၃ | ထိပ်ချင်းချွတ်စပ်နည်း။ | ပ-သတ်ပြီးမှ တ-သတ် သည်ကို ဆိုလိုသည်။ | |
| ၄ | ထိပ်ချင်းတပ်စပ်နည်း။ | တ-သတ်ပြီးမှ ပ-သတ် သည်ကို ဆိုလိုသည်။ | |
| ၅ | ချိန်ခွင်လျှာစပ်နည်း။ | န-သတ်ကို ပ-နှစ်ဘက်ညှပ် ၍ သတ်သည်ကို ဆိုလိုသည်။ | |
| ၆ | ဘီလူးရယ်စပ်နည်း။ | သေးသေးတင် စပ်ပြီးမှ န-သတ်သည်ကိုဆိုလိုသ်။ | |

## ၆၅–ရွှေမင်းဝံဆရာတော်ထံကလာရင်းစာ လက်ခံမှုလကို ဦးဝိပုလ ကိုယ်တော်ထံ ပို့လိုက်သည်

တကာတော် နယ်ပိုင်ဝန်ထောက်မင်းထံပြန်စာ

လျှောက်စာနှင့်တကွ ပေးပို့လှူဒါန်းလိုက်သော ကဗျာသင်္ဂဟ မေဒနီ စာအုပ် ၃–အုပ်ရပါပြီ၊ ဆရာကိုယ်တိုင် ထိုစာအုပ်ကို သုံးသပ်လေ့ကျက်ရန် အလိုမရှိပါ။ သို့ရာတွင် ကဗျာကို ဝါသနာပါသူ တပည့်များမှာ ငါးပါးရှိသည်။ သုံးပါးကို ဝေငှလိုက်ရာ နှစ်ပါးမှာ မရသေး၍ အားကျနေကြသည်။ ထိုနှစ်ပါးအလို့ငှာ ကဗျာသင်္ဂဟမေဒနီ စာအုပ် ၂-အုပ် ထပ်မံလှူဒါန်းပါဦး-တကာတော်။

ရှင်ဝိစိတ္တာစာရ စာငယ်အကြောင်းကို တကာတော် သုံးသပ်ဆင်ခြင်ရာ သိသာရပုံ ဖော်ပြသောအချက်များတွင် ပြင်ဆင်ရောစွက်ရန် မလိုတော့ဟု ထင်မြင်ပေသည်။ သာရတ္ထပကာသနီနှင့် အဖေဠကျော ဒီပနီများ



သည် အတ္ထနော မတိကို ယုတ္တိလက်တွေ့ညီညွတ်၍ အပြစ်လွတ်မှ လိုက်နာရန် ပြဆိုသောအချက်မှာ ခိုင်မာလှစွာသော ဘုရားဟောနှင့်ညီသော စာများဖြစ်ပေသည်။

ဦးဝိပုလ၏ဆင်ခြေကို ကြေနပ် သင့်ပေသည်။ ကြေနပ်သင့်သော အကြောင်းကား….အာသဝေါတရား မကင်းသေးသော ပုဂ္ဂိုလ်များသည် မေတ္တာ, မျက်နှာ, ပဏ္ဍာ-ဟူသောတန်ဆိုး သုံးပါးတွင် မေတ္တာတန်ဆိုး ကင်းလွတ်ခဲသည်မှာ ဓမ္မတာဟူ၍ ယူသင့်ပေသည်။ လောကီမေတ္တာနှင့် အပ္ပနာမေတ္တာ ခြားကွာပုံကို တကာတော် သိရင်းပင် ဖြစ်သည်။ ဦးဝိပုလသည် ဆရာ၏အောက် (၁၀) ဝါလောက် ငယ်ပေသေးသည်။ နှိုင်းရှည့်နိုင်သည်ဟု ဦးဝိပုလက ရေးသားထည့်သွင်းသော စကားသည် ဣဿရိယစကားမဟုတ်ပေ၊ နှိုင်းရှည့်လိုသူတို့ နှိုင်းရှည့်လိုကနှိုင်းရှည့်ကြရန်သာဖြစ်ပေသည်။လိုက်နာရန် ညွှန်ပြသည်မဟုတ်ပေ၍ ကြေနပ်သင့်ပေသည်။

တကာတော် လျှောက်စာတွင် ဒွါဓိပ္ပါယစကားကို နားလည်သူများရှားပါးပြီ ဆိုသောစကားလည်း မှန်ပေသည်။ သို့ရာတွင် ပညာကြီးကျယ်သော ဆရာတော်ကြီးများ ရေးသားလေ့ရှိသည်မှာ သတ္တဝါကို သနားညှာတာသော မေတ္တာစိတ်နှင့် နိဗ္ဗာန်မလိုချင်သူကို လိုချင်ရန်၊ ရသာယနဆေးရှိပုံကို မယုံကြည်သူတို့ ယုံကြည်ရန် အားသန်ဝင်စားကြစေခြင်းငှာ ဒွါဓိပ္ပါယ ရေးကြသည်မှာ မိစ္ဆာဝါဒ ပရိကပ္ပိတ ကြံဆသောအတ္ထနောမတိ ကထာမျိုး,ဝါစမျိုးကဲ့သို့ မဆိုးဝါးပေ။ လောကီမေတ္တာတန်ဆိုး မကင်းသောကြောင့် မသန့်မရှင်းလှ ဟူ၍သာ ယူသင့်ပေသည်။

ဓွယ်စုံကျော်ထင် သတ်ပုံအဖြေကိုလည်း ကြေနပ်သင့်ပေသည်။ကြေနပ်သင့်သော အကြောင်းအရာများကား များစွာရှိပေသည်။ အချို့နေရာတွင် ဆရာတော်ကိုယ်တိုင် အလုံးစုံဖြေသည်မဟုတ်၊ ရှေးက အဖြေဟောင်း တပိုင်းတစရှိသော ဖြေချက်ကို ဆိုင်ရာထိုက်ရာယူလျက် ဆက်လက်ဖြေဆိုရခြင်း၊နေရာတိုင်းမှာ ခါးနှင့်ခုတ်၍ပြတ်သကဲ့သို့ တိတိကြီးပြတ်ရန် မရည်သန်ပဲ၊ သေးနုပ်လျှင် ဒုတ်နှင့်ပင်ပြတ်စေမည်ဟု ရည်သန်သော စကားအဖြေကျမ်းသစ်ဟူသော စကားများ ၎င်းကျမ်းတွင် အထင်အရှား ရေးသား ပါရှိခြင်းများနှင့်တကွ မေဟာဂတိကင်းရန် ခဲယဉ်းပုံ

ကိုလည်း ပြဆိုလျက်ရှိပေသေးသည်။ သတိမထားမိသော အချက်ရှိလျှင်လည်း သတိမထားမိဟု ဝန်ခံတော်မူခြင်းသည် သူတော်ကောင်းစကားဖြစ်ပေသည်။ သတိမထားမိသောအချက်ကိုဝန်ခံတော်မူသောအကြောင်းကား–ခမေးရင်းပုဂ္ဂိုလ်က ဒုကနိပါတ်ဥပါဟနဇာတ်ကိုရည်၍ ရွှေသို့တိုးဟုဆိုလျှင် နောက်သို့ဆုတ်သောဆင်သည် မည်သည့်ဆင်လဲဟုမေးသည်ကို သတိမထားမိဟု အဖြေ ဆရာတော်က ဝန်ခံတော်မူ၍ နောင်မွန်စော်ဘွားဆင်ဟု တဆင့်စကားကြားဘူးသည်ဟူ၍သာ ဖော်ပြတော်မူခဲ့ပေသည်။ ၎င်းပြင် ရှင်ဝိစိတ္တာစာရ၏ စာငယ်ကို ပယ်သောစာများသည် တောနယ်တိုင်း ပြန့်နှံ့ခြင်းမရှိပဲ ရာဇဌာနီမှာသာ လိုက်နာနိုင်ကြပုံ၊ ရာဇဌာနီမှာလည်း သုဓမ္မာဝင် ဆရာတော်များ ကျောင်းများတွင်သာ လေးနက်စွာ လိုက်နာပုံ၊ အခြား ပိဋကတ်သင် ကျောင်းများက အမှတ်တမဲ့နေကြပုံ၊ လွှတ်ရုံး ငါးရပ်မှာသာ လိုက်နာကြပုံများကို တကာတော်သိရင်းစွဲပင်တည်း။

ရှင်ဝိစိတ္တာစာရ အဋ္ဌုပ္ပတ္တိကို သိလိုပါသည်ဟူသောအချက်မှာ ဆရာသည် အနည်းငယ်မျှသာသိပါသည်။ အဝမြို့ ရွှေစေတီ ဆေးရေးကျောင်းနေ ဉာဏသာဂရဆရာတော်၏ တပည့်ဟု ကြားဘူးပေသည်။ ထိုဉာဏသာဂရဆရာတော်မှာ–ဟံသာဝတီရောက် မင်းက ဉာဏသာဂရ သဒ္ဓမ္မရာဇဂုရုဘွဲ့–လျှာဒါန်းပြီးနောက် လူများကဲ့သို့ မတ်ကြီးကျော်ဟိုး ခေါ်ထိပ်မိုးဟူသောဘွဲ့နှင့် ရွှေဦးထုပ် ရွှေသင်္ကန်းလျှာဒါန်း၍ နန်းတော်ဝင်နန်းတော်ထွက်များတွင် ဆင်နှင့်သော်၎င်း, ရွှေထမ်းစင်နှင့်သော်၎င်း ဝင်ရ–ထွက်ရသော အကြောင်းအရာများမှာ တကာတော်သိပြီးအတိုင်းပင်တည်း။

(ပုံ) ရွှေမင်းဝံဆရာတော်

၂၄–၁၁–၁၉၀၉–ခု။

---



## ၆၆–ရှင်ဝိစိတ္တာစာရ စာဆန်းအား စာရှိသည်ဆိုရုံနှင့် ယုံမှား၍ ကိုးကားဆဲ ပြန့်ပွားဆဲရှိပုံကို ပြဆိုချက်

ထိုစာငယ်ကို လိုလား နှစ်သက်ကြသောသူတို့ အချို့ လိုက်နာဆဲရှိသည်မှာ ခဲယဉ်းစွာ စာပေမကြည့်မသင်ပဲ ထင်မြင်ရာ နည်းလမ်းအတိုင်း စည်းကမ်းမဲ့ လွယ်ကူစွာ ရေးသားစပ်ဆိုနိုင်သည်ဖြစ်၍ မပစ်မပယ်သေးပဲ ရေးသားကြဆဲ ကိုးကားလိုက်နာကြဆဲ ရှိသည်။

မည်သည့်လူမျိုးမဆို သဘောဉာဏ်ကြီးရင့်၍ မြင့်မြတ်သော စိတ်ထားရှိကြသော ကဝိအသွယ်သွယ်တို့မှာမူ လွယ်ကူညံ့ဖျင်းသော စည်းကမ်းနည်းလမ်းထက် ခက်ခဲမှန်ကန်သော စည်းကမ်းနည်းလမ်းမှာ သာ၍ လေးနက်စွာ လိုက်နာအပ်သောအခြင်းအရာ အင်္ဂါလက္ခဏာရှိသည်ကို သိကြပြီးဖြစ်သော်လည်း ကာလဒေသ ခေတ်အလိုက် ရွှေစစ်စစ်ဆယ်မှုးရည်မရနိုင်သည့်အခါ သာမန်ရွှေကို အသုံးပြုရရိုး, ကတိုးစစ်မရနိုင်သည့်အခါ ကြောင်နံ့သာကို လိုရာဆေးဘက် ထည့်ရရိုးများမှာ ဓမ္မတာသဘောပင် ဖြစ်တော့သည်။

ထိုသတ်ညွှန်းစာငယ်တွင် ပါဝင်သော သဘောသွားမှာ ကာရန်အမှန် လိုက်နာရန် မလို၊ တ–သတ်ကို ပ–သတ်နှင့်စပ်ကောင်းပုံ,နသတ်ကို မ–သတ်နှင့် စပ်ကောင်းပုံ စသော အားဖြင့် မြန်မာကဗျာဖွဲ့နည်းဂုဏ်ညံ့အောင် နည်းမှား လိုက်နာပုံများကို ကိုးကား ဖော်ပြခြင်း ဖြစ်သည်၊ သည်ကဲ့သို့ဖြစ်၍ သည်စာငယ်ကို အသွယ်သွယ်သောရဟန်းပညာရှိအပေါင်းနှင့် တကွ ၁၂၄၀–ပြည့်နှစ် တောင်ဥယျာဉ်တော် အတွင်းအစည်းအဝေးရုံတော်တွင် ပါဝင်သော မှူးမတ်ပညာရှိအများတို့ ပိုင်းခြားဆုံးဖြတ်သော ပြဋ္ဌာန်းချက်မှာလည်း ထိုစာငယ်ကို ပယ်ပြီးဖြစ်သည်။

၎င်းပြင် ၁၈၉၂–ခုနှစ်က စုဆောင်းပြုစုပြီးစီးသော မူလ ကဗျာဗန္ဓသာရကျမ်းတွင်တကြိမ်၊ ၁၉၁၃–ခုတွင် စုဆောင်းပြီးစီးသော ဂသင်ဝိသောဓနီ သတ်ညွှန်းတွင်တကြိမ်၊ ၁၉၂၂–ခုနှစ်က စုဆောင်းပြီးစီးသော ယခုအခါ အစိုးရမင်းတို့က အစိုးရပုံနှိပ်တိုက်တွင် စက်တင် ပုံနှိပ်ဆဲရှိသော မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းကြီးမှာတကြိမ်အားဖြင့် သုံးကြိမ်သုံးခါ ၎င်းစာငယ် ပယ်ပြီးဖြစ်ပုံကို ပြဆိုခဲ့ပြီးဖြစ်သည်။

(က) သည်ကဲ့သို့ ဖြစ်ပါလျက်နှင့် ၁၉၂၇-ခု၊ ဧပြီလမှစ၍ ထုတ်ဝေသော ကဝိမျက်မှန်မဂ္ဂဇင်း ကဗျာပိုင်းတွင် ၎င်းစာငယ်ကို ကိုးကား၍ ပညတ်သံ, ပရမတ်သံများကို အားကိုး ရေးထားသော အချက်၊ ၁၉၂၉-ခု ဒီဇင်ဘာလ ထုတ် ကဝိမျက်မှန် မဂ္ဂဇင်းမှာ ပါသော လက်ထပ်မင်္ဂလာ ရတုတွင် င-သတ်နှင့် ည-သတ် စပ်ဆိုပါရှိသော အချက်၊ ၁၉၂၇-ခုနှစ်၊ ဇူလိုင်လနှင့်တိုက်ဆိုင်သော ၁၂၈၉-ခု ဝါဆိုလပြည့် နေ့စွဲးပါသော ကဗျာဖွဲ့နည်းကျမ်း ခေါ်သော နေရှင်နယ်ကျောင်းသုံးစာအုပ်တွင် ၎င်းစာငယ်ကို ကိုးကားထားသော အချက်၊ ၁၉၂၈-ခု စက်တင်ဘာလထုတ် ဂျာနယ်ကျော် (၉၇) မှတ်ပါ ရှစ်နှစ်လွန်မြောက် ကိုးနှစ်ရောက်ဖြစ်သော ဒဂုန်မဂ္ဂဇင်းစာအုပ် စာမျက်နှာ ၃၈၂၊ ၃၈၃-များတွင် ချိန်ခွင်လျှာချနည်းကို အဟွင်းစာသွား စပ်နည်းကဲ့သို့ ညှပ်၍ စပ်ဆိုပါရှိခြင်း။ င-နှင့် ည-ကို အသံတူမှတ်၍ စပ်ဆိုပါရှိခြင်းများကို တွေ့ရပြန်သည်။

သို့ရာတွင် ဤမျှလောက် အချွတ်အယွင်းကလေးဖြစ်လျှင် အပြစ်တင်ဘွယ်အရေးမကြီးလှ။ ဒေါသမလွတ်ဟန်ကြောင့် စံတော်မှီရွှေစင်မဖြစ်တက်သော်လည်း ရှစ်မူးရည်အနေသုံးကောင်းသည်။ အကြောင်းမူကား ၎င်းမဂ္ဂဇင်းများတွင်ပါသော များစွာသော ကဗျာမှာ နတ်သုဒ္ဓါကဲ့သို့ မြင့်မြတ်ခသော်လည်း စားတော်ဝင် ဘောဇဉ်များတွင် မစားသင့်သော အရိုးအကျွမ်းအခြစ်များကို ပယ်ရှား၍ စားမြဲ တန်တွာ ရှိသည်ကို၎င်း၊ "တရာလေသံတွင်၊ တခုလျှင်၊ မှားမြင်ပြစ်ကင်းရ" ဟူသောဆုံးမစာကို၎င်း၊ ဝါနုဝါရင့်ကို ချင့်ချိန်မြဲးဟူ၍၎င်း၊ အသီးအသီး ဩဝါဒ စကားများမှာထားလျက် ရှိပေသည်။ ယင်းကဲ့သို့ဖြစ်၍ ကဝိမျက်မှန် မဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်းများမှာ ရှင်ဝိစိတ္တာစာရစာကို လိုက်နာ မှားယွင်းခြင်း-အကြောင်းသည်-နှာခေါင်းရှုံ့ရန် မဟုတ်သေး၊ ကျွန်ုပ် အသက်အရွယ်ငယ်စဉ်အခါက စာရှုံသည်ဆိုရုံနှင့် ယုံကြည်လိုက်နာဘူးသည့် အတွက် အရှက်ရဘူးသောအချက် လက်တွေ့ကိုထောက်ထားကာ ညာတာသိမ်းဆည်းညာဏ်ထိန်းစည်း၍ သည်းခံသင့်သောသမာနတ္တတာတရားထင်ရှားရှိသည်နှင့်အညီ နှမ်းဆီတပြေး နှလုံးသွေးဖြင့် အရေးမယူ လျစ်လျူတမ်းသာ နေနိုင်ရာသော သဘောလမ်း ဖြောင့်တန်းပါသည်။ ကျွန်ုပ်မှားကြောင်းကို သိလိုလျှင် ကဗျာဗန္ဓသာရ နောက်ဆက်တွဲ ပထမပိုင်း



အဝှန်းဂျာနယ်စဉ် (၂၁) ဆိုင်ရာ (၂) တွင် ကြည့်လျှင် တွေ့မြင်နိုင်ပါသည်။ ၎င်းပြင် အဝှန်းဂျာနယ်စဉ် ၅၈-၅၉-၆၀-ကိုလည်း ကြည့်ပါ။

(ခ) သည်ကဲ့သို့ နည်းနည်းပါးပါး အမှားကလေးများကို ငြိုငြင်ရန်မရှိလှသော်လည်း မူလစာပျက်စာမှားကို အားပေးရန် ကြံဖန်ဖော်ပြသောအကြောင်းတွင် နှာခေါင်းမရှုံ့ပဲ မနေသာသည့်အကြောင်းမှာ နောင်လာနောက်သားအများ ထပ်ပွား မှားယွင်းမရှိအောင် သတိပေးတရားရေးသားသင့်သည့်အရဖော်ပြသော် ခိုင်မာသော ထီးနန်းလွှတ်ရုံးသုံးကဗျာဖွဲ့နည်းကျမ်းတိုင်း အတွင်းလေးလုံးစပ်စာသားတွင် ချိန်ခွင်လျှာစပ်နည်းဆို၍ မရှိသည်ကို ကဗျာဖွဲ့နည်းခေါ်သော စာအုပ်ငယ်တွင် ချိန်ခွင်လျှာစပ်နည်းဟု ပြုလုပ် ဥဒါဟရဏ်ပြယုဂ် ထုတ်ထားသည်မှာ-ဘူရိဒတ် ဇာတ်ပေါင်းတွင်- "ကြေညာခပ်သိမ်း၊ ရန်စစ်ထိန်းလည်း၊ မတိမ်းမပါး" ဟု စပ်ဆိုလေဟန် ကြံဘန်ဖော်ပြပါရှိသည်။ သည်ကဲ့သို့ ဖော်ပြသည်မှာ ပါရမီခန်းတွင်- "ထိပ်ခတ်လန့်ကြိမ်း၊ နှောင်အိမ်ငြိမ်း၍၊ စောင့်ထိန်းကွပ်ညှပ်" ဟူ၍ ပါသည်ကို ထေးဖာခြင်းပင်တည်း။ ဘူရိဒတ်ဇာတ်ပေါင်းမှာ ၎င်းကဗျာမပါ၊ ပုံတောင်နိုင် မော်ကွန်းမှာ သာလာသည်။ သည်ကဲ့သို့ စာလွဲးမှုလွဲး အဓိပ္ပါယ်လွဲးကို မသိတတ်၍ မသတ်ထိမ်းကို-နသတ်ထိန်း ပြုပြင်ဖော်ပြသည်မှာ စာစုံစုံလည်း မတွေ့၊ ပေါရာဏကကထာရှိသည်ကိုလည်း သတိမထားမိခြင်းပင်တည်း။

စာမစုံပုံကား....နသတ်ထိန်းမှာ ထိန်းကျောင်းသောအနက်, သိမ်းဆည်းစောင့်ရှောက်သော အနက်၊ မ-သတ်ထိမ်းမှာ ခုတ်ချိုင်ချိုးဖြတ်သောအနက် ရှိသည်ကို မသိမမြင်ခြင်း ဖြစ်သည်၊ အထောက်အထားကား-ပေါရာဏကကထာ ပါဠိနိဿယတွင်-ထိမ်းတိ-ခုတ်ဖြတ်သည်တိဝုစ္စတေ-ဟူ၍၎င်း။ ပေါရာဏကကထာဋီကာတွင်- ထိမ်းဟူသည်ကား-ခုတ်ချိုင်ချိုးဖြတ်သည်-ဟူ၍၎င်း၊ တိုင်းရင်းသား ပညာဝန် ဦးဖိုးကျား ထုတ်သော ပေါရာဏ အဘိဓာန်တွင် ထိမ်းဟူသည်ကား ခုတ်ဖြတ်, ခုတ်ချိုင်, ခုတ်လှဲးသည်ဟူ၍၎င်း၊ တောထိမ်းသည်, တောခုတ်သည်, သစ်ထိမ်းသည်, သစ်ခုတ်သည်ဟူ၍၎င်းဖော်ပြပါရှိရုံမက ရှင်ဇေယျာဘိဟု နုစဉ်ကအမည်တွင်ပြီးနောက် ကြီးသောအခါ ပြည်ဆရာတော်ဟု ကျော်စောသော ပုဂ္ဂိုလ်ကျော်ရေးသားသော ပေါရာဏ၊ တွင်းသင်း ပေါရာဏ၊ မောင်းထောင်ဆရာတော် ပေါရာဏ၊ ဆရာဖြေ ပေါရာဏ၊ ဦးကျော်ရန်

ဒပါရာဏ၊ မုံရွေးဆရာတော် ပေါရာဏ၊ ကင်းဝန်မင်းကြီး ပေါရာဏ စသော ပေါရာဏ များမှာလည်း ထိုနည်းပင်လာသည်။ လက်တွေ့ကို ဖော်ပြသော် ယခုအခါ ပုဂံ ဆင္ဗဒိဝိဇံနယ်အပေါ် သစ်ထိမ်းရွာ ရှိသည်။ ထိုရွာသည် ပုပ္ပါးအရှေ့ ခရီးဆယ်မိုင်ခန့်ကွာတွင် ရှိသည်။သစ်ဝါးခုတ် လုပ် ရောင်းချစားသောရွာပင်တည်း။

ဝင်းပြင် န-သတ်ထိန်းစပ်ထုံးမှာ ဘူရိဒတ်ဇာတ်ပေါင်းတွင်- "စည်ကြီးထိန်းထိန်း၊ စည်မုဒိန်းလည်း၊ မြည်ဟိန်းကြားကျယ်" ဟူ၍ အသံမြည်သည်ကို န-သတ်ထိန်းနှင့် စပ်ဆိုတော်မူသည်။ ကိုးခန်းပျို့တွင်- "ဆင်ထိန်းမြင်းထိန်း၊ ကလိန်းကလက်"ဟူ၍ ထိန်းကျောင်းသောအနက်ကို စပ်ဆိုတော်မူသည်။

ဝင်းပြင်-မ-သတ်ထိမ်းစပ်ထုံးမှာ ကိုးခန်းပျို့တွင်- "ပြောပထိမ်းထိမ်း မှတ်မှတ်တည်း... ကြောမစိမ်းစိမ်း လတ်လတ်တည်း"ဟူ၍ ထိမ်းမှတ်သောအနက်ကို စပ်ဆိုတော်မူသည်။ ဝင်းပြင် ကိုးခန်းပျို့တွင်ပင်- "ဝမ်းထဲးမူတိမ်း၊ ရန်စစ်ထိမ်းသည်... သစ်စိမ်းထင်းနှယ် ချိုးသတည်း"ဟူ၍။ ဝင်း၊ ပုံတောင်နိုင်မော်ကွန်းတွင်- "ကြေညာခပ်သိမ်း၊ ရန်စစ်ထိမ်းလည်း မတိမ်းမပါး"ဟူ၍.ဝင်း ခုတ်ထိမ်း,ဖြတ်ထိမ်းသောအနက် စပ်ဆိုတော်မူသည်။

ယခုကိုးကား ပြဆိုသော အထောက်အထားများမှာ ရှင်ရဋ္ဌသာရ ဆရာတော် ပုဂ္ဂိုလ်ကျော် ရေးတော်မူသော ကဗျာများဖြစ်သည်။ တဦးတည်း ရေးသောစာတွင်အဓိပ္ပါယ်တမျိုးတည်းမှာ တနေရာဝယ်-နသတ်, တနေရာဝယ်-မသတ် စပ်မြဲ မရှိသည်ကို သတိမထားပဲ ချိန်ခွင်လျှာ အစပ်ဘက်ကိုလှ၍ ပြုပြင်ပြီးလျှင် မသတ်ထိမ်းကို-နသတ် ထိန်းဟူ၍ ဖော်ပြသည့်အရာ သိသာသောအမှားမျိုးတည်း။ သူခိုးသည် ခိုးဆဲးအခါ ခိုးရာပါပစ္စည်းလက်ရှိနှင့်တွေ့မိသကဲ့သို့ သိသာရတော့သတည်း။ အဝှန်းဂဏန်းစဉ်(၂၁)ဆိုင်ရာ(က)မှတ်ပါ-ထိမ်းအကြောင်းကိုလည်း ကြည့်ပါ။ သည်သတ်ညွှန်းငယ်အကြောင်းနှင့်စပ်၍ ထပ်ခါထပ်ခါဖော်ပြသည်မှာ မြန်မာစာ ပျက်စီးဂုဏ်ညှိုးမည်ကို စိုးရိမ်လှ၍ ဖော်ပြရခြင်းပင်တည်း။ အဝှန်းဂဏန်းစဉ် ၉၁-ဆိုင်ရာ(စ) အမှတ် နောက်ဆုံးမှာလည်းကြည့်ပါ။

ဝင်းပြင်-ခိုင်မာသောကဗျာဖွဲ့နည်း သတ္တတဘာသာ ကာပျအင်္ဂါကျမ်း, မြန်မာ ဘာသာ ကဝိကဏ္ဍပါသကျမ်း-စသော ကျမ်းကြီး ကျမ်းခိုင်



များမှာ ချိန်ခွင်လျှာ စပ်နည်း, ဘီလူးရယ် စပ်နည်းဟူ၍ အတွင်းစာသွားစပ်နည်းများမှာ မပါမရှိ၊ ချနည်းသာလျှင် ချိန်ခွင်လျှာချနည်း, ဘီလူးရယ်ချနည်း-ဟူ၍ ပါရှိသည်။ ကဗျာဗန္ဓသာရနောက်ဆက်တွဲ အဝှန်းဂဏန်းစဉ် ၂၂-မှစ၍ ၂၈-ထိများတွင် ချိန်ခွင်လျှာချနည်း, ဘီလူးရယ်ချနည်းစသော ချနည်းအထောက်များကိုကြည့်။

ဝင်းပြင်-ဝင်းကဗျာဖွဲ့နည်း ကျမ်းငယ်တွင်-"လှံမအိမ်မွှန်၊ မကျန်ပွင့်ချပ်၊ ဇလပ်ပျံ့မွှေး" ဟူသောရေးနည်းသည် ဘီလူးရယ်စပ်နည်းဟူ၍ ဖော်ပြပါရှိသေးသည်။ ဘီလူးရယ်ဖြစ်ပုံ ဥဒါဟရဏ်သာဓကကို ထုတ်ဆို ဖော်ပြခြင်းမရှိ၊ ထိုစပ်နည်းမျိုးမှာ ရထားပြေးစပ်နည်း ဟူ၍.ဝင်း၊ မှန်ကန်သော အတွင်းစာသွားစပ်နည်းတွင် ပဌမမြောက်စပ်နည်း ဟူ.၍. ဝင်း ကဗျာပညာရှိကြီး အသီးအသီးတို့ ရေးခဲ့သော အထောက်အထား များမှာ မြောက်မြားစွာ ရှိသော်လည်း သိသာရုံမျှဖော်ပြမည်။

ဆုတောင်းခန်းတွင်-"လာလာသသူ၊ ဦးဖြူဦးနက်၊ ကိုယ်လက် သုတ်သင်၊ ထွက်ဝင်တစိ၊ မသိမကြား" ဟူ၍.ဝင်း,...."ဇုန္ဒနီလာ၊ မသာရဂလ်၊ ရောင်ဝှန်ရှိန်စော်၊ ဝေရော်စနု" ဟူ၍.ဝင်း။

ကိုးခန်းပျို့တွင်-"အဘန်ဘန်လျှင်၊ တသန္ဓေမေ၊ တပေလျှဉ်းလျှဉ်း၊ တညဉ်းဆိုးဆိုး၊ တညိုးလျှလျှ၊ တတလွှမ်းလွှမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလှိုက်လှိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ တဝန်းလျှားလျှား" ဟူ၍.ဝင်း,..."ညောင်ရွက် လူလူ၊ ကြာချူညီးညီး၊ သီးမြီးလိုလို၊ ထိပ်မိုရဲးရဲး၊ ဘိုးကဲးနှင်နှင်၊ မျက်ရှင်ပြောင်ပြောင်၊ ဖြူရောင်လှပ်လှပ်၊ ထီးရပ်ဘားဘား၊ ဟန့်ထားနေခြည်" ဟူ၍.ဝင်း။

သုဝဏ္ဏသာမ သဗ္ဗာခန်းတွင်-"ငါ့သား သည်းအူ၊ ငါ့တူ ချွေးမ၊ ယောက်ဖကြွင်လောက်၊ သွေးသောက်ချစ်ခင်" ဟူ၍.ဝင်း,...."ဇမ္ဗော်နဒ၊ သိင်္ဂီရည်စင်၊ မျက်ရှင်ပြည့်သိပ်" ဟူ၍.ဝင်း။

ပြာဋိဟာခန်းတွင်-"ခက်လက်ကိုင်လှမ်း၊မှည့်ရွမ်းသစ်သီး" ဟူ၍.ဝင်း "မမြော်သီးနှံ၊ အသွံအဖျင်း" ဟူ၍.ဝင်း,... လောကသာရပျို့တွင်.... "ပါဏာတိပါတ်သတ်စိုးချုံ၊ သွေးသံဘောက်ထုတ်" ဟူ၍.ဝင်း, ...."ပါဏာတိ ပါတ်၊ မသတ်သူ့သက်၊ ခိုးဝှက်မမူ" ဟူ၍.ဝင်း။ တွင်းသင်းတိုက်ဝန်

ဆို-ဝေဿန္တရာပျို့တွင်-"ရွှေကြိုးရစ်လိမ်၊ ရွှေကြိမ်မြီးခက်" ဟူ၍.၎င်း.... "ရိုပ်ဝဲးသုန်မန်၊ မုံဆန်မျက်ခြည်၊ ပျက်ပြည်ခနဲ့၊ ကဲ့ရဲ့စောင်းပင်း"ဟူ၍. ၎င်း-အသီးအသီး ပြမှာလာရှိသည်။

၎င်းပြင် - ၎င်းကဗျာဖွဲ့နည်း ကျမ်းငယ်မှာ ကိုးခန်းပျို့တွင်-"ဤစာ ကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကြမ်းမာန်လျော့" ဟူ၍. နသတ်စပ်ပြီးမှ မ သတ်စပ်လေဟန် ကြံဘန်လည့်ဆယ် ဖော်ပြထားသည်။ အမှန်မှာ စိတ်ကျန်းခြင်းတွင် ယပင့်နသတ်, အတွေ့ကြမ်းခြင်းတွင် ရရစ် မသတ် စပ်ဆိုမြဲ ခွဲထားရှိသည်ကို အသိကျန်ရုံမက ဓမ္မကို-အဓမ္မဖြစ်အောင် ကြံဆောင်ဖျက်ဆီးရာရောက်သည်။ စိတ်ကျန်းခြင်း နသတ်စပ်ထုံးကား ကိုးခန်းပျို့တွင်-"ပညာသန်ကျန်း၊ ကိုယ်ပင်ထွန်းဖြင့်၊ မခန်းမယုတ်" ဟူ ၍.၎င်း,... "နူးလေဘနန်း၊ ပညာကျန်းသည်၊ ကျယ်ဝန်းမှုရှိ"ဟူ၍.၎င်း။ သံဝရတွင်-"ဤသည့်ရပန်း၊ ယခုထွန်း၏၊ မာန်ကျန်း ထောင်ထား" ဟူ၍.၎င်း။ ဘူရိဒတ်ဇာတ် လင်္ကာကြီးတွင်-"သေလု ဘနန်း၊ ပန်းညှိုး မြန်းသို့၊ မကျန်းမတော" ဟူ၍.၎င်း စပ်ဆိုတော်မူသည်။

သည်ကိုရည်၍. ကဗျာသာရတ္ထသင်္ဂဟ သတ်ပုံတွင်-"မာန်ကျန်း, ခိုင် ကျန်း၊ စိတ်ကျန်းထက်မာ၊ ဤသာခန့်ကျန်း၊ ဗညားကျန်းနှင့်" စသည်ဖြင့် ယပင့် နသတ်ပြသည်။ ရတနာကြေးမုံ သတ်ပုံမှာလည်း-"မအီမကျန်း၊ ကိလိဋ္ဌကျန်းနှင့်၊ သောင်ကျန်း မာန်ကျန်း" ဟူ၍.၎င်း။ ကဝိလက္ခဏာ သတ်ပုံတွင်-"သောင်းသောင်းကျန်းကျန်း၊ စိတ်ကျန်းတန်း၊ ကန်းသရိ မြင်းတွေ့"ဟူ၍.၎င်း,... "ပညာသန်လန်း၊ ဗျညားကျန်း၊ တိုင်းခန်း ချက် နှောက်မွေ့" ဟူ၍.၎င်း အသီးအသီး စပ်ဆိုလာရှိသည်။

၎င်းပြင်-ရရစ် မသတ် ကြမ်းကား အတွေ့ကြမ်းသည်ကို ယူရသည်၊ ယူရန်စပ်ထုံးစပ်ပုံမှာ ဘူရိဒတ်ဇာတ်ပေါင်းတွင်-"အနအကြမ်း၊ အစမ်း အစုံ၊အာဂုံအာဂ" ဟူ၍.၎င်း,....ဘူရိဒတ်လင်္ကာရင်းတွင်-"ပေါ့ပေါ့ ရန်းရမ်း၊ ကြမ်းကြမ်းကြုတ်ကြုတ်" ဟူ၍.၎င်း,....ကိုးခန်းတွင်-"ဘမ်းလှတ် မှုထမ်း၊ ကြော့ကြမ်းခက်ထန်" ဟူ၍.၎င်း....အသီးအသီး စပ်ဆိုလာရှိ သည်။ သည်ကိုရည်၍. ကဝိလက္ခဏာသတ်ပုံတွင်-"ဖြူလေခြမ်းခြမ်း၊ ဝါး ဆွေးကြမ်း၊ လူနှမ်းမကွပ်နိုင်" ဟူ၍.၎င်း,...."မြစ်ရေတင်းကျမ်း၊ အပြည့် လျှမ်း၊ကြော့ကြမ်းမကူးနိုင်"ဟူ၍.၎င်း,...."တပဆေးမာကြမ်း၊ တမလမ်း၊ နှမ်းကားမအောင်နိုင်" ဟူ၍.၎င်း,....ကဗျာသာရတ္ထသင်္ဂဟ သတ်ပုံတွင်



လည်း- "နင်းကြမ်းကြော့ကြမ်း၊ ကြမ်းတမ်း ကြမ်းကြုတ်၊ နှုတ်ကြမ်းဘိ ခြင်း၊ ရုန်းရင်းကြမ်းတမ်း၊ နကြမ်းရစ်တွယ်" ဟူ၍.၎င်း အသီးအသီး ပြမှာလာရှိသည်။ ပန်း နှင့် ပမ်း ကွဲပြားပုံကို အဝှန်းဂဏန်း (ဂ) တွင် ကြည့်ပါ။

ရှင်ဝိစိတ္တာစာရစာငယ်အား ယုံမှားနှစ်ခြိုက် လိုက်နာဆဲရှိသူတို့ အကြောင်းကို ပြဆိုချက် ပြီး၏။

---

## ၆၇–မြန်မာစာကို အရောင်မညှိုးအောင်ပြုလုပ်ပုံ, အရောင်ညှိုးအောင်ပြုလုပ်ပုံ, ဂုဏ်ရှိသူပုဂ္ဂိုလ်ကြီးများ ကွဲခြင်းနှင့် တိုင်းရင်းသားပညာရှိများ ကွဲပြားခြင်းအကြောင်းကို ပြဆိုချက်

(က) မြန်မာစာကိုဂုဏ်မညှိုးအောင်, ဆောင်ရွက်ကြသူများအကြောင်း

ပရိဖက်ဆာဘေမောင်တင်M.A.,I.E.S.B. LITT., နှင့် ပရိဖက်ဆာ G.H. လုစ်,တို့ စီစဉ်ပုံနှိပ်သော ပုဂံကျောက်စာညွှန်ပေါင်း စာအုပ်တွင် ဘေမောင်တင် ဟု-ဘကုန်းကို အသုံးလျှပြုက်ပင်တွေ့မြင်ရပေသည်။၎င်းပြင်သူရိယသတင်းစာတိုက်အုပ် ဦးဘဘေ B.A. ကလည်း သူရိယတိုက်အုပ် ဦးဘဘေ-ဟု လက်မှတ် ထိုး ပုံနှိပ်စာကို မကြာမကြာ အကြိမ်များစွာ အခါခါ သူရိယသတင်းစာ မှာ ပါလာတွေ့မြင်ရခြင်း၊ မင်းတိုင်ပင်အမတ် ရွှေးကောက်ပွဲအခါ ကြော်ငြာစာများနှင့် မော်တော်ကားများတွင် စာလုံးကြီး လက်သီးဆုပ် လောက်နှင့် 'ဦးဘဘေ'ဟု ဘကုန်းကို အသုံးပြု၍. ကပ်ထားခြင်းများ ကိုလည်း ကိုယ်တိုင်တွေ့မြင်ရဆဲရှိပေသည်။ ထိုပုဂ္ဂိုလ် နှစ်ဦးစလုံးပင် ဘကုန်းကို မမုန်းကြပဲ သုံးစွဲဆဲရှိသည်မှာ မြန်မာအသံပြောင်း ရေး နည်း ဖတ်နည်းများကို နားလည်ရုံမက မိဘရိုးရာ မြန်မာစာ ဂုဏ်မညှိုး စေလိုသောသဘောထားကြီးရင့် မြင့်ကြသည့်အရာ သိသာထင်ရှားသည့် အတွက် အားရကြည်ညိုစွာ ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးကို အထူးသဖြင့် ချီးမွမ်း ထောမနာပြုကာ သာဓုခေါ်ရပေသည်။ သည်စကားရပ်များမှာ မြန် မာစာအသံပြောင်း သဘောသွားကို နားလည်လိုက်နာဆဲရှိပုံ၊ ဂုဏ်ရှိသူ တို့၏ အယူကို သိသာရန် စံပမာဏ ဖော်ပြရခြင်းပင်တည်း။

**(ခ) မြန်မာစာကို ဂုဏ်ညှိုးအောင် ဆောင်ရွက်သူများ အကြောင်း**

ဝန်ဟူ၍၎င်း, ဝန်ထောက်ဟူ၍၎င်း အမည်နာမံကို ခံကြသောဂုဏ်ရှိသူတို့၏ အယူရှိပုံမှာ ခေတ်ကိုအရေးယူပုံကြောင့် သူပုန်ဘကုန်းဟု အသုံးပြုရန် အချိန်တန်ပြီဟူ၍ ထင်ယူပြီးလျှင် ဖဦးထုပ်သံ ဖတ်ရသော ဘကုန်းဟူသမျှ ဖဦးထုပ်သို့ပြောင်းလွဲ အသုံးပြုကြသည်မှာ အောက်ပါအထောက်အထား အမြောက်အမြားရှိသည်ကို သတိမထားမိ၍သော်၎င်း, ၎င်းတို့နှင့် အယူတူကြသူများ များစွာ ပါအောင် တို့ဆွဲငင်ရာပါနိုင်သော ခေတ်ဟူ၍၎င်း, အကြောင်းအကျိုး တမျိုးသဘောပေါက်ပြီးလျှင် ပြုပြင်သုံးစွဲကြသောအရာသည် မြန်မာစာ မြန်မာထီးနန်း လွှတ်ရုံးတွင် သုံးခြင်းကို မုန်းသဖြင့် ကောသည်း ဂုဏ်ညှိုးအောင် ဆောင်ရွက်ရာ ရောက်သော သဘောလမ်း ဖြောင့်တန်း၍ ဝမ်းနည်းစိတ်ညစ်စွာ ခေတ်၏ အဖြစ်ကိုသာ အပြစ်တည်းဟု မည်းညိုသော နှလုံးသွေးဖြင့် တရေးရေး တွေးမဆုံးပဲ ယူကျုံးမရ ဖော်ပြရခြင်း ပင်တည်း။

အထောက်အထားများကား....ဖ နှင့် ဘ အရေးအသား ခွဲထားလင်္ကာတွင်-"စတုဿကွရ၊ ဘနှင့် ရေးရန်၊ ရုံးကာပြန်အံ့၊ ဘာသန္တရ၊ မာဂဓနိရုတ်၊ သဘာဂသဘာ၊ ဝိဘာဂါဘင်၊ အာသဘက၊ စသည်ပုဒ်ထွက်၊ အနက်ပြန်ဟော၊ ဉာဏ်သဘောနှင့်၊ စုဘောဇုတ္တိတော်၊ သုံးတော်ရပ်ရွာ၊ ဘော်ကြူဝါက၊ သာခွါတော်ရွက်၊ ဟိမ္မာဘက်နှင့်၊ တောင်ဘက်မြောက်ဘက်၊ သွားမည်ဘက်တည့်၊ သဘက်ဘီလူး၊ ပျော်ကြူးသဘင်၊ ဥပါဒ်ဘင်နှင့်၊ မာရဘင်နာဘင်၊ ဘင်နာခေါ်မှု၊ ဘင်စုဘင်စ၊ သစ်ဘက်တည့်မျှတဝေဘန်၊ ခွဲစိတ်ဘန်နှင့်၊ နောင်ဘန်အခါ၊ ရောင်းရာဘန်းပြ၊ ဘန်းလှဘန်းကုံး၊ စုရုံးနဘန်းဆံ၊ မိုးယံထစ်ချုန်း၊ လူမင်းဘုန်းနှင့်၊ စိန်ဘုန်းလျှမ်းဘုန်းတော်ကြီးက၊ တသီးခေါ်ရေး၊ ဆွမ်းဘုဉ်းပေးတည့်၊ စုဝေးဝေ့ဝဲ အဘို့ရလျက်၊ ငါ့ဘို့မင်းဘို့၊ နောင်ခါဘို့နှင့်၊ ရှင်ဘို့မယ်မည်၊ သက်ရှည်ငါး ဘေးဘိုး၊ ဆိုရိုးဘီဘင်၊ ဘွေးဘောင်တွင်အောင်၊ ဘခင်အထက်၊ မျိုးဆက်တည်း၊ ရေတွက်ခဲ့မျှ၊ ဤနာမကို၊ ဘကုန်းနှင့်သာ၊ ရေးသင့်စွာဟု၊ မာဂဓအညီ၊ မြန်မာသီသည်....ထုံးမှီရှေးသူတန်ထွာတည်း။

၎င်းလင်္ကာကို ဆရာရိပ်ထံက ပထမရပေသည်။ ၎င်းနောက် ရှာဖွေဆွေးနွေးရာ စာရေးတော်ကြီးမင်း ဦးဆင်ထံကလည်း ရပေသည်၊ သတ်



ပုံမှန်ကန်စွာ ပါပေသည်။ ဆရာရိပ်မှာ အတွင်းဝန်ကြီးရုံး စာတော်ပြန်ဌာန ပထမစာရေးကြီး ဖြစ်ပေသည်၊ ဦးဆင်မှာ-မလွန်မြို့စား ဝန်ထောက်မင်း ဦးဘိုးလှ၏ ညီအရင်းလည်း ဖြစ်,ဘင်္ဂလားသွား သံလတ်လည်းဖြစ်ဘူးပေသည်။

၎င်းပြင် လယ်တီဆရာတော်ဘုရားကြီး ရေးသားသော သာသနာ့သမ္မုတ္တိကျမ်းတွင်- ဘဂဝါဟူသောပုဒ်၌ ဘဂသဒ္ဒါကို ဘုန်းဟူ၍ မြန်မာပြန်ဆိုရိုးရှိကြကုန်၏။ ထို "ဘုန်း" ဟူသော မြန်မာစကားသည် ဘုရားအစရှိသော အထွတ်အမြတ်ပုဂ္ဂိုလ်တို့၌ အမြင့်အမြတ်ထား၍ သုံးသော စကားမျိုးဖြစ်သည်။ ထိုဘုန်းနှင့် ပြည့်စုံ၍ ဘုန်းရှိသောကြောင့် ဘဂဝါ, ဟူ၍ ဆိုအပ်၏။ ၎င်းစာအုပ်စာမျက်နှာ (၁၅၂) ကြည့်။

၎င်းပြင် မြန်မာစာညွှန်ပေါင်း ဒုတိယအုပ် စာမျက်နှာ ၂၉၇-တွင် ပုညမှ-ဖဦးထုပ်စာလုံးဖြင့် ဖုန်းဖြစ်သည်ဟု ဆုံးဖြတ်ထားသည်မှာ-မာဂဓ အဘိဓာန်နှင့် ၎င်းအဘွင့်ဋီကာတွင် ပုညကို-ကုသိုလ်ဟု ပြန်ဆိုဘွင့်ပြကြလျက်ရှိသည်ကို သတိလစ်ဟန်တူသည်။ အဘိဓာန်ဂါထာဂဏန်းစဉ် ၇၅-နှင့် ၉၇၇ များမှာ ကြည့်ပါ၊ အဘွင့်ဋီကာကိုလည်း ကြည့်ပါ။ အဝှန်းဂဏန်းစဉ် (၉၁) ဆိုင်ရာအမှတ် (စ) မှတ်တွင်လည်း ကြည့်ပါ။

သည်စာတွင် အာသဘဟု ပြဆိုပါရှိပါလျက် သတင်းစာများမှာ-ဦးအာသဖဟု ဘကုန်းကို မုန်းသောဘက်က အားရအောင် ဖ-ဦးထုပ်ကို ရေးကြသည်မှာ အာသဘ၏မြတ်သော အဓိပ္ပါယ် ပျက်ပြယ်ရန် ရှိသည်ကို သတိလစ်ဟန်တူသည်-ဟူ၍ ယူရုံသာ ရှိတော့သတည်း။

မြန်မာစာကို အရောင်မညှိုးအောင် ပြုလုပ်ပုံ, အရောင်ညှိုးအောင်ပြုလုပ်ပုံ
ဂုဏ်ရှိသူပုဂ္ဂိုလ်ကြီးများ ကွဲပြားခြင်းအကြောင်း ပြီး၏။

---

## ဂ—တိုင်းရင်းသားပညာရှိနှစ်ပါး အယူကွဲပြားပုံ

(၁) တိုင်းရင်းသားကျောင်းသုံး ပေါရာဏအဘိဓာန်ဆို၍ ၁၂၈၈ ခုနှစ်ထုတ် စာအုပ်နှင့် (၂) တိုင်းရင်းသားကျောင်းသုံး ကဗျာဖွဲ့နည်းဆို၍ ၁၂၈၉-ခုနှစ်ထုတ်သော စာအုပ် ၂-အုပ်သည် အယူအဆမတူကြသည့်အရာ ပါလာတွေ့မြင်ရသေးသည်။

မတူကြပုံကား... (၁) မှတ်စာအုပ်မှာ ထဆင်ထူးတွင် လုံးတင် မသတ်-ထိမ်းသည့်-ခုတ်ဖြတ်, ခုတ်ချိုင်, ခုတ်လှည်းသည်ဟူ၍ ပြဆိုပါ ရှိသည်။ (၂) မှတ်စာအုပ်တွင် ချိန်ခွင်လျှာစပ်နည်းဆို၍ ဥဒါဟရဏ် ထုတ်ထားသည့်မှာ န-သတ်ထိန်းကို ခုတ်ဖြတ် ခုတ်ချိုင်သော အနက်တွင် သက်ဝင်အောင် မ-သတ်ထိမ်းအစား န-သတ်ထိန်းရှိသည့်အနေ "ကြေညာခင်သိမ်း၊ ရန်စစ်ထိန်းသည်၊ မတိမ်းမပါး"ဟူ၍ ဘူရိဒတ် ဇာတ်ပေါင်းမှာ ပါလေဟန် ညဏ်နီအာဂုံနှင့် ဥဒါဟရဏ် ထုတ်ထားလျက် တွေ့ရသည်။ ကဗျာဖွဲ့နည်း ကျမ်းစာအုပ် စာမျက်နှာ ၄၅-တွင်ကြည့်ပါ။ ဘူရိဒတ် ဇာတ်ပေါင်းတွင် ၎င်းအကြောင်းမပါ၊ ပုံတောင်နိုင်ခေါ်ကွန်းမှာသာ ပါသည်။ သည်အရာတွင် (၁)မှတ် စာအုပ်မှာသာ ခိုင်မာသော စာများနှင့် ညီပေသည်။

တိုင်းရင်းသား ပညာရှိနှစ်ပါး အယူကွဲပြားပုံကို ပြဆိုချက်ပြီးပြီ။

---

### ၆၈—အတီးအမှုတ်နှင့် ဘက်စပ်၍ လိုက်နာရသော ကဗျာအရပ်ရပ်မှာ သတ်ပုံသတ်ညွှန်း ညီညွတ်စေရန် အရေးမကြီးသည့် အကြောင်းကို ပြဆိုချက်

အချင်းကြီး, အချင်းငယ်အမည်ပေး၍ ရေးကြသော ဒွေးချိုး, လေးချိုး, တေးရိုး, တေးထပ်, တေးတွဲ, ပတ်ပျိုး, ကြိုး, ဘောလယ် စသော အတီးအမှုတ်နှင့် ဘက်စပ်ရသော အရပ်ရပ်စာကိုယ်များတွင် သတ်ပုံသတ်ညွှန်း မစောင့်ကြပဲ ပဒဒေါသမလွတ်သော ကဗျာများကို ပညာရှိပဂေးတို့ အရေးယူတော်မူလေ့ မရှိကြ။ သို့ရာတွင် ဝါကျဋ္ဌဒေါသ, ဝိရောဓိဒေါသ, ကမစ္ဆုတဒေါသ မပါရအောင်သာ ရှောင်ကြဉ်တော်မူလေ့ရှိကြသည်။ အဝှန်းဂဏန်းစဉ် ၅၈၊ ၅၉၊ ၆၀-များကိုကြည့်ပါ။

အကြောင်းမူကား—အတီးအမှုတ်ဖြင့် ဘက်စပ်၍ လိုက်နာရသော ကဗျာများမှာ အတိုင်းအရှည်-ပမာဏမတ္တ အတွက် ဒီဃရဿယူရန် အသံထွက်ပုံညီညွတ်လျှင် သဘင်သည် ရကင်သည်တို့ ထုံးနည်းအတိုင်း အတီးအမှုတ်, အကအသီ, အစီအစဉ်, မလိုမပို, အဆိုးအတီး ညီညွတ်စွာ လိုက်နာနိုင်သည့်အခါ ကာရန်အစပ် သတ်ပုံ အသံမမှန်သော်လည်း



အတိုင်းအရှည်သံ၊ မတြာ ညီညာဘိသကဲ့သို့ ရှိသည်အရ ပဒဒေါသ ကလေးကို အရေးမယူကြ။

သို့သော်လည်း သတ်ပုံသတ်ညွှန်း မှန်ကန်အောင် ကာရန်ညီညွတ်စွာ သီကုံးဖွဲ့ဆို ရေးသားနိုင်သော ကဗျာများမှာ ပညာရှိ အစစ်တို့ နှစ်သက်တော်မူကြမြဲ ဖြစ်သည်။ သိသာရန် စံပမာဏ အမြွက်မျှဖော်ပြသော် တ-သတ်နှင့်ပ-သတ်, န-သတ်နှင့်မ-သတ်, ပိတ်ရွတ်ည-သတ်နှင့် င-သတ်,ဘွင့်ရွတ်ည-သတ်နှင့် လုံးတင်အသံများမှာ ကာရန်ဌာန် အမှန်စင်စစ်အားဖြင့် ကွဲပြားသော်လည်း ဒီဃတိုင်သံ, ဒီဃတက်သံ, ဒီဃသက်သံ, ဒီဃနိမ့်သံ၊ ရဿတိုင်သံ, ရဿတက်သံ, ရဿသက်သံ, ရဿနိမ့်သံများမှာ ကာရန် မတူသော်လည်း အသံအတိုအရှည်ယူရာ မတြာများမှာ ညီညာဘိသကဲ့သို့ရှိသည်။ ပုံကား....တ-သတ် အတ်ကာရန် တိုင်သံများမှာ နှစ်မတြာ၊ ပ-သတ်အပ်ကာရန်မှာလည်း နှစ်မတြာအသံထွက်ပုံ တူသည့်အတွက်ဖြစ်သည်။ န-သတ် မ-သတ်စသော တက်သံ, သက်သံ နိမ့်သံများမှာလည်း ၎င်းနည်းပင်ဖြစ်သည်။ သည်ကဲ့သို့နည်းရှိသည်ကို သတိမထားလျှင် အမှားကိုလိုက်နာမိတတ်သည်။ မှားယွင်းစွာ လိုက်နာဘူးသောအချက် လက်တွေ့မှတ ကြုံခဲ့ရသောအကြောင်းများမှာ ဂဏန်းစဉ် ၆၃-မှာ ပါသော ဆိုင်ရာအမှတ် (က) မှစ၍ (ဂ) ငယ်ထိ ကြည့်ပါ၊ ၎င်းပြင် အဝှန်းဂဏန်းစဉ် ၉၆-မှာ ပါသည့်အတိုင်း ဒေါသ မလွတ်သည်ဖြစ်၍ အပြစ်ရောက်ပုံကို ကြည့်ပါ။ ဂဏန်းစဉ် ၂၀-ဆိုင်ရာ (၂) ကိုလည်း ကြည့်ပါ။

---

### ၆၉—အတီးအမှုတ်နှင့်ဘက်စပ်၍ လိုက်နာရသောကဗျာအရပ်ရပ်မှာ သတ်ပုံသတ်ညွှန်း ညီညွတ်စေရန် အရေးမကြီးလှသော်လည်း ဝါကျဋ္ဌဒေါသ, ဝိရောဓိဒေါသ, ကမစ္ဆုတဒေါသ မပါရအောင် ရှောင်ကြဉ်သင့်ပုံကို ပြဆိုချက်

ဝါကျဋ္ဌဒေါသမပါရအောင် ရှောင်ကြဉ်နည်းမှာ အောက်ပါလေးဆစ်ဘောလယ်ငိုချင်းမျိုး, တေးထပ်မျိုးများသည် အစပ်အသွားအလာ သာယာ ပြေပြစ်သော်လည်း အနက်မှာ ရန့်ရင်း ကြမ်းထန်လှသောကြောင့် ဝါကျဋ္ဌဒေါသ သက်ဆိုင်သည့်အတွက် အထက်အရာရှိကြီးတို့

က ထိုကဗျာမျိုးကို ဆိုလည်းမဆိုရ၊ ရေးလည်းမရေးရဟု သညာသည် အုပ်, သညာသည် စာရေးတို့ကို ဆင့်ဆိုတားမြစ်ရဘူးသည်။

ရန်ရှင်းကြမ်းထန်းသော ဘောလယ် စပ်ထုံးကား.... "အနောက်ဆောင် ချောင်အကွေ့၊ ရန်း၍ လွှတ်ပဲး–မရမက၊ ဘုန်းမွေ့လှိုလှဲ့း-အမြွေ၊ နန်းခွေ့လှိုလဲး–မလှတမ၊ ခံရရှာပါတဲ့ နှစ်မတပါး။ အမယ်လေး-နဂိုရ် ကရမက်မှာလ၊ အပျိုရေပျက်ပါလို့၊ ငိုလျက်သာ ကျန်ရစ်ပါတော့ ဘုရား"ဟူ၍ စပ်ခြင်း။

ရန်ရှင်းကြမ်းထန်းသော တေးထပ်စပ်ထုံးကား... "သနားပါ ဘုရား သိစိ၊ စကားရှိလို့သာ။ နှစ်ပါးငြိပန်းစက်ရာမှာ၊ နွမ်းမျက်နှာပပ။ ။ကြောက်လှချည့်မယ်မှတ်ပါငြိ၊ ကယ်မြတ်စွာ ဖြားငယ်လို့တ။ ။အို... သူဖြင့် စိတ်စက်တန်တယ်၊ နှိပ်စက်ရန်မွေလှ။ မှိတ်မျက်လျှံမချွေရနိုင်ဘု၊ သေဝကောစိတ်တန်။ သတ်လိုက်ထာ ငြိမ်းတယ်သေးရယ်လို့၊ စိမ်းငယ် သွေးနွဲ့တဲ့မှုဟန်။ ။ချစ်မဝဘုန်းနှစ်တန်ကို၊ ပြုံးဖန်ဖန်ရှုစားလို့၊ နတပါး ဂန္ဓာရုံဆင်၊ စွဲးတဲ့အကြင်။ ။ဘုန်းခင်ခင့်ခင်ငဲ့ပြင်ကို၊ကြင်ဘွဲ့ မြင်နိုင်ဘူး ပလေး"ဟူ၍ စပ်ဆိုခြင်း။ ဝိရောဓိဒေါသ မပါရအောင် ရှောင်ကြဉ် နည်းမှာ အောက်ပါ တေးထပ်မျိုးကဲ့သို့သော်ငြင်း, ဝိရောဓိ ဒေါသ ခြောက်ပါးနှင့် သက်ဆိုင်သမျှ ကဗျာများကိုသော်ငြင်း ဖွဲ့စီသီကုံးခြင်း မပြုမိအောင် သတိထားရမည်။

"ထီးဖြူရုံ ပြာသာဒ်နှင့်၊ မအပ်သည့်အရာ။ လပ်ဆိုသည့်မိဋ္ဌာ၊ ဝိတ်ရှာ ပြိဇိဝိ။ ဘုန်းမတန့်ဘုန်းတန့်ကြီဝယ်၊ ဆုံးရုပ်နံ့ကြားတဲ့ဝိစိ။ ။မင်းတုတ် ခွဲးသေသေ၊ သွေးတွေတွေယိုဘိ။ လပ်ရန်ကို ဆဒ္ဒန်ဘိ၊ နတ်ဘန်သည့် ဘုန်းတော်။ ကျွန်းစဉ်ကာ ပူတလွှား၊ ရွှေခေးသွားသတ်ရလိမ့်နော်။ ။ လှေကားဆက်အပေါ်ပေါ်မှာ၊ ထီးဖြူတော်နှစ်လက်ကြောင့်၊ အသက် ထွက်လွယ်စေ၊ ခေးနှစ်ချက်မွေ့။ ။လေးလက်ဖြင့် လေးချက်မွေ့မယ်၊ ဘော သက်သေ လက်ငင်းကွဲလေး။

ဍင်းတေးထပ်သည် အချုပ်တန်းဆရာဘေ ရေးသော တေးထပ်ဖြစ် သည်။ဍင်းတေးထပ်မှာ မဟာမိတ်ဖြစ်သော အင်္ဂလိပ်မင်းတို့နှင့် ဆန့်ကျင် ဘက်ဖြစ်သည့်အတွက် ဆရာဘေမှာ အချုပ်ခံရဘူးသည်။ သို့ရာတွင် မြန်မာအစိုးရက အင်္ဂလိပ်အစိုးရမင်းတို့ နားကြား၍ ကောင်းရုံသာ



ရာဇမာယာဖြင့် ဘွားဘက်ကျော်တန်းမှာ အချုပ်ထားသည်။ အချုပ်က လွတ်ပြီးခနဲ့ အချုပ်တန်းဆရာဘေကို လေသာအဆောင်တော်မြဲးအဖြစ် နှင့် ထမ်းရွက်စေသည်။ဍင်းအကြောင်းကို အကျယ်သိလိုလျှင် နောက် ဆက်တွဲ၊တတိယပိုင်းအဓွန်းဂဏန်းစဉ်(၁၁၈)မှာပါသောဆိုင်ရာအမှတ် တေးထပ်စာကိုယ်များတွင်ပုဒ်ရေ(၈ နှင့် ၉)ရှိ-သမုတိအတွက်,ငဝက်က ဒဏ်ခံ-အစချီသော တေးထပ်နှင့်....တွင်းသေနာဥက္ကဋ္ဌက-အစချီသော တေးထပ်များကို ကြည့်ပါ။

ဒေါသမပါရခအောင် ရှောင်ကြဉ်သင့်ပုံ အကြောင်းပြီးပြီ။

---

## ၇၀–သက္ကတအလို-ပဒ၂,မာဂဓအလို-ပဇ္ဇ,မြန်မာအလို-လင်္ကာ ခေါ်သော ကဗျာအကြောင်း

လင်္ကာအကြောင်းမှာ မူလ ကဗျာဗန္ဓသာရကျမ်းတွင် ပါဝင်ပြီးဖြစ် သော သုံးမျိုးနှိုင်းရှည့်နှိုင်းယှဉ်ပုံ ဖော်ပြရန် အတန်ငယ် ကျန်သေး၍ ယခု ဆက်လက် ဖော်ပြဦးမည်။ လင်္ကာဖွဲ့ပုံ သဘောသွား အလုံးစုံပင် သက္ကတ မာဂဓများမှာ-ပဒ၂,ဂဇ္ဇ,ဖွဲ့ရာလိုက်နာပုံကို မြန်မာကလည်း နည်း ယူ၍ ထပ်တူ ဆင်တူပင် ဖွဲ့ဆိုကြသည်။ အဓွန်းဂဏန်းစဉ် ၅၄-က စ၍ ၅၆-ထိကြည့်။ တူပုံကား-ပဒ၂,ဂဇ္ဇ ဖွဲ့ရာလိုက်နာကြသော ဒိဃ, ရဿ, မတ္တ, ရသ, ဂုဏ, ဂဏ, ပရိဟာရ, ဝယ,လိင်, ဝဂ်, စက်, ဇာတ်,နက္ခတ်, နတ်စောင့်များပါ မြန်မာလင်္ကာဖွဲ့ရာ လိုက်နာရရုံမက အချီအချ,အအုပ် အခံ,ကာရန်အဟပ်† ကွပ်သိမ်းချက်*သပ်နည်းများပါ လိုက်နာရသည်။

† အဟပ်ပျက်လျှင် အပက္ကမဒေါသသင့်သည်၊ အဟပ်မှန်ရမည်။ မူလကဗျာ ဗန္ဓသာရတွင် ပြခဲ့ပြီး အပက္ကမဒေါသကြည့်။

* ကွပ်သိမ်းချက်မှာလည်း ၂-မျိုးရှိသည်၊ ရှုံးများတွင် စိရင်ချက် အဆုံး သတ်ကို ကွပ်သိမ်းချက်ခေါ်သည်။ အချင်းများတွင် အချို စပ်နည်းမှာ ကွပ်သိမ်းချက် ပါရသည်။ ကွပ်သိမ်းချက် အဟပ်ပျက်လျှင် လေးဆစ်, လေးချိုး,သံချိုချိုး,တေးရိုး,တေးတွဲ့,တေးထပ်စသောစည်းကမ်းရှိုကို မသိ တတ်ရာ ရောက်သည်။ လေးဆစ်ချိုး စာကိုယ်စသော ကဗျာများမှာ သိသာအောင် ဆောင်ပြလျက်ရှိသည်။

ပဒ္ဓ, ဂဇ္ဇများတွင် အစိပ်အစိပ် အမည်ငယ်များ ခွဲခြားပြန်သကဲ့သို့ မြန်မာမှာလည်း အချင်းကြီးအချင်းငယ် စသော အစိပ်အစိပ် ခေါ်နည်းများသည်း မြောက်မြားစွာပင် ခွဲခြားခေါ်ဝေါ်ကြသေးသည်။

လင်္ကာတွင် အတွင်းစာသွားစပ်ပုံနှင့် လင်္ကာစာကိုယ် စာစာရင်များမှာ မူလကဗျာဗန္ဓသာရတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ စာမျက်နှာ (၅ဂ) ကစ၍ (၆၉) ထိ ကြည့်ပါ။

သက္ကတအလို-ပဒ္ဓ, မာဂဓအလို–ပဇ္ဇ, မြန်မာအလို–လင်္ကာခေါ်သော
ကဗျာအကြောင်းပြဆိုချက်ပြီးပြီ။

---

## ၇၁–ပါဠိအလို ဂါထာကဗျာကို မြန်မာအလို သီချင်းကဗျာဟုဘွင့်ပြ ခေါ်ဝေါ် စပ်ဆိုကြသော အထောက်အထားများကိုပြဆိုချက်

(က) မာဂဓဘာသာဂါထာကို မြန်မာ ပျို့ကဗျာ လင်္ကာများတွင် အချင်း-ဟူ၍၎င်း, တေးချင်း-ဟူ၍၎င်း ဘွင့်ပြစပ်ဆိုထုံး ကဗျာများစွာ ရှိသော်လည်း တွေ့သမျှ ဖော်ပြသော် ကျမ်းလေးမည် စိုးသောကြောင့် သိသာရန်မျှ စံပမာဏ ဖော်ပြသော်....၁၁၅၅-ခု စာပြီးနိဂုံးပါသော မုံရွေးဆရာတော်ဆို ဥတေန, ဥတိန္န ၂-မည်ရသောပျို့ (၃၁)ပိုဒ်မြောက်တွင်-"ဂါထာသာညင်း၊ ဤတေးချင်းနှင့်၊ သန့်ရှင်းပြည့်ဖြိုး၊ ရွှေလက်ချိုး၍၊ ဤကြိုးကိုသာ၊ တီးစမ်းပါလေ့" ဟူ၍၎င်း,....၎င်းပျို့(၃၂)ပိုဒ်မြောက်တွင်-"အက္ခရာဆစ်ပိုင်း၊ဌာန်ကရိုဏ်းနှင့်၊မရိုဏ်းသရိုဏ်း၊ ဇရိုဏ်းနှင့်ဘ၊ တလည်းတခု၊ ဂရုကေ၊ အစဉ်ချသား၊ ပဒချိန်ဆွဲ၊ တဆဲ့ကိုးလုံး၊ ပေါင်းရုံးညီမျှ၊ သမဝုတ္တိ၊ သမုတိဝေါဟာ၊ ပညပ်မှာမူ၊ သဒ္ဒါမမှုန်၊ ကျေးဇူးဂုဏ်နှင့်၊ သဒ္ဒါလ္လဝိကိလ္လိ၊ တွင်ဘိသညာ၊ သာမောစွာသား၊ ဂါထာသန့်ရှင်း၊ ဤတေးချင်းကို၊ ညင်းညင်းမွှေမွှေ၊ သုံးခေါက်စေ့အောင်၊ ရယေ့ဘုန်းတူ၊ တီးတော်မူက"ဟူ၍၎င်း,....၎င်းပျို့ (၃၄) ပိုဒ်မြောက်တွင်- "ချိမြသာယာ၊ အက္ခရာပဒ၊ ရေတွက်ချ၍၊ ပဇ္ဇ, ဂဇ္ဇ၊ ဝိမိဿဟု"ဟူ ၍၎င်း လာရှိသည်။

(ခ) ၎င်းပြင်....ဇာနဿလလိုက်မှာ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် ပဉ္စသိခနတ်သား ဗေလုဝမည်သော စောင်းဖြင့် စောင်းသံနှင့် သီသံ, သီသံနှင့်စောင်းသံ, အပြန်အလှန် ညီမျှစွာ ရတနာသုံးပါးဂုဏ်တော်ကို ဖွဲ့ဆိုတီးသီပူဇော်သော ဂါထာများကို ပုသိန်ကျောင်း ဆရာတော်သည် မာဂဓမှ မြန်မာ ပြန်ဆိုတော်မူသည်။ ၎င်းအကြောင်းကို ၎င်းဆရာတော်ဆို ခွန်းထွေပြန်လှာ ချီရတုတွင်- "မဟာလောကရံသီ၊ ရွှေစေတီနှင့်၊ ကျောမှီဆက်မှီ၊ တောင်ဘက်ရှိ၍၊ ဒက္ခိဏာဝန်၊ ခေါ်ဆွန်တွင်ကြောင်း၊ ပုသိန်ကျောင်းဝယ်၊ ကိန်းအောင်းနေတည်၊ မဟာထေရ်လျှင်၊ ဘွေနှည့်ထုတ်ဖော်၊ ကျမ်းရိုးမျှော်၍၊ နတ်ကျော်ဝေဏ၊ တီးဆိုဘိသည့်၊ ပါဠိဘာသာ၊ စောင်းဂါထာ၏၊ မြန်မာနတ်နက်" ဟူ၍၎င်း,....၎င်းရတု အလိုက်-မန်းမြေမြန်ချာချီရတုတွင်- "ပဉ္စသိခ၊ ဒေဝတက်ခြင်း၊ နတ်စောင်းချင်းကို၊ ရှိရင်းမာဂဓ၊ ဘာသာမှလျှင်၊ မြန်မာ့အလို၊ ပြန်ဆိုကုန်တွင်" ဟူ၍၎င်း အသီးအသီးလာရှိသည်။

(ဂ) မာဂဓအလို ဖွဲ့ဆိုသော ပဇ္ဇဂိတ ကဗျာဖြစ်စေ၊ မြန်မာအလို ဖွဲ့ဆိုသော လင်္ကာ,သီချင်း ကဗျာဖြစ်စေ၊ ရတနာသုံးပါး ဂုဏ်နှင့်စပ်၍သော်၎င်း, ခန္ဓာအာယတနဓာတ်နှင့် စပ်၍သော်၎င်း ဖွဲ့ဆိုကျူးသီလျှင် မာဂဓမြန်မာ လင်္ကာသီချင်း ကဗျာအမျိုးမျိုးသည် အကျိုးရှိသည်သာဟု ဆရာကျော် ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြသော စာတမ်းများမှာ လာသည်။

(ဃ) သုတ္တနိပါတ်-သုဘာသိတသုတ် ဂိတအရာတွင် မြတ်စွာဘုရား ဟောတော်မူသော....သဗ္ဗေ သင်္ခါရာ အနိစ္စာ။ လ။ စသော ပါဠိဂိတ ဂါထာကဗျာ မြောက်မြားစွာ လာသည်။ သည်ကိုရည်၍ ၎င်းသဗ္ဗေ သင်္ခါရာ စသော ကဗျာ၊ ဥဋ္ဌရလုင်အား ဟောကြားတော်မူသော ကွဲ သုအဓိပတိရာဇာ-စသော ကဗျာတို့သည် မာဂဓ ဂိတကဗျာဟူ၍ ဘဝိလင်္ကာဒီပနီတွင် မြောင်လှမ်းစား နိုင်ငံခြား ဝန်ထောက်မင်းက ပြမှာပေသည်။

ပါဠိအလို ဂါထာကဗျာကို မြန်မာယံ သီချင်းကဗျာ ခေါ်ဝေါ်
စပ်ဆိုကြသော အထောက်အထားများကို ပြဆိုချက် ပြီးပြီ။

---

## ၇၂–ပါဠိ-မြန်မာ ၂–မျိုးစပ် ချပ်ကာလှည့်ကာ လင်္ကာကဗျာရေးနည်းနှင့် ၎င်းကဗျာ အထောက်အထားများ

ပါဠိ-မြန်မာ နှစ်မျိုးစပ်၊ ချပ်ကာလှည့်ကာ ရေးသော လင်္ကာကဗျာမှာ ကြိုးကြားလောက်သာ လိုက်နာကြသည်။ ပြန်ကာဟပ် ရေးနည်း, ရကန်တိုရေးနည်း သဘောသွားများအတိုင်း ရေးသားလေ့ ရှိကြသည်။

သည်နည်းမှာ ပါဠိကျွမ်းကျင်သူတို့က မြန်မာတွင် လင်္ကာရေးနည်း, သီချင်းရေးနည်းများကို စံပြု၍ အတုစပ်ဆိုသော ကဗျာပညာဟု ဆရာကျော် ဆရာမြတ်တို့ မိန့်ဆိုကြသောအရာကို အကြိမ်များစွာ အခါခါ မှတ်သားရဘူးသည်။ ပါဠိမြန်မာ နှစ်မျိုးစပ်ပါသော လင်္ကာစာကိုယ်များမှာ အောက်ပါအတိုင်းပင်တည်း။

(က) ကျီးသဲဆရာတော်က စလေဦးပုညထံပေးသော မေတ္တာစာတွင် "ဒက္ခိဏဝံသကိုက်... တိသူမကာ၊ အာဝါသာသည်၊ မင်္ဂလာသမုဂ်၌ နရမကိုဋ်ရှိုးညာသွင်... အက္ခဒဿ၊ သဇီဝသည်၊ မစ္ဆဝံသာဝင်လျက်...ဒသင်္ဂါသဇီဝ... သီလပူဇော်၊ ဝသန္တော်သည်၊ ညီတော်မောင်ပုည" စသည်တည်း။

(ခ) မောင်းထောင်တိုက်ဆရာတော်ဦးဒိပက သံတော်ဆင့်မင်းထံ ပေးသည့် မြန်မာဘာသာနှင့် မာဂဓဘာသာ ရောနှောသော လင်္ကာကဗျာ····မောင်းထောင်တိုက်ဝိဟာရေ... ရတနာပုဏ္ဏ၊ နဂရ၌၊ ဌာန ပါစီမြေနိုက်၊ ပိဒ်လေးထွေဇာရိယေ။... ပြဟ္မာဝိဟာရလည်း၊ လောကင် ကိုတံစေ၍... တံဌာဒနသည်အာရာမ... ဝသိတေနဦးဒိပက။ကြောင်းစ မှာခွန်းသွယ်သည့် အက္ခရဝေ····သူနပ်မဆိုင်၊ မကူးနိုင်သည့်၊ ဘုန်းလှိုင် ဝစနေ၏... ပါရပ်မြေသည် ထိုမှာကမ်း····ထုတ်ချင်း ပေါက်မြောက်၊ ကြိမ်ကြိမ်ရောက်၍၊ ကျော်ချောက်ဇမ္ဗူလွှမ်းသော... အနန္တောလည်း လောကီယေ····များဖြင့် ပေါက်ပြ၊ ခါရဏ၊ ရွှရွှနုတ်နိုက်ဖွေရှင့်... လောင်း တော်ဌာနေသည်အမစ္စ... ပဋိဗောသံ၊ ရာထူးခံသည်၊ မှူးရန်လောကျမ်း ကဝိက... အဘိဓမ္မာ၏ မြွက်ချီ... ဓမ္မသင်္ဂဟ၊ အမည်ရသည်၊ မူလကျမ်း ခဏ အဆိကို... မဟောသီဒေ၊ ဗျဂ္ဂသန္တိကေမှာ... မကြာမီအခါတွင်၊ ခဏ ထုတ်စေချင်ပါ၏....များမကြာ ငါးရက်ခန့်....ကျောင်းမှာရှိရင်း မှုချွတ်



ယွင်းနှင့်၊ ချက်ခြင်းပြင်သန့်ပြန့်၍····မတန့်တွင်စွာ၊ ကျောက်ရုံသာဆန်း စာတော်နှန်းသို့၊ မပန်းရောက်စေပါမည်။ မတ်မဟာ သံတော်ဆင့်မင်း တည့်လေ····ဇမ္ဗူမှာတယောက်ကြီးမြင့် မတ်မဟာတည့်လေ။

ပါဠိမြန်မာ ၂–မျိုးစပ် ချပ်ကာလှည့်ကာ လင်္ကာကဗျာရေးနည်းနှင့် ၎င်းကဗျာ အထောက်အထားများကို ပြဆိုချက် ပြီး၏။

---

## ၇၃–သက္ကတအလို ဂဒျ, မာဂဓအလို ဂဇ္ဇ, မြန်မာအလို စကားပြေ ရေးနည်းနှင့် စကားပြေကဗျာ အထောက်အထားများ

စကားပြေဟူသည်ကား····စကားထောင့် မဟုတ်သည်ကို ဆိုလိုသည်။ စကားထောင့်အကြောင်းကို အဝှန်းဂဏန်းစဉ် (၇၄)တွင်ကြည့်။ သက္ကတအလို ဂဒျ, မာဂဓအလို ဂဇ္ဇ, နှစ်မျိုးစပ်ဖွဲ့ဆိုသမျှ စုဏ္ဏိယရေးကြသောနည်းနာကို မြန်မာမှာ စကားပြေ ရေးနည်းခေါ်သည်။ စုဏ္ဏိယရေးနည်းမှာ စာကိုယ်အနည်းအများ ထားခြင်းနှင့် ဂိုဏ်းဂရုလဟုမကြာ စသည်တို့ကို မမှတ်ရသော်လည်း ဒေါသမသင့်မငြိ, ပရိဟာရပြည့်စုံ, ဂုဏ်ရသ ပါပါ ဖွဲ့ဆိုသီကုံးပုံမှာ စုဏ္ဏိယကဗျာဖွဲ့နည်းပင်တည်း။ ဂုဏ်တစုံတခုရလျှင် ရသ-သဘောလည်း အနေ္တာဂတပင်တည်း။

ယခု စာရည်ရွယ်ချက်မှာ မြန်မာကဗျာဖွဲ့နည်းကို လိုရင်းထားသည့်အရ ဂဒျ, ဂဇ္ဇ အတွက် အမြွက်မျှပြ၍ မြန်မာအလို စကားပြေ စာကိုယ်ကိုပြဆိုလျှင် လိုရင်းရည်ရွယ်ပုံ ပြည့်စုံရာရောက်တော့သည်။ အောက်ပါစာကိုယ်များမှာ မြန်မာစကားပြေများပင်တည်း။

အောင်မြေစံလွှတ်ဆရာတော်က ရွှေအဝမင်းထံ သွင်းသောစကားပြေသက်သက် မေတ္တာစာတွင်... "အရှေ့လောကဓာတ်မှ ပေါ်ထွန်းသော ရောင်ခြည်တထောင်ဆောင်သော နေမင်း၏ အရောင်သည် ကျွန်းအလုံးကို တပြိုင်နက်ထွန်းပ၍ ကမ္ဘာပတ်လုံး တည်သကဲ့သို့ မြတ်သောဘုန်းကြက်ရေတော်ဖြင့် မြေပြင်အလုံးကို နှံ့စေလျက် သက်တော်ရာကျော်ပတ်လုံး တည်တော်မူ၍ ရန်မာရ်ခပ်သိမ်းအောင်ရာသော အကြောင်းကို ကျမ်းဂန်လာသော ပဘာဝုသာဟ မန္တတည်းဟူသောအစွမ်းတို့ဖြင့် ပြည့်စုံတော်မူကြောင်း၊ ဘေဒ, ဒဏ္ဍ, သာမ, ဒါနတည်းဟူသော ဥပါယ်လေးပါးတို့နှင့် သိမ္မာကျင်လည်တော်မူစေကြောင်း၊ သစ္စာ, ဓမ္မ, မိတ်,

စာဂတည်းဟူသော အကြောင်းလေးပါးတို့ နှိုက်လည်း တတ်တော်မူစေကြောင်း၊ အဘိဇ္ဈာဗလအစရှိသော ငါးပါးတို့နှင့်လည်း ပြည့်စုံတော်မူစေကြောင်း၊ စာရိတ္တသီလတို့နှိုက် မြတ်နိုးခြင်းတည်းဟူသော တပါးသောအင်္ဂါ၊နက်နဲခိုင်ခံ့သောအဖြစ်, သူခပ်သိမ်းတို့ မလှုပ်ရှားနိုင်သောအဖြစ်တည်းဟူသောအင်္ဂါ၊ အသံဘိန္န ခတ္တိယဖြစ်သော အမျိုးတို့၏ စင်ကြယ်သော မကောင်းမှုတို့ဖြင့် မလိမ်းကျံသော သူတို့နှင့် နှီးနှောသောအဖြစ်တည်းဟူသော သုံးပါးသောအင်္ဂါ၊ အမျိုးလေးပါးတို့အား သင်္ဂဟဝတ္ထုတို့ဖြင့် ချီးမြှင့်ခြင်း, မုတိမ်းတန္တတို့ကို မရှိစေခြင်း, တိုင်းကားနိုင်ငံတို့ကို မပြတ်ဆုံးမ စီရင်တော်မူခြင်း, အတွင်းအပ၌ အစောင့်အနေခန့်ထားတော်မူခြင်း တည်း ဟူသော လေးပါးသော အင်္ဂါတို့ ကဲ့သို့ အတွင်းအပ၌ ဖြစ်သောရန်ကို နှိပ်နင်းခြင်းစသော ငါးပါးသောအင်္ဂါ၊ မဟာနာမမင်းကဲ့သို့ ဘုရား၌ ရှိသေခြင်းစသော ခြောက်ပါးသောအင်္ဂါ၊ ဝေသာလီမင်းကဲ့သို့ မပြတ်စည်းဝေး တိုင်ပင်ခြင်းအစရှိသော ခုနစ်ပါးသောအင်္ဂါ၊ ဤသို့သော အင်္ဂါတို့လည်း ပြည့်စုံတော်မူစေကြောင်း၊ ဓနုဓည ပုဏ္ဏဒါသ၊ စတုပစ္စယ သဒ္ဓါတိဝဍ္ဍက–တည်းဟူသော ဝဆာတအရိယာဓန, သဒ္ဓါသတိ, သမာဓိပညာ, ဗုဒ္ဓါနုဿတိဆတ္တ တည်းဟူသော တဆဲ့တပါးတည်းဟူသော အရိယဝိဟာရဓမ္မတို့နှင့်လည်း ပြည့်စုံတော်မူစေကြောင်းများကို မဟာသီဟဓမ္မရာဇာဓိရာဇဂုရု–ဆရာတော်မေဓာ မပြတ်ပို့ဆက်အပ်သော ရေမြေ့သခင် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်။

သက္ကတအလို ဂဇ္ဈ, မာဂဓအလို ဂဏ္ဌ, မြန်မာအလို စကားပြေရေးနည်းနှင့် စကားပြေကဗျာ အထောက်အထားများကို ပြဆိုချက် ပြီးပြီ။

---

## ၇၄–စကားထောင့်ရေးနည်းနှင့် စကားထောင့်ကဗျာအမျိုးမတူ နှစ်ထွေစပ်ကဗျာအထောက်အထားများ

စကားထောင့်ရေးနည်း ဟူသည်ကား....(၁) ပါဠိနှင့်မြန်မာ (၂) မြန်မာနှင့်ပါဠိ ကာရိကာရိယသဏ္ဌာန် အပြန်အလှန်ထောက်ချင့် ဘွင့်ပြခြင်းဖြင့် ရှင်းလင်းနားလည်စေငြားလည်း စာသွားမဖြောင့်၍ စကားထောင့်ကဗျာခေါ်သည်။ (၁)မှာ မာဂဓကိုနိသျယ မြန်မာကို နိသိတထား၍ နှစ်မျိုးစပ်ရေးနည်းပင်တည်း။ (၂) မှာ မြန်မာကို နိသျယ မာဂဓကို နိသိတထား၍ နှစ်မျိုးရေးနည်းပင်တည်း။ မာဂဓ ဘာသာ



ကို မြန်မာနိသျယပြန်ရာ မာဂဓလည်းမပျက် မြန်မာ အနက်လည်း မပျောက် စွက်လျောက်ဘက်စပ် ဖတ်ရွတ်ရ၍ အရွတ်အဆို မဖြောင့်၍ စကားထောင့် ခေါ်ခြင်းပေတည်း။ ထောင့်ပုံမှာ–မာဂဓအရေးပါသောနေရာတိုင်း မာပဓပါဠိသံ ဌာန်ကရိုဏ်းကျကျ ရွတ်ရ ဖတ်ရရုံမက မြန်မာ့အရေးပါသောနေရာတိုင်း မြန်မာသံပြောင်းလွှဲ၍ သံယူ သံကွဲ သံထားတနဲ့ ခွဲခြားရွတ်ရဖတ်ရခြင်းကြောင့် ထောင့်ခြင်းပေတည်း။ ဘိုးတော်လက်ထက် သာသနာပြု ၁၂–ပါးမှာပါသောမင်္ဂလာဘုံကျော်ဆရာတော်သည် ၁၁၄၆–ခုနှစ်က ရေးသော ဂိဟိသုတဝိနယပျို့ နိဒါန်းတွင်ကြည့်ပါ။ မြန်မာကို နိသျယ, မာဂဓကိုနိသိတထား၍ ရေးနည်းမှာလည်း ဆိုခဲ့သည့်နည်း အရွတ်အဆိုမဖြောင့်၍ စကားထောင့်ခေါ်ခြင်းပင်တည်း။

အင်္ဂလိပ်, ပြင်သစ်, အီတာလျံစသော သိုးဆောင်းနိုင်ငံခြားများက ရေးသားပေးပို့သော ရာဇသံများနှင့် စာချုပ်များကို မြန်မာဘာသာ ပြန်ဆိုသမျှ ပါဠိနိသျယရေးနည်းကဲ့သို့ စကားထောင့်မပြန်ပဲ မြန်မာ သက်သက်ရေးသောကြောင့် အထောင့်အငေါ့ မပါ သာယာသံခြေ စကားပြေကဗျာဖြစ်အောင် ဆောင်ရွက်ခြင်းတည်း။ သိသာရန် စံပမာကာ အမြွက်မျှဖော်ပြသော် မာဂဓကို မြန်မာပြန်ရာ အောက်ပါအတိုင်း မာဂဓတလှည့် မြန်မာတလှည့် ပါရှိသမျှ ဂ, ဃ, န, ဏ ရွတ်ရ ဖတ်ရသောကြောင့် ထောင့်သည်....နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ....ဘဂဝတော–ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ အရဟတော–ကာမတဏှာ အဝိဇ္ဇာ အလုံးစုံကုန်ငြိမ်းကင်းပျောက် အလင်းရောက်တော်မူသောကြောင့် ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရား၊ သမ္မာသမ္ဗုဒ္ဓဿ–ဉေယျမံ တရားငါးပါးကို အလိုလို ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရား၊ တဿ–ထိုမြတ်စွာဘုရားအား၊ နမော–ရှိခိုးပါ၏။ (ညောင်ကန်ဆရာတော် ဦးဗုဓ်မှ။)

အမျိုးမတူ နှစ်ထွေစပ်အရွတ်အဖတ်ပြောင်းရသောကြောင့် ထောင့်ပုံကား....အရဟတွင် ရ–ကြီးမှန်းသိသာအောင် လျှာလိပ်သံ ပီပီပြင်ပြင် ထင်ထင်ရှားရှား ကွဲပြားစွာ ဖတ်ရသကဲ့သို့ ရကောက်ပါရှိသမျှမှာ လျှာလိပ်သံဖတ်ရသည်။ မြန်မာသံမှာ မြတ်စွာဘုရားတွင် ဘကုန်းသံနှင့်

ရ-ကြီး လျှာလိပ်သံများကို ချန်ထား၍ ဖယားဟု ဖ နှင့် ယ သို့ အသံတမျိုး ပြောင်းလွဲဖတ်ရွတ်ရသောကြောင့် ထောင့်ပြန်သည်။

မြန်မာကို ပါဠိပြန်ရာ အောက်ပါအတိုင်း မြန်မာတလှည့် ပါဠိသမျှ ဂ ဃ န ဏ ရွတ်ရ ဖတ်ရ သောကြောင့် ထောင့်သည်။

"ကြိမရ ဝံချာဘိခုသာ၊ မေတ္တေယနောဒ်ါ ဖူးတွေ့ရာရှိသေး။ ဤကာလနက္ခံမိ၊ ယဋ္ဌူသံဆုထူးပလေး"....

အယမေတ္တပဒန္တေဒေါ....ကြိတိ ကရံ၊ မေတ္တေယနောင်ဒ်ါတိ မေတ္တံယံ အနောက်အခါ၊ ဖူးတွေ့တိဖုတံဝေ၊ ရာရှိသေးတိ ရာရဟံဇုသော၊ နက္ခံမိတိ နကံမယံ၊ ယဋ္ဌူသံတိ မယံအဋ္ဌူသံတိ၊ တတ္ထချတိ ဘေဒနံ ဝုတ္တဉ္စ ကဗျာသာရတ္ထသင်္ဂဟေ–

ချချဝုစ္စတိ ဘေဒနံ၊ ကွဲးအက်သည်တိ အမိပ္ပါယော။
တေန ဝုတ္တံ ပါရမီယံ၊ နတ်စက်ပစ်ချ မြင်းမိုရ်ခြတိ။

ဘိတိ အဘိဘဝနံဝန္တံ ဘူအဘိဘဝနံ တေဿာတိ ဘိတိဝိဂ္ဂဟော၊ ဘူသဒ္ဒေါဟိ ဝိနာ ဥပသဂ္ဂေန အဘိဘဝနတ္ထ ဝါစကော၊ ဝုတ္တဉ္စ မုခမတ္တဒီပနီယံ ဘူဟူသတ္တာယမိတိဧတ္ထ ဘူတိဒံ အဘိမဒ္ဒနာ နုဘဝနပါဝုဘဝနာဒိ အနေကတ္ထေပိ ယေဘုယျေန သတ္တတ္ထ ဝါစကတ္တာ ဘူဟူသတ္တာယ မိတိဝုတ္တန္တိ။ မူလဋီကာယဉ္စ ဝိဒဟာတီတိစ ဓာတု အနေ္တာဝေ ဝိသိဋ္ဌော ဥပသဂ္ဂေန ဒီပိတောတိ ဝိနာပိ ဥပသဂ္ဂေန ဓာတုဧသော သဒ္ဒေါ တမတ္ထံ ဝဒတီတိ ဒဋ္ဌဗ္ဗောတိ၊ အနုဋီကာယဉ္စ။ ခုတိ ဓာတု ဝစနီယောဟိ အတ္ထော ဥပသဂ္ဂေန ဇောတိယတီတိ၊ ခုတိ အဝဓာရဏတ္တေ နိပါတောတိ၊ သာတိ အတ္ထနိယတော ဝုတ္တမေတံ သာ ပုမေ သုနခေ ဝုတ္တော၊ ဿနိယေသော တိလိင်္ဂကောတိ၊ ယောဂ္ဂီတိ ပါပုဏိတဗ္ဗံ။ ဝုတ္တဉ္စ ဇာတကဋ္ဌကထာယံ။ ။ယောဂ္ဂါတိ ပါပုဏောယျာတိ အရဟတ္တဇောတကော ဟေတ္ထ ဈျာပဏ္ဍယော၊ ဝုတ္တဉ္စရူပသိဒ္ဓိယံ။ ။သ ကမ္မကေဟိ ကမ္မတ္တေ၊ အရဟ သက္ကတ္ထ ဒီပကာတိ၊ အနေ့ံတိအနုဥ့ံတိစ သဗ္ဗကမ္မသိဇ္ဈနတ္ထော၊ နုတ္တိ (?နုတိ) ဥ့ံတေဿာတိနေ့ံ၊ နနေ့ံတိ အနေ့ံတိဝိဂ္ဂဟော၊ အခါတိ အခါမ၊ ဗျာမသတဂန္ဓိရုံဝိယ ခါယတီတိ အာဒိသုဝိယာတိ၊ ဖုတန္တိဖိတံ၊ သမိဒ္ဓန္တိ အတ္ထော၊ ဝုတ္တဉ္စဇာတကအဋ္ဌကထာယံဖိတာ သမိဒ္ဓါတိ၊ရာရဟံတိ ဧတ္ထ ရာသဒ္ဒေါ နေဝါစကော၊



ရဋ္ဌသာရောတိ အာဒိသု ဝိယ၊ ဤကာလန္တိ ဤကာရံ၊ ဤသဒ္ဒေါ ဟေတ္ထ သိရိဝါစကော၊ဝိယဝါစာဝါစကော ဝါ၊ ဝုတ္တဉ္စ ကေက္ခရကောသေ။ ။ဤလက္ခိ ပေမဝါကျေသုတိ၊ နကန္တိ နကရံ၊ နသဒ္ဒေါစေတ္ထ တထာဂတ ဝါစကော၊ ဝုတ္တဉ္စ တတ္ထ နကာရော သုဂတေ ဗန္ဓေ၊ သမ္ဗုဒ္ဓေ တာဿ ကာရိယေတိ တဂ္ဂကာယဉ္စ တတ္ထဟိ နမတံ န္တယာသာဝကာတိ အာဒိသု နကာရော သမ္မာသမ္ဗုဒ္ဓ ဝါစကော၊ သမ္မာသမ္ဗုဒ္ဓဿ မတံ အဓိပ္ပါယံ အန္တယာ အနုဂတာ သာဝကာတိ အတ္ထော၊ နဂရန္တိ အာဒိသု နကာရော သမ္ဗုဒ္ဓတ္တဝါစကော၊ တတ္ထဟိနံ သမ္ဗုဒ္ဓံ ဃရံ ဧတ္ထာတိ နဂရံ၊ ဒေါဓဿစာတိဧတ္ထ စသဒ္ဒေန မဟာပဒေသ သုတ္တေန ဝါ ဃကာရဿ ဂကာရံ ကတွာ နဃရန္တိ ဝတ္တဗ္ဗေ နဂရန္တိ ဝုတ္တန္တိ၊ ပယန္တိ ပကာဋ္ဌေန ယာနံ တေဿာတိပယံ၊ ပါဝစနံတိ အာဒိသု ဝိယ ပကဋ္ဌဝါစကော ဟေတ္ထ ပသဒ္ဒေါ၊ အဋ္ဌူသံတိ အဋ္ဌူသံ၊ ဗစနသိလိဋ္ဌတ္ထ မေတ္တဒီဃော၊ တေနာဟဗုဒ္ဓဝံသဋ္ဌကထာယံ။ ။မဂ္ဂေါ အဋ္ဌူသံ ဝဋ္ဋမာယနန္တိ မဂ္ဂသေဝေတာနိ ဝေဝစနာနိတိ၊ မူလဋီကာယဉ္စ အဋ္ဌူသံဝဋ္ဋမာယနန္တိ ပရိယာယ ဝစနေဟိ မဂ္ဂမေဝ ဝဒတီတိ၊ အဘိဓာနပ္ပဒီပိကာ ဋီကာယဉ္စ အဋ္ဌဂတိယံ အသောတိဝုတ္တံ။ ။ဆုတိ ဆေဒနံ၊ တေနာဟ သဒ္ဒနီတိယံ ဆုဆေဒနေ၊ ဆောတိဆောတ္တွာ၊ နာတိအာဒိ၊ ထူပလေတိ ထူပလံ ပညာဗလေန သဗ္ဗေဟိထူပကရဏော ပရိယတ္တန္တိ အတ္ထော။

ကြိကရံ-ပစ္စုပ္ပန် သံသရာ နှစ်ဖြာ စီးပွား ထောက်ထားမျှော်ငံ့တည်တံ့သော သဒ္ဒါတည်းဟူသော လက်လည်း ရှိထသော၊ မရုဝံ-ဇိဝိတ်နြေ တည်နေမကြာ ခွန့်ခွါပစ်ကြောင်း မကောင်းပါပ ပမာဒကိုခေဥ္ဍသဘွယ် ပစ်ပယ်အန်ပျိုလေ့ရှိထသော၊ ချ-ကေသရာမှန် လည်ဆံဖြိုကော့ ကြော့ကြော့သွယ်ဖြာ သားတကာ၍ ခရာဝပ်စင်း မင်းတရတည် လေးမည်ပရိသတ် တုပ်ကွပ်ဖြိုကွဲ ရဲးဆုတ်လောက်သော ဂုဏ်ရည်တမူလည်း ရှိထသော၊ ဘိခု-ဘိဝေ-ကြက်သရေထွန်းပြောင် ပညာရောင်ဖြင့် တောက်လောင်ချိုးဖျက် နှိပ်စက်ခြင်းငှာ စွမ်းနိုင်ထသော၊ ဧယံ-ပညာလိုသူ ခပ်သိမ်းလူတို့ ရှေးရှုမပြတ် ရောက်အပ် ထသော၊ အနောက်–လောကီ လောကုတ်၊ ဋ္ဌပွတ်သွယ်သွယ်၊ ကြီးငယ်ဥသုံ အလုံးစုံကို မြဲမှုံမကြွင်း ရှင်းလင်းသုတ်သင်နိုင်စွမ်းသော သတ္တိဗလဂုဏ်လည်း ရှိထသော၊ ဖူးတွေ့ဖိတံဝေ-သိပ္ပအရာ ပညာနည်းစုံ အာဂုံနှုတ်လယ်တီမဏ္ဍိုင်-၆၀

တက် ဆောင်ရွက်ခြင်းနှင့်လည်း ပြည့်စုံထသော၊ ရာရဟံ-လက်ာကျွမ်း
သား ဆောင်ယူပါးသည် ပတ္တမြားမွန် ဗိုးတန်ရတနာ ဥစ္စာအထူးကို
ခံထိုက်ထသော၊ ဧသေဧသံ-သူနှင့်မတူ ဉာဏ်ဟူတမ်းခွန် ကမ္ဘာလွှမ်
လည်း ရောင်ဝှန်မပျောက် ချီးကျူးလောက်သောဂုဏ်လည်း ရှိထသော၊
ဤကာလံ-ပညာသီလ စသည့်များထွေ ကြက်သရေဂုဏ် ဝတ်မှုံယန့်ကို
လည်း ပြုလေ့ရှိထသော၊ ဝါ-ကဏ္ဏသုခ-မဝရောင့်ရဲ သံမှိုစွဲးသို့ ချွတ်လွဲ
မဆွယ် နှစ်သက်ဘွယ်သော စကားကိုလည်း ဆိုတတ်ထသော၊ နက်
ဘုရားနှဇ္ဇလို၊ ကုသိုလ်ရှေ့တွယ် ပြုဘွယ်မှသာ သာယာရွှင်လန်း၊ ကြိုးပမ်း
ပြုကျင့်ခြင်းလည်း ရှိထသော၊ မယံ-အဏ္ဏဝါဗလဝါမုခ် ဝဲဇလုတ်တွင်
ရေယဉ်ရက်ကူး ထူးသောပညာ ရွက်ဖြန့်ကာလျက် ထိုမှာဤမှ တိမ်းရှ
မထိ မစွန်းငြိသော သွားခြင်းလည်း ရှိထသော၊ အဇ္ဈုသံ-လမ်း၏သဘွယ်
ထောင့်ကွယ်သော သတိတရားလည်း ရှိထသော၊ဆု-ခက်ခဲလှစွာ ကိလိ
ဋ္ဌာဟူ တပါးသူတို့ မှောင်မြူမှေးကာ မရှင်းသာသော ပညာဟူသရွှေကို
ဖြတ်ထသော၊ ထုပထုပလံ-သူတကာထက် စုံ့စုံ့တက်၍ ထီးရွက်ပမာ
ဖြန့်မိုးကာသော၊ တဝ-တကာတော် နန်းမတော်ဝန်မင်း၏၊ သာ-ဗိမိ
ဥစ္စာ ရတနာအသွင်အားဖြင့်၊ မေတ္တံ-မေတ္တာရှေ့သွား ကြားရောက်လိုက်
သောပါဠိစကားကို၊ မယံ-ကျွန်ုပ်ရဟန်းတော် ဦးကုမာရတို့သည်၊အခါ
မ-အမိပ္ပါယ်မပျက် အဖြောင့်ထွက်အောင် အနက်မထင်နိုင်ပါကုန်။

အတ္ထနိဂရှသုစ....ဟူသော သဒ္ဒနီတိ။

သဒ္ဒေဿနိဝရှသုစေ....စသော ဘေဒစိန္တာ။

ကေမေဝ တံစိဝရံ အနေကာဝယဝဿာ ဗဟုဝစနံကတံ....ဟူသော
ဝိမတိဝိနောဒနီဋီကာ။

စက္ခုသောတာဒိနဋ္ဌိ ဗဟူနံ ဒဗ္ဗာဝယဝါနံ အာစရိယ ဒဗ္ဗဘူတေ
ကေဿသမာရောပနတော သင်္ဂဟကာရေဟိတိ ဗဟုဝစနံ ဝုတ္တံ....
ဟူသော မဏိမဉ္ဇူသာစသည်ကို သာဓကပြု၍ ဗဟုဝုစ်ရေးလိုက်ပါသည်၊
ဝိဏ္ဏူဿဟု ဆိုအပ်သော အမိပ္ပါယ်အကျဉ်ကား မီးကိုကြောက်၍ ဖြမ်း
အောက်သို့ခိုဝင်ပါသည်ဟူလို။

ဝိဏ္ဏူဗေဿာတိသဗ်ေပဗ္ဗော။ ။နေ့ဿဋီကာပဟောင်း။

စကားထောင့်ရေးနည်းနှင့် စကားတောင့်ကဗျာ အထောက်
အထားများကို ပြဆိုချက် ပြီးပြီ။

---



## ၃၅–နှစ်ထွေစပ် နှစ်မျိုးရေးနည်းနှင့် နှစ်ထွေစပ်ကဗျာ ပြန်ကာဘက် လင်္ကာ အထောက်အထားများကို ပြဆိုချက်

နှစ်ထွေစပ် ရေးနည်းမှာ နှစ်ရပ်ရှိသည်။ (၁) အမျိုးတူ နှစ်ထွေစပ်
(၂) အမျိုးမတူ နှစ်ထွေစပ်အားဖြင့် ကွဲပြားရုံမက အမျိုးမတူ နှစ်ထွေ
စပ်ကဗျာကို မြန်မာမှာ ပြန်ကာဘက်ဟု ခေါ်သော နည်းလည်းရှိသေး
သည်။ အမျိုးတူ နှစ်ထွေစပ်ဟူသည်ကား မြန်မာဘာသာ စကားပြေ
တလှည့်, လင်္ကာတလှည့် စပ်ဆိုသည်ကိုဆိုလိုသည်၊ အဝှန်းဂဏန်း ၃၆-
ကြည့်၊ အမျိုးမတူ နှစ်ထွေစပ်ဟူသည်ကား ပါဠိတလှည့်, မြန်မာတလှည့်
စပ်သည်ကို ဆိုလိုသည်။ အဝှန်းဂဏန်းစဉ် ၃၄-မှတ်ကိုကြည့်။ အထော
အထားမှာ အောက်ပါအတိုင်းပင်တည်း။ ထွေဆိုသည်ကား အမျိုးတူ
ထဲးတွင် ကွဲပြားသော အရာမျိုးကို ဆိုလိုသည်။ ဥပမာ-ရွှေဟူသမျှကို
အမျိုးတူဟူ၍, ယူရသော်လည်း ရွှေနီ,ရွှေစိမ်း,ရွှေဝါစသည်ဖြင့် အဆင်း
ကွဲပြားသော ရွှေကို 'ထွေ'သည်ဟု စံကိုင်အရာရှိ ရွှေတိုက်အရာရှိ ရာ
ဇဝတ်အရာရှိများ ပြောကြားနေကျ စကားမျိုးသဘောသွားနှင့် အလား
တူသမျှကို ယူရသည်။ ဝေါဟာရဿ ပကာသနီတွင် ထူးထွေခြင်း,
ကြောင်းရာထွေခြင်း, ကစားကိရိယာကို ထွေခေါ်ခြင်း, ငါးထွေခေါ်
ခြင်း-စသည်များကို ပြဆိုလျက် ရှိသေးသည်။

ကာရန်ကြီး ၁၆-ရပ်, စပ်နည်း ၆၄-ပါး သဘောသွားအတိုင်း နား
ဝင်ချိုချို၊ အရွတ်အဆို ချောချောရေးသော လင်္ကာသံတလှည့်, စုဏ္ဏိယ
စကားပြေသံတလှည့်, လှည့်ကာချပ်ကာ စပ်ဆိုစီကုံးသမျှ အရပ်ရပ်ကို
နှစ်ထွေစပ်ခေါ်သည်။ အဝှန်းဂဏန်းစဉ် (၃၆) ကြည့်။ အမျိုးတူ နှစ်ထွေ
စပ်ခေါ်သော ဝေါဟာရ အထောက်အထား အမြောက်အမြားမှာ
အောက်ပါကဗျာများအတိုင်းပင်တည်း။ ပြန်ကာဘက်ဟူသောဝေါဟာ
ရမှာ ထွေ ဟူသော ဝေါဟာရထက် ရင့်သည်။

ရင့်ပုံကား....'ထွေ'ဟူသော ဝေါဟာရမှာ ရွှေဥပမာကစံပြခဲ့သည်
အတိုင်း အမျိုးတူကြသော်လည်း အဋ္ဌကလာပ်ရုပ် ရှစ်ပါးထဲးက တပါး
သော်လည်းကောင်း နှစ်ပါး သုံးပါးစသည်သော်ငှင်း ကွဲပြားပါရှိနေ
လျှင် ထွေဟူသော ဝေါဟာရတွင် ပါဝင်သည်။
ထွေဟူသော ဝေါဟာရဝိပ္ပလ္လာသဆရာက အောက်ပါအတိုင်း
သည်ကိုရည်၍ ဝေါဟာရဝိပ္ပလ္လာသဆရာက
စပ်ထုံးနှင့်တကွ ပြဆိုသည်။

ဝေါဟာရဝိပ္ပလ္လာသ စာကိုယ် ၁၆-မှတ် ပုရပိုက်တွင်-"ရောရှက်ပြိုးပြွမ်းသည်ကို ပြန်ကာဘက်ရည်သည်ဟု သိလင့်"ဟူ၍၎င်း,....နဝဒေးဆို-မြစ်ရေတုလျှင်ချီ ပထမပိုဒ်တွင်-"လဲးဝါပွင့်ကြွေ၊ ဝန်းသည့်လေနှင့်၊ ဆောင်းနွေရောရှက်၊ ပြန့်ကာဘက်ဝယ်၊ ကျေးငှက်တွန်တူး၊ ဘော်ပြိုင်မြူးလျက်" ဟူ၍၎င်း အထောက်အထားနှင့်တကွ ပြဆိုလျက်ရှိသည်။ ॥[သည်အချက်မှာ ဝေါဟာရဝိပ္ပလ္လာသဆရာ အလိုတည်း။]

၎င်းပြင်-သက္ကရာဇ် ၇၀၀-ကျော်က ရေးခဲ့သော ကဝိကဏ္ဌပါသကျမ်း ပုရပိုက်နှင့် ကဝိကဏ္ဌပါသကျမ်းပေမူ (ဂိ)ချပ်များတွင် ပါသော ရခိုင် ရှင်သီလဝံသဆို-မြန်မာ ပြန်ကာဘက် စာကိုယ်မှာ အောက်ပါအတိုင်းပင်တည်း။

သက်ပေးမှတ်၊ လေးမြတ်ဘော်ဖွေ၊ ဖျော်ဖြေကျွမ်းငယ်၊ လွမ်းသွယ်ယူတ၊ တူမျှယောင်ဆင်း၊ ပြောင်လင်း မြွေချော၊ ခွေ့မော ဖြေဖျော်၊ ဖွေဘော်လွမ်းဆွတ်၊ ရွှမ်းစွတ်ကျယို၊ တဆိုသမ်းပျောင်း၊ ချမ်းဆောင်းသင့်ခါ၊ မြင့်ကြာခေါ်တမ်း၊ ဘော်ငယ်ကျွမ်း။

မှတ်သက်ပေး၊ မြတ်လေးဖွေဘော်၊ ဖြေဖျော်ငယ်ကျွမ်း၊ သွယ်လွမ်းတယူ၊ မျှတူဆင်းယောင်၊ လင်းပြောင်ချောမြွေ၊ မောခွေ့ဖျော်ဖြေ၊ ဘော်ဖွေဆွတ်လွမ်း၊ စွတ်ရွှမ်းယိုကျ၊ ဆိုတပျောင်းသမ်း၊ ဆောင်းချမ်းခါသင့်၊ ကြာမြင့်တမ်းခေါ်၊ ကျွမ်းငယ်ဘော်။ ॥ပြန်ကာဘက်-ပေမူပုရပိုက်မူများအတိုင်း ပြီးပြီ။

---

၇၆-ခိုင်မာသောစာများတွင်စကားပြင်ဟူ၍မရေး စကားပြေဟူ၍သာ ရေးသော မြန်မာဘာသာလင်္ကာစကားပြေ အမျိုးတူ နှစ်ထွေစပ် အထောက်အထားများနှင့် ခေတ်လိုက်ပြီးလျှင် စကားပြင်ဟု ပြင်လိုသူတို့အတွက် ချင်းချက်ရှိပုံများကို ပြဆိုချက် [လင်္ကာစကားပြေ နှစ်ထွေစပ်ပုံပါသည်]

(က) ပါဠိဘာသာမှ မြန်မာပြန်ဆိုသောဝတ္ထုများကို စကားပြေဟူ၍ ရေးလေ့ရှိသည်။ ၁၁၄၈-ခုမှာ မင်းပူးဆရာတော် ဦးဩဘာသာ တန်းဆောင်မုန်းလအတွင်း ရေးသားပြီးစီးသော မဟောသဓာဝတ္ထုနိဂုံးတွင် "ဇမ္ဗူဇာတကဝတ္ထု-ဤမဟောသဓာဝတ္ထုကို၊ ဥပါနိတဝှ ယာစိတော-မောင်



ထောက်အမည်ရှိသောသူသည် ရှိသောစွာ တောင်းပန်အပ်သည်ဖြစ်၍၊ မြွှာဘာသာယ-မြန်မာဘာသာ သိသာမှတ်လွယ် အဓိပ္ပါယ်ထုတ်ဘွေ စကားပြေဖြင့်၊ ကတံ-စီကုံးအပ်ပြီ" ဟူ၍၎င်း။

နေမိဝတ္ထုနိဒါန်းတွင်-"အဋ္ဌကထာစသည်တို့မှအနက်အဓိပ္ပါယ်ထုတ်၍ မြန်မာဘာသာ စကားပြေစီကုံးပေအံ့" ဟူ၍၎င်း။ ၎င်းနေမိနိဂုံးတွင် "မြန်မာဘာသာယ-မြန်မာဘာသာစကားပြေဖြင့်၊ကတံရစိတံ-ရေးစီရင်အပ်ပြီ" ဟူ၍လာသည်။ သည် (က) အချက်များမှာ ပါဠိနှင့် မြန်မာပါ၍ အမျိုးမတူ စကားပြေ နှစ်ထွေစပ်ပင်တည်း။

(ခ) သုဝဏ္ဏသာမဇာတ်, ဇနကဇာတ် များမှာလည်း ၎င်းနည်း စကားပြေဟူ၍ ရေးသည်။ ၎င်းပြင် စန္ဒကုမာရ နိဂုံးလင်္ကာမှာလည်း-"သိခဲးခက်စွာ၊ ပုဒ်ဂါထာကို၊ မြန်မာသံချေ၊ စကားပြေဖြင့်၊ သင့်နေဓိပ္ပါယ်" ဟူ၍၎င်း,

၎င်းပြင်-ဆုတောင်းခန်းတွင်-"ထူးပြားကဗျာ၊ ဘွဲ့စရာကား၊ ဂါထာပုံသေ၊ စကားပြေနိုက်၊ ဆိုခိုက်မိန့်တန်၊ ရှင်းရှင်းသန့်၏" ဟူ၍၎င်း,

ရှင်ရဋ္ဌသာရ ဆို-သုံးဆဲ့နှစ်ပါးချီ တန်တားဦးတည် မင်္ဂလာစေတီမော်ကွန်းတွင်...."ပွဲးကြီးထောမနာ၊ သံပိုင်းစာကို၊ လင်္ကာစကားပြေ၊ နှစ်ထွေရောပြွမ်း၊ ခြီးမွမ်းပျူငှာ" ဟူ၍၎င်း,

"၁၁၈၂-ခုနှစ် ရေးသားပြီးစီးသော ရတနာကြေးမုံ သတ်ပုံနိဂုံးတွင်-"ကဏ္ဍာထွန်းဝေ၊ စကားပြေဖြင့်၊ ခွဲးဝေဆန်းဆန်း" ဟူ၍၎င်း,

၁၂၀၅-ခုနှစ် ရေးထိုးခဲ့သော လောကမဏိစူဠာဘုရား ကျောက်စာတွင်-"လင်္ကာစကားပြေ၊ နှစ်ထွေရောရှံး၊ ဓိပ္ပါယ်ခြုံးလျက်၊ ဘွဲ့ကုံးစီရင်" ဟူ၍၎င်း,

"၁၂၃၇-ခုနှစ် ရေးထိုးခဲ့သော ဇေယျာဘူမိသိမ် ကျောက်စာတွင်-"ငွေရောင်ကျောက်တွင်၊ ကမ္ပည်းတင်၍၊ လင်္ကာစကားပြေ၊ နှစ်ထွေတင့်ရွှန်း" ဟူ၍၎င်း အသီးအသီး လာရှိသည်။ သည်မှတပါး စကားပြေဟူသော ဝေါဟာရ အသုံးအစွဲ အထောက်အထား များလည်း များစွာ ရှိသေးသည်။

သည်စကားရပ်များကို ထုတ်ဆိုဖော်ပြသည်မှာ ခိုင်မာသော မြန်မာစာများတွင် စကားပြင်ဟု ရှေးကရေး၍ မတွေ့ရသည့်ပြင် စကားပြေဟူ၍သာ ရေးလေ့ရှိသည်ကို သိသာရန် ဖော်ပြခြင်းဖြစ်သတည်း။ သည် (ခ) မှတ်အချက်များမှာ မြန်မာလက်ာဖြင့် စကားပြေစပ်ရိုးရှိပုံကို ပြဆိုခြင်းတည်း။

(ဂ) ၎င်းပြင် အောက်ပါ ကျောက်စာမေတ္တာစာများကို မြောက်မြားစွာသော ဆရာတော်ပညာရှိ မှူးမတ်ပညာရှိတို့က လက်ာစကားပြေ နှစ်ထွေစပ်ကဗျာဟူ၍၎င်း, မိဿကဗန္ဓကဗျာဟူ၍၎င်း မှတ်ယူမိန့်ဆို ရေးသားလေ့ရှိသည်။

ထိုကဗျာ စာကိုယ်များတွင် စာလုံးရိုးရိုးဖြင့် ပြသောနေရာမှာ မြန်မာဘာသာ စကားပြေ,မျက်နှာမည်းစာလုံးဖြင့် ပြသောနေရာမှာ မြန်မာဘာသာလက်ာ နှစ်မျိုးနှစ်ဖြာ ချပ်ကာလှည့်ကာ လိုက်နာ ရေးသားလေ့ ရှိသည့်အရာ သိသာသတည်း။

(၁) ၁၉၀၀ ပြည့်နှစ်ပုံနှိပ်သော ကျောက်စာ စာအုပ် စာမျက်နှာ ၅၈-မှာပါသော စစ်ကိုင်းမြို့ရတနာစေတီကျောင်း ကျောက်စာတွင်- "မြတ်ဖျားရဲလှ၊ ညီအမတို့၊ ရွှေထန့်နှင့်၊ ဆင်ဘယ်နှစ်စီး၊ တိုက်ပြီးစွယ်ပါ၊ ခြောက်ရာငွေသား၊ စပါးများယောင်၊ ဆောင်လိမ့်သံရာ၊ မကွာတပေါင်း၊ ဆုတောင်းနိဗ္ဗာန် တံခါးတည်း။ သက္ကရာဇ် ၇၃၉-ခု သရဝန်နှစ် တန်းဆွမ်းလဆန်း ၉-ရက် တနင်းလာနေ့ နေ့တက် ၂-နာရီ၊ ၃-ပါဒ်၊ ကျောင်းဦးစုလစ် တင်သနေ့လျှင် ရေမြေအရှင် ဖြစ်ထသော မင်းကြီး မိဖုရား အလိုတော်နှင့်တကွနက် ညီညွတ်စွာ"ဟူ၍၎င်း။

(၂) ၁၀၉၂-ခုနှစ် ပုံနှိပ်သော ကျောက်စာ စာအုပ်မျက်နှာ ၇၉ မှာပါသော တက်နွဲ့ကျောင်း ကျောက်စာတွင် "သက္ကရာဇ်-၈၀၀-ပြည့်သော အကြိုက် ပုဂံနန်းပြတ်က အစဉ်သမင်းတို့ မကြံကောင်းသော အကြောင်းကို မြန်မာပြည်အလုံးသောတွင် ပေတင်ပိဋကတ် တတ်သ ပညာဟိတို့နှင့် အစည်းအဝေး တိုင်ပင်ပြီးသော် တောင်ပလူ၏ မြောက်၊ အဝမည်မှန်း၊ နန်း၏ လက်ယာ၊ တက္ခိဏာမှ၊ လဟာလယ်ပြင်၊ ငွေစင်ဆေးနှိုက်ကြီးကျယ်စွာသော မန်းတပ်ကမ်းနား"ဟူ၍၎င်း။

(၃) သက္ကရာဇ် ၁၀၁၁-ခုနှစ် ရေးထိုးခဲ့သော စစ်ကိုင်း ရာဇမဏိစူဠာကျောက်စာ စတုဋ္ဌကျောက်ချပ်တွင်- "မင်းများပရမေ၊ သိကြားထွေ



လည်း၊ ထိန်ဝေကောင်းကင်၊ ပဥ္စင်နန်းချင်း၊ ကျူးလတ်လျှင်းသော်၊ ညင်းညင်းလက်လှ၊ ကွန်ကပျံ့သွား၊ မြတ်ရထားနှိုက်-စံပယ်တော် မူလျက်။ ရထားတော်ကို စေတီတော်၏အရှေ့ မနီးမဝေးအရပ်တွင် ဆိုက်စေ၍ မိဖုရားခေါင်။ တဦးတော်နှင့်တကွ ရင်ပြင်တော်သို့ တက်တော်မူ၍ အထူးထူးသောရတနာတို့ဖြင့် ပြီးသော ပူဇော်ဘွယ်ဝတ္ထုတို့ဖြင့်" ဟူ၍၎င်း ရေးသားပါရှိသည်။

ကျောက်စာများတွင် လက်ာစကားပြေ နှစ်ထွေရောတွဲ ဖွဲ့ဆိုလေ့ရှိပုံပြီးပြီ။

သည် (ဂ) အချက်မှာ မြန်မာစကားပြေ လည်းပါ၊ မြန်မာလက်ာလည်း ပါသောကြောင့် အမျိုးတူ နှစ်ထွေစပ်ခေါ်သော ဝေါဟာရပင်တည်း။

(ဃ) ၁၊ သက္ကရာဇ် ၈၀၀-ကျော်တွင် ကန်တော်မင်းကျောင်းဆရာတော်ရေးသော မေတ္တာစာတွင်... "အတိုအရှည်၊ အလည်အပတ်၊ အလွတ်အမိ၊ အသိအမြင်၊ အလျင်အနှေး၊ အလေးအပေါ့၊ အလျော့အတင်း၊ အတွင်းအပ၊ အဆအမှန်၊ ခပ်သိမ်းဝန်ကို၊ မကျန်စေဌာ၊ ရှောင်ကာရှားကာ၊ လွှဲကာပယ်ကာ၊ သိပညာဖြင့်၊ နက်စွာနှလုံး-ပြုစေချင်လှသော။ ကာလဒေသနှင့်ကြိုက်လတ်မှုကား ပေးကမ်းစွန့်ကြဲခြင်းဟူသော မင်း၏ အရောင်အဝါလည်း ရှိစေချင်လှသော။ တသိန်းအားနှင့်ယူသော်မရ တယောက်အားနှင့်ယူသော် ရ၏၊ ယောကျ်ားကိုစေသော် မပြီးနိုင်၊ မိန်းမကိုစေသော်မခံနိုင်" ဟူ၍၎င်း။

၂၊ ၁၂၂၇-ခုနှစ်တွင် ဦးပုညရေးသော မေတ္တာစာတွင်... "ဥပျာဥ်တော်ရှာနေ၊ ပွဲကတော်ရှင်ထွန်း၊ သား-မောင်ကျော်၊ တူမ-ရှင်ငြိမ်းတို့အကြောင်းစကား ကြားမှာလိုက်ပါသည်။ ပင်းမြို့တောင်လက် ရွာမွန်ရွာနေ အစ်မ,သား-မောင်ရန်ဝေး၊ ညီမရှင်ငြိမ်းသူ၊ ဆွေတူမျိုးထပ်၊ တော်စပ်မိတ္တာ၊ သင်္ဂဟာတစုတို့ရှင့်။ ကျန်မတို့မှာ၊ နှစ်လိုကြည်စွာ၊ ဆွေမျိုးတို့သွန်းရွာသော ရေမေတ္တာ အနောတတ်ကြောင့်၊ ဘေးဥပဒ်ကင်းကွာ၍ ချမ်းသာခြင်းရှိပေသည်" ဟူ၍၎င်း။

၃၊ ၁၂၃၅-ခုနှစ် ပြင်သစ်နိုင်ငံသို့ သံတော်ကြီးအဖြစ်နှင့် သွားသဲလမ်းခရီးအတွင်း ကင်းဝန်မင်းကြီး ဦးကောင်း C.S.I. ရေးသော ခရီး

စဉ်ဆောင်းပါး မေတ္တာစာတွင်- ကြားရောက်လိုက်ပါသည်။လော့ ဗွန်ဇလိုင်ဝ၊ မုတ္တာမထက်၊ သန်လျက်စွန်းဆင်ဆင်၊ သံလွင်မြစ်ရိုး၊ ကတိုးရှာသို့ လိုက်သွား ကြရာလည်း ခေါင်မွန်ထော်ပိုင် အဘိုး သိန်းနှစ်သောင်း ကုန် ဆောက်လုပ်ဆဲ မော်လမြိုင်မြို့ နယ်အတွင်း အကြီးဆုံးသော အိမ်ထက်တွင်ခင်းကျင်းပြုစုသည်ကို မိတ်သဟာယအဖြစ် လက်ခံပြန်လာ မော်လမြိုင်မြို့ အရေးပိုင် ပြောင်းအိမ်တွင် နှစ်ည အိပ်နေပြီးမှ ၎င်း လဆန်း ၁၅-ရက်နေ့ ထွက်ခဲ့ကြပါသည်။ သည်ကိုရည်၍-"မော့တမော့ ပက်ပါ....သကြန်ကျွန်း၊ တောင်ဝန်းဖရုံဂူနှင့်၊ သယမ္ဘူကျိုက်ရှင်စောတို့၊ ထင် မောရောင်စုံကြွေ့၊ ကိန်းမွေ့တည်ရာ။ ။ဗွန်ဇလိုင် ရစ်ဝန်းလို့၊ ကျွန်းယက္ခ ရံကာ၊ မာယာဘုံတန်ဆိုင်း။ ။တရံတွေ့၊ ချမ်းမြေ့ကြည်စိမ့်စေ၊ မှိုင်မော်မြေ ဆွေအစုံတို့၊ ခင်ပုံကို မေ့ကျန်ကောင်းပေဘု၊ နှောင်းဘဝတိုင်း" ဟူ၍၎င်း အသီးအသီး လင်္ကာစကားပြေ နှစ်ထွေရောတွဲ့ ဖွဲ့နွဲ့ ရေးသားကြသော မြန်မာစာများမှာ လွန်စွာပေါများသည်။ ကျယ်လွန်းအံ့စိုး၍ ကျောက်စာ သုံးမျိုး, မေတ္တာစာ သုံးမျိုးလောက်သာ သက္ကရာဇ်နုရင့် အစဉ်သင့် ထောက်ချင့်ရန် ဖော်ပြလိုက်ပါသည်။ သည်(ဃ) မှာလည်း (ဂ) နည်း ပင်တည်း။

သို့ရာတွင် ခေတ်ကိုလိုက်ပြီးလျှင် စကားပြင်ဟု အသုံးပြုလိုသူတို့ အယူရှိခြင်းကို မပယ်မငြင်းဝဲ ချွင်းချက် ထားခဲ့ပါသည်။ ချွင်းချက်ရှိ သည်ကို သတိထား၍ လိုက်နာရန်ကား....စာသွားမဖြောင့်သောကြောင့် အပြန် စကားထောင့်ကို ဖြေရသဖြင့် စကားပြေနှင့် စကားထောင့် အပြန် အလှန် မိတ်လင်စုံရှိရသည့်အသွင် စကားပြင်၏ ဘက်မိတ်လင်စုံရှိနိုင်ရန် ရည်ရွယ်၍ အမည်ပေးသင့်ခြင်း။ စကားပြင်တွင် (ပြင်)သည် မည်သည့် အဓိပ္ပါယ် ရည်ရွယ်သနည်း၊ အပြင်အပဟူသော ဝေါဟာရ သဘော သွားလား, အစိုင်အခဲ အတွဲအပျဉ်ဟူသော ဝေါဟာရသဘောသွား လား, ရေးသားမည့်စာလုံးကို နှလုံးသွင်းသင့်ခြင်း၊ စကားပြင်၏အဘက် တွင် မိတ်လင်စုံအမည် ဆီလျော်စွာ ရှိခြင်းများကို စဉ်းစားပြီးလျှင် စကားပြင်, စကားပျဉ်-ဟုဆင်ခြင်တုံတရားနှင့်ခေတ်စားအောင် ဆောင် ရွက်ပုံသဘောလမ်း စည်းကမ်းကို စောင့်ပြီးလျှင် ပြင်နိုင်ပါသည်။ စည်း ကမ်းမဲ့ပြင်ခြင်း အကြောင်းမှာသာ နှာခေါင်းရှုံ့ခြင်း လွတ်ကင်းရန် ခဲယဉ်းသတည်း။ မိတ်လင်ဟူသည်တွင် မိတ်မှာသဟာယ,လင်မှာပသာဒ



ကို ဆိုလိုသည်။ လင်မယားစုံကို ဆိုလိုသည်မဟုတ်၊ မည်သည့်စာပါဌ် နိဿယမိတ်လင်စုံ, အချိုးအစားမိတ်လင်စုံ, အဆုတ်အတက် မိတ်လင်စုံ, ပေစာများတွင် ရှေ့နောက်ပလ္လင် မိတ်လင်စုံ စသော ဝေါဟာရများ ထင်ရှားဆဲပင်တည်း။

နိုင်မာသော စာများတွင် စကားပြင်ဟူ၍ မရေး စကားပြေဟူ၍သာ ရေး သော အထောက်အထားများနှင့် ခေတ်လိုက်ပြီးလျှင် စကားပြင်ဟု ပြင်လိုသူ တို့အတွက် ချွင်းချက်ရှိပုံများကို ပြဆိုချက် ပြီးပြီ။

ရန်ကုန်မြို့ ရန်ကုန်မြို့-အတွင်းဝန်မင်းများရုံး
အငြိမ်းစားဝန်ထောက်မင်း ၅-၁၁-၁၉၂၆။
ဦးတင်—ကေ,အက်စ်၊အဲ-မ်၊ဧ,တီ,အဲ-မ် ထံ။

အစ်ကိုဝန်ထောက်မင်းထံ ပြန်ကြားစာ

လင်္ကာစကားပြေ စကားပြင် ဆိုသောစကားများ၏ ခြားနားပုံ များ ကို ဖော်ပြသော စာများနှင့်တကွ ကိုးကားသောစာများကို ဖတ်ကြည့် ရသည့်အတွက် များစွာကျေးဇူးတင်ပါသည်။ ကျွန်တော်များ၏သဘော မှာ-အစ်ကို၏သဘောနှင့် ထပ်တူထပ်မျှပင်ဖြစ်ပါသည်။ ကိုးကားသော စာများမှာ လင်္ကာနှင့် စကားပြေ ခြားနားပြရာ၌ များစွာထင်ရှားပါ သည်။ စကားပြေ ဆိုသောစကားမှာ ပါဠိလည်းမပါ လင်္ကာလည်း မဟုတ်သော စကားရိုးရိုးကို ဆိုကြောင်းများ ထင်ရှားပါသည်။ စကား ပြင်ဆိုသောစကားကို မတွေ့မမြင်ဘူး၍ မြန်မာဘာသာတွင် စာကြီး ပေကြီး များ၌ အသုံးပြုမည် မထင်ပါ။

အစ်ကို၏စာကို သာ၍ထင်ရှားစေခြင်းငှာ နှစ်နေရာတွင် မင်နီဖြင့် အနည်းငယ် ပြောင်းလိုက်ပါသည်။ သင့်လျော်က ၎င်းအတိုင်း ထား တော်မူစေလိုကြောင်း၊ စကားပြေဆိုသော စကားနှင့် စပ်လျဉ်း၍ ရန်ကုန်ကောလိပ် သိပ္ပံကျောင်း၏ မှောက်မှားနေသော အယူအဆကို ပပျောက်စေခြင်းငှာ ဦးဘေမောင်တင် ပုဂံမြို့ကပြန်လည်ရောက်ရှိသော အခါ အစ်ကို၏စာကို ကျွန်တော်များ၏ အထောက်အခံနှင့် တင်ပြစေ လိုကြောင်း။

ပုံ—ဦးဧးချို။

နိုင်မာသောစာများတွင် စကားပြင်ဟူ၍မရေး စကားပြေဟူ၍သာ ရေးသည်ကို စာတော်ပြန်ဝန်ထောက်မင်း ဦးဧးချို—T.D.M. ထောက်ခံချက် ပြီးပြီ။

## ၇၈–မေတ္တာစာစပ်နည်း ၁၂-မျိုးကို ပြဆိုချက်

**၁–လင်္ကာချင်း၊ ဝါ-အရိုးခံ** (၁) စာတွင် ပိဋကတ်နာထဆရာတော် မေတ္တာစာသွင်းသည် မဟာဓမ္မရာဇာ– ရှေးဘေးလောင်းတော် ဒုတိယမင်းခေါင်လက်ထက် စကိုင်းဆိပ် စံကျောင်း၌ သီတင်းသုံးသော ရှင်မဟာရဋ္ဌသာရသွင်းအပ်သော မင်းတို့နှင့်လျော်သော မေတ္တာစာကို ဆရာတော်တို့က ထပ်၍ သွင်းသည် မဟာဓမ္မရာဇာ။ ။စနေမင်းလက်ထက် မေတ္တာစာ။

**၂–တော့စပ်** (၁)ကျည်းကန်က မုံရွေးဆရာတော်ထံ ပြန်သောမေတ္တာစာတွင်....ပညာစုံစုံ၊ ဂုဏ်နေလျှမ်းလျှမ်း၊ ကျမ်းဂန်ချင်းချင်း– (၂) တောင်ငူမြို့စာရေးကြီး ဦးကြီးမေတ္တာစာတွင်... "တောင်အထပ်ထပ်၊ ချပ်အခြားခြား၊ နွားဆောင်းထပ်အနေ၊ မြေအချွန့်ချွန့်၊ ညွန့်ငိုက်ငွေလျှမ်း၊ စမ်းတသွင်သွင်၊ ခင်ရိုးဟောဝန်၊ သန်လယ်မုရင်း"

**၃–သုံးချက်ညီစပ်နည်း** (၁) ပြည်မြို့တွင် ၈၃၃–ခုနှစ် နန်းတက်သော ပြည်ဘုရင် မင်းဆင်များထံ ဝံတောင်လယ်-သျှင်သဒ္ဓမ္မဇောတိကသွင်း ဖမေတ္တာစာတွင်... "ရွှေဆံတော်အိပ်၊ မြတ်တောင်ထိပ်ဝယ်၊ အဆိပ်မျိုးပယ်၊အံ့ဘွယ်ဘွယ်လျှင်၊ ခြောက်သွယ်အရောင်...." (၂) သျှင်မဟာသီလဝံသက ဒုတိယမင်းခေါင်ထံ သွင်းသော အသဒ်ါရိကညာဏသမ္ပယောဂေါအစရှိသော မေတ္တာစာတပိုဒ်တွင်... "စုတိပဋိသန္ဓေ၊ တည်လတ်ထွေဖြင့်၊ ယဉ်တွေမပြတ်" ... ဟူ၍၎င်း, ထွေနှင့်တွေ ခွဲးထား....။ (၃) ရှင်မဟာရဋ္ဌသာရက ဒုတိယမင်းခေါင်ထံသွင်းသော အသင်္ခါရိကညာဏသမ္ပယောဂေါ အစရှိသော မေတ္တာစာ ၃-ပိုဒ်တွင်... "ဖြစ်လျှင်တည်ပျက်၊ လျှပ်တပြက်ဝယ်၊ ချင့်ထွက်ကုဋေ"ဟူ၍၎င်း, ပျက်နှင့်ပြက် ခွဲးထား။....(၄) မုံရွေးဆရာတော် မေတ္တာစာတွင်.... "ဣရုန္ဓတီ၊ကုမာရီငွေဘော့ကြောင့်၊ တောင်သေလာဘေ့ကြော့ဝယ်၊ မြင်းဆော့သည့် မတ်လုလင်"။

**၄–သပ်စေ့နှက် ၃-ချက်ညီ** (၁) မုံရွေး ဆရာတော်က ၁၁၅၂-ခုနှစ် သျှင်နန္ဒမေဓာထံပေးသော မေတ္တာစာတွင်... "ကြင်ပါလျက် မကျွမ်းသာ၊ မြင်ပါလျက်မစမ်းသာ၊ ခင်ပါလျက် မဘာမ်းသာ၊မင်ပါလျက် မလွမ်းသာ"ဟူ၍၎င်း,....(၂) သျှင်နန္ဒမေဓာက မုံရွေးဆရာတော်ထံ လျှင်မြန်စွာ ပြန်လိုက်သော မေတ္တာစာတွင်.... "မဆေးခင်ကစင်နှင့်သည်၊ မပြေးခင်က လျှင်နှင့်သည်၊ မရေးခင်က ထင်နှင့်သည်၊ မပေးခင်က ခင်နှင့်သည်" ဟူ၍၎င်း,...(၃) ကျီးသဲ ဆရာတော်က ၁၂၁၈-ခုနှစ် မန္တလေး မြို့ဝန်မင်းထံ ပေးသော မေတ္တာစာတွင်... "လွမ်းစရဘွေ့သလွန်၊ စမ်းကျကျရေတမ်းခွန်း၊ ဖြန်းစစလေအသွန်"ဟူ၍၎င်း,... ကိုရွှေရေးက လူ ၂၀-အတွက် ဂိုဏ်းထောက် ဆရာတော်ထံ လျှောက်သော မေတ္တာစာတွင်... "ဇေယျာလမ်းလိပ်ငှ၊ ခေမာနန်းနိဒ္ဒူ၊ ချွေကာဖြန်းစိတ်တူ" ဟူ၍၎င်း။



**၅–ပန်းညှာစပ်၊ဝါ- စမ္ပာယ်ညှာဝါ** (၁) ပုညဝန္တုဏအမတ်ကအိမ်ရှေ့မင်း မင်းရဲကျော်စွာထံသွင်းသော မေတ္တာစာတွင်"အိမ်ရှေ့နန်းလျှာ၊ မင်းရဲးကျော်စွာ၊ မဟာဓမ္မရာဇာ" ဟူ၍၎င်း,... "သတိရှေ့သွား၊ ဝတ္တုမြောက်မြား၊ ရာဇဝင်ရှေးစကား၊ နည်းထုံးထော်ထား" ဟူ၍၎င်း,....(၂) ပုဂံမောင်ချိုမေတ္တာစာတွင်.... "နှမလည်းနှမလင်၊ ရှင်လည်းရှင်ဘုရင်" ဟူ၍၎င်း,...(၃) ကျည်းကန်မောင်ရှင်ကြီး မေတ္တာစာတွင်...."ပညာကိုတန်းဆောင်၊သီလကို ဂန္ဓာရောင်၊ ဝီရိယကို ရွှေဂူချောင်၊ သမာဓိကို မြင်းမိုရ်တောင်၊ မာနကို မြေအရောင်၊ စာဂကို တွေ့မရှောင်"ဟူ၍၎င်း။

**၆–ရထားမြေး** (၁) ရှင်မဟာရဋ္ဌသာရက ဒုတိယမင်းခေါင်ထံ သွင်းသော မေတ္တာစာတွင်... "မမှေ့မလျော့၊ မပေါ့မဆေး၊ မနှေးအလျှင်၊ အမြင်အရေး၊ အတွေးအခေါ်၊ အမြော်အတမ်း" ဟူ၍၎င်း,....(၂) သျှင်တေဇောသာရက ဒုတိယမင်းခေါင်ထံ သွင်းသော မေတ္တာစာတွင်...."အမြော်အမြင်၊ အတွင်အကျယ်၊ အလွယ် အခက်၊ အနက်အနဲး၊အခွဲးအစိတ်၊ အတိတ်နာဂတ်၊အမှတ်အသား၊ အခြားအခေ့" ဟူ၍၎င်း,....(၃) ရွှေနန်းကြော့ရှင်နရပတိထံ ကန်တော်မင်းကျောင်းဆရာတော်က သွင်းသော မေတ္တာစာတွင်... "အတိုအရှည်၊ အလည်အပတ်၊ အလွတ်အမိ၊ အသိအမြင်၊ အလျှင်အနှေး၊ အလေးအပေါ့၊ အလျော့အတင်း"ဟူ၍၎င်း။

**၇–ကျဘမ်းသံ** (၁) သျှင်သီလဝံသက ဒုတိယမင်းခေါင်ထံ သွင်းသော မေတ္တာစာတွင်.... "အကုံးအစီကောင်း၍ အကြောင်းမလျော်၊ ပေါက်ဖော်များ၍ မချစ်မခင်၊ အသွင်အပြင်လှ၍ မလိမ္မာ၊ သာယာခြေင်၍ သဘောမဖြောင့်၊ စောင့်ထိန်း၍ မလုံခြုံ"ဟူ၍၎င်း,....

(၂) ကျည်းကန်မေတ္တာစာတွင်.... "အခအယမ်းနှိုးရင့်မှ ဖြိုးမြှင့်သည်၊ ချေးသင့်မှ ကုန်စွန်သည်၊ ကံချွန်မှကြီတိုင်းမြောက်သည်" ဟူ၍ ၎င်း,... (၃) ကြီးသဲးဆရာတော် † မေတ္တာစာတွင်...."မပယ်ရာသည် သုံးပါး၊ မပျက်ပြားရာသည် လေးဦး၊ မလွန်ကျူးရာသည် ငါးလီ၊ မမှိုခိုရာသည် ခြောက်ခန်း" ဟူ၍ ၎င်း။

**၈–မြန်ကာဟပ် (ဆက်ရက်ခုန်)** (၁) မိုးညှင်းမင်းတရားထံ ၇၉၆–ခုနှစ် ပိတူး * သင်္ဃရာဇာက သွင်းသော မေတ္တာစာတွင်–မေတ္တာသြဒိသာ နေ့ညမချာ ပို့သပါသော သမ္မာညွန့်ရှင်၊ လောကနာထ၊ ဗုဒ္ဓကိုရဖုရားသျှင်၊ ဘဝသခင်မင်းတရား... ဆရာသည်သံသရာစက်၊ ကူးထွက်လိုမှု၊ နိဗ္ဗာန်ရွှေပြည်၊ ရောက်စိမ့်ရည်၍၊ တည်ထားပြုသော၊ ကုသိုလ်အာရုံ၊ စဆုံမိုးတား၊ ရံဆီးသားသော၊ ဘုရားစည်းခုံ၊ အလုံးစုံပြီးမြောက်ရာ၊ သာသနာအရှည်၊ တည်စေလိုငြား၊ မြို့ရွာနယ်ဌမ်း၊ အပြွမ်းပြွမ်းမှ – မြေဆွမ်း ရပ်ခံပါသည်။ ။(၂) မုံရွေးဆရာတော်က မဟာမင်းလှသကြီသို့ ပေးသော မေတ္တာစာတွင်–မင်းလုပ်သည်အိုဘဲ့လူ၊ ထီးဖြူနှင့်တလျှပ်လျှပ်၊ မြွေကျောရှည်စပါးကြီးဖြစ်၍၊ အမြီးနှင့်တခတ်ခတ်။ ။(၃) ကြီးသဲးဆရာတော်က စလေဦးပုညထံပေးသောမေတ္တာစာတွင်–ဒက္ခိဏဝံသတိုက်....တိဘူမကာ၊ အာဝါသာသည်၊ မင်္ဂလာသမပိုက်၌။ ။နရမကိုင်ရုံးညာသွင်။ ။အက္ခဒဿ၊ သဇီဝသည်၊ မစ္စဝံသာဝင်လျက်၊ ဒသင်္ဂါသဇီဝ၊ သီလပူဇော်၊ ဝသန္တော်သည်၊ ညီတော်မောင်ပုည။

**၉–မန်ကျည်းရွက်ထပ်, နဘောစပ်လည်းခေါ်သည်** (၁) ကြီးသဲးဆရာတော်က မောင်တူထံ ပေးသော မေတ္တာစာတွင်–မဏ္ဍုဘွေတု၊ နေရမကုဋ္ဌ၊ အရဏ္ဏဘူမိန်၊ ပူရိန္ဒရာ၊ ဝတိန်သာ ဘွေဉာဏ်၊ မြေချာကျွန်တက်၊ ရောဝဏ်သခင်။ ။(၂) သစ်ကုန်သည် ဦးရွှေရေးက လှေသူကြီးကိုလူငယ်ထံ ကိုရွှေရေးကိုယ်တိုင် ရေး၍၊ ၁၂၂၈–ခုနှစ် ပေးသော မေတ္တာစာတွင်– အဓမ္မကာလမို့၊ သာသနာ့စီးပွါး ကြီးမား

† ၎င်းဆရာတော် စီကုံးသော ပါဠိစာလုံးပေါင်းမှာ – "ကြီးသဲးလေးထပ်တိအာချတေ" ဟူ၍ ပါရှိသည်။

* ကျောက်စာအတိုင်း "ဝိတူး" ဟု ရေးသည်။



အောင်ဆန္ဒ၊ နည်းမြားမြောင်ကြီဆလျက်၊ မာန်မချ၊ ဟန်မရ၊ ညဏ်–ကလူစား၊ ယူမှားသည့်သဘော။ ။(၃) ၎င်းကိုရွှေရေးက ပွဲပြတ်–ဘောင်သူကြီးကိုရောက် ထံ ပေးသော မေတ္တာစာတွင်– "ဘုံပထဗျာ၊ ကုန်နဂရာဝယ်၊ ပုံမာတာလိ၊ ဂုဏ်ဇာတိဖြင့် † တုလျာခိကရဏ" ဟူ၍ ၎င်း။

**၁၀–မန်ကျည်းရွက်ထပ် မြန်ကာဟပ်** (၁) ဝံတောင်လည် ဆရာတော်က ပြည်ဘုရင်နရပ္ပတိထံသွင်းသော မေတ္တာစာတွင်–သူမြတ်ခုနစ်ဆွေ၊ ညွှန်ခဲ့ပေသား၊ စံရွှေနန်းမှ၊ ကုပ်လုပ်လေးတာ၊ ဝေးအကွာ၊ လေးရာကျတွင်၊ လေးဝဏ္ဏရိယာ၊ ညီမျှကာတရားအစုံတ်ကို၊ အားထုတ်လေ့ရှိပါသော။ ။(၂) ညောင်ပင်သာသူတော်ဦးပုညက မြတောင်မြို့စား သေနတ်ဝန်မင်းကြီးထံ သွင်းသော မေတ္တာစာတွင်–မန္တလာ စံရာနန်းမှ၊ မှန်းသော်နောက်ယွန်း၊ စကိုင်းတွင်တဆွေ၊ မိုင်းလွင်ဝေသည်၊ ဟိုင်းဆင်နေမြောက်စွန်းတွင်၊ တောက်ထွန်းလျှံကြွ၊ တောင်စဉ်ဖြာဖြာ၊ ညောင်ပင်သာဝယ်၊ ချောင်ဝင်ကာဂူပျော်သော၊ သူတော်ဦးပုညက၊ သြဒိဿမေတ္တာ ပို့သကာနေလေ့ရှိပါသော။ ။(၃) မောင်ရှင်ကြီးဦးဝဇီယမေတ္တာစာတွင်–မေတ္တာခွေပတ်၊ ရှာရေနဝတတ်ဖြင့်၊ ခြွေဆွတ်သွန်းဖြိုး၊ မဟာအဆွေ၊ သာမာစေဟု၊ ရှာကာမွေ့ဂဏန်းမိုးဖြင့်၊ ဖြန်းကြိုးပို့သလေ့ ရှိပါသော။ ။[ရှာကာမွေဟူသည်ကား ၅၂၈–သွယ် မေတ္တာဆိုလိုသည်။]

**၁၁–မြန်ကာဘတ်, ရဟတ်စကြာလည်းခေါ်သည်** (၁) ဝံတောင်လည် ဆို မေတ္တာစာ တွင်–မေတ္တာ ဖြစ်ရာ၊ ချစ်ဌာ မသိ၊ ကရုဏိယာ၊ အာဒိဖြာ၍၊ ပုနာရေတိ၊ အဆုံး ရှိသော သြဒိဿမေတ္တာ... မေတ္တာဖြာပွစ်ရို၊ ကိုယ်နှင့်တရှိ၊ အပရိမာဏ၊ ဖြစ်စေလဟု၊ ပို့သမေတ္တာ....မေတ္တာပို့သ၊ သဗ္ဗလောကဓာတ်၊ မြတ်နိုးထပ်တူ၊ မှတ်ယူနှိုးလစ်၊ စင်စစ်မေတ္တာ။ ။(၂) ရှင်ရဋ္ဌသာရမေတ္တာစာတွင်–ပိယမပါ၊ ချမ်းသာ စေဘို့၊ ပို့သမေတ္တာကြည်ထိန်၊ သိန္ဓေဟာနှင့်၊ အိမ်ရွှေမင်း နန်းပြိုင်ဖြစ်ဆဲး အတွင်း မေတ္တာ....၎င်းတရပ်,။ ။၎င်းက ပွင့်ထိုက်လှစွာ၊ ဥပရာတွင်၊ သွင်းသောမေတ္တာစာတွင်–မေတ္တာထပ်ဆင့်၊ မြန်မြန်လပွင့်၊ ထပ်ဆင့်မေတ္တာ.... နန်းခွင်စိုးရန်၊ အချိန်တန်သည်၊

† တုံလျာဓိကရဏဟု ဖတ်ရသည်။

မေတ္တာထပ်ဆင့်၊ ပွင့်လောင်းသမ္ဘာ၊ ထက်ဒေဝါတို့၊ အာဏာထိန်ရှင်၊ အိမ်ရှေ့လျှင်ကား၊ မင်းလျှင်သိပ္ပ၊ တစမကျန်၊ တတ်လှပွန်ပြီး၊ ချိန်တန်လပွင့်၊ ထပ်ဆင့်မေတ္တာ····မေတ္တာထပ်ဆင့်၊ ပွင့်မည်ခါသင့်၊ လရောင်လင့်သည်၊ ကြာနှင့်မယှဉ်း၊ ရိက်ရောနှင်း၍၊ ချက်ချင်းလပွင့်၊ ထပ်ဆင့်မေတ္တာ။ ။၃-မျိုးစေ့အောင် မေတ္တာစာပြန်ကာဘတ်မှာ ရှာ၍မတွေ့သိုရာတွင် အခြားပြန်ကာဘတ်ရေးနည်းများမှာ များစွာတွေ့သော်လည်း မဆိုင်သောကြောင့် မထည့်နိုင်၊ ရှုံးပြည်မှာ သေဆုံးသော ရောမြို့စားဝန်ကြီး ဗိုလ်မှူး မင်းကြီး ဦးပုကြီး စုဆောင်း မှတ်ထားသော ခွဲထားကျော်တွင်–"စဆုံးကမွတ်၊ ပြန်ကာဘတ်၊ ရဟတ်စကြာ၊ ရေးနည်းဘတ်နည်း" ဟူ၍ ပါသည်။ ရွှေတောင်ဝန် ပေါ်ရာဏမှာလည်း ၎င်းနည်းပါသည်။

**၁၂–လုံးထပ်၊ ဝါ–ဝိစ္ဆာ ထပ်တွန့်** (၁) သျှင်သီလဝံသက ဒုတိယ မင်းခေါင်ထံ သွင်းသော မေတ္တာစာတွင်–အကြင်ရှိမှ အချစ်၊အမြစ်ရှိမှ အပင်၊ အထင်ရှိမှအတွေး၊ အမေးရှိမှအဖြေ၊ အသေအချာရှိမှ အမြဲး။ ။(၂) ကျည်းကန်ရှင်နန္ဒဇေက ၁၁၅၀-ခု မုံရွေးဆရာတော်ထံပြန်သော မေတ္တာစာတွင်–မေတ္တာရောက်က၊ သည်မှာမှလူ၊ အာဂ † လူတကဲ့လူ၊ ထိတ်ထိတ်ကြဲးလူ၊ အံ့ဘွယ်လူ၊ သဲ့လူ၊ အိုတဲ့လူ၊ ကြောက်ဖွဲ့လူ၊ အမယ်ကြီးလူ၊ ဘကြီးလူ၊ အလွန်တရော့လူ ဟူသော၊ သူတော်ကောင်းလက်ကျ၊ လောကဥပမည်း.... ၎င်းတရစ်။ ။သဒ္ဒါလွန်ရာဂ၊ပညာလွန်သော်–သဒ္ဓေယျ၊ ဝိရိယလွန်သော်–ဥဒ္ဒစ္စ၊ ဥစ္စာလွန်သော်–မာန၊ ချမ်းသာလွန်သော်–ရာဂ၊ အသုံးလွန်သော်–ဒါသ၊ အဝတ်လွန်သော်–ဣဏ၊ အစားလွန်သော်–ဘယ၊ အအိပ်လွန်သော်–မောဟ။ ။မုံရွေးဆရာတော်က၊ မဟာမင်းလှသကြိုထံပေးသော မေတ္တာစာတွင်–ရှေးထုံးတန္တို၊ အနုဝါဒ့်း၊ အကြမ်းမှာလှသွား၊ အကျားမှာပဲတောင်၊ အမှောင်မှာတိမ်နက်၊ အထက်မှာ စိန်ကျောက်၊အကောက်မှာ ဝက်ဘာ၊ အပူမှာ မီး၊ အကြီးမှာ မြင်းမိုရ်တောင်၊ အရောင်မှာနေလျှံ၊ အမြန်မှာနက္ခတ်။


မေတ္တာစာ စပ်နည်း ၁၂–မျိုး ပြီးပြီ။

---

† အာဂ ဟူသည်ကား–အာဂမဆိုလိုသည်။



၇၉–မှာတမ်း ၂-မျိုး ၆-စားကွဲပြားပုံကို ပြဆိုချက်




မြို့တိုက်က လွှတ်တော်သို့ပို့သော မှာတမ်းမှာလည်း ၂-မျိုးထပ်၍ ကွဲသေးသည်။ ကွဲပုံကား....(၁) လွှတ်ပြန်အမိန့်တော်မဟုတ်ပဲ အမိန့်တော်မှတ်သားချက်အရ ထုတ်ခြင်းတမျိုး။ (၂) ဘုရင်မင်းမြတ် အလိုတော်သိ အသင့်ရှိစေရန် စီမံသင့်သည်များကို အတွင်းဝန်မင်းများက ထုတ်ခြင်းတမျိုးအားဖြင့် ကွဲပြားသည်။မြို့တိုက်က လွှတ်တော်သို့ပို့သောစာဆိုသည်မှာ ဥပမာစကားပင်တည်း။ စစ်စစ်မှာ မြို့တိုက်တွင် စီစဉ်ခန့်ခွဲရသော အတွင်းဝန်မင်းများက လွှတ်တော်တွင် ဆောင်ရွက် စီမံရသော ဝန်ထောက်မင်းများထံသို့ အလှည့်ကျ နားခံတော် အရာရှိတွင် အပ်၍ ထုတ်သောစာကို ဆိုလိုသည်။ စာ၏အဓိပ္ပါယ်မှာ မည်ကဲ့သို့ အလိုတော်ရှိကြောင်းနှင့် ဘုရင်မင်းမြတ် အမိန့်တော်ကို ဦးထိပ်ထက် ဆောင်ရွက်ရသည်။ မင်းကြီးထံ အစီရင်ခံ၍ ဆိုင်ရာ ဆင့်ဆိုလိုက်နာ ဆောင်ရွက်ရမည် ဝန်ထောက်မင်းတို့ ဟူ၍ ရေးသားလေ့ ရှိသည်။ အတွင်းဘော်က ထုက်သော မှာတမ်းကို လွှတ်တော်သို့ မထုတ်မီ အတွင်းဝန်မင်းများ အလုံးကြားသိစေရန် ပုံပြန်ဌာနတွင် ပါဝင်သော မြို့တိုက် သံဆင့်သည် အတွင်းဝန်မင်းများထံ တပါးစီ တပါးစီလှည့်လည် ဖတ်ကြောက်တိုင်တမ်းရသည်။ သည်ကဲ့သို့တိုင်တမ်းသောအချက်များကိုလည်း နေ့ရက်စွဲးတပ်၍ မှတ်သားချက်ရေးထားပြီးမှ အလှည့်ကျ နားခံတော်သို့ ပေးအပ်၍ လွှတ်တော်သို့ ထုတ်ရသည်။

လွှတ်တော်ကမြို့တိုက်သို့ ပို့သောစာမှာလည်း ဆိုခဲ့သည့် နည်းပင်တည်း။ လွှတ်တော်သွင်း မှာတမ်းမှာလည်း ၂-မျိုးထပ်၍ ကွဲသေး

သည်။ ကွဲပုံကား....(၁)လွှတ်ပြန်အမိန့်တော်အရ သွင်းခြင်းတမျိုး။ (၂) ၁၂-ရာသီနှင့်စပ်၍ နှစ်စဉ်လစဉ် အလုပ်အဆောင်များအတွက် သွင်းခြင်းတမျိုးအားဖြင့် ကွဲပြားသည်။

အထူးဖော်ပြရန်မှာ....လွှတ်တော်သို့ထုတ်ရန် မှာတမ်းကိုသော်၎င်း, အမိန့်တော်များကိုသော်၎င်း ဆိုင်းထားရန် အတွင်းဝန်မင်းများက မှတ်ချက်ချသော အကြောင်းများလည်း နည်းနည်းပါးပါး ရံဖန်ရံခါ ပေါ်လာသေးသည်။ သီပေါဘုရင်မင်းမြတ်လက်ထက်မှာ ပြုပြင်ရဲသော ပြုပြင်ဝံ့သော အတွင်းဝန်မင်းများရှိကြသည်။ အမိန့်တော်ကို ပယ်ဖျက်ရန် စိမ်ဝံ့သော အတွင်းဝန်မင်းများ နည်းပါးသည်။ သီပေါဘုရင်မင်းမြတ် နန်းတက်စ အခါက အတွင်းဝန် အဖြစ်နှင့် ထမ်းရွက်လျက်ရှိသော အတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ် မြို့စားမင်း, အတွင်းဝန်ယောမြို့စားမင်း နှစ်ပါးသာ ထုတ်ပြန်ရင်းအမိန့်တော်များကို ပယ်ဖျက်ရန် စိမ်ဝံ့ကြသည်။ ထိုအတွင်းဝန် နှစ်ပါးမှာ မကြာမီ ဝန်ကြီးဖြစ်ပြီးနောက် ပျက်စီးကြသည်။ အတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ်မြို့စားမင်းမှာ မကွေးမြို့စားဝန်ကြီးဖြစ်ပြီးနောက် အရာမှ ချထားသည်ကို ခံရသည်၊ အတွင်းဝန် ယောမြို့စားမင်းမှာ ဝန်ကြီးဖြစ်ပြီးနောက် ရှမ်းပြည်သို့ ချီတက်ရာတွင် ရှမ်းပြည်မှာ အဖျားရောဂါနှင့် သေဆုံးလေသည်။ အရာမှ ချထားသည်ကို ခံရသော ဝန်ကြီးမင်းမှာ ဦးဘိုးလှိုင် ဖြစ်သည်။ ကျမ်းဂန် စာပေများ အများအပြား ရေးသားပြုစုသည်။ ထိုစာများတွင် သီပေါမင်းကို ဆုံးမသော ရာဇဓမ္မသင်္ဂဟကျမ်းလည်း အပါအဝင် ဖြစ်သည်။ ရှမ်းပြည်တွင် အဖျားရောဂါနှင့် သေဆုံးရသော ဝန်ကြီးမင်းမှာ ဦးပုကြီး ဖြစ်သည်၊ ထိုဦးပုကြီးသည် မင်းမှုနှင့်စပ်သော အရပ်ရပ် စာပေစီကုံးခြင်းများမှာ သေချာလျင်မြန်သည်ဟု လူအများက ခြီးမွမ်းကြသည်ကို ခံရသည်။ ပျို့ကဗျာ လင်္ကာများစွာ အာဂုံနှုတ်တက် ဆောင်ရွက်နိုင်သည်။ သတ်ပုံသတ်ညွှန်း ပိုင်နိုင်သည်၊ ဦးဘိုးလှိုင်သည် အတွင်းဝန် ယောမြို့စားအဖြစ်, အတွင်းဝန် ရွှေပြည်ဝန် ဝက်မစွတ် မြို့စားအဖြစ်, ဝက်မစွတ်မြို့စား ဝန်ကြီးမင်းအဖြစ်, မကွေးမြို့စား ဝန်ကြီးမင်းအဖြစ်များနှင့် အဆင့်ဆင့် ထမ်းရွက်ခဲ့ရခြင်း ရှိသည်ကို မသိကြသည်အတွက် ပဏ္ဍိတ ဖြစ်ရှာကြဟန်တူသည်။ ဝက်မစွတ်မြို့စား ဝန်ကြီးအဖြစ်နှင့် ရေးသားသော ရာဇဓမ္မသင်္ဂဟကျမ်းကို ယခုအခါ အချို့ဆရာတို့က ဝက်



မစွတ်မြို့စား ဝန်ထောက်မင်းရေးသောကျမ်းဟု စာအုပ်ကက်တလောက်များမှာ ရေးသားပါရှိသည်ကို သိသာတွေ့မြင်ရသေးသည်။

ရှေးအခါက လွှတ်တော်ဝန်ကြီးများမှာလည်း ဘုရင်မင်းမြတ် ထုတ်သော အချို့ အမိန့်တော်များကို တားနိုင်သော သတ္တိရှိကြသည်။ နိုင်ငံအုပ်ချုပ်မှုမှာ ယခုနေရာတွင် မဆိုင်လှ၊ အမြွက်မျှ ဖော်ပြလိုက်သည်။

မှာတမ်း ခြားနားပုံအကြောင်း ပြီးပြီ။

---

## ၁၀-မြန်မာထီးနန်းရှိစဉ်အခါ စာပေးစာယူဌာန လိုက်နာလေ့ရှိပုံ အကြောင်းကို ပြဆိုချက်

စာပေးစာယူဌာနမှာ ရှေးအခါ သုံးဌာနသာရှိသည်။ ၁၂၃၅-ခုနှစ်လောက်ကစ၍ ကြေးနန်းဌာန ပေါ်လာ၍ လေးဌာနဖြစ်သည်။ ရှေးအခါက သုံးဌာနဆိုသည်ကား....၁-ခြေလျင်တော်၊ ၂-လှေလျင်တော်၊ ၃-မြင်းလျင်တော်အားဖြင့် ခွဲခြားထားသည်။ ခြေလျင်တော် ဌာနမှာလည်း ရာဇဌာနီအတွက် ကြားစာ, မှာစာ, ဆင့်စာ, ချစာ၊ အဝေးမြို့ရွာအတွက် ကြားစာ, မှာစာ, ဆင့်စာ, ချစာဟူ၍ နှစ်ပိုင်း ကွဲပြားသေးသည်။ သို့ရာတွင် အရေးကြီးမှသာ ရာဇဌာနီအတွင်း ခြေလျင်တော်လွှတ်သည်။ အရေးမကြီးလျှင် လွှတ်လုင်ရုံးစေ ဘွားဘက်ကျော်ဒိုင်းတော်များကို စေလွှတ်သည်။ အဝေးမြို့ရွာအတွက်မှာလည်း အရေးကြီးမှသာ ခြေလျင်တော်လွှတ်သည်။ အရေးမကြီးလျှင် မြို့ခံများကို ပေးအပ်လေ့ရှိသည်။

သို့ရာတွင် စာပေးစာယူဌာနမှာပါသောစာများအတွက် ၁-အထက်တန်း၊ ၂-အမြင့်တန်း၊ ၃-တန်းတူ၊ ၄-အောက်တန်းအားဖြင့် ရေးသားနည်း အမျိုးမျိုးရှိသည်။ ဆိုခဲ့သော လေးမျိုးမှာလည်း ၁-ဆရာတော်သခင်တော်များထံ လျှောက်ထားသည့်အခါ လိုက်နာ ရေးသားနည်းတမျိုး။ ၂-အစိုးရ အမှုထမ်းချင်းချင်း ဆက်ဆံသည့်အခါ လိုက်နာရေးသားနည်း တမျိုး၊ ၃-အစိုးရအမှုထမ်းများနှင့် အခြားလူများ ဆက်ဆံသည့်အခါ လိုက်နာရေးသားနည်း တမျိုးအားဖြင့် လေးစား သုံးဖြာစီခွဲ၍ တဆဲ့နှစ်မျိုး ခွဲပြန်သည်။ အကြောင်းအကျိုးကိုခွဲ၍... ၁-ဆရာတော်များထံ ရှင်ဘုရင်က လျှောက်ထားသည့်အခါ ဘုရားမပါဝဲ အောံ

ပါအတိုင်း ရေးသားလေ့ရှိသည်။ ရေမြေရှင် တကာတော်လျှောက်ပါသည် ဆရာတော်-ယူ၍ စကားချီမှာပါပြီးလျှင် အဆုံးမှာလည်း ဆရာတော်ဟူ၍ ချလေ့ရှိသည်။ ချပုံကား-အကြောင်းအရာများကို ရေးသားတင်ဘွင်းတော်မူပါ ဆရာတော်-ဟူ၍၎င်း, သင့်မသင့်ကို မိန့်တော်မူပါ ဆရာတော်-ဟူ၍၎င်း အကြောင်းအလိုက် ထိုက်သက်ရာ ပါစေပြီးလျှင် ဆရာတော်ဟု အဆုံးသတ်လေ့ရှိသည်။

ရှင်ဘုရင်ထံ ဆရာတော်တို့က တင်သွင်းသောစာများမှာ-မေတ္တာစာ ဆက်သွင်းအပ်သည်၊ သာသနာ့ဒါယကာ မဟာဓမ္မရာဇ....ဟူ၍၎င်း သာသနဒါယကာ တရားမင်းမြတ်-ဟူ၍၎င်း,အစအဆုံး စီကုံးရေးသားလေ့ရှိသည်။ လွှတ်ရုံး ငါးရပ်နှင့် အဝေးရုံးအရာရှိတို့က ဆရာတော်သင်္ဃာတော်တို့ထံ လျှောက်ထားသော စာများမှာ "လျှောက်ပါသည်ဘုရား"ဟူ၍ စကားချီမှာ ပါပြီးလျှင် အဆုံးမှာလည်း ဘုရားဟူ၍ ချလေ့ရှိသည်။

အထူးအားဖြင့် မှတ်သားဘွယ် ကွဲလွဲးသည်မှာ ကောဝုစ်ဆိုနည်း,ဗဟုဝုစ်ဆိုနည်းများတွင် ခြားနားသေးသည်။ ခြားနားပုံကား....ကောဝုစ်ဖြစ်ခဲ့လျှင် မည်သည့်ဝန်ကြီး, မည်သည့် အတွင်းဝန်, မည်သည့်အဝေးဝန်-စသဖြင့် ရရှိသော ရာထူးဂုဏ်ထူးများကို ရေးသားဖော်ပြလေ့ရှိသည်။

ဗဟုဝုစ်ဖြစ်ခဲ့လျှင် 'ဝန်ကြီးတို့' မရေးပဲ 'ဝန်တို့' လျှောက်ပါသည်ဘုရား၊ အတွင်းဝန်တို့ လျှောက်ပါသည်ဘုရား၊ မြို့ရုံးအရာရှိတို့ လျှောက်ပါသည်ဘုရား....ဟူ၍ ရေးသားလေ့ရှိသည်။ မြို့ရုံးအရာရှိဆိုသည်ကား အရာရှိဝန်,ဗိုလ်, စစ်ကဲ, သေနတ်စာရေး, နားခံ, မြို့စာရေးစသော များကို ဆိုလိုသည်။

၂။ အစိုးရအမှုထမ်း အချင်းချင်း ဆက်ဆံသည့်အခါ လိုက်နာပုံမှာ အားဖြင့် ကြားရောက်စာ, ကြားစာ, မှာစာ, ဆင့်စာ, မှတ်စာ-စသော သုံးမျိုးကွဲပြားသေးသည်။ ကြားစာ-ဆိုသည်မှာလည်း သုံးမျိုးရှိသည်။ သုံးမျိုးဟူသည်ကား.... (က) လွှတ်တော်ဝန်ကြီးချင်း ပေးသော ကြားစာ။ (ခ) အဝေးဝန် ခံ့ထားသော မင်းသားများထံ ပေးသော ကြားစာ။ (ဂ) ဆင်းရဲသားများ ခန့်ထားသော အဝေးဝန်များထံ ကြားစာဟူ၍ ကွဲပြား ခြားနားသည်။



(က) ဝန်ကြီးချင်းပေးသော ကြားစာမှာ-ကောဝုစ်နှင့်ဆိုင်လျှင် အစအဆုံးတွင် မင်းကြီးဘုရားဟူ၍ ထည့်ရသည်။ ဗဟုဝုစ်နှင့်ဆိုင်လျှင် မင်းကြီးတို့ဘုရားဟူ၍ အစအဆုံးတွင် ထည့်ရသည်။ ဖတ်သည့် အခါ 'ကြား'ဟူ၍ ဖတ်ရသည်။

(ခ) မင်းသားများကို ဝန်ခန့်ထားသော မြို့ကြီးနယ်ကြီးများတွင် စီရင်အုပ်ချုပ်ရသော အကြီးအချုပ်များထံ ကြားရောက်သည် ဟူ၍ အစမှာသာပါရသည်။

(ဂ) မင်းသားများကို သော်၎င်း၊ မင်းသားများကဲ့သို့ အစိုးအနင်းအဆောင်အရွက် ရသူများကိုသော်၎င်း ခန့်ထားခြင်းမရှိသော အခြားမြို့ကြီးနယ်ကြီးများတွင် စီရင်အုပ်ချုပ်ရသော အကြီးချုပ်များထံ ကြားလိုက်သည်ဟူ၍ အစမှာသာပါရသည်။

သို့ရာတွင် မြန်မာနိုင်ငံတော် အောက်ပိုင်းကို အင်္ဂလိပ်မင်း သိမ်းယူပြီးနောက် နိုင်ငံကျဉ်းငယ် သေးသိမ်သွား၍ မင်းသားများကို အဝေးဝန် ခန့်သည့်အရာ လွန်စွာနည်းပါးသည်၊ မန္တလေး ပထမမြို့နန်းတည် မင်းတရား နန်းတက်စက ချွန်တောင်မြို့စားမင်းသား တပါးသာ ဗိုလ်မှူးခန့်၍ ရှမ်းပြည်တွင် ရပ်နေ သမ်းရွက်စေဘူးသည့် အမှတ်အသားလောက်သာရှာ၍တွေ့တော့သည်။ လွှတ်မှတပါး အခြားမြေးတိုက်,ရွှေရုံးနောက်ရုံး, တရားရုံးများက ကြားစာမှာလည်း ဆိုခဲ့သည့် နည်းသုံးမျိုးတွင် ကြားရောက်သည်, ကြားလိုက်သည်-အစရှိသော စကားများကို ရေးသားသုံးစွဲလေ့ရှိသည်။

မှာစာရေးနည်းမှာ-ကြားစာကဲ့သို့ ကွဲပြားခြားနားခြင်းမရှိ၊မှာလိုက်သည်ဟူ၍သာ အစမှာပါရသည်။ သို့ရာတွင် စကားချီမှာ ဌာနအလိုက်ထိုက်သက်ရာ ဖော်ပြ၍ အစချီရသည်။ ဌာနအလိုက် ဟူသည်ကား...လွှတ်, မြေးတိုက်, ရွှေရုံး, နောက်ရုံး, တရားရုံးစသော ဌာနများကို ဆိုလိုသည်။ လွှတ်က ပေးသောမှာစာဖြစ်လျှင် မင်းသားများ လွှတ်တက်သည့်အခါ လွှတ်တက်မင်းသားများနှင့် ဝန်ကြီးများကို စကားချီကစ၍ထည့်ရသည်။ မင်းသားများ လွှတ်တက်သည့် အခါကာလမဟုတ်လျှင် ဝန်ကြီးများကိုသာ စကားချီကစ၍ ထည့်ရသည်။ "အစကိုအချီ, အဆုံးသတ်ကို အချ" ဆိုလိုသည်။ ဝိသဇ္ဇနီ နှစ်လုံးမလို၊ အချီအချ ယူရမည်။ မြေးတိုက်က ပေးသောမှာစာများမှာ ကောဝုစ်နှင့်ဆိုင်လျှင် အတွင်းဝန်

တဦးဂုဏ်ထူးဘွဲ့မည်၊ဗဟုဝုစ်နှင့်ဆိုင်လျှင် အတွင်းဝန် လေးဦးငါးဦးဂုဏ်ထူးဘွဲ့မည်များကို စကားချီကစ၍ ထည့်ရသည်။ ဂုဏ်ထူးဟူသည်ကား.... မြို့စား-ရွာစား, ဥယျာဉ်အုပ်, လှေအုပ်စသော အတွင်းဝန် ရာထူးမှ တပါး၊ အခြားအပို ရာထူးများကို ရေးသား ထည့်သွင်းလေ့ရှိသည်။

ရှေးရိုး,နောက်ရိုး တရားရုံးများက မှာစာများမှာလည်း ဆိုခဲ့သည့် နည်းပင် သက်ဆိုင်ရာ အမှုသွားအလျောက် ချင့်ထောက်၍ ရေးလေ့ရှိသည်။

ဆင့်စာဆိုသည်မှာလည်း လွှတ်ရုံးများက အကြောင်းရှိသမျှ ဆင့်ဆိုသောစာ ဖြစ်သည်။ ဆင့်စာများမှာ ဆင့်စာပေးပိုင်သော ဆိုင်ရာအရာရှိ ရာထူး ဘွဲ့မည်များကို စကားချီကစ၍ ရေးသားလေ့မရှိ၊ ဆင့်စာ၏ အောက်ခြေကသာ သက်ဆိုင်ရာ လိုက်နာ ရေးသားလေ့ရှိသည်။ လွှတ်တော်ဝန်ကြီးများက ဆင့်သောစာများမှာ ဆင့်စာ အောက်ခြေနားက ဝန်မင်းများစာဟူ၍သာ ရေးသားလေ့ရှိသည်။ ဝန်ကြီးဟူသောစကားကို ရေးသားလေ့မရှိ၊ သို့ရာတွင် တဦးတည်းနှင့်ဆိုင်သော စာဖြစ်လျှင် ဆင့်စာအောက်ခြေများမှာ ဆင့်စာပေးပိုင်သော ဆိုင်ရာ ဝန်ကြီးမင်း၏ ဂုဏ်ထူး ဘွဲ့မည်များ အပြည့်အစုံရေးသား ထည့်သွင်းလေ့ရှိသည်။

မြို့တိုက်ရှေးရုံး နောက်ရုံး တရားရုံးများနှင့် အဝေးရုံးများက ဆင့်ဆိုသောစာများလည်း ဗဟုဝုစ်နှင့်ဆိုင်လျှင် အတွင်းဝန်မင်းများစာ၊ မြို့ဝန်မင်းများစာ၊အနေ်ဝန်မင်းများစာ၊တရားသူကြီးများစာဟူ၍ ရေးသားလေ့ရှိသည်။ သည်ကဲ့သို့ ထုံးစံစဉ်လာ တန်ထွာ နည်းလမ်းများရှိသည်ကို သတိမထားမိရှာကြသော ယခုကာလ ကျောင်းသုံးစာအုပ်များတွင် လူများဟုရေးလျှင် မှားသည်။ လူတို့ဟူ၍ ရေးမှသာ မှန်ရာရောက်သည်ဟု ပြုပြင်သွန်သင်သော ပြဋ္ဌာန်းချက်များ ထုတ်ထားသည်၊ တနယ်သားလမ်းမသိသူကို မျက်စိလယ်၍ နေသူ မူလဇာတိသား မြန်မာများက လမ်းမှားကို ပြဘိသကဲ့သို့ ရှိနေရသော သဘောလမ်း ဖြောင့်တန်းလျက်ရှိသော အချက်ကို သက်ဆိုင်သောအရာရှိတို့ သတိထားရန် အချိန်တန်ဟန်တူပြီ။

ဆိုခဲ့သော ဌာနများက ဆင့်ဆိုကြသော စာများမှာလည်း တဦးတည်းနှင့် ဆိုင်သော စာဖြစ်လျှင် ဆင့်စာအောက်ခြေနားမှာ ဆင့်စာပေးပိုင်သော ဆိုင်ရာအရာရှိ၏ဂုဏ်ထူးဘွဲ့မည်များ အပြည့်အစုံရေးသား ထည့်သွင်းလေ့ရှိသည်။ အချို့ဆင့်စာများမှာ ဆင့်စာစာသား လိုရင်း



စကားထက် ဆင့်စာအောက်ခြေနားမှာ ဆင့်စာပေးပိုင်သူ လိပ်မှာ လွန်စွာ ရှည်လျားလေ့ရှိသည်။ သိသာရန် သက်သေခံ စံပမာဏဖော်ပြသော အောက်ပါဆင့်စာနှင့် လိပ်ကိုထောက်သဖြင့် ဆင့်စာထက် လိပ်ရေးသားရခြင်းမှာ သာ၍ရှည်လျားသည်အရာသိသာလိမ့်မည်။

**ဆင့်စာ စာကိုယ်—**

ရွာစဉ်သွေ့ကြီး သင်းသေနတ်ဖွဲ့စည်းရန် ကိစ္စနှင့် စည်းဝေးဆွေးနွေးရန်ရှိသည်၊ မည်သည့်နေ့ ဗိုလ်ခံမှီအချိန် အိမ်ဦးတော်သို့ လာရောက်ရမည်။

စာကိုယ် ပြီးပြီ။

**လိပ်—**

တလုပ်မြို့ဝန်သင်းသေနတ်ဗိုလ်,အောင်ပစ် လယ်လမိုင်းဝန်,ဒေးဝန်းအကော်ဝန်, သမီးတော် အသျှင်ထိပ်စုဘုရားမြတ် စာရေးကြီး, တိမ်ပြာလှေတော် နတ်ပန်းလှေတော်အုပ်,စိတြမာန်ဥယျာဉ်,နူးရင်းဥယျာဉ်,သော်ကဥယျာဉ်တော်အုပ်၊ ရွှေနန်းရိုးလမိုင်းပယ်တော်အုပ် မင်းမဟာမင်းခေါင်စည်သူစာ။

---

ဆိုခဲ့သော ဆင့်စာတွင်"ဗိုလ်ခံအချိန်မှီ" ဆိုသည်ကား "နံနက်တချက်မတီးမှီအချိန်" အိမ်ဦးသို့ရောက်ရမည်ဆိုလိုသည်။ ဝန်အရာနှင့် ဗိုလ်အရာ ဘက်တွဲခန့်ထားသော အရာရှိများအိမ်ဦးတွင် ဥပုသ်နေ့များမှ တပါး အခြားနေ့များမှာ....နံနက်တချက်မတီးမှီ တမောင်းခန့်က စ၍ နေ့ ၂-ချက် နေ့ ၂-ချက်မတီးမှီ လေးမောင်း ငါးမောင်းသော်ရင်း, နေ့ ၂-ချက်တီးအထိသော်ရင်း မြို့ရွာအရေး ဆွေးနွေး မေးမြန်းသော အချိန်ကို ဗိုလ်ခံအချိန် ခေါ်လေ့ရှိသည်။

'ဗိုလ်ခံ' ဆိုသော သဘောသွားအဓိပ္ပါယ်မှာ... လာသောညွှန်သည်အရာရှိ စသည်ကို ဗိုလ်က, တနည်းအားဖြင့် ဗိုလ်ဝန်က, ဝန်က ဧည့်ခံနေကျအချိန်ဆိုလိုသည်။ ဗိုလ်ရုံခံ, ဗိုလ်ဝင်ခံ ဆိုသော စကားများနှင့် ဗိုလ်ခံ ဆိုသော စကားမှာ များစွာ ကွဲလွဲသည်။ သို့ရာတွင် ရာဇဝင်ကျမ်းကျင်သူများမှာ ခွဲခြားသိသာရန် လွယ်ကူသည်။

ဆိုခဲ့သောဆင့်စာများတွင် တရားရေး, ရာဇဝတ်ရေးနှင့် ဆိုင်လျှင် ယခုအခါ သမ္မန်စာများနှင့် သဘောသွား ခပ်ဆင်ဆင်တူသည်။ တူပုံကား....

လာရောက်ရမည့်အကြောင်းဖြစ်လျှင် လာရောက်ရမည့် နေရာအချိန်ကို ဖော်ပြ၍ လာရောက်ရမည့်အကြောင်းကို ဖော်ဆိုပြသလိုက်ခြင်း၊ လိုက်နာရမည့်စာဖြစ်ခဲ့လျှင် လိုက်နာရမည့်အကြောင်းကို ဖော်ဆိုပြသလိုက်ခြင်းများပင်ဖြစ်သည်။

(၃) အစိုးရအမှုထမ်းများက အခြားသူများထံ အစိုးရဝတ်တရားအတွက် ဆက်ဆံရေးသားနည်းမှာလည်း ဂုဏ်ကြီး၊ ဂုဏ်လတ်၊ ဂုဏ်ငယ်အလျောက် ချင့်ထောက်၍ ကြားစာ၊ မှာစာ၊ ဆင့်စာ ထိုက်သက်ရာလိုက်နာရေးသားလေ့ရှိသည်။ ချစာ ဆိုသည်မှာ-လွှတ်ရုံး ငါးရပ်အရာရှိ၊ ရုံးအရာရှိ၊ လက်ကိုင်ဆိုင်ရာအရာရှိစသော အရာရှိများနှင့် အဝေးအရာရှိများက သက်ဆိုင်သော လက်ကိုင်ဌာနပါ လာရောက်စေလိုသူလူများကို မလာမနေရ ခေါ်ချသောစာ ဆိုလိုသည်။ ထိုချစာတွင် ဆင့်ဆိုသည့်အတိုင်း မလာလျှင် မနေရဟု ဖော်ပြသော စကားများပါ-ပါသည့်ပြင် ခြေလျင် လုလင်၊ ဒိုင်းတော်၊ ဘွားဘက်ကျော်၊ ရုံးစေများကလည်း ချခေါ်သူကို အတူပါအောင် ခေါ်ခဲ့ရန် စီမံညွှန်ပြချက်များ ရေးသားပါရှိသည်။

ချိန်းချက်သော နေရာနေ့ရက်အတိုင်း မပျက်မကွက် လာရောက်ရန်ခံဝန်ချက်၊ ခံဝန်သူ ယူနိုင်ပေးနိုင်သည်။ သည်ချစာမျိုးများမှာ ယခုအခါ ရာဇဝတ်ဘက် အရေးမပိုင်သော ဝါရမ်းစာ၊ တရားဘက်ဝါရမ်းစာများနှင့် သဘောသွား ဆင်ဆင်တူသည်။

မြန်မာမင်းလက်ထက်အခါက ရာဇဝတ်မှုနှင့်စပ်၍ ဖမ်းဆီးပုံ၊ စစ်ဆေးပုံ၊ နှိပ်စက်၍ ဖြောင့်ချက်ယူပုံများမှာ တရားဌာနတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ လွှေလျှင်တော်၊ မြင်းလျှင်တော်များမှာလည်း ဆိုခဲ့သည့်နည်းပင် အရေးကြီးသော ကြားစာ၊ မှာစာ၊ ဆင့်စာ၊ ချစာများကို ယူဆောင်ပို့သခွင့်၊ ဆင့်စာ ချစာ ပေးအပ်ခွင့်ရသည်။

သို့ရာတွင် လှေလျှင်တော်များမှာ အညာဆန်လှေလျှင်၊ အောက်စုံလှေလျှင်အားဖြင့် လမ်းများကို ခွဲခြားထားသည့်ပြင် လှေလျှင်တွင် အကြီးအမှူးကို ခတ်လှေစီးအရာရှိဟူ၍ ခေါ်လေ့ရှိသည်၊ များသောအားဖြင့် ရေးခြားလိမ်မာသော အဆောင်တော်မြန်းများတို့ ခတ်လှေစီးခန့်ထားလေ့ရှိသည်။ လှေအမှုထမ်းများမှာ သီးခြားခန့်ထားလိုက်ပါရသည်။ ခတ်လှေစီးများ၏ သဘောမှာ စာပို့ရရုံမက သွားရောက်ရ



သော ဌာနပါ မြို့ရွာဒေသအလျောက် အထောက်တော်များလည်းဖြစ်ကြသည့်အခါ မြို့ရွာအကျိုးအပြစ်ကို အစစ်ခံကြရမြဲရှိသည်။ အဝေးရောက် အရာရှိက အစစ်ခံယူရသည်။ အရေးကြီးသော အချက်ပါလျှင် အရာရှိကြီးများထံ အမြန်-အဝေးရောက်က ဖတ်ပြရသည့်ပြင် ရှင်ဘုရင်ရွှေတော်သို့ သွင်းသင့်သောအကြောင်းအရာ ပါရှိလျှင် ရှင်ဘုရင်ရွှေတော်သို့ သွင်းရန် စီမံရသည်။ နားခံတော်ကိုအပ်၍ သွင်းမြဲသွင်းရသည်။

မြင်းလျှင်တော်များမှာ ခြေလျင်တော်နှင့် မတန် အလွန်အရေးကြီးသော ကိစ္စများမှာ သွားရောက်စေရသည်။မြင်းလျှင်တော်ကို မြင်းသည်တော်လည်းခေါ်သည်။ ဇာတ်ရုပ်သေးများနှင့် အရပ်စကားမှာ မြင်းဇယ်ကျော်ဟု ခေါ်ကြသည်။ မြင်းသည်က-မြင်းသယ်၊ မြင်းသယ်က-မြင်းဆယ်၊ မြင်းဆယ် က-မြင်းဇယ် ဟူ၍ ရွှေဘိသကဲ့သို့ သိသာရသည်။ ကြေးနန်းအလုပ် ပေါ်လာသည်ကစ၍ မြန်မာအစိုးရတို့ လိုက်နာပုံမှာ ကြေးနန်းလက်ကိုင် အရာရှိကြီးထားသည့်ပြင် ကြေးနန်းဝန်၊ ကြေးနန်းစာရေးများလည်း သီးခြားခန့်ထားသည်။အစိုးရနှင့်ဆိုင်သော ကြေးနန်းစကား ပြောကြားရလျှင် အခကြေးငွေမရ၊ အရပ်သားနှင့်ဆိုင်သော ကြေးနန်းမှသာ အခကြေးငွေရသည်။ အမှုသည်နှင့်ဆိုင်သော ကြေးနန်းများမှာလည်း ကြေးနန်းနှင့် ခေါ်ရသည့်အတွက် ကုန်ကျသမျှကို ခေါ်လိုသူက အလျှင်တင်ကူးပေးထားရသည်။ သို့ရာတွင် အခေါ်ခံရသူ ရောက်လာသည့်အခါ အခေါ်ခံရသူက ကုန်သမျှကို ကျခံရသည်။ တရားစရိတ်ကဲ့သို့ အတင်းအကြပ် တောင်းခံနိုင်သည်။

ပဒေသရာဇာဘွဲ့၊ နတ်သျှင်နောင်ဘွဲ့-အသီးအသီး အချီးအမြှင့် ခံရသော ဇလွန်မြို့စားဝန်ကြီး စီကုံး ရေးသားစပ်ဆိုသော ဟံသာဝတီပါ မင်း နန်းစံ (၈) နှစ် သက္ကရာဇ် ၁၁၀၃-ခုနှစ်တွင် စီကုံးရေးသားပြီးစီးသော သူဇာပျို့တွင် ကြားစာမှာစာဆင့်စာရေးပုံပါရှိသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

"ရပ်မြေသာယာ၊ မြို့မှာအဝင်၊ နွယ်ပင်စဉ်ရိုး၊ ပြည်စိုးသူကြီး၊ ဝေးနီးထိုထို၊ ရှိသည်ကိုလည်း၊ ပြောဆိုကြောင်းလျှား၊ ဆော်ဘန်ကြား၍....ဝပ်တွားရှိသေ ဆက်လာစေ" ဟူ၍ ၎င်း၊...."ဤသို့သာယာ၊ ကုံးသီစာနှင့်၊ ဟံသာပုရ၊ နှင့်တကွလျှင်၊ ကြီးမှူထင်ရှား၊ မင်းသားဝန်ရှိ၊ စုံဘိ

အင်္ဂါ၊ မြို့တရာသို့၊ မကြာလျှင်ထွေ၊ မြင်းသည်စေ၍၊ တထွေတသွယ်၊ စော်ဘွားငယ်တို့၊ အန္တယ်စဉ်ရိုး၊ စိုးသည့်တရာ၊ မြို့များမှာလည်း၊ မှာစာချီဟွင်၊ သာရှင်ပြန့်ကြည်၊ ကြားရောက်သည်ကို၊ ထူးလည်တခြား၊ ကြားလိုက်သည်ပ၊ မကွဲးကြဘူး၊ ထိုမှတတန်၊ မြို့ဝန်အမတ်၊ ဝန်းပတ်ဒိသာ၊ စိုးချုပ်ချာသည်၊ တရာလောက်စဉ်၊ အင်ခွင်ကြီးစွာ၊ မြို့များမှာကား၊ မင်းမဟာသီဟကျော်ထင်၊ မင်းတုရင်သီဟကျော်သူ၊ ကြည်ဖြူသာကြည်၊ မှာလိုက်သည်ဟု၊ အမည်သာလွန်၊ မြို့ဝန်မည်သူ၊ အတူမကွဲ၊ စစ်ကဲမည်သူ၊ ချီထူပြီးလျှင်၊ နည်းတူပင်တည့်၊ အဝင်မြို့စား၊ ရွာစားတို့ကို၊ မြွက်ဆိုကြောင်းလျား၊ ဆော်ဘန်ကြား၍၊ ညွတ်တွားပျပ်ပျပ်၊ ဆက်ကပ်စေသာ၊ ပေးလိုက်မှာ၍၊ အချာချုပ်မှန်၊ မြို့ဝန်မကွဲ၊ စစ်ကဲတို့ကို၊ မိန့်ဆိုသံခြေ၊ ဆက်စေမိန့်မှာ၊ သံချာရာမျှ၊ ပြောဝစည်ပွား၊ မြို့စားများမှာ၊ စကားသာကြည်၊ မှာလိုက်သည်ဟု၊ မျိုးမည်ဖော်ပြား၊ မြို့စားစစ်ကဲ၊ ကျော်သဲထင်ပေါ်" ဟူ၍၎င်း ရေးသားပါရှိသည်။

ထိုပျို့မှာပါသော သဘောသွား အဓိပ္ပါယ်ကား ထင်ရှားသော မြို့ကြီးများတွင် မင်းသားဝန် ခန့်ထားရှိလျှင် ကြားရောက်လိုက်သည်-အစချီ၍ စာပေးပုံကို စပ်ဆိုဖော်ပြသည်။ ကြားရောက်သည်, လျှောက်သည်-ရေးသောစကားမှတပါး ကြားလိုက်သည်, မှာလိုက်သည် ရေးပုံ, ဆင့်စာရေးပုံများလည်း ခွဲခြားဖော်ပြပါရှိသည်။

မြန်မာထီးနန်းရှိစဉ်အခါ စာပေးစာယူဌာနလိုက်နာလေ့ရှိပုံ
အကြောင်းကို ပြဆိုချက် ပြီးပြီ။

---

### ဂ ၁-မြန်မာမင်းလက်ထက်အခါ စာပေးစာယူ စည်းကမ်းရှိသည်ကို သတိပြု၍ ယခုအခါ မြန်မာဘာသာစာပေးစာယူရေးကြရာ လိုက်နာလိုသူတို့ကို လိုက်နာလိုလျှင် လိုက်နာသင့်ပုံ

ယခုစာခေါင်းတွင် လိုက်နာလိုသူတို့လိုက်နာလိုလျှင် ဆိုသောစကားကို ရေးသားဖော်ပြလိုက်သည်မှာ နတ်စာထွန်းကားဆဲဖြစ်၍ ခေတ်ကို မဆန့်ကျင်ပဲ ထည့်သွင်းရေးသားလိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် ယခုအခါ မြန်မာစာကို လိုလားသေးသူ ရှင်လူအများ ရှိသေးသည့်ချက်၊ မြန်မာစာသည် ပြူစာ,တလိုင်းစာများကဲ့သို့ တိမ်ကောပျောက်ပျက်ခြင်း မရှိအောင် ဆောင်ရွက် သည့်ပိုးဆဲရှိသော အစိုးရ ရန်ကုန်ကောလိပ်သိပ္ပံကျောင်းကြီးမှာ မြန်မာမင်းစာများကို အရေးယူလျက် ရှိသည့်အချက်၊ အစိုးရ စာတော်ပြန် ဌာနမှာလည်း မြန်မာစာ ကျွမ်းကျင်သူအရာရှိ, စာရေး စာချီများလည်း ခွပ်ဘက်ခန့်ထားလျက် ရှိသည့်အချက်များကို ထောက်ထား၍ 'လိုက်နာလိုလျှင်'ဆိုသောစကားကို ရေးသားထည့်သွင်း လိုက်ခြင်းဖြစ်သည်။ နတ်စာအကြောင်းကို သိလိုလျှင် ယခုကဗျာပန္နသာရ နောက်ဆက်တွဲ အဝှန်းဂဏန်းစဉ် (၃၆) ကြည့်။

မြန်မာ့ဘာသာ စာပေးစာယူ စည်းကမ်းနည်းလမ်း ထုံးစံမှာ အချီအချကို မြင်ရုံမျှနှင့် ကမ္ဗုတဒေါသ, ဝိရောဓိဒေါသ စသော ဒေါသလွတ်ကင်းပုံ၊ ဂုဏ်နိမ့်, ဂုဏ်မြင့် အဆင့်အတန်း ရှိပုံများကို အရိုအသေပြုလုပ်, ထိုက်သက်ရာ လိုက်နာလေ့ ရှိသည်အတိုင်း ယခုအခါ မြန်မာဘာသာဖြင့် ရေးသားရာ အောက်ပါရေးသားနည်းများမှာ မြန်မာထုံးစံအတိုင်း ညီညွတ်သောနည်းများ ဖြစ်သည်။

သည့်အချက်ကိုအမြွက်မျှဖော်ပြရသည်မှာ သာမညအရာရှိကလေးများက ဘုန်းတော်များကို ဖြစ်စေ,ဂုဏ်ရှိသူလူကြီးများကိုဖြစ်စေ,နာခံရမည်ဟူ၍၎င်း, ဆင့်ဆိုလိုက်သည်ဟူ၍၎င်း အာဏာသံနှင့် ပြင်းထန်ရိုင်းစိုင်းစွာ စာပေးစာယူ ပြုလုပ်သမျှကို ခံရသူများက မနှစ်သက်သောအချက်ပေါ်ထွက်လျက်ရှိသည်ကို သိသာရသည့်အတွက် ဖြစ်သည်။

### (က) အဆင့်အတန်းအလိုက် ထိုက်သက်ရာလိုက်နာရန် သဘောသွားအရ ပြဆိုချက်

**၁-အထက်တန်း** အောက်လူများက ရှင်ဘုရင်ထံ တင်သွင်းသော စာများမှာ....ဘုရားကျွန်တော်၊ ရွှေဘဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား....ဟူ၍၎င်း၊ ဆရာတော်ကြီးများထံ လျှောက်ထားသည့်အခါ... ရှိခိုး နားတော်လျှောက်ပါသည်ဘုရား ...ဟူ၍၎င်း ရေးသားလေ့ရှိသည်။

**၂-အလယ်တန်း** အိမ်ရှေ့မင်း, ဘုရင်ခံ မင်းသားကြီးများ, အခြား မင်းသားကြီးများ, မိဖုရားကြီးများထံ အောက်လူများက ရေးသွင်းသောစာများမှာ... ရှိခိုး သံတော်ဦးတင်ပါသည် ဘုရား....ဟူ၍ ရေးလေ့ရှိသည်။

၃–အောက်တန်း  အခြားမင်းသားများ, အခြားမိဖုရားများထံ အောက်လူများက တင်သွင်းသော စာများမှာ....သံတော်ဦးတင်ပါသည်ဘုရား... ဟူ၍ ရေးလေ့ရှိသည်။

၄–အထက်တန်း  ပိုလ်မှူးဝန်ကြီး,ဝန်ကြီးအတွင်းဝန်, ဝင်းမှူးဆွေမျိုးတော်ဝန်, ဝန်ထောက်, ခရိုင်ဝန်, အဝေးမြို့ဝန်, တရားသူကြီးများနှင့် တရားစီရင်ပိုင်သော ရုံးအရာရှိကြီးများထံ အောက်လူများက တင်သွင်းသောစာများမှာ... ရှိခိုး အစီရင်တော် ခံပါသည် ဘုရား... ဟူ၍ ရေးလေ့ရှိသည်။

၅–အလယ်တန်း  ၄-မှတ်ပါ အရာရှိများမှတပါး အခြားအရာရှိများထံ အောက်လူများက တင်သွင်းသည့် အခါ... အစီရင်တော် ခံပါသည်ဘုရား... ဟူ၍ ရေးလေ့ရှိသည်။

၆–အောက်တန်း  ၅-မှတ်ပါအရာရှိများမှတပါး အခြား ဂုဏ်ရှိသူများမိဘ-ဆွေကြီးမျိုးကြီးများသို့ သားသွီး တပည့်များက ရေးသားသောစာများမှာ....ရှိခိုး အစီရင်တော်ခံပါသည်ဘုရား... ဟူ၍၎င်း, အစီရင်တော်ခံပါသည်ဘုရား... ဟူ၍၎င်း, အစီရင်တော်ခံပါသည်....ဟူ၍၎င်း, အစီရင်ခံပါသည်... ဟူ၍၎င်း အသီးအသီး အကြီးအလတ်, အငယ်အလိုက် ထိုက်သက်ရာ ရေးလေ့ရှိသည်။ အောက်က ဖော်ပြလိုက်သော (ခ) မှတ် (ဂ) မှတ် အစီရင်ခံစာများကို ကြည့်ပါ။

---

(ခ) အမှတ်

ကျောက်ဆည်မြို့။

၁၈–၉–၂၈

အစီရင်တော်ခံပါသည်....အစ်ကိုယ်, အစ်ကိုယ်ထံက နောက်ထပ်၍ ပို့တော်မူသော သေလက္ခရ စာတမ်း ၅-အုပ်ကို ကောင်းမွန်စွာရရှိပါ၍ အထူးဝမ်းသာ ကျေးဇူးတင်လျက်ရှိပါကြောင်း၊ ၎င်းစာအုပ် ငါးအုပ် အနက် တအုပ်ကို ယစ်မျိုးအင်စပက်တော်မောင်ဘဘောနှင့် ဇနီး မယ်ရီ တို့ကို ပေးအပ်ပါကြောင်း၊ အစ်ကိုယ်၏စာတွင် ယစ်မျိုး ရာဇဝတ်အုပ် မောင်လှမောင်နှင့် ဇနီး မယ်ရီဟု ပါရှိရာ ယစ်မျိုး ရာဇဝတ်အုပ် မောင်လှမောင်ဟု ကျောက်ဆည်စီရင်စုတွင် မရှိပါ၊ နောက် စုံစမ်း



ကြည့်သောအခါ ယစ်မျိုး အင်စပက်တော် မောင်ဘဘောက သူနှင့် သူ၏ဇနီး မယ်ရီကို အစ်ကိုယ်က ဆိုပါသည်ဟု ပြောပါကြောင်း၊ နောက် ရန်ကုန်မှာအခွင့်ခံနေသောယစ်မျိုးဝန်ကိုဘဝင်း ကျောက်ဆည်ကို လာသဖြင့် စုံစမ်းပြန်ရာ မောင်ဘဘော၏စကားကို ထောက်ခံပါကြောင်း။

ကျောက်ဆည်တွင် တစုံတရာ အလိုရှိတော်မူပါလျှင် အကြောင်းကြားတော် မူပါမည့်အကြောင်း,

အစ်ကိုအမနှင့် ဆွေမျိုးတစုတို့ ကျန်းမာ ချမ်းသာတော်မူရန် ဆုတောင်း မေတ္တာပို့ပါကြောင်း။

ကျွန်တော်နှင့် အားလုံး အိမ်သားတစုတို့ ကျန်းမာချမ်းသာစွာ ရှိကြပါကြောင်း။

အစီရင်တော် ခံပါသည်-

မောင်စိန်ရိုး။

---

(ဂ) အမှတ်

ကျောက်ဆည်မြို့။

၂၂–၉–၂၈

ရှိသေစွာ စာရေး အစီရင်ခံလိုက်ပါသည်....ဘဘကြီးနှင့်မေမေကြီးတို့ခင်ဗျား....အကြောင်း-ဘဘကြီးထံက အရေးပိုင်မင်း ဦးစိန်ရိုး စာရသည်ဆို၍, ကျွန်တော်များစွာ ကျေးဇူးတင်ပြီးလျှင် ဝမ်းမြောက်ပါသည်။ ၎င်းနောက် တနေ့ကလေး အရေးပိုင်မင်းက ကျွန်တော်ကိုခေါ်၍ ဘဘကြီးထံက ပို့လိုက်သော စာအုပ်တအုပ်ရရှိရ၍, အထူးကျေးဇူးတင်ပါသည်။ ဘဘကြီး ရေးလိုက်သောစာထဲတွင် ကျွန်တော်၏နံမည်သည် မောင်လှမောင် ယစ်မျိုးရာဇဝတ်အုပ်ဖြစ်နေ၍, အရေးပိုင်မင်းမှာ ကျွန်တော်မှန်း ပဌမ-မသိပါ၊ ၎င်းနောက် စာထဲတွင် မရီ၏ ယောကျ်ားဆို၍သာ ကျွန်တော်သွားရာ အရေးပိုင်မင်းမှာ ရယ်မော၍, အကျိုးအကြောင်း ပြောပြမှ နားလည်ပါသည်။

ဘဘကြီးနှင့် မေမေကြီးတို့ စားသောက်ရန် ချိုးများ ပို့မည်ဟုရှာရာ လုံလောက်စွာမရပါ၊ သို့သော် ယခုလ ၂၆-ရက်နေ့ ကျောက်ဆည်က

မြို့အုပ်တယောက် ရန်ကုန်ကို ခေတ္တလာပါလိမ့်မည်။ ၎င်းသူ လာသောအခါ ကျွန်တော် ယုန်ကင်များနှင့် ချိုးကြော်များ ဆက်ဆက်ပို့လိုက်ပါမည်။ ကိုဘနီလာ၍ ပို့ပါလိမ့်မည်။

ဘဘကြီး၏ စာများအတွက် အထူးကျေးဇူးတင်ပါ၏။ ဘဘကြီးနှင့် မေမေကြီးတို့ ကျန်းမာကြစေရန် ဆုတောင်း(ပါ၏)၊ မရီနှင့်တကွ ကျွန်တော်လို့လည်း ကျန်းမာပါ၏။

၎င်းပြင် ကျောက်ဆည်၌အလိုရှိရာမှာပါ။

မောင်ဘဘော

ယစ်မျိုးအင်စပိတ္တော်-ကျောက်ဆည်

---

၇–အထက်တန်း အရာရှိကြီးများနှင့် ဂုဏ်ကြီးသူများက တဆင့် လက်အောက်ကျသူ များထံ စာပေးသည့် အခါ....ကြားရောက်သည်, ကြားလိုက်သည်...ဟူ၍၎င်း အသီးအသီး ရေးလေ့ရှိသည်။

၈–အလယ်တန်း ဂုဏ်ရေတူခြင်း အချင်းချင်း စာပေးစာယူ ပြုသည့်အခါ... ကြားရောက်ပါသည်, ကြားလိုက်ပါသည်....ဟူ၍၎င်း အသီးအသီး ရေးလေ့ရှိသည်။

၉–အောက်တန်း အထက်လူများက ၎င်းတို့အောက် ၂-ဆင့်လောက်နိမ့်ကျသူများထံ စာပေးစာယူ ပြုသည့်အခါ... မှာလိုက်သည်....ဟူ၍ ရေးသားလေ့ရှိသည်။ ၎င်းအောက် နိမ့်ကျသူများထံ....ဆင့်ဆိုလိုက်သည်... ဟူ၍ ရေးသားလေ့ရှိသည်။ ရှင်တိသာသနဓဇအကျော် ဆရာတော် ဆုံးမစာတမ်းမှာ....ကိုယ့်ထက်မြတ်သူကို "ကျွန်ုပ်လျှောက်သည်" ဟူ၍၎င်း၊ ကိုယ်နှင့်တန်းတူကို "ငါမှာအပ်သည်" ဟူ၍၎င်း၊ ကိုယ့်အောက်နိမ့်သူကို "ငါမှာလိုက်သည်" ဟူ၍၎င်း ရေးသားရမည်ဟု ပါသေးသည်။ သို့ရာတွင် ထိုအသုံးအစွဲးမှာ သက္ကရာဇ် ၉၀၀-နှင့် ၁၀၀၀ အတွင်းက သုံးစွဲးကြသော စကားဖြစ်သည်။

ခေတ်ကာလအလိုက် ထိုက်သက်ရာ လိုက်နာသုံးစွဲးသင့်သည်။ မြန်မာနန်းပျက်သည်တိုင်အောင် စာပေးစာယူ ပြုလုပ်သောအရာများမှာ...



"ခင်ဗျား-ဟူ၍" အချီအချဖော်ပြ၍ ရေးလေ့လည်း မရှိကြ၊ ကြားရောက်အစီရင်ခံပါသည်-ဟူ၍လည်း ရေးလေ့မရှိကြ၊ အကြောင်းမူကား ရာဇဌာနီသုံး စာပေးစာယူ များမှာ....ခင်ဗျား-ဟူသော ဝေါဟာရသည်တော်သံချင်းကြားရောက်ရေးမြဲ အဆင့်အတန်းနှင့် အစီရင်ခံ အဆင့်အတန်းသဘောသွား တခြားစီဖြစ်သည့်အရ ကမ္ဘာတစသော ဒေါသမလွတ်သောစကားကို ရေးသားခြင်းများမှာ အလင်္ကာကျမ်းရေးနည်းထုံးအတိုင်း နှစ်လိုဘွယ်ရာသာလိုက်နာဘိသကဲ့သို့ရှိသည်။ ဘုရားဟူ၍ ရေးသောစကားကို မသုံးလိုလျှင် ၆-၇-၈-မှတ်များမှာ ပါသည့်အလိုက်ထိုက်သက်ရာ ရေးကြလျှင် ယဉ်ကျေးသောအမူအရာ ပျောက်ခြင်းကင်းရန် ရှိလိမ့်မည်။

ယခုပြဆိုသောအချက်များမှာ မြန်မာမင်းလက်ထက်က နည်းလမ်းရှိသမျှ အစေ့အင ရှိရှိသမျှအလုံးစုံ ကုံလုံအောင်ပါရှိသည်မဟုတ်၊ ယဉ်ကျေးသော နည်းလမ်းကို လိုက်နာလိုသူတို့ သိသာကြရန် စံပမာဏအမြွက်မျှ ဖော်ပြခြင်းဖြစ်သည်။

အဆင့်အတန်းအလိုက် ထိုက်သက်ရာ လိုက်နာရန်
သဘောသွားအရ ပြဆိုချက်ပြီးပြီ။

---

**၈၂–စာပေးစာယူပြုလုပ်ရာတွင် ယခုခေတ်နှင့်လည်း မဆန့်ကျင်**
**အရိုးအစဉ်နှင့်လည်း နီးနိုင်သမျှနီးရအောင် လိုက်နာကြရန်**
**သင့်မည်ထင်သည့် အကြောင်းကို ပြဆိုချက်**

ခေတ်နှင့်ကိုက်အောင် လိုက်နာသင့်သည်မှာ....ကာလံ, ဒေသံ,အဂ္ဂံ, ဓနံ-ဟူသော မဟာပဒေသတရား လေးပါး၊ ဒါန, ဝိယဝါစာ, သမာနတ္တတာ, အတ္ထစရိယာ-ဟူသော လူခပ်သိမ်းနှင့်ဆိုင်သော သင်္ဂဟတရားလေးပါး၊ ကာလ, ဒေသ, ကလာ, လောက, အာဂမ, ညာယ-ဟူသော ဝိရောဓိဒေါသ ခြောက်ပါးများကို နှလုံးသွင်းသဖြင့် အဆင့်အတန်းအလိုက် ရေးရန်သင့်ပုံမှာ–

(၁) တန်းတူ လူချင်း ဆက်ဆံသည့်အခါ လိုက်နာ သင့်သော အကြောင်းကြားအကြောင်းမှာ စာခေါင်းတွင် မည်သူက မည်သူထံ အကြောင်းကြားစာ ဟူ၍ ရေးပြီးလျှင် စာခေါင်း အောက်က စာသားမှာ လိုရာ

အကြောင်းများကို ရေးသားခြင်း၊ အဆုံးသတ်ကိရိယာစကားမှာ 'ပါ' ဟူ၍ ထည့်သွင်းခြင်းများနှင့် ရေးသား ဆက်ဆံကြလျှင် အချိန်ကုန် လည်းနည်း လိုရာအကြောင်းလည်း ပြီးစီးသောကြောင့် လိုရာအခွင့်နှင့် သင့်တင့် တိုက်ဆိုင်ရန် ရှိမည်ထင်ပေသည်။ ဥပမာကား....မည်သည့် အကြောင်းကို ဆောင်ရွက်စေလိုပါသည်, ပေးပို့လိုက်စေလိုပါသည် ဟူ၍. နာ:ဝင်ချိစွာ ရှိသေရာ ပါအောင် ရေးသင့် ထည့်သင့် ပေသည်။ ယခုခေတ်အလိုက် စာပုံနှိပ်တိုက် ပေါ်သည့်အရ စာပေးစာယူပြုလုပ်ရန် ပုံစံစက္ကူများ ပုံနှိပ်ထားပြီး အသင့်ရှိခဲ့လျှင် မည်သူကဆိုသော စကားကို ရေးသားထည့်သွင်းရန် မလိုတော့ပြီ၊ စာခေါင်းတွင် အကြောင်းကြား စာဟူ၍. ထည့်သွင်းရေးသားလိုက်လျှင် ပြည့်စုံရန်ရှိမည် ထင်ပေသည်။

(၂) ကိုယ့်ထက်တဆင့်လောက် အထက်ရောက်သူဟူ၍. အယူရှိသူ တို့ထံ ဆက်ဆံသည့်အခါ လိုက်နာသင့်သောအကြောင်းမှာ စာခေါင်း တွင် မည်သူက မည်သူထံ လေးမြတ်စွာ အကြောင်းကြားစာဟူ၍. ရေး သားပြီးလျှင်စာခေါင်းအောက်ကအကြောင်းများမှာ ၁-မှတ်အချက်တွင် ဖော်ပြခဲ့သည်အလိုက် တိုက်သက်ရာ လိုက်နာသင့်မည်ထင်ပေသည်။

(၃) ကိုယ့်ထက် နှစ်ဆင့်လောက် အထက်ရောက်သူဟူ၍. အယူရှိ သူတို့ထံ ဆက်ဆံသည့်အခါ လိုက်နာသင့်သော အကြောင်းမှာ စာ ခေါင်းတွင် မည်သူက မည်သူထံ အစီရင်ခံစာဟူ၍. ရေးသားပြီးလျှင် စာခေါင်းအောက်ကအကြောင်းများမှာ ၂-မှတ်တွင်ဖော်ပြခဲ့သည့်နည်း လိုက်နာသင့်မည် ထင်ပေသည်။

(၄) ကိုယ့်ထက် သုံးဆင့်လောက် အထက်ရောက်သူဟူ၍. အယူရှိသူ တို့ထံ ဆက်ဆံသည့်အခါ လိုက်နာသင့်သောအကြောင်းမှာ စာခေါင်း တွင် မည်သူက မည်သူထံ အစီရင်တော်ခံစာ ဟူ၍. ရေးသားပြီးလျှင် ၃-မှတ်တွင် ဖော်ပြခဲ့သည်နည်း လိုက်နာသင့်မည် ထင်ပေသည်။

(၅) ကိုယ့်ထက် လေးဆင့်လောက် အထက်ရောက်သူဟူ၍. အယူ ရှိသူတို့ထံ ဆက်ဆံသည့်အခါ လိုက်နာသင့်သော အကြောင်းမှာ စာ ခေါင်းတွင် မည်သူက မည်သူထံရိုသေလေးမြတ်စွာ အစီရင်တော်ခံစာ ဟူ၍. ရေးသားပြီးလျှင် ၄-မှတ်တွင် ဖော်ပြခဲ့သည့်နည်း လိုက်နာသင့် မည် ထင်ပေသည်။



(၆) လေးဆင့်ထက် အလွန် မြင့်မြတ်သည် ဟူ၍. အယူရှိသူတို့ထံ ဆက်ဆံသည့်အခါ လိုက်နာသင့်သော အကြောင်းမှာ စာခေါင်းတွင် မည်သူက မည်သူထံ လျှောက်စာဟူ၍. ရေးသည့်ပြင် စာသား၏ အစ နားက 'ဘုရား'ဟူ၍. ထည့်သွင်းပြီးမှ အကြောင်းအရာ စာသွားမှာ ၅- မှတ်နည်းကဲ့သို့ လိုက်နာသင့်မည် ထင်ပေသည်၊ အင်္ဂလိပ်ထုံးစံမှာလည်း စာသား၏အစနားက 'ဆား' ဟူ၍.ရေးသားသော သဘောသွားနှင့် အလားတူဘိသကဲ့သို့ ရှိလိမ့်မည် ထင်ပေသည်။

စာပေးစာယူပြုလုပ်ရာတွင် ယခုခေတ်နှင့်လည်း မဆန့်ကျင်, အရိုးအစဉ်နှင့် လည်း နီးနိုင်သမျှ နီးရအောင် လိုက်နာကြရန် သင့်မည် ထင်သည့်အကြောင်း ကို ပြဆိုချက် ပြီးပြီ။

---

### ဂ၃–ဒွေးချိုး,သံထောက်,ခွန်းထောက်,ကွန်းထောက်,သဖြန်ခေါ်သော ဝေါဟာရများမှာ သူ.နေရာနှင့်သူ မှတ်ယူနေကျ ဝေဝစနများကို ပြဆိုချက်

ဒွေးချိုးကို အခြားကဗျာများနှင့် မရောနှောပဲ သီးခြားရေးထား သော အချင်းငယ်မျိုးကို ဒွေးချိုး ဟူ၍.ခေါ်သည်။ တနည်းအားဖြင့် အခြားကဗျာများ အဆုံးသတ်မှာ ရေးမှတ်ထည့်သွင်းလျှင် **သံထောက်** ဟူ၍.ခေါ်သည်။ တနည်းအားဖြင့် အဆုံးလည်းမဟုတ် တပုဒ်တည်း ဒွေးချိုးလည်း မဟုတ်ပဲ အခြားစာများမှာ ရောနှော ရေးသားထား သော ဒွေးချိုးကို **သဖြန်** ဟူ၍. မှတ်ယူရေးသားလေ့ရှိကြသည်။ တနည်း အားဖြင့် ကာလဒေသအလိုက် ခွန်းထောက် ကွန်းထောက်ဟူ၍. သူ.နေ ရာနှင့် သူလည်း အနည်းငယ်ရေးသားကြသေးသည်။ သို့ရာတွင် အရေး ယူလောက်သော အမှတ်အသားများမှာ အခြားကဗျာ အောက်က သံ ထောက်ဟူ၍.သာ ရေးသားလေ့ရှိသည်။

သိသာရန် စံပမာဏအမြွက်မျှ ဖော်ပြသော်....၁၂၀၂-ခု တန်ဆောင် မုန်းလအတွင်း ရွှေဘိုမင်းသမီးတော်စုဘုရားကြီးအမိန့်တော်အရ မြဝတီ မြို့စားဝန်ကြီးဟောင်း ဦးစ အကျဉ်းခံနေရာက ရေးသားဆက်သွင်းသော ရွှေဘိုမင်း ဘုန်းတော်ဘွဲ့-ကုန်းဘောင်နေမင်း အစချီသော သီချင်းကြီး အဆုံးတွင် ဘုန်းနေညွန့်စီ အစချီသော ဒွေးချိုးကို သံထောက်ဟူ၍.

အမှတ်အသားရှိသည်။ ၎င်းပြင်-၎င်းမြဝတီမြို့စားဝန်ကြီးဆို မှန်ရဝေ၊ စံနေ့ရာမျှားထိးမို့လေ-အစချီသော ပတ်ပျိုးနောက်ဆုံးက မတ်ပေါင်းငယ်ကာ-အစချီသော ဒွေးချိုးကို သံထောက်ဟူ၍၎င်း, လယ်ဝန်မင်းဦးစိ ဆို-မုလေးပွင့်မွှန်၊ ဇွန်လှိုင်တိုး အစချီသော မိန်းမ, က-ဟန်ချင်းနောက်ဆုံးက ရဲဇာတိသာ- အစချီသော ဒွေးချိုးကို သံထောက်ဟူ၍၎င်း, အသီးအသီးအမှတ်အသားများ ရေးသားထားလျက်ရှိသည်။သည်စကားတွင် ညွှန်ကြားလိုရင်းအချက်နှင့် မဆိုင်လှသော်လည်း "ထောင်ရောင်နေသို့သာ, ထောင်ရောင်နေကသာ" ဟူ၍ အယူအဆကွဲပြားကြသောအရာတွင် ယခုစာပါ ကုန်းဘောင်နေမင်း-အစချီသော သီချင်းကြီး စကားကို အားထား၍ ထောင့်ရောင်နေကသာ ဟူလိုသည်။ ဥက္ကာကရာဇ်မင်းကြီးလက်ထက်ကစ၍ နေမင်းမျိုး လမင်းမျိုး ကွဲပြားသည်ကစ၍ နေမင်းမျိုးက ဆင်းသက်သောရှင်ဘုရင်ကို နေမင်းမျိုး,လမင်းမျိုးက ဆင်းသက်သော ရှင်ဘုရင်ကို လမင်းမျိုးဟူ၍ ရေးသားထားသော ကျမ်းဂန်များလည်း ရှိသည်။ အကျယ်သိလိုလျှင် မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်းကြီး အဝှန်းဂဏန်းစဉ် (၁၇၅)မှာကြည့်။ ၎င်းပြင် ထောင်ရောင်နေသို့သာ ဟူ၍ အယူရှိကြသောအချက်မှာ ဥပမာစကားဖြစ်၍ လင်းပါး ဖော်ပြရန်မလို။ ကျွန်ုပ်တို့ဆရာ ရွှေတိုက်စိုးမင်း ဦးလန်းက အမိန့်ရှိသည်မှာ အချို့မှာ-ထောင်ရောင်နေကသာ,အချို့မှာ-ထောင်ရောင်နေသို့သာ ဟူ၍ မူဟောင်းအမျိုးမျိုး ကွဲပြားလျက်ရှိသည်။ ရည်ရွယ်ရင်းသဘောကို စာရေးသောပုဂ္ဂိုလ်မှသာ သေချာစွာ ဆုံးဖြတ်နိုင်ရန် ရှိသည်ဟူ၍ အမိန့်ရှိသည်။ ။[ဤကား-စကားချပ်။]

၎င်းပြင်-ကျောက်စာမော်ကွန်း သမိုင်းများတွင် သံပိုင်းဟူ၍ နိဂုံးကဗျာ ရေးသားလေ့ရှိသည်ကို ထောက်ထား၍ သံထောက်ဆိုသောစကားမှာ သူ့နေရာနှင့်သူ မှတ်ယူဘွယ်ရာ ခိုင်မာဘိသကဲ့သို့ရှိသည်။ ၎င်းပြင်-သဖြန် ဟူသော ဝေါဟာရမှာ အခြားကဗျာတွင် အဆုံးက မဟုတ်ဂဲ ရောနှောစပ်ဆိုသော ဒွေးချိုးများကို သဖြန်ဟူ၍ မှတ်ယူ ရေးသားလေ့ရှိသည်။ သိသာရန် စံပမာဏ အမြွက်မျှ ဖော်ပြသော်... ဦးစံသူဆို အမရနန်းမြေ-အစချီသော မှာတမ်းတွင် ကြိမ်ညီ-အစချီသော ဒွေးချိုးကိုလည်း သဖြန်ဟူ၍၎င်း, ၎င်းပြင်-ဦးပုညဆို မြမန်းဂိရိန်-အစချီသော မှာတမ်းတွင် ပန်းစမွယ် အစချီသော ဒွေးချိုးကိုလည်း သဖြန်



ဟူ၍၎င်း, ၎င်းပြင်-ဦးဘိုးရင်ဆို သေလာပထဝီ-အစချီသော မောင်ဘွဲ့ မှာတမ်းတွင် ဝေဘူပျံ-အစချီသော ဒွေးချိုးကိုလည်း သဖြန်ဟူ၍၎င်း အကြောင်းအကျိုးသင့်ရာ သူ့နေရာနှင့်သူ သဖြန်ဟူ၍ မှတ်ယူခေါ်ဝေါ်လေ့ ရှိကြသည်။

ဒွေးချိုးကို အမည်ပြောင်း ခေါ်ဝေါ်ရေးသားကြသော
အကြောင်း ပြီး၏။

---

## ၈၄-အချင်းငယ်အဝင်အပါ ဒွေးချိုးဟောင်းအမျိုးမျိုး စပ်ဆိုပုံကို ပြဆိုချက်

ဒွေးချိုးဟူသည်တွင် ဒွေးဟူသည်ကား အရေအတွက် ၂-နှင့် ဂဏန်း ၂-များကို ဆိုလိုသည်။ ချိုး ဟူသည်ကား အချိုးနှင့် သဘောတူသည်။ အချိုး ၂-ချိုးပါသည်ကိုဆိုလိုသည်။ အချို့နေရာများတွင် ဒွေးချိုးကိုပင် ဒွန်းထောက်ဟူ၍၎င်း, ကွန်းထောက်ဟူ၍၎င်း ရေးကြ ခေါ်ကြသေးသည်။ ဒွေးချိုးသဖြန်လည်း ခေါ်သေးသည်။ [တတိယပိုင်းဂဏန်းစဉ် ၁၁၃-ဒွေးချိုး အကြောင်း ကြည့်၊ အတိုမျိုး, အလတ်မျိုး, အရှည်မျိုး သုံးဖြာဥဒါဟရဏ်ပါသည်။]

ယခု ပြဆိုမည်မှာ လိုရာအချက်အဆစ်လောက်ကိုသာ ကောက်နုတ်ဖော်ပြမည်၊ အကြောင်းမူကား ဒွေးချိုးရေးနည်း ပုံနှိပ်စာအုပ် ထုတ်ဝေပြီး ရှိသည်ကို သိသာတွေ့မြင်ရသည့်အတွက် ဖြစ်သည်။ ဒွေးချိုးညွှန်ပေါင်းဟူ၍၎င်း, ကဗျာဖွဲ့နည်းဟူ၍၎င်း ဖော်ပြရေးသားသော စာအုပ်များမှာ ဒွေးချိုးအကျယ်ရေးနည်းများ ညွှန်ကြားဖော်ပြ ပါရှိပေသည်။ ထိုရာတွင် အသံမကြာယူဟန်မှာ ချန်ထားခဲ့ကြသည်။

ဒွေးချိုးစပ်နည်းမှာ အခံပိုဒ်, အအုပ်ပိုဒ်နှစ်ဌာနပင် ရဿလဟုကာရန် ၂၈၊ ဒီဃဂရုကာရန် ၃၆၊ ၂-ရပ်ကာရန်(၆၄)တန်ကို အခံအအုပ်ပြုလုပ်နိုင်သည်။ ရဿလဟု ၂၈-ဟူသည်ကား... အအိအု၊ အေ့အဲ့အော့၊ အက်အင့်အစ်၊ အဉ့်အည့်၊ အတ်အိတ်အုတ်၊ အန့်အိန့်အုန့်၊ အပ်အိပ်အုပ်၊ အမ့်အိမ့်အုမ့်၊ အို့အိုက်အိုင့်အောက်အောင့် ၂၈-တည်း။

ဒီဃဂရု ၃၆-ဟူသည်ကား... အာအား၊ အီအီး၊ အူအူး၊ အေအေး၊ အဲ-အဲး၊ အော်အော၊ အင်အင်း၊ အဉ်အဉ်း၊ အည်အည်း၊ အန်အန်း၊

အိန်အိန်း၊ အုန်အုန်း၊ အမ်အမ်း၊ အိမ်အိမ်း၊ အုမ်အုမ်း၊အိုအို၊ အိုင်အိုင်း၊ အောင်-အောင်း ၃၆-တည်း။

(က) ရဿလဟုသံခံ၍ ရဿလဟုသံအုပ်သော ဒွေးချိုး ပြယုဂ်ကား ၁-အချင်းဟူ၊ ငြင်းမှုကစ။ ၂-စောင်းကြိုးလှယ်ကာနှင့် ဗယ်ညာ ဗျော့အတည်းကို မှုဉ်းတတ်ပါစ။

၁-မြင်မတော်၊ ဆင်တော်နှင့် ခလောက်။ ၂-ကရင် စလွယ်သိုင်း၊ ကျိုင်းနှင့်သားပေါက်....ရဿလဟု အခံအအုပ်မှာ ရတ်တရက် သတိရခဲ့၍ စံပမာဏ ဖော်ပြလိုက်သည်။ ဒီဃဂရုသံခံ၍ ဒီဃဂရုသံအုပ်သောဒွေးချိုး စပ်ထုံးများလည်း များစွာရှိသည်။ ဒွေးချိုးစာကိုယ်ပြဆိုချက် အမှန်းဂဏန်းစဉ်(၁၁၂)တွင်ကြည့်။ ထိုစာကိုယ်များတွင် သတ်ပုံသတ်ညွှန်း မစောင့်ကြပဲ ပဒဒေါသမလွတ်သော အရာများကို ပညာရှိပဂေးတို့ အရေးမယူကြသော်လည်း ဝါကျဒ္ဒဒေါသ မပါရအောင်သာ ရှောင်ကြဉ်မြဲရှိသည်။

အကြောင်းမှုကား-အတီးအမှုတ်များမှာ မတြာအတိုအရှည် ညီညွတ်လျှင် သာသင်သည် ရကာင်သည်တို့ ထုံးနည်းအလိုက် အတီးအမှုတ်၊ အကအသီ အစီအစဉ်မပျက်သည်မှာ-ကာရန်မမှန်သော်လည်း အသံမတြာမှာ ညီညာဘိသကဲ့သို့ ရှိသည့်အရ ပဒဒေါသကလေးကို အရေးမယူကြ၊ သို့ရာတွင် မှန်ကန်စွာဖွဲ့သီစီကုံးသည့်ကဗျာကို ပညာရှိအစစ်တို့ နှစ်သက်ကြမြဲဖြစ်သည်။ ၂-ချိုး ၄-ချိုး ကွဲးပြားပုံမှာ လေးချိုးတွင် သက်ဝင်သမျှသောကဗျာများမှာ ရှေးဦးစွာ အခံနှင့်အအုပ်ပိုဒ်၊ ကွပ်သိမ်းချက်ရှိသမျှ ဒီဃဂရုသံနှင့်သာ ခံမြဲ-အုပ်မြဲ ကွပ်သိမ်းမြဲ အစဉ်အလာရှိသည်။ ဒွေးချိုးမှာကဲ့သို့ လဟုသံ ရဿသံများကို ခံလေ့ အုပ်လေ့ ကွပ်သိမ်းလေ့မရှိ၊ ကွပ်သိမ်းချက်ကဆက်၍ ရေးသော အခံနှင့်အအုပ်များမှာ ရဿ-လဟုသံ, ဒီဃ-ဂရုသံ ရွေးချယ်ခြင်း မရှိပဲ ထေ့သံ, ဖြန့်သံ, လဟုသံ, ဂရုသံ ခံလေ့ အုပ်လေ့ရှိကြသည်။ အထူးအားဖြင့် လေးချိုးများမှာ ရဿလဟုသံ,အထေ့ဖြန့်သံများနှင့် အခံ-အအုပ်ထား၍ အဆုံးချ အစသတ်မြဲရှိသည်။ အမှန်းဂဏန်းစဉ်(၉၃)မှာပါသော ဇယားပုံကိုကြည့်ပါ။

[လေးဆစ်, လေးဆစ်ဘောလယ်, လေးချိုးစာကိုယ်များကို တတိယပိုင်း အမှန်းဂဏန်းစဉ် ၁၁၄-၁၁၅-၁၁၆ များမှာကြည့်]။

---



(ခ) ဝဂ်နင်းဟူသော ဝေါဟာရကို ဖော်ပြရှင်းလင်းချက်

ကဗျာများအတွင်း အက္ခရာတူ, အသံတူ စပ်ဆိုသောအရာ ပါသည်ကို မြင်ရုံမျှနှင့် အချို့ဆရာတို့က ဝဂ်နင်းခေါ်သော အစပ်မျိုးဟူ၍ မှတ်ယူပြီးလျှင် အပြစ်တင်သံရေးကြ ပြောကြရုံမက ဝဂ်နင်း၏ အဓိပ္ပါယ်ကို ဖော်ပြကြသေးသည်။ ဖော်ပြပုံမှာ ဝက်များသွားသည့်အခါ ရှေ့ခြေရာပေါ်သို့ နောက်ခြေရာက ထပ်သကဲ့သို့ အက္ခရာတူ-အသံတူ ထပ်ခြင်းများသည် ဝဂ်နင်းခေါ်သော အပြစ်မလွတ်ဟူ၍ မှတ်ယူကြလေသည်။ သို့ရာတွင် ခိုင်မာသောစာများမှာ ဝဂ်နင်းဟူသော ဝေါဟာရ မတွေ့ရပေ။

ယခုစံပြခဲ့သော ပထမပုဒ်တွင် အခံလည်းစ, အအုပ်လည်းစ-ရေးကရေးခဲ့သည်မှာ အလင်္ကာနည်း, ခွဲးထားနည်းသဘော ဒေါသမငြိမခွန်း၍ (စ)ခံ (စ) အုပ် သာဓကပြုဂ်ကို ထုတ်ပြလိုက်သည်။

ဒေါသလွတ်ပုံကား....အခံ(စ)မှာ ပထမအဦးအစကို ဆိုလိုသော အဓိပ္ပါယ်ဖြစ်သည်။ အအုပ်(စ)မှာ တတ်ကဲ့လားဟု အမေးကို ဆိုလိုသော အဓိပ္ပါယ်ဖြစ်သည်။ အက္ခရာတူ အသံတူဖြစ်သော်လည်း အနက်အဓိပ္ပါယ်ကွဲးသောကြောင့် ဒေါသလွတ်သည်။

သာဓကကား...အက္ခရာတူ အနက်အဓိပ္ပါယ်ကွဲးကို ခွဲးထားစပ်နိုင်သည်ဟု ခွဲးထားကျော်က ဖော်ပြ၍ ပြယုဂ်ထုတ်ခဲ့သည်မှာ မနော်ဟရီပျို....(၁) သုံးပါးရတနာချီအပိုဒ်တွင်-"မင်းမြတ်တို့က၊ နွယ်လျှည်စသား၊ ယင်းကစဉ်ရိုး"ဟူ၍၎င်း။ (က)ကို လုံးထပ်အက္ခရာတူ၊ အသံတူအနက်ကွဲး အဓိပ္ပါယ်ကွဲး စပ်မြဲရှိသည်။

(၂) ဘုံခန်းပျို့ ဆိုသို့လျှင်တင်-ချီအပိုဒ်တွင်...."သီရိပဝရ၊ စောသီဟဟု၊ နရထိပ်မိုး" ဟူ၍၎င်း။ (၃) ဟိတတာရီပျို့ ရက်တွင်သောမ-ချီအပိုဒ်တွင်- "ဥပစာရ၊ ကိန်းလျှင်ရ၍၊ စန္ဒရောင်ထိန်"ဟူ၍၎င်း ဆိုခဲ့သည် နည်းအရ နှစ်လုံးထပ်စပ်သည့်အရ ပြမှာလာရှိသည်။

အက္ခရာချင်းလည်းတူ, အသံလည်းတူ, အနက်အဓိပ္ပါယ်လည်း တူမှ ကေဋ္ဌဒေါသ, (ဝါ) ပုနရုတ္တိဒေါသဟု သဒ္ဒတကာပျကျမ်း, အလင်္ကာကျမ်းများမှာလာသည့်ပြင် ရွှေဥဒေါင် ပထမကျော်ဆရာတော်က ကေဋ္ဌ

ဒေါသကို ပြယုဂ်ထုတ်ခဲ့သည်မှာ....."နှုတ်စံပယ်ကို၊ နားဝယ်သို့ပင်၊ ခိုင်ထင်၍၊ အိမ်ရှင်မွေးမိ၊ ခေါ်မိမိတည်း" ဟူ၍၎င်း,... "ပျောင်းရိ ညှိုးမြန်း၊ တဲ့းစခန်းဝယ်၊ လွမ်းမြန်းတယူ"ဟူ၍၎င်း စပ်ဆိုသော ကဗျာသည် ကေတ္တုဒေါသဟူ၍ ပြဆိုတော်မူသည်။

မူလကဗျာဗန္ဓသာရ တတိယပုံနှိပ်စာအုပ်စာမျက်နှာ ၁၉၈-မှာလည်း ကြည့်။ အက္ခရာတူ အသံတူဖြစ်သော်လည်း အနက် အဓိပ္ပါယ်ကွဲပေကေတ္တုဒေါသ၊ဝါ-ပုနရုတ္တိဒေါသမသင့်ပုံ ခွဲးထားစပ်ထုံးများရှိသည်ကို သတိမထားသူတို့က ရတ်တရက် တချက်လွှတ်ဝဂ်နင်းမစပ်ကောင်းဟူ၍ ယူကြ မှတ်ကြ ရေးကြ ပြောကြသော အရာများလည်း ကြားရ ကြုံရသေးသည်၊ သို့ရာတွင် ခိုင်မာသောစာများမှာ 'ဝဂ်နင်းဒေါသ'ဟု ဖော်ပြချက်ရှိသည်ကို မတွေ့ဘူးပေ။

ရှေးအခါက ရေးကြသော ဒွေးချိုးခွန်းထောက်များမှာ စကားကြောမရှည်ပဲ တုတ်တုတ်တိုတို လိုရာပါသည်။ နောက်ကျမှရေးကြသော ဒွေးချိုးများမှာ ရှေးရေး ဒွေးချိုးများထက် ရှည်လျားသည်။ ရှေးရေး ဒွေးချိုးများမှာ များသောအားဖြင့် အခံပိုဒ် ၇-လုံး၊ အအုပ်ပိုဒ် ၁၅-လုံးလောက်သာ ပါလာတွေ့မြင်ရသည်၊ နောက်ရေး ဒွေးချိုးများမှာ ရှည်လျားကြသည်။ တတိယပိုင်း ဒွေးချိုးစာကိုယ် ပြဆိုချက်များတွင် ကြည့်။ နောက်ကျလေလေ စာလုံးများ၍ စကားကြောရှည်ပုံကို တွေ့လိမ့်မည်။ ဒွေးချိုးစပ်ပုံကို (က-မှတ် ခ-မှတ်) ဇယားပုံများမှာ ကြည့်ပါ။

---

၈၅-ဒွေးချိုးကဗျာဖွဲ့နည်း မတြာ အသံနိမ့်မြင့်ယူနည်းအရေးကို ရှေးဦးစွာမှတ်ရန် ဒွေးချိုးစပ်နည်းဇယားပုံ

[က-မှတ် ဒွေးချိုးစပ်နည်း ဇယားပုံ]

| ဝဏ္ဏ | တိုင်သံ မတြာ | ဒီဃ တက်သံ မတြာ | ဒီဃ သက်သံ မတြာ | ဒီဃ နိမ့်သံ မတြာ | ရဿ သက်သံ မတြာ | ရဿ တက်သံ မတြာ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| တော | | | | | ၂ ၁/၂ | ၁ ၁/၂ | |
| တောင် | | ၃ | ၂ ၁/၂ | ၂ | | | အခံပိုဒ် ပထမပဒ ၃-လုံးထား၍ ဒုတိယ ပဒ ၄-လုံး တက်ပြီးလျှင်၄-လုံးအဆုံးဖူးကို အခံထားသည်။ သာမှာ ၃-မတြာ ထက် ဝို၍ ဆွဲး လို က ဆွဲး နိုင် သည်။ ၃-မတြာ နှင့် ၃-မတြာကဝိုသမျှကို ပလုတသံခေါ်သည်။ ဖူးမှာ ၂-မတြာခွဲးထက်ဝို၍ ဆွဲးလိုက ဆွဲးနိုင်သည်။ ဒုတိယပိုဒ် ပထမ ပဒ ၃-လုံးထား၍ ဒုတိယပဒ ၃-လုံးတက်ပြီးလျှင် ၄-လုံးကြွေပြီးမှ ၁၀-လုံး အဆုံး မြူးဖြင့်အုပ်သည်။<br><br>ကိုနှင့်မြူးမှာလည်း သာနှင့် ဖူး အတိုင်းပင်တည်း။ |
| သာ | | ၃ | ၂ ၁/၂ | ၂ | | | |
| မလိ | | ၃ | ၂ ၁/၂ | ၂ | | | |
| လာ | | ၃ | ၂ ၁/၂ | ၂ | | | |
| ငုံ | | ၃ | ၂ ၁/၂ | ၂ | | | |
| ဖူး | | | | | ၂ ၁/၂ | ၁ ၁/၂ | |
| တ | ၂ | | | | ၁ ၁/၂ | ၁ | |
| ပင် | | ၃ | ၂ ၁/၂ | ၂ | | | |
| ကို | | ၃ | ၂ ၁/၂ | ၂ | | | |
| တ | ၂ | | | | ၁ | ၁ | |
| ပင် | | ၃ | ၂ ၁/၂ | ၂ | | | |
| ရှက် | ၂ | | | | | | |
| ကျေး | | | | | ၂ ၁/၂ | ၁ ၁/၂ | |
| ငှက် | ၂ | | | | | | |
| က | ၂ | | | | ၁ ၁/၂ | ၁ | |
| မြူး | | | | | ၂ ၁/၂ | ၁ ၁/၂ | |

ဝင်းသီချင်းကား မူရင်းအဟောင်းအတိုင်း ဖြစ်သည်။ ဒွေးချိုးစာ ကိုယ်ပြဆိုချက်များကို နောက်ဆက်တွဲ တတိယပိုင်း ဂဏန်းစဉ် ၁၁၃- မှာကြည့်ပါ၊ ယခုအခါ တောင်တောသာ-ဟူ၍ ဆိုသူ ရှိသေးသည်၊ တော-တောင်နှင့် တောင်-တောမှာ လွန်စွာ ခြားနားသည်၊ တော တောင်ဆိုလျှင် တောနှင့်တောင် နှစ်မျိုးရသည်။ တောင်တော ဆိုလျှင် သသံသယ ဒေါသမလွတ်၊ တောင်နားကတောလား ?၊ တောင်တခြား, တောတခြားလား ? ကွဲပြားရန်လိုသည်။

ဆိုခဲ့သည့် ဇယားကပြဆိုသည့်အတိုင်း ဝဏ္ဏတလုံးတွင် အသံ အမျိုးမျိုးရှိရာ ဆိုင်ရာအသံအလိုက် ဘီးလုံးကိုက်ရာကိုသော်၎င်း အသံပိုင်ပိုင် ဆိုနိုင်ရာကိုသော်၎င်း အသံအမျိုးမျိုး ဆိုလိုလျှင်ဆိုနိုင်ပါသည်။ သို့ရာတွင် လူခပ်သိမ်းတို့ အသံထား၍ ကမြန်းဆိုမြဲမှာ အောက်ပါအတိုင်း များသောအားဖြင့် ပိုင်းခြားလိုက်နာလေ့ရှိသည်။

---



## ၈၆-(ခ) မှတ်လိုက်ပုံနည်းမှန် ဇယား

| ၁ | | ၂ | | ၃ | |
|---|---|---|---|---|---|
| မူလစာကိုယ်နှင့်မတြာယူပုံ | | † မူရင်းအတိုင်း ကိုက်ရန် လိုက်သောအခါမတြာယူပုံ | | * မတြာပြောင်း၍ အချိုးညီရုံ လိုက်ရာမတြာယူပုံ | |
| ဝဏ္ဏ | အသံမတြာ | ဝဏ္ဏ | အသံမတြာ | ဝဏ္ဏ | အသံမတြာ |
| တော<br>တောင်<br>သာ | ၂ ၁/၂<br>၂ ၁/၂<br>၃ | ကျောင်း<br>မှာ<br>လျှင် | ၂ ၁/၂<br>၂ ၁/၂<br>၃ | ဖတ်<br>စာ<br>ဝယ် | ၂<br>၂ ၁/၂<br>၃ |
| မလ်<br>လာ<br>ငုံ<br>ဖူး | ၂ ၁/၂<br>၃<br>၂ ၁/၂<br>၂ ၁/၂ | စာ<br>သင်<br>သူ<br>များ | ၂ ၁/၂<br>၃<br>၂ ၁/၂<br>၂ ၁/၂ | မှတ်<br>ဖွယ်<br>လွန်<br>ပေါ်း | ၂<br>၂ ၁/၂<br>၂ ၁/၂<br>၂ ၁/၂ |
| တ<br>ပင်<br>ကို | ၁<br>၂ ၁/၂<br>၃ | တ<br>ခါ<br>သင် | ၁<br>၂ ၁/၂<br>၃ | အ<br>ချိန်<br>မှန် | ၁<br>၂ ၁/၂<br>၃ |
| တ<br>ပင်<br>ရှက် | ၁<br>၂ ၁/၂<br>၂ | တ<br>ခါ<br>တတ် | ၁<br>၂ ၁/၂<br>၂ | ကြိမ်<br>ဘန်<br>ဖတ် | ၂ ၁/၂<br>၃<br>၂ |
| ကျေး<br>ငှက်<br>က<br>မြူး | ၃<br>၂<br>၁ ၁/၂<br>၂ ၁/၂ | ကျိုး<br>မြတ်<br>ဆ<br>ပွါး | ၃<br>၂<br>၁ ၁/၂<br>၂ ၁/၂ | တတ်<br>လိမ္မ<br>အ<br>ဆေား | ၂<br>၂<br>၁<br>၂ ၁/၂ |

† သည်လိုက်နည်းကို အသံကိုယ်တွင်း ပြည့် လိုက် နည်း ခေါ်သည်။

* သည်လိုက် နည်းကို အသံ ပြောင်း ဝဏ္ဏ အရေ အတွက် တူ လိုက်နည်း ခေါ်သည်။

ဤဇယားသွားဟန်အတိုင်း အသံ အခံ အအုပ်မျှ စံပြလျှင် သာမည ကဗျာဝါသနာညဏ်နှင့်ပင် မတြာယူဟန် အသံ အခံ အအုပ်ထားပုံ အလုံးစုံကို ဤနည်းကိုမှီး၍ အသီးအသီး လိုက်နာရန် သဘောလမ်း ဖြောင့်တန်းလိမ့်မည်။ ဤနည်းမှာ မှန်ကန်စွာ လိုက်နာမြဲ နည်းပင် တည်း။

အသံမတြာယူပုံ အကျယ်ဇယားရှိသည်ကို သိလိုလျှင် ကဗျာဗန္ဓသာရ မူလကျမ်း စာမျက်နှာ ၂၃၃ ကစ၍ ၂၃၇ ထိကြည့်ပါ။

(က) အစ ၄-လုံးကပွား၍ အစ ၅-လုံး ထားပုံ — တောတောင်သာ အစချီသော ဒွေးချိုးကို ရှေးက ပထမနှင့်ဒုတိယအပိုဒ်ဝယ် အကျယ် ချဲ၍ လိုက်ပုံကား....

အောင် ပင် နှင့် န န္ဒာ၊ ကြာ စုံ က မွှေး။
၁ ၂ ၃ ၄ ၅၊ ၆ ၇ ၈ ၉။
တ ကန် ကို နှစ် ကန် ဆက် ပါလို့၊ ဂ ရက် တွေ ပင် လယ် နှိုင်း
၁ ၂ ၃ ၄ ၅ ၆ ၇ ၈၊ ၉ ၁၀ ၁၁ ၁၂ ၁၃ ၁၄
သင့် တယ်၊ လှိုင်း ကြက် ခွပ် ဖွေး။
၁၅ ၁၆၊ ၁၇ ၁၈ ၁၉ ၂၀။

အောင်ပင်လယ်ကန်နှင့် နန္ဒာကန် ဆက်စအခါက ရေးသားသော ဒွေးချိုး။

တိုးချဲ့ပုံကိုဆိုသော် မူရင်းဒွေးချိုးတွင် အခံပိုဒ်တွင် ခုနစ်လုံး၊ အအုပ် ပိုဒ်မှာ ဆယ်လုံးသာထား၍ ပထမပိုဒ်အစ "တောတောင်သာ"ဟုအက္ခ ရာအရေအတွက် သုံးလုံးသာရှိသည်ကို အလိုက်ဒွေးချိုးတွင် "အောင်ပင် နှင့်နန္ဒာ" ဟု နှလုံးတိုး၍ ပထမပိုဒ်အစမှာ အက္ခရာ ငါးလုံးထားသည်၊ အခံပိုဒ်တွင် အားလုံး ၉-လုံးထားသည်။ အအုပ်ပိုဒ်မှာ မူရင်းတွင် ဆယ် လုံးသာထားသော်လည်း လိုက်သော သီချင်းအအုပ်ပိုဒ်မှာ အက္ခရာလုံး ရေနှစ်ဆယ်ဖြစ်လာသည်။ "တကန်ကိုတကန်ဆက် လှိုင်းဂရက်-ဖွေး"ဟူ ၍သာရေးသားလျှင် ရှေးမူနှင့် ထပ်တူကျရန်ရှိသည်။

(ခ) အစ လေးလုံးထားပုံ — ဝန်ကြီး နတ်သျှင်နောင်ဆို ဒွေးပူထပ်ဖြာချီ သီချင်းကြီး၏ ခွန်းထောက်သဖြန်တွင်- "ကြာ မျိုးစုံတွေ၊ ထုံခြွေနံ့နှော၀်။ ။နတ်မင်းကိန္နရာနှင့်၊ ထုံဝိဇ္ဇာသံသေမျိုးကို ကို၊ သောက်ချိုးစေနာပုံလို၊ လုံထိုးတဲ့တော"....ဟူ၍ အခံပိုဒ် ပထမ တွင် လေးလုံးထားသည်။



(ဂ) အစ ငါးလုံးထားပုံ — ၎င်းအလိုက် ဟံသာဝတီရောက် မင်းတရားသမီး တော်ဧချင်းဘွဲ့ခံ မင်းထိပ်ပန်းဆို-စိန်ခြူးညွန့်နွယ် ချီ သီချင်းကြီး၏ ခွန်းထောက်သဖြန်တွင်- "ယဉ်မျိုးကြေ့သူနောင်၊ မျှော် ခေါ်ယောင်ငယ်လေ၊ အောင်သံ-တ-ကြူး။ ။ရွှေကြက် သံစာစာနှင့် ဖလ်စကြာ ရောင်ပုံချင်း၊ လင်းတို့လိုတူး"ဟူ၍ အခံပိုဒ် ပထမပဒတွင် ငါးလုံးထားသည်။

ဝန်ကြီး နတ်သျှင်နောင်ဆို ဒွေးပူထပ်ဖြာ-ချီအလိုက် မဟာသီဟသူရ ဘွဲ့ခံ ဦးမြတ်စံဆို-ညွတ်နူးမရှင်ချီ သီချင်းကြီး၏ ခွန်းထောက်သဖြန်တွင်- "မဟာမြိုင်မှာလေ၊ ညာပိုင်သူနော်ပလို့၊ မျှော်တယောင်မှား။ ။မာဂဓာ ကဗျာသံချိုပျိုးလို့၊ ၄က်မျိုးကေလာတောင်က၊ လွှန်အောင်တဲ့လား" ဟူ ၍ အခံပိုဒ် ပထမပဒတွင် ၅-လုံးထားသည်။

(ဃ) အစ သုံးလုံးထားပုံ — မြဝတီမြို့စားဝန်ကြီးဦးစဆို-မှန်ရဝေချီပတ်ပျိုး ၏ခွန်းထောက် သဖြန်တွင်- "မတ်ပေါင်းကာ၊ နရိန္ဒာခေါင်ဆင့်တဲ့၊ ရာမင့်မင့်ဘုန်း။ ။တန်းခိုးတော်လျှံ၊ ပြောင်ဆဒ္ဒန် ပိုင်စိုးတဲ့၊ မြတ်မျိုးဇကရာမှိုရယ်၊ ကဲးသာတင့်ဆုန်း"ဟူ၍, အခံပိုဒ် အစ တွင် သုံးလုံးထားသည်။

၎င်းမှန်ရဝေကို ကိုယ်တိုင်လိုက်သော ပြည်ပုဂံချီပတ်ပျိုး၏ ခွန်းထော သဖြန်တွင်... "ဖြစ်ဟောင်းကြာ၊ နှစ်ပေါင်းတထောင်သာတဲ့၊ မြန်မာ ပြည်ရင်း။ ။သုရားရယ်မှာ၊ အခြားဘယ်ပြည်ရွာမှ၊ ဆွယ်မှီရာ ရှာမရ အောင်၊ များလှလေခြင်း"ဟူ၍ လိုက်သည်။

သည်ကဲ့သို့ဖြစ်၍ ဒွေးချိုးအစတွင် ဝဏ္ဏသုံးလုံးသော်၎င်း, လေးလုံး သော်၎င်း, ငါးလုံးသော်၎င်း ထားလေ့ရှိသည့်အရာ သိသာသည်၊ ကြိုက် ရာလိုက်နာ စပ်ဆိုကြပါတော့။

ဒွေးချိုးအကြောင်း ပြီးပြီ။

### ၁၇-စာကိုယ်မူရင်း အသံအစပ်ကို နောက်ထပ်လိုက်သောကဗျာများမှာ မတြာယူပုံမှန် အသံအစပ် မတူလျှင် ဆိုရိုးအစဉ် ချွတ်ယွင်းသည် ဖြစ်၍ ကမစ္ဆုတာဒေါသသင့်ပုံကို ပြဆိုချက်

ခေတ္တ ပဲခူး ဝန်ရှင်တော်မင်းကြီးတဦးက ကျွန်ုပ်ထံ ပေးပို့သော စစ်အောင်ပွဲ အခမ်းအနားများတွင် ရန်ကုန်က ရေးသားသော ကဗျာများမှာ... ထူးမခြားနားအလိုက်, ထောင်ရောင်နေအလိုက်-ကဗျာများလည်း ရေးသားပါရှိသည်။ မူလကဗျာနှင့် အလိုက်ကဗျာများမှာ မတြာယူပုံမတူကြသည့်အတွက် အောက်က ဖော်ပြလျက်ရှိသော ထူးမခြားနားအလိုက် "ဖြဖြသောင်းသောင်း" ဟူ၍၎င်း, ထောင်ရောင်နေ အလိုက် "ဂျေ့ပဋ္ဌမာ" ဟူ၍၎င်း ရေးသားပါရှိသည်။ ထူးမခြားနားကို ဖြဖြသောင်းသောင်းဟူ၍ လိုက်ခြင်း၊ ထောင်ရောင်နေကို ဂျေ့ပဋ္ဌမာဟူ၍ လိုက်ခြင်းများသည် တီးလုံးအသံ ကာရန် ဝါကျ မတြာမညီပဲ အလွဲကို လိုက်လျက်ရှိသည့်အတွက် ဝက်နားရွက်ကို ကြွက်မှာ တပ်ဘိသကဲ့သို့ရှိသည်၊ သိသာရန် အသံမတြာယူနည်း၊ ထူးမခြားနားနှင့် ဖြဖြသောင်းသောင်း အသံသတောသွားဇယားမှာ အောက်ပါအတိုင်းပင်တည်း။

#### (က) ထူးမခြားနားကို ဖြဖြသောင်းသောင်းဟူ၍ လိုက်ရာ မတြာ အသံယူနည်း ဇယားပုံ အမှန်အမှားကို ပြဆိုချက်

| ဗျည်း | တက်သံ-ဒီဃ | သက်သံ-ဒီဃ | သက်သံ-ရဿ |
|---|---|---|---|
| ထူ | ၃ | ။ | ။ |
| မ | ။ | ။ | ၁ ၁/၂ |
| ခြား | ။ | ၂ ၁/၂ | ။ |
| နား | ။ | ၂ ၁/၂ | ။ |
| ဖြ | ။ | ။ | ၁ ၁/၂ |
| ဖြ | ။ | ။ | ၁ ၁/၂ |
| သောင်း | ။ | ၂ ၁/၂ | ။ |
| သောင်း | ။ | ၂ ၁/၂ | ။ |



သုံးမတြာကာလ ရှုတ်ရသော ဒီဃတက်သံဖြင့် ထူးကဲ့သို့ မစပဲ တမတြာခွဲကာလ ရှုတ်ရသော ရဿသက်သံဖြင့် ဖြကို စခြင်းမှာ နောက်မှလိုက်နာကြသော နည်းသစ်တမျိုးဟု ဗဟုသုတတိုးရန် အချက် သက်သေခံ အဆန်းရခြင်းပေတည်း။

#### (ခ) ထောင်ရောင်နေကို ဂျေ့ပဋ္ဌမာဟူ၍ လိုက်ရာ မတြာ အသံယူနည်း အမှန်အမှားကို ပြဆိုချက်

| ဝဏ္ဏ | ဒီဃ တက်သံ မတြာ | ဒီဃ သက်သံ မတြာ | ဒီဃ နိမ့်သံ မတြာ | ရဿ သက်သံ မတြာ | ဝဏ္ဏ | ဒီဃ တက်သံ မတြာ | ဒီဃ သက်သံ မတြာ | ဒီဃ နိမ့်သံ မတြာ | ရဿ သက်သံ မတြာ |
|---|---|---|---|---|---|---|---|---|---|
| ထောင် | ၃ | | | | ဈေ့ | | | | ၁ ၁/၂ |
| ရောင် | ၃ | | | | ဖြင် | | | ၂ | |
| နေ | | ၂ ၁/၂ | | | စ | | | | ၂ ၁/၂ |
| သို့ | | | | ၂ ၁/၂ | မာ | | ၂ ၁/၂ | | |
| သာ | | | ၂ | | တော့ | | | | ၁ ၁/၂ |
| မွေ | | | ၂ | | အ | | | | ၁ |
| ဘုန်း | | | ၂ | | ရှင် | | | ၂ | |
| ဝင်း | | | | | မ | | | | ၁ |
| | | | | | ဟာ | | ၂ ၁/၂ | | |

မူလရင်းစာကိုယ်မှာ ထောင်ရောင်နေသို့သာ၊ ရွှေဘုန့်ဝင်း။ ။ညွတ်ခံလာရာမင်းမင်း။ ။ဟေ့သီဟာ-ဖြာလင်းလင်း။ဖြန့်ရှစ်ဆိုင်ကာထီးစင်း။ ဟူ၍ သာရှိသည်။ နောက်ပေါ်ပုံနှိပ်စာအုပ်များတွင် ပြောင်ပြောင်ဝေလို့သာဟု ပါလာသည်ကို တွေ့မြင်ရသေးသည်။ မူရင်း ထောင်ရောင်နေသွင် ပထမပိုဒ်အက္ခရာ ရှစ်လုံး၊ ဒုတိယ, တတိယ, စတုတ္ထများမှာ ခြောက်လုံးစီအညီရေး၍ လေးပိုဒ်ထွက်ပြီးလျှင် အင်းကာရန်သတ်ပြီးမှ အခြား ကာရန်သို့ ပြောင်းသည်။

ထောင်ရောင်နေအလိုက်ခေါ်သော ဂျော့ပဥ္စမာချီသီချင်းမှာ ပထမပိုဒ်မှာ အက္ခရာလေးလုံး၊ ဒုတိယအပိုဒ်မှာ အက္ခရာငါးလုံး၊ တတိယပိုဒ်မှာ အက္ခရာ ခြောက်လုံးထားကာ အာကာရန်သတ် သုံးပိုဒ်သာထား၍ အခြားကာရန်သို့ ပြောင်းသည်။ အသံလည်းမညီ အပိုဒ်ထားလည်းမတူ။ စာကိုယ်ကား... "ဂျော့ပဥ္စမာ၊ တော့အရှင်မဟာ၊ အောင်ပွဲရမင်္ဂလာ။ ကဗျာကဗျာတန်းရ၊ဘုန်းတော်ရောင် ကြွပြိုမို့လေး" ဟူ၍ ပထမမှာ အာကာရန်သုံးရပ်ထား၍ ကာရန်ပြောင်းသွားသည်။ ၎င်းသီချင်းမှာ ကမ္ဘာစစ်ပွဲကြီး ပြီးစ အခါတိုင်အောင်ကာလမှာ မြန်မာဘာသာတွင် လမ်းမသိရှာသော ဥာနည့် လမ်းပြလုပ်နေသော မြန်မာဘာသာဘက်တွင် မျက်စိလည်နေရှာသော ပါဠိဆရာတဦးရေးသော စစ်အောင်ပွဲကို ဖွဲ့ဆိုသော သီချင်းဖြစ်သည်၊ မြန်မာဘက်မှာ မျက်စိလည်နေသော်လည်း မြန်မာဆရာ အခေါ်မခံပဲ ပါဠိဆရာ အခေါ်ခံသည့် အတွက်ရှက်ဘွယ်အချက်မှာ သက်သာခွင့် ပေးသင့်သည်ဖြစ်၍ အပြစ်တင်ရန် အရေးမကြီးလှ။

၎င်းပြင် အသံတီးလုံးကို မသိပဲ ထောင်ရောင်နေအလိုက်ဟု အမည်ပေးပြီးလျှင် ထောင်ရောင်နေနှင့် မတူပဲ အလွဲလိုက်သူကဲ့သို့ အလွဲကို မလိုက်မိရန် သတိထားကြရအောင် ထုတ်ဆောင် ပြဆိုလိုက်သည်။

ထောင်ရောင်နေအလိုက်ဆိုပြီးလျှင် 'ဂျော့ပဥ္စမာ-တော့အရှင်မဟာ' ဟူ၍ အစချီကတဲးက လွဲးရှာသည်။ လွဲးသောအချက်မှာလည်း လက်တွေ့ပင်တည်း။

စာကိုယ်မူရင်း အသံအစပ်ကို နောက်ထင်လိုက်လောကဗျာများမှာ မတြာ ယူဟန်, အသံအစပ်မတူလျှင် ဆိုရိုးအစဉ် ချွတ်ယွင်းသည်ဖြစ်၍ ကမ္ဘာ့တခေါ်သ သင့်ပုံကို ပြဆိုချက်ပြီးပြီ။

---



ဂဂ-မူရင်းကဗျာကိုစံပြု၍ အတုယူကာ ကဗျာလိုက်နည်းမှာ စံပြုရန် မှန်ကန်စွာ ထောင်ရောင်နေအလိုက် ဇယားပုံနှင့် စာကိုယ် အထောက်အထားများကို ပြဆိုချက်

| ဝဏ္ဏ | ရှည်သံတက်သံ ဖြ | ရှည်သံသတ်သံ ဖြ | ဒီဃ နိမ့်သံ မတြာ | ရှေ့သံသတ်သံ ဖြ | ဝဏ္ဏ | ရှည်သံတက်သံ ဖြ | ရှည်သံသတ်သံ ဖြ | ဒီဃ နိမ့်သံ မတြာ | ရှေ့သံသတ်သံ ဖြ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|---|---|
| ထောင် | ၃ | | | | ဂျာ | ၃ | | | | |
| ရောင် | ၃ | | | | မန် | ၃ | | | | |
| နေ | | ၂ ၂ | | | ပြည် | | ၂ ၂ | | | |
| သို့ | | | | ၁ ၂ | က | | | | ၁ ၂ | |
| သာ | | | ၂ | | သာ | | | ၂ | | |
| ရွှေ | | | ၂ | | ရည် | | | ၂ | | |
| ဘုန့် | | | ၂ | | လမ့် | | | ၂ | | ဖုန့်ဟု ထေ. သံ ဖတ်ရသည်။ |
| ဝင်း | ၃ | | | | လွှဲ | ၃ | | | | |

(၁) အမှတ်ပါသီချင်းမှာ ကမ္ဘာစစ်ပွဲကြီးပြီးစအခါပုဂံအိမ်ကျောင်းဆရာ-ဆရာဦးပေါ်ကြွယ်ရေးသော ထောင်ရောင်နေနှင့် တသဝေမတိမ်းလိုက်သော စစ်အောင်ပွဲကိုဖွဲ့ဆိုသော ပုဂံမြို့မတွင် ယိမ်းကသော မိန်းမကလေးများဆိုသော သီချင်းဖြစ်သည်။

ဎင်းသီချင်းကို မဆိုမီ ထောင်ရောင်နေနှင့် ပိုလိုက်စမ်းဆရာဟု ဆိုင်းဆင့်ပြီးမှ ကကြဆိုကြရသည်။

(၁) ဂျာမန်ပြည်ကသာ၊ ရည်လမ့်လွဲ။ ရှုပ်ရှပ်မှာပြာကျမွဲ၊ ကူညီသူလူကနဲ၊ ဂျေဘ့ထိပ်တင်ကံထွန်းဆဲ။လ။

(၂) မှန်ကြာဘုံကသာ၊ ထုံသင့်မွှေး။ ။သန့်ပြန့်ကြည် ရည်နှင်းအေး။ ။မာလာစုံ၊ ကုန်ရောသွေး။ ။ညွှန့်သဇင်၊ ယှဉ်တွဲရေး။လ။

၂-မှတ်ပါသီချင်းမှာ မြန်မာနန်းမပျက်မီအခါ–ရေနံသာခင်ခင်ခေါ်သော နန်းတွင်းသူ မိန်းမတဦး ရေးပေသည်။ ကျယ်လွန်းအွံ့ဖိုး၍ ဤမျှသာ ဖော်ပြလိုက်သည်။ အစကအဆုံးအထိ ထောင်ရောင်နေသီချင်းနှင့် တသွေမတိမ်း လိုက်နိုင်ကြပေသည်။

မှူရင်းကဗျာကိုစံပြု၍ အတုယူကာ ကဗျာလိုက်နည်းမှာ စံပြရန် မှန်ကန်စွာ တောင်ရောင်နေအလိုက် ဇယားပုံနှင့် စာကိုယ် အထောက်အထားများကို ပြဆိုချက် ပြီးပြီ။

---

ဂ၉–ဒွေးချိုးညွှန့်ပေါင်းစုံကျမ်း, တေးထပ်ပေါင်းချုပ်ကျမ်း–စသော စာအုပ်များတွင် မတြာယူနည်း, သံတူလိုက်နည်းများမှာမပါ၍, မတြာအသံယူနည်း, သံတူလိုက်နာနည်းများနှင့် စောင်းသံ ၇-ပါးကစ၍ ၄၉-ပါးထိပွားပုံများ

ဒွေးချိုးရေးပုံ ညွှန့်ပေါင်းစုံကျမ်း, ကဗျာဖွဲ့နည်း ကျမ်း, တေးထပ်ပေါင်းချုပ်ကျမ်း စသော စာအုပ်များတွင် မတြာယူနည်း, လိုက်နည်း, မတြာသံ ၇-မျိုး * ထားရှိးမြဲများမှာ အသံနှင့်ယှဉ်၍ ပေါ်လွှင်သိသာအောင် သေချာစွာ မပါသေး၍ ယခုရေးသော နောက်ဆက်တွဲမှာ အသံနှင့်မတြာယှဉ်၍ ပေါ်လွင်ထင်ရှားစွာ ယူပုံ ဖတ်ပုံ ဆိုပုံများပါ သိသာရုံမျှ စံပမာဏ ဖော်ပြလိုက်ပါသည်။ သည်နည်းကိုမှီ၍ အသီးအသီးသော ကဗျာရေးရာမှာ ဒွေးချိုးကစ၍ ပတ်ပျိုးစသော အချင်းကြီးခေါ်သော သီချင်းများထိ မတြာယူဟန်, အသံထားဟန်, အအုပ်အခံ ကာရန်ထားဟန်များကို နားလည်ခြင်းရှိ၍ ကဝိပါမောက် တမ်း အထက်

* မတြာသံ ၇-မျိုးကား.... ၁၊ ၁ဒ်၊ ၂၊ ၂ဒ် က ၃-အထိ။ ၃၊ ပလုတအထိ၊ ပေါင်း ၇-မျိုးရှိသည်။



ဋ္ဌန်းဆောက်တဦး အထူးဖြစ်နိုင်သော သဘောလမ်း ဖြောင့်တန်းပါလိမ့်မည်။ လိုက်ပုံ သုံးမျိုးဟူသည်ကား....(၁) ကိုယ်တွင်းပြည့် လိုက်နည်း။ (၂) ဝဏ္ဏအရေအတွက် အတူလိုက်နည်း။ (၃) အချိုးတူ လိုက်နည်းအားဖြင့် ကွဲပြားသည်။

(၁) ကိုယ်တွင်းပြည့် လိုက်နည်းဟူသည်ကား....ဝဏ္ဏ အရေအတွက်အတူ,မတြာအသံအထွက် အတူ လိုက်နည်းပင်တည်း။ ၁-မှတ်ဇယားပုံ အကန့်ရှိ လိုက်နည်းကြည့်။

(၂) ဝဏ္ဏအရေအတွက်တူ လိုက်နည်းဟူသည်ကား... ဝဏ္ဏ အရေအတွက်တူသော်လည်း အသံယူရာဝယ် စဉ်းငယ်ပြောင်း၍ လိုက်နည်းပင်တည်း။ ဒွေးချိုးစပ်နည်း ၁-မှတ်ဇယားအကန့် ၃-ကြည့်။

(၃) အချိုးတူလိုက်နည်းဟူသည်ကား... ဝဏ္ဏအရေအတွက် အရှည်အတိုလည်းမတူ, အသံလည်းမတူ, အအုပ်အခံကာရန် ကွပ်သိမ်းချက်များမှာသာ လိုက်နာပုံတူသော နည်းပင်တည်း။ လေးဆစ် စပ်နည်းအတွက် ဖော်ပြချက် (က) မှတ်ဇယားပုံကြည့်။

(က) အချို့ဆရာတို့က အသံ ၁၅-ပါးသာ ဖော်ပြသည်ကိုတွေ့ရ၍ ၁၅-ပါးမက ၄၉-ပါးထိရှိပုံ

ဎင်းပြင် မြန်မာစာညွှန့်ပေါင်း ဒုတိယတွဲကို ဖွင့်ဆိုသော အလင်းပြ အမည်မှည့်သောကျမ်းမှာ နားကြားခြင်းငါးပါးတွင် တပါးတပါး၌ သံကြီး, သံလတ်, သံငယ်များဖြစ်၍ ပေါင်း-တီးခြင်း ၁၅-ပါး ဖြစ်လေသည်ဟူ၍ ဎင်းစာအုပ် စာမျက်နှာ ၃-မှာ ပါလာတွေ့မြင်ရသည်။

၁၅-ပါးဟူ၍ ယူဟန်မှာ....ယခုကာလ နောက်ပေါ်နည်းဖြင့် ယူသောနည်းဟူ၍ ဆင်ခြေဝင်ရန် ရှိတန်ပါလိမ့်မည်။ သို့ရာတွင် မြန်မာလူမျိုးတို့မှာ ၁၅-ပါးသာ တီးမှုတ်သီဆိုခြင်း အသံရှိသည်ဟူ၍ လူမျိုးခြားတို့စိတ်တွင် အထင်အမြင် သေးရန်အချက် ပေါ်ထွက်လျက် ရှိသေးသည်။မြန်မာထုံးစံအတိုင်းမှာ ဆိုရန်-တီးရန်အသံ ၃-မျိုး,၄-မျိုး, ၅-မျိုး, ၆-မျိုး, ၇-မျိုး မူလက ပွားပြီးလျှင် ၂၁-ပါး, ၂၂-ပါး, ၄၉-ပါးအားဖြင့် ခွဲခြားမြဲရှိသည်။

(ခ) အသံ ၃-မျိုးကစ၍ ၇-မျိုးကျအောင် မူလ အသံမျိုးရှိသော ပါဠိမှာလာပုံနှင့် မြန်မာခေါ်ပုံများ

အသံသုံးမျိုး ဖေယာပုံ–

| ပါဠိ | မြန်မာ |
|---|---|
| ၁၊ ဆဇ္ဇ | ....စောင်း၏အောက်အတွဲမှ ထွက်သောအသံ။ |
| ၂၊ မဇ္ဈိမ | ....စောင်း၏အလယ်အတွဲမှထွက်သော အသံ။ |
| ၃၊ သာဓာရဏ | ....စောင်း၏အထက်အတွဲမှ ထွက်သောအသံ။ |

အသံလေးမျိုး ဇေယာပုံ–

| ပါဠိ | မြန်မာ |
|---|---|
| ၁၊ ဗျုတ္တာဝဏ္ဏ | ....တက်သံ... နှစ်မတြာခွဲ။ |
| ၂၊ ဩရုဝဏ္ဏ | ....သက်သံ... နှစ်မတြာ။ |
| ၃၊ ဓုဒရာဝဏ္ဏ | ....နိမ့်သံ... တစ်မတြာခွဲ။ |
| ၄၊ မြုဓိတြိ | ....တိုင်သံ... နှစ်မတြာ။ |

မှတ်ချက်....၎င်းအသံ လေးမျိုးတွင် သုံးမတြာထိနှင့် သုံးမတြာ အထက် ရွတ်အပ်သော ပလုတဂီတသံကိုထည့်၍ အသံမျိုးငါးပါး ဖြစ်သတည်း။ ၎င်း လေးမျိုးနှင့် ငါးမျိုးကို ကဗျာဗန္ဓသာရကျမ်းမှာကြည့်။

အသံခြောက်မျိုး ဇေယာပုံ–

| ပါဠိ | မြန်မာ |
|---|---|
| ၁၊ တာရ | ....မြင့်သောအသံ။ |
| ၂၊ ကလ | ....မထင်ရှားသော ညင်းညင်းအသံ။ |
| ၃၊ ကလ | ....ထင်ရှားသော ညင်းညင်းအသံ။ |
| ၄၊ ကာကလိ | ....သိမ်မွေ့သောအသံ။ |
| ၅၊ မန္ဒ | ....နက်သောအသံ။ |
| ၆၊ လယ | ....အတီးအမှုတ်နှင့် သင့်တင့်ညီညွတ်သောအသံ။ |



အသံ ခုနစ်မျိုး ဇေယာပုံ–

| ပါဠိ | မြန်မာ |
|---|---|
| ၁၊ ကလိတာ | ....ကိုယ်အမူအရာနှင့် ညီညွတ်သောအသံ။ |
| ၂၊ မဇ္ဈိမာ | ....အတီးအဆို နှစ်မျိုး၏အလယ်သံ။ |
| ၃၊ စိတြာ | ....စည်းလေး စည်းလတ် စည်းဆတ် အလှည့်အပတ် ဆန်းကြယ်သောအသံ။ |
| ၄၊ ရောဟိနီ | ....ရှစ်နှစ်အလွန် ကိုးနှစ်အဝင်အရွယ်ရှိသောသူငယ်မ၏အသံ။ |
| ၅၊ မတင်္ဂဇာ | ....နားဝင်ဘွယ်ရာ အင်္ဂါနှင့်ပြည့်စုံသောအသံ။ |
| ၆၊ သောဝိရီ | ... ရှေးအခါက သောဝိရမည်သော ပြည်သူတို့၏အသံကဲ့သို့ ရာဇဌာနီ မင်းနေပြည်သူတို့ ဆိုသောအသံ။ |
| ၇၊ သဏ္ဍမဇ္ဈာ | ....အမှတ်အခြင်းအရာအလည်မှာ တည်သောအသံ။ |

အသံခွဲးပုံ ကျမ်းဂန်အထောက်အထားများ

၁၊ ၎င်းပြင် စောင်းသံ ခုနစ်ပါးယူပုံဟူ၍လည်း သီးခြား အခေါ် ရှိသေးသည်။ သို့ရာတွင် ယခု ပြဆိုခဲ့သော အသံ ၇-ပါးမှာ မြန်မာမင်း လက်ထက်အခါက သညာသည်, သဘင်သည်, ရကင်သည်တို့ လိုက်နာ တီးမှုတ် သီဆိုကပြနေကြသော အသံမျိုးတည်း၊ ၎င်းခုနစ်မျိုးမှာ စာတွေ့ ဆရာတွေ့, လက်တွေ့ပင်တည်း။ ၎င်းအသံ ခုနစ်မျိုး ခွဲးနည်းအရ ရသ လင်္ကာ-ဟူ၍ ယူကြမြဲ ဝဏ္ဏ (၂၈)၊ ဒီဃဂရုဟူ၍ ယူကြမြဲ ဝဏ္ဏ (၃၆) နှစ်ရပ်ကာရန် (၆၄) မှာ လိုက်နာမြဲပင်တည်း။ ရသဝဏ္ဏ ၂၈-တွင် အသံမတြာရရာသော အသံသုံးမျိုး, တက်သံ, သက်သံ, နိမ့်သံအားဖြင့် အသံသုံးမျိုးနှင့် ပလုတသံထိအသံ ဒီဃဝဏ္ဏ ၃၆-တွင်လည်း ရသနည်း အသံသုံးမျိုးနှင့် ပလုတသံထိအသံ လေးမျိုးအားဖြင့် အသံ ၇-မျိုးခွဲးမြဲတည်း။ တနည်းအားဖြင့် အသံ ၃- မျိုး၊ ၇-မျိုး၊ ၂၀-မျိုး၊ ၂၂-မျိုး၊ ၄၉-မျိုးရှိသေးသည်။ အပိုဒ် ၃-မှာပါ သော စာအထောက်အထားများကို ကြည့်။

၂၊ အထူးမှတ်ရန်ကား....ဂိုဏ်းနှင့်ဝဂ်,ဇက် ရွေးပုံများတွင် ရသ ကို ၁၊ ဒီဃကို ၂-ဟု အမှတ်ပြုသည်ကား ဂီတသံဖတ်နည်းနှင့် သီးခြား

ကွဲပြားခြင်းပင်တည်း။ ကွဲးပုံကား ရသ ၂၈-မှာ တမတြာ,တမတြာခွဲ၊ နှစ်မတြာအားဖြင့် အသံသုံးမျိုး ရွတ်ဆိုနိုင်သည်။ နှစ်မတြာကို တိုင်သံခေါ်သည်။ ဒိဃ ၃၆-မှာ နှစ်မတြာခွဲ, နှစ်မတြာခွဲအထက် ၂၄၊ သုံးမတြာ၊ သုံးမတြာအထက် ပလုတသံအားဖြင့် အသံလေးမျိုး ရွတ်ဆိုနိုင်သည်။

၃၊ ကျော်အောင်စံထား အဘိဓာန်နိဿယတွင်....(၁) ဆဇ္ဇော-ဆဇ္ဇမည်သော၊ ဂါမော၈-အသံပေါင်းရင်း။(၂) မဇ္ဈိမော-မဇ္ဈိမမည်သော၊ ဂါမော၈-အသံပေါင်းရင်း။ (၃) သာဓာရဏော-သာဓာရဏ မည်သော၊ ဂါမော၈-အသံပေါင်းရင်း၊ ဇာတိ-ဧကြွသို့၊ ဂါမာ-အသံပေါင်းတို့သည်၊ တယော-သုံးပါး တို့တည်း။ ။အဓိပ္ပါယ်ကား....စောင်းရိုးစောင်းလက်ကို သုံးဘို့ပြု၍ အောက်ဖြစ်သောအဘို့သည် ဆဇ္ဇ မည်၏။ အလယ်အဘို့သည် မဇ္ဈိမမည်၏၊ အထက်အဘို့သည် သာဓာရဏမည်၏။ ထိုသို့ စောင်းရိုးစောင်းလက်သည် သုံးထွေသုံးပါး ပြားခြင်းကြောင့် စောင်းရိုး စောင်းလက်၏ အထက်၌တည်သော စောင်းညှို့သည်လည်း သုံးထွေသုံးပါး ပြားခြင်းကြောင့် စောင်းညှို့ကိုစွဲ၍ ဖြစ်သော အသံပေါင်းသည်လည်း ဆဇ္ဇ, မဇ္ဈိမ, ဂန္ဓာရဟူ၍ သုံးထွေသုံးပါး ပြား၏ဟူ၍ လာသည်။

အထူးမှတ်ရန်ကား....အသံတို့၏ ရှည်,တို, နိမ့်, မြင့် အားဖြင့် ကြားနာသူတို့နား၌ နှစ်သက်၍ တပ်စွမ်းခြင်းရာဂအဖြစ် ရောက်သော သီဆိုတီးမှုတ်ခြင်း၏ အမည်အထူးသည် "မုစ္ဆနာ"မည်သတည်း။

ထိုမုစ္ဆနာအရ ဆဇ္ဇဂါမတွင် အသံ ၇-ပါးပွားပုံကား.... ၁-လလိတာ၊ ၂-မဇ္ဈိမာ၊ ၃-စိတြာ၊ ၄-ရောဟိနီ၊ ၅-မတင်္ဂဇာ၊ ၆-သောဝီရီ၊ ၇-သဏ္ဍမဏ္ဍာ... အားဖြင့် ခုနစ်ပါးတည်း။

မဇ္ဈိမဂါမတွင် အသံ ၇-ပါး ပွားပုံကား... ၁-ပဉ္စမာ၊ ၂-မစ္ဆရီ၊ ၃-မုဒုမဏ္ဍာ၊ ၄-သုဒ္ဓါ၊ ၅-ကန္တာ၊ ၆-ကလာဝတီ၊ ၇-တိဗ္ဗာအားဖြင့် ၇-ပါးတည်း။

ဂန္ဓာရဂါမတွင် အသံ ၇-ပါး ပွားပုံကား.... ၁-ရုဒ္ဒီ၊ ၂-ဗြဟ္မီ၊ ၃-ဝေသဏဝီ၊ ၄-သေဒရီ၊ ၅-သုရာ၊ ၆-နာဒါဝတီ၊ ၇-ဝိသလာ အားဖြင့် ၇-၃ သုံးလီ ၂၁-ပါး ဖြစ်သတည်း။



အသံ ၂၂-ပါး ပွားပုံကား.... အဘိဓာန်တွင်– ကမတော-အစဉ်အတိုင်း၊ တိသော-ပထမအသံ၌ တာရ,မန္ဒ,ကလ အားဖြင့် သုံးပါးသောအသံတို့ရင်း၊ ဒုဝေ-ဒုတိယ၌ တာရ, မန္ဒအားဖြင့် နှစ်ပါးသောအသံတို့ရင်း၊ စတဿော-တတိယ၌ တာရ,ကလ, မန္ဒ, ကာကလီ အားဖြင့် လေးပါးသော အသံတို့ရင်း၊စတဿော-စတုတ္ထ၌ ထိုအတူလေးပါးသောအသံတို့ရင်း၊ တိဿော-ပဉ္စမ၌ တာရ,ကလ, ကာကလီအားဖြင့် သုံးပါးသောအသံတို့ရင်း၊စတဿော-သတ္တမ၌ဆိုအပ်ပြီးသော လေးပါးသောအသံတို့ရင်း၊ ဇာတိ-ဧကြွသို့၊ သရေ-အသံ ခုနစ်ပါး၌၊ သုတိ-အသံတို့သည်၊ ဒွါဝီသတိ- ၂၂-ပါးသည်၊ သိယုံ-ဖြစ်ကုန်၏။

အသံ ၄၉-ပါးပွားပုံကား.... အဘိဓာန် နိဿယသစ်တွင်– အလုံးစုံသော မုစ္ဆနာတို့ကို သိမ်းကျုံးမိအောင် အမျိုးအမျိုးအသံကို ပြောင်းလဲ၍တွင်သီဆိုတီးမှုတ်ခြင်းသည် "တာန"မည်၏၊ ထိုတာနသည် မဇ္ဈိမဂါမဟူသော အသံ ၇-ပါး၌ ၂၀၊ ဆဇ္ဇဂါမ၌ ၁၄၊ဂန္ဓာရဂါမ၌ ၁၅-ဖြစ်သဖြင့် ၄၉-ပါးဟူ၍ လာသည်။

---

## ၉၀-တြိချိုးဟူသော ဝေါဟာရအကြောင်း

အချို့သရာတို့က တြိချိုးဟူ၍ အမည်ပေးသော ကဗျာများလည်း သီးခြားရေးသား ဖော်ပြ၍ တွေ့ရသေးသည်၊ သို့ရာတွင် တြိချိုးခေါ်သော စာများတို့ အပိုင်းအဆစ် အစိပ်အချိုး စိစိစစ်စစ်ကြည့်လျှင် တြိချိုးဟူ၍ စံယူလောက်အောင် ရှာဖွေ၍ မတွေ့သေးပေ၊ ရှေးအခါက နတ်သျှင်နောင်ဘွဲ့ခံ ဝန်ကြီးပဒေသရာဇာ ရေးသော သက္ကရာဇ် ၁၀၆၀-ကျော်ကစ၍ မြဝတီမြို့စား ဝန်ကြီး ဦးစ-စသောယောကျ်ားစာဆိုများ၊ ရွှေဘိုမင်း အနောက်နန်းမိဖုရား မြကလေး, ရှင်းသမီး-လှိုင်မင်းသမီး, မင်းကြီးကတော် မယ်ဆုံစသော မိန်းမစာဆိုများရေးသားသော ပေမူ,ပုရပိုက်မူများတွင် တြိချိုးဟူ၍ မတွေ့ရပါ။ သို့ရာတွင် တြိချိုးရှိသည်ဟူ၍ ယူလိုသူတို့ အယူအဆအရ ကာလ ဒေသ သဘာဝ ကွဲးကြမြဲအချက်ကို ကန့်ကွက်ရန် မရှိပါ။ အကြောင်းမူကား–တဦးခေါင်း-တပညာ၊တကျောင်း-တဂါထာ၊တရွာတပုဒ်ဆန်းဟူသော ဝေါဟာရ စကားအတိုင်း မျိုးခြားမျိုးတူ အယူအမျိုးမျိုး,လူအမျိုးမျိုးရှိကြသောအချက် မျက်မြင်လက်တွေ့

ရှိရုံမက ကြိုးကိုမိန်းမဟန်ချင်းလုပ်၍ ဆိုသော ပိတ္တောဆယ်ရှာက မိန်းမ များ ရှိကြောင်းကိုလည်း ကြားရဘူးလျက်ရှိသည်။ဆင်နားရွက်ကို ဝတ် မှာ တပ်ဘိသကဲ့သို့ရှိသည်။

ကျွန်ုပ်ကြားဘူးသော အကြောင်းနှင့် စပ်လျဉ်း၍ အကျဉ်းနိဒါန်း ဥဒ္ဒေသမှာ မန္တလေးမြို့နန်းတည် မင်းတရားကြီးက နန်းဦးမိဖုရားသို့ တြိချိုးခေါ်သောသီချင်း နန်းတွင်းနန်းပြင် အစဉ်အလာ ငါမကြားဘူး ဘူး၊ မတွေ့ဘူးဘူးဟု ဗျာဒိတ်တော်ရှိကြောင်းနှင့် နန်းဦး မိဖုရားက အမိန့်တော် ရှိသော တဆင့်စကားသာ ကျွန်ုပ်မှာ ကြားနာ ရဘူးပါ သည်။

၎င်းအကြောင်း၏နိဒါန်းအကျယ် နိဒ္ဒေသမှာ အောက်ပါအတိုင်းပင် တည်း။ မန္တလေးမြို့နန်းတည် မင်းတရားသည် ၁၂၁၄-ခုနှစ် ရွှေဘို တွင် စံတော်မူစဉ် အလောင်းမင်းတရားကြီး၏ နန်းတော် တိုင်များကို ဆိုင်ရာ အရာရှိ အမှုထမ်းများသို့ ရပ်ကွက်ခွဲခြား၍ ဘုရားရုပ်တု ထုလုပ် ကြစေပြီးလျှင် စာရင်းစဉ်အတိုင်း ဘုရင်မင်းမြတ်ရွှေတော်သို့ယောက်ျား မိန်းမ အဆိုအက အတီးအမှုတ် အစီအစဉ်ခင်းကျင်း၍ သွင်းပြကြရ သည်၊ သွင်းပြရာပါလာသမျှ ကျားမစုံကို ဆုတော် သနားတော် ခံစေ သည်။

သည့်ကဲ့သို့ သွင်းပြခြင်းတွင် သွင်းပြရာဆိုမည့် သီချင်း-သွင်းရပါ မည့် အကြီးအကြပ် အတီးအက ကျားမစာရင်းများကို မသွင်းမီ တရက် က တင်ကူး ဆက်သထားရသည်။ ဆိုမည့်သီချင်းတွင် မသင့်သောအရာ ပါလျှင် ပြင်ခြင်း, မသင့်သော လူပိုလူလျှံပါလျှင် ပြင်ခြင်း, သွင်းပြရာ ပါမည့်လူများ အရေအတွက်အရ ဆုတော်ချရမည့်ပစ္စည်းများကို အခန့် သင့် ပြင်ထားရခြင်း ပြုလုပ်ရသည်။

၎င်းအခါတွင် ပိတ္တောဆယ်ရှာက တင်ကူးသွင်းထားသော လူစာ ရင်းများနှင့် သီချင်းများကို ကြည့်ရှုပြီးလျှင် ပိတ္တောဆယ်ရှာက မိန်းမ ဟန်ချင်း-သီချင်းလွှာကို နန်းဦးမိဖုရားအား အဖတ်ခိုင်းတော် မူသည်။ သီချင်းမှာ အောက်ပါအတိုင်းပင်တည်း။



(က) ပိတ္တောဆယ်ရှာက မိန်းမဟန်ချင်းကို ပြချက်

(၁) ရွှေပြည်ဘို တည်ထောင် ရင်းက၊ မင်းအောင်ဇေယ နန်း တော်တိုင်တွေ။

(၂) များသဘ္ဘဝါ ကုသိုလ်ပွားရန်ဘို့၊ ဘုရားရုပ်တု-ထုကြစေ။

(၃) မြတ်မိန့်တော် ထိပ်ပေါ်သ၊ ပိတ္တောဆယ်ရှာကသွင်းပြရပေ။

(၁) ဖလ်ပြာတကောင်းရယ်နှင့်၊ နောင်အသင်ကောင်းရန်ဘို့၊ ဆု တောင်းကြပျော်ပျော်။

(၂) ပိတ္တောဆယ်ရှာသူတို့၊ ဟန်မူမှာ တော်ပေတောင်းဟု၊ ထင် ကြောင်းရှိလိမ့်နော်။

(၃) ဝတ်စားရွှေငွေနှင့်၊ စားဆန်ရေ-ပေါကြွယ်ဝွေးအောင် ပေး လိမ့်ဆုတော်....ဟူသည်တည်း။

၎င်းသီချင်းကို နန်းဦး မိဖုရားက ပလုတသံဝိဝိ သီဆို တင်လျှောက်ရာ ဘာများပြင်စရာ ပါသေးသလဲ၊ သည်သီချင်းအသွားမှာ ဘာသီချင်း မျိုး ခေါ်သင့်သလဲ-မေးတော်မူရာ အောက်ပါအတိုင်း နန်းဦးမိဖုရား က တင်ရသည်။

(၁) တည်ထောင်ရင်းက မင်းအောင်ဇေယ-ဆိုသော စကားကို တည်ထောင်စက-အလောင်းဘုရား့ဟု ပြင်ရန်တချက်။ (၂) မြတ်မိန့် တော်ကို ဗျာဒိတ်တော်ဟု ပြင်ရန်တချက်။ (၃) အသင်ကို အစဉ်-ဟု ပြင်ရန်တချက်၊ ၎င်းသုံးချက်ကို ပြင်စေရန် သင့်မည် ထင်ပါကြောင်းပါ ဘုရားဟု တင်ရာ၊ မင်းတရားကြီးက တင်ချက်အတိုင်း ပြင်စေ-ဗျာဒိတ် တော်ရှိ၍ ချက်ခြင်းပြင်ရန် ဆင့်ဆိုရကြောင်း။

၎င်းပြင် သီချင်းအသွားမှာ သုံးပိုဒ်စီထားသည့်အတွက် တြိချိုးခေါ်လို လျှင် ခေါ်ဆိုနိုင်ရန် ရှိပါကြောင်းပါဘုရား-ဟုတင်ရာ မင်းတရားကြီးက ဟယ်-တြိချိုးခေါ်သော သီချင်း-နန်းတွင်းနန်းပြင် ငယ်စဉ်အခါကအစ ငါမတွေ့ဘူးဘူး၊ မကြားဘူးဘူးဟု ဗျာဒိတ်တော် ရှိပြီး ပြု၍ ယခုတိုင် အချင်းကို လိုက်ဟန်တူသည်။ အဆုံးသတ် လျှင် ရှေးရေး ဆန္ဒန်ကြိုး အညီထားပြီးလျှင် လိုက်ထားဟန်တူသည်။ မလိုက်တတ်၍ သုံးပိုဒ်စီအညီထားပြီးလျှင် လိုက်ထားဟန်တူသည်။

ဆဒ္ဒန်ကြိုး အချင်းမှာ... (၁) ဟေမဝန္တာ၊ တောသာယာတည့်-တောသာယာ။ ။(၂) ခြွေရံများခြင်း ဆဒ္ဒန်ဆင်မင်း ဘော်ချင်းများစွာ၊ မြူးပျော်ရာတည့်-မြူးပျော်ရာ။ ။ (၃) နောက်ပါသိန်းသောင်း စုရုံးပေါင်း၊ ထောင်သောင်း ရှုဘွယ်သာတည့်-ရှုဘွယ်သာ... ဟူ၍ပါရှိသည်ဟု မင်းတရားကြီးက ဗျာဒိတ်တော်ရှိကြောင်းများနှင့် နန်းဦးမိဖုရားက အမိန့်တော်ရှိသည်များကို မှတ်သားထားရဘူးသည်။

နန်းဦးမိဖုရားဟူသည်ကား... မင်းတရားကြီး၏ အိမ်တော်ပါ မြို့သစ်မြို့စား ဗိုလ်မှူး ဝန်ထောက်မင်း၏သမီး၊ မကွေးမြို့စား ဝန်ထောက်မင်း၏-နှမအရင်းပေတည်း။ မကွေးမြို့စား ဝန်ထောက်မင်း၏ သမီးအကြီးသည် ကျွန်ုပ်၏ ဇနီးပင်တည်း။

## (၁) မှုမှန်ကို မတွေ့သော အချို့ဆရာတို့က လေးဆစ်ချိုးကို တြိချိုးဟု မြင်ပုံကို ပြဆိုချက်

ပေမူ, ပုရပိုက်မူ, ပုံနှိပ်မူများတွင် တွေ့မြင်ရပုံကား....ကျွန်ုပ်ပေမူ ပုရပိုက်မူမှာ-အနောက်နန်းဟောင်း မြကလေးဆို လေးဆစ်ချိုးဟူ၍ အောက်ပါအတိုင်း တွေ့ရသည်။

ကြာခြင်ရုံ၊ ပဟိုရ်သံနာရီညိတ်အောင်ပ၊ မှေးမှိတ်လို့ စက်ပါသော်။ ကြွလာမည့် စိတ်မှာတွေး၊ တရေးမျှမပျော်။ ။လာနိုးမျှော် ကြာမော်မြင့်ဆောင်ထီး။ ။ခွေ့ဘောတော် မာယာပွေလို့၊ မေတ္တာရေ စေနာ မှေးရေ့လ၊ ဘွေးရခက်ကြီး။ ။[အဖမ်းမခံရမီကလေးတွင် ရေးသော အပူဘွဲ့။]

နန်းတော်သုံး စကားတွင် ခြင်ထောင်ကို ခြင်ရုံခေါ်သည်။ ခြင်ရုံစပ်ထုံး အထောက်အထားမှာ ၎င်းမြကလေး သမီးတော် အိမ်ရှေ့မိဖုရားဆို-အောက်ပါ လေးဆစ်အတိုင်းပင်တည်း။ ။သည့်မှုမှန်ကို မတွေ့မိ၍ တြိချိုးဟု မှည့်ဟန်ရှိသည်။ လေးဆစ်ချိုးဇယားပုံကြည့်။

"စက်တော်ခေါ်၊ မပျော်မီ ကြွလာရေးကို၊ တွေးမျှော်မိဘွယ်။ ။ပဟိုရ်ပြန် နာရီပြောင်း၊ ငါးမောင်းခတ်တယ်။ ။ရတက်တော်ပိုရှာလှတာမို့၊ အိုဘုရား-မဟာနွယ်၊ အခါလယ်လို့မှ ကြွလာဘဲ။ ။အသစ်တွေ့ထူ-ချစ်သူကိုမမြင်ဟန်ကြောင့်၊ ကြာခြင်ရုံ-သင်တွေ့ထက်မှာ၊ ဘွေးပျက်လုဆဲ"။



ကဗျာသင်္ဂဟမေဒနီစာအုပ် စာမျက်နှာ ၂၆၀-တွင် အနောက်နန်းမိဖုရားမြကလေးရေး "အမျှော်စိုက်လေးဆစ်သဖြန်" ဟူ၍ တွေ့ရသည်မှာ အောက်ပါအတိုင်းပင်တည်း။

"ကြာချည်ရန်၊ နာရီပြန်ပဟိုရ်ညိတ်ပါပေါ့၊ မှေးမှိတ်လို့စက်ပါသော်။ ရေးမျှမပျော်။ ။လာနိုးရယ်မျှော်၊ ကြာမော်မြင့် ဆောင်ထီး။ ။ခွေ့ဘောတော်တညာဏ်ပွေလို့၊ မလာနေ တာရှေ့လှတာကြောင့်၊ တွေးရခက်ကြီး"။ ။[နန်းတော်သုံးစကားတွင် ကုလားကာကို ကြာချည် ခေါ်သည်။

မြန်မာစာညွန့်ပေါင်း ဒုတိယတွဲစာအုပ် စာမျက်နှာ ၁၆၈-တွင် အနောက်နန်းတော် မမြကလေးဆို "မောင်ဘွဲ့-သုံးဆစ်သဖြန်" ဟူ၍ တွေ့ရသည်မှာ အောက်ပါအတိုင်းပင်တည်း, ... "ကြာခြည်ရံ နာရီပြန် ပဟိုရ်ညိတ်ပါပေါ့၊ မှေးမှိတ်လို့ စက်ပါသော်၊ ရေးမှမပျော်။ ။လာနိုးရယ်မြော်၊ ကြာမော်မြင့် ဆောင်ထီး။ ။ခွေ့ဖောတော် တညာဏ်ပွေလို့၊ မလာနေတာရှေ့လှတာကြောင့်၊ တွေးရခက်ကြီး"။

ခန္ဓေးရရစ်နှင့် ခြည်ရုံမှာ ဘာကိုဆိုလိုသည် ကျွန်ုပ်မသိ၊ ခြည်၏စပ်ထုံးမှာ အရောင်သော်၎င်း, အသံသော်၎င်း, ဆံပင်သော်၎င်း ဆိုင်ရာ ဆိုင်ရာ လိုက်နာရေးသားလေ့ရှိသည်။ အရောင် စပ်ထုံးကား-ပါရမီ ခန်းပျို့တွင်- "တွန်ရွက်ရွှေချည်၊ အမွှမ်းခြည်၍၊ ပတ်လည်ခြယ်ထိုး" ဟူ၍စပ်သည်။

အသံစပ်ထုံးကား မနော်ဟရီပျို့တွင်... "ဖမ်းငြားနှောင်ချည်၊ မိလေသည်ဟု၊ နှုတ်ခြည်သာလေး"ဟူ၍ စပ်သည်။

ဆံပင်စပ်ထုံးကား- သဇ္ဇာခန်းတွင်...."ဂတိမြဲချည်၊ သဘောတည်လျက်၊ ဆံခြည်မရှုတ်"ဟူ၍ စပ်သည်။ ပထမပိုင်း အဌန်းဂဏန်း(၂၁) မှတ်ပါ ဂ-ငယ်အပိုဒ် နောက်ဆုံးအချက်ကြည့်ပါ။

တြိချိုးကို အလိုရှိသူတို့သည် အချိုး၏ အနေအထား သဘောသွားဆင်ခြင်ကာ ကြိုက်ရာ လိုက်နာကြပါတော့။ နောက်ဆက်တွဲ တတိယပိုင်း အဌန်းဂဏန်းစဉ် (၁၁၃) ဆိုင်ရာဂဏန်းစဉ် ၄-နှင့် ၁၁-ကြည့်။

တြိချိုးအကြောင်း ပြီးပြီ။

## ၉၁–ဝေါဟာရ စကားသဘောသွားရင်းမြစ်ကို သတိမထားမိ၍ အတ္တနောမတိအရ ပြင်ကြပုံများကို ဇယားနှင့်တကွ ပြဆိုရှင်းလင်းချက်

| ဆိုင်ရာ အမှတ် | ရှေးရိုးထာဝရ မူလဝေါဟာရ | | အတ္တနောမတိ ကပ္ပိတဝေါဟာရပြင်ကြပုံ | |
|---|---|---|---|---|
| | ၁–ရေးနည်း | ၂–မူလသံပြောင်း ဖတ်နည်း | ၃–ရေးနည်း | ၄–ပြင်ဟန်ကြောင့် အသံသဘောပြောင်းပုံ |
| က | ရွှေဘိုခင်း အနော်နန်းဟောင်း မမြကလေးဆိုကြာခြင်ရံချီ လေးဆစ်ချိုး ဟုသာမြန်မာထီး နန်း လွတ် ရုံး သုံးစွဲမြဲရှိသည်။ | ဆို-ကိုရျ-မျှင် ခွဲး သံ ၡျု ဟု ဖတ်ရသည်။ ချီကိုလည်းဆကြီးယပင့်သံ ဆျ ဟု ဖတ်ရသည်။ | မြန်မာသက္ကရာဇ် ၁၁၉၉–ခုနှစ် နန်းတက်တော်မူသော သာယာဝတီ ကုန်းဘောင် မင်း လက်ထက်။ ၎င်း၏ အနောက် နန်းတော် မမြ က လေး ဆို–ကြာ ခြည် ရံ ချီ မောင် ဘွဲ့ သုံးဆစ် သဖြန်ဟု ပြုပြင်သုံးစွဲကြသည်။ | အသံ ပြောင်း သဘော သွားမှာ ဇယားကွက် ၂-မှာ ပါသည့် အတိုင်း ပင်တည်း။<br><br>သည်အကြောင်း အတွက် စာမျက်နှာ(၅၃၁)ရှိ (က) မှတ်ရှင်း လင်းချက် ကြည့်။ |
| ခ | ရကြီး ယငယ် ကွဲးပြား ခွာ လိုက် နာ မြဲ ဟု ဆရာကျော် ဆရာ မြတ် တို့ က ဆုံး ဖြတ် တော် မူကြ သည့် အရ-ရကြီးယငယ် ခွဲး၍ ရေးမှ အသံ ပြောင်း အ လိုက် ကိုက်သည်။ | ခွာကို ဇကွဲး သံဇွာဟု ဖတ်ရသည်။ ကျော်ကို ဂငယ် ယပင့်သံ ဂျော် ဖတ်ရသည်။ | ရကြီး ယငယ် ခွဲးရန် မလို ဟူ၍ ယူကြသော အချို့ ဆ ရာ များ လည်း ပေါ် လာ ဆဲး ရှိ သည်။ ရကြီးယငယ် မ ခွဲး သော အ ကြောင်း ကြောင့် အသံ ပြောင်းစိန်စ် ထား မြဲ နှင့် လွဲး ကုန်သည်။ | ကြကိုဂငယ်ယ ရစ်သံ ဂြဟု ဖတ်ရသည်။ ဆဲးကို ဈ မျှင်ဆွဲး သံ ဈုံးဟု ဖတ်ရသည်။ သည် အ ကြောင်း အတွက် စာ မျက်နှာ (၅၃၄)ရှိ (ခ)မှတ် ရှင်း လင်း ချက် ကြည့်။ |



| ဆိုင်ရာ အမှတ် | ရှေးရိုးထာဝရ မူလဝေါဟာရ | | အတ္တနောမတိ ပရိကပ္ပိတ ဝေါဟာရပြင်ပုံ | |
|---|---|---|---|---|
| | ရေးနည်း | မူလသံပြောင်း ဖတ်နည်း | ရေးနည်း | ပြင်ဟန်ကြောင့်အသံ သဘောပြောင်းပုံ |
| ၁<br>၂<br>၃<br><br>၄<br>၅<br>၆ | ပညာရှိ<br>အရာရှိ<br>အလိုတော် ရှိ<br>စသည်တည်း။<br>ပညာမယှိ<br>အရာမယှိ<br>အလိုတော်မဆွံ | ပညာရိ<br>အရာရိ<br>အလိုတော်ရိ<br><br>ပညာမဲ့<br>အရာမဲ့<br>အလိုတော်မဲ့ | ပညာယှိ<br>အရာယှိ<br>အလိုတော်ယှိ<br><br>ပညာမယှိ<br>အရာမယှိ<br>အလိုတော် မယှိ | ယှိဟုရေးသည် ဟု အသံ လေးရာ လေး ကြောင်း အသံ ပြောင်းမြဲနည်း လမ်း စည်းကမ်း ရှိသည့် အတိုင်း ယှိ မယှိကို ဇိမဇိဟူ၍. ၎င်း ဂျိမဂျိ ဟူ ၍. ၎င်း အသံပြောင်း ရလိမ့်မည်။ အသံ ပြောင်း နည်း ခ- မှတ်ကြည့်။ |
| ဂ | မြန်မာဘာသာ ရေးမှုဘတ်မှု လိုက် နာရန်ကာရန်ငယ် ၆၄- ရပ်ဟု ဆရာ ကျော်ဆရာမြတ်တို့ က ဆုံး ဖြတ် ကြ သည်။၆၄-ရပ်တွင် ဧးကာရန် အဲးကာ ရန်များမှာဝိသဇ္ဇနီ ပါမှသာ ကာရန် ၆၄-ပြည့်မှီ သည်။ နောက် ဆ က် တွဲး အဝှန်း ဂဏန်းစဉ် (၄၅) တွင် ၆၄-ဇ ယားပုံကိုကြည့်ပါ။ | ဘတ်မှု တွင် ဘတ် ကို ဖ ဦး ထုပ်သံ ဖတ် ဟု ရွတ်ရသည်။ဆ ရာ ကျော် တွင် ကျော်ကို ဂငယ် ယပင့် နှင့် ဂျော် ဟု ဖတ်ရသည်။ ဘကုန်း၏ မူလ အသံမှာ ဟသံ တွဲး လျက် ရှိ သည်။ ၄-မှတ် ရှင်းလင်း ချက် ကြည့်။ | မြန်မာဘာသာ ရေးမှုဘတ်မှုလိုက် နာ ရန် ကာ ရန် ၆၂-ရပ်သာ နော် ဆရာတို့က လိုက် နာကြသည် ၆၄- ရပ်တွင် ဝိသဇ္ဇနီပါ သော ဧးကာရန် အဲးကာရန် ၂-ရပ် ကို နောက်ဆ ရာ တို့က ဖြုတ်ချ၍. ကာရန် ၆၂-သာ ကျန်တော့သည်။ | ဝိသဇ္ဇနီမပါဲး ရေးလျှင် ဧေးဟု ဝိသဇ္ဇနီသံ ဖတ်ရန် မှတ် ထား သော ကျောင်း သား လူ ငယ် များ သည် သော, ရောဝန်, ဧ ကရာဇ်, ဧနီ, ရော ဝတီ– စ သော အ ရေးများကို ဧေး သံ ဖ တ် ရွ တ် ကြ သော အ ချ က် လည်းလက်တွေ့ပင် တည်း။ |

| ဆိုင်ရာ<br>အမှတ် | ရှေးရိုးလာ မူလဝေါဟာရ | | အတ္တနော မတိကပ္ပိတ ဝေါဟာရပြင်ကြံပုံ | |
|---|---|---|---|---|
| | ၁-ရေးနည်း | ၂-မူလသံ မပြောင်း ဖတ်နည်း | ၃-ရေးနည်း | ၄-ပြင်ဟန်ကြောင့် အသံသာ ပြောင်းပုံ |
| ဂ | ၁ ဦးလော<br>၂ ရောဝန်ဆင်<br>၃ နေသားမျိုး<br>၄ ကေရာဇ်ပင်<br>၅ ရောဝတီ<br>၆ ဧးမြ<br>၇ ဧးငြိမ်း<br>၈ ဧးချင်း<br>၉ ဧးယဉ်<br>၁၀ ဧးကျူ | ဦးအေလာ<br>အေရာဝန်ဆင်<br>အေနီသားမျိုး<br>အေကရာဇ်ပင်<br>အေရာဝတီ<br>အေးမြ<br>အေးငြိမ်း<br>အေးဈင်း<br>အေးယင်<br>အေးကျူ | ဦးလော<br>ရောဝန်ဆင်<br>နေသားမျိုး<br>ကေရာဇ် ပင်<br>ရောဝတီ<br>မြေ<br>ငြေိမ်း<br>ချေင်း<br>ယေဉ်<br>ကျေူ | ဦးအေးလာ<br>အေးရာဝန်ဆင်<br>အေးနီသားမျိုး<br>အေးကရာဇ်ပင်<br>အေးရာဝတီ<br>အေးမြ<br>အေးငြိမ်း<br>အေးဈင်း<br>အေးယင်<br>အေးကျူ |
| ဃ | ၁ နဲပဲ<br>၂ အပဲ ၄-ဘုံ<br>၃ ပွဲး<br>၄ ကဲး<br>၅ အဲးမောင်း | နယ်ပယ်<br>အပယ် ၄-ဘုံ<br>ပွဲး<br>ကဲး<br>အဲးမောင်း | နယ်ပယ်<br>အပယ် ၄-ဘုံ<br>ပွဲ<br>ကဲ<br>အဲမောင် | ရေးရင်း အတိုင်း ဖတ်ရသည်။<br>ဝိသဇ္ဇနီသံ ထည့်၍ ဖတ် ရ သည်။<br>အသည် ၃-မှတ် အတွက် ရှင်းလင်း ချက်ဂဏန်းစဉ်၉၀<br>(ဃ) ကြည့်။ |
| င | ရဟန်းကျောင်း သုံး ထိးနန်း လွှတ် ရုံးသုံး ကွဲး မြဲး ဟု ဆရာ ကျော် ဆရာ မြတ်တို့ ဆုံးဖြတ် တော်မူကြသည်။ | ဖြတ်ကို ဘြတ် ဟု ဘတ်ရမြဲး | ကျောင်းသုံး နန်း သုံးကွဲးမြဲးကို မမှီသူ အချို့က မူလအသံ ပြောင်းပုံ နည်း လမ်းစုကို ယခုသ တိပြုရန် လိုသည် အဓွန်း ဂဏန်း စဉ် (၃၄) ကြည့်။ | သည်(င)မှတ်အ တွက် ရှင်းလင်း ချက်ဂဏန်းစဉ်၉၀ (င) ကြည့်။<br>ရေးရင်းအတိုင်း အသံမပြောင်းဘဲ ဖတ်ရသော အ ကြောင်းကား ရဟန်း ကျောင်း သုံးနည်းတည်း။ |
| စ | ၁ ဘော်ပြ<br>၂ ဘိုးတင် | ဖော်ပြ<br>ဖိုးတင် | ဖော်ပြ<br>ဖိုးတင် | ရေးရင်းအတိုင်း သာ ဖတ်ရသည်၊ ထပ် လောင်း၍ အသံမပြောင်းရ။ |



## က–မှတ်အချက် အနောက်နန်းဟောင်း မမြကလေးရေးသော လေးဆစ်ချိုးအတွက် ရှင်းလင်းချက်

လေးဆစ်ချိုးအကြောင်းနှင့် သုံးဆစ်ချိုး အကြောင်း ကွဲပြားပုံကို နောက်ဆက်တွဲ ပထမပိုင်း အဓွန်းဂဏန်းစဉ် (၂၁) ဆိုင်ရာ (ဂ–ငယ်) အမှတ်မှာ ပါခဲ့ပြီးရှိသောတြိချိုးအကြောင်းနှင့် နောက်ဆက်တွဲ ဒုတိယ ပိုင်း အဓွန်းဂဏန်းစဉ် (၉၀) ဆိုင်ရာအမှတ် (က) (ခ) များမှာ ပါရှိ သော တြိချိုးအကြောင်း ဖော်ပြပုံမှာ စုံသင့်သမျှ မစုံသေး၍ ယခုအချက် ကို ဆက်လက် ဖော်ပြခြင်းဖြစ်သည်။

မစုံပုံကား....မြန်မာစာညွှန့်ပေါင်း ဒုတိယတွဲ၏အဘွင့် အလင်းပြ ကျမ်းနှင့် ကဗျာဖွဲ့နည်းကျမ်းမှာ တြိချိုးဟု အမှတ်ပြု၍ ထားသောမှုကို ပင် လေးဆစ်ချိုးဖြစ်အောင် သိဆိုရွတ်ပြနိုင်သော ပုဂ္ဂိုလ်ကျော် ဆရာ တော်ကြီးများ ရှိသည်ကိုပြဆိုရန် ကျန်ခဲ့ခြင်းပင်တည်း။ ထိုဆရာတော် ကြီးများကား–“ကုမာရာဘိဝံသတိသာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု” ဟူသော မြန်မာမင်းပေး သံတုံးဘွဲ့တံဆိပ်နှင့် အင်္ဂလိပ်မင်းပေး–အဂ္ဂ မဟာ ပဏ္ဍိတဘွဲ့ခံ အသက် ၇၄–နှစ်မှာ ပြန်လွန်တော်မူသော သံယုတ် ဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ မြင်းခြံမြို့ ကိုးဆောင် အုတ်ကျောင်း ဆရာတော် ဦးဝိပုလတို့ပင်တည်း။ ၎င်းဆရာတော်အိုကြီး တို့ဆိုနိုင်ပုံကား... “ကြာခြင်ရံ-ပဟိုရ်ပြန်–နာရီညိတ်ပါပေါ့မှေးမှိတ်လို့စက် ပါသော်၊ ရေးမှမပျော်” အထိ ပထမအခံပိုဒ်ထားခြင်း။ “လာနိုးရယ်မျှော်” ကို မျှော်တွင် အသက်ရှုရပ်တန့်၍ ပထမအခံပိုဒ်၏ အအုပ် ထားခြင်း။ “ကြာမော်” ကို မော်တွင်ရပ်တန့်၍ အသက်ရှုပြီးလျှင် ကွပ်သိမ်းချက် ထားခြင်း။ “မြင့်ဆောင်ထိး”ကို ဒုတိယအခံပိုဒ်ထားခြင်း။ “ရွှေဖောတော် ကာစ၍ တွေးရခက်ကြီး” ထိ ဒုတိယအခံ၏ အအုပ်ပိုဒ်ထားခြင်းအားဖြင့် ရွတ်ဆိုတော်မူနိုင်ကြပေသည်။ သည့်ကဲ့သို့ထား၍ ရွတ်ကြသည့်အခါ– ပျော်–မှာ ပထမအခံအားဖြင့် တချိုး။ မျှော်-မှာ ပထမအခံ၏ အအုပ် အားဖြင့် တချိုး။ မော်-ကို ကွပ်သိမ်းချက်ထား၍ ထိး-အထိမှာ ဒုတိယ အခံထား၍ တချိုး။ တွေးရခက်ကြီးတွင် ကြီး-ကို ဒုတိယအခံ၏ အအုပ် ထားခြင်းအားဖြင့် တချိုးထား၍ အလုံး လေးချိုးဖြစ်သတည်း။

ထိုဆရာတော်နှစ်ပါးသည် ရှေးမူလရင်း နာမကိုသော်၎င်း,သဘော သွားအရင်းခံကိုသော်၎င်း ပြောင်းလွှဲ ပြင်ဆင်လိုသော သဘောမရှိ၊

မူလရှိရင်းနှင့်အညီ ညက်မှိအောင်သာ ကြံစည်လိုက်နာလိုသောသဘော ရှိတော်မူကြပေသည်။ ထိုဆရာတော်များ၏ အလိုနှင့် တပြေးညီစွာ လိုက်နာနိုင်ရန်မှာ ကဗျာဗန္ဓသာရမူလကျမ်းထိပ်ဆုံးက ဖော်ပြခဲ့သော ညက်သာပါလို အစချီသော ညွန့်လန်းရတုပိုဒ်စုံတွင် ဘန်လှာခါအို-အစချီသော တတိယရတုမှာပါသော....“ရေးမှုဖတ်မှု၊ သံပြောင်းမှုပါ၊ ခုအခါဝယ်၊ မြန်မာသုံးရှိ၊ ထုံးမမိ၍၊ သိသင့်သိရာ၊ မသိပါသော်၊ ငါ့အသိကျန်၊ ငါ့တာဝန်ဟု၊ ဝေဘန်သိမ်းဆည်း၊ ညက်ထိန်းစည်းလော့”... ဟူသော ရတုကိုသတိပြု၍ ကြည့်ရှုလျှင် တရေးရေးထင်မြင်အောင် ဆင်ခြင်နိုင်ရန်ရှိခြင်း။

၎င်းပြင် ကဗျာဗန္ဓသာရကျမ်း နောက်ဆက်တွဲ ပထမပိုင်း အဝှန်းဂဏန်းစဉ် (၆)-(၇) များနှင့် အဝှန်းဂဏန်းစဉ် (၈) ဆိုင်ရာ အမှတ်ဂဏန်း (၂) ၎င်းပြင် အဝှန်းဂဏန်းစဉ် (၁၄) ကိုလည်း ကြည့်ပါမှ လာလတ္တံ့သော နည်းများမှာလည်း ဤနည်းကို အသီးအသီးမှီးသဖြင့် ချင့်ချိန်ဆင်ခြင်ရန် သဘောလမ်း ဖြောင့်တန်းမည်ဖြစ်သတည်း။

ထိုဆရာတော် နှစ်ပါးတွင် သံယုတ်ဆရာတော်ဘုရားကြီး၏ ဂုဏ်သည် ရန်ကုန်-မန္တလေးစသော မြို့ရွာအနှံ့အပြား ထင်ရှား ကျော်ကြားပြီး၍ အထူးဖော်ပြရန် မလိုသော်လည်း မြင်းခြံ အုတ်ကျောင်း ဆရာတော်၏ ဂုဏ်မှာ သံယုတ်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကဲ့သို့ ရန်ကုန်တွင် ထင်ရှားကျော်ကြား နှံ့ပြားခြင်း အားမကြီးသေးသည့် အရ သိသာရန်မျှ အတန်ငယ် ဖော်ပြသော်...

ကျွန်ုပ်၏ တောင်းပန်ချက်အရ မဟာပရိတ်တော်ကြီး၏ နိဿယသစ်ကို ရေးတော်မူပေသည်၊ ထိုကဲ့သို့ ရေးသည်မှာ အဋ္ဌကထာ ဋီကာများ၏ သဘောသွားအရ နောက်သား-နောင်လာတို့ မှတ်ယူဘွယ်ကောင်းစွာ သာယာချိုး လေးနက်သော အဓိပ္ပါယ်သွားများနှင့် ရေးသားတော်မူပေသည်။ တလမျှမကြာခင် ပြီးစီးပြီးလျှင် ရန်ကုန်တွင် ပုံနှိပ်ထုတ်ဝေရပေသည်။ ၎င်းပြင်-ထိုအုတ်ကျောင်း ဆရာတော်သည် အရိုးအစဉ်မပျက်ရန် ရည်သန်သော သဘော အားကြီးသော အရာ သိသာသည်မှာလည်း အောက်ပါလေးဆစ်ချိုးကို ရေးသားတော်မူသည် ဟူ၍ မှတ်ယူရပေသည်။ သို့ရာတွင် ထိုစာရေးဆဲအခါ အနားမှာ ကျွန်ုပ်မရှိပေ၊ ကျွန်ုပ်ရှေ့တွင် ရှုတ်ခနည်း ဖြုတ်ချည်း ရေးသော ကဗျာ



များမှာ များစွာရှိပေသည်။ ယခုနေရာမှာ မဆိုင်လှ၍ ဖော်ပြခြင်းမပြုပါ။ ကျွန်ုပ်နှင့် ရဟန်းပညာရှိ လူပညာရှိများ အပြန်အလှန် ဆက်ဆံကြသော ကဗျာများကို ပုံနှိပ်ဖြစ်သည့်အခါ ဆရာတော်ဦးဝိပုလနှင့်ဆက်ဆံသည့်အရာ ပါတန်ရာသည်ဟူ၍ ထင်ယူပေသည်။

“သာသနာ-ကွယ်မည်ပသော်လဲ့၊ အရွာရွာ နယ်လည်ကြပါတဲ့၊ လယ်တီဘုရား့ဆရာတော်။ ။အကြံနိဝ်ပါပေ့၊ သံခိပ် ဘုတ်
စာနှင့်၊ နိရုတ္တာ သဂြိုဟ်ဖြင့်မှေးလေရဲ့၊ တွေးကျက်ကြနော်။ ။
ပြောစရာ ဇမ္ဗူမှာရောက်စေတို့၊ ဂေါတမာတဆူ နောက်တွင်မှ၊
ဂေါတမောက်-အတုဘော်၊ ယခုပေါ်ပါတဲ့နောက်ဘုရား။ ။ကျွ
နွားကိုညှာ၊ ဘဲငါးသတ္တဝါနှင့်၊ ကြက်ဝက်ပါ ချန်မထားတယ်၊
စားစေတဲ့လား”။

သည်စာ၏ သဘောသွားအရမှာ မူလသဂြိုဟ်ကျမ်းရင်းကို မတိမ်စေလိုခြင်း၊ သတ္တဝါဟူသမျှအပေါ်မှာ ချမ်းသာစေလိုသော မေတ္တာ ညီညာမျှတစေလိုသော သဘောပင်တည်း။

၁—မှတ်ပါ ကြီချီးအတွက် ရှင်းလင်းချက် ပြီးပြီ။

---

ခ-မှတ်အချက် ရှိနှင့် မယှိ အတွက် ရှင်းလင်းချက်

ရခိုင် သျှင်မဟာသီလဝံသ, တောင်တွင်း သျှင်မဟာသီလဝံသ, အဝသျှင်မဟာရဋ္ဌသာရ, အဝ သျှင်အဂ္ဂသမာဓိ, မုံရွေးဆရာတော်, သက်တော်ထင်ရှားဆဲယခုရှိသော ဓမ္မသေနာပတိ-မဟာသဲရာဇာ၊တောင်ခွင်ဆရာတော်စသော ရဟန်းပညာရှိ၊ ဝက်မစွတ်မြို့စား မင်းကြီး ဦးဿမသိရိ မဟာသဉ်ယာဘွဲ့ခံ နဝဒေးဦးနု၊ သတိုးသုဓမ္မမဟာသက်တော်ရှည် C.S.I. ဘွဲ့ခံ ကင်းဝန် သေနတ်ဝန် လည်ကိုင်းမြို့စား မင်းကြီး၊ဝက်မစွက်မြို့စား ဝန်ထောက်တော် မင်းကြီးမဟာမင်းထင်စည်သူ-စသော မှူးမတ်ပညာရှိတို့က ရှိနှင့်မယှိကို အတည့်အလင်း ခွဲထားရေးသားရန်ပြဋ္ဌာန်းပြီးရှိသည်နှင့်အညီ ၁၂၄၀-ပြည့်နှစ်၊ တောင်ဥယျာဉ်တော် အတွင်း အစည်းအဝေးဝင် မှူးမတ်တို့ ဆုံးဖြတ်ချက်မှာလည်း ရှိနှင့်မယှိ ခွဲခြားရေးသားရန် ထပ်မံဆုံးဖြတ်ပြီးရှိသည်။

သက္ကရာဇ် ၇၁၀-ကျော်တွင် ရခိုင်သျှင်မဟာသီလဝံသအကျော် ပြုစုတော်မူသော ကဝိကဏ္ဍပါသကျမ်းတွင်….“ကခေါ၊ ဂဃော၊ စဆော၊ ဇဈော၊ ငှင္ဌော၊ ဍဎော၊ တထော၊ ဒဓော၊ ပဖေါ၊ ဗဘော၊ ဣမေခရော ဇုတ္တိ ပုမောဝိယော ဘဝေ” ဟူ၍ ငှင်း။

ပထမော တတိယော ဝဂ္ဂေ၊ ပဉ္စမော ပုရိသော ရက္ခေ။
ဒုတိယော စတုတ္ထော ဝဂ္ဂေ၊ ဒေဝိဇုတ္တိ ရက္ခေ မြုတ္တော။
အဝဂ္ဂေ နပုံသကော ဒေဝေ၊ ဆန္ဒဘေဒေ ဝိတ္ထံ မြုတ္တော။

ဟူ၍ ပြမှာလာရှိသည်။ သည်ကဲ့သို့ ပြဆိုသည်မှာ သက္ကတ ဘာသာကမ္ဘာ့တန်ဆာဖြစ်သော ဘာရတိက-ကျမ်း၊ ကာပျအင်္ဂါကျမ်းများနှင့် အညီ နည်းမှီး၍ ပြဆိုခြင်းပင်တည်း။

ယခု သက်တော် ထင်ရှားဆဲ ရှိသော ဓမ္မသေနာပတိ မဟာသံရာဇာ တောင်ခွင် ဆရာတော်ကလည်း ၎င်းဆရာတော် ပြုစုတော်မူသော ဂုဠတ္ထဒီပနီကျမ်းကြီးတွင် ကဝိကဏ္ဍပါသကျမ်းကို မှီး၍ ထိုကျမ်းနည်းပင် ပြဆိုတော်မူသည်။ သည်ကျမ်းများအရ….က-ကို ဂ၊ ခ-ကို ဃ၊ စ-ကို ဇ၊ ဆ-ကို ဈ၊ ဋ-ကို ဍ၊ ဌ-ကို ဎ၊ တ-ကို ဒ၊ ထ-ကို ဓ၊ ပ-ကို ဗ၊ ဖ-ကို ဘ-ပြောင်းပုံတည်း။ သည်ကဲ့သို့ဖြစ်၍ ဖနှင့်ဘ(၂)တန်ကို အပြန်အလှန် အသံ၎င်း, အက္ခရာ၎င်း ပြောင်းနိုင်သည်။

၎င်းပြင် ရေဖမှရကြီးသို့၊ ဂျနှင့် ဇမှ ယငယ်သို့၊ ပြောင်းပုံအထောက်အထားမှာ….အက္ခရာဝိအောင် ရွတ်သော သိဟိုဠ်ရဟန်းတော်တပါးနှင့် ကျွန်ုပ်တို့တွေ့ဆုံ ဆွေးနွေးကြစဉ် ထိုရဟန်းတော်ရှေ့တွင် ကျွန်ုပ်က စ၊ ဆ၊ ဇ၊ ဈ၊ ည-ဟု ရွတ်မိရာ ထိုရဟန်းတော်က မျက်နှာထားကလေး ပြုံးပြုံးနှင့် တာလုတာလုဟု သတိပြုရန် အမိန့်ရှိမှ ကျွန်ုပ်က ကျ၊ ချ၊ ဂျ၊ ဈ၊ ည-ဟု ပြန်၍ရွတ်မှ ဌာန်ကိုထိရောက်ပြီဟု အမိန့်ရှိတော်မူပေသည်။

သက္ကတဘာသာမှာလာသော ရိ-ရီ၊ လိ-လီ-ဧဲ-ဩော်-ံ-ဴ-အး-ကိ=(ကို)၊ ကွ=(ပို)ဟူသော အက္ခရာ ၁၁-လုံးသည် ပိဋကတ်တော်မှာ ထူး၍ ကျေးဇူးမများလှသော့ကြောင့် ၎င်း (၁၁) လုံးကို မာဂဓသဒ္ဒါက ပယ်ချသော်သည်း ရေဖကို မပယ်ပဲ ရေဖ-နှင့် ရသဒိသ-ဟူရသည့်အရာကို ဆရာကျော်ဆရာမြတ်တို့ ဆုံးဖြတ်ပြီးရှိသည်။ ကြည့်လိုကသဒ္ဒတ္ထဘေဒစိန္တာဋီကာနှင့် ကေပညာသက္ကရဝိနိစ္ဆယကျမ်းမှာ ကြည့်လျှင် တွေ့မြင်ပါလိမ့်မည်။



သည်ကဲ့သို့ဖြစ်၍ ပညာရှိစသည်ကို ပညာရိဟု-မူလ ရွတ်ဖတ်သံသို့ အသံပြောင်းဖတ်ရခြင်း၊ များစွာ ထင်ရှားဆဲပင်တည်း။ ယငယ်မှ ဂျဟူ၍၎င်း, ဇ-ဟူ၍၎င်း အသံပြောင်း၍ ဖတ်ရသောအရာမှာ ဂဇာသီသ=ဂယာသီသ၊ ဂျမုနာ=ယမုနာ။ Judson- ကို ယုဒါသန်ဟုပြန်ဆိုရေးသားကြသော ဝေါဟာရစကားများသည် များစွာ ရှိသော်လည်း သိသာရုံမျှ စံပြလိုက်သတည်း။

၎င်းပြင် သက္ကရာဇ် ၈၀၀-ကျော်မှပေါ်သော တောင်တွင်း သျှင်မဟာသီလဝံသဆို-ဆုတောင်းခန်းပျို့တွင်- “အငယ်မြူရှိ၊ မယှိလေတွန်” ဟူ၍၎င်း,… “ပမာသမူ၊ အနုမြူရှိ၊ မယှိဝန်တို” ဟူ၍၎င်း။

ဓမ္မပါလပျို့ ကိုးခိုဒ်မြောက်တွင်- “ခုခါဝယ်နှိုက်၊ အံ့ဘွယ်မယှိ၊ ဤရှိလောက်တွင်” ဟူ၍၎င်း။

ရှင်မဟာရဋ္ဌသာရဆို ဘူရိဒတ်လင်္ကာတွင်- “ဉာတာတစ်၊ မြူလုံးရှိမျှ မယှိလင့်ကြောင်း” ဟူ၍၎င်း,…. “ပြစ်မှားမယှိ၊ သည်းခံချိုသည်၊ ဆံရှိညွှင်းဆဲမရှားတည်း” ဟူ၍၎င်း။

ကိုးခန်းပျို့တွင်-“မြင်းမိုရ်တရှိ၊ ယှဉ်းယှိမယှိ” ဟူ၍၎င်း။

ပုံတောင်နိုင် မော်ကွန်းတွင်- “တောင်မင်းမြင်းမိုရ်တရှိတည်း… နှစ်ပါးနှိုင်းထောက် မယှိတည်း” ဟူ၍၎င်း။

ရှင်အဂ္ဂသမာဓိဆို ဘုံခန်းတွင်- “တွေးတောဆံရှိ၊ မယှိလျှင်းတည့်” ဟူ၍၎င်း။ ငရဲခန်းတွင်- “စိုးစည်းဆံရှိ၊ ပြစ်မယှိတည့်” ဟူ၍၎င်း။ မေတ္တာခန်းတွင်- “လေးလေးဆံရှိ၊ စိတ်မယှိဟု၊ မွေးမိပြာထွား” ဟူ၍၎င်း။

ရှင်တေဇောသာရဆို-ပြာဋိဟာခန်းပျို့တွင်- “ပြစ်မှားဆံရှိ၊ ဒဏ်မယှိဟု၊ ဆိုဘိလတ်မှ” ဟူ၍၎င်း။

မုံရွေးဆရာတော်ရေးသော ရကြီးယငယ်ခွဲထားသတ်ပုံ- ၁၀ ရေး၊ ကာအစ-ဇဲအဆုံး၊ ခုနစ်အင်္ဂါ ၈-ချပ်ရှိသော မျဉ်းနီပေးစာ၊ ဆော့ချပ်နှင့် ဆော်ချပ်တွင်- “ယငယ်ရေးဟန်၊ အကြောင်းပြန်မူ-အစချီသောလင်္ကာများတွင် ယငယ်နှင့်စပ်သမျှကို ရှေးထုံးရှိသမျှ ဖော်ပြသော်လည်း

ယငယ်ဟာထိုးနှင့်ယှဲ-ဟူ၍ မပြမဆိုပဲး "ပါဌ်လိုနတ္ထိ၊ မယှဲမဟဲ့" ဟူ၍ မယှဲကိုသာ သေချာစွာဖော်ပြပြီးလျှင် ထိုလင်္ကာအဆုံးချတွင်- "ယအက္ခရာ၊ ရေးထုံးလာသည်....ကြွင်းရာယူလေ့ ရပင်းတည်း"ဟူ၍ ငင်း။

တွင်းသင်းတိုက်ဝန် မဟာစည်သူဆို-ဇနကပျို့တွင်.... "အကာချည်းရှိ၊ နှစ်မယှဲသား၊ ညစ်တိမိုရှား"ဟူ၍ ငင်း။

နဝဒေးဦးနုဆို-ရွှေဘိုမင်း ရဲတင်းမော်ကွန်း နိဂုံးသံပေါက်တွင်... "သူပညာရှိ၊ ငါကဝိ၊ မယှဲဟန်မိစ္ဆာ"ဟူ၍ ငင်း အသီးအသီး လာရှိသည်။

ကင်းဝန်မင်းကြီးနှင့် ဝက်မစွတ်မြို့စား ဝန်ထောက်မင်း ရေးသောရှိနှင့်မယှဲ ခွဲထားများမှာ ရေးဆရာကြီးများထက် မှတ်သားဘွယ်အထူးမရှိသောကြောင့် ချန်ထားလိုက်သည်။

မြန်မာစာညွန့်ပေါင်း ဒုတိယတွဲ စာမျက်နှာ ၆၃၊ တောင်ဖီလာဆရာတော်ရေးသော မှတ်စုသံပေါက်တွင်- "ဓမ္မသတ်တရား၊ ယှဲပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင်ဖျက်"ဟူ၍ ငင်း,...."ကျော်ရှိန်နှံ့သိ၊ ပညာယှဲ- ကြီးဘိအမျက်၊ ဒေါသဖျက်" ဟူ၍ ငင်း၊ ရှိကို ယှဲဟုပုံနှိပ်လျက်ပါသည်။ ကျွန်ုပ်လက်ရှိ လက်ရေးမူမှာ ငင်း ရှိ နှစ်ရပ်စလုံးပင် ရကြီး နှင့်ရှိဟူ၍ ရေးထားလျက်တွေ့ရသည်။ ခေတ်ကို လိုက်ပြီးလျှင် ပြင်ဆင်လိုသမျှ ပြင်ကြသည်ကို ဆင်ခြင်နိုင်းဆ၍ အထောက်အထားများနှင့် ညှိပြီးလျှင် ဆင်ခြင်လိုက်နာကြရုံသာရှိသည်။ [အဝှန်းဂဏန်းစဉ် (၁၀၃) ဆိုင်ရာ (ဆ) အမှတ်ကိုကြည့်ပါ။]

၂-မှတ်အချက် ရှိနှင့်မယှဲအတွက် ရှင်းလင်းချက်ပြီးပြီ။

---



ဂ-ငယ်မှတ် အချက်ပါ ကာရန် ၄-ပါးရှိသည်ကို သတိမထားသူတို့က
ဧးတွင် ဝိသဇ္ဇနီကို ဖြုတ်ထားသောကြောင့်
ကျောင်းသားကျောင်းသူ-သူငယ်တို့ အရွတ်အဖတ်မမှန်
သံသယဖြစ်ပုံအကြောင်း

နောက်ဆက်တွဲ အဝှန်းဂဏန်းစဉ် (၄၅) မှာ ဖော်ပြခဲ့သော ကာရန်ကြီး ၁၆-တန်, ကာရန်ငယ် ၆၄-ဟု ခွဲးဝေ၍ အေကာရန္တာဒိ ၃-လုံးဖော်ပြသော စတုတ္ထမြောက်ကာရန်ကြီးတွင် "ဧ၊ ဧ့၊ ဧး" ဟူ၍ ငင်း, နှင့် ဧးမှာ ဒီဃ၊ ဧ့မှာ ရဿ-ဟူ၍ ငင်း သေချာစွာပြမှာလာရှိသည်။ မုံရွေးဆရာတော်ဆို ဥတိန္နပျို့ ၉၆-ပုဒ်မြောက်မှာလည်း- "စတုသဋ္ဌိ၊ ဂိတိဝံသ၊ ထိလာစသည်၊ သမအမျိုး၊ အရိုးမြင်မြင်၊ နားပါးဝင်သော်၊ ငါးအင်နယ၊ သောဠသတည့်" ဟူ၍ စပ်ဆိုပါရှိသည်။ ကာရန်ကြီး ၁၆-တန်နှင့် ကာရန်ငယ် ၆၄-ခွဲးခြားရာပါဝင်သော သဘောသွားရှိပုံများကို ပြဆိုခြင်းပင်တည်း။

ဧ-ဧ့-ဧး....ဟူသော ကာရန် သုံးပါး ထားရာတွင် ဧးမှာ ပါသော ဝိသဇ္ဇနီ နှစ်လုံးကို ဖြုတ်ပစ်ကြသည့်အတွက် ဒီဃတလုံးပြုတ်၍ ဒီဃတလုံးနှင့် ရဿတလုံး ပေါင်းနှစ်လုံးသာ ကျန်တော့သည်ဖြစ်၍ ဧးကာရန် တလုံး ပြုတ်ရတော့သည်။

ဇယားကွက် သုံးမှာ ပါသည့်အတိုင်း ဧ-နှင့် ဧး-ကို ရောနှောပြထား၍ ကျောင်းသားများကို ဖတ်စေရာ ဝိသဇ္ဇနီပါရသောအရာ, မပါရသော အရာကို သေချာစွာမသိကြ။ မသိပုံကား....ဦးလောကို-ဦးအေးလာ ဟူ၍ ငင်း, ဧးကျူကို-အေကျူးဟူ၍ ငင်း ကပြောင်းကပြန်ဖတ်၍ ပြကြသော အချက်မှာလည်း လက်တွေ့ပင်တည်း။

---

## ဃ-မှတ်အချက်ကာရန် ၆၄-ပါးရှိသည်ကို သတိမထားသူတို့က အဲ့တွင် ဝိသဇ္ဇနီကို ဖြုတ်ထားသောကြောင့် ကျောင်းသားကျောင်းသူ လူငယ်တို့ အရွတ်အဖတ် မမှန် သံသယဖြစ်ပုံ လက်တွေ့ အကြောင်းကို ပြဆိုချက်

ဆိုခဲ့သော ကာရန်ကြီး ၁၆-တန် ကာရန်ငယ် ၆၄-ဟု ခွဲ၍ပြရာဝယ် အယ်,အယ့်, အယ်းကို၊ အဲ,အဲ့, အဲ့း-ဟု ယသတ်နှင့် နောက်ပစ်ကို ထပ်တူလှယ်ပြီးလျှင် အယ်ကာရန္တာဒိ သုံးလုံးဟူ၍ ၎င်း, အယ်နှင့် အယ်းမှာ ဒီဃ,အယ့်မှာ ရဿ-ဟူ၍ ၎င်း သေချာစွာ ပြမှာလာရှိသည်။

သည်ကဲ့သို့ ပြမှာလာရှိသည်ကို သတိရှေပြေးနှင့် အရေးယူရှာသော ဆရာယုဒါသန် အဘိဓာန်တွင် အဲးကာရန်ရှိသမျှ ဝိသဇ္ဇနီထည့်၍ ရေးသားခဲ့ပေသည်။ သည်ကဲ့သို့ ထည့်၍ ရေးသားသည်အတွက် အဲနှင့် အဲးကို ကွဲပြားသိသာစွာလိုက်နာနိုင်ပေသည်။ အတ္တနောမတိပရိကပ္ပိတဆရာတို့က ဆရာယုဒါသန်အဘိဓာန် အဲးကာရန်ရှိသမျှ ဝိသဇ္ဇနီများကို ဖြုတ်ထားပြင်ဆင်ကြခြင်းမှာ နောက်ပစ်, ယသတ် ထပ်တူ ဖတ်ယူရပုံ ဆရာကျော် ဆရာမြတ်တို့ ဆုံးဖြတ်ပြီးရှိသည်ကို သတိလစ်ဟင်း၍ သော်၎င်း အဲးတွင် ဝိသဇ္ဇနီပါမှ ကာရန် ၆၄-ပါးပြည့်သည်ကို သတိမေ့၍ သော်၎င်း, တို့ခေတ် တို့အခါ တို့နိုင်ရာ တို့ပြင်က ပြီးရသည်ဟု-မဒဖြစ်၍ သော်၎င်း ပြင်ဆင်ကြသည်ဟူ၍ ယူရုံသာ ရှိတော့သည်။ ဆရာယုဒါသန် အဘိဓာန်မှာ အချို့နေရာကလေးများတွင် အမှားမပါဟူ၍ မယူသင့်ဟု မဆိုလိုပါ သို့ရာတွင် ထိုအခါက နိုင်ငံခြားသားအဖြစ်နှင့် ကျစ်လစ်ကြွပ်တည်းစွာ ရေးရှာခြင်း, ပါဠိဘာသာ မြန်မာဘာသာ ခွဲခြား ဖော်ပြနိုင်ခြင်းများကို ထောက်ထားလျှင် အနည်းငယ်မျှသော အရေးအသား အမှားကလေးများကို အမှားဖြစ်သည်ဟု အပြစ် မတင်သင့်ပဲ ခဲခက်သော အရာများကို ကာရန်မလျော့အောင် ဆောင်ရွက် ရေးသားနိုင်သော အစွမ်းကို ချီးမွမ်းသင့်သည်သာဟူ၍ ယူသင့်ပေသည်။

တနည်းအားဖြင့် ဆင်ခြင်ချင့်ချိန် ပြန်သော် ကာရန် ၆၄-ပါးတွင် ကာရန် နှစ်ပါးကို ဖြုတ်ပစ်ရုံမျှသာ၊ မုဒ္ဒဇဌာန် ငါးလုံးကို ဖြုတ်ပစ်ပြီးမှ ထပ်မံထည့်သွင်းရသော အရာလောက် ပညာရှိအပေါင်းတို့ နှာခေါင်း ရှုံ့မည်မဟုတ်ပေ။



၎င်းပြင် တကြောင်းမှာလည်း ဓမ္မကိုအဓမ္မဟု ဖော်ပြသော်လည်း အဓမ္မသည် ခဏသာတည်၍ တာရှည်မတည်နိုင်၊ သိသာရန် စံပမာဏ အမြွက်မျှဖော်ပြသော် ကာရန် ၆၄-ပါးတွင် နှစ်ပါးကို ဖြုတ်ချသော် လည်း ဖြုတ်ချသည့်အတိုင်း တာရှည်စွာမတည်ပဲ ခဏသာတည်ပုံ၊ ရှေးအခါက ကာရန် ၆၄-ပါး အစေ့အငှ ရေးထားကြသော စာများလည်း ထင်ရှားရှိသေးပုံ သတိရှိသော ပုံနှိပ်တိုက်ကြီးများဖြစ်သော ဟံသာဝတီတိုက်, ကဝိမျက်မှန်ပုံနှိပ်တိုက် စသော တည်ဆဲရှိသော ပုံနှိပ်တိုက်ကြီးများက ကာရန် ၆၄-ပါးကို နားလည်စွာ လိုက်နာလျက် ရှိကြသေးပုံ၊ တောင်ခွင် သာသနာပိုင်ဟု ယခုအခါနှုတ်ကခေါ်ကြသော ဓမ္မသေနာပတိ-မဟာသဿရာဇာ ဘွဲ့-ရ တောင်ခွင် သာသနာပြုဆရာတော် ပြုစုသော ၁၉၂၉-ခုနှစ်မှာ ပုံနှိပ်သော စာမျက်နှာ(၆၅၆)ပါသော ဂူဠတ္ထဝိနိစ္ဆယ-ပထမအုပ်မှာ ကာရန် ၆၄-ပါးပြည့်စုံစွာလိုက်နာပုံ ပုံနှိပ်လျက် ရှိပေသည်။

၎င်းပြင် အဲးကာရန်တွင် ဝိသဇ္ဇနီနုတ်ပစ်သည့်အတွက် လက်တွေ့မှား ယွင်းပုံမှာ အောက်ပါအတိုင်းပင်တည်း။

၁၈၇၉-ခုနှစ် မြန်မာသံတော်ဆင့် မီးစက်ပုံနှိပ်တိုက်က ပုံနှိပ်သော စကားပုံ စာအုပ်တွင်- ဆိပ်, တည်, ပွဲ, စင်း-မကောင်းသည်ကို လှည်းကုန်သည်လှေကုန်သည်တို့ မကောင်းသတင်းပြောခြင်း-ဟူ၍ မူရင်းစာမှာ ရေးထားသည်-တွင် ဝိသဇ္ဇနီမပါပဲ ပွဲနှင့် စင်းတွင် ဝိသဇ္ဇနီများနှင့် ရေးထားသည်ကို တည်တွင် ဝိသဇ္ဇနီထည့်၍ ပွဲနှင့် စင်းတွင် ဝိသဇ္ဇနီဖြုတ်ပြီး ဆိပ်, တည်း, ဘွယ်, စင် မကောင်းသည်ကို ဟူ၍ ပြင်ဆင် ရေးလျှင် ကာရန် ၆၄-ပါး သဘော သွားသောအမှားများ ပေါ်လာခြင်းမှာ အချက်အလက်နှင့် ဝေါဟာရစကား အဓိပ္ပါယ်များကို နားမလည်သော သွားနှင့် ပေါ်ထွက်ခြင်းပင်တည်း။ [အဝှန်းဂဏန်းစဉ် (၁၀၃) ဆိုင်ရာ (င) အမှတ်ကိုကြည့်ပါ။]

၃-အတွက် ရှင်းလင်းချက်ပြီး၏။

## (င) မင်္ဂလာဖြစ်ရန် အခြင်းအရာကိုသာ ကဗျာဖွဲ့သီစီကုံးရာ ရေးဖတ်ရာ ပြုပြင်ရာ လိုက်နာအပ်သော သဘောသဒ္ဒါ နည်းလမ်းကို ပြဆိုချက်

၁၊ ညွန့်တက် . . . မင်္ဂလာ ဖြစ်ရန် ရည်ရွယ်သော ကဗျာ ဖွဲ့ရာတွင် လိုက်နာမြဲ။

၂၊ ညွန့်မှဲ့ . . . မင်္ဂလာဖြစ်ရန် ရည်ရွယ်သော ကဗျာဖွဲ့ရာ မလိုက်မနာအပ်၊ ရတု-လူးတားစသည်များမှာ သာ၍ မလိုက်မနာအပ်။

ညွန့်တက်ဟူသည်ကား . . . ကန့်သတ်ခြင်းမထားဘဲ အလားအလာရှိရန်ကို ဖွဲ့ဆိုခြင်းပင်တည်း။ ဥဒါဟရဏ်ကား . . . . ရောင်ဝါညီးသည်၊ ရွှေထီးရာထောင်မကသော . . . . ဟူ၍ စပ်ခြင်းသည် ရွှေထီးအများကိုယူလိုရာရသည့်အတွက် ညွန့်သက်သဘောတွင် ပါဝင်သည်။

ညွန့်မှဲ့ဟူသည်ကား . . . ကန့်သတ်ချက်ထည့်၍ ဆိုထားလျှင် တိုးပွားရန် ထပ်မံ၍ မရမည်ကို ဖွဲ့ဆိုခြင်းပင်တည်း။ ဥဒါဟရဏ်ကား-ရောင်ဝါညီးသည်၊ ရွှေထီးတဆဲ့တစင်းသော . . . ဟူ၍ စပ်ခြင်းသည် ၁၁-စင်းမှတပါး အခြားသော ရွှေထီးမရှိဘိသကဲ့သို့ သုံးသောကြောင့် အညွန့်တုံးဖွဲ့သော ညွန့်မှဲ့သဘောတွင် ပါဝင်သည်။

ညွန့်တက်ကိုစကားမ, ညွန့်မှဲ့ကိုစကားဘိုဟူ၍လည်း အမှတ်အသားသီးခြားရှိသေးသည်။ သဘောသွားမှာ ထပ်တူပင်တည်း၊ သို့ရာတွင် စာမူ အရေးအကူးပျက်၍သော်၎င်း,ဆိုလိုရင်း ဝေါဟာရစကားကိုနားမလည်၍သော်၎င်း အရေးအဖတ် မှားလျှင် မင်္ဂလာ အဓိပ္ပါယ်ရမြဲ"စကားမ"မဖြစ်ရဘဲ မလိုအပ်သော "စကားဘို" ဖြစ်၍ သွားတတ်သည်။

ဥဒါဟရဏ်ကား . . . ကိုးခန်းတွင်– "မရှည်ထွန်းနီး၊ ကျွတ်ပွဲ့ဖြိုးသော်၊ ကျောင်းကြီးဗိမာန်၊ ဇေတဝန်၌၊ မြဲးမှန်နေတော်၊ မူသရော်တည့်"ဟု ရှိသည်ကို ဖြိုးဟုမဖတ်ဘဲ ပြိုးဟု ဖတ်မှားလျှင် အဓိပ္ပါယ်မကိုက် မင်္ဂလာမရှိ၊ အညွန့်ကင်းသော အဓိပ္ပါယ်ရှိသည် ဆိုလိုသည်။ ဖြိုးဟူသည်ကား-အပိုင်းအခြားမရှိ၊ မြောက်မြားသောအဓိပ္ပါယ်သဘောသွား အားကြီးခြင်းကို ဆိုလိုသည်။



ရတနာကြေးမုံသတ်ပုံတွင်- "လူဖြိုးငဖုန်း၊ တဖုန်းဖုန်းလျှင်၊ ဖုန်းဖုန်းပစ်ချ"ဟူ၍ လာရှိသည်။ ဖဦးထုပ်နှင့် လူဖြိုးငဖုန်း-ဟူသည်ကား လူဖြစ်ရုံး၍ နောက်ဆုံးကျသော–တွင်အပြီးအဆုံး သူဖုန်းစား,ဖုန်းတောင်းယာစကာဆိုလိုသည်။ ဆိုလိုရင်းကား ဖြိုးကို ပြိုးဟုပြင်လျှင် မင်္ဂလာမဖြစ် အမင်္ဂလာဖြစ်သကဲ့သို့ ခုနစ်ကို ခွန်နှစ်ဟုပြင်လျှင် အဓိပ္ပါယ်ဖောက်ပြန်ရုံမက ခွန်တွင် ဝိသဇ္ဇနီ ၂–လုံးထည့်၍ ခွန်းနှစ်ဟုရေးကြပြန်သောကြောင့် အရေးအတွက် ၅-မျိုး ယုတ်လျော့သွားသော အချက်သည် ညွန့်တက်မဟုတ်၊ ညွန့်ယုတ်ဖြစ်သည်အရ အမင်္ဂလာဆိုရာ ရောက်သည်။ ၎င်းပြင်အထူးသတိထားရန်မှာ ငါးရာငါးဆယ်စသော နိပါတ်များ၏သဘောသွားနှင့်ကိုက်အောင်လိုက်၍ ရေးရသော အရေးအတွက် အပိုင်းအခြားစသည်များကို ပြဆို စီကုံးရေးသားသော ကဗျာများမှာ မင်္ဂလာဖြစ်အောင် ငဲ့ညှာရန်မလို၊ မှန်ကန်သည့်အတိုင်း ကျမ်းဂန်အလိုက် ကိုက်ရန် ရေးသားမြဲရှိသည်ကို သတိပြုရာသတည်း။ [နောက်ဆက်တွဲ အပုဒ်ဂဏန်းစဉ် (၇၆) ကို ကြည့်ပါ။]

### စကားချုပ်

သည်ကဲ့သို့ ပေါ်လာတတ်သော အလေ့ရှိသည်ကို သိတော်မူသော ဝိစိတ္တာရာမဆရာတော်က ပြမှာတော်မူသည်မှာ–ကဗျာ ဆရာတို့သည် (၁) ဘူတန္တယာ စကားမျိုး၊ (၂) ဝိပရိက အတိဝဂ် စကားမျိုး၊ (၃) ဒေါသသံယုတ္တစကားမျိုးများကို ရှောင်ရှားလိုက်နာကြရန် ပြမှာတော်မူပေသည်။

(၁) ဘူတန္တယာစကားမျိုး ဟူသည်ကား . . . . ဟုတ်မှန်သောစကား မဟုတ်ဘဲလျက် ဟုတ်မှန်ယောင်ဆောင်၍ ဟုတ်စနိုးထင်အောင် ဆိုအပ်သောစကားမျိုးတည်း။

(၂) ဝိပရိက အတိဝဂ် စကားမျိုး ဟူသည်ကား . . . . ကာလပေါ်အယူရှိပြီးလျှင် ရှေ့နောက်ပြောင်း အသစ်ဖြစ်ပွားသော စကားမျိုးဟူ၍ ကောက်တံကျစ်ဆိုသောစကား ပြန်လှန်သောအားဖြင့်လိမ်လိမ်လစ်လစ်တည်း။

(၃) ဒေါသသံယုတ္တ စကားမျိုးဟူသည်ကား . . . အလက်ာကျမ်း၌ လာသော ဒေါသသင့်သောစကားမျိုးကို ထည့်သွင်း သွတ်လောင်း၍

ဆိုအပ်သော စကားမျိုးတည်း....ဟူ၍ နောက်လူများအတွက် ထိုက်သက်ရာ လိုက်နာရန် ရေးသားထားတော်မူသည်။

အကျယ်သိလိုမူ ၁၂၄၂-ခု နယုန်လပြည့်ကျော် ၇-ရက်နေ့တွင် ရေးသားပြီးစီးသော ဘုရိဒတ် ဇာတ်ပေါင်းလာ သာခန်းဆိုသို့ချီ ပျို့အဖြေစာတွင်ကြည့်လျှင် တွေ့မြင်နိုင်သည်။

သည်စကားချုပ်မှာ ပုဂ္ဂလာဓိဋ္ဌာန်အရ ဖော်ပြသည်မဟုတ်၊ ဓမ္မာဓိဋ္ဌာန်အရသာ နောင်လာနောက်သားတို့ ကဗျာဖွဲ့စီကုံးသည့်အခါ ဝေါဟာရစကားများကို ပြောင်းလွဲပြုပြင်လိုသည့်အခါ တန်ဆိုးသုံးပါး မငဲ့မညှာပဲ ဖြောင့်မတ်စွာ လိုက်နာနိုင်ကြစေရန်ရည်သန်ဖော်ပြခြင်းဖြစ်သတည်း။

၎င်းပြင် သည်အကြောင်းမျိုးကို အထပ်ထပ် စပ်ဆိုင်သောနေရာတိုင်းမှာ အကြိမ်များစွာ မကြာမကြာ ဖော်ပြရသော လိုရင်းအနှစ်ကား အညစ်အကြေးကို တဖြည်းဖြည်း ခဏတိုင်း-ခဏတိုင်း ထုတ်ရပုံ၊ မစင်မကြယ် ကျင့်ကြံလေ့ရှိသော အချက်မှာ အသက်မွေးလွယ်ပုံ၊ စင်ကြယ်စွာ ကျင့်ကြံလေ့ရှိသော အချက်မှာ အသက်မွေးကြပ်ပုံများကိုရိပ်မိ၍ သတိရကြစေရန် အဘန်တန် ဖော်ပြခြင်းပင်တည်း။ [ဓမ္မပဒ၊မလဝဂ်ကြည့်ပါ]

ဝေါဟာရ စကားသဘောသွားရင်းအမြစ်ကို သတိမထားမိ၍
အတ္တနောမတိအရ ပြင်ကြပုံများကို ပြဆို ရှင်းလင်းချက်ပြီးပြီ။

---

## ၆၂-လေးဆစ်-လေးပိုဒ်ချိုး, လေးဆစ်-သံထောက်သဖြန်, လေးဆစ်-ဘောလယ်, လေးဆစ်-ပုလဲ, လေးဆစ်-ဘောလယ်ငိုချင်း ခေါ်သော ဝေါဟာရ ဝေဝစနများကို ပြဆိုချက်

လေးဆစ်ကို အခြားကဗျာများနှင့် မရောနှောပဲ သီခြား ရေးထားသော အချင်းမျိုးကို လေးဆစ်ဟူ၍ ခေါ်သည်။တနည်းအားဖြင့် အခြားကဗျာမှာ နောက်ဆုံးတွင်ရေးသော လေးဆစ်ကို သံထောက်ဟူ၍ ခေါ်သည်။ တနည်းအားဖြင့် အဆုံးလည်းမဟုတ်၊ တပုဒ်တည်း လေးဆစ်လည်း မဟုတ်ပဲ၊ အခြားစာများမှာ ရောနှော ရေးသားထားသော လေးဆစ်ကို သဖြန်ဟူ၍ မှတ်ယူရေးသားလေ့ရှိကြသည်။ တနည်းအားဖြင့် ကာလဒေသအလိုက် ခွန်းထောက်ဟူ၍လည်း အနည်းငယ် ရေးသားကြသေးသည်။ သို့ရာတွင် အခရေးယူလောက်သော အမှတ်အသား



များမှာ အခြားကဗျာအော်နောက်ဆုံးက သံထောက်ဟူ၍ ရေးလေ့ရှိသည်။သိသာရန် သာဓကအမြွက်မျှ ဖော်ပြသော်....လက်ဖွဲ့လက်ဖွဲ့ စကားကြမ်း ဆိုင်းဆင့်နောက်ဆုံးမှာ....“ထီးရာပိုင်ငယ်ယုံကျွန်” အစချီသောလေးဆစ်သံထောက်ပါသောအဝှန်းဂဏန်းစဉ်[၁၂၃] တွင်ကြည့်။

* ဒွေးချိုးမှာ ပြဆိုခဲ့ပြီးသောနည်းကို အစဉ်မှီးသဖြင့် တတိယပိုင်းမှာပါသော လေးဆစ်စာကိုယ် သံထောက်,အလယ်မှာပါသော လေးဆစ်ကို သဖြန်-ဟူ၍ မှတ်ယူရန် လွယ်ကူသောကြောင့် အကျယ် မဖော်ပြပဲ ချန်ထားလိုက်သည်။

၎င်းပြင် ရှေးကျသော လေးဆစ်စာများမှာ လွန်စွာ စာလုံးနည်း၍ အဓိပ္ပါယ်ကျယ်ဝန်းပြီးလျှင် စာသားနဂိုရှိမှာလည်း တိုတို ကျဉ်းကျဉ်းသာ ရှေးအခါက ရေးကြသည်။ သည်ကဲ့သို့ ရေးသည်ကို လေးဆစ်ဟု အမှတ်ပြုကြသည်။ ကဗျာဖွဲ့နည်းကျမ်းမှာလည်း သည်နည်းပင် လေးဆစ်စာကိုယ် တိုတိုစပ်ဆိုပုံများ မှတ်သားဖော်ပြချက် ပါရှိပေသည်။

၎င်းပြင် လေးဆစ်ကိုခွဲထွင်ပြီးလျှင် လေးဆစ်မျိုးကို လေးဆစ်ဘောလယ်ဟူ၍၎င်း, လေးဆစ်ပုလဲဟူ၍၎င်း စာဟောင်းပေမူ ပုရပိုက်မူများမှာ ပါလာတွေ့မြင်ရသည်။ [အဝှန်းဂဏန်းစဉ် ၁၁၄-တွင်ပါသော ဆိုင်ရာဂဏန်းစဉ် (၁၀) မှာ စာကိုယ်ပြဆိုချက်ကိုကြည့်။]

၎င်းပြင် လေးဆစ်ဘောလယ်ငိုချင်းခေါ်သော ကဗျာများမှာ ယခုအခါ မစ္စတာ မောင်မှိုင်း အစရှိသော မောင်မှိုင်းနည်း လိုက်နာသော ကဗျာဆရာတို့က စာထောင့် လေးချိုးကြီးဟူ၍ ရေးကြသော အရာကို မကြာမကြာ အခါခါ တွေ့မြင်ရလျက်ရှိပေသည်။ သည်ကဲ့သို့ ရေးသားကြသည်မှာလည်း ခေတ်ကာလ နောက်ကျလေလေ အခေါ်အပြောဝေါဟာရတိုးလေလေ၊ ကဗျာရေးနည်း ထူးသစ် ဆန်းကြယ်လေလေဖြစ်၍ ခေတ်ကာလအလျောက် ရေးကြသည်ကို အပြစ်ဆိုဘွယ်မရှိပေ။ [တတိယပိုင်းအဝှန်းဂဏန်းစဉ် (၁၁၅)တွင်ပါသော ဆိုင်ရာဂဏန်းစဉ် (၁-က, ၃-ထိ) မှာကြည့်လျှင် ရှေးအခါ မြန်မာထီးနန်း မညှိုးမြန်းမီက ရှိသည်ကိုလည်း သိသာလိမ့်မည်။]

လေးဆစ် လေးပိုဒ်ချိုး, သံထောက်သဖြန်, လေးဆစ်ဘောလယ်, လေးဆစ်
ပုလဲ, လေးဆစ်ဘောလယ်ငိုချင်း-ခေါ်သော ဝေါဟာရ
ဝေဝစနများကို ပြဆိုချက် ပြီးပြီ။

---

## ၆၃–လေးဆစ်ချိုးစပ်နည်း က–မှတ်ဇယားပုံ

| | မူရင်း | | ကိုယ်တွင်းပြည့်လိုက်ပုံ | | အရေးအတွက်တူလိုပုံ | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| နည်း | ဝဏ္ဏ | အသံမတြာ | ဝဏ္ဏ | အသံမတြာ | ဝဏ္ဏ | အသံမတြာ | |
| ပထမအခံပိုဒ် | ရွှေ ဝ က ပါ | ၃ ၁½ ၂ ၃½ | လုံ မ လှ မြူ | ၃ ၁½ ၂ ၃½ | အိပ် ပ လို့ ဆို | ၂ ၁½ ၂ ၃½ | မိ သာ ခါ တော် |
| ပထမအအုပ်ပိုဒ် | ပန်း မလ် လာ | ၂½ ၃ ၃½ | နန်း ဟန် ယူ | ၂½ ၃ ၃½ | မ အိပ် ယို | ၁½ ၂ ၃½ | ပန်း ကံ့ ကော် |
| ကွင်းသိမ်းချက် | အ ညာ | ၂ ၃ | အ မူ | ၂ ၃ | ကြောင် အို | ၃ ၃ | မွေး ကျော် |
| ဒုတိယအခံပိုဒ် | မ ရှိ | ၁½ ၂ | ဓ လေ့ | ၁½ ၂ | ပေ မွေး | ၃ ၂½ | ကြိုင် သင်း |
| ဒုတိယအအုပ်ပိုဒ် | တုံး တိ ဒိ | ၂½ ၁½ ၂ | ဆန်း ပွေ့ ဖွေ့ | ၂½ ၁½ ၂ | ကိုက် လှဲ့ လေး | ၂ ၂ ၃ | ရာ သီ ဆိတ် မင်း |

မူရင်းလေးဆစ်သည် အဝပထမ ကောင်းစားစဉ်က အဝမှ ပင်းယသို့ ရဟန်းတော်များ ဆွမ်းခံကြွရာ ရေးသောသဝိတ်ကို ဗုက်ဆိုသော ပပေဟဦးလေးဆစ်ဟူ၍သာ အမှတ်အသားတွေ့သည် မည်သူရေးသည် မသိနိုင်။



မူရင်းကို ကိုယ်တွင်းပြည့် လိုက်နည်းနှင့် အသံကွဲး အရေအတွက်တူ လိုက်နည်းမှာလည်း မည်သူရေးဟုမသိနိုင်၊ လုံမ–ဟု ယခုခေတ်မှာမရေးကြပါ။

သို့ရာတွင် ၎င်းသုံးမျိုးစလုံးကို မတြာကိုက် စည်းလေးစည်းဖြတ်ကိုက်ဆိုပုံကိုအပိုအမိုမထည့်ဘဲ ဆိုပိုင်သူများမှာ မြန်မာမင်းလက်ထက်က တွေ့ရပေသေးသည်။ ရွှေတိုက်စိုးဦးလန်း, ဝေါကြီးမှူးနားခံတော်ဦးဖြိုး,မှတ္တမဝန်ဟောင်း ဦးမောင်ကလေး, အနောက် အငြိမ့်ခေါင်းဆရာတူ, သဘင်ဆရာ-ဆရာရိုက်တို့နှင့် အဆိုတော်မချို,အပျိုတော်ရေနံ့သာခင်ခင်,သဘင်သည် ယင်းတော်မလေး-စသော ကျားမများ ဆိုနိုင်ကြသောအချက်မှာ လက်တွေ့ခေတ်ဟောင်းပင်တည်း။

ခေတ်သစ် အချို့သဘင်သည်များကိုဆိုစေရာ စည်းလေးစည်းဖြတ်တွင် အသက်ရှူမတတ်၍ အပိုထည့်သွင်းပြီးလျှင် ဆိုကြသည်။ တုံးတာလေတိတိ-ဟူ၍၎င်း, ဆန်းပုံလေပွေ့ဖွေ့-ဟူ၍၎င်း, ကိုက်ပါလှဲ့လေး-ဟူ၍၎င်း ဆိုကြတော့သည်။ သည့်ကဲ့သို့ ဆိုသူများမှာ အင်္ဂလိပ်မင်း လက်ထက် ပုဂံဇာတ်မင်းသား, ညောင်ဦးဇာတ်မင်းသား, ပုဂံယိမ်း, ကန္တီပေါက်ယိမ်းစသော မိန်းမကလေးများနှင့် ပုဂံဇာတ်မင်းသမီး,ညောင်ဦးဇာတ်မင်းသမီးများဆိုကြသော အချက်လည်း လက်တွေ့ပင်တည်း။

၎င်းပြင် မှန်ရုဝေအလိုက် ပုဂံဘွဲ့ ပတ်ပျိုးအဆုံးတွင် "ရွှေစည်းခုံကသာ"ဟု ရေးသည်ကို ရွှေဇည်းလေးဆုံဂသာ"ဟု ဆိုကြသော အချက်မှာလည်း လက်တွေ့ပင်တည်း။ လိုရင်းမှာ စည်းချက် အသက်ရှူပိုင်ခြင်း, မပိုင်ခြင်းအားဖြင့် ခြားနားကြသည်။

၎င်းပြင် (က) မှတ်ဇယားက ပြဆိုခဲ့သော ရှေးရေး လေးဆစ်ကို အခြေပြု၍ တုပကြပြီးလျှင် ကာလနောက်ကျလေလေ ရှေးရေးထက်နောက်ရေးလေးဆစ် အမျိုးမျိုး အစားစား တိုးပွားတိုးပွား ရှည်လျားရှည်လျား ဆန်းသစ်ဆန်းသစ်ပြီးလျှင် အမည်မှာလည်း အနည်းငယ်ပြောင်း၍ လေးဆစ်ရိုး, လေးဆစ်ဘောလယ်,လေးဆစ်ပိုချင်း,လေးချိုးဟူသော အမည်များ ပြန့်ပွားလာသည်။

(က) အထူးအားဖြင့် တေးတွဲ့ဆိုသော ဝေါဟာရမှာလည်း လေးဆစ်ချိုးတွင် ပါဝင်သည်။ သို့ရာတွင် အချီမှာရတုချီ သုံးပိုဒ်စီအညီချပြီး

လျှင် အအုပ်အခံ ကွပ်သိမ်းချက်များကို ဆိုခဲ့သော လေးဆစ်မျိုးအတိုင်း အချိုးကျထားပြီးမှ အချပိုဒ်တွင် လွမ်းချင်းသံ လွင့်သံ အသံထားအရ ချသည်။ အစဉ်ခေါ်ကြသည်မှာ ဒွေးချိုး, လေးဆစ်ချိုး, တေးရိုး, တေးထပ်, တေးတွဲ့ဟု ရှေးကအစပြု၍ ယခုတိုင် သုံးစွဲးကြမြဲရှိသည်။

သဒ္ဒါဘာသွားကို ထောက်လျှင် တေးတွဲ့ရေးနည်းသည် လေးဆစ်ခေတ်, လွမ်းချင်းခေတ်, ရတုခေတ် အခါများက ပေါ်လာဟန်တူသည်ဟူ၍၎င်း, လေးဆစ်, လွမ်းချင်း, ရတု-စပ်နည်း အသံဘိုးမျိုးရောထွေး၍ တေးတွဲ့ခေါ်ဟန် တူသည်ဟူ၍၎င်း ထင်ယူသင့်သော သဘောလမ်းဖြောင့်တန်းသည်။ တေးတွဲ့စာကိုယ်များကို ဂဏန်းစဉ် (၁၁၉)တွင် ကြည့်။

တေးဟူ၍ အမည်ပေးသမျှ ဂီတသံ ဖတ်ရွတ်ရသည်ကို ဆိုလိုသည်။ တွဲ့ဟူသည်မှာ....သည်နေရာတွင် တွဲးကို ဆိုလိုဟန်တူသည်။ လွဲးကိုလွဲ့ငရဲးကို ငရဲ့, ကာရန်ငဲ့၍ စပ်သကဲ့သို့ "တေးတွဲး က-တေးတွဲ့"ဟူသော ဝေါဟာရစကား ပြောင်းသွားဟန်တူသည်။... "ကိတ်ကိတ်လဲ့လဲ့၊ ဆိုတတ်ခဲ့၊ လွဲ့လျက်ရှိပါမည်"ဟူ၍၎င်း,... "နေမိမင်းတဲ့၊ စောရန်ဘဲ့၊ ငရဲအောက်ရွာပြည်"ဟူ၍၎င်း....ကဗိလက္ခဏာ သတ်ပုံမှာ ကာရန်ငဲ့နည်းရှိသည်ကို စပ်ဆိုပြမှာပေသည်။

(ခ) ၎င်းပြင် ဘိုးရာကရှည်လာပုံကို စေ့စေ့ငုငု ကြည့်ရှုသုံးသပ် စစ်ရှောက်သည့်အခါ အောက်ပါအတိုင်း တွေ့မြင်ရသည်။

ရှေးကျသောလေးဆစ်များတွင် ပထမအချိုးတွင် လက်ဦးလေးလုံးခံ၍ ဒုတိယအချိုး သုံးလုံးအုပ်သည်။ ဉဒါဟရဏ်ကား (၁) ရွှေဝကပါ-ဟု လေးလုံးအခံထား၍ (၂) ပန်းမလ်လာ-ဟု သုံးလုံးအုပ်သည်၊ တတိယအချိုးတွင် (၃) အညှာမရှိ-ဟု လေးလုံးအခံထားပြန်၍ ၎င်းလေးလုံးတွင် အညှာဟူသော နှစ်လုံးကို ကွပ်သိမ်းချက် ထားသည်။ စတုတ္ထအချိုးတွင် (၄) တုံးတိဒိ-ဟု သုံးလုံးအုပ်သည်။ လေးချိုးရှေ့တော့သည်။ ပထမအခံချိုးမှာ လေးလုံး၊ ဒုတိယအအုပ်အချိုးမှာ သုံးလုံး၊ တတိယအခံအချိုးမှာ လေးလုံး၊ စတုတ္ထအအုပ်အချိုးမှာ သုံးလုံးထားသည်။ အလုံးအချိုး လေးခုမှာမှ ဝဏ္ဏဆယ့်လေးလုံးသာပါသည်။

ပထမအခံအချိုးမှာ လေးလုံးစသော်လည်း ဒု,တ,စ,များမှာ ရှည်လျားလာသော ဆေးဆစ် ၂-ပုဒ်ကား...



၁၊ တောင်ငူဘုရင် နတ်သျှင်နောင်ဆို လေးဆစ်တွင်-"ထောင့်ဘိုင်းစပ်ရှည်။ ။မြစ်ခပေါင်း၊ ပေါင်းလောင်းလက်ယာတွေ့၊ နန်းမြွေစံတည်။ ပန်းဖဲးကစိုက်လည်၊ မြောက်ဆီက ဆွာဖုံး။ ။ကြက်ညွန်းနောင်ညီတို့၊ တရထည် မြရည်ဆို့၊ လွမ်းဘို့မဆုံး"။

၂။ ဘိုးသူတော် ဦးမင်းဆို-လေးဆစ်...."မှိုင်းအုံလို့ရီ။ ။ခိုးအုပ်မြူမှောင်နှင့်၊ ဘယ်တောင်ကိုဘယ်လိုလွမ်းရှုံ၊ ညွှန်းဆိုတတ်ပြီ။ ။နတ်တပိုး မရိုးကခတ်သံသီ၊ မင်ချီလို့အုမ့်တုံး။ ။ရွာပဲးနှင့်ကြူ၊ သည်းမိုးသည်လေကူလို့၊ ပူသူမှာ ဆင်မသင့်နိုင်လို့၊ မိုးချင့်ပါဘုံး။

ပထမအခံ လေးလုံးစ၍ ဒု,တ,စ-များတွင် ရှည်လျားသော လေးဆစ်ချိုး စံပမာဏ သိကြရန် ဖြစ်သတည်း။ ပထမအခံမှာ ငါးလုံးစ၍ ဒု,တ,စ, များတွင် ရှည်လျားပုံ လေးဆစ် ၂-ပုဒ်ကား....

၁၊ ထွတ်ထွတ်နွဲ့သိင်္ဂီ။ ။ဖော့ရှပ်ဟန်မူနှင့်၊ သီတဂူ ငွေရောင်လဲ့၊ သွင်းတဲ့ဂေါရီ။ ။ကြော့တန္တန်း၊ ပဒုန်းကြော့ကေသီ၊ တောင်မှိုလိုထွာစွန်း။ ။အို-သနားရန်ကော့၊ စကားတော်လိမ်တမာနှင့်၊ ငယ်မူရာဘယ်မပျောက်၊ ထိုးဖောက်တခွန်း။ ။[မိုးဘောက်ဟု ဖတ်ရသည်။] ယခုကာလပြောကြသော ဘောက်ခေါ်သော စကားသည် မိုးကိုဖျောက်၍ ဘောက်ဖြစ်ဟန်တူသည်။ ရေးသူမသိ။

၂။ ရေနံကြောင်း ဝန်ကြီးမင်း၏ သမက် လွှတ်တော် စာရေးကြီး ဦးမောင်ကလေးရေးသော လေးဆစ်... "အကျွတ် လွမ်းစိမ့်လေ။ ။သခွတ်သူရာတို့၊ တဖျူပြာ ဟန်ဂုဏ်ပြတယ်၊ မိုးကထပ်ငွေ။ ။(ရတုချပ်) မှုံအဝေတွင်၊ နေခြည်မသန်း၊ လျှပ်ရောင်တန်း၍၊ တိမ်ပန်းညိုနု၊ ပြိုစလုဝယ်၊ အို-ခုခါတောင်း။ ။(လေးဆစ်ဆက်) နက်စောင်းငယ်တည့်ထန်တူတေ၊ တျှေနှင့် တျာတျော-ဘန်ခါခါ။ ။သံသာသာငိုဟဲ့လို၊ အိုဘဲ့နှယ်ဘန်တော်လေ့ပါသိ၊ မိုးထေ့လေကော။

သည် ၂-ပုဒ်တွင် အသက်ရှူ-လေဖြတ်မနပ်၍ "ထွတ်ထွတ်ကတဲ့.... အကျွတ်ကတဲ့" စသဖြင့် လေဖြတ်သက်သာရန် ထည့်သွင်းရေးသားသီဆိုကြသည်-ဟု ကျွန်ုပ်တို့ဆရာ သံတော်ဆင့်-ငယ်တိုးရွှေလောင်း လှေအုပ်မင်း ဦးဘကြီးက မိန့်ကြားသည်ကို မှတ်သားရဘူးသည်။ ဦးမောင်ကလေးရေးသော အကျွတ်-လွမ်းစိမ့်လေ-ချီ၍ မိုးထေ့လေကောကို-၎င်း

ဦးဘကြီးက ကိုယ်တွင်းပြည့် ထပ်တူလိုက်သော "အပြွတ် နွမ်းလိမ့်လော၊ တရွတ်မှုတာမို၊ အမြုမှာစံပုံရ"စသည်ဖြင့် လုံးထပ်သံတူလိုက်၍ မျိုးစေ့ ရွှေလျော-ချသောလေးဆစ်ကို ကျွန်ုပ်တို့ဆိုကြသည့်အခါ ဆရာ ဦးဘ ကြီးက "ကတဲ့" မထဲ့ရဟု သင်ချဆိုပြသည်ကို နာခံရ၍ နောက်မှထည့် ကြသော ကတဲ့ကို ဆိုပုံနှင့်တကွ သိရပေသည်။

ဦးအိရေး သခွတ်ပွင့်စချိန်-စသော လေးဆစ်နှင့် ဦးပုညရေး ကသစ် နန်းသူမောင်-စသော လေးဆစ်များမှာလည်း ဆိုခဲ့သည့်နည်း နောက် မှ ထည့်ကြသော ကတဲ့-ကိုသိရန် စံပြ၍ ဦးပုညရေးသော-"တစ်သုံးဆဲ့ တနယ်" အစချီသော ငါးလုံးစပ်လေးဆစ်ကို ဥဒါဟရဏ် စံထား၍ ညွှန်ကြားပေသည်၊ "တစ်သုံးဆဲ့တနယ်" လေးဆစ် အစအဆုံးသိလိုလျှင် နောက်ဆက်တွဲ၊ အဝှန်းဂဏန်းစဉ် (၁၁၄) ဆိုင်ရာဂဏန်းစဉ်(၇) တွင် ကြည့်ပါ။

၎င်းပြင် ယခုပြဆိုခဲ့သည့်အလား ငါးလုံးစ, ခြောက်လုံးစ, ခုနစ်လုံး စက စ၍ တစတစ ရှည်လျားခဲ့တွင်-ရေးကြသော လေးဆစ်ဘောလယ် ခေါ်သော စာကိုယ်များကို ဆိုခဲ့သော အဝှန်းဂဏန်းစဉ် (၁၁၅) တွင် ကြည့်လျှင် တွေ့မြင်ပါလိမ့်မည်။

၎င်းပြင်-ပုံကြီးသံ, စည်တော်သံ, တေးရိုး ခေါ်သော သီချင်းမျိုးမှာ လည်းအခံ အချိုး, အအုပ် အချိုး, ကွပ်သိမ်းချက်ထား၍ ရေးသမျှသည် လေးဆစ်ချိုးသဘောမျိုးအရင်းခံတွင် အသံယူအသံထားသာ ကွဲပြား ကြတော့သတည်း။ တေးရိုးစပ်ပုံကိုကြည့်။

လေးဆစ်ချိုးအကြောင်း ပြီးပြီ။

---

## ၉၄–တေးရိုးစပ်နည်းကို ပြဆိုချက်

တေးရိုးမှာလည်း လေးဆစ်ချိုးတမျိုးပင်ဖြစ်သည်၊ အချိုးကြီးလေးချိုး သာ ပါသည်။ ပါပုံစပ်ပုံများမှာ အောက်ပါအတိုင်း လက်ဦးအခံပိုဒ်-၁၊ အအုပ်ပိုဒ်-၁၊ နောက်ထပ် အခံပိုဒ်-၁၊ အအုပ်ပိုဒ်-၁ အားဖြင့် လေးဆစ် ချိုး အသွင် ဆင်ဆင်တူသည်။



လက်ဦးအခံပိုဒ်တွင်လေးပဒထားသည်၊ ၎င်းလေးပဒတွင် တပဒလျှင် ငါးလုံးစီထားလေ့ရှိသည့်အရာ သာ၍များသည်။

၎င်း လက်ဦးအခံပိုဒ်ကို လက်ဦးအအုပ်ပိုဒ် တပိုဒ်သာ ထားသည်။ ၎င်းအအုပ်ပိုဒ်မှာလည်း ၂-ပဒထားသည်။ ၎င်း ၂-ပဒတွင် ပထမပဒ မှာ ခြောက်လုံး၊ ဒုတိယပဒတွင် ခုနစ်လုံးထားလည်း။

၎င်းအအုပ်ပိုဒ်ကတဘန်အသံအစပ်ယူပြီးလျှင် ၄-ပဒလှမ်း၍ ထပ်မံ ခံပြန်သည်၊ ၎င်း ၄-ပဒမှာလည်း ပထမပဒတွင် ၆-လုံး၊ ဒုတိယ,တတိ ယ, စတုတ္ထပဒများမှာ ငါးလုံး စီထားသည်။ လက်ဦးအခံကို အကြီး, နောက်ထပ်အခံကိုအငယ်၊ လက်ဦးအအုပ်ကိုအကြီး, နောက်ထပ်အအုပ် ကို အငယ်ခေါ်သည်။ လက်ဦးအအုပ်အဆုံးသတ် ဝဏ္ဏကို နောက်ထပ် အခံအစပိုဒ်မှာ ကာရန်တူ ယူရသည်ကို ကွပ်သိမ်းချက်ခေါ်သည်၊ အစပ် မခေါ်။ အစပ်ခေါ်သည်မှာ သူ့အပိုဒ်တွင် ကာရန်အသံတူသည်ကိုသာ ခေါ်သည်။ တန်းရှူးလဘွဲ့ လက်ဦးအခံပိုဒ်တွင်- "မှ, ဇ,...မှီ, ညီ, ဏီ" များသည် အစပ်ဖြစ်သည်။

၎င်းနောက်ထပ်အခံကို အအုပ်ပိုဒ် ၁-ပိုဒ်အုပ်ပြန်သည်၊ ၎င်းအအုပ် ပိုဒ်တွင် ပထမပဒမှာ ၆-လုံး ဒုတိယပဒမှာ ၇-လုံး ထားလေ့ရှိသည်။ လေးဆစ် သဘောသွားနှင့် အချိုးထားပုံမခြားနား အသံထားသာ ခြားနားသည်။

### တေးရိုးဥဒါဟရဏ်ပုံစံကား

(က)-၁၊ တန်ရှူး-ဂိမ္မမှာ၊ ခေတ်တေဇယှဉ်မှီ၊ ခါမိဿချိန်ညီ၊ သဝ ဏီနက္ခတ်။ [လက်ဦးအခံ။]

(၂) စိတြမည်မကွာ၊ တာရာမှာကေးဝတ်ငှမှတ် [လက်ဦးအအုပ်။]

(၃) ပန်းကုံကော်ရင်ခတ်တို့၊ ပွင့်ချပ်ကယ်စုံလင်၊ သင်းယနံ့ပျံ့ရှင်၊ ရေသဘင်ပွဲလမ်း။ [နောက်ထပ်အခံ။]

(၄) ထိန္နရိုက်ဆင့် ကြူးကြော်သည်၊ သကြိန်တော်ကြူရင့် သည့်တမ်း။ [နောက်ထပ်အအုပ်ပိုဒ်။]တန်းရှူးလဘွဲ့။

(ခ)-၁၊ ကဆုန်-ခေါ်မှန်းသည်၊ ခေတ်ဆန်း ပထဝီ၊ ပြဿဝယ်ယှဉ် မှီ၊ တူတညီဖုသျှ။ [လက်ဦးအခံ။]

(၂) ကြွတ္တိကဝိသာခါ၊ နေ့ညဥ့်ပါထွန်းတောက်သည့်လ။ [လက်ဦးအအုပ်။]

(၃) ပြောင်မဟာနာဂနှင့်၊ တာရာကျပုံသော၊ စံကားနှင့်မိုးဆွေ၊ သင်းပြေပြေပျံ့လောင်း။ [နောက်ထပ်အခံ။]

(၄) ညောင်ရေမြတ် မြသီတာ၊ ချမ်းကြည်စွာ သွန်းချလို့ လောင်း။ [နောက်ထပ်အအုပ်။] ကဆုန်လဘွဲ့။ [၁၂-လ, ၁၂-ရာသီ စေ့အောင်ရှိသည်။ ကြည့်လိုလျှင် အဇ္ဈန်းဂဏန်းစဉ် (၁၁၇) မှာ ကြည့်ပါ။

တေးရိုးစပ်နည်းကို ပြဆိုချက် ပြီး၏။

---

## ၉၅–တေးထပ်စပ်နည်းကို ပြဆိုချက်

(က) တေးထပ်ဟူသည်ကား– တေးရိုးတွင် ထပ်၍ စပ်သောကြောင့် တေးထပ်ခေါ်သည်။ တေးရိုးတွင် အချိုး ၄-ပိုဒ် ကွပ်သိမ်းချက် ၁-ပိုဒ်သာရှိသည်။ တေးထပ်တွင်-အချိုးကြီး-၇၊ ကွပ်သိမ်းချက်-၂၊ ၂-ရပ် ၉-ချက်ပါမြဲ၊ ပဒယ်(၁၈)ရှိအောင် စပ်မြဲကို တေးထပ်ဟု ပညပ်သည်။ မည်သည့်အခါကစ၍ ပေါ်လာသည်ကို အတည်ကျ မသိနိုင်။ သို့ရာတွင် တေးရိုးပေါ်ပြီးမှ တေးထပ် ပေါ်သည်ဟူ၍ ထင်ယူသင့်သော သဘောလမ်း ဖြောင့်တန်းသတည်း။ တေးထပ်စပ်ရာတွင်- အထူးမှတ်ရန်မှာ ကာရန်အစပ်နှင့် အအုပ် အခံ အဟပ်, ကွပ်သိမ်းချက်နှစ်တန် မှန်ကန်စွာပါမှ အပြစ်လွတ်သည်။

(က) အချိုးကြီး-၇, ကွပ်သိမ်းချက်-၂, နှစ်ရပ် ၉-ချက်-ဟူသည်ကား....ပထမအခံအချိုး-၁၊ ၎င်းအခံအချိုးကိုဟပ်၍ ချုပ်သောအအုပ်အချိုး-၂၊ ၎င်း ၃-ချိုးစေ့သည့်နောက် ကြေ၍တဘန် အသံပြောင်းခံသောဒုတိယအခံအချိုး-၁။ ထပ်မံခံသောအချိုးကို အုပ်သော ဒုတိယအအုပ်အချိုး–၁။ ပထမကွပ်သိမ်းချက်–၁၊ ၎င်းကွပ်သိမ်းချက်နောက်ဆက်၍ ကြေ၍သော တတိယအခံအချိုး–၁။ ၎င်းတတိယအခံအချိုးကို ထပ်မံကွပ်သိမ်းသော ဒုတိယကွပ်သိမ်းချက်–၁။ ၎င်းဒုတိယ ကွပ်သိမ်းချက်ကိုကို ဆက်၍ ကြေ၍ပြီးမှချသော အချအချိုးပိုဒ်–၁....အားဖြင့် အချိုးကြီး



၇၊ ကွပ်သိမ်းချက် ၂–ဖြစ်သတည်း။ ကွပ်သိမ်းချက် ၂–ရှိသည်ကို သတိမထားလျှင် မှားယွင်းသော တေးထပ်ကို စပ်မိတတ်သည်။

(ခ) အပိုဒ်ပဒယ် ၁၈–ဖြစ်ပုံကား....ပထမအခံအချိုးတွင် ၄-ပဒ၊ ၎င်းအခံအချိုးကိုဟပ်၍ ချုပ်သော ပထမအအုပ်အချိုးတွင် ၂-ပဒ၊ ၎င်းဒုတိယအအုပ်အချိုးတွင် ၂-ပဒ၊ ထပ်မံကြေ၍ ခံသော ဒုတိယအခံအချိုးတွင် ၂–ပဒ၊ ၎င်းအခံကို အုပ်သော ဒုတိယအအုပ်အချိုးတွင် ၂–ပဒ၊ ပထမကွပ်သိမ်းချက်တွင် တပဒ၊ ပထမကွပ်သိမ်းချက် နောက်ဆက်၍ ကြေ၍သော တတိယအခံအချိုး ၂–ပဒ၊ ဒုတိယ ကွပ်သိမ်းချက်တွင် ၁–ပဒ၊ ၎င်းဒုတိယကွပ်သိမ်းချက်ကို ဆက်၍ ကြေ၍ပြီးမှ ချသော အချအချိုးတွင် ၂–ပဒ၊ ဝေ-ခု ၁၈–ပဒ ဖြစ်သတည်း။ ၁၈–ပိုဒ်တွေ့ကြုံလျှင် အလုံးစုံပြီးမြဲဟု ဦးပုညက စပ်ဆိုသည်။

(ဂ) အချိုး ၇–ချိုးတွင် တပဒ တပဒလျှင် စာလုံး အရေအတွက်ထားပုံများသည် မညီကြ၊ မညီပုံကား အနည်းမျိုး ၄–လုံး၊ အလတ်မျိုး ၅–လုံး၊ အများမျိုး ၇–လုံးအားဖြင့် ထားလေ့ရှိကြသည်။ မညီဟန် သိသာရန် စံပမာဏအမြွက်မျှ ဖော်ပြသော် ၁၁၂၅–ခုနှင့် ၁၁၃၈–ခုအတွင်း အဝဆင်ဖြူရှင်မင်းတရား၏ မိန်းမစာဆိုတော်မယ်ထွားရေး သစ္စာပန်းဘွဲ့ ပဟေဠိတေးထပ်တွင်– "ကျွန်မလျှောက်ပမည်၊ ရွှေးကောက်လို့ ယူပါ၊ ပြဘက်ရာ၊ မည်သာထင်ရှား"ဟု ပထမအခံအချိုးတွင်....ပထမပဒ ၅–လုံး၊ ဒုတိယပဒ ၅–လုံး၊ တတိယပဒ ၄–လုံး, စတုတ္ထပဒ ၄–လုံးထားသည်။

(ဃ) ၁၁၄၀–ပြည့်နှစ်က ၁၁၉၀–ပြည့်အတွင်း အမရပူရပထမမြို့နန်းတည် မင်းတရားကြီး၏သမီးတော်မြတောင်စုဘုရားရေးသော ကဗျာဆရာလုပ်၍ အသက်မွေးနေရပုံတေးထပ်တွင် "သတ္တမံဇောအရှိ၊ ပရာပရိကန်ဘန်၊ ဝိညာဏပဒဋ္ဌာန်၊ အမှန်ပင်ကြုံငြား"ဟု ပထမ,ဒုတိယ,တတိယ သုံးပဒမှာ ၆–လုံးစီအညီထားပြီးလျှင် စတုတ္ထပဒတွင် ၅–လုံး ထားသည်။

၁၁၉၉–ခုတွင် ရွှေဘိုမင်းကို တိုင်းရေးသော နန်းမတော်မယ်နု၏ အမိ အခြေအနေပဟေဠိတေးထပ်တွင် "ဘဝဝယ်မကူး၊ မည်ထူးပလေးကြိမ်၊ စံခန်းတော်မွှေသိန်မှာ၊ အန်တိမ်ပုံလေရှေ့"ဟု ပထမပဒ,ဒုတိယပဒ

များတွင် ၅-လုံးစီ့ တတိယပဒမှာ ၆-လုံး, စတုတ္ထပဒမှာ ၅-လုံးထား သည်။

သည်ကဲ့သို့မညီကြသည်မှာ ရည်ရွယ်သော အဓိပ္ပါယ် သိသာနိုင်ရန် အသက်ရှူ, စည်းဖြတ်, ရှုတ်ဖတ်လိုက်နာနိုင်ရန်-ရည်သန်ရင်းရှိကြသည့် အရ မညီကြဟူ၍ ယူရန်သာရှိသည်။ စာလုံးမညီသော်လည်း တီးချက် စည်းချက်ကိုက်အောင် ရေးခြင်းသာလိုရင်းဟူ၍ မှတ်ယူသင့်သည်။

(င) ၎င်းပြင် ပထမအခံအချိုးကိုချုပ်သော ပထမအအုပ်အချိုး ၂-ပဒတွင် ပထမပဒမှာ ၆-လုံး, ဒုတိယပဒမှာ ၇-လုံးထားမြဲနှင့် ဒုတိယ ကွပ်သိမ်းချက်တွင် ၄-လုံးထားမြဲများသည် မလွဲသောစပ်ထုံးဟူ၍ ယူ ရန်ရှိသည်။

စာဆိုတော်မယ်ထွားဆို တေးထပ် ၎င်းအချိုးတွင်- "နတ်မင်းကြီး ဥဒါသိန်၊ အာလိန်လိုကင်ပြု၍ထား"ဟူ၍ ၎င်းမှ ဒုတိယကွပ်သိမ်းချက် တွင်- "ရေနတ်ကယ်ရှင်"ဟူ၍၎င်း။ ။မြတောင်စုဘုရားဆို တေးထပ် ၎င်းအချိုးတွင်- "ပရိယေပြည့်စုံရန်၊ ကဝိဉာဏ် ဘန်သလိုစား"ဟူ၍၎င်း။ ဒုတိယ ကွပ်သိမ်းချက်တွင် "ဒုက္ခသစ္စာ"ဟူ၍၎င်း။

ရွှေဘိုမင်းဆိုတေးထပ် ၎င်းအချိုးတွင်- "သန္ဒါရ သူသွေတယ်၊ နန်း ရွှေမြေပွင့်ဦးမလေ့"ဟူ၍၎င်း,... ဒုတိယကွပ်သိမ်းချက်တွင် "ပုဆိုးနှယ် ပင်" ဟူ၍၎င်း အသီးအသီး အညီအမျှတွေ့ရသည်။ သည်ကို ရည်၍ စလေဦးပုညဆိုတေးထပ်စပ်နည်းကို ဖော်ပြသောတေးထပ်၊ ၎င်းအချိုး တွင် "အထမှာ ၆-လုံးချီတယ်၊ ဆုံးလေပြီခုနစ်နှင့်ပဲ"ဟူ၍၎င်း၊ ဒုတိယ ကွပ်သိမ်းချက်တွင်- "ကျွမ်းကျင်ကြစေ"ဟူ၍၎င်း စပ်ဆိုဟန်တူသည်။

ဦးပုညရေးသော တေးထပ်စပ်နည်းကို ဖော်ပြသောတေးထပ်၊ မယ် ထွားဆိုတေးကပ်၊ မြတောင်စုဘုရားဆို တေးထပ်၊ ရွှေဘိုမင်းဆို တေး ထပ်စာကိုယ်များကို နောက်ဆက်တွဲ တတိယပိုင်း အဝှန်းဂဏန်းစဉ် (၁၁၈) မှာပါသော ဆိုင်ရာဂဏန်းစဉ် (၁-၂-၃-၄)များတွင်ကြည့်လျှင် တွေ့မြင်ပါလိမ့်မည်။

(စ) ၎င်းပြင် များသောအားဖြင့် အတုယူရန် အချိုးမှန်, အစပ်မှန်, အဟပ်မှန်, ကွပ်သိမ်းချက်မှန် ဆိုတန်လောက်သော တေးထပ်မှာ အောက် ပါအတိုင်းပင်တည်း။



| တေးထပ်စာကိုယ် | အကြောင်းအရာ သိသာရန် |
| --- | --- |
| ၁-အချိုး<br>၁၊ ကညာ မယ် သာ ဘွယ် ညှု၊<br>၂၊ နှာလယ် မှူ ရှုချေ။<br>၃၊ စာ ခြယ် ပြု သုတ ဆွေ၊<br>၄၊ ခု မသွေစီ ကုံး။ | ၁-အချိုးသည် ၄-ပဒထားသော ပထမ အခံအချိုးတည်း၊ ပထမပဒတွင် ၆-လုံး၊ ဒုတိယပဒတွင် ၅-လုံး၊ တတိယပဒတွင် ၆-လုံး၊ စတုတ္ထပဒ၅-လုံးထားသတည်း။သည် ၄-ပဒ တွင် ညှု, မှူ, ပြု, ခု, များသည် အစပ်တည်း။ သည်အချိုးတွင် ( ကုံး ) သည်။ ပထမ အခံ တည်း။ |
| ၂-အချိုး<br>၁၊ မယားက ခြားတ တန့်၊<br>၂၊ နွားမဟန် ကျွဲးက ယဉ် သုံး။ | ၂-အချိုးသည် ပထမအခံအချိုးကိုဟပ်၍ အုပ်သော ၂-ပဒ ထားသော ပထမအအုပ် အချိုးတည်း။ ပထမပဒတွင် ၆-လုံး၊ ဒုတိယ ပဒတွင် ၇-လုံးထားသတည်း။ သည် ၂-ပဒ တွင် တန့်, ဟန်,များသည်အစပ်တည်း။(သုံး) သည် ပထမ အအုပ်တည်း။ |
| ၃-အချိုး<br>၁၊ လူ့ခလေ့ ခုတွေ့ညီ၊<br>၂၊ ပဝေဏီခေတ် နှုန်း။ | ၃-အချိုးသည် ပထမ အချိုးကို ယပ်၍ ထပ်မံအုပ်သော ၂-ပဒထားသော ဒုတိယ အအုပ်အချိုးတည်း။ ပထမ ပဒတွင် ၆-လုံး၊ ဒုတိယပဒတွင် ၅-လုံး ထားသတည်း။ သည် ၂-ပဒတွင် ညီ, ဏီ, များသည် အစပ်တည်း။ နှုန်းသည် ဒုတိယ အအုပ်တည်း။ ၁-အချိုးက ၃-အချိုးထိ (ကုံး, သုံး, နှုန်း,) ၃-ချက်သည် အဟပ် ၃-ချက်ပင်တည်း။ |
| ၄-အချိုး<br>၁၊ ဆွေမဒီ ရစ် သုံး လို၊<br>၂၊ ချစ် ထုံး ဘွဲ့ နေ ရာ။ | ၄-အချိုးသည် ထပ်မံ ကြွေ၍ တဖန် အသံပြောင်း ခံသော ၂-ပဒထားသော ဒုတိ ယ အခံအချိုးတည်း။ ပထမပဒတွင် ၆-လုံး၊ ဒုတိယပဒတွင် ၅-လုံးထားသတည်း။ သည် ၂-ပဒ တွင် သုံး, ထုံး, များသည်။ ဒုတိယ အအုပ်၏ နှုန်းကို စပ်လုံးယူခြင်း ပင်တည်း။ ၎င်းအချိုးတွင်(ရာ)သည်။ တဖန်ထပ်မံကြွေ၍ ခံသော အသံတည်း။ |

| တေးထပ်စာကိုယ် | အကြောင်းအရာသိသာရန် |
| --- | --- |
| ၅–အချိုး<br>၁၊ အရှယ်ဟူ ငယ်သူ စားရယ်တို့၊<br>၂၊ လယ်လူများ ပိုင်း၍သာ လာ။ | ၅-အချိုးသည် တဖန်အသံပြောင်းခံသော ဒုတိယအခံကို အုပ်သော ၂-ပဒ ထားသော ဒုတိယ အအုပ်အချိုးတည်း။ ၎င်း ၂-ပဒတွင် ပထမပဒတွင် ၈-လုံး၊ ဒုတိယပဒတွင် ၇-လုံး ထားသတည်း။ ၎င်း ၂-ပဒတွင် သူ-နှင့် လူ-သည် အစပ်တည်း။ ၎င်း အအုပ် အချိုးတွင် (လာ)သည်(ရာ)ကို အုပ်သော အအုပ်အချိုး တည်း။ ရာ-နှင့်လာသည်အဟပ်တည်း။ |
| ၆–အချိုး<br>၁၊ နှိုင်းစာလို့ သိစရာ မှာ။ | ၆-အပိုဒ်သည် ပထမ ကွပ်သိမ်းချက် ပင်တည်း၊၎င်းတွင်နှိုင်းစာသည်ရာနှင့်လာကိုကွပ်သိမ်းသော ပထမ ကွပ်သိမ်းချက် ပင်တည်း။ ၎င်းအပိုဒ်တွင် ရာ-သည် ၅-အချိုးက လာ ကို စပ်သောအလုံးတည်း။ ၎င်းအပိုဒ်မှာ ၇-လုံး ထားသတည်း။အချို့မှာ ၆ လုံး၊အချို့မှာ ၅လုံး ထားကြသည် မညီကြ။ မညီကြ ပုံမှာ (စ) အပိုဒ်တွင် ပြဆိုခဲ့သည့် နည်းအတိုင်းပင် တည်း။ |
| ၇–အချိုး<br>၁၊ ရှိမေတ္တာ အမှတ် ထားသူမှ။<br>၂၊ သနပ်ခါး မွှေးကန့်ပ လူ။ | ၇-အချိုးသည် ပထမကွပ်သိမ်းချက် နောက် ဆက်၍ ကြွေသော တတိယ အခံ အချိုး တည်း။၎င်းအချိုးမှာ ၂-ပဒထားသည်၊ ပထမ ပဒတွင် ၈-လုံး၊ ဒုတိယ ပဒတွင် ၇-လုံးထား သည်။ ၎င်းအပိုဒ်က(တာ)သည် ၆-အပိုဒ်က (ရာ)ကိုစပ်သောအလုံးတည်း။ ၎င်းပြင် ထား နှင့် ခါးသည် စပ်သောအလုံးတည်း။လူ-သည် ဒုတိယ ကွပ်သိမ်းချက်၏ အခံပင်တည်း။ ၎င်း အပိုဒ်လုံးရေ ထားနည်းမှာလည်း အနည်း အများ ကွဲပြားကြသေးသည်။ ပထမပဒတွင် ၆-လုံး, ဒုတိယ ပဒတွင် ၆-လုံးထား၍ ရေး သောတေးထပ်များလည်း အသီး အသီး ရှိပေ သေးသည် မညီကြ၊ မညီကြပုံမှာ (စ) အပိုဒ် တွင် ပြဆိုခဲ့သည့် နည်းပင်တည်း။ |



| တေးထပ်စာကိုယ် | အကြောင်းအရာသိသာရန် |
| --- | --- |
| ၈–အချိုး<br>၁၊ ရွှေးသန့်သ မှူ။ | ၈-အပိုဒ်သည် ဒုတိယ ကွပ်သိမ်းချက်ဖြစ် သည်၊ ၎င်းကွပ်သိမ်းချက်မှာ လုံးရေ ၄-လုံးခို ထားသည့် အရာမှာ ပညာရှိတို့ လိုက်နာခြင်း မလေ့ဟူ၍ ယူသင့်သည်။ ၎င်းကွပ်သိမ်းချက် တွင် မှူ,သည့်,လူ,ကို ကွပ်သိမ်းသော ကွပ်သိမ်း ချက်ပင်တည်း။ ၎င်းအချက်ကို ကွပ်သိမ်းချက် ကြီးခေါ်သည်။ဇ-မှတ်၊ဈ-မှတ်များမှာကြည့်။ |
| ၉–အချိုး<br>၁၊ အပျော်လောက် ကြည့်ရှင် သူ မှာ၊<br>၂၊ ချည်ဝင် ယူ ပြန် သွားကြလေး။ | ၉-အချိုးသည် ဒုတိယ ကွပ်သိမ်းချက်ကို ဆက်၍ ချသော အချ အချိုးပင်တည်း။၎င်း အချိုးသည် ၂-ပဒရှိသည်၊ ပထမပဒတွင် ၇- လုံး၊ ဒုတိယပဒတွင် ၇-လုံးထားသည်၊ ၎င်း အချိုးတွင်-သူ နှင့် ယူ သည် အစပ်တည်း။ |

တေးထပ်စပ်ပုံအကြောင်း ပြီးပြီ။

---

## ၉၆–ရှစ်ဆယ်ပေါ်တေးထပ်ခေါ်သော ဝေါဟာရအကြောင်း

ရှစ်ဆယ်ပေါ်တေးထပ်မှာ တေးထပ်ပေါ်ပြီးနောက် ၁၁၈၀ တွင် ပေါ်သောကြောင့် ရှစ်ဆယ်ပေါ်ခေါ်သည်ဟု ဆိုခဲ့သော ရှေ့တိုက်စိုးမင်းက မိန့်ဘူးသည်။ ၎င်းက အကြောင်းပြသည်မှာ ၁၀၈၀ တွင်ပေါ်သည်မှာ ၈၁-ပေါ်တေးထပ်သာမက ၈၀-ပေါ်အဲ့ရိုးလည်း ပေါ်သေးသည်။ မည်သူကစ၍ ရေးသည်မသိသော်လည်း နတ်သျှင်နောင် ဘွဲ့ခံဝန်ကြီးပဒေသရာဇာ ရေးသော ရှစ်ဆယ်ပေါ်တေးထပ်နှင့် ရှစ်ဆယ်ပေါ်အဲ့ရိုးများကို ရွတ်ဆို၍ ပြဘူးပေသည်။ ၎င်းပြင် လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံ ရေးသော ကဗျာများတွင်လည်း ရှစ်ဆယ်ပေါ် တေးထပ်၊ ရှစ်ဆယ်ပေါ်အဲ့ရိုးများ ပါရှိပေသည်ဟူ၍ အမိန့်ရှိသည်ကို မှတ်သားရဘူးသည်။

၎င်းပြင် ဆင်ခြင်ချင့်ချိန်ရန်မှာ ၁၀၇၆-ခုနှစ် နန်းတက်သော တနင်္ဂနွေမင်းလက်ထက် နတ်သျှင်နောင်ဘွဲ့ခံ ဝန်ကြီးပဒေသရာဇာသည် စုရေး

စုကိုင်အဖြစ်နှင့် ထမ်းရွက်ဆဲမှာ ကဗျာလင်္ကာစာများကို ဖွဲ့ဆိုခဲ့သည်ကစ၍ အဝပျက်ပြီးသည်နောက် အသက် ၇၀-ကျော်တွင် သက္ကရာဇ် ၁၁၁၉-နှစ်မတိုင်မီ သန်လျင်မြို့တွင် နာ၍လွန်သည်ဟု လောကဗျူဟာခေါ်သော အင်ရုံစာတမ်းမှာလာသည်။ ၎င်းပြင် လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံသည် ၁၁၈၀-ပြည့်နှစ်မတိုင်မီ ဘိုးတော်လက်ထက်တွင် တရားသူကြီးရာထူး သရေသင်္ချာဘွဲ့များနှင့် အမှုတော်ထမ်းရွက်စဉ် မင်းကွန်းစံနန်းတော်မှာ နာ၍လွန်ကြောင်းများနှင့် အမှတ်အသား ရှိသည်အရ ၁၀၈၀ ပြည့်နှစ်ကစ၍ ရှစ်ဆယ်ပေါ်တေးထပ် ပေါ်သည်မှာ သိသာထင်ရှားသည်။

ရှစ်ဆယ်ပေါ်တေးထပ်ခေါ်သော ဝေါဟာရအကြောင်း ပြီး၏။

---

## ၉၇-နတ်သံ, နတ်ချင်း, နတ်စကား, ရတနာသုံးပါးနှင့် ဆိုင်သော ဆုတောင်းစာ,နတ်များနှင့်ဆိုင်သော ဆုတောင်းစာ,လက်ဇွေ့သမား စကားကြိမ်းဆိုင်းဆင့် စာကိုယ်များကို ပြဆိုသော်လည်း ရေးနည်းများအတွက် ချန်ထားခဲ့သည်ကို ပြဆိုချက်

အထက်စာခေါင်းက ဖော်ပြခဲ့သော ကဗျာစပ်နည်းများကို ချန်ထားခဲ့သည့် ပထမအချက်မှာ ၎င်းကဗျာစပ်နည်းများပါသော လင်္ကာချင်းစပ်ကစ၍ လုံးထပ်စပ်နည်းထိ အစပ်ချမျိုး၊ အချစပ်ပုံ၊ လင်္ကာအချင်းရေးပုံ၊ စကားပြေရေးပုံ၊ လင်္ကာစကားပြေ ၂-ထွေစပ်ရေးပုံ၊ ပြန်ကာဘာက်လင်္ကာကဗျာရေးပုံများကို အဝှန်းဂဏန်းစဉ် ၇၁-ကစ၍ ၇၆-ထိမှာပါပြီးဖြစ်သည့်အချက်၊ ဒုတိယအချက်မှာ ၎င်းစာကိုယ်များကို တတိယပိုင်းတွင် ဖော်ပြပါရှိပြီး ရှိသည့်အချက်၊ တတိယအချက်မှာ ကဗျာဗန္ဓသာရ စာကိုယ် တတိယအကြိမ် ပုံနှိပ်ရာ မကြာမီ ပြီးမည့်ဆဲဆဲနှင့် တဆက်တည်း နောက်ဆက်တွဲပုံနှိပ်မီရန် စီစဉ်ရေးသားခြင်း၊ အဆိုးအကုန် အလုံးစုံပြီးအောင် ဆောင်ရွက်မည့် ရည်သန်သော အချက်... နေ့ရက်နီးကပ်လျက် ရှိသည့် အချက်များပင်တည်း။

နတ်သံ, နတ်ချင်း, နတ်စကား, ရတနာသုံးပါးနှင့်ဆိုင်သော ဆုတောင်းစာ၊ နတ်များနှင့်ဆိုင်သော ဆုတောင်းစာ၊ လက်ဇွေ့သမား စကားကြိမ်း,ဆိုင်းဆင့် စာကိုယ်များကို ပြဆိုသော်လည်း ရေးနည်းများအတွက် ချန်ထားခဲ့သည်ကို ပြဆိုချက် ပြီး၏။



## ၉၈-၃၇-ချင်း, ၃၇-မင်း, ၃၇-ရပ်ဟူသော ဝေါဟာရများ အကြောင်းကို ပြဆိုချက်

[၎င်းအချက်တွင် မိတ်လင်ခေါ်ပုံလည်း ပါသည်]

၃၇-ချင်းပေါ်ပုံ.... ၃၇-မှာ ဦးရေအမှတ်ကို ဆိုလိုသည်။ ချင်း-ဆိုသည်မှာ ချင်းတကိုငင်း, အချင်းကိုငင်း ဆိုလိုသည်။ ချင်း-ဟူသော ဝေါဟာရအကြောင်းမှာ ကဗျာဗန္ဓသာရ စာအုပ်စာမျက်နှာ (၁၉)သီချင်းအကြောင်းအရာမှာ သိသာလောက်အောင် (ချင်း) အဓိပ္ပါယ် ၁၂-သွယ်ကို အကျယ်ဖော်ပြခဲ့ပြီးရှိသည်ကို ကြည့်။

အချင်းဟူသော ဝေါဟာရအကြောင်းမှာ ကဗျာဗန္ဓသာရနောက်ဆက်တွဲ ပထမပိုင်း အဝှန်းဂဏန်းစဉ် ၁၇,၃၇-ဒုတိယပိုင်း ၅၄,၅၇-များမှာကြည့်။

ပေါရာဏဂဏ္ဍိတွင်လည်း အချင်းခံ အကြီးအငယ် ဟူသည်ကား... ရှေ့မထွက်မီ နောက်ရကာင်သည်တို့ကခံနှင့်ရန် သီချင်းဟူ၍ လာသည်။ ၎င်းပြင် ရှေ့ဆိုသည်ကား-အကာအခုန်ကိုဆိုလိုသည်၊ နောက်ဆိုသည်ကား အတီးအမှုတ်ကို ဆိုလိုသည်။ ရှေ့-နောက်စုံမှသာလျှင် မိတ်လင်စုံခေါ်သည်။ သည်နေရာတွင် အတီးအမှုတ် အကာအခုန်စုံမှသာလျှပ် မိတ်လင်စုံခေါ်သည်။ စာပေကျမ်းဂန်များမှာလည်း ရှေ့နောက်အချီအချ ရှေ့ပလ္လင်အစအဆုံးစုံမှသာလျှင် မိတ်လင်စုံခေါ်သည်။

မိတ်ဆိုသည်ကား....ရန်လည်းမဟုတ်, ဥဒါသိန်လည်း မဟုတ်သော အပေါင်းအဖက်ကို ဆိုလိုသည်။

လင်ဆိုသည်ကား....အပေါင်းအဖက် ရှင်းလင်း ကြည်လင်စေသည်ကို ဆိုလိုသည်၊ အကျယ်သိလိုမူ ပေါရာဏဂဏ္ဍိတွင်ကြည့်။

သည်ကဲ့သို့ ချင်း-ဟူ၍၎င်း, အချင်းဟူ၍၎င်း အကြောင်းချင်းတနှင့်အချင်းအတကို မူလထား၍ ၃၇-ချင်းဟူသော ဝေါဟာရကို သုံးကြသည်။ ၎င်းဝေါဟာရများကား အသံ ၃၇-ချင်း၊ အဆို ၃၇-ချင်း * ယင်း ၂-ရပ်ကို စပ်ပြီးလျှင် သဘင်သည် ၃၇-ရပ်ဟု ခေါ်သည်။

* အဝှန်းဂဏန်းစဉ် ၁၀၂-တွင်ကြည့်ပါ။

ဧင်းပြင်–ဓာရေး ၃၇–ချင်း၊ သိုင်းရေး ၃၇–ချင်း၊ ကာရေး ၃၇–ချင်း၊ ဒိုင်းခရေး ၃၇–ချင်း၊ တက်ရေး ၃၇–ချင်း၊ အဲးမောင်းရေး ၃၇–ချင်း၊ ဆံထုံး ၃၇–ချင်း၊ ကာမဂုဏ်ရေး ၃၇–ချင်းစသော ဝေါဟာရများလည်း များစွာရှိသည်။ သည်နေရာတွင် ရည်ရွယ်ရင်းသဘင်သည် ၃၇–ရပ်ကိုသာ သိသာလောက်အောင် ဖော်ပြမည်။

ဆံထုံး ၃၇–ချင်းဆိုသည်မှာ ဆံထုံးထုံးရိုး ၃၇–မျိုးကို ဆိုလိုသည်။ထို ၃၇–မျိုးမှာ သာလွန်မင်းတရား လက်ထက်က ခေတ်ကာလ အလိုက် ထိုက်သက်ရာ လိုက်နာသုံးစွဲသော ဝေါဟာရမျိုးဖြစ်သည်။ပုဂံကောင်းစားစဉ်အခါ လိုက်နာဘူးသည်မှာ ဆံထုံး ၅၅–မျိုး ထုံးမြိတ်ရိုး ရှိသည်။ ဧင်းနောက် ၃၇–မျိုးသာ သာလွန်မင်းတရား လက်ထက်မှာ လိုက်နာသည်။ ဧင်းနောက် ရွှေဘိုဆက် ဘကြီးတော်လက်ထက်မှာ သွီးတော်စုဘုရား နားတော် ထွင်းစဉ်အခါ ဆံထုံးထုံး မင်္ဂလာ ပါဝင်သော်ထည်း ဆံထုံးထုံးနည်း ၇–မျိုးသာ လိုက်နာ တော့သည်။ သီပေါမင်း လက်ထက်မှာ ဆံထုံးထုံးနည်း ပျောက်မလောက်ဖြစ်၍ ဆံပတ် ပတ်နည်း ရောက်လာပြန်သည်။ ယခုခေတ်မှာ ရှေးအခါက ဆံပတ်ရိုးမကရသေးများတွင် ဒေါက်ချားဆောင်းဘိသကဲ့သို့ အလွန်ကြီးသော ဆံပတ်ကြီးများကို လိုက်နာကြပြန်သည်၊ သည့်ကဲ့သို့ဖြစ်ရသည်မှာ ခေတ်ကာလပြောင်းလဲသည့်အတိုင်း ပြောင်းလဲခြင်းဓမ္မတာတွင် ပါဝင်သည်။

တောင်ငူရွှေနန်းတည် မင်းကိုယ်လုပ် ရဝေရှင်ထွေး အန့်ချင်းတွင်ဆိုသော ဆံထုံး ၅၅ (ငါးဆဲ့ငါးထုံး)အနက် မြိတ်ဖြူ,မြိတ်စို့, မြိတ်လွှတ်, စုလည်း, ယကင်, လုံးတင်, မြိတ်ရစ်, ဆံထုံး ၇-လုံးကိုသာ ယခုအခါ နန်းတော်အိမ်တော်များမှာ ဆံထုံးထုံး,တဘက်ဝတ်, ဒက်ဆင်မင်္ဂလာ အခမ်းအနားတွင် ထုံးလေ့သုံးလေ့ပြုကုန်သည်။ ထို့ကြောင့် ဆံထုံးလင်္ကာတွင်....

ရွှေနန်းဘုံးကို၊ ပိုက်ကျုံးမှတ်ယူ၊ သိတော်မူလော့၊ မြိတ်ဖြူညို့ညို့၊ မြိတ်စို့ထွတ်ထွတ်၊ မြိတ်လွှတ် မည်းမည်း၊ စုလည်းရှင်ရှင်၊ ယကင်ထုံးထုံး၊ လုံးတင်သစ်သစ်၊ မြိတ်ရစ်မြိတ်ခံ၊ မျက်ပျံ့ရတနာ၊ သိင်္ဂါရွှေသား၊ ပဒ္မမြားရောင်ပြုံး၊ ခုနစ်လုံးသည်....ဆံထုံးမင်္ဂလာ တင့်ရွှန်းတည်း။



ဟူ၍ မင်္ဂလာ ဆံထုံး ခုနစ်လုံးကို ပညာရှိတို့ စပ်ဆို လေသည် ဟူ၍ အဘိဓာနတ္ထဝိဓာသာခနီမှာ လာသည်။ ထို့ကြောင့်–ဆေးမတတ် လျှင်ရွာနှုန်း။ (ယခု ဈေးရေး) ဆံထုံးမတတ်လျှင် ရွာမလေ့ဟူ၍ ဧင်း၊ မိန်းမ ဘုန်းကား–ဆံထုံး၊ ယောကျ်ားဘုန်းကား–လက်ရုံး ဟူ၍ ဧင်း သူဟောင်းတို့ ဆိုရိုးပြုကြကုန်သည်ဟု ယူရာသည်·ဟူ၍လည်း ဧင်းမှာ လာသည်။

၁၂၃၇–ခုနှစ် စုဘုရားကလေးနှင့်အခြားမင်းသားမင်းသမီးတို့ ဆံထုံးထုံး, သျှောင်ထုံး, တဘက်ဝတ်, ဒက်ဆင်မင်္ဂလာများမှာ ဆံထုံး ၇–မျိုး အတွက် မင်္ဂလာစကား ၇–မျိုးကား–

(၁) ဆံထုံးတော် "မြိတ်ဖြူ" နတ်တူစိုးမည့်သူဘုရား။
(၂) ဆံထုံးတော် "မြိတ်စို့" နတ်သို့တင့်မည့်သူဘုရား။
(၃) ဆံထုံးတော် "မြိတ်လွှတ်" နန်းထွတ်စံမည့်သူ ဘုရား။
(၄) ဆံထုံးတော် "စုလည်း" ပစ္စည်းရတနာများစွာပွားမည့်သူဘုရား။
(၅) ဆံထုံးတော် "ယကင်" နန်းတွင်စံမည့်သူဘုရား။
(၆) ဆံထုံးတော် "လုံးတင်" လသွင်တင့်မည့်သူဘုရား။
(၇) ဆံထုံးတော် "မြိတ်ရစ်" သက်ဆစ်ရာကျော်ရှည်တော်မူမည့်သူ ဘုရား။

ဆံထုံး ငါးဆဲ့ငါးထုံးမှ ခုနစ်ထုံးထိလျော့ပုံပြီးပြီ။
၃၇–ချင်း, ၃၇–မင်း, ၃၇–ရပ်ဟူသော ဝေါဟာရများအကြောင်းကို
ပြဆိုချက် ပြီးပြီ။

---

## ၉၉–(၂) မူလ ၃၇–ချင်း,၃၇–မင်း, ၃၇–ရပ်, သုံးဌာန မူလရင်းမြစ်ဖြစ်ပေါ်လာပုံကို ပြဆိုချက်

ဗုဒ္ဓသာသနာတော်မပေါ်မီက သက္ကတကျမ်းများတွင် ရှိနှင့်ကြသော ၃၇–မင်းရှိသည်အရ ဗုဒ္ဓသာသနာပေါ်လာသည့်အခါမှာလည်း မဟာသမယသုတ်, အာဋာနာဋိယသုတ် စသည်များမှာပါသော နတ်များကို ဆုံးခြားရေတွက်ခြင်းဖြင့် ၃၇–မင်း ရှိပြန်သည်။

၃၇–မင်း ရေတွက်ခြင်းမှာ နတ်ကြီး ၉–ပါးနှင့် အဋ္ဌဝီသတိရက္ခသေနာပတိ ၂၈–ကို ပေါင်းရုံး၍ ၃၇–ဖြစ်သည်။

နတ်ကြီး ၉-ပါးဖြစ်ပုံမှာလည်း နတ်ကြီးငါးပါးနှင့် စတုလောကပါလ နတ်ကြီး လေးပါးကိုပင် ဆိုလိုသည်။

သည်ကိုရည်၍ သတိုးသုဓမ္မမဟာသက်တော်ရှည် C.S.I. ဘွဲ့ခံ လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီးမင်းရေးသော ဒွေးချိုးစုတွင်–"ဇုန္ဒာဒိကိုးဖြာမှာ၊ မြတ်မဟာရက္ခ။ ။စိတ်သောဂဇ္ဇူဝဒိခြင်းလို၊ ကြွင်းငွာဝိနတ်စစ်မှူးကို ထူးမှတ်ပါကြ။"ဟူ၍ စပ်ဆိုသည်။ နတ်ကြီး ၉-ပါးနှင့် နတ်ကြီး ၂၈-ပါးပေါင်း၍ ၃၇-ဖြစ်ပုံကို ဆိုလိုသည်။

အထူး ဖော်ပြရန်မှာ....နတ် ၉-ပါးတွင် နတ်ကိုး ၅-ပါးအတွက်မှာ စာပေအမှတ်အသား အချင်းချင်းမညီကြ။ အကြောင်းမူကား....အိန္ဒိယတွင် ဇာတ်မြတ်, ဇာတ်ညံ့နှစ်မျိုးကွဲပြားသောကြောင့် နတ်တပါးတည်း အမည်ကို အမျိုးမျိုး ဝေဝေစနခေါ်ကြခြင်းဖြစ်သည်။

ဥပမာဆိုသော်... မဟေသရနတ်ကို ဇာတ်မြတ်တို့က မဟာဒေဝခေါ်၍ကိုးကွယ်ကြသည်။ အချို့သော ဇာတ်မြတ်,ဇာတ်ညံ့ နှစ်မျိုးစလုံးက သိဝ, သျှီးဗားခေါ်၍ ကိုးကွယ်ကြသည်။ ဇာတ်ညံ့တို့က သိမ,ရုဒြခေါ်၍ ကိုးကွယ်ကြသည်။ အချို့သောပြာဟ္မဏတို့က ဘေရဝခေါ်၍ ကိုးကွယ်ကြသည်။

အဋ္ဌဝိသတိရက္ခသေနာပတိ ၂၈-မှာ အာနန္ဒာစေဦ့ကွင်းက ရှင်းလင်းစွာ လုပ်ထားသည့်အတွက် အမှတ်အသားလွယ်ပေသည်။ လယ်တီဆရာတော်နှင့် ကင်းဝန်မင်းကြီးတို့က ကူးပေးရန်ခိုင်းကြ၍ ကူးပေးရသည်။ မဟာသမယသုတ်,အာဋ္ဌာနာဋိယသုတ် ပါဠိတော် အဋ္ဌကထာများအရ ရေတွက်ကြသော်(၂၈)မှချတိတိမရ၊ (၂၈)ကပိုလိုက်, လိုလိုက်ဖြစ်နေသည်။ သည်နေရာတွင် မဆိုင်လှသော်လည်း သုတကိုအလိုရှိသူများအတွက် စကားလည်း အလျှင်းသင့်၍ ဖွင့်ပြလိုက်သည်။

မူလ ၃၇-ချင်း ၃၇-မင်း, ၃၇-ရှင် ဌာနမူလရင်းမြစ်
ဖြစ်ပေါ်လာပုံကို ပြဆိုချက် ပြီးပြီ။

---



၁၀၀–ရကင်း ၃၇-ချင်း ဝါ-တုရိယာ ၃၇-ချင်းအကြောင်းကိုပြဆိုချက်

| မျိုးမည် | ဦးရေ | အကြောင်းအရာ |
|---|---|---|
| (က) အငြိမ့်တီးမျိုး။ | ၆ | |
| (ခ) တံပိုးမျိုး။ | ၈ | |
| (ဂ) ကြေးသံမျိုး။ | ၁၀ | အကျယ်ကြည့်။ |
| (ဃ) စည်မျိုး။ | ၁၃ | |
| ပေါင်း.... | ၃၇ | |

(က) အငြိမ့်တီးမျိုး ၆-ပါးအကျယ်

| မျိုးမည် | အကြောင်းအရာ |
|---|---|
| ၁။ တယော | ၎င်းသုံးမျိုးမှာ သိသာထင်ရှားဆဲရှိသည်။ |
| ၂။ မိကျောင်း | |
| ၃။ စောင်း | |
| ၄။ ညှင်း ... | ...ယခုအခါ အချို့ဆရာတို့က ဟထိုးနှင့် ညှင်းဟု ရေးလိုကြသည်။ ညှင်းဟုရေးရန် ပြသော မြန်မာ သံယောဂဒီပနီကို ဆရာတော်ဦးဗုမ်နှင့် ၁၂၄၀-ပြည့်နှစ် တောင်ဥယျာဉ်တော်အတွင်း အစည်းအဝေးပါ မှူးမတ်တို့က ပယ်ကြပြီးဖြစ်သည်။<br>ဟထိုးမပါဝဲ ညှင်းရေးနည်း အထောက်အထားကား.... ဝံတောင်လယ်-ဆို ခေတ္တသရေချိရတုတွင်.... "ဝမ်းဘဲကားငြင်း၊ ဘိန်ညှင်းကား စောင်း"ဟူ၍၎င်း,.... "ပဲထွေးကငြင်း၊ ဘိန်ညှင်းကအဲး" ဟူ၍၎င်း ထိုမှတပါး များစွာလာရှိသည် ကျယ်လွန်းအံ့စိုး၍ ချန်ထားလိုက်သည်။ ဦးဗုမ်သတ်ညွှန်းကြည့်။ |

၅၊ ပတ္တလား ... ထင်ရှားဆဲဖြစ်သည်။

၆၊ အောင်းကလေး ... ၎င်းမှာ ယခုအခါ ရှာမတွေ့ရှိမက အတိတ်ကာလ အနှစ် ၁၀၀-ကျော်ကပင် ကွယ်ပတိမ်မြုပ်လေပြီ၊ အကြောင်း မူကား- လွန်ခဲ့သော အနှစ် ၁၀၀-ကျော်က ရေးသားသော မုံရွေးဆရာတော်မှတ်စုတွင် အောင်းကလေးဆိုသည်မှာ ပုံသာကလေးကို ဆိုလိုဟန်ရှိသည်ဟုပါရှိသည်။

---

## (ခ) တံပိုးမျိုး ၈-ပါးအကျယ်

၁၊ ခြေ့

၂၊ နှဲ

၃၊ ချည်ချောင်း ... အထောက်အထားကား.... ဝံတောင်လယ်ဆိုခေတ္တအောင်မြေချီရတုတွင်...."ဘိန်ညင်းကားအဲ၊ ဝမ်းဘဲကားစောင်း၊ချည်ချောင်းဇရက်"ဟူ၍၎င်း,... ဘုံခန်းမိုးနတ်ရွှေပြည်ချီ အပိုဒ်တွင်.... "သံလေးချည်ချောင်း၊သာသည့်စောင်းနှင့်၊ မိကျောင်းညှိုလုပ်"ဟူ၍၎င်း,.... ကဗျာသာရတ္ထသင်္ဂဟ သတ်ပုံတွင်.... "ဝါချည်ချည်ပါ၊ မေတ္တာနှောင်ချည်၊ ချည်ချောင်း မှုတ်မြောက်"ဟူ၍၎င်း....အာနန္ဒာ ကျောက်ပုံ (၈၀)တွင်.... "ချည်ချောင်းမှုတ်နေပုံမိန်းမရုပ်နှင့် ချည်ချောင်းပုံစံ"မြင်နိုင်သည်။

၄၊ ဒုလောင်း

၅၊ ခရာကောက်

၆၊ ခရာမြွာ ... မှာ ၎င်းကို တံမြွာဟု ဝေါဟာရ ပြုသော်လည်း ရာဟုနှင့် ထမနဲ့သဘွယ်ပင်တည်း။

၇၊ လက်တံရှည် ... မှာ လက်ကိုချ၍ တံရှည်ဟု ဝေါဟာရ ကွဲသော်လည်း ခဲ့လံချောင်းနှင့်ပေါင်းတင်ကျည်သဘွယ် ပရိယာယ် ဝေဝစနပင်တည်း။

၈၊ ဘက်လိပ်

---



## (ဂ) ကြေးသံမျိုး ၁၀-ပါးအကျယ်

၁၊ ကြေးနင်း

၂၊ ကြေးစည်

၃၊ ကြေးပတ် ... ကြေးပတ်ကား ကြေးပုံပင်တည်း။

၄၊ ကြေးအိုးစည် ... ကြေးအိုးစည်ကား ကန္တရဝတီအရှေ့ ကရင်နီကလုပ်သော ဘားရုပ်ပါသော စည်မျိုးပင်တည်း။

၅၊ နရည်းဆရာ ... နရည်းဆရာကား-ပဟိုရ်အစားတီးသော ကိရိယာ ၆-မျိုးပင်တည်း။ နရည်း ဆ,ရာသီဆိုလိုသည်။ နရည်းမှာ တူရိယာ၊ ဆ-မှာ ၆-ခု၊ ရာသီမှာအစု ဆိုလိုသည်။

၆၊ ဆည်းလည်း

၇၊ မောင်း

၈၊ ခေါင်းလောင်း... ပဟိုရ်ခေါင်းလောင်း ပုံစံကြည့်၊ ၎င်း ခေါင်းလောင်းမှာ ကြေး နှင့် ငွေတို့ကို အချိုးအစားအတိုင်းစပ်သော ကာရပ်ခေါ်သော လောဟာမျိုးကို လုပ်ရသည်။ ၅-မျိုးစပ်လျှင် ပဉ္စလောဟာဟု- ခေါ်သည်။

၉၊ ခွက်ခွင်း

၁၀၊ စည်းစုပ်

---

## (ဃ) စည်မျိုး ၁၃-ပါးအကျယ်

၁၊ မြန်မာပြည်ဖြစ် စည်-၁၂၊ နိုင်ငံခြားကရသော စည်းချိုးစုံ-၁၊ 
နှစ်ရပ် ၁၃-တည်း။

## မြန်မာပြည်ဖြစ်စည် ၁၂-မျိုးကား

| မျိုးမည် | အကြောင်းအရာ |
| --- | --- |
| ၁၊ စည်ပြော | ... ၁-မှတ်ပုံစံကြည့်၊ ၁-ကမှတ်, ၁-ခမှတ်လည်း ကြည့်၊ ပုံစံ ၃-မျိုး။ |
| ၂၊ မုရားစည် | ... မုရားစည်ကား-မုရိုးစည်, ဒုံမင်းစည်-အမည်တူ ပင်တည်း။ ရှင်သီလဝံသ ဆို-နန်းတည် မော် ကွန်းတွင်-"ဘိသိက်ကြားက၊မုရားခပ်ထိန်၊ခုနစ် ချိန်လျှင်၊ အရှိန်ကြားထင်၊ တီးလာရှင်သည်" ဟူ၍၎င်း။ "ရိုက်ထိန်းခြောင်းခြောင်း၊ ပွဲတင် လောင်းမျှ၊ စည်မောင်းမုရိုး၊ မြေမိုးရှိန်ရှိန်၊ ကြာလတ် ထိန်သော်" ဟူ၍၎င်း စပ်သည်။ ၎င်းပြင် အထောက် အထား များစွာရှိသေး သည်။ နောက်အခါ ဓာတ်စည် ခေါ်သည်။ ၂-မှတ်ပုံစံကြည့်။ |
| ၃၊ မြှောက်စည် | ... ၃-မှတ်ပုံစံနှင့် ၃ (က) မှတ်ပုံစံကြည့် ၂-မျိုးရှိ သည်။ |
| ၄၊ စည်ဝန်း | ... ၄-မှတ်ပုံစံနှင့် ၄ (က) မှတ်ပုံစံကြည့် ၂-မျိုး ရှိသည်။ |
| ၅၊ စည်ပုတ် | ... ၅-မှတ်ပုံစံနှင့် ၅ (က) မှတ်ပုံစံကြည့် ၂-မျိုး ရှိသည်။ |
| ၆၊ စည်သေး | ... ပုံစံရှာမတွေ့။ |
| ၇၊ စည်အိုင် | ... ၎င်း။ |
| ၈၊ စည်ဒိုး | ... စည်ဒိုးကား-ယခုကာလပတ်မကြီး လက်ထော် နောက်ဒိုးခေါ်သော ပုံအကြီးစား ပင်တည်း။ ပုံစံရှာမတွေ့။ |
| ၉၊ စည်ပန်းတောင်း | ... ပုံစံရှာမတွေ့။ |
| ၁၀၊ ဘဘက်ပိတ်စည် | ... ၎င်း။ |
| ၁၁၊ စည်သံလွင် | ... ၎င်း။ |
| ၁၂၊ စည်ဒုံမင်း | ... ၎င်း။ |

**မှတ်ချက်**....စည် ၁၂-မျိုးမှာ မပါသော ပုံသာကိုသာ နန်းစဉ် ပုံတော် ပုရပိုက်မြူတွင် တွေ့မြင်ရသည်။



## သဘင်သည် ၃၇-ရပ်နှင့် ဆိုင်ရာကျောက်စာများမှာပါပုံကား

(၁) ၅၅၃-ခု နှစ်ခွဲးပါသော နရပတိစည်သူမင်း၏ အမတ်ကျော ကြီးသိဉ်သူရကျောက်စာတွင်-ပဍ္ဆက်တုရ်မည်သော စည်ညင်းဟူ၍၎င်း, ပသာသည်ဟူ၍၎င်း,ခွက်ခွင်းသည်ဟူ၍၎င်း,စည်သူဟူ၍၎င်း,ကုလား ပန်တျာဟူ၍၎င်း, မြန်မာပန်တျာဟူ၍၎င်း-ရေးသားပါရှိသည်။ အချို့ ဆရာတို့က မရမ္မာဟု ပါဠိရှိသည်အရ (မ) ၂-လုံးဆင့်နှင့် မြမ္မာဟု ရေးလိုသည်။ ဤကျောက်စာအရ ၅၅၃-ခုနှစ်ခေတ်မှာ မြန်မာဟု နသတ် နှင့် ပါသည်ကိုထောက်လျှင် ရှင်တိသာသနဓဇအကျော်ခွဲးထားအတိုင်း မြန်မာနည်း, ပါဠိနည်း သီးခြားရှိသည့်အရာ ခိုင်မာပေသည်။

(၂) ၅၉၇-ခု နှစ်ခွဲးပါသော မင်းဆရာ ပိတရစ် ကျောက်စာတွင် စန္တရားသည်-ဟူ၍၎င်း၊ သိခြင်သည်(သီချင်းသည်)ဟူ၍၎င်း စည်သည် ဟူ၍၎င်း ရေးသားပါရှိသည်။

(၃) ၆၀၃-ခု နှစ်ခွဲးပါသော ဥဇနာမင်းကြီး၏ မိဖုရားစော ကျောံ စာတွင် နရည်းစရာသည် ဟူ၍၎င်း, နရည်းစရာ စည်သည် ဟူ၍၎င်း, ပန်တျာသည်ဟူ၍၎င်း,ပြွမ်ပြည္ဒာသည်-ပြွမ်ပြိုင်သည်ဟူ၍၎င်း, ပန်တျာ နရည်းစရာသည်ဟူ၍၎င်း, နရည်စရာစည်သည်ဟူ၍၎င်း အသီးအသီး ရေးသည်။

(၄) ၆၀၄-ခုနှစ်ခွဲးပါသော မင်းကက်သူမယား ညောင်ရံးကြီးသိမ်း* လှူသော ကျောက်စာတွင် ရခန့်သည်ဟူ၍ ရေးသည်။ ရှေးက အသံ ပြောင်းပုံမှာ မာခဟုရေးသည်ကို မာဃဖတ်ရသည်။ ကန္တုကို ဂန္ဓု ဖတ်ရသည်။ လူမျိုး ၅၅-ပါးတွင် ဂန္ဓုလူမျိုးပါသည်။ ဇင်းကျောက်စာ မှာပင် ကန္တုဟုပါသည်။

(၅) ၁၁၃၉-၁၁၄၀-ပြည့် နှစ်ခွဲးပါသော စစ်ခွဲကူးမင်း ကျောက် စာတွင် သဘင်သည် ၃၇-ရပ်ဟူ၍ ရေးသားပါရှိသည်။

* ညောင်ရမ်း မြို့စားမင်းကြီး သမီး ဆိုလိုသည်။ ညောင်ရမ်း ကလေး ရှိသေးသည်။ ဆွေတော်စဉ်စာရင်းပုံမှာကြည့်။


## (၆) ရှေးပေါရာဏစသော အမှတ်အသားများမှာ ပါပုံများကား

မုံရွေးဆရာတော် ဂန္တိရကထာ ရတနာကြေးမုံ၊ရွှေတောင်ဝန်ပေါရာဏကကျမ်းမှစ၍ အခြားပေါရာဏများနှင့် ကိုဘိုးကျားအက္ခရာစဉ် ပေါရာဏများတွင် တွေ့မြင်နိုင်သည်။ (ရကင်) ဟူသည်ကား စောင်းငြင်းစသော အတီးအမှုတ်များကို ဘတ်ကျွမ်းပြီးလျှင် ၎င်းအတတ်နှင့်အသက်မွေးသူကို ဆိုလိုသည်။ ဂုဏ်ရှိသူတို့ စောင်းငြင်းတီးမှုတ်ခြင်းမှာ ရကင်သည်တွင် မဝင်မပါ၊ ဝါသနာညဉ့်ရင်းအတိုင်း အပြင်းဖြေ စည်းစိမ်ခံခြင်းဖြစ်သည်။


ရကင် ၃၇–ချင်း ဝါ-တူရိယာ ၃၇-ချင်းအကြောင်း ပြဆိုချက်ပြီးပြီ။

---


၁၀၁၊ နန်းစဉ်ပုံစံပုရပိုက်မြူကြီးမှာပါသော ပဟိုရ်ခေါင်းလောင်းနှင့် စည်အမျိုးမျိုး ပုံစံများကို ပြဆိုချက်




ပဟိုရ်စည်။ ။စံကားသစ်။




၁-မှတ်။ စည်ပြော။ ရှင်ဘုရင်နှင့်ဆိုင်သည်



၁(က) စည်ပြော။ မိဖုရားကြီးနှင့်ဆိုင်သည်။




၁(ခ) စည်နီစည်ပြော




စည်တီး၍ထွက်ဝင်ရန် သနားတော်မြတ်ခံရသူများနှင့်ဆိုင်သည်။

၂-မှတ်။ ဓါတ်တံခါးငရုပ်စည်







၃-မှတ်။ မြော်စည်။




၃(က)။ မြော်စည်။




၄-မှတ် စည်ဝန်း




၄(က) စည်ဝန်း




၅-မှတ် စည်ပုတ်




၅(က) စည်ပုတ်




၆။ ဝင်စည်။



၇-မှတ် ပုံသာ



၇(က) ပုံသာ



## ၁၀၂–အချင်းခံရိုး ၃၇–မျိုး အမည်ပညတ် အမှတ်အသားရှိပုံ

ရဟန်းတို့နှင့်လည်း မကင်းသော လူတို့၌လည်း လောကဝတ်ကိစ္စ အကျိုး မပဟိသော်လည်း မှတ်ရာသည်ကား–လျှော့ချင်း ၃၇၊ ဆံထုံးရိုး ၃၇၊ သီချင်းခံရိုး ၃၇၊ ဓမ္မသတ်ရိုး ၁၈–ပါးတို့ကိုလည်း မည်သည့်ဓမ္မသတ်ကား–မည်သည့်မင်းလက်ထက် ဂဝံပတေ့ ရသေ့ရဟန်းတို့နှင့်စီရင်၍ မည်သည့်ဂါထာကို ဦးတက်သည်၊ မည်သူစီရင်သည့်ဟု ရှာဖွေနိုင်စေ၊ အမျိုးသားတို့ မှတ်သားလေ။

သီချင်းခံရိုးကား....

၁၊ အချီကြီးသံ၊
၂၊ အချီငယ်သံ၊
၃၊ ဆရာတောင်းသံ၊
၄၊ ဆရာပန်သံ၊
၅၊ ဆရာညွှန်းသံ၊
၆၊ အတွင်းတီးပြေးသံ၊
၇၊ အပြင်တီးပြေးသံ၊
၈၊ ဆင်ဖြူရေချူသံ၊
၉၊ ရွှေပလ္လင်တည်သံ၊
၁၀၊ ဗောဓိညောင်ရွက်သံ၊
၁၁၊ ဇမ္ဗူသပြေသီးကြွေသံ၊
၁၂၊ ငါးကြင်းမီးခတ်သံ၊
၁၃၊ ခရသင်းသံ၊
၁၄၊ ခွက်ခွင်းသံ၊
၁၅၊ ဘီလူးမဝမ်းစည်သံ၊
၁၆၊ မြစ်တွေးလန့်တွန်သံ၊
၁၇၊ မြစ်တွေးတွန်သံ၊
၁၈၊ သိကြားအုပ်ဆောင်းသံ၊
၁၉၊ သိကြားခလုပ်သံ၊
၂၀၊ သိကြားရေကန်တင်သံ၊
၂၁၊ သိကြားလောက်ပစ်သံ၊
၂၂၊ ကင်းပတ်ကြီးသံ၊
၂၃၊ ကင်းပတ်ငယ်သံ၊
၂၄၊ ထုံးကိုးတံသံ၊
၂၅၊ မျှောက်မင်းအူသံ၊
၂၆၊ မိတ္ထိလာကန်ပေါက်သံ၊
၂၇၊ သပြေလားသံ၊
၂၈၊ ပြိုးကာရယ်ရွှင်သံ၊
၂၉၊ နောက်မြင်းလှသံ၊
၃၀၊ ကသာဝန်းလည်သံ၊
၃၁၊ ပွင့်လှရွှေဝါသံ၊
၃၂၊ လှုပ်ပြန်တောစည်သံ၊
၃၃၊ လက်ာကုတ္တိသံ၊
၃၄၊ မြင်းလှစာတောင်းသံ၊
၃၅၊ မြင်းလှခွာသံ၊
၃၆၊ တံငါမအဲးချင်းသံ၊
၃၇၊ စကြာမင်းဘ်သိက်မြှော်က်သံ

ပေါင်း ၃၇–တည်း ဟူ၍ တောင်ဘီလာပုဂ္ဂိုလ်ကျော် ဆုံးမတမ်းမှာ လာရှိသည်။

ၛင်းအမျိုးအမည် ၃၇–ချင်းမှာ သာလွန်မင်းတရားလက်ထက် ၛင်းမင်းဆရာတော် တောင်ဘီလာပုဂ္ဂိုလ်ကျော်ဆုံးမတမ်းမှာပါသော ဝေါ



ဟာရများဖြစ်သည်။ ယခုအခါမှာ ၃၇–ချင်းမက အမည်နာမ များလှပြီ၊ ကာလနောက်ကျလေ အမည်သညာ တိုးပွားလေလေမှာ ဓမ္မတာတရားတွင် ပါဝင်သည်။ သို့ရာတွင် ၁၁၄၀–ပြည့်နှစ် ထိုးသောကျောက်စာမှာပင် သဘင်သည် ၃၇–ရပ် ရေးသေးသည်။

ၛင်းပြင် အတွင်း ၃၇–မင်း၊ အပြင် ၃၇–မင်း စသော နတ်ရုပ်များနှင့် နတ်ဝင်ပုန္နားလုပ်၍ စားသူများလည်း သီးခြားရှိသေးသည်။ အတွင်း ၃၇–မင်းမှာလည်းသိကြားကစသည်။မူလ ၃၇–မင်းနတ်မင်းကြီးများမှာလည်း သိကြားကစသည်။ အတွင်း ၃၇–မင်း, အပြင် ၃၇–မင်း အရင်းအမြစ်မှာ ညောင်ဦး ရွှေစည်းခုံဘုရားက နတ်ရုပ်များကို အစွဲးပြု၍ ယခုတိုင် အတွင်း ၃၇–မင်း, အပြင် ၃၇–မင်းဟု မော်ဆရာများ, နတ်ဝင်ပုန္နားများ ရေးသားပြောဆို သုံးစွဲးဆဲးရှိသေးသည်။

အချင်းခံရိုး ၃၇–မျိုးကို ပြဆိုချက် ပြီးပြီ။

---

## ၁၀၃–ဒုတိယပိုင်းမှာပါသော ခိုင်မာသော ကျမ်းဂန် အထောက်အထား ဆရာကျော် ဆရာမြတ်တို့အမှတ်အသား မြန်မာမင်းအဆက်ဆက် ပြဋ္ဌာန်းချက်အမြောက်အမြားနှင့်အညီ အဆီသေတ္တာအနှစ် ပြု၍ ဥပဒေသသုံးဌာန သုံးမျိုးကို ပြဆိုချက်

(က) သဒ္ဒါတကျမ်း, မာဂဓကျမ်း, မြန်မာကျမ်း သုံးမျိုးသုံးရပ် ထပ်တူညီညွတ်စွာလာသော ကဗျာနည်းအပြွမ်းပြွမ်းကို (၁) ဖွဲ့ဆိုရာ လိုက်နာနည်း။ (၂) ရွတ်ဖတ်သီဆိုရာ လိုက်နာနည်း။ (၃) သညာပညတ် အမှတ်ပြုသော ဝေါဟာရများမှာလိုက်နာနည်းစသော စည်းကမ်းနည်းလမ်းများတွင်... ၁–အတားအဆီး စည်းမျဉ်းရှိသည်ကို အသိမမှိ သတိမတည် တီးလင်းကျည် * ဖြစ်၍ သော်၎င်း၊ ၂–ထူးမှပေါ်သည်ဟူသော အယူမင်္ဂလာရတုကို လိုလား၍ သော်၎င်း၊ သိုးဆောင်းနည်းကို နေရာတိုင်းမှာ လိုက်နာလို၍ သော်၎င်း။

---

* တီးလင်းကျည်ဟူသည်ကား–ရှေးဝေါဟာရ ပေါရာဏကထာဖြစ်သည်။ အတားအဆီး စည်းမျဉ်းမရှိသည်ကို ဆိုလိုသည်။

(ခ) ၎င်းသုံးကြောင်းတွင် အကြောင်းတရပ်ရပ်ကို အစွဲပြု၍ ယခုအခါ မြန်မာဘာသာနိုင်မာသော နည်းလမ်းများတွင် လမ်းပြင်ဘက်သို့ ထွက်၍ ၁-ဖွဲ့ဆိုမှု။ ၂—ရွတ်ဖတ်သီဆိုမှု။ ၃-ဝေါဟာရပညတ်ချက်များကို ဖျက်ဆီးမှု, စွက်ဘက် ပြင်ဆင်ပြောင်းလဲမှု-မပြုသင့်ဟူသော ဥပဒေသ ပထမအချက်ကို ပြဆိုသည်ဟူ၍ ယူရမည်။

(ဂ) ၎င်းပြင် (၁) ကျမ်းဂန်သဘောသွား နက်နဲ ခက်ခဲချက်ရှိသည်ကို ထိထိမိမိ သိနိုင်သမျှသိရန်၊ (၂) အနက်အဓိပ္ပါယ်အသွယ်သွယ် အထွေထွေကို တွေဝေခြင်းကင်းနိုင်သမျှကင်းရန်၊ (၃) ကဗျာနှင့် စပ်သမျှ ကာပျအင်္ဂါကျမ်းစသော ကျမ်းဂန်အပြွမ်းပြွမ်းကို ကျွမ်းကျင်တန်သမျှ ဂဃ,နဏ,ကျွမ်းကျင်လိမ္မာရန်၊ သုံးတန်သောစည်းကမ်း နည်းလမ်းများစွာကိုလိုက်နာပိုင်နိုင်လိုလျှင် ကိုယ့်ကိုယ်တွင် စုးဝင်နှောင့်မှောင့်ဆဲ ပြောင့်သုံးစင်းတည်းဟူသေ ၁-မှတ် သုံးဌာနမှာ ဖော်ပြရာပါသော ရောဂါဟူသော အိုင်းအမာ အနာဆိုးကြီး သုံးရပ်တွင် တရပ်ရပ်ဖြစ်စေ, သုံးရပ်ဖြစ်စေ စွဲကပ်လျက်ရှိဘိသကဲ့သို့ သတိရှေ့သွားပြု၍ ဆေးကုဆရာ ပမာ လိုက်နာ ထင်မှတ်အပ်သော အရပ်ရပ် ကဗျာအတတ်များကို ကြိုးစားအားထုတ်စေလိုသည်ဟု တိုက်တွန်းခြင်း ပြုသော ဥပဒေသ ဒုတိယအချက်ကို ပြဆိုသည်ဟူ၍ ယူရမည်။

(ဃ) ကျွန်ုပ်ကိုယ်တိုင်လည်း မပိုင်မနိုင်သောအရာ များစွာကျန်သေး၍ ဆေးကုမည့်ပမာ ဆရာကျော်ဆရာမြတ် အရပ်ရပ်တို့ထံ အထပ်ထပ် ဆည်းကပ်ဆဲ ကြိုးစားအားထုတ်ဆဲရှိသည်။ သည့်ကဲ့သို့ ရှိသည်ကို စံပြု၍ ဆေးကုနည်းအတွက် မရှက်သင့် မပျင်းသင့်ဟု ဥပဒေသ တတိယအချက်ကိုလည်း ပြသည်ဟူ၍ ယူရမည်။

(င) သည့်ကဲ့သို့ သုံးဌာန ပြဆိုသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်နှင့် အညီဖြစ်သည်။ လမ်းရှိလျက် လမ်းပြင်ဘက်မထွက်ရန် ဒေသနာကား—

ယထာ အရိ°ဝ ပရိရုဒ္ဓေါ၊ ဝိဇ္ဇန္တေ ဂမနေ ပထေ။
နပလာယတိ ပုရိသော၊ နဒေါသော အဥ္စသဿသော။

ဟူ၍ ဟောတော်မူသည်၊ သည်ကိုရည်၍ တောင်တွင်း ရှင်မဟာသီလဝံသ အကျော် ဖွဲ့ဆိုတော်မူသော ဆုတောင်းခန်းတွင် လမ်းရှိ



လျက်နှင့် လမ်းကို မလိုက်လျှင် လမ်းတွင်အပြစ်မရှိ၊ မိုက်၍ မလိုက်သူမှာသာ အပြစ်ရှိသည့်အရာကို မြန်မာကဗျာ ဖွဲ့ပြီးလျှင်.... "ခရီးထင်ကို* ဖင်ဖင်မလိုက်၊ မသွားပိုက်၍၊ အမိုက်တလိုင်း †၊အပြစ်တိုင်းလျှင်၊ နိုင်းသည့်ဆင်းရဲ၊ ကိုယ်၌မြဲ၏" ဟူ၍ စပ်ဆိုတော်မူသည်။

(စ) ၎င်းပြင် လမ်းမှန်ဖျက်၍ လမ်းပြင်ဘက်သို့ တက်ခွဲ ဖဲခွဲသော် ကဲ့ရဲ့ဘွယ်ရာဖြစ်သောအပြစ်ကို ပြဆိုသော ဒေသနာတော်ကား—

တသ္မာဟိ ဆန္ဒာဂမနံ၊ နပဿံသန္တိ ပဏ္ဍိတာ။
အဒုဋ္ဌစိတ္တော ဘာသေယျ၊ ဂိရိပစ္စုပသံဟိတံ။

ဟူသောဂါထာကို ဟောတော်မူသည်၊လမ်းပြင်ဘက်သို့ထွက်၍ အရိုးအစဉ်ကိုဖျက်မိလျှင် အဂတိလေးပါးကို လိုလားလိုက်စားရာ ကျသည်။ ၎င်းလေးပါးကို လိုက်စားလျှင် ဘုရားအစရှိသော သူတော်ကောင်း ပညာရှိကြီးတို့ မချီးမွမ်းကြ။ ၎င်း လေးပါးလိုက်စားခြင်းမှ ကင်းလိုက ဒုဋ္ဌစိတ် ဖြစ်လျက် ဖျက်ဆီးခြင်းကို မပြုရ အဒုဋ္ဌစိတ်ကို ရှေ့ရှုပြုလုပ် ပြောဆိုရမည်ဟူလို။

(ဆ) ၎င်းပြင် လမ်းရှိလျက် လမ်းကိုယိုးမယ်လွှဲးဖယ်လျှင် ရယ်ဘွယ်ရာဖြစ်သော ဒေါသဖြစ်ပုံကျမ်းဂန်အထောက်အထားကား ယောမင်းဟူ၍,၎င်း,ရွှေပြည်မင်းကြီးဟူ၍,၎င်း,ဝက်မစွတ်မြို့စားဝန်ကြီးဟူ၍,၎င်း, ကျော်စောသော မကွေးမြို့စား ဝန်ကြီးမင်းသည် ကင်းဝန်မင်းကြီး တောင်းပန်ချက်အရ ပြုအပ်သော ၁၂၄၂-ခုနှစ်တွင်ပြီးစီး၍ ၁၂၆၁-ခုနှစ်မှာပုံနှိပ်သော အလင်္ကာနိဿယတွင်-ဂဏ္ဍိဿရ ဗဟုဿုတမရှိသဖြင့် ပယ်သင့် ယူသင့်သောနည်းလမ်းရှိသည်ကို မသိတတ်သူသည် လူညံ့ဟု သုဗောဓာလင်္ကာရဂါထာလာရင်းအတိုင်း ပြဆိုခဲ့ပေသည်မှာ—

---

* ခရီးထင်ဟူသော ဝေါဟာရမှာ လွန်စွာ နက်နဲးသိမ်မွေ့သည်။ မှုန်မှုန်မွားမွား အကြိုအကြား လမ်းသေးလမ်းနုပ်မဟုတ်၊ ကျော်ကြားထင်ရှားသော လမ်းမှန်လမ်းကြီးကို ဆိုလိုသည်။မဂ္ဂင်ရှစ်ပါးနှင့်လည်း ဆိုင်သည်။

† တလိုင်းဟူသည်ကား—မွန်လူမျိုးကို ဆိုလိုသည် မဟုတ် မိုက်သောသူဟူသမျှ လူမျိုးတိုင်းကို တလိုင်းဟု ရှေးကခေါ်ကြသော ပေါရာဏ ဝေါဟာရ ဖြစ်သည်။ ကလေး ကုလားဟူသော စကားကဲ့သို့ ယူရသည်ဟု ပေါရာဏဂဏ္ဌိမှာလာသည်။

ယေသံ နသဥ္စိတာ ပညာ၊ နေကသန္တုန္တရော စိတာ။
သမ္မောဟဏ္ဍာ ဟတာ ဝေကော၊ နာဝ ဝုဏ္ဏန္တိ ကိဋ္ဌိပိ။

ဟု-လာရှိသည်၊ ၎င်းပြင် ဂရုပဒေသကင်း၍ ဗန္ဓအဖွဲ့ကိုဖွဲ့လို တန်းဆာဆင်လိုသူ သူညံ့တို့မှာ ပညာရှိတို့ ရယ်ဘွယ်ရာဟု—

ဝိနာ ဂရုပဒေသန္တံ၊ ဗာလော လက်တ္တုမိစ္ဆတိ။
သံပါပုနေန ဝိညူဟိ၊ ဟာသဘာဝံ ကတံနသော။

ဟု-လာရှိသည်၊၎င်းပါဠိသဘောအရ တောသားတောသူတို့ဆင်ယင်ဝတ်စားသည်ကို နန်းတွင်းသူ နန်းတွင်းသားတို့ ရယ်ဘွယ်ရာ ဖြစ်သကဲ့သို့ရင်း, တောသားတောသူတို့တွင် ယဉ်နိုးအံ့ထင်၍ ပြုပြင် ပြောဆိုကြသောစကားကို နေပြည်တော်သူတို့ ရယ်ဘွယ်ရာဖြစ်သကဲ့သို့ရင်း ရယ်ဘွယ်ရာသာဖြစ်သည်ဟူလို... ဟု ထုတ်ဆိုဖော်ပြပါရှိသည်။

(ဇ) ၎င်းပြင် ရောဂါအနာဘေးကို ဆေးကုရန်ဒေသနာတော်ကား—

ယထာပိ ဗျာဓိတော ပုရိသော၊ ဝိဇ္ဇမာနေ တိကိစ္ဆကေ။
နတိကိစ္ဆာပေတိတံဗျာဓိ၊ နသောဒေါသောတိကိစ္ဆကေ။

ဟူ၍ဟောတော်မူသည်၊ သည့်ကိုရည်၍ ဆုတောင်းခန်းတွင်-အနာနှိပ်စက်သော ယောကျ်ားသည် ဆေးသမားထင်ရှားရှိပါလျက် အနာကို ဆေးမကုလျှင် ဆေးသမားအပြစ်မဟုတ် ဆေးမကုသူမှာသာ အပြစ်ရှိသည့်အရာကို မြန်မာဘာသာကဗျာဖြင့်....“သိမြင်ကျယ်နှောင်း၊သမားကောင်းတိ၊ တည်းလည်းရှိလျက်၊ ကြိုက်မိသောခါ၊ ကြမ္မာတိုက်တွန်း၊ ဆေးဝါးမန်း၍၊ အဖန်းကြီးမှု၊ မကုလိုက်ဝဲ၊ ခါမြင့်မြဲးသော်၊ ပေါက်ပြဲးစုတ်ထွင်း၊ သေဘေးပြင်းလျက်၊ ထိုယင်းအနာ၊ သည်းလေရာ၏။ ။ ကြမ္မာလည်းထူ၊ ယောကျ်ားနူနှင့်၊ သက်တူဇော်ဂီ၊ နှစ်ပါး၌တွင်၊ ပြစ်လျှင်တင်ရေး၊ ဝေးသည်ပင်ကို၊ဝိဇ္ဇာမိုရ်၌၊ အမိုက်ရှင်းရှင်း၊ ယိပျင်းကင်း၏”ဟု ရှင်သီလဝံသ စပ်ဆိုဖော်ပြတော်မူပေသည်။ [ယိပျင်းဟူသည်မှာ ဆရာတွင် အပြစ်မရှိ၊ ယိရှစ်ပါး, အပျင်းခြောက်ပါးကင်းသည် ဆိုလိုသည်]။

(ဈ) ၎င်းပြင်-မပျင်းရန် ဒေသနာတော်ကား....

ယောစ ဝဿသတံ ဇီဝေ၊ ကုသိတော ဟီနဝိရိယော။
ဧကာဟံ ဇီဝိတံ သေယျော၊ အာရဒ္ဓဝိရိယော ဒဠှံ။



ဟူသော ဒေသနာတော်ကို ဟောတော်မူသည်။ လုလ္လမရှိ ပျင်းယိသောသူသည်၊ အနှစ်တရာကာလပတ်လုံး အသက်ရှည်သည်ထက်,မပျင်းမယိ ဝိရိယရှိသူ အသက်တရက်မျှနေရခြင်းမှာ သာလွန် မြင့်မြတ်သည်ကို ဆိုလိုသည်။

(ည) ယခု ဥပဒေသကို ဖော်ပြခြင်း၏လိုရင်းကား....ပျင်းယိသောအဖြစ်သည် အပြစ်များစွာရှိသည်ကို သတိရကြစေရန် ဓမ္မဝိဋ္ဌာန်ရည်သန် ဖော်ပြခြင်းတည်း၊ ပျင်းသောအကျင့် အရင်းခံသည် နိဗ္ဗာန်မျှမရအပ်ကြောင်း လောကနီတိနှင့် ဓမ္မပဒ-အပ္ပမာဒဝဂ် စသည်များကို သင်ကြားလေ့ကျက်ဘူးသူများလည်း များစွာရှိပေလိမ့်မည်။

သို့ရာတွင် ယခုခေတ်အဘွင်းမှာ အင်္ဂလိပ်စာကို လွန်စွာ အားခဲစိတ်စွဲးကာ သင်ရသော အရှိန်ကြောင့် အချိန်မရဟန် ယိုးမယ်ကာ စာစုံစုံလေ့လာလိုသောစိတ်၊ ကိုယ့်၏သိလိုရာ အချက်မှတပါး၊ အခြား ဗဟုသုတကိုမလိုသော စိတ်ရှိသူရှင်လူအချို့တို့သည် မည်သည့်စာကိုမဆို ကိုယ်လိုရာအချက်မှတပါး အကြားအမြင်များသောစာကို အပိုထင်မှတ် မဖတ်မကြည့်လိုသည်၏ အဖြစ်ကြောင့် အပြစ်တင်လေ့ရှိသော ဟိတ်နှင့် စိတ်ညှိုတတ်သော အချို့ပုဂ္ဂိုလ်တို့ စာပိုမဖတ်လိုသောအလုပ်သည် ကျွန်ုပ်စာပိုမဖတ်လိုသူသည် လူပျင်းပါဝဲးဟူ၍ အယူစိတ်ပုပ် အထုပ်အထည်ကို ဖြည့်၍ပြရာ ရောက်ခြင်းပင်တည်း။ ယင်းကဲ့သို့ အပြစ်တင်ခြင်းမှာ အောက်ပါဓမ္မပဒနှစ်ဂါထာနှင့် ရာဇနီတိ ဂါထာများကိုရင်း, မောဟအိပ်, ဘဝင်အိပ် နှစ်မျိုးနှစ်ဖြာပါသော ဇာဂရဇာတ် ရှိသည်ကိုရင်း သတိမထားသည့်အရာ သိသာရခြင်းပင်တည်း။ ယင်းကဲ့သို့ အပျင်းမဖက်ခြင်း ကင်းကွာစေမှု လိုက်နာပြု၍ ဗဟုသုတအကျိုးရအောင် စာတွေ့သမျှ ဖတ်ကြစေလိုသည်ဟူသော ဥပဒေသကို ပြသည်ဟူ၍ ယူရမည်။ ကဗျာဗန္ဓသာရကျမ်း နောက်ဆက်တွဲ နိဒါန်းစာမျက်နှာ ၃၀၈ အောက်ဆုံးကြောင်း ဆိုင်ရာအမှတ် (ဂ) ကိုလည်းကြည့်ပါ။ ဓမ္မပဒပါဠိတော် အပ္ပမာဒဝဂ်လာ—

ပမာဒမနုယုဥ္ဇန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ။
အပ္ပမာဒဉ္စ မေဓာဝီ၊ ဓနံသေဋ္ဌံဝ ရက္ခတိ။

ဗာလာ-မိုက်ကုန်သော၊ ဒုမ္မေဓိနော-ပညာမဲ့ကုန်သော၊ ဇနာ-လူတို့သည်၊ ပမာဒံ-မေ့လျော့ခြင်းကို၊ အနုယုဥ္ဇန္တိ-လုလ္လပြုကုန်၏၊ ဝါ-ဖြစ်စေကုန်၏၊ မေဓာဝီ-ပညာရှိသည်၊ အပ္ပမာဒဥ္စ-မမေ့ မလျော့ခြင်းကို

သာလျှင်၊ သေဋ္ဌနံ့ဝ-မြတ်သောဥစ္စာကဲ့သို့၊ ရက္ခတိ-စောင့်၏····ဟူ၍ ၎င်း။ ဓမ္မပဒပါဠိတော် ကောဝေဂ်လာ-

ပေါရာဏမေတံ အတုလျ၊ နေတံ အဇ္ဇတနာမိဝ။
နိန္ဒန္တိ တုဏှိမာသိနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ။
မိတဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိ လောကေ အနိန္ဒိတော။

အတုလျ-အတုလျ-ဧတံ-ဤကဲ့ရဲ့ခြင်းသည်၊ ပေါရာဏံ-ရှေး၌ပင်ဖြစ်၏၊ ဧတံ-ကဲ့ရဲ့ခြင်းသည်၊ အဇ္ဇတနာမိဝအဇ္ဇတနံဧဝ-ယခုကာလမှ ဖြစ်သည်သာလျှင်၊ နှ-မဟုတ်၊ တုဏှိမာသိနံ-ဆိတ်ဆိတ် နေသောသူကိုလည်း၊ နိန္ဒန္တိ-ကဲ့ရဲ့ကုန်၏၊ ဗဟုဘာဏိနံ-များစွာပြောဟောသော သူကိုလည်း၊ နိန္ဒန္တိ-ကုန်၏၊ မိတဘာဏိမ္ပိ-နှိုင်းရှည့်၍ ပြောဟောလေ့ရှိသောသူကိုလည်း၊နိန္ဒန္တိ-ကုန်၏၊ လောကေ-လောကနှိုက်၊ အနိန္ဒိတော-အကဲ့ရဲ့လွတ်သောသူသည်၊ နတ္ထိ-မရှိ····ဟူ၍ ၎င်း။ ။ရာဇနီတိမှာလာပုံကား-

သုသုသာ သဝနဉ္စေဝ၊ ဂဟဏံ ဓာရဏံ တထာ။
ဥဟော ဝေါဟာအတ္ထဇညာ၊ သတ္တညာ သတ္တ မိဂုဏာ။

သုသုသာ-ပညာရှိတို့၏ အဆုံးအမကို ခံခြင်းဖြင့်၎င်း၊ သဝနဉ္စေဝ-တရားစကားကို နာလိုခြင်း၎င်း၊ဂဟဏံ-အတတ်ကိုသင်ခြင်း၎င်း၊ဓာရဏံ-သင်ပြီးသောအတတ်ကို ဆောင်ရွက်ခြင်း၎င်း၊တထာ-ထိုမှတပါး၊ဥဟော ဝေါဟာ- ရှေ့နောက်နှစ်ပါးကို မြင်ခြင်း၎င်း၊ အတ္ထဇညာ-အကျိုးကို သိခြင်း၎င်း၊ ဣမေသတ္တညာ-ထိုအကျိုး အနက်ကို သိခြင်း၎င်း၊ ဣမေ သတ္တ-ဤခုနစ်ပါးတို့သည်၊ မိဂုဏာ-ပညာရှိတို့၏ ဂုဏ်ကျေးဇူးမည်ကုန်၏··· ဟူ၍၎င်း အသီးအသီး လာရှိသည်။

၎င်းပြင် ရှင်မဟာရဋ္ဌသာရအကျော်ဆို-ကိုယ်ရည်သွေးရတုတွင်····"ပုံခင်းနှိုင်းဆို၊ငါတို့ကိုယ်ကို၊ မလိုရှင်လူ၊ ခပ်သိမ်းသူတို့၊ ပြစ်ယူကွယ်ရာ၊ ကဲ့ရဲ့ပါသည်၊ ပမာဆန်ခြမ်း၊ တိမှာနွှမ်းလိမ့်၊ ချစ်ဝမ်းမေတ္တာ၊ ရှိတို့ပါ၍၊ ဝမ်းသာမြွက်လို၊ ဩီးမွှမ်းဆိုလည်း၊ တို့ကိုယ်၌တွင်၊ ဂုဏ်မထင်တည်း" ဟူ၍ စပ်ဆိုတော်မူသည်။ အပြစ်ဖွဲ့၍ ကဲ့ရဲ့သည်ကိုမကြောက်ရ၊ ပင့်မြှောက်ဩီးမွှမ်းတုံသော်လည်း ဂုဏ်မထူး ဆိုလိုသည်။

ကဗျာဗန္ဓသာရကျမ်း နောက်ဆက်တွဲ
ဒုတိယပိုင်း ပြီးပြီ။

---

# ကဗျာဗန္ဓသာရကျမ်း-နောက်ဆက်တွဲ
# တတိယပိုင်း

---

၁၀၄-ရှေးအခါကရတုဟောင်းများတွင် အသံပြောင်းရာဝယ် အဓိပ္ပါယ်ကူပြီးလျှင် တီးချက် စည်းချက် ကိုက်ညီအောင် သီဆို၍ ရှိသော ရတု ၃-မျိုးစာကိုယ်ဇယားနှင့် ပဂံကောင်းစားစဉ် စန္ဒရား ရှိပုံကို ပြဆိုချက်

| မူလရတုမှာ ပါပုံ ၁ | တောင်ငူရတုမှာ ပါပုံ ၂ | ဒွိးမြတ်စံရတုမှာ ပါပုံ ၃ | မူလဝေါဟာရ | အကြောင်းအရာ |
|---|---|---|---|---|
| တမြား နှစ်မြား မြားမြား | ဘလုံးနှစ်လုံး လုံးလုံး | တလျါးနှစ်လျါး လျါးလျါး | ပဋ္ဌည်းဝတ္တုမျိုး ၎င်း | အဓိပ္ပါယ်မငှ် ၎င်း |
| သရံ | ခြံပွတ် | သနိုင် | အကာနှင့်အခင်း | ယခုကာလသည်း ဒေသအလိုက် သုံးကြဆဲပင်တည်း။ |
| [illegible] | နို | ညို | အဆင်းအရောင် | အရောင် ၇-မျိုး ပရိယာယ် ချည်းပင်တည်း။ |
| အသိုး | အဘွား | အဘေး | အမျိုး၏အမည် | ဆွေမျိုး ၇-ဆက် ဆင်းသက်ပုံ ချည်းပင်တည်း။ |
| [illegible] | ငွေ ဝက် ဗိ | မြ ကြောင် လို | ရာဇနာမျိုး တိရစ္ဆာန်မျိုး ညီပုံပရိယာယ် | အဓိပ္ပါယ်မငှ်။ ၎င်း ၎င်း |
| [illegible]ကလေး | မထိမငို | ပကိုပကုန်း | ကစားမျိုးအမည် | ယခုအခါကစားသူနည်းပါးသည်။ |
| [illegible]တောင့်တဲး | မွှားခြေတို | ပျားနှင့်ထုန်း | တိရစ္ဆာန် အမည် | အဓိပ္ပါယ်မငှ်။ |
| [illegible]တောင့်တဲးတင် [illegible]ကောက် [illegible]ရည်းသောက် | ခြေတိုခပါင်ကား နှဲ့ဖတ်စား | ဗိထုန်းခြေကြွ နှဲ့သီးဝ | ၎င်းအင်္ဂါခေါ်ပုံ ကလေးအစာ | ၎င်း ယခုအခါ သရေစာ ခေါ်ကြသည်။ သား၏ရေစာကို ဆိုလိုသည်။ |
| [illegible]ကောက်ကျ [illegible]ကောက်ကြာ [illegible]သာ၊နှံသာ | စနားစနေ ပြောင်း ညီးခွေ၊ညီးခွေ | အင် အင်္ဂါ နှမ်း သျှိုင်ခွါ၊သျှိုင်ခွါ | ၇-နေ့ပရိယာယ် စားဘွယ်သီးနှံမျိုး အထု အမွှေး | အဓိပ္ပါယ်မငှ်။ ၎င်း ၎င်း |

| ဗုလရတုမှာ ပါပုံ ၁ | တောင်ငူရတုမှာ ပါပုံ ၂ | ဦးမြတ်စံရတု မှာ ပါပုံ ၃ | မူလ ဝေါဟာရ | အကြောင်းအရာ |
| --- | --- | --- | --- | --- |
| ပုတီး | နားတောင်း | ခြေကျင်း | အဆင်တန်ဆာ | အလှအပ ကျင်းပသည်ကို ခြေကျင်း |
| အောက်ကန္ဒီး | ထိပ်ကဆောင်း | ဘောက်ပဘင်း | ဆင်ယင်ပုံ | ရွှေငွေ ကြေးဝါ သံနှ။ |
| ညီးညီး | မောင်းမောင်း | လင်းလင်း | | |
| ပြောင်ပြောင် | မှိုင်းမှိုင်း | ဝေဝေ | အရောင်မျိုး | |
| မင်း | စိုး | ဘုန်း | အသျှင်ပရိယာယ် | |
| ရွှေတောင် | ငွေဆိုင် | စိန်တွေ | ရတနာအတုံးအခဲ | |
| ရွှေတောင်ခမည်း | ငွေဆိုင်မယ်ဘွား | စိန်တွေဦးရီ | ရတနာကဲ့သို့ လေးမြတ်အပ်သူ | |
| လင်နည်း | မယား | ဒိကြီး | ဆွေမျိုးစပ်ပုံ | |
| ပေါက်သည့်အီး | ယိုသည့်ချေး | ဗွန်သည့်သေး | အညစ်အကြေး | |
| ခမီးခမက် | ချွေးမိချွေးမ | ယော်ဖ ယော်ဖိ | ဆွေမျိုးဆက်ပုံ | |
| ဒို့ပါလျက်ကို | မရှိမှသာ | မထော့မိသည် | ငဲ့ကွက်ပုံ | |
| အရှက်ခွဲသည့် | အလှကင်းသည့် | သတိနည်းသည့် | ချွတ်ယွင်းပုံ | |
| ညး။ | မင်း။ | မွန်း | အာလုပ် | |

## ရှေးရတုဟောင်း

တပြားနှစ်ပြားရတုမှာ မည်သည့်အခါက မည်သည့်ပုဂ္ဂိုလ် ရေးသည်ကို မသိရရုံမက ရတုခေါ်ရသော်လည်း နောက်ပေါ် ရတုများကဲ့သို့ ရတုမျိုးမဟုတ်၊ သို့ရာတွင် ထိုရတုမျိုးမှာ တီးချက်,စည်းချက်, မိကျောင်း, ချည်ချောင်း, စောင်း, တယောများနှင့် ကိုက်ညီအောင် သီဆိုနိုင်သည်။ ပုဂံကောင်းစားစဉ်အခါများတွင် တပြားနှစ်ပြားချီ ရတု ရှိသင့်သော အချက်လည်း သက်သေခံရှိသည်။

ထို တပြားနှစ်ပြားချီသော ရတုမှာ မုံရွေးဆရာတော်မှတ်စု (၂)မျိုးတွင် ဂန္ထိရကထာ ရတနာကြေးမုံခေါ် မုံရွေးဆရာတော် ကဗျာမှတ်စုမှာပါသည့်အတိုင်း ကောက်နုတ်ထုတ်ယူ ဖော်ပြလိုက်သည်။ ထိုရတုကို အမှီပြု၍ သက္ကရာဇ် ၉၀၀-ကျော်မှာ တောင်ငူတွင် ရှင်ဘုရင် ပြုလုပ်သော နတ်သျှင်နောင်ကလည်း (တပြားနှစ်ပြား) ကို (တလုံးနှစ်လုံး) ဖြင့်လိုက်သည်။ လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံကလည်း တလျှားနှစ်လျှားဖြင့် လိုက်သည်။ ထိုသုံးရပ်မှာ ဝေါဟာရ ကွဲသော်လည်း အဓိပ္ပါယ်ထပ်တူပင်ကျကြပေသည်။ ဥဒါဟရဏ်ကား....၁-ပုဂံရတုတွင် (မင်း)၊



၂-တောင်ငူရတုတွင် (စိုး)၊ ၃-ဦးမြတ်စံရတုတွင် (ဘုန်း)များသည် နား လည်ဘွယ် အဓိပ္ပါယ်တူသည်။ ၎င်းပြင် ၁-တွင် (ညဲး)၊ ၂-တွင် (မင်း) ၃-တွင် (မွန်း) စသော ဝေါဟာရ ပြောင်းကြသောသဘောသွားလည်း မှတ်သားဘွယ်ကောင်းပေသတည်း။ ၎င်းပြင် အာလုပ်ပြုသော ဘော, ဟော-စသည်များလည်း ၎င်းနည်း ပါဠိနှင့်မြန်မာစပ်ကြသော မိဿက ဝေါဟာရလည်းရှိသေးသည်။

၎င်းပြင် စန္ဒရားများခေါ်သော ဝေါဟာရ, စန္ဒရားတီးတတ်သူများ, ကဗျာအသီးသီး တီးချက်စည်းချက်ကျကျ ကဆိုနိုင်သူများ ရှိကြသော အချက် သက်သေခံ ပုဂံကောင်းစားစဉ်အခါ ခိုင်မာစွာရှိသည့်အရ သိသာသည်၊ သို့ရာတွင် ထိုအခါတီးမှုတ်တတ်သူစုကို 'ရကင်သည်'ဟူ၍ ခေါ်သည်။ ပါဠိမှာ 'တူရိယာ'ခေါ်သည်၊ ဂေါစာ ၅၅၃-ခုနှစ် ( AD ၁၁၉၁-ခုတွင်) ထိုးမှတ်ခဲ့သော ပုဂံကျောက်စာတွင် စန္ဒရားသမားဟု ရေးသားမှုနှင့် ယခုစာအဓွန်းဂဏန်းစဉ် (၇၉) ကြည့်ပါ။

အချို့မှာ အနန္တသူရိယ အမျက်ဖြေလင်္ကာလောက်သာ တွေ့ရှာကြသည်။ ထိုပုဂ္ဂိုလ်အတွက် ယခုကျောက်စာကိုထုတ်ဆိုလိုက်သည်။ လိုရင်းကား-တပြားနှစ်ပြားအစချီသော တီးချက်စည်းချက်ရသော ရတုသည် ယခုရတုများနှင့် ကွဲပြားပုံ၊ တေးထပ်နှင့်ရတု တွဲး၍ ရေးသောကြောင့် တေးတွဲးခေါ်သောကဗျာ-ရူဠာမဏိဘုရားဘွဲ့ တေးဘွဲ့ရှိပုံများမှာ ဂေါစာ ၅၀၀-ကျော်ကရှိသည်ဟူ၍ ယူသင့်သောသဘောလမ်း ဖြောင့်တန်းသတည်း၊ သို့ရာတွင် နောက်အခါ တေးတွဲးကို တေးတွဲ့ဟု အဲ့ကာရန်နှင့် ခေါ်ပြန်သတည်း။

---

### ၁၀၅-ပုဂံ ကောင်းစားစဉ်အခါ သေည်လည်ကြောင်ကြီးမင်း လက်ထက်ကဟူ၍ ဆရာကျော်ဆရာမြတ်တို့ မှတ်ကြသောအချင်းငယ် ခေါ်သော ပုပ္ပါးနတ်တောင် လင်္ကာ

[ထိုလင်္ကာပါ ကျိုင်းနှင့်လျှာအတွက် အဓိပ္ပါယ်ကိုပြဆိုချက်လည်းပါသည်။]

သိုးက လေ *။ ။ပုပ္ပါးနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြားဝယ်၊ နွံ့ရှားကြိုင်လှိုင်၊ ခါတန်ပွင့်သည်၊ ရွှေနှင့်ယိုးမှာ၊ ပန်းစံကား။ ။ (နေရပ်ကပွဲဆိုပုံ။)

---

* လေဟူသည်ကား—အာလုပ်သံတည်း။ ဝိသဇ္ဇနီထိုးပါရန်မလို၊ ဝိသဇ္ဇနီသံဆိုခဲ့သော် ကိုယ့်ကိုယ်ကိုယ်ဖော်၊ သူတော်ခုနစ်ပါးတွင် အဝင်အပါတည်း။

သိုးကလေး။ ။စကားပွင့်နှင့်၊ နိုင်းတင့်နိုးသည်၊ ရဲမျိုးသမီး၊ မောင်ကြီးနှမ၊ ညက်လှပြာစင်၊ မွဲသည်ပင်သည် ... ခရီးသား။ ။[ငယ်ရည်းစားကို ဖွဲ့ဆိုပုံ။]

သိုးကလေး။ ။မြိတ်လွှတ်စုလည်း၊ အငယ်တည်းက၊ ကျွမ်းဝင်ကြသည်၊ မွေးဘတူရင်း၊ မျိုးသည်မင်းနှင့်၊ ချစ်ခြင်းစုရုံး၊ သက်ထက်ဆုံးသည်၊ နှလုံးမခြား၊ စောင့်တရား။ ။[ငယ်ရည်းစားက သစ္စာမပျက်သည်ကို ဖွဲ့ဆိုပုံနှင့် မောင်ဖြစ်သူ မောင်တင့်တယ် အသက်ကယ်ရန် ရွှေမျက်နှာကစ၍ သစ္စာဖျက်မိသည်ကို ဖွဲ့ဆိုပုံ။]

ဆွေမိမင်း၊ မျက်သုတ်နီစင်၊ ရထည်းဖျင်နှင့်၊ကျိုင်းစင်မြဝါ၊ မတ်ကြီးလျှာကို၊ မယ်သာကြိုက်မိ၊ တုမရှိ။ ။[တကောင်းမင်းကို ကြိုက်မိသည့်အတွက် အမှားတွေ့ရသည့်ကို ဖွဲ့ဆိုပုံ]

* ကျိုင်းစင်မြဝါ-ဟူသည်ကား....သည်နေရာတွင် ချစ်ခင်ကြင်နာသူကို ဆိုလိုသည်။

ကျိုင်းဟူသည်ကား... နုနုထွားထွားဆိုလိုသည်။ သစ်ပင်နှင့် စပ်လျှော်ထွားကျိုင်းသော အကိုင်း အတက်ကိုဆိုလိုသည်။ လူနှင့်စပ်လျှင် သန်မာဖွံ့ဖြိုးသည်ကို ဆိုလိုသည်။ စတုဓမ္မသာရတွင်- "ခက်ကျိုင်းရွက်စိပ်၊ စုံချမ်းရိပ်တိ၊ ပျော်ဘွယ်ရှိသား" ဟူ၍၎င်း,....ကဗျာသာရတ္ထ သင်္ဂဟသတ်ပုံတွင်- "ကျိုင်းအပေါင်းမှာ၊ ပင့်လေရာ၏" ဟူ၍၎င်း,....ပါရမီခန်းတွင် "ရှင်ကျိုင်းရသေ့-ဟူ၍ စပ်ရာနိုက် ကျိုင်းဟူသည်ကား-"ထွားထွားဖွံ့ဖွံ့" ဟူလိုသည်-ဟူ၍ မုံရွေးဆရာတော်က ပြမှာတော်မူသည်။

ရှင်ရဋ္ဌသာရဆို-ပုလဲးတတန့်,သန္ဓာတတန့်ကေပိုဒ်ရတုတွင်-"ပျံ့ပျူးပျောင်းပျ၊ နောင်ကျိုင်းမြကြောင့်၊ လွှမ်းလှလေလေ" ဟူ၍၎င်း,...ဝိဓူရတွင်-"ငါမှာတိုင်းကို၊ ဆုံးကျိုင်းအင်မျှ၊ သားမောင်တို့သည်"ဟူ၍၎င်း,... ပြူစောထီးအကြောင်းကို ဖွဲ့ဆိုသော ပုဂံရာဇဝင်သစ် (ငါးချပ်)ပါ-လက်ာတွင်-"သို့စင်အားခွန်၊ သည်ငှက်ရန်ကို၊ မင်းမွန် ကျိုင်းထွားနတ်လေးမြားနှင့်၊ ခွင်းပြေးပေလစ်"ဟူ၍၎င်း,... တောင်ငူဆို-ခဖြဖျော်မှလျှင်ချီတွင်-"ချီးသွားမူးမူး၊ ရွှေရက်ဦးက၊ မကျူးထင်ထင်၊ ကဆုန်တွင်ကို၊ ကျိုင်းစင်မြခဲး၊ စစ်ပွဲးရန်နှည်၊ ပြန်လည်မည်ဟု"ဟူ၍၎င်း စပ်ဆိုတော်မူကြသည်။



မတ်ကြီးလျှာ-ဟူသည်ကား....အတိုင်းအရှည်ကိုသိတတ်ဆုံး ဘုရင်မင်းမြတ်ဆိုလိုသည်။ ယူပုံကား....မဏ္ဍ ဟူသည်ကား-အတိုင်း အရှည်ဆိုလိုသည်။ ခတ်ကို မဏ္ဍဟူ၍ ယူရသည်၊ ကြီးကို အကြီးဆုံးဟူ၍ ယူရသည်။ လျှာ[၁] ကို အလောင်းဟူ၍ မယူရ၊ အကောင်းဟူ၍ ယူရသည်ဟူ၍, ရွှေစေတီဆရာတော်နှင့် သံယုတ်ဆရာတော်တို့က မိန့်ဆိုကြသည်။ မူရင်းစာကိုယ် သုံးစောင်တွေ့သည်။ ရွှေမင်းဝံမူမှာ မင်းကြီးလျှာ-ဟူ၍.ပါသည်။ ကျွန်ုပ်ပေမူနှင့် ဂုဏ္ဍာမဏိမူ မုံရွေးမူများမှာ မတ်ကြီးလျှာဟူ၍.ပါသည်၊ များရာလိုက်နာရမည်ဟူ၍ ဆရာတော်တို့မိန့်ဆိုကြသည်။ (၁) သေနာပတိဝိနိစ္ဆယတွင် အမတ်ကြီးများလည်း မင်း၏အစိုးရခြင်းနှင့်တူသော အစိုးရခြင်း အတိုင်းအရှည်နှင့် ပြည့်စုံသည်ဟူ၍ပါရှိသည်။

ပုဂံကောင်းစားစဉ်အခါ သေည်လည်ကြောင်ကြီးမင်း လက်ထက်က ဟူ၍, ဆရာကျော် ဆရာမြတ်တို့မှတ်ကြသော အချင်းငယ်ခေါ်သော ပုပ္ပါးနတ်တောင်လင်္ကာ ပြီးပြီ။

---

## ၁၀၆-တောင်ပုပ္ပါးစံကားပွင့် အဲးချင်း,အချင်းငယ်လည်းခေါ်သော ရှေးပုဂံရေးကို ပြဆိုချက်

ပုပ္ပါးတောင်သည်၊ ရွှေတောင်တည့်လေ၊ ရွှေတောင်ပတ်ကုံး၊စံကားပင်နှင့်ပန်းပင်ဖုံး၊ တောင်လုံးရန့်ကြိုင်စွလေ။ ။ပုပ္ပါးတောင်တွင်၊ နတ်သျှင်နှစ်ပါး၊ ရှင်စံစား၊ ဘုံခြားဗိမာန်မြိုင်စွလေး။ ။လှိုင်စွလေ၊ လှိုင်စွလေ၊ လှိုင်စွစံကား၊ တောင်ပုပ္ပါး၊ စံကားပျံ့ကြိုင်မျှ၊ ပန်းလှိုင်စွလေး။ ။မောင်တော်ရေထက်၊ မယ်မုတ်ရေ[၂]၊ ဆယ်လေးသာစွလေ။ ဗိမာန်နန်းမှာ-ထီးစကြာဖြန့်ကာ အုပ်မိုးကာစွလေး။ ။[တောင်ပုပ္ပါး စံကားပွင့် အဲးချင်း။ ။ချည်ချောင်း, အောင်း, စောင်း, တီးလုံး, စည်းချက်ကိုက်အဲး။ ။မုံရွေးဆရာတော်က ပုံသာကို အောင်းဟူ၍ ယူလိုသည်။]

တောင်ပုပ္ပါးစံကားပွင့် အဲးချင်း, အချင်းငယ်လည်းခေါ်သည့် ရှေးပုဂံရေးကို ပြဆိုချက် ပြီးပြီ။

---

[၁] ရွှေမင်းဝံဆရာတော်က "လျှာ" ကို ဘုရားလောင်းဟူ၍ ယူလိုသည်။

[၂] မယ်မုတ်ရေဟူသည်ကား နှမတော်ရေ ဆိုလိုသည်။ မယ်ကား-အမိ၊ အမယ်၊ ဆွေမယ် စသော မိန်းမကို ခေါ်ဆိုသော ဝေါဟာရမျိုးတည်း။ မုတ်ကား-မုဋ္ဌကို မုတ်ဟုရေးသည်၊ အနက်ကား ပုလဲးကုံး-ပုလဲးသွယ်တည်း။

### ၁၀၇-သက္ကရာဇ် ၇၂၉-ခု မင်းကြီးစွာစော်ကဲ တကောင်းမြို့သို့ ဆန်တော်မူသည့်အခါ ဘောင်တော်ခတ်သူတို့နှင့် ဘောင်ငင်လှေသားတို့ သီဆိုရသောအချင်း၊ ဘောင်ငင်ချင်းအန်တော်များ

သက်သာပြည်ဆန်၊ မော်ကမ်းယံရေဦးမှာ၊ ရှင်မြူးဘွယ်သား။ (၂) ကြော့။ ဂံဇေယျာ၊ ရိမဒ္ဒနာနိုင်ငံစိုးပါတဲ့၊ ဥမျိုးနွယ်တို့။ ။လုနယ်တိုင်းမှာ၊ စံရင်းပြည်နှင့် ဝေးခဲ့တုံဟန်။ ။ရွှေဘုန်းဘန်၊ ရှေးကကုသိုလ်၊ အနောက်ပြည်မှိုင်းမှို့ ညိုညို၊ ကိုယ်တော်ခြောက်ပါး၊ တောတောင်ထွေခြားသော်လဲ့၊ ဉာဏ်အားတော်ဘန်ဆင့်၊ ကံမြင့်ကူဖြိုရယ်၊ ဘုန်းတော်ရောင်ဝေ၊ ဝရွှေနန်းကို စံမြန်းစေသား၊ မြောက်ဦးဌာနီ၊ အနောက်ပြည်ကြီးရယ်က၊ မြန်ဓွာရနန်းစံရ၊ ရွှေဝနိုင်ငံ၊ သီလသမာ၊ ပညာကျိုးမှာ၊ ကြည်နူးဘွယ်ဖန်။ ။[ရေလယ်သံအန်ချင်း-အချင်း။]

သက္ကရာဇ် ၇၂၉-ခု မင်းကြီးစွာစော်ကဲ တကောင်းမြို့သို့ ဆန်တော်မူသည့်အခါ ဘောင်တော် ခတ်သူတို့နှင့် ဘောင်ငင် လှေသားတို့ သီဆိုကြရသော အချင်း၊ ဘောင်ငင်ချင်း အန်တော်များကို ပြဆိုချက် ပြီးပြီ။

---

### ၁၀၈-ရှင်ရဋ္ဌသာရအသက် ၁၀-နှစ်ရှယ်က ဖြုတ်ချည်းဆို မိကျောင်း, ချည်ချောင်း, စောင်း, အောင်း,တီးလုံး စည်းချက်ကိုက် အဲးရိုးအချင်းနှင့်အချင်းငယ်လည်း ခေါ်ဆိုသည်ကို ပြဆိုချက်

၁၊ ရှင်စိုးမင်းဘွဲ့။ ။အိုဘဲ့ဘယ်၊ အိုဘဲ့သွီးတော်၊ ထင်ပေါ်ဘုန်းမျှံသင်း။
၂၊ မင်းလှမြတ်ဘွဲ့။ ။အိုဘဲ့ဘယ်၊အိုဘဲ့သွီးတော်၊နတ်သော်ပုံမယွင်း။
၃၊ မင်းဘုန်းထွတ်ဘွဲ့။ ။အိုဘဲ့ဘယ်၊ အိုဘဲ့သွီးတော်၊ စန္ဒော်လနှင့်ဝင်း။

အဝဘုရင် မဟာသီဟသူရသားတော်နော်ရထာ၊ မြောက်အိမ်တော်စံတော်မူစဉ် သမီးတော်လေးပါးတွင် ရှင်ဖွားစောမှာ ငယ်ကလွန်ပြီးနောက် တောင်ဆောင်စံမြောက်သားတော် သမီးရှင်စိုးမင်း, မြောက်ဆောင်စံ တန်းဆောင်းရှင်ခံ မြောက်သားတော်သမီး မင်းလှမြတ်နှင့် မင်းဘုန်းထွတ်တို့ကို ဘွဲ့ဆိုတော် အဲး။

ရှင်ရဋ္ဌသာရ အသက်ဆယ်နှစ်ရှယ်က ဖြုတ်ချည်းဆို မိကျောင်း,ချည်ချောင်း စောင်း, အောင်း,တီးလုံး စည်းချက်ကိုက် အဲးရိုးအချင်းလည်းခေါ်သည် ပြီးပြီ။



### ၁၀၉-ရေသံအန်ချင်း, အချင်းအမျိုးမျိုးကို ပြဆိုချက်

(၁) နတ္တော်လဘွဲ့။ ။ဝေဖြာစန္ဒာရွှေလမြူးပါလို့လေ၊ ပန်းပုရပိုက်သဇင်၊ သဇင်ရွှေပွင့် ဖူးပါလို့လေး။ ။ဖြူပြာလို့ဝေ၊ ဆောင်းလေကသွင်း၊ ပြောင်းခွေရခင်း၊ သဲးသဲးသိန္ဒညာနတ်ဒေဝါ၊ မှာပိန္နဲး၊ ပွဲးစုံများကျင်း၊ ကွာစေရကံထား၊ အိမ်ပန်းရွှေနွယ်၊ ပန်းမန် ဆင်တဲ့မင်း။ ။(နတ်တော်လဘွဲ့)

(၂) ပြာသိုလဘွဲ့။ ။မကာရဆို ပြာသိုရွှေလတွင်ကိုတဲ့လေ။ ဖုသျှကြယ်ယဉ်၊ စံခွင်တူစုံကျင်းပါလို့လေး။ ရွှေဝါစိမ်းစို၊ ခွါညို ရွှေပွင့်၊ သင်းပါလို့လေး။ ဆင်းကြာနတ်သွင်၊ မြင်သူများပန်း၊ ယဉ်မူလဆန်း၊ မြင်းခင်းတော်ဆင်၊ ခါသဘင်ပွဲး၊ ပျော်ရန်ပဲး၊ သဲးတုန်မျှချမ်း၊ ရွှေရုပ်သွင်၊ မိထိပ်ခင်ရေး၊ ပူဆွေးလို့နွမ်း။ ။(ပြာသိုလဘွဲ့။)

(၃) တပိုတွဲးလ။ ။ကုမ်ရာသီ တပိုတွဲးကိုတဲ့လေ။ သောမာဆရွှေသွယ်၊ လဝယ်ရှည်ခါမြဲးပါလို့လေ။ ပေါက်လဲးဖူးစီ၊ ဝါနီထိန်ထိန်ရဲးနှင့်လေး။ ။ရဲးမြမုတ္တာ၊ ချမ်းသာဘိပျား၊ တမ်းရှာမိမှား၊ ညာကြေနန်းကြော်၊ မီးဘုံးတော် ရာဂုဆွမ်း၊ ကမ်းလှူလိုသာ၊ ဆီးကျနှင်းလည်၊ ရွှေကြည်ဝါဖြန်းသလွန်ခန်း၊ ချမ်းရှာသိမ့်လေး။ ။(တပိုတွဲးလဘွဲ့)

(၄) တပေါင်းလဘွဲ့။ ။တပေါင်းခါမှီ၊ ရာသီမိန်လက်ကယ်ကူးပါလို့လေ။ ။ကြယ်ဘဂ္ဂုဏ္ဏာ၊ ရောင်ဝါ ရွှေလပူးပါလို့လေ၊ စွယ်တော်ပြည်ရွှေ၊ ညွန့်ဝေဖြိုင်ဖြိုင် ဖူးပါလို့လေး။ ။မြူထမင်းလွင်၊ ထက်ခွင်ကမှိုင်း၊ မျက်ရှင်မြတိုင်း၊ စုသဲးစေတီ ခါအမှီ၊ သဘင်ဆန်း ကမ်းခြေပြည့်ဝိုင်း၊ ၁၂-ဇာကြူကြွစီ၊ နာရနီရွှေရိုး၊ စိန်ကြိုးတွန့်ဆိုင်း။ ။[၁၂-ပိဒ်မပြည့်၊ နတ်တော်, ပြာသို,တပိုတွဲး, တပေါင်း လေးလတွက်သာတွေ့ရတော့သည်။]

### ၅-ဇေယျာဇေယျာချီ ရှေးရေး ဘောင်ငင်ရေလယ်သံ အန်ချင်း-အချင်း ရေးသူမသိ

ဇေယျာဇေယျာ....ရွှေဒွါရွှေလှေများလှသောင်းသောင်း၊ နန်းချင်းနန်းချင်း လှော်ချည့်လေဖြိုင်ချည့်လေ။ ရေးလှပြောင်းပြောင်း တီးရွှန်းမြိန့်မောင်း၊ ဧးပင်သာဧးရင့်ညောင်း၊ ပျော်ကြောင်းဆင်ကာ၊ ယဉ်တဲ့

ယဉ်သီတာ၊ မိုးမြေချာပတ်ကုံး၊ ပတ်ကုံးစိုးပင်သာစိုး သိမ်းကျုံး၊ ပေါင်းရုံးဆယ်ဖြာ၊ ဦးတဲ့ဦးတင်ကာ၊ ဘောင်ဝင်ရာ၊ ထုံဂန္ဓာ မာလာသင်းပျံ့လေး။ ရွှေရေသီ၊ လေချီချီ၊ သိင်္ဂီဝန္ဓုးလှ၊ ဆင်းသူဇာလေတည့်မှ-ဆင်းသူဇာ။

* ရွှေရေသီကား- ရွှေယက်ပြား သတ်သော တက်မနားက ရ များဆွဲသောအလံတည်း။

## ၆-မလင်းမှော်ဝေ၏ ရှေးရေးလေ့သံအန်ချင်း-ရေးသူမသိ

မသင်းမှော်ဝေ····လှိုင်းပေါင်တွေဦးမှာ၊ ကြိုးကြာ သီတာရေးထဲဝဲပျံ့ခါ၊ ကြေးညိုစာစာ၊ ကျေးဖွယ်ရာလာလဲ၊ ဖော်စုံတွဲ၊အိုပျော်ဘွယ်၊ ပင်လယ်ခရထဲ၊ သာနွဲ့ပင်ယံလယ်မှာ၊ သံညှင်းချွဲ။ ။မကွဲမယ်မောင်တောကြောင်ခုန်မြူးပျော်၊ လွဲးကျော်၊ မြို့ပေါ်ခိုအောင်း၊ ဒေါင်းဖော်ဖော်လှော်။ ။ကမ်းခြေကိုမြော်၊ အိုးဝေဆော်လဲ၊ သံဝါညောင်း၊ အိုထွေလာ ဟေမာတောင်စောင်း၊ရွှေရင်းမာပင်ငယ်မှာ၊သံညှင်းပျောင်းနှာမောင်းနွယ်လိမ်၊ သိုက်ကြိမ်နွယ်ချိုးမြူး၊ ညည်းမြှူ၊ ချုံငူပင်စွန်းဆီက၊ ခွန်းသံပြိုင်ကူ။ ။ရေးဖန်လှာမြှူ၊ ဆန်မူရှု၊ တူလဲးဖော်စုံပေါင်း၊ အို···ထွေရာ-ဟေမာတောင်စောင်း၊ငွေသဲးသောင်ယံငယ်မှာ၊ကန်နွဲ့ပြောင်း။

## ၇-ယမုန်နာ၏ ဘိုးသူတော်ဦးမင်းရေး ရေလယ်သံ အန်ချင်း-သီချင်း

ယမုန်နာ မှိုင်းပြာရီမှောင်၊ လှိုင်းလဲးဒိဘောင်လယ်၊ သာနွယ်ကျွန်း၊ အိုသွယ်သွယ်ညွန်း၊ လွမ်းစေဘွယ်။ ။တူဖော်ရွှေကြေးရင့်မောင်မယ်၊ ခွန်းသံပြိုင်လှယ်၊ ကမ်းဗယ်ညာ၊ ဘာသာခေါ်ထူးဧ၊ ဇင်ယော် ဖော်ချင်းကြေး၊ မပြေလို၊ ရေညိုသီတာ၊ မြန်းလဲးဒိပါဘောင်၊ အုံညီဝိုင်း၊ အိုပြာရီဆိုင်း၊ မှိုင်းမှုံရီ၊ ဆော်လေပြိုင် လှိုင်းကချီချီ၊ခင်းညံ့စီစီ၊ သဲးသီဒါ၊ ရေးရာဖန်လေနဲး၊ဆင်ပုံကြိုဘူးပဲ။ ။ပုလဲမှုံ၊ ငွေခုံသောင်ယံ၊လွမ်းမကာန်လေအောင် အာကာလုံး၊အိုဖော်ကွာတုံး၊ချုံးပြန်လှာ။ ။ဟိုတောင်တော်စွန်းကသံခြေ၊ တိုင်းကြီးဘုံဘွေ၊ မှိုင်းဝေရီ၊ ရာသီဆင်ပြန်တုန်း၊ ဒိပါညာကျွန်းလုံး။



## ၈-တိုင်းမိမိလာ၏ သာယာဝတီဆရာကြီး ဦးဝိုင်းရေး ဇနကချီး လေ့ချင်း-သီချင်း

တိုင်းမိမိလာ ဇေယာပွဲစံခန်း၊ ဖြေကုံရွှေဘုံရွှေနန်းကိုတဲ့ မြန်းလွယ်ကူ၊ ယူမယ်လေလေ့၊ မှန်းကြီရည်ရွယ်စွဲးလို့၊ ခဲးပုံခြယ်၊ သဲးတုန်ဘွယ်၊ ပင်လယ်ရေဘောင်၊ ကျယ်ဝန်းသီခေါင်ဝေး၊ မျှော်လေတိုင်းကို လှိုင်းဖွေးဖွေး၊ ရေးတော်ကုန်မှာနာဝါ ရွှေသဘော်၊ မကြီနိုင်ဝဲးရေဆိုင်ကြောမှာလ၊ မျှောလိုရာပါပြီ၊ သဲးညံ့စီစီ၊ သိုင်းလို့ဝိုင်းအုံချီ၊ မှိုင်းမှုန်ရီ၊ ရေသီကိုင်ယောင်၊ ရွက်မနိုင်အောင်ပန်း၊ အိမ်မြှောင်ဦးမှာလေ၊ မူးခွေနွမ်း။ ။ကမ်းရေပွက်ဆူ ရွက်ဖြူလေဟုန်တိုး၊ နံဒေါင်၊ တိုင်ဖောင်ဖောင်ကျိုးပါလို့၊ နိုးမှုန်ရီဝေတယ်၊ ခဲးရေလမ်းချိန်၊ ဆွဲးတဲ့ဝဲးရေရှိန်၊ ရာဟုစိန်၊ မာလိန်များ လှိုင်းယက်ကန်းရေဆိုင်ထဲ၊ မိုးသံချုန်းတယ်လေ၊ အုန်းသဲးသဲး။ ။လွဲးစွာ သွေရှောင်နိုင်အောင်၊ ရေဘောင်လှိုင်း သုန်သုန်၊ လေမှုန်မှုန်ဝိုင်းပါလို့၊တိုင်းပြည်တော်မျှော်၊လင်းယင်ပိုင်ပေါ်။ ။မှန်းလို့ယမ်းရည်ယော်၊ လွှားခုန်ကျော်၊ကိုယ်တော်ရေလယ်၊ ရွှေဟသ်ာနှယ်ကူး၊ ကံကိုရှိုးတယ်၊ မျိုးမြတ်မူး။ ။နူးကြည်ညိုဘွယ်၊ ကြိုတယ်၊ ပင်လယ်ထဲးမှာသာ၊ ကံဖန်ရာဝဲးကိုတဲ့၊ စွဲးယူတော်သံ၊ မျိုးဇာတိမာန်။ ။မွေးဘရိုက်ရာခံ၊ ဆိုင်တိုင်းကြီ၊ ပူပန်စေဘွယ်၊ မုန်တိုင်းပြင်ကျယ်ဝိုင်း၊ အမွှန်တိုင်းကို၊ မိုးလုံးမှိုင်း။

## ၉-တဝန်းမြန်ဘောင်-၏ နတ်ရှင်ရွှေး ရဲးလေ့ဘွဲ့ ကင်းဝန်မင်းကြီးရေး လေ့ချင်း-အချင်း

တဝန်းမြန်ဘောင်၊ ဘုန်းရောင်ဝေညီး၊ ရှိန်ဝင်းထိန်၊သဏ္ဍာန်နွယ်ရိုးမျိုးသာကိန်၊ ကုန်းဘောင်အာဟိန်၊ နေလာသိန်ချိန်လဲးစံတူနှုန်း၊ အိုကြေညာတေဇာရိုက်ချုန်း၊ မြေမိုးကျော်ညံ၊ မန္တာတ်ဘုန်း။ ။မနူန်းစံသွယ်၊ သောင်းနယ်မြေကျွန်းပြင်ထွန်းတင်၊ ရာဝင်ပေါ်ထွန်း၊ ညွန်းဘယ်တွင်၊ နှုန်းဘွယ်မမြင်၊ အာနိသင်၊ တင်လဲးမော်ကွန်း၊ အိုတေဇော် မြေပေါ်ထက်ဝန်း၊ ရာစင်းဆူဆူငယ်၊ တူဘက် ကျွန်း။ ။မယွန်းငွေတောင်၊ ပေါက်ပြောင်ပုံမျိုးစင်မိုးပြင်။ ။စက်ရှင်စုံဦး၊ ဘူးခိုဝင်၊ မြူတိမ်လွှာခွင်၊ နတ်ယဉ်ညင်၊ရှင်လဲးဒေဝါပေါင်း၊အိုထံတော်ဘန်ဆော်ရောဂ်ကြောင်း၊

ဆက်နှင်းစေညွှန်၊ လွန်းမျှားတောင်း၊ တသောင်းညာမြေ၊ ဒေါင်းရွှေစံ၊ ဝင်းလျှံနှုန်းစံနက်တံဂုဏ်ဘုန်း ချုန်းရိုက်ညံ၊ ထီးရာတော်ခံ၊ စိုးဆက်စံ၊ သံလဲ့ဖွန်ဝါသဲ၊ အိုသိဟာညီလာဗိုလ်ပွဲ၊ ရင့်ကြူးပဋ္ဌင်၊ ရှင်ရိုက်နှဲ့။ ။ အကဲ့ပေါ်ထင်၊ နှိုင်းရှဉ်စံကင်း၊ ပွန်ထူးချွန်၊ ကြေညာ ကျော်ခြင်း၊ လင်းဂုဏ်ဖွန်၊ ထီးရာပိုင်ကျွန်ယုံတော်မှန်ညွှန်လဲ့ရွယ်ကာမိုး၊ အိုမာန်မြူ၊ ရုပ်သူဝပ်လျှိုး၊ လက်ငင်းကြေ၊ ကြွေအောင်လေ၊ ချေဖျက်ချိုး။ ။ တန်းခိုးဂုဏ်တော်၊ တိုင်းပေါ်ပြည်လုံးထင်၊နတ်ရှင်စံရွှေး၊ ရွှေးဘယ်တွင်၊ နင်းဖြိုရန်နှင်၊ ဝေးကွာစင်၊ ယဉ်လဲ့ရေဘောင်ဝဲ၊ အိုဘယ်စီဆွယ်မှီ ယှဉ်တွဲ၊ ပြိုင်နှုန်းသူငယ်လေ၊ ပြုဝံ့ပဲ။ ။[အချီးတွင်၊ မလင်းဝေမှောင်၊ အသံမတြာနှင့် ထပ်တူကျသော်လည်း၊ အလယ်နှင့်အချ-မှာ မတူလှ၊ သို့သော်လည်း တီးချက် စည်းချက်ကိုက်သည်။]

### ၁၀–လောင်းကနက်ပျော်ချီ ရွှေခဲ့ခတ်လေ့တော်ဘွဲ့ လေ့ချင်း–အချင်း, ရေးသူမသိနိုင်

လောင်းကနက်ပျော်၊စကြာတော်လွှမ်းတယ်(လေလေ့)၊ထက်အာကာလမ်းမှာလ၊ တိမ်တန်းတွေစီလို့၊ တိမ်နီ-တိမ်ဝါ-တိမ်ပြာဆန်းတယ်(လေလေ့) တိမ်ပန်းတွေဆိုင်း။

တိုင်းပုရပြည်၊ တည် တည်ထောင် ထားပါတဲ့၊ ရွှေခဲ့လှေတော်သွားဟာမို့၊ပြည်သူလူအများရယ်နှင့်-လှော်တက်ချီ၊ကိုယ်စီကိုင်ကာစမ်းတယ်(လေလေ့)ရေပန်းတွေဖွေး။ ။ဝင်းလှဲ့အိပ်ဘန်၊ ကိုယ်–ကိုယ်ရုံသားရယ်တို့၊ သန်ကောင်ချိန်ကျော်ပြေးရင်လ။ ။ရွှေမေးတွေနှင့် ရွှေလှေကိုစီးတယ်(လေလေ့) ရွှေလောင်းလှေကြီး။

### ၁၁–နတ်ပန်းလှေတော်ချီ အောင်ပင်လယ်လမိုင်းဝန် တလုပ်မြို့ဝန် သင်းသေနတ်ဗိုလ် အုပ်ထိန်းရသော နတ်ပန်းလှော်လှေ့ဘွဲ့ လေ့ချင်း–အချင်း, ကိုယ်တိုင်ရေး

နတ်ပန်းလှေတော်ရယ်က၊ ပေါ်လာလျှင်ချီးမယ်ပ၊ ရွှေရစ်တံစံထိုးလို့တူရှိုးလား။ (၁) နတ်လား,ပန်းလား....နတ်ပဲ, ပန်းဘဲ။ ။ဗိုလ်လား, ဝန်လား....ဗိုလ်ဘဲ, ဝန်ဘဲ။



ပြိုင်ဘက်ကယ်ကွာ၊ မင်္ဂလာတိုသောင်တင်းရယ်တဲ့၊ မြင်သူ ယှဉ်သူ ကွင်းကြပ၊ လှေမင်းဇော်မို့။ ပြိုင်ပေါ်သူရှားတယ်လေလေ၊ နဘ်မြားလိုသွား။ (၂) စိန်လား,မြလား....စိန်ဘဲ,မြဘဲ။

ခွင်းရန်ဘောင်ဖြို၊ မြင်းမိုရ်ကိုဖျက်မယ်မောင်မောင်၊ အိုလေစိန်သန်လျှက်လိုပ၊ လှော်တက်ချီလို့၊ ပြိုင်ညီညီစမ်းတယ်၊ ရေပန်းတွေဖွေး။ ။ တလုပ်လမိုင်း၊ ဗိုလ်နှင့်ဝန်၊ စံလွန်တဲ့မတ်ခေါင်ကြီးမှာ၊ ထီးရာပိုင့်လက်ရွေး။

ခွင်ရန်ဘောင် ဖြိုတယ်လေ၊ ဖြိုတယ်လေ၊ သင်းသေနတ်ဝန် ဗိုလ်ရယ်လေ၊ ဗိုလ်ရယ်လေ၊ မြင်းလေးလေမိုရ်ကို။ ။ဖျက်မယ် ကိုယ်တော်၊ အိုလေးလေလေ စိန်သန်လျှက်လိုပ၊ လှော်တက်ချီလို့၊ ပြိုင်ညီညီစမ်းတယ်၊ နတ်ပန်းလှေပြေး။

### ၁၂–မြမန်းစကြာချီ သဘော်သံ၊ လဘက်ရည်တော် ရွာစည်ရွာစား မင်းလှသခ်ယာ ဦးပုည–ရေး ရေသံအန်ချင်း–အချင်း

မြမန်းစကြာ၊ မြစ်ရောလမ်းမှာ (လေလေ့)။ ရွှေဒေါင်း ပျံခါသန်းပါလို့၊ စံခန်းမြစ်ကွေး၊ ဒူးရင်းတော်ဆက်ကို (လေလေ့) ဆန်တက်မည့်ရေး။

နေရက်မကြာ၊ ပြည်ဟံသာစွန်းက ဖြန့်ချီ၊ ခရာစုံ နှောယှက်ပွေလီ၊ မိုးချုပ်နာရီ ဆားမလောက်ဆီ၊ မြင်ပြီပဲ။

အိုသည်ကန္တဲ့ပါလို့၊ ဆင့်ကားခုခုတ်ပြန်လေလျှင်၊ ထွက်လှုမြစ်ပြင်၊ မိုးမသောက်ခင်၊ မြစ်ပြင်ဟိုအကူးမှာ (လေလေ့)။ ကပ်ပီ မာလိန်မှူးငယ်နှင့်၊ ကြည်နူးဘွယ်ပ၊ ရောက်လွယ်အောင်ခဲ့တယ် (လေလေ့) ဆိုင်းအိပ်ခဲ့ပြီ။

တိတ်ခိုးကြီစည်၊ လင်းရောင်နီလောက်ကခုတ်ပြန်၊ မြစ်နဒီဒုံးကြွက်ဆူညံ၊ မိုးဘဝင်လျှံ၊ စက်ရဟတ်သံ၊ ညံမြိမ့်သဲးသဲး။

မြို့ကခနောင်အောက်ဆွဲ့မှာ၊ ကျောက်စွဲးကြ ညခြောက်နာရီ၊ ဆိုင်းအိပ်ခဲ့ပြီ။

ဆန်တက်အညီ၊ ပုဏ္ဏမီသုံးကိုလ၊ ကြယ်နီထွက်ပေါ်တုန်းတွင်မှ၊ ရှင့်ဘုန်းတော်ကြောင့်၊ စက်ကုန်အောင်နှိုးတယ်လေ၊ သူကြိုးစား။

ထားဗျာဒိဟာ၊ ခေတ္တရာတိုင်းသို့ရောက်သော်၊ ပါကုန်သည်ပေါင်းတို့ပျော်ပျော်ထင်းတင်ကြနော်၊ သုံးပဟိုရ်ဆော်၊ ညံသဲးသဲး။

နှစ်နာရီသွားသော်ကြောင့်၊ ရွှေဖျားကစလုံလှေတွေ၊ စွဲးကျောက်ချနေ။

လေးရက်အမှန်၊ စလုံရွာထွက်ကိုလေလှေ့၊ အိမ်ခေါင်ဗဟိုရ်ထက်ဆီက၊ ရွှေကြက်ပါဒ၊ မြေကိုဆင်းတယ်နော်ကွယ်၊ စက်မီးစုံနှင်း။

ဖြိုးမြင့်သီခေါင်၊ ဖိုးဦးတောင်ရိုးကမိုးပြာ၊ ဆီးပိတ်ခါပျိုးတဲ့ဒေဝါမိုးအမွှန်ရွှာ၊ ငြိုးမာန်သောခါ၊ ရွာသွန်းဖြန်းဖြန်း။

မင်းလှဆိပ်ကမ်းမှာလှ၊ ရေစမ်းခုမမြင့်တမြင်၊ ဆိုင်းအိပ်ခင်းပြင်။

လက်ကြားသိမြင်၊ လုင်ခေါင်ချုပ်ကို(လေလှေ့)၊ နှစ်ကြိမ်ခရာ မှုတ်ပါလို့၊ ကျောက်နှုတ်ဖော်ကြ၊ ကြွေးကြော်ပြီးမှနော်ကွယ်၊ စက်မီးစုံသွား။

များသည့်ကြော်ငြာ၊ ဖြိုင်ဘက်တော်ရှားတဲ့နာဝါ၊ များဗိုလ်လူပေါင်းတို့စုံစွာ၊ မန်းမြစကြာ၊ ခြီးအုံ့နိုင်ရာ၊ သာဆင့်ကဲးကဲး။

ဆိတ်စာရေနဲးရင်တဲ့၊ အိပ်ပဲးခုစလေနဂရာ၊ ထင်းတင်ကြရှာ။

ခြောက်ရက်အမှန်၊ လင်းရောင်လျှံ ဖြိုးလို့ (လေလှေ့) အဇင္ဇာကောင်းကင်ရိုး ဆီက၊ တိတ်ခိုး ကြီတဲ့၊ မနေသွားတယ် နော်ကွယ်၊ ယောကျ်ားသူရဲး။

လွှဲးသွေမရှောင်၊ ကျိုးတော်ဆောင်ထမ်းရွက်စေ့စုံ၊ မှူဆံခြည်ခြမ်းမျှမသုန်၊ နှင်းအပ်ကျွန်ယုံ၊ ရွှေခဲးယဉ်ပုံ၊ ကုန်စုံပေါင်း။

နှစ်နာရီပြောင်းပါလို့၊ စက်ညောင်းမှ ဆီမီးခုံရွာ၊ ကွန်းထောက်တော်သာ။

ကျွန်းရွှေပြဗ္ဗာ၊ ဝိဒေဟာစွန်းမှာ (လေလှေ့)။ ဖန်ဝါသူရိန်၊ ထွန်းပါလို့၊ ကွန်နွှန်းချီကြ၊ ညှိညှိမှိုင်းတယ်ခနော်ကွယ်၊ ရွှေကိုင်းတောင်တန်း။

မြန်းထွက်ခုတ်ပြန်၊ ညနန်းရုံမှီးတဲ့နာဝါ၊ ရွှေဝရဇိန်စက်သို့ပမာ၊ မန်းမြစကြာ၊ နန်းမြို့အောင်ချာ၊ ဦးလှည့်ညွှတ်ခါ၊ မကြာခင်။

နေချိန်မလွဲးခင်က၊ အောင်ပွဲးရ-ရတနာရွှေဘုံ၊ ဦးညွှတ်ခိုလှုံ။

မြမန်းစကြာချီ သခင်္ဘာသံ၊ လသက်ရည်တော်ရွာစည် ရွာစား
မင်းလှသင်္ဘာရေး ရေသံအန်ချင်း-အချင်း

ရေသံအန်ချင်း အမျိုးမျိုးကို ပြဆိုချက် ပြီးပြီ။

---



၁၁၀-အချင်းကြီးခေါ်သော အဲးချင်းစာကိုယ်များ

(၁) ဇယတု။ ။တုံတေထပ်တျာ၊ တေထပ်တျာ၊ထပ်တျာတေလေ၊ တျာတေလေ၊ တုံထံထံတျာ၊ တျပ်တျာတေလေတေ၊ ထံတေထံတေတျာ၊ ယောမဝန္တာ တောယောမာတည့် တောသာယာ၊ ခြွေရံများခြင်း၊ ဆဒ္ဒန်ဆင်မင်း၊ ဖော်ချင်းများစွာ၊ မြူးပျော်ရာတည့်ပျော်ရာ၊ နောက်မှာသိန်းသောင်း၊ စုရုံးပေါင်း၊ ထောင်သောင်းရှုတွယ်ရာတည့်လေ၊ညွှတ်ပြောင်းဦးရှည်ကာတည့်လေး၊ စွယ်ယုံးစွယ်ညီ၊ မွေးနီနီ၊ ကိုယ်စီညွှတ်ခညွှတ်ခလေ၊မြေကြီးနှာမောင်းချုရလေး၊ တူတေထပ်တျာ၊တေထံတျာတေတျော၊ တူတုံတျာထံတျာတေ၊ တျောတုံတုံတျောတေတျော။ ။[ဆဒ္ဒန်ဆင်မင်းအချင်း။]

(၂) အရွှေသာခေါင်တောသုံးထောင်၊ ဖြူဟန်ဆဒ္ဒန် နေဟန်ပျော်ပါး၊ကြာပင်အောက်ကယ်မှာကြာသီးကိုစား၊စွယ်ဖျားနှာမောင်းတိုင်မှာနီချည့်လေ၊စွယ်ဖျားနှာမောင်းတိုင်မှာနီချည့်လေး။ ။အရွှေမှာတဲ့ကြာ၊ ကိုးအင်းကြာ ကိုးအင်းငယ်မှာ မင်းတရားကြီး ဆင်ဖြူလွှတ်တည့်လွှတ်တော်မူ၊ ကြာသီးကိုမစား၊ ကြာဆန်ကိုစား၊ စွယ်ဖျားနှာမောင်းတိုင်မှာနီချည့်လေ၊ ဆဒ္ဒန်ဆင်ဖြူရောက်တည့်ရောက်တော်မူ၊ ပြည်သူဝမ်းပန်းသာချည့်လေး၊ ပြည်သူ ဝမ်းပန်းသာချည့်လေ၊ဆဒ္ဒန်ဆင်ဖြူ ဝင်တည့်ဝင်တော်မူ၊ နတ်လူကောင်းခြီးညာချည့်လေး၊ ဆင်ဖြူရတနာ ဆင်ပင်ဆင်ချဆိပ်ကယ်မှာ၊ ရေပင်ရေချလာ၊ ခရာမှုန်မင်း နှတုံဝင်းငယ်နှင့် ဆင်မင်းလာသာချည့်လေ၊ ဆင်မင်းလာသာချည့်လေး။ ။[ဆဒ္ဒန်ဆင်မင်း အဲးချင်း-အချင်း။]

(၃) ဝေဇယန္တာ နတ်ဘုံသာနှင့်၊ တူနှုန်းရာတည့်တူနှုန်းရာ၊ ဖြိုင်ရာတည့်ဖြိုင်ရာတည့် မထူးခြား၊ ရောင်ဝါ ရောင်ဝါဝင်းဝင်း၊ အခေါင်အခေါင်ချင်း၊ ထိန်ဝင်းလျှပ်ခြည်ပြာတည့်လေ၊ စံကာင်းနတ်နှယ်သာတည့်လေ၊ နှုန်းနှုန်းလွှတ်စင်၊ ဘက်တည့်ဘက်မမြင်၊ မြင်တွင်ပေါ်ထင်ဘုန်းမြတ်ထူးတည့်လေ၊ ရာဇဝင်မှာတူပင်ဘက်မရှိဘူးတည့်လေး၊ မင်းမင်းထိပ်ခေါင်ပေါ်၊ စိုးစံပျော် သက်တော်ရှည်ကြောင်း၊ပြည်သူလူအပေါင်းသံချီပျောင်းပျ တောင်းဆုယူတည့်တောင်းဆုယူ။ ။[ဂဠုန်မင်းတောင်သံ အဲးချင်း-အချင်း။]

(၄) ထံတုံ့ထံတေ့ာတုံ့ထံတော၊ ဘုံ့တံတော့၊ ထံတုံ့ထံတော၊ တုံ့ထံတေ တုံ့ထံတော၊ ဟေမအိုင်မှာ သီဟရာဇာ၊ ရေသောက်လာတည့်ရေသောက်လာ၊ ရေနေမကန်း၊ ဟန္ဒဆီးရန်း၊ မကန်းခြင်သွေ့သွေ့သွေ့၊ တွေ့မတွေ့စေကြောင်း၊ ကြူးခသံညောင်း၊ မကန်းပက်မာန်ပြေတည့်ပြေတုံ့ပြန်၊အမှန်သောက်ရလေ၏ လေ၊ ရန်လည်း ပျောက်ကြလေ၏ လေး၊ ကရဝိက်ငှက်မင်းကြူးကျော်ခြင်း၊ ကြူးသံပေး သေဘေး လွတ်ကြလေ၏လေ၊ ရန့်လည်းပျောက်ကြလေ၏လေး၊တျ့ံထံတံတေတျံ့ထံတေထံတျံ့တော၊ထံတျံ့ထံတေတုံ့ထံတော၊ထံတုံ့တော။ ။[ကရဝိက်မင်းကြူးသံအဲးချင်း-အချင်း။]

(၅) ထပ်တျာထပ်ထံပင်တျာထပ်တျာ၊ မြိုင်သာတောင်ကောင်း၊ ရွှေဥဒေါင်းငယ်မှာပင်၊ ပင်ပင်တိုင်းပျောင်း၊ နွဲ့နောင်းငဲဆင်းဝါ၊ လှတည့်လှရာမှာ၊ လှရာမှာသာငါသာလွန်ကြူးမရှိဘူးငယ်လေမရှိဘူး၊ ယည်ကြူးတွေ့လာငှက်တည့်ငှက်တကာ၊ ငှက်တကာတွင် ငါသာလွန်ဆန်းထူးချည့်လေး၊ ငှက်တကာတွင်ငါသာလွန်ဆန်းထူးချည့်လေး၊ တူတျော့ထပ်တျာတေထပ်တျာတော၊ တျောတူတေတျော၊ တူတေတျော၊ တျံ့တျံ့တျော ထပ်တျာ။ ။[ရွှေဥဒေါင်းမင်းအဲးချင်း-အချင်း။]

(၆) တျောတျံ့တျော၊ တျောတေတံတျောတေ၊ ငယ်စွာငယ်ကျေးလေး၊ စောင်းပင်စောင်းကလေးရယ်နှင့်လေ၊ ကိုယ်မွေးနီတျာ၊ပျော်ပါးရာတည့်ပျော်ပါးရာ၊ ကိုယ်တော်ယဉ်ကြူး မတွေ့ဘူးငယ်လေ မတွေ့ဘူး၊ ထူးဆန်းလှစွာ၊ ကိုယ်တည့်ကိုယ်တော်မှာ၊ ကိုယ်တော်မှာသာ၊ ငါသာလှခေါင်ကြူးတည့်လေ၊ ကိုယ်တော်မှာသာ၊ ငါသာလှခေါင်ကြူးတည့်လေး၊ ထူးဆန်းထူးဆန်းလှစွာ၊ ကိုယ်မှာမြူးကာပျံသွား၊ ဖော်ရံငှက်ပေါင်းများငယ်နှင့် ရွှင်ပါလို့၊ တူစုံစားပါလို့၊ မြူးကာပျံတည့် မြူးကာပျံ။ [စိတ္တရဂိဝါခိုမင်း အဲ့းချင်း-အချင်း။]

(၇) တျက်တျက်တူတွန်သံပေး၊ချိုသာယာဧး၊ပြောက်သေးငယ်ကိုယ်မှာမွေးတည့်မွေးစုံစွာ၊ လည်မှာမွေးစုံစွာစပ်ကျင်း၊နှုတ်သီးတည့် နှုတ်သီးစင်းငယ်နှင့်၊ ရှင်ရင်းမြတ်စွာ မိန့်တည့်မိန့်တော်လာ၊ သင့်မှာကိုယ်မွေးငါကပေးသည်တည့် ငါကပေး၊ ဆေးလေးရပ်ဝါ၊ငှက်တည့်ငှက်တကာ၊ ငှက်တကာတွင်ငါသာမွေးစုံစွာတည့်လေ၊ ငှက်တကာတွင်ငါသာမွေးစုံစွာတည့်လေး၊ ထူးဆန်းလှစွာ ငါ့ကိုယ်မှာ၊ ပြောက်စုံခြယ်လှယ်ထား၊ မြင်သူကြည့်သူများ၊ ယဉ်ရာသားနှင့်၊ ပျော်ပါးလို့၊ တောဟေမာတည့် တောဟေမာ။ ။[ခါမင်းအဲချင်း-အချင်း။]



(၈) ငုံကာငုံကာသာတည့် တောဟေမာငယ်လေ၊ထူးဆန်းလှတည့်၊ တောဟေမာ်လယ်မှာ၊ တိုပင်တို့နှစ်ပါးနေငြားပျော်ရာ၊ မြေကြီးမှာတည့် မြေကြီးမှာ၊ ဆိုရာ-တွေ့ထူးမရှိဘူးငယ်လေမရှိဘူး၊ တွေ့ထူးငယ်ရွှင်ကာ၊ ချုံတည့်ချုံသာယာတွင်၊ တပင်သွားတပင်နား၊ မကြည့်သာတည့်လေး။ မိုးသာကျကာမြူးဘွယ်သာ၊ ပျော်စကာကြူး၊ဖော်ကျွာမြူး၊ လေချိုဖြူးပါလို့၊ ဝမ်းနှုးဘွယ်တည့် ဝမ်းနှုးဘွယ်။ ။[ငုံးမင်း-အဲးချင်း။]

(၉) ဖြုန်းဖြုန်းငယ်ပျံ နှံ့တောတိုး၊ ဖြုန်းဖြုန်းငယ်ပျံ နှံ့တောတိုး၊ ဖြုန်းဖြုန်းငယ်မှပျံ ဝဲးကာပျံနှံ့တောတိုး၊ ဖြုန်းဖြုန်းငယ်မှပျံ ဝဲးကာပျံနှံ့တောတိုး၊ နှံမရယ်တင်ကောက်၊ နှာရောင်ခကောက်နှင့်၊ သူ့လင်ခိုးလေ၊ သူ့လင်ကိုခိုးပချေက အပါယ်လားစိမ့်၊ ခါစားစိမ့်လေ၊ ခါစားစိမ့်။ မုန်တိုင်းကြီး၊ မုန်တုန်းကြီးရယ်နှင့်၊ မိုးကြီးရွာပစေသား၊ လွင့်ပစေသား။ [နှံ့အဲးချင်း-အချင်း]။

(၁၀) လေးထောင်ဆောင်းသည်၊ ရှစ်သောင်းမြင့်စွာ၊ မြင်းမိုရ်ချာ၊ လေးဖြာကျွန်းကြီး လယ်တည့်လေ။ ကျွန်းကြီးအလယ်၊ လွန်တင့်တယ်သည်၊ အံ့ဘွယ် ရှုမငြီးတည့်လေး။ မြင်းမိုရ်တောင်ဖျား၊ ရွှင်ပျော်ပါး၊ သိကြားနတ်မာဃတည့်လေ။မာဃစံရာသုဓမ္မာသည်၊ သာသည့် စရပ်ကြီးတည့်လေး။ သိကြားနေရာကမ္ဗလာသည်၊ ကျောက်ဖျာ ဝါဂွမ်းကဲ့သို့လေ၊ သိကြားသည်လျှာ၊ နန္ဒာစိတြ၊ သုဇာတဟု တူကွလေးပါးပင်တည့်လေ။ မြင်းမိုရ်တောင်တွင်ကသစ်ပင်၊ ပွင့်စည်မလင်းခင်တည့်လေး။ ။[မြင်းမိုရ်ကြယ်အဲးချင်း-အချင်း။]

(၁၁) ဘုံနန်းစံခင်း၊လျှံတဝင်းဝင်း၊ထိန်ဝင်းထိန်ဝင်း၊ ဖြာချည့်လေ။ သပြေကျွန်း၊ သပြေကျွန်းရယ်တွင်၊ ထွတ်ညာတင်၊ မြန်ခွင်မြန်ခွင်ခေါင်ကျုံး၊ နှံ့အောင်ပြန့်အောင်ဖုံး၊ မြတ်ဘုန်းကြီးတေဇာ၊ နှုန်းနှုန်းဖြိုင်သာ၊ အာဏာကျော်ကြူး မှတ်ချည့်လေ၊ အထူးယဉ်ရာသာ၊ ကြူးအောင်သာ။ ကိုးပါးမျက်ခြည်ရောင်၊ လင်းလင်းထိန်ဝေမှောင်၊ ထောင်နေဝါနှင့်နှုန်းရာသင့်လေး။ လျှံဝါတွန်းပြောင်၊ နတ်ဘုံဆောင်၊ ထွတ်ခေါင်ညာစွန်း၊ ကျွန်းမြတ်စွာထင်ပေါ်ထွန်း၊ ဘက်ကျွန်းစံရာတည့် ရွှန်းဖြာဖြာလည်။ ရွှေခြည် ငွေခြည်၊ ဖလ်ခြည်အံ့ဘွယ်၊ လျှံဝါ, လျှံဝါ, ယှံ့ဝါမြဆင်းရွှေ၊ ချင်းပျော်စံရာ၊ ဝပ်ညောင်းဆင်ကာ၊ ရာဇာရှိမှ ပြားဝပ်ကာတည့်ပြားဝပ်ကာ။ ။[မြင်းမိုရ်တောင်လည်အဲးချင်း-အချင်း။]

(၁၂) ဟေဝန္တာဟု ခါပွင့်မြိုး။ ။ခဝဲးရွှေရည်ဖိုလိုဆည်း။နေသည် နေသည် တောင်ပါးသွားခဲ့ပြီလေ။ မဲ့ကြင်သူသည် ယူလှည့်လေး။ ။ကျတ္တိကာနှင့်သော်တာရောင်နှုန်း၊ တန်းဆောင်မှုန်း၊ ချမ်းတုန်းကျူပြန်ပြီ တည့်လေ။ မဲ့ကြင်သူသည် ယူလှည့်လေး။ ။ညောင်ရွှေ(၇) ခွင်ပန်း သန့်စင်၊ နှင်းတွင်ထား၍ ပွင့်ခဲ့ပြီလေ။ ။မဲ့ကြင်သူရှုလှည့်လေး။ ။နှော်ဇာရွှေစင်ပန်း၊ လျှံဝင်းဆီးနှင်းကျပြန်ခဲ့ပြီလေ။ ။မဲ့ကြင်သူသည် ယူလှည့်လေး။ ။ဆီးနှင်းမြိုင်ဝေ၊ မြောက်လေပြည်ညင်း၊ အချမ်းသွင်း ရင်တွင်းငြိမ့်ပြန်ခဲ့ပြီလေ၊ မဲ့ကြင်သူသည် ယူလှည့်လေး။ ။ခင်းနှီးထပ်ခြုံ တူမစုံမလုံရင်ဖေး ကွေးမစက်ချင်၊ မချမ်းချင်တင်ပါလှည့်လေ။ မဲ့ကြင်သူ သည် ယူလှည့်လေး။ ။ပြစ်ချည်မစွန်း၊ ဘုန်းတန်းတေဇာ၊ ရောင်ဝါ ထွန်းတင်၊ နေလုင်သို့၊ မဲ့ရှင်အရင်း၊ မဲ့ထိပ်နှင်းနှင့်၊ ချစ်ချင်းလွန်၍၊ မဲ့ကြင်သူသည် ယူလှည့်လေး။ ။[ဟေမဝန္တာအဲးချင်း-အချင်း]

အချင်းကြီးခေါ်သော အဲးချင်းစာကိုယ်များကို ပြဆိုချက် ပြီးပြီ။

---

### ၁၁၁-မေတ္တာစာ-စာကိုယ်များကို ပြဆိုချက်

### (၁) မိုးညှင်းမင်းတရားထံ ပိတူးသယ်ရာဇာသွင်းသော မေတ္တာစာ

မေတ္တာ-သြဒိဿ... နေ့ညမချာ ပို့သပါသော သမ္မာညွန့်ရှင်၊လောကနာထ၊ ဗုဒ္ဓင်္ကူရ၊ ပုရဟာသျှင်၊ ဘဝသခင်မင်းတရား။ ။ဆရာသည့် သံသရာစက်၊ ကူးထွက်လိုမှု။ ။နိဗ္ဗာန်ရွှေပြည်၊ ရောက်စိမ့်ရည်၍၊တည်ထားပြုသ၊ ကုသိုလ်အာရုံ။ ။စဆွံမိးဘား၊ ရံဆီးသားသော၊ ဘုရားစည်းခုံ၊ အလုံးစုံပြီးမြောက်ရာ၊ သာသနာအရှည်၊ တည်စေလို၄ာ၊ မြို့ရွာနယ်အဝှန်း၊ အပြွန်းပြွန်းမှ၊ မြေဆွံးရပ်ခံပါသည်... သာသနာ့ဒါယကာတော်။

လောကနာထ၊ ဗုဒ္ဓင်္ကူရ၊ ပုရဟာသျှင်၊ ဘဝသခင်၊ မင်းတရားသည်၊ ငါးစီးရှင် ပုရဟာအသျှင်၊ ဘုရင်မင်းစစ်၏ မြစ်တော်အလတ်။ ။ဥမျိုးစည်ကာ၊ အန္တယ်မှာ လွန်စွာမြတ်၍၊ ဇာတ်နွယ်ချိုးရိုး၊ တန်းခိုး ပြင်လျာ၊ ပညာကြက်သရေ၊ အောက်နှင့်အထက်၊ အချက်ချက်ကို... ဉာဏ်ညက်ကြေသည့်အတိုင်း၊ ရေမြေသခင်၊ပုရဟာသျှင် ဖြစ်တော်မူ၍၊ သူမတူတန်



သည်းခံတော်မူနိုင်သော အကြောင်းကြောင်းကား၊ မောင်းမ တကျိပ်ငါး၊ အမိပုရဟား တစ်တိုကို၊ အပြစ်မှ လွှတ်တော်မူ၍၊ စွေခေ့ငုငု၊ ဆုလပ်ပေးကာမ်းချမ်းသာ လွတ်လပ်စွာ အလိုရှိရာ နေစေခွင့်ပြုခြင်း။ ။နေပြည့်တော် တလျှောက်၊ အောက်ထက်နီးဝေး၊ ပြည်ကံကျွေးတို့တွင်၊ ကိုယ်ရှင် ကိုယ်မူ၊ နှလုံးဝမ်း မတူဘဲ၊ ပိုင်သူတဝေး၊ သခင်တို့သေးကြောင့်၊ပြည်ကံကျွေး လုပ်ရသူအမျိုးမျိုးကို၊ အဘိုးရင်းတိုင်း၊ မင်းဘဏ္ဍာတော် ထုတ်ပေးတော်မူပြီးလျှင်၊ ရွေးယူတော်မူ၍၊ ထိုသူတို့နေလိုရာရာ လွတ်လပ်စွာနေစေပြီးလျှင်၊ လင်သားများနှင့်၊ တဖျင့်တပါး၊မရှိနေစေခြင်း။ ။တလိုင်းမင်းသည်းချာ၊ မြန်မာအမိပုရဟားဖြစ်သော၊ ရှင်စောပုသည်၊ တလိုင်းပြည်သို့၊ အလိုအလျောက် ထွက်သွားရာ၊ မတားမမြစ်၊ ကောက်တကျစ်မပြု၊ လျစ်လျူရှုပြီးလျှင်၊ သည်းခံတော်မူခြင်း။ ။အမိပုရဟားတို့မယ်သည်၊ မစည်တရစ်၊ ပြောဆိုပြုမူလျက်၊ အမျက်မရှေး၊ ကျွေးမွေးပေးကာမ်း၊ နန်းတော်အတွင်း ဆောင်ယူ၍ ကြည်ဖြူစွာချီးမြှင့်ထားခြင်း တည်းဟူသော သည်းခံတော်မူခြင်း။ ။တိုင်းသားပြည်သူ ရှင်လူသတ္တဝါ ချမ်းသာမည့်အရေးကို၊ မြော်တွေးငဲ့ကွက်တော်မူပြီးလျှင်၊ ဘဝသခင်ပုရဟာ့အသျှင်၊ တိုင်းပြည်နန်းထီးစည်းစိမ်အသက်ကို၊ ငဲ့ကွက်မသာ ကမ္ဘာကြေခန်းသော်လည်း၊ ဥဒါန်း မကျေဖြစ်စေခြင်း၄ာ၊ မင်းသာမန်တို့ မကြံနိုင်သော အကြံကြီးကို၊ အဘြိုးဘြိုး ပြီးမြောက်အောင်၊ ဆောင်ရွက်တော်မူဆဲ ရှိခြင်းစသောအားဖြင့်၊ မင်းကျင့်တရား အဝဝ၊ ပုညသမ္ဘာရ၊ အစ္ဆရိယအဟောဝတ၊နာယကဂုဏ် ပြည့်စုံတော်မူပေ၍၊ မွေသရိဝေတ် ကိန်းဝပ်တော်မူရန်၊ အတန်တန်သောစေတီ ရွှေကျောင်း၊ ဥမင်ဂူပေါင်း၊ ခေါင်းလောင်းတံခွန်၊ စဆွံတန်တား များစွာမကန်၊ အဘန်ဘန်ပြုစုတော်မူပြီးလျှင်၊ ဝဏ္ဏကံမိုးမြေ၊ အထွေထွေအချီချီ၊ ဒါနပတိသခင် ဘဝရှင်ဖြစ်တော်မူခြင်းဂုဏ်၊ အလုံးစုံကုံလုံပြည့်ဝပါသည်၊ သည့်မှထပ်ခါ၊ သာသနာတော်အရှည်တည်ရန် ထပ်မံ ကုသိုလ်တော်တမျိုး တိုးပွားတော်မူစေခြင်း၄ာ၊ ဆရာ၏ စည်းခုံကြီးသို့၊ အညောင်းတော်ဆန့်၍၊ ကြည်ညိုတော်မူရန်နှင့် ဝဏ္ဏကံမြေလှူရန်၊ မေတ္တာရပ်ခံပါသည်....လောကနာထ၊ ဗုဒ္ဓင်္ကူရ၊ ပုရဟာသျှင်၊ ဘဝသခင်မင်းတရား။

မိုးညှင်းမင်းတရားထံ ပိတူးသယ်ရာဇာသွင်းသော မေတ္တာစာ ပြီးပြီ။

---

## ၂–ရှင်မဟာသီလဝံသက ဒုတိယမင်းခေါင်ထံသွင်းသော မေတ္တာစာ

အဉ်ဂါရိကညာဏသမ္ဘယောဂေါ၊ သောမနဿိဇော၊ တက်ပြောဝိထိ၊ သတိဇောစိတ်၊ ပဋိဃာသန္ဓေ၊ စယူတွေ့ဖြင့်၊ လှည့်တွေ့မပြတ်၊ ချားရဟတ်သို့၊ ဥပါဒ်ဋ္ဌီဘင်၊ ဘဝင်သန္တာန်၊ ချုပ်ပြန်ကာကာ၊ တဒါရမ္မဏ၊ ဝုဋ္ဌောစသား၊ နယသတိ၊ ဇောဝိထိဖြင့်၊ နှံ့သိစွန်းခိုင်၊ ဂုဏ်မျိုးလှိုင်သည်၊ ဆွယ်ပြိုင်နိုင်းရှုံး၊ စောရန်ကဲ့။ ။အံ့အဲ့စွမ်းကုန်၊ ပြင်းအဟုန်ဖြင့်၊ ဂဠုန်မင်းအား၊ နဂါးတခု၊ ဒိဿာယုဖြင့်၊ သေလုဘနန်း၊ ကြောက်လှလွန်း၍၊ ထိုသည့်နေ့ဝယ်၊ ရသေ့ဝတ်စား၊ လျှော်တေ ကြားဝယ်၊ ပတ္တမြားအသွင်၊ ပုန်းသည်မြင်သော်၊ ဘမ်းချင်လှလျက်၊ ၄က်ဂဠုန်မင်း၊ ကြည်ညွတ်ခြင်းဖြင့်၊ ရှင်းရှင်းဘေးမဲ့၊ လွှတ်သကဲ့သို့၊ ငါတို့တကာ၊ သဒ္ဓါရှေးရှု၊ ကြည်ညိုမူကား၊ ဤသူငါ့ကို၊ မှီခိုလာကျူး၊ မစိုးမရိမ်၊ ကြောင့်ကြငြိမ်၍၊ တကြိမ်ရွှေဖူး၊ ငါ့စာကြားက၊ ပြစ်မှားသည့်တိ၊ တောင်ရှိရှိလည်း၊ မစိမစစ်၊ မတစ်မတော၊ အဆောတလျင်၊ လွတ်အံ့ထင်စွ၊ သို့စင်မိန့်တော်၊ မူဘိသော်ကား၊ ရှင်ပေါ်ရှင်လွှင်၊ အမှတ်ထင်၍၊ ဆိုအင်မတက်၊ ရှက်ဘနန်းတိ၊ ရဟန်းတကာ၊ ကဲ့ရဲ့ရှာလိမ့်၊ ငါ့မှာနိုးနွယ်၊ ငါ့ဝယ်မှီခို၊ ငါ့ကိုလည်းအပ်၊ ငါနှင့်စပ်၍၊ ထက်ကြပ်ငါ့တွင်၊ ခိုဝင်ပါလှာ၊ သော့ကြောင့်သာလျှင်၊ မေတ္တာစာခွေ၊ ဆက်သောထွေကို၊ ရေမြေသခင်၊ ရွှေနန်းရှင်သည်....အလျင်မျက်တော်ပြေစေသောဝ်။ ။[ဝသတ်ခြင်းကို၊ အသံရှည်ရှည် ဖတ်ရသည်။ သား သော,သ,သည်–များကိုအသံတိုတိုဘတ်ရသည်။]

ထိုဒုတိယ မင်းခေါင်သည် ရတနာသုံးပါးကို ကြည်ညို လေးမြတ်သည်၊ ကဗျာလင်္ကာကိုလည်း လေ့လာတတ်မြောက်သည်၊ ရှင်ရဋ္ဌသာရ ရှင်သီလဝံသနှစ်ပါးကို မပြတ်နန်းတော်သို့ ပင့်ဘိတ်လှူဒါန်းကျွေးမွေး ဆွေးနွေး တော်မူလေ့ရှိသည်၊ ရတနာဗိမာန်ကျောင်းမှာ ဆရာတော်လစ်လပ်ခိုက်တွင် တောင်တွင်းကြီးမှရောက်လာသော ရှင်သီလဝံသကို ထိုရတနာဗိမာန်တွင် သီတင်းသုံးစေရန် တောင်းပန်တင်လှူသည်၊ အခြား ဆရာတော်များကိုလည်း၊ ပစ္စည်း ၄–ပါး ဒါယကာခံ၍၊ ကိုးကွယ်တော်မူသည်။ များသောအားဖြင့် ရှင်ရဋ္ဌသာရနှင့် ရှင်သီလဝံသနှစ်ပါးကသာ မေတ္တာစာမကြာမကြာသွင်းလေ့ရှိသည်။ရှင်ရဋ္ဌသာရသွင်းသော



မေတ္တာစာများတွင် အသဉ်ါရိက– အစချီသော မေတ္တာစာလည်းပါသည်။ ထိုမေတ္တာစာမှာ လင်္ကာသုံးပိုဒ်ရှိသည်။ ရာဇနီတိလာအကြောင်းအရာကိုစပ်ဆိုသည်။ ရှင်သီလဝံသသွင်းသော အသဉ်ါရိက–အစချီသော မေတ္တာစာမှာ ဆရာတော်တူတော် သုနန္ဒသူရိယကို အမျက်တော်ရှိခြင်းမှ လွှတ်ကင်းချမ်းသာစေရန် ဇာတ်စည် ၁၅၄–မြောက် ဒုကနိပါတ် ၃၇၈–ဇာတ်ကို ဥဒါဟရဏ်ဆောင်တော်မူသည်၊ ရှင်သီလဝံသ တူတော်ကို အပြစ်မှ ချမ်းသာစေသည့်ပြင် ရွှေလည်း ၁–ပိဿာ ပူဇော်တော်မူသည်ဟူ၍ အမှတ်အသားရှိသည်။ ရှင်မဟာရဋ္ဌသာရသွင်းသောမေတ္တာစာ သုံးပိုဒ်ကို ၃–မှတ် မေတ္တာ ၃–ပိုဒ်တွင် ကြည့်။

ရှင်မဟာသီလဝံသက ဒုတိယမင်းခေါင်ထံသွင်းသော
မေတ္တာစာ ပြီးပြီ။

---

## ၃–ရှင်မဟာရဋ္ဌသာရ စပ်ဆိုရင်းနှင့် အတွင်းပိဋကတ်နာထဆရာတော်က ထပ်၍အဝစနေမင်းထံသွင်းသောမေတ္တာစာ

အတွင်းပိဋကတ်နာထ ဆရာတော် မေတ္တာစာ သွင်းသည်၊ မဟာဓမ္မရာဇ်....ရှေးဘေးလောင်းတော်၊ ဒုတိယမင်းခေါင်လက်ထက် စစ်ကိုင်းဆိပ်၊ စံကျောင်းနိုက် သီတင်းသုံးသော ရှင်မဟာရဋ္ဌသာရ သွင်းအပ်သော မင်းတို့နှင့်လျော်သော မေတ္တာစာကို ဆရာတော်ထပ်၍ သွင်းသည် မဟာဓမ္မရာဇ်။ ။[ပိဋကတ်နာထဆရာတော်သွင်းစာအချိုဒ်]။

(က) အသဉ်ါရိကသမ္ဘယော၊တက်ပြောဇဝနှ၊ကျဘိဘဝင်၊ ဖြစ်လျှင်တည်ပျက်၊ လျှပ်ဘပြက်ဝယ်၊ ချင့်တွက်ကုဋေ၊ တသိန်းနေလျှင်၊ ချုပ်တွေအမြဲ၊ စိတ်ထဲးကြည်စွာ၊ စေတနာဖြင့်၊ မေတ္တာသြဒိဿ၊ ကြေးမုံပြလျက်၊ ရူပဆင်းလျော်၊ မျက်နှာတော်ကို၊ မနော်ဒွါရ၊ နိစ္စလေ့ကျက်၊ ကသိုဏ်းသွက်သို့၊ ပြက်ပြက်လည်းထင်၊ အာရုံမြင်က၊ နှံ့ရှင်လှိုင်ကြူ၊ ကိုယ်တော်ဟူသား၊ မဥ္ဇူကျော်ထင်၊ နှတ်ပန်းပင်ကား၊ ညွှန့်ရှင်ခက်ဖြာ၊ နှစ်တရာလျှင်၊ ခန္ဓာနိကာယ်၊ သက်တော်ကြွယ်၍၊ အောင်လွယ်စိမ့်သော၊ ဇမ္ဗူကြောဝယ်၊ မုနောတင့်ကြောင်း၊ သွန်းလောင်းနဝတတ်၊ မြွန်မှလွှတ်သည်၊ ဖြန်းဆွတ်ရေချမ်း၊ မေတ္တာမွှမ်းလျက်၊ နှစ်သက် ဝမ်းမြောက်၊ နားတော်လျှောက်သော၊ မဟာဓမ္မရာဇ်မင်းကြီး။ ။ပြည်ကြီးသနင်း၊

မင်းတို့ဓလေ့၊ ခြသေ့်အားလှိုင်း၊ ကျင့်ပုံခိုင်းလျက်၊ ဥဇျိုင်း ကျင့်ခင်း၊ ငြိမ်သက်ခြင်းဖြင့်၊ သွားနင်းအသာ၊ ငါးကိုရှာသို့၊ ရေးရာမြော်ရှု၊ အမှုကြီးငယ်၊ တိုင်ပင်ဘွယ်နှိုက်၊ ဥပါယ်တမည်၊ ကိုးကွယ်ရှဉ့်လျှင်၊ ရှေးစဉ်ကျင့်ရိုး၊ ထုံးရိုးနည်းခိုင်း၊ စွမ်းနိုင်တိုင်းလျက်၊ အားသိုင်း ကြိုးကုတ်၊ သမုဒ်မြစ်ရေ၊ ခန်းစိမ့်ထွေဖြင့်၊ သွန်းလေတုံထ၊ ရှဉ့်သားရသို့။ ။လှုံလသောင်သာ၊ ပြုအပ်ရာသောအကြောင်းတို့ကို၊ သိတော်မူစေချင်လှသော။

(ခ) ညခါညခါ၊ *အဝါမတက်၊ အခိုးထွက်၍၊ နံနက်မိုးသောက်၊ လင်းစေမြောက်သော်၊ အထောက်အလျှံ၊ မည်းစေအောင်၊ ပြောင်ပြောင်ထွန်းလျက်၊ ညည့်*သန်နက်တွင်၊ အိပ်စက်နည်းစွာ၊ နိုးကြားရာကား၊ သက်ာန္တံစိုး၊ မြေပျောက်နိုး၍၊ မိုးမသောက်သန္တေ၊ မပျော်မွေ့တည့်၊ အလေ့အကျက်၊ သစ်ပင်ထက်က၊ ဆင်းသက်စာတမ်း၊ မျောက်မြေစမ်းသို့၊ နှုန်းငြမ်းအောင်မျှ၊ မင်းကောင်းတို့သည်၊ ညဘို့အပြား၊ ယာမ်သုံးပါးနှိုက်၊ ရာပိုက်မှုပျော်၊ စက်တော်ခေါ်မြဲ၊ ကြက်ဥထဲကား၊ နိုးမြဲဓလေ့၊ ကြပတေ့ဖြင့်၊ မမေ့မကျန်၊ ပြည်ကြီးဝန်ကို၊ ကြိမ်ဘန်များစွာ၊ ကြံစည်ရာသောအကြောင်းတို့ကိုလည်း၊ သိစေချင်လှသော။

(ဂ) ပင်လုံးချွတ်(?ကျွတ်)လျှင်၊ နီတွတ်လှတင့်၊ အပွင့်ရဲရဲ၊ ပေါက်ထဲကျေးနေ၊ သိခဲထွေဖြင့်၊ မိုးခြေတိမ်သွင်၊ ဥတွင်ကြက်ငယ်၊ လျှော်ရောင်ဝယ်၌၊ ခြည်သွယ်သေးဘွဲ့၊ ပုလဲလုံးညီ၊ သီသော်ခဲ၏၊ နက်နဲဆွေးနွေး၊ ပြည်ထဲရေးကို၊ ဆွေးနွေးထောက်၍၊ မမေ့မလျော့၊ မပေါ့မလေး၊ မနှေးမလျင်၊ မြော်မြင်အရေး၊ အတွေးအခေါ်၊ အမျှော်အတင်း၊ လုပ်ကြံပြင်းလျက်၊ သူချင်းသိလို၊ သူလျှိုစေစမ်း၊ ပေးကမ်းဘော်ခွဲ၊ ခဲသော်ကားဆို၊ တိုသော်ကားဖြတ်၊ ရစ်ပတ်ရှည်ဆက်၊ မျက်ထွက်ကားနည်း၊ သည်းခံကားများ၊ စားသော်အတန်၊ ပေးဟန်အလွန်၊ ဝေဘန်အင၊ ပြင်းပြအမျက်၊ ထွက်လသောခါ၊ ပညာချွန်အုပ်၊ ဆုပ်သော် ဖရိဖရဲ၊ ကြဲသော်တထွေးလုံးလုံး၊ ကျင့်သုံးရမည်၊ သက်ရှည် လေဘက်၊ ရပ်လျက်ခေါ်ကြည့်၊ ပုံချည့်လာချုပ်၊ စိုးအုပ်မိမိုင်း၊ ပြည်ကြီးတိုင်းကို၊ နေ့တိုင်းမမေ့၊ ကြုလေ့ထမ်းလျက်၊ ကျင့်ဘမ်းမမေ့၊ အဓလေ့ဖြင့်၊ ညံ့မွေ

* ပထမယာမ်ကို ည၊ ဒုတိယယာမ်ကိုသန်းကောင်၊ တတိယယာမ်ကို ညဉ့်ခေါ်သည်။



ဝါဂွမ်း၊ ကြွမ်းသော် သံယောင်၊ ပြည်ထောင်မိတ်ပူး၊ ပျားလူးနှုတ်ချို၊ မိန္ဒိုဆိုညှင်းပြု၊ စေကြုသဝန်၊ တမာန်ခေါင်ဖျား၊မင်းတပါးအား၊ စကားစပ်နှံ၊ ခြောမံကျွန်းငင်၊ တက်တင်မောင်းနှင်း၊ အချင်း ၃-ပါး၊ ဤနည်းများကို၊ မှတ်သားတော်ခြင်း၊ နှလုံးသွင်း၍၊ ညံ့ပြင်းလျော့လျား၊ တပါးပါးဖြင့်... တံတားမှာစာ၊ စေလိုက်ရာသောအကြောင်းကိုလည်း၊ သိတော်မူစေချင်လှသော။ ။(ရှင်မဟာရဋ္ဌသာရ မူလစာကိုယ် ၃-ပိုဒ် ပြီးပြီ။)။ ။ဟူသော အကြောင်းတို့ကို သွင်းသော အခြင်းအရာတို့ကို မဟာဓမ္မရာဇ်အား ဆင့်ပွား၍ မှတ်သားတော် မူစေခြင်းငှါ ထပ်၍ မေတ္တာစာသွင်းသည် မဟာမဓမ္မရာဇ်မင်းမြတ်။ [ပိဋကတ်နာထ ဆရာတော် သွင်းစာအချ။]

အသင်္ခါရိကအစချီသော မေတ္တာစာ ၂-မျိုးမှာပေစာမူပုရပိုက်မူများတွင် အမှတ်အသား ကွဲပြားကြသည်။ ကွဲပုံမှာ အချို့က အသင်္ခါရိကအစချီသောမေတ္တာစာလက်ာတပုဒ်တည်းကို ရှင်ရဋ္ဌသာရရေးသားသည်ဟု မှတ်ထားကြသည်။ အချို့က အစပိုဒ်တွင် အသင်္ခါရိက အစချီသော မေတ္တာစာ ၃-ပိုဒ်ကို သျှင်သီလဝံသ ရေးသားသည်ဟုမှတ်ထားကြသည်။ သို့ရာတွင် အတွင်းပိဋကတ်နာထဆရာတော်က အသင်္ခါရိကအစချီသော မေတ္တာစာ ၃-ပိုဒ်ကို ရှင်မဟာရဋ္ဌသာရက ဒုတိယ မင်းခေါင်ထံ သွင်းသောမေတ္တာစာဟူ၍ ရေးသားထားသည်မှာ ခိုင်မာပေသည်ဟူ၍ ဆရာကျော် ဆရာမြတ်တို့ အမှတ်ပြုတော်မူကြသည်။ ခိုင်မာပုံကား-ရှင်ရဋ္ဌသာရတူမှာ ရာဇဝတ်မှုမဖြစ်ဘူးပဲ ရှင်သီလဝံသတူမှာသာ ရာဇဝတ်မှုဖြစ်ဘူးခြင်းပင်တည်း။

ရှင်မဟာရဋ္ဌသာရ စပ်ဆိုရင်းနှင့် အတွင်းပိဋကတ်နာထ ဆရာတော်က
ထပ်၍သွင်းသော မေတ္တာစာ ပြီးပြီ။

---

## (၄) မောင်ရွှန်းက ဦးဖြေကိုပေးသော ပဟေဠိပုစ္ဆာ မေတ္တာစာ

ယခမောက်လျက်ရှေးဦး၊ တထူးကိုထောင်သည်၊ မွန်းရှောင်ကစကား၊ ကြားလိုက်သည် မောင်ဖြေ....ဇမ္ဗူညွန့်ဝေ၊ သပြေပင်ရိပ်၊ ကျွန်းဦးထိပ်ဝယ်၊ အတိသာရ၊ ဉာဏကဝိန်၊ သုခမိန်တို့၊ စိတ်ဆုခြွေ၊ တည်ကြည်သဖြင့်၊ ဆွဲးဝေပြသ၊ ထုံးစင်ချခဲ့သည့်၊ ဓားမဦးကုတ်၊ တပိဿာဝယ်၊ ကိုးဆယ်

ယုတ်၍၊ ခုတ်၍ပွဲသည်၊ ရယ်ဘွယ်အတိ၊ တဆယ်ရှိသတဲ့၊ ညာဏ်ချိ၍ ကျင်း၊ သည်အခင်းကို၊ အကြွင်းဘဲ့လောက်၊ မေးထုံးပေါက်၍၊ လျှောက်လိုက်စမ်းပါ၊ ကျွန်ုပ်မှာလည်း၊ ဆရာကမေး၊ သည့်အရေးကြောင့်၊ မျှော်တွေးယူဆ၊ ကြံမရ၍၊ မေးရပါသည်၊ ကြံစည်စိမ့်ဆင်၊ မပြုအပ်သည်၊ အကတ်ရှာ၍ မေးလှာသည်၊ စိတ်ရည်ဖွေရှာ၊ မထင်ပါနှင့်၊ ကျောင်းတကာ-မောင်ဖြေ၊ တောင်ရပ်နေ။

၎င်းစာတွင် ယမှောက်လျက် ရှေးဦးဆိုရာ၌ ယ,ကိုမှောက်လျှင် "က" ဖြစ်သည်၊ တကူးထောင်ဆိုရာ၌ ထကူးကိုထောင်လျှင် "ဝိ"ဖြစ်သည်။ ဤနှစ်ရပ်ကိုပေါင်းစပ်သော် ကဝိ—ဖြစ်၏ ဆိုလိုသည်။ မွန်းရှောင်ဆိုရာ၌ မောင်ရွှန်းဟု စကားလိမ်ပြုလည်း။)

မောင်ရွှန်းက ဦးဖြေကိုပေးသော ပဟေဠိပုစ္ဆာ မေတ္တာစာ ပြီးပြီ။

---

## (၅) မောင်ရွှန်းအမေးကို ဦးဖြေက တဆင့်မေးမြန်းရာ မဖြေနိုင်၍ လက်လျှော့ကြောင်းကို မုံရွေးဆရာတော်က ပြန်ကြားသော မေတ္တာစာ

၎င်းပုစ္ဆာနှင့် ဦးရွှန်းက မုံရွေးတောင်ရပ်နေ ကျောင်းတကာဦးဖြေကို မေးရာ ၎င်းကျောင်းတကာဦးဖြေကလည်း ဤပုစ္ဆာလင်္ကာကို မုံရွေးဇေတဝန်ဆရာတော်အား ပြန်၍ တဆင့်မေးမြန်းသည်၊ မုံရွေးဇေတဝန်ဆရာတော်က လက်လျှော့ကြောင်း ပြန်လိုက်သည့် မေတ္တာစာကား···

ရေထဲမှာကျက်စားသည့် ငါးဟုတ်ပဲးကို၊ ငါးဆိုသည့်တမျိုး၊ ငါးရိုး တူတာဝ၊ ဂ-ဟုတ်ပဲးနှင့် ဂ-နှင့်တူအောင် ဆောင်ကြသည် တကြောင်း၊ ပေါင်းအနောတတ်၊ ရေမြတ်ကိုရှေ့ထား၍၊ ကြားလိုက်သည်မောင်ဖြေ-မဟာသမုဒ္ဒြာအနေ၊ ရေဆိပ်ကမ်းဆိပ်အစွန်းဝယ်၊ ပေါ်ထွန်းကြသော၊ လင်္ကာဒီပ၊ အမည်ရသည့်၊ သီဟဠသိဿိုရ်၊ မာတရိပိသပိုး၊ ကာမရိ သတိုးဟို၊ ထိုပရိပါရိ၊ အိသကပ်သံလံ၊ နာဂပဏ္ဏံ၊ ဂိရိလန်၊ လာပလံ၊ အကာရသေလံ၊ မိုသပိလံ၊ နာရသောဏ္ဏံ၊ ရဝေဟာသံ၊ တံပြေတိရိယာ၊ တော်ရနာ၊ ပိုပနာ၊ ဟတ်၊ ပါဝိလွန်အိုရမွတ်၊ ပရံပွတ်ကရစ်မို၊ ပြယ်တိုအစ်၊ တိုလာဠာသပြစ်၊ တံစစ်နံကျည်၊ ဦးတည်ပွား၊ ပိကျည်၊ ရေကာတ၊ ရိသေည်၊ ဂတ်တေည်ပါရာ၊ အီတင်ပါရာ၊ သံမာ၊ အာရဘံ၊ ဤသကျိတ်၊



လော်တရံ၊ ကံနစာ၊ အိသာပဏ္ဏံ၊ ဇိနပေါဏ္ဏံ၊ ပလောပိနံ၊ မန်အောင်မော်ကာ၊ ဆလင်လက္ခံဒါ၊ မာလာဘစ်ဂရိတ်၊ ဟိုင်းကြီး မာသံလိတ်၊ အင်္ဂလိပ်မာသကတ်၊ တူရိပ်ရှပ်၊ အော်လံတော၊ ပသိ၊ ကပ္ပလိ၊ မိုသကျိ၊ မွန်ဇလိ၊ မာလကာ၊ အာလိပ်သံတရာ၊ မကာအာရသိ။ ။ဤသို့အစဥ္ဓာနီကိုဖွဲ့မို၍ နေ့ကြသည့်အခန်းခန်း၊ ကျွန်းငယ်လည်းအသီးသီး၊ ကျွန်းကြီးလည်းအရပ်ရပ်၊ ကျွန်းလတ်လည်းအစိစိ၊ ဤသူတို့၏ နှစ်လို့မှတ်သား၊ ရေးထားကြသည့်အရာမှာ၊ အက္ခရာမျိုးအလီလီ၊ နာဂရီ၊ တာဂရီ၊ ဗင်္ဂလီကူဒက္ခ၊ သက္ကတမျိုးအခန်းခန်း၊ ဒူးဂဏန်း၊ ကျေးဂဏန်း၊ မီးထွန်းမှောင်စာ၊ ရေစား ကျောက်စာ၊ ဖတ်ရာသည်အကွဲးကွဲး၊ ပိတုန်းပျံဝဲး၊ မုဏ္ဍာရွဲး၊ ဝါးခွဲးရင်ဇော့၊ ခြင်ဆော့လည်ပြန်၊ ခပ်ဟန်နရည်း၊ ထုံးနည်းပြဖြေ၊ ငပြေတက်သက်၊ ပြန်ကာဘက်၊ ကြံခက်ခဲးဟန်၊ သုဝဏ္ဏလိပ်၊ တံဆိပ်ပြဖော်၊ မနော်ဟရာ၊ ဖတ်ရာသည်နည်း၊ ကလပ်နည်း၊ ဆန်းတွက်၊ ဝိဒက်ဒဏ္ဍီ၊ အလီလီအဖြာဖြာ၊ သဒ္ဒါပါဠိပုဒ်၊ ရပ်တွက်မျိုး အနည်းနည်း၊ နေဓဏ္ဍိနည်းအဝဝ၊ ပရမတ်အရတို့နှင့်ချသော်လည်း၊ ရဟန်ပင်မရှိ၊ ထုံးမမိသောကြောင့် ဝိဝိဝါးဝါး မကြံပြီ၊ ဂန္ထီရညာဏ်တို့၏ ကျက်စားပျော်ပါးရာ၊ အာရုံအာရမ္မဏ်ကပင်မဟုတ်၊ တုတ်တုတ်ကယ် ကြံသည်မှာ၊ ဤသည်စာ၏ ရာအရပ်ကပင်၊ ရေခပ်ဝါကောက်၊ ပေါင်းပေါက်မြေတူး၊ ဟင်းရွက်ချူး၊ စိတ်ကူးစာလုပ်၊ ပျိုးနုတ်ကောက်စိုက်၊ မြင်းလိုက်နွားကျောင်း၊ ထမင်းတောင်းတို့၊ လမ်းကောင်းမရှောက်၊ လမ်းကောက်သွားကဗျာ၊ လုပ်သည့်စာဟု၊ ပညာနှင့်ကြံဆ၍၊ ဆရာစိတ်တွင်၊ အထင်ရှိသော်လည်း၊ သိလိုသူမေးသည်ကို ကြာနှေး၍မနေ၊ ဖြေရအောင်ပင်၊ စိတ်ကရွှင်လျက်၊ နေ့ဝင်ချိန်နေထွက်ခါ၊ တောလာတောပြန်၊ ဟင်းရွက်ခူးကောက်စိုက်ပြန်၊ ဆိုသူတို့အသံကို၊ နားခံဦးမည်၊ စိတ်ရည်ရှိ၏၊ စိန္တိတံပိဘာဝိသဿတိ၊ ပါဠိနှင့်မဆံ၊ ကြံသာကြံ၍၊ စာပြန်စာကျက်၊ ဝတ်တက်ရှိခိုး၊ ပုထိုးမှတ်ဝင်၊ သုတ်သင်တံမြက်၊ စာတက်စာပြော၊ စာဟောနည်းညွှန်း၊ ကမ္မဋ္ဌာန်းဘာဝနာ၊ မေတ္တာပို့သွန်း၊ ရွတ်စီးဖြန်းလျက်၊ ရဟန်းအိပ်မွေ့၊ ဆံတသွေ့မျှ၊ မမေ့စရာ၊ နေ့နှင့်ည ကာလကုံ၍၊ လိုရုံသို့မကျ၊ ရှိလေရခဲ့၊ ခုပြသည်ပုစ္ဆာ၊ အက္ခရာသေး၊ ခြောက်ကြောင်း ရေးနှင့်၊ မေးလောက်သည့်သူမှာ၊ အလွယ်ပါကို၊ ဆရာတုန်းပို၊ တက္ကသိုလ်ကမျှ ကြံမရပဲး၊ ရှိရသည့်အရာကို၊ ပမာခင်းသော်၊ သားရင်းမြတ်စွာ၊ ရာဟုလာသည်၊ မြတ်စွာဘုရား၊ သွားလာသည့်ကုဋီမှာ၊ ခိုမှီ၍အိပ်ရ၊ ထိုကာလ

ဝယ်၊ စိတ်တော်ကလျစ်လျူ ရှိတော်မူသောကြောင့်၊ တယူမရှိ၊ ချစ်ဝိတိနှင့်၊ ရှိရလေခြင်း၊ သတင်းစကား၊ ကြား၍မဖွယ်၊ သပ္ပါယ်သည်မရှိ၊ သာရိပုတ္တရာ၊ ရာဟုလာသက်ဝေ၊ အိပ်နေရာကို၊ သိပါ၏လော၊ မေးသောကာလ၊ အာကာသပမာ၊ ဉာဏ်ကျယ်စွာလျက်၊ လကျာရံပဏ္ဍိတ်မသိ၍၊ နဇာနာမိဘန္တေ၊ ဆိုလေဘူးဟန်၊ ပုဂံ မင်းခေတ်တွင်၊ ငှက်ပစ်တောင်ဆရာ၊ ဂေါခါဝရထေရ်မြတ်၊ ပိဋကတ်သုံးပုံ၊ ငုံနိုင်သည့်ဆရာဝယ်၊ သူငယ်တယောက်၊ တက်၍လျှောက်သည့်အနေမှာ၊ ဇော်ဆေသတိရက်တေဟောတိ၊ သိပါစမ့်ဘုရား၊ သည်စကားကို၊ ထေရ်များဆိမိး၊ ဉာဏ်ကြီးသည့်ဆရာ၊ ကြံပါ၏မရ။ ။ရှင်ရဋ္ဌသာရ၊ ကျော်လှသည်ကျမ်းတတ်၊ ဘူရိဒတ်ကို စာစပ်သည့် အတွင်းတွင်၊ သီတင်းသုံးတယောက်၊ တက်၍လျှောက်၏၊ လျှောက်သည့်အရမှာ၊ ညီလှအရိပ်၊ မျက်မှိတ်သည့်အရာ၊ ဝဲယာဖြစ်မည်၊ သို့လျှောက်သည်ကို၊ နားမလည်သောကြောင့်၊ ဗိုင်းဝါနှင့်ဆောင့်သည်နှယ်၊ ရင်အောင့်ချေပြီ၊ အနေကတ်လှချည့်၊ ဆိုရသည့်ပုံလို၊ သီဟိုဠ်ကူးဗုဒ္ဓဒတ်၊ ပိဋကတ်စာ၊ ကူးမည့်အခါတွင်၊ လင်္ကာဒီပအနေ၊ သာမဏေတယောက်၊ လျှောက်လှာဟန်မူ၊ တဝုန္တံလောတမံကို၊ ကျမ်းဂန်နှင့်အညီ၊ ဆဋ္ဌီအနက်၊ ဝိဘတ်ထွက်အောင်၊ အနက်ဖွင့်ပါဆိုသောခါလည်း၊ ကြံပါ၏မရ၊ ရှေးကသာမဏေ၊ လှေထိုး၍ကုန်သွား၊ သည်စကားတွင်၊ တရားတတ်၊ ကျမ်းတတ်၊ ထေရ်မြတ်ဆရာ၊ ကမ်းထိပ်ညာက၊ မောင်သာမဏေ၊ စာပေမတတ်၊ ကုန်မပြုအပ်၊ မိန့်တည့်လတ်သော်၊ ဇာတ်တွင်အစ၊ တေမိရတွင်၊ ခနဝသံသုပါဌ်စုအနေတွင်၊ ဝေသန္တရာ၏ အရသည်၊ ဒြပ်ဂုဏ်ကြိယာ၊ ဤသုံးဖြာတွင်၊ ဘယ်မှာနေမည်၊ မေးလိုက်သည်ကို၊ မထေရ်ဘုန်းဝေ၊ မဖြေနိုင်ရှိဘူးဟန်။ ပုဂံရွှေပြည်၊ ကောင်းသည်ကာလ၊ တကာမတယောက်ထံ၊ ဆိခံသည့်အခန်းတွင်။ ။ဂွမ်းဖတ်သည်အနေမို့၊ သာမဏေ မောင်လှ၊ ဂွမ်းဖြူစွတဆုပ်ကို၊ ရုပ်တွက်စမ်းပါ၊ ဆိုသောခါလည်း၊ သာမဏေကြံမရ၊ ရှိရဘူးဟန်၊ ထိုပုဂံတွင်၊ သင်္ဃသင်မောင်ရှင်ကို၊ လမ်းတွင်သူငယ်မ၊ နေရာကထ၍၊ အိုဘုရားနားခံ၊ ဇံပုတ္တေကိုးပုဒ်ပြေအောင်ဖြတ်ပါ၊ ဆိုသောခါလည်း၊ ကြံပါ၏မရ၊ ပဏ္ဍိတအကျော်၊ မဟော်သဓာ၊ လောင်းပွင့်လျာကို၊ ရာဇာရန်နှိပ်၊ ခွေးနှင့်ဆိတ်တို့၊ မိတ်ဖွဲ့သည့်အရေး၊ မေးသောကာလ၊ ကြံမရ၍၊ နက်ဖြန်မှ ဖြေရမည့်၊ ဆိုရသည့်အလား၊ စကားနှင့်လျော်စွာ၊ ကျောင်းတကာမောင်ဖြေ၊ မေးလေသမျှ၊ အဝဝကို၊ အစ



ဖော်ထုတ်၊ အမြစ်နုတ်လျက်၊ လောကုတ္တရ၊ ဓမ္မပြဿနာ၊ အရာရာကို၊ ဖြေပါနိုင်လျက်၊ လမ်းသို့ထွက်၍၊ မြက်ရိတ်ထင်းခုတ်၊ ပျိုးနုတ်နွားကျောင်း ထမင်းတောင်းတို့၊ သောင်းပြောင်းထွေးရစ်၊ ဟစ်လိုက်သည့်အရာ၊ သည်တခါမူ၊ ဆရာလက်လျှော့၊ စိတ်ချတော့မည်၊ နောင်သောအခါ၊ သည့်နှယ်စာကို၊ ဆရာကိုမလျှောက်၊ ဉာဏ်နှင့်လှောက်၍၊ ထောက်ထားစေချင်သည်....ကျောင်းတကာမောင်ဖြေ–တောင်ရပ်နေ။

မောင်ရွှန်းအမေးကို ဦးဖြေကတဆင့်မေးပြန်ရာ မဖြေနိုင်၍,
လက်လျှော့ကြောင်းကို မုံရွေးဆရာတော်က
ပြန်ကြားသော မေတ္တာစာ ပြီးပြီ။

---

## (၆) မမခင်ကြီးကရေး၍ ရင်းမောင်ထံ ပေးပို့လိုက်သော မေတ္တာစာ

ယုဂန်ကြဲငှန်း၊ ဆဲ့နှစ်ခန်းမှာ၊ နန်းသီတဂူ၊ ငွေကြူပတ္တမြား၊ ယန္တရား၊ ယုန်ရထားစက်၊ သုံးချက်ဝိထိ၊ ဂတိငါးကွင်း၊ သုံးတြင်း၊ နဝင်းကိုးခိုင်၊ အုပ်စိုးပိုင်၊ ဖြိုးလှိုင်တေဇာ၊ တာရာဂြိုဟ်နတ်၊ နက္ခတ်ရစ်ခွေ၊ လယ်မဇ္ဈေ၊ ငါးတွေရန်မီး၊ မဟာန္တမဆီး၊ တညီးညီး၊ ဖြိုးဖြိုးကြွက်သရေ၊ စက်ပန်းခွေလျက်၊ အဘုဋ္ဌေဋ္ဌေ၊ ဝေဏောဗိုလ်လူ၊ လေးကျွန်းသူကို၊ ကြည်ဖြူချမ်းသာ၊ စီးပွားရှာ၊ တန်ထွာထုံးပြု၊ ကလျာဏကာရောဟောတု၊ ဆုမွန်ပတ္ထနာ၊ မဟာကုသလ၊ ဉာဏသမ္ပယုတ်၊ တိဥက္ကဋ္ဌစေတနာ၊ တွင်းပန္နစ်ဖြာ၊ ဆနဝါ၊ ဘယာဥပါဒ်၊ မကပ်ဒုက္ခ၊ မီးရေအစ၊ ပဥ္စမဝေရီ၊ မမှီမသန်း၊ မနွမ်းမလျှ၊ အနိဋ္ဌရန်မာန်၊ မြူဆန်မမှိ၊ မျက်မှောက်ပစ္စုပ္ပန်၊ မြင်းရံကာ ဆင်စီး၊ ကျိုင်းခေါးထီးနှင့်၊ ဘုန်းကြီးသက်ရှည်၊ ကပ်အာယု တည်ပေလျက်၊ နှစ်မည်သောကမ္ဘေ၊ သုခသမ္ပတ်၊ စိတ်လိုတိုင်းပေးတတ်၊ ဇောတရည်မျက်မြတ်ပမာ၊ ရေတွေ့ကြာကဲ့သို့ရှင်း၊ ထွန်းပါဆန်းစ၊ နေနှင့်လကဲ့သို့ရှင်း၊ မြတ်ပေါင်း မင်္ဂလာ၊ စုံညီစွာ၊ ချမ်းသာ ကျန်းမာ တိုးစေ၊ မဟောသ အဒေါသ မေတ္တာရေဖြင့်၊ စိန္တေမှာသွန်းဆက်၊ လွမ်းရက်နှင့်နေကုန်၊ မဏ္ဍလဇေယျုံ၊ ရတနာပုံရွှေပြည်ကြီးက၊ အစ်မဗိုလ်ကတော်ကြားလိုက်သည်....မောင်–မြေတိုင်းစာရေးမင်း။ ။ကျွန်ုပ်တို့ရှိ၊ ဉာတိတစုတို့မှာ၊ ရတနာမြတ်ဂုဏ်တော်သုံး၊ မုဏ္ဍာကိုးကို၊ ဦးလုံးဝေဆာ၊ဆင်

ပန်ရသည် စေတနာ၊ ဘမိဆရာတို့ဥပကာရကျေးဇူး၊ အထူးသဖြင့် မြေတိုင်းစာရေးမင်းက၊ နှလုံးသွင်းမကင်းမလပ်၊ ပို့ရောက်အပ်သည့်မေတ္တာကြောင့် ၂-ဖြာသန္တာန်၊ ရန်မြူအနိဋ္ဌ၊ ရပ်ပိဋ္ဌိတ်၊ မရိတ်မငွေ့၊ အခလေ့ပကာတွေ့ချမ်းသာ၊ ရှိကြပါလျက်၊ မြေတိုင်းစာရေးမင်းကိုသာ၊ အလွန်ကျန်းမာ ချမ်းသာစေလိုသည့်သဘော၊ မနော်ပဏိဓိ၊ တောင့်တ၍ရှိကြပါသည်၊ တတည်မှာထားရန်စကား၊ မိခင်ဘခင် ကျေးဇူးရှင် ၂-ပါး၊ သဒ်ါရတရားနောက်၊ မထောက်မညှာ၊ သတ္တဝါဘုံခလေ့၊ လိုက်သွားသည့်ခေ့က၊ အစ်မကြီးလျှင် အမိ ဆိုရိုးရှိသည်နှင့်၊ အစ်မိအစ်မ၊ မောင်ညီမတို့ကို၊ ခနေ့ညဝတ်ကုံ၊ လုံးစုံ ထိန်းသိမ်းခြင်းဖြင့်၊ သီတင်းရှိတိုင်း၊ သားထစ်တင်၊ အခင်ရှိတိုင်းအပြစ်စင်သောကြောင့်၊ မျိုးခွင်သွေဘောင်၊ သည်မောင်လှသမာဓိ၊ အထူးပင် ရှိချေသည်၊ ဇာတိမျိုးဂုဏ်၊ မသုန်မဖျင်း၊ ကြည်လင်ခြင်းသဒ္ဓါ၊ ရံခါမညီး၊ အစ်မကြီး ကျွန်ုပ်မှာ၊ ဝမ်းမြောက်ဝမ်းသာ၊ သို့ရှိပါသည်ကို၊ ဥပမာ၊ ခုသာပုံမှီးလျှင်၊ ချီးမွမ်းပြောပ၊ မပြီးခင်ကာလ၊ ယောင်းမကို မြင်းစီးသော၊ သမီးချော အဘကဲ့သို့၊ သမာဓိ မောင်လှက၊ ဘရိယသိမ်းသူငယ်၊ လာရောက်ဘွယ်စကားနှင့်၊ မှာထားဆိုသည်အချက်မှာ၊ လေးမျက်နှာအရပ်က၊ ဝါယောခတ်လေအဟုန်ကြောင့်၊ မတုန်မလှုပ်နိုင်၊ မနိုင်ကျောက်တောင်၊ ကဲ့အယောင်ခိုင်ကျည်၊ မျိုးမည်ဇာတိ၊ သမာဓိရုန္ဓြေကို၊ လေသန္တာန်ကံခလစက်၊ အကြွင်းမဲ့ဖြိုဖျက်၊ ဖြစ်ရချက် နူင်းစရာ....."ပါပါဂူဓာဝသူကရော၊ သလပေါဝိယပါဝကာ" ကျမ်းဂန်ဥလာသည့်တွင်၊ ဆီမီးရှူးရောင်၊ ဝက်မရှောင်ပိုးမကြောက်ဟန်၊ ပုထုဇာန်ဘာဝ၊ လူအန္ဓတစုသို့၊ မောင်ပုမှာ ရောက်ခဲ့ပြီ၊ ယင်းနောက် ဘဝ၊ ဒုစိန္တိတ၊ ဒုဘာသိတ၊ ဒုကမ္မကာရီ၊ ဂုဒုသိဗာလတို့၊ နိစ္စလွှင့်မြဲ၊ တမ်းခွန်သုံးသို့၊ အကျမ်းဝင်သည်အချက်၊ ရှုံရက်ဘွယ်အနန္တ၊ သို့အရာကိစ္စကို၊ ပဏ္ဍိတသုခမိန်၊ လူကဝိန်ပညာရှိတို့၊ ကြားသိမည်အဟန်၊ အဘန်ဘန်စိုးရွံ့သေး၊ မောင်မြေတိုင်းစာရေးက၊ နောက်ရှေ့တိုင်းစား၊ ဆင်ခြေဝင်စကား၊ ဆိုဘွယ်များရှိသည်မှာ၊ နတ္ထိရာဂသမောအဂ္ဂိ၊ နတ္ထိတဏှာသမာနဒီ၊ ဝဋ္ဋသုံးလီတို့အတွင်း၊ မကင်းသမျှသတ္တဝါ၊ ရာဂထိန်ညီး ဤအိမ်မီး၊ မြစ်ကြီးအဏ္ဏဝါ၊ ဓမ္မတာ မကွာဖြစ်မြဲသဘော၊ ပုထုဇ္ဇနော၊ ဥမ္မတ္တကော၊ ကျမ်းဟောတိုက်ရိုက်ရှိသည်တမူ၊ လူလောကီအစုတ်တွင်၊ ကျွန်ုပ်လည်းအတွင်းဝင် ဆင်ခြေပင်လောင်းသော်လည်း၊ သူတော်ကောင်းထုံးစံ၊ ကဏ္ဍံဓမ္မိ



ပဟာနာယ၊ မုတ္တံဘာဝေထမေခါဝီ၊ ကျမ်းနှစ်ဆီ အလို၊ အကုသိုလ်ဇောကိုကြဉ်၊ ကုသိုလ်ဇောကို ပွားများယှဉ်မှ၊ မဂ္ဂင်ခရီး၊ ဆရာကြီးဆရာမှန်တို့၊ လမ်းညွှန်ထုံးပြ၊ ဓမ္မလက်သုံးကို၊ နှလုံးမထား၊ ရှက်ကြောက်နှစ်ပါး၊ တရားလောကဟု၊ အစုစုကို၊ မရှုမထောက်၊ ပါမောက္ခဆရာကိုမကြောက်၊ ထောက်ထားရန် အစ်မကိုမသနား၊ မယားကို မစာနာ၊ မေတ္တာချည်းနှီး၊ လုခွေးမြီးနှင့်၊ တသီးတခြား၊ တပါးပြည်ရွာ၊ မရှောင်သာ၍၊ မကွာပေါင်းဘော်၊ ပြုခြားသော်လည်း၊ အပေါ်ကားယှဉ်၊ အထဲးကြဉ်ဟူသော၊ အနုသာသန၊ လမ်းပြရာသို့မလိုက်၊ အကြိုက်ကိုမြှောက်ခြွ၍၊ လူဗာလတတွေနှင့်၊ ထွေထွေရာရာ၊ မလိမ္မာသူတို့စကားကို၊ လိုက်နာစာယူ၊ ။[ရှေ့ကို ၅-ကြောင်းဖတ်၍မရ ပုရပိုက်နက်မှာ ပျက်၍နေသည်]။

မမခင်ကြီးကရေး၍ ငင့်မောင်ထံ ပေးပို့လိုက်သော မေတ္တာစာပြီး၏။

---

## ၇-မမခင်ကြီးက ရင်းအမိထံပေးသော မေတ္တာစာ

ဇမ္ဗူဒီပါ၊ ပြုဗ္ဗာဉတ္တရ၊ အပရဂေါရာ၊ ကျွန်းလေးမြွာကို၊ စကြာဝဠာတန်တိုင်း၊ ကာဆိုင်းဝန်းရံ၊ စကြာဝဠာအနန္တ၊ ရှိကြသည်ချည်း၊ သို့ကတည်းကို၊ ရုံးစည်းကွန်ချာ၊ ကျွန်းတကာတို့၏မိပတိ၊ ရွှေအတိ-ငွေအတိ-မြအတိ-ဖလ်အလျှံ၊ လေးတန်သော အရောင်တို့သည်၊ တပြောင်ပြောင် ထွန်းလင်းလျက်၊ တောင်မင်း ပဗ္ဗတ၊ မေရုရာဇာ၊ ဒက္ခိဏဒိသာ၊ တောင်လက်ယာက၊ ဇမ္ဗူဒီပါကျွန်း၊ မြိုက်နိဗ္ဗာန်သို့၊ ကေန်ညွှန်းပါသည်၊ ကျွန်းထူးကျွန်းမြတ်မင်္ဂလာမှာ၊ ရာဇာထက်ရာဇာ၊ ဒေဝါထက် ဒေဝါ၊ ဗြဟ္မာထက် ဗြဟ္မာ၊ သုံးလူ့ချာတို့၏၊ အထွတ်ဖြစ်တော်မူသော ရှင်တော်မြတ်စွာဘုရား၊ သာသနာတော် ပွင့်လင်းရာ တည်ရာသုနာပရန်၊ တမ္ဗဒီပ ကံဘောဇ တိုင်းကြီးတို့ကို အစိုးရတော်မူသော၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဘဝရှင်မင်းတရား စံတော်မူရာ၊ ရတနာပုံ ရွှေမြို့တော်ကြီး၏ အမြစ်အခြေဖြစ်သော တောင်ဘက်ကိုးခရိုင်တိုက်၊ မက္ခရာမြို့စီရင်စု၊ မှုထမ်းကျွန်ယုံ၊ စားပုံစားတို့ ပျော်ပါးရာဌာနေ၊ မှည့်နာမေမှာ၊ သုံးထွေပျည်းရည်အစ၊ ပ-အလယ်၊ က-ဝယ်အဆုံး၊ သုံးလုံးသောအက္ခရာကို၊ နံသင့်ရာပေါင်းရုံးသော်၊ သီဟော၊ မုသိကာ၊ ဗျဿာဟောတိ၊ ပါဠိ

အရ၊ ရပ်ဒေသမှာ၊ သံသာဘ၀၊ အတိတ်လျှင်သွန်းချပါသော ရေစက်ကြောင့်၊ ရောက်ရပါသည်၊ ဂါမအနေ၊ ရွာအခြေမှာ၊ တောင်မေရုရ်ကေလာသကို၊ ရံထသီဒါ၊ ကဲ့ပမာသို့၊ တူစွာမယှဉ်း၊ မင်းစော နော်ရထာ၊ ထည့်ထောင်ရာပထမ၊ ဆီးတောမည်သ၊ မြောင်းမရေရှင်၊ စီးသွင်လက်ယာ၊ ပဏ်ဝန်းကာလျက်၊ ဆိုရာတ၀၊ ဂါမပြုဗ္ဗာ၊ ရွှေမျက်နှာတွင်၊ သူဇာသက်နှင်း၊ သိကြားမင်းစံရာ၊ ၀တိံသာဝယ်၊ နန္ဒာရေကန်ကဲ့သို့အဟန်၊ သို့သဏ္ဍာန်မယှဉ်း၊ ကန်တွင်းမှာလျှင်၊ ငါးအင်ရွှေကြာ၊ ငှက်တို့မှာလည်း၊ သံသာရေကြက်၊ စက္ကဝက် နှင့်၊ ငှက်၏အမျိုး၊ ဇီဝဇိုးစုံစွာ၊ ဟသ်ာတနဲး၊ လည်ချင်းနွဲ့လို၊ မကွဲးတူကွ၊ ဗိုမဟစ်ကြွေး၊ မြစ်တွေးဇင်ယော်၊ ရေပေါ်ပျံ့ဝဲ၊ တသဲးသဲးနှင့်၊ ကွဲးကာနွဲ့းကာ၊ သံသာချိုမြ၊ ဘာသာဗိုမ၊ ပျော်မြူးကြရှာ၊ ရွှေကြိုးကြာတို့၊ သံသာကျူးဧး၊ လွမ်းစကိုကြွေးသောခါ၊ မဟာပဗ္ဗတသုဝဏ္ဏအဇတာ၊ မန်းသေလလက်ယာ၊ ရတနာပုံ၊ ဇေယျုံမည်ရှိ၊ ပြည်သိရိမှာ၊ အမိကိုတ၀၊ ညီမတခြား၊ မောင်များတသီး၊ ဝရီးထွေးတော်၊ တူပျော်တရှိ၊ ဉာတိသင်္ဂဟတို့ကို၊ ရွှေမြို့တော်ကြီးကထွက် (တကြောင်းဖတ်မရ) အစိန္တေယျ၊ မြတ်ဇိနန္ဓ၏သရိယဓာတ်၊ မွေတော်မြတ်တို့၊ ကိန်းဝပ်စုံပေါင်း၊ ရွှေသာလျောင်းရှင်ပင်၊ မြတ်အသျှင်ကို၊ ဖူးမြင်ပါလို၊ ကျမဆိုက၊ မြင်းယဉ်လှည်းနွား၊ ကိုယ်ရံများကုံလုံစွာ၊ ဒါသာဒါသီ၊ တူညီမကွဲ၊ လက်ဝဲလက်ယာ၊ ရံ၀န်းကာလျက်၊ ကေလာပဗ္ဗတ၊ ခြေတော်ရင်းသို့၊ ချဉ်းကပ်ကြ၍၊ ရောက်ကြပါသော်၊ ရှင်ပျော်မှုတ်တီး၊ မဏ္ဍပ်ကြီးတွင်၊ ပွဲးကြီးသဘင်၊ စီရင်ကျင်းပ၊ ဗုဒ္ဓမြတ်စွာ၊ စိန္တေယျာကို၊ သဒ္ဓါရှင်ပြ၊ တူကွမကွာ၊ ဖူးရပါသား၊ ကုသိုလ်အကျိုး၊တိုးပွားပါစေ၊ များပါစေကြောင်း၊ ရွှေလျှောင်းသေလာ၊ တောင်ထွတ်ချာက၊ ဥတ္တရဒိသာ၊ ရပ်မျက်နှာသို့၊ လက်ယာသခင်၊ ကျေးဖူးရှင်နှင့်၊ တူပင်ရော်ရန်း၊ စိတ်မှန်း ၍သာ၊ သည်မှာရွှေမြို့၊ သည်သို့ရွှေနန်း၊ ရော်ရန်းပြီးခါ၊ မျိုးဆွေပါနှင့်၊ သည်မှာမယ်လှ၊ အိမ်ဂေဟာဟု (လေးလုံးဖတ်မရ) ပို့သပါ၏၊ မာတာမိခင်၊ ဂုဏ်အင်ကြူးသည်၊ ကျေးဖူးရှင်တို့၊ မှာတင်စကား၊ မှတ်ယူစား၍၊ ပုဝါပါးအသားခွဲ့ရာ၊ တရွာသွား၊ တအားမွဲ့ရာ၊ ဆိုသည် တာမှား၊ ဥဇ္ဇုဝိုင်သ၊ ရေမြေအစိုးရပါသောကြောင့်၊ အားမမဲ့ပါ၊ မာန်တက်ငါးတည်၊ လော်လည်ငါးထွေ၊ ပြစ်ထွေ ကားခြောက်၊ ကုံစင်မြောက်၍၊ ရွှေနောက်ကြည့်ရှု၊ အိမ်မှုခပ်သိမ်း၊ မတိမ်းပါရ၊ပြင်မီးအတွင်း၊ အတွင်း



မီးပြင်၊ မဝင်ထွက်ရ၊ ပုဗ္ဗဠ္ဌာရိန်း၊ ကိံကာရာဒိ၊ ပဂိဘာဂနီ၊ ပနာ (သုံးလုံးဖတ်မရ) ဝိယဝါဒိန်း၊ ငါးတန်သော ပတိ၀တ်ကို၊ မချွတ်တို့ပါ၊ မာတာမိခင်၊ ကျေးဖူးရှင်တ၀၊ ညီမတခြား၊ မောင်များတသီး၊ ဦးရီးထွေးတော်၊ တူပျော်တရှိ၊ ဉာတိသင်္ဂဟ တစုတို့က၊ ပို့သပါသောမေတ္တာကြောင့်၊ ကျန်းမာပကတိရှိပါသည်၊ လက်ခုပ်လက်ပြန်၊ တတန်မိခင်၊ ဂုဏ်အင်ကြူးသည့် ကျေးဖူးရှင်နှင့်၊ တူပင်ညီမ၊ မောင်လှတသီး၊ ဦးရီးထွေးတော်၊ ဆွေတော် သားချင်းတို့မှာ၊ ဘယဘေးဒဏ်၊ ရန်မာန်ခပ်သိမ်း၊ ကင်းငြိမ်းပါစေ၊ ကင်းပါစေသော-ကင်းစေသောဟု၊ မနော ဓာတ်စေတနာဖြင့်၊ ပတ္ထနာဆုယူတောင်း၍၊ သမီးလက်ယာကြောင်းဗိုလ်ကတော်က၊ အနောဒိဿမေတ္တာဖြင့်၊ ရှိပန်ဆင်ဝတ်တွား၍၊ စာပါးလိုက်ပါသည်၊ မွေးသည့်မိခင်၊ ဂုဏ်အင်ကြူးသည့်ကျေးဖူးရှင်။

ဎင်းလက်ယာကြောင်းဗိုလ်ကတော်သည် ပုဂံမင်းလက်ထက်မှာ မှန်နန်းအပျိုတော် မန္တလေးမြို့နန်း ပထမတည် မင်းတရား လက်ထက်မှာ လက်ယာကြောင်းဗိုလ်ကတော်နေ့၀င်ည္ဖွဲထွက်အပျိုတော်ကြီးဖြစ်သည်။ အမည်ရင်းမှာ ခင်လေးကြီးခေါ်ကြသည်၊ သူသည် သဂြိုဟ်,သတိပဋ္ဌာန်, မွေစကြာစသည်များကို ၁၂၃၅-ခုနှစ်တွင် ဘုရင်မင်းမြတ် အမိန့်တော်ကန့်သန့်ချက် ရက်အတွင်း စာထောက်စာမ လူပြန်တော်တို့ ရှေ့တွင်ပြန်ဆိုနိုင်သည့်အတွက် ဘုရင်မင်းမြတ်က ဆုချသော ရွှေငွေပိတ်အုပ်စသည်များကို အသနားတော်မြတ်ခံရသူဖြစ်သည်။ ။ဎင်းစာဆို မိန်းမသည်၊ ကျွန်ုပ်အဘ၏ အစ်မအရင်းတည်း။

မမခင်ကြီးကဎင့်အမိထံပေးသော မေတ္တာစာ ပြီးပြီ။

---

### ဂ–တောင်ဘီလာပုဂ္ဂိုလ်ကျော်ဆရာတော်က သာလွန်မင်းတရားထံ သွင်းသောမေတ္တာစာ သုံးစောင်

#### (က) ပင်းယစည်းခုံတော်အကြောင်း

ဝိဇယာပူရမြို့တည် ပထမမင်းတရား၊ အသိပညာ၊ သဒ္ဓါစာဂ၊ လောကမွေဖြေတော်မူသည်၊ အရပ်ရပ်ထီးဆောင်း နန်းနေမင်းတို့ကို၊ မဟာမိတ် အဏ္ဏက္ကာရှိပြုသည်များသည်၊ ထိုထိုသော ထီးဆောင်းနန်းနေတို့ကလည်း မပြတ်အစုံအစမ်းပေါက်ရောက်သည်။ မင်းတပါး ဂုဏ်ကျေးဇူး

တို့ကို တပါးကမန္တိမ့်ချ၊ သင်္ဂဟဝတ္ထုဖြင့် ချီးမြှင့်ကြ၍ ပြည်နေပြည်သားချင်း သင့်တင့်သည်။ သက္ကရာဇ် ၆၇၄-ခုစေတီတော်စည်းခုံကို တည်မည့်အကြောင်းနှင့် ဂန္ဓာရမင်း, လင်းဇင်မင်း, ရခိုင်မင်း, ယွန်းမင်းတို့သို့ စေရာတွင် မွေတော် ဓာတ်တော်အများစုရုံး၍ စစ်အင်္ဂါလေးပါးနှင့် ဝိဇယာပူရသို့ ချီလာသည်။ မင်္ဂလာနန်းလည်း ပင်းခြားအင်းတွင် လေးရပ်ဆောက်၍ ထွက်စာနပ်စာ ပေးပို့တော်မူသည်။

မြင်စိုင်းမင်း-အနုရုဒ္ဓါမဟာဓိပတိ,မက္ခရာမင်း-အနုရုဒ္ဓါရာဇာဓိပတိ, ဝိဇယာပူရမင်း-အနုရုဒ္ဓါမဟာဓမ္မရာဇာဓိပတိ, ဂန္ဓာရမင်း-အသောက ဓမ္မရာဇာ, လင်းဇင်းမင်း-နရိန္ဒာမဟာဓိပတိ, ရခိုင်မင်း-မဟာဥတ္တမဓမ္မရာဇာဓိပတိ, ယွန်းမင်း-သိရိသူရဓမ္မရာဇာဟူသော ၇-ပါးသောမင်းတို့သည် ဘာသာထီးနန်း၊ ကနက်ဆောက်စိုက်၍၊ စည်းခုံစေတီတော်ကို၊ ဘာသာအတိ အကတို့ဖြင့်၊သဘင်ခံ၍၊ဌာပနာသွင်းသည်၊ပင်းခြားအင်းတွင်း၌ လေးဆူသောထီးကိုလည်းတည်ကုန်သည်၊ထိုအခါ မြန်မာရဟန်းတို့ပင်၊ ပရိတ်မေတ္တာရွတ်သည်၊ ကမ္မဝါဘတ်သည်၊ဌာပနာသောအခါလည်း၊ သတ္တဋ္ဌာနကို အစပြု၍၊ စေတီရပ်တော်သွန်း၍ တည်သည်၊ လေးပါးသောမင်းတို့သည် ထီးတင်၍ သာဓုခေါ်သည်။

ဂန္ဓာရတိုင်း၌ ဘုရားသခင်စွယ်တော်ဓာတ်မြတ်ကိုရည်၍ စီရင်သည်။ အလှူတော်ကိုစီရင်လျှင် သုဝဏ္ဏဂိရိမှာ သသင်ခံရသည်၊ ရခိုင်ရပ်တုတော်ကြီးကို ရည်၍ စီရင်သော အလှူတော်ကို ပပ္ပတဂိရိမှာ သဘင်တော်ခံ၍ လှူသည်၊ လင်းဇင်းပြည်၌ စေတီတော်များရည်၍ စီရင်သည့်အလှူတော်ကို ဟံသာဂိရိဘုရားရှေ့မှာ သဘင်ခံ၍ လှူသည်၊မောပြည်, ယွန်းပြည်မှာရှိသော စေတီတော်ကိုရည်၍ စီရင်သောအလှူတော်ကို ပပ္ပတဂိရိမှာ သဘင်တော်ခံ၍ လှူသည်များကို ဆရာကြီးတို့ပြောသောစကား အမိန့်တော်များကို ကြားဘူး၏။

ဘုရားရှင်တရားတော်ကိုထောက်လျှင် စေတီပုထိုး ရုပ်တုတော်သွင်းထားသမျှသည် ကိုးကွယ်ပူဇော်ထိုက်သည်ကို မှတ်တော်မူတော့၊ ဥပမေယျသော်ကား····သာသနာတော်တွင်းသို့ဝင်၍, သာမဏေအဖြစ် ပဉ္စင်းအဖြစ်ကိုထောက်ပံ့၍၊ သက်နိုးဝတ်လျက်၊ သာမဏေသီလ, ပဉ္စင်းသီလတည်သမျှသည်၊ သာကီဝင်မင်းမျိုး ရဟန်းချည်းဖြစ်တော့သည်၊ လူမျိုး



တရော့တပါးပင်သော်လည်း၊ သာမဏေပဉ္စင်းဖြစ်သမျှသည်၊ ဆရာတော်တို့နှင့် ဆေးဘော်ကြောဘက်၊ သမဂ္ဂသမောဒမာန-ဖြစ်သည်များကို နှလုံးတော်သွင်းအပ်တော့သည်၊ စေတနာဟံ ဘိက္ခဝေအစရှိသောအရာများသည်၊ ကုသိုလ်ဟူ၍ မှတ်တော်မူအပ်တော့သည်····မဟာဓမ္မရာဇ်တရားမင်းမြတ်။

တောင်ဘီလာပုဂ္ဂိုလ်ကျော် ဆရာတော်က သာလွန်မင်းတရားထံသွင်းသော ပင်းယစည်းခုံတော်အကြောင်း မေတ္တာစာ ပြီး၏။

---

## ၉-တောင်ဘီလာပုဂ္ဂိုလ်ကျော်ဆရာတော်က သာလွန် မင်းတရားထံသွင်းသော

### (၁) ပုညစေတီတော်အကြောင်း–မေတ္တာစာ

ဝိဇယပုရမြို့တည်၊ ပထမမင်းတရားကို၊ သမုဒ္ဒရာ ခြားသော၊ ကျေးပုဏ္ဏား, ကျေးကုလားတို့သည်၊ ယိုယွင်းပျက်စီးစေလို၍၊ ကွမ်းခွက်ရှစ်ထောင့်တွင်၊ ၎င်းမွေတော် ၇-ကို၊ အိမ်နှင့်သိသည်၊ ရွှေမယ်န ၇-ချက်လည်းပါသည်၊ ထိုကွမ်းခွက်ကိုလည်းပါသည်၊ သတ်ဟူသောအက္ခရာလည်း ပါသည်၊ သက်ဟူသောအက္ခရာလည်း ပါသည်၊ အန္တရာယ်ဖြစ်ကွမ်းပြင်၍ တစီးရှင်သီပါသူ စားတော်ခေါ်သနေ့သည်၊ အန္တရာယ်ဖြစ်ကွမ်းပြင်၍ တစီးရှင်သီပါသူ စားတော်ခေါ်သနေ့သည်၊ မသက်ာ၍ ပန်းတိမ်၍ ယားသောရောဂါ စွဲးဘန်များသောကြောင့် မသက်ာ၍ ပန်းတိမ်၍ ဖျက်စေရာတွင် မွေတော် ငါးဆူသာရသည်၊ ငါ့စိန်သင်ကိုအပ်၍ ကိန်းဝပ်တော်မူသည်ကို၊တစီးရှင်က ပေတွင် ၁-ဆု, တူတွင် ၁-ဆူဝင်၍ ကိန်းဝပ်တော်မူသည်ကို၊တစီးရှင်က ပေတွင် ၁-ဆု, တူတွင် ၁-ဆူဝင်၍ သတ်ဟူသောအက္ခရာဂဏန်းလည်း ရွှေမယ်န ၇-ချောင်းလည်းပါသည်၊သတ်ဟူသောအက္ခရာဂဏန်းလည်း ဖျောက်ထားသလောဟူ၍ ဘမ်းပါသည်၊ ၇-ဆူဖြစ်သည်၊ ၂-ဆူကို ဖျောက်ထားသလောဟူ၍ ဘမ်းပါသည်၊ ၇-ဆူဖြစ်သည်၊ ၂-ဆူကို သန့်လျှက်ကမ်းမရောက်ပြေး၏၊ ညဉ့် သန်ရာတွင် တူနှင့်ပေကိုထမ်း၍ သန့်လျှက်ကမ်းမရောက်ပြေး၏၊ ညဉ့် သန်ရာတွင် တူနှင့်ပေကိုထမ်း၍ အညာက လှေငယ် ၁-နှင့် လူ ၁-ကောင်မှ ရေနားသို့ရောက်သည်။ အညာက လှေငယ် ၁-နှင့် လူ ၁-လှော်၍ လာသည်။

ငါ့စိန်သင်က အစ်ကိုကြီး စစ်ကိုင်းတက်သို့ ကူးလျှင် လိုက်ပါရစေဆို၏၊ တက်ခဲ့တော့ဆို၍ လှေထက်သို့ရောက်လျှင် စစ်ကိုင်းမြစ်နားမှာချထားခဲ့မှ အောက်သို့လှော်၍ သွား၏၊ ငါ့စိန်သင်လည်း မိုးသောက်မှ ပုညာအခတ်အိမ်သို့ရောက်၏၊ တညဉ့်အိပ်လျှင်ပင် ၂-ဆူသောမွေတော်၊ ပုညာအခတ်အိမ်သို့ရောက်၏၊ တညဉ့်အိပ်လျှင်ပင် ၂-ဆူသောမွေတော်၊ အမိန့်တော်ရှိသည်အတိုင်း လျှော်ဘူကာပေကထွက်၍ တဝင်းဝင်းရှိ၏၊ အမိန့်တော်ရှိသည်အတိုင်း လျှော်

သမ္မုစကားကို ဖြေတော်မူ၍, ပုညာအမတ်သည် ဘဝါးဦး တောင်ထိပ်ထက် ၂-ဆူသောစေတီကို မျှော်၍တည်သည်ဟု စစ်ကိုင်းမြို့တည်မင်းဘမ်း၍, ပုညာအမတ်ကို ရေစိမ်ရာတွင် ဂှမ်းသောအရပ်ကို ယခုရေဂှမ်းတွင်သည်။

စေတီတော်ကို ရွှေထီးတင်သည်ကား-သက္ကရာဇ် ၆၇၄-ခုတန်ဆောင်မုန်းလပြည့်နေ့ အသင်္ခယာစောယွန်းက ခမည်းတော်ဆင်ဖြူရှင်ကိုလျှော်၍, အလှူတော်များနှင့် စစ်ကိုင်းမြို့တည်မင်း ပုညာအမတ် ငါ့စိန်သင်တို့သည် သာဓုခေါ်၏၊ ဘဝါးဦး တောင်စောင့်နတ်ကြီး, ချောက်မတောင်စောင့်နတ်ကြီး, သရက်ခွံတောင်စောင့်နတ်ကြီး-စသော ဝဿဝရောတာနောဒက္ခယတ် ၉-ယောက်၊ သိကြားကုမ္ဘန်သူရဲ၊ သောတာပန် ၉၉၊ ဇေတဘိလူးတို့လည်း၊ ခြံရံ၍ သာဓုခေါ်၏။

သက္ကရာဇ် ၆၇၄-ခု တပို့တွဲလပြည့်ကျော် ၁၀-ရက်နေ့ ဝိဇယပုရတစီးရှင်သီဟသူရ အနိစ္စရောက်သည်။ ထိုနေ့ဥဇနာမင်းကြီး ရွှေနန်းတက်သည်၊ အိမ်နိမ့် ၂၂, စည်းစိမ် ၂၀, အသက် ၄၂-တွင် ဘုန်းစံသည်၊ သက္ကရာဇ် ၇၀၄-ခု နတ်တော်လဆန်း ၇-ရက်နေ့ ဆင်ဖြူ ငါးစီးရှင် နန်းတက်တော်မူသည်။ ဝိဇယပုရ ဇေယျာပုရဟူသော နှစ်ပြည်ထောင်ကပင် ပုညစေတီကို လှူလပြု၍, တီးဖြူ, ဘမ်းခွန်, ရွှေပန်းခိုင်, ငွေပန်းခိုင်, ရွှေတန်းဆောင်, ငွေတန်းဆောင်, ရွှေပေါက်ပေါက်, ငွေခပေါက်ပေါက်, ပတ္တမြားပေါက်ပေါက်, မြူတာရေချမ်း, ဆွမ်းသင်ပုတ်, ဝါဝင်ဝါကျွတ်၊ တန်းဆောင်မုန်းလ ကထိန်တော်၊ နေ့တိုင်းလည်း သင်ပုတ်တော်၊ ကြေးနီအုပ် အလှူတော်ကိုင် အလှူတော်ကြပ်ခန့်ထား၍, ဘုရားရောက် လှူသည်များကို ဆရာစဉ် သမားစဉ် မိန့်တော်မူသည် များကိုကြားဘူး၏။

အနောက်မြောက်ထောင့် ခြသေ့်က မွေတော် ထွက်သည်ဟူ၍, ပြည်သူပြည်သားတို့ ပူဇော်သည်များကို ဆရာတော်လက်ထက်တိုင် ဖူးမြော်သွားလာကြည့်ရှု ပူဇော်ကြသည်များကိုလည်း ကျောင်းသို့ရောက်လာသူတို့ပြောဆိုသည်ကို ကြားရသည်။ ပုညစေတီဘုရားဟွင် မွေတော်စစ်ရှိသည်။ သီရိဓမ္မာသောကမင်းကြီးတည်သည့် စေတီကဖြစ်မည်။ ဝိတူးသည်ရာဇာတည်သည့် စေတီကဖြစ်မည်။ ပုညာအမတ်တည်သည့်စေတီကဖြစ်မည်ကိုသာ မမြင်နိုင်၊ မွေတော်များထွက်၍, တန်းခိုးပြာဋိဟာ အရောင်



အဝါနှင့် ကောင်းကင်ပြင်သို့ ခြသေ့်အမောက်ကထွက်တော်မူသည်, ဝင်တော်မူသည်များကို ကောလာဟလစကားကြားဘူး၏။ ဆရာတော်ကြီးတလနှစ်ကြိမ်သီတင်းကြီးနိုက် စေတီတော်ကို အဖူးအမြော်ရောက်သည်။

ပုညစေတီသည် ရတနာပုရ အဝမြို့မပေါ်မထွန်းမီကပင် ဖြစ်သည်။ ဝဋ္ဋကုံမြေမှာ တစီးရှင်လက်ထက်စစ်ကိုင်းမြို့တည် ပထမမင်းသို့ အမိန့်တော်ပြန်၍, ကျောက်စာထိုးလျက် စိုက်ထောင်သည်။ သင်ပုတ်တော်ဝတ် ဆွမ်းတော်ချက် ယိုးဒယား ၄၀-လှူသည်အရာများမှာ ကျောက်စာရှိသည်။ ရေမြေရှင်ထပ်၍, ရွှေမွမ်းမံတော်မူပါ၊ ပုညစေတီဘုရားကျောက်စာတိုင်မှစ၍, အရပ်ရပ်မြို့ရွာရှိ စေတီပုထိုး ရုပ်တုတော်များတွင် ရှေးရှေးအက္ခရာပျက်သော်, ကွာသော်, ကျောက်စာတိုင်ပဲ့သော်, ကြွေသော်, ယိုသော်, ယိမ်းတျည်သော် ကောင်းမွန်အောင် အက္ခရာစသော သဝေတလုံးမျှ မကျရအောင် စီရင်တော်မူ၍, ကျောက်စာထိုးခြင်း၊ ကျောက်စာတိုင်စိုက်ခြင်း၊ ကျောက်စာတိုင် စိုက်အခါ ရွှေကရားဖြင့် ထပ်လှူတော်မူ၍, မဟာပထဝီသို့ ရေစက်တော်ချတော်မူခြင်း၊ ဆုတောင်းတော်စာဖတ်၍, သမ္မာသမ္ဗောဓိဆုကို ပန်တော်မူခြင်း-စသော မဟာကုသိုလ်စေတနာတော်ကို လှူလပြုတော်မူသင့်သည် မဟာဓမ္မရာဇ်။

တောင်ဘီလာပုဂ္ဂိုလ်ကျော် ဆရာတော်က သာလွန်မင်းတရားထံသွင်းသော ပုညစေတီတော်အကြောင်း မေတ္တာစာ ပြီး၏။

---

## ၁၀-တောင်ဘီလာပုဂ္ဂိုလ်ကျော် ဆရာတော်က သာလွန်မင်းတရားထံသွင်းသော

### (က) ရန်အောင်မြင်စေတီတော်အကြောင်း မေတ္တာစာ

ဘားတမော့အရှေ့တွင် ရန်အောင်မြင်ဘုရားသည် ပုဂံပြည်ကို အစိုးရသော အနော်ရထာ မင်းစောသည် ဂန္ဓာရတိုင်း တရုပ်ပြည်က အပြန်တောင်ပြန်းကြီးမှာလည်း ဆုတောင်းပြည့်ကို တည်သည်။ သန်လျှက်ကျွန်းတွင်လည်း ဘားတမော့အရှေ့ ရန်အောင်မြင်ဘုရားကို တည်သည်။ ဤမြို့အနောက်ဂူဖြူဘုရားသည် သီရိဓမ္မာသောကမင်းကြီး တည်သည်။ ဤဘုရင်စောတောင် (မန္တလေး)က ဘုရားကို အနော်ရထာမင်းစောတည်

သည်။ ကူးတို့ဆိပ်တွင်တဆူ၊ တရုပ်မြို့တွင် သုံးပန်လှဘုရား၊ ထနောင်းတိုင်တွင်တဆူ၊ ၅-ဆူသောဘုရားသျှင်တို့ကိုတည်သည်။ ထီးတင်၍သဘင်ကြီးစွာခံသည်။ ဝတ်မြေလှူ၍ ကျောက်စာတိုင် ထောင်သည် စိုက်သည်။ ဘုရားများတွင် ကျောက်စာတိုင်စိုက်သည့် အရာများကို ရှေးဆရာတို့လည်း ပြော၏။ အစဉ်ပြု၍လည်းစကားပြောထုံးပြောစံပြု၏။ မိုးကောင်းဗန်းမော်ကစ၍ အညာတပြင်တည်တားသည့် ၆၁-ဆူ။ တောင်ပြုန်းကြီးတောင်ဘက် ရတနာပူရ ကူးတို့ဆိပ် ထနောင်းတိုင် ဘုရားနှင့်သော် ၆၆-ဆူတည်၏။ ထိုမှတပါးလည်း ပုဂံဇေယျခုံစသော စေတီတော်များသည်ကား များစွာ သိမ်ကျောင်းဝတ်မြေနှင့် တည်ထားတော် မူသည်ကား များစွာဖြစ်ပေသည် ရေမြေရှင်မဟာဓမ္မရာဇ်။

တောင်ဘီလာပုဂ္ဂိုလ်ကျော် ဆရာတော်က အဝရှင်ဘုရင်ထံသွင်းသော
ရတုနှင့် မေတ္တာစာ သုံးပိုဒ် ပြီးပြီ။

---

## ၁၁-ညောင်ပင်ကျောင်းဆရာတော်က အဝရှင်ဘုရင်ထံ သွင်းသောမေတ္တာစာ သုံးပိုဒ်

စတုစက်လည်၊ အဝန်းတည်မှ၊ လေးမည် ကျွန်းချာ၊ ရောင်ခြည်ဖြာလျက်၊ သီတာသတ္တရဘန်၊ ခုနစ်တန်နှင့်၊ ယုဂန်မိုးဝ၊ ထက်မကသည်၊ နေလခရီး၊ စက်ယည်စီးလည်၊ တသီးဗဟို၊ တောင်မြင်းမိုရ်၏၊ နဂိုရ်တည်ထွန်း၊ နတ်မင်းနန်းသို့၊ ပြည့်ဝန်းနေလ၊ တူပြိုင်ပသို့၊ လောကသခင်၊ ဘဝရှင်အား၊ သိမြင်ကျမ်းဂန်၊ ထက်သန်ပြလျောက်၊ ဓိပ္ပါယ်ကောက်မှ၊ ထောက်ထောက် ထားထား၊ စကား စီလျှဉ်၊ အစဉ်သင့်လျော်၊ အကြောင်းတော်၍…. သိတော်မူစေချင်လှသော်–မဟာဓမ္မရာဇ်တရားမင်းမြတ်။

တတိယဟု၊ ဘဝရှည်ဝေး၊ ယခင်ရှေးမှ၊ ဘိုးဘေးလောင်းတော်၊ ရှင်ပျော်ဥကင်၊ စံရာတွင်၌၊ များဖြင်ကဝိ၊ ပညာရှိတို့၊ သိသည်လျောက်လျား၊ ဝတ်သုံးပါးမှ၊ စကားသင့်အောင်၊ စာစောင်ဘွဲ့ရှက်၊ အနက်ပါဠိ၊ ဓိပ္ပါယ်ရှိ၍၊ ကဝိလက္ခဏာ၊ လင်္ကာဆန်းဂိုဏ်း၊ ကရိုဏ်းပယတ်၊ မှတ်ပတ်သိလွယ်၊ အကျယ်အကျဉ်း၊ တမျဉ်းမှတ်သား၊ ထိုထိုများကို၊ ရွှေနားနာတော်မူသည်ကို၊ ဝမ်းမြောက်ပါလှသည်….မဟာဓမ္မရာဇ် မင်းမြတ်။



အဆက်အဆက်….ဖြစ်တိုင်းပက်လျှင်၊ ယွင်းကွက်မဲ့စွာ၊ သူတကာအား၊ သနားမေတ္တာ၊ ကရုဏာဖြင့်၊ ဆယ်ဖြာငါရမိ၊ အညီစုံလှ၊ စရိယကို၊ မခွန္နလုံး၊ ဆောက်တည်သုံး၍၊ မြတ်ဆုံးတော်တိုက်၊ ယခုကြိုက်သည်၊ မကိုဋ္ဌထွတ်ဖျား၊ မင်းတရားလျှင်၊ ဆယ်ပါးဓမ္မ၊ သင်္ဂဟနှင့်၊ အစလျဉ်းဘွယ်၊ ဥပါယ်သတ္တ၊ တရိစတု၊ သိမှုသဘော၊ ရာဇောဝါဒ၊ ဓမ္မသုတ်ထွက်၊ ကျမ်းနက်ဓိပ္ပါယ်၊ သိလွယ်မှတ်ကာ၊ ဆရာသမား၊ ရှေ့သွားသူဟောင်း၊ ထုံးနည်းကောင်းဖြင့်၊ အကြောင်းရှာရှာ၊ ပညာမိက၊ ရာဇမာယာ၊ လိမ္မာသောအား၊ လူ့ထိပ်ဖျားဝယ်၊ မပြားရန်ဘေး၊ ပျောက်လွင့်ဝေး၍၊ ကျေးနှင့်ဂါမ၊ မြို့ပြသဗိုင်း၊ တိုင်းနိုင်ငံလည်း၊ ကြက်ပျံမကျ၊ စည်ပင်ဝ၍၊ သတ္တရတနာ၊ စကြာသနင်း၊ ခြေတော်ရင်းသို့၊ လျှင်ပြိုင်းရောက်သည်ကိုသာ၊ ဝမ်းမြောက်ပါလှသည်… ရေမြေသခင် မဟာဓမ္မရာဇ်တရားမင်းမြတ်။ ။လေးလုံးစပ်လင်္ကာ၊ (ကျေးနှင့်ဂါမ၊ မြို့ပြသဗိုင်း၊ တိုင်းနိုင်ငံလည်းဟူရာ၌) မြို့ဝန်ကို သဗိုင်းစပ်သည်။ ပုံမနှိပ်သေး။

ညောင်ပင်ကျောင်းဆရာတော်က အဝရှင်ဘုရင်ထံသွင်းသော
ရတုမေတ္တာစာသုံးပိုဒ် ပြီးပြီ။

---

## ၁၂-မြေးတဲမင်းသမီး ဆရာတော်က အဝရှင်ဘုရင်ထံ သွင်းသော မေတ္တာစာ

**နန်းရိုးဆက်ရှည်…** ရွှေဘုံတည်သား၊ မြရည်ရော၊ သီဒါရဝတ်၊ မင်းဝံထွတ်ဝယ်၊ အဠှနှင့်ဗိသ၊ ဘာချာရသည်၊ ရာဇဝံသာ၊ နွယ်လာတက်လှိုင်း၊ တမ္ဘတိုင်းဝယ်၊ ပြိုင်နှိုင်းကွပ်နှိပ်၊ ရာဇထိပ်လျှင်၊ မင်းသိပ်ထပ်စည်၊ ရန်တည်တည်ကို၊ ဘက်မည်မလောက်၊ ဘုံသာပျောက်၍၊ ကျော်ချောက်ဘဝင်၊ ရိုက်ရာဆက်မှ၊ ကနဋ္ဌဒါန်၊ ရောင်ဝှန်ဖြူလွင့်၊ ရှစ်ဆိုင်ပွင့်မှ၊ လူ့ခွင့်နတ်ပြည်၊ ကြာသည်ဘုန်းသာ၊ တေဇာတက်ဖြိုး၊ တဟိုးဟိုးထိ၊ မြေမိုးတုန်ရိုက်၊ ပွဲတင်ဆိုက်မျှ၊ တတိုက်ကျွန်းလုံး၊ တုတ်ခွန် ကျုံးသည်… **လက်ရုံးမာသ-အသွင်သော**။

**ဆန်းတိုးထွက်သည်…** အင်ငါးမည်လည်း၊ စံရည်ဖြိုးဖြိုး၊ တန်းခိုးလေးထွေ၊ ဆယ်ခနမင်းကျင့်၊ ထောက်ပင့်လေးဖြာ၊ မင်းဖွယ်ရာလည်း၊ ကုံစွာ

ထူးဆန်း၊ ဇမ္ဗူကျွန်း၌၊ ရွှေနန်းမှန်စီ၊ ယာယီနန်းသစ်၊ ပျော်ချစ်ကြိုက်ရာ၊ စံရှင်စွာမှ၊ သာသနာသုံးမည်၊ တိုးပွားစည်လျက်၊ ရန်လည်မြို့လုံး၊ ရောင်လျှံဖုံးမျှ၊ ရွှေတုံးယိုးမှား၊ ဘုရားဂူကျောင်း၊ ဆင့်ဆင့်ဆောင်း၍၊ ဘေးလောင်းဘိုးချစ်၊ သကြဇတွင်၊ ကြားလစ်မရှိ၊ လောကီ့ထွတ်စွန်း၊ ရွှေဘုံနန်းဝယ်၊ ပတ်ဝန်းမတ်ရံ၊ မီးတားမံဖြင့်၊ တောင်စံညာထား၊ မိဖုရားနှင့်၊ စံသွားတရုံး၊ ရှင်မဆုံးသည်... ဘက်ကျုံးရာဇသခင်သော။

ရွှန်းဖြိုးမျက်လည်....ဘုန်းရောင်ခြည်ဖြင့်၊ မြူနည်းမှောင်မှေး၊ ပြစ်အင်ဝေးသား၊ ဘိုးဘေးတော်ရာ၊ မင်းဝံချာထက်၊ ရတနာပူရ၊ ရွှေပြည်မဝယ်၊ ဘုရားသာသနာ၊ သံဃာတို့အား၊ မြှောက်စားချီးမြှင့်၊ ထပ်ဆင့်တေဇာ၊ ဆင်စကြာရှင်၊ နောင်လျှင်ခုနစ်၊ ဖွဲ့သည်ဖြစ်မှ၊ ရာရှစ်များသိမ်း၊ ပြည်ရွာငြိမ်းလျက်၊ မုတိမ်းဘေးရန်၊ မဆန်ကန်ဝံ့၊ ကြေညာနှံ့မျှ၊ ချီးအံ့မနိုင်၊ ဘုန်းတော်ဆိုင်ကို၊ ပြောလှိုင်ဇမ္ဗူ၊ ကျွန်းလုံးသူတို့၊ ဆုယူနှလုံး၊ ထိပ်ထက်အုံးသည်... သက်ဆုံးရှာရမထင်သော။

မြေတဲ့မင်းသမီး ဆရာတော်က အဝရှင်ဘုရင်ထံသွင်းသော
ရတုမေတ္တာစာသုံးပိုဒ် ပြီးပြီ။

---

### ၁၃–သက္ကရာဇ် ၁၁၀၀–ကျော်က ၁၂၀၀–ပြည့်ခေတ်တွင် ထင်ရှားရုံမက ၎င်းနောက်ကျသူတစု အတုယူကာ စံပြုရသော တောပု သျှင်ဥက္ကံသမာလာက မကစားရန်မြစ်ထားသောမေတ္တာစာ

မြောက်ကျောင်းဆရာ၊ သာသာချိချိ၊ ဗြဟ္မစိုရ်လေးဖြာတွင်၊ မေတ္တာ ရှေ့သွား၊ကရုဏာပွားလိုက်မည်–ဘုရားတကာ၊ဥပါသကာတွင်ထ၊ကိုရွှေ ယ....နားကျကျပန်ဆင်၊ သဘောဖြူစင်၊ မနောကမငြိုငြင်၊ ညက်စေ ၍မျှော်မြင်ရေ့၊ ဆံပင်ဖြူငြား၊ သွားလည်းကျိုးမြောက်၊ ခါးကျောက် ကိုးခွေ၊ အရေတွန့်လျက်၊ ကွန်ရွက်လိုအကျော၊ ငေါငေါရိုးပေါ်၊ ယွမ်း ယော်သည်တရေး၊ တောင်ဝှေးစွဲကိုင်၊ ရိုင်ရိုင်ယွင်းယိုင်၊ သူအို ရှုယ်ရင့်၊ ဖြစ်လင့်ကစား၊ ပျော်ပါးရှင်ပိုက်၊ စိတ်အလိုလိုက်၍၊ ကြက်တိုက်တရပ်၊ အံခတ်တကွဲ၊ ဖဲလည်းတခြား၊ ဆဲ့ငါးတဘောက်၊ ခြောက်ပေါက်ပုဆစ် ပစ်၊ တံကျစ်နှင့်စစ်တုရင်၊ တကျောပြင် တကွဲ၊ ခဲ့ညီနောင် အခန့်ဆ ဝက်ကနှင့်သုံးပိုင်းခုတ်၊ ပလွေမှုတ်ရှိခိုးဟန်၊ နောက်ပြန်အောက်ရှို၊ မျက်

နှာကို ဖုံးအုပ်၊ ပုဆစ်တုပ်နှင့်၊ ကြံခုတ်မျိုး အထုံးထုံး၊ အုန်းခုတ်နည်း အရပ်ရပ်၊ သုံးထပ်ကျား, လေးကွက်ကျား, ရှစ်ကွက်ကျားတတည်၊ ပုန်း ရည်အိုး တခန်း၊ ဗိုသန်းဇယ်ပုတ်၊ ပဲဆုပ်ပုတီးလည်၊ တမည်တွေ့ပစ်၊ နေရစ်တန့်ဒူးတင်၊ ယင်နား ကာလပေါ်၊ မှန်ကာရော်ထိတိုင်စား၊ ထိ တိုင်းပွားတမျိုး၊ တိုးထိခွင်သိမ်းရာ၊ ပွက်စာထိုးဇပေါက်ချ၊ စုံမဖွက်–စုံ မထိုး၊ လုံးလှိမ့်မျိုးဇယ်ထပ်၊ ဇလပ်မြေချီ၊ ဗလီကျလှည့်၊ ရင်မစည့်ခွင် လိမ်၊ ကြိုးလိမ်တသီး၊ ထုတ်ဆီးကြက်အုပ်၊ ပုန်းတလုပ်နှင့်၊ ကြက်ထုပ် တထူး၊ ဘီလူးတိုင်ဘက်၊ ဝက်ဥခိုးကျေးသား၊ ပုဏ္ဏားတိုင်မေးမြူ၊ ဆင် ဖြူရေချ၊ ဤသို့စ၍၊ အဝဝအတင်တင်၊ သည်ပြင်မှ တခြား၊ ကစားမျိုး အတန်တန်၊ ပဋ္ဌပွန်လည်း ကျိုးမမြင်၊ သင်သရာလည်းကျိုးမပွား၊ အလ ကားအိုစရာ၊ သူများက ဆိုစရာ၊ မယားက ညိုစရာ၊ ကြီးရင့်ပါလျက်၊ ငယ်ရာကိုတုလျှင်၊ ငယ်သူအောက်အငယ်၊ သူငယ်ဖြစ်လျက်၊ လေးချက် တရား၊ ပွားများသဖြင့်၊ ကြီးရာကျင့်မူ၊ ကြီးမြင့်ထက်ကြီးရာမည်၊ မူရည် ယုတ်တော၊ လူလေနှင့်ပေါင်း၍၊ လောင်းတမ်းစားတမ်း၊ ဟော့ရမ်း၍ ပြုကြလျှင်–“ဇူတပမာဒဋ္ဌာနာ နုယောဂေါ ဘောဂါနံ အပါယမုခံ” မွေကံနှင့် နှိုင်းချိန်လျှင်၊ စည်းစိမ်ပျက်ပြား၊ ယိုယွင်းငြား၍၊ ခြောက်ပါး သောအပြစ်တွင်၊ နှစ်ကျွံမည်ကား၊ ပြစ်ခြောက်ပါးမူ၊ လောင်းစားပွဲ ဘောင်၊ အောင်မြင်ပိုင်ပိုင်၊ ကိုယ်ကနိုင်လည်း၊ ဖက်ပြိုင်စကား၊ ငြင်း ခုန်များ၍၊ ခိုက်ပွားရန်စစ်၊ ဖြစ်လေသည် တပါး။ သူတခြားက၊ နိုင် ငြား၍အလုံး၊ ကိုယ်ကရှုံးလျှင်၊ နှလုံးမငြိမ်၊ စိုးရိမ်ဗျာပါ၊ ပူဆာတိုး ၍၊ ညိုးရိသည်တထောက်။ မျက်မှောက်ထင်ထင်၊ မမြင်ဥစ္စာ၊ ကုန်ခန်း စွာ၍၊ ချမ်းသာမတွေ့၊ ဆင်းရဲသည်တခြား။ လောင်းကစားကြူးသူ၊ ဤ လူစကား၊ အများမယုံ၊ ခံမတည်လေ၊ သက်သေမရ၊ ပယ်ကြသည် တထွေ။ အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သူ၊ဖြစ်မိမူလည်း၊ ဤသူသည်ကား၊ လောင်းစားကြူးသူ၊ ဖြစ်သည်ဟူ၍၊ ကြည်ဖြူခြင်း ဝေးစွာ၊ မကြင်နာ ဘဲ၊ ရှုံ့ရှာစက်ဆုပ်၊ အချစ်ယုတ်၍၊ နုပ်လေသည်တဝ။ ချွေးမအလို့ငှာ၊ တောင်းရမ်းပါလည်း၊ ပဇာပေးအံ့၊ ညှံ့လှသည်လူတော၊ အလေတွင် ခေါင်မှန်းသည်၊ လောင်းတမ်းကြူးသားကို၊ တို့ကားပေါင်းဖော်၊ မတော် လိုခဗောင်ပဟု၊ ပြောင်တောင်တောင်စကား၊ဆိုသူသာများရသည်၊ မယား အလို့ငှာ၊ ဖွေရှာလှည့်ပတ်၊ တောင်းရမ်းလတ်လည်း၊ ကြိုက်တတ်သည် မိန်းမ၊ တယောက်မျှမပြု၊ ဤသူကိုချစ်မှားလျှင်၊ ခါးကိုစည်းကာ၊ နေရ

ပါမတော့မည်ဟု၊ ရှောင်ခွါရှာကြသည်၊ လောင်းစားရှင်မြွေ၊ မေ့လျော့ကြ၍၊ ကောရပ္ပရာဇာလည်း၊ ပြည်ပါရှုံးက၊ ဝိဓူရကို၊ ပုဏ္ဏကလက်သို့၊ ဆက်ရသည်ထုံးလာ၊ ရာဇဝင်တဦးတွင်၊ စောလူးငါ့ရမာန်၊ ကြွေအန်ကစား၍၊ ခိုက်ပွားရန်စစ်၊ ဖြစ်သည်တလီ၊ ဗာဟီကျမ်းအဆိုမှာ၊ တက္ကသိုလ်ကဝိန်နှင့်၊ မင်းရာဇိန်ကစား၍၊ ရွှေသားထောင်တန်သည့်၊ လျှင်မြန်သောမြင်းကို၊ ချက်ခြင်းခဏ၊ မင်းကလောင်း၍၊ မကောင်းသောစိတ်နေနှင့်၊ မှိုင်တွေကာညှိုးရသည်၊ ဆိုးဆိုးကောင်းကောင်း၊ သောင်းသောင်းသဗ္ဗန်၊ စိတ်ကြိုက်တိုင်း ပျော်ပါး၍၊ စိတ်သွားတိုင်း ပြုကြလျှင်၊ အမှုလည်းမတရား၊ စီးပွားလည်းလစ်ဟင်း၊ ပျက်စီးခြင်းရောက်ရာ၊ သူတကာမရှိသေ၊ လူလေဟုသမုတ်၊ သူနုပ်ဟုဆိုဘွယ်၊ သူငယ်ဟုဆိုစရာ၊ သို့ဖြစ်ပါ၍၊ သမာဓိကျောက်တိုင်ကို၊ ခိုင်ခိုင်တည်ထားလျက်၊ စီးပွားချမ်းသာ၊ တိုးတက်ရာအမှု၊ ဒွိစက္ခုဖြစ်စေ၊ အသရေကိုစောင့်ဘိ၊ ဟိရိဩတ္တပ္ပ၊ လောကပါလော်၊ ဤနှစ်ဖော်ကို၊ မချော်အောင်သတိ၊ မြဲစွာရှိလေတော့... ဒါယကာ။

သက္ကရာဇ် ၁၁၀၀-ကျော်က ၁၂၀၀-ပြည့်ခေတ်တွင် ထင်ရှားရုံမက ၎င်းနောက်ကျသူတစုအတုယူကာ စံပြုရသော တောပုသျှင်ဥက္ကံသမာလာ မေတ္တာစာ ပြီးပြီ။ ။ဦးကြင်ဥတို့နှင့် စာရေးဘက်။

မေတ္တာစာကိုယ်များ ပြဆိုချက်ပြီးပြီ။

---

## ၁၁၁-မှာတမ်းစာကိုယ်များကို ပြဆိုချက်

### (၁) မြို့တိုက်က လွှတ်တော်သို့ ပို့သောမှာတမ်း

မဟာဇောတိကာရာမတိုက် ရတနာပုံစံကျောင်းတော်တွင် သီတင်းသုံးနေသည့် စန္ဒိမာဘိ သီရိဓဇပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော် ၁၂၂၄-ခု တပေါင်းလဆန်း ၅-ရက်နေ့ ပဉ္စုပ္ပန် ဘဝဆုံးစုတိဖြစ်၍ ဘဝပြောင်းတော်မူသည့်မှာ ပိဋကတ်သုံးပုံကို ချောက်ချားနိုင်လျက် စတုပါရိသုဒ္ဓိသီလအာစာရနှင့် ပြည့်စုံတော်မူသည့် အတိုင်း ငယ်ရွယ်တော်မူစဉ်ကစ၍ သွန်သင်ပြသ ကိုးကွယ်တော်မူသော ဆရာတော်ကြီးဖြစ်သည်။ အမရပုရပထမမြို့နန်းတည် ဘိုးတော်မင်းတရားကြီးဘုရား ကိုးကွယ်တော်မူသည့် ဂုဏာဘိနန္ဒ သီရိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိ



ရာဇဂုရု မင်းအိုဆရာတော်ကြီး ဘဝပြောင်းရာ သဂြိုဟ်သည့်နည်းတွင်တိုး၍ အထူးသဖြင့် သဂြိုဟ်တော်မူမည်။ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်၊ မင်းကြီးများမှာ အစီရင်ခံ၍ သဂြိုဟ်ရန်အခမ်းအနားကို စာရင်းရန်ထား ရေးသားဆက်သွင်းရမည်... ဝန်ထောက်မင်းဟို့။

၁၂၂၄-ခု၊ တပေါင်းလဆန်း ၆-ရက်နေ့ နားခံ မင်းထင်စည်သူတွင်ထုတ်။

မြို့တိုက်က လွှတ်တော်သို့ပို့သောမှာတမ်း ပြီးပြီ။

---

### (၂) လွှတ်တော်က မြို့တိုက်သို့ပို့သော မှာတမ်း

ငခွေးဖြူ့အဘ-အမိ၊ ငခွေးဖြူတို့ကို စဏ္ဍာလအစုမှာ ဖြည့်ဘွဲ့ရာပါသည်ကို ချမ်းသာပေးတော်မူသည်။ စဏ္ဍာလအစုကနုတ်၊ စဏ္ဍာလအစုမှာ စာရင်းပါသည်ကိုသိမ်း၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ငခွေးဖြူ၏အဘ-အမိ၊ ငခွေးဖြူတို့စာရင်းကို အသည်စာရေး သီရိရာဇကျော်သူကို နုတ်သိမ်းလာစေသည်၊ ဆိုင်ရာဆင့်ဆိုနုတ်သိမ်းစေရမည်၊ အတွင်းဝန်မင်းတို့။ ။[၎င်းငခွေးဖြူသည်မူလက လွှတ်တော်စာရေးတော်တည်း။ အမိန့်တော်ကို အတုခိုး၍ ရေးမိသည့်အတွက် လက်ဖြတ်ခံရရုံမက မိဘများပါ စဏ္ဍာလအစုတွင် စာရင်းသွင်း၍ သင်းချိုင်းမှာ နေရသည်။]

၁၁၇၉-ခု၊ တော်သလင်းလဆန်း ၉-ရက်နားခံတော် နေမျိုးနန္ဒမိတ်ရွှေဘောင်သွင်း။

#### မြို့တိုက်တော်ကပေးစာလက်ခံ

ရွှေတိုက်ဝန်, ရွှေတိုက်စိုး၊ ရွှေတိုက်ကြပ်, ရွှေတိုက်စာရေးတို့၊ ငခွေးဖြူအဘ-အမိ၊ ငခွေးဖြူတို့ကို စဏ္ဍာလအစုမှာ ဖြည့်ဘွဲ့ရာပါသည်ကို ချမ်းသာပေးတော်မူသည်၊ စဏ္ဍာလအစုကနုတ်၊ စဏ္ဍာလအစုမှာစာရင်းပါသည်ကို သိမ်း၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ငခွေးဖြူ-အဘ,အမိ၊ ငခွေးဖြူတို့စာရင်းကို အသည်စာရေးသီရိရာဇကျော်သူနုတ်သိမ်းလာစေသည်။ အမိန့်တော်ရင်းနှင့်အညီ ရွှေတော်တွင် ရွှေတိုက်စိုး,ရွှေတိုက်ကြပ်, ရွှေတိုက်စာရေးတို့ကြပ်မ၍ နုတ်သိမ်းစေရမည်။

အတွင်းဝန်မင်းများစာ။

၁၁၇၉-ခု၊ တန်းဆောင်မုန်းလပြည့်ကျော် ၁၂-ရက်နေ့ အသည့်စာရေးသိရိရာဇကျော်သူအပ်။

မှတ်ချက်····သက္ကရာဇ် ၁၁၇၉-ခု၊တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက်နေ့ အမိန့်တော်မှာတမ်း မြဲတိုက်တော်ကစာပေးအင်သည့်အတိုင်း ဇေတဝန်ဆောင်တော်တွင် ရွှေတိုက်ကြပ်နေမျိုးသိရိစည်သူ, အသည့်စာရေး သိရိရာဇကျော်သူ, ငွေးဖြူ့အမှုဆောင် အမြောက်အုပ် မောင်ရွှေကံ, သွေးသောက်ကြီး ငမိုင်း အစုံအညီ စက္ကူလအစု ရွှေမြို့တော်နောက်ပြင်အကြီးငပို, သူတို့အုပ်စုစာရင်းတွင် ငစံရွဲး, သား-ငွေးဖြူ့တို့တအိမ်ကို ဖျက်သိမ်းသူ အသည့်စာရေး သိရိရာဇကျော်သူ။

## (၃) မောင်စံသူဆို မယ်ဘွဲ့မှာတမ်း

အမရနန်းမြေ၊ ပရမေစံလွတ်၊ တမွတ်သိရိ၊ ဒုတိယနန်းတည်၊ရာပြည်မင်းဧကရိန်မှာ၊ ဘုန်းစက်ရှိန်တညီသာဝယ်၊ တဒီပါသာတဲ့ခေတ်တွင်၊ ယဉ်ရစ်တံ၊ နှုန်းဆောင်သော်၊ သပြေဘောင် မြန်တတိုက်မှာ၊ စံသိုက်ကယ်သရေသိန်ကို၊ ရွှေတာရိန်ကြေးမုံသို့၊ စောရိတ်ပုံတင့်ထက်ဘက်ကပူစနက်မသိမ်းနိုင်လှသို့၊ကူပြီမ်းမွဲ့မနောညာဏ်ကို၊ ယုန်ယဉ်ပျံကွန်၊စန္ဒကန်မှန်းဆင်၍၊ မကျွမ်းခင်အပူးအောင်လို့၊ အဝေးက ပြန်လိုက်ပါတော့တယ်။

လွမ်းတယ်မှမကြည်။ ။ကွန်းညောင်မြင့်စံရာမှာ၊ ကြင်ရွှေစာ ဆင်သည့်ရက်က၊ ရတက်ပွေပြေမနေနိုင်ဘု၊ ဆွေးမျှာထုစည်။ ။ညာရွှေမှန်ကသိုဏ်းက၊ ကြင်တိုင်းပကြင်လိမ့်မည်၊ ကြီးစည်တော့ဘန်မကူး။ ။သစ်နှောင်းမြင်၊ ချစ်ပေါင်းငယ်ကြင်ရွှံ၊ သူညီရင်ပိုလို့ချစ်ရတယ်၊ မုန်းပစ်နိုင်ဘူး။ ။စံရိပ်ကြာ့ဘွေဦးမှာ၊ နံလိပ်ပြာခွေကူးသည်က၊ သွေ့ဘူးပမထင်၊ ကေမ္ဘူးမြဲတုရင်ငယ်၊ဘဝင်မကျ၊ နယ်ခွေနှင့်ရှုံးရရင်၊ ထုံးမလှလေဘု၊ ဆုံးဆရှေးနှောင်း၊ ယာယီပြောင်းကျိန်းခြေတွင်၊ ဂဟေပြန်ဆော်ထပ်၊ ပန်တော်မစပ်လို့၊သည်ဇာတ်ကို မသိမ်းရဘူး ကွဲးကျိန်းနှင့်ပြန်ပါရတယ်။

ကြီမည်၊ တန့်ပြီသည့်နဲ့လို့၊ ကြည်ဘဲ့မနော။ ။မချစ်တဲ့ပြင်၊ သနစ်ကယ်ပွေဆင်လို့၊ ဖွတ်မမြင်ဓားမဆုံးသည့်နှယ်၊ ဘုန်းသူ့သဘော။



အစောနှင့်အပြောမှာ၊ ပကောဠိသခ်ျေ၊ သွေချင်သွေ၊ ချစ်ချင်ချစ်၊ သည့်ခေတ်တွင်တပိုး၊ ဘယ်နဲ့နှင့် ယုံရမည်၊ စံဘုံပွားစကား မညီယွင်းလှချည့်၊ သနင်းညာမြင့်ဆွေငယ်၊ တွေမတ္တာစုံ၊ သပြေပုံမှာ၊ မှော်ရုံစခန်းဂန္ဓီဆန်းလို့ သမင်ဘမ်းအလိုက်၊ သိန်းခိုစံဆိုက်ရုံနှင့် ကွဲးထိုက်မတန်၊ ကံနှစ်ကန်ကို၊ ညာဏ်တထွာရ၊ စံပမာပြခဲ့တယ်၊ သည်ကဖြင့်သွေပါဘု၊ ပရမေထားမြတ်ကို၊ အားသတ်လို့ကြိုးတဲ့လူပါ။

ထင်နိုးမျှော်ယောင် မွဲ့က၊ နောင်ငဲ့တပါး။ ။လေက်တို-ညှိုတချက်ထဲးသို့၊ ဘက်တွဲးကြီညာဏ်ကြွယ်လို့၊ မုန်းမယ်တဲ့လား။

ပတ္တမြားရောင်မြတ်၊ ဝေါဘက်မဆန်၊ တညာဏ်ချင့်လောင်း၊ ပန်းသင့်ကောင်းငွဲ၊ ကြင်နှောင်းအပ၊ အမရရွှေဝတိန်၊ ရန်နှိမ်မန်းမြေဝယ်၊ ပရမေသြဘာနှင့်၊ ဆေးရွှေစာမှန်တံဆိပ်ကို၊ နံလိပ်ပြာကူးရအောင်၊ မြဘူးပဒုမ္မာငယ်၊ ကုဏ္ဍလာရွှေအိုင်က၊ ကြိုင်ကြိုင်ကြီးပွင့်လိုက်ပါ။

မောင်စံသူဆို မယ်ဘွဲ့မှာတမ်းပြီးပြီ။

---

## ၄-လဘက်ရည်တော်ရွာစည်ရွာစားမင်းလှသခ်ယာ ဦးပုညဆို-မယ်ဘွဲ့မှာတမ်း

မြမန်းဂီရိန်၊ မဟီသိန်ဝယ်၊ ဝဇီစိန်ဓာတ်၊ ထိန်ထိန်လျှပ်မျှ၊ နဂါးပတ်ချွန်း၊ နတ်ညွန်းဆောင်ပင့်၊ မိုဃ်းခေါင်ဝင့်လျက်၊ ပြောင်မင့်သခင်၊ မန္တာတ်ပဝရ၊ စံမြတ်လှသည်၊ လောကရှင်က၊ ပင်ပဒေသာ၊ ဝေဆာမြညှာက်၊ ဘဝနေလုံး၊ မြေအဆုံး၊ ရွှေသုံးလောက်ပေတဲ့၊ ကွန်းပြောက်တဲ့၊ ရတနာကိုးမည်၊ သာဖြိုးစည်တဲ့၊ ရွှေပြည်ဘုံကို၊ အာရုံရှေး၍မြတ်အနှုန်းကန်၊ ကပ်လုံးတန်အောင်လို့၊ ဘုန်းတန်တော်မူကထဲးက၊ ဝဿသုံး မှုမကွဲးမေတ္တာနှင့်၊ ဇမ္ဗူထဲး၊ သူပေဲး၊ ချစ်စရာရယ်လို့၊ သက်တမ္ဘာနှံ့ စလောက်ပြီမို့၊ ဆက်ကဗျာ ဘန်ဘန် လျှောက်သော်လဲး၊ ကံမြောက်အောင်မမြွက်၊ ညာဏ်ရောက်တိုင်းဇုက်လွှန်းလို့၊ အခက်ထဲး၊ အခဲးကြေရှိပါတော့တယ်။

ကြင်ရသူ ဝင့်ကယ်။ ။ခွင့်မအား၊ လင့်စား တွယ်တာလို့၊ ဘယ့်လောက်ကြာ ကမ္ဘာဆန်းကာမှ၊သာခန်းတကြိမ်တွေ့မယ်လို့၊

အောက်မေ့မိတယ်။ ။ခက်စရာအမွေမှုတွင်ဖြင့်၊ စက္ကဝါကငှေ့
သုဟာမို့၊ ဆွေသမုမြစမ္မာယ်၊ ခတယ်လိုခွင့်မတုံး။ ။မှိတ်လှိုသာ
လောရတော့၊ လိပ်ကျောကြောင်ကလော်သို့၊ ပြောင်ချော်ချော်
သည်အချစ်ကိုဖြင့်၊တခေတ်တွင်တခါတွေ့ရတယ်၊ ပြောရွှေမဆုံး။

တဘုန်းကြာရုံက၊ နှလုံးဗျာသံနှင့်၊ ညာနားပန်တော်မဟော၊ ဖျော်ဖြေသူများတာမို့၊ လျော်ဇမ္ဗူစံတပါးမှာဖြင့်၊ ကံမှား၍ကော၊ ကွက်လပ်တွင်မျှော်မည်ကြောင့်၊ တွေးတောသည်အာဘော်နှင့်၊ ညာတော်မူဟန်ရှိလေသည်၊ သည်သူငယ်-ရယ်ဘွယ်ဇာတိ ဖြစ်သည်ရှိသော်၊ ဖဲ-မရခင်၊ မဲ-စနှင့်ဧကန်၊ ရေခံလုပ်၍သုံးရပါတော့သည်၊ ညီတော် သီဟဝိဇယဟု၊ အမိကနတ်၊ လက်ာဒီဘောင်၊ ကျွန်း တည်ထောင်၊ ခေါင်ဥက္ကဌ၏၊ ရပ်ဓာတ်မဖွယ်၊ ဖက်မငြိတဲ့ယက္ခိမယ်၊ မျက်စိလယ်သင်ညောင်ကြော့တွင်ဖြင့်၊ ဖက်ရည်ရွှယ်ကြင်ယောင်ချော့ပြီးလျှင်၊ ယင်ခေါင်ကြော့မျိုးတို့နှင့်၊ ထီး ၉-ဆူရဝေရိပ်၊ ခြွေဘိသိက်ဆက်သတဲ့-အထက်ကပုံစံ၊ ယုံတန်တော်မူသင့်ကောင်းလှပါတော့တယ်။

ပန်းစမ္မာယ်၊ နန်းလယ်မှာ မပေါ်ခိုက်ဟာမို့၊ အလိုက်တော်
တန်သင့်ရုံပ၊ ခံပွင့်ကိုကုံး။ ။နန်းရဝေ၊မန်းမြေစမ္မာယ်လှိုင်တော့၊
ခံပန်းခိုင်ယာယီရွှေတယ်၊ တောလေ့ရှာသုံး။

သည်ထုံးမှတ်ယူ၍၊ မြတ်မဥ္စူညာမြက၊ နတ်ရည်တူမသာရအောင်၊ ကြာခတဲ့ရဝေညောင်၊ မဟာခေါင်ရွှယ်မှန်း၍၊ တကယ်တန်းကြင်ပန္နာနှင့်၊ သက်ာဖွယ်ကင်းလောက်အောင်၊ လင်းလင်းကြီးပြုံပါတော့သည်၊ ပရိယာယ်မပို၊ အမိပ္ပါယ်အလို၊ နားချိုတော်မူပါလျှင်၊ ယူဇနာတာချဲ့လို့၊ ပူစရာမလာခဲ့ပါနှင့်၊ စာဖွဲ့သူ-မပင်ပန်းရအောင်၊ ကြင်စခန်းချတော်မူလိုက်ပါ။

လဘက်ရည်တော်ရွှာစည်ရွှာစား မင်းလှသခ်ယာ ဦးပုညဆို
မယ်ဘွဲ့မှာတမ်း ပြီးပြီ။

---



၅-လဘက်ရည်တော်ရွှာစည်ရွှာစားမင်းလှသခ်ယာ
ဦးပုညဆို-မောင်ဘွဲ့မှာတမ်း

မင်္ဂလာဇေယျုံ၊ ရွှေဘုံဇာတိ၊ ဂိရိအောင်ချက်၊ ရောင်လက်လက်ဝယ်၊ တောင်မျက်နှာဆိုင်၊ ဝိရူဠှက၊ ဘွဲ့တော်ရသည့်၊ လောကပိုင်ကဲ့သို့၊ ဘုန်းပြိုင်မဲ့ရွှေဆံညွှာ၊ ငွေမလ္လာ စမ္မာယ်နှုတ်ကယ်က၊ ပွေဖန်ရာကြွယ်မထုတ်ပြီဘု၊ နယ်ချုပ်၍ ပေါင်းလိုက်တော့၊ နေဒေါင်းဖလ်ရဝိနွယ်တော်လာ။

လေးဆစ်ထောက်････မှန် ညောင်လဲ့ ရိပ်ကြာ။ ။ငွေမစဲး၊
မေ့သဲးဗျာပါချယ်လို့၊သမ္မာကြွယ် နွယ်တော်မိတ်ကယ်က၊ရွှေရိပ်ပုံ
ခရာဖွဲ့၊ ညွှန်းခဲ့သည်မှာ။ ။ထွေဘလာ၊ ငွေလွှာ ကွန့်တာမို့၊
မဆည်ဝံ့ရက်ကြာ၊ ခက်ထာနှင့်မှုမပြီး။ ။ဆင်ခွဲးငယ်ဖန်၊ ကြင်
နဲးဘယ်ပုံကြံရပ၊ ကုက်ုမံသန္ဓေစွဲးမှာ၊ သဲးကြွေလုနီး။

ပြည်ကြီးဗာရန် (?ရာဏ်) ရာဇဌာန်နှင့်၊ ဌာနန္တရေ၊ သာဟန်ထွေ၊ ရေနဂါးစစ်၊ ဆွေနှစ်ပါးရွှေစုလျှားရစ်ပေမဲ့၊ ကန္တပတမန်၊ နာနာရှုပ၊ မာယာမူ၊ လူမမျှတဲ့၊ ရူဠှရို့အကြံမှာ၊ ကမ္ဘာရန်ပွေပြီးမှ၊ ညာနပန်ဆွေဇနီးရယ်နှင့်၊ အနိုင်ဖြေ-ဖြေရွှေပြီးရတော့၊မီးထုပ်နှင့်ရေအိုး၊ သည်ညာဏ်မျိုး စံကိုးလျှင်၊ အလိမ်မျိုးလွဲးပေလိမ့်၊ မြန်မိုးခွင်ချိန်ပုလဲးရယ်က၊ စိန်ရွဲးစစ်ကျောက်စာတိုင်၊ ညာယိုင်တော်မမူလေ့ရင်ဖြင့်၊ ကြာမြိုင်ပျော်၊ ယူမကွေပါနှင့်၊ဘူပတေ့ထီးနယ်နှင့်၊နီးလွယ်အောင်ကြံဝံ့ပါတော့၊လျှံကွန့်ဟန်းခြိမ့်ဂုဏ်မြူတော။

တပြေမှာ-ဘေတပါးကိုဖြင့်၊ သဇင်ခွေ - ငွေကရားရယ်နှင့်၊
သနားဆင်ပို့ရန်။ ။စွဲးမိတဲ့ရွှေဘဝင်၊ ဖြေမသင် ယူမဖွဲ့နိုင်လို့၊
ဖြူလဲ့ညိုတပိုင်းရယ်နှင့်၊ လိုတိုင်းလေလံလွှင့်မည်ကြောင့်၊တွေးချင့်
ရပြန်။ ။အရိပ်မြင်၊ အထင်လွှတ်နေကြ၊ လောကဝတ်လူ့-ထုံးစံ၊
မှန်တယ်လို့ရှိပြီဘူး။ ။တနဲးပုံ၊ ပွဲးစုံမမြင်ရခင်က၊ စံပမှာ လူတွေ
တိုးသည့်နှယ်၊ အကျိုးမှာ တချင်ရွှေး၊ ဘေးကဆယ်မူး။

လမ်းကူးသည့်ကြွက်ကယ်လောင်း၊ တွင်းပြောင်းသည့်မွေးနက်၊ လိပ်ခွံထွက်ကျက်စား၊ စကားမှု သုံးရင်၊ တရားယူဆုံးဖြတ်လို့၊ နိပါတ်တော်ထွက်ဆိုသည်၊ တက္ကသိုလ်ရင်သွေး၊ နွဲ့နဂိုရ်ခပ်လေးနှင့်၊ သဗ္ဗေးသား

ဆွေစုံ၊ ဘွေ့ရဂုံမော်ယံ၊ ပြည်တော်ပြန်ယွန်းသော့ခါ၊ လူစွမ်းကောင်းစောရန္နှင့်၊ ရန်ဒေါသစစ်ဆင်တွင်၊ အသစ်မြင်သူနိုး၊ အညစ်ညက်မှုဆိုးနှင့်၊ ငွေမားရိုးကမ်းမိ၍၊ လမ်းဂတိချောက်ချား၊ ကမ်းမရှိမှောက်မှားတဲ့၊ အကောက်သွားဗျူဟာလို၊ သက်ခန္ဓာပြတ်ငြိမ်းမှ၊ ရှက်စရာဇာတ်မသိမ်းမည်ကြောင့်၊ နတ်ကိန်းရပုံအနေနှင့်၊ ဂုဏ်သရေငွဲ့စကောင်းတာမို့၊ န္တွဲနှောင်းဆင်ခြင်ရတော့၊ ရွှေရင်ဝသဲပွဲ့၊ ဝဲးလှဲ့လိုပူပုံ၊ ဘေယုံတော်မူသင့် ကောင်းလှပါတော့၊ ဘွေ့တသောင်း၊ နေညောင်းနွယ်သန့်-ခန့်သန္တာ။

လဘက်ရည်ဘော် ရွာစည်ရွာစား မင်းလှသင်္ယာ ဦးပုညဆို
မောင်ဘွဲ့မှာတမ်း ပြီးပြီ။

---

## (၆) မန္တလေး မောင်ဘိုးရင်ဆို-မောင်ဘွဲ့မှာတမ်း

သေလာပထဝီ မြေဇာနီ၊ ရွှေကြာရည်တွန့်၊ တမ်းခွန့်ပရမေ၊ ကျွန့်ရဝေနှင့်၊ မြေတမွန့်မှာ၊ ကေညွှန့်ဥာနံ၊ ဘုံရွှေရံ၊ အလျှံ ပြောင်ဝင်း၊ လောင်ခပင်းသို့၊ ရောင်လင်းမကုဋ္ဌ၊ နုပတ္တာမြဲဘွားကို၊ ရှုမဝ ချိန်မှန်းလို့၊ တိမ်းပန်းဆင်လိုက်ပါသည်။ ။ယဉ်ညွှာသမု၊ စဉ်လာပြု၊ ကြင်နာမှုရေး။ ဆွေးတဖိုဖို၊ မအေးလိုတဲ့၊ မွေးအပျိုမှုလေးကို၊ ပူဆွေးဘို့ဗျာအင်၊ နှောင်ဖောက်ပြားလို့၊ နောက်များမဆင်ပါနှင့်၊ ကြောက်အင်ဝိုလှ၊ ညိုပတ္တာမြဲခိုရမသိ၊ ဆိုတရန်ရှိမည်ကို၊ သတိထားရင်းဖြစ်ပါသည်။

ချစ်ယောင်-နှစ်အောင်၊ သနစ်ဆောင်လျှင်ဖြင့်၊ ရစ်ရွှေရောင်ခင်လေ့မှိုက၊ ခြသေ့ဆီမှန်လျက်ကယ်နှင့်၊ အုန်းမှုတ်ခွက်မထည့်စေပဲ၊ နာရနီရွှေခွက်ထဲမှာ၊ တည်စွဲးဘို့သင့်ကြောင်း၊ ၎င်းပြင်တတန်၊ နန်းစဉ်ကျောက်မျက်ပုံကို၊ နီဖလံအထင်မှား၍၊ ပစ်မထားပါရအောင်၊ စဉ်းစားလို့ရှုတော်မူပါ။

ဝေဘူပုံ၊ ပြေတန်ကိုဘေဘက၊ စံပြုပါတော့။ ။ကွက်စိပ်ငယ်ဖြာ၊ စက်ရိပ်ရွှေတေဇာနှင့်၊ နေဝါမှာ ရောင်ဖြာကြွတယ်၊ ဒေါင်းလှကေကြော့။

သောင်းမြေပြင့်ရွှေမျက်နှာဝယ်၊ ဒေါင်းငွေပွင့်-နေစကြာသည်၊ ဇေါ်ရာကိုအကြိုက်နှင့်၊ ဘိုးလမင်းသာခိုက်ကို၊ အခါလိုက်ဗိုင်းငင့်မှ၊ တော်



သင့်မည်ထင်ပါသည်၊ ၎ုပ်မိသဲးတိုင်၊ တက်နိုင်ဖျားရောက်၊ သည်စကားကိုထောက်ပြီးလျှင်၊ မင်းယောကျ်ားငြိငြိ၊ အကြံတော်ဘေချီ၍၊ ဆွေမဒီဓမေသမုကို၊ ပါကုပေတံ၊ အရှည်ကြံလို့မို့၊ ပရမေလျှံ ဇနက်မင်းကဲ့သို့၊ မက်ရင်းကိုမလျှော့ပဲ၊ သမုဒ္ဒစက်ဝဲးမှာ၊ ထွက်လွှဲးအောင်၊ သတိုးပွားက၊ အရိုးသားသဘောထား၍၊ စောတပါးသည်မယ်၊ ရည်ရွယ်တော်မူပ-မောင်မောင်ရယ်။

မန္တလေးမောင်ဘိုးရင်ဆို မောင်ဘွဲ့မှာတမ်း ပြီးပြီ။

မှာတမ်းစာကိုယ်များကို ပြဆိုချက် ပြီးပြီ။

---

## ၁၁၂-ဒွေးချိုးစပ်ပုံသိသာရန် စာကိုယ်များကို ပြဆိုချက်

[ဒုတိယပိုင်း ဂဏန်းစဉ် ၇၄-ဒွေးချိုးကြည့်]

(၁) တောတောင်သာ၊ မလွှာငုံဖူး။ ။တပင်ကို တပင်ရှုက်တယ်၊ ကျေးငှက်ကမြူး။ ။ရေးသူမသိ။

(၂) နေမှိန်မှိန်၊ တိမ်ပြာတောက်ထွန်း။ ။စာမလာ ဗျာပါခသည်နှင့်၊ မြကျိုင်းနေ ပြည်ရွှေဝကို၊ ရမ်းဆလို့လွှမ်း။ ။ရေးသူမသိ။

(၃) နားတောင်းရှေ၊ ထုံးနေကတွဲး။ ။ပန်းဘက်ပန်းဘီနှင့်၊ ဘင်နီသူစီး၊ ဘုမိးတဲ့လဲး။ ။ရေးသူမသိ။

### (၄) ရွှေဘိုမင်းအနောက်နန်းမိဖုရား မြကလေးဆို ဒွေးချိုးသဖြန်

လာနိုးမျှော်၊ ကြာမော်မြင့်ဆောင်ထီး။ ။စိတ်ထားတော်မာယာငွေလို့၊ မလာနေ တာရှည်သွေးရေ့လ၊ တွေးရခက်ကြီး။

### (၅) အလောင်းတော်ရှုံးငါးဇာတ် နှစ်ချိုးသံထောက်

ခန္တီဝါ၊ ရွှေခါမင်းထုံး။ ။ကပိရူမဟာနန်နှင့်၊ ရူဥ္မမ်၊ သည်ဇာတ်ပေါင်းမှာ၊ လောင်းတော်ကရှုံး။ ။[ဇာတ်အဌကထာ၊ ကင်းဝန် မင်းကြီးဆို]

(၆) ပဥ္စာဝုဓမင်းသားဆောင်သော လက်နက်ငါးပါး နှစ်ချိုးသံထောက်

လှံကုဏ္ဍာ၊ ကလာသံချောင်း။ ။ဆောက်ပုတ်ကယ် ဒဏ္ဍာသိ ံဟာ၊ သမ္မာရှိန်ဂုဏ်လျှံတဲ့၊ ပြည်တော်ပြန် ပဥ္စာဝုမှာ၊ ငါးခုပါကြောင်း။ ။ [ပဥ္စာဝုဇာတ်၊ ကင်းဝန်မင်းကြီးဆို။]

(၇) လူမိုက်တွင်၊ ပါဝင်တဲ့ရှစ်အူး။ ။ရွှေသွားပြုသူတို့၊ ကြည့်ရှုကာ မြစ်ထာခန်းကို၊ တန္တြသာရကျမ်းမှာ၊ ညွှန်းပြမိန့်ထူး။ ။[ကင်းဝန်မင်းကြီးဆို-လူမိုက်ရှစ်ဦးဘွဲ့ လေးဆစ်ဆက်ကြည့်။]

(၈) ရွှေရောင်ရသူ ၇-မျိုးအကြောင်း ဒွေးချိုး

လူဟံသာ၊ မိဂါနှင့်လိပ်ငါး။ ။ဥဒေါင်းဗုဇ္ဇန်တို့၊ ရွှေသုဝဏ်ကိုယ်ရောင်ရသတဲ့၊ ကျမ်းပြစကား။ ။[ကင်းဝန်မင်းကြီးဆို။]

(၉) ရွှေအဆင်းရှိသူ ၇-မျိုး နှစ်ချိုးသံထောက်

ဥဒေါင်းလူ၊ မြိုင်ငှူပျော်သမင်မွန်နှင့်၊ ဗုဇ္ဇန်လိပ်ငါး။ ။ဟသ်ာနှင့်သော်၊ မျိုးဇာတ်ကယ် ၇-ဘော်တို့၊ လွန်ကျော်သူ ရွှေလျှံလက်သည်ဟာ၊ ကျမ်းထွက်စကား။ ။[မဟာဟံသဇာတ်၊ ကင်းဝန်မင်းကြီးဆို]

(၁၀) မသတ်အပ်သူ ၇-ဦးအကြောင်း နှစ်ချိုးသံထောက်

မာပီညာ၊ ဆရာသူရှူး။ ။မင်းကျိုးဆောင်၊ မတ်ခေါင်ထေရ်သဃ်ာနှင့်၊ ပညာငါ ဤခုနစ်ကိုဖြင့်၊ အပြစ်ပင် အလွန်များသော်လဲ၊ ဆုံးပါးအောင် ပိညာဉ်သက်ကို၊ ခွင်းဖျက်သင့်ဘူး။ ။[ပညာကျော် လျှောက်ထုံး၊ ကင်းဝန်မင်းကြီးဆို။]

(၁၁) အနောက်နန်းမိဖုရား မြကလေးဆို-အလွမ်းဘွဲ့ အမျှော်စိုက်ဒွေးချိုး

နေမှိန်မှိန်၊ ဆင်ပေါင်းတော် ရွှေပုသိန်နှင့်၊ လာချိန်တန်တော့။ ။
* ထပ်ထပ်ကယ်မျှော်၊ ပြာသာဒ်ကယ် ဆောင်ဘုံပေါ်က၊ အကြိုတော်

* ဆရာတော် ဦးဝိပုလ အဋ္ဌမဟာပဏ္ဍိတမူစာအတိုင်းဖြစ်သည်။ ပုရပိုက်မူမှာ လွန်းရက်မျှော်၊ ယွန်းဆက်ဘွဲ့ဆောင်ပုံတော်က-ဟု မူရှိသည်၊ ကြိုက်ရာ လိုက်နာကြပါတော့။



သည်မယ်ထောက်ရတယ်၊ (ကိုယ်တော်ရေ) ကိုးခေါက်ပြန်ပေါ့။ ။ [အချို့မူမှာ လာချိန်တန်ပေါ့ရှိသည်။ ပေါ့ရှိလျှင် ကေဋ္ဌဒေါသမလွတ်။]

(၁၂) မန္တလေးမြို့ အချုပ်တန်းဆရာဘေဆို-ဒွေးချိုးသဖြန်

ကျွန်းပွေ့ပူ၊ လွန်းရွှေဂူတညာက်ချယ်လို၊ သဟန်မယ် ပူသရွှေကိုဖြင့်၊ စုံခစ္စအောင်ရုပ်ပုံရေးချင်ငဲ့၊ ခင်လေးစိတ်ကူး။ ။ဇာတ်ပလီ၊ နတ်ပန်းချီ ကိုယ်တိုင်လာလို့၊ မေရုယာမင်တံစုတ်ကယ်နှင့်၊ သမုဒ်ရေဖျော်ကာ သွေးပါလို့၊ ပူအင်ကို မှုတင်ရေးရလျှင်၊ (မောင်ခမောင်ရေ) ဆေးလောက်ပေဘူး။

ဒွေးချိုးစာကိုယ်များကို ပြဆိုချက် ပြီး၏။

၁၁၃-လေးဆစ်စာကိုယ်များကို ပြဆိုချက်

(၁) အဝ, ပထမကောင်းစားစဉ်က အဝမှ ပင်းယသို့ ရဟန်းတော်များ ဆွမ်းခံကြွရာ ရှေးအခါကရေးသော... ပဟေဠိလေးဆစ်ဟောင်း။ ရွှေဝကပါ။ ။ပန်းမလွှာ။ ။အညာမရှိ။ ။တုံးတိတိ။ သပိတ်ဆိုလိုသည်။

(၂) ရှေးရေး ကလေးချော့ လေးဆစ်....အိပ်ပလို့ဆို။ ။မအိပ်လို့ကြောင်အိုဂေမွေး။ ။ကိုက်လှဲ့လေး။

(၃) ပန့်ပါတဲ့ပန့်ပါ။ ။ရွှေမင်းဝံတောင်တော်ရိုး၊ ပန်းချိုးလို့လာ။ အပွင့်မှာဝါဝါ၊ အညာမှာ ရွှေတွေလူး။ ။ကုံးပန့်ဝံ့ဘူး။ ။[လေးဆစ်ချိုးစပ်နည်း ဂဏန်းစဉ် (၉၃) တွင် ကြည့်ပါ]

(၄) လူမိုက် ၈-ဦးအကြောင်း လေးဆစ်

သူခိုက်ပွား၊ ဝင်စားတတ်တဲ့လူ။ ။မြင်တိုင်းလိုချင်လို့၊ စာသာသင်စာမရေးနိုင်နှင့်၊ စာရေးလျှင် ဖြုန့်မတည်းတဲ့ပြင်၊ ကပ်ဆည်းသသူရကိုယမ်းခမာန်မူ။ ။မျိုးမိတ်ဆွေပေသူညနှင့်၊ မိန်းမကိုယုံစားလို့၊ လူများလက်ခွံသူ၊ မှတ်ယူပရှစ်ဦး။ ။မှန်ဘိချော၊ ပဏ္ဍိမဟူစေနှင့်၊ ဇမ္ဗူမြေ-မြလျှံဝိုင်းမှာဖြင့်၊ ယိုင်းခေါင်ထိမူး။ ။[တန္တြသာရကျမ်းရင်းမှာ ထိုလိုလူများကို ပညာရှိများက တားမြစ်ဆုံးမရန်ပါသည်။ ။ကင်းဝန်မင်းကြီးဆို။] အဝှန်းဂဏန်းစဉ် (၁၁၂) ဆိုင်ရာဂဏန်းစဉ် (၇) မှတ် ဒွေးချိုးကြည့်။

### (၅) သူတပါးသို့ မပြန်အပ်သည့် ၉-ပါးအကြောင်း လေးဆစ်

ရှူသမျှ၊ မာနဖြင့်လွှမ်းကာ။ ။ဇာတာစန်း၊ မှတ်မန်းမန္တာန်နှင့်၊ကျင့်ကြံုးခြိမေထုန်မှုငဲ့ပြင်၊ ဆေးကုပုံ-ဥစ္စာနက်ကို ခွဲဝက်သေချာ။ ။ရှုံးလေပြီးငယ်ကြီးမှုခြင်းအရာ၊တွင်းကထာဟူသမျှ။ ။ယင်းကိုးအင်၊ စိစစ်ကယ်ဖွဆင်ခြင်လို့၊သေမည်ပင် ဖြစ်လှည့်ငြားသော်လည်း၊တပါးသူလူတဆင့်ကို၊ ပြောနှင့်ရှောင်ကြ။ ။[ကင်းဝန်မင်းကြီးဆို။]

(၆) တောင်တရိုးမှာလ၊ မီးခိုးကမှောင်ရီပြာ။ ။ကိုတောင်သူစူးကိုထိုးတယ်၊ မိုးကျစခါ။ ။ကျောက်ကြားမှာ၊ ကျလာတဲ့ရေမျိုး။ ။မောတဲ့ခါသွား(နား) သောက်လို့ချိုး။ ။ရေးသူမသိ။ ။[စင်တော်ကြီးမင်းသား ကိုသာပြောဆို]

* နေရှင်နယ်ကျောင်းသုံးကဗျာဖွဲ့နည်းကျမ်း စာမျက်နှာ ၃၈-နှင့် ၃၉-တွင် စာခေါင်းမှာ ထြိချိုးဟုပြ၍ အောက်က ဥဒါဟရဏ်မှာ အောက်ပါအတိုင်း လေးဆစ်ချိုးကို ကိုးကားပြသ၍ ထားသေးသည်။

(က) ၁-တောင်တရိုး၊ နိုးမင်သန့်တဝေဝေ။ ။၂-ပန်းကထွေထွေ။ ၃-ချောင်းမြစ်ရေ၊ တွေတွေကွဲလွန်သာမော။ ။၄-ဈာန်ပိုင်ရှင် ထေရ်ရဟန်း၊ လွမ်းဘွဲ့ဤတော။

(ခ) ၁-တောင်တရိုး၊ နိုးမင်သန့်တဝေဝေ။ ။၂-မဟာမြိုင်သာတဲ့နန်း။ ။ပန်းကထွေထွေ။ ။၃-ချောင်းမြစ်ရေ၊ တွေတွေကွဲသာ(မော)။ ၄-(အိုဗျာ) လွန်းဘွဲ့ဤ(တော။)

လိုရင်းကား-အသက်ရှူ စည်းဖြတ်ကွပ်သိမ်းချက်ရှိသည်ကို ထိမိရန် အသိကျန်သေး၍ လေးချိုးကို ထြိချိုးဟု အမှတ်ပြုရှာကြခြင်းပင်တည်း။ ချောင်းမြစ်ရေသည် ကွပ်သိမ်းချက်ပင်တည်း။

### (၇) လဘက်ရည်တော်ရွာစည်ရွာစား မင်းလှသင်္ခယာ ဦးပုညဆို-မယ်ဘွဲ့လေးဆစ်

တစ်သုံးဆဲ့တနယ်။ ။ခေတ်လုံးတွင်မူတစောင်သို့၊ ဇမ္ဗူဘောင်မော်အကျွန်းတွင်ဖြင့်၊ မော်ကွန်းမှန်ကသိုင်း၊ ရိုင်းသရွှေပယ်။ ။နိဗ္ဗာန်တိုင်ယူသည့်နောက်ကိုလ၊ သူဘယ်လောက်လှအုံးမယ်၊ စဆုံးလယ်သိဘူး။ ။ပင်နဂိုရ်၊ ယဉ်တယ်ဆို-ယဉ်ကလေးကိုမှ၊ မရေးနိုင်-စာဆို မောရတယ်၊ ဇောဘဝကူး။



### (၈) မန္တလေးမြို့ အချုပ်တန်းဆရာဘေဆို မယ်ဘွဲ့လေးဆစ် ဘောလယ် (ဝါ) ပုလဲ

ရွှေဗိန်ရောင်နားပန်တဲ့ပါလို့၊ ဝတ်လဲတော်ရာကျ ရဲငယ်နှင့်၊ငွေဘဲကန့်ဆင်လို့နော်။ ။ရွယ်မယိတ်ခင်က၊ ငယ်စိတ်တော်ဘိုကရိုနှင့်၊ အလိုလို နဂိုရ်ကောင်းသူမို့၊ သောင်းမြေကကျော်။ ။နွဲ့မဟာ သူကလေးမှာဖြင့်၊ လဲ့ဖြာဖြာ မမူသေးခင်က၊ လူမေးလို့စုပ်သပ်ခေါ်၊ မော်မယ်ပသည်ဘဝ။ ။သေးသွယ်သွယ်၊ မလေးနိုင်ငွေစမွယ်သို့၊ ရွှေအရွယ်ငယ်ငယ်ကသင်းပါဘိဘယ်၊ မင်းခင့်သီလ။

### (၉) သံတော်ဆင့် ဆောမြို့စား နိုင်ငံတော် လယ်ဝန်မင်း ဦးစိက သံတော်ဆင့်မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ်မင်း ဦးရန်ထံ ပေးသော လေးဆစ်

သဂြိုဟ်ကျမ်း၊ လက်သန်းတဲ့ဌကထာ။ ။နိဿရည်း၊ ကမ္ပည်းရာဝင်ပြောင်လိမ့်၊ သုံးနောက်နောင်ပေါ်မထွက်ချည်ဘု၊ အနက်မှန် လိုသရွှေကို၊ ကျမ်းစုံစေ့မှာ။ ။လွန်နက်နဲပါဘိ၊ ခက်ခဲတဲ့ ဘိဓမ္မာကို၊ ဋီကာဉာဏ်ထောက်ထား။ ။ပိုင်-မိန္ဒတောင်း* ၊ကျမ်းပေါင်းနေတ္တိနည်းနှင့်၊ ကစ္စည်းသဒ္ဒါငံလို့၊ ကျမ်းဂန်မှာ၊ နန်းသံလှိုင်းပါဘိ၊ မိုင်းခိုင်း ခွန်တော်စားတဲ့ပြင်၊ တရားဉာဏ်ဆိဖျော်လို့၊ နန်းမတော် ဝန်မျှားမင်းငယ်၊ ထင်းတဲ့ဉာဏ်သွား။

### ပုဂံနယ်ပိုင်ဝန်ထောက်က မဟာသဃ်ရာဇာဆရာတော်ဘုရားကြီးထံ လျှောက်စာလက်ခံ

ဘုရား...

အောက်ပါဝေါဟာရအချက် အဆစ်လေးရပ်ကို သိလိုပါသည် ဖြေဆိုတော်မူပါဘုရား။

မိန္ဒတောင်း ပိုင်တောင်း ခေါ်သော ကျမ်းသည် မည်သည့်အရာကိုပြဆိုသောကျမ်းဖြစ်သည်။ မိန္ဒတောင်း မှန်သည်၊ မိန်တောင်းမှန်သည်၊

* ၎င်းစာကိုယ်အမေးများကို ဖြေဆိုချက် ပထမစာအုပ် စာမျက်နှာ ၂၀၀ တွင် အဖြေရတုပါရှိသည်။

ၚင်းစာ ဆရာတော်ထံရှိသည် မရှိသည်။ ရှိလျှင် စာအင်္ဂါကြောင်း ရေးများပါ ရေးသားထည့်သွင်းတော်မူပါ။ ။လ။

သည်ကဲ့သို့သိလိုသည်မှာ လယ်ဝန်မင်း ဦးစီရေးသားသော လေးဆစ်မှာ မိန့်တောင်းရှိသည့်ပြင် ရှင်ရဋ္ဌသာရဆရာတော်က ဝံတောင်လယ်ဆရာတော်ထံပေးသော... ဌာနေတော်၍, စာပေပျော်၍, ညာကြေကျော်၍....အစချီသော ရတုပိုဒ်စုံတွင် စာပေပျော်၍ အစချီသော အပိုဒ်မှာ– "ပိုင်မိန့်တောင်းနှင့်၊ ကျမ်းပေါင်းများမှာ၊ ဤသို့လာဟု" ဟူ၍ မလုံးတင် န-သတ်အမြစ်နှင့် မိန့်ဟုသေချာစွာ ပါရှိပါသည်။

## မဟာသဿရာဇာဆရာတော်ထံက ပြန်စာလက်ခံ

မဟာသဿရာဇာဆရာတော် ပြန်ကြားသိစေအပ်သည်။ ပုဂံဝန်ထောက်မင်း ···အကြောင်းမှာ ဝန်ထောက်မင်းထံက ၂၀-၃-၁၂-နေ့စွဲနှင့် လျှောက်သောစာကိုရရှိကြည့်ရှုရသဖြင့် ပြန်ကြားလိုက်သည်မှာအောက်ပါအတိုင်းဖြစ်ကြောင်း။*

၁-မှတ်အဖြေမှာ အဘိဓမ္မာဂဏ္ဌိ ဖြစ်ကြောင်း၊ ၎င်းစာဆရာတော်အထံ၌ ရှိကြောင်း၊ ၎င်းကျမ်းများသည် ရှေးဆရာတို့ စီရင်သော အဘိဓမ္မာ အဋ္ဌကထာဋီကာတို့၌ ခက်ရပ်ခက်ဆစ်ကို ဆိုသော ဂဏ္ဌိကျမ်းပေါင်းများဖြစ်သည်။ အဓိပ္ပါယ်သဘော သဘာဝ ကျုန ကောင်းမွန်အမိန့်အဆို ပိုင်နိုင်သောကြောင့် မိန့်ပေတောင်း, ပိုင်ပေတောင်းဟု ဆိုကြသည်ကိုစွဲ၍ မိန့်တောင်း ပိုင်တောင်းဟု တွင်သည်။ ယခုအခါ (အ)မြစ်ကျ၍ မိန်တောင်းပိုင်တောင်းရေးသားလေ့ရှိကြသည်။ မိန်ဟူ၍ ရေးကြဟန်မှာ စာနာရ၍ နာမ်အာဟာရဖြစ်သည်ကို ရည်ရွယ်သည်ဟူ၍ ယူသော် ဆီလျော်ရန် ရှိသည်။ [အင်္ဂလိပ်ဘာသာတွင်-Relish ကိုၚင်း, Appreciaton ကိုၚင်း အကြောင်းအခွင့် သင့်ရာသုံးလေ့ရှိသည်]။

အဋ္ဌသာလိနီ မိန့်တောင်း····၁၀်ပေ-ကစ၊ စဆုံး ၅ါ၀ံ။
အဋ္ဌသာလိနီပိုင်တောင်း····၁၀်ပေ-ကစ၊ စုဆုံး၊ ၅ါ၅ံ-
အဘိဓမ္မာဋီကာမိန့်တောင်း····၁၀်-ပေ-ကစ၊ စားဆုံး၊ ၆ါ။

* ၎င်းစာကိုယ် အမေးများကို ဖြေဆိုချက် ပထမစာအုပ် စာမျက်နှာ ၂၅၉-တွင်ကြည့်။



## ၁၀–တောင်တွင်းကြီးဆရာကြော့ဆို-လေးဆစ်
[လေးဆစ်ပုလဲးလည်းခေါ်သည်]

စတ္တဝါ-ကုဋ္ဌေသိန်းတွင်မှ၊ ပျက်ကမ္ဘာ ခုနေကိန်းသော်လည်း၊ မူငွေငြိမ်းမြန်မကြာ။ ။တကပ်တဲးဟာမို့၊ မှတ်စွဲးခါ-တယ် မဖွဲ့လောက်ပါဘု၊ နယ်ချွှသူ အမော်ကျော်က၊ မြတ်ဘုန်းမော် ရာထောင် ပွင့်သော်လည်း၊ပူခွင့်တွေ့မြှမဲးနိုင်ဘု၊သံသရာကန္တာကျေးမှာ၊မှေးတဲ့တဏှာ။ ။နွဲတင့်၊ သဲ့ရုံညီးနိုင်တော့၊ ဆဲ့တဘုံ ဖွဲ့အုံကြီးသော်ကြောင့်၊ မီးထိပ်စုခေါင်ကွန့်ချာ၊အိုယှဉ်လာနှင့်လူအများ။ ။ဂုဏ်မတူ၊ ပူမူမှာစုံသသူမို့၊ ဥက္ကာဂူမမလေးပါဘဲ့၊ မြတ်ဗုဒ္ဓါဗျာဒိတ်ပေးခဲ့တယ်၊ အမယ်မင်း-ဝေးကရှောင်ရှား။

(၁၁) စဘုဋ္ဌေဂိမ္ဘန္တမှာလ၊ သမုဆွေချိန်ညက်ဆပါအုံး၊ ရှိန်လျှံကပူသည့်အင်။ ။ဝေမစဲးအောင်ပ၊ ရွှေသဲးခြေ မြင့်ခါလေးတယ်၊ သွေးမြောက်လှိုပင်။ ။သဇင်နှံ့ညွှန့်ညှာဖူးကဲ့သို့၊သင်ရုံမှာ လွှန့်ခါလူးပါပေါ့၊ ကွန့်ညက်မှုးသန္တာရှင်ငယ်၊ စာပြင်လိုက်ပါအုံး။ ။ဇောကြွခါကြွယ်၊ ဒေါနည့ာ အခြေတယ်လို့၊ ရေစမ္ဘာယ် ခံချင်စမ်းပါဘိတယ်၊ ဖြန်းလှဲပါဘုန်း။ ။[ရေးသူမသိ... နွေဘွဲ့ လေးဆစ်။]

(၁၂) ကရကဋ္ဌေသိန် ကန်တူလမှာ၊ မြတ်တသိန် ညက်ယူဆပါအုံး၊ သန္တာူလသွင်ရှဂ်ရည်။ ။မှောင်မသန်းပါတဲ့၊ တောင်မန်းမှာ တင်သာကီတို့၊ အဋ္ဌင်္ဂသိက္ခာထူးရယ်နှင့်၊ ဦးပုသ်ဆောက်တည်။ ။ပဒုမ္မာပိတ်ဖြူနံရယ်နှင့်၊ ဂုဏ်သမ္ဘာ စိတ်ယူပြုပါလို့၊ နိဗ္ဗူဆုစွဲး၍ တည်သည်၊ သဲးစည့်တဲ့ သည်ဝါတွင်း။ ။ဆင်သင့်အော်၊ ကြင်ခွင့်ကိုအခါဆောင်လို့၊ တင်တင့်မောင်လိုက်ချင်စမ်းပါဘိတယ်၊မန်းတောင့်သာခင်း။ ။[ရေးသူမသိ... မန္တလေးတောင်ဘွဲ့ လေးဆစ်။]

(၁၃) ကြည်စရာကုန်ကုန်ပြုတာက၊ရည်နှံ့သာမှုံမှုံနကို၊ဖုံဖုံခုလိမ်းချက်ဆင်။ ။လစ်ကနဲ့းပါဘဲး၊ ကျစ်ဘဲးဖြူ ငွေရောင်ရှင်နှင့်၊ ပွေအောင်ပင်ရွှေရင်လွှမ်းတယ်၊ ပန်းကုံ့ကုံ့ပြင်။ ။မြမန်းမြေတောင်အထက်မှာလ၊ လစန်းငွေအရောင်လက်သည့်သို့၊ ဆောင်ကနက်သူမို့ပင်ရယ်၊ မြင်ပြန်၍ စိတ်ကစော။ ။မြောက်စောင်းချောင်စွယ်၊ ကောင်းရာမောင် လိဇယ်လို့၊အောင်ငြိကွယ်ခေါ်လို့ မြန်းချင်လှတယ်၊ သန်းဒဟတ်တော။ ။ၚင်း။

လေးဆစ်စာကိုယ်များကို ပြဆိုချက်ပြီးပြီ။

## ၁၁၄–လေးဆစ်ဘောလယ် စာကိုယ်များ

### (၁) မြင်းခြံမှူးဆရာဦးဒေးဆို–လေးဆစ်ဘောလယ်ငိုခြင်း ကြုံလေ ဘုံဘွေ့ အဆန်း

သဘင့်အစဉ်အလာ မှတ်ညဏ်ဆသူတို့၊ အဆင့်ဆင့် ပညာတတ်ရန် ပြခဲ့ပါနတ်သံကလတ်ဦးသင်။ ။ဆီးသီးကောက်၊ ဖြိုးမြောက်နန်းဝင်တဲ့၊ တပင်စံဘုံကနက်၊ စုံဘက်မောင်မသိနိုင်လို့၊ ဂုဏ်တက်အောင် အမည် မလှိုင်ပေဘု၊ မဒီကိုင်ခင်တယောက်မှာလ၊ စင်လျှောက်ဗလာခန်းတွင်မှ၊ လင်ပျောက်အရှာမြန်းခဲ့ရ၊ လမ်းစမမြင်ပါသကိုရှင်၊ မှန်းဆမရှင်။ ။ စုံနံ့သာ မြိုင်ဆိုကလဲ ဟောင်းလှပေါ့မို့၊ ကုဏ္ဍလာအိုင်ဆိုလဲ မကောင်း နိုင်ဘု၊ ကျောက်ပေါင်းရတနာစီတဲ့၊ နံ့သာနီတောင်နှင့် လိုက်ပြန်လဲ၊ ပွဲးကြိုက်မဲ့ပျိုမထင်၊ ငြိုငြင်ပါဘိ ရှာရတာများ၊ အမယ်လေး–ဟိုရင်စာ အရှိ၊ ကာလမှာမသွား။ ။အမယ်မင်း၊ ကဲးထိုက်စကားမို့ရဲ့၊ ပွဲးကြိုက် မလားဆိုခဲ့၊ ဗျာပါပွားတဲ့ စာသွားကိုရှင်၊ အကဲးထိုက်မထိုက်၊ တကတဲ့ စိုက်လို့မှီ ခွဲးပိုက်ဆင်ခြင်တော်မူကြပါ မောင်မယ်အများ။

### (၂) မြင်းခြံမှူးဆရာကြီး ဦးဒေး ဆို–လေးဆစ်ဘောလယ်ငိုခြင်း

ပါရမီဆယ်ဖြာကမြင့်သူမို့၊ လာဝသီငယ်ခါကလင့်သလိုဖြင့်၊ ရာဂဝီ ဘယ်မမ္မတာနှင့် ရယ်မှ၊ တွယ်တာသဖြင့် ပေါင်းဖော်မမက်–လောကီ အရာ ခွါချင်ပါသကိုကွယ်၊ ရွယ်ပဌနာနှင့်–ဆယ်သမ္မာ ရင့်ပါတဲ့–နွယ် မဟာမြင့် လောင်းတော်ဇနက်ဗောဓိလျာမို့သာ။ ။သီဝလီမည်ရှိစံ တ ဒွေနဲ့ပြင်၊မှန်ရဝေ ရံရွှေမိတ်တို့နှင့်၊ငွေရိပ်မှိဘမရောသပါလို့၊ ရွှေမိဏ္ဍိလာ နဂရမှာလ၊ ရာဇရာဇိန်မို့၊ သမ္မာရှိန်–မာဃိန်ဘုန်းတို့နှင့်၊ နူန်းလောက် စရာပါပေ နော်ကွယ်၊ ဘုန်းတောက်တဲ့ခါ။ ။မူးဘုရင် မော်သဇင် ဇနက်မှာလ၊ မြူးရွှင်ပျော်အစဉ်မပျက်ပေပ၊ ဥယျာဉ်တော်သာဘင် ထွက်စံ တော့၊ နှမ်ပင်သရက်ကိုတဲ့မြင်ရရာ၊ အသွင်မမျှတာမို့၊ နိမိတ်သံဝေ ဂတော်ခြောင်း၊ အမယ်လေး မရွှင်မပြပါလို့၊ တဆိတ်ကမှ ရံရွှေတော် အပေါင်း။ ။မမက်ပါချင်၊ ကနက်နဂရာခွင်ကဖြင့်၊ သရက် ပမာတင် လို့မို့၊ အပျက်ကသာ ထင်လိုက်တော့၊ ငါဘုရင် မလုံမွေ့ချင်ဘု၊ ဌာ ဝစဉ်ကြုံအတွေ့၊ ဘုံဓလေ့ရာဂီဆန့်တဲ့၊ ဗာဟီညဏ် တရံမျှမသန်းရအောင်၊ လာဘီဗျာန် သဏ္ဌာန်ရဟန်းတို့လို၊ ဖန်စွန်းစမွယ်တင်လို့၊ တကယ်ပင်



ဟောဝန်ဖျားဆီသို့၊ မယားပါ–သားပါ–များတကာ အားနာတို့ တား ရက်ကနှင့်၊ မသွားသာ–သွားသာ–တရားရှာသွားပါသော်ကော့–သွား ရသူမို့ကွယ်၊ အမယ်မင်းသနားစရာ့–သို့အကြောင်းကိုလ၊ တရားမရတဲ့ တို့အပေါင်းမှာဖြင့်၊ ကရို့ရေ၊ အမှားမခွ–တပါးဇနကရဲ၊ အလား ဆလိုမို့၊ အားကျူဗရာကဖြင့်၊ အပုံ့အပုံ–အပုံကောင်း။

* ယခုခေတ်တွင် လေးချိုးအမည်ပေး၍ ရေးကြသည်ကား ရှေး ရေး– လေးဆစ်ဘောလယ်သဘောသွားမျိုးပင်တည်း။ ရှေးကလေးဆစ် ဘော လယ်ခေါ်ကြခြင်းမှာ ရေးရိုး လေးချိုးကြီးများနှင့် ခြားနားကြ၍ သသံ သယဒေါသလွတ်ပေသည်။

### (၃) မယ်ဘွဲ့လေးဆစ်ဘောလယ်ငိုချင်း

[ရေးသူမသိ]

နှံပဏ္ဏာဂပေါဆင့်ပါလို့၊ သံသရာအရှေ့တင့်သူနှင့်၊ မသွေသင့်စုံနှစ် ဖြာ။ ။ဆယ်ကမ္ဘာမောင်မမုန်းနိုင်ဘု၊ ထုံးဘွဲ့မေတ္တာကိုနော်ဗျာ၊ သုံး တဲ့သစ္စာ။ ။မယားတယောက်တွင်ဖြင့်၊ အများထောက်ပါအံ့၊ ကြွား မောက်ခါပိုမဝါဘု၊ ပျိုကညာ လှရှာဆုံးပါဘဲ၊ စန်းရွှေမြညာကုံးကို နော်ဗျာ၊ ရုံးတဲ့စိတ်မှာ။ ။ရွှင်ပျော်ပျော်သဒ္ဒါမျှသူနှင့်၊ ထင်သနော် မညာရပေဘု၊ အမရာပဥမာလို၊ ကရုဏာတကယ်ပွား။ ။စန်းရွှေညာ မှာလေလေ့၊ ချမ်းမြေ့စွာပါမေမေ့၊ ပန်းမွှေ့ရာပါဘေဘေ့၊ ချမ်းမြေ့ စွာ၊ စန်းရွှေညာ၊ ပန်းမွှေ့ရာ၊ သင်ဘွေညောင်နှင့်၊ ခင်ဘေမောင် မျှော် သမျှကိုလ၊ မရွှင်လေအောင် မျှော်တော်ကိုစတတ်ပါတဲ့၊ အမယ်မင်း မိန်းမအများနှင့်၊ မယားဆိုရှာပေသင့်၊ အိုလေဗျာကြိမ်းပမကြွား၊ အစစ အရာရာ၊ ဟိုဟာစာနှင့်၊ အိုလေဗျာရှိန်းလှမယား၊ ဆဆတရာ၊ ချိုသာ လေသနှင့်၊ ကြိမ်းပမကြွား၊ ရှိန်းလှမယား။ ။မိန်းမ အများတွင်ဖြင့်၊ လင်သားကိုသာ၊ ကြင်အားပိုစွာ၊ ထင်မှားမငြိုရှာ၊ ချိုသာစွာနှင့်ပေးသူ မို့၊ အဆုံးတိုင်တိုင်၊ နှစ်ဘုန်းဆိုင်ပြိုင် တဘုန်းပိုင်ပိုင်ဇေးခဲ့ရ၊ အမယ်မင်း ရယ်မ၊ ကြင်ရေးချယ်သမျှစုလျား၊ ခင်လေးမယ်တဲ့လှတပါး၊ ဘွင်ဆွေး ဘွယ်ပ၊ ဘဝမခြား၊ တင့်ကြက်သရေတခေခင်နှင့်ဖြင့်၊ ကနက်ငွေ့ မသွေ ကြင်နှင့်၊ နှစ်ပွင့်စက်ရွှေ ပရမေထင်သင့်၊ စက်ရဝေဘုံငွေနန်း–ချစ်ပန်း များကြဘုန်းနှစ်ခိုင်၊ ကြက်သရေယှန်ငွေစန်း–ပြစ်သန်းမကွာလှမမုန်းနိုင်၊ ဆက်ဂဟေခြုံရေဖြန်း၊ ရှစ်ခန်းကြာကြွ၊ နှစ်ဘုန်းပြိုင်၊ ကတိုးညှာမ သုံး ရွှေဆိုင်၊ ဆုံးတိုင်–ဘုန်းလှိုင် တကယ်စောပါငဲ့၊ အမယ်မင်း–လောက

တလွှား၊ သဘောကျတပါး၊ အချောအလှမယား၊ ချစ်စရာကများပါဘိ၊
တရားစောင့်လှ၊ မထောင့်ကြပေဘု၊ ကျောင့်းအမစိတ်မှန်မှန်ကန်ကန်၊
ဘန်ဘန်ရန်ဆိုကာမရိတ်ရှာဘု၊ မိဋ္ဌာန်တူ၊ စိတ်သန့်တကွ၊ ဝိတ်မှန်ကို
ရအောင်လို့၊ မမပျိုခင်၊ မငြိုငြင်၊ ကိုလင်မှတပါး၊ မျက်စောင်းတော်လှဲ့
လို့မှ၊ မပြစ်မှားသူမို့၊ ချစ်အားမျှ တလင်ပေါ်၊ သားပေါ်၊ ကျေးကျွန်
ပေါ်၊ မျှော်တော်ကိုးဆတတ်ပါတဲ့ကွယ်၊ အမယ်မင်း၊ ဘုရားအမကလေး
ဟူ၍ ခေါ်လောက်တဲ့မယားပါပေတကား။

မယ်ဘွဲ့လေးဆစ်ဘောလယ်ငိုချင်း—ရေးသူမသိ ပြီးပြီ။

---

## ၁၁၅—လေးချိုးစာကိုယ်များကိုပြဆိုချက်

### (၁) ဆရာတော် ဦးပုဓ်ဆို သံဝေဂ—လေးချိုး

ပင်စည်သာပျိုးတော့တယ်၊ ရှည်ကြိုးလံ-ဆုံနွားသို့၊ ကြိုငြားလာ။ ။
မှောင်အဝိဇ္ဇာ၊ ပိတ်ဆီးရယ်ကာ၊ မြစ်သံသာယော၊ အာသဝေါမှာ
ကျမျောပြန်တက်၊ ဆန့်ပွဲ့က—ခက်သနှင့်၊ စည်းပွက်ကယ်တဏှာ၊ မျောရက်
သာပါတော့၊ ငါးကာမလူ့ခွင်၊ ပုထုဇဉ်ကျင်မလွှေပေမို့၊ အတွေ့ကို
ရှောင်နိုင်ခဲပါဘိ၊ ထဲးကကြိုးအာ။ ။သုတ်မဟော်ရယ်၊ မြွက်ဘော်
ဇိနတ်၊ ပိဋကတ်ကို၊ နှုတ်မှတ်အာဂုံ၊ ဝါစုတ်ပင်ငုံသော်လည်း၊ မြူမှုံလွှင့်ဖြို၊
အကျင့်သာလိုလှတယ်၊ ကိုယ့်ခန္ဓာ-ကိုယ်သာဖုံးမှသင့်သတဲ့။ ။ရွှာသွန်း
ဂဗ္ဘေ၊ သံဝဋ်ရေသို့၊ ကိလေမိုးပေါက်၊ ဆင့်ဖြိုးလှောက်၍၊ ပိုမောက်ချွဲ
ဖွေ၊ ဆဲ့နှစ်တွေမှာ၊ မဓေ္ဌရစိတ်၊ ချွန်းနှယ်ချိတ်လျက်၊ ညာနိဗ္ဗူတာ၊
ရောက်နိုင်လေပါသေးသမျှ-ကိုယ်ကာယရုပ်ကောင်၊ မပုပ်အောင်စာရေ
ကျွေးလို့၊ မွေးရပြန်ခဲ့။

ဆရာတော်ဦးပုဓ်ဆို-သံဝေဂ—လေးချိုး ပြီးပြီ။

---

### (၂) စာဆိုတော်ဦးမင်းဆို—ရွှေကြက်ယက်ဘုရားဘွဲ့ လေးချိုး

ဘဝင်သာကျူးတော့တယ်၊ တက်မြူးရောင်လျှံနှင့်၊ တောင်သယံရွှေ
ကြက်ကိုလ၊ နေစက်ရှိန်ဆယ်ဆူမှ၊ ဆွယ်မပြူဂုဏ်ညှိုးပေရတယ်၊ ဘုံကိုး
ပိုင်။ ။ရပ်ပြစ်ကယ်ရှစ်ဌာန်၊ ပါယ်လေးရန်နှင့်၊ သုံးတန် ကပ်လွတ်၊
ဘန်းနိုးတော်ချွတ်နိုင်လို့၊ မိုးထွတ်ကယ်ပြဟ္မာ၊ နတ်တကာနှင့်၊ သတ္တဝါ
ထိုထို၊ စက်ရင်းသာ ခိုတော့တယ်၊ ဆိုမကုန်ဘုန်းတော်ကို၊ ဆုံးမမြော်



ကုဋေပွားလို့၊ ကျော်ငါးမည် တသိန်မြင့်ချည်သွေး၊ ခြီးခွင့်မနိုင်။ ။
လှေသဘင်မူ၊ ရေပြင်မလပ်၊ ဆိပ်ကမ်းကျပ်မျှ၊ ကုန်းတပ်ကယ်မြင်းဆင်၊
လှည်းခြေကျင်နှင့်၊ လျင်ယည်ရထား၊ ယန္တရားလဲး၊ မျှားပြားငယ်ထပ်ထူ၊
ပြည်ကြီးသူတို့၊ အမူအရာ၊ မွန်မြတ်စွာပင်၊ ထွက်ချာထိပ်ဦး၊ သုံးလူ့မူးကို၊
ဖူးမဝလို၊ ထူးစေတနာပိုလွန်းလို့၊ ဗိုလ်ခြေငယ်ဆိုင်သည်၊ ခရိုင်တောင်
တောပြည့်၊ ကြည်းရေနှံ။ ။ပင်သန္ဓေမြတ်၊ စောဝေဠုနတ်ကယ်ကြောင့်၊
ရိမဒ်နန်းရံ၊ ဟိုယမန်ဝယ်၊ ပန်ပဏ္ဏနာ၊ မြွက်သောခါလဲး၊ သာကိုယ်
တော်လျှ၊ ဗျာဒိတ်တော်ပြဘူးတဲ့၊ တေဇငယ်နိသင်၊ ထူပဝင်မူ၊ ဇမ္ဗူခွင်
မြန်၊ ဆိပ်မည်ဘဲးမို့၊ မိဋ္ဌာန်ကိုးခါ၊ ခတိုးပါတော့တယ်။ ရောမြကမ်း
မော်မှာ၊ စံနန်းတော်နှစ်တာညွှန့်ငယ်က၊ လေးကျွန်းရုန်ဟန့်။

စာဆိုတော်လူဦးမင်းဆို ရွှေကြက်ယက်ဘုရားဘွဲ့ လေးချိုးပြီးပြီ။

### (၃) ကျီဝန်မင်းညီ မောင်စံသူဆို—သီဟတောဘုရားဘွဲ့ လေးချိုး

ခြည်စုံသာ လက်တော့တယ်၊ လည်မျက်ကယ်ခေါင်ထိလို့၊ တောင်ရှိ
နှံပွားပါဘိ၊ ကြိုအားသွန်။ ။ဘုန်းသစ်ကယ်နှိုးကာ၊ စိုးမိုးငယ်ဖြာသည်
ဇေယာထိစက်၊ ကံရွှေစက်ချည့်ထင့်၊ သစ်နက်ကယ်ဘွဲ့ဖူ၊ နှိုးတဲ့သူမို့၊
မဇ္ဈူအိုင်ချိန်၊ လှိုင်တဖြိမ့်ဝယ်၊ သီရိန္ဒြေ၊ သိမ့်သိမ့်မျှမှာဖြင့်၊ နိက္ခဘုန်းပန်၊
နိမ့်စံကို၊ နတ်ညာဏ်ဘယ်တွင်၊ မဦးခင်ကြီးက၊ လှော်စင်မွဲ့ရောင်ဝှန်ကို၊ နောင်
မလွန်ကြင်ဗျာရွေးပေမို့၊ ချစ်သွေးကိုမခင်တပ်ပေက၊ ဆွေမြတ်သူဝန်။ ။
ယမုံနာဝယ်၊ ခုံသာထက်ဖွန်း၊ ဆောင်လွှတ်ကွန်းက၊ ပြောင်ရွှန်းဘက်
ကွေ၊ ကြက်သရေခဲးမို့၊ အနေကာဝန်၊ နန်းရွှေကွန်လဲး၊ တိမ်စွန်ပျံတမ်း၊
ကြွင်နှမ်းနှယ်နတ်ပေမို့၊ လှမြတ်ကယ်စုံစီ၊ ဂုဏ်ရာသီကို၊ ရှင်ဦးမဘက်၊ ချန့်ခွဲ
သာမြွက်ပါတော့၊ အခက်ကယ်များနှယ်၊ နှစ်နှားဘဲး ကြွယ်တုန်းက၊
စမ္ပာယ်မွန်ကို၊ ဖျောက်သွန်ဖြေသိမ်းလို့၊ မေ့နိုင်နှင့်။ ။ဝသုန်ပြိုလု၊ ငိုသ်
အထုမှာ၊ သူ့ကြည့်ရိပ်လွှာ၊ လှံ့ရန်တာကို၊ စံဇာတိမှတ်၊ ရာရွက်ရှင်အုပ်
ပေတဲ့၊ ဇေယုတ်ကယ်ယုစိ၊ ငွေတာရီကို၊ ချိန်မှိုကြူးခေါက်၊ ဘူးဘယ်ဝယ်
မြောက်ပမယ်၊ ခတောက်ကယ်အညို၊ စိန်တက်ခိုလဲး၊ ဟိုရွှေမန်းဆည်၊
နန်းရန်လည်မှာ၊ ပန်းနည်ကြူအင်၊ ပူသာပူမြင်ရပ၊ ဗျာထင်ရောင့်ရည်
ချိန်ကို၊ တောင်မဟိန်ရွှေဝတိုင်းမှာမှ၊ လှိုင်းတော့ပေသင့်။
ဘုရားတိုင်လေးချိုးတွင် ကြာမှာတမ်းသံ ပါနေသည်မှာ ဝါသနာအတိုင်း
လား,မှတလား....ခြားနားရန် ခဲ့ယဉ်းသည်။

ကျီဝန်မင်းညီ မောင်စံသူဆို-သီဟတောဘုရားဘွဲ့ လေးချိုးပြီးပြီ။

## (၄) မင်းထင်သက်ရှည်ဘွဲ့ခံ စာဆိုတော် လှူဦးမင်းဆို မင်းသားကြီး မောင်အိုတည်သော မဟာဇေယျပထတန်တား တော်ကြီးဘွဲ့ လေးချိုး

အံ့လိုသာကြူးတော့တယ်၊ စံထူးခေါင်ရောက်ပေတဲ့၊ ပြောင်မြောက်ဂုဏ်။ ။တောင်ဆွဲ့နှစ်တန်၊ ကျယ်အနံမူ၊ ယာဉ်ပျံရထား၊ နှစ်နန်းသွားနှင့်၊ အလျားငယ်တာတော်၊ လေးရာကျော်ကို၊ မမြော်ဘူးလေ၊ မြော်ရပေတော့တယ်၊ ရွှေကူမွေ့သီဟာမှာ၊ ရှုလေရာနယ်ခရီးက၊ နှစ်စီးခုန်ပျံမွေ့သည်နှင့်၊ မြူးတောက်လေ့ပုံ။ ။အဆောင်ဆောင်ဝယ်၊ ဘုံပြောင်ပြာသာဒ်၊ အထပ်ထပ်နှင့်၊ မြတ်ဝတိန်က၊ သင်္ကာသို့၊ ဘုရင့်သက်လမ်း၊ နတ်စောင်းတန်းလဲ၊ နှုန်းနန်းငယ်သွေးသိ၊ မလွန်ပြီဟု၊ လောကီပုဂ္ဂိုလ်ပခြီးဘဲးဆိုးလောက်ပေ့၊ ရောင်ကိုယ်လေးပွင့်၊ ရှုတိုင်းတင့်လို၊ မြောက်မြင့်ကြီးကျယ်၊ ကျေးဇူးနေ့ကြွယ်လှတဲ့၊ မိပ္ပါယ်စုံကို၊ ဉာဏ်ဂုဏ်စံလှိုင်းလို၊ မပိုင်ဘိ။ ။မဟာဇေယျ၊ ခါသမျှမှာ၊ ပထပေါ်ထွန်း၊ မှုံမော်ကွန်းနှင့်၊ ကျွန်းရွှေဝတောင်၊ မြေရန်အောင်ဝယ်၊ ယည်ပြောင် လေးထောက်၊ ချင်းနင်းဘောက်လို၊ ခြောက်ဆယ့်ခုနစ်၊ ကျစ်လစ်ပေါင်းကူး၊ တန်တားထူးကို၊ ဘူးဗောမိရန်၊ ရွှေလင်းမှန်နှင့်၊ စံညာတော်နေ၊ မင်္ဂလမ်းငယ်တွေ့သော့ခါ၊ တောင်ဇေယနက်သန့်မှာ၊ နတ်ခြောက်ဌာန် ဖြဟ္မာထွန်း၊ အောင်၊ညွှန်းဝှဲ့ကျော်သိ။

မင်းထင်သက်ရှည်ဘွဲ့ခံ စာဆိုတော် လှူဦးမင်းဆို မင်းသားကြီး
မောင်အိုတည်သော မဟာဇေယျပထ တန်တားကြီးဘွဲ့
လေးချိုး—ပြီးပြီ။

---

## (၅) ဘကြီးတော်လက်ထက် စာဆိုတော်ဦးမင်း,ဘိုးသူတော်ဦးမင်း, ဦးဖြေ, ဦးဣတို့နှင့် ကဗျာရေးဘက် စာဆိုတော်ဦးဘုန်းဆို ၎င်းတန်းတားတော်ကြီးဘွဲ့ လေးချိုး

သမ္ဘာသာမြတ်တော့တယ်၊ ညာနတ်ကယ်နန်းတင်၊ ရှစ်သန်းရှင်မှာ၊ တမွတ်ပင်ရွှေရူးပေတဲ့၊ ဆွေဦးသိန်။ ။နဿငယ်ဘိုးဆိုင်၊ ရေးမပိုင်သည်၊ ရွှေတိုင်ရွှေသစ်၊ မွှေးထုံနှစ်နှင့်၊ မြစ်ယံကမ်းငူ၊ ဘုံသီးထူလို၊ တယူနှံသွင်၊ နံလျားအင်ဖြင့်၊ မငွင်သွားရန်၊ တန်ထားဘဲးဖန်တော့တယ်၊ မြန်ရွှေဝလက်ယာမှာ၊တောင်မျက်နှာတူရှုတိုင်းဆီက၊ သမိုင်းစည်လာကြေ

ပေချည့်၊ ထွန်းတော့မတိမ်။ ။ပမာဆင်မှု၊ ဒိပင်စောလှ၊ ရှေးလွန်စွထက်၊ရမ္မငယ်ရွှေပြည်၊ မြန်းကြွသည်တွင်၊ မြတ်ထေရ်ဈာန်မွေ့ပျံဆဲးတွေ့လို၊ မြေ့အခင်းသာ၊ စီမံရာကို၊ အတာပျမ်းဝေ၊ လမ်းတင့်စေဟု၊ မြုတေဇောခြယ်၊ နက်လေးဘဲး ကြွယ်တော့တယ်၊ ခုဝယ်ကြိမ်သည်၊ နရိန်ရွှေလင်းနွေ့၊ မြကေဆင့်။ ။ကပ်ကုန်ငယ်တည်အံ့၊ အရှည်ခန့်သည်၊ ကော်နန်းမှူးချိန်၊ နှောင်းမုနိန်ဟု၊ ဣခြေစည်၊ ရှစ်သိန်းထေရ်နှင့်၊ခြောက်မည်ရောင်ညွှတ်၊ ရေမီးလွတ်လို၊ ခြေချွတ်ကယ်ပြုရာ၊ သည်ပြည်လာကို၊ ဒေသစာရော်၊ ဖြန့်ချက်ကယ်တော်လှတယ်၊ ပန်တော်ဆုအရွှယ်လဲ၊ ဘုန်းမောင်မယ် စုံပြည့်လှိုင်းပါလိမ့်၊ တိုင်းကြီးနေ့ပွင့်။

ဘကြီးတော်လက်ထက် စာဆိုတော် လှူဦးမင်း,ဘိုးသူတော်ဦးမင်း,
ဦးဖြေ,ဦးဣတို့နှင့် ကဗျာရေးဘက် စာဆိုဟော် ဦးဘုန်းဆို
၎င်းတန်တားတော်ကြီးဘွဲ့ လေးချိုး ပြီးပြီ။

---

## (၆) မင်းထင်သက်ရှည်ဘွဲ့ခံ စာဆိုတော် လှူဦးမင်းဆို ရခိုင်ကြောင်းချီ ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလဘွဲ့ လေးချိုး

တောင်ခပဲ့းတွင်မှ၊ အောင်ပွဲ့းတော်သစ်လို၊ ကျော်ရစ်စေ-ပေါ်ထွန်းတဲ့ မော်ကွန်းပုံ။ ။မြေမိုးစောင်းထောင်၊ ဗိုလ်ခြေငယ် ဆောင်သည်၊ အခေါင်သမ္ဘိန်၊ကိန်းနှင့်ချိန့်လို၊ကလိက်ရာဇ၊သို့သည်စစ်ကို၊ ပျစ်ပျစ်ကယ်ညက်ကျေ၊ နန္ဒိသေသို၊ အောင်ဘိသေညာဏ်၊ သူ့ထက်ကယ် သန်တော့တယ်၊ ဆက်ဒန်ရက်ျပ်ဝင်မှာ၊ ရုံးညာတင်သေနင်္ဂတ်ပေမို့၊ အုင်တိုင်းဘဲးအောင်ဘန်များပါဘိ၊ ခြားသန့်တဂုဏ်။ ။ဆွဲ့နှစ်ဖြာငယ်၊ ဇင်္ဂါဝိလတ်၊ ကာလကတ်ကို၊ အမှတ်ကယ်နှံ့ရုံ၊ ခြိုခဲ့ဘုံမှ၊ ဒဂုန်ဒလ၊ မုတ်သုံဝတွင်၊ ပေါ်စထွက်ပြု၊ များရန်သူကို၊ လွယ်ကူသုံ့ပန်း၊ နိုင်လက်ရ ဘမ်းမယ်လို၊ အောင်ခန်းစံတည်၊ မင်းဝံပြည်က၊ ဇာနည်ရဲ့ခေါင်၊ လက်ရုံးတော်ထောင်ဆဲးမို့၊ အောင်ပွဲ့းဘုံမှာ၊ ဝသုန်မြေလေးအံ့ထူးပါဘိ။ ။ဒေဝါငယ်ဒေဝ၊ အာဠာဝနှင့်၊ ယက္ခကုမ္ဘဏ်၊ အတန်တန်လဲ၊ မာန်ပုဏ္ဏကာ၊ မျက်ရှိန်ပြက၊ ကြောက်ရသော့သွင်၊ ရန်မာန်အင်လဲ၊ တိုက်ဆင်သန်

ကြွား၊ ခြောက်ဆယ်အားနှင့်၊ ဗိုလ်ဖျားမြူတော၊ ပင်လယ်ဝေအောင်၊ တက်နေနှုန်းတူ၊ ရွှေဘုန်းတော်ကြူခိုက်မို့၊ ဇမ္ဗူတိုက်ခရိုင်မှာ၊ စစ်မြေပိုင်ချရားသီးတွင်မှ၊ ထီးမိပတိ။

* ၎င်းလူဦးခင်းဆို- ဗန္ဓုလဘွဲ့ လေးချိုး ၅–ပုဒ်ရှိသော်သည်း သိသာရန် စံပမာဏ–ပုဒ်သာ ထုတ်နုတ်ပြလိုက်သည်။ ၇-မှတ်ပါ ဦးဘုန်းဆို- လေးချိုးနှင့် ယှဉ်၍ကြည့်။

မင်းတင်သက်ရှည်ဘွဲ့ခံ စာဆိုတော်လူဦးမင်းဆို-ရခိုင်ကြောင်းချီ ဗိုလ်မှူး ဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလဘွဲ့ လေးချိုး ပြီးပြီ။

---

## (၇) ဦးဘုန်းဆို-ရခိုင်ကြောင်းချီ ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မ မဟာဗန္ဓုလဘွဲ့ လေးချိုး

သိန်တန်းခိုးမှာလ၊ တိမ်မိုးလည်ပျံ့လို့၊ ပြည်တန်ငယ်ရှိန်လင်းပေတဲ့၊ စိန်မင်းလို။ ။နရငယ်ဦးကိုင်၊ သပြေပိုင်ဝယ်၊ ခရိုင်လွှဲအပ်၊ ကိုယ်ခွဲတော်မတ်မှာမှ၊ ဘုံမြတ်ကယ်ရိပ်ဝေ၊ လွှတ်ကွန်းနေလို့၊ ရွှေဟံသာပြည်ကြေတိုင်းစည်က၊ ရုံးရည်တောက်လောင်၊ ဟိတ်တေဇာပြောင်ချက်ကို၊ တောင်ဒိပ ကျွန်းခွင်မှာ၊ ရေးရာဝင်၊ ကုန်းအောင်ထွန်းတယ်နှင့်၊ မော်ကွန်းတပုံသစ်ပေချည့်၊ ထုံးလှစ်ဆင့်ပို။ ။ဗွယ်အစုံငယ်၊ ညာဏ်ဂုဏ်ကြီးပနှလုံးလှနှင့်၊ သီဟငယ်ရန်နှိမ်၊ ဂုထွက်ချိန်သို့၊ သိန်တညီစံ၊ ကြယ်မြတ်ဟန်လို၊ သည်ပြန်မဂ၊ သောဥသနှင့်၊ ဌာနနောက်တည်၊ အပြည်ပြည့်ဝယ်၊ ဇာနည်နှုန်းကျင်၊ ခန့်ဆုံးဘဲးထင်တော့ပ၊ အင်မညိုတယ်၊ လူဗိုလ်လွန်ချီးအံ့ မကုန်နှင့်။ ။ထွက်ပြူငယ်ရန်ညွန့်၊ မပေါ်ဝံ့သည်၊ စွန်ရှုံကြက်ငယ်၊ ဘက်နိုင်းဆွယ်သို့၊ ပင်လယ်နိုင်ငံ၊ သဲးသိမ့်ညံ့နှင့်၊ ထက်ယံငွေက၊ ကုဝေရဟု၊ ဇာန္ဒမတ်ခေါင်၊ တေဇာရောင်သို့၊ ပြောင်ပြောင်ညီးထိန်၊ သီးသန့်ဘဲးချိန်တော့တယ်၊ ဘုန်းရှိန်ညီ့း တန်းဆောင်ကို၊ သမုဒ်တောင် ရန်အောင်ကျွန်းဆီက၊ ထွန်းတောက်သီမြင့်။

* ရန်အောင်ကျွန်း–ဆိုသည်ကား ရှင်မဖြူကျွန်းကို ဆိုလိုသည်။ မင်းထင်သက်ရှည်ဘွဲ့ခံ စာဆိုတော် လူဦးမင်းရေးသော တောင်ခဲပးတွင်မှ ချီသော လေးချိုးလည်း သီးခြားရှိသေးသည်။ ၆–မှတ်နှင့်ယှဉ်၍ကြည့်။

၎င်းဦးဘုန်းဆို ရခိုင်ကြောင်းချီ ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မ မဟာဗန္ဓုလဘွဲ့ လေးချိုး ပြီးပြီ။

---



## (၈) ဦးဘုန်းဆို-တောင်ငူကြောင်းချီဗိုလ်မှူး တောင်ငူဘုရင်ခံ မင်းသားကြီးဘွဲ့ လေးချိုး

ရန်မမှတ်ပါဘူး၊ မြန်ရပ်ကယ်တသုန်မှာ၊ ရေးတော်ပုံ နောင်တွင်ဘို့၊ ခေါင်တင်ချိန်-ကြိုးခပေမဲ့ စိန်ရုံးရည်။ ။အာဒိငယ် ကုန်းဘောင်၊ ချီခဲ့ငယ်ထောင်သည်၊ အခေါင်သမတ်၊ စောမန္တတ်ဈော်၊ ဥတ္တဌကယ် စဉ်လာ၊ ဘေးကသာလဲ၊ လက်ယာတောက်လောင်၊ ဆန့်တိုင်းဘဲး ပြောင်တော့တယ်၊ ညောင်သီဟ–ထီးပြိုင်မှာ၊ သီးတတိုင်ဖြူပင်ပျိုးပေတဲ့၊ မြတ်ဘိုးနေခိုင်ဆင့်ငယ်၊ ရဲးပွင့်လှိုင်စည်။ ။ကေသရာမူ၊ သီလာဂူက၊ ထွက်ပြူခုန်ကြွသည်နှယ်၊ ဟံသငယ်တိုက်ဘောင်၊ ရန်မြူမှောင်ကို၊ တောင်ရွှေငူသိန်၊ ဘုန်းတန်းဆောင်ထိန်ရေ့လို့၊ နာဂိန္ဒရှင်၊ နှောင်ကုံးသီဆင်တိုက်တဲ့၊ မိန့်ရှင်ကြည်ကို၊ ဦးတည်ရှောင်မြန်းလို့ ဖြန့်ချီရ။ ။မြရည်ငယ်ကြည်လက်၊ ခွေ့လှိုရှက်သည်၊ သန်လျှက်ဘူမိန်၊ သာထူးချိန်ကို၊ တသိန်နေရ၊ ရုပ်ခံခုသို့၊ ဗိုလ်ထုစည်းနှောင်၊ ပြည်တိုင်းဘောင်ဝယ်၊ မင်းခေါင်ယမန်၊ တိုက်သိမ်းဟန်သို့၊ အောင်လံဖြူးရှည်၊ ဆွတ်မှူးဘဲးလည်တော့ပ၊ ထက်စည်ငြိမ့်သံသာလဲး၊ ခေတ္တရာချီတဲ့ပွဲငယ်သို့၊ ကဲးလို့ပြိုင်လှ။

ဦးဘုန်းဆို တောင်ငူကြောင်းဗိုလ်မှူး တောင်ငူဘုရင်ခံ မင်းသားကြီးဘွဲ့ လေးချိုး ပြီးပြီ။

---

## (၉) ဘကြီးတော်လက်ထက် စာဆိုတော်ဦးရွှေမောင်ဆို ရွှေပြည်စိုးဘွဲ့ လေးချိုး

သစ်သစ်သာ လောင်းတော့တယ်၊ ရှစ်သောင်းကျော်ခန့်က ခေါ်သံ့နှယ်။ ။နတ်ညွန်းငယ်လိပ်ပြာ၊ အတိတ်ကယ်သာသည်၊ ဘုဇင်္ဂါညွန့်ညာကွန့်ကွန့်မှာ၊ ရာစွန့်သက်လှယ်၊ ဆက်တဲ့မယ်ကို၊ မျက်ကယ်ပါးသွင်၊ ရှုအားသာ ထင်မိတယ်၊ ဥဘင်သရိပ်ရာမ်မှာ၊ သရုက္ခံ ပင်စုံတောဆီက၊ ရှာမော ဘဝင်အိရှာလိမ့်၊ ကောဋ္ဌိမြတ်နွယ်။ ။ဇော့တရုံမူ၊ ဂေါမံပန်းလု၊ နန်းရတုမှာ၊ မလ္လာချမြိုင်၊ စုံဂနိုင်က၊ ထုံရှိုင်ညွှတ်ခွေ၊ ဆွတ်ပစေသားလို့၊ ရွှေပြည်စိုးမည်၊ ငှက်တို့သည်လဲး၊ ခတ်သည့်ရိပ်ရာမ်၊ ပင်ဗိမာန်က၊ မိဿံရှင့်ရှု၊ ညာဏ်ခွေ့သူပူရေ့လို့၊ ပျူငှာငယ်သွယ်သည်၊ ထူမယ်ပန်ဆက်ကယ်ကမပါဘိ။ ။တိမ်စွန်ပျံ့ကြွ၊ ဆဒ္ဒန်ရသည်၊ ဝေဒလ္လမည်၊

လောင်းမင်းတည်တဲ့၊ ပြည်ရတယာ၊ မနော်မာကို၊ မြော်ကာ တန်းဆို၊ ချင့်မှန်းယောင်ကြိုဆဲးမို့၊ ပဟိုရ်လျှပ်ခြည်၊ နတ်မောင်းစည်လဲး၊ ပတ်လည်ဝန်းကျင်၊ ငြိမ်းမွှန်းသာဖြင်တော့တယ်၊ စင်ဘဝင့် မှောင်မှိန်မှာ၊ တောင်သာဂိန်ကြင်စုလေးငယ်တို့၊ သွေးမက်ရှာမိ။

ဘကြီးတော်လက်ထက် စာဆိုတော် ဦးရွှေမောင်ဆို
ရွှေပြည်စိုးဘွဲ့လေးချိုး ပြီးပြီ။

---

## (၁၀) ဦးဘုန်းဆို-မြတောင်စုဘုရား အနိမ့်အကျဖြစ်ရပုံကို ရေးသောလေးချိုး

ထောက်လိုသာတွေးတော့တယ်၊ နောက်ရှေးတော်မှုနှင့်မြော်ရှုကာ။ အရှေ့ငယ်မန်းမည်၊ † နန်းကြော့တည်သည့်၊ ဇာနည်စောစစ်၊ မြတ်ဘိုးတော်ခေတ်မှာလ၊ ရွှေရင်နှစ်ကယ်၊ ချစ်ဆုံးမယ်ဟု၊ ပယ်နယ်ခရိုင်၊ ပြည်တိုင်းပိုင်မို့၊ ချက်ပြိုင်ယှီးရွှေ၊ ဘိတ်ညီးသာဝေတော့တယ်၊ ရံရွှေမျှားဦးတင်လဲး၊ ငါးပဥ္စင် ဆော်ငြိမ့်ညင်းငယ်နှင့်၊ သလင်း * ဘုံညောင်လှေ့မှာ၊ ဖြားလေ့သာယာ။ ။ခြယ်မယာလ်ငယ်၊ ပြည်တန်နှ၍၊ ဒွါဒရနှင့်၊ နဝမျက်စီ၊ ရွှေဘွဲ့ချည်လို့၊ ရွှေဝေါယဉ်နှင့်၊ အစဉ်ပတ်ခြီ၊ ဖြန့်တိုင်းဘဲး ရံတော့ပ၊ ကံဇာတာငယ်၊ ခုသာ ဂုဏ်အားနွဲ့ ရှိပြန်ခဲ့။ ။လမ်းစဉ်ငယ်သိန်လျော့၊ ရိပ်မြိုင်ကြော့မှာ၊ ငယ်တော့ရံခြွေ၊ မမျှားရွှေနှင့်၊ ကာနေရိပ်လူ၊ ဆောင်းထီးမှုလဲး၊ ဇမ္ဗူမမွှဲ၊ ရိုးမန္တနှင့်၊ ကွဲ့သဘောမှန်၊ လောကဓံမှု၊ တပြန်လည်လည်၊ ခိုညှောင်းတာ ရှည်တော့တယ်၊ သည်သာကိဆွေမွှန်ကို၊ သနားဝန်ပိုလို့မောတယ်နှင့်၊ စောမိကာနွဲ့။

(အမရပုရပထမမြို့နန်းတည် ဘိုးတော် မင်းတရားကြီး ဘုရား သမီးတော် မြတောင်မြို့စားမင်းသမီးကို မြေးတော် ဘလ်(ဖန်)နန်းရှင်လက်ထက် မျက်တော်မူ၍ နိမ့်ကျရာ စာဆိုတော်ဦးဘုန်းရေး မြထောင်စုဘုရားဘွဲ့၊ ၎င်းလေးချိုးအရ မြတောင်စုဘုရားက ပြန်ပေးသောတေးထင်သည် အဝှန်းဂဏန်းစဉ် (၁၀၆) ဆိုင်ရာ ဂဏန်းစဉ် (၂) မှာရှိသည်၊ ကဗျာရေး၍ အသက်မွေးရပုံပါသည်။)

† အမရပုရမြို့နန်းကို ဆိုလိုသည်။

* သလင်းကား သည်နေရာ ကြာပွင့်ကိုဆိုလိုသည်။



## (၁၁) ဦးဘုန်းဆို-မင်းကတော်ထုံးလိုက်သော သျှောင်ထုံးဖြစ်သည့်အတွက် မဖျက်မဖြည်ဝံ့သောအကြောင်း လေးချိုး

အုပ်လိုသာဆွေးတော့တယ်၊ နုတ်ကျေးပြုချိန်ကို၊ မြူထိမ်ငွေနှင်းနှင့်၊ လေမင်းလွှင်။ ။ဇောတိပျုံဆိုင်၊ ကိုးရပ်ကယ်ပြိုင်သည်၊ မှိုတိုင်ဝင်းလွှဲ၊ ပြတင်းဆောင်မွှဲမှာမှ၊ ကြည်ဘွဲ့ငယ်စတော၊ တောင်တောနေနှင့်၊ ရွှေတညီသိန်၊ သည်ကောဝိန်ကို၊ ငှက်ထိမ်တားနိုင်၊ ဗျာပွားသာ လှိုင်တော့တယ်၊ သက်ပိုင်သဆွေသော်လည်း၊ ဖြေဘော်မစုံဝေးလေလို့၊ ဖြစ်ရှေးကို ဖွေနှည်စောတယ်နှင့်၊ မောမျှဘွယ်ပင်။ ။ခါနွေညီငယ်၊ ရွှေဘိနှင်းနှံ့၊ အင်ကြင်းလှိုင်ပျံ့သော်လဲ့၊ ဆင်အုံ့ငယ်မကြာ၊ ကျွန်းတော့ရန်ဟု၊ ရာပန်စောစွ၊ နုမျောသာ တတော့တယ်၊ နှောင်းလျှ ငယ်ကလျှာ၊ လဲ့ဝင်းပြာနှင့်၊ ခင်းကြာပြန့်ဘောင်၊ ယမန်ငယ်နှောင်ခဲ့တဲ့၊ သျှောင်ရကင်လဲး၊ မပြိုင်ရှာအားဝံ့ခုတိုင်ရှိ။ ။ရွှက်ကျင်ငယ်ယော်ခြောက်၊ မြိုင်ဂုဏ်မောက်သည်၊ လဲးပေါက်ကယ်စည်ချိန်၊ ရွှေသက်ထိန်လို့မှုံစိန်ကြဲးကွဲ့၊ ဘဲးလဲ့လဲ့မှာ၊ ရေပွဲ့သဘင်၊ ငှက်ကျေးရွှင်လို့၊ သို့စင်သာညီ၊ သည်ရာသီကို၊ ဇာမြီအုံးဝယ်၊ ညွှတ်ရုံးသာကြွယ်တော့တယ်၊ ကိုယ်လှယ်သူ့ခြံရွှေလဲး၊ ပါးမှာစေ မှိုင်းရှုရင်းငယ်နှင့်၊ လင်းတော့ယောင်ဘိ။

* စသင်း မင်းသားကြီး စလင်းသို့ ကုလား အရေးနှင့် အမိန့်တော်အရ ချီရာ မယားမမင်းသာ ထုံးပေးလိုက်သည့် သျှောင်ကို ပြင်၍မထုံးဖြစ် ကြောင်းကို ဘွဲ့ဆိုသောလေးချိုး။

## (၁၂) စာဆိုတော်ဦးဘုန်းဆို နေရီရီတွင်မြင်ရသော နန်းတော်သူဘွဲ့ လေးချိုး

စုံတလျှောက်မှာလ၊ ထုံသောက်ကယ်ဆွေနံ့နှင့်၊ ရွှေလျှံပင်လဲးစီက၊ ဂုဏ်ကြွယ်သည်မှု၊ ခြယ်နည် ဇောရင်နွဲ့ဆော်။ ။ကြွန်ငယ်တင့်ရှည်၊ အမြတ်ကယ်တိမ်ပျံ့၊ ချိန်မှုစံတဲ့၊ မဟာန်ဂီဝါ၊ ရတ်၊ ပြက်ရောင်လျှပ်သို့၊ လှိုင်ဘိသောဆင်ဆဲးမို့၊ ရွှက်ကျင်မှည့်ပိမင်းလျှာလဲး၊ မြိုင်သာဦးကင်၊ ဆွတ်ဖူးသီလည်မေ့ရောင်မို့၊ ငြင်းလှော်ရည်ကို၊ လေပြည် မော်ကူးလို့၊ သီတာဝဲးသစ်၊ ဗိုလ်ပွဲးတော် လှစ်ရင်လ၊ ငွေရစ်သော်။ ။ရွှေညီလာမှု၊ ကောသီမွှေးဘက်၊ မြသွေးရွှက်မို့၊ ကွန့်ရစ်ကယ် နန်းဆီ၊ နေရီရီကို၊ မဟာလွှာနှယ်၊ ညာကြီးမယ်ကို၊ ရုံလျှက်ကယ်သင်ကာ၊ သိမ်းတတ်ရှာနှင့်၊

နောင့်နှယ်နည်းပေ၊ မှိုင်ရောင်သာခွေမိတော့၊ ဖြေမပျော်သည်၊ ဝေရော်
ညှောင်နှင်းသွန့်၊ လျှပ်ခြည်က။ ။ငါးဆောင်ငယ်စံမှတ်၊ အာလိန်ငယ်
အုပ်သည်၊ ဆေးချုပ်ကယ်တိမ်ဘွေ၊ လွှင်မှိုင်းဝေနှင့်၊ ငွေဥဘန်ဝါ၊ရှုတိုင်း
သာတော့၊ ယမုနာမြစ်၊ စဲးသာစ်သစ်က၊ ကြွေးဟစ်ကယ်ခယ်ညို၊ သံနွဲ့ချို
လို့၊ မ,ဖို့, ထူးခေါ်၊ ကျူးသီတာ ဆော်တော့တယ်၊ နှောင်းမျှော်သည့်
နှုတ်ရွှေကို၊ ပါးမှာစေထင်မိရှေးတယ်နှင့်၊ လေးငြိမ်းလှာလှ။

စာဆိုတော် ဦးဘုန်းဆို နေရိရိတွင်မြင်ရသော နန်းဂတော်သူဘွဲ့
လေးချိုး ပြီးပြီ။

---

## (၁၃) စာဆိုတော် ဦးဘိုးလင်းဆို–၁၂၃၃–ခုနှစ် ပဋ္ဌမ သင်္ဂါယနာတင် လေးချိုး

ကုဋေသိန်းမှာလ၊ ရေကိန်းအာဏာကို၊ တေဇာတော်ခြိမ့်မှူးလို့၊ ဂုဏ်
ထူးလှိုင်ပျံ့ပါသိ၊ ကြိုင်နံ့ဘွေထုတ်တဲ့-ရွှေမုဋ္ဌာန်။ ။ဘဝင်္ဂကယ်မိုးစွန်၊
တန်းခိုးငယ်လွန်သည်၊ သိဝံရွှေမှောက်၊စံတဲ့နောက်ဝယ်၊ မာန်ပျောက်
ကယ် မိစ္ဆာ၊ ဒေသနာကို၊ ရွှေရာဇဂြိုဟ်၊ သာနုပျိုမှာ၊ ဖိုလ်ညာဏ်ကိုစီ၊
အာနန်ညီနှင့်၊ ဂန္ဓိနက်ကျယ်၊ ကျမ်းပင်လယ်ကို၊ နှုတ်ဝယ်မြားမြောင်၊
ငါးရာသည် ဆောင်သည့်နှယ်၊ ပြည်ထောင်ပြုရာဇိန်မူ၊ မြတ်ရွှေအိမ်ဘုံ
မြင့်ကွန်းမှာလ၊ စုံမွှန်းထေရိန္ဒငယ်တို့၊ ကျင်းပရွတ်ဟန်။ ။စုလ္လာသီ
ငယ်၊ ရဋ္ဌိမကွက်၊ ရွှေပေထက်ဝယ်၊အက္ခရာကုန်၊ မှန်စွာငုံသည်၊ ဝသုန်
နေ့ရ၊ ရေမြေထုလဲး၊ အောင်ဆုကျည်းဟီး၊ မြို့ကြီးသိရိ၊ ဝဇီရဇိန်၊ ကျော်
သံရှိန်လို့၊ ဒေအာင်ချိန်ခါရောက်၊ ပွဲတင်ဘောက်က၊ ဆဲ့ခြောက်ကယ်
ဖြဟ္မာ၊ နတ်တကာနှင့်၊ သဏ္ဍဝါထိုထို၊ ရှင်လူမိုလ်ကို၊ ကြည်ညိုချေချွတ်၊
ရွှေအာဘော်လွှတ်လေသို့၊ စက္ကဝတ်စည်၊ မင်းလေ့ယှဉ်တဲ့၊ မြွေဋ္ဌယား ရာ
ဇင်္ဂလဲ၊ ပဋ္ဌမတင်၊ မြိုက်ပွဲးသာယင်တော့ဘယ်၊ သာဘင်ငယ် ဘန်သည်၊
ငါးတန်အောင်ကိန်းရ၊ မြတ်ခေါင်ထိ။ ။နှစ်သောင်ငယ်ကျော်မြေံ
နောင်သော်နောက်ဝယ်၊ မဘောက်ကယ်ရှည်ကြာ *၊ တည်စေရာဟု၊
မည်ကာနန်းပိုင်၊မစွမ်းနိုင်တဲ့၊ ဘက်ပြိုင်မမြော်၊ သမ္ဘာတော်မို့၊ရာကျော်
နိသင်၊ ဆဒ္ဒန်ရှင်လ၊ ဦးကင်ရိပ်ဝှဲး၊ ထွက်စံမြဲးလို့၊ စာပွဲးငယ် ဆင်ရာ၊

* အမှာစီရင်သည်ကို ဆိုလိုသည်။



သည်ကမ္ဘာမှာ၊ သည်သာတပါး၊ မင်းခေါင်ဖျားဟု၊ တရားရာဇိန်၊ ပွင့်
လင်းသာထိန်တော့တယ်၊ ဟိန္ဒဂူကျွတ်ရုန်ကို၊ တမွတ်ညာဏ် ကန်တဲ့ ဘုန်း
တော်သို့၊ နှုန်းတုမရှိ။

စာဆိုတော် ဦးဘိုးလင်းဆို ၁၂၃၃–ခုနှစ် ပဋ္ဌမသင်္ဂါယနာတင်
လေးချိုး ပြီးပြီ။

---

## (၁၄) မန္တလေးမြို့နန်း ပထမတည်မင်းလက်ထက် သံတော်ဆင့် စာဆိုတော် ဦးမောင်ဆို-ပုခန်းကြီး မြို့စား သေနတ်ဝန်ကြီးမင်းဘွဲ့လေးချိုး

ဆင့်ဆင့်သာ ကဲးတော့တယ်၊ မြင့်ဝှဲးရှိန်ဝါမှာ၊သိန်သမ္ဘာရောင်လင်း
လို့၊ တောင်မင်းရွှေဆိုင်သို့၊ နေ ၇-ပြိုင်စံနှုန်းမွဲ၊ ညာဏ်ဘုန်းအင်။ ။
ဗျာဒိတ်ကယ်သိုက်စောင်၊ မွန်ရှည်ငယ်ပြောင်သည်၊ ပြည့်ထောင် ရွှေ
မှောက်၊ ဆဒ္ဒန်ရောက်တဲ့၊ လျှံတောက်ကယ်တေဇာ၊ ကေရာဝယ်၊ သေ
နာမိချုပ်၊ ခံသမုတ်လို့၊ စိုးအုပ်ကယ်ထပ်တူ၊ မြတ်ရာဇူလဲး၊ ကာဖြူရိုပ်ရံ၊
သည်ဟိတ်သာချန်တော့တယ်၊ငါးနန္ဒခေါင်ခြုံကို၊ နောင်ရွှေဘုံဝိဂူမတ်
လိုသို့၊ ကပ်ကူးကမ္ဘာရွှေသော်လဲ၊ ယွင်းလေ့မထင်။ ။သမာဓိန်ငယ်၊
သိန်တန်းခိုးချွဲ၊ သတိုးဘွဲ့နှင့်၊ ကိုးဆဲ့ခြောက်ဖြာ၊ ခြိရံငယ်ကာသည်၊
သလ္လာဦးလျှိုး၊ ကူးခန်းမြို့ကို၊ ဆယ်ဘို့ငယ်ရှေးမူ၊ ကံကျွေးယူလို့၊ ဇမ္ဗူ
ရန်လွှင့်၊ နိုင်ငံဘွင့်တဲ့၊ နတ်သျှင့် ခြွေရွှေ၊ ကုဋေဋေဝယ်၊ ရေသော်
အနက်၊ ပြည်ရမွက်နှင့်၊ လက်နက်တကာ၊ အရာရာပင်၊ အာဏာဥသံ၊
နှင်းလိုသာယုံတော့ပ၊ ဂုဏ်အင်ခွင်ကို၊ စုံလင်ချိုးကြူးခွင့်ဟော်ဝတ။ ။
ပါမိငယ်ထုံမြင့်၊ မုံဘူးငယ်ရင့်လို့၊ ပွင့်မည့်ရာဇိန်၊ အသမ္ဘိန်လဲး၊ စံအိမ်
ရိပ်သာ၊ မင်္ဂလာမှာ၊ ပညာပွားဘော်၊ တရားပျော်တဲ့၊ မျက်မြော်
မကွေ၊ ကြက်သရေမို့၊ ရွှေဘုံထွတ်တိုင်၊ တမွတ်ပိုင်က၊ ခရိုင်ထက်ဝန်း၊
ငါ့နှယ်ထွန်းဟု၊ မြကျွန်းငယ်ဗိုလ်ဝင်၊ လွှတ်ကွန်းတင်လို့၊ တိုင်းခွင်
ညာကြေ၊ ပွင့်လင်းသာဝေတော့တယ်၊ ဝိဒေဟာဘူမိန်မှာ၊ သုခမိန်ဆင်တဲ့
ထုံးငယ်နှင့်၊ ကျူးလို့တူလှ။

မန္တလေးမြို့နန်းပထမတည်မင်းလက်ထက် သံတော်ဆင့်စာဆိုတော် ဦးမောင်ဆို-
ပုခန်းကြီးမြို့စား သေနတ်ဝန်ကြီးမင်းဘွဲ့ လေးချိုး ပြီးပြီ။

---

## (၁၅) ၎င်းဆို-ရေနံကြောင်းမြို့စား ဗိုလ်မှူးဝန်ကြီးဘွဲ့ လေးချိုး

ထပ်ဆပ်သာမှန်းတော့တယ်၊ ပတ်ဝန်းအုံညီလို့၊ ဘုံမဟီပြိုလုမျှ၊ ဗိုလ်ထုရုံတပ်နှင့်၊ ခံရပ်စေသျှောင်ညွတ်ရ၊ ခေါင်ထွတ်ဉာဏ်ရှုံးပိုင့်၊ ကံဘုန်းရှိန်။ ။သမုတိမှန်၊ နေနွယ်ငယ်စံသည့်၊ ဝေယန်တည်စိုက်၊ ပြည်မကိုင်မှာ၊ သောင်းတိုက်ကညွတ်ရာ၊ ရွှေလွှတ်ညာကို၊ အာဏာကိုယ်ရုံ၊ အပ်နှင်းပုံလို့၊ ဆန်စုန်ရေမြေ၊ ကျော်ဝှန်သာ ဝေတော့တယ်၊ သေနာဓိကွန်းမြိုင်မှာ၊ ထွန်းတတိုင်ပိုင်ခွင့်ချီးပေရ၊ သီးသန့်တက်ထိန်။ ။ဘုံတာရာငယ်၊ အာကာဗွေထွတ်၊ မြေကဆွတ်လဲ၊ မလွှတ်မိဘွယ်၊ နိုင်ငံကျယ်မှာ၊ ရန်စွယ်မတုံ၊ မီးနွယ်အုံးလဲ၊ ရွှေရုံးငယ်ပဇ္ဇုန်၊ သတ်ငြိမ်းကုန်လို့၊ သုန်သုန်ချက်ခြင်း၊ ကုန်ပျက်ပြိုကင်းနေကြ၊ ဂုဏ်ရင်းငယ်နဘော်၊ တုမမြော်မို့၊ အခေါ်ဘဏီ၊ ဆွဲရှစ်လီမှာ၊ ဝဇီရိန်ကျောက်၊ စိန်နွယ်တောက်တဲ့၊ ယောက်ျားထပ်တူ၊ ကပ်လုံးသာကြူတော့တယ်၊ ဘူမဟိမှာ၊တေဇိန်အောင်ကိန်းပိုင့်သမ္ဘာနှင့်။ ။ထီးရုံငယ်ခြေမြစ်၊ပဒေသရာဇ်ဟု၊ ရင်ဖြစ်ကယ်ဆက်နှံ၊ ကျွန်ရှိုးခံတို့၊ ကျိုးနွံထပ်နှောင်၊ ကိုးပြည်ထောင်ကို၊ စိုးဆောင်ပိုက်ထုပ်၊ မှူးချုပ်အုပ်လို့၊ စုဂ်ယုဂ်ကယ်သန့်စင်၊ ဆဒ္ဒန်ရှင်က၊ ဘုရင်တဆူ၊ သတိုးမူဟု၊ ဇမ္ဗူလကျာ၊ ကျွန်းမျက်နှာတွင်၊ ကမ္ဘာလျှံအောင်၊ စာတမ်းသာပြောင်တော့တယ်၊ မတ်ခေါင်ကြီးဟိတ်သိန်ကို၊ မြတ်အိမ်ဖြူရွှေပြူတင်းငယ်နှင့်၊ ကျင်းတိုက်ပေသင့်။

၎င်းဆို-ရေနံကြောင်းမြို့စားဗိုလ်မှူး ဝန်ကြီးဘွဲ့လေးချိုး ပြီးပြီ။

---

## (၁၆) ၎င်းဆို-မြို့သာမြို့စား ရွှေမြို့တော်ဝန် ဦးသာအိုးဘွဲ့လေးချိုး

ပေါ်လိုသာထွန်းတော့တယ်၊ မော်ကွန်းနှောင်စည်ပို့၊ ခေါင်ဇာနည်ဉာဏ်ရုံးနှင့်၊ကံဘုန်းဂုဏ်ကြေ့က ခြုံတော့သည်။ ။ယမိုက်ကယ်ညီးဟုံ၊ ရေမီးငယ်ပုံသည်၊ စုံဒေဝါပြန့်၊ ရွှေဉာဏ်ခန့်တဲ့၊ နန်းနန့်း သျှောင်ပန်၊ ထောင်တည်ငယ်စံသည့်၊ အောသံချိန့်မွှန်း၊ တိုင်းထက်ဝန်းမှာ၊ ဘက်ကျွန်းငယ်ကျုံးပိုင်၊ ရုံးကွန်းတိုင်လို့၊ နိုင်ငံပြည်ပေါ်၊ သည်ဟိတ်သာမော်တော့တယ်၊ ဟော်ဝတအခြေလို၊ပဝေဏီဘယ်စာတမ်းမှာမှ၊ တခန်းထင်ထင်ပြို့လေဘူး၊ လေးပွဲ့ကပ်တည်။ ။မြန်ဇမ္ဗူဝယ်၊ ရန်မြူမမှောင့်၊ ကုမ္ဘဏ်စောင့်လို့၊ ညီနောင့်ပျော်ရာ၊ ကျော်စည်ငယ်သာသည်၊ ကွပ်ရွှေ



ပြိုး၊ နယ်ပတ်ကုံးနှင့်၊ ခွန်သုံးငယ်ခံရာ၊ အကြေမှာမူ၊ မြို့သာငါ့ပရင်း၊ မကွေးငယ်နှင်းလို့၊ မင်းခင်းငယ်ထပ်နှောင်၊ တောင်တွင်းချောင်က၊ ယခေါင်ပဝေ၊ ကုဋေဋ္ဌေလဲ၊ ရွှေရတနာ၊ မြေကလာတဲ့၊ ရွှာဝဇီရ၊ ခြောက်ဌာနကို၊ ဥက္ကာဋ္ဌကျွန်၊ ချုပ်လိုသာဝန်တော့တယ်၊ အမွန်ငယ်ရှည်သည်၊ တည်ကြည်ဒိုင်ခံ့တဲ့၊ သမ္ဘာနှင့်။ ။ရာဝင်ငယ်ပြောင်လှ၊ တောင်လောကမှာ၊ ဘဝသခင်၊ တပါးပြင်ကို၊ အရှင်တမည်၊ မချစ်ကြည်ဟု၊ သည်ဂုဏ်သစ္စာ၊ ယုံသဒ္ဒါတဲ့၊ သေနာဓိမင်း၊ မင်းကြီးငယ်တပ်လို့၊ ဒြပ်ကယ်ဩဘာ၊ ကျယ်ပြောစွာမို့၊ မိဿာမြူမှား၊ ကျင့်သောကားလည်း၊ လွှင့်ယားငယ်ပျောက်ကုန်၊ လူဗိုလ်ပုံကို၊ ဂရုံမွေ၊ ပန္နဝနှင့်၊ မြသီလာခံ၊ ရာဇဌာန်မှာ၊ တယ်မပြတ်၊ စည်းကြီးငယ်ခတ်လို့၊ လေးရပ်ကယ်မျက်နှာ၊ လှည့်တိုင်းသာပါတော့တယ်၊ ဝိမာနတက်ခနဲလို၊ ကြက်သရေတသိန်ကွန့်ပါဘိ၊ ဟောင်းစွန့်ရှည်မြင့်။

၎င်းဆို-မြို့သာမြို့စား ရွှေမြို့တော်ဝန်ဦးသာအိုးဘွဲ့ လေးချိုး ပြီးပြီ။

---

## (၁၇) ပညာရှိအုပ်-ဝက်မစွတ်မြို့စား ဝန်ထောက်တော်မင်း စီကုံးရေးသားသော-ဆာဘွဲ့ခံ ညောင်ရွှေမဟာရာဇာစော်ဘွားကြီးဘွဲ့ လေးချိုး

စံမညွန်းနိုင်ဘွဲ့၊ မြန်ကျွန်းညာ ဆီမှာ၊ ပါရမီ ကံဘက်လို့၊ ဉာဏ်လက်ချိန်ပြောင်မြောက်ပေမို့၊ နောင်နောက်ဝယ်-ပေါ်ထွန်းလို့၊ မော်ကွန်းရှည်လျားပေလိမ့်၊ ရည်သွားဂုဏ်။ ။မန်းမကိုင်တောင်၊ နန်းစိုက်ကယ်ထောင်သည့်၊ အခေါင်ဥက္ကဋ္ဌ၊ သောင်းလုံးနတ်လျှင်၊ အိမ်မြတ်ကယ်မင်္ဂလာ၊ စမွယ်ခါက၊ သည်းချာတော်သွင်၊ ငယ်သွေးစင်နှင့်၊ ပွဲပြင်တော်ခံ၊ စက်ရင်းမှာနှံ့ခဲ့လို့၊ ဉာဏ်ပညာဝါ၊ စံမြင်သာတော့တယ်၊ သမ္ဘာကျင့်- အင်ညီမှာ၊ ပဉ္စသီလစ်မမှားသည့်ပြင်၊ ရှစ်ပါး ဖြူစင်နှင့်၊ မြတ်ဂူတင်-ဘယ် မယိမ်းရအောင်၊ ထိန်းခဲ့ဥသုံ။ ။ညောင်ရွှေပြည်ကို၊ စဉ်ရှည်ရှေးခေတ်၊ ဆယ်ကျော်နှစ်ကယ်က၊ ဘေးချစ်ကယ် ဘိုးခင်၊ ရွှေပော်ရှင်တို့၊ ခွန်ခြင်ပိုင်သာ၊ နယ်မကဘဲ၊ ဆယ်ဆဖြိုးအောင်၊ ကိုးပြည်ထောင်ဝယ်၊ တန်းဆောင်လူလူ၊ ဘက်ကင်းသာ ထူခဲ့တယ်၊ မြူဆံမှုန်ငယ်၊ မာန်ဟုန်ပယ်ရှင်းလို့လေမသံ့။ ။သဒ္ဓါအင်တက်၊ ကြိုးခဲ့ချက်

မှာ၊ ငွေလျှက်ကယ်ကိန်းမှန်၊ သိန်းဆယ်ပြန်လဲ၊ မကန်စေတုံ၊ ခေတ်မွေ လှုံသည့်၊ စည်းခုံဂုဏ်ကောင်း၊ စရပ်ကျောင်းနှင့်၊ မြတ်ပေါင်းသဘော၊ များဖြင့်စွာကို၊ လှူဒါတင်တင်၊ လူမှာလျှင်လဲ၊ ဘယ်တွင်မလပ်၊ နှံ့အစပ် ဖြင့်၊ တန့်ရပ်ကယ်မယို၊ ဗြဟ္မစိုရ်နှင့်၊ နဂိုရ်ဝသီ၊ အလာညီသား၊ စာဂီ မျိုးစုံ၊ ရေမကုံပင်၊ ရွှေဘုံနိဗ္ဗာန်၊ ရည်စိတ်သန်လျက်၊ မိဋ္ဌာန်ဆောက် အုံ၊ မစဲအောင်မူတော့တယ်၊ ထောက်ကူမဲ့နဘော်မှာ၊ ရာသက်ကျော် ရှည်မဆုံးအောင်၊ ဘုန်းတက်ပေအံ့။

ပညာရှိအုပ် ဝက်မစွတ်မြို့စား ဝန်ထောက်တော်မင်း စီကုံးရေးသားသော ဆာဘွဲ့ခံ-ညောင်ရွှေ မဟာရာဇာစော်ဘွားကြီးဘွဲ့လေးချိုး ပြီးပြီ။

**လေးချိုးစာကိုယ် ပြဆိုချက်ပြီးပြီ။**

---

## ၁၁၆–တေးရိုးစာကိုယ်များကိုပြဆိုချက်

(၁) တန်းခူးဂိမှာ၊ ခေတ်တေဇရှည်မှီ၊ ခါမိဿချိန်ညီ၊ သဝဏ် နက္ခတ်။ ။စိတြမည်မဏ္ဍာ၊ တာရာမှာကေးဝဠမှတ်။ ။ပန်းကံ့ကော် ရင်ခတ်တို့၊ ပွင့်ချပ်ကယ်စုံလင်၊ သင်းရနံ့ပျံ့ရှင်၊ ရေသဘင်ပွဲလမ်း။ ။ ထိန်နှံ့ရိုက်ဆင့်ကြူးကြော်သည်၊ သကြံန်တော်ကြူးရင့်သည့်တမ်း။

၁၂-ရာသီတေးရိုး ရှေးကတေးခေါ်သည်၊ ကျွန်ုပ်တို့ငယ်စဉ်အောင် ပင်လယ်က အပျိုကလေးများတို့ ဒိုးပတ်နှင့်ဆိုကြသည်။ ယခုကာလ ပလ္လိုသံခေါ်ကြသည်။

(၂) ကဆုန်ခေါ်မှန်းသည်၊ ခေတ်ဆန်းပထဝီ၊ ပြိဿငယ်ရှည်မှီ၊ ဘူတညီဖုသျှ။ ။ကြတ္တိကာ့ဝိသာခါ၊နေ့ညဥ့်ပါထွန်းတောက်သည့်လ။ ။ ပြောင်မဟာနာဂနှင့်၊ တာရာကျုပုံသော၊ စံကားနှင့်မိုးစွေ၊ သင်းပြေဖြ ပျံ့လှောင်း။ ။ညောင်ရေမြတ် မြသီတာ၊ ချမ်းကြည်စွာ သွန်းချလို့ လောင်း။

(၃) နယုန်ခေါ်ဟောင်းမှာ၊ ကောင်းမြတ်သည်ခေတ်ရှည်၊ ဝါ ယောဟုခေါ်တွင်သည်၊ စက်ရှင်မှာမေဓုန။ ။နေ့အတွဲမိဂသီ၊ ညနာရီ ထူးတဲ့ဇေဋ္ဌ။ ။အာဇာနည်သိန္ဓော၊ ယှဉ်နှောတာရာကျုနှင့်၊ ဘော်သာ ဋ သဖွယ်၊ မုလေးနှင့်ငှဲ့ငွေစမွယ်၊ သင်းအကယ် ထုံသင်း။ ။စာမေး သည့်အခါ၊ ကြိယာ များစွမယွင်း။



(၄) ဝသန္တဝါဆို၊ တိမ်မြည်ပိုက်သွင်း၊ တွင်းအာပေါရိုက်ဆင်းလို့၊ မြစ်မင်းကထူးမှုံ၊ဖုသျှနေ့ခါကြုံသည်၊ ညဥ့်တသုံကာလ။ ။ပြုပ္ပါသံဖျင်း တာရာ၊ လျှံအဝါရှန်းတို့ဘိစွ။ ။ပန်းမဥ္ဇူမာလာသလို၊ပုန်းညက်ကလှိုင် လှိုင်၊ ပွင့်ရွှေဝတ် ဘူတပြိုင်ငယ်၊ ယိမ်းယိုင်ဘွယ်တစိ။ ။ပဥ္စင်းတော် သိန်းသချေ၊ များခြွေရွှေတိုင်းဆမသိ။

(၅) လဝါခေါ်အချိမှာ၊ ဝိပတိတေဇာ၊ ခေတ်ရောက်မြဲမဏ္ဍာ၊ သိန်ရာသီဒေသ။ ။အဿေ့ာလမ်းသူရိယာ၊နေ့အခါထွန်းတဲ့မာဃ။ ။ ပြိုင်ယှဉ့်ကာစံကြတဲ့၊ ချိန်တူလတထွေ၊ တာရာ၏ အနေမှာ၊ ယွင်းမသွေ မလွဲ။ ။ပန်းခတ္တာပွင့်မြဲမှန်၊ သည်ရာသီ တိုင်ပြန်လျှင်၊ စာရေးတံ လှူဒါန်းတဲ့ပွဲ။

(၆) တော်သလင်းခေါ်မြဲ၊ ခေတ်စွဲပထဝီ၊ ကန်ဆိုသည့်ရာသီမှာ၊ ဥတ္တရပုရပိုက်။ ။အဖြည့မဏ္ဍာ၊ တာရာမှာဖျိုင်းငဲ့အကြိုက်။ ။ရွှေရင်း မာသွယ်ပိုက်လည်း၊သွန်းအလိုက်စီစီ၊ပွင့်ဝတ်ကစီရရီ၊ဘူတညီမယွင်း။ ။ ရေသဘင်ခါတော်ကို၊ လှေလှော်ကာ တက်ရေးလှခင်း။

(၇) မိုးဖြူဝါထိန်ဝင်းလို့၊ သီတင်းကျွတ် ခါအချိန်၊ ခေတ်ဝါယော မငြိမ်တယ်၊ ဘူအိမ်ငယ်မယွင်း။ ။စိတြသဝဏ်၊ နေ့ညဥ့်မှီ ထွန်းလျှံလို့ လင်း။ ။ကျိုးတာရာအနှင်းမို့၊ အိုင်အင်းမှာတွေတွေ၊ ငါးကြာမျိုးဝတ် ဆံကြွေသည်၊ ရေနဒီမြောက်ပြီး။ ။မြတ်ဗုဒ္ဓစွယ်တော်ကို၊ ရှိကော်ရော် ဦးချလို့မိုး။

(၈) ခါဝသန် အညှိုတွင်၊ နှင်းမို့သည် တန်းဆောင်၊ ဟေမန္တ အခေါင်မှာ၊ ခေတ်ဆောင်ရန်အာပေါ။ ။ရာသီလဗြိစ္ဆာကို၊ ဝိသာခါ နေလိုပရော။ ။ကျတ္တိကာရှည်နှောလို့၊ ညွန့်စောစောမသွေ၊ ငှက်ကာ ကာ တာရေမှာ၊ ညဏ်ပညေချင့်ရှုန်း။ ။ခဝဲပွင့်ရွှေဝါ၊ သက်နန်းမှာ မသိုးသည့်ထုံး။

(၉) လနတ်တော်ပျော်တုန်းမို့၊ အုံးမြိမ့်မြိမ့်ပြုလှာ၊ တေဇောခေတ် အလာ၊ ရာသီမှာ-ဓနု။ ။ပြုပ္ပါသံမိဂသီ၊ နေ့နာရီ ညကိုလည်းရှု။ ။ ရွှေဟယ်သာတာရာပြုနှင့်၊ ပွင့်ဥကမှုန်မှုန်၊ ရွှေသန့်စင်ဖူးငုံ၊ ဘော်မစုံညွတ် ပြောင်း။ ။မြတ်ဝိန္ဒွးမဟာ၊ ပူဇော်ရာပွဲးကန်တော့ကြောင်း။

(၁၀) လပြာသိုလ် ဟိုဆောင်းမှာ၊ လံကောင်း(=ဒုင်း) ခေတ်ပထဝီ၊ မကာရရှည်မှီ၊ ဘူတညီအမြဲ။ ။နေ့နက္ခတ်ဥတ္တရာ၊ ညကိုလာဖုသျှမလွဲ။

ဖက်ပြိုင်ရှည်နွဲ့းလို၊ ဖကွဲ့းပမကွေ၊ ဗုဇ္ဇန်၏တာရေမှာ၊ ပြုံပွါရွှေကျတန်း။ ဒွါညိုပွင့် ဘုန်းမော်သည်၊ မြင်းခင်းတော်ပွဲကတာဆန်း။

(၁၁) တပို့တွဲ့းခါမှန်မှာ၊ ဝါယောခံတလီ၊ ကုံ့ဆိုသည့်ရာသီမှာ၊မုံပြာရီညိုလ။ ။သရဝဏ်ရှန်းဝေသည်၊ လ–ကိုလေ မြူးသည့်မာဃ။ ။ ချိန်ခွင်မြတာရာ၊ မကွာမှိုရှည်တွဲ့းလို၊ ပေါက်လဲ့းနီနီ၊ ဆူးပန်းပွင့်ဝတ်ဆံချီသည်၊ စီရရီရွက်နု။ ။မီးဘုံးက ဝင်းရံရွှေသည်၊ မြတ်ပုညေ ဆွမ်းတဲ့ယာဂု။ ။

(၁၂) တပေါင်းနွေလမှာ၊ အာပေါကရစ်ခွေ၊ ရာသီလ မိန်နေဝယ်၊ ပုဗ္ဗေတွင်ပုရပိုက်။ ။ဥတ္တရဘာရဂုံဏီ၊ သိန်ဆီမှာ ဖြိုးတဲ့လို့ဆိုက်။ ။ ဆန်းတူလာအလိုက်မှာ၊ ခေါ်င်းငိုက်သည်ပမာ၊ ဝိတောက်ကယ် ရွှေဝါ၊ စုံမြိုင်မှာအရောက်။ ။သရဘီသင်းပြန့်ချီသည်၊ သဲ့းစေတီ ခင်းကြမောက်မောက်။

အကြောင်းကြောင်းကို၊ ရုံးပေါင်းတွေးထောက်လို့၊ ကောက်ခဲ့သည် တဘန်။ ။အမိပ္ပါယ်အသွားကို၊ စဉ်းစားကြ ရှုမျက်မှန်။ ။၁၂-လ ရာသီပြန်ကို၊ မြဲးကေန်မှတ်သားကြလေး။

တေးရိုး ၁၂–ရာသီဘွဲ့ ပြီးပြီ။

---

## ၁၁၇–တေးထပ်စာကိုယ်များကို ပြဆိုချက်

(၁) တေးထပ်ကို ညဏ်ဆ၍၊ ကြိုကြတော့စပ်ပုံ၊ ဆဲ့ရှစ်ပိုဒ်တွေကြိုလျှင်၊ အလုံးစုံပြီးမြဲး [၁]။ အထခြောက်လုံးချီတယ်၊ ဆုံးလေပြီ ခုနစ်နှပ့်ဘဲ့း [၂]။ ၅၏၍ နိုက်သည်နှင့်ကိုကို၊ သဒ္ဒါလိုမှတ်စွဲ့း [၃]။ အဓိပ္ပါယ် မှန်မလွဲ့းစေနှင့်၊ ကြိုခဲ့းလို့စပ်ပါ [၄]။ ဆဲ့ခြောက်တွေ အစပ်သွား၊ မမှားအောင်ရကြစေ့မှာ [၅]။ ပေါရာဏကထာကို၊အခါခါဉာဏ်ရှုလို့၊နေးချင်းစု ဆဲ့ငါးထွေ၊ ကျွမ်းကျင်ကြစေ [၆]။ တေးထပ်ရိုး ပုံအနေမှာ၊ စပ်ကြလေသည့် နည်းပလေး [၇]။

(လဘက်ရည်တော် ရှာစည်ရှာစား မင်းလှသင်္ချာ ဦးပုည ရေးသော တေးတပ်စပ်နည်း, တေးထပ်)

(၂) ကျွန်မလျှောက်ပမည်၊ ရွှေးကောက်လို့ ယူပါ၊ပြဘက်ရာ၊ မည်သာထင်ရှား။ ။နတ်မင်းကြီး ဥဒါသိန်၊ အာလိန်လို ကင်းပြု၍ထား။



ကရဒိဝါ၊ မည်သာတွင်ကြွား။ ။နတ်တပါးငယ်နှင့်၊ ရန်သားတွေဆို။ ။ ညီနောင်မင်းဦးစွန်းမှာ၊ ပေါင်းဝန်းနှင့် တိတျာကြိုဟ်။ ။တပ်မလိုလို၊ နောက်ဗိုလ်ပြုမယ်လာ၊ ဂရုန်ဝိတ်ဘွင်၊ ရေနတ်ကယ်ရှင်။ ။ထိုပန်းမြတ်ဖြစ်အင်ကို၊ ဉာဏ်လျှင်လျှင်ဖော်စမ်းပလေး။

* ပြဘက်ရာ—၁ ခွေ၊ ဥဒါသိန်-သောကြာ၊ ကရဒိဝါ—၁ခွေ၏ ရန် အင်္ဂါကိုယူ၊ ညီနောင်ဆို၍ နှစ်ဆင့်ရေး၊ ပေါင်းဝန်းနှင့်တိတျာဆို၍ အာကိုယူ၊ ဂရုန်မှာ ကြာသပတေး "ပ"ကိုယူ၊ ရေနတ်မှာ—စနေနံ နှစ်သရကိုယူ၊ ဂရုန်မှာ ကြာသပတေး ... "သစ္စာပန်း"။ ။အဝ ဆင်ဖြူရှင် လက်ဖော်ကို အသတ်နှင့်တကွယူ.... "သစ္စာပန်း"။ ။အဝ ဆင်ဖြူရှင် စာဆိုတော်မယ်ထွားဆို-သစ္စာပန်းဘွဲ့-ပဟေဠိတေးထပ်။

(၃) သတ္တမံဇော့အရှိ၊ ပရာပရိကံဘန်၊ ဝိညာဏပဒ္ဒဘန်၊ အမှန်ပင်ကြိုကြွား။ ။ပရိယေပြည့်စုံရန်၊ ကပိဉာဏ်ဖန်သလို့စာ။ ။အသမွာခြ ဖြစ်ရန်၊ ကဗျာဉာဏ်ဝင်စား။ ။လေးချိုးပါသဘောသွားကြောင့်၊စိတ်ထားပမငယ်။ ။သယမ္ဘူ မြတ်ရှင်ဇောသော်မှ၊ တေဇောဓာတ်လောင်ရပါတယ်။ ။ဥပ္ပါဒဋ္ဌီဘင်နယ်၊ ခဏငယ်စပ်ဆဲးမို့၊ မမြဲးတဲ့ဆင်းရဲးချမ်းသာ၊ ဒုက္ခသစ္စာ။ ။အနတ္တ ရှုစရာကို၊ စုစုမှာဝင်စားလို့လေး။ ။[ဘိုးတော်ဘုရားသမီးတော် မြတောင်စုဘုရားက ဦးဘုန်းထံ ပြန်၍ပေးသော ဘကြီးတော်လက်ထက်ရေး တေးထပ်။ ကဗျာရေး၍ စားရပုံပါသည်၊ ၁၀–မှတ်လေးချိုးကြည့်။]

(၄) ဘဝဝယ်မကူ၊ **မည်ထူးပလေးကြိမ်** *၊ စံခန်းတော် မွေ့သိမ်မှာ၊ ဘန်တိမ်ဘုံလေဈေ။ ။သခ်ါရသူသွေ့တယ်၊ နန်းရွှေမြေပွင့်ဦးခလေ့။ ။ ဒုဋ္ဌဟူးနံပေါ်သည်၊ နာမံတော်တွင်၍။ ။တနင်းလာ လယ်တွေ့လို၊ ရွှေနောက်ကယ်စီကာ။ ။ဂဠုန်နံ့ တည်ရာနှောလို၊ သဘောနှင့် တွေးချင့်စရာ။ ။သူ့ပန့်တဲ့မာလာငယ်၊ နှမ်းခဝါရေကျလို၊ လွှန်းမရကွက်ဓမြင်၊

—

မည်ထူးပလေးကြိမ်ဟူသည်ကား....မယ်နု၏ အမိမယ်မွန်ကိုယူသော် ဆိ

* မည်ထူးပလေးကြိမ်ဟူသည်ကား (၁) ငယ်မည်၊ (၂) ဝံ့နင်းကတော်၊ (၃) ထောင်လျော်ရန်ရှိသည်။(၁) ငယ်မည်၊ (၄)စစ်ကိုင်းမင်းယောက်ခမတော် အားဖြင့်အမည်လေးသင်းမှူးကတော်၊(၄)စစ်ကိုင်းမင်းနှင့် ၁၁၈၄-ခုနှစ်ထိုး မဟာဇေယ ပထမမျိုးတည်း။ ဆွေတော်စဉ်စာရင်းနှင့် ၁၁၈၄-ခုနှစ်ထိုး မဟာဇေယ ပထမ မျိုးတည်း။ ဆွေတော်စဉ်စာရင်းရေ (၁၅) ကြည့်။ (က) မှတ်ကျောက်စာ စာအုပ် ကျောက်စာ ကြောင်းရေ (၁၅) ကြည့်။ (က) မှတ်ကျောက်စာ စာအုပ်မျက်နှာ (၃၉၀) ကြည့်။

ပုဆိုးနှယ်ပင်။ ။နှစ်ဦးကို ဆင်ခြင်လျှင်၊ သည်ပုံပြင် တူလွန်းပေ့လေး။ [ခမည်းတော်ဘုရားက မြင်းခုံတိုင်မြို့စား တရားသူကြီးသို့ပေးသော ပဟေဠိတေးထပ်။ ခမည်းတော်ဘုရားဆိုသည်မှာ ရွှေဘိုမင်းကို ယူရန်ရှိသည်ဟူ၍ မူရင်းပုရပိုက်မှာ ပါသည်။]

(၅) စာတော်၏အရကို၊ တွေးဆလို့ဆင်ခြင်၊ ပထမသခင်၊ သည်နောက်လျှင်အရီး။ ။မိထွေးဖြစ်တခါ၊ ကိုယ်နှင့်သာ ရောနှောကြပြီး။ အမိပွါယ်ကောက်ချိန်လျှင်၊ မှုပွေလိမ်ရှုတ်ကြီး။ ။အမေ့မောင်ဝရီးနှင့်၊ စနီးငယ်ဖြစ်ပြန်။ ။အဘေ့ညီနောက်ဘထွေးနှင့်၊ ချစ်ရေးပဆုံကြသည်ကံ။ ။သည့်နောက်မှတဖန်ငယ်၊ ကိုယ်သက်နှံပြုပါလို့၊ ယခုမှာတန္တေ၊ ဖြစ်ခဲ့ပြီလေ။ ။ခဝါကျလျှော်ရေလို၊ ရပ်ကြီးနေ မှူးပေထင့်လေး။ ။ [မြင်းခုံတိုင်မြို့စား တရားသူကြီးက ပြန်၍ဆက်သောတေးထပ်။]

(၆) သိပညာနက်နဲမှ၊ ဉာဏ်နွဲ့တော်မူပါ၊ ကြောင်းချင်းတမှန်ရာ၊ ထောင်နားနာရွှေနား။ ။တာလုဇ ရင့်ရာမှာ၊ ငါးတွယ်ကာ မှုံ့ဝတ်နှင့်ထား။ ။ဩဋ္ဌဇညီနောင်မှာ၊ ပဥ္စမာနံအား။ ။အက္ခရာနှစ်ပါးပ၊မောင်ထားပသင့်စွာ။ ။ပထမက္ခရာကဏ္ဍဇ၊ ပထမယူသင့်သည့်တာ။ ။ဣစိုးလို့ဉာဏ်ဖြာရင်၊ ဒန္တဇာခလေးနှင့်၊ ဘော်ရေးပလျှင်မြန်စွာ၊ လွှားဆင်လို့သာ။ ။ချစ်ကိုးသွယ့်ပုလဲညှာမှာ၊ သည်ပုံသာ စိတ်ထားပလေး။ ။ [စလင်းစုဘုရားအပျိုတော် ကျောက်တာရွာစား ခင်နှစ်ဆို ရည်းစားထံပြန်သော ပဟေဠိတေးထပ်။ စိတ်မ မကူးဆိုလိုသည်။ ၎င်းခင်နှစ်သည် ကျွန်ုပ်၏ဝမ်းကွဲအရီးပင်တည်း။]

(၇) တာသကြိန်အခြေများ၊ ဖြေစကား ကြားမည်၊ ဘေတပါးထားအကြည့်၊နားလည်တော်မူပ။ ။ရာအင်လိတ်ခလေးဖြာ၊မိဿာအိမ်သုန်းတဲ့ကာလ။ ။ရာသီစက်လည်ရန်မှာ၊ သူရဂံဆုံက။ ။မှတ် [၅] သား [၆] စေ [၃] †၊ အသ်ာရ၊ တနှစ်ပဝေါဟာ။ ။သက် [၆] သေ [၆] စဉ် [၃] * အင်သာဖြတ်၊ ဝါထပ်နှစ်မှတ်ကြမြဲသာ။ ။သကြိန်မင်း ဆင်း၍လာသလို၊ စီးကိုင်ဘာစုံစုံမွသာပ၊ မယုံစရ ပုဏ္ဏားစာတွင်၊ ဂုဏ်ပြတာပင်။ ။အသိကြို့ကျယ်မမြင်လျှင်၊ တကယ်ပင်ထင်မှတ်လိမ့်လေး။ ။[ပဋ္ဌမသင်္ဂ

† ၃၆၅-ရက်ဆိုလိုသည်။
* ၃၆၆-ရက် ဆိုလိုသည်။ ၎င်းခင်ခန့်သည် ကျွန်ုပ်၏ နှမအရင်းပင်တည်း။



ယနာတင် မင်းတရားကြီး လက်ထက် ဝမ်းတွင်း ၅-မြို့ဝန်မင်း ဦးမောင်သမီး ခင်ခန့်ဆို သကြိန်အခြေအနေတေးထပ်။]

(၈) သမုတိအတွက်၊ ဝေက်ကဒဏ်ခံ၊ အထက်ကအတန်တန်ကို၊ ကြိုဘန်လို့မသိ။ ။ရှစ်ခုနှစ် တောင်မျက်နှာမှာ၊ မက္ခရာမင်းနှင့်ပါရှိ။ ။ပုလိပ်ကြောင်း အောင်ပန်းခွေ၊ မောင်ထမ်းခြေစေတီ။ ။ညောင်ရမ်းဆွေရဒိကို၊ ပကာဘိသက်သေ။ ။ရန်သူတော်ရွှေဘိုသွား၊ ဘေးကိုယ်စားတိုက်ခဲ့ရလေ။ ။သုံးခုနှစ်ကုလားပြေမှာ၊ ဇယားကြေ ဇာတ်စီးလို့၊ ဇာတ်ကြီးနှင့် ချင်းတို့နိုင်ငံ၊ သွားခဲ့ရပြန်။ ။ပြီးတော့မှ ကောင်းမွေစံမယ်၊ ဆိုးမွေခံထိပ်တုံးနှင့်လေး။

* အချုပ်တန်းဆရာဘေသည် မဟာမိတ် အင်္ဂလိပ်ဘုရင်ခံချုပ်ကို ရှုတ်ချ၍ ရေးပြီးနောက် တံခါးနီသားများကထားပုံ၊ လေသာအဆောင်တော်မြဲဖြစ်ပုံများကို ဖွဲ့ဆိုသောတေးတပ်။၎င်းဆရာဘေရေးသော ဒေါသမလွတ်သော ထီးဖြူရုံပြာသာဒ်နှင့် အစချီသော တေးထပ်သည် ဒုတိယပိုင်းအဖွန်းဂဏန်းစဉ် (၆၉) မှာ ရှိသည်။

(၉) တွင်းသေနာ ဥက္ကဋ္ဌကာ၊ နှုတ်မ၍တန်းမှာ၊ အချုပ်က ချမ်းသာအောင်၊ ပန်းပမာစိတ်လန်း။ ။ကျေးဇူးတော်အနန္တာကို၊ သက်ဆယ်ဖြာ ဆပ်မယ်လို့မှန်း။ ။ဘုန်းမယ်လို့ဘေလာပြန်၊ ရွှေဒွါရုံပေါက်လမ်း။ ။ဇောလှန်ငေါက်ငမ်းလို့၊ ကြောက်ခမန်းလှူတွေ။ ။လက်မှတ်တော်မတင်တဲ့တာနှင့်၊ မဝင်နှင့် ဟိန်းငေါက်ကြချေ။ ။ဝင်အလှဲ့ ဝန်ငြိမ်းလေအောင်၊ ကျွန်ကျိန်းသော နှောင်ဖွဲးလို့၊ ဆောင်မြဲဖြစ်အပါးတွင်၊ ထမ်းချင်သည့်အင်။ ။တပါးက သနားကြင်ရင်၊ ရွှေနားဝင် သင့်ပါဖျာ့းလေး။ ။ [၎င်းဦးဘေဆို တေးထပ်။]

(အိန္ဒိယဘုရင်ခံချုပ် စင်ကာပူကျွန်းတွင် ခားထိုးခံရသည့် အချက်ကိုဖွဲ့ဆိုသော တေးထပ်ရေးပြီးနောက် မန္တလေးရှိ တွဲဘက်ရုံးက မြို့သာဝန်ထောက်မင်းထံကို စာလာသည်။ လာသောစာမှာ မဟာမိတ်ဖြစ်သော အင်္ဂလိပ်မင်းအကြောင်းကို မကောင်းထည့်၍ ဖွဲ့ဆိုသူကို အပြစ်ပေးပါဟုလာသည်။ ၎င်းစာအရအမိန့်တော်ခံရာ ဆရာဘေကို လွှတ်ကပေးပါဟုလာသည်။ အမိန့်တော်မြတ်မှတ်သည့်အရ ဘွားဘက်သင့်အောင် အပြစ်ပေးစေ။ အမိန့်တော်မြတ် မှတ်သည့်အရ ဘွားဘက်သင့်အောင် အပြစ်ပေးစေ။ တောင်ခွင်မြို့စား အတွင်းဝန် ရွှေကျော်တန်းမှာ ခေတ္တချုပ်ထားသည်။ တောင်ခွင်မြို့စား အတွင်းဝန် ရွှေကျော်တန်းမှာ ခေတ္တချုပ်ထားသည်။ အချုပ်မှချမ်းသာသည်။၎င်းနောက် ဂ-မှတ် တေးတိုက်ဝန်မင်းကနုတ်၍ အချုပ်မှချမ်းသာသည်။

ထပ်နှင့် ၉-မှတ် တေးထပ်ကို ၎င်းအတွင်းဝန်မင်းထံသွင်းရာ လေသာ အဆောင်တော်မြီးမှာ ထမ်းရွက်စေ-အမိန့်တော်မှတ်သည်။ တံခါးနီ သားတို့လည်း တားခွင့်မရတော့ပြီ။

[ဤကား-အချုပ်တန်းဆရာဘေ၏ အဋ္ဌုပ္ပတ္တိ အချီအချက် သက်သေခံ အမှတ်အသားရှိပုံတည်း။]

### ရွှေးခေတ်, ယခုခေတ်, လက်ဟောင်း လက်သစ်<br>အချက်အဆစ် နှစ်ရပ် ဘက်စပ်ပြုစုသော သုဝိဝိတ္တဂဏဝိဇ္ဇာကျမ်းလာ<br>မှတ်သားဘွယ်ရာကောင်းသော တေးထပ်စု

(၁၀) မြင်းမိုရ်တာဘွဲ့မှုမှာ၊ နတ်စကျွန်မှမူ၊ မြင်ပရမာဏုမြူ၊ အဏုမြူမှန်လှ။ ။တဇ္ဇာရီရထရေ၊ မြူလေးတွေဆတ္တိံ စိကြွ။ ။ယင်းကကို လိက္ခာ၊ဥကာနှင့် ယ င။ ။လက်မတိုင်လေးဝမှာ၊သတ္တချည်းပွားပါ။ ။ရှစ်သစ်မူတမိုဋ်ထားလေ့၊ သုံးမိုဋ်ကားတတောင့်ဝေါဟာ။ ။တောင်သတ္တမှန်တတာ၊ တာဝိသာဥသဘပ၊ ဥသဘရှစ်ဆယ်သော်၊ ဂါဝုတ်တစ်မြော်။ ။လေးဂါဝုတ်ယူဇနာခေါ်တယ်၊ကျမ်းလာနော်မလွဲးပလေး။

(၁၁) စတ္တဝါတာဘွဲ့မူ၊ တောင်ဆဲ့နှစ်တဖြာ၊ နှစ်ဆယ်နှင့်တထွာ၊ ဇော်ဝိသာတခြား။ ။တာဘွဲ့ပုံ သုံးနည်းမှာတယ်၊ ကျမ်းအလာကွဲးကြလေပြား။ ။ယင်းကကို ယူဇနာတိုင်၊ ဘွဲ့ပါလိုမူကား၊ မြင်းမိုရ်တာအလားပ၊ ကုလားလေးတာတွင်။ ။ကိုးထွာပြည့်ထိုလေးကို၊ ကွေးစေစိမ့်၊ ညှိုကိုဆွဲးတင်။ ။လေးတောင်ရှိယင်းကိုပင်၊ တတာလျှင်မှတ်သားတော့၊ တာငါးရာ့အခြေပြာမှာ၊ တခုဃောသသာ။ ။ကျန်ဂါဝုတ်ယူဇနာငယ်၊ လေးဖြာစီဆင့်ပွားတော့လေး။

(၁၂) တာဘွဲ့နည်းတဝကို၊ ညွှန်ပြအံ့သချာ၊ ဆံဆယ်ခြည်ရှိပါမူ၊ တန်းသာမှန်လှ။ ။နှံးခြောက်လုံးရှိပြန်လျှင်၊မုခယာပင်တလုံးဟုပြ။ ။လေးမုခယာတသစ်မှန်၊ ယင်းရှစ်တန်မိုဋ်ရ။ ။သုံးမိုဋ်မူ တောင်မခွပေါ၊ လေးတောင်မှ တလံ။ ။ခုနစ်တောင် တတာရှိပေပ၊ ဝိသတိဥသဘတစ်မှန်။ ။ယင်းဝိသကောသာဟန်၊ ယင်းလေးပြန် ဂါဝုတ်ပ၊ လေးဂါဝုတ်ယူဇနာ၊ ဖြစ်၏မှန်စွာ။ ။ခြောက်တိုင်နှင့် တာလေးရာမူ၊ ယူဇနာအခြေပြာပ၍လေး။



(၁၃) လူတမိတ်နယနကို၊ တခဏမှတ်ပါ၊ ခဏနေဆယ်ခါကို၊လယသာဖြစ်လျှင်း။ ။ခရာလည်းဝေါဟာမှန်တယ်၊ ယင်းဆယ်တန်ပြန်တစ်သို့သွင်း။ ။ခြောက်ပြန်ကိုတဗီနာငယ်၊ညီလှစွာမယွင်း။ ။ဆယ့်ငါးဗီဇနာခင်းကိုတဲ့၊ တပါဒ်ယင်းလေလီ။ ။တနာရီအမှန်ရှိပါလိမ့်၊ ယင်းသဋ္ဌိတရက်ဟူပြီ။ ။သုံးဆယ်ပြည့်ရက်အညီမူ၊ တရာသီခေါ်ဘွဲ့ငဲ့၊ မှန်တဆဲ့နှစ်လမှာ၊ တနှစ်ဝေါဟာ။ ။ဂေါစာလည်း ၂-မည်ဖြာတယ်၊ သေချာစွာ မှတ်စွဲးတော့လေး။

(၁၄) စင်းတုလာချိန်ကျပ်ကို၊ သိမှတ်ရန်လွယ်ကူ၊ ပရမာဏုမြူ၊ အဏုမြူတခြား။ ။သာသပတိလာတိုင်၊ စက်မာမုနိနှင့်ပွား။ ။နှံးလေးလုံး တဆန်၊ လေးဆန်ကိုရွှေးထား။ ။ရွှေးခြောက်ပြန်တပဲးပွားလို့၊ နှစ်ပဲးကား မူးဆို။ ။ပဲးငါးဖြာချိန်တမတ်ပေပ၊ လေးမတ်ကိုတကျပ်ဟူလို။ ။ငါးကျပ်ကိုတပို၊ မြွက်ဆိုသည်မှန်ဘိပ၊ ဝိသတိပိုအညီ၊ ဗိဿာဟူပြီ။ ။တုလာဘာရကျန်နှစ်လီမှာ၊ ငါးပြန်စီပွားရာရှင့်လေး။

(၁၅) တန့်တွင်စပါးမူ၊ အစေ့ကား နှစ်ရာ၊ တလက်စွန်းပမာ၊ ယင်းနှစ်ဖြာလက်ဆုပ်။ ။သုံးဆုပ်လျှင် လက်ဘက်ပေ၊ ယင်းနှစ်တွေထားတော့လက်ခုပ်။ ။နှစ်လက်ခုပ်ကွန်းစားမှန်၊ယင်းငါးပြန်ပြည်လုပ်။ ။ခွက် ပြည် ပါစရွတ်သွင်း၊ တနည်း၏သရုပ်မူ၊ နှစ်လက်ခုပ်စလယ်။ ။တို့ပုတ်ကတ်ကြကျီဝယ်၊ ငါးသွယ်စိတ်ခွဲးတင်း ခွဲးချည်းပွားဘွယ်။ ။တို့နှစ်ဆယ်ရှိခြင်းရာကို၊ မူဇရနှင့်၊ စက်မပွားတုံပါ၊ နည်းတရပ်မှာ။ ။[တို့ ၂၀-ကို လှည်းဝန်မှာဒေလီက လှည်းတလှည်းတာဝန်ပြဲ့လေး။ ။[တို့ ၂၀-ကို လှည်းဝန်မှာဒေလီက လှည်းများသာ တင်ဆောင်နိုင်သည်။]

(၁၆) ကဲးပေါ်ငွေလိုရာထုတ်၊ မီးရှုတ်တဲ့ကိန်းအခြေ၊ နီဆယ်ကျပ်ငွေအနေတွင်၊ ကြေးစပ်လေဝင်လျှောက်။ ။စွဲးပြုလို့ ကဲးဟုခေါ်သည်၊ နီဆယ်ပေါ်ဝင်ကြေးနှင့်လျှောက်။ ။ကိန်းဖြစ်၏လွဲးမသွေ၊ မီးရှုတ်လေလို မြောက်။ ။ချိန်တည်ကာချင့်ကိန်းမြောက်၊ လာဘ်မပေါက်နီစင်ပဲးမှာမူ ပဉ္စ၊ ရွှေးအဋ္ဌစားဖြတ်သည်ပြင်၊ မီးတက်ဘိုလိုအင်မူ၊ နီငွေစင်တည့်ထားလို့၊တွက်လိုငြားငွေကိန်းသာ၊ ပွားမြောက်လေပါ။ ။ပဲးရွှေးဖြတ်ခြင်းရာမူ၊ နည်းတူသာမှတ်သားတော့လေး။

(၁၇) အထက်ဒိုင်ဆိုသမျှကို၊ ရွက်နီရတွက်ဟန်၊ ဒိုင်ဆယ်ကျပ်အမှန်ထွင်၊ ကြေးဝင်ရန်နည်းများ။ ။ရသည့်လိုက်အတက်ခေါ်သည်၊ ဒိုင်

ဆယ်ပေါ် ဝင်ကြေးလှောက်ထား။ ။ကိန်းဖြစ်၏အမြဲပေ၊ မီးတက်လေလိုငြား။ ။တည့်ငွေချိန်ချင့်ကိန်းပွားက၊နီရငြားမှန်ပင်။ ။ရှစ်ကိုးဝယ်တဆယ်ဖြစ်သည်၊ ဘော်သနစ်ညွန်းအံ့ထင်ထင်။ ။ယင်းရှစ်ကိုး ၂-ရပ်ပင်ကို၊ ချင့်းကိန်းလျှင်မှတ်သားလို့၊ တွက်လိုငြားငွေချိန်မှာ၊ ကိန်းနှင့်စားပါ။ ။ရလာဘ်ရှိသဉ်ျာငယ်၊ နီသင့်သာဖြောင့်စင်းပလေး။

(၁၈) ချေးရင်းငွေမူလကို၊ ရွက်နီရထုတ်ခါ၊ ဆပ်လိုငွေခြင်းရာမှာ၊ တက်ဒိုင်သာဖြစ်ငြား။ ။ရင်းမူလနီချိန်ငွေမှာ၊ ဆပ်လိုပေ ဒိုင်ကိန်းနှင့်စား။ ။ရလာဘ်ရှိဆပ်ဘို့ငွေငယ်၊ ဖြစ်ရလေမမှား။ ။ကျန်သည့်ပြင်ငွေများမှာဖြင့်၊ ဆပ်လိုငြားငွေရည်။ ။ကိန်းနှင့်သာ မြှောက်လျှင်းမှ၊ မငြင်းရပေးဘို့ငွေမည်။ ။ကြိတ်ကဲးရတွက်သည်မှု၊အတည်တည် သောင်းပြောင်းပ၊ ငွေမီးပေါင်းတည်တုံချင်၊ စားလေ့နီစင်။ ။ရလာဘ်ရှိအမြင်ငယ်၊ ကြိတ်ကဲးပင်မှတ်စွဲးတော့လေး။

(၁၉) မျိုးသောဏ္ဏာရောင်လှစ်သည်၊ဆဲ့နှစ်တွင်အောက်ခံ၊ အညွှံဆုံးနီဖလံကို၊စံဆယ်ရည်ခေါ်မှု။ ။သုံးဆောင်ကြယင်းအနေတွင်၊ကြေးဘော်ငွေစပ်နှောလို့ပြု။ ။ဝင်သမျှရာဂီကို၊စံမှီကာထောက်ရှု။ ။ချင့်းအရည်ရင့်နုပ၊ ကိန်းမှန်မှုမသွေ။ ။ရွှေချိန်တည် ရွှေရည်ပွားမှု၊ နီရငြားညွှန်းငဲ့ပုံသေ။ ။ချေးရင်းငွေကျပ်ရေတွင်၊ ချင့်းကိန်းနေ မြှောက်ပွားလို့၊ ဆပ်လိုငြားရွှေကိန်းသာ၊ စားလေ့မှန်စွာ။ ။ထွက်သမျှ လာဘ်တို့မှာမှု၊ ဆပ်ဘို့ရာမယွင်းပလေး။

(၂၀) သစ်တွက်ပုံနယကို၊ စွဲးမှတ်ကြကုန်ပါ၊ ရှစ်ဆုပ်ကိုသုံးကျပ်သာ၊ နှုန်းမှတ်ရာ အများ။ ။ခွဲးငါးမှုဆုပ်ကျပ်မှန်ကို၊ တိုးယုတ်ရန်ခြောက်ဆုပ်ထိသွား။ ။ငါးဆုပ်နှင့်ခွဲးသာမှာ၊ ပဲးပါနှင့်သတ်ထား။ ။တမူးစီလျှော့ငြားက၊ သုံးဆုပ်ကားမတ်ငွေ။ ။သစ်နှုန်းစံမှန်မဘောက်ပါ၊ ခြောက်ဆုပ်အောက်ရပ်ထက်လွှပေ။ ။လိုရာသစ်နှုန်းရင်းငွေတွင်၊ သုံးခွင်းချေပေါက်ဈေးနှင့်၊ ဒမြှံရေးလျှင်ဘိုးသင့်သာ၊ ပေးတော့မှန်စွာ။ ။တလုံးဘိုးရှိပါလျှင်၊ များသိသာကောင်းတန်ပေါ့လေး။

(၂၁) ဆုပ်တိုးနှင့် လုံးပွားကို၊ တွတ်လိုငြားမှန်စွာ၊ ငါးဆယ်ကငါးတောင်ကွာကို၊ စဉ်သင့်သာလျှော့ငြား။ ။ဆဲ့ငါးတောင်သစ်အမှန်တွင်၊ မျိုးရှစ်တန်ပိုင်းထုတ်လို့ခြား။ ။ဒသ်နောအင်္ဂဆင်္ဂခွဲးပါ၊ ဇရာနှင့်ဝိုင်းထား။ ။ ဩဋ္ဌါဆုံငြားအောင်၊ လုံးပွားဟုမှတ်လေ။ ။ကျန်သစ်မှု



တဆုပ်တိုးပေတော့၊ ရှည်ရှစ်မျိုးပြီးငဲ့ပုံသေ။ ။ချေးရင်းသစ်ဘိုးသင့်ငွေတွင်၊ ဆပ်လိုပေသစ်တလုံးပ၊ အဘိုးနှုန်း စားလေကျင်၊ လာဘ်ပေးဘို့ပင်။ ။သစ်မျိုးမှာရှစ်ဆုပ်တွင်၊ အသားစင်ထွက်မြဲးပလေး။

(၂၂) ကျီတွက်ဟန်ပြန်ကြားပိမ့်၊ လျှောက်အလျားတည်ပါ၊ ထုပ်နှင့်မြှောက်စောက်နှင့်သာ၊ ပွားပြီးခါသော်မှ။ ။နှစ်ခုနှင့်မြှောက်ကျင်ပြန်၊ ကောက်ဝင်ရန်ထားလေ့မခွ။ ။စဲ့ဖြစ်မှုချင်းဝန်းညီတွင်၊ တဝက်စီကော်ကြ။ ။စောက်ထပ်မံပွားပြီးမှလျှင်၊ ဒွနှင့်လည်းချီထွေ။ ။ဝင်ရန်ကောက်မမှားပ၊ကျီကိုကားဆောက်လိုပြန်ချေ။ ။ကောက်ဒွေးဖြတ်လာဘ်လျှောက်ခြေ၊ လာဘ်ကိုလေထုပ်ခွင်းက၊ လာဘ်မယွင်းစောက်ပြုရန်၊ ထားလေ့အမှန်။ ။စဲ့ကိုလည်း ဆောက်လိုပြန်မှု၊ တွက်ပုံဟန်ညာက်သွင်းတော့လေး။

(၂၃) လှေကောက်စင်တွက်ခင်းမှု၊ စကျင်းကိုတည်ရာ၊ ဝမ်းဝမြှံစောက်ချီကာ၊တိလည်းပါပွားမြို့။ ။ဒွေးနှင့်ဖြတ်ရလာဘ်မြင်မှု၊ကောက်အဝင်ထားငဲ့အဘို့။ ။ချိန်ဝန်ဒိုင်သိလိုပြန်လျှင်၊ ရှစ်ပုံဆန်နှစ်ချို့။ ။အချင့်မှန်တပြန်တို့မှု၊ ဝိသာဘို့ယူပါ။ ။လိုသမျှအဆင့်ဆင့်ပ၊ ပွားပြန်လင့်ချိန်ဝင့်ခြင်းရာ။ ။ကောက်စပါးပမာမှု၊ တင်းခြင်မှာ သုည်တစ်ဆောင်းက၊ ဝိသာပေါင်းဟူလေဘွယ်၊ မှတ်ကြောင်းတသွယ်။ ။စံနှစ်ပြ တွက်လမ်းချယ်၊ ဘက်ကမ်းနယ်ရောက်ကိန်းပလေး။

(၂၄) အုတ်တွက်ပုံသရုပ်မှု၊ စီလုပ်ခွင့်လျားမှာ၊ ဝင်အုတ်ချပ်တစဉ်ဟာတွင်၊နံစီသာမြှောက်ငြား။ ။တလွှားခင်းရေအုတ်ဝင်တွင်၊ တတောင့်လျှင်ချပ်ပေါင်းနှင့်ပွား။ ။သည့်နည်းတူလိုရှိရာဝယ်၊ တွက်ဘွယ်သာမမှား။ ။အုတ်ချပ်ရေသောင်းရှိငြားမှု၊တဘိုကားဘွဲ့ပေ။ ။နံကာနှင့်တဘက်၊ မီးမကျက်ဘုတ်မွေ့တထွေ။ ။သမင်သွေးခရမြေ၊ ကျောက်ပြုတ်လေပါတိုင်းနှင့်၊ သုံးပိုင်းကျိုးပယ်ပြီးခါ၊ပန္နံးအရောင်သာ။ ။စကားရောင့်အုတ်ကိုသာလျှင်၊ စီလုပ်ရာအမြဲးပလေး။

(၂၅) သရွတ်မြေနီစပ်မှု၊ အုတ်တချပ်သုံးစလယ်၊ အင်္ဂတေ့သရွတ်ဝယ်မှု၊ သုံးစလယ် ထုံးထား။ ။ထုံးနှင့်သဲး ရာစီဝယ်၊ ခွက်ရှစ်ဆယ်ထန်းလျက်ထည့်ငြား။ ။ငါးဝိသာစီအနေမှု၊ ကျဲးရေနှင့်ညိုရှား။ ။အုံထုံနှင့်မတ်ပဲးများမှု၊စိတ်စီကားတွဲးပါ။ ။အုတ်ရှစ်ထင်းတရာကျ၊ နှစ်

ပြန်ပထောင်းရလေရှာ။ ။မံအင်္ဂတေ့အဘို့ဟာမူ၊ တဘိုမှာ ငါးဆယ်ထုံးပ၊ သဲးနှုန်းမူစိတ်ကဲးသာ၊ သုံးပြန်ထောင်းရာ။ ။ကျန်သည့်ပြင် ကိရိယာမူ၊ ထက်နည်းသာစပ်နှောတော့လေး။

(၂၆) ကျင်းတွက်ပုံ ညွှန်ကြားအံ့၊ အလျားကိုတည်ကာ၊ အနံနှင့်မြှောက်ပါ၊ တာချည်းသာမှတ်သား။ ။အတောင်ဘွဲ့ စောက်တာတန်၊ နောက်တာဘန် ထပ်ဆင့်လို့ပွား။ ။ကျင်းဖြစ်၍လွဲးမသွေ၊ အမြဲးလေမှတ်သား။ ။ထက်အောက်နံ မညီခြားရင်ဖြင့်၊ နှစ်ပါးပေါင်းဝက်မှန်။ ။ထက်နည်းတူ မြှောက်လျှင်းက၊ တာကျင်းရပြီးငဲ့အမှန်။ ။တောင်မိုဠ်သစ်စွန်းပြန်မူ၊ ချင်းကိန်းစံလှောက်စွက်လို့၊ မြှောက်တွက်ရ ကျင်းနောင်သော်၊ ဇောပွားစိတ်ခေါ်။ ။ပြည်စလယ့်နှစ်ဘော်မူ၊ ဇောပင်သော်ဆင့်ပွားတော့လေး။

(၂၇) စတ္တုန်ပေါင်းသဋ္ဌကို၊ တမိနစ်ဟူပြီ၊ ယင်းသဋ္ဌတနာရီ၊ ယင်းဇောဇိရက်ထား။ ။ရက်ခုနစ်သီတင်းလည်၊ သုံးဆယ်သည် တလဟူပြား။ ။ဆဲ့နှစ်လနှစ်လည်၊ လအမည်မူကား။ ။ဇာန္နဝါ ဖေဖြွာအားမူ၊ ရီနှစ်ပါးထည့်ပါ။ ။မာချေ မေဇွန်ရောပ၊ ဇူလိုင်ဩဂုတ်၊ စက်တင်ဘာ။ ။အောက်တိုဘာ့၊ နို့ဝဘ်ာ၊ ဒီဇဘ်ာထိုလနှင့်၊ ပြာသိုလ်လတူတန်ကျင်၊ မြန်ဂေါစာတွင်။ ။အင်္ဂတီဆ၊ (၆၃၈) နှောရင်မူ၊ ခရစ်လျှင်ဂေါစာပလေး။

(၂၈) ခရစ်ယန် ၁၂-လတွင်၊ ဝေါဟာရရက်မှာ၊ ဧပြီနှင့် ဇွန်မာသာ၊ စက်တင်ဘာတတွဲး။ ။နိုဝဘ်ာ လေးရပ်ဝယ်မူ၊ သုံးဆယ်စီထားလော့ မုချ။ ။ဖေဖြွာရီ အင်္ဂဉီသာ၊ ကြွင်းမာသာဟူကာ။ ။ရက်ကောတိံသပ၊ ၁၂-လပေါင်းမူ။ ။ရက်သုံးရာ့ခြောက်ဆယ့်ငါးပင်မို့၊ မြန်အလား တခြေးထပ်တူ။ ။လေးနှစ်မှာ တကြိမ်ဟူ၊တရက်မူထပ်တိုးကာ၊ နှစ်ဆဲ့ကိုးဖေဖြွာရီ၊ ထူးရှိလေပြီ။ ။နှစ်ဆန်းလအစချီမူ၊ ဇာန္နဝါရီအဦးပလေး။

(၂၉) စက်ဝန်းတွင်ပမာနကို၊ နှိုင်းရှည့်ထခြင်းရာ၊ ခရာနှင့် ဗိဇနာလိတ္တာတိုင်မူကား။ ။ခြောက်ဆယ်စီ ဆင့်ပွားပါမူ၊ တအသ်ာဖြစ်၍မမှား။ ။၃၀-ရှိအသ်ာမှာ၊ တရာသိဘွဲ့ပြား။ ။ဆဲ့နှစ်ရာသီအလားမူ၊ လှည့်သွားခြင်းစက်ပေ။ ။ယူဇနာကိန်းဂဏမူ၊ သုံးသန်းမျှရှိ၍မှတ်လေ။



စက်ဝန်းဟုဖြစ်ပချေလျှင်၊ ကြီးပစေငယ်မခြားပြီဘု၊ အသ်ာများအရှိဝယ်၊ သုံးရာခြောက်ဆယ်။ ။စက်ဝန်း၏ဆိုင်ရာနယ်မှာ၊ တွက်လေဘွယ်မလွဲးပလေး။

(၃၀) ကြေးရွှေငွေချိန်ရေးမူ၊ ဖာသိန်လေးပဲးနီ၊တဆဲ့နှစ်ပဲးနီ၊တသျှိလိန်မှန်လှ။ ။နှစ်ဆယ်ပြန့်သျှိလိန်ကို၊ တပေါင်ချိန်ထားတော့မခွ။ ။ပေါင်တစ်မူကုမ္ပနီ၊ ဆယ်ရူဗီတူမျှ။ ။ဝန်လေးစွာချိန်ကလျှင်၊ငါးတိုလမှာမူ။ ။တစီတက်မှန်လတ်ပ၊ ယင်းသောဠ်သစိယ တစ်ယူ။ ။ယင်းလေးဆယ် တမောင်းဟူတယ်၊ မြန့်လားမူချိန်လင့်က၊ နှစ်ဆယ်နှင့် နှစ်ဖိဿာ၊ စွန်းလတ်သည်မှာ။ ။ငါးဆယ်နှင့်လေးကျပ်ပါတယ်၊ မောင်းဝန်သာဘွဲ့မြဲးပလေး။

(၃၁) ရွှေငွေနှင့်ပုလဲးကို၊ ချိန်တွယ်နဲ့းတလီ၊ ဂြိန်အရှိဇောဇိကို၊ပဲးနီဖိတ်ယူရ။ ။ပဲးနီဖိတ်နှစ်ဆယ်၊ အောင်စဝယ်ထားလော့မခွ။ ။တဆဲ့နှစ်အောင်စမှာ၊တပေါင်သာမှန်လှ။ ။သမားသုံး ဂြိန်ဖိသမူ၊စကြူပလ,တစ်သာ။ ။သုံးစကြူပလကို၊ ဒြမ်းပယင်းနှစ်ခုမှာ။ ။အောင်စယင်းဆဲ့နှစ်ဖြာ၊ တပေါင်သာခေါ်လစ်ပ၊ ယင်းနည်းနှစ်ပေါင်ပမာ၊ ကျပ်သုံးရှုပြာ။ ။တေးဖိသရှိလေပါသည်၊ နောက်နောင်သာ မှတ်သုံးဘို့လေး။

(၃၂) အင်ဒိယတိုင်းရပ်နှင့်၊ မြန်အောက်ရပ်နိုက်ဝယ်၊ သုံးစွဲးကြွက်ဘွယ်မူ၊ မတ်ပြားငယ်တခု။ ။ပိုင်ဟုလည်းတမည်မှာတယ်၊ ယင်းသုံးဖြာပဲးစိတ်တစ်ပြု။ ။ယင်းပဲးစိတ်သညာကို၊ ပိုက်ဆံသာခေါ်မူ။ ။တနည်းမှာ ပိုင်ဒွါဒကို၊ တအဏ္ဏယင်းပိုက်ဆံလေးခုကို၊ တပဲးဟုဘွဲ့ရာ။ ။ပဲးဆယ့်ခြောက်တရူပြာ၊ ယင်းရူပြာ ၁၅-ကိုလ၊ ရွှေတပဲးဝေါဟာ။ ။ကြေးရွှေငွေဒင်္ဂါးသော်မူ၊ သင့်ဒင်္ဂါးမိုဟာခေါ်၊ တပြားနှင့်လျော်။ ။တော်ရာလှယ်သုံးငဲ့လေး။

(၃၃) ဝန်တာန်နိုင်ညွှန်ပြဖိမ့်၊ သောဠ်သဒြန်၊ တအောင်စဘွဲ့မှန်၊ယင်းအပြန်သောဠ်သ်။ ။ပေါင်တခုရှိတုံပြီ၊ ပေါင်ဠ္ဌာဝိကွာတဟုဖြတ်။ ။ကွာတရှိလေးပြန်မူ၊ ဟန္ဒြိဒ်ဟူလတ်။ ။ယင်းဝိသာ တတန်မှတ်လော့၊ တပေါင်လျှင်လေးမူးမြတ်တဲ့၊ ခုနစ်ကျပ်နှစ်ဆယ်ချိန်ကျပ်ရှိဘွဲ့သော်။ ။တတန်၏ချိန်ဝန်သော်မူ၊ခြောက်ရာကျော်ဆယ့်သုံးပ၊ ဖိဿာပင်မြော်။ ။တတန်၏ချိန်ဝန်သော်မူ၊ခြောက်ဆယ့်ကိုး ကျပ်ပေါင်းဝင်လုံးရှိသည့်ပြင်၊ စွန်းလတ်သည့်အင်။ ။ခြောက်ဆယ့်ကိုး ကျပ်ပေါင်းဝင်တယ်၊ မှတ်ကြောင်းပင်တမျိုးပလေး။

(၃၄) စပါးဆန်ချင့်ရေးမှု၊ ဝိုင့်ခွေးရှိကွတ်မြော်၊ ရှစ်ကွတ်ကို ပိတ်ခေါ်တယ်၊ လေးပိတ်သော်မှုကား။ ။ဖုဿျှလရင်းမြင်မှု၊ ကွာတပင်စွဲးမှတ်လို့ထား။ ။တကွာတခြင်းရာမှာ၊ ရှစ်တင်းသာ ဝင်ငြား။ ။ရေဆီရည်စသည်များကို၊ ချင့်ပုံကားတသွယ်။ ။လေးဗိလတပိုင့်ပ၊ နှစ်ပိုင့်ကို တကွတ်ဟူဘွယ်။ ။လေးကွတ်ကိုဂါလံနွယ်၊ ယင်းခြောက်ဆယ် သုံးခုတွက်ကိုလ၊ ဟောဂဇက်တခုသာ၊ ဂါလံခြင်းရာ။ ။ခုနစ်ဆယ်လေးကျပ်စွာသည်၊ နှစ်ပိဿာချိန်မှတ်တော့လေး။

(၃၅) တော်တာဘွဲ့နှုန်းသိစိမ့်၊ ကောက်သုံးရှိလေလျှင်၊ တလက်မနယ်ဝင်တယ်၊ ဒွါဒသင်္ဂုဏ်။ ။ပေတခုယင်းသုံးသွယ်၊ တယာဒ်ဝယ်ထားလော့မခွ။ ။ငါးယာဒ်နှင့်ခွဲးသာမှာ၊တပိုတာမှန်လှ။ ။ပိုလေးဆယ်ဖာလုံရချော်၊ ယင်းအငွှတိုင်ပေ။ ။တိုင်နဝါသဋ္ဌ (၆၉) ကို၊ အသ်ာရှိတခုမှတ်လေ။ ။ယင်းသုံးရာခြောက်ဆယ်နေမှု၊ စက်ဝန်းပေမှန်လှည့်ကာ၊ တတိုင်၏အပြေမှာ၊ငါးရာ့နှစ်တာ။ ။ခြောက်တောင်ပင်(၅၀၂ ါ၊ ၆) စွန်းလေပါတယ်၊ တပေဟာနှစ်မိုင်ပြလေး။

(၃၆) မြေတိုင်းပုံအချက်မှု၊ ခုနစ်လက်မပြင်၊ ကိုးဆွဲ့နှစ် အစိတ် (၇ ၈၂/၁၀၀) ဝင်၊ သံကွင်းပင်မှန်လှ။ ။ကွင်းသတသံကြိုးရှည်၊ တောင်ရှိသည်ဇောနှင့်ဇရ။ ။စတုရန်းသံကြိုးနယ်၊ ဆယ်ကွက်ဝယ်ကော။ ။ သံကွင်းပေါင်းသိန်းပြ၏၊ လေးတဆကွက်မှာ။ ။ရွတ်အဘို့ဟူလင့်ပ၊ ခြောက်ရာနှင့်နှစ်ဆယ်ငါးဟာ။ ။ပိုစတုရန်းကွက်သာ၊ တပိုမှာတတာဘွဲ့ပ၊ ရှည်တဆွဲ့တတောင်ပင်၊ များမှတ်စေချင်။ ။သံကြိုးနှင့်နှိုင်းယှဉ်တယ်၊ ဧကပင် ဘွဲ့ပြမ်းပလေး။

(၃၇) ဧကပုံတခန်းမှု၊ စတုရန်းတရာ၊ လေးဆွဲ့လေး လက်မပါလျှင်၊တခေပသာမှန်လှ။ ။ပေစတုရန်းကိုးသွယ်၊ တယာဒ်ဝယ်ထားလော့မခွ။ ။ယာဒ်စတုရန်းသုံးဆယ်၊ တစိတ်ဆွယ်ပိုရ။ ။ယင်းလေးဆယ်ရှိကမှု၊ ရွဒ်တစ်ပခသွေ။ ။ရွဒ်လေးလီတဧကပ၊ ယင်းခြောက်ရာ့လေးဆယ်ရှိထွေ။ ။စတုရန်းတတိုင်ပေ၊လွဲးမသွေမှုချပ၊ တဧကအကွက်ဟူ၊ ပေကွက်ပေါင်းမှု၊ ခံ,ဆ,ပည်း,တိ,ဇော (၄၃၅၆၀)ယူ၊ ပေကွက်တူဘွဲ့နည်းပလေး။ ။[ခံ-ကောင်ကင်ဟော သုညယူရသည်။ ဆ-ခြောက်ခုယူ၊ ပည်း-ငါးခုယူ]။



(၃၈) မြေတိုင်နှင့်သူကြီးတို့၊ ယူမှီးပုံကော၊ ဘွဲ့ကြနည်းတခန်းမှာမှု၊ ဆဒွေးဒွါပေကွက်။ ။စိတ်ရှဉ်ပုံ ခုနစ်ပုံ(၂၂၆ ၃/၇) စွန်းလှာတုံ ပိုင်တစ်ဟုမြွက်။ ။ပိုင်ဆွဲ့နှစ်ပဲးသညာ၊ ပေကွက်မှာမပျက်။ ။ဒွိဒွါသတ် ဒွေးတွက်၏၊(၂၇၂၂ ၁/၂) တခွဲးတွက်စွန်းပါ။ ။ဆွဲ့ခြောက်ပဲးတဧကသာပ၊ ပေကွက်ရ ထက်နည်းတူသာ။ ။တဧကတနားမှာမှု၊ မြန်မာပုံဘွဲ့ထိုးက၊ ဆွဲ့ကိုးတာခြောက်တောင်ပေါ် စွန်းသုံးသစ်ကျော်။ ။(၁၉ ါ၊ ၆၊ ၃°) ယင်းသုံးနည်းကေသော်မှု၊ ကျဉ်းကျယ်နော်ညီမျှငဲ့လေး။

၎င်း တေးထပ်စုမှာ အမရပုရမြို့လျှင် ဘွားရာဇာတိရှိသော မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဌမသင်္ဂါယနာတင် မင်းတရားကြီး ဘုရားလက်ထက်တော် ပဌမ-ရွှေလွှတ်တော်တွင် စားရေးတော်အရာ၊ ဒုတိယ-စာတော်ဘတ်ကင်းစာရေးကြီး အရာ၊ တတိယ-ရွှေလွှတ်တော်တွင်အမှာတော်ရေးအရာ၊စတုတ္ထ-သားတော်သီပေါဘုရင်မင်းမြတ်လက်ထက်တော် သံတော်ဆင့်ကြီးအရာ၊ ပဌမ-သံတော်ဆင့်လက်နက်တိုက်ဝန်မြီးပျမ်းဟာသ်ာလျှော်တော်အုပ်အရာ၊ ဆဋ္ဌ-မိတ္ထီလာ၊ယင်းတော်၊ယနောင်၊ထရံကာ၊ ညောင်ရမ်း၊ လှိုင်းတက်၊ သာဂရ၊ ရမည်းသင်း၊ တောင်ငူ ဟူသော ၉-မြို့ကိုလျှင်၊ တဌာန-တခရိုင်ဟုပိုင်းခြားအပ်သော၊ တောင်ငူမင်းကြီး ခရိုင်ဝန် အရာသို့၊ အဆင့်ဆင့်သူကောင်းပြုခြင်းကိုခံရသော၊ မင်းကြီး ခရိုင်ဝန် အရာသို့၊ အဆင့်ဆင့်သူကောင်းပြုခြင်းကိုခံရသော တောင်ငူခရိုင်ဝန် အမတ်သည်···· မဟာမင်းထင် ရာဇာဘွဲ့မည်ရှိသော တောင်ငူခရိုင်ဝန် အမတ်သည်···· မဟာမင်းထင် ရာဇာဘွဲ့မည်ရှိသော အရပ်ရပ်ကျမ်းမှု-ဂဏန်းနည်းဟူ ဂဏန်းအတတ်- ဘက်ကမ်းခတ်စေဟု၊ အရပ်ရပ်ကျမ်းမှု-ဂဏန်းနည်းဟူဂဏန်းအတတ်- ဘက်ကမ်းခတ်စေဟု၊ အဓိကိုထုတ်ပြီးလျှင်၊ ပုဒ်၊ ဝါကျ၊ ကိရိယာ၊ သမျှ၊ ဆူရာကိုရွေးနုတ်၊ အဓိကိုထုတ်ပြီးလျှင်၊ ပုဒ်၊ ဝါကျ၊ ကိရိယာ၊သမျှ၊ ဆူရာကိုရွေးနုတ်၊ လိုရာကိုဆောင်စွမ်း၊ သုတေသီနှလုံးအိမ်တွင်၊ ဆီစိမ်စကားပိုမပါဘဲး၊ လိုရာကိုဆောင်စွမ်း၊ သုတေသီနှလုံးအိမ်တွင်၊ ဆီစိမ်စကားပိုမပါဘဲး၊ ဇောဘဝင်ငြိလောက်သော။ ။သုဝိစိတ္တသည့်ဌမ်းကဲ့သို့၊ ရွှမ်းရွှမ်းဝိတိ၊ ဇောဘဝင်ငြိလောက်သော။ ။သုဝိစိတ္တသည့်ဌမ်းကဲ့သို့၊ ရွှမ်းရွှမ်းဝိတိ၊ လိုရာထုဘ်နုတ်၍ ရေးသော- တေးထပ် များပင်ဂဏဝိဋ္ဌာကျမ်း မှ၊ လိုရာထုဘ်နုတ်၍ ရေးသော- တေးထပ် များပင်ဂဏဝိဋ္ဌာကျမ်း မှ၊ ကျွန်ုပ်တို့၏ဆရာပေတည်း၊ ထိုအမတ်ကြီးတည်း။ ။ထိုအမတ်ကြီးသည်၊ ကျွန်ုပ်တို့၏ဆရာပေတည်း၊ ထိုအမတ်ကြီးတည်း။ ။ထိုအမတ်ကြီးသည်၊ သူ့ကိုယ်တိုင် 'ဘား' ဟု ရေးပါသည်။ ၏ ငယ်မည်ကား ဦးဘားတည်း။ သူ့ကိုယ်တိုင် 'ဘား' ဟု ရေးပါသည်။

## ၁၂၇၉–ခုတွင် လျှောင်လှုပ်ရာပြုံရှာသော ရွှေမော်ဓောစေတီအကြောင်း ကိုယ်တိုင်ရေး တေးထပ်နှင့် ခွန်းထောက်များ

(၃၉) ရွှေလျှောင်၊ မြေပြင်လှုပ်၊ ရေရင်မုဒ်အကုန်၊ ရွှေသင်ဂုတ်၊ ဒဂုန်မှာ၊ ဖြုန်ဖြုန်မျှမရှိ။ ။ကျော်စောတဲ့ မော်ဓောရှင်၊ အော်ပြေးချင်ဖြစ်ရ ပြန်ဘိ။ ။နှောင်းနှစ်က ဟောင်းဖြစ်ရှာသည်၊ သောင်းခေတ်ပါ အသိ။ ။ဖောင်းရစ်ဟာတြိမှ၊တိတိကြီးပြိုရာ။ ။ပကိုးသူ အိုးဆူဟီးသည်သို့၊ အပူမီးပူကြပြန်ရှာ။ ။လူကြီးနှင့် လူငယ်ပါရယ်၊ သွယ်ဖြာဖြာ မျက်ရေကျပါလို့၊ ခက်လေစွကျွမ်းဆူကြွခါ၊ နွမ်းပူကြရှာ။ ။လွမ်းသူတို့ သုခမျှာမှာ၊ ကုသလာဖြစ်ကြောင်းပလေး။

ငွေစန်းဖြူမှာ၊ မြေနန်းပိုင်အသူရာကြောင့်၊ တူစွာမင်လှိုင်း။ ။ဘိုးအုပ်တဲ့ခါ၊ ကုန်းမြတ်ကယ် ဘွဲ့မဟာက၊ ရတနာ ရွှေမော်မောဝယ်၊ မလျှာကျုထက်ပိုင်း။

နောသတ်ဒွေး၊ ဧကေးနှစ်၊ လနွယ်တာ။ ။လဆုတ်ခေါ်ကျော် နှစ်ရက်၊ ကြွက်နေ့နိုက်သာ။ ။လေးနာရီ့နံနက်ခါ၊ မိနစ်မှာတဲ့လေးဆယ်စွန်း။ ။ဆော်တီးငယ်ရှင်၊ တော်ဟီးခါ ရွှေလျှောင်ကြောင့်၊ မော်ဓောရှင် ပြိုသက္ကရာဇ်မှာ မှတ်ဆစ်စာတမ်း။

တေးတပ်စာကိုယ်များကို ပြဆိုချက်ပြီးပြီ။

---

## ၁၁၈–တေးတွဲ့စာကိုယ်များကို ပြဆိုချက်

(၁) ဘုံနန်းက–မှန်းဆ ချေလျှင်....ဃောသလေးပြန်၊ ဝေးလောက်တန်တွင်၊ နိဗ္ဗာန်ရည်မှန်းလို့၊ တည်ဆန်းပုံသဗ္ဗညုလို၊ ရွှန်းနုစုံလင်။ ။ထက်သက်လှေကား၊ နှစ်စုံပွားလို့၊ ထူးခြားသန့်ရှင်း၊ ဘိုးတော်မင်းထက်၊ ညဏ်လင်းအင်၊ မမြင်တောင်း မြင်ရပေသေး။ ။ရှုဋ္ဌာမဏိ၊မည်တော်ရှိတဲ့၊ သိရိထွေငေါ်၊ စေတီကျော်ကို၊ ပြည်တော်သူသွတ်လှယ်ကူးလို့၊ ဘူးကြတယ်လေး။

(၂) ထုံပန်းလှ–ပန်းကထွေအင်....ဆွမ်းတော်ရေကြည်၊ ပွဲးရုံတည်သာ၊ တီး–စည်ခတ်ရွှမ်းလို့၊ ရောင်လျှမ်း အာရဏ်ခပ်လျှင်၊ ဆွမ်းကပ်လို့တင်။ တန်းဆောင်တိုင်များ၊ ရေတော်ငါးနှင့်၊ နံ့ရှားပန်းသင်း၊ ညနေခင်းမှာ၊



ထပ်သွင်းတင်၊ ယင် (?ရင်) ပြင်တော်လင်းထိန်လို့မွှေး။ ။ရှင်လူကစ၊ နံနက်ညတိုင်း၊ ညွှတ်ခပူဇာ၊ စိန္တေယျာဝယ်၊ မသေရာနိဗ္ဗာန်နန်းကို၊ မှန်းဆုပန်ရေး။

(၃) စုံဆန်းစွ–ခန်းဝဘွေပြင်....ကျောင်းတော်အုတ်ဂူ၊ အဆူဆူဘွင်၊ နိဗ္ဗူရည်ရှုးတဲ့၊ ထေရ်ထူးတွေ–ကိန်းခိုဝပ်တယ်၊ ကွက်လပ်မမြင်။ ။တကျောင်းတော်လုံး၊ ရေကြည်သုံးဘို့၊ ပတ်ကုံးရှင်းလင်း၊ တောင်တုရင်းက၊ ရေသွင်းလျှင်၊ ကန်တွင်ရေပန်းလျှံလို့ဖွေး။ ။သောတုဇန၊ စာသင်စ၍ ထေရအရာ၊ မြတ်သဃ်ာတို့၊ချမ်းသာစွာ၊ မြတ်တရားကို၊ အားထုတ်ကြလေး။ ။[ပုဂံ ရှုဋ္ဌာမဏိဘုရားနှင့် ကျောင်းဘွဲ့တေးတွဲ့တစုံ၊ ရေးသူမသိ။ ရှုဋ္ဌာမဏိကျောင်းအုတ်ဂူ ခေပမူပင်တည်း။]

တေးတွဲးမှ တေးတွဲ့သို့ ပြောင်းသည်အရာ သိသာရန် သဘောလမ်းဖြောင့်တန်းပုံကား....

တေးတွဲ့ရေးပုံမှာ–ဝိုဒ်စုံရတုကဲ့သို့ သုံးပုဒ်ပြည့်မှ တစုံဟု အမှတ်ပြုခြင်း အဦးထားမှုတွင် ရတုကဲ့သို့ သုံးပုဒ် သုံးရပ် အစပ်အဟပ် ထပ်တူထားမြဲရှိခြင်းများမှာ နိုင်မာသောအချက် သက်သေခံ လုံလောက်တန်သည်ဟူ၍ ယူသင့်သတည်း။ယူသင့်ပုံမှာ–

၁၂–ရာသီတေးတွဲ့ ၁၂–ပုဒ်တွင် ၁၂–လစေ့ငအောင် သုံးလစီတွဲး၍ ရေးမြဲသည် ၄–စုံလည်းရ၊ ၁၂–လလည်း အစဉ်မှန်၊ သိရန်လည်း အစုံပါအောင် ရေးသောကြောင့် တေးရိုးနှင့်ရတုတွဲးမှုကိုလိုက်၍ တေးတွဲ့ကို သုံးပုဒ်ပြည့်ရေးမှ တစုံခေါ်ရသည်။ သည်အရာတွင် စုံဟူသည်ကား စိန်ဟူသော ဝေါဟာရအလား သဘောသွား ထပ်တူပင်တည်း။ ပြည့်စုံစိန်ဟူသော ဝေါဟာရအလား သဘောသွား ထပ်တူပင်တည်း၊ ရတနာသည်ကို စုံ၊ စိန်၊ မိတ်လင်ခေါ်မြဲးမှာ မြန်မာထုံးစံပင်တည်း။ သုံးပါးကို တစုံခေါ်သော စကားမှာလည်း မြန်မာ ထုံးစံပင်တည်း။ ဂဏန်းရေးနည်း သံပေါက် လက်ာတွင်–အထောက်အထားကား... "ရတနာသုံးစုံ၊ ပန်းနှယ်ငုံ၊ ကြည်ယုံဦးနှိမ်ချ"ဟူ၍ စပ်ကြသောဝေါဟာရမျိုးပင်တည်း။ အလွန်ဟောင်းသော မှုကွဲးမှာ ပန်းနှယ်ငုံအစား ကြာနှယ်မုံဟူ၍လည်း တွေ့သေးသတည်း။ တန်းခူး–တိမ့်လုံးပျိုးလို့၊ ကဆုန်–ခြိမ့်ရှုံးကြိုးလို့၊ နယုန်–ခြိမ့်အုံးညိုးလို့ဟု သုံးလတွဲးတစုံ။ ဝါဆို–လျှံထွန်းပလို့၊ ဝါခေါင်–ရံဝန်းခလို့၊ တော်သလင်း–ကြံလွန်းရဘို့ဟု သုံးလတွဲးတစုံ။ ။သီတင်းကျွတ်–ဝသန္တကြွေးလို့၊ တန်းဆောင်မုန်း–အလွန်မွှေးလို့၊

နှတ်တော်–တခန့်မွေးလို့ဟု သုံးလတွဲးတစုံ။ ။ပြာသိုလ–ငွေနှင်းခလို့၊ထမ်းပိုးတွဲးလ– ခွေရင်းတလို့၊ တပေါင်း–လေညှင်းစလို့ဟု သုံးလတွဲးတစုံ။ ၁၂–လအတွက် လေးစုံစပ်ဆိုသော စာကိုယ် ၁၂–ပုဒ်မှာ အောက်ပါအတိုင်းပင်တည်း။

၁၊ တိမ့်လုံးပျှီးလို့–မြခိုးမှုံလွင်····တန်းခူးချိန်ကျ၊ စိတြပဟု၊ မိဿရွှင်လန်း၊ရာသီခန်းမှာ၊ နှတ်ပန်းကုံကော်၊ ပွင့်ရွှေလျှော်ငယ်နှင့်၊ စုံမြိုင်ပေါ်ရွှေရင်ခတ်ကယ်တို့၊ မွှေးပွင့်ချပ်ဆင်။ ။သကြိန်ရေသွန်း၊ ရေပန်းပျော်ပွဲး၊ မောင်မယ်နွဲ့းလို့၊ ချစ်မြဲးငယ်ဆင်၊ သဘင်မကြူးလှည့်လေသေး။ ။မိုးပြင်တိမ်ဝ၊ အာကာသမှာ၊ လျှံပပြောင်ရွှန်း၊ ဆံကျင်ငယ် ထွန်းလို့၊ ချိန်ယွန်းပကားကြယ်တာရာတို့၊ ပြည်ဝေသာလီ၊ ကောသမ္ဗီမှာ၊ ရှည်မှီရောင်ရှိန်၊ လျှံဝင်းထိန်လို့၊ ဂိမ္ဘန့်ရာသီ၊ သို့ချိန်ဆီကို၊ နန်းသိဂီဆောင်ကြာစွန်းက၊ ထွန်းလိမ့်မယ်လေး။ ။[မိဿ... တန်းခူးလရာသီဘွဲ့။]

၂၊ ခြိမ့်ရုံးကြိုးလို့–လှမျိုးစုံလင်····စံကားရွှေပွင့်၊ ညွန့်ဘူးဆင့်လို့၊ ငုံရင့်ပေါ်စ၊ ရာသီလကို၊ ပြိဿကဆုန်၊ နှတ်နန်းဘုံက၊ ပဇ္ဇုန်ငယ် ဆော်ကာကြူးလို့၊ နွေဦးဂိမ္ဘန္တမှာမှ၊ လွမ်းပူရအင်။ ။ပြည်ကမ္ဘောဇ၊ ရာမညမှာ၊ တောက်ပထိန်ဝါ၊ ထက်အာကာက၊ ဝိသာခါပိုင်း၊ ကြယ်ပတ်ဆိုင်းတို့၊ ရှုတိုင်းငယ်တင်၊ သဘင်မပြောင်း လှည့်လေသေး။ ။ညောင်ရေတော်ပွဲး၊ သဘင်ထဲးမှာ၊ မကွဲးတူကွ၊ ကြင်ဘက်မျှလို့၊ မဝချစ်ခါ၊ မောင်မယ်နွဲ့းလို့၊ ပျော်ပွဲးသာသော့ခါ၊ လွမ်းရာကိုခြယ်စီရုံးလို့၊ ကုံးလိမ့်မယ်လေး။ ။[ပြိဿ... ကဆုန်လရာသီဘွဲ့။]

၃၊ ဖြိမ့်အုံးညိုးလို့–ကျမိုးစုံအင်····မုလေးငုံရင့်၊စမ္ပာယ်ပွင့်လို့၊ လွမ်းခွင့်မကုန်၊ လနယုန်ကို၊ တိမ်ဘုံအာကာဦးက၊ ကွန့်မြူးရောင်လျှံပ၊ လွမ်းရန်ကဖြင်။ ။မေခုန်ခါဦး၊ ရာသီကူးမှာ၊ သောတ်ရှူးရောင်ပ၊ ကြယ်ဇေဋ္ဌနှင့်၊ တငေါ့ကွန်ကြီး၊ တောက်လောင်ညီးလို့၊ ပြည်ကြီးသာလစ်၊ ကလိန်ရာဇ်က၊ သန်းလှင်ကယ်ဆင်၊ စုံလင်မပေါင်းရလေသေး။ ။ဓမ္မခံရင့်၊ ပြည်ဘုံမြင့်မှာ၊ နှစ်သင့်ညီမြဲး၊ စာမေးပွဲးဟု၊ ကြော်သဲးညီညာ၊ သုဓမ္မာမှာ၊ သဏ္ဍာတော်ရွှေ၊ ဝန်းရံလို့နေသောခါ၊ ရွှေမျှော့သာခေါင်၊နန်းမျှော့နောင်မှာ၊ မယ်ခမောင်စုံဖော်တူဆွဲးလို့၊ နွဲ့းလိမ့်မယ်လေး။ ။[မေခုန်... နယုန်လရာသီဘွဲ့။]



၁၊ လျှံထွန်းပလို့–ရွှေလနယ်သာ····ကောင်းကင် တိမ်ဆွယ်၊ မိုးပြင်လယ်မှာ၊ ရောင်နှယ်စက်ခံ၊ ပြုပ္ပါသံနှင့်၊ ကြယ်လျှံထွန်းဖြာ၊ ဆင့်တာရာတို့၊ အာကာမှာထိန်ဝါပ၊ ထွန်းရောင်မြခါ။ ။စမ္ပာယ်ပုန်းညက်၊ ပွင့်ခြင်းငယ်ရှက်လို့၊ ကြင်ဘက်ကယ်ညိုမြ၊ ဝါဆိုလကို၊ ခေါ်ကြအမှတ်၊ကြန့်ဟု၊မိမြတ်ဆင်မြဲး၊ ရာသီထဲးမှာ၊ ညိုးမဲ့ငယ်ဖြာ၊ ကြင်ခါမကူးလှည့်လေးသေး။ ။ပဉ္စင်းတော်ပွဲး၊ ဘသဲးသဲးနှင့်၊ ပြည်ထဲးသာရေး၊ အောင်ဆုငယ်ကြွေးလို့၊ လှူပေးမကွာ၊ ထိုသည်ခါကို၊ ရောမြစ်ခွင်၊ ပျော်မြူး ရွှင်ကြတယ်၊ သဲးမြေပြင်နုဒိကျွန်းက၊ လွမ်းလိမ့်မယ်လေး။ ။[ကြန့်... ဝါဆိုလရာသီဘွဲ့။]

၂၊ ရုံဝန်းခလို့–ရွှေမျှော့လယ်မှာ····မိုးပြင်စုံကြူး၊ ဝသန်ဦးမို့၊ ရွှင်မြူးပျော်စံ၊ ထက်ဘိမ်ယံမှာ၊ သရဝံရွှေကြယ်ကြီးက၊ ထိန်ညီး ရောင်စုံခါ၊ ထွန်းလျှံပဖြာ။ ။ခတ္တာရွှေပွင့်၊ ဖူးတံငယ်ဆင့်လို့၊ နှစ်သင့်ခါရ၊ ဝါခေါင်လမှာ၊ ကုလာ့ပြည်မှာ၊ မြင်းတာရာတို့၊ ရောင်ဝါပလင်း၊ ယှဉ်ပြိုင်ငယ်ကျင်းလို့၊ ပျော်ခင်းငယ်သာ၊ ရာသီသိန်က မကုန်သေး။ ။သုံးမည်ဗုဒ္ဓ၊ စိန္တေယျမှာ၊ လှူကြတံကျွေး၊ ခါသင့်ပေးလို့၊ စာရေးတံပွဲး၊ ရာသီထဲးမှာ၊ ကြင်မြဲးမောင်မယ်၊ ချစ်ပန်းကိုလှယ်ရအောင်၊ ပန်းသွယ်သွယ်မြူတာနှင့်၊ ဆုပန်ကာညောင်ရေလောင်းလို့၊ တောင်းလိမ့် မယ်လေး။ ။[သိန်... ဝါခေါင်လရာသီဘွဲ့။]

၃၊ ကြံလွန်းရဘို့–ကြေမှုဘွယ်သာ····ရေကန်ပြည့်ညီ၊ မြစ်နဒီမှာ၊ ရာသီကန်တွင်း၊ တော်သလင်းမို့၊ ရင်းမာရွှေခိုင်၊ မွှေးပျံ့လို့ ကြိုင်ရာမှာ၊စုံသာမြိုင်ဂနိုင်စွန်း၊ လွန်းပြန်ရခါ။ ။ရွှေမြေစံခင်း၊ တက်သေးအင်းမှာ၊ တက်ချင်းပြိုင်နွဲ့း၊ လှော့လှော်ပွဲးဟု၊ ကျော်သဲးညာသည်၊ ရောမြစ်ယံ သာလှည့်သေး။ ။ထွန်းလျှံထိန်မြ၊ အာကာသမှာ၊ တောက်ပရောင်ဖြာ၊ ကွန့်မြူးကာနှင့်၊ ပြုဗ္ဗာပုရပိုက်၊ ကြယ်များတိုက်တွင်၊ ရက်လိုက်ကဲ့ရှည်ကြ၊ စန်းငွေလနှင့်၊ ဣန္ဒနဂိုရ်၊ ပြည့်တိုင်းဟိုမှာ၊ ရောင်ညိုကွန့်ကာ၊ မျိုးတာရာတို့၊ အာကာမှာ ရောင်စုံကျင်းလို့၊ လင်းခဲ့တယ်လေး။ ။[ကန်... တော်သလင်းရာသီဘွဲ့။]

* သည်ဒိုဒ်အရ သည်တေးတွဲ့သည် အမရပုရနှင့် ယခုမန္တလေးမတည်မီက ရေးကြဟန်တူသည်၊ အမရပုရကိုလည်း ဘိုးတော်က မန္တလေးသမုတ်သည်။

၁၊ ဝသန့်ကြေးလို့-ခါလေးနွေကုန်....ကြာမျိုးငါးမည်၊ပွင့်ရောင်ငယ်စီသည်၊ ထက်ပြည်အာကာဇွန်းက၊ တင့်ရှန်းရောင်စုံပပေတဲ့၊ နန်းငွေလဘုံ။ ။မြသင်းတွဲ့ပြည်၊ သဝဏ်တည့်၊ တူရာသီမှတ်၊ သီတင်းကျွတ်ကို၊ တိမ်ထွတ်ကယ်ဘုံဝ၊ အာကာသမှာ၊ ကာကရောင်လင့်၊ တာရာဆင့်လို့၊ ခါသင့်မှု၊ ကြင်ပုံမပန်ရလေသေး။ ။ရွှေပြည်သာခန်း၊ ရာဇနန်းမှာ၊ နှစ်ဆန်းညီမြဲ၊ ကန်တော်ပွဲဟု၊ ထိန်ရဲရောင်စို၊ ပွင့်မြင်းမိုရ်မှာ၊ နှစ်ကိုယ်မောင်မယ်၊ ချစ်ပန်းကိုလှယ်ရအောင်၊ စိန်ချယ်တဲ့နန်းညာမှာ၊ ဖြူသွယ်ဖြာမြော်ရွှေဝန်းငယ်တို့၊ လွမ်းလိမ့်မယ်လေး။ ။[တူရာသီ... သီတင်းကျွတ်လဘွဲ့။]

၂၊ အလွန့်မွေးလို့-ပြာရေးဝေမှုံ....ခဲဝဲသင်းကြိုင်၊ ပွင့်တံ လှိုင်သည်၊ ဂနိုင်စုံခြေတောက၊ ရွက်လျှောကြွေပုရစ်မှာ၊ ဖူးသစ်စင်။ ။ဗြိစ္ဆာ့ခေါ်ခြင်း၊ ရာသီတွင်းမှာ၊ ငွေနှင်းခိုင်ပွင့်၊ မြောက်လေဆင့်လို့၊ ငုံပွင့်ဆယ်ဆ၊ ဟေမန္တဟု၊ လတန်းဆောင်မှုန်း၊ ချစ်အားမုန်းလို့၊ နှလုံးမှာခုန်၊ စိမ့်ချမ်းငယ်တုန်၊ တူစုံမနှင်းမိလေသေး။ ။ယုဂန်တိမ်စွန်း၊ မြင်းမိုရ်နန်းက၊ တင့်ရှန်းချိန်သာ၊ ကြတ္တိကာနှင့်၊ ပမာကျိုးနှယ်၊ တာရာကြယ်တို့၊ စမွာယ်ကွန့်ကာ၊ တောက်လင်းဖြာ၍၊ ညာဝတီ၊ တိုင်းဌာနီမှာ၊ ရှမ်မလစ်၊ လကျာရစ်သို့၊တနှစ်တကြိမ်၊ သာချမ်းငြိမ်အောင်၊ကထိန်သင်္ကန်း၊ ကပ်လှူဆွမ်းနှင့်၊ရှင်လန်း သာကြည်၊ကျွတ်ဆုကိုရည်ရအောင်၊ ရွှေပြည်သူဆောင်ဘုံဦးက၊ ဘူးလိမ့်မယ်လေး။ ။[ဗြိစ္ဆာ... တန်းဆောင်မုန်းလရာသီဘွဲ့။]

၃၊ တခန့်မေးလို့-သာလေးဖြေတုံ... နတ္တော်ခေါ်မှန်း၊ရှင်လန်းပျော်မှု၊ ချစ်အားလုံ၍၊ ဓနုရာသီ၊ ထက်တိမ်ဆီမှာ၊ မိဂသီရွှေကြယ်ကြီးကညီးရောင်ပစုံ။ ။သဇင်ပွင့်စ၊ ဖူးတံလှနှင့်၊ ခေါ်ကြအမြဲ၊ ဗိန္ဒွဲပွဲဟု၊ ပြည်ထဲးသာကြောင်း၊ ပန်ဆုတောင်းလို့၊ တင့်ပေါင်းငယ်ဆုံ၊ မလုံချမ်းပြန်ရလေသေး။ ။အာကာတိမ်ဝ၊ ကြယ်ဘောင်လမှာ၊ ဟသ်ာတာရာ၊ ရောင်ထွန်းဖြာလို့၊ မြန်မာပြည်လုံး၊ ခြိမ့်သံအုံးမျှ၊ ပတ်ကုံးညာကြေလွှန်းဘွယ်တွေကို၊ နန်းမြေမြို့သာခေါင်မှာ၊ ဘန်ကြာဆောင်စိန်စီနန်းကမှန်းလိမ့်မယ်လေး။ ။[ဓနု... နတ်တော်လရာသီဘွဲ့။]

၁၊ ငွေနှင်းခလို့-ဖြေရမလွယ်... ပြာသိုဆန်းစ၊မကာရဟု၊ဖုသျှရောင်လျှံ၊ ထက်တိမ်ယံမှာ၊ ကြယ်စံလယ်က၊ ပုံမမှုအောင်၊ ထွန်းရွှေလနှယ်။ ။



မြင်းခင်းတော်ပွဲ၊ တသဲးသဲးနှင့်၊ မကွဲးပျော်မြူး၊ ခွါညိုဖူးလို့၊ ညွတ်နူးဘွယ်၊ မောင်မယ်မနှင်းရလေသေး။ ။ထွန်းလျှံတိမ်ဝ၊ အာကာသမှာ၊ ရွှေလပမာ၊ တောက်လင်းဖြာလို့၊ တာရာရောင်ဝှန်၊ ကြယ်ဗုဇွန်သည်၊ ရူပမန္တန်း၊ ကြယ်လျှံဖုံးလို့၊ တင့်ဆုံးနပျို၊ ရာဇဂြိုဟ်ဟု၊ ခေါ်ဆိုအညီ၊ သို့သည့်ဆီကို၊ နှင်းဝေရီထိန်လို့ဝင်းက၊ ကျင်းခဲ့တယ်လေး။ ။[မကာရ... ပြာသိုလ ရာသီဘွဲ့။]

၂၊ ခွေရင်းတလို့-ကြေမွစဘွယ်... ပေါက်လဲငုံဖူး၊ ထန်းရေနူးလို့၊ ပျော်မြူးစရာ၊ သို့သည့်ခါကို၊ ချိန်ဘာရာ ကြယ်ဘောင်လက၊ ထွန်းရောင်ပြတယ်။ ။ပြည်ဗာရာနန်း၊ သာကြဝှန်းမှာ၊ တင့်ဆန်းထွန်းပ၊ကြယ်မာဃတို့၊ ငွေလရှည်မှီ၊ ပတ်ဝန်းညီသည်၊ ရာသီကုံပွဲ၊ အမှိတွဲးလို့၊ ချစ်မြဲးကြင်ဆက်၊မောင်မယ်ရှက်လို့နှစ်သက်ဘွယ်ကို၊ကိုယ်လှယ်မကူးမိလေသေး။ ။ယာဂုတော်ပွဲ၊ ခါသင့်နွဲးလို့၊ ကြိုမြဲး မဖျက်၊ ခါတန်ရက်ကို၊ သံမျက်ဆံကြောင်၊ စိန်အရောင်သို့၊ လင်းပြောင်လျှံဝေ၊ စိမ်းလဲ့လို့ဝေရာမှာ၊ ဘုံဝေဟာသာဆောင်ကြော့က၊ ချော့ခဲ့တယ်လေး။ ။[ကုံ... တပို့တွဲးလရာသီဘွဲ့။]

၃၊ လေညှင်းစလို့-နွေလမဆွယ်... မိန်ရာသီလန်း၊ တပေါင်းဆန်းလို့၊ နတ်ပန်းရွှေဘီ၊ ဖူးညွတ်ချီမှာ၊ သဲးနဒီသောင်ခုံမြင့်က၊ ဖူးစချင့်ဘွယ်။ ။တာရာချိန်ပြ၊ ပြည်သတ္တမှာ၊ ရှုက်ကြမကွ၊ ဥတ္တရတို့၊ မိတ္ထိလာနန်း၊ ပြည်မြပန်းက၊ တင့်ဆန်းငယ်ကြွယ်၊ ရောင်နွယ်မဆုံးသင့်လေသေး။ ။ငါးကြင်းဆန်တက်၊ ငါးတန်သက်လို့၊ရေကြက်ကယ်သဲးခုံ၊ လှိုင်းငွေပုံနှင့်၊ ယမုံမြစ်ခြေ၊ ထိန်လို့သာဝေတော့တယ်၊ နန်းမြေ သာခေါင်၊ တတိုက်ဘောင်မှာ၊ လွမ်းအောင်ကို ရွှေစာကုံးလို့၊ ခြုံးခဲ့တယ်လေး။ ။[မိန်....တပေါင်းလရာသီဘွဲ့။]

တေးတွဲ့စာကိုယ်များကို ပြဆိုချက်ပြီး၏။

## ၁၁၉-ဟန်ချင်းအနေ-လှေတော်ဂုဏ်ချင်းစာကိုယ်များ

၁၊ အစေခံ တောင်လုံးလှေတော်ဂုဏ်ချင်း... ရေမဟာဏ်မှာ နေလျှံနှုန်း၊ ဓစခံတောင်လုံးလှော်မျက်မှန်။ ။ရွှေဘုန်းတော်ကြောင့် ဝတိန်ပိုင်၊ သိကြားကိုယ်တိုင် ဆက်သနှင်းတဲ့၊ လှော်မင်းလှော်မော် လှော်တော်သား၊

လွှားတဲ့အောင်လံ။ ။တန်းခိုးမိပတိ၊ ဘုန်းဣဒ္ဓိ၊ တောင်လုံးလှေကြိုး ညြိဘာသံ၊ လောကခေတ်ယံ လွှမ်းချည့်သောသော။

တရာမင်းကိုစက်ရင်းခအောင်၊လက်ငင်းယူဆောင်ဆက်မွဲစွမ်းအား။ ။သည့်မျှမကဝေးသီစွာ၊ လေးဒီပါကို၊ အကုန်နှင်းလို့၊ ရွှေစက်တော်ရင်းမှာကျော်ညံ၊ ကျွန်တော်ခံအောင်သိမ်းမွဲယောက်ျား။ ။ရှားဆုတ်ကြရှောင်၊ မရှောင်ရင်တောင်လုံးတဲ့၊ သျှောင်ထုံးကိုကိုင်နှိမ်လို့၊ ဇီဝိန်ပါ ဝိစိထဲးကို၊ ဆွဲးချလိမ့်မမှား။ ။[ကင်းဝန်မင်းကြီးဆို။]

၂၊ ငှင်းလှေတော် ဂုဏ်ချင်း... တောင်လုံးစေခံ ဝေယန် ဖျားက၊ သိကြားဆက်တဲ့လှေဥသျှောင်။ ။ဘုန်းအတုမဲ့ စကြာရှင်မှာ၊ ဘက်မျှမမြင် လှေ့သနင်းမို့၊ လှေချင်းလှေတွင် လှေများမင်း၊ ကွင်းဆုတ်ကြရှောင်။ ။မဟဏ္ဏဝ၊ သာဂရ၊ ရေလမ်းရှိသမျှ တတိုက်ဘောင်မှာ၊မကိုင်နှိုဆောင်ဆောင် ထိုထိုမင်းတို့၊ ဝပ်စင်းညွတ်ကျိုးသက်လက်ဆောင်၊ စက်ထံရောက်အောင် သိမ်းမွဲမှုထမ်း။ ။အနုအကြမ်း ဂုဏ်ရဲးစွမ်း၊ မှားလို့စမ်းက၊ မှောက်သည့်ပြင်၊ အောက်နရက်ခွင်မီးလျှံထဲးမှာ၊ အသဲ အဆုတ်ကုန်အောင်နုတ်၊ ဖုတ်လိုက်ကင်လိုက် ကြော်လိုကြော်၊ ခေါင်းမပေါ်အောင် မွှန်းလိမ့်တင်းကျမ်း။ ။လူတချက်ကို နတ်ဆယ်ကြိမ်၊ထက်ဝဇီရိန်မြူးခြည့်လျှမ်းလျှမ်း၊ နန်းစည်သုံးတဲ့ လက်ရွေးကျွန်၊ တက်ရေးလူလွှန်ကူးခြည့်ဘက်ကမ်း။ ။[ကင်းဝန်မင်းကြီးဆို။]

၃၊ တောင်လုံးမှိုင်းလှေတော်ဂုဏ်ချင်း... မြေပေါ်ရေပေါ် လှေတော်ချင်း၊ မှန်ကင်းမိပတိထွတ်ထိပ်တင်။ ။တောင်လုံးမှိုင်းလို့ကြူးသံချီ၊ ကမ္ဘာခေတ်ဤ ထိုထိုမင်းတို့၊ ဝပ်စင်းလက်မှုံစက်စုံဦးကို၊ ဘူးရမှန်စင်။ ။မျက်စုံနဝရတ် လင်းလင်းလျှပ်၊ ဖူထီးပြာသာဒ် စိုက်ဆောက်တင်၊ ရာဇဝင် ဝင် နန်းဆက်ကျွန်ရင်း။ ။နေသာကိနတ် သန်းရွှေရှင်မှာ၊ သိကြားနတ်သျှင်မင်းကဆက်နှင်း။ ရေခင်းသဘင်၊ မန်းသိုက်ဝင် ဇာတိနှင့်သာဘိသေရွှေရင်တဲ့၊ စက်တော်တင်လှေထွတ်ဆုံးမှာ၊နှုန်းပြိုင်ဘက်လွှတ်ကင်း။ ။[ကင်းဝန်မင်းကြီးဆို။]

ဟန်ချင်းအနေ–လှေတော်ဂုဏ်ချင်းစာကိုယ်များကို ပြဆိုချက်ပြီးပြီ။



### ၁၂၀–ယောကျ်ားဟန်ချင်းစာကိုယ်များနှင့် မိန်းမဟန်ချင်း စာကိုယ်များကို ပြဆိုချက်

၁၊ တောင်ဒဝယ်အစု ယောကျ်ားဟန်ချင်း....လက်ရုံးချီ-ဤမြေစောင်းလို့၊ ရိုက်ပြောင်းတုန်အိမ့်သွက်သွက်ယိုင်။ ။တယောက်ကောင်းနှင့် ထောင်းထောင်းကြေအောင်၊ သိန်းသောင်း သင်္ချေရန်စွယ်ငုတ်ကို၊ ဆံခြည်မြူမြှင်မပေါ် ငုပ်အောင်၊ ရေပေါ် မြေပေါ်၊ တေဇော် ချုပ်တယ်၊ ချိုးနှုတ်ဖြတ်ချိုင်။ ။ကုမ္ဘဏ်ယက္ခိုက် မဟာရိုက်၊ သိန်းကုဋေတိုက် ဝန်းလာဝိုက်၊တို့ကိုကြိုကြိုက် မျက်နှာပြိုင်ရင်၊လက်စည်းပိုင်ပိုင်နောက်ခါသိအောင်၊ အောက်ရွာဝိစိနရက်ပြည်၊ အသက်မရှည် ဆုံးလိမ့်ချက်ခြင်း။ ။မှန်နန်းဘွဲ့မြင့် လက်ယာမော်၊ ဒဝယ်ကျွန်တော် ရွှေးသန့်လက်ရင်း။ ။ဘက်ဘယ်သူတင်းမလဲးဟဲ့၊ ရန်နှင်းကျွန်ယုံ၊ ခြောက်ဝေပုံ ရိုက်ခြုံးလို့၊ တိုက်သုံးခွင်နယ်ကုန်ပ၊ မြို့ရွှေလုံနွယ်ရိုးမို့၊ ဘယ်စိုးရိမ် ဘာထိလိမ့်၊ ဇမ္ဗူဒီတနယ်လုံးမှာ၊နှုန်းပြိုင်တုဘက်ကင်း။ ။[ကင်းဝန်မင်းကြီးဆို။]

၂၊ ရွှေပြည်မှန်ကင်းအစု သေနတ်ရေး ၆–ချက်ပါဟန်ချင်း... လက်ရုံးချိန် ဂတိန်ဖျားက၊ သိကြားညွတ်ကဲ့တေဇဂုဏ်။ ။မှန်ထောင်လှံစွပ်ရိန္နမာကို၊ ကောက်ယူမြန်စွာ ဗယ်ညာယှက်က၊ ဘက်ဆုံးတိုင်၊ ရိုက်ခြုံးသံနှင့်၊ တိုက်လုံးညံညံပွဲတင်ကြွေးတယ်၊ ဝေးရန်သူပုန်။ ။တို့ရှင်ဘုန်းတောက်-တို့ဂုဏ်မောက်၊ မိုးမြေထက်အောက် သွက်သွက်တုန်အောင်၊ ယမ်းလုံကြည်လုံ ရွှေမှန်ခွကို၊ ဟန်ယူမလို့-ခါးမှာတင်၊ မြေကြီးငလျင်ကွဲးအက်ပျက်ပြုန်း။ ။ဝိသယခေတ် ချာချာရစ်၊ သူပုန်ရန်စစ် ဝေးကွာလစ်၊ လိုက်၍ပစ်ကမလွတ်သာ၊ နတ်ရပ်ခြောက်ရွာ ကွင်းဟဲ့ရှောင်ပုန်း။ ။ကြေညာရိုက်ခြုံး တို့ရှင်ဘုန်း၊ တို့လက်ရုံးနှင့်ပစ်လွှတ်ချိန်၊ ရုပ်နာမ်ဇီဝိန်စဲးလိမ့်လက်ငင်း၊ ရွှေပြည်မှန်ကင်း ရဲးမာန်တင်း၊ ဇမ္ဗူထုတ်ချင်း ကျော်ထက်ကျော်၊ လက်စွဲးတော် မှန်ထောင်နှင့်၊ နံစောင်ရည်ရှူးလို့၊ လက်ဦးရွှေယူတဲ့ တံးခွန်ထူအလံစိုက်ကို၊ ဦးခိုက်ကြဝိုက်စင်း။ ။မာန်ကြွားလိုယောင်၊ ယောမှန်ထောင်ရန်ဖြတ်တဲ့၊ ရိုက်ဘတ်တော် ဝရဇိန်နှင့်၊မြေမဟိန်တုန်ရိုက်ကြူးအောင်၊ထိုးပစ်လိမ့် ချက်ခြင်း။ ။[ငှင်းဆို။]

၃၊ ဆင်ဖြူတော်ကြို ငှင်းအစု မိန်းမဟန်ချင်း... နန်းရဝေမှာ သန်းရွှေဆင့်၊ စန်းငွေယုန်ပွင့် စက်ရောင်ဝါ။ ။ဗျာတော် ခွန်းနှင့်၊ သိုက်ညွန်းတည်၊ မြမန်းရွှေပြည်စံတော်ဦးသို့၊ ပုလဲး ငွေတောင် ပြောင်ရွှယ်လူး၊

ဘူးခရောက်လာ။ ။နေလာဘုန်းမြင့်၊ ပိုက်ကျုံးဆင့်၊ ကြေညာခြုံးရင့် တိုက်လုံးတင့်၊ ပတ်ကုံးမြေပြင့်တောင်လက်ယာမှာ၊ ဘုန်းတော်တေဇာ၊ သမ္ဘာထွန်းလို့၊ တဝန်းလူနတ် အံ့ကြီးချီ၊ ဗြဟ္မာသျှင်နှီ ကြူးရင့်မစဲ။ ။မန်းညာပထမ၊ တည်ဦးစ၊ တန်းခိုးလျှံပဥ္စက္ကဥ္၊ လောင်းရာဇိန္ဒ၊ ထွတ်သည်းအူ၊ ဆက်စိုးရိုင်ဖြူ မိုးဖြန့်ဗိုလ်ပွဲ။ ။ကျင့်ထုံးဘယ်မယို၊ ရွှေဘုန်းတက်နေလို။ ။ရှင်လူဗိုလ် ဧးမြချမ်းကြည်၊ နိမ္မာနန်းသို့ ပြောဝသာစည်၊ ဘုန်းပွင့်ရောင်ခြည်၊ နတ်ခြောက်ပြည်ကြော်ငြာလို့၊ ဗြဟ္မာစုံ နတ်ကုန်ကျုံးတယ်၊ နှုန်းဆွယ်ခွင့်ရှိဘဲ။ ။မျိုးတိမ်ညွန့်ပျော်၊ ငွေဥပေါ် ဂဇာသိန်နှင့်၊ စွယ်ခြောက်ရှိန်ဖြာလျှံတဲ့၊ သတ္တဒါန်မြေမဆုံ၊ ဘူးရောက်အံ့မငွဲ့။ ။ကျွန်းကျွန်းတန်းဆောင်၊ ရာထွတ်ခေါင်ရွှေသမ္ဘာမို့၊ လေးဒီပါ တုန်ညောင်းအောင်၊ ပုံတောင်းစကြာရည်လို့၊ လက်ယာလည်ဗျာတော်ညွှန်းတယ်၊ ယွန်းချေလိမ့်မလွဲ။ ။[ငှင်းဆို။]

၄၊ **သူရဲအစု ဟန်ချင်း...** စတ္တဝါကျယ်၊ နယ်အဝှန်းမှာ၊ အကျွန်းကျွန်းလုံးဥသျှောင်ကျင်။ ။လက်ရွေးပြောင်မြောက် စံမပူ၊ တသောင်းမြေဂူ၊ ကျော်ထင်ရှားလို၊ မ–တထောင်တွင်တကောင်ဘွားမို့၊ သူရဲကျွန်တော် ပြိုင်ဘော်ရှားတယ်၊ ခြားတဲ့ဂုဏ်အင်။ ။ခေါးလှံမီးပေါက်၊ ဗုန်းအမြောက်၊ ရုပ်နာမ်ကိုယ်ပျောက်၊ အတင်တင်၊ ငါတို့ကိုယ်တွင်ဆန်တချိုးမျှမြုပ်နှံမထိုးသိဒ္ဓိလုံ၊ ရွှေဟုန်းတော်ဟုန် ကိုးတဲ့ကျွန်ရင်း။ ။ဒါနေ့ယက္ခပုဏ္ဏကာ၊ မြေပြင်အချပိုင်းလာစေ၊ ထောင်းထောင်း ကြေအောင် ချေဘာဖြတ်လို့၊ ဤမြေလက်ခတ်မလွှဲသာ၊ ငရဲအောက်ရွာဆင်းဟဲ့ချက်ခြင်း။ ။ဘေးတော်မန္တာတ်၊ ဘိုးနေနွယ်၊ ခမည်းဘုန်းကြွယ်စဉ်လာခဲ့လို့၊ နိုင်ငံချွဲတဲ့ ကျွန်တော်ယုံ၊ တန်းခိုးသိန်ဂုဏ်ကြီးမြင့်တင်းတင်း။ ။ငါးကိုတုလို့ ခရကျယ်၊ အိုင်ပျက်စဘွယ် ပေါခုလက်ငင်း။ ။ယောင်မှားလို့ဝါ၊ ရိန္ဒမာမှန်ထောင်နှင့်၊ နံစောင်ကိုရွယ်ချိန်လို့၊ ဇီဝိန်ကိုချွေရေ့ဘ့မယ်၊ သပြေမှာ ရေမြေဆုံးအောင်၊ ပုန်းရှောင်ဟဲ့ကင်းကင်း။ ။[ငှင်းဆို။]

၅၊ **မြင်းစုကြီး အစုဟန်ချင်း...** လက်ရုံး တော်ရှင်၊ ရန်အောင်လွှင့်တယ်၊ တန်းခိုးဟိတ်နှင့်ရွှေးတော်ကျွန်။ ။ဂေါစာသတ္တရာဇ ၉၀၀–ကျော်မှာ၊ လက်ဦးထင်ပေါ်ဘွဲ့ကတဲ့ကာ၊ စစ်ပွဲပေါ်လျှင်၊ တိုလက်ကိုင်းပ ဂိုင်းနိုင်ငံတော်ကျယ်အောင်ဘွင့်တယ်၊ မြင်းမြင့်းတံးခွန်။ ။ဂုဏ်မဟိဒ္ဓိ ဘိတ်ဘိတ်ညီ၊ ရောင်လို့မှားဘိကြားလာမိ၊ လျှားတစ်တောင်ရှိ အဲးမောင်း



လှံနှင့်၊ နတ်သယာဉ်ပျံသိန္ဓဝကို၊ ရွှေကြိမ်မပြေ နင်းဖျက်ဖြို၊ ရန်ပေါင်းထိုထိုမှန်ခဲ့မစဲ။ ။မယုံစမ်းတော့၊ မန်းရွှေဘုံမှာ၊ မြင်းစုကြီး ဂုဏ်ထူးတဲ့အကဲ။ ။တုတုပပ ပြိုလျှင်လာ၊ သုဒဿနဝတီသာ၊ အရိန္ဒမာဝဇီရနှင့်၊ သိကြားမာဃ ရန်လာစေ၊ မိုးမှာနေ–ရေမှာငုပ်၊ စွန်လိုကုပ်လို့အရယူ၊ မာန်နတ်စစ်ကူတွဲးတော့မလွှတ်၊ ယာဉ်ကျော်ဘောင်းဝတ်၊ ထောင်းထောင်းလွှတ်၊ ခေါင်းကိုခွပ်တဲ့စာသူငယ်လို၊ တဘက်ရန်စွယ်ဟူသမျှလို၊ မြူမှုံမကလွှင့်ကာနှင်၊ အမွှေမမြင် ဝေးရချက်ခြင်း။ ။ရွှေဘုန်းတော်ရှိန်၊ ပြောင်ဂဇိန်ဖြူလွှကို၊ ဒေဝ–ဘုံရပ်မှာ၊ သက်ဇီဝိန် မြန်စွာပြတ်အောင်၊ နံပေါ်လှံတော်တပ်ရင်၊ ချိုးကာပ်လိမ့်လက်ငင်း။ ။[ငှင်းဆို။]

၆၊ **ကျောက်တော်ကြီးဘုရားကြိုတွင် လယ်ဝန်သံတော်ဆင့် ဆောမြို့စားစော်ကူးမြို့ဝန်မင်းဆို–မိန်းမဟန်ချင်း....** မလေးပွင့်မွှန် ဇွန်လှိုင်တုန်း၊ စမ္မာယ်နန်းသုံး ကြိုင်ပျံ့ကြည်။ ။ဝသန်တွင်းမို့ လေးညင်းဆိုင်၊ တိမ်ပန်းချီမှိုင်သတ်ဆေးစုံလို၊ တောင်တောရေဂုံယဉ်ပုံဆန်း၊ မန်းမြို့ရွှေပြည်။ ။တရာမင်းပေါင်း ခ ဝပ်ညောင်း၊ တသောင်းလောကမြေရနံ့နှည်မှာ၊ တရားရွှေစည် ရှစ်မည်ထီးနှင့်၊ ပြည်ကြီးဖန်ပြုရွှေညဏ်ချီ၊ ရတနာပုံနိုင်းတုဘက်ရှား။ ။သဿမေခအရင်းစ၊ လေးသင်္ဂဟညီမျှချိန်၊ ဘုန်းတော်ပြုသိန်ကိုလေ။ ။သလင်းညွှန့်စိန်၊ မှနိန့်ထွတ်ကဲ၊ မြတ်ရှင်တော်ပွဲးမှာလ၊ နွဲ့လိုဟန်ယူ၊ နန်းယဉ်မှုငယ်လေ၊ မြင်သူဘွင်သဲးမှာ၊ ကြင်တူကြိုဖွဲး၊ ရဲဇာတိသာ၊ ပျိုကညာသိမ်းဘန်မို့၊ ယိမ်းယူဟန် စံမရှိတယ်၊ ဘိုးနည်းမြတ်ပိုင်း။ ။စကြာရိပ်ဝင်၊ ငါးကြွန်ညီ နဂိုရ်ယဉ်မို့၊ ဗိုလ်သဘင် ရွှေညီစုမှာ၊ ရှုလိုက်ကြကသိုဏ်း။

ယောကျ်ားဟန်ချင်း စာကိုယ်များနှင့် မိန်းမဟန်ချင်း စာကိုယ်များကို
ပြဆိုချက် ပြီးပြီ။

---

## ၁၂၁–လယ်ဝန်မင်းဦးစီရေးသော မန္တလေးဘွဲ့ ပုံကြီးသံ

၁၊ ဆဒ္ဒန်ရှင် ရွှေထွန်နှင်တယ်၊ ကျွန်းခွင်ကဗေးလေ့။ ။မိုးသုံးချက်
ညီ၊ ရွှေနာရီနှင့်အောင်ရေပေးတယ်၊ သောင်းနယ်ပြန့်ကြွေး။
၂။ နော်မာပုံစံနစ်နှင့်၊ ဘုန်းတော်ဖြစ် နဒီပြင်ကို၊ လောင်းလျှင်နှင့်
ဘူးလေ့။ ။မှာဘက်ခွင်၊ ဥယာဉ်တော်ပန်းစုံသင်းတယ်၊ မင်းမင့်ညဏ်မှူး။

၃၊ ရတနာနန္ဒိရိုးက၊ ရွှေမိုးညိုဟန်ဆင်တယ်၊ ရွှာချင်ထင့်လေး။ ။ ကိုးနယ်ပိုင့်ရှင်၊ ရွှေထွန်နှင်တဲ့သည်ခါတွင်းမှာ၊ လင်းပါမှလေး။

၄၊ ရာထီးပိုင်မွေတော်သတဲ့၊ သုံးလောကမာရဇိန်၊ ဘုန်းရှိန်ပျံ့မွှေးလေ့။ ။ကျွတ်တန်းငယ်ရွယ်၊ မောင်နှင့်မယ် ရွှေလိုဏ်ဦးမှာ၊ ဖူးချည့်စို့လေး။

၅၊ ရွှေမန်းဆို တောင်တော်ဦးက၊ ကြူးလှာတဲ့မိုးသံငယ်၊ အုန်းညံ့ခြိမ့်ကြွေးလေ့။ ။တာတော်ခွင်၊ ရေဝင်အောင် ရွှေကတွတ်ကို၊ ပင်းလွှတ်ခဲ့လေး။

၆၊ ပျိုးစိုက်တဲ့လယ်ကန်သင်းမှာ၊ မြင်းနီနှင့်ညနေဆီကို၊ စိုင်းသီလို့ပြေးလေ့။ ။မြင်လိုက်ကဲ့နော်၊ ခေါင်းပေါ်မှာတရာကျေးနှင့်၊ ထူးလို့ ယဉ်ကျေး။ ။[ဗဒင်းကာလတွင် ကာလသားအများ ကျေးတရာအရုပ်နှင့်ပုဝါကို ခေါင်းပေါင်းကြသည်။]

ရတနာနန္ဒိ, အောင်ပင်လယ်ကန်, မင်္ဂလာဥယျာဉ်တော်, ကုသိုလ်တော်ဘုရား, မန္တလေး တောင်များကို ဖွဲ့ဆိုသော လယ်ထွန်မင်္ဂလာပုံကြီးသံ။ ။မန္တလေးကျောက်တော်ကြီးဘုရားပင့်သောနှစ်တွင် လယ်ဝန်မင်းဦးစီ ရေးသားဆက်သွင်းသည်။ နေ့စွဲမှာ သေချာစွာ မပါသော်လည်း ၁၂၂၀-ပြည့် ဘုရင်မင်းမြတ်ရွှေတော်တွင် အောင်ပင်လယ်ကမိန်းကလေးများ ကရသည်၊ ထိုနှစ်တွင် ရှင်ဘုရင်ကိုယ်တော်တိုင် ကန်ကောက် စံနန်းတော်ကို ထွက်တော်မူ၍ လယ်ထွန်တော်မူသည်ဟု သရစိမ်းဖျားဖျားတော်က အမိန့်တော်ရှိသည်။

ထိုစာရေးသူမှာ စာဆိုပညာရှိတဦးဖြစ်သည်၊ လယ်ဝန်အရာ၊ စေ့ဂူကူးမြို့ဝန်အရာ၊ သံတော်ဆင့်အရာ၊ ဆောမြို့-မြို့စားအရာများနှင့်သူကောင်းပြုခံရသည်။ ထိုလယ်ဝန်မင်း ရေးသားသောကဗျာမှာ များစွာရှိသည်။ ဆရာကြီးဦးကြင်ဥနည်းကိုမှီး၍ ရေးလေ့ရှိသည်။

ထိုပုံကြီးသံ ကောင်းပေသည်ဟု မန္တလေးမြို့နန်းတည် မင်းတရားကြီးက ခြီးမွမ်းသည်ကစ၍ ထိုမင်းလက်ထက်တွင် ပုံကြီးသံ တဖန် ပြန့်ပွား၍ လာပြန်သည်။ ရွှေဘိုရှင်ဘုရင် လက်ထက်ကလည်း ပုံကြီးသံပေါ်ဘူးသည်။

သို့ရာတွင် ဟိုရှေးကရေးကြသော ပုံကြီးသံစုမှာ ရှာ၍မတွေ့သေး၊ ရေးသူနှင့်တကွ အထင်အရှား အမှတ်အသားရှိသော ပုံကြီးသံစုတွင်



ယခုပုံကြီးသံမှာလည်း ပုံနှိပ်ရာ သေချာစွာ မတွေ့သေး၍ ရေးသွင်းလိုက်သတည်း။

---

## ၁၂၂–ခုန်းချင်းစာကိုယ်များကို ပြဆိုချက်

၁၊ **အင်္ဂါယုတ် ၁၈-ပါးအကြောင်း ခုန်းချင်း...** ဘဝါး ပြက်ကျယ်သလုံးတွဲနှင့်၊ ယိန္တွဲးယိုထွက်၊ မုတ်ဆိတ်နီ။ ။နှာရောင်ကောက်နှင့် ဝမ်းပိုက်ရှု၊ အစွယ်ထွက်ပြူမဲ့တွေများလို့၊ ခါးလည်ကုပ် ကျောက်ကောက်သုံးထွေ၊ တွန့်လိပ်အရေ ဆံနီထွေး၊ ရေးမျက်ကြောင်စီ။ ။ခြေသည်း, လက်သည်း၊ ပုပ်မည်းမည်း၊ အောက်နှုတ်ခမ်းလည်းတွဲမညီ၊ မျက်စိနှစ်လီ ကျဉ်းကျယ်နှောလို့၊ အကြောပြိုင်းပြိုင်းထသည့်ပြင်၊ သွားလျှင်ခြေသံဆိုးဆိုးဆပ်ဆပ်။ ။ကိုယ်ပေါက်ကိုယ်ရောက်သူထက်သာ၊ ယုတ်ယုတ်မာမာကြီးတဲ့ဖြင်။ ။တဆဲ့ရှစ်ပါးယုတ်အင်္ဂါ၊ အများဗိုလ်ပါ၊ ကြားသိမှတ်အပ်။ ။[ကင်းဝန်မင်းကြီးဆို။]

၂၊ **ဉာဏဝဍ္ဍဏဆေးနည်း ခုန်းချင်း....** ဆင်သမိန္ဒယ်မလ္လာဥ၊ လင်းလေကျစု၊ မြစ်စစ်သိမ်။ ။အိပ်မွှေသီးနှင့်၊ ချင်းခြောက်လှော၊ ကြီညွှတ်မြစ်ပါဆေးရှစ်ပါးကို၊ ထွားထွားညက်အောင်ကျိတ်၍ နှော၊ ထောပတ်နှင့်စိမ်။ ။နေ့စဉ်နေ့ဆက် အမြဲးလျက်၊ သုံးရက်ခန့်နှင့် နှလုံးငြိမ်၊ ထိုခန္ဓာအိမ် လွှန်ရှင်လန်း၊ ဤသာခန့်ကျန်းနာမျိုးရှောင်၊ ဂါထာ တထောင်နှုတ်ရဆောင်စွမ်း။ ။သောတုဇနသုတေသီ၊ ပညာစုံစီ-ကူးလိမ့်ဘက်ကမ်း။ ။သာရကောမုဒိသတ္တမတွဲ။ ။[ဗဒင်းဆို။]

၃၊ **ယောကျ်ားကလေးခုန်းချင်း....** ခလေးကျွန်းဦးကိုင်၊ မဏ္ဍိုင်စက်မှာ၊ ကုန်းဘောင်အောင်ချက်တိုင်းကြီးရှင်။ ။ဘုန်းတော်တောက်သို၊နေ့ကတ်မှပေါ်၊ သုံးခါလည်ကျော် သူငယ်တန်းမို့၊ ပေါက်လွှတ်ဗလပေး ငွေအောင်ကြွမ်းချည့်၊ ရွယ်မဘူ ဘယ်သူစမ်းမလဲ၊ လမ်းရွှေကထွင်။ ။ရွှေလမင်းကျား၊ ဘကြီးသား၊ လွှတ်ရာရှားတဲ့၊ သွားလာစေ၊ ယွန်းတန်းအောင်မြေရုပ်များ ပူးက၊ ပွဲးတော်ဦးမို့ဖူးမဲ့လာ၊ ရန်မျိုးဆုတ်ခွါဝေးကရှင်းရှင်း။ ။မိန့်တော်အပ်လို့လက်မှတ်ဆောင်၊သူငယ်ငါမောင်လိုသရွေ့၊ ဘယ်နေ့ဘယ်ရက် မရွှေးချယ်၊ ဘယ်နယ်ဘယ်ရွာ ဘယ်အရပ်လို့၊ ကမ်းမသတ်ဘူး၊စိတ်ကြိုက်ရာ၊ ပျိုခင်ကညာ ရင်စို့စို့၊ နို့ထိန်းလုပ်တို့ ကောက်ယူစေ၊ နို့မှာတို့ရှေ၊ရွှေးဆက်လို့သွင်း။ ။ဝါဝါဝင်းတဲ့ ကြော့ရှင်းပြာဖြူ၊

သိမ်းပိုက်တော်မူမယ်လေး၊ ဧးဟော့မယ်မြှု။ ။မြရွှေကြာ ဇာပုခက်မှာ၊ တေးဆက်လို့မြိုင်မြိုင်၊ သံကိုင်နှင့်လွဲ။ ။မအိပ်လို့ မငိုအောင်အပျို ပိုက်မယ်၊ အသားပုံသူငယ်ကြိုက်ကို၊ သွားကိုက်လို့ခဲ။ ။[လဘက်ရည် တော်ရွာစည်ရွာစား မင်းလှသင်္ယာဘွဲ့ခံ ဦးပုညဆို။]

၄၊ ဝိဇ္ဇာခိုရ်ံ ခုန်းချင်း... လိုဏ်နန္ဒမူဖလ်ဂူဝမှာ၊ ဝိဇ္ဇာထိုရ်ရ အမည် ချုပ်သည်၊ ခုန်းရှပ်တကာ့ဘွားအေလင်။ ။စိန္တာမဏိနတ်ဂါထာ၊ ဂုလာ့ ဂန္ဓာမဟာစိတ်နှင့်၊ ကောင်းကင်တိမ်ထိပ်ဝေယန်ဖျားက၊ ငါ့မန္တရား ဂုဏ်တန်းခိုး၊ လျှိုးထုပ်ဘောက်ဝင်။ ။စိန်ဆေးခါတ်နာ၊ ပြာပြဒါးနှင့်၊ မူလခြောက်ပါး ခါတ်လေးထွေ၊ ဥစ္စာရွှေငွေ လုပ်သမျှ၊ သျှိုဇာတ္တိယ ပုရိသာ၊ ငါနတ်ဝိဇ္ဇာတဏှာအိုးက၊ လောက်ထိုးသလို၊ သိုအိမ်ထလို့၊ ခါးတကြွကြွ၊ နားရွက်လံအောင်၊ အစိမ့်ခံချင်သေးငဲ့ ခါတ်ကြိုက်။ ။ သူယောင်မှုနှင့်မမွေနိုင်၊ ယခုပြိုင်တဲ့အရပ်ပွဲမှာ၊ နခမ်းပါးခမ်း အံသွား ကြိတ်လို့၊ သိပ်လိုက်ရချည့်၊ ငါစိတ်ကူးနှင့်၊ ခုန်းတော်ဦးက စီးလို့လာ၊ သန်လျှက်စကြာ ထားတပိုက်ပိုက်။ ။မြိုင်ကိုက်ကယ်စုံဟောမာ၊ ငုံရွှေဝါ ညှာတံစိမ်း၊ ခိုင်ဝေဆာ လေလာယိမ်းပါလို့၊ ခွေကာညွတ်တိမ်း ပူဇွေ အောင်၊ မေသူယောင် ယဉ်ကလေးနှင့်၊ ကျေးညံ့ညံ့ မောင်နှံတွဲးပါလို့၊ တောင်ပန်ယှဉ်နွဲး၊ကြေကွဲးဘွယ်၊ကြိုလေတယ်၊သည်မြိုင်လယ်။ ။သဘော ရယ်ကြွယ်၊ တောနယ်က ဇော်မင်း။ ။သဲးကြွေလုအောင်၊ နတ်ဆေး မန္တာန်ဆောင်လို့၊လူ့ဘောင်မှာ ပျော်ချင်စမ်းပါဘိ၊နန်းသူ့ထံရင်း။ ။ [စာဆိုသူအမည်မသိ။]

၅၊ မင်းထင်သက်ရှည်ဘွဲ့ခံ စာဆိုတော် လူဦးမင်း ဆို– အရှူးမင်းကျော်ရုပ် ခုန်းချင်း... ဇမ္ဗူ့ဘောင်မှာ–ထောင်ရင်မှားချည့်၊ ဟောကျွားငါတဲ့ ထိ မထင်။ ။အရူးတကာ့သွက်ချာလံ၊ ပြုပာန်မူဟန် မြင်သူရှက်လို့၊ တရက် ကိုးခါရှင်လူထွက်တယ်၊နိုင်းဘက်မမြင်။ ။မင်းကျော်ဆိုငါမဟုတ်သား၊ လာရင်ဖြုတ်ချည့်တိုင်းတခွင်မှာ၊ အပျိုမြင်၊ ရင်ကိုထုလို့၊ကညာနုနုဗျာဆံ ဝေ၊ ချစ်စေတနာကြိုက်ချည့်လုံးလုံး။ ။အိုဘဲ့ကတုံး၊ သဲ့ကတုံး၊ လက်ရုံး ဆန့်တန်း၊ အခန်းခန်း၊ သက်န်းတဖက်၊ ခဲးတဖက်, စွဲးလက်ကိုင်မိုး၊ ရန် ညွန့်ချိုး၊ စိုးဘက်မဲ့နိုင်းရာမှာ၊ ပြောစရာ့လူငယ်လေလေ။ ။လက်ရုံး ကိုထူ၊ တောင်ဇမ္ဗူအောင်မြေမြတ်မှာ၊ နာဂတ်သံချီချီနှင့်၊ မင်းကျော် ဆို တွင်ဇာတိ၊ တိုင်းသိတဲ့ယောကျ်ား။



၆၊ ဘိုးသူတော်ဦးမင်းဆို ကရားမြို့နယ်က တောင်သူကြီးရုပ် ခုန်းချင်း... ခက်ရင်းဖွယ်စုံ စိန်တောင်ကြီးနှင့်၊ ငါးစီးဆင်ပြောင် အားပေကို။ ။ ဇမ္ဗူစိုးရ–နတ်ရှင်ကျွန်၊ တုလို့ချွန်ရင် ခန္ဓာစဲးမယ်၊ ရဲးရန်ညွန့်ဖြို။ ။ကိုး ဝိသာစီး–မားမကြီး၊ ရန်မီးသဏ္ဍာရငေါက်လျှင်ဖြို၊ ဘုန်းဘောင်ရွှေဘို ဘောင်ကနက်က၊ ဘေးဘိုးစဉ်ဆက်ခုတိုင်အောင်၊ ရေးတော်မရှောင် ထမ်းတဲ့ယောကျ်ား။ ။ယာလယ်လုပ်လို့ တောမှာပျော်၊ စီးပွားထင် ပေါ် ပြောင်းနှင့်စပါး။ ပဲးမျိုးအပြား၊ ဘူးသခွား၊ ကရားမြို့မနယ်တခွင် ဝါနှမ်းစုံလင် ချဉ်ပေါင်ခင်းနှင့်၊ မကြွင်းခါးရမ်း၊ သီးမျိုးလျှမ်း၊ ပိုက် တန်းစည်းစိုက်ရွှေယုန်ထောင်ကာ၊ ချိုးနှင့်ငုံးစာငယ်ကိုလေ၊ပဒတ်–မွေး ကြိုင်စွာ၊ ဇွန်လုံးထိန်ထိန်ဝါ၊ ရေယဉ်စီးတဲ့ တောမြိုင်သာ၊ ပြောင်းပဲး ရောရာဆန်တဝက်နှင့်၊ စပျစ်ကျင်းလျှက်ပြည့်အနှက်၊ လူပျို ချက်တဲ့ဟင်း ပါကို၊ ရောရာစုံချိုလှချည့်၊ အပျိုရွှေနံ့ကားအောင်၊ စားပါလွှဲဖုံးဘော။

ခုန်းချင်းစာကိုယ်များကို ပြဆိုချက် ပြီးပြီ။

---

## ၁၂၃–ညည်းချင်းစာကိုယ်နှင့် ခွန်းထောက်လေးဆစ်

အော်....ဟောမဝန်နှယ်... တမ်းခွန်ရေဧး၊ ပန်းစုံမွှေးသည်၊ ကလေး နယ်တည့်။ ။ရွှေးဝယ်သမယ။ ။ရာဇဝင်ကျောက်စာ၊ သမိုင်းလာမ တော့၊ နာဂသျှန္တ၊ မောရဂ်တည့်။ ။နောက်မှထပ်ပွား။ ။မောရင် မွေရင်၊ နှစ်မည်တွင်လည်း၊ သည်လျှင်နယ်ကျေး၊ ပိုင်းခြားပေး၍၊ကလေး သောင်သွပ်။ ၂–နယ်စပ်ကို၊ စိုးကွပ်အုပ်ဆော်၊ နန်းရုံခေါ်သည်၊ ရှမ်း စော်ဘွားတည့်။ ။သီခြားစံရာ၊ မန္တလာမန်း၊ မြို့နှင့်နန်းကို၊ ဘန်ဆန်း ထူးလည်၊ လက်ဦးတည်သည့်၊ ဇာနည်ဘုန်းတောက်။ ။စက်တော်တင် တန်၊ မျိုးဆက်ဒန်ကို၊ ဆက်ရန်တင်လွှာရောက်သနှင့်။ ။ဘုန်းပွင့်(?ဘုန်း မောက်) ဇာနည်၊ သာကီဥတ္တမ၌၊ သမု–နတ်က၊ မြတ်ဉာဏ်တော်ရွှေး။ ။ ဗျာဒိတ်တော်ရှေးပြီးလျှင်၊ သုံးစာရေးမောင်ဘဲး၊ နက်နဲးဉာဏ်ယှဉ်၊ နန်း စဉ်အလုပ်၊ မောဟုတ္တိက။ ။ကလေးသောင်သွပ်၊ ၂–ရပ်နယ်ဆုံ၊ တော ရိပ်မြို့မှ၊ ပြောင်နာဂကို၊ မလျှမန္တမ်း၊ ညှိုးသမ်းမဲ့စွာ၊ ဘောင်ယာဉ်သာ ဖြင့်၊ သာယာဖြည်းညင်း၊ မောင်မင်းယူချေ၊ ခန့်ထားစေသည်၊ ထွေ တော်ချသနှင့်။ ။ဌာနနန်းဘွေ၊ ဆန်းထွေထွေနှင့်၊ မန်းမြေကသာ၊

လှမ်းချေရာတွင်၊ ဟေမာသဘွယ်။ ။ကလေးသောင်သွပ်၊ တောင်ထပ်ထပ်နှင့်၊ မြောင်ချပ်ခွေကာ၊ မြေပထဗျာသည်၊ ဗျဟာကကျယ်သနှင့်။ ။ထိုနယ်သွားရောက်၊ လမ်းတချောက်တွင်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေလျက်၊ ရေလမ်းဝဲယာ၊ ကြည့်ကွဲးရာတွင်၊ ကြိုလှာလွမ်းရေး။ ။ရေမှုကြည်းထက်၊ ဆင်စီးကာတက်ကြသော်၊ ခရှဘက်တူရှု၊ မုလေးဖြူမုလေးနီ၊ နှင်းဆီလည်းအသွယ်သွယ်၊ စမ္ပာယ်လည်းအစုစု၊ ရဇနလည်း အတန်တန်၊ အသန့်အသန့်၊ အကန့်ကန့်အဖုံဖုံ၊ ပန်းမျိုးစုံလည်း၊ ထုံကြိုင်လှိုင်မွှေးသနှင့်။ ။ကြည်းလမ်းသွားခန်း။ ။ပါရင်းလူသံ၊ ရပ်တန့်နှံသော်၊တောယံမှာမူ၊ လူသံဆိတ်ဆိတ်၊ ညံတိတ်တိတ်နှင့်၊ အပိတ်ထိုထို၊ မဖိုငယ်ကြီးဆီး၍ဘဲးခေါ်သလို၊သီချင်းများဆိုသလို၊တိုတိုရှည်ရှည်၊ လူလိုမြည်မြည်၊ အတည်တည်လည်း၊ ကြည်နူးဘွယ်ဆန်းသနှင့်။ ။မန္တလာနန်း၊ စံရာမန်းကို၊ မှန်းကာမျှော်ဆ။ ။အတိတ်တွင်ဘူး၊ အမည်ဦးမတော့၊ ဘီလူးမတောင်၊ ရှင်စောတောင်နှင့်၊ ရွှေတောင်ငွေတောင်၊ ပတ္တမြားတောင်ခေါ်မူ၊ခုခေတ်မှသော်၊မန်းတောင်ဟုခေါ်ကြသော၊တောင်ပေါ်ထိပ်ဦး၊စေတီထူးကိုလည်း၊ ဘူးမြင်လိုလှသနှင့်။ ။နန်းမလက်ယာ၊ တောင်မျက်နှာတွင်၊ ကြေညာကိတ္တိ။ ။သျှင်တော်ကိုယ်စား၊ ဝိမပွားအောင်၊တသားတည်းတု၊ သွန်းလုပ်ထုသော၊ မုနိမဟာ၊ စောမြတ်စွာကိုလည်း၊ အခါခါဘူးလိုဘိသနှင့်။ ။အိမ်ရှိဇနီး၊ သားသမီးနှင့်၊ ကြီးငယ်ခြွေရွေ၊ ဆွေမျိုးတချက်၊ လွှတ်တော်ထက်တွင်၊ တက်သက်တူကွ၊ သဟာရဆွေ၊ ထွေထွေရာရှိ။ ။မျိုးမြင့်မြတ်မွန်၊ ပြောင်ဆဒ္ဒန်ကို၊ ဝေယန်ပုံသွင်၊ ဘောင်တွင်တင်၍၊ ဆောလျှင်မသွေ၊ ပြန်လွှယ်စေဟု၊ မန်းဘွေနန်းငူ၊ ကျွန်ရုစ်သူတို့၊ ဆုယူလိမ့်မည်၊ အတည်တည်ကို၊ ကြံစည်အောက်မေ့မိသနှင့်။

ပန်းစုံနှံ့သင်းထုံ။ ။မောရင်နယ် သောင်သွပ်လမ်းမှာ၊ လွမ်းစေတို့ကြို။ ။ဘုန်းထွေတော်ချုပ်၊ ကျွန်ယုံမှီစေသတဲ့။ ။သေသေကြေ၊ မှုတော်ထမ်းမယ်၊ ကြိုးပမ်းပါငဲ့။

* ကလေး သောင်သွပ်နယ်တွင် ဆင်ဖြူတော်ယူရန် သွားရင်း ခေတနယ်စခန်းက အသုံးစာရေး တောင်အင်းတိုက်စား မဟာမင်းခေါင်ရာဇာဘွဲ့ခံ စာဆိုတော် ဦးဘဲးသည် မန္တလေးမြို့တော်ရှိ စေတီဆင်းတု ဆွေမျိုးစုအထွေထွေ၊ မိတ်ဆွေရှိသရွေ့ အောက်မေ့တသဟန်ရေးသောညည်းချင်းနှင့် ခွန်းထောက်လေးဆစ်။ ။[ထိုဦးဘဲးကား-ကျွန်ုပ်မိခင်၏ အဘတည်း]



## ၁၂၄-မုံနှိပ်ပြီး စာအုပ်များမှာ မပါမတွေ့သေးသော လက်ဖွေ့လက်ပွေ့ စကားကြိမ်း၊ ဆိုင်းဆင့်နှင့်လေးဆစ်သံထောက်

စကားကြိမ်း... ကျွဲ၊ကျွဲ၊ရေစိမ်ကျွဲးဟဲ့နော်၊ တွဲးဘက်သူတကယ်ပေါ်က၊ နယ်ကျော်အောင်၊ ဗယ်တော်နှင့် ညှင်းလိုက်မယ်၊ ကွင်းရှောင်လိုရှား။

ငါဟဲ့သာဟန်၊ တသက်မဟော့၊ ဘက်မတွေ့တဲ့၊ လက်ဖွေ့ပျိုး၊ မန္တာလာချက်၊ စံရာနက်တွင်၊ လက်ဖွေ့လက်ပွေ့၊ နှစ်မျိုးနှစ်ဖြာ၊ တန်းခိုးဖြာ၊ မိုးပမာမွေ့နှိုင်၍၊ တွေ့တွေ့သမျှအဆိုင်ဆိုင်၊ ယနေ့ပတိုင်တိုင်၊ ပြိုင်လေသမျှနိုင်နေကျ၊ ခိုင်ဝေလှရွှေပန်း၊ အရှည်မကွဲ၊ တည်မလွဲ၊ သည်ပွဲမှာလည်း၊ လှမ်းတော့မည်၊ နန်းသုံးတဲ့သိုင်းမဟာနှင့်၊ဝိုင်းဆရာ–ဆရာဂွမ်းက၊အကြမ်းအယိုင်၊ဆန်းမြိုင်မြိုင်၊လမ်းဖိုင်ဖိုင်ထွက်ခါမြန်းရအောင်၊ လက်ပန်းပေါက် ခပ်တော်မှုလိုက်စမ်း။

သံထောက်လေးဆစ်....ထီးရာဝိုင်ငယ်ယုံကျွန်။ ။မြို့သာနယ်၊ ခွန်တော်ကြို့ပါတဲ့၊ ရွှေမြို့တော်ဝန်။ ။ဘက်မနူန်းသာပ၊ လက်ရုံးမတ်သရေလွန်၊ နေရာချွန်ရ–ခွားပိုင်မင်း။ ။ဘက်မတွေ့၊ လက်ဖွေ့တော်ငါသာဟန်တဲ့၊ စံလှာလျှင် ခန္တာမေ့ကြမယ်၊ ဝေးကရှောင်ကွင်း။

* မန္တလေးမြို့နန်းတည် မင်းတရားကြီး အိမ်တော်ပါကျွန်ယုံ၊ ရွှေမြို့တော်ဝန်၊ မြို့သာ-မြို့စားမင်း ဦးသာအိုး လက်သပ်မွေးသော လက်ရွေးလက်ဖွေ့သတ်-သာဟန် ရှင်ပင်အုန်းအင်းဘုရားပွဲးတွင် လက်ဖွေ့ရေးပြသော လက်ဖွေ့ကြိမ်းနှင့် လေးဆစ်သံထောက်။

မုံနှိပ်ပြီးစာအုပ်များမှာ မပါမတွေ့သေးသော လက်ဖွေ့, လက်ပွေ့စကားကြိမ်း၊ ဆိုင်းဆင့်နှင့် လေးဆစ်သံထောက် ပြီးပြီ။

## ၁၂၅–နတ်သံနှစ်မျိုး (၀၁) နတ်ချင်းနှစ်မျိုးစာကိုယ်များကို ပြဆိုချက်

### (က) ဝန်ကြီးနတ်သျှင်နောင်ဆိုရင်း နတ်သံဟောင်း

ခမောက်ကယ်မှ စိန်တောင်လေ။ ။ရွှေညာဖျားက၊မြစ်နားသူမောင်၊ ဆောင်းတော်မှူသည့်၊ သပြေရောင်လဲး။ ။နွဲ့ခေါင်ရယ် ကြော့ရွှန်း။ ။ ဆင်ပုဆိုးမှာ၊ ပိုးမဖက်သည် စက်တကျွန်းနှင့်။ ။ယပ်ဝန်းကိုင်ခါ။ ။ အင်္ကျီဇာရှက်၊ ခါသာညှက်သည့်၊ အလက်ဖွာကို။ ။ဗယ်ညာနောက်က။ ။ယဉ်လမ်းဖြောင့်အောင်၊ ဖနောင့်ကျလို့။ ။ခါးစည်းကရွှေ။ ။ ဝိတ်ဖြူတွန့်၊ ဖူးညွန့်ဝေနှင့်။ ။ကြည့်လေတိုင်းလှ။ ။ပုပ္ပါးသာခေါင်၊ လေပြေခတ်သည်၊ မြတ်သည့်တောင်က၊ မှဲ့မောင်ငယ်လာသည်၊ မသာတောင်း၊ တကောင်းကတဲ့။ ။တို့မွေးဘကား၊ ပေါက်ပြထင်ပေါ်။ ။ ပန်းပဲမှူကြောင့်၊ ခုတိုင်တွင်လို့၊ မြန်ခွင်ကျော်သည်။ ။ခေါ်ဝေါ်တသီး။ ။ တကောင်းမြို့မှာ၊ မောင်တင့်တော်တဲ့ဖိုသူကြီး။ ။သွီးသည်းအူ ပြာဖြူ ညက်ထွား။ ။ညီအစ်မကို၊ ပန်းနှစ်ပွင့်သို့၊ ဆင့်ကာ ဖွားသည်။ ။ ထင်ရှားအံ့ဘွယ်။ ။ငါမောင်ကြီးကား၊ ယောကျ်ားတန်ဆောင်၊ လက်ရုံးရောင်နှင့် မောင်တင့်တယ်။ ။အစွယ်ဖွေးဖြူ။ ။မုန်အာသောက်နှင့်။ ဆင်ပေါက်မှူလည်း။ ။ဆွဲးယူချိုကိုင်။ ။ဝေးမြေဆစ်သို့၊ ငင်ပစ်နိုင်၍။ ။ဘုန်းလှိုင်ပြည့်ရှင်။ ။စွမ်းပကားနှင့်၊ ငါ့အားအင်ကြောင့်။ ။ မျက်ဝင်မလို။ ။စည်းစိမ်တော်ကို၊ လုနိုးမှတ်၍၊ သတ်လေဆိုသော်။ ကိုယ်လွတ်ပြေးခွါ။ ။မလည်တောင်မှာ၊ တိမ်းရှောင်သွေလိုနေသောခါ၌။ ။မာယာပိုက်ကွင်း။ ။နှမရင်းချာ၊ ယဉ်နားသတ်သည့်၊လှမြတ်စွာကို၊ တောင်ညာနှင်းလို့။ ။မင်းတို့ဥပါယ်။ ။မြို့ကွပ်ခန့်မည်၊ ငါ့ကိုသည်လည်း၊ ယုံကြည်မှားအောင်၊ စကားသွယ်က။ ။အကယ်ထင်မှို။ ရှေးဝတ်ကြမ္မာ၊ ပြိုဟ်စန်းလက်နှင့်၊ ဝိပါက်ပါသည်၊ ယုံရှာမိလို့။ ။ ကြိုးထည့်မျက်မှောင်။ ။အရှင်လတ်လတ်၊ စံကားပင်မှာ၊ ငင်ကာဆွဲးသည်၊ မြိုးမြိုးပပ်လို့၊ကြပ်ကြပ်ကယ်နှောင်သည်။ ။သည်းခေါင်းပူအိုက်။ ။ ဖိုကျင်ထိုးလို့၊ မီးပြင်းတိုက်က။ ။ဆူလှိုက်ဗျာပါ၊ နန်းတောင် ညာက၊ ပြေးလာမရှင်။ ။နှမရင်းချာ၊ လွန်ကြင်နာသည့်၊ ငါမောင်ကြီးကြောင့်၊ မီးပုံတွင်းကို ဆင်းကာဝင်သော်။ ။သေလျှင်စင်စစ်။ ။စံကားပင်မှာ၊ ရွှေစင်ရောင်မြ၊ မောင်နှစ်မ၊ နတ်လှဖြစ်၍။ ။မာန်ရစ်ကြော့ကြမ်း။ ။



ပွင့်–ရွှေသားနှင့်၊ စံကားပင်ကို၊ ဝင်တိုင်းဘမ်းက။ ။နတ်ကြမ်းမိစ္ဆာ။ ။ ပြည်သူမချစ်၊ စံကားပင်ကို၊ ငင်နုတ်ပစ်၍၊ မြစ်လယ်ကြောကို၊ မျောသောခါလည်း။ ။ဟသ်ာသောင်တင်း၊ ဘိန်းငြင်းဇင်ယော်။ ။အတောင်ခင်းလို့၊ လှေချင်းပိအောင်၊ ညီညီငယ်လှော်သည်၊ ပျော်ပျော်ရေကြောင်း စုန်ခဲ့တယ်။ ။ရိမတ်သာစည်။ ။ထီးကြငှန်းနှင့်၊ မြို့နန်းတည်မည့်။ ။ ရွှေပြည်ပုဂံ။ ။မင်းငါးကျိပ်ငါး၊ကနက်ထူသည်၊ရိပ်ဖြူလွှားလို့၊ပျော်ပါးစံသည့်။ ။နိုင်ငံနဖူး။ ။ဆိပ်ကမ်းသာသည့်၊ ရွာညောင်ဦးမှာ၊ စူးစူးဝင်လို့ တို့ဆိုက်တယ်။ ။မင်းသေည်လည်ကြောင်။ ။ရန်စွယ်ချွတ်သည့်၊ ထွတ်ဘုန်းခေါင်မှာ။ ။သောက်ရောင်ပိုးဝင်း၊ ချိန်မလင်းတွင်၊ ချက်ခြင်းအိပ်မက် တို့ပြတယ်။ ။အကိုင်းအခက်၊ အရွက်ညွန့်ဖူး။ ။ပန်းစံကားကို၊ မျှားရှင်လူတို့ ဆွတ်ယူခူးသော်။ ။မှူးဝေမတည်။ ။သေလုဇောနှင့်၊ မိန်းမောသည်ကို။ ။ဂုဏ်ရည်ငါတို့ ပြလိုက်တယ်။ ။သေည်လည်မင်းခေါင်။ ။ရွှေညဏ်တော်ရေး၊ ထောက်မြော်တွေးသည်၊ ဧးငြိမ်းအောင်ဟု။ ။ရွှေတောင်ပုပ္ပါး။ ။တပသီနှင့်၊ ဇော်ဂီဝိဇ္ဇာ၊ ဆေးဆရာတို့၊ လိုရာမဆုံး၊ လှိုင်၍ ကျုံး၊ ဂမုန်းပွင့်စည်၊ ဧးကြည်ကြည်နှင့်၊ လေပြည် သွေး၊ မွှေးသည့်တောင်မှာ၊ နန်းဆောင်ရွှန်းအောင်၊ ကွန်းနှင့်ထားသည်။ ။ထင်ရှားလှစွာ၊ ရွှေမျက်နှာနှင့်၊ မဟာဂိရိ။ ။ဇမ္ဗူထွန်းသည့်၊ ကျွန်းမတီမှာ။ ။သညီပေါက်ပြ။ ။သာသနာနှင့်၊ ပြည်ရွာငြိမ်းအောင်၊ အုပ်သိမ်းဆောင်သည့်၊ မောင်နှမကို။ ။တ, ကြပါနော်။ ။အလှူရေစက်၊လက်နှင့်မကင်း၊ရွှေပြည်တွင်းမှာ၊မင်းတဖော်တို့။

### (ခ) မြဝတီမင်းကြီး အိမ်ရှေ့ သံတော်ဆင့်အဖြစ်က ဆိုသော–နတ်သံသစ်

ခါးစည်းငယ်မှ ဝေသီလေ။ ။ကြော့ရှာလွန်းသည့်၊ တကျွန်းတင့်နိုး၊ ဆင်ပုဆိုးမှာ၊ ပိုးမမှိန်နှင့်။ ။အင်္ကျီငယ်မှခါသာ၊အလက်ဖွာကို၊ ဗယ်ညာနောက်က၊ ဘနောင့်ကျနှင့်၊ ညာကယပ်ဆောင်။ ။ခမောက်ကယ်ရွှေပေ၊ ကြော့ရွှန်းဝေသည်၊ သပြေရောင်နှင့်။ ။ကြော့ခေါင်ငယ်ယဉ်လှ။ ။ မယ့်မောင်ငယ်လာသည်၊ မသာတောင်း *၊ တကောင်းကတဲ့။ ။နှမ

* မသာတောင်းဟူသည်ကား....သာယာခြင်းထက် ကဲးလွန်စွာ သာယာ
မလှတောင်း,မကြိုတောင်း,မတတ်တောင်း-စသည်
သည်ကို ဆိုလိုသည်။ ယူရသကဲ့သို့တည်း။ အကျယ်သိလိုမူ စံပြကျမ်း
ကို ကဲးလွန်ခြင်းဟူ၍
ပထမပိုင်းတွင်ကြည့်။

ငယ် ဆင်းရောင်၊ ချောသူမောင်ကို၊ အခေါင်ထွတ်တင်၊ တကောင်းရှင်က၊ စိတ်တွင်မလုံ၊ မယုံလေတတ်။ ။မင်းစည်းစိမ်ကို၊ ဆွတ်နှိမ်ချိုးမည်၊ လုနိုးမှတ်လို့။ ။မူးမတ်တို့အား။ ။ဖမ်းလေ-သတ်လေ၊ မိန့်တော်ရွေနှင့်၊ စေခန့်ထားသော်။ ။ရှောင်ရှားငါ့မှာ။ ။လွတ်ရာရန်းလို့၊ ပုန်းနေရာတွင်။ ။မာယာငယ်ပြုပြင်။ ။နှမရင်းချာ၊ လှမြတ်စွာကို၊ တောင်ညာတင်လို့။ ။သွေးငင်ငယ်မှ လှည့်ဖျား။ ။မြို့ကွပ်ခန့်မည်၊ ရွှေခွန်းရည်ကို၊ ယုံကြည်မှားအောင်။ ။ချောစားပြီးလျှင်၊ ငါ့ကိုလျှင်တည့်၊ အရှင်လတ်လတ်။ ။စံကားညွန့်ရှည်၊ ပင်စည်စည်မှာ၊ ချည်ကာထားလည်း၊ ရွှေခေါးခံသည်၊ ရွှေလုံ့ပြီးလို့၊ မီးနှင့်သတ်သော်။ ။နတ်ကြီးငယ်မှ စင်စစ်၊ ငါလျှင်ဖြစ်သည်၊ ချစ်လို့မဝ၊ နှမရင်းချာ၊ ရှင်ထွေးလှနှင့်၊ စောမယ်ယာ။ ။ငမှာမည်ရင်း၊ မဟာဂိရိ၊ သညီထင်ရှား။ ။မောင်တင့်တယ်ဟု၊ ပျော်ဘွယ်သာသည်၊ ရွှေညာသားကို၊ ပြားလို့ချစ်ပါ၊ မင်းတကာတို့။

မှတ်ချက်....၁၁၀၇–ခုတွင် ဝန်ကြီးနတ်သျှင်နောင်ဆိုရင်း မောင်တင့်တယ် နတ်ချင်းမှာ စာကြောင်းရေ ၄၃-ရှိသည်။ ၁၁၆၇–ခုတွင်ပြင်ဆင်ပြီးနောက် ၁၁၈၂-ခုတွင် မြဝတီဝန်ကြီး စုဆောင်း ရေးသားရာဝယ် မောင်တင့်တယ်နတ်ချင်းမှာ အထက်ပါ အတိုင်း စာကြောင်းရေ ၁၆-ကြောင်း မှတ်သား ဗိုင်းခြားထားသတည်း။ ။အများသည်-အနည်း ဖြစ်သွားသည်။ နတ်ချင်းပေမူ (မနေ) ချပ်ကြည့်။

နတ်သံနှစ်မျိုး၊ ဝါ-နတ်ချင်းနှစ်မျိုး စာကိုယ်များကို ပြဆိုချက်ပြီးပြီ။

---

## ၁၂၆–နတ်သံနှင့် နတ်စကား ခြားနားသည်ကို သိသာရန် နတ်စကားစာကိုယ်များကို ပြဆိုချက်

ဧ....ပြုပြုသမျှ၊ ကုသလကြောင့်၊ သုခပြိမ်းစွာ၊ ဝတိန်သာဝယ်၊ ဉာဏ္ဍာအဖျား– ငါ သိကြားသည်၊ ပျော်ပါး ယွင်းလတ်၊ အာရုံ တတ်၍၊ နဝရတ်ချယ်၊ ပြာသာဒ်လယ်တွင်၊ နတ်မယ်ဒေဝီ။ ။အချစ်ပန္နာ၊ နှစ်မေတ္တာကို၊ သစ္စာရုံးချွေ၊ သုံးကုဋေ၊ ထုံးကေသီတို့နှင့်၊ ရွှေညီရံလယ်၊ စမ္မာယ် တုန်းကို၊ မဘွယ် လေခြင်း၊ ပဏ္ဍုကမ္ဗလာ၊ မြ ကျောက်ဖျာ၊ တင်းမာချက်ပြင်းလှချည့်၊ အခင်းထောက်တွေး။ ။ကောင်း-မ ကောင်းသူ၊ အကြောင်းထူ၊ ပေါင်းယူကာဆေးပြီးလျှင်၊ အရေးရွယ်ချင့်၊ ဘယ်



မလင့်သာဘူး၊ ပယ်သင့်လျှင်-ပယ်, ကယ်သင့်လျှင်ကယ်ရအောင်၊ ရွှေးချယ်သိတတ်၊ ငါနတ်မြတ်က၊ သဟဿရောင်၊ ထောင်စက္ခုဖြင့်၊ တွက်ရှုဆောင်၊ လုဘောင်သို့ ကြည့်ရဦးတော့မည်ကဗျား။

ဩော်....ဇမ္ဗူ့အကွက်၊ လူ့အနက်တွင်၊ ပုဘက်ကယ် အေးဘော်၊ စာရေးတော်တို့မှာ၊ ရှေးသော်ကာလ၊ သမ္ဘာရက၊ ဒါနသေးဖွဲ့၊ အပေးနဲ့၍၊ ရွှေးဝဲ့းမမြင်။ ။လစာမရ၊ တ,ရှာကြသည့်၊ ဘာဝအင်ကို၊ ငါလျှင် ဥသုံ သိရတယ်။

ကယ်ဆယ်မှိုင်းမ။ ။တခုမတိမ်း၊ အမှုငြိမ်းအောင်၊ ရှုကိန်းဆ (?ဆ၍)။ ။သုပိနတွင်။ ။ကြိမ်တသက်သက်၊ လိမ်ခက်ခက်နှင့်၊ အိပ်မက်ကိုဆင်ပြီးလျှင်။ ။ထင်မြင်သာဘွယ်၊ ထိုအိပ်မက်၏၊ နက်မိပ္ပါယ်ကိုလည်း၊ စိတ်ဝယ်ဒွိဟ၊ မရှိရအောင်၊ သိကြစေဌာ၊ ငါဇုန္ဒာက၊ သေချာစွာပေးလေမှ၊ အရေးသင့်တော့မည်ကဗျား။

ဧ....စာရေးမျာ၊ တွေးမဝါးနှင့်၊ ထားသတိက။ ။သဘောကြပ်ကြပ်၊ မနောအပ်၊ ဇောကပ်ကြ။ ။မာဃနတ်ကျော်။ ။ခြောက်ဘုံမိုးရပ်၊ တန်းခိုးလျှပ်၍၊ ရိုးကွပ်ဆော်၊ ဘိုးတော်သိကြား ငါဖြစ်သည်။

ယုံကြည်စိတ်သန်။ ။တဝမခြား၊ ငါ့စကားကို၊ နားဝယ်ပန်။ ။အမှန်မုချ။ ။တသွေမချော်၊ အခြေပေါ်လျှင်၊ ငွေတော်ကို ရလိမ့်မည်။ ။ခုကပြောင်ပြောင်၊ မင်းပွဲးဘောင်တွင်၊ နောင်သတ်ပုံရရန်လမ်းစ။ ။မသန်းအပြစ်။ ။တချက်ကယ်မျှ၊ မပျက်ရအောင်၊ စမ်းသကာလ။ ။တစ်တစ်ခွခွ။ ။ဂရုပဒေ၊ ဇမ္ဗူတွေ့ဝယ်၊ မှုမြွက်ဟကာလှစ်ခဲ့မည်။ ။ငါကတဝေး၊ တဆိတ်စာမျှ၊ မထိတ်ကြနှင့်၊ သေကို ရကြအောင်။ ။စာရေးတော်ခေါင်း၊ ဖော်အပေါင်းတွင်၊ ကျော်နိသျှပေးခဲ့မည်။ ။နေမျိုးစည်သူရာဇာ-ဘွဲ့သညာနှင့်၊ အာဂသောင်းဝေဖြိုး၊ အခြေတိုး၊ မှုကိုမှီ၊ သူစီ၍ထားပေသည့်။ ။အများယောကျ်ား။ ။အတူတညီ၊ မှုကိုမှီ၊ သူစီ၍ထားပေသည့်။ ။အများယောကျ်ား။ ။အတူတညီ၊ ကြည်ယုံ။ ။ဆကာရန္တ-နာမံသာသည့်၊ နယမည်သာ၊ ခက်ဆစ်မြွာသည်၊ ကြည်ယုံ။ ။လုံးစုံမကြွင်း၊ တတ်ခစမင်း။ ။ယင်းသို့သောစာ၊ တလုံးစာသတ်ပုံကို။ ။ကဗျာသာရဏ္ဍာသင်္ဂဟဟု၊ မြင်ကမကျ၊ ဆုံးအစကို၊ ရပြန်ပါလည်း။ ။ကဗျာသာရဏ္ဍာသင်္ဂဟဟု၊ မြင်ကမကျ၊ ဆုံးအစကို၊ ရပြန်ပါလည်း။ ပညာ၊ ပွားဘွယ်သာသည့်၊ ဆရာထူးမည်၊ မိန့်ဆုံးဖြတ်ပေသည့် မှတ်ရန်အများ။ ။အဝင့်အရစ်၊ ယွင်းမလစ်အောင်၊ လင်းသစ်၍ ထားပေ

သည်။ ။စကားချိုသာ၊ ထိုကဗျာကိုလည်း၊ လိုရာကျက်မှတ်ရပါမှ။ ။နှစ်ဝနှစ်တန်။ ။အတတ်လုံခြုံ၊ မပြတ်ထုံ၍၊ သတ်ပုံကို ပြန်နိုင်လျှင်။ ။ရရန်လခ၊ မတသကြနှင့်တော့ရစေဘွယ်၊ မကြာခဏ၊ အစာဝအောင် ငါမ-မယ်။

ကယ်ကေန္တ။ ။ဆရာနှစ်ဖုံ၊ စာသတ်ပုံကို၊ အာဂုံရပြီဟု။ ။မာနကျယ်ဝင့်၊ ဘယ်ခမြင့်လေနှင့်၊ ရွယ်ချင့်မြော်ဆ။ ။အမှုစရိက်၊ လုအကြိုက်ကိုး ပြုလိုက်မှ။ ။မစသဖြင့်၊ အခြေမြင့်၍၊ ဆင့်ကာဆင့်ကာ၊အခွင့်သာအောင်၊ သင့်ရာစိုးမင်း၊ မျိုးအရင်းသို့၊ လျှိုးစင်းပျပ်ဝပ်၊ အရေပ်ရပ်ကို၊ ကြွပ်ကြွပ်ရိုသေ။ ။အဝတ်အစား၊ မွတ်မရှားဘု၊ ညွှတ်တွားလေ။

စာရေးတို့ဘက်၊ တန်းခိုးထွက်အောင်၊ တရက်ကယ်မျှ၊ မပျက်ကြနှင့်၊ မျက်နှာတန်ဆိုး။ ။မရွှေမဆိုင်း၊ နေ့မပိုင်းနှင့်၊ တွေ့တိုင်းထိုး။ ။ကိုးစားစရာ၊ မရှိပါက၊ မညှာမနေး၊ လက်ရေးချောညက်၊ တွက်အချက်လည်း၊ သွက်သွက်ပေါင်းနုတ်၊ အကုတ်အမြောက်၊ မမောက်မလို၊ ရာသို့ကွဒြ၊ ဂဏကိုသိ၊ အရိုသမတိတ်၊ အစိပ်ဂဏန်း၊ အဆန်းအပြား၊ မမှားမလွဲ၊ ဂဲးဩြာမေတ္တရီ၊ စုံညီနိသျှည်း၊ မလိပ်လည်းဘဲ၊ သိပ်သည်းမြင်မြော်၊ ဂျော်မေတ္တရီ၊ လီလီမကျန်၊ အတန်တန်ကို၊ မြန်မြန်ကြေပိုင်း၊သွေမဆိုင်းဘဲ၊ စေခိုင်းစရာ၊ မြေတိုင်းစာလည်း၊ ညက်စွာမွမွ၊ အစစကို၊ တဝမကြွင်း၊ စဉ်းစဉ်းစားစား၊ မယွင်းပါးဘဲ၊ အင်းလျှားအင်းစောက်၊ စာရင်းကောက်၍၊ နှစ်ယောက်မှုသယ်၊ လူအလယ်၌၊ မကွယ်မချန်၊ တကာယ်မှန်အောင်၊ ပြန်လှန်မေးစစ်၊ တွေးမလစ်ဘဲ၊ ရေးခြစ်ဘတ်လျှောက်၊ အတတ်မြောက်၍၊ ဖြတ်ကောက်လွယ်စေ၊ အထွေထွေကို၊ သေသေချာချာ၊ နေရာကျကျ၊ အဝဝပင်၊ ဆိုင်းတွမထစ်၊ စံနစ်စံပုံ၊ ရေးပြန်တုံလည်း၊ စုံစုံစီစီ၊ ပန်းချီမက၊ အလှအနု၊ အဖုအဆစ်၊ အရစ်အညွန့်၊ မတွန့်မတို၊ ပိုတယ်လိုတယ်၊ ဆိုဘွယ်မထွက်၊ အချက်ချက်ကို၊ ကွက်ကွက်ကွင်းကွင်း၊ အရင်းအဖျား၊ ခြားနားဇွေစပ်၊ မလပ်တခု၊ အမှုမှု၌၊ ဗဟုသုတ၊ တကွကြားမြင်၊ ထင်ထင်ပြက်ပြက်၊ ခက်ခက်ဆစ်ဆစ်၊ မြစ်မြစ်ခြေခြေ၊ စာပေပရိယတ်၊ သည်အတတ်နှင့်၊ ဝိဋကတ်သုံးပုံ၊ အလုံးစုံကို၊ ကုံလုံအောင် ကျေသော်လည်း၊ ဇိတ်နေပလွှား၊ မစဉ်းစားဘဲ၊ မသွားမလာ၊ စေပါမခံ၊ မင်းထံစိုးပါး၊ မကြိုးစားက၊ ရိုးသားဖြောင့်စွာ၊ ညဏ်ပညာဖြင့်၊ လိမ္မာမြင်မြော်၊ ဘယ်လောက်ပင်တတ်သော်လည်း၊ ငတ်လို့



သာဟော်ရမည်၊ မပေါ်နိုင်ပါ၊ အရာအထူး၊ ဘယ်တယောက်မျှ၊ တင်မဘူး။

ရှူးရှူးနှမ်းနှမ်း၊ မစူးစမ်းသော်လည်း၊ ကူးသန်းသွားလာ၊ များတကာကို၊ အားနာအောင်ခ၊ ခိုင်းစေဘို့ရလျှင်ဖြင့်၊ အ-အ-ထစ်ထစ်၊ စက္ကဝါရိုက်ခြုန်း၊ တတိုက်လုံးတွင်၊ အမိုက်ဆုံးဖြစ်စေတော့၊ မညစ်သည့်အရောင်၊ တခေတ်မှာ ပြောင်လောက်အောက်၊ စောင်စောင်မမ၊ တဝ-ဝတွင်၊ ပြသကြည့်ရှု၊ တခုခုနှင့်၊ ပြုစုလိမ့်မည်။ ။ပုံသေမမှား၊ ထိုစကားကို၊ ချိနားလည်။

ကြည်ကြည်ယုံယုံ။ ။အသိမနေး၊ သတိပေး၍၊ အရေးစုကို စစ်မှုကုံမင့်။ ။လုဘုံမှာ၊ မကြာသင့်ပြီဟု၊ တာဝတိန် အာလိန် မြင့်ဆီက၊ မာဃိန်ကို လာချိန်သင့်ပြီဟု၊မျှော်လင့်တဲ့မယ်သုဇာတို့ကၤငယ်မူရာ ပိုကရိနှင့်၊ငိုမလိုမျက်ရည်သန်းပါလို့၊ရိပ်ကြာမှာ၊ လိပ်ပြာနွမ်းရှာလိမ့်၊မိတ်လျာကို စိတ်မှာတမ်းပြီးလျှင်၊ ယော်ယမ်းကာ ဇွေကသစ်ဆီက၊ ဒေဝရာဇ်လာချိန်ခါတန်သင့်ကောင်းပြီဟု၊ လည်ညောင်းအောင် မျှော်တော်ရှာရှေ့မယ်၊ မင်းတရာပဏ္ဍုလို့တဲ့၊ ရတနာပုံ အောင်မြေမန်းတွင်မှ၊ ရွှေရေ့ပယ်စံနန်းတော် နောက်မျက်နှာဝယ်၊ အာဒိစ္စာနေနွယ်မှန်သည့်၊ ရွှေပယ်စံအရှင်ချစ်ပါတဲ့၊ ခင်သစ်ဖြူဆိုတဲ့တေးရယ်နှင့်၊ ကြောတေတျာသံစုံကြွေးပါလို့၊ ရွှေတော်ပြေးစောင်းသံနာခံလို့၊ ဝတိန်ယံသို့ပြန်ဦးမည်။

နတ်သံနှင့်နတ်စကား ခြားနားသည်ကို သိသာရှင်းလင်းရန်
နတ်စကားစာကိုယ် ပြဆိုချက်ပြီးပြီ။

## (က) နတ်စကားအတွက် အကျိုးခံစားကြရပုံ

သီပေါဘုရင်မင်းမြတ်လက်ထက်မှာ မဟာမင်းထင်ရာဇာဘွဲ့ခံ နားခံတော်ဝေါကြီးမှူးဖြစ်သော ဦးခြိုသည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက် စာရေးတော်များ လစာမရပုံ၊ ဦးလက္ခဏခေါ်သော ရွှေဂူဆရာတော်လူထွက်ကြီး အခြီးအမြှင့်မခံရပုံ။ မောင်ဆင့်ခေါ်သော ရဟန်းလူထွက်တဦးရှူးနှမ်းနှမ်းကို အထောက်တော်ခေါင်း ခန့်ပြီးလျှင် ချီးမြှင့်ပုံများကို ဦးခြိုသည် ကွမ်းခန်းစာရေး, ကြေးတိုက်စာရေးအဖြစ် သိကြားက စာရေးများကို အိပ်နှင့် ထမ်းရွက်စဉ် ဖွဲ့ဆိုရေးသားသော မက်ပေးပုံ နတ်စကားဖြစ်သည်။

ဂုင်းနတ်စကားကို စာရေးပိုင်းတိုင်းက ကူးယူရွတ်ဖတ်ကြသည်များကို အထောက်တော်များကြားသိ၍၊ မင်းတရားကြီး လက်တော်သို့ ကူးယူဆက်သရာ ရွှေဂူဆရာတော် လူထွက်ဦးလက္ခဏမှာ အခြီးအမြှင့်ခံရ၍ စာရေးတော်များမှာလည်း လစာငွေတော်, ပုဆိုး, ခေါင်းပေါင်း, ပိတ်အုပ်များရကြသည်။ မင်းတရားကြီးက ငါ့မှာလည်း မိဖုရားကြီး နတ်ပြည်စံသည့် အကြောင်းကြောင့် စိတ်နေမကောင်းခြင်းဖြစ်၍ လစ်လပ်ပေသည်ဟုဗျာဒိတ်တော်ရှိပြီးလျှင် ဆုတော်များ,လစာများပေးကမ်းရန် စီမံတော်မူသည်။

နတ်စကားအတွက် အကျိုးခံစားကြရပုံကို ပြဆိုချက်ပြီးပြီ။

---

၁၂၇–ဟံသာဝတီရောက်မင်းတရားကြီးသမီးတော် မင်းထိပ်ပန်းရေးသော
စက်မေ့မပျော်ချီ မောင်ဘွဲ့ပတ်ပျိုးနှင့်ဒွေးချိုးသဖြန်
[ရှေးရေး–ညွတ်နူးမရှင်ချီပတ်ပျိုးအလိုက်]

စက်မေ့မပျော်၊ ပြန့်ငွေပေါ်၊ ကြိုတွေး တ,လိုမျှော်၊ သုံးယာမ်ကျော် ပြီလေ၊ ခေါ်တော်သံလား၊ ဖန်ဖန်ခေါ်ယောင်မိမှား၊ သနားဖန်ကူ၊ စလျားနှံ့မည်သူ။ ။နန္ဒမူမှာခလေ၊ မဥ္ဇူပေါက်မြိုး။ ။နတ်မင်း ဖန်ကူလို့၊ ချစ်ရေတူ–လှတဲ့ဘုန်း၊ ထုံးနှင့်မလွဲး။ ။စိန်ခြူးငယ်ညွတ်နွယ်၊ မြကြိုးခြယ်၊ ရံသန်းဗိုလ်ထုလယ်၊ ပူများကြွယ်သလေ၊ ညာလယ်မဆုံး၊ မြင်စမ်းပါလှဲအုံး၊ နတ်ဘနှုန်း–မြတ်ဘုန်းမြင့်ခေါင်၊ ယဉ်မျိုးကြော့သူနောင်။

မြော်ခေါ်ယောင်ငယ်ခလေ၊ အောင်သံ တ,ကြူး။ ။ရွှေကြက်သံ ခါခါနှင့်၊ ဖယ်စကြာရောင်ပုံချဉ်း၊ လင်းဘို့လိုဘူး။

ဟံသာဝတီရောက်မင်းတရားကြီးသမီးတော် မင်းထိပ်ပန်းရေးသော စက်မေ့မပျော်ချီ–မောင်ဘွဲ့ပတ်ပျိုးကိုပြဆိုချက်,ရှေးရေးညွတ်နူးမရှင်ချီ ပတ်ပျိုးအလိုက်ပြီးပြီ။

---



၁၂၈–သိချင်းဆိုရင်း ကုသိုလ်ရရန် အာနန္ဒာစသော ပုဂံဘုရားဘွဲ့
ကိုယ်တိုင်ရေးပတ်ပျိုး, ဒွေးချိုး, လေးဆစ်ချိုးများ

(က) ပုဂံအာနန္ဒာဘုရားဘွဲ့ပတ်ပျိုး, ဒွေးချိုး, လေးဆစ်ချိုး
သဖြန်များကို ပြဆိုချက်

၁၊ နန္ဒမူ၊ စံယူသည့် ပုံ၊ ကောင်းလှိုလေ။ ။ညင်းကြူကြူသွင်းယန္တပေါင်းနှင့်လေး၊ လောင်းသုတ်လေပြည်၊ ပေါင်းမုတ်ထွေလည်၊ ဝေစည်စည်ဖြာဖြာညွန့်တယ်၊ သာယာကွန့်သင်းကြည်ကြည်၊ ဝင်းတဲ့၊ ဝင်းရောင်ခြည်။ ကင်းတဲ့၊ ကင်းမှောင်နည်။ အတွင်းတည့်လိုဏ်တွေဦး၊ အလင်းခြည်ပြိုင်၍မြူး၊ လိုဏ်ဦးသျှင်မှာ၊ တောင်သာငါးရာ့နှစ်ဆဲ့လေးနှင့်လေ။ ။ ထူးထွေလာ၊ထူပါထောင်ကျော်၊ငါးဆဲ့လေးသာပလေး။ ။လိုဏ်မင်း နန္ဒာ၊ ကြိုင်သင်းပျံ့ဧးသာယာတယ်လေ၊ ပြိုင်တိုင်းစံ ဘက်ကွာ။

၂၊ မုတ်ပေါင်းရယ်မှာ၊ ထုတ်ချင်း–လိုဏ်မည့်ကာနှင့်၊ နှစ်ဖြာ–နှစ်မျိုး။ ။တတောင်ရယ်မှာ၊ ခြောက်ရာပေါ်၊ ရှစ်ဆယ်ထွန်းပါလို့၊ လေးမုတ်နော် ပေါ်လာစွန်းတယ်၊ ဝန်းပြည့်မောက်ဖြိုး။

၃၊ ထုတ်ချင်းတဲ့တိုးချို။ ။လေးဆယ်စီ၊ လေးလီခင်းတယ်၊ လင်းလေဘို့ကို။ ။လိုဏ်လို့ဆိုထိုထိုမုတ်ပေါင်း။ ။ထောင်ငါးရာ နှစ်ဆယ် လေးမှာ၊ ရှေးကလက်ဟောင်း။

၄၊ စဉ်ကွင်းတဲ့ချပ်ရေ။ ။ကိုးရာကျော် ဆဲ့ခြောက်ဖြိုးတယ်၊ မိုးမြင့်ထက်ဘွေ။ အောက်အခြေ၊ ရေသော်ပတာလှဲ၊ ငါးရာ ငါးဆယ်နှင့်၊ ဖွန်းခြောက်သွယ် မှန်မယိမ်းတယ်၊ စိမ်းစဥ့်ရေနဲ့။

၅၊ အတန်တန်–လိုဏ်လိုဏ်ထွင်းမှာလ၊ အပြန်ပြန်–ပြိုင်ပြိုင့်လင်းပါလို့၊ ကြိုင်ကြိုင့်သင်း ဧးသာယာ။ ။မုတ်အတွင်း မှာတော့၊ ရုပ်ဆင်းတော် စံဆူဆူနှင့်၊ နန္ဒမူ–ပုံမယွန်းတယ်၊ ရွှန်းနုစုံစွာ။ ။မုတ်ထွေထွေ–ကန့်ကန့်ခြားသော်လှဲ၊ သုတ်လေပြေ၊ ပြန့်ပြန့်သွားပါလို့၊ တန့်မနားတွေလည်ကာ၊ ရွှေတည်ရာက လာဟန်ဘဲ။ ။မုတ်ဦးရယ်မှာ၊ အုတ်ကူးပုံ၊ ကျယ်သာယာလို့၊ နယ်တကာ စံမရပါတဲ့၊ နန္ဒဆိုလိုဏ်မြတ်မှူးကို၊ ဖူးရနိုင်ခဲ။ ။[၁၁၇၉–ခုရေး–အာနန္ဒာအရှေ့မုတ်က၊ ယောကျ်ားကလေး ယိမ်းနှင့် မိန်းမကလေးယိမ်းက ဆိုရသည်။]

### (ခ) ပုဂံ သဗ္ဗညုဘုရားဘွဲ့–ကိုယ်တိုင်ရေး ပတ်ပျိုးနှင့်ဒွေးချိုးသဖြန်

မြင်သသူ၊ ရှင်လူကြည်ညွတ်ကြောင်းပလေ။ ။လင်းပြိုင်ပြိုင်၊ တွင်းလိုဏ်ငါးဆင့်ဆောင်းလို့လေး။ ။လောင်းနတ်စည်သူ၊ကောင်းမြတ်ကြည်ဖြူ၊ တည်တော်မူသဗ္ဗညုမှာ၊ သဏ္ဌာစုများဆူဆူ၊ ခန်းတွဲ့-ခန်းသဉ်ငူ။ ။နန်းတွဲ့-နန်းဆင်ဘူ၊ ဂူဆိုင်ဆိုင် လိုဏ်ကန့်များ၊ တူမြိုင်မြိုင်-ပြိုင်သန့်ခြား၊ ဘဂဝါကိုယ်စား၊ ခန်းလယ်ကထား။ ။လိုဏ်ဖျားပေါ်တွင်၊ မြှော်စင်ဘုံမြင့် နန်းနှင့်လေ။ ။လေးပြင်မှာ၊ ထင်စွာ မြင်နိုင်ခန်းမှိုလေး။ ။ရှင်လန်းကြည်စွာ၊ ခင်လေးနှင့်ရင်သွေးပါရယ်၊ တူဖူးစေဘို့ပါ။

မှတ်ကြောင်းရည်ကာ၊ မြတ်ကျောင်းတော် သည်ပမာပ၊ တည်ကာမလွှဲ။ ပုပ္ပါရုံ၊ ထုတ်ခါပုံ စံမခြားတယ်လို့၊ ရာဇဝင်-စာတင်လို့ ထားခဲ့တယ်၊ ရှားတဲ့ပုံဘဲ။ ။[၁၇၉၇-ခုရေး။]

* သဗ္ဗညုအထက်ထပ် လသာခန်းမှာ ပြသသော ယိမ်းက မန်းကလေးများဆိုရသည်။ ခင်လေးနှင့်ရင်သွေးပါ ဟူသည်ကား—မြန်မာဘာသာတွင် ဘုရင်ခံချုပ်ကတော်နှင့် ၎င်းသမီးကိုဆိုလိုသည်။ အင်္ဂလိပ်ဘာသာပြန်သည့်အခါ မယားနှင့်သားသမီးများဟု ဖြစ်သွားသည်။

### (ဂ) ပုဂံပြည်ဘွဲ့ ကိုယ်တိုင်ရေး ပတ်ပျိုးနှင့် ဒွေးချိုးသဖြန်

ပြည်ပုဂံ၊ တည်စံ၊ နိုင်ငံဟောင်းမို့လေ။ ။ကျုံးသုံးဖြာ၊ ရောရေယဉ်ကြောင်းနှင့်လေး။ ။ကျောင်းနှင့်စေတီ၊ ဟောင်းသစ်ဝေသီ၊ မြေမပြီဘယ်မလပ်အောင်၊ သွယ်ထပ်ထပ်-များစုံစီ၊ ကိုးတွဲ့-ကိုးဂုဏ်ဆီ၊ ဖြိုးတွဲ့-ဖြိုးစုံညီ၊ အလီလီ-မွေ့ခံတတ်ထူး၊ အပြည်ပြည်-လာရောက်ဖူး၊ နန္ဒာထွတ်ဦး၊ ဘုန်း–ကန်-တော့ထူး။ ။ကြည်-နူးစေရာ၊ ကေသာ-ဆံတော်ကွန်းရယ်နှင့်လေ၊ ။ဗူးစေတီ၊ နဒီ-ရော-စွန်းသာပလေး။ ။လျှံ-ထွန်း-ထိန်ဝါ။ ။ရွှေလင်းလို့၊ ဝင်းဖြာဖြာ-မှာ၊ရွှေစည်း-ခုံကသာ။

ဖြစ်ဟောင်းရယ်ကြာ၊ နှစ်ပေါင်းတထောင်သာတဲ့၊ မြန်မာပြည်ရင်း။ ဘုရားရယ်မှာ၊ အခြားဘယ်ပြည်ရွာမှ၊ ဆွယ်မှီရာ ရှာမရအောင်၊များလှလေခြင်း။ ။[အာနန္ဒာဘုရားအတွင်းမဏ္ဍပ်မှာ ပြသသော ယိမ်းက မိန်းမကလေးများ ဆိုရသည်။]

* ၁၇၉၇-ခုနှစ် ပုဂံမြို့သို့ လတ်အယ်လဂျင်-ဘုရင်ခံချုပ်ကြီးကြွရောက်လာသည့်အခါ ယိမ်းထဲးက မိန်းကလေးများဆို၍ က,စေသည်။ ထိုသီချင်းစုကိုအတွင်းဝန်ကြီး မစ္စတာဆိုင်းက အင်္ဂလိပ်ဘာသာ ပြန်၍ပေးရမည်အမိန့်ရှိ၍ အင်္ဂလိပ်ဘာသာ ပြန်၍သွင်းရသည်။



### ၁၂၉–ကိုယ်တိုင်ရေး–ရန်ကုန်ယူနီဘာစီတီကျောင်းတော်ကြီး ကျောင်းဆရာ ကျောင်းသားကျောင်းသူများဂုဏ် လေးမျိုးစုံဘွဲ့ဆိုသော ပတ်ပျိုးနှင့် ဒွေးချိုးသဖြန်ကို ပြဆိုချက်

မင်္ဂလာ၊ ပညာစုံစုံ မွှမ်းလို့လေ။ ။မျိုးမြန်မာ၊ တိုးကာဂုဏ်ရောင်လျှမ်းဘို့လေး။ ။ကျွမ်းကြစေဌာ၊ လမ်းပြပေကာ၊ ဝေဖြာဖြာ၊ ဆရာမြတ်တို့မှာ၊ပညာတတ်ကြီးကျယ်စွာ။ ။နည်းတွဲ့-နည်းယူရှာ၊ ဘီးတွဲ့–ဘီးပမာ၊ * အဋ္ဌာရွှေ-စိန်ပန်းခြူး၊ ပညာဝေ ထိန်လျှမ်းမြူး။ ။တဂုဏ်သာထူး၊ ကျောင်းတော်မြတ်မှူး၊ ကြည်နူးဘွယ်ရာ၊ ဗယ်ညာ-မြေခပင်းမှာတဲ့လေ။ ပန်းစုံစုံ ရဂုံ-ပုံခယွင်းပေပလေး။ ။ထိန်းလင်းရှိန်ဝါ၊ ဂုဏ်ပေါင်းခ, ကျောင်းတော်သာမှာလေ၊ ရှင်မြူးဘွယ်နှင့်သာ။

မှတ်ကြောင်းထင်စွာ၊ မင်္ဂလာ-စုံစုံတင့်လို့၊ ဂုဏ်မြင့်တဲ့ကျောင်း။ ။ယူနီဘာ၊ စီတီရယ်အမည်သာလို့၊ သင်ဆရာ ပညာလှပါတဲ့၊ ကဝိစုံ နာယကတို့မှာ၊ များကြပေတောင်း။ ။[၁၉၂၆-ခုနှစ်ရေး]

---

### ၁၃၀–ရတနာသုံးပါးကို လှူဒါန်းသည့်အခါ လိုက်နာဘတ်ကြားစေမြဲး နှစ်ထွေစပ် ရေစက်သွန်း ဆုတောင်းစာများတွင် ဘုရင်မင်းမြတ်အတွက် ရေစက်သွန်းဆုတောင်းစာ စာကိုယ်

အောင်သူတကာတို့၏ ပဝရာဘိ၊ သီရိစတ္တရတ်၊ တိလောကနတ်ဖြစ်တော်မူသော၊ သဗ္ဗညုတ-ပွင့်လျှာ။ ။ကြာပုဏ္ဏရိတ်၊ ဘွဲ့မြိတ် သန့်စင်ရွှေ၊ ကြူငွေအဆင်း၊ လမင်းသဏ္ဍာန်၊ လုံးတန်လက္ခဏာ၊ ကေလာဂိရိဆဒ္ဒန်ဆင်မင်းသခင်။ ။ဝေဟာင်းမှာ၊ ချာချာကွန့်မြူး၊ ကျွန်းဦးသပြေ၊ ရေခရပတ်၊ အိုင်မြတ်လက်နား၊ ပေါက်ဘွားမှုလာ၊ ဝံသလေးမည်၊အာဇာနည်ဖြစ်သော မြင်းမျိုးအပေါင်းတို့၏သခင်။ ။မဟာတေဇဂုဏ်၊ ဝေ

* အဋ္ဌာရွှေ ဟူသည်ကား—ငွေမှဖြစ်သော ရွှေမျိုး လေးပါးတွင် တပါး အဝင်ဖြစ်သည်။ မြေမှဖြစ်သောရွှေ၊ ငွေမှဖြစ်သောရွှေ-စသောအားဖြင့် ရွှေမျိုးအစားစားများပြားကျယ်ဝန်းသည်။ ဤကျောင်းတော်ကြီးက စာသင်သားများမှာ မြေမှဖြစ်သောရွှေမဟုတ်၊ ငွေမှဖြစ်သော ရွှေကို စိန်ဘီးလုပ်ဆဲ့သသောသွားနှင့် အလားတူဆိုလိုသည်။ ဘီးဆိုသည်ကား လူအပေါင်းတို့ ခေါင်းပေါ်သို့ရောက်မြဲးဆိုလိုသည်။

ပုလ်တောင်ဖြစ်၊ မြစ်စဉ်ဘိုးကဲ၊ ရိုးရဲတောက်ညီ၊ အရောင်ရှိသော၊ ပုလဲးပတ္တမြား၊ ပြယားကြောင်စိန်၊ ဣန္ဒနီလာ၊ မသာရကန္တီ၊ မဏိဇောတရတ်၊ ကိတ္တပတ်ရောင်မြူး၊ အထူးထူးသော၊ ရတနာမျိုး အပေါင်းတို့၏သခင်။ ။ဘုသဝတီ၊ ပူရိန္ဒနန်းစံ အသံဆယ်ထွေ၊ ကြည်းရေခရီး၊ မီးလည်းမစဲ၊ ပျော်ပွဲသဘင်၊ ရဋ္ဌင်သတ္တာ၊ ယုဂယတြာ၊ ဗျူဟာမိုလ်ခြေ၊ မြေပြင်ပြည့်လျှိုင်း၊ တိုင်းကြီးအင်္ဂါ၊ လက္ခဏာနှင့်ပြည့်စုံသော၊ ရတနာပုံ၊ ရွှေပုံရွှေပြည်တော်ကြီး၏သခင်။ ။မင်းတည့်ထိပ်ပါး၊ ပိုက်ရားယွင်းကွက်၊ သဋ္ဌာပျက်ကး ခက်သန္တာရှိန်၊ မနိန္ဓြေ၊ ဇီဝိန်ကြွေ၍၊ လေသို့ပြတ်လွင့်၊ တင့်မရဲသာ၊ မဟာပုည၊ ဒဗ္ဗသမ္ဘာရ၊ ကမ္မဇိဒ္ဓိ၊ တုမရှိသော၊ ရေမြေသခင်။ ။အသျှင်ဘဝရှင်၊ မဟာမမ္မရာဇာ၊ တရားမင်းမြတ်သည်။ ။စကြဝတေးမင်း၏ မိဖုရားရတနာ၊ သုဘဒ္ဒါဒေဝီသို့၊ လုံးညီစန္ဒရ၊ ရူပသရေ၊ လေးထွေခြောက်ဆယ်၊ တင့်တယ်သန့်ရှင်း၊ ပြိုးခြင်းရွှေဖျား၊ စကားချိုမြ၊ ဆိုလေ့မိန့်လေ့ရှိတော်မူသော မိဖုရားခေါင်ကြီးနှင့် တကွ၊ မြတ်သောစကြဝတေးမင်း၏ အသရေကို ဆောင်တော်မူသတည်း။ ။စန္ဒြမာသ၊ သရဒရာသီ၊ တိထိပုဏ္ဏ၊ ကျတ္တိကနဝင်း၊ ဦးထိပ်နင်းလျက်၊ လမင်းလုံးဝန်း၊ ထွန်းသည့်ခနန္ဒန်း....(ဘတ်မရအပျက်)... လောကဓိပတိ၊ဘုမိပါလ၊ ရာဇညတို့တန်ထွာ၊ အနုမောဒနာသဘင်၊ ပွဲးပြင်ပြည့်မျှကျင်းပတော်မူ၍၊ ....(စာပျက်)....မန်အောင်ရတနာ ဘုရား, အုန်းအင်းဘုရား, ချမ်းသာကြီးဘုရား, မဟာလောကမာရဇိန်ဘုရား, ဆုတောင်းပြည့်လောကရံသီဘုရား, ရပ်ပွားခုနစ်ဆူ၊ ရွှေဂူညဏ္ဏလုံ၊ စည်းခုံမွေခေတ်၊ ရှင်တော်မြတ်တို့အား၊ ရွှေတန်းဆောင်, ငွေတန်းဆောင်....(ဘတ်မရ) ထီးဖြူ,ထီးနီ၊ တမ်းခွန်ကုက္ကား၊ မုလေးပွားပန်း၊ ရေချမ်းမျက်သစ်၊ခေတ်ယအချိန်၊ ကထိန်သင်္ကန်း၊ လှူဒါန်းပူဇော်တော်၊ (ဘတ်မရ)... ကြီးမှစ၍၊ ဝိဟာရသမိုက်၊ ကိုက်ရေ-၁၉၇-အတွင်း၊ စာရင်းတော်ရကျောင်းပေါင်း ၁၄၁၆-ပါတိမောက္ခ...(ဘတ်မရ)... သော၊ တံဆိပ်တော်ရမရ ဆရာတော်သင်္ဃာတော်တို့အား တပါးတပါးလျှင်၊ ကထိန်သင်္ကန်း ၁-စီ၊ စာထုပ်သင်္ကန်းလျာမှစ၍၊ သပရိဝါရဒါနတော်သစ်၊ ဆန်းစစ်ကမ္ဘဝါ၊ ရွှေစာတင်ဘတ်၊ မန္တန်ရွတ်...(ဘတ်မရ).... တော်မူသည်။ ဤကောင်းမှုကြောင့်၊ ပဌမ-ဘဝ၊ ဆုကြီးရ၍၊ သဗ္ဗာလေးပါး၊ တရားမင်္ဂင်၊ ဗောဓျင်ရွက်ထီး၊ ငြမ်းကြီး လှစ်ဘွင့်ရလိုသော။ ။ဖြစ်တိုင်းမျှာ၊ သံသရာလည်း၊ ပါရမီအပြား၊ သုံးဆယ်အားဖြင့်၊ တိုးပွားကုသိုလ်၊



ပြည့်ရလိုသော။ ။ဤကောင်းမှုအဘို့ကိုလည်း၊ ရတနာသိင်္ဃ၊ လက်မွန်စ၍၊ ဘေးတော်ဘိုးမြတ်၊ နွယ်ဇာတ်မပြား၊ သွားအတုလ၊ သာကီယစုံ၊ ရတနာပုံ ရွှေမြို့တော်ကြီးတည်၊ ခမည်းတော်ပဉ္စမသင်္ဂါယနာတင်၊ မင်းခေါင် မင်းဖျား၊ မင်းတရားတို့အား၊ အမျှ ဝေတော်မူသည်။ ။ရွှေနန်းဦးကင်၊ ရာဇပလ္လင်၊ ထီးချက်စောင့်နတ်၊ တိုင်းစောင့် ပြည်စောင့်၊ ကိုယ်တော်စောင့်နတ်၊ မြေစောင့် ရေစောင့် ကောင်းကင်စောင့်နတ်မှစ၍ ၃၁-ဘုံဝေနေယျတို့အား အမျှဝေတော်မူသည်၊ အမျှရကြသည်ဖြစ်စေသော။

ရတနာသုံးပါးလှူဒါန်းသည့်အခါ လိုက်နာဘတ်ကြားစေမြဲ နှစ်ထွေစပ်
ရေစက်သွန်း ဆုတောင်းစာများတွင် ဘုရင်မင်းမြတ်အတွက်
ရေစက်သွန်းဆုတောင်းစာ စာကိုယ်ကိုပြဆိုချက်ပြီးပြီ။

---

## ၁၃၁–နတ်ဆုတောင်းစာများတွင် ရှင်ဘုရင်အတွက် နတ်ဆုတောင်းစာ စာကိုယ်များကို ပြဆိုချက်

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ရေမြေအသျှင်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ လက်နက်စကြာသခင်၊ အသျှင်ဘဝရှင် မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်....လောက သုံးပါးတို့နိုက် အတုမရှိမြတ်တော်မူသော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူတော်ကောင်းတို့ထံ ပန်ဆင်တော်မူခဲ့ဘူးသော ကုသိုလ်ပါရမီတော် နှီးဆော်ခြီးပင့်တော်မူသည် ဖြစ်၍ ခမည်းတော် မင်းတရားကြီးဘုရား နောင်တော် မင်းတရားကြီး အရိုက်အရာတော်ဖြစ်သော ရွှေထီးရွှေနန်းကို တရားသဖြင့် ဆက်ခံစိုးအုပ် စမွာယ်တော်မူ၍ သာသနဒါယကာ ဖြစ်တော်မူသည်နှင့်အညီ၊ သာသနာတော်မြတ်အကျိုးစီးပွားကို အထူးသဖြင့် ခြီးမြှင့်တော်မူပြီးလျှင် ပြည်သူလူတကာ သတ္တဝါအပေါင်းတို့အားလည်း ရင်တော်နိုက်ဖြစ်သော သားတော်ကဲ့သို့ သနားကရုဏာရှိတော်မူသည်ဖြစ်၍ ရာဇဓမ္မ အပရိဟာနိယစသော မင်းကျင့်တရားအပေါင်းတို့ကို ကျင့်ဆောင်တော်မူပြီးလျှင် မင်းသာမန်တို့ ခံဝံ့ခဲသော ရာဇာဘိသေက မုဒ္ဓါဘိသိက်ကို ဦးထိပ်ထက်နိုက်စိုက်၍ အသွန်းအလောင်းကိုခံတော်မူသည်။

နိုင်ငံတော် အတွင်း ဘေးလောင်းတော် ဘိုးလောင်းတော် ဘကြီးတော် ခမည်းတော် တရားမင်းမြတ် အဆက်ဆက် တက်သက်ဆည်ပို့ လုပ်ဆောင်တော်မူသော ကန်ချောင်း ဆည်မြောင်းအများ ယောင်းနွမ်းတိမ်ကော ယိုယွင်း ပျက်စီးရှိသည်များကိုလည်း တိုင်းခြေ ပြည်မြစ် ဖြစ်သည်နှင့် အညီ ပြည်သူသတ္တဝါ အပေါင်းတို့ အကျိုး စီးပွားကို ထောက်တော်မူသဖြင့် ရွှေတိုက်တော်မှ သပြာငွေတော်ချိန် အများ ထုတ်ပေးသနားတော်မူပြီးလျှင် အရှည်ကောင်းမွန်ခိုင်ခံ့အောင်ထပ်၍ ဆည်ပို့ တက်သက်တော်မူပြီးလျှင် ရွှေပြည်တော်မှ စ၍ နိုင်ငံတော် အတွင်း စေတီပုထိုးဂူကျောင်း မကောင်းဟောင်းနွမ်းပျက်စီးယိုယွင်းရှိသည်များကိုလည်း သာသနာတော် အရှည်တည်စေသဖြင့် အကိန်းဝိသာ သပြာငွေတော်အများ ထုတ်ပေး ပြင်ဆင်စေပြီးလျှင် ရွှေထီး အထွတ်တင်လှူတော်မူသည်။

ပြည်စောင့် ရွာစောင့် မြို့စောင့် နတ်ကွန်း နတ်အိမ် တို့ကိုလည်း အပရိဟာနိယတရားနှင့်အညီ ကောင်းမွန်ခိုင်ခံ့အောင် ပြင်ဆင် စေ၍ ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ သာသနာတော်မြတ် သုံးပါးကိုလည်း အထူးသဖြင့် ထောက်ပင့်ချီးမြှင့်တော်မူသည်။

မင်းညီမင်းသား မင်းမိဖုရား သားတော်သမီးတော် ဆွေတော် မျိုးတော် မှူးတော်မတ်တော်တို့အား အမည်နေရာ **အဆောင်အရွက်** စားကျေးမြို့ရွာ ထိုပြင်အထိုက်အလိုက်ချီးမြှင့်တော်မူ၍ ရဲမက်ဗိုလ်ပါ ပြည်သူသတ္တဝါအပေါင်းတို့အားလည်း ဆုတ်နစ်ရောင့်ရဲခြင်းမရှိ ဒါန ပရိစာဂအဖြစ်ဖြင့် ပေးကမ်းချီးမြှင့် ထောက်ပင့်တော်မူသည်။ မင်းတို့ ထုံးတမ်းဖြင့် သိုက်,ဓာတ်,နိမိတ်, ဗျာဒိတ်ထွက်သောကိန်းခန်းနှင့်အညီ မန္တလေးအရပ် ကောင်းမြတ်သော ဘူမိနက်သန် မြေကြန်အတွင်း သာသနာတော်မြတ် အကျိုးစီးပွား ငါအသျှင်ဧကရာဇ်မင်းမြတ် သားတော် အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဝွန့်ရှည်စွာ ပြည်သူ လူ တကာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား များမြတ်မည်အကြောင်း ကို ရွှယ်ရည်တော်မူ၍ ရတနာပုံ ရွှေမြို့တော်ကြီး ရွှေထီး ရွှေနန်း အသစ်စိုက်ဆောက်တည်ထောင်စိုးအုပ် စမ္ဘာယ်တော်မူပြီးလျှင် သာသ တော် ၅၀၀၀-အဝွန့် ရှည်ခြင်း ထွန်းလင်း တည်တော် မူစေသော အကြောင်းဖြင့် ရာဇဌာနီ မင်းနေ ရွှေပြည်တော်ကြီး အရှေ့မြောက်



ယွန်း ၇-ဌာနအဝင်ဖြစ်သော စေတီတော်ကြီးကို ပြည်သူတို့ မပင် မပန်းစေရ အုတ်, ကျောက်, သရွတ်, အင်တေ, ပန်းရံလက်ခမှ စ၍ ငွေတော်သပြာ အကိန်းဝိသာနှင်နှပ် မရေမတွက်နိုင်သော ရွှေငွေ တို့ ကို ဝဲ့ကွက်ခြင်းရှိတော်မမူ။ (စာပျက်နေသည်) တို့ထက် လွန်ကဲသော အရဟတ္တဖိုလ်ချမ်းသာကို ကေန်စင်စစ် ရရာသောအကြောင်းဖြင့် ရွှယ် ရည်တော်မူလျက် မြတ်စွာဘုရားသျှင်၏ သရီရဓာတ်တော်, မွေတော်, ရုပ်ပွားဆင်းတုတော်, ဓမ္မစေတီတော်အပေါင်းတို့ ကိန်းဝပ်တော်မူရန် စေတီတော်မြတ်ကို တည်တော်မူ၍ ပထမဌာပနာတိုက်တော်လုပ်ဆောင် ပြီးပြေရှိသည်ကို ဉက္ကာကရာဇ်နွယ်မြစ်စဉ်လာ သာကီယဝင် အစဉ်မပျက် သော ဘေးလောင်းတော်, ဘိုးလောင်းတော်, ဘကြီးတော်, ခမည်း တော် တရားမင်းမြတ်တို့ ကဲ့သို့ စေတီတော် ဌာပနာသွင်း အခမ်း အနားကို မင်းတို့ဓလေ့ဖြင့် စီရင်စေပြီးလျှင် စေတီတော်မြတ်ကို သာ သနာတော် ၂၄၀၅၊ ကောဇာသက္ကရာဇ်- ၁၂၂၃-ခု သီတင်းကျွတ် လဆန်း ၁၄-ရက် ၅-ဓတးနေ့ ကောင်းမြတ်သော မင်္ဂလာ အခါတော် လ၌ မဟာမေဒနီ ဤမြေနတ်သား သက်သေထား၍ ရွှေကရားဖြင့် ရေ စက် သွန်းချ တိုင်တမ်းတော်မူပြီးလျှင် ဌာပနာသွင်း မင်းတို့သဘင် ယင် စေတော်မူသည်။

သာသနာတော်မြတ်ကိုစောင့်ကုန်သောသိကြားစတုလောကပါလာ သမာဒေဝနတ်အပေါင်းနှင့်တကွ ရွှေမြို့တော်ကြီး ရွှေထီး ရွှေနန်း ဦး ကင်တော် ရာဇပလ္လင်တော် ထီးဖြူတော် ထီးချက်စောင့် နတ်အပေါင်း တို့နှင့် တောတောင်ရေမြေစောင့်နေကုန်သော နတ်အပေါင်းတို့သည် ကောင်းကြီးကြော်ငြာ သာဓုအနုမောဒနာကို ဖြစ်စေလျက် ကုသိုလ် တော်ပွား ထင်ရှားမျက်မြင် စီရင်ဘန်ဆင်းအပ်သော စေတီတော်မြတ် သည် သာသနာတော် ၅၀၀၀-အဝွန့်ရှည်စွာ တည်စေ ရာသော အကြောင်းကို နှလုံးသွင်းပြီးလျှင် နတ်မြတ်အပေါင်းတို့သည် ကောင်း စွာ ကြည့်ရှုစောင်မဘန်ဆင်းသည်ဖြစ်၍ ကြာရှေမရှောက် မနောက်မြူ နည် ချမ်းကြည် လျှင်မြန်စွာ ပြီးပြေချောမောအောင် စောင်မကြည့်ရှု ဘန်ဆင်းသည် ဖြစ်စေသော။

နတ်ဆုတောင်းစာများတွင် ဘုရင်မင်းမြတ်အတွက် နတ်ဆုတောင်းစာ
စာကိုယ်ပြဆိုချက် ပြီးပြီ။

### ၁၃၂-နတ်ဆုတောင်းစာများတွင် အလယ်နန်းမိဖုရား သားတော် မြပုခက်တင် ဆုတောင်းစာ–စာကိုယ်

ကြီးမြတ်သော ဘုန်းတေဇာအာဏာ လက်ရုံးနှင့်ပြည့်စုံတော်မူသော ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော....ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ လက်နက်စကြာသခင်၊ အသျှင် ဘဝရှင်မင်းတရားကြီးဘုရား အလယ်နန်းမိဖုရားတွင် ဖွားမြင်သည့် သားတော်မြတ်ရတနာကို မြပုခက်တင် မင်္ဂလာဆောင်တော်မူသည်ကို ရတနာသုံးပါးသုရား (၇) ဆူ တင်လှူပူဇော်ဘွယ်တို့ဖြင့် တင်လှူ ပူဇော်တော်မူသည်၊ ဘေးတော်ဘိုးတော် ဘွားတော် ခမည်းတော် မယ်တော် ဘုရားတို့အားလည်း ပူဇော်တော်မူသည်၊ ရွှေနန်းတော်စောင့်နတ်, ရွှေမြို့တော်စောင့်နတ်, ၃၇–မင်းနတ် နတ်သူငယ်တို့အားလည်း အထူးထူးသော အမွှေးအထုံပန်းနံ့သာ ဆီမီးတိုင်၊ ပေါက်ပေါက်ပန်းဆိုင်း၊ အုန်း,ကြံ,ငှက်ပျောစသော ခဲဘွယ်...(စာအပျက်)... အသုံးအဆောင်တို့ဖြင့် အပရိဟာနိယတရားနှင့်အညီ ပသတည်ကျွေးတော်မူသည်။...(စာပျက်)... အုန်းကြံ,ငှက်ပျော၊ အမွှေးအထုံ,သမုဒ္ဒရာရေ, ဂင်္ဂါရေ, စပါး၊ ဆန်,နို့ခမ်း, ထောပတ်ဖျင်ဖြူဖျင်နီ....(စာပျက်)....သောအထူးထူးသောခဲဘွယ် စားဘွယ်အသုံးအဆောင်တို့ဖြင့် ပသတည်ကျွေးတော်မူသည်။ ။နတ်မြတ်အပေါင်းတို့သည် ခမည်းတော် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင်၊ အသျှင် ဘဝရှင်မင်းတရားကြီး ဘုရားအားရင်း၊ မယ်ခတော် အလယ်နန်းတော် မိဖုရားအားရင်း၊...(စာပျက်)....သားတော်မြတ်ရတနာအားရင်း၊ ကောင်းသော စောင့်ရှောက်ခြင်းဖြင့်၊အမြဲစောင့်ရှောက်....(စာပျက်)... ချမ်းသာကြီးခြင်း၊ ဘုန်းကြက်သရေကြီးခြင်း၊ မကောင်းသော တိတ်နိမိတ်ကို ပယ်ဖျောက် ကာဆီးပြီးလျှင် ကောင်းသောတိတ်နိမိတ်တို့ အတိုင်းထက်အလွန်ကောင်းစေခြင်း၊ သက်တော်ရာကျော် ရှည်တော်မူ၍ ခမည်းတော်ဘုရား မယ်တော်ဘုရား အကျိုးစီးပွား သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အကျိုးစီးပွား၊ သာသနာတော်ရေး တိုင်းရေးပြည်မှုကို အမြဲဆောင်ရွက် ပြုစုတော်မူနိုင်မည့်အကြောင်းများကို မပြတ်စောင့်ရှောက် မစသည် ဖြစ်စေသော။

နတ်ဆုတောင်းစာများတွင် အလယ်နန်းမိဖုရားသားတော် မြပုခက်တင် ဆုတောင်းစာ-စာကိုယ်ကိုပြဆိုချက် ပြီးပြီ။



### ၁၃၃-မင်းညီမင်းသား, မိဖုရားများနှင့်ဆိုင်သော ရတနာသုံးပါးကို လှူဒါန်းသည့်အခါ လိုက်နာဘတ်ကြားစေမြဲ ရေစက်သွန်း ဆုတောင်းစာ စာကိုယ်များတွင် ဆင်ဖြူမရှင် မိဖုရားစာထုပ်ကြိုး ဆုတောင်းစာလင်္ကာ

ကွန့်ရှုန်းမင်္ဂလာ... မော်ကွန်းသာစိမ့်၊ အောင်ချာနက်သန်၊ ဘူမိကြန်ထက်၊ ငါးတန်မွေ့၊ ဥယျာဉ်များပုံ၊ ကုန်အောင်စုံကို၊ အာရုံထင်ထင်၊ ကြွင်းမဲ့မြင်သည်၊ တို့ရှင်ခေါ်ဖျား၊ မြတ်ဘုရားလျှင်၊ ထားခဲ့မိန့်မှာ၊ သာသနာရောင်၊ ထွန်းလင်းပြောင်သော၊ တောင်ညာမြင့်ဂူ၊ ကျွန်းဇမ္ဗူတွင်၊ တူမန္ဒန်းရာ၊ မြေမျက်နှာထက်၊ ရတနာပုံ၊ မျက်မျိုးစုံသည့်၊ ရိပ်မြိုသာစည်၊ မြို့ရွှေပြည်သို့၊ ဥဒည်စိုက်ထူ၊ တည်တော်မူလျက်၊ ပဥ္စူကနက်၊ ဖြူရွက်ဖြန့်လွှား၊ မားတရား၏၊ ဆယ်ပါးရတနာ၊ ရောရာရှက်သန်း၊ရွှေအိမ်နန်းဂယ်၊ စံမြန်းတော်မူ၊ ဆင်ဖြူမရှင်၊ ဘက်မမြင်ဟု၊ သောင်းခွင်နှံ့သိ၊ ပြည်ကြီးမိလျှင်၊ တရိဘဝ၊ ဝဋ္ဋဒုက္ခမှ၊ လွတ်ရစိမ့်ငှာ၊ ဆုကြီးသာလျက်၊ စေတနာထူးဆန်း၊ သဒ္ဓါပန်းကို၊ ရှင်လန်းကြည်လင်၊ ပန်ဆင်ပြီးသော်၊ စောထီးမြတ်ဖျား၊ ကိုယ်တော်စားဖြင့်၊ ဟောထားသည်၊ ထေရီမည်မှန်၊ အပဒါန်ဟု၊ ကျမ်းမွန်တွင်ခေါ်၊ ပါဠိတော်၏၊ ထုတ်ဖော်သမ္ဗန်၊ ပြန်သအတ္တ၊ နိသျှကို၊ ဖြူလွှငွေကြေး၊ လက္ခပေး၍၊ ရေးသားပြုရ၊ မြတ်ဒါနကြောင့်၊ ဘဝလွတ်ရာ၊ မဟာအောင်ခန်း၊ ရွှေပြည်နန်းသို့၊ ဖြောင့်တန်းရွေးရှု၊ ရောက်စိမ့်ဟူ၍....နတ်လူကောင်းကြီး–ဩာစေသော။

မင်းညီမင်းသား မင်းမိဖုရားများနှင့်ဆိုင်သော ရတနာသုံးပါးကို လှူဒါန်းသည့်အခါ လိုက်နာဘတ်ကြားစေမြဲ ရေစက်သွန်းဆုတောင်းစာ-စာကိုယ်များတွင် ရှင်ဖြူမရှင်စာထုတ်ကြိုး ဆုတောင်းစာလင်္ကာကို ပြဆိုချက် ပြီးပြီ။

---

### ၁၃၄–မှူးမတ် အပျိုတော် ကတော်မယားတို့ ရတနာသုံးပါးကိုလှူဒါန်းသည့်အခါ လိုက်နာဘတ်ကြားစေမြဲရေစက်သွန်း ဆုတောင်းစာများတွင် (အဘ) ဝမ်းတွင်း ငါးမြို့ဝန်မင်း ဆုတောင်းစာလင်္ကာစာကိုယ်

ခန္ဓဝဂ္ဂသံယုတ်နိသျ၂။ ။အနန္တဂုဏ်၊ ဘဝဂ်တုန်မျှ၊ မာရ်ဟုန်ငါးအင်၊ ရှင်းအောင်မြင်သား၊ သုံးခွင်မှန်ကူ၊ သယမ္ဘူဟု၊ နတ်လူချစ်ဘသမ္ဗုဒ္ဓလျှင်၊ ဟောထမြွားမြွောင်၊ လေးထောင်ရှစ်သောင်း၊ ကျမ်း

ပေါင်းအစုတ်၊ မြတ်ရွှေနှုတ်ဝယ်၊ သံယုတ်ငါးဆူ၊ ကျမ်းမဥ္ဇူတွင်၊ ရှင်လူဝေဘန်၊ ကိုးကွယ်ရန်ဟု၊ ခန္ဓဝါယ၊ နိသျကို၊ ထွန်းပအရှည်၊ တည်စိမ့်ရည်၍၊ မန်းပြည်ဇေယျ၊ ရွှေဘုံဘန့်လတ်၊ သမုနတ်သည်၊ အဠကုလိကာ၊ နွယ်ဝံသာကို၊ သဒ္ဓါယုံမှတ်၊ မိန့်တော်မြတ်နှင့်၊ လွှတ်ကွန်းဘွဲ့ဆင့်၊ အခြေမြင့်၍၊ တင့်တယ်ပျံ့မွှေး၊ သုံးစာရေးဟု၊ ရပ်ဝေးဌာန၊ နာမဖြိုးမြိုင်၊ ကိုးခရိုင်ဝယ်၊ ထီးလှိုင်တိုက်စုံ၊ ဂုံငါးရွာပြင်၊ တောင်သာညောင်အုပ်၊ နယ်ပါချုပ်၍၊ ပိုက်ထုပ်သွတ်သွင်း၊ ဝမ်းတွင်းနာမ၊ ငါးဌာနတွင်၊ မှုဖြင်ဖြင်ကို၊ စီရင်စေရန်၊ ငါးမြို့ဝန်ယု၊ ထိုက်တန်လျော်စွာ၊ တော်နေရာနှင့်၊ မဟာဘွဲ့ရှိ၊ မတ်ကဝိသည်၊ သတိမပြယ်၊ ချစ်မျိုးကြွယ်သည့်၊ ဆွေမယ်စနီး၊ သားသမီးကို၊ ခြီးမြှင့်သံသာ၊ တိုင်ပင်ကာလျှင်၊ ကဋ္ဌနာခြယ်၊ လှူကိုးကွယ်သား၊ အကျိုးအားကြောင့်၊ ရှည့်လျားသံသာ၊ ကျင်လည်ရာဝယ်၊ ရှောင်ခွါလိုဘိ၊ ဝိပတ္တိနှင့်၊ မရှိစကား၊ နားမကြားဘဲ၊ သူများအလို၊ စိတ်ကိုယ်မပါ၊ ရှင်းရှင်းကွာ၍၊ လေးဖြာသမ္ပတ်၊ စက်မြတ်လေးဘော်၊ သူတော်တရား၊ ထင်ရှားလိုဘိ၊ တိဟိတ်ဥက္ကါဋ္ဌ်၊ ထူးမြတ်သန္ဓေ၊ ဆက်စဥ်နေလျက်၊ ဝေဒါပါရဂူ၊ ထိုတူဝိဋ္ဌကတ်၊ မတတ်မရှိ၊ မြင်သိလွယ်ကာ၊ ရတနာဆယ်ပါး၊ စပါးခုနစ်မျိုး၊ မိုးလေကစ၊ တောင့်တပြည့်စုံ၊ ဆက်တိုင်းကြုံ၍၊ ရွှေဘုံနိဗ္ဗာန်ရောက်စေသော။

မှူးမတ် အပျိုတော် ကတော်မယားတို့ ရတနာသုံးပါးကိုလှူဒါန်းသည့်အခါ လိုက်နာဘတ်ကြားစေမြဲ ရေစက်သွန်း ဆုတောင်းစာများတွင် ဝမ်းတွင်း ငါးမြို့ဝန်မင်း ဆုတောင်းစာလက်ာစာကိုယ်ကိုပြဆိုချက်ပြီးပြီ။

---

### ၁၃၅–ၾင်းနည်း ဆုတောင်းစာများတွင် အပျိုတော်မြင်ကွန်းမြို့စား အလှူအတွက် ရေစက်သွန်းဆုတောင်းစာ စာကိုယ် နှစ်ထွေစပ်ကို ပြဆိုချက်

ဇယတု ...ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော။ ။ကျောက်တောင်ပတ်ဝိုက်၊ တတိုက်စက္ကဝါ၊ ရတနာရွှေချိုင့်၊ ခရိုင့်ချက်စည်၊ လျှပ်ခြည်တည္သန့်၊ ရောက်တိုင်းကွန့်သော။ ။ဝရဇိန်လျှံလက်၊ ရိုးရွက်အပြိုင်၊ ငါးခိုင်တင့်ရှန်း၊ ချွန်းနှင့်တကွ၊ ရွှေဘုန်းရသော။ ။မောရိယပစ္စယနာဂရာဇာ၊ ဆင်စကြာအမှူးရှိသော၊ ဆင်ရတနာအပေါင်းတို့၏ သခင်။ ။



ကောင်းကင်အဇ္ဇွာ၊ တိမ်လွှာတိမ်ထပ်၊ အချင်ချပ်ကို၊ လျှပ်လျှပ် လျှင်စွာ၊ ခြေခွါနင်းထောက်၊ မြူးကွန့်ရောက်သော။ ။ဝေလာသိန္ဓဝ၊ ဝလာဟကစသော၊ မြင်းရတနာအပေါင်းတို့၏သခင်။ ။မုတ္တာ–မုတ္တ၊ အာဝုဓမျိုး၊ တန်းခိုးပွားပြူး၊ ဘုန်းမီးရှူးစက်၊ ပြူးပြက်ရောင်လျှပ်၊ စိန်တပ်စဥ်းသွား၊ မြားသယံဇာစသော၊ လက်နက်စကြာ ရတနာအပေါင်းတို့၏ သခင်။ ။ဝိဇ္ဇာမိုရိရ၊ ပုဏ္ဏကမည်မှတ်၊ နတ်အနှုန်းတူ၊ အောင်ပွဲးယူသော၊ အထောင်မကသော၊ သေနာဓိပတိ၊ အမှူးရှိသော၊ မာရ်နတ်သားနှင့်၊ စွယ်သွားပြူးတူး၊ ဘီလူးရင်ဆိုင်၊ ပြိုင်လည်းမဆုတ်၊ မယုတ်တံ့စား၊ စွမ်းအားရဲးရည်၊ ဦးလည်မသုန်၊ ခန့်တိုင်းကုန်သော၊ ခေါဘဏိသင်္ချေ၊ မရေတွက်နိုင်သော၊ စစ်သည်သူရဲးအပေါင်းတို့၏ သခင်။ ။ကြက်သရေကွန့်မြူး၊ ပွားလူးတေဇဂုဏ်၊ ဝေပုလ်ဂီရိ၊ အရောက်ရှိသော၊ လျှပ်ပန်းကြိတ်ပန်း၊ တင့်ဆန်းဖြိုးလျှံ၊ ဝင်းညီး ပျံ့သော၊ မနောမယ ပတ္တမြားရတနာ အမှူးရှိသော၊ မရေမတွက်နိုင်သောရတနာမျိုးအပေါင်းတို့၏သခင်။ ။ရတနာပုံ မဟာရာဇဌာနီ ရွှေပြည်တော်ကြီးနှင့် တကွ၊ ခပ်သိမ်းသော တိုင်းကြီးပြည်ကြီးအပေါင်း ထီးဆောင်းမင်းတကာတို့၏ သခင်။ ။ရေမြေအရှင် ဆဒ္ဒန်ဆင်မင့်းသခင်၊ ဆင်ဖြူများရှင် လက်နက်စကြာသခင် အသျှင်ဘုရှင်မင်းတရား...(စာပျက်)...မဟာသုဒဿန၊ မန္ဓာဒေဝ၊ နေမိ၊ ကုသစသော၊ ရှေးဘုရားလောင်း၊ မင်းကောင်း မင်းမြတ်တို့ကဲ့သို့၊ ရာဇဓမ္မ....(စာပျက်)....စသော တရားအပေါင်းတို့ကို၊ မပြတ်ကြည်ယုံ၊ ကိုယ်တော်လုံးစုံ၊ ထုံတော်မူလျက် ကောင်းကြွန်ကောင်းကျင့်၊ ဆင့်ဆင့်ကျေးဇူး၊ ပွားလူးကြွယ်ဝှန်၊ နိုင်းရန်မကင်း....(စာပျက်)... ကေသီ၊ အာသာဝတီညွန့်ဖူး၊ ရွှေများမူးဖြစ်သော၊ မြတ်သောမိဖုရားခေါင်ကြီးနှင့်တကွ၊ အယုဇ္ဈပုရ၊ အောင်ဘုမထက်၊ ရာဇိဿရ၊ တောက်ပတေဇဂုဏ်၊ နေရုဏ်တမြှင့်၊ ဘုန်းကျိုးပွင့်သဖြင့်၊ မြတ်သောစကြဝတေးမင်း အသရေကို၊ ဆောင်တော်မူသတည်း။ ။ထိုအခါ ဥက္ကာဝံသ၊ ပဝရနွယ်ဇာတ်၊ မြတ်ထက်မြတ်ဖြစ်တော်မူသော၊ ဘဝသျှင်မင်းတရားကြီးဘုရား၊ အဂ္ဂမဟေသီ၊ ညာနေပရုမ၊ သာကီယနွယ်စင်၊ အသျှင်မိဖုရားခေါင်ကြီးဘုရား၊ နှစ်ပါးမွန်မွတ်၊ သတပတ်ပဒုမာ၊ စကြာတော်စုံ၊ ခိုလှုံပန်ခ၊ မြိုးမြီလုလ္လ၊ ထမ်းရွက်ရသဖြင့်၊ ဒိပစက္ကဝတ်၊ တမွတ်ဘုန်းဖျား၊ စေတရားသည်၊ သနားကြည်သာ၊ သဒ္ဓါ ယုံမှတ်တော်မူသည့်အတိုင်း၊ မြင်ကွန်းရွှေမြို့၊ မချိပည်းလှိုင်၊ ဆယ်ခိုင်တပွင့်၊ ခွန်ချင့်စိုး

စား၊ သနားတော်မြတ်ခံရသော၊ သုသာမာဝတီ၊ နာရနီရွှေလျက်၊ ပြိုးပြက်လျှံပ၊ ရွှေဘွဲ့ရသော၊ မြင်ကွန်းမြို့စား မင်းသမီး၊ သုသာမာဝတီသည်၊ တရိဝဋ္ဋ၊ တေဘူမက၊ သဉ်ါရန္ဒက်၊ ပဋိစ္စသမုပ္ပါဒ်၊ ရဟတ်စက်ရှင်၊ ဒွါဒသင်ကို၊ ပယ်နှင်လိုဘိ၊ မနောပဏိဓိ၊ အမွန်ရှိသဖြင့်၊ ကိန်းဝပ်တော်မူရန်၊ ဇမ္ဗူနဒီ၊ ရာဂိမရှည့်၊ ဝင်းမှည့်လျှံတောက်၊ ဆောက်အပ်သော ရွှေဗုဒ္ဓန်ဆီထီး၊ ညီးညီးရောင်လျှပ်၊ ရွှေခပ်နေရာတော်နှင့်တကွ၊ မှန်စီရွှေချ၊ ပလ္လင်တံကဲးပါ၊ စမ္ဗခဏ်တော်မှစ၍၊ ရောင်လျှံတော်ဖျားတိုင်–

ညဏ်တော်ပမာဏ ၅,၅-ခန့်ရှိသော၊ နိမ္မိတဘဂဝန်၊ မြတ်မွန် ဘုန်းဖျား၊ ကြေးရုပ်ပွားတော်–၁။

မြတ်စွာဘုရား လှူဒါန်းရန်–ကျောံစုံသတောင်းလည်မျက်နှာကြက်–၁။

သီးမျိုးစုံ မှန်စီရွှေချ ပဒေသာပင်–၁။

မင်းစံစတေ၊ လျှံဝေကွန့်ညီး၊ ရှားမီးနှုန်းချိန်၊ ပိုးဝင်းထိန်သော ရွှေဆိုင်းပဒေသာပင်–၁။

ကြယ်စီခြင်ရုံပါ၊ ကြယ်စီကတ္တိပါနေရာပါ ကြယ်စီအုံးနှင့်တကွ မှန်စီရွှေညောင်စောင်း–၁။

ကျောက်စီရွှေဘယောင်းတိုင်ကြီးပင်ရေ–၂။

သဘော်ပန်းမျိုးစုံခြယ် ပန်းပင်ရေ–၂။

ကြေးစင်ချိန်ဝန်သပြာ၊ သဉ်ျာမှန်ထိန်း၊ အကိန်း နှစ်ထောင့်ငါးရာကျော်ရှိသော ခေါင်းလောင်းထမ်းရုပ်စုံပါ ခေါင်းလောင်းရေ–၁။

ထည့်သွင်းရန်ဘီရိစာတိုက်မှန်စီရွှေချ စာတိုက်လုံးရေ ၃–နှင့်တကွ သုံးဘုံသူထွတ်၊ တမွတ်ဘုန်းဖျား၊ ဟောကြားမိန့်မှန်၊ ဓမ္မခန် ဒေသနာ၊ ပိဋကတ်စာအင်္ဂါ ငါးရာကျော်၊ သာသနဂ္ဂဟ...(စာပျက်)....ပွားလှူဖြစ်ထွန်းစေခြင်းငှာ–

ဝတ်လဲးကိုးခန်း ကမ္မဝါစာစောင်ရေ–၁၀။

သမုတိသင်္ဃာတော်မြတ်တို့အား သီးမျိုးစုံပဒေသာပင်ရေ ၂၃–ဆူ။

သီလသည်တို့အား လှူဒါန်းရန် ကိုယ်ရုံဝိတ်၊ သစ်ခွက်၊စပ်ပုတီး–၃၅။



ယောက်ျား....(ဘတ်မရ)...မြတ်သူ၊ ကြီးငယ်မဟူ၊ လူအပေါင်းတို့အား စွန့်ကြဲပေးကမ်းရန် ဒင်္ဂါးပြားရေ ၁၀၀ဝ။

ကောဇ္ဇမ္ဗရ, ခေါမ, ရောမ, သောဠဿဖြစ် ထည်သစ်အုပ်မျိုး၊ ပိုးချည်ဝါချည်၊ ထည်မျိုးစုံပဒေသာပင်ရေ–၇၅–များနှင့်၊ တူ–မောင်ကြီး, မောင်ခင်ကလေးတို့ကို၊ အရံအပါး သူတထူးသား သုံးတို့နှင့် မြတ်စွာဘုရား သာသနာတော်တွင်းသို့ ရှင်သာမဏေ အဖြစ်ဖြင့် ခြီးမြှင့်ကြည်ဆွ၊ တူမ–မယ်မျိုးကြီးကို ကဏ္ဏဝိဇ္ဈနမင်္ဂလာ၊ နာရကာရောင်ရှိန်၊ စိန်ဝဇီရာ၊ ထိန်ဝါရောင်လျှပ်၊ ရွှေအပ်တင်ဆင်ပြီးလျှင် ပေါင်း များစွာတို့ကို ဂေါစာသက္ကရာဇ် ၁၂၄၁–ခု၊ ရတုဟေမန်၊ လေပြန်နှင်းလှောက်၊နဝင်းလျှောက်ဖြင့်၊....(ဘတ်မရ)....လပြည့်ကျော် ၁၀–ရက် ရေစက်သွန်းချ၊ ပူဇာရဟ၊ ဒါနသဘင်ယင်ပါသည်။ဤကောင်းမှုကြောင့် ဆုံးစွန်ဘဝ ပစ္ဆိမဣ၊ သုခပဋိပဒါ၊ ခိပ္ပါဘိညာ၊ ဈာန်မဂ်ရ၍၊ နိဗ္ဗာနဘုံ၊ လှုံလိုသော။ ဖြစ်တိုင်းများစွာ၊ သံသရာလည်း၊ ပါရမီဆယ်ပါး၊ ညွန့်ကိုက်ပွား၍၊ တရားကြည်ယုံ၊ ထုံလိုသော။ ။အသွာနရာ၊ ဂဇာပတိ၊ လောကီထွတ်ဖျား၊ စောတရားသည်၊ လေးပါးကျွန်းခွင်၊ ဗိုလ်သေနင်ဖြင့်၊ စက်ရှင်စိုးအုပ်ချိုလိုသော။ ။ဆုတောင်းပတ္ထနာနှင့်တကွ၊ မဟာသုန္ဓရေ၊မြေစောင့်နတ်အား သက်သေအရာ၊ တိုင်တည်ပြဋ္ဌာန်း၊ ရေစက်သွန်းချ–လှူဒါန်းပါသည်။

ဤကောင်းမှု အဘိုကိုလည်း ရတနာပုံ၊ ရွှေဘုံအယုဇ္ဈ၊ ပထမအာဒိ၊ ထောင်ဦးချိုသော၊ရေမြေ့အရှင်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ ပဥ္စမသင်္ဂါယနာတင်၊ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အဦးထား၍၊ မွေးသည့်မိခင်၊ မွေးသည့်ဘခင်၊ ဆရာသမား၊ ဘိုးတွား ညာတကာ အပေါင်းတို့မှစ၍၊ သုံးဆဲ့တဘုံ ဝေနေယျ သတ္တဝါအပေါင်းတို့အား အမျှဆက်သပေးဝေပါသည်...သာဓု–သာဓု–အနုမောဒနာ၊ သံဝါမြူးသီ၊ ကြူးချီရင့်နွဲး၊ ခြီးမရဲးသည် ဖြစ်စေသော။

အပျိုတော် မြင်ကွန်းမြို့စားအလှူအတွက် ရေစက်သွန်းဆုတောင်းစာ စာကိုယ် နှစ်ထွေစပ်ကို ပြဆိုချက် ပြီးပြီ။

---

၁၃၆-ရင်းနည်း ဆုတောင်းစာများတွင် မြောက်ဒဝယ်ဗိုလ်အရာက ရေနံကြောင်းမြို့စား ဝန်ကြီးဖြစ်သူ ကွယ်လွန်ပြီးနောက် ၎င်းဝန်ကြီးကတော် လှူသောအလှူအတွက် ရေစက်သွန်း ဆုတောင်းစာ-စာကိုယ်

ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော မဟာမင်္ဂလ၊ သမန္တစက္ကဝါ၊ ဇမ္ဗူဒိပါ၊ လက်ယာရေမြေသခင်၊ အောင်မြေဘူမရေး တောင်မျှားဓိပတိ၊ ဒုတိယရွှေအိမ်၊ ရိပ်ငြိမ်ဘက်ကျွန်း၊ ကနက်ဝန်းသော ရတနာပုံ ရွှေပြည်တော်ကြီးသခင်။ စက္ကဝါမှတ်၊ ရစ်ဝုစ်ပြန့်ခေါက်၊ မြားနှယ်ရောက်မျှ၊ သသက်လက္ခဏာ၊ စကြာဆင်ဖြူ အပေါင်းတို့၏သခင်။ မနောမယ၊ သိန္ဓဝမျိုး၊ တိမ်မိုးအညွန့်၊ လွှားလွှားကွန့်မျှ၊ ရွှေဘုန်းရသော၊ မြင်းပျံစကြာ၊ ရတနာမျိုးအပေါင်းတို့၏ သခင်။ စိန္တာမဏိ၊ ဠဿသမိဒ္ဓိ၊ ကြိုးပေါင်းညီသော ဝရဇောတရယ်၊ ကျောက်မြတ် မင်္ဂလာ၊ ရတနာမျိုးအပေါင်းဟို့၏သခင်။ ဝဇီရစိန်၊ ရောင်ရှိန်ချွန်းတောင်း၊ မျက်စောင်းဘွဲ့ဖြူ၊ ဟူသည့်နတ်စက်၊ လက်နက်အသွင်၊ ရန်လုံးနှင်သော၊ အမိတာဝုဓ လက်နက်စကြာများသခင်၊ ဇမ္ဗူလောက၊ နှံမျှနိုင်ငံ၊ နန်းစံထီးဆောင်း၊ မင်းအပေါင်းတို့၏သခင်၊ ရေမြေသခင်၊ အသျှင် ဘဝရှင်မဟာဓမ္မရာဇာတရားမင်းမြတ်သည်၊ ဂန္ဓမာမြင့်ငူ၊ လှိုင်နန္ဒမူ၊ မဉ္ဇူသက၊ ဝရပန်းမြတ်၊ ပြည်ကြီးဥက္ကာ၊ နန်းလုံးနတ် ဖြစ်တော်မူသော မြတ်သော မိဖုရားခေါင်ကြီးနှင့်တကွ အဗ္ဘဓမ္မ မတ္တကာလ၊ ပရိသညူ၊ ငါးဆူနတ္တိ၊ ချက်မှန်သိလျက်၊ မြတ်သော စကြာဝတေးမင်း၏ အသရေကို ဆောင်တော်မူသတည်း။

ထိုအခါ ဘဝသခင်၊ နတ်သျှင်စက္ကဝတ်၊ လောကနတ်နှင့်၊ မပြတ်အလျဉ်၊ အစဉ်မကွာ၊ သံသရာက၊ ပါရမီကံဟောင်း၊ ဆုတောင်းမြွက်ဘန်၊ သန်ဘူးသည့်အလျောက်၊ မျက်မှောက်ပစ္စက္ခ၊ ဤဘဝ၌၊ထာမဟိတ်ဂုဏ်၊ မြေလုံးတုန်မျှ၊ ဓမ္မဟုန်တေဇာ၊ ငါးရာစုံညီ၊ လိင္ကဝိကို၊ တသီချင်းလှည်း၊ တပြားတည်းဖြင့်၊ အသည်းဘောက်ခွဲ၊ ခန္ဓာစဲရသော ဗန္ဓုလစစ်သူကြီးကဲ့သို့၊ ယုံမှတ်သဒ္ဒါတော်မူသဖြင့် အသျှင်ကျေးဇူး၊ ရာထူးမှတ်သား၊ သနားတော်မြတ်ခံရသော အဂ္ဂမဟာသေနာပတိ ဝန့်ရှင်တော် သေနတ်ဝန် ရေနံကြောင်း * မြို့စားမင်းကြီး ကတော်သည် ဥဂ္ဂပုတ္တ၊

* ရေနံကြောင်းဟူသည်ကား....ရေနံသွားရာလမ်းကြောင်းတည်း။မြေတွင် ရေနံသွားသော အကြောင်းတည်း။ လူခန္ဓာအတွင်း သွေးကြောင်း လေကြောင်း စသည့်ကဲ့သို့တည်း။



ပေါက်ပြကြေညာ၊ တေဇာဟိတ်ဂုဏ်၊ ဗိန္ဓိဗိန္ဓိတုန်မျှ၊ ပါးမုန်စက်စက်၊ ဆင်ကိုလျက်တည့်၊ မြူညက်သဖွယ်၊ ဆုပ်ဖျစ်နယ်၍၊ အံ့ဘွယ်ကျော်ချော်၊ ကြားတိုင်းကြောက်ရသောဒါဌာဒါနစစ်သူကြီးကဲ့သို့ဖြစ်၍ အရှင့်ကျေးဇူး၊ ရာထူးမှတ်သား၊ သနားတော်မြတ်ခံရသော မြောက်ဒဝယ်သေနတ်ဗိုလ် အောက်မားဝန် ရနောင်မြို့စား မင်းသား....သူရဲဝန်ကျပင်းမြို့စား မင်းသား... ပြန့်ပွားဂုဏ်ကြီး၊ သားသမီးတို့နှင့်တကွ အမတမင်ဗိုလ်ခံစံလို၍၊ ကုသိုလ်တော်ပွား၊ ကြီးမားဒါန၊ ပြုခွင့်ရသောကြောင့် လောကနိဗ္ဗာန်၊ ဗိမာန်မင်္ဂလာ၊ ရတနာပုံ ရွှေပြည်တော်ကြီးမှ သရီရသဘမှန်စွာ၊ ခန့်တာကျော်ဆောင်၊ တောင်ပြင်ဌာန၊ ချမ်းမြသာစည်အရပ်၌ သိုက်မြိုက်သန့်ရှင်း၊ ခင်းကျင်းညီမြောက်ပြီးလျှင် အုတ်ကျောက်သစ်သိုးထုံးအင်္ဂတေ၊ သံရွှေသရွေး၊ ကံကျေးလက္ခ၊ ငွေစင်သပြာ၊ သချာမှတ်ကိန်း၊ တသိန်းကျော်ကျော်၊ ထိုက်လျော်ဥစ္စာ၊ ဓမ္မိရာတို့ဖြင့်၊ ဘုံသာဝေယန်၊ စိမံပြောက်စုံ၊ ဖြူးအုန်စိန်ပျံ၊ ထိန်လျှံဝိုးဝင်း၊ မှန်ကင်း ညွန့်ကိုက်၊ ရွှေထီးစိုက်လျက်၊တံမြတ်ကိုက်ကွန့်မြူး၊ ပျံမူးမူးသော၊ ကျောင်းဦးပြာသာဒ်၊ ဆင်ကပ်မှတ်ယွန်းတင့်အပ်၊ နောက်ရပ်ဘောဂ၊ ကျောင်းမလေးထပ်၊ ဆင်ကပ်တပြင်၊ စုံလင်သားနား၊ လှေကားရှစ်စင်း၊ သမံတလင်းပရိကံ၊ မဟာရံပရဝုဏ်ပါ ဆောက်လုပ်တည်ထား၊ ခမ်းနားဥသသုံ၊ ပြည့်စုံပြီးစီးစေအပ်သော ကျောင်းကြီး-၁။

စံနစ်ပုံကျ၊ ရုပအစိန္တေယျ၊ ဉာဏ်တော်ပမာဏ၊ ၃်,၂-ရှိသော ကျောက်သလင်း ဆင်းတုတော်ကြီး-၁။

လျှပ်စစ်နွှယ်ရောင် လောင်လုဘနန်း၊ ၉-ခန်း-ကမ္မဝါစုံရေ-၂၃။

ဟောရိုးထုံးရှိ၊ ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းညီ၊ ထည့်ရန်စုံစီ၊ ဘိရိုစာတိုက်ကြီးလုံးရေ-၂။

အသစ်စဲစဲ၊ ပိုးဘဲးတချုပ်၊ စာထုပ်ပုဆိုး၊ စာကြိုးလိပ်မှတ်ပါ ဝိဋ္ဌကတ်စာ အင်္ဂါ ၂၀၀၀ ဂါကျော်။

ဇမ္ဗော်နဒ၊ အလှလုံးစုံ၊ ရွှဘွယ်ပုံအောင်၊ စာတင်ခုံရေ ၁၀။

တရာ့ငါးဆယ်၊ ချိန်တွယ်ပိုလ်ပေါင်း၊ ညွန့်ညောင်းသွန်းပစ်၊ ကြေးဟစ်သံလေး၊ ငြိမ့်ငြိမ့်ဓေးသော ကြေးစည်သံမောင်း ခေါင်းလောင်းဟန်လှ၊ ဃနတူရိယာကြီး-၂။

အပြစ် ကင်းလွတ်၊ ကမ္ဗဝါညတ်ဖြင့်၊ ရွတ်ဘတ်မွေအိမ်၊ ခဏ္ဍသိမ် ကြီးလုံးရေ-၁။

စတုဒိသာ၊ ရောက်လာ ပရိသတ်၊ နေလျှပ်မိုးစွတ်၊ လွတ်စေကင်း ပျောက် ဆောက်လုပ်တည်ထားအပ်သော အုတ်စရပ်ကြီး-၁။

နဝဒတ်, ဂင်္ဂါ သိတာရေမျိုး၊ သောက်ချိုးသုံးဆောင်ကောင်းသော ရေတွင်းကြီး-၁။

အလှမင်္ဂလာ၊ ဖွယ်ရာထူးဆန်း၊ ပန်းဥယျာဉ်ရံ၊ လေးထောင့်ကန် ကြီး-၁။

သျှင်ချစ်ဘုရား၊ အဦးထား၍၊ ရှစ်ပါးအရိယာ၊ သင်္ဃာတော်မြတ်တို့ အား ရည်မှတ်စိတ်စေ၍ပြီးလျှင် သမုတိသင်္ဃာဆရာတော် အရှင်မြတ်တို့ အား ရှစ်ပါး, ဆယ်ပါး, တဆဲ့နှစ်ပါး၊ များပြားပရိက္ခရာ၊ သင်္ဃာတို့၌၊ သုံးထိုက်သမျှ ခေါမ, ရောမ, ဥရောပနှင့်အာရှတိုက်ဖြစ် အသစ်စက်စက်၊ သီးစုံပွင့်စုံနှင်နှင်၊ ပင်ရေပဒေသာ-၅၅။

ထူးခြားနှစ်သိမ့်၊ လွန်တိုင်းငြိမ့်သော ဧးခံတင်ခြင်ရုံပါ-၅၅။

သူတော် သီလသည့် အပေါင်း၊ သုံးကောင်းသမျှ၊ ပရိက္ခရာစုံပင်ရေ ပဒေသာ-၁၂။

အထီးကပ္ပနာ၊ လာလာသမျှ၊ ဒုက္ခိတဟူ၊ လူယောက်ျား၊ လူမိန်းမ တို့အား၊ မရမငြ၊ မရှိစေရ၊ ဝေငှပေးကမ်းရန်၊ ထိုက်တန်ထည်မျိုး၊ပိုးချိပ် ဖဲချိပ်၊ ပိုးပလာ၊ ဖဲပလာသားမွေးအင်္ကျီပါ၊ ဝန်းဝါဆင်စုံ၊ ခြုံထည် စောင် သက္ကလပ်၊ ပိုးချည်-ဝါချည်၊ တည်မျိုးအုပ်မျိုး ဖြိုးဖြိုးအံ့ခြီး၊သီးစေ အပ်သော ပင်ရေပဒေသာ-၅ဝ။

ရန်မြစ်ခုတ်လှည်း၊ ဂုန်သည်းကြေညာ၊ တေဇော်အာဏာ၊ ဇေယာ ရန်ဖြို၊ မြောက်ဒဝယ်သေနတ်ဗိုလ်၊ အောက်မားဝန်၊ ရနောင်မြို့စား၊ မင်းသားနှစ်ပါးရင်နှစ်၊ ဂုဏ်ရည်သစ်သော၊ မြေးစစ်ရတနာနှင့်တကွ၊သူ တပါးတို့သားရင်း မြေးစစ်ဖြစ်သူတို့ပါ၊ သာသနာမွေ၊ ခံထိုက်စေဟု၊ ရည်မှတ်ပြုသော၊ သဗ္ဗမင်္ဂလာ၊ သာမဏေကျော်-၁၅။

ဘုရားသာသနာ၊ လွန်စွာထွန်းလင်း၊ ခြေမြစ်စီမံ၊ ဥပသမ္ပဒကံ၊ နက်စံ ခြီးမြှောက်၊ ထောက်ပင့်အပ်သော၊ ရဟန်းလောင်းတော်-၅။



ထူးခြားရှေးကံ၊ ကြံကြံခံ၍၊ ဖြိုးလျှံကုသိုလ်၊ မယွင်းယိုသော၊ မြောက် ဒဝယ်သေနတ်ဗိုလ်၊အောက်မားဝန်၊ ရနောင်မြို့စား၊ မင်းသား, သူရဲဝန် ကျပင်းမြို့စား မင်းသား, နှစ်ပါးရွှေနှိုင်း၊ ကသိုဏ်းမျက်ရှု၊ ဝတ်စုသိင်္ဂီ၊ နာရကီဇမ္ဗူရာဇ်၊ ရွှေဦးသစ်ကဲ့သို့၊ အညစ်အကြေး၊ မြူမှေးမတင်၊ သန့် စင်အသီး၊ ရှုမညီးသော၊ သမီးရတနာ၊ မြေးနှစ်ဖြာတို့ကို၊ မင်္ဂလာပည်၊ အပ်ရွှေပွင့်တံ၊ နှစ်ပုံဆင့်ကို၊ ပန်စေပြီးလျှင် ပရိသတ်ပွဲပြင်၊ စီရင် ခင်း ကျင်း၍၊ *ဂေါစာ သက္ကရာဇ် ၁၂၄၃-ခု၊ တန်းဆောင်မုန်း လပြည့် ကျော် ၃-ရက်နေ့နံနက်၊ စဉ်းလက်ဂြိုဟ်တန့်၊ သန့်သောအခါ၊ သုံး တန်စေတနာ၊ သဒ္ဒါပြဋ္ဌာန်း၊ စိတ်ရွှင်လန်း၍၊ လှူဒါန်းကောင်းမှု- ပြုပါသည်။

ဤကောင်းမှုကြောင့်၊မဂ္ဂဖလဋ္ဌာန်၊နိဗ္ဗာန်အထွတ်ရောက်လိုသောဝ်။ ။ ဘဝများစွာ၊ သံသရာလည်း၊ ပါရမီဆယ်ပါး၊ တရားတမွတ်၊ ဆောက် လိုသောဝ်၊ ဆုတောင်းပဏ္ဏာနှင့်တကွ၊ ဝသုန္ဒရာ၊ ကမ္ဘာမြေစောင့် နတ်အား၊ ရေစက်သွန်းချ၊ တိုင်တန်းပါသည်။ ။ဤကောင်းမှုအတိုကို လည်း၊ တမလွန်ကျိုးပေး၊ ဘိုးဘေးဘခင်၊ အသျှင်နှစ်ပါး၊ အဦးထား ၍၊ ၃၁-ဘုံဝေနေယျတို့ပါ၊ ဆရာသခင် အသျှင်တို့အား၊ သီးခြားငှဝေ၊ သပြေ-အောင်ချက်၊ ကနက်ဖွင့်ဖွင့်၊ ရိပ်ကြာဘွင့်သည်၊ ရာမင့်သခင်၊ အသျှင်နှစ်ပါးအား၊ အဦးထား၍၊ ၃၁-ဘုံဝေနေယျတို့အား၊ အမျှပေး ဝေပါသည်... အမျှရကြသည်ဖြစ်စေသောဝ်။

ငင်းနည်းဆုတောင်းစာများတွင် မြောက်ဒဝယ်ဗိုလ်က ရေနံကြောင်းမြို့စား ဝန်ကြီးဖြစ်သူ ကွယ်လွန်ပြီးနောက် ငင်းဝန်ကြီးကတော်က လှူသော အလှူ အတွက် ရေစက်သွန်း ဆုတောင်းစာ-စာကိုယ်ကို ပြဆိုချက် ပြီးပြီ။

---

* ဂေါ-ဟူသည်ကား....သည်နေရာ၌ ဂေါ အနက် ၁၅-ချက်တွင် ပုလ္လိန် အနက် ၇-ချက်မှာပါသော နေ, လ, နက္ခတ်တာရာ စသည်တို့ကို ယူရ သည်။ စာရအနက်မှာ-လှည့်လည် သွားလာခြင်းပင်တည်း။ သည်ကို ရည်၍ နတ်သျှင်နောင်ဘွဲ့ခံဝန်ကြီးပဒေသရာဇာရေးသော ဟိတကာရီ ပျို့တွင် "သက္ကရာဇာ၊ဂေါစာတည်မှတ်" ဟူ၍ ဖွဲ့ထားစပ်ဆိုသည်။

၁၃၇–ကဗျာဘွဲ့ရာ လိုက်နာဆောင်ရွက် နှုတ်တက်ကျက်မှတ်ကြစေလိုသော ဥယျောဇဉ်ရေးရှု၍ ဥပဒေသသံပေါက်လင်္ကာပုဒ်ရေ ၁၇၅–ကို ပြဆိုချက်

၁၊ ကဗျာဘွဲ့ရာ၊ လိုက်နာရာ၊ လိုရာဆီနှစ်–ညှစ်ထုတ်မည်။
၂၊ မူလကျမ်းပါ၊နောက်ဆက်ပါ၊ ပါရှိတိုင်းသော်ကျယ်လွန်းသည်။
၃၊ ကျယ်ဝန်းသမျှ၊ အဝဝ၊ နှုတ်ရကျက်ရန်ခဲယဉ်းသည်။
၄၊ လိုရာကိုကောက်၊ ချက်ဆစ်လောက်၊ သံပေါက်ကဗျာ ဘွဲ့ဆိုမည်။
၅၊ သံပေါက်ကဗျာ၊ ဘွဲ့သည်မှာ၊ အာဂုံဆောင်ရန်လွယ်ဘို့ရည်။
၆၊ မြန်မာကဗျာ၊ ဘွဲ့သည်ခါ၊ ပါသ–ကဏ္ဍ ညီရမည်။
၇၊ ပါသကဏ္ဍာ၊ ပြပုံမှာ၊ ပါဠိသက္ကတမှုပြုသည်။
၈၊ ပါဠိမှာလည်း၊ ကလာပ်နည်း၊စောင့်စည်းလိုက်နာပြမှာသည်။
၉၊ မြန်မာ, မာဂဓ၊ သက္ကတ၊ ဒေါသ–မပါ ကဗျာမည်။
၁၀၊ ယင်း သုံးမျိုးမှာ၊ စဉ်သင့်စွာ၊ အောက်ပါအတိုင်းခေါ်ကြသည်။
၁၁၊ စကားပြေလင်္ကာ၊ နှစ်ထွေပါ၊ မြန်မာသုံးစား ခေါ်ကြသည်။
၁၂၊ လင်္ကာစကားပြေ၊ တွဲပါချေ၊ နှစ်ထွေအစပ်ကဗျာမည်။
၁၃၊ အထောင့်ကင်းချေ၊ စကားပြေ၊ ပဝေဏီကခေါ်ကြသည်။
၁၄၊ နိဿယရေးရာ၊ ပါဠိမြန်မာ၊ပါပုံ–စကားထောင့် ခေါ်ကြသည်။
၁၅၊ စကားပြင် † ကဗျာ၊ ခေါ်သည်မှာ၊ နိုင်မာစာမဲ့ခေါ်ကြသည်။
၁၆၊ ပဇ္ဇ, ဂဇ္ဇ၊ ဝိမိဿ၊ သုံးဝပါဠိခေါ်ကြသည်။
၁၇၊ ပဒျး၊ ဂဒျး၊ မိတ်ဆရး၊ သုံးပါးသက္ကတခေါ်ကြသည်။
၁၈၊ လင်္ကာကိုသာ၊ သိုးဆောင်းစာ၊ ကဗျာခေါ်လေ့ရှိကြသည်။
၁၉၊ *(၁)ကာဗျအင်္ဂါ၊ (၂)အလင်္ကာ၊ (၃)ပါသကဏ္ဍကြည့်ရမည်။
(ကာဗျအင်္ဂါကျမ်းမှာ ကလာပ်ရေးနည်းနှင့် ရှိသည်။)
၂၀၊ ထိုသုံးကျမ်းတွင်၊ မပါလျှင်၊ ဆင်ခြင်စဉ်းစားသင့်တော့သည်။
၂၁၊ လင်္ကာမိပ္ပါ၊ ဆင်တန်ဆာ၊ ပါဠိဝေါဟာဖြစ်ပေသည်။
၂၂၊ ကိုယ်ဆင်တန်ဆာ၊ နားတန်ဆာ၊ တန်ဆာရှိမှ လင်္ကာမည်။

† ပြင်၏ မိပ္ပါယတ္ထအရှိကို ဝိစာရပြုသင့်သည်။ ။စကား၏ အခဲအပျဉ် ဖြစ်လျှင် ပစောက်ယပင့်ညထတ်နှင့်ရေးသော် ဆီလျော်ရန် ရှိလိမ့်မည်။ ကဝိလက္ခဏာ သတ်ပုံတွင်–"အနှ,အယဉ်၊ ခဲအပျဉ်၊ စီစဉ်ပျိုနနယ်" ဟု လာသည်။



၂၃၊ စကားပြေစာ၊ ပြစ်ကင်းကွာ၊ ကဗျာအစစ် ဖြစ်တော့သည်။
၂၄၊ အပြစ်ကင်းကွာ၊ ယင်းကဗျာ၊ တန်ဆာဆင်ပြီးဖြစ်တော့သည်။
၂၅၊ မိန်းမချောမှာ၊ စွဲးနူနာ၊ ပြစ်ပါကဗျာတူတန်သည်။
၂၆၊ ပြစ်ကင်းသူတွင်၊ တန်ဆာဆင်၊ ရှုမြင်လိုသူ ပေါများသည်။
၂၇၊ ကဝိလေးပါး၊ ဘွဲ့စာများ၊ အားလုံးကဗျာခေါ်ရသည်။
၂၈၊ မြန်မာ မာဂဓ၊ သက္ကတ၊ သုံးဝ–ပြနည်းတူကြသည်။
၂၉၊ သုံးကျမ်းအလို၊ * အသံကို၊ ရှည်တိုလိုရင်းဘွင့်ပြသည်။
၃၀၊ ကာဗျအင်္ဂါ၊ ကျမ်းအလာ၊ *သဒ္ဒါအသံ မှုထားသည်။
၃၁၊ သိမ်မွေ့ခြင်းရာ၊ နားတန်ဆာ၊ သဒ္ဒါအသံဘော်ပြသည်။
၃၂၊ ကာဗျအင်္ဂါ၊ နားတန်ဆာ၊ ပါဠိနည်းကလိုက်ရသည်။
၃၃၊ ကျမ်းသုဗောဓာ၊ နည်းလမ်းမှာ၊ သဒ္ဒါ–လင်္ကာရ ပါရှိသည်။
၃၄၊ မြန်မာနည်းမှာ၊ အသံသာ၊ လိုရာစပ်နည်း ဘော်ပြသည်။
၃၅၊ ကဗျာဘွဲ့ရာ၊ နည်းလမ်းမှာ၊ ဘာသာသုံးရပ် တူညီသည်။
၃၆၊ သက္ကတနှင့်သာ၊ ပါဠိပါ၊ မြန်မာသုံးရပ် တူညီသည်။
၃၇၊ သုံးနည်းလုံးမှာ၊ မတြာ၊ လိုရာအရင်းထားကြသည်။
၃၈၊ ရှည်တိုမှတ်ရာ၊ အသံသာ၊ မတ္တာ-ပါဠိနည်းရှိသည်။
၃၉၊ ကာရန်သောဥဿ်၊ စတုဆဉ့်၊ ဆုံးဖြတ်အသံရည်ရွယ်သည်။
၄၀၊ ကာရန်မှတ်ရေး၊ခြောက်ဆယ့်လေး၊ရေးနည်းတရပ် ဘွင့်ပြသည်။

* ကာဗျအင်္ဂါကျမ်း၊ ပေစာ–ဝီချပ်တွင်.... ဧပ္ပါယယံဇေ့ျာတိံ– သဒ္ဒါဟူသော တောက်ပခြင်း... ဟူ၍၎င်း, ပရမကဏ်ရသ်ယနာနိ– မြတ်သောနားတန်ဆာ... ဟူ၍၎င်း, ၎င်းကျမ်း၄–ချပ်တွင်....သဒ္ဒါလင်္ကာ ရိတံ–ကောင်းသောအသံဖြင့် တန်ဆာဆင်သော အလင်္ကာလည်း ဟိဓ သော... ဟူ၍၎င်း, ၎င်းကျမ်း ၀ဲ–ချပ်တွင် ဓြပ္ပမ်ဧဝ–နာအပ်သလျှင် ကတည်း... ဟူ၍၎င်း လာရှိသည်။ အလင်္ကာကျမ်းမှာလည်း သဒ္ဒါ လင်္ကာရဟု ဘော်ပြသည်။ သည်နေရာဘွင် (သဒ္ဒါ) ကို အသံဟူ၍ ယူရသည်၊ သဒ္ဒါဟူသော ဝေါဟာရ၏အနက်မှာ အသံကို၎င်း, ပါဠိ သဒ္ဒါကို၎င်း အကြောင်းသင့်ရာ ယူရသည်။ မြန်မာနည်း ကဗျာဘွဲ့ရာ မှာလည်း ကာဗျအင်္ဂါကျမ်း အလင်္ကာကျမ်းကိုမှီ၍ ကာရန်ကြီး၁၆၊လဟု သံ ၂၈၊ ဒီဃသံ ၃၆၊ ၂-ရပ်စပ်နည်းအသံကာရန် ၆၄–ကို အရေးယူ ပြီးလျှင် အသီးအသီး လိုက်နာရာသည်။ သည်ကိုရည်၍ ကဝိကဏ္ဍပါသ

ကျမ်းပြုဆရာ ရခိုင် ရှင်မဟာသီလဝံသက ပြမှာသော မြန်မာလင်္ကာတွင်- "ဂီတမတြာ၊ သံသာတိုရှည်၊ သုံးမည်ကရိဏ်း၊ ပြသပိုင်းသား၊ ဂိုဏ်းဝင် ဌာန်ညီ၊ နာဒိချင်ဘွယ်၊ ကျဉ်းကျယ်ကြောင်းတူ၊ သံတူကြောင်းကွဲ၊ သံလွဲ ကြောင်းတူ၊ ဆိုမှုနိယံ၊ အသံဘုံးပါး၊ သံဖျားသံလတ်၊ သံရင်းခတ်လျက်" ဟူ၍၎င်း,... "ရခိုင်ဘုံချာ၊ ဘုန်းညွန့်ဖြာမည်၊ ချိန့်ငုံရည်သား၊ ချစ်ကြည် ကြင်ဘော်၊ မောင်ရှင်ကျော်" ဟူ၍၎င်း,... "ကျမ်းဆိုကဗျာ၊ ဘွဲ့စီရာ၌၊ လိမ်မာစိမ့်အား၊ ရှင်ကိုကြားသည်" ဟူ၍၎င်း အသီးအသီး လာရှိ သည်။ အသံပြောင်းနည်းအတိုင်း လိုက်နာလျှင် (မောင်ရင်ဂျော်)ဟူ၍ ဘတ်ရမည်။

၄၁၊ ဂရုလဟု၊ လိုက်နာမှု၊ စတုဆဌ ဘွင့်ပြသည်။
၄၂၊ ခြောက်ဆဲ့လေးရပ်၊ နည်းနှစ်ထပ်၊ စပ်နည်းအမှန် လိုက်ရမည်။
၄၃၊ ကာရန်မူလ၊ သောဠသ*၊ ဇောဆ † ကာရန် ကွဲးရမည်။
၄၄၊ အဋ္ဌာဝိသ၊ လဟုပြ၊ ဒိဃဆတ္တိန်း ကွဲးရမည်။
၄၅၊ လင်္ကာအချင်း၊ ဘွဲ့တုံလျှင်း၊ ယင်းနည်းနှစ်ထပ် လိုက်ရမည်။
၄၆၊ ရတုရေးနည်း၊ ဆဲ့ရှစ်လည်း၊ သိပ်သည်းကျန တတ်ရမည်။
၄၇၊ မှာတမ်းနှင့်သာ၊ မေတ္တာစာ၊ ကွဲးပါသည်ကို သိရမည်။
၄၈၊ ချစ်ကြိုက်မှာတမ်း၊ ရေးနည်းလမ်း၊ ကျွမ်းကျင်ခွဲးခြားတတ်ရမည်။
၄၉၊ မင်းသုံးမှာတမ်း၊ ရေးစည်းကမ်း၊ နည်းလည်းကိုလည်း သိရမည်။
၅၀၊ မှာတမ်းခေါ်ပုံ၊ တူကြရုံ၊ အာဂုံရေးနည်း ကွဲးလွဲးသည်။
၅၁၊ ရတုမေတ္တာစာ၊ ရေးနည်းပါ၊ သညာ ဆဲ့သုံးမှတ်ရမည်။
၅၂၊ သက်သက်မေတ္တာစာ၊ ရေးနည်းမှာ၊ ဒွါဒသထုံးတတ်ရမည်။
၅၃၊ ရွတ်ဆိုနည်းရှိ၊ မသိဘိ၊ ရိတိဖြတ်နည်း ခဲးယဉ်းသည်။
၅၄၊ သံနုသံငေါ၊ခွဲးထားကျော်၊ ကြည့်သော်သံပြောင်း တတ်လိမ့်သည်။
၅၅၊ အတ္တနောမတိ၊ ဆိုရေးမိ၊ အသိကျန်သူ ဖြစ်တော့သည်။
၅၆၊ မှားပြစ်ရှိမူ၊ ဝန်ခံသူ၊ ရှင်လူကဝိ ဖြစ်တော့သည်။
၅၇၊ မှားသည့်အချက်၊ ဆင်ခြေထွက်၊ တိုးတက်တတ်ရန်ခဲးယဉ်းသည်။
၅၈၊ ဆရာမိန့်သံ၊ မှတ်ကြိုးနှံ၊ သည်းခံနိုင်မှ ကဝိမည်။
၅၉၊ ထူးသတိပြု၊ လိုက်နာမှု၊ ယခုအောက်က စံပြုမည်။

* သောဠသမှာ ကာရန်ကြီး ၁၆-ကို ဆိုလိုသည်။
† ဇောဆမှာ ကာရန် ၆၄-ကို ဆိုလိုသည်။



၆၀၊ အင်္ဂလိပ်ဝေါဟာ၊ အယ်ဒီတာ၊ မြန်မာကဝိတူတန်သည်။
၆၁၊ စာလုံးပေါင်းနည်း၊ မလိပ်လည်း၊ သိပ်သည်းမှန်မှ ကဝိမည်။
၆၂၊ နည်းထုံးမသိ၊ စိတ်ကိုးဘိ၊ ကဝိအတုဖြစ်တော့သည်။
၆၃၊ မြန်မာဘက်မှာ၊ ကျွမ်းနိုင်ကာ၊ ပါဠိဘက်မှာ နိုင်ခဲးသည်။
၆၄၊ ပါဠိဘက်မှာ၊ နိုင်ပြန်ပါ၊ မြန်မာဘက်မှာ နိုင်ခဲးသည်။
၆၅၊ အင်္ဂလိပ်မြန်မာ၊ ပါဠိပါ၊ ကောင်းစွာပိုင်သူ ရှားသေးသည်။
၆၆၊ စာလုံးပေါင်းမှ၊ မမှန်က၊ မူလရင်းမြစ် လွဲးတတ်သည်။
၆၇၊ ရှေး "ကံ" ရေ "ကန်"၊ ထိုနှစ်တန်၊ ရေးဟန် စံထားသိသင့်သည်။
၆၈၊ ယခုခေါ်ကြ၊ ဝေါဟာရ၊ ရှေးကနည်းမှ ကွဲးတတ်သည်။
၆၉၊ ခေါ်နည်း ရေးနည်း၊ ဘတ်ရွတ်နည်း၊ ရှေးနည်း နောက်နည်း စုံသင့်သည်။
၇၀၊ တမျိုးတည်းမှာ၊ နည်းစုံစွာ၊ ဆိုင်ရာကုန်အောင် တတ်သင့်သည်။
၇၁၊ ပညာတပါး၊ စေ့စုံပြား၊ အခြားပညာ လွယ်လင့်သည်။
၇၂၊ ကာ, နှစ်, ကောင်းဆိုး၊ ဆုံးမရိုး၊ လူမျိုးတိုင်းပင်ရှိကြသည်။
၇၃၊ အကောင်းဟူသမျှ၊ တူညီကြ၊ လောကထုံးစံဖြစ်တော့သည်။
၇၄၊ အတတ်ပညာ၊ သင်နည်းမှာ၊ မြန်စွာတတ်အောင်သင်သင့်သည်။
၇၅၊ ရှည်တိုနှစ်ပြင်၊ သင်နည်းတွင်၊ လျှင်တိုးတက်သင်သင့်သည်။
၇၆၊ အဘာကိုပစ်၊ ဆီအနှစ်၊ စင်စစ်ယူနည်း သိသင့်သည်။
၇၇၊ ကျမ်းဂန်ပေစာ၊ မြောက်မြား*စွာ၊ အကာအနှစ် သိသင့်သည်။
၇၈၊ အင်္ဂလိပ်အက္ခရာ၊ ရေးနည်းပါ၊ မြန်မာစာလည်း သင်သင့်သည်။
၇၉၊ အင်္ဂလိပ်စာ၊ ခုခေတ်ခါ၊ နတ်စာမျိုးတွင် ပါဝင်သည်။
၈၀၊ အင်္ဂလိပ်စာ၊ မတတ်ပါ၊ သညာ ပညာစုံခဲးသည်။
၈၁၊ မြန်မာပြည်မှာ၊ မြန်မာစာ၊ မြန်မာထုံးနည်းသိနိုင်သည်။
၈၂၊ ကဝိပြီစွာ၊ မည်လိုပါ၊ ဤစာညီအောင် ကျင့်ရမည်။
၈၃၊ ကျင့်နိုင်သည့်ခါ၊ မှန်ကန်စွာ၊ ကဗျာတတ်သူ ဖြစ်လိမ့်မည်။
၈၄၊ ဟပ်နည်း စပ်နည်း၊ တီးလုံးနည်း၊ နည်းစုံသိမှ ကဝိမည်။
၈၅၊ ထိနိုက်မငွေ၊ စပ်ဆိုလေ့၊ သိမ်မွေ့ယဉ်ကျေးစေရမည်။

ခွဲးထားကျော်

* မြောက်မြားဟူသည်ကား....အပရိမာဏ အနက်တည်း။ မြောက်မြားဟူသည်ကား "သိသူမြင်ကြား၊ တတ်မြောက်မြားသည်၊ အများမှုးမတ်" ဟုလာ တွင်- "သိသူမြင်ကြား၊ တတ်မြောက်မြားသည်၊ အများမှုးမတ်" ဟုလာ သည်။ ယခုအခါ အချို့ဆရာတို့က မြောက်များဟု ပြုပြင် ရေးသားကြ သည်မှာ ဝိစာရဖြင့် ချင့်ချိန်သင့်သည်။

၈၆၊ ကိုယ်ကိုမြှောက်ကြွ၊ သုန္ဒိမ့်ချ၊ အန္တနယ်ထဲးပါရမည်။
၈၇၊ ပကာသန၊ မဟုတ်က၊ အန္တနယ်ဝင် ကင်းလွတ်မည်။
၈၈၊ အများကျိုးငှာ၊ ဟုတ်မှန်ရာ၊ ကောင်းစွာဘော်ပြ ကင်းလွတ်မည်။
၈၉၊ ဟုတ်မှန်ကျိုးကြောင်း၊ မျိုးစုံပေါင်း၊ ဆိုးကောင်းမှန်ရာ ပြရမည်။
၉၀၊ ရှင်ဝိစိတ္တာ၊ သတ်ညွှန်းစာ၊ ပညာရှိတိုင်း ပယ်ကြသည်။
၉၁၊ ပရမတ်ပညပ်၊ သံနှစ်ရပ်၊ စပ်နည်းဖြစ်ဟန် ကြီစည်သည်။
၉၂၊ မြန်မာစာစု၊ ဂုဏ်ညွှန့်မှု၊ မရှုထိုစာ ပြရှာသည်။
၉၃၊ ခြောက်ဆဲ့လေးရပ်၊ နည်းနှစ်ထပ်၊စပ်နည်းသိသူ ကျန်သေးသည်။
၉၄၊ နည်းကောင်းမသိ၊ လွယ်ကြိုက်ဘိ၊ ပျင်းရိလူညံ့ ဖြစ်တော့သည်။
၉၅၊ အလွယ်ကြိုက်ခါ၊ လိုက်သူမှာ၊ ပညာရည်ညွှံ့ အောက်ကျသည်။
၉၆၊ အထက်နေမင်း၊ လေးကျွန်းတွင်း၊ မလင်းတကျွန်းကျန်ရသည်။
၉၇၊ မသိသေးတာ၊ ပြောပြရှာ၊ များစွာကျေးဇူးတင်သင့်သည်။
၉၈၊ ပြောပြပေးသူ၊ ချစ်ကြည်ဖူး၊ ရှင်လူဆရာမှတ်ရမည်။
၉၉၊ ယခုပြမှာ၊ နက်နဲစွာ၊ ဆရာကျော်တို့နည်းဖြစ်သည်။

## (က) ပါဠိနှင့်မြန်မာ လိုက်နာစပ်ဆိုနည်း ကွဲးပုံ

၁၀၀၊ ပါဠိနှင့်မြန်မာ၊ ထုံးစဉ်လာ၊ တဌာနစီမှတ်ရမည်။
၁၀၁၊ နည်းလမ်းကြွေ့ကြွေ့၊ မစုံစေ့၊ အတွေ့ကျန်သူများတတ်သည်။
၁၀၂၊ အတ္တနောမတိ၊ ကြီစည်ဘိ၊ ယုတ္တိနိုင်မှ ယူရသည်။
၁၀၃၊ ပါဠိသဏ္ဍာ၊မြန်မာမှာ၊ ပြောင်းကာသင်ဆိန်ရေးကြသည်။
(သျှင်မင်းသင်ဆိန်၊ ကျော်စောထိန်သား၊ ပညိန္ဒြေ၊ မြုတေရင့်ပြီး၊ ထေရ်ပေါက်ကြီးတို့။ ။ရှင်သီလဝံသ တန်တားဦးတည်မော်ကွန်း။)

၁၀၄၊ ပါဠိဘာသာ၊ သာရီလာ၊ မြန်မာသာရိရေးကြသည်။
(ငါးရာအတိ၊ ကုဋေရှိသည်၊ သာရိသည်းချာ။ ။ဇနကပျို့။)

၁၀၅၊ မြန်မာသီရိ၊ ရေးမြဲးရှိ၊ ပါဠိသိရိတိမ်ကောသည်။
(စမွယ်သီရိ၊ မြတ်ခေါင်ထိပ်ဟု၊ ဇာတိကောင်းရိုး။ ။ရွှေဟင်းသာမင်းပျို့။ ။"သောင်မိ"-ဆိုရသည်။)

၁၀၆၊ မြန်မာရေးရာ၊ သရေသာ၊ ပါဠိသိရိလွဲးတော့သည်။
(ထိန္နရိက်သပြေ၊ အာကာမွေသား၊ သရေမဋ္ဌ။ ။တောင်ငူဆို။)



၁၀၇၊ အမည်ထွေထွေ၊ ဘွဲ့တပ်လေ၊ သရေခေတ္တရာမြို့ရေးသည်။
(ခေတ္တသရေ၊ ဖြစ်ထမြေငယ်၊ ခံနေဝက်ကြီး၊ သတ်ရပြီးသော်။ ။ပလိပ်စားဧချင်း၊ ဘွဲ့-ကို ဖွဲ့-မပြင်သင့်၊ လေးလေးတွဲ့တွဲ့၊ လက်တော်ဖွဲ့၊ ရွှေဘွဲ့ထိပ်မှာချည်။ ။ဟု ရှိသည်။)

၁၀၈၊ သရေမင်္ဂ၊ သရေပုညာ၊ သရေသခ်ယာ၊ ဘွဲ့များစွာ၊ မြန်မာ သရေရေးကြသည်။
၁၀၉၊ အနိရုဒ္ဓါ၊ ပါဠိအလာ၊ မြန်မာအနုစီကုံးသည်။
၁၁၀၊ ကျောက်စာဧချင်း၊ ရေးသားခြင်း၊ ထင်လင်းအနုပါရှိသည်။
(လေးစင်းထီးဖြူ၊ ရိညွန့်မှုသား၊ အနုရထာ၊ မင်းမြတ်စွာလျှင်။ ။တပင်ရွှေထီး ဆွေတော်စဉ်ဧချင်း။)

၁၁၁၊ သီလဝံသ၊ ပါဠိအရ၊ သီလဝံသော် စီးကုံးသည်။
(ပညာကျော်လှ၊ သီလဝံသော်၊ ထေရ်မြတ်ကျော်သည်....ထင်ပေါ်မော်ကွန်းမှာခဲ့သော။ ။ကဝိကဏ္ဍပါသလာ-ကဗျာဘွဲ့နည်းလင်္ကာ။)

၁၁၂၊ ဝေသန္တရာ၊ ပါဠိမှာ၊ မြန်မာဝိဝေရေးကြသည်။
"ဖြည့်ပြီးပါရမီ၊ ပြည့်စုံစီလျက်၊ ဝိသန္တရ၊ ဇာတ်တော်မှသည်....ရွှေပြည်ဝန်ခန်း"....အသျှင်တိသာသနဓဇအကျော် ဆရာတော်က အထူးပြဆိုသည်မှာ ပါဠိနှင့်မြန်မာ ဝေါဟာရစုကို သုနေရာနှင့်သူ ခွဲးယူရေးသားရန် ဟုပြဆိုတော်မူသည်။

ပါဠိနှင့်မြန်မာ လိုက်နာစပ်ဆိုနည်း ကွဲးပုံ ပြီးပြီ။

---

## (ခ) ခေါ်နည်း ဘတ်ရွတ်နည်း ကွဲးပြားပုံ

ဝိပလ္လာသ၊ ဝေါဟာရ၊ ဌာနကာလသိရမည်။
၁၁၃၊ အထေ့အဖြတ်၊ သံပြောင်းဘတ်၊ အတတ်တမျိုးသင်ရမည်။
၁၁၄၊ အက္ခရာတူစွာ၊ သံတူကာ၊ မိပ္ပါနက်ကွဲးသိရမည်။
၁၁၅၊ အဓိပ္ပါယ်မှု၊ သဘောတူ၊ သံယူသံထားကွဲးလွဲးသည်။
၁၁၆၊ ရေးသည့်အက္ခရာ၊ မိပ္ပါယ်မှာ၊ လွဲးပါလျက်နှင့် သံတူသည်။
၁၁၇၊ နန်းသံကျောင်းသံ၊ ထိုနှစ်သံ၊ အသံပြောင်းနည်း ကွဲးပြားသည်။
၁၁၈၊ နန်းသံနည်းမှာ၊ ရှည်မြင့်စွာ၊ မြန်မာထုံးစံ ဖြစ်တော့သည်။
၁၁၉၊ နည်းကွဲးများစွာ၊ ရှိလေရာ၊ လိုက်နာ-နန်းနည်းပြဋ္ဌာန်းသည်။
၁၂၀၊

၁၂၁၊ ပြဋ္ဌာန်းချက်မှာ၊ မပါလာ၊ နန်းစာမသုံး ရှောင်ကြဉ်သည်။
၁၂၂၊ ကျောင်းသုံးနည်းမှာ၊ လိုက်နာရာ၊ပါဠိထုံးစံ ဖြစ်တော့သည်။
၁၂၃၊ ပါဠိနည်းမှာ၊ ယခုစာ၊ ချွင်းကာချန်၍ ထားခဲ့သည်။
၁၂၄၊ ချန်သည်ခြင်းရာ၊ ရှင်လူမှာ၊ ပါဠိတတ်သူ-ခုရှိသည်။
၁၂၅၊ နန်းသုံးနည်းမှာ၊ ယခုခါ၊ မိရှာကြသူ နည်းပါးသည်။
၁၂၆၊ မြန်မာဘက်မှာ၊ ခေါဝေါဟာ၊ အောက်ပါနည်းများ ပြောင်း
လွှဲသည်။
၁၂၇၊ ထောက်ထားပေါ့ပြည်း၊ ရှိသော်လည်း၊ နည်းသိရုံမျှ-စံပြမည်။

## (ဂ) "င"နှင့် "န" ပြောင်းတတ်ပုံ

၁၂၈၊ ဝိပလ္လာသ၊ ဝေါဟာရ၊ မဆွလက်ဦးဘော်ပြမည်။
၁၂၉၊ င,န,စ,တ-သတ်သမျှ၊ဟာလွှတ် ဟဆွဲး ပြောင်းလွှဲသည်။
၁၃၀၊ င, န-ပြောင်းကာ၊ လွှဲပုံမှာ၊ အောက်ပါနည်းများ စံဖြစ်သည်။
၁၃၁၊ နောက်ပြည့်ခေါ်ငြား၊ မြန်မာများ၊ မင်းအား မန်း-ဟုခေါ်ကြ
သည်။
၁၃၂၊ ရွှေပြည်ခေါ်ငြား၊ ပုဂံသား၊ ဖန်ခါး-ဖင်ဃားခေါ်ကြသည်။
၁၃၃၊ ပင်းကန်ပင်လည်း၊ ဌင်းနည်း၊ ပြောင်းလှည်းပန်းကန် ခေါ်ကြ
သည်။
၁၃၄၊ ရေတွင်း,ရေးလတ်၊ ရေတွန်းဖတ်၊ ပြောင်းတတ်ထိုနှယ်ပေါများ
သည်။

## (ဃ) 'စ'နှင့်'တ' ပြောင်းတတ်ပုံ

၁၃၅၊ စ,တ-လွှဲးကာ၊ ပြောင်းပုံမှာ၊ အောက်ပါနည်းများ စံဖြစ်သည်။
၁၃၆၊ ယခုအခါ၊ အစ်ကိုသာ၊ ရှေးစာအတ်ကို ရေးကြသည်။

* ကျောက်စာမင်စာများတွင် ညီအတ်ကိုဟု ရေးကြသည်။

၁၃၇၊ ဆုတောင်းခန်းမှာ၊ ပေါက်ပြစ်ပါ၊ ခုခါပေါက်ပြတ်ပြောင်းလွှဲး
သည်။

* ရိရှားပေါက်ပြစ်၊ ဇုတ်သည်ဖြစ်လည်း၊အဘာစ်တည်းတွ....ဟု ဆုတောင်း
ခန်းမှာ ရှိသည်။



၁၃၈၊ နှစ်အစားမှု၊ နတ်ဟုယူ၊ တောင်ငူစာတော် စပ်ဆိုသည်။

ပေါ်နွေလလျှင်-ချီရတုတွင် "တုံနန့်ပန်းသတ်၊ ခြူးနတ်ဆင်ကုံး"ဟု စပ်သည်။ တွင်းသင်းတိုက်ဝန်မင်း သတ်ညွှန်းတွင် စ—ကို တ-ပြုသည်ဟု ဖော်ပြသည်။ နှစ်ဟူသောဝေါဟာရမှာ မြှုပ်ခြယ်ဆင်တပ်ခြင်း၊ နောက်သို့ဆုတ်ခြင်းများကို ဆိုလိုသည်။ဘုရိဒတ် ဇာတ်ပေါင်းတွင်—"ပန်းသီပန်းရစ်၊ ဆင်ကာနစ်လျက်"....ရတုနာကြေးမုံတွင်—"ကွက်မြတ်ရွှေစစ်၊ စီကုံးနှစ်သည်၊ ပြေပြစ်နူးညံ့"ဟုစပ်သည်။ သည်နှစ်များမှာ မြှုပ်ခြယ်ဆင်တပ်ခြင်း—စသော ပြယုဂ်ဖြစ်သည်။

သံဝရတွင်- "အုတ်ကြွပ်ကျောက်စစ်၊ တောင်ကိုပစ်သို့၊ ဆုတ်နစ် ချောကာ" ဟု စပ်သည်။ သည်နှစ်မှာ နောက်ဆုတ်ခြင်း အောက်သို့ကျခြင်း-စသောပြယုဂ် ဖြစ်သည်။

ပ, စ, တ, န, ပြောင်းပုံ စံပြချက် ပြီးပြီ။

---

## (င) အသံအလေးအပေါ့ ပြောင်းနည်းကိုပြဆိုချက်

၁၃၉၊ ပထမက္ခရာ၊ တတိယာ၊ ဒုမှာ-စတုတ်ပြောင်းလွှဲသည်။
၁၄၀၊ ဘမှ ဖသာ၊ ပြောင်းလွှဲရာ၊ နန်းပါလွှတ်ရုံးထုံးစံတည်။
၁၄၁၊ ပြောဆိုသေချာ၊ ရေးသားရာ၊ဗျိုဿျာပြောင်း၍နန်းသုံးသည်။
၁၄၂၊ ဘုန်းဟုရေးကာ၊ ဖုန်းဖတ်ရာ၊ မြန်မာလွှတ်ရုံးနန်းသုံးသည်။
၁၄၃၊ နန်းသုံးတတ်ဘဲ၊ ဗုန်းဘတ်လွဲ၊ ရှက်ကွဲလူထွက် ရှိဘူးသည်။
၁၄၄၊ ဂေါစာမှုမဟောင်း၊ ကောဇာပြောင်း၊ ဂူခေါင်းကူဃောင်းနန်း
သုံးသည်။
၁၄၅၊ ရှိုး-ပြည်ထောင်စု၊ရေးသားမှု၊ခေါင်ဟုပြောင်း၍နန်းသုံးသည်
၁၄၆၊ ပေတင်-ဗေဒင်၊ ပြောင်းသည်မြင်၊ ထီးလျှင်မီးသို့ ပြောင်းလွှဲ
သည်။
၁၄၇၊ မီးစာကောက်သေနတ်၊မပစ်တတ်၊ ရင်ဘတ်ကန်မြီး ထုံးစဉ်ရှည်။
၁၄၈၊ ထုံးနည်းရှိဟန်၊ မသိပြန်၊ ရင်ကန်အင်္ဂါပြောင်းကြသည်၊
၁၄၉၊ ကမ္ဘကတ၊ နည်းမှန်မှ၊ ကမကဌသုံးလွှဲသည်။
၁၅၀၊ ကမ္ဘအမှု၊ ကတပြု၊ ဂရုစိုက်သူ ဆိုလိုသည်။
၁၅၁၊ လက်တွေ့ကြားမြင်၊ ပါးရှားလျှင်၊ ပြုပြင်သုံးစွဲမှားတတ်သည်။
၁၅၂၊ နန်းသုံးစည်းကမ်း၊ ထုံးနည်းလမ်း၊ အရမ်းမဲ့ပြင်မှားတတ်သည်။
၁၅၃၊ သုဝဏ္ဏ၊ ပါဠ်အပြ၊ နေ့ည-နှလုံးသွင်းသင့်သည်။

၁၅၄၊ အနုတိမာနိ၊ ပါဌ်အရှိ၊ မှတ်မိမာနချသင့်သည်။
၁၅၅၊ လမ်းရှိလျက်သာ၊ လမ်းလွဲရှာ၊ လမ်းမှာအပြစ်ကင်းတော့သည်။
၁၅၆၊ ဗျတ္တိရိက်သာ၊ သိရန်မှာ၊ အောက်ပါ ထောက်ထားလိုက်သင့်
သည်။

"ခရီးထင်ကို၊ ဘင်ဘင်မလိုက်၊ အမိုက်တလိုင်း"....ဆုတောင်းခန်း ဆရာတောင်တွင်းရှင်မဟာသီလဝံသ စပ်ဆိုတော်မူသည်၊ တလိုင်းဆိုသည်ကား....တလိုင်းလူမျိုးကိုဆိုသည်မဟုတ်၊ လမ်းရှိသည်ကို မလိုက်ဘဲ လမ်းလွဲလိုက်သူတိုင်း အမိုက်ဆိုလိုသည်။

"အဖြူအမဲ၊ လမ်းနှစ်ကွဲတွင်၊ အမဲလိုက်သူ၊ အပြစ်ထူလျက်၊ အဖြူလိုက်မှာ၊ နည်းပါးစွာ၏"ဟု ကဝိကဏ္ဍပါသဆရာ ရခိုင်ရှင်မဟာသီလဝံသဆို—ဆုံးမစာလင်္ကာတွင်လာသည်။ အမိုက်တလိုင်းကို အချို့က အမိုက်တလှိုင်းဟု ပြင်ကြသည်။ ပေါရာဏဂဏ္ဍိနှင့်မညီ။

## (စ) ဟလွတ်,ဟဆွဲ ပြောလဲပုံကို ပြဆိုချက်

၁၅၇၊ ထောက်ထားဖြင်ပည်း၊ ရှိသော်လည်း၊နည်းယူရန်သာ စံပြသည်။
၁၅၈၊ ဟလွတ်ဟဆွဲ၊ ဌာနကွဲ၊ ပြောင်းလွဲတတ်ပုံ ဘော်ပြမည်။
၁၅၉၊ ဂဏ္ဍိပေါရာဏ၊ ဆရာက၊ မှန်းမှမင်းရွှေဘော်ပြသည်။
၁၆၀၊ ထမင်း,ဟမင်း၊ ပြောင်းလွဲခြင်း၊ယင်းသဘောတွင် ပါဝင်သည်။
၁၆၁၊ အမွေးအမင်၊ စာရေးမင်၊ မင်မှ-မှင်ဟုပြောင်းတတ်သည်။
၁၆၂၊ (ကောင်းမှုတော်ကြီးကျောက်စာတွင် တောင်ဘီလာ ပုဂ္ဂိုလ်ကျော်ဆရာတော်က ရွှေမန်, ငွေမန်ဟု ရေးထိုးသည်။)

## (ဆ) သံပေါ့-သံလေးပြောင်းလဲရပုံကိုပြဆိုချက်

၁၆၃၊ ရေးသည့်အက္ခရာ၊ မိပ္ပါယ်မှာ၊ ကွဲးကာသံတူဘော်ပြသည်။
၁၆၄၊ ပြုပါပြောပါ၊ စားပြီးပါ၊ ဗာပြီးပြောင်းပုံ ထင်ရှားသည်။
၁၆၅၊ ဖြီးမှဘြီးသာ၊ ပြောင်းနည်းမှာ၊ အောက်ပါစပ်ထုံး ငုပ်နေသည်။

ဘူရိဒတ်ဇာတ်ပေါင်းတွင်-"စောင့်ချုပ်အာယု၊ ရေအထုလျှင်၊ ခန်းလုစွာဖြီး၊ သေခါနီးသား၊ သက်ကြီးသူအို" ဟု ရေးစပ်သည်။ ဖြီးကို ဘြီးသံဆိုရသည်၊ ဖြီးအဓိပ္ပါယ်ကား....အားကြီးသည် ဆိုလိုသည်။ ကိုးခန်းတွင်— "မရှည်ခွန့်နီး၊ ကျွတ်ပွဲးဖြီးသား၊ ကျောင်းကြီးဗိမာန်"ဟု စပ်ဆိုသည်။



၁၆၆၊ လွဲးမှားဖျင်းချော်၊ ကင်းလိုသော်၊ အကျော်ခွဲးထားတတ်ရမည်။
၁၆၇၊ ထုံးနှင့်နှုန်းစံ၊ သက်သေခံ၊ နက်တံဗျုပ္ပတ်သိလိမ့်မည်။
၁၆၈၊ အထွေအဖြတ်၊ သံပြောင်းဘတ်၊ တတ်ကြစေရန် စံပြမည်။
၁၆၉၊ အိီးကာရန္တ၊ အိဆိုရ၊ အာ-မှ အ-ပြောင်းထွေနည်းမည်။

ဘူရိဒတ်ဇာတ်ပေါင်းတွင်—"ဇရာဆိုးရို၊ အိုလေဗြို့က၊ ရှိသည့်ငါ့လက်"ဟု စပ်သည်၊ အိီးကိုအိဆိုရသည်။ ၎င်းတွင်ပင်—"ခန္ဓာပင်ဆွေး၊ မရောက်သေးသာ၊ ငယ်သွေးတန်းစို"....သားအစား သ—စပ်ဆိုသည်။

၁၇၀၊ အထက်တန်းမှာ၊ ပါနိုင်ရာ၊ကဗျာဘွဲ့နည်း ပြီးတော့သည်။
၁၇၁၊ ကဗျာယာဂု၊ ဆိုကျိုပြု၊ လွတ်မှုနိန္ဒခဲးယဉ်းသည်။
၁၇၂၊ လွတ်လိုသူမှာ၊ ယခုစာ၊ ကောင်းစွာအရကျက်ရမည်။
၁၇၃၊ ကဝိဂုဏ်မြောက်၊ တဦးလောက်၊ ငြီးမြောက်မှုသာ လိုက်သင့်
မည်။
၁၇၄၊ လူညံ့စိတ်ဖြင့်၊ ကဲ့ရဲ့လင့်၊ မြူလွင့်ပုံသို့တူလိမ့်မည်။
၁၇၅၊ လေညာရှေးရှု၊ လွင့်သောမြူ၊ လွင့်သူသို့သာ ရောက်လိမ့်မည်။

ကဗျာဘွဲ့ရာလိုက်နာဆောင်ရွက် နှုတ်တက်ကျက်မှတ်ကြစေလိုသော
ကဗျာဘွဲ့ရာလိုက်နာဆောင်ရွက် ဥပဒေသ သံပေါက်လင်္ကာပုဒ်ရေ
ဥယောဇဉ်ရေးရှု၍ ဥပဒေသ သံပေါက်လင်္ကာပုဒ်ရေ
(၁၇၅)ကို ပြဆိုချက် ပြီးပြီ။

---

၁၃၈–ကျွန်ုပ်တို့၏အတ္ထုပ္ပတ္တိကို သိလိုသည်ဟူ၍ ဘုရားဖြူဆရာတော်
မိန့်ချက် စကားအတိုင်း ရေးသားသောလက်ခံ

ဘုရား....

ဆရာတော်သိရှိရန် တပည့်တော် ဒါယကာကြီးနှင့် ဒါယိကာမကြီးတို့ ဆွေစဉ်မျိုးဆက် ဆင်းသက်ပုံဇယားနှင့် တပည့်တော်တို့ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ကို ရေးသားပို့ဆက်ပါသည်ဘုရား။

တပည့်တော်ဒါယကာကြီးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်မှာ ၁၂၂၃-ခုတွင် နန်းတော်အနောက် ရန်နည်တံခါးလမ်းမတော်ကြီးတွင်မွေးဘွားပါသည်၊ သုံးဆယ်မင်းသား အိမ်တော်ကို ကျော်ဘက်, မက္ခရာမင်းသားအိမ်တော်ကိုမျက်နှာပြုသော စကြောအိမ်သည် မွေးဘွားရာဌာနဖြစ်ပါသည်။ မွေးဘွားပြီးနောက် အသက် ၃-နှစ်ကျော်၍ ၄-နှစ်ဝင်လျှင် အိမ်တွင် စာသင်ပါသည်၊ ၉-နှစ်ရှိလျှင် အမရပုရမြို့ ဘုံကျော်တိုက်တွင် ကျောင်းသားအဖြစ်နှင့် စာသင်ပါသည်၊ အသက် ၁၁-နှစ်အဝင်တွင် ရှာသာမဏေပြု၍ စာသင်ပါသည်။ဘုံကျော်ဆရာတော်ကြီး,ဆရာတော်ကလေး ၂-ပါးထံ ဆည်းကပ်သင်ကြားပါသည်။ ဘုံကျော်ဆရာတော်ကြီးသည် ၁၂၃၅ ခုနှစ်တွင် ဘဝပြောင်းပါသည်။

၁၂၃၅–ခုနှစ် မန္တလေးမြို့ ဘုံကျော်တိုက်သစ်သို့ ဘုံကျော်ဆရာတော်ကလေးပါ ပြောင်းကြပါသည်။

၁၂၃၆–ခုနှစ်တွင် ထင်ရှားကျော်စောခြင်း ပထမစ၍ ဖြစ်ပါသည်။ ၎င်းအချက်မှာ ကင်းဝန်မင်းကြီးရေးသော အဠသံခေပ ဓမ္မသတ်လင်္ကာ ၇၂–ပုဒ်ကို နှုတ်တက်အာဂုံ ဆောင်ရုံမက အထွက်အတက်နှင့် အနက်အဓိပ္ပါယ်ကို ဆရာတော်ဘုရား သင်ကြားထားသည့် အတိုင်း ကင်းဝန်မင်းကြီးရှေ့တွင် ပြန်ဆိုဖြေကြားနိုင်သည့်အတွက် ကင်းဝန်မင်းကြီးက ချီးမွမ်းစကား ပြောကြား၍ ထင်ရှားပါသည်၊ အသက် ၁၅–နှစ်မှာ ရှင်လူထွက်၍ နန်းတော်အတွင်း ရှေ့တိုက်ဘက်တွင် ဝင်ရောက် ရှေ့တိုက်အတွင်းဝန်တောင်ခွင်မြို့စားမင်း လက်အောက် လက်ဦးထမ်းရွက်ပြီးလျှင် အခွန်ရုံး, လယ်ရုံး, ဖြူးတိုက်တော်, လွှတ်တော်များမှာ မြန်မာမင်း ၂-ဆက် အသက် ၂၃-နှစ်ထိ စာရေးတော်အရာနှင့် ထမ်းရွက်ပါသည်။



ဒုတိယအချက်တွင် ထင်ရှားကျော်စောသည်မှာ သီပေါဘုရင် မင်းမြတ်လက်ထက် ၁၂၄၂-ခုနှစ်တွင် ဇေတဝန်ဆောင်တော်အတွင်း ကျင်းပသော စာရေးတော် စာမေးပွဲ ဝင်သမျှအရပ်ရပ်တွင် သတ်ပုံသတ်ညွှန်းဘက်က ပထမရသည့်အတွက် အသက် ၁၉–နှစ်မှာ (နော်ရထာကျော်ထင်ဘွဲ့) ရပြီးလျှင် ထင်ရှား ကျော်စောပြန်ပါသည်။

အသက် ၂၃-နှစ်ကစ၍ ၂၆-နှစ်တိုင် အင်္ဂလိပ်မင်း လက်အောက် မန္တလေးလွှတ်တော်တွင် မြန်မာအရာရှိကြီးများနှင့်အတူ ထမ်းရွက်ပါသည်။

အသက် ၂၇-နှစ်ကစ၍ ၃၃–နှစ်တိုင် မြန်မာနိုင်ငံတော် အတွင်းဝန်ကြီးရုံး စာတော်ပြန်ဌာနနှင့် ကျောက်စာဌာနတွင် ထမ်းရွက်ပါသည်။

အသက် ၃၃-နှစ် ၆–လကစ၍ ပုဂံတွင် မြို့အုပ်ရာထူးနှင့် ထမ်းရွက်
ခဲ့၊ အသက် ၃၆–နှစ်တွင် A.T.M. ဘွဲ့ရပါသည်။ အသက် ၄၄–နှစ်
တွင် ခရိုင် ပုဂံနယ်ပိုင်ဝန်ထောက်လုပ်ရပါသည်၊ အသက် ၄၆–နှစ်
ကစ၍ နယ်ပိုင်ဝန်ထောက် အမြဲလုပ်ရပါသည်။ အသက် ၄၉–နှစ်တွင်
ဒေလီသို့သွားရောက်, ဂျော့ဘုရင်မင်းမြတ်ရှေ့တော်သို့ ဝင်ရပါသည်၊
အသက် ၅၂–နှစ်တွင် K.S.M.ဘွဲ့ရပါသည်။ အသက် ၆၀-အဝင်တွင်
ပင်ရှင်ယူပါသည်။သို့ရာတွင် ပင်ရှင်ပေးထားပြီး ပင်ရှင်အမိန့်ကိုပယ်ဖျက်
၍ အတွင်းဝန်ကြီးရုံးတွင် မြန်မာလွှတ်တော် အမှတ်အသားများကို
အထူး အလုပ်ဝတ်တရားနှင့် ထမ်းရွက်ရပြန်ပါသည်။

အသက် ၆၃-နှစ်ခွဲ့တွင် အထူးဝတ်တရားပြီး၍ ပင်ရှင်လုံးလုံးယူပါ
သည်၊ အသက် ၆၄-နှစ်တွင် မြန်မာနန်းတော်အမှတ်အသားများခွဲခြား
၍ လိုသည်များဝယ် ရွေးချယ်ခြင်းကို မေတ္တာရှိ လုပ်ပေးရပြန်ပါသည်။
အသက် ၆၅-နှစ်မှာ ယူနီဘာစီတီ ကျောင်းတော်ကြီးတွင် မြန်မာဆရာ
ကြီးအဖြစ်နှင့် တနှစ်တိတိလုပ်ခဲ့ရာက မမာသည်အတွက် ထွက်ခဲ့ပါသည်

ဘုရား။

မှတ်ချက်....မင်းတရားကြီးဟု အတိုရေးလျှင် ပဥ္စမသင်္ဂါယနာတင် မန္တ
လေးပထမမြို့နန်းကိုတည်ထောင်တော်မူသော မင်းတရားကြီးကို ဆိုလိုပါသည်

ဘုရား။

## တပည့်တော်ဒါယကာကြီး၏ အမိဘက်ဆွေစဉ်မျိုးဆက်ပုံဇယားဘုရား

မင်းကြီး မဟာမင်းထင်သိဒ္ဓိရန်အောင် ဘွဲ့ခံ-ဦးနု၊
ရာထူးကား-မြေဒူးမြို့စား သင်းသေနတ်ဗိုလ်။

မဟာမင်းလှသင်္ခယာဘွဲ့ခံ-ဦးမင်းရာ၊
ရာထူးကား—တိုက်ကျုန် ၁၀-ရွာစား အသုံးစာရေး *။

သမီး-မဝါ၊
(လင်)မဟာမင်းခေါင်ရာဇာဘွဲ့ခံ-ဦးဘဲ၊
ရာထူးကား-အသုံးစာရေး*, စာဆိုတော်
ကောင်အင်းတိုက်စား။
ယခုနောက်ဆက်တွဲအဝှန်းဂဏန်းစဉ် (၁၂၃)
မှာ ပါသော ညည်းချင်းကြည့်ပါ။

သား-မောင်မောင်၊
ရာထူးကား - စာတော်ဘတ်,
စာဆိုတော်,စောင်းဆရာ။

သမီး-မစော၊ (လင်-မဟာမင်းလှသင်္ခယာဘွဲ့ခံ ဦးမောင်။)

၁ သား-ဦးတင်၊ (ဒါယကာကြီး)။

၂ သမီး-ခင်ခန့်၊ (မိန်းမစာဆို)။

* အသုံးစာရေးဟူသော ရာထူးမှာ ကွမ်းသွေးပေါက်ရ လွှတ်တော်အရာရှိတွင် အဝင်အပါဖြစ်သည်။ အင်္ဂလိပ်နည်း နှိုင်းစာလျှင် အင်ဂျင်နီယာနှင့်တူတန်ရာသည်။ ပါဠိဘာသာမှာ မောဟုတ္တိကခေါ်သည်။ ။ရာဇသေဝက တွင်....လောကစာရိတ္တဝိညူစ-လောက၏ အလုပ် အဆောင် အလေ့အကျင့်တွင် ကျွမ်းကျင် လိမ္မာထသော၊ တံတံကမ္မန္တသိဒ္ဓိကော-ထိုထိုအမှုကိစ္စကို ပြီးပြေအောင်လည်း ရွက်ဆောင်နိုင်ထသော၊ နိကာမောစေဝ—အလိုရမ္မက်လည်းနည်းပါးထသော၊ ယော—အကြင်သူသည်၊ အတ္ထိ—ရှိ၏၊ တံ—ထိုသူကို၊ မောဟုတ္တိကေ—အသုံးစာရေးဂဏန်းသင်္ချာတတ်သောအမတ်အရာနိုက်၊ ကောဝိဒေါ—ပညာရှိသောသူသည်၊ ထပေယျ-ထားရာ၏....ဟု လာသည်။

---



## တပည့်တော်ဒါယကာကြီး၏ အဘဘက် ဆွေစဉ်မျိုးဆက် ပုံဇယား ဘုရား

မင်းကြီးမဟာမင်းလှသင်္ခယာဘွဲ့ခံ-ဦးလွန်း၊
ရာထူးကား-သပြေ ၅-ရွာစား ရွှေတောင်မြို့ဝန် စာဆိုတော်

မဟာမင်းလှပညာကျော်ဘွဲ့ခံ-ဦးကသဲ၊
ရာထူးကား—စာရေးတော်ကြီးတောင်သာ ၅—မြို့ဝန် စာဆိုတော်
၎င်းမယား မယ်ညာ၊
ရာထူးကား-မှန်နန်းအပျိုတော်။

| ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|
| မဟာမင်းလှသင်္ခယာဘွဲ့ခံ ဦးမောင်၊ ရာထူးကား အသုံးစာရေး။ ဝမ်းတွင်း ၅-မြို့ဝန်စာဆိုတော်။ (၎င်းရေးသော စာထုင်ကြိုးလင်္ကာမှာ ကဗျာဗန္ဓသာရ နောက်ဆက်တွဲ အဝှန်းဂဏန်းစဉ် ၁၃၄ ရှိ ခန္ဓဝဂ္ဂ သံယုတ် နိသျ စာထုပ်ကြိုး လင်္ကာကို ကြည့်ပါ။ | (မရွှေမ) မှန်နန်း အပျိုတော် လက်ယာကြောင်းဗိုလ်ကတော် (၎င်း ရေးသော မေတ္တာစာတွင် ယခု နောက် ဆက် တွဲ အဝှန်း ဂဏန်း စဉ် (၁၁၀) မှာ ပါ သော ဆိုင်ရာ (၆) မှတ် (၇) မှတ် မေတ္တာစာများကို ကြည့်ပါ။ | (မတုတ်) မှန် နန်းအပျိုတော် မိန်းမ စာဆို။ | (ဦး မောင်ကလေး ) ကွမ်းသွေး ပေါက် ရ လွှတ် တော် အဝေး ရောက် အရာရှိ စာဆိုတော်။ | (ဦးစု) ဂုံပု ဝန် စာ ဆို တော်။ |

**ဦးတင်**
ဒါ ယကာကြီး။

မယား-**ခင်ခင်**
ရာထူးကား မှန်နန်းအပျိုတော်။

**ခင်ခန့်**
လမိုင်း ဝန်ကတော် (ယခု နောက်ဆက်တွဲ အဝှန်းဂဏန်းစဉ် (၁၁၇)မှာ ပါသော ဆိုင်ရာ ဂဏန်းစဉ် ၇-ရှိ သင်းကြန် အကြောင်း တေးထပ် ကို ကြည့်ပါ။)

ဒါယိကာမကြီးဘက် ဆွေစဉ်မျိုးဆက် ဆင်းသက်ပုံဇယား ဘုရား

မင်းကြီးမဟာမင်းလှမင်းခေါင်ရာဇာဘွဲ့ခံ-ဦးရွဲ့

ရာထူးကား-မြို့သစ်မြို့စား, လွှတ်တော်ဝန်ထောက်, ရှမ်းပြည် တောင်စုဘုရင်ခံ,ဗိုလ်မှူး,မန္တလေးမြို့တည် မင်းတရားကြီး၏ ယောက္ခမလည်းဖြစ်၊ ယုံကြည်ရသော အမှုထမ်းကောင်းလည်းဖြစ်၍ ကြီးမြတ်သော ရာထူးဖြင့် ချီးမြှင့်ခြင်းကို ခံရသူ။ ၎င်းမယား-**မကုတ်စီ**။ ရာထူးကား-ပုပ္ပါးမြို့စား အမေးတော်ခံကတော်ကြီးနေရာရသူ။

| မင်းကြီးမဟာမင်းလှမင်းခေါင် | သီရိပဘာမဟေသွဲခံ မမှူး | မကူး | မခြူး | ဦးရွှေမောင် | မညှာ |
|---|---|---|---|---|---|
| ဘွဲ့ခံ ဦးမောင်ကို၊ ရာထူးကား-မကွေးမြို့စား၊ လွှတ်တော်ဝန်တောက် ရှမ်းပြည်ဗိုလ်ချုပ်။ မယား-မရွှေမယ်၊ ရာထူးကား-ကန္နား မုတ်လှန်နှင့် ပွဲးတက် ရသော ဝန်ထောက်ကတော်။ | ရာထူး ကား-မင်း တရားကြီးဘုရား၏ နန်းဦးမိဖုရား။ | ရာထူးကား-ချွန်းတောင် မြို့စား မှန် နန်း အပျိုတော်။ | ရာထူးကား-ရတနာ လှေကား တော် မှူး ကတော်။ | ရာထူး ကား အတ္တပတ် မြင်းဝန်။ | သံတော်ဆင့် ကတော်။ |

သီရိစန္ဒာဘွဲ့ခံ-ခင်ခင် (ဒါယိကာမကြီး) ရာထူးကား-မင်းတရားကြီးဘုရား၏ မှန်နန်းအပျိုတော်။
(လင်) ဦးတင်-(ဒါယကာကြီး)။

ဒါယကာကြီးနှင့်-ဒါယိကာမကြီးတို့ အကျဉ်းချုပ် အဆွေပွတ်ပြီ ပြီးပြီ။




၁၃၉-ကဗျာဗန္ဓသာရနောက်ဆက်တွဲ အကြမ်းပြီးနေ့စွဲ နိဂုံးသံပေါက်
၁၃-နှင့် မင်္ဂလာဖြစ်ပုံ အခြေအနေစကားပြေ

အညွှန်းကိုပြဆိုချက်

၁၊ နောအင်္ဂွေအေး၊ တပ်ဆင့်ရေး၊ သတ်ဒွေးနောအစ်၊ နှစ် ၂-ချက်။
၂၊ နေ့တနင်္ဂနွေ၊ ကဆုန်မေ၊ ကြိုပေညီမျှ ဆန်းတရက်။
၃၊ လေးချက်တီးမြတ်၊ နာရီဆင့်၊ ၁-ပါဒ်ငါးဗိမြန်မာတွက်။
၄၊ စက်နာရီခေတ်၊ နာရီရှစ်၊ မိနစ်တွေတွင် ချိန်နှံက်။
၅၊ စုဆောင်းဘန့်သ၊ ပြီးကုံငြ၊ ဗန္ဓသာရစာနောက်ဆက်။
၆၊ ပြီးဆဲးအခါ၊ မင်္ဂလာ၊ ကြိုလှာသိရန် ညီပုံသည်။
၇၊ ကဆုန်တရက်၊ မေတရက်၊ ဆန်းရက်ဂဠုန်ညီမျှသည်။
၈၊ တစ်သုံးလုံးသာ၊ တွက်၍လာ၊ ဂိုဏ်းမှာနဂိုဏ်းကြိုတော့သည်။
၉၊ နဂိုဏ်းကြိုငြား၊ စောင့်သိကြား၊ ကျိုးသွားအသက်ရှည်တတ်သည်။
၁၀၊ ဝင်္ဂစတုတ္ထ၊ နငယ်ကျ၊ စောင့်ကြနတ်နှစ်မျိုးဆိုင်သည်။
၁၁၊ ဗိဿနိုးနတ်၊ သီရိနတ်၊ စောင့်နတ် ၂-မျိုးကျမ်းလာသည်။
၁၂၊ ယင်းသို့ကြိုရာ၊ မင်္ဂလာ၊ အခါကောင်းနှင့် ဆိုင်မိသည်။
၁၃၊ ယင်းမင်္ဂလာ၊ အဓိပ္ပာ၊ လိုရာပြည့်စုံပြီးစီးသည်။

**စကားပြေအညွှန်း...** ၁၂၈၉-ခု၊ ကဆုန်လဆန်း ၁-ရက်၊ ၁၉၂၇-ခု၊ မေလ ၁-ရက် တနင်္ဂနွေနေ့နံက် ၄-ချက်တီးကျော် ၆-နာရီ ၁-ပါဒ်,၅-ဗိဇနာ အောက်ပါဂြိုဟ်နေ့ အခါမှာ ကဗျာဗန္ဓသာရ နောက်ဆက်တွဲ အကြမ်းကို စုဆောင်းပြီးစီးသတည်း။



ပြီးစီးသောအချိန်မှာ မင်္ဂလာအချိန်ဖြစ်သည်ဟူ၍ ယူရပုံနှင့်ကြိုကြိုက်တော့သည်၊ ကြိုကြိုက်ပုံကား–ကဆုန်လဆန်းတရက်၊ မေလဆန်းတရက် တနင်္ဂနွေနေ့ကြိုသော ခေတ်ဖြစ်၍ တစ်သုံးလုံးဆုံမိသည်၊ ဂိုဏ်းအလိုကို စစ်သော် (၁၁၁) တစ်သုံးလုံးကျ၍ နဂိုဏ်း, ဂိုဏ်းစောင့်မှာ သိကြား မင်းစောင့်သည်၊ အသက်ရှည်သောအကျိုးနှင့် ဆိုင်သည်အရ ဇုဋ္ဌဂိုဏ်း ကြိုသည်၊ ဝဠစက်အားဖြင့် ဒဏ္ဍဇ–နသည် စတုတ္ထဝင်ကျ၍ ဗိဿနိုးနတ် နှင့် သိရိနတ်သမီးစောင့်ရာကျသည်အတွက် ဝင်စုံနတ်စုံကြိုပြီးလျှင် ပျော် ရွှင်စွာ နတ်များစောင့်သော ကိန်းပုံနှင့် တိုက်ဆိုင် မိသည်။ သည် အကြောင်းများ ကြိုသည့်အခါ မင်္ဂလာရှိသည်ဟု ကဝိကဏ္ဍပါသစသော ကျမ်းများမှာလာသည်၊ မြန်မာ၀စ္စဝါစက အလိုမှာလည်း လိုရာပြည့်စုံ ပြီးစီးလျှင် မင်္ဂလာဟူ၍ ဆိုသည်၊ သည်အကြောင်းများကို ရေးသား လိုက်သည်မှာ မြန်မာစာလိုက်နာနည်းဝယ် ကျယ်ဝန်း များပြားစွာရှိ သည်ကို သိလို မှတ်လို တတ်လိုသူတို့ အကျိုး တိုးပွားကြစေရန် စံပမာဏ အမြွက်မျှ ဘော်ပြလိုက်သတည်း။

## ၁၄၀–အချောပြီး နိဂုံးသံပေါက် ၆–ပုဒ်

၁၊ သက္ကရာဇ်ဂေါစာ၊ ထောင့်နှစ်ရာ၊ သာကိုးဆဲ့တစ်ကြိုကြိုက်ရာ။
၂၊ သရဝဏ်မည်မှတ်၊ နှစ်ကြိုလက်၊ လမြတ်သစ်ဆင်းရာသီမှာ။
၃၊ ကျော်ဆဲ့တစ်သာ၊ မွန်းယိမ်းမှာ၊မြန်မာပဟိုရ်ခြောက်မောင်းခါ။
၄၊ တထောင့်ကိုးရာ၊ နှစ်ဆယ်သာ၊ စွန်းလာကိုးခုအေဒီသာ။
၅၊ စက်တင်ဗာဝယ်၊ ရက်နှစ်ဆယ်၊ ရှစ်သွယ်စွန်းနေ့စနေလာ။
၆၊ ကဗျာဗန္ဓ၊ နောက်ဆက်ပြ၊ ကြမ်းမှချောသန့်ပြီးစီးပါ။

## ၁၄၁–အမှားတွေ့လျှင် ပြင်စေလိုကြောင်းကို တောင်းပန်သော သံပေါက်လင်္ကာ ၁၆–ပုဒ်

၁၊ ယခုစာတွင်၊ မှားတွေ့လျှင်၊ ပြင်ရန်တောင်းပန် ပြုပါသည်။
၂၊ ပြင်သူကိုလျှင်၊ ကျေးဇူးတင်၊ သွန်သင်ဆရာ–မှတ်ပါသည်။
၃၊ နိပါတ်သဒ္ဒါ၊ ဂန္ဓာရ၊ ဇာတ်ကနည်းကိုယူပါသည်။
၄၊ တဦးတည်းက၊ နည်းရှိမျှ၊ သုံးဝတတ်ခဲသိပါသည်။
၅၊ လောကဓမ္မတာ၊ ကျွမ်းကျင်ရာ၊ လိမ်မာခြင်းကိုသိပါသည်။
၆၊ စာတတ်မဟုတ်ပါ၊ ကျွန်ုပ်မှာ၊ စာမှတ်လောက်သာစွမ်းပါသည်။



၇၊ မှတ်မိသည့်စာ၊ သုဆိုင်ရာ၊ ခိုင်မာအသုံးဝင်ပါသည်။
၈၊ စာမှတ်နိသျှည်း၊ လွန်သိပ်သည်း၊ လိပ်လည်းကိုယ်တွေ့ ရှက်ကွဲး သည်။
၉၊ စာဟူသရွေ့၊ နာယူလေ့၊ လက်တွေ့အရှက်ကွဲးဘူးသည်။
၁၀၊ စာတွေ့တိုင်းက၊ မယူရ၊ ခုမှရိပ်မိပါတော့သည်။
၁၁၊ သေဘူးကြိုမျိုး၊ ခေါင်းပျဉ်ဘိုး၊ ပေရိုးခုမှ နားလည်သည်။
၁၂၊ ကြောင်းကျိုးဆိုင်ရာ၊ ပိုင်နိုင်ရာ၊ ဆရာတတ်ထံ နည်းယူသည်။
၁၃၊ နည်းကွဲးတွေ့သော်၊ ဆရာကျော်၊ အာဘော်ခိုင်ရာယူပါသည်။
၁၄၊ စာမှာလည်းခိုင်၊ ဆရာခိုင်၊ အခိုင်များရာယူပါသည်။
၁၅၊ နန်းသုံးထုံးစု၊ စာမှာရှု၊ မုတနိုင်ရာ ယူပါသည်။
၁၆၊ ပုံနှိပ်ရာနှုက်၊ ခေတ်ကိုလိုက်၊ ဖကြိုက်ဆရာ ပြင်ပါသည်။

---

## ၁၄၂–ကျမ်းပြုစုသော ကုသိုလ်အဘို့ဘာဂကို အမျှဝေခြင်းပြု၍ ဆုတောင်းသော အကောင်းတိုးဘွယ်ရာ လင်္ကာသံပေါက် ၇၁–အနက် အနေဒိသပိုဒ်ရေ ၃၈–ကို ပြဆိုချက်

၁၊ (က) ဤစာပြုရ၊ ကုသလ၊ အမျှရကြပါစေသော။
၂၊ (ကာ) အမျှဝေမှု၊ ရှင်လူစု၊ သာခုခေါ်နိုင်ပါစေသော။
၃၊ (ကိ) ခေါ်နိုင်သမျှ၊ကုသိုလ်ရ၊ သုခတိုးတက်ပါစေသော။
၄၊ (ကီ) မြန်မာပြည့်ရှင်*၊ တို့ဘုရင်၊ လိုအင်ဆန္ဒ ပြည့်စေသော။
၅၊ (ကု) တို့ဘုရင်†အား၊ အဦးထား၊ အားလုံးတိုင်းပြည် ဧးစေ သော။
၆၊ (ကူ) ဝိဝိဘဝင်၊ ဘီလာတက်၊ သက်ရှိသူတိုင်းအေးစေသော။
၇၊ (ကေ) ကိုယ်စိတ်နှစ်ဝ၊ကျဉ်းမြောင်းမှ၊ အမျှရကျိုးကင်းစေသော။
၈၊ (ကဲ) တွင်းပနှစ်ဖြာ၊ သန္တာန်မှာ၊ဘယာကင်းဝေးကြစေသော။
၉၊ (ကော) ဗုဒ္ဓသာသနာ၊ ထွန်းလင်းကာ၊မြို့ရွာသာယာ ဧးစေသော။
၁၀၊ (ကော်) ခေတ်ပြောင်း ရှုကာ၊ ဆုတောင်းစာ၊ ကောင်းရာတိုး ကြောင်းပြည့်စေသော။

---

* မူလစာတွင် "မင်းမင့်အရှင်၊ ဂျော့ဘုရင်"ဟု ရှိသည်။

† မူလစာတွင် "ဂျော့ဘုရင်အား" ဟု ရှိသည်။

၁၁၊ (ကံ) အုပ်စိုးခံသူ၊ အုပ်စိုးသူ၊ ကြင်သူခင်သူ ဖြစ်စေသော။

၁၂၊ (ကား) အောက်နှင့်အထက်၊ စပ်မိလျက်၊ ဆောင်ရွက်သမျှ ပြီးစေသော။

၁၃၊ (ခ) ဆောင်ရွက်တိုင်းသာ၊ ညီညာစွာ၊ ထက်ပါအောက်ပါ ကောင်းစေသော။

၁၄၊ (ခါ) ကွဲးကြီးကွဲးငယ်၊ အသွယ်သွယ်၊ ခုဝယ်ပြန်၍ စေ့စေသော။

၁၅၊ (ခိ) မြန်မာစာသက်လျှင်၊ မထွက်ခင်၊ ဆင်ခြင်ရှင်လူ ပေါ်စေသော။

၁၆၊ (ခီ) မျိုးခြားမျိုးတူ၊ ဝိုင်းညီကူ၊ နာသူနာလှန်ထစေသော။

၁၇၊ (ခု) မြေအုပ်ပြိုလျောက်၊ ကျောက်ကိုဆောက်၊ တောက်လျှော်ကြီးပွားပါစေသော။

၁၈၊ (ခူ) မြန်မာစာသင်မှု၊ ရှင်လူစု၊ ခုထက် ပြန့်ပွားပါစေသော။

၁၉၊ (ခေ) မြန်မာစာဖြင့်သာ၊ ဝါရင့်စွာ၊ ချင့်စွာတတ်သူ ပေါ်စေသော။

၂၀၊ (ခဲ) ကောင်းနိုးရာရာ၊ မျိုးခြားစာ၊ မြန်မာပြန်မှု တိုးစေသော။

၂၁၊ (ခေါ) အလွယ်ထက်သာ၊ အခက်စာ၊ မျက်နှာကြီးမြင်းကြီးစေသော။

၂၂၊ (ခေါ်) အသံထားတွယ်၊ စကားဝယ်၊ နားဝယ်နားကြီး ဖြစ်စေသော။

၂၃၊ (ခံ) စာခံဖြိုးထူ၊ မှန်နည်းမူ၊ ယူနည်းပြင်နည်း တတ်စေသော။

၂၄၊ (ခါး) ထီးနန်းလွှတ်ရုံး၊ ရေးဘတ်ထုံး၊ နှလုံးနာသူရှားစေသော။

၂၅၊ (ဂ) နှလုံးနာလစ်၊ ရှာအပြစ်၊ ခေတ်ရိုးမယ်ပြင် ရှာစေသော။

၂၆၊ (ဂါ) ဟောင်းပင်ဟောင်းလစ်၊ ကောင်းသည်ဖြစ်၊ ပြစ်ရှာပြင်မျိုး ကင်းစေသော။

၂၇၊ (ဂိ) သစ်ပင်သစ်လင့်၊ အပြစ်သင့်၊ ပြင်ခွင့်မဆိုင်သိစေသော။

၂၈၊ (ဂီ) ပတ္တမြားအရည်၊ နားမလည်၊ တပြည်ဆန့်လဲ့ကင်းစေသော

၂၉၊ (ဂု) စာမှန်ရှိရာ၊ မသိကာ၊ စာတွေ့တိုင်းယူ-ကင်းစေသော။



၃၀၊ (ဂူ) စံကိုင်*ဟန်ပေ၊ ဉာဏ်အခြေ၊ စံရွှေလက်ကိုင်ရှိစေသော။

၃၁၊ (ဂေ) ကိုယ်ကျော်သတင်း၊ ပေါ်လိုခြင်း၊ ခိုရင်းရိပ်ချိုးကင်းစေသော။

၃၂၊ (ဂဲ) စာဉာဏ်ဆည်းစု၊ နည်းခံပြု၊ ထိုသုကျေးဇူး သိစေသော။

၃၃၊ (ဂေါ) ခက်ထန် သွမ်းသော့၊ မာန်ကိုလျှော့၊ ကန်တော့ ဝန်ချ တတ်စေသော။

၃၄၊ (ဂေါ်) အများချမ်းသာ၊ လမ်းမရှာ၊ ဝမ်းစာလုမှု ကင်းစေသော။

၃၅၊ (ဂံ) သာသနာပြု၊ ညာဝါမှု၊ အတုဟန်ဆောင် ကင်းစေသော။

၃၆၊ (ဂါး) အပ္ပနာဂ္ဂိ၊ ဉာဏ်မမှိ၊ ပလီငွေစုကင်းစေသော။

၃၇၊ (ဃ) ရွှေတုရွှေကောင်း၊ ရွှေသောင်းပြောင်း၊ ဘယောင်းစံတင် တတ်စေသော။

၃၈၊ (ဃာ) ပေါ်တင်လေအောင်၊ သရေဆောင်၊ ရွှေယောင်ရွှေတု ပျောက်စေသော။

### သောတုဇန ကျားမတို့အတွက် သံပေါက် ၁၁-ပုဒ်

၃၉၊ (ကျ) ရှင်လူမခြား၊ မနှင့်ကျား၊ ချိန်ထားဤစာသင်စေသော။

၄၀၊ (ကျာ) ဤစာကျွမ်းကျင်၊ ထက်တန်းတွင်၊ ပါဝင်နိုင်သူ ဖြစ်စေသော။

၄၁၊ (ကျိ) ယခုကျမ်းစာ၊ တတ်ပြီးခါ၊ မြန်မာဂုဏ်ထူးအောင်စေသော။

၄၂၊ (ကျီ) မာဂမြန်မာ၊ ကျွမ်းကျင်ကာ၊ ကဗျာဝါရင့်ဖြစ်စေသော။

၄၃၊ (ကျု) မူလမြစ်ရင်း၊ စစ်လျှောက်ခြင်း၊ ရှင်းလင်းထိမိသိစေသော။

၄၄၊ (ကျူ) ကျားမ-မဟူ၊ ရှင်နှင့်လူ၊ ပြုမှုသိမ်မွေ့ကြစေသော။

၄၅၊ (ကျေ) ဘုရားသော်မှ၊ မိန်းမက၊ ဘွားရနည်းကို လိုက်စေသော။

၄၆၊ (ကျဲ) မိန်းမသုခမိန်၊ ထုအရှိန်၊ ထိန်ထိန်ခုထက် ဖြိုးစေသော။

၄၇၊ (ကျော) ဘမိစံမှီး၊ သားသမီး၊ ကြီးပွားထွန်းကားပါစေသော။

---

* စံကိုင်ဆိုသည်မှာ မြန်မာအရာရှိတမျိုး၏ရာထူးအမည်ပင်တည်း။ ထိုအရာရှိ၏ ဝတ်တရားသည် ရွှေရည်ကိုဆုံးဖြတ်နိုင်ရန် ရွှေစံချောင်းကလေးများထားနည်းသိခြင်း၊ ၂၂-မျိုးသော ရွှေများကို ခွဲခြားနိုင်ခြင်း၊ ရွှေဖြစ်ရာဌာန အပြော့အမာ အဆင်းသဏ္ဌာန် မကြွင်းမကျန် မှန်ကန်စွာ သိခြင်းများပင်တည်း။

၄၈၊ (ကျော်)အဘထက်သာ၊ အမိမှာ၊ ဆရာလက်ဦးဖြစ်စေသော။
၄၉၊ (ကံျ) သတ္တသုံး*ဟော၊ ဓမ်, ရာ, လော၊ စောကြောပြောပြတတ်
စေသော။

## စာပြုရာ ကူညီသော ပုဂ္ဂိုလ်စုအတွက် သံပေါက် ၇-ပုဒ်

၅၀၊ (ချ) ဤစာစုပြု၊ ကူသူစု၊ သုခမျိုးမျိုးတိုးစေသော။
၅၁၊ (ချာ) ရွှေမင်းဝံခေါ်၊ ဆရာတော်၊ ဆော်ကူနည်းပြပြုပေသော။
၅၂၊ (ချိ) ပုခန်းငယ်တွင်၊ စံပယ်ရှင်၊ သျှင်ကုသလ ကူပေသော။
၅၃၊ (ချီ) ဘုရားဖြူဆရာတော်၊ နိုင်ငံကျော်၊ ကူတော်မူမှုပြုပေသော။
၅၄၊ (ချု) တောင်ငူတိုင်းဆိုင်၊ ကိုးမြို့ပိုင်၊ ခရိုင်ဝန်မင်း ကူပေသော။
၅၅၊ (ချူ) အကြွမ်းပြီးမှု၊ ချောကူသူ၊ လူတိုင်းချမ်းသာ ကျစေသော။
၅၆၊ (ချေ) ကျားကျော်နှစ်ထွေ၊ ဘိုးတွဲးပေ၊ လှရွှေ,မောင်စိန်ကူပေ
သော။

## ပုံနှိပ်ရာကူညီသော ပုဂ္ဂိုလ်စုံအတွက် သံပေါက် ၁၅-ပုဒ်

၅၇၊ (ဂျ)၊ ပုံနှိပ်ခုမှု၊ ကူကြသူ၊ ရှင်လူချမ်းသာ ပါစေသော။
၅၈၊ (ဂျာ) ဖကြိုက်ဆရာ၊ ကူပြင်ရှာ၊ ချမ်းသာတိုးတက်ပါစေသော။
၅၉၊ (ဂျိ) ယကြာဂုဏ်မြောက်၊ စွယ်စုံပေါက်၊ မုန်သောက် မာတင်
ဖြစ်စေသော။
၆၀၊ (ဂျီ) ဝိဒါဒ်ဘယတော၊ဘုရားဟော၊သဘောရှု၍ဆုပေးသော။
၆၁၊ (ဂျု) ကာလဝိရောမိ၊ သဘောရှိ၊ သတိပြုကာဆုပေးသော။
၆၂၊ (ဂျူ) ရေးရိုး'ဘုန်း'ကို၊'ဖုန်း'ပြင်လို၊ ကျမ်းဆိုခိုင်မာ ရစေသော။

* သတ္တသုံးဟူသည်ကား-ကျမ်း ၃-ကျမ်း ဆိုလိုသည်။ ကျမ်း ၃-ကျမ်း ဟူသည်ကား-စိန္တာမယနီတိတွင် ဓမ္မသတ်, ရာဇသတ်, လောကသတ်-ဟု အဆင်တူးသတ်၍ ရေးပြသော ဓမ္မ, ရာဇ, လောကအားဖြင့် ပိုင်းခြားမြီး နည်းလမ်းအတိုင်း ကျမ်း ၃-ကျမ်းရှိမြီးကို ပြဆိုခြင်းပင်တည်း။ သတ္တတကျမ်းမှာလာသော သတ္တ, ရဂျ, တမဟူသော ဟိန္ဒူ ၃-ကျမ်းအသွင်ဆင်တူနည်းယူကာ မာဂဓနှင့် မြန်မာတို့က ပြုကြသော ကျမ်း ၃-မျိုးမှာလည်း ထိုနည်းပင်တည်း။



၆၃၊ (ဂျေ) ဘိုး-ရှိမှုတွင်၊ ဖိုး-ဟုပြင်၊ ထင်ရှားကောင်းကျော်တိုးစေ
သော။
၆၄၊ (ဂျဲ) ဘတ်,*ရွတ်,*သီ,*ပြော*၊ တရား ဟော*၊ သသော
သံပြောင်းသိစေသော။

---

* ဘတ်နည်း,ဟူသည်ကား-လွတ်ရုံးငါးရပ်ပါညီလာခံသဘင် စသည်များမှာ အလုပ်သံနှင့် ဘတ်နည်းမျိုးကို ဆိုလိုသည်။ ထိုဘတ်နည်းမှာ အလုပ်သံထားသည်ပြင် ပြတ်သားကွဲပြားစွာ နားဝင်ချိုချိုနှင့် လိုရာအချက်ကွက်ကွက်ကွင်းကွင်း ရှင်းလင်းပေါ်လွင်စေ၍ အမှန်အကန်အသံပြောင်း ဘတ်နည်းမျိုးကိုဆိုလိုသည်။ထိုဘတ်မှုကိုယခုအခါ လိုက်နာသတ်တတ်သူများ အလွန်ရှားလှပြီဖြစ်သတည်း။ အဝှန်းဂဏန်းစဉ် (၁၂၄) တွင်ပါသော ဆိုင်ရာဂဏန်းစဉ်(၁၁၃) ကစ၍ (၁၂၆)ထိ တရပ်။ (၁၃၉) က (၁၄၉) ထိ တရပ်။ (၁၆၃) က (၁၆၇)ထိ တရပ် ၎င်းသုံးရပ်က စံပြသည်ကို စေ့ငွေစွာ ကြည့်ပါ။

* ရွတ်, ဆိုသည်ကား-ပါဠိဘတ်နည်းအရ ကျနစွာ လိုက်နာရသည်ကို ဆိုလိုသည်။ ပရိတ်ရွတ် စသည်လည်း ၎င်းနည်းပင်တည်း။

* သီ, ဟူသည်ကား-သုံးမကြာ ပိုလွန်အသုံးပြုရသော ကန်တော့ခံ အခမ်းအနားစာတမ်းများနှင့် ရတု, သီချင်းစသည်များကို ဆိုလိုသည်။

* ပြော, ဟူသည်ကား-စကားပြောနည်းပင်တည်း။

* တရားဟော, ဟူသည်မှာ- သုံးမျိုးရှိသည်၊ ထိုသုံးမျိုးတွင် မြန်မာနိုင်ငံမပျက်မီအခါက တရားဟောနည်း နှစ်မျိုး။ ယခု နောက်ပေါ် တရားဟောနည်းတမျိုးအားဖြင့် သုံးမျိုးပင်တည်း။ နန်းမပျက်မီအခါက နှစ်မျိုးဟူသည်ကား-တရားစာ ရေးထားလျက်ရှိသည်ကို ကျက်မှတ် ဟောပြောခြင်းတမျိုး။ သာမှု, နာမှု များတွင် မျက်မြင်မှတ တွေ့ရဟန်အတိုင်း ကျမ်းဂန်လာသဘောသွားကို စကားပြေနည်းသဘောသွားဖြင့် ဟောခြင်းတမျိုး ထိုနှစ်မျိုးကိုဆိုလိုသည်။ ထိုနှစ်မျိုးတွင် တမျိုးတိုးကာ ပေါ်လာပြန်သည့်အတွက် သုံးမျိုး ဖြစ်လာသည်။ သို့ရာတွင် နောက်တိုးတမျိုးမှာ သဏ်ာတော်အချို့သာ လိုက်နာဟောပြောကြသည်၊ ဟောပုံကား-သဘင်သည်များ၏ ခြေဟန်လက်ဟန် အသံနေအသံထား အပြုအမူကို အတုယူ၍ တရားဟောကြခြင်းပင်တည်း။

၆၅၊ (ဂျော) ဘတ်မှု*ရေးမှု၊လေးနက်မှု၊သုနေရာနှင့် သူတတ်စေသော။

၆၆၊ (ဂျော်) ထုံးတမ်းသိညာဏ်၊အသိကျန်၊သိရန်နည်းခံနိုင်စေသော။

၆၇၊ (ဂျံ) မရှိရေးတက်၊ သိတွေးခက်၊ လေးနက်မြဲးကိုသိစေသော။

၆၈၊ (ဂျား) လွယ်-လွဲ ထက်သာ၊ ခဲခက်စာ၊ ဆက်ခါကြိမ်မှု တိုးစေသော။

၆၉၊ (ဃျ) ကြံညာဏ်ဟန်မျိုး၊စံအထိုး၊မိုးခါးရေသောက်ကင်းစေသော

၇၀၊ (ဃျာ) သမာအယူ၊ လိုက်နာသူ၊ နတ်လူသာခုခေါ်စေသော။

၇၁၊ (ဃိျ) ဝေရီ,ပီယ၊ မဇ္ဈတ၊ သုံးဝရှင်လူဒေးစေသော်။

ဆုတောင်းစာ လက်ာသံပေါက် ၇၁-ပိုဒ်ပြီးပြီ။

---

* ဘတ်မှု, ဟူသည်ကား—တင်လွှာအစီရင်ခံလွှာများနှင့် စကားပြေသွား ဂီတသွား ကဗျာအဖြာဖြာတို့ကို ဆိုလိုသည်။ စာတော်ဘတ်အရာရှိများ အသံထားပြောင်းလွဲ၍ ဆွဲးငင်ထေ့ဖြတ်သကဲ့သို့ ဘတ်ရမြဲး ဘတ်မှုကို ဆိုလိုသည်။ နန်းမပျက်မီ အခါတွင် စာတော် ဘတ်-ဟု ရေးရသည်၊ စာတော် ဖတ်-ဟု မရေးရ။ ကျွား မ နှစ်ရပ်ပင် စာတော်ဘတ်ရာထူး တွင် ထမ်းရွက်ခွင့်ရသည်။ ရေးနည်းဟူသမျှမှာ ဒေါသလွှတ်အောင် ရှောင်ရသည်။



## သံဝေဂသံပေါက်လက်ာ ၁၂-ပုဒ်

၁၊ ဇာတိရှိသူ၊ ဖြစ်သိမှု၊ နိဗ္ဗူရမှ ငြိမ်းကြဘွယ်။

၂၊ ဤစာစုသူ၊ ကူညီသူ၊ ဘတ်လူသင်သူ သေကြဘွယ်။

၃၊ ကိုးဆယ်နှင့်ရှစ်၊ ရောဂါဖြစ်၊ ခေတ်ချိန်မရွေးသေကြဘွယ်။

၄၊ နရင့်မရွေး၊ ဂုဏ်မရွေး၊ ရွေးချယ်မရှိ သေကြဘွယ်။

၅၊ လျှောင်းထိုင်ရပ်သွား၊ပုတ်†လေးပါး၊ပိုင်းခြားမရှိသေကြဘွယ်။

၆၊ ကြီးလတ်ငယ်က၊ ရှင်လူစ၊ ဇီဝရှိတိုင်း အသွယ်သွယ်။

၇၊ နေလေခဲ့ငှက်၊ မိုးနှင်းဖျက်၊ ရွက်ပွင့်သီးမျိုးကြွေပျက်နှယ်။

၈၊ သေမည့်အမှု၊ သတိပြု၊ အကုသိုလ်မျိုးရှောင်ကြဉ်ပယ်။

၉၊ လော-ဒေါ-မော-မာန်၊ ဤမလေးတန်၊ပယ်လှန်နိုင်က-ပါပကွယ်။

၁၀၊ လေးဖြာမနှိပ်၊ ပါပဆိပ်*၊ အရိပ်သဖွယ် ကပ်၍တွယ်။

၁၁၊ ပြုလုပ်ကျိုးကြောင်း၊ ဆိုးအကောင်း၊ နောက်နှောင်းဥဒါန်းကျန်
ရစ်ဘွယ်။

၁၂၊ ခန္ဓာပုပ်သိုး၊ ရုပ်ပျက်ရိုး၊ မျိုးမည်ကျန်မြဲး ခက်ညွှန်သွယ်။
ရူပံ ဇီရတိ၊ နာမဂေါတ္တံ နဇီရတိ။

သံဝေဂသံပေါက် ပြီးပြီ။

---

† ပုတ်—ဗုတ်ဟုဘတ်။

* ဆိပ်ဟူသည်ကား—အဆိပ်ကိုဆိုလိုသည်၊ တန်ဆောင်းကျောက်စာကြည့်။

## ဦးသာနသဓဇ အမေးကို ဖြေဆိုပြန်ကြားသော
## ဖ-ဦးထုပ်နှင့် ဘ-ကုန်း ရေးထုံးနည်းလမ်း
## ညွန့်လန်းပိုဒ်စုံရတု

ယခုရတုကလေးကို ရေးရခြင်း အကြောင်းကား… တောင်းပန်ရင်း ပုဂ္ဂိုလ်ထူး ဦးသာသနဓဇမှစ၍ ကျွန်ုပ်တို့ထံမှာ ပညာရင်နို့ သောက်စို့လှာကြသော ကျား-မ-မဟူ ရှင်လူအပေါင်းတို့ မြန်မာနန်းသုံး၊ ရဟန်းသုံးထုံးနည်းကို နာလိုသူတို့နှင့် တကွ ဗဟုသုတကို အလိုရှိသူတို့အား အကျိုးများရန် ရည်သန်ရေးသားခြင်း ဖြစ်သတည်း။

အချို့က သူပုန်ဘကုန်းကို အသုံးမပြုရဆိုကြသည်ပြင် ဘိုး,ဘေး,ဘုန်းစသည်ကိုလည်း ဖဦးထုပ်နှင့် ရေးရမည်ဟု ယခုအခါ အချို့ဆရာတို့က နည်းလမ်းပြကြပါသည်။ ဘကုန်းနှင့်ရေးပြီးမှ ဖဦးထုပ်သံနှင့် ဖုန်းဘတ်ရန် အသံပြောင်းရပုံသဘောကို ပြောစမ်းပါဟူ၍ငင်း,… နည်းလမ်းနှင့် ညွန့်လန်း ကွဲပြားခြင်းကို ဦးပဥ္စင်း သိလိုပါသည်ဟူ၍ငင်း,… သည့်သဘောကို စောဒကတက်ရသည်မှာလည်း ဒါယကာကြီး၏အရွယ်သည် အသက် ၇၀-ရှိသည်ကို သိရ၍ငင်း,… မြန်မာမင်း နှစ်ဆက်၊ အင်္ဂလိပ်မင်း သုံးဆက် အသက်ရှည်စွာ အမှုထမ်း ဝါရင့်ခြင်းရှိသည်ကို သိရ၍ ငင်း ယခုအကြောင်းကလေး အရှုတ်အထွေးကို အဖြေပေးပါဟု မေးရခြင်းဖြစ်ကြောင်းနှင့် ဦးသာသနဓဇက ခယတောင်းပန်မှု ပြုပေသတည်း။

ဦးသာသနဓဇအမေးကို အဖြေပေးရန် စိစ္စေးထောက်ရှုသော် ယခုခေတ်ဝယ် လွယ်သည်မဟုတ်၊ မလွယ်သောအကြောင်းကား… ပဋ္ဌာန်းဒေသနာလာ အာသေဝနပစ္စည်းတရား ကွဲပြားလေ့ ရှိခြင်း၊ ကာလ, ဒေသ, ကလာ-စသော သဘောသွားများလည်း ကွဲပြားလျက် ရှိခြင်း၊ အောက်ပါလင်္ကာသံပေါက် ခြောက်ပုဒ်မှာပါသော သဘောသွားတွင် သက်ဝင်သော ခေတ်ဆိုးနိုက် ကြုံကြိုက်ရခြင်းများအတွက် မလွယ်ခြင်းပင်တည်း။ အာသေဝနပစ္စည်း တရားကွဲပြားပုံကား… "မောင်ရှင်(ရင်)လာ-ရွှေကျောင်းက၊ တောက်တဲ့မြည်-ညောင်ခေါင်းက" ဟူသော သူတော်ကောင်းတို့၏ ရှေးဟောင်းစကားအတိုင်း ရှေးရှေး မှီဝဲခဲ့သော ကျမ်းဂန် စွမ်းအန်ဉာဏ်အမျိုးမျိုးသည် နှောင်းနှောင်း ပေါ်လာသော လေ့ကျက်ဘွယ်ဘွယ် အသွယ်သွယ်ကို လွယ်ကူစွာ အားပေး၍ ကျေးဇူး



ပြုသော အကြောင်းသည် ရွှေကျောင်းက မောင်ရှင်၏မှီရာ အာသေဝနပစ္စည်းတရားပင်တည်း။

ကာလ,ဒေသ, ကလာ-စသော သဘောသွား ကွဲပြား ပျက်ရှောက်ခြင်းသည် တောက်တဲ့မြည်ညောင်ခေါင်းကအတိုင်း ကိုင်းရှိုင်းမှီဝဲ နေထိုင်ရာ အာသေဝနပစ္စည်းဟုဆိုအပ်သော ရှေးရှေးမှီဝဲခဲ့သော ညောင်ခေါင်းတည်းဟူသော အကြောင်းကြောင့်ဖြစ်သော ပစ္စယုပ္ပန်အား ပြုအပ်သော နောက်ထပ်မှီဝဲသောအကြောင်း နှောင်းနှောင်းပြုအပ်သော သိသင့်ဘွယ် အမျိုးမျိုး၏ အကျိုးအပေါင်းသည် ညောင်ခေါင်း အလားအားပေး၍ ကျေးဇူးပြုလေ့ရှိခြင်းပင်တည်း။

---

ခေတ်ဆိုးနှင့် ကြုံကြိုက်ရသည်ကို ပြဆိုသော
မြန်မာစာအသက်ထွက်ရန် ပဒေ္ဒသာန်နိမိတ်စွသော
လင်္ကာ သံပေါက် ခြောက်ပိုဒ်ကား

* ပထ္တမြားအရည်၊ နားမလည်၊ တပြည်ဆန်နှင့် လဲသောခေတ်။
* စာမှန်ရှိရာ၊ မသိကာ၊ စာတွေ့တိုင်းယူ-ပေါသောခေတ်။
* ဟောင်းပင် ဟောင်းလစ်၊ ကောင်းသည်ဖြစ်၊ ပြစ်ရှာပြင်သူ-ပေါ သောခေတ်။
* သစ်ပင်သစ်ဖိ၊ အပြစ်ရှိ၊ အသိ-ပြင်သူပေါသောခေတ်။
* ကိုယ်ကျော်သတင်း၊ ပေါ်လိုခြင်း၊ ခိုရင်းရိပ်ချိုးပေါသောခေတ်။
* စာညဏ်ဆည်းစု၊ နည်းခံပြု၊ သုကျေးဇူးချေ-ပေါသောခေတ်။

ယင်းသို့ဖြစ်လည်း ခေတ်ရှိတိုင်းသာ အရာရာကို မလိုက်လိုသော ပုဂ္ဂိုလ်ထူး ဦးသာသနဓဇသည် ပထမအကြီးအကျော်တန်းတွင် အောင်မြင်ရန် ရည်သန်ကြိုးစား အားခဲဆဲရှိရုံမက သောဝစ္စသတာ-ဂုဏ်ရှိခြင်း၊ ခက်ထန်သွမ်းသော့ မာန်ကိုလျှော့၍ ကန်တော့ဝန်ချလေ့ရှိခြင်းများကို ကြည်ညိုလေးမြတ်ခြင်းရှိသည်အရ ဘကုန်းနှင့် ဘုန်းဟု ရေးပြီးမှ ဖဦးထုပ်သံ ဖုန်းဟု ဘတ်ရဟန် အသံပြောင်းနည်းမှာ စံမှီးရန် အချက်ကို အမြွက်မျှဘော်ပြလိုက်ပါသတည်း။

သို့ရာတွင် ရဟန်းသုံး, နန်းသုံး, ဒေသန္တရသုံး, ထုံးနည်းစုတွင် ရေးမှု ဘတ်ထုံး ထိုးနန်းသုံးဟု အမှတ်ပြု၍. သုနေရာနှင့်သူ သုံးသင့်မသုံးသင့်ကို ချင့်ချိန်ရွေးချယ်ရန် ညဏ်ရှေ့သွားရှိခြင်းသည် လိုရင်းအချက်ပင်တည်း။

သုနေရာနှင့်သူ ထောက်ရှု၍ ဥပဒေသရနိုင်ရန် အကြောင်းကား.... ရဟန်းကျောင်းသုံးနည်းမှာ ပါဠိဘာသာတွင် ဗျဥ္ဇန ဗုဒ္ဓိ ၁၀-ပါးရှိသမျှ ကျနစွာ လိုက်နာဘတ်ရွတ်ရသော်လည်း နန်းသုံးနည်းမှာ များ



သောအားဖြင့် ရေးထားသမျှ မဘတ်ရဘဲ ကဏ္ဍသုခ ဖြစ်မှု, သုဏန္တ ပုဂ္ဂိုလ်တို့ဝယ် အမိပ္ပါယ်ပေါ်လွင်၍. နားဝင်ချိုပြီးလျှင် ဆွဲငင်ထေ့ဖြတ်ရပ်တန့်ရန် အရေးကို အလေးဂရုပြုရခြင်းပင်တည်း။

သက်သေခံ စံပမာဏ ဘော်ပြသော်....သုနေရာနှင့်သူ ယူတတ်သော ပုဂ္ဂိုလ်စု ယခုအခါ ထင်ရှားစွာရှိကြလျက်ပင်တည်း၊ ပရိဖက်ဆာ ဆရာကြီး ဦးဘေမောင်တင် M.A. သည် ပုဂံကျောက်စာ ညွှန်ပေါင်းစာအုပ်တွင် ဘေမောင်တင်နှင့် ဆရာလွှတို့ စုဆောင်းကောက်နုတ်သောစာအုပ်ဟု ထုတ်ဝေလျက် ရှိပေသည်။ ငင်းပြင် မင်းတိုင်ပင် အမတ် သူရိယ ဦးဘဘေ B.A. ကလည်း 'ဘဘေ' ဟု ကိုယ်တိုင်လက်မှတ် ရေးထိုးဆဲရှိပေသည်။ သည်ပုဂ္ဂိုလ်ကြီး နှစ်ဦးသည် ညောင်ခေါင်းက တောက်တဲ့ မဟုတ် ရွှေကျောင်းက မောင်ရှင် (ရင်) ပမာ မြန်မာစာ ဝါရင့်သော အာသေဝနပစ္စည်းတရားအရင်းခံ သန်မာသူစု ယခုအခါ ထင်ရှားစွာ ရှိခြင်းပင်တည်း။

ငင်းပြင်-ဘုရားဟု ရေးသော်လည်း-ဖယား ဟူ၍.ငင်း, ဘုန်းပေးဟု ရေးသော်လည်း-ဖုန်းဗေး ဟူ၍.ငင်း, ဘိလူးကို-ဖလူး ဟူ၍.ငင်း အသံပြောင်းဘတ်တတ်သူ ရှင်လူ အများလည်း အားကြီး ရှိပေသေးသည်။ သည်သဘောသွားနှင့် အလားတူမျှသော ဘုန်းတော်ဟု ရေးသည်ကို-ဖုန်းဒေါ်ဟု ဘတ်နည်း အသံပြောင်းရှိသည်ကို သတိမထားကြသော အကြောင်းသည် ညောင်ခေါင်းက တောက်တဲ့နှင့် တူတန်, မတူတန် ညဏ်ရှေ့သွားပြီးလျှင် ဆင်ခြင်ချင့်ချိန်ခြင်းဖြင့် ဦးပဥ္စင်း နားလည်ပါတော့။ ငင်းပြင် အစအသံနှင့် နောက်ဆက်အသံ နှစ်လုံးရှိက အစလုံး အသံပြောရသောအချက်တွင် နောက်ဆက်သံမှာ အသံမသို့ ပြောင်းရခြင်းပင်တည်း။ဥဒါဟရဏ်ကား... ဘုန်းတော်ကို-ဖုန်းဒေါ်ဟူ၍.ငင်း, ဘုန်းပေးကို-ဖုန်းဗေးဟူ၍ငင်း, ဘုန်း ဘိုးတော်ကို-ဖိုးဒေါ်ဟူ၍.ငင်း, ပြောင်းရမြဲနည်းမျိုးတည်း။ ဘိုးတော်ဘုရား တွင်ကို-ဖုန်းဒွင်ဟူ၍.ငင်း မြတောင်မြို့စားစုဘုရားဆို-မောင်ဘွဲ့ဒွေးချိုးမှာ–"ဂမုန်းအင်၊ သမီးတော် မြင်ရသူး"....ဟူရာ၌ (သည်ဘုန်းသည်) မြင့်မြတ် ဘုန်းတွင်ဆင်သလို၊ မြင့်မြတ်သည့်အချက် ရေးထုံး အသုံးတွင် သူကို ဆိုသော ဘုန်းပင်တည်း၊ အထူးပြုဆိုချက်ကြည့်ဦး။ ဘကုန်းကို ပြဆိုခြင်းပင်တည်း၊

နည်းလမ်း၏အဓိပ္ပါယ်ကား-သွားမြဲသောလမ်းမျိုးပင်တည်း "နှလုံးညစ်ညမ်း၊ လူမိုက်သွမ်း၊ လမ်းကိုမသိနိုင်" စသည်တည်း။ ညွန့်လန်း၏အဓိပ္ပါယ်ကား-ကြက်သရေ တိုးတက်ခြင်းမျိုးပင်တည်း၊" သုံးလုထိပ်ပန်း၊ ထွတ်ကြွင်နှန်း၊ ပွင့်လန်းကြက်သရေ" စသည်တည်း။

ညွန့်လန်းရတု ဟူသည်ကား-ရတုသုံးပုဒ်တွင် တပုဒ်ထက် တပုဒ် ရှည်သည်ကို ညွန့်လန်းပိုဒ်စုံရတုဟု ကျမ်းဂန်များမှလာသည်။ ယခုရတုပိုဒ်စုံမှာလည်း တပုဒ်ထက်တပုဒ် သုံးပဒစီရှည်သည်။ စုံဟူသည်ကား-သည်နေတွင် ပြည့်စုံသည်ကို ဆိုလိုသည်။ ပြည့်စုံသည်ကို စုံဟူ၍၎င်း, စိန်ဟူ၍၎င်း, မိတ်လင်ဟူ၍၎င်း ခေါ်မြဲမှာ မြန်မာထုံးစံပင်တည်း။ ဘုရား, တရား, သံဃာ-တစုံ၊ သီလ, သမာဓိ, ပညာ-တစုံ၊ ဒါန, သီလ, ဘာဝနာ-တစုံ၊ ဝိဋကတ်သုံးပုံ စာစုံစသည်တည်း။ဂိုဏ်းဘွဲ့ပုံမှာလည်း သုံးလုံးစုံမှ တဂိုဏ်းရသည်၊ သက်နှန်းမှာလည်း သုံးထည်စုံမှ တစုံခေါ်ရသည်။ "တံ့စိဝရိတ်၊ နိမာအိပ်၊ ပရိတ်မျက်မိုး သက်နှန်းကိုး" ဟူ၍၎င်း, "ရတနာသုံးစုံ၊ ပန်းနှယ်ငုံ၊ ကြည်ယုံဦးနှိမ်ချ" ဟူ၍၎င်း မြန်မာစာကဗျာအထောက်အထားများစွာရှိသတည်း။

---

## ရတုစာကိုယ်ကို ပြဆိုချက်

**ဉာဏ်သာပါလို့...** စာဝါပျို့တို့၊ ဟိုစာသည်စာ၊ အဖြာဖြာကို၊ စာရာပြတ်သွင်၊ ကိုယ်ကိုတင်၍၊ ထင်ချက်မြင်ချက်၊ ပြင်ချက်ပေးကာ၊ ရေးလိုပါသော်၊ ကဗျာဗန္ဓ၊ သာရထိုကျမ်း၊ နည်းပြွမ်းပြွမ်းကို၊ ကျွမ်းကျင်ပြီးခါ၊ ပြင်မည့်စာကို၊ ညှိကာယူကျုံး၊ စလယ်ဆုံးအောင်၊ သုံးသပ်နိုင်မှ၊ခိုင်မာကြလိမ့်။ ။စဆုံးမှုသွား၊ မရှုအားနှင့်၊ တရားယွင်းကွက်၊ပျင်းမဘက်ဘဲ၊ မျက်နှာမေတ္တာ၊ ပဏ္ဏာတန်ဆိုး၊ သည် သုံးမျိုးကို၊ မစိုးမငဲ့၊ ရိုးတဲ့တဲ့သာ၊ ကွဲ့ရွဲချီးမွမ်း၊ ပြုမြဲတမ်းကို၊ ဝမ်းဝယ်ထားသို၊ စာဝါပျို့တို၊ ချိန်ပိုင္ငေပို၊ အပိုထားမှ၊ ကြွားမျှတလိမ့်။ ။စိတ်ကလည်းဟုတ်၊ နှုတ်ကလည်းထွက်၊ လက်ကလည်းရေး၊ ထင်ရေးမြင်ရေး၊ ဆင်ခြင်ရေးသော်၊ ဉာဏ်ရှေးကဝိ၊ ဆိုနိုင်ဘိလိမ့်။ ။သတိသမ္ပယုတ်၊သိဉာဏ်ထုတ်၍....မျက်ကြုတ်



**ကိုးတန်ဖျင်ချလေ့။** ။[၄၄-ပဒတွင်၊ အတွင်းပိုဒ်စုံ၊ လိမ့် ၃-လိမ့်ပါသည်။]

**မြန်မာစာကို...** ချီးမြှင့်လိုသား၊ ထိုထိုကျွားမ၊ ဟူသမျှတို့၊ ရှေးကဓိပတိ၊ ထင်ရှားရှိကို၊ သိဉာဏ်ချိ၍၊ ဘုန်းကိုဖုန်းလျှင်၊ မပြင်ချင်နှင့်၊ ဆင်ခြင်ရန်မှာ၊ မြတ်စွာဘုရား၊ သျှင်ဘုရားဟု၊ ရေးထားမှုကို၊ ဗုရားမဖတ်၊ ဖယားဖတ်သို၊ ဖတ်နည်းနက်လေး၊ ဆွမ်းဘုန်းပေးလည်း၊ ဖုန်းဗေးဖတ်ပါ၊ ထပ်ခါသိရေး၊ သတိပေးသော်၊ ရှေးကရှိလေ၊ စကားပြေကို၊ တွေဝေပြီးလျှင်၊ စကားပြင်ဟု၊ အထင်မှားရေး၊ ပြင်ခွင့်ဝေးလိမ့်။ ။လေးချိုးထင်ရှား၊ ရှိပြီးသားကို၊ နောက်ပွားမည်တိုး၊ တရိချိုးဟု၊ တမျိုးငင်ကာ၊ မပြင်သာလည်း၊ ခုခါမှာဖြစ်၊ ခုစာသစ်ကို၊ ခုခေတ်ညီစွာ၊ မည်မှည့်သာလိမ့်။ ။ပြင်ရာနည်းပေ၊ စံပြချေသော်၊ စကားပြေ, စကားထောင့်၊ ရှိသောကြောင့်လျှင်၊ စကားထောင့်ကိုပြေ၊စကားပြေဟု၊ ရှိပေသည့်သွင်၊ စကားပြင်ဘက်၊ "မိတ်လင်"*ထွက်အောင်၊ ချက်ဆစ်ပြယုဂ်၊ ဟိတ်ဗိုလ်ထုတ်၍....**တက်ဆုတ်ချိုးမှန် ပြင်ကြလေ့။** ။[၄၇-ပဒ၊ အတွင်းပိုဒ်စုံ၊ လိမ့် ၃-လိမ့်ပါသည်။]

**ဘန်လှာခါအို...** မြန်မာညို၍၊ ကိုယ့်စာထက်သာ၊ မျိုးခြားစာကို၊ ဝမ်းစာလည်းလု၊ ဂုဏ်လည်းလု၍၊ ချိန်လုပြီးခါ၊ သင်ရရှာ၍၊ မြန်မာစာမေ့၊ ဝါနုသေး၍၊ ရေးမှုဘတ်မှု၊ သံပြောင်းမှုပါ၊ ခုအခါဝယ်၊ ငါအသိကျန်၊ မြန်မာသုံးရှိ၊ ထုံးမမိ၍၊ သိသင့်သိရာ၊ မသိပါသော်၊ ငါ့တာဝန်ဟု၊ ဝေဘန်သိမ်းဆည်း၊ ဉာဏ်ထိန်းစည်း "လေ့"†။ ။နန်းနည်းစံကောင်း၊ အသံပြောင်းကို၊ အကြောင်းမညီ၊ ခေတ်မမှီ၍၊ ဤယခုဝယ်၊ နောက်လူငယ်တို့၊ မှတ်ဘွယ် လွယ်ရန်၊ ပြင်သည့် ဟန်ကို၊ ဝန်ချပါလေ့၊ သစ္စာပါရမီ၊ ဖြည့်ရာဝိ၍၊ ဝါဒိဟုတ်မှန်တိုင်းသာ၊ ၂-ရပ်ကွဲ့နှင့်၊ ဂိုဏ်းကွဲ့လည်းကင်း၊ အပြိုင်ကင်းလျက်၊ ငြင်းမှတ်ကွဲ့၊ ၂-ရပ်ကွဲ့နှင့်၊ ဂိုဏ်းကွဲ့လည်းကင်း၊ အပြိုင်ကင်းလျက်၊ ငြင်းကင်းမှုသာ၊ရှင်းရှုကာလျှင်၊ဝိဝါဒိဘယတော၊ဘုရားဟောသား၊ သဘောရည်မှန်း၊ ထိန်းနန်းလွှတ်ရုံး၊ ရေးဘတ်ထုံးကို၊ နှလုံးနာလစ်၊ ရှာအပြစ်မှ၊ လျှစ်လျူရှုကာ၊ "ပလာသ" Pဖြုတ်၊ မာနရှုတ်၍၊ "ငက်"× ယုတ်ညှိုးမာန်**နှင်ချလေ့။** ။[သည့်အပုဒ်တွင် ပဒ ၅၀-ပါသည် အတွင်းပိုဒ်စုံ လေ့ ၂-လေ့ပါသည်။

*"မိတ်လင်" ဟူသည်ကား....တွဲဘက်ပူးစပ်ပုံ ကိုလုံစေ့စုံသည်ကို ဆိုလိုသည်။ ဥဒါဟရဏ်ကား–ဂါထာ, စုဏ္ဏိယ, မိဿက ၃–၅ာနမိတ်လင်စုံ။ ပါဠိ,နိဿယ, စကားပြေ ၃–၅ာနမိတ်လင်စုံ။ မည်သည့်စာ မည်သည့်အထုပ်မှာ ပါလာသရွေ့ ရှေ့နောက်ပလွှင် မိတ်လင်စုံ စသော ဝေါဟာရမျိုးတည်း။

†"လော့" ဟူသည်ကား....တိုက်တွန်းခြင်း အနက်ပင်တည်း၊ ဘူရိဒတ်ဇာတ်ပေါင်းတွင်–"လုလင်သမဲ့၊ အမိညဲ့တို့၊ ရဲ့လော့အလှူ၊ ဖြူတော့နှလုံး၊ သုံးလော့သီတင်း၊ တိုက်တွန်းခြင်းဖြင့်" ဟူ၍ စပ်ဆိုတော်မူသည်။

P "ပလာသ" ဟူသည်ကား.... အပြိုင် ပြုခြင်းပင်တည်း၊ အပြိုင်ပြုသည့်အခါ မာနတရား ၇–ပါးတွင် တပါးဝင်သည်အတွက် စက်ဆုပ်အပ်သော ရှောင်ရှားမြဲ တရားပင်တည်း။ ရှောင်ရှားရန် နည်းလမ်းကား–ထိန်းနန်းအသုံးမှာ လိုက်နာရန် ပညာရှိများတို့ ဆုံးဖြတ်ပြီးမှာပါသော မြန်မာအစိုးရစာပုံနှိပ်စက်ရုံတော်က ၁၂၄၅–ခုနှစ်တွင် နန်းမပျက်ခင် စက်တင်ပုံနှိပ်ထားခဲ့သော ကဝိလက္ခဏာသတ်ပုံနှင့် ၎င်းအတိုကောက်တွင် ဖ–နှင့် ဘ–ခွဲခြား ရေးသားနည်း အသီးအသီး အဖြိုးဖြိုးပါရှိသတည်း။ပါရှိပုံကို သိသာရန် စံအနေမှ ဘော်ပြသော်....လွှမ်းဖုံး,ဝိတ်ဖုံး, အရောင်ဖုံး–စသည်ကို ဖဦးထုပ်။ ။အလှူမိးဘုံး, ဆင်အာဘုံး။ ။လူမည်ဘုန်း, ဆွမ်းဘုန်းပေး, တန်းခိုးဘုန်း–စသည်ကို ဘကုန်း အသီးအသီး ဆုံးဖြတ်ချက်ရှိပြီးကို နာလိုခြင်းသည် အငြင်းမရှိသော သဘောလမ်းဖြောင့်တန်းသည့်ပြင် ထင်ပေါ်လိုသော စိတ်, အပြိုင် ပြုလိုသောစိတ်, ရှေ့သွားအားကြီး စွဲးလမ်းသဖြင့် မကျွမ်းကျင်သည်ကို မကျွမ်းကျင်ပါဟု ဖြောင့်ဆိုချက်မပေးလို၍ စာတွေ့တိုင်း ဝေါဟာရတွေ့တိုင်း လိုက်နာရန်သင့်–မသင့်ကိုမျှ ထောက်ဆချင့်ချိန်ကြမြဲးရှိသည်ကို သတိလစ်ဟင်းရှာသည်ဟု ပညာရှိပဂေးတို့စိတ်တွင် အမြင်သေးကြမည် မဟုတ်ခြင်းသည် လိုရင်းအချက်ကြီးပင်တည်း။ ယင်းသို့ဖြစ်၍ ဖဦးထုပ်နှင့် သုံးသင့်သောအရာ၊ ဘကုန်းနှင့်သုံးသင့်သောအရာ လိုက်နာ နားလည်ရန်လည်း အရေးကြီးသည်၊ နေရာတိုင်း ဖဦးထုပ်သုံးလိုသူ, နေရာတိုင်း ဘကုန်းသုံးလိုသူ ပုဂ္ဂိုလ်နှင့် ပုဂ္ဂိုလ်စုသည် သုနေရာနှင့်သူ သုံးနည်းရှိသည်ကို သတိထားသင့်သတည်း။



× "ငက်" ဟူသည်ကား... မနှစ်သက်ဘွယ်သော အသံ ဆိုလိုသည်။ ပေါရာဏကထာ တွင်–"ငေါ်ငက်တိ ဝေါဟာရော၊ မနှစ်သက်သော အသံတိ ညာတဗ္ဗော" ဟု ဘွင့်သည်။ ငေါ်,တခြား ငက်,တခြား ယူရသည်။ ။ပေါရာဏကထာ လက်ာတွင်–ပြုန်းတီးကြေညက်၊ ငက်ကား ပြောဆို–ဟူ၍,၎င်း။ ။ထွေငေါ်သံငက်၊ နှုတ်ပွက်စကား–ဟူ၍,၎င်း အသီးအသီး လာရှိသည်။

အလွယ်ထက် အခက်ကိုတတ်လိုက မြန်မာစာ ဝါရင့်လိုသူတို့
လိုက်နာရန် ကဗျာဗန္ဓသာရကျမ်း နောက်ဆက်တွဲ
တတိယပိုင်း ပြီးပြီ။